
မိုးသက်ဟန်
နော်ဝေဂျီယန်ဝုဒ်
Haruki
Murakami
Norwegian
WOOD
WHISPER OF WORDS

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄) ၅၁၊
ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၁၂ ခုနှစ်၊ စံမီရာစာအုပ်တိုက်။

ဒုတိယအကြိမ် - မတ်လ၊ ၂၀၁၇ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅) အမှတ်-၁၃၈၊
ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက်(၁၀၄၁၁) အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဝင်းမြင့်ဦး

မျက်နှာဖုံးဒီဇိုင်း - ဝင်းမြင့်ဦး

တန်ဖိုး - ၅၅၀၀ ကျပ်

မိုးသက်ဟန်

နော်ဝေဂျီယန်ဝုဒ်

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၁ ၈၆၁၀၇၄၄၊ ၀၉ ၇၃၀ ၄၁၁၃၇

email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com www.facebook.com/KantKawWutYeePublishing

တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော်လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

ⓌⒽⒾⓈⓅⒺⓇ of ⓌⓄⓇⒹⓈ

Subscribe Telegram Channel

https://t.me/TheBookR

ဒုတိယအကြိမ် အတွက်အမှာစကား

ဂျပန်စာရေးဆရာ ဟာရူကီမူရာကာမိ (Haruki Murakami) ရဲ့ 'Norwegian Wood' ဝတ္ထုရှည်ကို ၂၀၁၂-ခုနှစ်မှာ 'နော်ဝေတောအုပ်' လို့ အမည်ပေးပြီး ကျွန်တော်ဘာသာပြန်ခဲ့တာကို စံမီရာစာအုပ်တိုက်က ထုတ်ဝေခဲ့ပါတယ်။ ကျွန်တော် ဘာသာပြန်လို့ပြီးတာ ၂၀၁၀ ခုနှစ် မကုန်ခင်ကဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် နောက်ကျမှ ထုတ်ဝေနိုင်ခဲ့ပါတယ်။ ပထမအကြိမ် ထုတ်ဝေဖို့ ကြိုးစားခဲ့စဉ်က စာပေစိစစ်ရေးလို့ခေါ်တဲ့ လွတ်လပ်စွာ ထုတ်ဖော် ရေးသားမှုမှန်သမျှကို ဖြတ်တောက်၊ ခုတ်ထစ်တဲ့ ဌာနကို ဖြတ်ကျော်ရတာမို့ ဘာသာပြန်စာမူရဲ့သုံးပုံတပုံလောက်ဟာ ပယ်ဖျက်ရမှာမို့ ကျွန်တော်နဲ့ စံမီရာစာအုပ်တိုက်က ကိုလူမာန်သာတို့ တိုင်ပင်ပြီး နောက်ဆုတ်ခဲ့ပါတယ်။ အဲဒီ စာပေစိစစ်ရေးဌာန ဆိုသဟာကြီး မရှိတော့တဲ့နောက်မှာမှ ကျွန်တော်တို့ ထုတ်ဝေခဲ့ပါတယ်။ 'Norwegian Wood' ကို ထိုစဉ်က အခြားဘာသာပြန် စာရေးဆရာတယောက်က ကျွန်တော်တို့ထက် စောပြီး စာအုပ်ထုတ်ခဲ့ပေမယ့် ကျွန်တော့်ဘာသာပြန်မူ ထွက်လာတဲ့အခါမှာ လည်း စာဖတ်ပရိသတ်ရဲ့ထိုက်သင့်တဲ့ အားပေးမှုရခဲ့တာကြောင့် ကျေနပ်ပီတိ ဖြစ်ရသလို စာဖတ်သူများကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ ပထမအကြိမ် ထုတ်ဝေခဲ့စဉ်က စာလုံးပေါင်း သတ်ပုံ အမှားအယွင်း၊ စာအကျအပေါက် အဆင်မပြေတာတွေ များစွာ ရှိခဲ့တဲ့အတွက် စာဖတ်ပရိသတ်များကို အနူးအညွတ် တောင်းပန်ချင်ပါတယ်။ ယခု ဒုတိယအကြိမ်မှာတော့ စာအကျအပေါက် မရှိသလောက်အမှားအယွင်း မရှိလောက်အောင် အားထုတ်ထားပါတယ်။

ပထမအကြိမ် ထုတ်ဝေခဲ့စဉ်က 'နော်ဝေတောအုပ်' လို့အမည်ပေးပြီး ယခု ဒုတိယအကြိမ် ထုတ်ဝေရာမှာတော့ 'နော်ဝေဂျီယန်ဝုဒ်' လို့ အမည်ပြောင်းလဲ ထုတ်ဝေလိုက်တာနဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်း ရှင်းပြချင်ပါတယ်။ မူရင်းစာရေးသူ မူရာကာမိဟာ သူ့ဝတ္ထုတွေကို နာမည်ပေးရာမှာ သူနှစ်သက်တဲ့ ဂီတအဖွဲ့တွေရဲ့သီချင်းတွေထဲက သူနှစ်သက်ရာ သီချင်းတွေရဲ့ နာမည်တွေကို ယူသုံးလေ့ရှိပါတယ်။ 'Norwegian Wood' ဆိုတဲ့ နာမည်ဟာ ၁၉၆၀ နောက်ပိုင်းနှစ်တွေမှာ ကမ္ဘာတလွှား အုတ်အော်သောင်းတင်း အောင်မြင်ခဲ့တဲ့ The Beatles အဖွဲ့ရဲ့ သီချင်းတပုဒ် ဖြစ်ပါတယ်။ ဒီအကြောင်းကို မူရာကာမိကိုယ်တိုင်လည်း အင်တာဗျူးတွေမှာ ထုတ်ဖော်ပြောလေ့ရှိပါတယ်။ 'Norwegian Wood' ဆိုတာ ဒီအတိုင်းကြည့်ရင်တော့ 'နော်ဝေတောအုပ်' လို့ ပြန်ဆိုလို့ရပေမယ့် သူ့ရဲ့သီချင်းထဲက အဓိပ္ပာယ်ကတော့ ဒီလိုမဟုတ်ပါဘူး။

I once had a girl, or should I say she once had me.

She showed me her room, Isn't it good Norwegian Wood.

သီချင်းရဲ့ဆိုလိုရင်းက သီချင်းထဲက ကောင်လေးကို သီချင်းထဲက ကောင်မလေးက သူမနေထိုင်ရာ အိမ်ကိုပြခဲ့တယ်။ အိမ်က နော်ဝေသစ်သားနဲ့ လုပ်ထားတာမို့ ကောင်းတယ်မဟုတ်လားလို့ တနေရာမှာ ဖော်ပြထားတယ်။ သူတို့နှစ်ယောက် တညလုံးထိုင်ပြီး ဝိုင်တွေသောက်ရင်း စကားတွေ ပြောခဲ့ကြတယ်။ မနက်လင်းတော့ ကောင်လေးတယောက်ပဲ ကျန်တော့တယ်။ ငှက်ကလေး ထပျံသွားပြီ ကောင်မလေး မရှိတော့ဘူးလို့ ဆိုလာပြန်တယ်။ ပြီးတော့ သူဟာလည်း မနေ့က ရှိခဲ့တဲ့ အိမ်ထဲမှာ မဟုတ်တော့ဘဲ နွားစာခွက်ထဲကို ရောက်လို့နေတယ်။ သူတယောက်ထဲ ဟာတာတာဖြစ်လို့ ကျန်ခဲ့ရတယ်လို့ သီချင်းက ဆိုထားပါတယ်။ ဒီတော့ မြန်မာလို ပြန်ရာမှာ ‘Norwegian Woods’ ကို နော်ဝေသစ်သားလို့ ပြန်ဖို့ရာကလည်း စာအုပ်ခေါင်းစဉ် အနေနဲ့က မလှပပြန်ဘူး။

ပထမအကြိမ်မှာ ဘာသာပြန်သူ ကျွန်တော်က နော်ဝေတောအုပ်လို့ ပမာဒလေခ ပြန်ခဲ့မိပေမယ့် ဒုတိယအကြိမ်မှာတော့ ‘နော်ဝေဂျီယန်ဝုဒ်’ လို့ပဲ တိုက်ရိုက် အသံဖလှယ် သုံးလိုက်ပါတယ်။ ဘာသာပြန်ရာမှာ မူရင်းနဲ့ အနီးစပ်ဆုံး ပြန်ဆိုထားပေမယ့် လိုနေတာတွေ၊ မချောမွေ့တာလေးတွေ ရှိကောင်းရှိနေနိုင်ပါသေးတယ်။ အဲဒီလို အဆင်မပြေတာတွေရှိခဲ့ရင် အယူအကောက် လွဲတာမျိုးတွေ ရှိခဲ့ရင် ဘာသာပြန်သူရဲ့အပြစ်သာ ဖြစ်ကြောင်း ကြိုတင် တောင်းပန်ထားပါရစေ။

ဒုတိယအကြိမ် ထုတ်ဝေမှုအတွက် ‘ကံ့ကော်ဝတ်ရည်’ စာအုပ်တိုက်ကို အထူး ကျေးဇူးတင်ပါတယ်။ ပြီးတော့ အထူးကျေးဇူးတင်လိုတာက စာဖတ်သူ ချစ်မိတ်ဆွေများကိုပါပဲ။

အားလုံးပဲ ရွှင်လန်းချမ်းမြေ့ကြပါစေခင်ဗျာ။

လေးစားလျက်

မိုးသက်ဟန်

အခန်း (၁)

အခု ကျွန်တော့်အသက် ၃၇ နှစ်ရှိခဲ့ပြီ။ ဧရာမ ၇၄၇ လေယာဉ်ကြီးဟာ ဟမ်းဘတ်လေဆိပ်ကို ချဉ်းကပ်နေရင်း တိမ်တိုက်တွေကို ခွင်းဖောက်နေလေရဲ့။ ကျွန်တော်က ခုံပေါ်မှာ ခါးပတ်,ပတ်ပြီး ထိုင်နေပါတယ်။ အေးစက်စက် နို၀င်ဘာ မိုးရေစက်တွေဟာ ကမ္ဘာမြေကို စိုစို့ရွှဲနေစေလေရဲ့။ မြင်ကွင်းတခုလုံးဟာ ညို့ညို့မှိုင်းမှိုင်းနဲ့ပေါ့။ မြေပြင်ပေါ်က လေယာဉ်ကွင်း၀န်ထမ်းတွေဟာ မိုးကာအင်္ကျီတွေကိုယ်စီနဲ့။ လေဆိပ်အဆောက်အဦထက်မှာ အလံတခု၊ BMW ကြော်ငြာဘုတ်ကြီး တခု။ ဒီလိုနဲ့ပဲ ကျွန်တော် ဂျာမနီကို တခေါက် ထပ်ရောက်ခဲ့ပြန်ပြီပေါ့။

လေယာဉ်ဟာ ပြေးလမ်းကို ဆင်းသက်လာချိန်မှာ မျက်နှာကျက် စပီကာတွေဆီကနေ ဂီတသံချိုအိအိလေး ပေါ်ထွက်လာတယ်။ ဘီတဲလ်အဖွဲ့ရဲ့ 'နော်ဝေဂျီယန်ဝုဒ်' ဆိုတဲ့ သြခတ်စတြာ သီချင်းအချိုလေးပေါ့။ ဒီသီချင်းဟာ ကျွန်တော့်ကို အမြဲတမ်း ခြောက်လှန့်၊ ကြောက်ရွံ့စေတဲ့ သီချင်းလေးတပုဒ် ဖြစ်ပါတယ်။ ဒီတကြိမ်မှာတော့ အရင်ကထက် ကျွန်တော့်ကို ပိုပြီး အထိနာစေသလိုပဲ။

ကျွန်တော့်ခုံကို မှီပြီး ခေါင်းကို လက်နှစ်ဖက်နဲ့ အုပ်ထားလိုက်မိတယ်။ ကျွန်တော့် ခေါင်းတခုလုံး ပွင့်မထွက်သွားအောင်လို့ပေါ့။ ခဏနေတော့ ဂျာမန်လေယာဉ်မယ်တဦး ကျွန်တော့်အနားကို ရောက်လာပြီး "နေမကောင်းဘူးလား" လို့ မေးပါတော့တယ်။ "ကောင်းပါတယ်။ ခေါင်းမူးလို့ပါ" လို့ ပြန်ဖြေလိုက်ပါတယ်။

"သေချာရဲ့လား"

"သေချာပါတယ်။ ကျေးဇူးတင်ပါတယ်"

သူပြုံးပြပြီး ပြန်ထွက်သွားတယ်။ ဂီတသံဟာ ဘေလီဂျိုအယ်ရဲ့သီချင်း ဖြစ်သွားတယ်။ ကျွန်တော်ကတော့ လေယာဉ် ပြတင်းပေါက်ကနေ အပြင်မှာရှိနေတဲ့ မှောင်မှောင်မည်းမည်း တိမ်တွေကို ကြည့်နေမိတယ်။ မြောက်ပင်လယ်က စီးဆင်းလာတဲ့ ဒီတိမ်တွေကို ကျွန်တော် ကြည့်ရင်း ကျွန်တော့်ဘဝရဲ့ပြောင်းလဲလာမှုတွေကို ကျွန်တော် စဉ်းစားနေမိတယ်။ အချိန်ဆိုတဲ့ အရာဟာ ပြောင်းလဲသွားတတ်တာပဲ မဟုတ်လား။ သူငယ်ချင်းတွေဟာ သေဆုံးသွားကြတယ်။ ဒါမှမဟုတ် ပျောက်ဆုံးသွားတတ်ကြတယ်။ ခံစားမှုတွေဟာ

နောက်ထပ် မရနိုင်တော့သလိုပဲလို့ ကျွန်တော်ခံစားမိတယ်။

လေယာဉ်ဟာ ပြေးလမ်းဆုံးသွားခဲ့လေပြီ။ လူတွေက သူတို့ရဲ့ထိုင်ခုံခလုတ်တွေကို ဖြုတ်ကြလေပြီပေါ့။ ပြီးတော့ သူတို့ရဲ့အထုပ်အပိုးတွေကို အသင့်ပြင်ကြတော့တာပေါ့။ ဒီအချိန်မှာပဲ ကျွန်တော်ဟာ မြက်ခင်းစိမ်းစိမ်းရဲ့အနံ့အသက်ကို ခံစားရတော့တာပေါ့။ မြက်ခင်းရဲ့အနံ့အသက်တွေကို ကျွန်တော် ခံစားမိလာတယ်။ လေရဲ့အထိအတွေ့ဟာလည်း ကျွန်တော့် မျက်နှာကို ထိသပ်လာတယ်။ ငှက်ကလေးတွေရဲ့အသံကိုလည်း ကျွန်တော်ကြားလာတယ်။ ၁၉၆၉ ခုနှစ် ဆောင်းဦးကာလတုန်းက ကျွန်တော်ဟာ အသက်နှစ်ဆယ်ပဲ ရှိခဲ့သေးတယ်။

လေယာဉ်မယ်ဟာ ကျွန်တော့်ဆီ နောက်တကြိမ် ထပ်ရောက်ခဲ့ပြန်တယ်။ ဒီတကြိမ်မှာတော့ သူဟာ ကျွန်တော့်ဘေးကခုံမှာထိုင်ခဲ့တယ်။ ကျွန်တော် အဆင်ပြေရဲ့လားလို့ ထပ်မေးခဲ့တယ်။

“ကျွန်တော် နေကောင်းပါတယ်။ အခုလိုမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော် အထီးကျန်ဝေဒနာကို ခံစားနေရတာပါ” လို့ ကျွန်တော် ပြောမိတယ်။

“ကျွန်မ ရှင့်ရဲ့ခံစားမှုကို နားလည်ပါတယ်။ မကြာခဏဆိုသလို ကျွန်မလည်း အထီးကျန်ခြင်းကို ခံစားမိပါတယ်” လေယာဉ်မယ်က ပြောခဲ့တယ်။

ကျွန်တော့်ဘေးနားမှာ ထိုင်သွားပြီး ကျွန်တော့်ကို ပြုံးပြသွားခဲ့ပါတယ်။ “ကောင်းပါပြီရှင်။ ဒါဆိုရင်လည်း ပျော်ရွှင်ဖွယ်ခရီးဖြစ်ပါစေလို့ နှုတ်ဆက်ပါတယ်။ ဘိုင့်ဘိုင်”

“ဘိုင့်ဘိုင်ပါဗျာ”

※※※

အချိန်ဆယ့်ရှစ်နှစ် ကုန်လွန်ခဲ့ပြီပေါ့။ ကျွန်တော်ကတော့ မြက်ခင်းပေါ်က အဲဒီနေ့ကလေးကို အသေးစိတ် မှတ်မိနေဆဲပဲ။ နွေရာသီရဲ့ဖုန်မှုန့်တွေကို နူးနူးညံ့ညံ့ မိုးရာသီနေ့ရက်တွေက ဆေးကြောဖွတ်လျှော်ပြီးခါစ အချိန်လေးရယ်၊ တောင်တန်းတွေဟာ စိမ်းစိမ်းစိုစို တောက်ပလို့ပေါ့။ အောက်တိုဘာ လေပြေဟာ မြက်ဖျားကလေးတွေကို ယိမ်းထိုးနေခဲ့လေရဲ့။ ရှည်လျားတဲ့ တိမ်တိုက်တအုပ် အပြာရောင် အနားကွပ်များနဲ့ ဖြတ်သန်းသွားတယ်။ ဟိုး ဝေးဝေးကို လှမ်းကြည့်ဖို့ မဖြစ်နိုင်ဘူး။ မြက်ခင်းကို ဖြတ်ကျော်လာတဲ့လေဟာ သူ့ရဲ့ဆံနွယ်ဖျားတွေကို ပွတ်တိုက်ပြီးတော့ တောအုပ်အတွင်း ဝင်ရောက်သွားတယ်။ ပြီးတော့ အဲဒီလေကပဲ

တောအုပ်ထဲက သစ်ကိုင်းတွေကို တရှဲရှဲ အသံမြည်စေတယ်။ ပြီးတော့ ဟိုးဝေးဝေးက အူသံတွေကို ပျောက်ကွယ်စေတယ်။ ဝိုးတိုးဝါးတား ဖြစ်နေတဲ့ အဲဒီအသံတွေဟာ ကျွန်တော်တို့ကို အခြားကမ္ဘာတခုရဲ့တံခါးဝကို ရောက်ရှိသွားစေတယ်။ တခြားဘာအသံမှ ကျွန်တော်တို့ မကြားရဘူး။ တခြား ဘယ်သူ့ကိုမှလည်း ကျွန်တော်တို့ မတွေ့ရဘူး။ မြက်ခင်းပြင်ရဲ့အလယ်က ကြောက်လန့်တကြား ထပျံပြီး တောအုပ်ထဲ တဟုန်ထိုး ပျောက်ကွယ်သွားတဲ့ နီနီရဲရဲ ငှက်နှစ်ကောင်ပဲ တွေ့လိုက်ရတယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ လမ်းကို စိမ်ပြေနပြေ အေးအေးဆေးဆေး လျှောက်လာကြတယ်။ နာအိုကိုကလည်း ကျွန်တော့်ကို သာယာနာပျော်ဖွယ် စကားတွေပဲ ပြောနေလေရဲ့။

မှတ်ဉာဏ်ဟာ ရယ်စရာကောင်းတဲ့အရာတခုပါပဲ။ အဲဒီနေ့တုန်းကတော့ ကျွန်တော်ဟာ ပတ်ဝန်းကျင်ကို အထူးတလည် ဂရုစိုက်ကြည့်ခဲ့ခြင်းမျိုး မရှိခဲ့ဘူး။ ဒီလိုအချိန် အကြာကြီး စွဲမြဲနေအောင် တာရှည်ခံရတဲ့ တစုံတခုသော အကြောင်းအရာကို စဉ်းစားနေမိတာကို ကျွန်တော် မရပ်နိုင်တော့ဘူး။ အချိန် ဆယ့်ရှစ်နှစ်အကြာမှာ ဒီလိုအသေးစိတ် ပြန်မှတ်မိနေလိမ့်မယ်ဆိုတာ ကျွန်တော် ဘယ်တုန်းကမှ မထင်ထားခဲ့ဘူး။ အဲဒီနေ့က မြင်ကွင်းတွေ ပြန်အမှတ်ရနေတာကိုလည်း ကျွန်တော် အပြစ်မတင်ချင်ပါဘူး။ ကျွန်တော်က ကိုယ့်အကြောင်းကိုယ်ပဲ စဉ်းစားနေမိတာပါ။ ကျွန်တော့်နဘေး လိုက်ပါပြီး အတူလမ်းလျှောက်ခဲ့တဲ့ လှလှပပ ကောင်မလေးအကြောင်းကိုပဲ စဉ်းစားနေမိတာပါ။ ကျွန်တော်တို့နှစ်ယောက် အတူရှိခဲ့တာကို စဉ်းစားနေတာလို့ ဆိုရမှာပေါ့။ ပြီးတော့ ကိုယ့်ကိုကိုယ်ပဲ ပြန်စဉ်းစားနေမိတာပဲပေါ့။ အဲဒီအချိန်တုန်း အသက်အရွယ်၊ ဘဝရဲ့ အဲဒီအချိန်တုန်းက မြင်ကွင်းတွေ၊ ခံစားချက်တွေ၊ အတွေးအခေါ်တွေဟာ ဘူမာရန်း (တနေရာသို့ လှမ်းပစ်လိုက်လျှင် မိမိထံပြန်လာတတ်သည့် အာဖရိကလက်နက်တမျိုး) တခုလို ကျွန်တော့်ဆီ ပြန်လာခဲ့ပါပြီ။ ဆိုးတာက အဲဒီတုန်းက ကျွန်တော်ဟာ ချစ်စိတ်ဝင်နေတာ။ ရှုပ်ထွေး ပွေလီမှုများစွာနဲ့ အချစ်လေ။ ကျွန်တော့်စိတ်ထဲမှာ အဝေးကမြင်ကွင်းပဲ နောက်ဆုံးကျန်တော့တယ်။

အခုတော့ မြက်ခင်းပေါ်က မြင်ကွင်းဟာ ကျွန်တော့်ထံ ပထမဆုံး ပြန်လာခဲ့ပြီ။ မြက်ပင်လေးတွေရဲ့အနံ့အသက်၊ လေရဲ့အထိအသပ်၊ တောင်ကုန်းတွေရဲ့ကောက်ကြောင်း၊ ဟောင်နေတဲ့ခွေးတကောင်... အဲဒါတွေကို ပြန်မြင်လာရတယ်။ မှုန်ဝါးနေရာကနေ အခု ကြည်လင် ပြတ်သားလာပြီ။ ကျွန်တော်ဟာ အဲဒီနေရာကို ပြန်ရောက်နေပြီး အားလုံးကို လက်ဖျားလေးတွေနဲ့ ထိတွေ့လို့ရတော့မလို ခံစားမိတယ်။ ခုချိန်ထိတော့ မြင်ကွင်းဟာ ကြည်လင် ပြတ်သားနေပေမယ့် မြင်ကွင်းထဲမှာ လူတယောက်မှ မရှိသေးဘူး။ တယောက်ဆို တယောက်မှ မရှိဘူး။ နာအိုကို မရောက်သေးသလို ကျွန်တော်လည်း မရှိသေးဘူး။ ကျွန်တော်တို့နှစ်ယောက် ဘယ်ကိုများ ပျောက်နေခဲ့ပါလိမ့်။ ဒီလိုပုံစံမျိုး

ဘာလို့ဖြစ်နေရတာလဲ။ ဒီမြင်ကွင်းထဲမှာ အရေးအကြီးဆုံးဖြစ်တဲ့ နာအိုကိုနဲ့ ကျွန်တော်ကျမှ ပျောက်နေရတယ်လို့။ အဲဒီတုန်းက ကျွန်တော်ရှိခဲ့တဲ့ကမ္ဘာ၊ အဲဒီတုန်းက ကျွန်တော်တို့နှစ်ယောက်ဟာ ဘယ်ကိုများ ထွက်သွားသလဲ။ တကယ်ပါ။ ကျွန်တော်ဟာ နာအိုကိုရဲ့ မျက်နှာလေးကိုတောင် ပြန်အမှတ်မရနိုင်ဖြစ်နေတယ်။ လူတွေမပါတဲ့ နောက်ခံဆက်တင်ကိုပဲ ကျွန်တော် ပြန်အမှတ်ရနေတယ်။

အချိန်လေး နည်းနည်းကြာတော့ ကျွန်တော်ဟာ သူ့မျက်နှာကို တကယ်ပဲ ပြန်အမှတ်ရလာတယ်။ ပုံရိပ်တွေအားလုံးကို ပြန်သတိရလာပါပြီ။ သူ့ရဲ့သေးငယ်အေးစက်နေတဲ့ လက်၊ ကိုင်ကြည့်တိုင်း အေးအေးလေးဖြစ်နေတဲ့ ဖြောင့်စင်းနက်မှောင်နေတဲ့ သူ့ရဲ့ဆံနွယ်တွေ၊ ပျော့ပြီးဝိုင်းနေတဲ့ သူ့ရဲ့နားကွင်းအစုံ၊ နားကွင်းတွေရဲ့အောက်က သေးသေးငယ်ငယ် မှဲ့ကလေး၊ ဆောင်းဦးမှာ သူဝတ်တဲ့ ကုလားအုတ် သားမွေးကုတ်အင်္ကျီ၊ မေးစရာရှိရင် တဖက်သားရဲ့ မျက်လုံးတွေကို စိုက်ကြည့်တတ်တဲ့ သူ့အကျင့်... စတာတွေ။ မကြာခဏ ခပ်ဖျော့ဖျော့လေး တုန်ယင်တတ်တဲ့ သူ့ရဲ့အသံကိုတောင် အခုကြားမိနေတယ်။ (သူဟာ လေထန်တဲ့ တောင်ကုန်းထိပ်မှာ စကားပြောနေသလိုပဲ) ရုတ်တရက် မြင်ကွင်းထဲ သူ့ရဲ့မျက်နှာ ရောက်လာတယ်။ နာအိုကိုနဲ့ ကျွန်တော်ဟာ မကြာခဏ ဘေးချင်းယှဉ် လမ်းလျှောက်နေကြ။ လမ်းလျှောက်နေရင်း သူဟာ ကျွန်တော့်ဘက် လှည့်ပြီးပြုံးပြတယ်။ သူခေါင်းလှည့်ပုံက မြန်တယ်။ ပြီးတော့ စကားစပြောတယ်။ ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်နေတယ်။ နွေဦးရာသီရဲ့ ကြည်လင်နေတဲ့ ကန်တကန်ထဲ လွန့်လူးသွားနေတဲ့ ငါးသိုင်း ငါးတကောင်ကို ကြည့်နေသလိုမျိုးပေါ့။

နာအိုကိုရဲ့မျက်နှာပေါ်လာဖို့ ကျွန်တော် အချိန်ယူရပါဦးမယ်။ နှစ်များစွာလွန်ခဲ့ပြီဆိုတော့ အချိန်ဟာ ပိုကြာလာတာပေါ့။ ဝမ်းနည်းဖို့ကောင်းတာက ကျွန်တော်အရင်က ငါးစက္ကန့်နဲ့ ပြန်အမှတ်ရနိုင်တာတွေကို အခု ကျွန်တော် ဆယ်စက္ကန့်၊ ဒါမှမဟုတ် စက္ကန့်သုံးဆယ်၊ တခါတလေ တစ်မိနစ်လောက် အချိန်ယူဖို့ လိုလာတာပါပဲ။ နေဝင်ဖြိုးဖြအချိန်ဆိုရင် အရိပ်က ပိုရှည်လာတတ်သလိုပေါ့။ တနေ့နေ့ကျရင် ဒီအတိတ်က အရိပ်တွေဟာ အမှောင်ထဲ ရောက်သွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ဖြစ်တတ်တဲ့သဘောပဲ မဟုတ်လား။ ကျွန်တော့် မှတ်ဉာဏ်ဟာ နာအိုကို ရပ်လေ့ရှိတဲ့နေရာ၊ ကျွန်တော်ရပ်လေ့ရှိတဲ့ နေရာကနေတောင် ပိုဝေးလို့လာခဲ့တယ်။ အဝေးက မြင်ကွင်းကလွဲလို့ ဘာမှမရှိတော့ပြန်ဘူး။ အောက်တိုဘာလရဲ့ အဲဒီ မြက်ခင်းလေးဟာ ရုပ်ရှင်တွေထဲက သင်္ကေတဆန်တဲ့ရိုက်ချက်လို ထပ်ပြန်တလဲလဲ မြင်နေရတယ်။ အဲဒီ့မြင်ကွင်း တကြိမ်ပေါ်လာတိုင်း ကျွန်တော့်စိတ်ရဲ့တနေရာကို ကန်ကျောက် နှိုးဆော်နေတယ်။ “ထတော့။ ငါဒီမှာရှိနေဆဲပဲ။ နိုးထပြီး စဉ်းစားလိုက်စမ်းပါ။ ငါ ဘာကြောင့် ဒီနေရာမှာ ရှိနေသလဲဆိုတာကို ရအောင်စဉ်းစား” လို့ မြင်ကွင်းက

ကျွန်တော့်ကိုပြောနေတယ်။ သူ့ရဲ့ ကန့်ကျောက်မှုတွေဟာ ကျွန်တော့်ကို လုံးလုံးမနာကျင်စေပါဘူး။ ဘာဆိုဘာမှမဖြစ်ဘူး။ ကန့်ချက်တိုင်းမှာ လှိုဏ်သံပါတဲ့ ပွဲတင်သံဖြစ်တာပဲရှိတယ်။ ပြီးတော့ နေ့တနေ့ကို လွင့်ပျောက်စေဖို့ အကူအညီ ပေးနေသလိုပဲ။ ဟမ်းဘတ်လေဆိပ်မှာ ဖြစ်ပေါ်နေတဲ့ ဒီကန့်ချက်တွေက အခါတိုင်းထက် ပိုပြီး ပြင်းထန်ကြာရှည်နေတာ အမှန်ပဲ။ အဲဒါကြောင့်ပဲ ကျွန်တော် ဒီစာအုပ်ကို ရေးနေမိတာ ဖြစ်တယ်။ ပြန်စဉ်းစားဖို့၊ နားလည်ဖို့ပေါ့။ ကျွန်တော်ဆိုတဲ့အရာဟာ ဖန်ဆင်းခံခဲ့ရတဲ့အတိုင်း ရိုးရိုးလေး တွေ့ကြုံခဲ့ပါတယ်။ ချရေးဖို့ကျတော့ ကျွန်တော် ရှင်းရှင်းလင်းလင်း နားလည် ခံစားမိဖို့ လိုတာပေါ့။

အဲဒီနေ့က နာအိုကို ဘာတွေပြောခဲ့သလဲ ဆိုတာကို ပြန်စဉ်းစားရပါဦးမယ်။

※※※

ဟုတ်ပြီ။ နာအိုကိုဟာ မြက်ခင်းထဲက ရေတွင်းအကြောင်းကို ပြောခဲ့တယ်။ သူပြောတဲ့ရေတွင်းဟာ တကယ်ရှိသလားဆိုတာကို ကျွန်တော် လုံးဝ မသိပါဘူး။ နာအိုကိုရဲ့ စိတ်ထဲမှာသာ ရှိနေတဲ့ သင်္ကေတ ဒါမှမဟုတ် နိမိတ်ပုံ တခုပဲထင်ပါတယ်။ နာအိုကိုဟာ အထီးကျန်မှောင်မိုက်တဲ့နေ့ရက်တွေတုန်းက သူ့စိတ်ထဲမှာ ရှိတဲ့အရာတွေကို အပြင်လောကမှာ ရှိနေသယောင်လည်း ပြောတတ်ပါတယ်။ ဒါပေမဲ့ ဒီလိုရှည်လျားတဲ့ မြက်ခင်းပြင်ကြီးမှာ ရေတွင်း တတွင်း ရှိနေလိမ့်မယ်လို့တော့ ကျွန်တော် မထင်ပါဘူး။ သူ အဲဒီလို ပြောခဲ့တဲ့နေ့ကစလို့ ကျွန်တော် မြင်ယောင်မကြည့်ဘူးတဲ့ ရေတွင်းပုံရိပ်ဟာ မျက်စေ့ရှေ့မှာ အမှန်တကယ်ရှိနေတဲ့ မြက်ခင်းပြင်မှာ ခွဲမရအောင်ကို အမှန်တကယ် ရှိလာသလို ခံစားမိလာတယ်။ ကျွန်တော် ရေတွင်းအကြောင်းကို မိနစ်ပိုင်းအတွင်း အသေးစိတ် ထပ်ပြောပါဦးမယ်။ ရေတွင်းဟာ မြက်ခင်းပြင်ရဲ့အဆုံး၊ တောအုပ်ရဲ့ အစပ်မှာ ရှိတာပါ။ ရေတွင်းဟာ မြက်တွေနဲ့ ဖုံးလွှမ်းနေပြီး တကိုက်လောက် အကျယ်ရှိတဲ့ မှောင်မှောင်မည်းမည်းတွင်းပါ၊ ရေတွင်းရှိနေကြောင်း ဘာနဲ့မှ အမှတ်အသား မလုပ်ထားဘူး။ ကျောက်တုံးလေး တတုံးလောက်နဲ့တောင် သင်္ကေတမပြထားဘူး။ (မြက်ခင်းနဲ့ တပြေးညီဖြစ်နေပြီး ဘယ်လိုမှကို မသိသာတာ။) ဘာမှတော့မဟုတ်ပေမယ့် အပေါက်ကျယ်တဲ့ တွင်းတတွင်းပေါ့။ ရေတွင်းအဝ အုတ်အနားကွပ်တွေဟာ ရာသီဥတု တိုက်စားမှုဒဏ်ကြောင့် ညစ်ထေး အဖြူရောင် ဖြစ်လို့နေပြီတဲ့။ အနားကွပ်အုတ်တွေ ပြိုပျက်နေပြီး ကြီးကြီးမားမား အကာအရံ ဘာမှကို မရှိတော့တာ။ အစိမ်းရောင် အိမ်မြှောင်တကောင်ဟာ အဆုံးမရှိတဲ့ ရေတွင်းအောက်ခြေကို လျှောဝင်သွားတယ်။ ရေတွင်းအဝကနေ ကြည့်လိုက်ရင် ဘာမှတွေ့ရမှာမဟုတ်ဘူး။ ဒီရေတွင်းနဲ့ ပတ်သက်လို့ ကျွန်တော် သိသမျှကတော့ ကြောက်ရွံ့ဖို့ ကောင်းလောက်အောင် နက်ရှိုင်းတယ် ဆိုတာပါပဲ။ တိုင်းတာလို့ မရလောက်အောင် နက်တဲ့ပုံမျိုးပဲ။ အတွင်းမှာရှိတဲ့ မှောင်မိုက်မှုတွေက ကမ္ဘာမြေရဲ့

အမြင့်မားဆုံး မျှော်မှန်းမှုတွေလို့တောင် ဆိုရမှာဖြစ်တယ်။

"အတော့် အတော်ကြီးကို နက်တာ" နာအိုကိုက စကားကို ရွေးချယ် စိစစ်ပြောလေတယ်။ တခါတလေကျရင် သူပြောချင်တဲ့အဓိပ္ပာယ်ကို ကွက်တိရဖို့ စကားလုံး ဖြည်းဖြည်းချင်း ရှာဖွေ ပြောတတ်တဲ့အကျင့် နာအိုကိုမှာ ရှိတယ်။ "ရေတွင်း ဘယ်နေရာမှာ ရှိသလဲဆိုတာ ဘယ်သူမှ တိတိကျကျ မပြောနိုင်ဘူး။ သေချာတာတခုကတော့ ရေတွင်းဟာ ဒီအနီးနားတဝိုက်မှာ ရှိနေတယ်" နာအိုကိုက ဆက်ပြောတယ်။

တွီသားကုတ်အင်္ကျီထဲ လက်နှစ်ဖက် ထိုးထည့်လိုက်ပြီး ကျွန်တော့်ကို ပြုံးပြတယ်။ သူ့အပြုံးက တကယ့်အမှန်ကို သူပြောနေတာဆိုတဲ့ ပုံစံမျိုးပေါ့။

"ရေတွင်းဟာ ရှောမ အန္တရာယ်ကြီးတခုပဲ။ ဘယ်နေရာမှာရှိနေမှန်း ဘယ်သူမှမသိတဲ့ ရေတွင်းနက်နက်တခုရှိတယ်။ နင်လည်း ရေတွင်းထဲကျသွားနိုင်တာပဲ။ ကျသွားပြီဆိုရင်တော့ နင့်ဘဝဆုံးပြီ"

"အား… လို့အော်ပြီး အရာရာ အဆုံးသတ်လိုက်ရလိမ့်မယ်"

ရေတွင်းထဲလူတွေကျတာ တကယ်ကို ဖြစ်ခဲ့ဖူးတယ်။

"နှစ်နှစ်တကြိမ်၊ သုံးနှစ်တကြိမ်လောက် ရေတွင်းက လူစားတယ်။ ကျသွားတဲ့လူတွေဟာ တမဟုတ်ချင်း ပျောက်သွားတယ်။ ကျန်တဲ့လူတွေကလည်း သူ့ကို လိုက်ရှာလို့ မတွေ့နိုင်ဘူး။ ဒီနားတဝိုက်ကလူတွေက လူတယောက်ယောက် ပျောက်သွားပြီဆိုရင် သူ ရေတွင်းထဲ ကျသွားပြီလို့ သတ်မှတ်တတ်ကြတယ်" နာအိုကိုကပြောတယ်။

"ရေတွင်းထဲ ကျသေရတာ မကောင်းလိုက်တာ" ကျွန်တော် ပြန်ပြောခဲ့တယ်။

"ကြောက်ရွံ့ဖို့ကောင်းတဲ့ သေခြင်းမျိုးပေါ့ဟာ" လို့ နာအိုကိုက ကုတ်အင်္ကျီထဲ လက်နှိုက်ရင်း ပြောတယ်။

"အကောင်းဆုံးကတော့ ကိုယ့်လည်ပင်းကိုယ် ဖြတ်ပစ်လိုက်တာပဲ ရှိလိမ့်မယ်။ ဒါပေမဲ့ ကိုယ့်ခြေထောက်ကိုယ်ပဲ ဖြတ်ပစ်မိလိမ့်မယ်။ အဲပြီးတော့မှ တခြား ဘာမှမလုပ်နိုင်တော့မှာ။ အဆုတ်ထဲမှာ ရှိသမျှလေတွေ ကုန်သွားအောင် နင် အော်ချင်အော်နေလိမ့်မယ်။ ဒါပေမဲ့ နင့်အသံကို ဘယ်သူမှ ကြားရမှာမဟုတ်ဘူး။ တယောက်ယောက်က နင့်ကို ရှာတွေ့လိမ့်မယ်လို့လည်း နင် မျှော်လင့်လို့မရဘူး။ နင့်ခန္ဓာကိုယ်ပေါ်ကို ကင်းခြေများအကောင်တွေ၊ ပင့်ကူကောင်တွေ တွားသွားတက်လာလိမ့်မယ်။ နင့်ရှေ့က သေခဲ့တဲ့လူတွေရဲ့အရိုးတွေဟာ

နင့်ဘေးနားမှာ ပတ်ပတ်လည် ဝိုင်းရံနေလိမ့်မယ်။ နင့်ပတ်ဝန်းကျင်တခုလုံးဟာ မှောင်မည်းပြီး စိုစွတ်နေလိမ့်မယ်။ နင့်ရဲ့ခေါင်းပေါ်က မြင်ကွင်းဟာ ဆောင်းဥတုရဲ့ လမင်းလို သေးငယ်တဲ့ စက်ဝိုင်းကလေးအနေနဲ့သာ လင်းနေလိမ့်မယ်”

“ငါ ကြက်သီးတွေတောင် ထလာပြီ။ အဲ့ဒီ ရေတွင်းကို တယောက်ယောက်ကတွေ့ပြီး ဘောင်ခတ်လိုက်ရင် သိပ်ကောင်းမှာပဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

“ဘယ်သူမှ တွေ့နိုင်မှာ မဟုတ်ဘူး။ ကိုယ့်ဘာသာကိုယ် ပြုတ်မကျအောင်ပဲ သတိထား”

“စိတ်မပူပါနဲ့။ ငါ ပြုတ်မကျနိုင်ပါဘူး”

နာအိုကိုဟာ ကုတ်အင်္ကျီထဲက သူ့လက်ကို ထုတ်လိုက်ပြီး ကျွန်တော် လက်ကို ဆုတ်ညှစ်လိုက်တယ်။ “နင် စိတ်မပူပါနဲ့။ နင် ဘာမှဖြစ်မသွားနိုင်ပါဘူး။ ညနက်သန်းခေါင်ကြီးမှာ နင် လျှောက်ပြေးနေရင်တောင်မှ ရေတွင်းထဲ ကျမသွားနိုင်ပါဘူး။ နင့်လက်ကို ငါ ကိုင်ထားသရွေ့ ငါလည်း ကျမသွားနိုင်ပါဘူး”

“ဘယ်တော့မှ မကျဘူးလား”

“ဟုတ်တယ်။ ဘယ်တော့မှ မကျဘူး”

“နင် ဘယ်လိုလုပ်သိတာလဲ"

“ငါ ဒီလိုပဲသိတာပေါ့”

သူပြောရင်း ကျွန်တော့်လက်ကို ပိုပြီး ကျစ်ကျစ်ဆုပ်လာတယ်။ ပြီးတော့ ခဏတိတ်ဆိတ်သွားတယ်။ “အဲဒါတွေကို ငါ သိနေတယ်။ ငါ ထင်တာတွေက အမြဲမှန်တတ်တယ်။ ငါ သိနေပုံက ယုတ္တိဗေဒနဲ့တော့ မဆိုင်ဘူး။ ငါ ခံစားမိနေတာ။ ဥပမာပြောရရင် ငါ နင်နဲ့ ဒီလို နီးနီးကပ်ကပ် ရှိနေရင် နည်းနည်းလေးတောင် မကြောက်ဘူး။ အမှောင်ရော ကြောက်စရာတွေရောဟာ ငါ့ကို မခြောက်လှန့်နိုင်ဘူး”

“ဒီလိုဆိုရင် နင် လုပ်ရမှာက ငါနဲ့ အခုလို အချိန်ပြည့် နေနေတော့” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါ နင်နဲ့ အချိန်ပြည့် ဒီလိုနေရမယ်လို့ နင်ဆိုလိုတာလား”

“ဟုတ်တယ်။ ငါ ဆိုလိုချင်တာ အဲ့ဒါပဲ”

နာအိုကို ခြေလှမ်းတွေကို ခေတ္တပိတ်ရပ်လိုက်တယ်။ ကျွန်တော်လည်း

ရပ်လိုက်တယ်။ သူ့လက်တွေကို ကျွန်တော့်ပခုံးပေါ် လှမ်းတင်လိုက်ပြီး ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်နေတယ်။ သူ့သူငယ်အိမ်တွေရဲ့ နက်ရှိုင်းတဲ့နေရာတွေမှာ ငွေ့ရည်ဖွဲ့လို့လာနေတယ်။ သူ့ရဲ့ မျက်လုံးလှလှတွေဟာ အချိန်အတော်ကြီးကြာအောင် ကျွန်တော့်ကို စိုက်ကြည့်နေခဲ့တယ်။ နောက်တော့ သူ ခါးဆန့်လိုက်ပြီး ကျွန်တော်နဲ့ ပါးချင်းအပ်လိုက်တယ်။ သူ့ရဲ့အပြုအမူဟာ ထူးခြားစွာ နွေးထွေးလှတဲ့အတွက် ကျွန်တော့်နှလုံးသားကို အခိုက်အတန့်လောက် ရပ်တန့်သွားစေတယ်။

“ကျေးဇူးတင်ပါတယ်ဟာ” လို့ သူက ပြောတယ်။

“နင့်ရဲ့ကျေးဇူးတင်မှုကို ဝမ်းမြောက်ဝမ်းသာစွာနဲ့ ကြိုဆိုပါတယ်” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“နင် အဲဒီလို ပြောတာကို ငါ ပျော်တယ်။ တကယ့်ကိုပျော်တာ” လို့ သူ ဝမ်းနည်းတဲ့အပြုံးနဲ့ ကျွန်တော့်ကို ပြောတယ်။ “ဒါပေမဲ့ မဖြစ်နိုင်ပါဘူးဟာ”

“မဖြစ်နိုင်ဘူးဟုတ်လား။ ဘာကြောင့်လဲ”

“မှားသွားလိမ့်မယ်။ ကြောက်စရာ ဖြစ်သွားလိမ့်မယ်။ အဲဒါ...”

နာအိုကိုဟာ သူ့ပါးစပ်ကို ပိတ်လိုက်ပြီး။ လမ်းဆက်လျှောက်တယ်။ သူ့ခေါင်းထဲမှာ အတွေးမျိုးစုံ လည်ပတ်နေတယ်ဆိုတာ ကျွန်တော် ပြောနိုင်ပါတယ်။ သူ့အတွေးတွေကို ကျွန်တော် မနှောင့်ယှက်ချင်လို့ ကျွန်တော် သူ့ရဲ့ဘေးကနေ ဆက်လျှောက်လာမိတယ်။

“နင့်အတွက်လည်း မှားလိမ့်မယ်။ ငါ့အတွက်လည်း မှားသွားလိမ့်မယ်” အချိန်အတော်ကြာကြီး ပါးစပ်ပိတ်နေပြီးမှ သူ ပြန်ပြောတယ်။

“ဘယ်လိုမှားမှာလဲ” ကျွန်တော် ရေရွတ်မိတယ်။

“နင် နားမလည်ဘူးလား။ လူတယောက်က လူတယောက်ကို အချိန်ပြည့် စောင့်ကြည့်နေဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မှာမို့လဲ။ ငါ ဆိုလိုချင်တာက ငါတို့ လက်ထပ်ပြီးသွားတဲ့ခါ နင်က နေ့ဘက်ဆို အလုပ်သွားနေရမယ်။ နင် အလုပ်သွားနေတဲ့အချိန်မှာ ငါ့ကို ဘယ်သူက စောင့်ကြည့်နေနိုင်မှာလဲ။ နင်က အလုပ်ကိစ္စနဲ့ ခရီးသွားနေတဲ့အခါ ငါ့ကို ဘယ်သူက စောင့်ကြည့်ရမှာလဲ။ ငါတို့ဘဝရဲ့ မိနစ်တိုင်းကို ငါဟာ နင်နဲ့ ကော်ကပ်သလို ကပ်ထားနိုင်မှာမို့လား။ အဲ့သလိုသာဆိုရင် ညီမျှမှုဆိုတာ ဘယ်လိုဖြစ်နေမှာလဲ။ အဲ့ဒီချစ်ခြင်းက ဘယ်လိုဖြစ်နေမှာလဲ။ အနေးနဲ့အမြန် နင်နဲ့ ငါတို့ ညည်းငွေ့လာမှာပဲ။ နင့်ဘဝမှာ ဘာတွေလုပ်နေမိသလဲဆိုတာကို နင် တွေးလာမိလိမ့်မယ်။ ငါ့ကြောင့် ဒီမိန်းမကို

ကလေးထိန်းသလို အချိန်ပြည့် ပြုစုနေရသလဲဆိုတာကို မေးခွန်းထုတ်လာမိလိမ့်မယ်။ အဲဒီလိုအဖြစ်ကို ငါလည်း ခံနိုင်မှာမဟုတ်ဘူး။ ငါ့ပြဿနာတွေကို တခုမှ ငါ ရှင်းနိုင်မှာ မဟုတ်ဘူး။

"နင်နဲ့ ပြဿနာတွေဟာ နင့်ဘဝရဲ့ နောက်ပိုင်းအချိန်တွေအထိ ဆက်ရှိနေမှာ မဟုတ်ပါဘူး" လို့ ကျွန်တော် သူ့ပခုံးကိုပွတ်ပြီး ပြောနေမိခဲ့တယ်။ "တချိန်မှာတော့ ပြဿနာတွေ အဆုံးသတ်သွားမှာပေါ့။ ပြဿနာတွေ အဆုံးသတ်သွားတဲ့အခါ ဘဝကို ရှေ့ဆက်ဖို့ ပုံစံတွေ ငါတို့ ရှာဖွေမိမှာပါ။ နင် ငါ့ကို ကူညီကောင်းလည်း ကူညီရလိမ့်မယ်။ ငါ့တို့ဘဝတွေကို စာရင်းဇယား စာအုပ်တွေအတိုင်း ရှင်သန်မှာမှ မဟုတ်ဘဲ။ နင် လိုအပ်တဲ့အခါ ငါ့ကို အသုံးချပေါ့။ အဲ့ဒါကို နင် နားမလည်နိုင်ဘူးလား။ ဘာ့ကြောင့် ရှုပ်ရှုပ်ထွေးထွေးတွေ စဉ်းစားနေတာလဲ။ စိတ်လျှော့ပြီး ပေါ့ပေါ့ပဲနေ။ အဆိုးတွေကို တွေးနေရင်တော့ စိတ်ဖိစီးနေမှာပဲ။ စိတ်တွေကို လျှော့ထား။ အဲဒါမှ ပေါ့ပါးလာမှာ"

"နင် ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ" အားအင်ကုန်ခမ်းသွားတဲ့ပုံစံမျိုးနဲ့ နာအိုက မေးတယ်။

နာအိုကိုရဲ့အသံက ကျွန်တော်ဟာ မပြောသင့်တာကို ပြောမိခဲ့ပြီ ဆိုတာကို နားလည်မိစေတယ်။

"ဒီစကားကို ဘာလို့ပြောတာလဲဆိုတာ ငါ့ကို ပြောပါဦး" သူ့ရဲ့ခြေထောက်အောက်က မြေကြီးကို ငုံ့ကြည့်ပြီး ကျွန်တော့်ကို ပြောတယ်။

"ငါမသိသေးတဲ့ အရာတခုကို ငါ့ကို ပြောတာတော့ မဟုတ်ဘူး။ စိတ်ကို လျှော့လိုက်၊ ပေါ့ပါးလာလိမ့်မယ်ဆိုတာ ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ။ ငါ့ခန္ဓာကိုယ်ကို ငါ အခုလျှော့ချလိုက်ရင် ငါ တစစီဖြစ်သွားလိမ့်မယ်။ ငါ အခု နေထိုင်တဲ့ပုံစံကို မပြောင်းလဲနိုင်ဘူး။ ငါ့ လက်ရှိပုံစံက တခုတည်းသော အသက်ရှင်သန်ဖို့နည်းလမ်းလို့ ငါ ထင်တယ်။ ငါ တစ်စက္ကန့်လောက် စိတ်လျှော့လိုက်ရင် အိမ်ပြန်ဖို့လမ်းကို ငါ ပြန်ရှာတွေ့တော့မှာ မဟုတ်ဘူး။ ငါ တစစီ ဖြစ်သွားလိမ့်မယ်။ ငါ့အစိတ်အပိုင်းတွေဟာ လေနဲ့ လွင့်ပါးသွားလိမ့်မယ်။ ငါ့စိတ်ကို နင် ဘာလို့ နားမလည်တာလဲ။ နင် ငါ့စိတ်ကို နားမလည်ဘဲ ငါ့ကို စောင့်ကြည့်မယ်လို့ ဘယ်လိုပြောနိုင်မှာလဲ"

ကျွန်တော် ဘာမှ ပြန်မပြောခဲ့ဘူး။

"ငါ စိတ်ရှုပ်လာပြီ။ တော်တော့်ကို စိတ်ရှုပ်လာပြီ။ နင်ထင်တာတွေထက်ပိုပြီး နက်ရှိုင်းတယ်။ ပိုလေးနက်တယ်... ပိုမှောင်မိုက်တယ်... ပိုပြီး အေးစက်လာတယ်။ ဒီလိုအချိန်မျိုးမှာ နင် ငါနဲ့အတူ

ဘယ်လိုအိပ်စက်နိုင်မှာလဲ။ နင် ငါ့ကို တယောက်ထားပေးထားရမှာလဲ။ အခုချိန်မှာ ကျွန်တော်တို့ဟာ ထင်းရှူးတောရဲ့ကြောက်ရွံ့ဖွယ် တိတ်ဆိတ်မှုထဲမှာ လမ်းဆက်လျှောက်လာမိတယ်။ နွေရာသီ အပူဒဏ်ခံလမ်းမရဲ့အဆုံးမှာ ခြောက်သယောင်းနေတဲ့ ပုစဉ်းရင်ကွဲအလောင်းလေးတွေကို ကျွန်တော်တို့ နင်းလျှောက်လာမိတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ တောအုပ်ထဲမှာ ပစ္စည်းပျောက် တခုခုကို ရှာနေသလို လျှောက်သွားနေမိတယ်။

"ငါ စိတ်မကောင်းပါဘူးဟာ" လို့ သူပြောရင်း ကျွန်တော့်လက်ကို လှမ်းကိုင်ပြီး ခေါင်းကို ခါလိုက်တယ်။ "ငါ နင့်ကို နာကျင်စေဖို့ မရည်ရွယ်ပါဘူးဟာ။ ငါပြောခဲ့တာတွေအတွက် စိတ်အနှောင့်အယှက် မဖြစ်အောင် ကြိုးစားပါ။ ငါ တကယ့်ကို စိတ်မကောင်းဘူး။ ငါ့ကိုယ်ငါလည်း ဒေါသထွက်မိတယ်"

"ငါတော့ နင့်ကို ခုချိန်ထိ နားမလည်နိုင်သေးဘူး။ ငါက ဉာဏ် သိပ်မကောင်းဘူဟ။ တချို့ကိစ္စတွေကို ငါ နားလည်နိုင်ဖို့ အချိန်နည်းနည်း ယူရတယ်။ ဒါပေမဲ့ ငါ အချိန်ပေးစဉ်းစားပြီးရင် ငါ နင့်ကို နားလည်လာမှာပါ။ အဲဒီအခါကျရင် ကမ္ဘာပေါ်မှာ ငါ့လောက် နင့်ကို နားလည်နိုင်တဲ့လူ ရှိတော့မှာ မဟုတ်ဘူး" လို့ ကျွန်တော် ပြောလိုက်တယ်။

ကျွန်တော်တို့ဟာ တိတ်ဆိတ်နေတဲ့ တောအုပ်ထဲမှာ ခဏနားလိုက်တယ်။ ထင်းရှူးသီးတွေနဲ့ ပုစဉ်းကောင်အသေတွေကို ကျွန်တော် ခြေထောက်နဲ့ ကန်ထုတ်လိုက်တယ်။ ပြီးတော့ ထင်းရှူးကိုင်းတွေ ကြားထဲက မြင်နေရတဲ့ ကောင်းကင်ကို လှမ်းကြည့်လိုက်မိတယ်။ သူကတော့ ကုတ်အင်္ကျီအိတ်ကပ်တွေထဲ လက်တွေကို ထိုးသွင်းလိုက်တယ်။ နာအိုကိုဟာ ရပ်ပြီး စဉ်းစားနေတယ်။ သူ့မျက်လုံးတွေဟာ ဘာရယ်မဟုတ်ဘဲ ရီဝေလို့ပေါ့။

"ငါ့ကို ပြောစမ်းပါဦး တိုရူ။ နင် ငါ့ကိုချစ်လား" လို့ သူက မေးတယ်။

"ငါ ချစ်တာကို နင် သိတာပဲ" လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

"ငါ့ကို အခွင့်အရေးနှစ်ခု ပေးမလား"

"နှစ်ခု မဟုတ်ဘူး။ သုံးခုအထိ တောင်းနိုင်ပါတယ်... သခင်မ ခင်ဗျာ"

နာအိုကိုက ပြုံးပြီး ခေါင်းကိုခါလိုက်တယ်။ "မလိုပါဘူး။ နှစ်ခုဆိုရင် လုံလောက်ပါတယ်။ ပထမတခုက နင် ဒီကိုလာပြီး ငါ့ကို တွေ့တဲ့အတွက် ငါ ကျေးဇူးတင်တာကို နားလည်ပေးပါ။ နင့်ကြောင့် ငါဘယ်လောက်ပျော်ရတယ်ဆိုတာ နင် နားလည်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်။ နင့်ကြောင့် ငါ ဘာပဲဖြစ်ဖြစ် အန္တရာယ်ရှိမှာ မဟုတ်ဘူး။ ငါက ထုတ်ဖော်မပြပေမယ့် တကယ်ဆိုတာ ယုံပါ"

"ငါ နင့်ကို လာကြည့်မှာပါ။ ဒုတိယတခုက ဘာလဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ငါ့ကို နင် အမြဲတမ်း သတိရနေစေချင်တယ်။ ငါ အသက်ရှင် တည်ရှိခဲ့တယ်ဆိုတာကို နင် သတိရနေမလား။ ငါ နင့်ဘေးမှာ ဒီလိုရပ်ခဲ့တယ် ဆိုတာကိုပေါ့"

"အမြဲတမ်း သတိရနေမှာပါ" လို့ ကျွန်တော် ပြောလိုက်တယ်။

သူ ဘာမှမပြောဘဲ ရှေ့ကို ဆက်လျှောက်သွားတယ်။ ဆောင်းဦးကာလရဲ့နေရောင်ဟာ သစ်ကိုင်းတွေကြားကနေ ဆင်းသက်လာပြီး သူ့ကုတ်အင်္ကျီရဲ့ပခုံးထက်မှာ ကခုန်နေလေရဲ့။ ခွေးတကောင်က ဟောင်လေတယ်။ အရင်ကထက် ပိုနီးလာသလိုပဲ။ နာအိုကိုဟာ တောင်ကုန်းလေး တခုပေါ်တက်ပြီး ထင်းရှူးတောထဲက ထွက်သွားတယ်။ ပြီးတော့ ဆင်ခြေလျှောကနေ အလောတလျှင် ဆင်းသွားတယ်။ ကျွန်တော် သူ့နောက်က ခြေလှမ်း နှစ်လှမ်း၊ သုံးလှမ်းလောက် နောက်ကျပြီး ဆက်လျှောက်လာတယ်။

"ဒီကိုလာခဲ့" ကျွန်တော် သူ့နောက်ကနေ အော်ပြောလိုက်တယ်။ "ဒီအနီးတဝိုက်လောက်မှာ ရေတွင်းရှိနိုင်တယ်" နာအိုကိုက ရပ်ပြီးပြုံးတယ်။ ပြီးတော့ ကျွန်တော့်လက်ကို ဆွဲယူလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် ယှဉ်ပြီး လျှောက်လာတော့တယ်။

"နင် ဘယ်တော့မှ ငါ့ကို မမေ့ဘူးလို့ ကတိပေးနိုင်မလား" သူက ကျွန်တော့်ကို တိုးတိုးလေး မေးလိုက်တယ်။

"ငါ ဘယ်တော့မှ နင့်ကို မမေ့ပါဘူး။ ငါ နင့်ကို မမေ့နိုင်ဘူး" လို့ ကျွန်တော် ပြောလိုက်တယ်။

※※※

ဒီနေရာအရောက်မှာ ကျွန်တော့်မှတ်ဉာဏ်ဟာ ဟိုးဝေးဝေးကို လွင့်ထွက်သွားပြန်တယ်။ အကြောင်းအရာ တော်တော်များများကို ကျွန်တော် မေ့သွားပြန်ပြီ။ ဘယ်အရေးကြီးဆုံးကိစ္စကို ကျွန်တော် မေ့သွားတာလဲ။ ကျွန်တော့်ခန္ဓာကိုယ်အတွင်း မှောင်မည်းနေတဲ့ သောင်မတင် ရေမကျဖြစ်မှု။ အဲ့ဒီနေရာမှာ အရေးပါတဲ့ အစုအလိုက်အပြုံလိုက် ရှိနေပြီး အဲဒီ သောင်မတင် ရေမကျဖြစ်မှုတွေက ရွံ့ညွန်တွေအဖြစ် ပြောင်းလဲသွားရင် ဘာဖြစ်ဦးမလဲ။

ဒါပေမဲ့ ပျောက်ကွယ်သွားတာတွေလည်း ပျောက်ကွယ်သွားပါစေတော့လေ။ အတတ်နိုင်ဆုံး ပြန်အမှတ်ရဖို့ပဲ ကျွန်တော်

ကြိုးစားရတော့မှာပေါ့။ ပျောက်ကွယ်နေပြီဖြစ်တဲ့၊ ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ ဒီမပြည့်မစုံ အမှတ်ရမှုတွေကိုပဲ ရင်ဘတ်မှာ စုချည်ထားလိုက်တယ်။ ကျွန်တော်ဟာ ဒီစာအုပ်ကို အစာရေစာ ပြတ်လပ်တော်မွတ်လို့ အရိုးတွေကို အငမ်းမရ စုပ်နေပြီး ကြံမိကြံရာ လုပ်နေသူတယောက်လိုပဲ ဆက်ရေးတော့မှာပါ။ နာအိုကိုကိုပေးထားတဲ့ ကျွန်တော့်ကတိကို ထိန်းသိမ်းနိုင်ဖို့ တခုတည်းသော နည်းလမ်းက ဒါပဲရှိတော့တယ်။

ဟိုးတချိန် ကျွန်တော် ငယ်ငယ်တုန်းကဆိုရင် ကျွန်တော့်မှတ်ဉာဏ်ဟာ အခုချိန်ထက်ပိုပြီး ကောင်းမွန်ခဲ့ပါတယ်။

နာအိုကို့အကြောင်းရေးဖို့ကြိုးစားတိုင်း...

ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော် ဝါကျတကြောင်းတောင် ချမရေးနိုင်ခဲ့ပါဘူး။ တကယ်လို့များ ကျွန်တော်သာ ဝါကျတကြောင်း စရေးနိုင်ရင် စာမျက်နှာတခုလုံး အလိုလိုပြည့်နှက်သွားမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်ချမရေးနိုင်ခဲ့ပါဘူး။ အဲဒီတုန်းကလည်း ကျွန်တော့် မှတ်ဉာဏ်ထဲမှာ သူ့အကြောင်းတွေကို ကြည်ကြည်လင်လင် ရှင်းရှင်းလင်းလင်း မြင်ခဲ့ပေမယ့် ဘယ်ကစရေးရမလဲဆိုတာ မသိနိုင်ခဲ့ဘူး။ မြေပုံရဲ့လမ်းညွှန်ပြသမှုတွေဟာ တခါတလေမှာ အသုံးမဝင်သလိုပေါ့။ အခုအချိန်မှာတော့ ကျွန်တော်ဟာ မပြည့်မစုံဖြစ်နေတဲ့ မှတ်ဉာဏ်တွေနဲ့ အတွေးတွေကို မပြည့်မစုံ အရေးအသားအဖြစ် စတင်နိုင်တော့မယ်ဆိုတာ ကျွန်တော်သိနေပါတယ်။ နာအိုကိုနဲ့ပတ်သက်သမျှ မှတ်ဉာဏ်တွေ ကျွန်တော့်ကိုယ်ထဲမှာ ပိုပျောက်ကွယ်လာလေလေ၊ ကျွန်တော် သူ့ကို ပိုပြီး လေးလေးနက်နက် နားလည်လာနိုင်လေလေပါပဲ။ သူ့ကိုမမေ့ဖို့ ကျွန်တော့်ကို ဘာလို့ တောင်းဆိုလဲဆိုတာကို ကျွန်တော်သိပါတယ်။ နာအိုကိုကိုယ်တိုင်လည်း သိပါတယ်။ ကျွန်တော့်မှတ်ဉာဏ်တွေဟာ ပျောက်ကွယ်လာလိမ့်မယ်ဆိုတာ သူသိခဲ့ပါလိမ့်မယ်။ အဲဒါကြောင့်ပဲ သူ့ကိုမမေ့ဖို့၊ သူတည်ရှိခဲ့တယ်ဆိုတာကို အမှတ်ရဖို့ တောင်းဆိုခဲ့တာပဲ ဖြစ်ပါလိမ့်မယ်။

အဲဒီအတွေးဟာ မခံမရပ်နိုင်လောက်တဲ့ ဝမ်းနည်းပူဆွေးမှုတွေ ကျွန်တော့်ခန္ဓာကိုယ်ထဲ ပြည့်လျှံ စီးဆင်းနေစေပါတယ်။ ဘာကြောင့်လဲဆိုတော့ နာအိုကိုဟာ ကျွန်တော့်ကို ဘယ်တုန်းကမှ ဘယ်တုန်းကမှ မချစ်ခဲ့လို့ပဲ။

■

အခန်း (၂)

ဟိုးဝေးဝေး တချိန်ကပေါ့။ တကယ်တမ်းပြောရရင်တော့ နှစ်ပေါင်းနှစ်ဆယ်ပဲရှိပါသေးတယ်။ အဲဒီတုန်းက ကျွန်တော် အဆောင်မှာနေတယ်။ ကျွန်တော့်အသက်က ဆယ့်ရှစ်နှစ်။ ပြီးတော့ ကျောင်းသားသစ်။ တိုကျိုမြို့ကြီးဟာ ကျွန်တော့်အတွက် အသစ်အဆန်းပဲ။ တယောက်တည်း နေရတဲ့ အတွေ့အကြုံကိုလည်း ပထမဆုံး မြည်းစမ်းကြည့်မိတာပဲ။ အဲဒါကြောင့်ပဲ စိတ်ပူတတ်တဲ့ ကျွန်တော့်မိဘတွေက ကျွန်တော့်ကို ကျောင်းသားအများဆုံး နေတတ်ကြသလို တယောက်ခန်း ငှားမနေခိုင်းဘဲ ပုဂ္ဂလိကအဆောင်တခုမှာ ငှားနေစေခဲ့တာဖြစ်တယ်။ အဆောင်ဟာ အစားအစာ ကျွေးသလို အခြားအခွင့်အရေးတွေလည်း စီစဉ်ပေးတဲ့အတွက် ဘာအတွေ့အကြုံမှ မရှိသေးတဲ့ ဆယ့်ရှစ်နှစ်သားလေး တယောက် ရှင်သန်နေထိုင်ဖို့ အထောက်အကူ အများကြီးပေးတယ်လေ။ ဒါ့အပြင် အဆောင်မှာ နေတာက တယောက်တည်း အခန်းငှားနေတာထက် အများကြီး သက်သာတာပေါ့။ အိပ်ရာခင်းတစုံ၊ စာကြည့်မီးချောင်းတချောင်း ပါလာရုံနဲ့ အခြားပရိဘောဂ ပစ္စည်းတွေလည်း ဝယ်စရာ မလိုဘူးပေါ့။ ကျွန်တော့်အနေနဲ့ကတော့ တိုက်ခန်းတခန်း ငှားပြီး တကိုယ်တော်နေရမှာကို ပိုကြိုက်ပေမယ့် ကျွန်တော့်မိဘတွေက တက္ကသိုလ်ကျောင်းစရိတ် ကြီးကြီးမားမား ပေးရမယ်ဆိုတာကို ကျွန်တော်သိနေလေတော့ မတက်ချင်တော့ပါဘူး။ အဲဒါထက် ကျွန်တော်ဆိုတဲ့ ကောင်ကလည်း နေရမယ့်နေရာနဲ့ ပတ်သက်လို့ ဘာဂရုမှမစိုက်တတ်တဲ့ကောင် ဖြစ်နေလို့ပါပဲ။

ကျွန်တော်နေတဲ့အဆောင်ဟာ တောင်ကုန်းတကုန်းထက်မှာ ရှိနေလေတော့ မြို့လယ်ကို အပေါ်စီးက မြင်နေရတယ်။ အဆောင်ခြံဝင်းကို လေးဘက်လေးတန် အုတ်တံတိုင်း ခတ်ထားသေးတယ်။ ဝင်းတံခါးဝမှာ ကြီးမားလှတဲ့ ဧရာမ ဇယ်ကိုဗာ သစ်ပင်ကြီးက မျှော်စင်ကို အုပ်စိုးနေတယ်။ အဲဒီသစ်ပင်ကြီးဟာ အနည်းဆုံး သက်တမ်း နှစ်တရာ့ငါးဆယ် ရှိနေပြီလို့ လူတွေက ပြောတတ်ကြတယ်။ အဲဒီသစ်ပင်ကြီးရဲ့အောက်ခြေမှာ ရပ်နေမယ်ဆိုရင် စိမ်းစိမ်းစိုစို သစ်ရွက်တွေ ပိတ်နေတာကြောင့် ကောင်းကင်ကို မမြင်ရဘူး။

သစ်ပင်ကြီးကို ပတ်ပြီးခင်းထားတဲ့လမ်းဟာ မျက်နှာချင်းဆိုင်ဖြစ်နေတဲ့ သုံးထပ်အဆောင် နှစ်ဆောင်ရှေ့ကို ရောက်နိုင်တယ်။ အဆောင်ကြီးတွေဟာ ကြီးမားလှသလို ပြတင်းပေါက်တွေ အများကြီး ရှိနေသလို တချိန်က အကျဉ်းထောင်ကို လူနေအိမ်အဖြစ် ပြောင်းလဲထားတဲ့ပုံစံမျိုး ဒါမှမဟုတ်

လူနေအိမ်ကို အကျဉ်းထောင်အဖြစ် ပြောင်းလဲထားတဲ့ပုံစံမျိုး ဖြစ်နေတယ်။ အဆောင်ကြီးတွေဟာ မှောင်မှောင်မည်းမည်း ဖြစ်မနေသလို အမှောင်ဆန်တဲ့စိတ်မျိုးကိုလည်း မဖြစ်စေဘူး။ ဖွင့်ထားတဲ့ ပြတင်းပေါက်တွေကနေ ရေဒီယိုသံကို ကြားနိုင်တယ်။ ပြတင်းပေါက်တိုင်းမှာလည်း နေရောင်မဝင်စေဖို့ အရောင်တူ ခန်းဆီးတွေ ကာထားသေးတယ်။

လမ်းအတိုင်းဆက်သွားရင် အဆောင်ကြီးနှစ်ဆောင်ရဲ့နောက်မှာရှိတဲ့ နှစ်ထပ်ဆောင် ဘုံရိပ်သာကို ရောက်လိမ့်မယ်။ အဲဒီ ဘုံရိပ်သာရဲ့ပထမထပ်မှာ ထမင်းစားခန်းနဲ့ ရေချိုးခန်းတွေရှိပြီး ဒုတိယထပ်မှာတော့ အားကစားခန်းမတခု၊ အစည်းအဝေးခန်းမတွေအပြင် ဧည့်သည် အိပ်ခန်းတွေတောင် ရှိလိုက်သေးတယ်။ ဘုံရိပ်သာနဲ့ ကပ်လျက်နေရာကတော့ တတိယမြောက် သုံးထပ်ဆောင်ပါပဲ။ ခြံဝင်းထဲမှာ စိမ်းစိုတဲ့ မြက်ခင်းပြင်ကြီးရှိတယ်။ ဘုံရိပ်သာရဲ့ နောက်မှာရှိတဲ့ ကွင်းပြင်ကို ဘေ့စ်ဘောနဲ့ ဘောလုံးကွင်း လုပ်ထားပြီး အဲဒီနားမှာ တင်းနစ်ကွင်း ခြောက်ကွင်းလည်း ရှိတယ်။ ခြံဝင်းကြီးထဲမှာ လိုချင်တာ ဘာမဆို ရနိုင်တဲ့ အနေအထားပါပဲ။

ဒီနေရာမှာ ပြဿနာလေးတခုပဲရှိတယ်။ ဘာလဲဆိုတော့ နိုင်ငံရေးအနံ့ ထုံမွှမ်းလွန်းနေတာပါပဲ။ ဒီအဆောင်ကို လက်ယာအစွန်းရောက်ဝါဒီတဦး တည်ထောင်ထားတဲ့ ဖောင်ဒေးရှင်းတခုက ထောက်ပံ့နေပါတယ်။ ဒီအဆောင်ရဲ့လည်ပတ်မှုကို ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားကြည့်တိုင်း တခုခု ထူးဆန်းတယ်လို့ ထင်မိတာပဲ။ ဒီအဆောင်ရဲ့ ထူးခြားမှုတွေကို ကျောင်းသားသစ်တွေအတွက်ပေးတဲ့ လက်ကမ်းကြေညာချက် စာရွက်တွေထဲမှာနဲ့ အဆောင်စည်းကမ်းတွေထဲမှာ တွေ့နိုင်ပါတယ်။ အဆောင်တည်ထောင်ရခြင်းရဲ့ အခြေခံ စိတ်ဓာတ်က “ပညာရေး အခြေခံစည်းမျဉ်းများမှတဆင့် နိုင်ငံတော်ကို ဝန်ဆောင်မှုပေးမည့် လူသားအရင်းအမြစ်များအား အပြည့်အဝ ပျိုးထောင် မြေတောင်မြှောက်ပေးရန်” လို့ ဖော်ထားပါတယ်။ ဒီအဆောင်ကို အဓိက ငွေကြေးထောက်ပံ့သူတွေက အခြေခံစိတ်ဓာတ်ကြောင့် ရန်ပုံငွေတွေတိုးပြီး အဆောင် လိုအပ်ချက်တွေကို ပိုမိုဆောင်ရွက်ပေးနိုင်တာလို့ ယုံကြည်ကြပါတယ်။ အဲဒါကတော့ ဒီအဆောင်နဲ့ပတ်သက်လို့ အများပြည်သူသိတဲ့ အပေါ်ယံမျက်နှာစာပါ။ နောက်ကွယ်မှာ ရှိနေတဲ့ အစွန်းရောက် နိုင်ငံရေးကိစ္စတွေကတော့ ရှုပ်ထွေးလွန်းလှပါတယ်။ တချို့က ဒါဟာ အခွန်ရှောင်တဲ့ကိစ္စလို့ ပြောကြသလို တချို့ကလည်း ဒါဟာ ငွေကြေး ထောက်ပံ့သူတွေအတွက် စတန့်တခုပဲလို့ ဆိုကြပါတယ်။ တချို့ကလည်း ဒါဟာ အိမ်ခြံမြေ ရောင်းဝယ်ရေးကိစ္စတွေရဲ့ လှည့်ကွက်တွေမျှသာ ဖြစ်တယ်လို့ ယူဆကြပါတယ်။ သေချာတာ တခုကတော့ ဒီအဆောင်ဝင်းကြီးထဲမှာ တက္ကသိုလ်ပေါင်းစုံက လူ့မလိုင်အလွှာက တက္ကသိုလ် ကျောင်းသားတွေ အတွက် အထူးကလပ်တခု ရှိနေတယ်ဆိုတာပါပဲ။ သူတို့ဟာ

တလမှာ စာကျက်ဝိုင်း ဆိုပြီး အကြိမ်ပေါင်းများစွာ ဆုံတွေ့မှုတွေ ပြုလုပ်ကြတယ်။ တချို့ စာကျက်ဝိုင်းတွေမှာဆိုရင် ဒီအဆောင်ကို စတင်တည်ထောင်သူ အချို့တောင် ပါဝင်ကြသေးတယ်။ အဲဒီ လူ့မလိုင်တွေရဲ့ စာကျက်ဝိုင်းမှာပါဝင်တဲ့ ဘယ်သူမဆို ကျောင်းပြီးတာနဲ့ အလုပ်ကောင်းကောင်း ရနိုင်ကြတာချည်းပဲ။ ဘာကြောင့် သူတို့ အဲ့သလို အလုပ်ကောင်းတွေ ရကြတာလဲဆိုတာကိုတော့ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ဒီအဆောင်ဟာ မသင်္ကာဖွယ်ကောင်းတဲ့ နေရာဖြစ်တယ်ဆိုတာကို ကျောင်းသားတွေကတော့ သိနေကြပါတယ်။

ဘာပဲပြောပြော ကျွန်တော်ကတော့ ဒီမသင်္ကာစရာကောင်းတဲ့ အဆောင်ကြီးထဲမှာ ၁၉၆၈ ကနေ ၁၉၇၀ အထိ နှစ်နှစ်ကြာ နေထိုင်ခဲ့ပါတယ်။ ဘာဖြစ်လို့ ကျွန်တော် အဲသလောက် ကြာကြာနေခဲ့သလဲဆိုတာကို ကျွန်တော်လည်း မပြောနိုင်ပါဘူး။ ကျွန်တော်နေထိုင်ခဲ့တဲ့ နေ့စဉ်နေ့တိုင်းကတော့ ကျွန်တော့်အတွက် လက်ဝဲပဲဖြစ်ဖြစ်၊ လက်ယာပဲဖြစ်ဖြစ် ဘာမှခြားနားမှု မရှိခဲ့ပါဘူး။

အဆောင်ရဲ့ နေ့စဉ်ဘဝဟာ နိုင်ငံတော်အလံလွှင့်တင်မှုနဲ့ စတင်တယ်။ နိုင်ငံတော်သီချင်းကို လည်း တီးမှုတ်ကြတယ်။ အားလုံးဟာ နိုင်ငံတော်သီချင်းကို လိုက်ဆိုကြရတယ်။ အလံတော်ဟာ ခြံဝင်းရဲ့အလယ်တည့်တည့်မှာရှိနေတဲ့အတွက် အဆောင်သုံးဆောင်ရဲ့ ပြတင်းပေါက်တိုင်းကနေ မြင်တွေ့နေရတယ်။ အရှေ့ဘက်အဆောင် (ကျွန်တော်နေတဲ့အဆောင်) က အဆောင်မှူးဟာ အလံတော် လွှင့်တင်ရေးအတွက် တာဝန်ရှိတဲ့သူဖြစ်တယ်။ အဆောင်မှူးဟာ အရပ်ရှည်ပြီး သိန်းငှက်လို မျက်လုံးတွေရှိတဲ့ အသက်ခြောက်ဆယ်ပြည့်ခါနီး ဒါမှမဟုတ် အသက်ခြောက်ဆယ် စွန်းစွန်း အရွယ်ရှိတဲ့ လူတယောက်ဖြစ်တယ်။ အဲဒီလူရဲ့ ဆံပင်မွှေး တိုတိုထူထူတွေဟာ မီးခိုရောင် ဖြစ်နေပြီး နေလောင်နေတဲ့သူ့ လည်ပင်းမှာ အမာရွတ် ရှည်ရှည်တခုရှိနေတယ်။ သူဟာ စစ်ကာလတုန်းက နာကာနိုသူလျှိုကျောင်းဆင်း တယောက်ဖြစ်တယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ဘယ်သူမှတော့ သေသေချာချာ မသိကြဘူး။ သူနဲ့ကပ်လျက် မတ်တပ်ရပ်တဲ့ ကျောင်းသားဟာ သူ့ရဲ့ လက်ထောက်အဖြစ် လုပ်ဆောင်သူဖြစ်တယ်။ သူ့ရဲ့လက်ထောက်အကြောင်းကိုလည်း ဘယ်သူမှ မသိကြဘူး။ သူဟာ ကမ္ဘာပေါ်မှာ အတိုဆုံး ခရုကတ်ဆံပင်ပုံစံ (သင်္ဘောသားဆံပင်ပုံစံ) ကို ညှပ်ထားပြီး အမြဲတမ်းလိုလို ရေတပ်ဝတ်စုံပုံစံ ကျောင်းသားယူနီဖောင်းကို ဝတ်ထားလေ့ရှိတယ်။ သူ့ရဲ့နာမည်ရယ် သူနေတဲ့အခန်းရယ်ကို ကျွန်တော် မသိသလို သူ့ကို ကျွန်တော် ထမင်းစားခန်းထဲမှာရော၊ ရေချိုးခန်းထဲမှာပါ တခါမှ မတွေ့ဖူးဘူး။ သူဟာ ကျောင်းသား ဟုတ်မဟုတ်ဆိုတာတောင် ကျွန်တော် မသေချာဘူး၊ တချိန်က ကျောင်းသားဖြစ်နိုင်ခဲ့ဖူးတာကိုတော့ သိသာပါတယ်။ သူ့ကို ကျောင်းသားတွေက ယူနီဖောင်းလို့တောင် အမည်ပြောင် ပေးထားကြတယ်။ နာကာနိုင်ကျောင်းဆင်းကြီးလို့ ယူဆရတဲ့ မစ္စတာနာကာနိုနဲ့ ယှဉ်ကြည့်ရင်တော့

သူဟာ အရပ်ပုတယ်။ တုတ်တုတ်ခိုင်ခိုင်ရှိတယ်။ မျက်နှာ ဖြူဖတ်ဖြူရော်ဖြစ်တယ်။ ကျောချမ်းဖို့ ကောင်းလှတဲ့ သူတို့နှစ်ဦးဟာ ထွက်ပြူစ နေလုံးကြီးအလံပုံပါတဲ့ နိုင်ငံတော်အလံကို မနက် ခြောက်နာရီတိုင်းမှာ လွှင့်ထူကြတယ်။

ကျွန်တော် ဒီအဆောင်ကို ရောက်ရှိခါစတုန်းက ဒီအင်မတိ အင်မတန် ကြီးကျယ်လှတဲ့ လုပ်ရပ်ကြီးက ကျွန်တော့်ကို စောစောထစေပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်စေတဲ့ ဒီဓလေ့ကြီးကို လေ့လာမိစေခဲ့တယ်။ သူတို့နှစ်ယောက်စလုံးဟာ ရေဒီယိုက နံနက်ခြောက်နာရီ ထိုးပြီဖြစ်ကြောင်း ကြေညာလိုက်တာနဲ့ တပြိုင်နက် လေးထောင့်ပုံစံ မြေကွက်လပ်ထဲကို ရောက်လာတော့တာပါပဲ။ ယူနီဖောင်းဟာ အနက်ရောင် သားရေရှူးဖိနပ်တွေကို စီးပြီး သူ့ရဲ့ယူနီဖောင်းကို ဝတ်ထားမယ်။ ယူနီဖောင်းဟာ အခမ်းအနားကျင်းပရင် သုံးတဲ့ ပြီးဆုံးအောင် မလုပ်ထားရသေးတဲ့ ပေါ်လီနီယာအသားသေတ္တာကို ကိုင်ထားတတ်သလို မစ္စတာနာကာနိုကလည်း ဆိုနီကက်ဆက်ကြီးကို လက်ထဲမှာ ကိုင်ထားတတ်တယ်။ နာကာနိုက ကက်ဆက်ကြီးကို ချလိုက်ချိန်မှာ ယူနီဖောင်းက သေတ္တာထဲက အလံစကို ထုတ်ယူလိုက်မယ်။ အဲဒီနောက် ယူနီဖောင်းက မစ္စတာနာကာနိုကို တလေးတစားနဲ့ အလံစကို ကမ်းပေးလိုက်မယ်။ မစ္စတာနာကာနိုက အလံစကို အလံတိုင်ရဲ့ကြိုးမှာ ချည်နှောင်လိုက်ပြီး အဖြူနောက်ခံပေါ်က ထွက်ပြူစ နေမင်းကြီး ပုံဖော်ထားတဲ့ အနီရောင်စက်ဝိုင်းကြီးကို အပေါ်ဆွဲတင်လိုက်မယ်။ အဲ့ဒီနောက် ယူနီဖောင်းက နိုင်ငံတော်သီချင်းသံထွက်ဖို့ ကက်ဆက်ခလုတ်ကို နှိပ်လိုက်မယ်။

"ငါတို့ရဲ့ အရှင်အုပ်စိုးနိုင်ပါစေ..."

ပြီးတော့ အလံကို ဆွဲတင်တယ်။

"ကျောက်စရစ်တုံးခဲတွေဟာ ရေ၊ လေစားသွားသည့်တိုင်"

ဒီအချိန်မှာ အလံတော်ဟာ လမ်းတဝက်ကို ရောက်ရှိနေလေပြီ။

"ရေညှိတို့ဖြင့် ဖုံးလွှမ်းခံရပါစေ"

ဒီအချိန်မှာ အလံဟာ ထိပ်ဆုံးကို ရောက်သွားခဲ့ပြီး သူတို့နှစ်ယောက်ဟာ အာရုံစူးစိုက်မှု အပြည့်ကြီးနဲ့ အလံတော်ကို မော့ကြည့်နေပြန်တယ်။ လေတိုက်တဲ့နေ့တွေမှာတော့ ဒီအလံကို အဝေးကနေ ထင်းထင်းကြီးမြင်နိုင်တာပေါ့။

ညနေဘက် အလံသိမ်းတဲ့အခါမှာလည်း အခမ်းအနားနဲ့ သိမ်းတယ်။ ဒါပေမဲ့ မနက်ဘက်လုပ်တဲ့ အခမ်းအနားနဲ့တော့ ဆန့်ကျင်ဘက်ပေါ့။ ပထမဆုံး အလံကို ဆွဲချပြီးမှ သေတ္တာထဲ ထည့်တယ်။ ညဘက်ဆိုရင် အလံတော်က တလူလူ

မလွှင့်နိုင်တော့ဘူးပေါ့။

ညဘက်ဆိုရင် အလံကို အောက်ဘက် ဘာကြောင့် ပြန်ချရတာလဲ ဆိုတာကို ကျွန်တော်မသိဘူး။ ညဘက် မှောင်လာတဲ့အခါမှာလည်း နိုင်ငံတော် ဆက်ရှိနေတာပဲ မဟုတ်လား။ ဆောက်လုပ်ရေး လုပ်သားတွေ၊ တက္ကစီမောင်းသမားတွေ၊ အရက်ဆိုင်က ဘားမယ်လေးတွေ၊ မီးသတ်သမားတွေ၊ ညစောင့်အလုပ်သမားတွေ… သူတို့လို ညဘက်အလုပ်လုပ်ကြတဲ့ လူတွေဟာလည်း ဒုနဲ့ဒေးပဲ။ ညဘက်ဆိုရင် အလံကြီး သိမ်းလိုက်တာဟာ သူတို့အပေါ် မတရားသလိုပဲ။ အဲ့ဒီအချက်ကို ကျွန်တော်ကလွဲလို့ ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူး။ ကျွန်တော်ကိုယ်တိုင်လည်း တိတိပပကြီး တွေ့ရှိသတိထားမိတာမျိုး မဟုတ်ပါဘူး။ ကျွန်တော့် နှလုံးသားကို ဖြတ်သန်းသွားတဲ့ တစုံတခုသော အကြောင်းအရာမျိုးလိုပါပဲ။

အခန်းခွဲဝေမှု စည်းမျဉ်းစည်းကမ်းကတော့ ပထမနှစ်နဲ့ ဒုတိယနှစ် ကျောင်းသားတွေဟာ နှစ်ယောက်တခန်း နေထိုင်ပြီး တတိယနှစ်နဲ့ စတုတ္ထနှစ် ကျောင်းသားတွေသာ တယောက်တခန်း နေထိုင်ခွင့်ရကြခြင်းပဲ ဖြစ်တယ်။ နှစ်ယောက်တွဲ အခန်းတွေဟာ တယောက်ခန်းအကျယ်ကို ပေဆယ့်နှစ်ပေထက် ပိုရှည်လျား၊ ပိုကျဉ်းမြောင်းပြီး တံခါးမကြီးရဲ့ဆန့်ကျင်ဘက်မှာရှိတဲ့ အလူမီနီယံနံရံမှာ ပြတင်းပေါက်တခု ပါရှိတယ်။ ပြီးတော့ အခန်းတွင်း နေထိုင်သူနှစ်ယောက် ကျောချင်းကပ် စာကျက်လို့ရအောင် စားပွဲနှစ်လုံးကို ခင်းကျင်းထားတယ်။ တံခါးမကြီးရဲ့ ဘယ်ဘက်မှာ စတီးလ်နံရံကပ် အိပ်စင်တခုကို ထားရှိထားတယ်။ အခန်းထဲမှာ ထားပေးထားတဲ့ ပရိဘောဂတွေဟာ တောင့်တင်းခိုင်မာကြပြီး ရိုးရိုးရှင်းရှင်း နေရာချထားကြတယ်။ ဗီရိုကလေး နှစ်ခုရယ်၊ ကော်ဖီသောက် စားပွဲတခုရယ်နဲ့ စင်ကလေးတွေရယ်လည်း ပါဝင်တယ်။ အပြစ်ရှာကြည့်တတ်လွန်းသူသာ ဒီအခန်းရဲ့ ဖွဲ့စည်းပုံ အနေအထားကို အပြစ်တင်နိုင်မှာပါ။ ကျောင်းသားအများစုဟာ စင်တွေပေါ်မှာ ရေဒီယို၊ ဆံပင်အခြောက်ခံစက်၊ လျှပ်စစ်ဖန်ချိုင့်၊ ပေါင်းအိုးနဲ့ ကော်ဖီဖျော်စက်၊ လက်ဖက်ရည်ပန်းကန်လုံး၊ သကြားဘူး၊ ရာမင်ချက်ဖို့ ပန်းကန်လုံးတွေ ထားရှိလေ့ ရှိတယ်။ အခန်းနံရံတွေကတော့ အမျိုးသမီးမဂ္ဂဇင်းက ဓာတ်ပုံတွေ ဒါမှမဟုတ် ခိုးယူထားတဲ့ ညစ်ညမ်းဗီဒီယိုကား ပိုစတာတွေကို ညည်းညူလို့ နေကြတယ်။ ဝက်တွေ မိတ်လိုက်နေပုံကို ကပ်ထားတဲ့ ရှားရှားပါးပါး ပုဂ္ဂိုလ်တယောက်ကလွဲလို့ အများစုကတော့ ဝတ်လစ်စလစ် အမျိုးသမီးပုံတွေ၊ ဒါမှမဟုတ် အမျိုးသမီး အဆိုတော်ပုံ၊ မင်းသမီးပုံတွေကိုသာ ကပ်ထားလေ့ရှိတယ်။ စာရေးစားပွဲတွေပေါ်က စာအုပ်စင်တွေပေါ်မှာ ကျောင်းပုံနှိပ်စာအုပ်တွေ၊ အဘိဓာန်တွေနဲ့ ဝတ္ထုတွေကိုသာ တွေ့ရလိမ့်မယ်။

ယောကျ်ားလေးအိမ်သာတွေမှာ တွေ့ရတဲ့ ညစ်ညမ်းစာသားတွေကတော့ ကြောက်ရွံ့ ထိတ်လန့်စရာတွေချည်းပဲ။ အိမ်သာတွေထဲက အမိုက်ခြင်းတောင်းတွေရဲ့ အောက်ခြေတွေမှာ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ ရှေးဟောင်း တရုတ်စာသားတွေကိုလည်း တွေ့ရတယ်။ ဘူးခွံ အလွတ်တိုင်းဟာ စီးကရက် ပြာခံခွက်တွေအဖြစ် အသုံးပြုခံရပြီး စီးကရက်ဖင်စီခံတွေ တောင်လို ပေါက်နေလေရဲ့။ အဲဒီဘူးခွံတွေ ပြာခံခွက်မဖြစ်ခင်က ကော်ဖီ ဒါမှမဟုတ် ဘီယာထည့်တဲ့ခွက်အဖြစ် အသုံးပြုခံခဲ့ကြသေးတယ်။ ဘီယာတွေ၊ ကော်ဖီတွေ ချဉ်စုပ်ပြီးတော့မှ ပြာခံခွက် ဖြစ်လာကြရတာ ဖြစ်တယ်။ စင်တွေပေါ်က ပန်းကန်လုံးတွေ၊ ပန်းကန်ပြားတွေပေါ်မှာ အမျိုးအမည် မသိရတဲ့ မည်းညစ်ထေးမှုတွေ တွယ်ကပ်နေကြလေရဲ့။ ကြမ်းပြင်ပေါ်မှာလည်း ရာမင်ထုပ်စက္ကူတွေ၊ ဘီယာဘူးအခွံတွေ၊ ဘီယာဘူးအဖုံးတွေ လွင့်ပြန့်ကျဲနေကြပြန်တယ်။ ကြမ်းပြင်ပေါ်ကအမှိုက်တွေကို ဘယ်သူ့ဘယ်သူကမှ ရှင်းလင်းဖူးပုံမရတဲ့အပြင် အမှိုက်တစလောက်ကိုတောင်မှ အမှိုက်ပုံးထဲ ဘယ်သူမှ ကောက်ပစ်ဖူးပုံမရဘူး။ လေတချက်ဝှေ့တိုင်း ဖုန်မှုန့်တွေ တိမ်လို ထသွားကြတာချည်းပဲ။ အခန်းတိုင်းမှာလည်း ကြောက်ရွံ့ဖို့ကောင်းလောက်တဲ့ အနံ့ဆိုးကြီးတခုက ရှိသေးတယ်။ အဲဒီအနံ့ရဲ့ ဖွဲ့စည်းတည်ဆောက်မှုက တမျိုးတည်းပဲ။ ချွေးနံ့၊ ခန္ဓာကိုယ်အနံ့၊ အမှိုက်အနံ့တွေနဲ့ ပေါင်းစည်းထားတဲ့ အနံ့ပေါ့။ အိပ်ရာတွေမှာ ညစ်ပတ်ပေရေနေတဲ့ အဝတ်အစားတွေ အပုံလိုက် ဖြစ်နေကြတယ်။ မွေ့ယာတွေကိုလည်း ဘယ်သူမှ ဖုန်ခါဖူးခြင်း မရှိကြဘူး။ ချွေးနံ့တွေ လှိုင်လှိုင်ထနေတဲ့ အိပ်ရာခင်းတွေရဲ့အနံ့တွေကလည်း သည်းခံနိုင်လောက်စရာကို မရှိဘူး။ ထူးဆန်းတာတခုကတော့ ဒီလောက် စုတ်ပြတ်ညစ်ပတ်ကြပေမယ့် ဘာကူးစက်ရောဂါမှ မရှိဖူးဘူးတာပဲ။ ကျွန်တော့်အခန်းကတော့ ကျန်အခန်းတွေနဲ့ လုံးလုံးလျားလျား ဆန့်ကျင်ဘက်ပဲ။ ကြမ်းပြင်နဲ့ ပြတင်းပေါက်မှာ ဘာအစက်အပြောက် တခုမှ မရှိဘူး။ မွေ့ရာတွေကိုလည်း အပတ်တိုင်း ဖုန်ခါတယ်။ ခဲတံတွေဟာလည်း ခဲတံထည့်ဗူးထဲမှာ နေရာတကျ။ ခန်းဆီးတွေကို ပုံမှန် လျှော်ဖွတ်ကြောင်း ပြောရင်တောင် အဆောင်မှာရှိတဲ့ ဘယ်သူမှ မယုံကြည်ကြဘူး။ ခန်းဆီးတွေကို လျှော်ဖွတ်လို့ ရတယ်ရယ်လို့တောင် သူတို့သိကြတာမဟုတ်ဘူး။ သူတို့ ယုံကြည်ထားတာက ခန်းဆီးတွေဟာ ပြတင်းပေါက်တွေနဲ့ ပုံသေနီးပါး တွဲလျက်ရှိတဲ့အရာတွေလို့ ထင်ထားကြတာ။ “ဒီကောင်ဟာ တခုခုတော့ လွဲမှားနေတဲ့ကောင်ပဲ” လို့ သူတို့က ပြောကြတတ်သေးတယ်။ ဒါ့အပြင် ကျွန်တော့်အခန်းဖော်ကို နာဇီ ဒါမှမဟုတ် မုန်တိုင်းတပ်သားလို့ ခေါ်တတ်ကြသေးတယ်။ ကျွန်တော်တို့အခန်းမှာ ပင်အပ်ရာတောင် မရှိဘူး။ လုံးလုံးမရှိတာတော့ မဟုတ်ဘူး။ ကျွန်တော်တို့ အခန်းနံရံမှာ အမ်စတာဒမ် တူးမြောင်းပုံတပုံတော့ ရှိတယ်။ ကျွန်တော် ဝတ်လစ်စလစ်ပုံတပုံ ကပ်ခဲ့ဖူးတယ်။

ဒါပေမဲ့ ကျွန်တော့်အခန်းဖော် ပြန်ဖြုတ်ချခဲ့တယ်။ "ဟော့… ဝါတာနာဘီ။ ငါဟာ အဲဒီလိုပုံတွေကို တူးတူးခါးခါး မုန်းတာမျိုးတော့ မဟုတ်ဘူး" လို့ သူကပြောပြီး တူးမြောင်းပုံကြီး ကပ်ခဲ့ပါတယ်။ ကျွန်တော်ကလည်း ဝတ်လစ်စလစ်ပုံကို သိပ်လိုလိုချင်ချင်ကြီး မဟုတ်တော့ မကန့်ကွက်ခဲ့ဘူးပေါ့။

"ဒီသောက်သုံးမကျတဲ့ပုံကြီးက ဘာလဲ" လို့ အခန်းထဲရောက်လာတဲ့သူတိုင်းက အမ်စတာဒမ် တူးမြောင်းပုံကို ကန့်ကွက်တဲ့အနေနဲ့ မေးတတ်ကြပါတယ်။

"မုန်တိုင်းတပ်သားက ဒီပုံကိုကြည့်ပြီး စိတ်ဖြေဖျောက်တာ" လို့ ကျွန်တော်ဖြေလေ့ရှိတယ်။

ကျွန်တော်က ဟာသအနေနဲ့ ပြောတာဖြစ်ပေမယ့် သူတို့ကတော့ ကျွန်တော်ပြောတာကို တကယ်ကြီးလို့ ထင်တတ်ကြတော့ ကျွန်တော်ကိုယ်တိုင်တောင် တကယ်လိုလို ထင်လာမိတယ်။

မုန်တိုင်းတပ်သားနဲ့ တခန်းထဲ နေနေရတဲ့ ကျွန်တော့်ကို အားလုံးက ကိုယ်ချင်းစာကြတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ သူနဲ့နေရလို့ စိတ်မပျက်ပါဘူး။ ကျွန်တော်နေရာကို ကျွန်တော် သန့်သန့်ရှင်းရှင်း နေသရွေ့ သူ ကျွန်တော့်ကို ဘာမှမပြောတတ်ဘူး။ တကယ့်တကယ်မှာလည်း သူ့လိုအခန်းဖော်နဲ့ နေရတာဟာ ကျွန်တော့်အတွက် ကိစ္စအတော်များများမှာ အဆင်ပြေလှသပေါ့။ သူဟာ သန့်ရှင်းရေးတွေ အကုန်လုပ်သလို မွေ့ယာ နေလှန်းတာ၊ အမှိုက်သွန်တာတွေကိုလည်း လုပ်ပေးတယ်။ ကျွန်တော် အလုပ်ရှုပ်နေလို့ ရက်အနည်းငယ်လောက် ရေမချိုးဖြစ်ရင်လည်း ကျွန်တော့်ကို နှာခေါင်းရှုံ့ပြီး ရေချိုးခိုင်းတတ်သေးတယ်။ ကျွန်တော်ဆံပင်ညှပ်ဖို့ အချိန်တန်ရင်ပဲ ဖြစ်ဖြစ် မုတ်ဆိတ်ရိတ်ဖို့ အချိန်တန်ရင်ပဲဖြစ်ဖြစ် သူကပြောလေ့ရှိတယ်။ ကျွန်တော် စိတ်ပျက်တာ တခုကတော့ အခန်းထဲမှာ ခြင်တကောင်ကောင်လောက်များ တွေ့လိုက်တာနဲ့ ခြင်နိုင်ဆေးတွေကို အလိပ်လိုက် အလိပ်လိုက် ဖျန်းတတ်တာကိုပါပဲ။ ဘာကြောင့်လဲဆိုတော့ သူ အဲဒီလိုဖျန်းပက်တိုင်း မစင်နံ့တွေလှိုင်နေတဲ့ အခြားအခန်းတခန်းခန်းမှာ ကျွန်တော် သွားခိုအောင်းနေရလို့ပါ။

မုန်တိုင်းတပ်သားဟာ အမျိုးသားတက္ကသိုလ်မှာ ပထဝီအထူးပြု ယူထားတယ်။

သူနဲ့ကျွန်တော် ပထမဆုံးတွေ့စဉ်က "ငါက မြေပုံတွေကို လေ့လာနေတာ" လို့ သူ ကျွန်တော့်ကို ပြောခဲ့တယ်။

"မင်းမြေပုံတွေကို ကြိုက်လို့လား" လို့ ကျွန်တော်မေးခဲ့မိတယ်။

"ဟုတ်တယ်။ ငါကျောင်းပြီးရင် ပထဝီလေ့လာရေး သုတေသနမှာ အလုပ်လုပ်ပြီး မြေပုံတွေ ရေးဆွဲဦးမှာ"

ဘဝဆိုတာ အိမ်မက်အမျိုးမျိုး၊ ပန်းတိုင်အမျိုးမျိုးကို ပေးနိုင်တာပဲလို့ဆိုတဲ့ အမြင်သစ်ကလေးနဲ့ ကျွန်တော် အထင်ကြီးမိခဲ့တယ်။ ကျွန်တော် တိုကျိုမြို့ကြီးကို ရောက်ခါစမှာ ဖြစ်ပေါ်လာတဲ့ အထင်ကြီးမှုတွေထဲမှာ သူ့အပေါ် အထင်ကြီးမှုတခုလည်း ပါဝင်ခဲ့တယ်။ လူ့အဖွဲ့အစည်းဟာ မြေပုံ ရေးဆွဲမှုကို တမြတ်တနိုး စိတ်ဝင်စားတဲ့မဆိုစလောက် လူအနည်းစုလေးသာ လိုအပ်တာပဲဆိုတဲ့ အတွေးလည်း ဖြစ်မိခဲ့တယ်။ ထူးဆန်းပေမယ့်လည်း အစိုးရရဲ့ ပထဝီလေ့လာရေးဌာနမှာ အလုပ်လုပ်တဲ့ ဘယ်သူမဆို ငွေပုံလို့ပြောတိုင်း ထစ်ငေါ့သွားကောင်းသွားနိုင်ကြပေမယ့် မုန်တိုင်းတပ်သားကတော့ ရာနှုန်းပြည့် ပီပီသသကြီး ပြောတတ်ကြတယ်။

"မင်းရဲ့မေ... မေဂျာက ဘာလဲ" လို့ သူကမေးတယ်။

"ဒရမ်မာ" ကျွန်တော်ဖြေခဲ့တယ်။

"ပြဇာတ်ကချင်လို့လား"

"မဟုတ်ဘူး။ ပြဇာတ်တွေဖတ်ပြီး သုတေသနတွေ လုပ်ချင်လို့။ ရာဆင်း၊ အိုင်အွန်နက်စ်ကို၊ ရှိတ်စပီးယားတို့ရဲ့ ပြဇာတ်တွေလိုပေါ့

ရှိတ်စပီးယားကလွဲပြီး ကျန်တာတွေကို မကြားဖူးဘူးလို့ သူက ပြောပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရှိတ်စပီးယားကလွဲလို့ ကျန်တဲ့လူတွေကို သိပ်သိခဲ့တာ မဟုတ်ဘူး။ ကျောင်းရောက်တော့မှ လက်ချာလိုက်ရင်း သိလာခဲ့တာ။

"မင်း ပြဇာတ်တွေ ကြိုက်လို့လား" လို့ သူက မေးခဲ့တယ်။

"ကြိုက်လှတယ်လည်း မဟုတ်ပါဘူး" လို့ ကျွန်တော် ဖြေခဲ့တယ်။

ဒီအဖြေက သူ့ကို စိတ်ရှုပ်ထွေးစေခဲ့တယ်။ သူစိတ်ရှုပ်ထွေးလာတိုင်း စကားပိုထစ်လေ့ ရှိတယ်။ ကျွန်တော်ရဲ့အဖြေအတွက်တောင် စိတ်မကောင်း ဖြစ်ခဲ့တယ်။

"ငါ ဘာမေဂျာဖြစ်ဖြစ် ယူနိုင်ခဲ့ပါတယ်။ လူမျိုးစုဗေဒ၊ အာရှသမိုင်း စတဲ့ မေဂျာတခုခုကို ယူနိုင်ခဲ့တယ်။ ဒရမ်မာကို ယူဖြစ်ခဲ့တာပဲရှိတယ်လို့ ကျွန်တော် ပြောခဲ့တယ်။ ကျွန်တော်ရဲ့အဖြေကို သူ သိပ်ကျေနပ်ပုံ မပေါ်ဘူး။

"ငါနားမလည်ဘူးလို့ တကယ်ကို နားမလည်တဲ့ပုံနဲ့ သူပြောခဲ့တယ်။ "ငါကတော့ မြေ... မြေပုံတွေကိုပဲ ကြိုက်တယ်။ အဲဒါကြောင့် ငါ တိုကျိုကို လာခဲ့ဖို့ ဆုံးဖြတ်ခဲ့တာ။ ငါ့မိဘတွေက ပိုက်ဆံပို့ပေးကြလို့ ငါ့မြေ... မြေပုံတွေကို လေ့လာနိုင်တာပေါ့။ မင်းကတော့ ငါ့လို မဟုတ်ဘူး"

သူ့စကားက ကျွန်တော့်ထက်တော့ ပိုအဓိပ္ပာယ်ရှိတယ်။ ကျွန်တော် သူ့ကို ဆက်ရှင်းပြဖို့ မကြိုးစားတော့ဘူး။ အဲဒီနောက် သူနဲ့ကျွန်တော် မီးခြစ်ဆံတွေနဲ့ အိပ်ရာရွေးခဲ့ကြတယ်။ သူက အပေါ်စင်ကျခဲ့ပြီး ကျွန်တော်ကတော့ အောက်ဘက်ပေါ့ ။

သူက အရပ်ရှည်တယ်။ ခရုကတ်ဆံပင်ပုံစံ (သဘော်သားများ ညှပ်လေ့ရှိသည့် ဆံပင်တိုတို ပုံစံ)၊ ပါးရိုးငေါငေါနဲ့ဖြစ်ပြီး ဝတ်စုံတမျိုးပဲ ဝတ်လေ့ရှိတယ်။ အင်္ကျီအဖြူ၊ ဘောင်းဘီအနက်၊ ရှူးအနက်၊ ရေတပ်ဆွယ်တာ အပြာနဲ့ပေါ့။ အဲဒါတွေအပြင် ယူနီဖောင်းအဖြစ် ဝတ်ရတဲ့ ဂျက်ကတ်ရယ်၊ အနက်ရောင် လက်ဆွဲအိတ်ရယ်ကို ကိုင်ပြီးပြီ ဆိုရင်တော့ သူ ကျောင်းကိုသွားပြီ။ သူ့ပုံစံက တကယ့်ကို စံပြကျောင်းသားပုံစံပေါ့။ သူ အဲဒီလိုဝတ်တတ်တာကြောင့်လည်း သူ့ကို လူတိုင်းက မုန်တိုင်းတပ်သားလို့ ခေါ်ကြတာဖြစ်တယ်။ ဒါပေမဲ့ သူဟာ နိုင်ငံရေးနဲ့ နကန်းတလုံးမှ မပတ်သက်ဘူး။ သူ ကျောင်းယူနီဖောင်း ဝတ်တာဟာ အင်္ကျီဝတ်ဆင်ဖို့ ရွေးချယ်ရာမှာ စိတ်မရှုပ်ချင်လို့ပါတဲ့။ သူ စိတ်ဝင်စားတာက ပင်လယ်ကမ်းရိုးတန်းမှ အပြောင်းအလဲဖြစ်တာတို့၊ ဥမင်ရထားလမ်း အသစ်တခုခု ဆောက်လုပ်ပြီးစီးသွားတာမျိုးတို့ချည်းပဲ။ အဲဒါတွေအပြင် ဘာကိုမှ စိတ်မဝင်စားဘူး။ အဲဒီလိုအကြောင်းအရာ တခုခုကို သူလေ့လာနေရင် နာရီတွေ ဘယ်လောက် ကြာလို့ ကြာသွားမှန်းတောင် မသိဘူး။ စောင့်ကြည့်နေရင် စောင့်ကြည့်တဲ့သူသာ အိပ်ပျော်သွားမယ်။ ဒါမှမဟုတ် ထွက်ပြေးသွားမယ်။

"ကျွန်ုပ်တို့ အရှင်မင်းမြတ် အုပ်စိုးပါစေ" ဆိုတဲ့သီချင်းသံ ထွက်ပေါ်တဲ့ မနက်ခြောက်နာရီ ဆိုတာနဲ့ သူ အိပ်ရာကနိုးပြီ။ ဟန်ဓာတ်ခုတ်မှုကြီးလွန်းတဲ့ အလံတင်မှု အစဉ်အလာဟာ အလကား မဟုတ်ဘူးဆိုတဲ့သဘောပေါ့။ သူနိုးတာနဲ့ တပြိုင်နက် အဝတ်လဲမယ်။ ရေချိုးခန်းသွား၊ မျက်နှာသစ်တာကို အကြာကြီး လုပ်မယ်။ သူ သွားတခါတိုက်ရင် သွားတွေကို တချောင်းချင်းထုတ်၊ ဆေးကြောနေသလားလို့တောင် တခါတခါ ကျွန်တော်တွေးမိတယ်။ ပြန်လာပြီး သူ့တဘက် တွန့်ကြေနေတာကို ခါးဆန့်ပြီး အခြောက်ခံစက်ပေါ်မှာ လှန်းမယ်။ ပြီးတော့ သူ့ရဲ့သွားတိုက်တံကို စင်ပေါ်မှာ နေရာတကျ ပြန်ထားမယ်။ နောက်ဆုံးတော့ တနိုင်ငံလုံးနဲ့အတူ ရေဒီယို ကာလစ်စတန်နစ်ကို ဖွင့်နားထောင်တော့တာပဲ။

ကျွန်တော်ကတော့ ညဉ့်နက်အောင် စာဖတ်တတ်လို့ မနက်ရှစ်နာရီမှာမှ အိပ်ရာက ထတတ်ပေမယ့် သူ အခန်းထဲမှာ လမ်းကို ရှပ်တိုက်လျှောက်ပြီး လေ့ကျင့်ခန်း လုပ်တဲ့အချိန်အထိ ကျွန်တော် အိပ်မောကျနေဆဲပဲ။ သူ ဂျမ်ပင်ခုန်တော့မှ ကျွန်တော်နိုးတယ်။ သူဟာ ဂျမ်ပင်ကို ပြင်းပြင်းထန်ထန်ကို ခုန်တာ။ သူ တချက်၊ တချက် ခုန်လိုက်တိုင်း ကျွန်တော့်အိပ်ရာဟာ သိမ့်သိမ့်တုန်သွားတယ်။ ကျွန်တော် စရောက်ခါစ သုံးရက်တော့ အများနဲ့ နေရတဲ့ဘဝမှာ နားလည်ပေးဖို့ လိုတယ်ဆိုပြီး သည်းခံခဲ့ပါသေးတယ်။ ဒါပေမဲ့ လေးရက်မြောက်နေ့ မနက်မှာတော့ ကျွန်တော် ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး။

"ဟေ့ကောင် မင်း ခေါင်မိုးပေါ်ဖြစ်ဖြစ် တခြားတနေရာမှာဖြစ်ဖြစ် သွားခုန်ပါလား။ ငါ အိပ်လို့ မရဘူး" လို့ ပြောခဲ့တယ်။

"ခြောက်နာရီခွဲပြီလေ" လို့ သူက အသံအကျယ်ကြီးနဲ့ ပြန်ပြောခဲ့တယ်။

"ခြောက်နာရီခွဲတာ ငါ သိတယ်။ ငါ အိပ်ချင်သေးတယ်။ မင်းကို ငါ နားလည်အောင် ဘယ်လိုရှင်းပြရမလဲ။ ဒါ ငါ့ပုံစံပဲ"

"ဘာပဲပြောပြော ငါ ခေါင်မိုးပေါ်မှာ သွားမခုန်နိုင်ဘူး။ သုံးထပ်ကကောင်တွေ ငါ့ကို ပြောလိမ့်မယ်။ ဒီနေရာက စတိုခန်းရဲ့အပေါ်ထပ်ဆိုတော့ အဆင်ပြေတယ်"

"ဒါဆိုမြက်ခင်းပေါ်မှာ သွားခုန်ပါလား

"အဲဒါလည်းမဖြစ်ဘူး၊ ရေဒီယိုဖွင့်ဖို့ ပလက်ပေါက်ထိုးစရာ မရှိဘူး။ ရေဒီယိုက ဂီတသံမရှိဘဲ ငါလေ့ကျင့်ခန်း မလုပ်နိုင်ဘူး"

သူ့ရဲ့ရေဒီယိုက ဘက်ထရီထည့်လို့မရတဲ့ ရှေးဟောင်း ရေဒီယို အဟောင်းအမြင်းကြီးရယ်။ ကျွန်တော့်မှာ ရှိတာက အိတ်ဆောင်ရေဒီယို၊ ဒါပေမဲ့ သီချင်းနားထောင်ဖို့ အက်ဖ်အမ်တမျိုးပဲရတယ်။

"အိုကေ... ငါတို့ညှိကြတာပေါ့။ မင်းရဲ့လေ့ကျင့်ခန်းတွေကို ဆက်လုပ်ပါ။ ဒါပေမဲ့ ခုန်တာတော့ မလုပ်နဲ့။ ခုန်ရင် အသံကျယ်တယ်။ အဲဒါဆို မင်း ဘာပြောချင်လဲ"

"ခုန်တာကို ပြောချင်တာလား"

"ခုန်တာက ခုန်တာပဲ။ အပေါ်ကို မြင့်တက်ပြီး ပြန်ဆင်းတာ။ ငါခုန်တာမလုပ်ဘူး"

ကျွန်တော် ခေါင်းကိုက်သွားခဲ့တယ်။ ကျွန်တော် အလျှော့ပေးတော့မလို့ပါပဲ။

ဒါပေမဲ့ ကျွန်တော့်ဆိုလိုရင်း သူ့ကို သိစေချင်မိတယ်။ ဒါနဲ့ ကျွန်တော် အိပ်ရာထဲကထွက်ပြီး မြင့်တက်၊ ခုန်ဆင်းပြခဲ့တယ်။ ပါးစပ်ကလည်း အန်အီချိုကရဲ့ ရေဒီယို ကာလစ်စတန်နစ်က ဂီတသံကို လိုက်ရွတ်ပြခဲ့တယ်။ "ငါပြောနေတာ အဲဒါပဲ" လို့ ကျွန်တော်ပြောခဲ့တယ်။

"အိုး... မင်းပြောတာမှန်တယ်။ ငါတခါမှ သတိမထားခဲ့ဖူးဘူး"

"ငါပြောတာနားလည်လား" အိပ်ရာထောင့်မှာထိုင်ရင်း ကျွန်တော် ပြောခဲ့တယ်။ "အဲဒါကိုပဲ မလုပ်ပါနဲ့။ ကျန်တာတွေ ငါသည်းခံနိုင်တယ်။ ခုန်တာကိုပဲ ရပ်ပါ။ ငါအိပ်ပါရစေ"

"ဒါပေမဲ့ မဖြစ်နိုင်ဘူး။ ငါလေ့ကျင့်ခန်းထဲက တခုကိုမှ မလျှော့နိုင်ဘူး။ ဒီလေ့ကျင့်ခန်းတွေကို ငါလုပ်လာတာ ဆယ်နှစ်ရှိပြီ၊ ငါစလုပ်ကတည်း ဒီအလေ့အကျင့်ကို အလိုလိုလုပ်ဖြစ်နေတာ။ ငါတခုခု ဖြုတ်လိုက်ရင် ဘာမှလုပ်နိုင်တော့မှာ မဟုတ်ဘူး"

ကျွန်တော့်ဘက်က ပြောစရာမကျန်တော့ဘူး။ ကျွန်တော် ဘာများ ပြောရတော့မှာလဲ။ သူ နောက်နေ့ မခုန်အောင်လုပ်ဖို့ အမြန်ဆုံးနည်းလမ်းက သူ အခန်းထဲကထွက်တာကို စောင့်ပြီး သူ့ရဲ့သောက်သုံးမကျတဲ့ ရေဒီယိုကြီးကို ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်ဖို့ပဲရှိတယ်။ ဒါပေမဲ့ ကျွန်တော် လွှင့်ပစ်လိုက်ရင် ပြဿနာတွေ အကြီးကြီးဖြစ်မှာ ကျွန်တော်သိတယ်။ မုန်တိုင်းတပ်သားဟာ သူ့ပိုင်ဆိုင်သမျှကို တယုတယ သိပ်ရှိတာ။ ကျွန်တော် ခုတင်ပေါ်မှာထိုင်ပြီး ပြောစရာစကား မရှိတော့တာကိုတွေ့တော့ သူပြုံးတယ်။ ပြီးတော့ ကျွန်တော် စိတ်ပြေအောင် လုပ်သေးတယ်။

"ဝါတာနာဘီရာ ငါနဲ့အတူ စောစောထ၊ လေ့ကျင့်ခန်း လိုက်လုပ်ပါလား" လို့ပြောပြီး မနက်စာစားဖို့ ထွက်သွားတယ်။

※※※

မုန်တိုင်းတပ်သားအကြောင်းကို ပြောပြတော့ နာအိုကိုဟာ တခစ်ခစ် ရယ်တော့တာပဲ။ သူ့ကို ရယ်စရာမောစရာအဖြစ် ပြောပြတာ မဟုတ်ပေမယ့် နောက်ဆုံးတော့ ကျွန်တော်ကိုယ်တိုင်လည်း ရယ်ချလိုက်မိတယ်။ နာအိုကိုရဲ့အပြုံးဟာ ခဏတာလေးအတွင်း ပျောက်ကွယ်သွားပေမယ့် ဒီတကြိမ်ဟာ သူ့အပြုံးကို အချိန်တော်တော်ကြာ ကျွန်တော်ကြည့်မိတဲ့ ပထမဆုံးအကြိမ်ပါပဲ။

ကျွန်တော်တို့နှစ်ယောက်ဟာ ယိုဆူရာမှာ စီးမယ့်ရထားနဲ့ လိုက်မသွားဘဲ ဘူတာနားမှာရှိတဲ့ ရေကာတာဘေးမှာ လမ်းလျှောက်နေဖြစ်တယ်။ အချိန်က

မေလလယ်ရဲ့ တနင်္ဂနွေ နေ့လယ်ခင်း တခုပေါ့။ မနက်အစောပိုင်းက ရွာခဲ့တဲ့ မိုးပြေးကလေးဟာ နေ့လယ်ခင်းမှာ မရှိတော့ဘူး။ တောင်လေဟာ တွဲလောင်းခိုနေတဲ့ တိမ်တွေကို လှည်းကျင်းပစ်ခဲ့ပြီးပြီ။ ချယ်ရီပင်တွေရဲ့ စိမ်းစိမ်းစိုစို သစ်ရွက်တွေဟာ လေထဲမှာ ယိမ်းထိုးနေကြလေရဲ့။ ပြီးတော့ နေရောင်ခြည်ကို နေရာအစုံ ပြန့်အောင် ဖြန့်ဖြူးပေးနေကြပြန်တယ်။ ဒီနေ့ဟာ နွေရာသီရဲ့ အစောပိုင်း နေ့တနေ့ပေါ့။ ကျွန်တော်တို့နဘေး ဖြတ်သွားဖြတ်လာတွေဟာ ဆွယ်တာတွေ၊ အပေါ်အင်္ကျီတွေကို ပခုံးပေါ်မှာ တင်ထားကြတာ တွေ့ရတယ်။ တချို့ကလည်း လက်တွေပေါ်မှာ တင်လို့ပေါ့။ တနင်္ဂနွေ နေ့လယ်ခင်းရဲ့ နွေးဖျတဲ့ နေရောင်အောက်မှာ လူတိုင်း ပျော်ရွှင်နေပုံပဲ။ ရေကာတာရဲ့ တဖက်မှာရှိတဲ့ တင်းနစ်ကွင်းမှာ တင်းနစ်ရိုက်နေကြတဲ့ လူငယ်လေးတွေဟာ ဘောင်းဘီတိုတိုလေးတွေကလွဲလို့ ဘာမှမဝတ်ထားကြဘူး။ ပန်းခြံထဲကခုံပေါ်မှာ ထိုင်စကားပြောနေကြတဲ့ သီလရှင်နှစ်ပါးကတော့ နွေနေရောင်ခြည်ဟာ သူတို့ဆီ မရောက်သလိုမျိုးပဲ။ သူတို့နှစ်ယောက်ဟာ ပူလောင်ပုံမပေါ်တဲ့အပြင် နေရောင်ခြည်အောက်မှာ စကားစမြည် ပြောရတာကိုပဲ ကျေနပ်နှစ်ခြိုက်နေပုံပေါက်နေတယ်။

ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ပြီးတော့ ကျွန်တော် ချွေးတွေရွှဲလာလို့ အပေါ်ရှပ်အင်္ကျီကို ချွတ်ပြီး တီရှပ်နဲ့ပဲ ဆက်လျှောက်လာမိတယ်။ နာအိုကိုဟာလည်း သူ့ရဲ့ ရှပ်အင်္ကျီကို တံတောင်ဆစ်အထိ ခေါက်တင်လိုက်တယ်။ သူ့ရဲ့အင်္ကျီဟာ အကြိမ်ကြိမ် လျှော်ဖွပ်ခံထားရလို့ အရောင်လွင့်စပြုနေပြီ။ သူ ဒီအင်္ကျီကို အရင်ကလည်း ဝတ်ခဲ့ဖူးတာ ကျွန်တော် မြင်ဖူးလိမ့်မယ်လို့ ထင်နေမိတယ်။ တိတိကျကျ မှတ်မိတာမျိုး မဟုတ်ဘဲ အလိုလိုခံစားသိရှိတဲ့ အကျင့် ကျွန်တော့်မှာ ရှိတယ်။ နာအိုကို့ကို ဒီလောက်ကြီး မှတ်မိလောက်စရာအကြောင်း ကျွန်တော့်မှာ မရှိသေးဘူးထင်ပါတယ်။

"အဆောင်နေကျောင်းသားဘဝကို ဘယ်လိုခံစားမိလဲ။ လူတွေအများကြီးနဲ့ နေရတာကို ပျော်လား" လို့ သူက မေးတယ်။

"ငါမပြောတတ်ဘူး။ ငါနေတာတော့ တလလောက်ရှိပြီ။ သိပ်မဆိုးဘူးလို့ ငါထင်တယ်။ ငါနေနိုင်ပါတယ်" လို့ ကျွန်တော်ပြန်ဖြေခဲ့တယ်။

သူ ရေပန်းနားမှာ ခဏရပ်ပြီး ရေတကျိုက် သောက်လိုက်တယ်။ ပြီးတော့ ဘောင်းဘီအိတ်ထဲက လက်ကိုင်ပုဝါကိုထုတ်ပြီး ပါးစပ်ကိုသုတ်လိုက်တယ်။ ပြီးတော့ သူ့ကိုယ်ကို ရှေ့ထိုင်လိုက်ပြီး ရှူးဖိနပ်ကြိုးကို သေသေချာချာ ချည်လိုက်တယ်။

"ငါ နင့်လို လုပ်နိုင်ပါ့မလား"

“ဘာပြောတာလဲ။ အဆောင်နေတာကို ပြောတာလား”

“အာ...”

“ကိုယ့်စိတ်ပေါ်မှာပဲ မူတည်လိမ့်မယ်လို့ ထင်တယ်။ စိတ်ပျက်စရာကိစ္စတွေကိုလည်း လျစ်လျူရှုနိုင်ဖို့ လိုတယ်။ စည်းမျဉ်းစည်းကမ်းတွေရယ်၊ ညစ်တီးညစ်ပတ် နေတတ်တဲ့ အခန်းဖော်တွေရယ်၊ မနက်ခြောက်နာရီခွဲမှာ အိပ်ရာကထပြီး ရေဒီယိုကာလစ်စတန်းနစ် ဖွင့်တတ်တဲ့ အခန်းဖော်လို အခန်းဖော်တွေကိုလည်း သည်းခံရမယ်။ အဲဒီလိုစိတ်လေး မွေးနိုင်ရင် အားလုံး အေးဆေးပဲ”

“ဟုတ်ပါတယ်” လို့ပြောပြီး သူခေါင်းငြိမ့်တယ်။ သူ့စိတ်ထဲမှာ တခုခုနားလည်သဘောပေါက်သွားပုံပဲ။ ပြီးတော့ အထူးအဆန်းတခုခုကို ပြုံးပြဲကြည့်သလိုမျိုး ကျွန်တော့်မျက်ဝန်းတွေကို စိုက်ကြည့်နေတယ်။ သူ့မျက်ဝန်းတွေဟာ လေးနက်နေသလိုမျိုးပဲ။ သူ့မျက်ဝန်းတွေကြောင့် ကျွန်တော့်နှလုံးသားဟာ တဒုတ်ဒုတ်ခုန်လာတယ်။ ကျွန်တော်ဟာ သူ့မျက်ဝန်းတွေကို ဒီလိုမျိုး တခါမှ ကြည့်ခွင့်မကြုံဖူးဘူး ဆိုတာကိုလည်း နားလည်နေမိတယ်။ ကျွန်တော်တို့နှစ်ယောက် အချိန်အကြာကြီး လမ်းလျှောက်စကားပြောဖြစ်တာလည်း ဒါ ပထမဆုံးအကြိမ်ပဲ။

“နင်အဆောင်မှာနေဖို့များ စဉ်းစားနေတာလား” လို့ ကျွန်တော်မေးလိုက်တယ်။

“အဆောင်ကနေ ကျောင်းသားဘဝဟာ ဘယ်လိုများလဲဆိုတာကို ငါတွေးကြည့်မိတာပါ။ ပြီးတော့ ....” သူဟာ လိုချင်တဲ့စကားလုံး ရှာမတွေ့သလို ဖြစ်နေတယ်။ နောက်တော့ သက်ပြင်းချပြီး မျက်လွှာကို အောက်ချလိုက်တယ်။ “ဘာပြောရမလဲ ငါမသိဘူးဟာ။ စိတ်မရှိပါနဲ့”

ဒီစကားက ကျွန်တော်တို့စကားဝိုင်းရဲ့ အဆုံးသတ်စကားပဲ။ သူ အရှေ့ဘက်ကို ဆက်လျှောက်သွားတယ်။ ကျွန်တော် သူ့နောက်ကနေလိုက်ခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက် မတွေ့ဖြစ်တာ တနှစ်လောက်ရှိပြီ။ ကျွန်တော်နဲ့ မတွေ့ဖြစ်တဲ့အချိန်မှာ သူက တခြားတယောက် ဖြစ်သွားသလို သိသိသာသာကြီး ပိန်ကျသွားခဲ့တယ်။ သူ့ရဲ့ထူးခြားချက်တခုဖြစ်တဲ့ ပါးပြင်မို့မို့ဟာ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သလို သူ့ရဲ့လည်တိုင်ဟာ သွယ်လျလွန်းခဲ့ပြီ ဖြစ်တယ်။

သူဟာ အရိုးငေါငေါနဲ့ ရှုနာရှိုက်ကုန်းပုံမျိုး ဖြစ်သွားတာလည်းမဟုတ်ဘူး။ သဘာဝကျကျ ပိန်သွားပြီး တည်ကြည် အေးချမ်းသွားတဲ့ပုံစံမျိုးနဲ့ သူပိန်ကျသွားတာ။ သူဟာ ကျဉ်းမြောင်း ရှည်လျားတဲ့ လမ်းလေးတခုထဲမှာ

အချိန်အကြာကြီး ပုန်းအောင်းနေရင်း အခုလို ပိန်ပိန်ရှည်ရှည် ဖြစ်လာသလိုပါပဲ။ ပြီးတော့ အရင်ကထက် ပိုလှလာသလိုပဲ။ အဲဒါကို သူသိအောင် ကျွန်တော် ပြောချင်ပေမယ့် မပြောသင့်ဘူးဆိုတာ ကျွန်တော်သိနေတယ်။

ကျွန်တော်တို့နှစ်ယောက် တွေ့ဖို့ ချိန်းဆိုခဲ့ခြင်း မရှိပေမယ့် မြေအောက်ရထားဘူတာရုံ တခုမှာ ပြန်တွေ့ဖြစ်ခဲ့ကြတာပါ။ သူက ရုပ်ရှင်တယောက်တည်းသွားကြည့်ဖို့ စီစဉ်ထားသလို ကျွန်တော်ကလည်း ကန်ဒါက စာအုပ်ဆိုင်တွေကိုသွားဖို့ စီစဉ်ထားတဲ့အချိန်။ ဘယ်သူမှ အဆောတလျင် မလိုကြဘူး။

သူက ရထားနဲ့ မလိုက်ဘဲ ကျန်ရစ်ခဲ့ဖို့ အကြံပေးလို့ ကျွန်တော်တို့နှစ်ယောက် ယိုဆူရာမှ လမ်းလျှောက်ဖြစ်ခဲ့တာ။ ရေကာတာနံဘေးမှာ လမ်းလျှောက်လို့ ကောင်းတယ်ဆိုတာကိုလည်း သူပဲ စပြောခဲ့တာ။ ကျွန်တော်တို့နှစ်ယောက်မှာ ပြောစရာစကား အထွေအထူးလည်း မရှိခဲ့ပါဘူး။ ရထားနဲ့ မလိုက်ဖို့ နာအိုကို ဘာကြောင့် အကြံပြုခဲ့သလဲဆိုတာ ကျွန်တော်မသိပါဘူး။ အရင်ကလည်း ကျွန်တော်တို့နှစ်ယောက် စကား ဟက်ဟက်ပက်ပက် ပြောဖူးကြတာ မဟုတ်ဘူး။

ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်ချိန်မှာ နာအိုကိုရဲ့ခြေလှမ်းတွေဟာ သွက်နေတော့ ကျွန်တော် နောက်ကနေ မနည်းလိုက်ခဲ့ရတယ်။ ကျွန်တော်တို့နှစ်ယောက်ကြားက အကွာအဝေးကို ကျဉ်းမြောင်းအောင် ကျွန်တော်လျှောက်နိုင်ပေမယ့် တစုံတခုက ကျွန်တော့်ခြေလှမ်းတွေကို လေးလံနေစေသလိုပဲ။ ကျွန်တော်ဟာ လမ်းလျှောက်ရင်း သူ့ပုခုံးသားတွေနဲ့ နက်မှောင်ဖြောင့်စင်းတဲ့ သူ့ဆံနွယ်တွေကိုပဲ ကြည့်နေမိတယ်။ သူဟာ အညိုရောင် ဆံညှပ်ကြီးကြီးကို တပ်ထားပြီး ကျွန်တော့်ဘက်ကို စကားလှည့်ပြောတိုင်း အဖြူရောင်နားကပ်လေးကို တွေ့ရတတ်တယ်။ မကြာခဏဆိုသလို သူ့နောက်ကိုလှည့်ပြီး ကျွန်တော့်ကို တခုခုပြောတတ်တယ်။ တခါတခါ ကျွန်တော် သူ့စကားကို မှတ်ချက်တခုခု ချသင့်သလို တခါခါကျတော့လည်း ပြန်ပြောစရာမလိုတဲ့ စကားတွေ ဖြစ်နေတတ်တယ်။ တခါတခါကျပြန်တော့လည်း သူပြောတာကို ကျွန်တော် မကြားဘူး။ သူကလည်း သူ ဘာတွေပြောနေသလဲဆိုတာကို ဂရုစိုက်ပုံ မရဘူး။ သူပြောချင်တာတခုခုကို ပြောပြီးတိုင်းလည်း သူဟာ ရှေ့ကို မျက်နှာမူပြီး လမ်းဆက်လျှောက်တယ်။ ကျွန်တော်ကတော့ ကိုယ့်ကိုကိုယ် ပြောမိတယ်။ လမ်းလျှောက်လို့ ကောင်းလိုက်တဲ့နေ့လို့။

နာအိုကိုအတွက်တော့ ဟိုနားသည်နား လမ်းလျှောက်တာမျိုး မဟုတ်ဘဲ ခပ်ဝေးဝေးကို လျှောက်နေသလိုပါပဲ။ ရေကာတာဘေးလမ်းကနေထွက်ပြီး

လီဒါဘာရှီဘက် လှည့်လိုက်တယ်။ ပြီးတော့ ဂျင်ဘိုလမ်းဆုံကို ဖြတ်တယ်။ နောက် အိုခါနိုမီကုမှာ တောင်ကုန်းပေါ်တက်တယ်။ ပြီးတော့ ဟွန်ဂိုဘက်ကို ထွက်လိုက်တယ်။ ခုချိန်မှာတော့ ကျွန်တော်တို့ ကိုနာဂိုမီကို ရောက်နေပြီ။ နေလုံးကြီးက နစ်မြုပ်စဖြစ်လာပြီ။ နေ့ဟာ နူးညံ့တဲ့ နွေဦးညနေခင်းလေး ဖြစ်လို့လာခဲ့ပြီ။

"ငါတို့ ဘယ်ရောက်လာပြီလဲ" ပထမဆုံးအကြိမ် ဘေးပတ်ဝန်းကျင်ကို သတိထားမိပြီးတဲ့နောက် နာအိုကိုက ကျွန်တော့်ကိုမေးတယ်။

"ကိုနာဂိုမီ။ မသိဘူးလား။ ငါတို့ အဝေးကြီးလျှောက်လာမိခဲ့ပြီ" လို့ ကျွန်တော်ပြောလိုက်တယ်။

"ငါတို့ ဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ"

"နင်ပဲ ခေါ်လာပြီးတော့။ ငါက နင့်နောက်က လိုက်လာတာ"

ကျွန်တော်တို့နှစ်ယောက် ခေါက်ဆွဲပြုတ်သောက်ဖို့ ဘူတာနားကဆိုင်ကို ရောက်လာခဲ့တယ်။ ရေသိပ်ဆာတာပဲ။ ကျွန်တော် ဘီယာတဗူး မှာသောက်လိုက်တယ်။ အစားအသောက် စမှာချိန်ကစပြီး စားသောက်ပြီးသွားတဲ့အချိန်အထိ ကျွန်တော်တို့နှစ်ယောက် စကားတလုံးမှ မပြောဖြစ်ဘူး။ လမ်းတွေလျှောက်ထားရလို့ ကျွန်တော် ခြေကုန်လက်ပန်းကျနေတယ်။ သူကတော့ စားပွဲပေါ်တင်ထားပြီး တခုခုကို စဉ်းစားနေတယ်။ နွေးဖျတဲ့ တနင်္ဂနွေ နေ့လယ်ခင်း အားလပ်ရက် ပေါ့ပေါ့ပါးပါး ဖြစ်နေတဲ့လူတွေ အစုလိုက် အပုံလိုက်ပဲ။ သူတို့တွေဟာ တီဗီမှာလာတဲ့ သတင်းတွေအကြောင်း ပြောနေကြတယ်။ ကျွန်တော်တို့နှစ်ယောက် ယိုဆူရာကနေ ကိုနာဂိုမီကို လမ်းလျှောက်လာတာပဲလို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြောနေမိတယ်။

"နင်ကျန်းမာရေး တော်တော်ကောင်းတာပဲ" လို့ ခေါက်ဆွဲစားပြီးတော့ ကျွန်တော် ပြောလိုက်တယ်။

"အံ့သြနေလား"

"ဟုတ်တယ်"

"ငါ အလယ်တန်းတုန်းက တာဝေးပြေးဖူးတယ်။ ခုမှပြောဖြစ်တာ။ ဆယ်ကီလိုမီတာ ဒါမှမဟုတ် ဆယ့်ငါးကီလိုမီတာလောက်ကို ပုံမှန်ပြေးလေ့ ရှိတယ်။ ငါသိတတ်စအရွယ်ကစလို့ ငါ့အဖေက ငါ့ကို တနင်္ဂနွေနေ့တိုင်း တောင်တက်ခေါ်သွားလေ့ရှိတယ်။ ဟိုးဝေးဝေး တောင်တွေဘေးနားမှာ ငါ့ဘဝ အိမ်လေ။ ငါ့ခြေထောက်တွေက သန်မာပါတယ်"

"နင်တခါမှ မပြောဖူးဘူးနော်" လို့ ကျွန်တော်ပြောမိတယ်။

"လူတိုင်းက ငါ့ကို ခပ်ပျော့ပျော့ကောင်မလေးလို့ ထင်ကြတာ ငါသိပါတယ်။ စာအုပ်တအုပ်ရဲ့ အဖုံးကိုကြည့်ပြီး အဲဒီစာအုပ်ကို ဆုံးဖြတ်လို့ မရဘူးဆိုတဲ့ စကားပုံအတိုင်းပေါ့ဟာ" လို့ သူက ဆိုတယ်။ ပြီးတော့ ခဏလောက် ပြုံးလိုက်သေးတယ်။

"ငါလည်း နင့်ကို လျှော့တွက်မိခဲ့ပါတယ်။ အခုတော့ ငါ အတော်ကြီး ညောင်းနေပြီ"

"ဟုတ်လား... ဆောရီးဟာ။ ငါ နင့်ကို တနေကုန် ခေါ်လာမိတယ်"

"ဘာပဲဖြစ်ဖြစ် ငါကတော့ နင်နဲ့စကားပြောဖြစ်တဲ့အတွက် ဝမ်းသာမိတယ်။ ငါတို့နှစ်ယောက်တည်း တခါမှ စကားမပြောဖူးဘူးနော်"

ကျွန်တော်တို့နှစ်ယောက် ဘာတွေပြောဖြစ်လဲဆိုတာကို ပြန်မစဉ်းစားနိုင်ဘဲနဲ့ သူ့ကို ကျွန်တော် ပြောလိုက်တယ်။

သူက စားပွဲပေါ်က ပြာခွက်ကို ဆော့နေတယ်။

"ငါစဉ်းစားမိတယ်။ ငါတို့နှစ်ယောက် ထပ်တွေ့နိုင်မလားလို့။ တကယ်လို့ နင့်အတွက် အနှောင့်အယှက် မဖြစ်ဘူးဆိုရင်ပေါ့။ ငါ့မှာ နင့်ကို တောင်းဆိုခွင့် မရှိဘူးဆိုတာကို ငါသိပါတယ်"

"နင် ဘာကိုဆိုလိုတာလဲ"

သူရှက်သွားတယ်။ သူ့ရဲ့တောင်းဆိုမှုအပေါ် ကျွန်တော့်ရဲ့တုန့်ပြန်မှုက နည်းနည်းမာသွားပုံရတယ်။

"ငါမသိဘူး... ရှင်းလည်းရှင်းမပြတတ်ဘူး"

ဆွယ်တာအင်္ကျီလက်ကို တံတောင်ဆစ်အပေါ်ရောက်အောင် ဆွဲတင်လိုက်၊ ဆွဲချလိုက်လုပ်ပြီး ကျွန်တော့်ကို ပြန်ပြောတယ်။ ခေါက်ဆွဲဆိုင်ရဲ့မီးရောင်တွေအောက်မှာ သူ့ရဲ့လက်မောင်းသား တွေဟာ ချစ်စဖွယ် ရွှေရောင်တောက်ပနေတယ်။

"ငါ အတိအကျတော့ မပြောနိုင်ဘူး။ နောက်တကြိမ် ထပ်တွေ့ဖို့ နည်းလမ်းကို သူ ရှာနေတာ"

တံတောင်ကို စားပွဲပေါ်တင်ပြီး နံရံမှာချိတ်ထားတဲ့ ပြက္ခဒိန်ကို

သူကြည့်နေတယ်။ သူရှာတွေ့ပုံ မရဘူး။ သူ သက်ပြင်းချလိုက်ပြီး မျက်လုံးပိတ်လိုက်တယ်။

"ဘယ်လိုမှ သဘောမထားပါနဲ့ဟာ။ နင်ဘာပြောချင်တယ်ဆိုတာကို ငါသိပါတယ်။ ငါလည်း ဘယ်လိုပြောရမလဲဆိုတာကို မသိတာ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ငါပြောချင်တာကို ငါဘယ်တုန်းကမှ မပြောတတ်ခဲ့ဖူးဘူး။ အခုတောင် အချိန်တော်တော်ကြာနေပြီ။ ငါတခုခုပြောဖို့ ကြိုးစားလိုက်တိုင်း ငါပြောလိုက်တာက တလွဲစကားလုံးတွေချည်းပဲ။ အဲဒီတော့ ငါဆိုလိုချင်တာတွေနဲ့ ဆန့်ကျင်ဘက်ဖြစ်ရော။ အဲဒါကိုပြင်ဖို့ ကြိုးစားရင်းနဲ့ပဲ ပိုဆိုးသွားတတ်တယ်။ ငါစပြောခဲ့တဲ့ စကားလမ်းကြောင်းကို ပြန်မရောက်တော့ဘူး။ ငါဟာ စကားတွေပြောနေရင်းနဲ့ နှစ်ကိုယ်ခွဲသွားသလိုပဲ။ တကိုယ်က ပြောသင့်တဲ့ စကားလုံးတွေကိုသိတဲ့ ကျန်တဲ့တကိုယ်ကို လိုက်ဖမ်းရင်း အချိန်ကုန်နေတတ်တာမျိုးပေါ့ဟာ" လို့ နာအိုကိုက ဆက်ပြောတယ်။

နာအိုကိုဟာ သူ့မျက်နှာကို မော့လိုက်ပြီး ကျွန်တော့်မျက်ဝန်းတွေကို လှမ်းကြည့်လိုက်တယ်။

"နင်ရော ဒီလိုခံစားမှုမျိုးဖြစ်ဖူးလား"

"လူတိုင်း ဒီလိုခံစားမှုမျိုး ကြုံဖူးကြပါတယ်။ လိုချင်တဲ့ စကားလုံး မရတော့ စိတ်အနှောင့်အယှက် ဖြစ်တာပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။

နာအိုကိုဟာ ကျွန်တော့်အဖြေကိုလည်း သဘောမကျသလိုပဲ။ "မဟုတ်ဘူး။ နင်ပြောသလိုလည်း မဟုတ်ဘူး" သူ့ရှေ့ဆက်ပြီးတော့လည်း ဘာမှမရှင်းပြဘူး။

"ဘာပဲပြောပြော ငါ နင်နဲ့ ထပ်တွေ့ချင်သေးတယ်။ ငါ တနင်္ဂနွေနေ့တိုင်း အားတယ်။ လမ်းလျှောက်တာလည်း ငါ့အတွက် ကောင်းပါတယ်" လို့ ကျွန်တော်ပြောလိုက်တယ်။

ကျွန်တော်တို့နှစ်ယောက် ယာမာနိုတီရထားလိုင်းပေါ် တက်လိုက်ကြတယ်။ နာအိုကိုဟာ ရှင်ဂျူကူ ရောက်တော့ ချူအို ရထားလိုင်းကို ပြောင်းစီးသွားတယ်။ သူဟာ ကိုကူဘန်ဂျီ ဆင်ခြေဖုံး အနောက်ဘက်မှာ တိုက်ခန်းကျဉ်းကျဉ်းလေးမှာ နေပါတယ်။

"ငါ့စကားပြောတဲ့ပုံစံ ပြောင်းလဲသွားသေးလား" လို့ လမ်းခွဲခါနီးမှာ သူက မေးခဲ့တယ်။

“ပြောင်းသွားတယ်လို့တော့ ထင်တာပဲ။ ဒါပေမဲ့ ဟိုအရင်တုန်းက နင်နဲ့ငါ ဘာတွေပြောခဲ့ဖူးလဲ ဆိုတာကိုကော့ ငါမမှတ်မိဘူး” လို့ ကျွန်တော် ဖြေလိုက်တယ်။

“နင်ပြောတာမှန်ပါတယ်။ ဘာပဲဖြစ်ဖြစ်လေ စနေနေ့ကျရင် နင့်ကိုငါဖုန်းဆက်လိုက်မယ်” လို့ နာအိုကိုက ပြောတယ်။

“အင်း… ငါလည်း နင့်ဖုန်းကိုစောင့်နေပါ့မယ်”

※※※

နာအိုကိုကို ကျွန်တော် ပထမဆုံးစသိတာက အထက်တန်း ဒုတိယနှစ် ကျောင်းဘဝရဲ့ နွေဦးကာလမှာပါ။ သူကလည်း ခရစ်ယာန်သာသနာပြု အဖွဲ့တဖွဲ့က ဖွင့်ထားတဲ့ မိန်းကလေး ကျောင်းတကျောင်းမှာ ဒုတိယနှစ်ကျောင်းသူပဲ။ နာအိုကိုဟာ ကျွန်တော့်ရဲ့ တဦးတည်းသော အကောင်းဆုံး သူငယ်ချင်းဖြစ်တဲ့ ကီဇူကီရဲ့ချစ်သူပေါ့။ သူတို့နှစ်ယောက်ဟာ မွေးစကတည်းက ရင်းနှီးလာခဲ့ကြတာ။ သူတို့နှစ်ယောက်ရဲ့အိမ်တွေဟာ ကိုက်နှစ်ရာလောက်တောင် မဝေးဘူး။

ငယ်ပေါင်းရည်းစားတွေရဲ့ ထုံးစံအတိုင်း ကီဇူကီနဲ့ နာအိုကိုတို့ဟာ တယောက်ကိုတယောက် အပွင့်လင်းဆုံး ဖြစ်ကြသလို နှစ်ယောက်တည်း နေချင်ကြတဲ့စိတ်လည်း ရှိတတ်ကြတယ်။ သူတို့နှစ်ယောက်ဟာ တယောက်အိမ်ကိုတယောက် အမြဲတမ်း ဝင်ထွက်စားသောက်ကြသလို “မာဂျွန်ကို” လည်း မိသားစုတွေမှာ တီးပြလေ့ရှိတတ်ကြတယ်။ ကျွန်တော်ဟာ ကီဇူကီရဲ့ အဖော်အဖြစ် အကြိမ်ကြိမ် လိုက်ဖူးတယ်။ နာအိုကိုဟာ ကျွန်တော့်အတွက် သူ့အတန်းဖော် ချောချောလှလှ တယောက်ကို အမြဲတမ်း ခေါ်လာတတ်တယ်။ တိရစ္ဆာန်ရုံ ဒါမှမဟုတ် ရေကူးကန် ဒါမှမဟုတ် ရုပ်ရှင်ရုံကို ကျွန်တော်တို့ လေးယောက် အမြဲသွားလေ့ရှိတယ်။ နာအိုကိုခေါ်လာတဲ့ ကောင်မလေးတွေက အမြဲတမ်း အချောအလှလေးတွေပဲ ဖြစ်ပေမယ့် သူတို့ဟာ ကျွန်တော့်အတွက် အရမ်း ယဉ်ကျေးသိမ်မွေ့နေသလိုပဲ။ ကျွန်တော်တက်နေတဲ့ ပုဂ္ဂလိကကျောင်းက ကောင်မလေးတွေဟာ အနည်းငယ် ရိုင်းသလို ထင်ရပေမယ့် ကျွန်တော်အတွက်တော့ စကားပြောရတာ ပိုအဆင်ပြေတယ်။ နာအိုကို ခေါ်လာတတ်တဲ့ ကောင်မလေးတွေရဲ့ ခေါင်းလှလှလေးတွေထဲမှာ ဘာတွေဖြစ်ပျက်နေသလဲဆိုတာကို ကျွန်တော် ဘယ်တော့မှ မပြောပြဘူး။ သူတို့တွေလည်း ကျွန်တော့်ကို ဘယ်တော့မှ နားလည်မှာမဟုတ်ဘူး။

အချိန်ကာလတခု ကြာလာတော့ ကီဇူကီဟာ ကျွန်တော့်အတွက် ကောင်မလေးတွေ ချိန်းပေးတာကို ရပ်လိုက်တယ်။ အဲဒီနောက် ကျွန်တော်တို့သုံးယောက် အတူသွား၊ အတူလာ လုပ်ကြတယ်။ ကီဇူကီရယ် နာအိုကိုရယ် ကျွန်တော်ရယ်။ ကြောင်တောင်တောင်တော့နိုင်တယ်။ ဒါပေမဲ့

ဒီသုံးယောက်ပဲ တွေ့တာက ပိုပြီးအဆင်ပြေတယ်။ ဒီသုံးယောက်တွဲထဲကို လူသစ်ထပ်ခေါ်လာတိုင်း ကသောင်းကနင်း ဖြစ်တတ်တယ်။ ကျွန်တော်တို့ဟာ ရုပ်သံစကားပြော အစီအစဉ်တခုလိုပဲ။ ကီဇူကီက ခေါင်းဆောင်အစီအစဉ်တင်ဆက်သူ၊ နာအိုကိုက သူ့လက်ထောက်။ ကျွန်တော်ကတော့ သူတို့ရဲ့ဧည့်သည်ပေါ့။ ကီဇူကီဟာ စကားဝိုင်းကို ဦးဆောင်နိုင်တဲ့ ပါရမီရှိတယ်။ သူ့ရဲ့ထွေ့လုံး၊ ရိလုံးတွေဟာ တဖက်လူကို အထင်ကြီးစေတတ်တယ်။ ဒါပေမဲ့လည်း သူဟာ ချင့်ချင့်ချိန်ချိန်ရှိပြီး စိတ်သဘောကောင်းတဲ့လူဖြစ်တယ်။ နာအိုကိုရယ် ကျွန်တော်ရယ်အတွက် သူ့ရဲ့မှတ်ချက်တွေ၊ ဟာသတွေက နှစ်လိုဖွယ်ရာချည်းပါပဲ။ ကျွန်တော်တို့ကို မထိခိုက်အောင် သူက စကားလုံး ရွေးချယ်တတ်တယ်။ ဘယ်သူပဲဖြစ်ဖြစ် စကားဝိုင်းထဲမှာ အချိန်တော်တော်ကြာ တိတ်ဆိတ်နေရင် အဲဒီတယောက် စကားပြောလာအောင် ကီဇူကီ စကားလမ်းကြောင်း ပြောင်းလိုက်တာချည်းပါပဲ။ အကြောင်းတခုခုကြောင့် အခြေအနေ တင်းမာနေရင်လည်း ပြဿနာဇစ်မြစ်ကို သူ အသေအချာ စေ့ငုပြီး ပြေလည်အောင် ဖြေရှင်းပေးတတ်တယ်။ အဲဒါတွေအပြင် တစုံတယောက်ယောက်ရဲ့ စိတ်ဝင်စားစရာ မကောင်းတဲ့ မှတ်ချက်တွေကို စိတ်ဝင်စားဖွယ် မှတ်ချက်တခုဖြစ်အောင် ထုတ်နုတ်နိုင်တဲ့ ရှားရှားပါးပါး အရည်အချင်းမျိုးလည်း သူ့မှာရှိတယ်။ သူနဲ့ စကားပြောနေတဲ့ လူတယောက်ဟာ သူ့ကိုယ်သူ စိတ်ဝင်စားဖို့ကောင်းတဲ့ ဘဝတခုနဲ့ စိတ်ဝင်စားဖွယ် လူတယောက်အဖြစ် အထင်ရောက်လာစေရမယ်။ ဒါပေမဲ့လည်း သူဟာ အပေါင်းအသင်းများတဲ့သူ မဟုတ်ဘူး။ ကျောင်းမှာ ကျွန်တော်ဟာ သူ့ရဲ့တဦးတည်းသော သူငယ်ချင်းအစစ်။ စကားပြော ကောင်းတဲ့သူဟာ သူ့ရဲ့အရည်အချင်းတွေကို ကျယ်ပြောလှတဲ့ကမ္ဘာကြီးမှာ အသုံးချဖို့ မကြိုးစားဘဲ ကျွန်တော်တို့သုံးယောက်ထဲအပေါ်မှာ အာရုံစိုက်နေသလဲဆိုတာကို ကျွန်တော်တော့ မစဉ်းစားနိုင်အောင်ပဲ။ ဒါ့အပြင် ကျွန်တော့်ကိုမှ သူ့ရဲ့သူငယ်ချင်းအဖြစ် ဘာကြောင့် ရွေးချယ်ခဲ့သလဲ ဆိုတာကို ကျွန်တော်မသိဘူး။ ကျွန်တော်ဟာ စာအုပ်တွေဖတ်ဖို့ရယ်၊ သီချင်းတွေနားထောင်ဖို့ရယ်က လွဲလို့ ဘာမှမသိတတ်တဲ့ သာမန်ကောင်လေးတယောက်ပါ။ ကီဇူကီ အာရုံစိုက်ရလောက်တဲ့ အနေအထားမျိုး မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းဖြစ်လာကြတယ်။ ကီဇူကီရဲ့အဖေဟာ သွားဆရာဝန် တယောက်ဖြစ်ပြီး အရည်အချင်း ပြည့်ဝတာရယ် ကုသစရိတ် ခပ်မြင့်မြင့်ယူတာတွေ ရယ်ကြောင့် နာမည်ကြီးသူဖြစ်တယ်။

"တနင်္ဂနွေနေ့မှာ နှစ်စုံတွဲ လည်ချင် လား။ ငါ့ကောင်မလေးက မိန်းကလေးကျောင်းမှာတက်နေတာ။ ကောင်မလေးချောချော တယောက် ခေါ်လာပေးနိုင်တယ်" လို့ ကျွန်တော်တို့ တွေ့ပြီး မကြာခင်မှာတင် သူက ကျွန်တော့်ကို မေးခဲ့တယ်။

"သိပ်သွားချင်တာပေါ့" ကျွန်တော် ဖြေခဲ့တယ်။ အဲဒီလိုနဲ့ပဲ ကျွန်တော် နာအိုကိုနဲ့ စတွေ့ဖြစ်ခဲ့တာ။

ကျွန်တော်တို့သုံးယောက် အချိန်တော်တော်ကြာနေဖူးတယ်။ ဒါပေမဲ့ ကီဇူကီ အခန်းထဲက ထွက်သွားတိုင်း နာအိုကိုနဲ့ ကျွန်တော် အခက်တွေ့ရလေ့ရှိတယ်။ ကျွန်တော်တို့ ဘာပြောရမလဲ မသိဘူး။ တကယ်လည်း သူနဲ့ ကျွန်တော်မှာ ပြောစရာစကား မရှိခဲ့ဘူး။ စကားမပြောတော့ ရေသောက်ရင်သောက် ဒါမှမဟုတ် ခုံပေါ်ကတခုခုကို ဆော့နေရင်ဆော့ပြီး ကီဇူကီပြန်လာတာကို စောင့်ရတယ်။ သူပြန်လာမှ စကားဝိုင်းဟာ ပြန်အသက်ဝင်လာတယ်။ နာအိုကိုကလည်း စကားများများ ပြောတတ်တဲ့သူ မဟုတ်သလို ကျွန်တော်ကလည်း ပြောဆိုသူနေရာမှာထက် နားထောင်သူနေရာမှာပဲ အမြဲရှိတတ်တော့ ကီဇူကီ မရှိတဲ့အချိန် နာအိုကိုနဲ့ နှစ်ယောက်တည်း ကျန်ခဲ့တိုင်း ကျွန်တော် အခက်တွေ့ရလေ့ရှိပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ မတည့်တာလည်း မဟုတ်ဘူး၊ ပြောစရာစကားကို မရှိခဲ့တာ။

ကီဇူကီရဲ့အသုဘ ပြီးသွားတဲ့နောက် ကျွန်တော်နဲ့ နာအိုကို တကြိမ်ပဲ တွေ့ဖြစ်ခဲ့တယ်။ အသုဘ အခမ်းအနားအပြီး နှစ်ပတ်အကြာမှာ ကော်ဖီဆိုင်တဆိုင်မှာ ကျွန်တော်တို့တွေ့ခဲ့တော့ သေးသေးမွှားမွှား အကြောင်းအရာလေးတွေပဲ ပြောဖြစ်ခဲ့ကြပါတယ်။ ခဏကြာတော့ ကျွန်တော်တို့မှာ ပြောစရာစကား မရှိတော့ဘူး။ ကျွန်တော့် အကြောင်းအရာ အမျိုးမျိုး ပြောဖို့ ကြိုးစားခဲ့ပေမယ့်လည်း အရာမထင်ခဲ့ပါဘူး။ နာအိုကို စကားပြောတဲ့အခါမှာလည်း သူ့အသံထဲမှာ ဒေါသသံစွက်နေသလိုပဲ။ သူ ကျွန်တော့်ကို စိတ်ဆိုးနေပုံရတယ်။ ဘာကြောင့်လဲတော့ ကျွန်တော်မသိဘူး။ အဲဒီအကြိမ်တွေ့ပြီး နောက်တနှစ်အကြာမှာမှ ကျွန်တော်တို့နှစ်ယောက် တိုကျိုမှာ ချူအိုရထားလိုင်းထက်ပြန်တွေ့ဖြစ်ခဲ့တယ်။

နာအိုကိုဟာ ကျွန်တော့်ကို ဒေါသထွက်ကောင်း ထွက်နေခဲ့လိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကီဇူကီကို နောက်ဆုံး အသက်ရှင်လျက်မြင်တွေ့ခဲ့ရတာ သူမဖြစ်ခဲ့ဘဲ ကျွန်တော် ဖြစ်ခဲ့လို့နေမှာပေါ့။ အဲဒီလို ဒေါသထွက်တာဟာ အကောင်းဆုံးနည်းလမ်း မဟုတ်သလို ကျွန်တော်ကလည်း နာအိုကို ခံစားရတာကို နားလည်သလိုလို နားမလည်သလိုလိုပဲ။ တကယ်လို့ဖြစ်နိုင်ခဲ့ရင် ကျွန်တော် သူနဲ့ နေရာတော်တော်များများ သွားခဲ့ကောင်းသွားနိုင်ခဲ့ပေမယ့် နောက်ဆုံးတော့ ဖြစ်ပျက်ခဲ့တာတွေဟာ တကယ်ဖြစ်ပျက်ခဲ့တယ်။ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး။

မေလရဲ့ သာယာတဲ့ နေ့လယ်ခင်းလေးတခုမှာပေါ့။ နေ့လယ်စာ စားပြီးတဲ့နောက် ကီဇူကီက ကျွန်တော့်ကို ကျောင်းပြေးပြီး ဘိလိယက်ရိုက်ဖြစ်ဖြစ်

တခြားတနေရာရာဖြစ်သွားဖို့ အကြံပြုခဲ့ပါတယ်။ ကျွန်တော်ကလည်း နေ့လယ်ခင်းအချိန်တွေကို စိတ်မပါတော့ ကျောင်းကနေထွက်လာပြီး တောင်ကုန်းအောက်ခြေ ဆိပ်ကမ်းမှာရှိတဲ့ ဘိလိယက်ရုံကို အတူသွားဖြစ်ခဲ့တယ်။ အဲဒီမှာ ကျွန်တော်တို့ပူးလ်လေးပွဲကစားခဲ့တယ်။ ပထမဆုံးပွဲမှာ ကျွန်တော် ပေါ့ပေါ့ပါးပါးနဲ့ အနိုင်ရခဲ့ပေမယ့် ကျန်တဲ့သုံးပွဲစလုံး သူ စိတ်ရောကိုယ်ပါ နှစ်မြှုပ်လို့ အပြင်းအထန် ကစားပြီး အနိုင်ယူခဲ့တယ်။ သူနိုင်တော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ ထုံးစံအတိုင်း ဘိလိယက်ခုံကြေးကို ကျွန်တော်ပေးခဲ့ရတယ်။ ကီဇူကီဟာ ကျွန်တော်တို့ ကစားနေတုန်း ဘာစကားတခွန်းမှ မပြောခဲ့ဘူး။ အဲဒါဟာ ပုံမှန်မဆန်တဲ့ဖြစ်ရပ်ပဲ။ ကစားပြီးတော့ ကျွန်တော်တို့ ဆေးလိပ်သောက်ကြတယ်။

"ဘာဖြစ်လို့ အပြင်းအထန်ကြီး ထိုးခဲ့တာလဲ" ကျွန်တော်မေးခဲ့တယ်။

"ငါ ဒီနေ့မရှုံးချင်ဘူး" လို့ ကီဇူကီက ကျေနပ်အားရတဲ့အပြုံးနဲ့ ပြန်ဖြေခဲ့တယ်။

အဲဒီညမှာပဲ ကားဂိုဒေါင်ထဲမှာ သူသေခဲ့တယ်။ သူ့ N-360 ကားရဲ့အိတ်ဇောပိုက်ကို ရော်ဘာပိုက်နဲ့ ဆက်ပြီး ပြတင်းပေါက်အထိ ဆွဲထုတ်လိုက်တယ်။ အဲဒီပိုက်ကို ပြတင်းပေါက်မှာ တိတ်နဲ့ကပ်ပြီး အင်ဂျင်ကိုစက်နှိုးထားခဲ့တယ်။ အချိန်ဘယ်လောက်ကြာကြာမှာ သူသေလဲဆိုတာ ကျွန်တော် မသိပါဘူး။ အဲဒီအချိန်မှာ သူ့မိဘတွေဟာ နေမကောင်းဖြစ်နေတဲ့ ဆွေမျိုးတယောက်ဆီ သတင်းသွားမေးနေခဲ့တယ်။ သူတို့ ပြန်ရောက်ပြီး ကားကို နေရာရွှေ့မလို့ကြည့်တော့ ကီဇူကီဟာ သေနေခဲ့ပြီး ရေဒီယိုဟာ ဖွင့်လက်စပဲ။ ခါတ်ဆီဆိုင်က ဖြတ်ပိုင်းစဟာ ပိုက်ပါရဲ့အောက်မှာ ညှပ်လျက်ရှိနေခဲ့တယ်။

ကီဇူကီဟာ မိမိကိုယ်ကို သတ်သေရတာနဲ့ပတ်သက်လို့ ဘာစာမှ မရေးခဲ့ဘူး။ ပြီးတော့ သူ့ကိုယ်သူ သတ်သေရလောက်အောင် ကြီးမားတဲ့ အကြောင်းပြချက် ရှိလိမ့်မယ်လို့လည်း ဘယ်သူမှ မထင်နိုင်ဘူး။ သူ့ကို နောက်ဆုံးတွေ့ခဲ့တဲ့သူဟာ ကျွန်တော်ဖြစ်နေလေတော့ ရဲတပ်ဖွဲ့က ကျွန်တော့်ကို ခေါ်မေးမြန်းခဲ့တယ်။ ကီဇူကီဟာ သူ့ကိုယ်သူ အဆုံးစီရင်ဖို့ ဘာအရိပ်အရောင်မှ မပြခဲ့ဘူးလို့ စစ်ဆေးရေးအရာရှိကို ကျွန်တော်ပြောခဲ့ပါတယ်။ သူဟာ ပုံမှန်အတိုင်းပဲ ရှိခဲ့တယ်ပေါ့။ အရာရှိဟာ ကျွန်တော့်ကိုရော ကီဇူကီကိုပါ အထင်အမြင်သေးစွာ အစီရင်ခံစာမှာ ရေးခဲ့ပါတယ်။ ကျောင်းပြေးတတ်တဲ့ ကလေးတွေဟာ ဘိလိယက်ကိုလည်း သတ်သေကြေး ထိုးတတ်တာ သဘာဝကျတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ပေါ့။ ကီဇူကီ သတ်သေတဲ့အကြောင်း သတင်းစာထဲမှာ သတင်းတိုလေးတပုဒ် ပါလာခဲ့တယ်။ ကီဇူကီရဲ့မိဘတွေက သူ့ရဲ့အနီရောင် N-360 ကားကို ရှင်းထုတ်ပစ်ခဲ့တယ်။ ကီဇူကီရဲ့အခန်းထဲက စားပွဲပေါ်မှာ အဖြူရောင်ပန်းပွင့်ကို အချိန်ကာလတခု အထိ ထားပေးခဲ့တယ်။ ကီဇူကီသေတာနဲ့

ကျောင်းပြီးတာကြား အချိန် ဆယ်လကြာခဲ့တယ်။ အဲဒီကာလမှာတော့ ကျွန်တော့်အတွက် နေစရာကို မရှိခဲ့ဘူး။ ကျွန်တော် ကျောင်းက ကောင်မလေးတယောက်နဲ့ အိပ်နေခဲ့တယ်။ ဒါပေမဲ့ ခြောက်လမခံခဲ့ပါဘူး။ အဲဒီကောင်မလေးနဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ ထိထိရှရှ ဘာတခုမှမဖြစ်ခဲ့ဘူး။ ဝင်ခွင့်အတွက် သိပ်ခက်ခက်ခဲခဲ စာကျက်စရာမလိုတဲ့ တိုကျိုက ပုဂ္ဂလိက တက္ကသိုလ်တခုကို ကျွန်တော်လျှောက်ခဲ့တယ်။ ကျွန်တော် အလွယ်တကူပဲ အောင်ခဲ့ပါတယ်။ ကောင်မလေးက ကျွန်တော့်ကို တိုကျိုမသွားဖို့ တားခဲ့ပါတယ်။ “တိုကျိုဟာ ဒီကနေ မိုင်ငါးရာဝေးတယ်” လို့ ကောင်မလေးက ကျွန်တော့်ကို တောင်းပန်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကိုဘေးကနေ ဘယ်ကိုပဲဖြစ်ဖြစ် သွားချင်နေခဲ့တာ။ ဘယ်သူတဦးတယောက်ကိုမှ ကျွန်တော် မသိတဲ့နေရာမှာ ကျွန်တော် ဘဝသစ်ပြန်စချင်ခဲ့တာ။

“နင် ငါ့ကို အသုံးမကျတဲ့ ဆင်ခြေတွေ ပေးမနေနဲ့တော့။ နင် ငါနဲ့ အိပ်ခဲ့ပြီးပြီပဲ” လို့ ကောင်မလေးက ငိုရင်းပြောခဲ့တယ်။

“နင် ထင်သလို မဟုတ်ဘူး။ ငါ ဒီမြို့ကနေ အဝေးတနေရာကိုသွားဖို့ လိုအပ်နေလို့ပါ” လို့ ကျွန်တော် ပြန်ပြောခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်ကို နားလည်ဖို့ သူ အသင့်မဖြစ်ခဲ့ပါဘူး။ အဲဒီလိုနဲ့ပဲ ကျွန်တော်တို့ လမ်းခွဲခဲ့တယ်။ တိုကျိုသွားတဲ့ ကျည်ဆန် ထားပေါ်မှာထိုင်ရင်း သူဟာ တခြားကောင်မလေး တွေထက် အစစအရာရာ သာတယ်ဆိုတာကိုစဉ်းစားမိတော့ ကျွန်တော် ခံစားရတာ ကြောက်လန့်စရာပဲ။ ဒါပေမဲ့ ကျွန်တော် ဘာမှ ပြန်လုပ်လို့မရတော့ဘူး။ သူ့ကို မေ့ပျောက်ပစ်ဖို့ပဲ ကြိုးစားခဲ့ရတယ်။

အဆောင်မှာနေတဲ့ ကျွန်တော့်ရဲ့ ဘဝအသစ်စတင်တဲ့အခါ ကျွန်တော့်မှာ လုပ်စရာ တခုပဲရှိခဲ့တယ်။ ဘာလဲဆိုတော့ ဘာကိုမှ အလေးအနက်ထား မလုပ်တော့ဘဲ ကျွန်တော်နဲ့ ကျန်အရာတွေကြား သင့်လျော်တဲ့ အကွာအဝေး ထားရှိတဲ့အကျင့် စခဲ့တာပါ။ ဘီလီယက်ခုံရဲ့ အစိမ်းရောင် အခင်းစရယ်၊ အနီရောင် N-360 မော်တော်ကားရယ်၊ ကျောင်းစားပွဲပေါ်က အဖြူရောင် ပန်းတွေရယ်၊ သင်္ချိုင်းမီးသဂြိုဟ်စက်ကနေ ထွက်လာတဲ့ မီးခိုးတွေရယ်၊ ရဲစခန်း စစ်ဆေးရေးအခန်းတွေထဲက စက္ကူဖိတုံးတွေရယ်… အားလုံး အားလုံးကို မေ့ပစ်လိုက်တယ်။ အစပိုင်းတော့ အဆင်ပြေခဲ့တယ်။ ကျွန်တော် မေ့ဖို့ တော်တော် ကြိုးစားခဲ့ရတယ်။ ဒါပေမဲ့ အဖြစ်အပျက်တွေရဲ့လေထုတမျိုးဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ ရှိနေဆဲပဲ။ အချိန်တွေ ကြာလာတဲ့အခါမှာတော့ အဲဒီလေထုဟာ ကြည်လင်ရှင်းလင်းတဲ့ ပုံစံတခု ဖြစ်လာခဲ့တယ်။ စကားလုံးတချို့ ချရေးလာနိုင်တဲ့ပုံစံမျိုးပေါ့။ အခုလို စကားလုံးတွေလေ။

“သေခြင်းဟာ တည်ရှိတယ်။ ရှင်ခြင်းရဲ့ ဆန့်ကျင်ဘက်မဟုတ်၊

ဘဝရဲ့အစိတ်အပိုင်းအဖြစ်”

စကားလုံးတွေအဖြစ် ဘာသာပြန်ခဲ့တယ်။ ဒီစကားဟာ ရေးကျနေပါပြီ။ ဒါပေမဲ့ ဒီစကားလုံးတွေကို စကားလုံးအဖြစ် ကျွန်တော်မခံစားမိဘူး။ ကျွန်တော့်ခန္ဓာကိုယ်တွင်းက လေထုအဖြစ်ပဲ ခံစားမိတယ်။ သေခြင်းဟာ တည်ရှိတယ်။ စက္ကူဖိတုံးထဲမှာ၊ အနီရောင်လေးလုံးနဲ့ အဖြူရောင် ဘိလိယက်ဘောလုံး တွေထဲမှာ။ ကျွန်တော်တို့ ရှင်သန်ကြတယ်။ သေခြင်းကို ဖုန်တမှုန့်လို အဆုတ်ထဲရောက်အောင် ဆက်ရှုသွင်းကြတယ်။

အဲဒီအချိန်ထိ ကျွန်တော်က သေခြင်းတရားဟာ လွတ်တဲ့ဘဝ ရှင်သန်မှုနဲ့ လုံးလုံးလျားလျား သီးခြားဖြစ်တဲ့အရာလို့ထင်ခဲ့တာ။ သေခြင်းတရားရဲ့လက်တွေဟာ ကျွန်တော်တို့ကို ခေါ်ဆောင်ဖို့ အုပ်မိုးထားတယ်လို့ ကျွန်တော် ခံစားမိခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဆိုက်ရောက်လာတဲ့အခါမှာ ကျွန်တော်တို့ကို တယောက်တည်း ထားရစ်ခဲ့တယ်။ ဒါဟာ ကျွန်တော့်အတွက် ရိုးရှင်းလွန်းတဲ့ ယုတ္တိဗေဒကျတဲ့ အမှန်တရားပဲ။ ဘဝရှင်သန်မှုက ဒီမှာ၊ သေခြင်းတရားက ဟိုဖက်မှာ။ ကျွန်တော်က ဒီမှာ၊ ဟိုဖက်မှာ မဟုတ်ဘူး။

ဘယ်လိုပဲပြောပြော ကီဇူကီသေတဲ့ညမှာ ကျွန်တော်ဟာ သေခြင်းတရား (ပြီးတော့ ဘဝရှင်သန်မှု) ကို အဲဒီလို ရိုးရိုးလေးတောင် မမြင်နိုင်တော့ဘူး။ သေခြင်းဟာ ဘဝရဲ့ဆန့်ကျင်ဘက်မဟုတ်ဘူး။ ကျွန်တော့်ရဲ့တည်ရှိမှုအတွင်း ကျွန်တော်ဟာ ဒီနေရာမှာ၊ အမြဲတမ်း ရှိနှင့်နေခဲ့တာ၊ အဲဒါကို မေ့ပျောက်ခွင့် မရှိဘူး။ အသက်ဆယ့်ခုနစ်နှစ်သား ကီဇူကီကို မေလရဲ့ညတညမှာ သေခြင်းတရားက ခေါ်ဆောင်ခဲ့ရာမှာ ကျွန်တော့်ကိုပါ အတူခေါ်ဆောင်သွားခဲ့တယ်။ ကျွန်တော့်ရင်ထဲ အဲဒီလေထုနဲ့ အတူ နောက်နှစ်နှေဦး၊ ကျွန်တော် ဆယ့်ရှစ်နှစ်ရောက်တဲ့အထိ ရှင်သန်ခဲ့ရတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ အလေးအနက်ထားတာတွေကို ဆန့်ကျင်ခဲ့တယ်။ အလေးအနက် ထားရှိခြင်းဟာ အမှန်တရားကို ချဉ်းကပ်တာနဲ့ မတူဘူးလို့ ကျွန်တော်ခံစားမိတယ်။ ကျွန်တော် မရှင်းလင်းပါဘူး။ ဒါပေမဲ့ သေခြင်းဟာ အကြောင်းအချက်တရပ်၊ အလေးအနက် အကြောင်းအချက်။ ခင်ဗျား ဘယ်လိုပဲမြင်မြင် ကိစ္စမရှိဘူး။ ဝိရောဓိဟာ ခန္ဓာကိုယ်တွင်း လှည့်နေခဲ့တယ်။ အဲဒီသံသရာထဲမှာ ကျွန်တော် အဆုံးမရှိ လည်နေခဲ့ရတယ်။ ကျွန်တော့်အတွက် ထူးဆန်းတဲ့နေ့တွေပဲ။ အခုတော့ ကျွန်တော် လည်ပြန်စောင်းငဲ့ကြည့်နေပြီး ဘဝရဲ့အလယ်မှာ အရာရာဟာ သေခြင်းကို ဆန့်ကျင်ကြတယ်။

■

အခန်း (၃)

နောက်စနေနေ့မှာတော့ နာအိုကို ကျွန်တော့်ဆီ ဖုန်းဆက်တယ်။ တနင်္ဂနွေနေ့မှာ တွေ့မယ်လို့ ကျွန်တော့်တို့ ချိန်းလိုက်ကြတယ်။ ကျွန်တော့်တော့ ကျွန်တော်တို့နှစ်ယောက်ရဲ့တွေ့ဆုံမှုကို ချိန်းတွေ့မှုလို့ပဲ ကျွန်တော့်တော့ ခေါ်ချင်တယ်။ ဒီမတိုင်မီကလည်း ကျွန်တော်တို့နှစ်ယောက် လမ်းပေါင်းများစွာ လျှောက်ခဲ့ဖူးတယ်။ တချို့နေရာတွေရောက်ရင် ကော်ဖီဆိုင် ဝင်ထိုင်ပြီး လမ်းဆက်လျှောက်တယ်။ ညနေစောင်းရောက်ရင် တခုခုစားပြီး ကျွန်တော်တို့ လမ်းခွဲတတ်ကြတယ်။ ပြီးရင် သူက စကားကို ထုံ့ပိုင်းထုံ့ပိုင်း ပြောတတ်သေးတယ်။ အဲ့ဒီလိုပြောတာကလည်း သူ့အတွက် အနှောင့်အယှက် ဖြစ်ပုံမရဘူး။ ကျွန်တော့်လည်း စကားအမျှင် မပြတ်ဖို့ အထူးတလည် အားစိုက်တာမျိုး မလုပ်ဘူး။ ကျွန်တော်တို့နှစ်ယောက်ဟာ စိတ်ထဲ ရောက်လာတာမှန်သမျှကို ပြောတတ်ကြတယ်။ ကျွန်တော်တို့ရဲ့နေ့စဉ်ဘဝတွေ၊ ကျွန်တော်တို့ရဲ့ ကျောင်းအကြောင်းတွေ၊ ဘယ်ကိုမှ ဦးမတည်တဲ့ စကားအတိုအစတွေ ကျွန်တော်တို့ ပြောတတ်ကြတယ်။ ကျွန်တော်တို့ အတိတ်တုန်းကအကြောင်းကိုတော့ လုံးဝ လုံးဝ မပြောကြဘူး။ အဓိကကတော့ ကျွန်တော်တို့နှစ်ယောက်ဟာ လမ်းလျှောက်ပြီးရင်း လျှောက်နေတာပါပဲ။ တိုကျိုမြို့ကလည်း အကျယ်ကြီးဆိုတော့ ကျွန်တော်တို့ လျှောက်ဖို့လမ်းတွေ ဘယ်တော့မှမကုန်ဘူး။

ကျွန်တော်တို့ တနင်္ဂနွေနေ့တိုင်း လမ်းပုံမှန် လျှောက်ဖြစ်ကြတယ်။ သူက အမြဲတမ်း ရှေ့က။ ကျွန်တော် နောက်ကလိုက်ရတာချည်းပဲ။ နာအိုကိုမှာ ဆံညှပ်ပုံစံ အမျိုးမျိုးရှိတယ်။ ညာဘက်နားကို ဖော်ပြီး ဆံညှပ်တခုမဟုတ် တခုကို သူဝတ်လေ့ရှိတယ်။ လက်ကိုင်ပုဝါနဲ့လည်း သူ့ပါးစပ်ကို သုတ်နေတတ်တဲ့အကျင့် သူ့မှာရှိတယ်။ သူတခုခုပြောခါနီးတိုင်း ပါးစပ်ကို သုတ်တော့တာပဲ။ သူ့အကျင့်တွေကို ကျွန်တော် ပိုနားလည်လာလေ ကျွန်တော်သူ့ကို ပိုသဘောကျလာလေပါပဲ။

နာအိုကိုဟာ တိုကျိုအနောက်ပိုင်းမှာရှိတဲ့ အမျိုးသမီးကောလိပ်မှာ တက်နေတယ်။ အဲ့ဒီကျောင်းဟာ အင်္ဂလိပ်စာ အသင်ကောင်းလို့ နာမည်ကြီးတဲ့ကျောင်းပါ။ အဲဒီကျောင်းနံဘေးမှာ သန့်ရှင်း ကြည်လင်တဲ့ ရေစီးတဲ့ စိုက်ပျိုးရေး ဆည်တခုရှိတယ်။ ဆည်ဘေးမှာ ကျွန်တော်နဲ့ သူ လမ်းလျှောက်လေ့ ရှိတယ်။ တခါတလေကျရင် နာအိုကို ကျွန်တော့်ကို သူ့အခန်းခေါ်ပြီး တခုခု ချက်ကျွေးလေ့ရှိတယ်။ ကျွန်တော်တို့နေတဲ့ ရပ်ကွက်နှစ်ခုဟာ အရမ်းဝေးပေမယ့် ကျွန်တော်တို့ နှစ်ယောက်စလုံး လုံးဝ ဂရုမစိုက်ကြဘူး။ သူနေတဲ့အခန်းက

ကျဉ်းမြောင်းပေမယ့် သန့်ရှင်း သပ်ရပ်ပြီး အနားတွန့်အင်္ကျီတွေ လှန်းထားတာ မတွေ့ရတဲ့အတွက် မိန်းကလေးတယောက် နေတဲ့အခန်းလို့ ထင်စရာအကြောင်း မရှိဘူး။ သူ့ရဲ့ဘဝဟာ အချိန်ပိုတွေ အများကြီးရှိပြီး ရိုးရှင်းတဲ့ဘဝလေးပါ။ သူ့မှာ သူငယ်ချင်းရယ်လို့လည်း ရှိပုံမရဘူး။ အထက်တန်းကျောင်းသားဘဝက သူ့ကို သိခဲ့တဲ့လူတွေဟာ အခုချိန်မှာတော့ နာအိုကိုကို လုံးဝမှတ်မိစရာ အကြောင်း မရှိတော့ဘူး။ အထက်တန်းကျောင်းသားဘဝတုန်းကတော့ သူဟာ အင်္ကျီလက်ပွ၊ ဘောင်းဘီလက်ပွပွတွေ ဝတ်တတ်ပြီး သူငယ်ချင်း အရေအတွက် သန်းဂဏန်းလောက်က သူ့ကို ဝန်းရံနေခဲ့တယ်။ သူ့အခန်းကို ကျွန်တော် စတွေ့ချိန်ကတည်းက သူဟာ အထက်တန်းကျောင်းသား ဘဝတုန်းက သိခဲ့တဲ့ သူငယ်ချင်းတွေနဲ့ လုံးဝ မပတ်သက်ချင်ဘူးဆိုတာ နားလည်ခဲ့ပါတယ်။

"ဒီကျောင်းကို ငါ ဘာလို့ ရွေးခဲ့သလဲဆိုတာကို နင်သိလား" လို့ သူ အပြုံးလေးနဲ့ ကျွန်တော့်ကို ပြောခဲ့တယ်။ "ဘာကြောင့်လဲဆိုတော့ ငါတို့မြို့က ဘယ်သူမှ ဒီကျောင်းကို မတက်လို့ဘဲ။ ငါတို့အားလုံးဟာ ဒီထက်မက ပိုကောင်းတဲ့နေရာကို သွားချင်ကြတာပဲ မဟုတ်ဘူးလား။ ငါ ပြောချင်တာကို နင် သဘောပေါက်ရဲ့လား"

နာအိုကိုနဲ့ ကျွန်တော်ရဲ့ ဆက်ဆံရေးဟာလည်း တိုးတက်လာခြင်း လုံးဝ မရှိပါဘူး။ ဒါပေမဲ့ သူနဲ့ ကျွန်တော် တယောက် ဖြည်းဖြည်းချင်း ပိုပို အသားကျလာတယ်။ နွေရာသီ အပန်းဖြေခရီးကာလ ပြီးဆုံးသွားတဲ့အခါမှာတော့ ကျွန်တော့်ဘေးမှာ လိုက်ပါလမ်းလျှောက်ရတာဟာ နာအိုကိုအတွက် ပုံမှန်ဖြစ်ရိုးဖြစ်စဉ် လုပ်ရပ်တခုသာ ဖြစ်လာခဲ့တယ်။ အခုချိန်မှာ ကျွန်တော့်ကို သူငယ်ချင်း တယောက်လို သဘောထားနေပြီလို့ ကျွန်တော် သုံးသပ်မိတယ်။ ချောမောပြေပြစ်လှတဲ့ မိန်းကလေး တယောက်နဲ့ ဘေးချင်းယှဉ် လျှောက်ရတာဟာ ကျွန်တော့်အတွက်လည်း ဘာမှ နာကျင်စရာ မရှိဘူးလေ။ ကျွန်တော်တို့နှစ်ယောက်ဟာ တိုကျိုမြို့ရဲ့လမ်းပေါင်းစုံကို လျှောက်ပြီးရင်း လျှောက်နေတော့တာပဲ။ တောင်ကုန်းတွေကို တက်ကြတယ်။ မြစ်တွေကို ဖြတ်ကျော်ကြတယ်။ မီးရထားလမ်းတွေပေါ် လျှောက်ကြတယ်။ စိတ်ထဲ ဘာခရီးဆုံးမှမရှိဘဲ ကျွန်တော်တို့နှစ်ယောက်ဟာ လျှောက်ပြီးရင်း လျှောက်နေကြတာ။ ကျွန်တော်တို့နှစ်ယောက်ဟာ မျက်နှာမူရာ ရှေ့တူရှုကို လျှောက်ကြတာပဲ။ ကျွန်တော်တို့ရဲ့လမ်းလျှောက်မှုဟာ ဒဏ်သင့်နေတဲ့ စိတ်ဝိညာဉ်ကို ကုစားဖို့ ဘာသာရေး အလေ့အထအရ လျှောက်နေသလိုပေါ့။ မိုးရွာရင် ကျွန်တော်တို့ ထီးဆောင်းကြတယ်။ ဘယ်လို အခြေအနေမျိုးပဲရှိရှိ ကျွန်တော်တို့နှစ်ယောက် လမ်းလျှောက်ကြတယ်၊

ဒီလိုနဲ့ မိုးဦးရာသီ ရောက်လာတယ်။ အဆောင်ရဲ့မြေပြင်ပေါ်မှာ

ဇယ်ကိုဗာသစ်ရွက်တွေနဲ့ ဖွေးဖွေးလှုပ်နေတော့တယ်။ ရာသီသစ်ရဲ့ရနံ့ ဆိုက်ရောက်လာတော့ ကျွန်တော် ပထမဆုံး ဆွယ်တာကို ဝတ်ဆင်လိုက်တယ်။ ရှူးဖိနပ်သစ်အချို့ ကျွန်တော် ဝယ်စီးခဲ့တယ်။ သားရေကြိမ်းတွေလည်း ပါတယ်။ အဲ့ဒီအချိန်တုန်းက ကျွန်တော်တို့နှစ်ယောက် ဘယ်လိုအကြောင်းအရာတွေ ပြောဖြစ်ခဲ့ကြတယ်ဆိုတာကို ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော်တို့နှစ်ယောက်စလုံးဟာ အတိတ်တုန်းက အကြောင်းရော၊ ကီဇူကီအကြောင်းကိုရော မပြောဖြစ်အောင် သတိထား ရှောင်ကျဉ်ကြတယ်။ ကျွန်တော်တို့ နှစ်ယောက်ဟာ ကော်ဖီခွက်တွေ ရှေ့မှာချပြီး တိတ်ဆိတ်မှုအတိနဲ့ တယောက်မျက်နှာတယောက် ကြည့်ဖြစ်နေခဲ့တယ်။

နာအိုကိုဟာ မုန်တိုင်းတပ်သားအကြောင်း ကျွန်တော်ပြောတာကို သိပ်နားထောင်ချင်တာပဲ။ တခါတုန်းက သူဟာ ကောင်မလေးတယောက်နဲ့ ချိန်းတွေ့ဖြစ်ခဲ့တယ်။ (ပထဝီမေဂျာက ကောင်မလေးပါ) ဒါပေမဲ့ ညနေဘက် ခပ်စောစော သုန်သုန်မှုန်မှုန်နဲ့ ပြန်ရောက်လာခဲ့တယ်။

“ဝါ… ဝါ… ဝါတာနာဘီ ငါ့ကို မိန်းကလေးတွေအကြောင်း ပြောပြစမ်းပါ”

ကျွန်တော် ဘယ်လိုပြန်ဖြေခဲ့လဲဆိုတာ ကျွန်တော် မမှတ်မိတော့ပါဘူး။ အဲဒီမေးခွန်းအတွက် သူဟာ ကျွန်တော့်ကို မေးမိတာ အမှားပါပဲ။ ဇူလိုင်လမှာ အဆောင်နေ ကျောင်းသားတယောက်ဟာ မုန်တိုင်းတပ်သားရဲ့ အမ်စတာဒမ် တူးမြောင်းပုံနေရာမှာ ဂိုးလ်ဒင်းဂိတ်တံတားကြီးပုံကို ပြောင်းကပ်ခဲ့ပါတယ်။ အဲဒီတယောက်က ကျွန်တော့်ကို မေးတယ်။ မုန်တိုင်းတပ်သားဟာ ဂိုးလ်ဒင်းဂိတ် တံတားကိုကြည့်ပြီး ဖြေဖျောက်သလားတဲ့။ “သူကြိုက်တယ်” လို့ နောက်တော့ ကျွန်တော်ပြန်ပြောခဲ့တယ်။ သိပ်မကြာပါဘူး။ အဲဒီပုံကို တခြားတယောက်က ရေခဲတောင်ပုံနဲ့ လဲသွားပြန်တယ်။ သူ မရှိတဲ့အချိန်မှာ ပုံလဲခံလိုက်ရတိုင်း မုန်တိုင်းတပ်သားဟာ စိတ်ပျက်နေတော့တာပဲ။

“ဘယ်… ဘယ်… ဘယ်ကောင်လဲသွားတာလဲ” လို့ သူ မေးခဲ့တယ်။

“ငါ မသိဘူး။ ဒါပေမဲ့ ပုံတွေက ဘာကွာသွားလို့လဲ။ ပုံတွေအားလုံးဟာ ပုံကောင်းတွေချည်းပဲ မဟုတ်လား။ မင်းတောင် ကျေးဇူးတင်သင့်တယ်” လို့ ကျွန်တော် ပြန်ဖြေခဲ့တယ်။

“ဟုတ်ပါတယ်။ ဒါပေမဲ့ ကြောင်တောင်တောင်နိုင်သလိုပဲ”

မုန်တိုင်းတပ်သားအကြောင်း ပြောတိုင်း နာအိုကိုဟာ အမြဲရယ်တယ်။ ဘယ်အကြောင်းအရာကမှ သူ့ကို အဲသလောက် မရယ်မောစေနိုင်ဘူး။ အဲဒါကြောင့်ပဲ ကျွန်တော်ဟာ မကြာခဏ မုန်တိုင်းတပ်သားအကြောင်း

ပြောပြတတ်တယ်။ ဒါပေမဲ့ အဲဒီလို ပြောရတာကိုတော့ ကျွန်တော် ဂုဏ်မယူတတ်ပါဘူး။ မုန်တိုင်းတပ်သားဟာ သိပ်အချမ်းသာကြီး မဟုတ်ပေမယ့် ချမ်းသာတဲ့ မိသားစုကနေ ပေါက်ဖွားလာတဲ့အတွက်ကြောင့် အပူအပင် သိပ်မရှိခဲ့ဘူး။ ပြီးတော့ သူဟာ မိသားစုမှာ အငယ်ဆုံးသား။ မြေပုံတွေ ဆွဲချင်တာဟာ သူ့ဘဝ သေးသေးလေးထဲက အိပ်မက်သေးသေးလေးပါပဲ။

ဘာပဲပြောပြော အဲဒီအချိန်တုန်းကတော့ မုန်တိုင်းတပ်သား ဟာသတွေဟာ အဆောင်မှာ ပြောလို့ မကုန်နိုင်တဲ့ အကြောင်းအရာတွေပါပဲ။ ကျွန်တော် နာအိုကိုကို ပြောမိခဲ့တာတွေကိုလည်း ပြန်ပြင်လို့ မရတော့ပါဘူး။ ဒါ့အပြင် နာအိုကိုရဲ့ ပြုံးနေတဲ့မျက်နှာလေးကို မြင်တွေ့ရတာဟာ ကျွန်တော့်အတွက် ကြည်နူးစရာဖြစ်တဲ့အတွက်လည်း ပြောမိခဲ့တာပါ။

တကြိမ်မှာတော့ နာအိုကိုဟာ ကျွန်တော့်ကို မေးခွန်းတခု မေးခဲ့ပါတယ်။ တခါတည်းပါပဲ။ ကျွန်တော်ကြိုက်ခဲ့ဖူးတဲ့ ကောင်မလေး ရှိခဲ့ဖူးလားတဲ့။ ကိုဘေးမှာ ကျွန်တော်ထားရစ်ခဲ့တဲ့ ကောင်မလေးအကြောင်းကို ကျွန်တော် ပြောပြဖြစ်မိတယ်။ “အဲဒီကောင်မလေးက တော်တော်မိုက်တယ်။ ငါသူနဲ့ အိပ်ရတာကို အရမ်းကြိုက်တယ်။ အရင်တုန်းကတော့ ငါသူ့ကို ခဏခဏ လွမ်းတယ်။ အခုတော့ ငါ ဘာမှမဖြစ်တော့ပါဘူး။ ဘာကြောင့်လဲတော့ မသိဘူး။ တခါတလေကျရင် ငါ့နှလုံးသားဟာ အရမ်းမာကျောနေတော့ ဘယ်အရာမှ မဝင်နိုင်တော့ဘူးလို့ ငါတွေးမိတယ်။ တယောက်ယောက်ကို ငါချစ်လို့ရနိုင်တော့မှာမဟုတ်ဘူးလို့လည်း တွေးမိတယ်” လို့ကျွန်တော်ဖြေခဲ့တယ်။

“သူ့ကို နင်တကယ်ချစ်ခဲ့လား” နာအိုကိုက မေးတယ်။

“တခါမှ မချစ်ခဲ့ဖူးဘူး” လို့ ကျွန်တော် ဖြေခဲ့တယ်။

သူ ကျွန်တော့်ကို ဘာမှထပ်မမေးတော့ဘူး။

မိုးရာသီကုန်ဆုံးလို့ မြို့ထဲကို အေးစက်စက် လေတွေ ဝင်ရောက်တိုက်ခတ်လာတော့ နာအိုကိုဟာ မကြာခဏဆိုသလို ကျွန်တော့်ကို လက်ချိတ်ပြီး လမ်းလျှောက်တတ်လာတယ်။ သူ့ရဲ့ ဒက်ဖယ်ကုတ် အင်္ကျီထူထူကြီးကနေတဆင့် သူ့ရဲ့အသက်ရှူသံကို ကျွန်တော်ခံစားမိတယ်။ သူက လမ်းလျှောက်ရင်း ကျွန်တော့်လက်မောင်းကို ချိတ်ထားရင် ချိတ်ထားမယ်။ ဒါမှမဟုတ် ကျွန်တော့်အင်္ကျီအိတ်ကပ်ထဲ လက်ထိုးထည့်ထားရင်ထားမယ်။ တကယ်လို့ အအေးက ပြင်းထန်လာပြီဆိုရင် ကျွန်တော့် လက်မောင်းကို တင်းနေအောင် ဖက်ထားပြီး တုန်နေတတ်တယ်။ အဲဒီအပြုအမူတွေဟာ ဘာအဓိပ္ပာယ်မှတော့ မဟုတ်ပါဘူး။ ကျွန်တော်ကတော့ ကျွန်တော့်လက်နှစ်ဖက်ကို အင်္ကျီအိတ်ကပ်ထဲ ထည့်ပြီး လျှောက်နေတတ်တယ်။ ကျွန်တော်တို့ရဲ့ရှူးဖိနပ်

အောက်ခံတွေဟာ ရော်ဘာတွေ ဖြစ်နေတာကြောင့် ခြေလှမ်းကျယ်ကျယ် လှမ်းမိရင်ဖြစ်စေ၊ လမ်းတွေပေါ်က သဖန်းရွက်တွေပေါ် လျှောက်မိရင်ဖြစ်စေ၊ အသံမြည်တတ်တာကလွဲလို့ ပလက်ဖောင်းပေါ်မှာ ဘာအသံမှမထွက်ဘူး။ ကျွန်တော့်ကြောင့် ခြေသံထွက်တိုင်း ကျွန်တော် နာအိုကိုကို အားနာမိတယ်။ ကျွန်တော့်ရဲ့လက်မောင်းဟာ နာအိုကို လိုအပ်တဲ့ လက်မောင်း မဟုတ်ပါဘူး။ လူတယောက်ရဲ့ လက်မောင်းတဖက်မျှသာပါပဲ။ ကျွန်တော့်ရဲ့ အနွေးဓာတ်ဟာလည်း သူလိုအပ်တဲ့ အနွေးဓာတ် မဟုတ်ပါဘူး။ တစုံတယောက်ရဲ့အနွေးဓာတ်မျှသာပါပဲ။ ကျွန်တော်ဟာ ကျွန်တော်ဖြစ်နေတဲ့အတွက် နောင်တရမိလုနီးနီးပဲ။

ဆောင်းသည်းထန်လာတဲ့အချိန်မှာ ကြည်လင်နေတဲ့ နာအိုကို မျက်ဝန်းအစုံဟာ ကြီးထွားလာတယ်။ အဲဒီကြည်လင် ပြတ်သားမှုဟာ ဘယ်ကိုမှ မရွေ့ဘဲ တည်ငြိမ်နေခဲ့တယ်။ တခါတလေကျရင်လည်း နာအိုကိုရဲ့မျက်ဝန်းတွေဟာ အကြောင်းပြချက်မှ မရှိဘဲ ကျွန်တော့်ဆီကို အကြာကြီး ရောက်နေတတ်တယ်။ သူဟာ တခုခုကို ရှာဖွေနေသလိုပဲ။ အဲဒီအကြည့်က ကျွန်တော့်ကို ထူးဆန်းတဲ့၊ အထီးကျန်ဆန်တဲ့၊ အကူအညီမဲ့ ခံစားချက်မျိုးကို ဖြစ်ပေါ်စေတယ်။

သူဟာ တခုခုကို ကျွန်တော့်ဆီ ပို့ဆောင်ချင်ပေမယ့် စကားလုံး ရှာမရ ဖြစ်နေတဲ့ပုံစံမျိုး။ စကားလုံးနဲ့ ဖော်ပြမရနိုင်လို့ စကားအဖြစ် မပြောတာလို့ ကျွန်တော်ထင်မိတယ်။ အဲဒီလိုဖြစ်လာရင် သူဟာ ဆံထိုးကို ဟိုရွှေ့ သည်ရွှေ့ လုပ်မယ်။ သူ့ပါးစပ်ထောင့်ကို လက်ကိုင်ပုဝါနဲ့ သုတ်နေမယ်။ ဒါမှမဟုတ် ဘာအဓိပ္ပာယ်မှမရှိပဲ ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်နေတတ်တယ်။ သူ အဲဒီလိုဖြစ်တိုင်း ကျွန်တော် သူ့ကို ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်ချင်တယ်။ ဒါပေမဲ့ ကျွန်တော် တွန့်ဆုတ်ပြီး အသာလေး နေလိုက်ရတာချည်းပဲ။ ကျွန်တော် အဲဒီလိုလုပ်လိုက်ရင် သူနာကျင်သွားမှာကိုစိုးမိတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်တို့နှစ်ယောက်ဟာ တိုကျိုမြို့ရဲ့လမ်းတွေပေါ် လမ်းတွေလျှောက်နေတော့တာပဲ။ နာအိုကိုဟာ လမ်းလျှောက်ရင်း စကားလုံးတွေ ရှာကောင်းရှာနေလိမ့်မယ်။ အဆောင်က ကောင်တွေကတော့ တနင်္ဂနွေ မနက်ဘက် နာအိုကို ကျွန်တော့်ဆီ ဖုန်းဆက်ရင်ဖြစ်စေ၊ အပြင်ထွက်ရင်ဖြစ်စေ ကျွန်တော့်ကို စကြ နောက်ကြတယ်။ သူတို့အားလုံးက ကျွန်တော် ကောင်မကလေးတယောက် ရနေပြီလို့ ထင်ကြတယ်။ သူတို့ကို အမှန်အတိုင်း ရှင်းပြဖို့ မဖြစ်နိုင်သလို ရှင်းပြဖို့လည်း မလိုအပ်ပါဘူး။ အဲဒါကြောင့် သူတို့ထင်ချင်သလို ထင်ကြပါစေတော့လို့ ကျွန်တော်ထားလိုက်တယ်။ ကျွန်တော် ညနေဘက် ပြန်ရောက်လာရင်တော့ အူကြောင်ကြောင် မေးခွန်းတွေ တပုံတပင် အမေးခံရတတ်တယ်။ ဘယ်လိုပုံစံ ကျွန်တော် အသုံးပြုခဲ့လဲ။ ကောင်မကလေး လဲလျောင်းနေတာ ဘာနဲ့တူလဲ။ ကောင်မကလေး အတွင်းခံဘောင်းဘီ ဘာအရောင် ဝတ်ခဲ့လဲ။ .... စတဲ့ မေးခွန်းတွေပေါ့။ ကျွန်တော်ကလည်း သူတို့လိုချင်တဲ့အဖြေတွေ

ပြန်ပေးခဲ့တယ်။

ဒီလိုနဲ့ ကျွန်တော်အသက် ၁၈ နှစ်ကနေ ၁၉ နှစ် ဖြစ်လာခဲ့တယ်။ နေ့တိုင်းမှာ နေဟာ ထွက်ပေါ်လာပြီး ပြန်ပျောက်ကွယ်သွားစမြဲပဲ။ တနင်္ဂနွေနေ့တိုင်းမှာလည်း သေသွားတဲ့ ကျွန်တော့်သူငယ်ချင်းရဲ့ ကောင်မကလေးနဲ့ ချိန်းတွေ့နေကျပဲ။ ကျွန်တော် ဘာတွေလုပ်နေတာလဲ၊ ကျွန်တော် ဘာတွေဆက်လုပ်ဦးမှာလဲဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော်ယူထားတဲ့ ဘာသာရပ်တွေကြောင့် ကျွန်တော်ဟာ ကလော်ဒယ်၊ ရာစင်းနဲ့ အီစနစ်စတိုင်းတို့ကို ဖတ်ရတယ်။ ဒါပေမဲ့ သူတို့ရဲ့စာတွေဟာ ကျွန်တော့်အတွက်တော့ ဘာမှမဟုတ်လှဘူး။ စာသင်ခန်းတွေမှာ ကျွန်တော် ဘယ်သူနဲ့မှ အပေါင်းအသင်း မလုပ်ဘူး။ အဆောင်မှာဆိုရင်လည်း ကျွန်တော်နဲ့ သိတာ ခပ်ရှားရှားပဲ။ ကျွန်တော်ဟာ အမြဲတိုင်း စာအုပ်တအုပ်နဲ့ တယောက်ထဲ ထိုင်နေတတ်လို့ အဆောင်ကလူတွေက ကျွန်တော်ဟာ စာရေးဆရာ ဖြစ်ချင်နေတဲ့ကောင်လို့ ထင်တတ်ကြတယ်။ တကယ်တော့ ကျွန်တော့်မှာ ဘာရည်မှန်းချက်မှရှိတာ မဟုတ်ဘူး။ ကျွန်တော် တခြား ဘာမှလည်း မဖြစ်ချင်ဘူး။

ဒီခံစားချက်ကို ကျွန်တော် နာအိုကို့ကိုတော့ ပြောဖြစ်တယ်။ သူဟာ ကျွန်တော်ခံစားနေရတာကို အနည်းဆုံးတော့ အတိုင်းအတာတခုလောက်အထိ တိတိကျကျ သိလိမ့်မယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော့်အကြောင်း ကျွန်တော်ပြောနိုင်ဖို့ စကားလုံး ရှာမရတတ်ဘူး။ သိပ်ထူးဆန်းတယ်။ ကျွန်တော်ဟာ သူ့ရဲ့စကားလုံး ရှာဖွေမရမှုရောဂါ ကူးစက် ခံနေရပြီ။

စနေညတွေမှာဆိုရင် နာအိုကို့ဖုန်းအလာကို စောင့်ရင်း ဧည့်ခန်းထဲက ဖုန်းဘေးနားမှာ ကျွန်တော် ထိုင်နေတတ်တယ်။ ကျောင်းသားအများစုဟာ စနေညဆိုရင် အပြင်ထွက်တတ်ကြတော့ ဧည့်ခန်းမှာ အမြဲတမ်း လူရှင်းနေတတ်တယ်။ တိတ်ဆိတ်နေတဲ့နေရာပေါ် ဖြာကျနေတဲ့ အလင်းရောင်ကို ငေးကြည့်ရင်း ကျွန်တော့်နှလုံးသားကို ကျွန်တော် မြင်နိုင်အောင် ကြိုးစားနေတတ်တယ်။ ကျွန်တော် ဘာလိုချင်နေတာလဲ။ တခြားလူတွေကရော ကျွန်တော့်ဆီက ဘာတွေလိုချင်နေတာလဲ။ တခါတလေ ဆိုရင် ကျွန်တော် အလင်းရောင်တွေကို ဖမ်းဆုပ်နေမိတတ်တယ်။ ဒါပေမဲ့ ကျွန်တော့်လက်တွေက ဘာကိုမှ မဆုပ်မိဘူး။

※※※

ကျွန်တော် စာတွေ အများကြီးဖတ်ဖြစ်တယ်။ ဒါပေမဲ့ စာအုပ် အများကြီးတော့ မဟုတ်ဘူး။ ကျွန်တော်အကြိုက်ဆုံး စာအုပ်တွေကိုပဲ

ထပ်ပြန်တလဲလဲ ဖတ်နေတတ်တာ။ ထရူးမန်ကပုပ်၊ ဂျွန်အပ်ဒိုက်၊ စတော့ဖစ်ဂျရယ်၊ ရေးမွန်းချန်ဒလာ စတဲ့ စာရေးဆရာတွေပေါ့။ ကျွန်တော့် အတန်းထဲက လူတွေဟာ အဲဒီစာရေးဆရာတွေကို ဖတ်ကြတာ တခါမှ မတွေ့ဖူးဘူး။ သူတို့ဟာ ကာဇူမီတာကာဟာရှီ၊ ကင်ကာဘူရိုအိုအဲ၊ ယူကီရိုမီရှီမာ ဒါမှမဟုတ် ခေတ်ပြိုင် ပြင်သစ် ဝတ္ထုရေး ဆရာတွေကိုပဲ ဖတ်ကြတာ။ သူတို့နဲ့ ကျွန်တော်စာအုပ်တွေအကြောင်း မဆွေးနွေးဘဲ ကိုယ်ကြိုက်တာ ကိုယ်ဖတ်နေတဲ့အကြောင်းလည်း ပါမှာပေါ့လေ။ ကျွန်တော် မျက်လုံးတွေ မှိတ်ထားပြီး ကျွန်တော်နဲ့ ရင်းနှီးနေတဲ့ စာအုပ်တအုပ်ကို ထုတ်ယူမယ်။ ပြီးရင် အဲဒီစာအုပ်ရဲ့ ရနံ့တွေ ခန္ဓာကိုယ်ထဲ စိမ့်ဝင်လာတယ်လို့ ခံစားမိတယ်။ အဲဒီလိုလုပ်တာဟာ ကျွန်တော့်ကို တော်တော် ပျော်ရွှင်စေတတ်ပါတယ်။

ကျွန်တော် ဆယ့်ရှစ်နှစ်သားအရွယ်မှာ အကြိုက်ဆုံးစာအုပ်က ဂျွန်အပ်ဒိုက်ရဲ့ The Centaur ဝတ္ထုပေါ့။ ဒါပေမဲ့ ကျွန်တော် အဲဒီ့စာအုပ်ကို အကြိမ်ပေါင်းများစွာ ဖတ်ရှုပြီးတဲ့နောက်မှာ စောစောပိုင်းတုန်းက ဖတ်ခဲ့ရတုန်းက ရခဲ့တဲ့အရသာတွေ ပျောက်ပျက်ကုန်တယ်။ အဲဒီစာအုပ် ပြီးတော့ ကျွန်တော် The Great Gatstby ကို စွဲလမ်းခဲ့တယ်။ The Centaur ပြီးရင် Gatsby ဟာ ကျွန်တော့်အကြိုက်ဆုံးဝတ္ထုအဖြစ် အကြာကြီး ရပ်တည်နိုင်ခဲ့တယ်။ ကျွန်တော် ဖတ်ချင်စိတ် ပေါက်လာရင် စာအုပ်စင်ကနေ Gatsby စာအုပ်ကို ဆွဲထုတ်လိုက်ပြီး ကြုံတဲ့အခန်းကို ဖတ်နေတော့တာပဲ။ အဲဒီစာအုပ်ကို ဖတ်ရတာ ကျွန်တော် ဘယ်တော့မှ မပျင်းပါဘူး။ အဲဒီ့စာအုပ်မှာ ပျင်းစရာကောင်းတဲ့ စာရွက်ဆိုလို့ တရွက်တောင် မပါခဲ့ဘူး။ ကျွန်တော်က Gatsby ဟာ အံ့သြဖို့ ကောင်းကြောင်း လူတွေကို ပြောပြချင်ပေမယ့် ကျွန်တော့်အနားမှာ Gatsby ကို ဖတ်ဖူးတဲ့လူ မရှိသလို၊ ဖတ်ချင်စိတ်ရှိတဲ့လူတွေလည်း မရှိဘူး။ ၁၉၆၈ ခုနှစ်မှာ စကော့ဖစ်ဂျ်ဂျရယ်ရဲ့ စာအုပ်တွေ ဖတ်ဖို့ တိုက်တွန်းရင် ဘာတုံ့ပြန်မှု ရမှာ မဟုတ်ပါဘူး။

နောက်ဆုံးတော့ ကျွန်တော်ဘဝမှာ Gatsby ကို ဖတ်ဖူးတဲ့ လူတယောက်နဲ့ အမှန်တကယ် ဆုံတွေ့ဖြစ်ခဲ့ပါတယ်။ အဲဒီစာအုပ်ကြောင့် သူနဲ့ ကျွန်တော် သူငယ်ချင်းတွေ ဖြစ်ခဲ့ပါတယ်။ သူ့နာမည်က နာကာဆာဝါလို့ ခေါ်ပါတယ်။ သူဟာ ကျွန်တော့်ထက် နှစ်နှစ် ပိုကြီးပါတယ်။ သူဟာ ဂုဏ်သိက္ခာကြီးမားတဲ့ တိုကျိုတက္ကသိုလ်မှာ ဥပဒေလေ့လာမှု ပညာရပ်ကို သင်ယူနေပြီး နိုင်ငံခြားရေးဌာနဆောင်ပိုင်းကို ရောက်ဖို့ လမ်းကြောင်းပေါ် ရောက်ရှိနေပါပြီ။ သူနဲ့ ကျွန်တော်ဟာ တဆောင်ထဲ နေပေမယ့် မျက်မှန်းတန်းမိရုံပဲ ရှိပါတယ်။ တနေ့တော့ ထမင်းစားခန်းရဲ့ နေရောင်ကျတဲ့နေရာမှာ ကျွန်တော် Gatsby စာအုပ် ထိုင်ဖတ်နေတာ သူမြင်သွားပြီးတဲ့နောက်မှာ သူငယ်ချင်းတွေ ဖြစ်ခဲ့တာပါ။ သူ ကျွန်တော့်ဘေးနား လာထိုင်ပြီး ကျွန်တော် ဘာစာအုပ် ဖတ်နေတာလဲလို့

မေးခဲ့ပါတယ်။ ကျွန်တော်က စာအုပ်နာမည် ပြောတော့ သူက ဖတ်ရတာ ကြိုက်ရဲ့လားလို့ ထပ်မေးပါတယ်။ “ဒါ ကျွန်တော် သုံးကြိမ်မြောက် ဖတ်တာ။ တခေါက် ဖတ်တိုင်းလည်း အသစ်တခုခုတွေ့လို့ ပိုကြိုက်မိတယ်” လို့ ကျွန်တော် ဖြေခဲ့တယ်။

“ဒီပုဂ္ဂိုလ်က Gatsby ကို သုံးကြိမ်ဖတ်ပြီးပြီလို့ ပြောနေပြီ။ အင်း... Gatsby ရဲ့သူငယ်ချင်းဟာ ငါ့ရဲ့သူငယ်ချင်းပဲပေါ့” လို့ သူဟာ တကိုယ်တည်း ရေရွတ်ခဲ့ပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတယ်။ အဲဒီအဖြစ်အပျက်ဟာ အောက်တိုဘာလမှာ ဖြစ်ခဲ့တာပါ။

ကျွန်တော် သူ့အကြောင်း ပိုသိလာလေ။ သူဟာ ပိုထူးဆန်းတယ်လို့ ထင်မိလေပါပဲ။ ကျွန်တော် ထူးဆန်းတဲ့လူတွေ တွေ့ဖူးပေမယ့် ဘယ်သူမှ နာကာဆာဝါလောက် မထူးဆန်းပါဘူး။ သူဟာ ကျွန်တော့်ထက် ပိုပြီး စာစုံဖတ်တဲ့လူပါ။ ဒါပေမဲ့ သူဟာ စာအုပ်တွေနဲ့ စာရေးဆရာ သေတာ အနည်းဆုံး နှစ်သုံးဆယ် မရှိဘဲနဲ့ ဘယ်စာအုပ်ကိုမှ မဖတ်တဲ့ စည်းကမ်း ထားပါတယ်။ “ဒီနည်းလမ်းကသာ စာအုပ်အပေါ် ငါယုံကြည်နိုင်တဲ့ တခုတည်းသော နည်းလမ်းပဲ” လို့ သူက ပြောပါတယ်။

“ငါ ခေတ်ပြိုင်စာပေကို မယုံကြည်တော့တာ မဟုတ်ပါဘူး။ ဒါပေမဲ့ အချိန်ပေး ဖတ်လောက်အောင် မတန်တဲ့ စာအုပ်တွေအတွက် အချိန်မဖြုန်းချင်ဘူး။ ဘဝဆိုတာ တိုတိုလေးရယ်”

“ဘယ်စာရေးဆရာတွေကို ခင်ဗျားကြိုက်လဲ” လို့ ကျွန်တော့်ထက် နှစ်နှစ် စီနီယာကျတဲ့ သူ့ကို တလေးတစား မေးမိခဲ့ပါတယ်။

“ဘောလ်ဇက်၊ ဒန်တီ၊ ဂျိုးဆက်ကွန်းရက်ဒ်” လို့ သူ မတုန့်မဆိုင်း ဖြေသွားခဲ့ပါတယ်။

“ခေတ်အကြိုက်စာရေးဆရာတွေတော့ မဟုတ်ဘူးနော်”

“အဲဒါကြောင့်လည်း ငါ သူတို့ကို ဖတ်နေတာပေါ့။ မင်းဟာ လူအများစုဖတ်တဲ့ စာအုပ်တွေကို လိုက်ဖတ်နေရင် လူအများစု တွေးသလိုပဲ တွေးတတ်မှာပေါ့။ ကမ္ဘာ့ကြီးဟာ...”

တကယ်လူအစစ်တွေဟာ အဲဒီလိုဖြစ်တဲ့အတွက် ရှက်တတ်ကြတာ။ မင်းသတိမထားဘူးလား ဝါတာနာဘီ။ မင်းနဲ့ ငါနှစ်ယောက် ဒီအဆောင်မှာ လူသားအစစ်တွေ၊ အခြားကောင်တွေက...”

သူ့စကားက ကျွန်တော့်ကို စဉ်းစားစေတယ်။

"ခင်ဗျား ဘာကြောင့် ဒီလိုပြောတာလဲ"

"ငါပြောတာ အမှန်ပဲလို့ ငါသိနေတယ်။ ငါမြင်နိုင်တယ်။ ငါတို့ရဲ့အပူတွေပေါ်မှာ အမှတ်အသားတွေ ရှိနေသလိုပဲပေါ့။ ဒါ့အပြင် ငါတို့နှစ်ယောက်လုံးဟာ Gatsby ကို ဖတ်ဖူးကြတယ်လေ။

ကျွန်တော်ခေါင်းထဲမှာ ချက်ချင်း တွက်မိနေတယ်။ "ဖစ်ချ်ဂျရယ် သေတာ နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်နော်" လို့ ကျွန်တော်ပြောလိုက်တယ်။

"နှစ်နှစ်ပဲကွာတာ ဘာဖြစ်လဲ။ ဖစ်ချ်ဂျရယ်ဟာ ခေတ်ရှေ့ပြေးတာပဲ"

အဆောင်မှာရှိတဲ့ လူအားလုံး ဘယ်သူမှ နာကာဆာဝါဟာ ဂန္ထဝင် ဝတ္ထုတွေ တိတ်တိတ်ပုန်း ဖတ်နေတာ ဘယ်သူမှ မသိဘူး။ ဒါ့အပြင် သိခဲ့ရင်လည်း သူတို့အတွက် ဘာမှထူးမှာ မဟုတ်ဘူး။ နာကာဆာဝါဟာ စမတ်ကျတဲ့အတွက် လူသိများတယ်။ သူဟာ တိုကျိုတက္ကသိုလ်ကို အလွယ်လေး ရောက်ခဲ့တယ်။ စာမေးပွဲမှာလည်း အမှတ်ကောင်းကောင်း ရခဲ့တယ်။ တနေ့မှာ အစိုးရဝန်ထမ်း စာမေးပွဲလည်း ဖြေပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ်လုပ်ဦးမှာ၊ ပြီးရင် သံတမန်ဖြစ်လာဦးမယ့် လူ။ နာကာဆာဝါဟာ ဒိတ်ဒိတ်ကြဲကြဲ မိသားစုကနေ ပေါက်ဖွားလာခဲ့တာ။ သူ့အဖေဟာ နာဂိုရာမှာ ဆေးရုံတရုံ ပိုင်တယ်။ သူ့အစ်ကိုဟာ တိုကျိုတက္ကသိုလ်ကနေ ဘွဲ့ရပြီး ဆေးကျောင်းတက်ခဲ့တယ်။ တနေ့မှာ ဆေးရုံကို သူတို့ညီအစ်ကိုနှစ်ယောက် အမွေရအုံးမှာ။ နာကာဆာဝါရဲ့အိတ်ကပ်ထဲမှာ အမြဲတမ်း ပိုက်ဆံ အလျှံအပယ် ရှိနေတတ်တယ်။ သူဟာ တကယ့်ကို ကိန်းကြီးခန်းကြီး ဂုဏ်သရေရှိရှိ နေထိုင်တတ်သူတယောက် ဖြစ်တယ်။ အဆောင်ရဲ့အကြီးအကဲ အပါအဝင် လူတိုင်းဟာ သူ့ကို လေးလေးစားစား ဆက်ဆံတတ်ကြတယ်။ သူသာ တယောက်ယောက်ကို ခိုင်းလိုက်ရင် အခိုင်းခံရတဲ့သူက ဘာမှမကန့်ကွက်ဘဲ လုပ်ပေးတတ်ကြတယ်။ လုပ်ပေးရုံမှတပါး ရွေးချယ်စရာမရှိတဲ့ပုံမျိုးပေါ့။

နာကာဆာဝါမှာ လူတွေကို ဆွဲဆောင်နိုင်တဲ့ မွေးရာပါ အရည်အချင်းတခုရှိတယ်။ အဲဒါကြောင့်ပဲ လူတွေဟာ သူ့နောက်လိုက်ကြတာ။ သူဟာ အခြေအနေတရပ်ကို ခေါင်းဆောင်နိုင်တဲ့သူ ဖြစ်တယ်။ ပြီးတော့ လိုက်နာနိုင်တဲ့ တိကျတဲ့ ညွှန်ကြားချက်တွေ ပေးတတ်တယ်။ သူဟာ ဦးခေါင်းနောက်မှာ ရှိတဲ့ ဂုဏ်သရေအလင်းတန်းဟာ နတ်ဒေဝါတွေရဲ့ခေါင်းနောက်က ရောင်စဉ်တန်းတွေလိုပဲ။ အဲဒါကြောင့်ပဲ လူတွေဟာ သူ့ကို သာလွန်ထူးကဲလှတဲ့ လူသားလို့ လက်ခံထားတာဖြစ်တယ်။ ဘာမှ ထူးခြားမှုမှ မရှိတဲ့ ကျွန်တော့်ကို နာကာဆာဝါက သူငယ်ချင်းအရင်းအဖြစ် ရွေးချယ်ခဲ့တာတော့

အားလုံး အံ့အားသင့်ခဲ့ကြတယ်။ သူ့ရဲ့အနီးကပ် သူငယ်ချင်း ဖြစ်တာကြောင့်ပဲ လူတွေက ကျွန်တော့်ကို လေးစားကြတာကို ကျွန်တော်သိတယ်။ လူတွေဟာ နာကာဆာဝါ ကျွန်တော့်ကို ဘာကြောင့် သူငယ်ချင်းအဖြစ် ရွေးချယ်ခဲ့တယ်ဆိုတာကို နားမလည်ကြပါဘူး။ ဘာလဲဆိုတော့ နာကာဆာဝါဟာ သူများတွေဆီကရနေတဲ့ ဦးစားပေး အလေးထားမှုတွေကို ကျွန်တော့်ဆီက မရလို့ပါပဲ။ သူ့ရဲ့ထူးခြားရှုပ်ထွေးဆန်းပြားတဲ့ နေပုံထိုင်ပုံကို ကျွန်တော် စိတ်ဝင်စားမိပါတယ်။ သူ့ရဲ့ အဆင့်အတန်း ဂုဏ်သရေကြီးမှု အသွင်သဏ္ဌာန် စတာတွေ တခုမှ ကျွန်တော် အထင်မကြီးပါဘူး။ အဲဒီလို ကျွန်တော်ဖြစ်တာကလည်း သူ့အတွက် ထူးခြားနေတာပဲ ဖြစ်ပါတယ်။

နာကာဆာဝါရဲ့ကိုယ်ရည်ကိုယ်သွေးမှာ ဆန့်ကျင်ဘက်တွေ ရှိထားပါတယ်။ သူဟာ အချိန် တော်တော်များများမှာ ကြင်နာနေတတ်ပေမယ့် သူဟာ အလွယ်တကူလည်း သွေးအေး ရက်စက်တတ်ပါတယ်။ သူ့ဟာ မြင့်မြတ်သူတယောက် ဖြစ်ပေမယ့် တခါတရံ ပြင်မရလောက်တဲ့ အမှားတွေကိုလည်း ကျူးလွန်တတ်တဲ့ အကျင့်တွေ ရှိတတ်ပါတယ်။ သူဟာ ရှေ့ကိုကြိုမြင်တတ်ပြီး ခေါင်းဆောင်လုပ်နိုင်တဲ့ အရည်အသွေးတွေလည်း ရှိထားပေမယ့် သူ့နှလုံးသားထဲမှာ အထီးကျန် ဝေဒနာ ရှိနေပါတယ်။ ကျွန်တော် သူ့ရဲ့ဝိရောဓိဆန်တဲ့စရိုက်တွေကို အစောပိုင်းကတည်းက တွေ့ခဲ့ပါတယ်။ ဘာကြောင့်များ လူတယောက်မှာ ဆန့်ကျင်ဘက် အရည်အသွေးတွေ ရှိတာကို လူတွေ ဘာလို့ မသိနိုင်ကြတာလဲဆိုတာ ကျွန်တော်မတွေးတတ်ဘူး။

ဒါပေမဲ့လည်း ကျွန်တော်ဟာ သူ့ကို နှစ်လိုဖွယ်ကောင်းတဲ့ လူတယောက်လို့ မြင်နေဆဲပါပဲ။ သူ့ရဲ့ ထင်ရှားဆုံး တန်ဖိုးကတော့ ရိုးသားမှုပါပဲ။ သူဟာ ဘယ်တော့မှ လိမ်မပြောတတ်သလို သူ့ရဲ့ အကြောင်းတွေကိုလည်း အသိအမှတ်ပြုတတ်သူပါ။ သူ့ကို အရှက်ရစေနိုင်တဲ့ အကြောင်းအရာ တွေကိုလည်း သူ ဘယ်တော့မှ မဖုံးကွယ်တတ်ဘူး။ ကျွန်တော် သိသလောက်တော့ သူ့ရဲ့ တဖက်သားအပေါ် ဂရုစိုက်မှုဟာ ဘယ်တော့မှ လစ်ဟင်းမသွားသလို ထောက်ခံမှုလည်း မရပ်နားဘူး။ ကျွန်တော်အဆောင်နေ ကျောင်းသားဘဝတလျှောက် သူဟာ မကျေမနပ်ဖြစ်စရာ တခါမှ မလုပ်ဖူးပါဘူး။ ဒါပေမဲ့လည်း ကျွန်တော်ဟာ သူ့ကို ကျွန်တော့်နှလုံးသားကို တခါမှ မလှစ်ဟပြဖြစ်ဘူး။ ကျွန်တော်နဲ့ ကီဇူကီနဲ့အကြောင်းကို ကျွန်တော် သူ့ကို မပြောပြဘူး။ တခါက နာကာဆာဝါဟာ အရက်မူးပြီး မိန်းကလေးတယောက်ကို အနိုင်ကျင့်တာ ဖြစ်ပြီးတဲ့နောက် ဘယ်တော့မှ ကျွန်တော့်အကြောင်း အကုန်မပြောဖို့ ကျွန်တော့်ဘာသာ ဆုံးဖြတ်ချက်ချမိခဲ့တယ်။

အဆောင်တွေမှာ နာကာဆာဝါရဲ့ဒဏ္ဍာရီမျိုးစုံဟာ လူပြောသူပြော များတတ်တယ်။ တယောက်က ဆိုရင် နာကာဆာဝါဟာ မိန်းမသုံးယောက်နဲ့

တခါတည်း အိပ်နိုင်သတဲ့။ နောက်တယောက်ကလည်း သူ့မှာ လိင်တံ အကြီးကြီးရှိပြီး မိန်းကလေး တရာကျော်နဲ့ အိပ်ပြီးပြီလို့ ဆိုပါတယ်။

မိန်းမသုံးယောက် ကိစ္စကတော့ တကယ်ပါ။ သူ ကျွန်တော့်ကို တခါက ပြောဖူးတယ်။

"အဲဒါဘယ်လိုဖြစ်တာလဲ"

"ငါ ဒီမှာနေဖို့ စရောက်လာတဲ့ ပထမနှစ်မှာ ဖြစ်ခဲ့တာပါ။ အဲဒီတုန်းက ကျောင်းသားသစ်တွေနဲ့ အတန်းကြီးတွေကြားမှာ ပြဿနာတွေ ရှိခဲ့တယ်။ ဧပြီလလောက်မှာ စခဲ့တဲ့ ပြဿနာဟာ စက်တင်ဘာလမှာ အထွဋ်အထိပ်ကို ရောက်ခဲ့တယ်။ ငါဟာ ပထမနှစ် ကျောင်းသားကိုယ်စားလှယ် အနေနဲ့ အတန်းကြီးတွေ ပြဿနာသွားရှင်းလိုက်တယ်။ သူတို့ဟာ လက်ယာဝါဒီ ငတုံးတွေ။ သူတို့ဆီမှာ သစ်သားကင်ဒိုဓားတွေရှိတော့ ဓားချင်းယှဉ်ခုတ်ပြီး ရှုံးတဲ့သူက နိုင်တဲ့သူကို စိတ်ကျေနပ်အောင် လုပ်ပေးဖို့ ကတိပြုခဲ့ကြတယ်။ သူတို့က ဓားချင်းယှဉ်ခုတ်ရုံပါပဲ။ ငါက ကြေးထည့်ခဲ့တာ။ "ကောင်းပြီ။ အရှုံး အနိုင်အတွက် တခုခုကြေး သတ်မှတ်ရအောင်။ မင်းတို့ ငါ့ကို လုပ်ချင်သလိုသာလုပ်။ ဒါပေမဲ့ ဓားချင်းခုတ်နေချိန်မှာ အနားမှာ တယောက်မှ မရှိကြနဲ့လို့ ငါပြောခဲ့တယ်။ သူတို့ကလည်း "အိုကေလေ။ ဆော်နှစ်ပွေ ခေါ်ပေးကြေး လုပ်လိုက်ပေါ့" လို့ ပြောခဲ့တယ်။ ငါနိုင်သွားတော့ ခွေးသားတွေက ဆော်ဝဝကြီးသုံးပွေ ခေါ်ခဲ့တယ်။ ငါလည်း သူတို့ သုံးယောက်စလုံးနဲ့ အိပ်ပစ်ခဲ့တယ်"

"ဘယ်လိုနေလဲ"

"နောက်တော့ ဘာတွေဖြစ်ခဲ့လဲ"

"ငါ့အခန်း ငါပြန်လာခဲ့ပြီး ဆားရေတွေ အများကြီး သောက်ခဲ့ရတယ်။ တခြားလုပ်စရာမှ မရှိတော့တာ"

"ဟုတ်တာပေါ့"

သူ့ရဲ့ လိင်တံ အရွယ်အစားကို သိအောင် လုပ်ခဲ့ရတာက လွယ်ပါတယ်။ အဆောင်ရဲ့ ဘုံရေချိုးခန်းကို သူနဲ့အတူ ရေသွားချိုးလိုက်ရုံနဲ့ သိခဲ့ပါ တယ်။ ဒါပေမဲ့ မိန်းမတရာကျော်နဲ့ အိပ်ပြီးခဲ့ပြီဆိုတာကတော့ ချဲ့ကားထားတာပါ။ "ခုနစ်ဆယ့်ငါးယောက်လောက်တော့ ရှိပြီထင်တယ်။ ငါ မမှတ်မိတော့ဘူး။ ဒါပေမဲ့ အနည်းဆုံး အယောက် ခုနစ်ဆယ်လောက်တော့ ရှိပါပြီ" လို့ သူ့ကို ကျွန်တော်မေးတော့ သူဖြေခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ မိန်းကလေးတယောက်နဲ့ပဲ အိပ်ခဲ့ဖူးတယ်ဆိုတော့ သူက "ဒီကိစ္စ ငါတို့ လွယ်လွယ်လေး လုပ်လို့ရတယ်။

နောက်တခေါက်ကျရင် ငါနဲ့လိုက်ခဲ့။ ဘာနဲ့မှမတူတဲ့ တယောက် ငါရှာပေးမယ်” လို့ ပြောခဲ့ပါတယ်။

ကျွန်တော် သူ့ကို မယုံခဲ့ပါဘူး။ ဒါပေမဲ့ သူဟာ လက်တွေ့ဖြစ်အောင် လုပ်ပြခဲ့ပါတယ်။ တကယ့် လွယ်လွယ်လေးပါပဲ။ ဘီယာရဲ့ စိတ်လှုပ်ရှားမှု အရသာနဲ့အတူ လွယ်လွယ်လေး ရရှိခဲ့ပါတယ်။ သူနဲ့ ကျွန်တော်ဟာ ရှီဘူရာ ဒါမှမဟုတ် ရှင်ဂျူကူ ရပ်ကွက်က ဘားဆိုင်တွေ (သူအကြိုက်ဆုံးနေရာတွေ) ကို သွားခဲ့ကြတယ်။ အဲဒီမှာ ကောင်မလေးနှစ်ယောက်တွဲ တွေ့ခဲ့တယ်။ (ကမ္ဘာကြီးပေါ်မှာ မိန်းကလေးနှစ်ယောက်တွဲတွေ အများကြီးပါပဲ) သူတို့နဲ့ သွားစကားပြောပြီး ဘီယာသောက်တယ်။ ပြီးတော့ ဟိုတယ်တခုမှာ သွားအိပ်ဖြစ်တယ်။ နာကာဆာဝါဟာ စကားပြောကောင်းတဲ့ လူတယောက်ဖြစ်တယ်။ သူ့မှာ စကားပြောစရာ အကြောင်းအရာ ကြီးကြီးမားမား ရှိတာ မဟုတ်ပေမယ့် မိန်းကလေးတွေဟာ သူစကားပြောတာကိုပဲ နားထောင်ချင်နေကြတယ်။ သူတို့တွေ စကားတွေ အများကြီး ပြောပြီးတဲ့နောက်တော့ အဆုံးသတ်မှာ သူနဲ့ အိပ်လိုက်ကြတာချည်းပဲ။ မိန်းကလေးတွေဟာ အရမ်းမိုက်၊ အရမ်းချောပြီး ရုပ်ရည်ချောမောတဲ့ လူတယောက်နဲ့ အတူရှိနေရတာကို နှစ်သက်ကြတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ ထူးဆန်းတာတခုက သူနဲ့အတူရှိနေတဲ့ ကျွန်တော်ဟာလည်း သူ့လိုပဲ ဆွဲဆောင်မှုရှိတဲ့ တယောက်အဖြစ် မိန်းကလေးတွေ လက်ခံကြတာပါပဲ။ နာကာဆာဝါဟာ ကျွန်တော့်ကို စကားပြောဖို့ တိုက်တွန်းလေ့ရှိတယ်။ ကျွန်တော်ပြောရင်လည်း မိန်းကလေးတွေဟာ သူ့အပေါ် တုံ့ပြန်သလို ကျွန်တော့်ကိုလည်း တလေးတစားနဲ့ ပြန်ပြောတတ်ကြတယ်။ သူရဲ့မွေးရာပါ အရည်အချင်းကို ကျွန်တော် အမြဲတမ်း အထင်ကြီးမိတယ်။ နာကာဆာဝါနဲ့ ယှဉ်မယ်ဆိုရင် ကီဇူကီရဲ့စကားပြောကောင်းတဲ့ အရည်အချင်းဟာ ကလေးအဆင့်လောက်ပဲ ရှိသွားပါတယ်။ သူတို့နှစ်ယောက်ကြားမှာ ကွာဟမှုက ကြီးမားလွန်းလှပါတယ်။ ကျွန်တော်ဟာ နာကာဆာဝါရဲ့ ပါဝါအောက်မှာ ဖမ်းစားခံနေရပြီဆိုတာ သိပေမယ့်လည်း ကျွန်တော် နာကာဆာဝါကို လွမ်းနေဆဲပါပဲ။ ကီဇူကီရဲ့ရိုးသားမှုကို ကျွန်တော် လေးစားမိသလိုခံစားရတယ်။ သူ့မှာ ဘယ်လိုအရည်အချင်းတွေပဲရှိရှိ သူဟာ နာအိုကိုနဲ့ ကျွန်တော့်ကို နှစ်ယောက်တည်း စကားပြောခွင့် ပြုခဲ့ပါတယ်။ နာကာဆာဝါကတော့ သူ့အရည်အချင်းတွေနဲ့ မိန်းကလေးတွေနဲ့ သေလောက်အောင် အိပ်ချင်နေတာ မဟုတ်ပေမယ့် အဲဒါဟာ သူ့အတွက် ဂိမ်းတခုလိုပဲဆိုတာ ကျွန်တော် တွေ့ရှိခဲ့တယ်။

ကျွန်တော်ဟာ မိန်းကလေးတွေနဲ့ အိပ်ချင်စိတ်နဲ့ ရှုံးသွပ်နေမနေဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော်ဟာ ကျွန်တော်ရဲ့လိင်စိတ်ကို ထိန်းချုပ်နိုင်ပါတယ်။ လက်နဲ့ထိတွေ့ပြီး နေရာအနှံ့ လိုက်ပွတ်သပ်ရတာကို ကျွန်တော် နှစ်သက်ပါတယ်။

ဒါပေမဲ့ အဲဒီလိုလုပ်ခဲ့တာကို နောက်နေ့ မနက်ကျရင် ကျွန်တော်မှန်းနေတတ်တယ်။ ကျွန်တော် အိပ်ရာကနေ နိုးလာတဲ့အခါ ကျွန်တော့ဘေးနားမှာ သူစိမ်းမိန်းကလေးတယောက် အိပ်နေတာ တွေ့ရမယ်။ အခန်းတခန်းလုံးလည်း အရက်နံ့ တထောင်းထောင်းထနေမယ်။ အိပ်ရာခင်း၊ မီးရောင်နဲ့ ခန်းစီးစတွေဟာ အချစ်ဟိုတယ်ရဲ့လက္ခဏာတွေ အပြည့်ပဲ။ ကျွန်တော့်ခေါင်းတခုလုံးလည်း အရက်နာကျပြီး ကိုက်ခဲနေတတ်တယ်။ နောက်တော့ ကောင်မလေး အိပ်ရာနိုးလာပြီး သူ့ရဲ့ အတွင်းခံ အဝတ်အစားကို လိုက်စမ်းမယ်။ သူ့ရဲ့ခြေအိတ်ရှည်ကို ဝတ်ဆင်နေချိန်မှာ သူက “ရှင်ဟာ ကျွန်မကို တညအသုံးပြုခဲ့တာပဲ။ ရှင်နဲ့နေရတဲ့ညဟာ ဒီလထဲ ကျွန်မအတွက် အဆိုးဝါးဆုံးညပဲ” လို့ ပြောမယ်။ နောက်တော့ သူဟာ မှန်ရှေ့မှာ ထိုင်ပြီးတော့ ကိုက်ခဲနေတဲ့ သူ့ခေါင်းကိုယမ်းမယ်။ ပြီးရင် နှုတ်ခမ်းနီဆိုး၊ မျက်တောင်တု တပ်ပြီး အဆီအငေါ် မတည့်စွာ မိတ်ကပ်လိမ်းမယ်။ ကျွန်တော်က သူတို့နဲ့ တညလုံး နေရတာကို မကြိုက်ပါဘူး။ မိန်းကလေးတွေကို ဖျားယောင်း သိမ်းသွင်းနေချိန်မှာ ညသန်းခေါင်ကျော် အဆောင်ပြန်မဝင်ရ စည်းကမ်းကို မကြောက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ညထွက်ခွင့် လုပ်ထားတာကိုး။ အဲဒါကြောင့်လည်း ကျွန်တော်ဟာ မနက်မိုးလင်းတဲ့အထိ ဟိုတယ်မှာ နေရတာပေါ့။ မနက်ဘက် အဆောင်ပြန်ချိန်မှာ ကျွန်တော့်ခြေထောက် ဒယီးဒယိုင်ဖြစ်နေတယ်။ နေရောင်ခြည်ကလည်း ကျွန်တော့်မျက်စေ့တွေကို ဓားနဲ့ ထိုးနေသလိုပဲ။ ကျွန်တော့်ခေါင်းကလည်း တခြားလူတယောက်ရဲ့ခေါင်းလိုပဲ။

ဒီလိုနည်းနဲ့ ကျွန်တော် မိန်းကလေး သုံးလေးယောက်လောက်နဲ့ အိပ်ပြီးတဲ့အချိန်မှာ နာကာဆာဝါကို မေးမိတယ်။ “ခင်ဗျား အကြိမ်ခုနစ်ဆယ်လောက် အိပ်ပြီးတဲ့အချိန်မှာ ခင်ဗျားရဲ့လုပ်ရပ်ဟာ ဦးတည်ချက်မဲ့တယ်လို့ မခံစားမိဘူးလား”

“အဲဒီမေးခွန်းက မင်းကို ရိုးသားတဲ့ လူတယောက်ဆိုတာ သက်သေပြတယ်။ ကွန်ဂရက်ကျူလေးရှင်း ပါ။ သူစိမ်း မိန်းကလေးတွေနဲ့ တယောက်ပြီး တယောက် အိပ်တာဟာ ဘာမှ အကျိုးမရှိပါဘူး။ မင်းကို ငြီးငွေ့စေပြီး ကိုယ့်ကိုကိုယ် စိတ်ပျက်မိစေလိမ့်မယ်။ ငါလည်း အဲဒီလိုဖြစ်ပါတယ်” လို့ သူက ပြန်ပြောတယ်။

“အဲဒါဆို ခင်ဗျားဘာဖြစ်လို့ သူတို့နဲ့ အိပ်နေရတာလဲ”

“ပြောရခက်တယ်ကွ။ ဒေါ်စတိုယက်စကီး လောင်းကစားအကြောင်း ရေးထားတာ မင်းသိတယ် မဟုတ်လား။ အဲဒီလိုပဲပေါ့။ မင်းနံဘေးမှာ အဆုံးမရှိနိုင်တဲ့ ဖြစ်နိုင်ချေတွေ အမြောက်အများ ဝိုင်းရံနေချိန်မှာ မင်းဟာ အဲဒီအရာတွေကို မဖြတ်ကျော်ချင်တော့ဘူး။ ငါပြောတဲ့အဓိပ္ပါယ်ကို နားလည်လား”

"နားလည်သလိုလိုပဲ"

"ကြည့်စမ်း နေဝင်တော့မယ်။ မိန်းကလေးတွေ ထွက်လာပြီး ဟိုဟိုသည်သည် လျှောက်သွားပြီး တခုခုကို ရှာတော့မယ်။ သူတို့လိုချင်တဲ့ တခုခုကို ငါပေးနိုင်တယ်။ ကမ္ဘာပေါ်မှာ အလွယ်ကူဆုံး အရာပဲပေါ့။ ပုလင်းထဲကရေကို သောက်သလိုပဲ။ မင်းမသိခင်တုန်းကတော့ မင်းကို ငါ ရေသွန် တိုက်ရတယ်။ အဲဒါ သူတို့လိုချင်တာပဲ။ ငါပြောတဲ့ ဖြစ်နိုင်ချေဆိုတာ အဲဒါပဲ။ မင်းဘေးနားမှာ ဝိုင်းရံနေတယ်။ အဲဒါတွေကို မင်း ဘယ်လိုလုပ် ဥပက္ခာပြုမှာလဲ။ အဲဒါတွေကို အသုံးပြုဖို့ မင်းမှာ အရည်အချင်းရော၊ အခွင့်အရေးရော ရှိနေတယ်။ မင်းပါးစပ်ကို ပိတ်ပြီး အဲဒါတွေကို ဖြတ်ကျော်သွားတာကို ကြည့်နေနိုင်လား"

"ကျွန်တော် အဲဒီအခြေအနေမျိုး တခါမှ မရဖူးသေးဘူး။ ဘာနဲ့တူလဲဆိုတာကို ကျွန်တော် မခန့်မှန်းနိုင်ဘူး" လို့ ကျွန်တော် ပြုံးပြုံးလေး ပြောလိုက်မိတယ်။

"မင်းရဲ့အခွင့်အရေးကို မင်း ရေတွက်ကြည့်" လို့ နာကာဆာဝါက ပြောတယ်။

သူမှာ ချမ်းသာတဲ့ အနေအထား ရှိပေမယ့်လည်း အဆောင်မှာ နေရခြင်းရဲ့ ရည်ရွယ်ချက်က နာကာဆာဝါအတွက် မိန်းမပွေဖို့ပဲ။ နာကာဆာဝါ ဘာမှမလုပ်ဘဲနေမှာစိုးလို့ သူ့အဖေက သူ့ကို တိုကျိုမှာ တယောက်ထဲ နေခွင့်မပြုဘဲ တချက်လွှတ်အမိန့်နဲ့ သူ့ကို အဆောင်မှာ နေခိုင်းခဲ့တယ်။ အဆောင်မှာနေရတာလည်း နာကာဆာဝါအတွက် ပြဿနာ လုံးဝမရှိခဲ့ဘူး။ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အဆောင်စည်းကမ်းတွေကို ခွင့်မပြုဘူး။ သူစိတ်ပါလာတဲ့အခါတိုင်း ညထွက်ခွင့်ရအောင်ယူပြီး ကောင်မလေး အရှာထွက်ရင် ထွက်မယ်။ ဒါမှမဟုတ် သူ့ကောင်မလေးရဲ့ အခန်းမှာ သွားနေမယ်။ ညထွက်ခွင့်တွေဟာ လွယ်လွယ်နဲ့ ရနိုင်တာတော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ့အတွက်တော့ လွယ်တယ်။ သူတောင်းပေးနေသမျှ ကျွန်တော့်အတွက်လည်း လွယ်လွယ်လေးပါပဲ။

နာကာဆာဝါမှာ အမြဲတမ်း ရည်းစားတယောက်ရှိတယ်။ သူ ပထမနှစ်ကတည်းက တွဲခဲ့တဲ့ ကောင်မလေးတယောက်ပါ။ ကောင်မလေးနာမည်က ဟတ်ဆုမိတဲ့။ နာကာဆာဝါနဲ့ အသက်အတူတူပဲ။ ကျွန်တော် သူနဲ့ သုံးလေးခါလောက် တွေ့ဖူးတယ်။ ဟတ်ဆုမိဟာ မိန်းမကောင်းလေးတယောက် ဆိုတာကို ကျွန်တော် သိခဲ့ရတယ်။ ဟတ်ဆုမိဟာ တခါကြည့်ရုံလောက်နဲ့ ဆွဲဆောင်မှုရှိတဲ့ မိန်းကလေး မဟုတ်ဘူး။ သူဟာ သာမန်ရိုးရိုး မိန်းကလေးတယောက်သာ ဖြစ်တဲ့အတွက် ပထမဆုံးအကြိမ် တွေ့တော့

နာကာဆာဝါ သူ့ကို ဘာကြောင့် ကြိုက်ခဲ့တာလဲလို့ ကျွန်တော်တွေးမိတယ်။ ဒါပေမဲ့ စကားပြောကြည့်ပြီးတဲ့အခါမှာတော့ သူ့ကို ကျွန်တော်သဘောကျမိခဲ့တယ်။ သူဟာ စကားနည်းတယ်။ ဉာဏ်ကောင်းတယ်။ ပျော်ပျော်နေတတ်ပြီး တဖက်သားအပေါ် ဂရုစိုက်တတ်တယ်။ သူဟာ အမြဲတမ်း အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်တတ်တယ်။ ကျွန်တော် သူ့ကို တော်တော်သဘောကျမိတယ်။ တကယ်လို့သာ ကျွန်တော်ဟာ ဟတ်ဆုမိလို မိန်းကလေးတယောက်နဲ့ ချစ်သူဖြစ်နေမယ်ဆိုရင် ကျွန်တော်ဟာ အလွယ်ရတဲ့ မိန်းကလေးတွေနဲ့ အိပ်တတ်မှာ မဟုတ်ဘူး။ သူကလည်း ကျွန်တော့်ကို သဘောကျပါတယ်။ အဲဒါကြောင့် သူ့ကျောင်းက ပထမနှစ် ကျောင်းသူတယောက်ကို အရခေါ်ပြီး နှစ်စုံတွဲချိန်းတွေ့ဖို့ ကြိုးစားဖူးပေမယ့် ကျွန်တော်က ခေါ်မလာဖို့ကို တောင်းပန်ခဲ့ရပါတယ်။ ကျွန်တော်ဟာ အတိတ်က အမှားတွေ ထပ်ဖြစ်လာမှာကို စိုးရိမ်လို့ပါ။ ဟတ်ဆုမိဟာ ဂျပန်နိုင်ငံရဲ့ အကောင်းဆုံး မိန်းကလေးကျောင်းမှာ တက်ရောက်နေတာပါ။ ကျွန်တော့်မှာ ဒိတ်ဒိတ်ကျဲကျဲ ချမ်းသာတဲ့ မင်းသမီးကလေးတွေနဲ့ စကားပြောဖို့ အခွင့်အရေးဆိုတာ မရှိနိုင်ပါဘူး။

နာကာဆာဝါဟာ မိန်းကလေးတွေနဲ့ အိပ်တတ်တာမို့ ဟတ်ဆုမိ သိပေမယ့် ဘာမှမပြောတတ်ပါဘူး။ ဟတ်ဆုမိဟာ နာကာဆာဝါကို စူးစူးနစ်နစ်ကို ချစ်နေတာ။ ဒါပေမဲ့ ဘာတောင်းဆိုမှုမှ မလုပ်တတ်ဘူး။

"ငါဟာ ဟတ်ဆုမိလို မိန်းကလေးနဲ့ မတန်ပါဘူး" လို့ နာကာဆာဝါ ကျွန်တော့်ကို တခါပြောဖူးတယ်။ သူ့စကားကို ကျွန်တော်ထောက်ခံပါတယ်။

※※※

ဆောင်းဦးရာသီမှာ ကျွန်တော်ဟာ ရှင်ဂျူကူရပ်ကွက်ထဲက အခွေဆိုင်တဆိုင်မှာ အချိန်ပိုင်း အလုပ်တခုရခဲ့ပါတယ်။ ကျွန်တော် ပိုက်ဆံ သိပ်တော့မရပါဘူး။ အလုပ်ကလည်း လွယ်လွယ်လေးပါ။ အဲဒီဆိုင်မှာ တပတ်သုံးည အလုပ်သွားလုပ်ရုံပါပဲ။ ဆိုင်ရှင်တွေက ကျွန်တော့်ကို အခွေတွေ ဈေးပေါပေါ ဝယ်ခွင့်ပြုပါတယ်။ ခရစ္စမတ်ရောက်တော့ နာအိုကိုကြိုက်တဲ့ Dear Heart သီချင်းပါတဲ့ ဟင်နရီမန်ချီနီရဲ့အခွေကို ကျွန်တော်ဝယ်ပြီး လက်ဆောင် ပေးခဲ့ပါတယ်။ အဲဒီအခွေကို ကျွန်တော် အနီရောင်စက္ကူတောက်တောက်နဲ့ ထုပ်ပြီးပေးခဲ့ပါတယ်။ သူကလည်း ကျွန်တော့်ကို သူကိုယ်တိုင် ထိုးထားတဲ့ သိုးမွေး လက်အိတ်ကလေး လက်ဆောင် ပြန်ပေးခဲ့တယ်။ လက်မနေရာ နည်းနည်းတိုနေတာကလွဲလို့ လက်အိတ်ကလေးဟာ ကျွန်တော့်လက်တွေကို နွေးစေပါတယ်။

"ငါ စိတ်မကောင်းပါဘူးဟာ။ ငါ့လက်ရာ တော်တော်ညံ့သေးတာပဲ" လို့ သူ

ရေရွတ်ပါတယ်။

"စိတ်မကောင်းမဖြစ်ပါနဲ့၊ ငါနဲ့ တော်ပါတယ်" လို့ လက်အိတ်စွပ်ထားတဲ့လက်နဲ့ သူ့ကို ပြောခဲ့ပါတယ်။

"အင်းပါ။ အနည်းဆုံးတော့ နင့်လက်တွေ့ အကျႌအိတ်ကပ်ထဲ ထည့်ထားစရာ မလိုတော့ဘူးပေါ့"

ဆောင်းရာသီ ကျောင်းခဏပိတ်ချိန်မှာ နာအိုကို ကိုဘေးကို မပြန်ခဲ့ပါဘူး။ ကျွန်တော်လည်း နှစ်ကုန်တဲ့အထိ အခွေဆိုင်မှာ အလုပ်လုပ်ရင်း တိုကျိုမှာပဲ ဆက်နေဖြစ်ခဲ့တယ်။ ကိုဘေးမှာ ကျွန်တော့်အတွက် ပျော်စရာဆိုလို့ ဘာမှမရှိတော့သလို တွေ့ရမယ့်လူလည်း တယောက်မှ မရှိတော့တာ။ ကျောင်းပိတ်ရက်တွေမှာ အဆောင်ရဲ့ထမင်းစားခန်း ပိတ်ထားလို့ ကျွန်တော် နာအိုကို အခန်းမှာ သွားစားဖြစ်တယ်။ နှစ်သစ်ကူးညနေမှာ ကျွန်တော်တို့ဟာ သူများတွေလိုပဲ ဆန်ကိတ်နဲ့ စွပ်ပြုတ် လုပ်စားဖြစ်တယ်။

၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလနှောင်းပိုင်းနဲ့ ဖေဖော်ဝါရီလတွေမှာ အဖြစ်အပျက်တွေ အများကြီး ဖြစ်ခဲ့ပါတယ်။

ဇန်နဝါရီလရဲ့ နောက်ဆုံးရက်မှာ မုန်တိုင်းတပ်သားဟာ အပြင်းဖျားပြီး အိပ်ရာထဲလဲနေတဲ့အတွက် နာအိုကိုနဲ့ ချိန်းထားတာကို သွားမတွေ့နိုင်ခဲ့ပါဘူး။ နာအိုကို သိပ်ကြိုက်တဲ့ ဩခတ်စတြာဝိုင်းအဖွဲ့ရဲ့ လက်မှတ်ရဖို့ ကျွန်တော် အခက်အခဲတွေ အများကြီးကြားကနေ ကြိုးစားပမ်းစား ဝယ်ခဲ့ရတာ အချည်းအနှီး ဖြစ်သွားခဲ့တယ်။ အဲဒီအဖွဲ့ဟာ နာအိုကို သိပ်ကြိုက်တဲ့ ဘရာဟင်ရဲ့ စတုတ္ထမြောက် ဆင်ဖိုနီ အပါအဝင် သူ့အကြိုက်တွေချည်းပဲ တီးကြမှာမို့လို့ နာအိုကို သိပ်သွားချင်ခဲ့တာ။ ဒါပေမဲ့ မုန်တိုင်းတပ်သားဟာ အိပ်ရာထဲမှာ အဖျားတွေ တက်နေပြီး သေလုမျောပါးဖြစ်နေတဲ့အတွက် ကျွန်တော် သူ့ကို ထားပြီး ထွက်မသွားနိုင်ခဲ့ဘူး။ ပြီးတော့ ကျွန်တော့်အစား သူ့ကို ပြုစုပေးမယ့် တယောက်ယောက်ကိုလည်း ကျွန်တော် မတွေ့ခဲ့ဘူး။ ကျွန်တော် ရေခဲတွေဝယ်၊ ဗီနိုင်းအိတ်တွေထဲ ထည့်ပြီး သူ့နဖူးမှာ အကြိမ်ကြိမ် ကပ်ပေးခဲ့ရတယ်။ သူ့ချွေးတွေကိုလည်း ရေစိုသဘက်နဲ့ သုတ်ပေးရပြီး တနာရီတခါ သူ့ကိုယ်အပူချိန်ကို တိုင်းပေးခဲ့ရတယ်။ ပြီးတော့မှ သူရဲ့ စွပ်ကျယ်အကျႌကိုပါ လဲပေးခဲ့ရတယ်။ တနေကုန်အောင် အပူချိန် မြင့်နေခဲ့တယ်။ ဒါပေမဲ့ နောက်နေ့မနက်ကျတော့ အိပ်ရာထဲက ခုန်ထပြီး မနေ့က ဘာမှမဖြစ်ခဲ့သလို လေ့ကျင့်ခန်းတွေ လုပ်နေပြန်ရော။ သူ့ကိုယ်အပူချိန် ပုံမှန်ပြန်ဖြစ်သွားတယ်။ သူဟာ လူသာမန်တယောက်ဖြစ်တယ် ဆိုတာတောင် မယုံနိုင်လောက်စရာပဲ။

"တော်တော် ထူးဆန်းတာပဲ။ ငါ့ဘဝမှာ တခါမှ မဖျားဖူးဘူး" လို့

မုန့်တိုင်းတပ်သားက ပြောတယ်။ သူကတောင် ကျွန်တော့်ကို အပြစ်တင်နေသလိုပဲ။

ကျွန်တော် ရှုးတောင်ရှုးချင်မိတယ်။ "မင်းတကယ်ဖျားခဲ့တာပါ" လို့ ပြောရင်း အလကားဖြစ်သွားတဲ့ လက်မှတ်နှစ်စောင် ထုတ်ပြလိုက်တယ်။

"ကောင်းတာပေါ့။ လက်မှတ်တွေ ခုမှ လွတ်လပ်သွားတယ်" လို့ သူကပြောတယ်။ ကျွန်တော် သူ့ရေဒီယိုကို ဆွဲယူပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်ချင်တယ်။ ဒါပေမဲ့ မလုပ်ဖြစ်ပါဘူး။ ကျွန်တော် ခေါင်းတွေကိုက်နေလို့ အိပ်ရာထဲပဲ ဝင်လိုက်တယ်။

ဖေဖော်ဝါရီလမှာ နှင်းတွေ အကြိမ်ကြိမ် ကျခဲ့တယ်။

ဖေဖော်ဝါရီ လကုန်ပိုင်းမှာ အတန်းကြီးတယောက်နဲ့ ကျွန်တော် ကြမ်းပြင်ပေါ်မှာ အသုံးမကျတဲ့ ရန်ပွဲတပွဲဖြစ်ခဲ့ပြီး အဲဒီကောင်ကို ကျွန်တော် လက်သီးနဲ့ ထိုးခဲ့တယ်။ အဲဒီကောင်ဟာ သူ့ခေါင်းကို ကွန်ကရစ်နံရံနဲ့ ဆောင့်ခဲ့ပေမယ့် ဒဏ်ရာ မရခဲ့ပါဘူး။ နာကာဆာဝါပဲ ကျွန်တော့်ပြဿနာတွေကို ဖြေရှင်းပေးခဲ့တယ်။ ဒါပေမဲ့လည်း အဆောင်မှူးက ကျွန်တော့်ကို ရုံးခန်းခေါ်ပြီး သတိပေးခဲ့ပါတယ်။ အဲဒါတွေပြီးတဲ့နောက် အဆောင်မှာ နေရတာ ကျွန်တော် သိပ်မပျော်တော့ပါဘူး။

စာသင်နှစ်ဟာ မတ်လမှာ ပြီးဆုံးသွားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ကာလတို အတန်းလေးတွေ ဆက်တက်ခဲ့ရတယ်။ ကျွန်တော့်အဆင့်ဟာ သာမန်လောက်ပါပဲ။ အများစုက စီအဆင့်တွေနဲ့ ဒီတွေ၊ ဘာသာရပ်နည်းနည်းသာ ဘီအဆင့်တွေ ရခဲ့တယ်။ နာအိုကိုတော့ ဘာသာစုံ ခရက်ဒစ် ထွက်ခဲ့တော့ အတန်းအတွက် ပညာသင်ထောက်ပံ့ကြေး အပြည့်အဝ ရခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့စာသင်နှစ် တနှစ်ဟာ ကုန်ဆုံးသွားခဲ့ပါတယ်။

※※※

ဧပြီ လဝက်လောက်မှာ နာအိုကို အသက်နှစ်ဆယ် ပြည့်တယ်။ သူဟာ ကျွန်တော့်ထက် အသက် ခုနစ်လ ပိုကြီးတယ်။ ကျွန်တော့်မွေးနေ့က နိုဝင်ဘာကျမှ။ အသက်နှစ်ဆယ်ပြည့်တာဟာ အဓိပ္ပါယ်တမျိုးပဲလို့ ကျွန်တော် ခံစားမိတယ်။ နာအိုကိုရော ကျွန်တော်ပါ ဆယ့်ရှစ်နှစ်နဲ့ ဆယ့်ကိုးနှစ် ဘဝကို လည်ပြန်စောင်းငဲ့ကြည့်မိတယ်။ ဆယ့်ရှစ်နှစ်ပြည့်ပြီးရင် ဆယ့်ကိုးနှစ် ပြည့်ရမှာပေါ့။ ဒါပေမဲ့ နှစ်ဆယ်ပြည့်တာတော့ တမျိုးပဲ။ ဆောင်းရာသီကျရင် ကျွန်တော်လည်း နှစ်ဆယ်ပြည့်ရမှာပါ။ သေသွားမှသာ အမြဲတမ်း ဆယ့်ခုနစ်နှစ် ဖြစ်နေမှာ မဟုတ်ဘူးလား။

သူ့မွေးနေ့မှာ မိုးတွေ ရွာတယ်။ စာသင်ချိန်တွေ ပြီးသွားတော့ အနားက ကိတ်မုန့်ဆိုင်မှာ ကိတ်မုန့်ဝင်ဝယ်ပြီး ဘတ်စ်ကားနဲ့ သူ့အခန်းကို သွားခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက် အထိမ်းအမှတ်ကလေး လုပ်သင့်တယ်လို့ သူ့ကို ပြောခဲ့ပါတယ်။ ကျွန်တော်က ကျွန်တော်တို့ နှစ်ယောက်ရဲ့ဆက်ဆံရေး တမျိုးတဖုံ ပြောင်းလဲသွားစေချင်ခဲ့တယ်။ အသက်နှစ်ဆယ်ပြည့် မွေးနေ့ပွဲကို တယောက်ထဲ ကျော်ဖြတ်ဖို့ဆိုတာ မလွယ်ပါဘူး။ ကားဟာ လူကျပ်နေခဲ့ပြီး ခပ်ကြမ်းကြမ်း မောင်းတဲ့အတွက် နာအိုကို့အခန်းရောက်တော့ ကိတ်မုန့်ဟာ ပုံပျက်နေပြီး ရောမကော်လိုစီယမ် ပွဲကြည့်စင်နဲ့ပဲ တူနေတော့တယ်။ ကျွန်တော် ကိတ်မုန့်နဲ့အတူ ဖယောင်းတိုင် အတိုင်နှစ်ဆယ်လည်း ဝယ်ခဲ့တယ်။ လိုက်ကာတွေချ၊ မီးပိတ် ဖယောင်းတိုင်တွေ ထွန်းလိုက်ပြီး ကျွန်တော်တို့နှစ်ယောက် မွေးနေ့ပါတီ ဆင်နွှဲခဲ့တယ်။ နာအိုကိုက ဝိုင်တလုံး ဖောက်တယ်။ ကျွန်တော်တို့ အတူသောက်၊ ကိတ်မုန့်စားပြီး ရိုးရိုးညစာလေးကို စားခဲ့ကြတယ်။

"အသက်နှစ်ဆယ်ပြည့်တာ အသုံးမကျမှုပဲလား မသိဘူး။ ငါ အသက်နှစ်ဆယ်ပြည့်ဖို့ အဆင်သင့် မဖြစ်သေးဘူး။ ကြောင်တောင်တောင် နိုင်သလိုလို ဘာလိုလိုနဲ့။ ငါ့ကို နောက်က တယောက်တွန်းပြီး ပို့လိုက်သလိုပဲ" လို့ သူကပြောတယ်။

"ငါတော့ အဆင်သင့်ပြင်ဖို့ ခုနစ်လ ကျန်သေးတယ်" လို့ ရယ်ရယ်မောမောနဲ့ ကျွန်တော် ပြောလိုက်တယ်။

"နင်က ဆယ့်ကိုးနှစ်ပဲ ရှိသေးတော့ ကံကောင်းတယ်" လို့ နာအိုကိုက မနာလိုတဲ့ပုံနဲ့ ပြောတယ်။

ကျွန်တော်တို့ စားသောက်နေတုန်း မုန်တိုင်းတပ်သားရဲ့ ဆွယ်တာအသစ်အကြောင်းကို ပြောပြဖြစ်ခဲ့တယ်။ မုန်တိုင်းတပ်သားမှာ အဲဒီဆွယ်တာ မဝယ်ခင် အချိန်အထိ အထက်တန်း ကျောင်းမှာ ဝတ်ရတဲ့ ရေတပ်ဆွယ်တာ အပြာပဲ ရှိခဲ့လေတော့ ဆွယ်တာ နှစ်ထည် ရှိသွားတာဟာ သူ့အတွက် ကြီးမားတဲ့ အလှည့်အပြောင်းပါပဲ။ ဆွယ်တာကလေးက သမင်ပုံလေးထိုးထားပြီး အနီနဲ့ အနက်ပါလို့ ချစ်စရာလေးပါ။ ဒါပေမဲ့ သူဝတ်လိုက်တဲ့အခါမှာတော့ အားလုံးအတွက် ရယ်မောစရာ ဖြစ်ရပါတယ်။ ဘာကြောင့် ရယ်ကြသလဲဆိုတာ သူကတော့ မသိရှာဘူး။

"ဘာ... ဘာရယ်စရာရှိလို့လဲ ဝါတာနာဘီ" ထမင်းစားခန်းမှာ ကျွန်တော့်နံဘေးလာထိုင်ပြီး ကျွန်တော့်ကို မေးပါတယ်။ "ငါ့ နဖူးပေါ်မှာ တခုခုများ ရေးထားလို့လား"

"ရယ်စရာ ဘာမှ မရှိပါဘူး။ ဆွယ်တာကလေးက လှပါတယ်" လို့

ကျွန်တော် မျက်နှာတည်တည်နဲ့ ပြောလိုက်ပါတယ်။

"ကျေးဇူးတင်ပါတယ်" လို့ သူပြန်ပြောခဲ့တယ်။

နာအိုကို့ကို အဲဒီအကြောင်း ပြောပြတော့ သူရယ်ပါတယ်။ "ငါ သူ့ကို တခါလောက် တွေ့လို့ရမလား" လို့ သူက ပြောတယ်။

"တွေ့ရမှာပေါ့။ နင်သူ့မျက်နှာ မြင်တာနဲ့တင် ရယ်မိလိမ့်မယ်" လို့ ကျွန်တော် ပြန်ပြောခဲ့တယ်။

"နင်က အဲဒီလိုထင်လို့လား"

"ငါလောင်းတောင် လောင်းရဲတယ်။ ငါ သူ့ကို နေ့တိုင်း တွေ့နေတာတောင် တခါတလေကျရင် မရယ်ဘဲကို မနေနိုင်ဘူး"

ကျွန်တော်တို့ စားပွဲကို ရှင်းလိုက်ကြပြီး ကြမ်းပြင်ပေါ်မှာ ထိုင်လိုက်ကြတယ်။ ဂီတသံကို နားထောင်ရင်း လက်ကျန်ဝိုင်ကို ဆက်သောက်ကြတယ်။ သူ နှစ်ခွက်ကုန်မှ ကျွန်တော် တခွက်ကုန်တယ်။

နာအိုကိုဟာ ထူးထူးခြားခြား ဒီညမှာ စကားတွေ အများကြီး ပြောတယ်။ သူ့ရဲ့ကလေးဘဝ အကြောင်း၊ ကျောင်းအကြောင်း၊ သူ့မိဘတွေအကြောင်း ကျွန်တော့်ကို ပြောပြတယ်။ အကြောင်းအရာ တခုပြောတိုင်း အချိန်အတော်ကြာတယ်။ တခုပြီးသွားတိုင်းလည်း နာကျင်မှု အသေးစားလေးတွေနဲ့ ကျန်ခဲ့ရတယ်။ သူ့ရဲ့မှတ်ဉာဏ်တွေကို ကျွန်တော် အံ့ဩမိတယ်။ အရုဏ်တက်ချိန်အထိ သူပြောနေတဲ့အကြောင်းအရာတွေကို သူပြောနေတဲ့ပုံစံနဲ့ နားထောင်ရတာဟာ တခုခုတော့ လွဲမှားနေသလိုပဲ။ ထူးလည်း ထူးခြားတယ်။

အကြောင်းအရာ တခုတိုင်းရဲ့ အတွင်းပိုင်းမှာ သူ့ယုတ္တိဗေဒနဲ့ သူ ရှိနေတယ်။ ဒါပေမဲ့ အချိတ်အဆက်တွေကတော့ ကြောင်တောင်တောင်ပဲ။ အကြောင်းအရာ ကကြီးထဲကဟာက၊ ခခွေးထဲမှာပါတယ်။ ခခွေးထဲဟာကလည်း ကထဲမှာပါပြီးတဲ့အရာတွေ။ အဲဒီလိုပဲ အကြောင်းအရာ ဂငယ်ရောက်တော့လည်း ခခွေးထဲကဟာတွေပါနေပြီး သူကတော့ အသက်မရှူဘဲ ပြောနေတယ်။ ပထမတော့ သူ့ကို တခုခုပြန်ပြောဦးမလို့ပဲ။ ဒါပေမဲ့ ကျွန်တော် ဘာမှပြန်မပြောဖြစ်ဘဲ အခွေတွေ တခွေပြီးတခွေထည့် နားထောင်နေမိတယ်။ နောက်ဆုံးအခွေ ပြီးသွားတော့ ပထမဆုံးအခွေကို ပြန်ထည့်ရတယ်။ သူ့ဆီမှာက ခြောက်ခွေပဲ ရှိတယ်။ ပထမဆုံးက Sit.Pepper ရဲ့ Lonely Hearts-club Band နဲ့စပြီး အဆုံးသတ်က Bill Eran & JU Waltz for Debbie ဖြစ်တယ်။ မိုးဟာ ပြတင်းပေါက်ကို ကျော်ပြီး ဝင်လာတယ်။ အချိန်ဟာ ရွေ့လျားနှေးကွေးတယ်။ နာအိုကိုကတော့ တယောက်ထဲပဲ

ပြောနေတယ်။

ဘာမှားနေလဲဆိုတာကို ကျွန်တော်စဉ်းစားမိတယ်။ နာအိုကိုဟာ သေချာတိကျတာတွေကို မထိတွေ့ပဲ ပြောနေတယ်။ သူပြောတဲ့အကြောင်းအရာတွေထဲက တခုက ကီဇူကီအကြောင်းပါ။ ဒါပေမဲ့ သူ ကီဇူကီအကြောင်း တော်တော်များများ ပြောတယ်။ ဒါပေမဲ့ တချို့အကြောင်းအရာတွေ သူ မပြောချင်လို့ ရှောင်နေမှန်း သိသာတယ်။ အသေးအဖွဲ့၊ အရေးမကြီးတဲ့ ကိစ္စလေးတွေကိုသာ သူ အသေးစိတ် ထပ်ပြန်တလဲလဲ ပြောနေလေရဲ့။ သူအရင်က ဒီလို စိတ်အားထက်ထက်သန်သန် ပြောတာကို ကျွန်တော်တခါမှ မမြင်ဖူးဘူး။ အဲဒါကြောင့် ကျွန်တော် သူ့ကို မနှောင့်ယှက်ဘဲ လွှတ်ပေးထားလိုက်တယ်။ ဆယ့်တစ်နာရီထိုးတော့ ကျွန်တော် စိတ်ရှုပ်ထွေးလာတယ်။ သူဟာ လေးနာရီလောက် မနားတမ်း စကားတွေ ပြောနေတာကိုး။ ကျွန်တော် နောက်ဆုံးရထား မမီမှာနဲ့ ညသန်းခေါင် အဆောင်မဝင်ရ စည်းကမ်းကို စိတ်ပူစ ပြုလာတယ်။ စကားစ ဖြတ်ဖို့ အခွင့်အရေး ရတာနဲ့ ကျွန်တော်ပြောလိုက်တယ်။

“အဆောင်ပြန်ဖို့ အချိန်ရောက်ပြီ။ နောက်ဆုံးရထားလာတော့မယ်” လို့ နာရီကို ကြည့်ပြီး ကျွန်တော် ပြောလိုက်တယ်။

ကျွန်တော့်စကားက သူ့ဆီကို တိုးမပေါက်ဘူးထင်တယ်။ ဒါမှမဟုတ် ကျွန်တော့်စကားကို သူကြားသွားခဲ့ရင်လည်း စကားရဲ့အဓိပ္ပါယ်ကို သူ နားလည်နိုင်မှာ မဟုတ်ဘူး။ သူ တံတွေး တစ်စက္ကန့်လောက်ထွေးပြီး သူ့ပါးစပ်ကို ပိတ်ထားလိုက်တယ်။ ပြီးတော့ စကားဆက်ပြောပြန်တယ်။ ကျွန်တော် လက်လျှော့လိုက်ရတယ်။ သက်တောင့်သက်သာ ဖြစ်အောင်ပဲ ပုံစံ ပြောင်းထိုင် လိုက်ရတယ်။ ဒုတိယမြောက်ပုလင်းထဲက လက်ကျန်ဝိုင်တွေကို ဆက်သောက် နေမိတယ်။ သူ့ကို စိတ်ကြိုက်ပြော ခွင့်ပြုလိုက်တာ ပိုကောင်းမယ်လို့ ကျွန်တော် ယူဆမိတယ်။ အဆောင်စည်းကမ်းနဲ့ နောက်ဆုံးရထားဟာ သူ့တို့ အစီအစဉ် အတိုင်း ဖြစ်သွားပါပြီ။

သူနောက်ထပ်အကြာကြီး စကားထပ်မပြောနိုင်တော့ပါဘူး။ အဲဒီလို ကျွန်တော် မသိခင်မှာ သူစကားပြော ရပ်သွားခဲ့ပါပြီ။ သူ နောက်ဆုံးပြောတဲ့ ဗလုံးဗထွေး စကားလုံးတွေဟာ လေထဲရောက်သွားပြီး တနေရာစီ လွင့်ပျယ်သွားပါတယ်။ သူပြောနေတဲ့စကားတွေ မပြီးဆုံးသေးပါဘူး။ သူ့စကားလုံးတွေဟာ အငွေ့ပျံသွားတာပါ။ သူစကားတွေ ထပ်ပြောဖို့ ကြိုးစားပေမယ့် ဘာစကားလုံးမှ ထွက်မလာပါဘူး။ အခုတော့ ပြီးဆုံးသွားပါပြီ။ သူ့စကားကို ရပ်တန့်ဖို့ ကြိုးစားတာဟာ ကျွန်တော်ပဲ ဖြစ်ပါလိမ့်မယ်။ နောက်ဆုံးတော့ ကျွန်တော့်စကားတွေ သူ့ကိုတိုးပေါက်သွားပြီး

နားလည်စပြုသွားတယ်ထင်ပါရဲ့ သူ့ရဲ့အချိန်အကြာကြီး စကားတွေ ပြောနေနိုင်တဲ့ စွမ်းအင်ကို ကျွန်တော် ဖျက်ဆီးပစ်လိုက်နိုင်ပါပြီ။ သူဟာ နှုတ်ခမ်းကို ခပ်ဟဟလေး ထားပြီး ကျွန်တော့်ကို စူးစမ်းတဲ့မျက်လုံးတွေနဲ့ ကြည့်နေပါတယ်။ သူဟာ တစုံတယောက်က ပလပ်ကြိုး ဆွဲဖြုတ်လိုက်မှ သီချင်းသံရပ်သွားတဲ့ စက်တစက်နဲ့ တူပါတယ်။ သူ့ရဲ့မျက်လုံးတွေဟာ တိမ်တွေလို ဖြစ်ထွန်းနေတယ်။ အဲဒီအပေါ်မှာ ထွင်းဖောက်မြင်နိုင်တဲ့ အလွှာပါးကလေးတခုနဲ့ ဖုံးအုပ်ခံထားရသလိုပဲ။

“နှောင့်ယှက်မိတဲ့အတွက် ဆောရီးပါပဲ။ ညဥ့်နက်နေပြီ။ ပြီးတော့....” လို့ ကျွန်တော် ပြောလိုက်တယ်။

သူ့မျက်ဝန်းတဖက်စီက မျက်ရည်စက်ကြီးတပေါက် သူ့ပါးပြင်ပေါ် စီးကျလာတယ်။ နောက်တော့ ဂျက်ကတ်အင်္ကျီပေါ်ကျသွားတယ်။ ပထမဆုံး မျက်ရည်ကျသွားပြီး နောက်မျက်ရည်တွေ စမ်းချောင်းလို စီးကျလာတယ်။ နာအိုကိုဟာ ရှေ့ကိုကိုင်းညွတ်လိုက်ပြီး ဖျာကို ဆွဲဆိတ်နေပြန်တယ်။ သူဟာ ခန္ဓာကိုယ်ထဲ ရှိသမျှအားလုံးကို အန်ထုတ်နေတဲ့ လူတယောက်လို ငိုနေပြန်တယ်။ ကျွန်တော့်ဘဝတလျှောက်လုံး ဒီလို လူတယောက် သည်းသည်းထန်ထန် ငိုနေတာကို တခါမှ မတွေ့ဖူးဘူး။ သူ့ရဲ့တုန်ခါနေတဲ့ပခုံးပေါ် ကျွန်တော့်လက်တဖက် ရောက်သွားတယ်။ နောက်တော့ အလိုအလျောက်ပဲ ကျွန်တော့်လက်နှစ်ဖက်နဲ့ သူ့ကို ဖက်ထားလိုက်မိတယ်။ ကျွန်တော့်ကို မှီနေတဲ့ သူ့ခန္ဓာကိုယ်တခုလုံးဟာ တုန်ယင်နေတယ်။ သူဟာ အသံမထွက်ဘဲ ဆက်ငိုနေတယ်။ သူ့ရဲ့ မျက်ရည်တွေရယ်၊ သူ့ရဲ့သက်ပြင်းပူပူတွေရယ်ကြောင့် ကျွန်တော့်အင်္ကျီ စိုစွတ်လာတယ်။ နောက်တော့ ရွှဲနစ်လာတယ်။ နောက် မကြာခင်မှာ သူ့ရဲ့လက်ချောင်းတွေဟာ ကျွန်တော့်ပခုံးမှာ ရွေ့လျားလာတယ်။ သူ တခုခုကို ရှာဖွေနေသလိုပဲ။ ကျောကုန်းထဲမှာ နဂိုထဲကရှိနေတဲ့အရေးကြီးတဲ့ အရာတခုခုကို ရှာနေသလိုမျိုးပေါ့။ သူ့ရဲ့ ကိုယ်အလေးချိန်ကို ကျွန်တော် ဘယ်လက်မောင်းနဲ့ ထိန်းထားလိုက်တယ်။ ကျန်တဲ့ညာဘက်လက်က သူ့ရဲ့ဆံပင်တွေကို ထိုးဖွနေမိတယ်။ ဒီလိုအနေအထားမျိုးမှာ နာအိုကို အငိုရပ်တဲ့အထိ ကျွန်တော်စောင့်နေမိတယ်။ ကျွန်တော် ထပ်စောင့်နေရတယ်။ ဒါပေမဲ့ နာအိုကိုဟာ ဘယ်တော့မှ အငိုမရပ်တော့ဘူး။

※※※

အဲဒီညက ကျွန်တော် နာအိုကိုနဲ့အတူ အိပ်ဖြစ်ခဲ့တယ်။ အဲဒီလိုလုပ်တာ မှန်ရဲ့လားတော့ မသိဘူး။ ကျွန်တော် မပြောနိုင်ဘူး။ အခုလို နှစ်နှစ်ဆယ်ကြာခဲ့ပြီဖြစ်တဲ့အချိန်မှာတောင် မှန်၊ မမှန်ဆိုတာ ကျွန်တော်မသိနိုင်သေးဘူး။ ကျွန်တော် ဘယ်တော့မှ သိမှာမဟုတ်ဘူးလို့ ထင်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းကတော့ အဲဒီလိုလုပ်ခဲ့တာဟာ

ကျွန်တော်လုပ်နိုင်တာ အကုန်ပဲ။ သူဟာ စိတ်ဖိစီးမှုတွေ၊ စိတ်ရှုပ်ထွေးမှုတွေ အမြင့်ဆုံးအချိန်ကို ရောက်နေခဲ့တယ်။ ပြီးတော့ သူ ကျွန်တော့်ကို စိတ်ဖြေလျှော့ခိုင်းနေတယ်ဆိုတာ သိသာနေခဲ့တယ်။ ကျွန်တော် မီးကို ပိတ်ခဲ့တယ်။ အညင်သာဆုံး အထိအတွေ့နဲ့ သူ့ကို ထိတွေ့ပြီး သူ့ရဲ့အဝတ်အစားတွေကို ဖယ်ရှားလိုက်တယ်။ ပြီးတော့ ကျွန်တော့်ရဲ့အဝတ်အစားတွေပေါ့။ မိုးတွေရွာသွန်းနေတဲ့ အဲဒီဧပြီညဟာ နွေးထွေးနေခဲ့တယ်။ အဝတ်မပါဘဲ တယောက်ကိုတယောက် တင်းတင်းဖက်ထားတဲ့ ကျွန်တော်တို့ဟာ အအေးဒဏ်ကို တစိုးတစေ့လေးတောင် မခံစားရဘူး။ အမှောင်ထုထဲ ကျွန်တော်တို့ နှစ်ယောက်ဟာ စကားမပြောဘဲ တယောက်ကို တယောက် စူးစမ်းရှာဖွေခဲ့ကြတယ်။ ကျွန်တော့် သူ့ကို နမ်းတယ်။ သူ့ရဲ့ ရင်သားတွေကို ကျွန်တော် လက်နဲ့ဆုပ်နယ်နေမိတယ်။ ကျွန်တော့်ရဲ့မာကျောမှုကိုလည်း သူ ဆုပ်ကိုင်ဖျစ်ညှစ်ခဲ့တယ်။ နွေးထွေး၊ စိုစွတ်နေတဲ့ သူရဲ့ထိပ်ဝကလေးဟာ ကျွန်တော်ကို တောင်းဆိုနေတယ်။

သူ့ရဲ့အတွင်းပိုင်းကို ရောက်သွားတော့ နာအိုကိုဟာ နာကျင်မှုနဲ့ တုန်ခါသွားတယ်။ ဒါဟာ သူရဲ့ ပထမဆုံးအကြိမ်ပဲလား။ အခုတော့ စိတ်ရှုပ်ထွေးရတာ ကျွန်တော့်အလှည့် ဖြစ်သွားတယ်။ ကျွန်တော်က သူဟာ ကီဇူကီနဲ့ အရင်က အမြဲတမ်း အတူအိပ်နေခဲ့တယ်လို့ အချိန်တော်တော်ကြာ ထင်နေမိခဲ့တာကိုး။ ကျွန်တော် နာအိုကို့ကို ဖက်ထားပြီး အကြာကြီး ငြိမ်နေခဲ့မိတယ်။ နောက် သူတည်ငြိမ်စပြုလာမှ ကျွန်တော် ဖြည်းဖြည်းချင်း လှုပ်ခဲ့တယ်။ ညင်သာ၊ ဖြည်းညှင်းတဲ့ ရွေ့လျားမှုတွေကြောင့် ဇာတ်ရှိန်အမြင့်ဆုံးကို ရောက်ဖို့ အချိန် တော်တော်ကြာခဲ့တယ်။ ပြီးတော့ သူ ကျွန်တော့်ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပြီး သက်ပြင်းကလေး တိုးတိုးချခဲ့တယ်။ ပြီးဆုံးမှုနဲ့အတူ ဝမ်းနည်းဆုံး သူ ငိုတာကို ကျွန်တော် ကြားခဲ့တယ်။

အရာရာပြီးဆုံးသွားတော့ ကျွန်တော် နာအိုကိုကို မေးမိတယ်။ ကီဇူကီနဲ့ ဘာဖြစ်လို့ မအိပ်ခဲ့ဖူးတာလဲလို့။ အဲဒါဟာ တကယ့်အမှားကြီး ဖြစ်သွားခဲ့ပါတယ်။ အဲဒီ့မေးခွန်းကို ကျွန်တော် မေးပြီးပြီးချင်းချင်း သူ ကျွန်တော့်ဆီကနေ လက်တွေရုတ်ပြီး အသံတိတ် ပြန်ငိုပါလေရော။ ကျွန်တော် အံဆွဲထဲက အိပ်ရာခင်းကို ထုတ်ပြီး ဖျာပေါ်ခင်းလိုက်တယ်။ သူ့ကို အိပ်ရာပေါ် သိပ်ပြီးတဲ့နောက် စောင်ခြုံပေးထားလိုက်တယ်။ ပြတင်းပေါက်ကနေတဆင့် ဧပြီလရဲ့မိုးရေစက်တွေကို ဆေးလိပ်သောက်ရင်း ကျွန်တော် ထိုင်ကြည့်နေမိခဲ့တယ်။

※※※

မနက်ရောက်တော့ မိုးတိတ်သွားတယ်။ နာအိုကိုဟာ ကျွန်တော့်ကို ကျောခိုင်းပြီး အိပ်နေခဲ့တယ်။ ဒါမှမဟုတ် သူ လုံးဝ မအိပ်တာလည်း ဖြစ်နိုင်ပါတယ်။ သူအိပ်နေတာပဲဖြစ်ဖြစ်၊ နိုးနေတာပဲဖြစ်ဖြစ်၊ သူ့နှုတ်ခမ်းမှာ ပြောစရာ စကားတွေ

မရှိတော့ဘူး။ သူ့ခန္ဓာကိုယ်ဟာလည်း မာမာတောင့်တောင့် ဖြစ်လို့နေပြီး အေးခဲလုနီးနီးပဲ။ ကျွန်တော် သူ့ကို စကားပြောဖို့ အကြိမ်ပေါင်း များစွာ ကြိုးပမ်းခဲ့ပေမယ့် သူ ဘာမှ ပြန်မပြောသလို လှုပ်ရှားမှုလည်း မရှိခဲ့ဘူး။ သူ့ရဲ့ကျောပြင်ကို ကျွန်တော် အချိန်အကြာကြီး စိုက်ကြည့်နေမိခဲ့တယ်။ နောက်ဆုံးတော့ သူ့ဆီက တုန့်ပြန်မှုကို ရဖို့ လက်လျှော့လိုက်ပြီး အိပ်ရာက ထဖို့ ဆုံးဖြတ်ချက် ချမိခဲ့တယ်။

ကြမ်းပြင်ပေါ်မှာ အင်္ကျီတွေ၊ ဖန်ခွက်တွေ၊ ဝိုင်ပုလင်းတွေနဲ့ ကျွန်တော် အသုံးပြုခဲ့တဲ့ ပြာခွက်တို့ဟာ ဖရိုဖရဲ ပြန့်ကျဲနေတယ်။ တဝက်ကျန်နေသေးတဲ့ ကိတ်မုန့်ဟာလည်း စားပွဲပေါ်မှာ ဒီအတိုင်းပဲ။ အချိန်ကာလတခုဟာ ဒီနေရာမှာ ရပ်တန့်ခဲ့သလိုပဲ။ ကျွန်တော် ကြမ်းပြင်ပေါ်က ပစ္စည်းတွေ ပြန်သိမ်းလိုက်ပြီး ရေနှစ်ခွက် သောက်လိုက်တယ်။ နာအိုကိုရဲ့စားပွဲပေါ်မှာ အဘိဓာန်တအုပ်နဲ့ ပြင်သစ် ကြိယာဇယား တခုရှိတယ်။ နံရံအမြင့်ပိုင်းမှာ ပုံ၊ ဓာတ်ပုံ ဘာမှမပါဘဲ ဂဏန်းတွေနဲ့ လတွေပဲပါတဲ့ ပြက္ခဒိန်တခု ချိတ်ဆွဲထားတယ်။ အဲဒီပြက္ခဒိန်ပေါ်မှာ မှတ်သားထားတာလည်း တခုမှ မရှိဘူး။ ကြမ်းပြင်ပေါ်ကအဝတ်တွေ ကျွန်တော်ကောက်ဝတ်လိုက်တယ်။ ကျွန်တော့်ရှပ်အင်္ကျီဟာ စိုစွတ်အေးစက်နေဆဲပဲ။ နာအိုကိုရဲ့ရနံ့တွေ ရှိနေတယ်။ စားပွဲပေါ်မှာရှိတဲ့ မှတ်စုစာရွက်မှာ ကျွန်တော် ရေးထားခဲ့လိုက်တယ်။ “နင် တည်ငြိမ်သွားတဲ့အခါ ငါစကားတွေ အကြာကြီး ပြောချင်ပါတယ်။ ကျေးဇူးပြုပြီး ငါ့ဆီကို အမြန်ဆုံး ဖုန်းဆက်ပါ။ ဟက်ပီဘက်ဒေး”

ကျွန်တော် နာအိုကိုရဲ့ ကျောပြင်ကို နောက်ဆုံးကြည့်ပြီး အပြင်ထွက်လာခဲ့တယ်။ ပြီးတော့ တံခါးကို တိတ်တိတ်လေး ပိတ်ခဲ့တယ်။

※※※

အချိန်တပတ်ကုန်ဆုံးသွားတယ်။ ကျွန်တော့်ဆီကို ဘယ်သူမှ ဖုန်းမဆက်ဘူး။ နာအိုကိုနေတဲ့ အခန်းရဲ့တိုက်ခန်း စကားလက်ဆင့်ကမ်းပေးတဲ့ စနစ်မရှိဘူး။ တနင်္ဂနွေနေ့မှာတော ကျွန်တော် ရထားစီးပြီး ကိုကူဘွန်ဂျီကို သွားခဲ့တယ်။ သူ အဲဒီမှာ မရှိတော့ဘူး။ သူ့အခန်းတံခါးမှာ သူ့နာမည် မရှိတော့ဘူး။ ပြတင်းပေါက်တွေနဲ့ မုန်တိုင်းကာတံခါးတွေ ပိတ်ထားကြတယ်။ နာအိုကိုဟာ လွန်ခဲ့တဲ့သုံးရက်ကတည်းက ပြောင်းသွားခဲ့ပြီလို့ မန်နေဂျာက ကျွန်တော့်ကို ပြောပါတယ်။ ဘယ်ပြောင်းသွားလဲ မေးတော့လည်း သူမသိဘူးတဲ့။

ကျွန်တော် အဆောင်ကို ပြန်လာခဲ့တယ်။ ကိုဘေးမှာရှိတဲ့ နာအိုကိုရဲ့အိမ်လိပ်စာမှုပြီး စာအရှည်ကြီး တစောင် ရေးပို့ခဲ့တယ်။ သူ ဘယ်နေရာရောက်ရောက် အဲဒီစာကို သူတို့ ထပ်ပို့ပေးမှာပေါ့။

ကျွန်တော့်ရဲ့စိတ်ခံစားမှုတွေကို သူ့ဆီ ရိုးရိုးသားသား ရေးပို့ခဲ့တာပါ။ ကျွန်တော် နားမလည်နိုင်တာတွေ အများကြီး ရှိနေသေးတယ်။ ကျွန်တော် နားလည်ဖို့ ကြိုးစားနေပေမယ့် အချိန်တော်တော်ယူရပါဦးမယ်။ အဲ့ဒီအချိန်ဟာ ပြီးဆုံးခဲ့တာ ကြာခဲ့ပြီဆိုပေမယ့် ကျွန်တော် အခုချိန်မှာ တိတိပပ တခုခုပြောနိုင်ဖို့ဆိုတာ မဖြစ်နိုင်သေးပါဘူး။ ကတိစကားတွေ၊ တောင်းဆိုမှုတွေ လုပ်ဖို့ ဆိုတာ ကျွန်တော့်အတွက် မဖြစ်နိုင်ခဲ့သလို စကားလုံးလှလှလေးတွေနဲ့ ချရေးဖို့ဆိုတာလည်း မဖြစ်နိုင်သေးပါဘူး။ သေချာတာတခုကတော့ ကျွန်တော်တို့နှစ်ယောက်ဟာ တယောက်ကို တယောက် နည်းနည်းပဲ သိကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီအချိန်တုန်းက သူသာ ကျွန်တော့်ကို၊ ကျွန်တော့်ရဲ့အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ခဲ့မှုအတွက် သူကျွန်တော့်ကို တွေ့ခွင့်ပေးခဲ့မယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် တယောက်ကိုတယောက် ပိုပြီး နားလည်ခဲ့ကြမှာပါ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ သူ့ကို နောက်တကြိမ် တွေ့ပြီး စကားအကြာကြီး ပြောချင်နေခဲ့ပါတယ်။ ကျွန်တော် ကီဇူကီကို ဆုံးရှုံးခဲ့ရတယ်။ ပြီးတော့ ကျွန်တော်ရဲ့စိတ်ခံစားချက်တွေကို ပွင့်ပွင့်လင်းလင်း ပြောလို့ရတဲ့ တယောက်ကိုလည်း ဆုံးရှုံးခဲ့ရတယ်။ နာအိုကိုလည်း ကျွန်တော့်လိုပဲ ဖြစ်လိမ့်မယ်လို့ ကျွန်တော် ခန့်မှန်းမိပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ တယောက်ကို တယောက်သိခဲ့တာထက် တယောက်ကို တယောက် ပိုလိုအပ်ခဲ့ပါတယ်။ အဲဒါကြောင့်ပဲ ကျွန်တော်တို့ရဲ့ဆက်ဆံရေးဟာ လမ်းကြောင်း သွေဖည်သွားပြီး မှုမမှန်ဖြစ်သွားခဲ့တာလို့ ကျွန်တော်ထင်ပါတယ်။ “ငါအဲဒီလို မလုပ်ခဲ့သင့်ဘူးလို့ ငါထင်ပါတယ်။ ဒါပေမဲ့ အဲဒါဟာ ငါလုပ်ပေးနိုင်သမျှ အကုန်လုံးပဲလို့ ငါယုံကြည်နေမိတယ်။ အဲဒီ့အချိန်တုန်းက နီးစပ်မှုနဲ့ နွေးထွေးမှုက နင်နဲ့ပတ်သက်ပြီး ငါခံစားရတာ တမျိုးပဲ၊ အဲဒီအတွေ့အကြုံမျိုး ငါတခါမှ မရဖူးဘူး။ နင့်ရဲ့ဒီစာအပေါ် တုံ့ပြန်မှုကို ငါ လိုအပ်နေပါတယ်။ ဘယ်လိုအဖြေမျိုးကိုပဲဖြစ်ဖြစ် ငါရချင်တယ်” လို့ ရေးပေးခဲ့ပါတယ်။

သူ့ဆီက တုန့်ပြန်မှုရောက်မလာခဲ့ပါဘူး။

ကျွန်တော့်ခန္ဓာကိုယ်ထဲမှာရှိတဲ့ တစုံတခုဟာ ပဲ့ထွက်သွားသလိုပါပဲ။ ဂလိုဏ်လိုဖြစ်သွားတဲ့ အဲဒီနေရာကို ဘယ်အရာကမှ လာပြီး မဖြည့်ပေးပါဘူး။ ကျွန်တော့်ခန္ဓာကိုယ်ဟာ ပုံမှန်မဟုတ်တဲ့ ပေါ့ပါးမှုမျိုး ဖြစ်သွားပြီး အဲဒီနေရာမှာ ပဲ့တင်သံတွေ ထွက်နေပါတော့တယ်။ ကျွန်တော်ဟာ အရင်ကထက်ပိုပြီး စာသင်ချိန်တွေကို သစ္စာရှိရှိသွားနေခဲ့ပါတယ်။ လက်ချာတွေဟာ ပျင်းဖို့ ကောင်းလှပါတယ်။ အခန်းထဲက ဘယ်သူနဲ့မှလည်း ကျွန်တော် စကားမပြောပါဘူး။ ကျွန်တော့်မှာ လုပ်စရာ အထွေအထူး မရှိလေတော့ စာသင်ခန်းရဲ့ ထိပ်ဆုံးအတန်းမှာထိုင်၊ လက်ချာတွေ နားထောင်တယ်။ ဘယ်သူ့ကိုမှ စကားမပြောပဲ၊ အစာစားရင်လည်း တယောက်ထဲပဲ သွားစားတယ်။ ကျွန်တော်

ဆေးလိပ်ဖြတ်လိုက်တယ်။

မေလအကုန်မှာ ကျောင်းသားသပိတ် စဖြစ်ခဲ့တယ်။ "တက္ကသိုလ်ကြီးကို တစစီဖြိုပြစ်ကြ" လို့ ကျောင်းသားတွေ အော်ကြတယ်။ ရှေ့ဆက်လုပ်ကြပေါ့ကွာလို့ ကျွန်တော်တွေးမိတယ်။ တစစီ ဖြိုပြစ်လိုက်ကြ၊ အစိတ်စိတ် အပိုင်းပိုင်းဖြစ်အောင် လုပ်လိုက်ကြ။ အမှုန့်ဖြစ်အောင် ထုချေလိုက်ကြ၊ မင်းကိုအပြစ်မတင်ပါဘူး။ ကျွန်တော့်အတွက် လတ်ဆတ်တဲ့လေ ရှူသွင်းရတာပဲ။ ကျွန်တော်ဟာ အရာရာအတွက် အဆင့်သင့် ဖြစ်နေပါပြီ။ လိုအပ်ရင် မင်းတို့ကို လာကူပေးဦးမယ်။ ရှေ့ဆက်ပြီးသာ လုပ်လိုက်ကြ။

ကျောင်းပိတ်ပြီး စာသင်ချိန်တွေ ရွှေ့ဆိုင်းထားတော့ ကျွန်တော် ထရပ်ကားကုမ္ပဏီမှာ အလုပ် လုပ်ဖြစ်သွားတယ်။ ထရပ်ကားတွေပေါ် ကုန်တင်တာ၊ ကုန်ချတာတွေကို ကျွန်တော်လုပ်ရပါတယ်။ အရင်အလုပ်ထက် အများကြီး ပိုကြမ်းတမ်းတယ်။ ပထမပိုင်းတော့ အလုပ်ဆင်းပြီး နောက်နေ့ မနက်ကျရင် ကျွန်တော် နာကျင်လွန်းနေလို့ အိပ်ရာထဲကနေ မထနိုင်ဘူး။ ဒါပေမဲ့လည်း ဝင်ငွေက ကောင်းတယ်။ ကျွန်တော့်ခန္ဓာကိုယ် ရွေ့လျားနေသမျှ ကာလပတ်လုံး ကျွန်တော့်ခန္ဓာကိုယ်ထဲက ဗလာနယ်ကြီးကို ကျွန်တော် မေ့ထားနိုင်ပါတယ်။ ထရပ်ကားကုမ္ပဏီမှာ ကျွန်တော် တပတ်ငါးရက် အလုပ်လုပ်ရပါတယ်။ တပတ်မှာ သုံးညလည်း ကျွန်တော် အခွေဆိုင်မှာ အလုပ်လုပ်သေးပါတယ်။ အလုပ်မရှိတဲ့ညတွေမှာ ကျွန်တော် ဝီစကီသောက်ပြီး စာအုပ်ဖတ်နေတတ်ပါတယ်။ မုန်တိုင်းတပ်သားဟာ ဝီစကီကို လက်ဖျားနဲ့တောင် မထိတဲ့အပြင် အနံ့တောင် မခံနိုင်ပါဘူး။ အဲဒါကြောင့် ကျွန်တော် အိပ်ရာပေါ်မှာ ခြေကားယား၊ လက်ကားယားလဲပြီး ဝီစကီကို တဂွတ်ဂွတ် မော့သောက်နေတဲ့ အချိန်တိုင်း အရက်နံ့ကြောင့် သူ စာကျက်လို့ မရဘူးဆိုပြီး ပုလင်းကို အပြင်ယူသွားဖို့ သူက တောင်းဆိုတတ်ပါတယ်။

"မင်းပဲ ထွက်သွား၊ သောက်သုံးမကျတဲ့ကောင်" လို့ ကျွန်တော် သူ့ကို ပြန်အော်ခဲ့တယ်။

"အ... အ... အဆောင်မှာ အရက်သောက်တာ စည်းကမ်း ဖောက်ဖျက်တာပဲဆိုတာ မင်းသိတယ် မဟုတ်လား"

"ငါ မင်းကို သောက်ဂရုမစိုက်ဘူး။ မင်းပဲ ထွက်သွား"

သူတောင်းဆိုတာ ရပ်သွားတယ်။ ဒါပေမဲ့ ကျွန်တော်လည်း စိတ်ပျက်သွားတယ်။ ကျွန်တော် ခေါင်မိုးပေါ်တက်ပြီး တယောက်ထဲ သောက်နေလိုက်တယ်။

ဇွန်လမှာ ကျွန်တော် နာအိုကို့ဆီ စာအရှည်ကြီး တစောင် ထပ်ရေးဖြစ်ပါတယ်။ ကိုဘေးမှာရှိတဲ့ သူ့ရဲ့အိမ်ကို လိပ်မူပြီးတော့ပေါ့။ ပထမတကြိမ် စာထဲက အကြောင်းအရာတွေကိုပဲ လှလှပပ ရေးလိုက်တာပါ။ ဒါပေမဲ့ စာအဆုံးမှာတော့ ကျွန်တော်ထပ်ဖြည့်လိုက်တယ်။ "နင့်ဆီက တုန့်ပြန်မှုရဖို့ စောင့်မျှော်နေရတာဟာ ငါကြုံတွေ့ဖူးသမျှ ဒုက္ခတွေထဲမှာ အဆိုးရွားဆုံးပဲ။ အနည်းဆုံးတော့ ငါနင့်ကို နာကျင်အောင် လုပ်မိခဲ့တယ်၊ မလုပ်မိခဲ့ဖူး ဆိုတာကိုတော့ သိချင်ပါတယ်" အဲဒီစာကို ကျွန်တော် ပိတ်လိုက်ချိန်မှာ ကျွန်တော့်ခန္ဓာကိုယ်ထဲက ဂလိုဏ်ဟာ ပိုကြီးလာတယ်လို့ ကျွန်တော် ခံစားရတယ်။

ဇွန်လထဲမှာပဲ ကျွန်တော် နာကာဆာဝါနဲ့အတူ မိန်းကလေးတွေနဲ့ နှစ်ကြိမ် အိပ်ဖြစ်ခဲ့ပါတယ်။ နှစ်ကြိမ်စလုံး လွယ်လွယ်ကူကူပါပဲ။ ပထမ မိန်းကလေးကတော့ ဟိုတယ်အိပ်ရာပေါ်မှာ သူ့ကို အဝတ်အစားချွတ်ဖို့ အတော်လေး ရုန်းကန်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် ခုတင်ပေါ်မှာ စာအုပ် ဖတ်နေတဲ့အခါမှာတော့ ကျွန်တော့်ဆီ ရောက်လာပြီး ပွတ်သီးပွတ်သပ် လုပ်ခဲ့ပါတယ်။ ဒုတိယ မိန်းကလေးကတော့ ကျွန်တော့်ကို ကိုယ်ရေးကိုယ်တာ မေးခွန်းတွေ သိပ်မေးတာပဲ။ ကျွန်တော် မိန်းကလေး ဘယ်နှစ်ယောက်နဲ့ အိပ်ပြီးပြီလဲ။ ကျွန်တော် ဘယ်ကလာတာလဲ။ ကျွန်တော် ဘယ်ကျောင်းတက်နေလဲ။ ကျွန်တော် ဘယ်ဂီတ အမျိုးအစားကို ကြိုက်လဲ။ အိုဆာမူဒါဇိုင်းရဲ့ ဝတ္ထုတွေ ဖတ်ဖူးလား။ နိုင်ငံခြားသွားရင် ဘယ်ကိုသွားချင်လဲ။ သူ့ရဲ့ နို့သီးခေါင်းတွေ ကြီးနေတယ်လို့ ထင်လား။ စတဲ့ မေးခွန်းတွေချည်း မေးနေခဲ့တော့တာပဲ။ ကျွန်တော် တချို့မေးခွန်းတွေကို ဖြေပြီး အိပ်ပစ်လိုက်တယ်။ နောက်နေ့ မနက်ကျပြန်တော့လည်း သူ ကျွန်တော်နဲ့ မနက်စာ စားချင်ခဲ့ပြန်ရော။ သူဟာ ဘာအရသာမှမရှိတဲ့ ကြက်ဥပြုတ်၊ ပေါင်မုန့်မီးကင်နဲ့ ကော်ဖီကို သောက်သုံးရင်း မေးခွန်းတွေ တရစပ် မေးလာခဲ့ပြန်တယ်။ ကျွန်တော့်အဖေ ဘာအလုပ်လုပ်လဲ။ ကျွန်တော် အထက်တန်းတုန်းက အဆင့် ဘယ်လောက်ရလဲ။ ကျွန်တော် ဘယ်လမှာ မွေးတာလဲ။ ဖားသား စားဖူးလား။ သူဟာ ကျွန်တော့်ကို တော်တော် ခေါင်းကိုက်စေတယ်။ အဲဒါနဲ့ ကျွန်တော်လည်း မနက်စာ အမြန်စားပြီး အလုပ်သွားရတော့မယ်လို့ ပြောခဲ့တယ်။

"ငါနင့်ကို ထပ်တွေ့လို့ရဦးမလား" လို့ ကျွန်တော့်ကို ဝမ်းနည်းနေတဲ့ပုံစံနဲ့ မေးတယ်။

"ငါတို့ နောက်ထပ် သိပ်မကြာခင် တနေရာရာမှာ ထပ်တွေ့ကြသေးတာပေါ့" လို့ ကျွန်တော် ပြောပြီး လမ်းခွဲခဲ့တယ်။ သောက်သုံးမကျတဲ့ ကျွန်တော် ဘာတွေလုပ်နေမိလဲ မသိဘူး။ ကျွန်တော် တယောက်ထဲရှိတဲ့အချိန်ကျတော့ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်နေမိတော့တယ်။ ဒါဟာ ကျွန်တော်လုပ်နိုင်တာ အကုန်ပဲလား။

ကျွန်တော့်ခန္ဓာကိုယ်ဟာ မိန်းမတွေကို ဆာလောင်နေတယ်။ အဲဒီမိန်းကလေးတွေနဲ့ အိပ်နေတဲ့ အချိန်တိုင်းမှာလည်း ကျွန်တော်ဟာ နာအိုကိုအကြောင်း၊ အမှောင်ထဲက အဝတ်အစားမဲ့ နာအိုကိုရဲ့အဖြူရောင်ပုံသဏ္ဌာန်အကြောင်း၊ သူ့ရဲ့ညည်းသံလေးတွေအကြောင်း၊ မိုးရေစက်တွေရဲ့အသံတွေအကြောင်းတွေကို စဉ်းစားနေမိတော့ တာပဲ။ အဲဒီအကြောင်းတွေ စဉ်းစားမိလေ ကျွန်တော့်ခန္ဓာကိုယ်က ပိုမိုဆာလောင်လေပါပဲ။ ကျွန်တော်ဟာ ဝီစကီပုလင်းနဲ့ ခေါင်မိုးပေါ်တက်ပြီး ကျွန်တော့်အတွေးတွေ ဘယ်ကိုဦးတည်နေလဲ ဆိုတာကို ကိုယ့်ဘာသာကိုယ် မေးနေမိတယ်။

ဇူလိုင်လရဲ့ အစပိုင်းတနေ့မှာတော့ နာအိုကို့ဆီက ပြန်စာ ရောက်လာခဲ့တယ်။ စာအတိုလေးပါပဲ။

※※※

ပြန်စာ ချက်ချင်း မပို့ခဲ့တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါ။ ဒါပေမဲ့ ငါ့ကို နားလည်ဖို့ ကြိုးစားပါ။ ငါ ဒီလို စာရေးနိုင်တဲ့အခြေအနေကို ရောက်ဖို့ အချိန် တော်တော်ယူခဲ့ရပါတယ်။ ဒီစာကို ရေးတာ အနည်းဆုံး ဆယ်ကြိမ်လောက်တော့ရှိပြီ။ စာရေးတာဟာ ငါ့အတွက် နာကျင်ဖို့ကောင်းတဲ့ ဖြစ်စဉ်တခုပဲ။

ဒီစာကို ငါရဲ့ သုံးသပ်ချက်နဲ့ပဲ စပါရစေ။ ငါ ကျောင်းကနေ တနှစ်နားဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ ပျက်ကွက်ခွင့်နဲ့ ငါ တရားဝင် နားခဲ့တာပါ။ ဒါပေမဲ့ ငါ ကျောင်းကို ဘယ်တော့မှပြန်သွားတော့မှာ မဟုတ်ဘူးလို့ဘဲ ထင်တယ်။ နင် တော်တော် အံ့သြသွားမှာပဲ။ ငါကတော့ ကျောင်းနဲ့ ပတ်သက်လို့ အချိန်အကြာကြီး ယူပြီး စဉ်းစားပြီးပါပြီ။ ငါ အဲဒီအကြောင်းတွေကို နင့်ဆီကို လှမ်းပြောဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမဲ့ ငါပြောဖို့ ငါ့ကိုယ်ငါ မစွမ်းနိုင်ဘူး ဖြစ်နေခဲ့တယ်။ စကားလုံးတွေကို အသံထွက်ရမှာကိုတောင် ငါကြောက်နေခဲ့တယ်။

တချို့ကိစ္စတွေကို ပြင်းပြင်းထန်ထန်ကြီး စဉ်းစားမနေပါနဲ့တော့ဟာ။ ဘာပဲဖြစ်ခဲ့၊ ဖြစ်ခဲ့ ဒါမှမဟုတ် ဘာမှမဖြစ်ခဲ့၊ မဖြစ်ခဲ့ နောက်ဆုံးရလဒ်ဟာ အတူတူပဲ မဟုတ်လား။ ဒီလိုပြောရတာဟာ ကောင်းလှတယ်တော့ မဟုတ်ဘူး။ နင့်ကို ထိခိုက် နာကျင်မှုဖြစ်စေခဲ့ရင် ငါ စိတ်မကောင်းပါဘူးဟာ။ အဲဒီကိစ္စဟာ ငါ့ဘာသာငါ ဖြေရှင်းရမယ့်ကိစ္စပါဟာ။ အဲဒီလိုတွေးနိုင်ဖို့ ငါ အချိန် တနှစ်ကျော်လောက် ဟိုရွှေ့ဒီရွှေ့ လုပ်နေခဲ့တယ်။ နောက်တော့ ငါ ဆုံးဖြတ်ချက် ချလိုက်တာတွေဟာ နင့်အတွက် ခက်ခဲစေခဲ့တယ်။ ဒီကိစ္စကို နောက်ထပ် ထပ်ရွှေ့လို့လည်း မကောင်းတော့ဘူးလေ။

ငါ အခန်းကို ပြန်အပ်ပြီးတော့ ကိုဘေးမှာရှိတဲ့ ငါ့မိဘတွေဆီကို

ပြန်လာခဲ့တယ်။ ပြီးတော့ ငါ ဆရာဝန်တယောက်နဲ့ ပြနေခဲ့ရတယ်။ ကျိုတို မြို့အပြင်ဘက် တောင်ကုန်းတွေမှာရှိတဲ့ နေရာတခုက ငါ့အတွက် အသင့်တော်ဆုံး နေရာတခု ဖြစ်လိမ့်မယ်လို့ သူက ငါ့ကိုပြောခဲ့တယ်။ ငါလည်း ဒီနေရာမှာ အချိန်နည်းနည်းနေဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီနေရာဟာ ဆေးရုံတခုတော့ မဟုတ်ဘူး။ ရောဂါက နလန်ထတဲ့ လူတွေကို လွတ်လပ်တဲ့ ကုထုံးတွေနဲ့ ကုသပေးတဲ့ ဌာနတခုနဲ့ပဲ တူတယ်။ ငါ နောက်စာတစောင်ကျရင် အသေးစိတ် ရေးပြပါ့မယ်။ အခုလောလောဆယ် ငါ လိုအပ်နေတာက ငါ ပြင်ပကမ္ဘာကြီးနဲ့ အဆက်အသွယ်ဖြတ်ပြီး ငါ့အာရုံကြောတွေကို အနားပေးဖို့ပဲ။

နင် ငါ့ကို တနှစ်လောက် အဖော်ပြုပေးခဲ့တဲ့အတွက်တော့ ငါနင့်ကို ကျေးဇူးတင်ပါတယ်။ နင် တခြား ဘာကိုမှ မယုံကြည်ရင်တောင်မှ ဒီစကားကိုတော့ ယုံကြည်ပေးပါနော်။ ငါ့ကို နာကျင်အောင် လုပ်ခဲ့တာ နင် မဟုတ်ပါဘူး။ အဒါ ငါကိုယ်တိုင်ပါပဲ။ အဒါ ငါခံစားရတဲ့ အရင်းခံပါပဲ။

ဘာပဲပြောပြော အခု လောလောဆယ်တော့ နင့်ကိုတွေ့ဖို့ မပြင်ဆင်ရသေးဘူး။ ငါ နင့်ကို မတွေ့ချင်တာ မဟုတ်ဘူးနော်။ ငါ မပြင်ဆင်ရသေးတာ။ ငါ အဆင်သင့်ဖြစ်ပြီလို့ ခံစားရတဲ့နေ့ကျရင် နင့်ကို စာရေးလိုက်ပါမယ်။ အဲဒီအချိန်ကျရင်တော့ ငါတို့နှစ်ယောက် တယောက်ကို တယောက် ပိုနားလည်လာမှာပါ။ နင်ပြောသလိုပဲ ငါတို့ တယောက်ကိုတယောက် ပိုနားလည်လာအောင် လုပ်သင့်တာလုပ်ကြတာပေါ့။ ဂွတ်ဘိုင်။

※※※

ကျွန်တော် နာအိုကိုရဲ့စာကို ထပ်ပြန်တလဲလဲ ဖတ်မိတယ်။ စာဖတ်တဲ့အချိန်တိုင်းမှာလည်း နာအိုကို ကျွန်တော့်မျက်လုံးတွေကို လှမ်းကြည့်တဲ့အတိုင်း မခံမရပ်နိုင်တဲ့ ဝမ်းနည်းမှုမျိုးကို ကျွန်တော် ခံစားရပါတယ်။ ကျွန်တော် အဲဒီခံစားချက်ကို ဖြေရှင်းနိုင်ဖို့ နည်းလမ်းကို မရှိဘူး။ အဲဒီခံစားချက်ကြီးကို ထားရမယ့်နေရာ၊ ဝှက်ထားရမယ့်နေရာလည်း မရှိဘူး။ ကျွန်တော့် ခန္ဓာကိုယ်ကို ဖြတ်တိုက်သွားတဲ့လေလိုပဲ။ ပုံသဏ္ဌာန်မရှိ၊ အလေးချိန် မရှိပဲ ကျွန်တော့်ခန္ဓာကိုယ်ကို လွှမ်းခြုံသွားနေသလိုမျိုးပေါ့။ မြင်ကွင်းထဲက အရာဝတ္ထုတွေဟာ ကျွန်တော့်နံဘေး ဖြတ်သန်းသွားနေသလိုပဲ။ သူတို့ရဲ့စကားလုံးတွေဟာ ကျွန်တော့်နားထဲကို မရောက်ဘူး ဖြစ်နေတယ်။

စနေညတိုင်း ဧည့်ခန်းထဲမှာ ထိုင်နေတဲ့အကျင့်ကြီးက ဆက်ဖြစ်နေသေးတယ်။ တယ်လီဖုန်း လာမလားဆိုတဲ့ မျှော်လင့်ချက်တော့ မရှိပါဘူး။ ကျွန်တော်အတွက် အဲဒီအချိန်တွေမှာ ဧည့်ခန်းထဲ ထိုင်နေဖို့ကလွဲလို့ ဘာမှလုပ်စရာမရှိခဲ့ဘူး။ ကျွန်တော် တီဗီဖွင့်ပြီး ဘေ့စ်ဘောပွဲ ကြည့်ချင်ယောင်

ဆောင်ပြီး ကျွန်တော်နဲ့ တီဗီကြားက နေရာလွတ်ကို နှစ်ပိုင်းခွဲနေတတ်တယ်။ ပြီးတော့ နောက်ထပ် နှစ်ပိုင်း၊ နှစ်ပိုင်းစီ ကျွန်တော် ထပ်ခွဲတယ်။ နောက်ဆုံး ကျွန်တော့်လက်ကိုပဲ ကျွန်တော် ဆုပ်ထားနိုင်လောက်တဲ့နေရာ ရောက်အောင် ကျွန်တော် ခွဲပစ်လိုက်တယ်။

※※※

အဲဒီလကုန်တော့ မုန်တိုင်းတပ်သားက ကျွန်တော့်ကို ပိုးစုန်းကြူးတကောင် ပေးတယ်။ အဖုံးထဲမှာ လေဝင်ပေါက်လေးတွေပါတဲ့ ကော်ဖီခရားကြီးထဲမှာ မြက်ပင်လေးတွေ ရေတွေနဲ့အတူ ပိုးစုန်းကြူးလေး ထည့်ထားတယ်။ မီးလင်းနေတဲ့အခန်းထဲမှာဆိုရင် ပိုးစုန်းကြူးလေးဟာ ရေကန်ဘေးမှာ တွေ့ရတတ်တဲ့ သာမန် ပိုးကောင်အမည်းလေးနဲ့ပဲ တူတယ်။ ဒါပေမဲ့ မုန်တိုင်းတပ်သားကတော့ ဒါဟာ တကယ့် သက်ရှိအရာပဲလို့ ပြောပါတယ်။ “ငါ ပိုးစုန်းကြူးကို စတွေ့ကတည်းက ပိုးစုန်းကြူးလို့ သိနေခဲ့တယ်” လို့ သူက ပြောတယ်။ ကျွန်တော် သူနဲ့ အငြင်းပွားစရာ အကြောင်းမရှိပါဘူး။

“ကောင်းသားပဲ။ ဒါ ပိုးစုန်းကြူးလေးပါပဲ” လို့ ကျွန်တော် ပြန်ပြောခဲ့တယ်။ ပိုးစုန်းကြူးရဲ့ပုံစံက အိပ်ချင်နေတဲ့ပုံစံပဲ။ ပိုးစုန်းကြူးဟာ ပြောင်ချောနေတဲ့ မှန်နံရံကို တက်ဖို့ ကြိုးစားနေပေမယ့် ပြန်ပြုတ်ကျသွားတာချည်းပဲ။

“ငါ ဒီကောင့်ကို မြက်ခင်းပေါ်က ဖမ်းခဲ့တာ” လို့ သူက ပြောတယ်။

“အဆောင်ဘေးက မြက်ခင်းလား”

“ဟုတ်တယ်။ ဒီလမ်းထောင့်က ဟိုတယ်ကို သိတယ်မဟုတ်လား။ နွေရာသီ ဧည့်သည်တွေအတွက် ဟိုတယ်ဥယျာဉ်ထဲမှာ သူတို့ ပိုးစုန်းကြူးတွေ လွှတ်ပေးထားတယ်။ ဒီကောင်လည်း အဲဒီထဲကပဲ”

မုန်တိုင်းတပ်သားဟာ စကားပြောနေရင်း သူ့အဝတ်အစားတွေနဲ့ မှတ်စုစာအုပ်တွေကို ကော်စတွန် အိတ်အနက်ကြီးထဲ ထည့်ပြီး အလုပ်ရှုပ်နေပါတယ်။

နွေရာသီ အပန်းဖြေကာလအတွက် ကျွန်တော်တို့ ရက်သတ္တပတ် တော်တော်များများ ခွင့်ရပါတယ်။ အဆောင်မှာ ကျန်ခဲ့တာဆိုလို့ မုန်တိုင်းတပ်သားနဲ့ ကျွန်တော် နှစ်ယောက်ပဲ ရှိတယ်။ ကျွန်တော် ကိုဘေးကို မပြန်ဘဲ အလုပ်လုပ်ပြီး ဆက်နေခဲ့တယ်။ မုန်တိုင်းတပ်သားကလည်း သင်တန်းတခု တက်နေလို့ အိမ်မပြန်ဘူး။ ခုတော့ သင်တန်းပြီးသွားလို့ မုန်တိုင်းတပ်သားဟာ တောင်တန်း ထူထပ်တဲ့ ယာမာနာရှီကို ပြန်တော့မှာပါ။

"ဒီကောင့်ကို မင်းကောင်မလေးကို လက်ဆောင် ပေးလို့ရတယ်။ သူကြိုက်မှာပါ" လို့ သူက ပြောတယ်။

"ကျေးဇူးပဲ"

အဆောင်ဟာ မှောင်ပြီး တိတ်ဆိတ်သွားတော့ ယိုယွင်းပျက်စီးနေတဲ့ နေရာကြီးတခုလိုပဲ။ အလံတော်ကို အောက်ပြန်ချလိုက်ပြီ။ ထမင်းစားခန်းထဲမှာ မီးတွေလင်းလာတယ်။ ကျောင်းသား နည်းနည်းပဲ ကျန်လို့ ထမင်းစားခန်း တဝက်လောက်ကိုပဲ သူတို့ မီးထွန်းပြီး တဝက်ကို မီးပိတ်ထားကြတယ်။ ညစာရဲ့ဟင်းရနံ့တွေ ကျွန်တော်တို့ဆီ ရောက်လာတယ်။ အသားတခုခုကို စတူးလုပ်ထားတဲ့ အနံ့ပါ။

ပိုးစုန်းကြူး ထည့်ထားတဲ့ ပုလင်းကြီးနဲ့အတူ ကျွန်တော် ခေါင်မိုးပေါ် တက်လာခဲ့တယ်။ ခေါင်မိုးပေါ်မှာ ဘယ်သူမှ မရှိဘူး။ အဝတ်လှန်းမှာ တယောက်ယောက် မေ့ခဲ့ပုံရတဲ့ တီရှပ်တထည် လှမ်းထားတာ တွေ့ရတယ်။ လေတိုက်ရင် လှုပ်နေတဲ့ အဲဒီတီရှပ်ဟာ အင်းဆက် အကောင်ကြီးကြီး တကောင်ရဲ့အခွံလိုပဲ။ နွေလယ်တုန်းက အပူစုပ်ထားတဲ့ ရေစင်ကြီးဟာ ပူနွေးနေဆဲပဲ။ ကျွန်တော် ရေစင်ပေါ်က ခပ်ကျဉ်းကျဉ်းနေရာမှာ တက်ထိုင်နေလိုက်ပြီး လက်ရန်းကို မှီနေလိုက်တယ်။ မပြည့်တပြည့် အဖြူရောင် လမင်းကြီးနဲ့ ကျွန်တော်ဟာ မျက်နှာချင်းဆိုင် အနေအထားပဲ။ ညာဘက်မှာ ရှင်ဂျူကူက မီးရောင်တွေ၊ ဘယ်ဘက်မှာ အီကီဘူကူရိုက မီးရောင်တွေကို လှမ်းမြင်ရတယ်။ ကားမီးရောင်တွေဟာ တောက်ပနေတဲ့ စမ်းချောင်းတွေလိုပဲ။ ရောထွေးနေတဲ့ အသံပေါင်းစုံတို့ ငြီးငွေ့ဖွယ်အော်သံဟာ မြို့အထက်မှာ တိမ်တိုက်တခုလို ဖြန့်ကျက် အုပ်မိုးနေတယ်။

ပိုးစုန်းကြူးဟာ ကော်ဖီခရားအောက်ခြေမှာ ခပ်ဖျော့ဖျော့ လင်းနေတယ်။ သူ့အလင်းရောင်ဟာ အားပျော့ပြီး သူ့အရောင်ကလည်း ဖျော့တော့နေတယ်။ ကျွန်တော် ပိုးစုန်းကြူးတွေ မမြင်ရတာ နှစ်တော်တော်ကြာပြီ။ ဒါပေမဲ့ ကျွန်တော်မြင်ခဲ့တဲ့ ပိုးစုန်းကြူးတွေဟာ နွေရာသီအမှောင်ထဲမှာ စူးစူးရဲရဲ လင်းကြတယ်လို့ ကျွန်တော် မှတ်ဉာဏ်ထဲမှာ ရှိနေကြတယ်။

ဒီပိုးစုန်းကြူးကတော့ အသက်ငင်နေတာလည်း ဖြစ်နိုင်တယ်။ ကျွန်တော် ခရားကြီးကို နည်းနည်း လှုပ်လိုက်တယ်။ ပိုးစုန်းကြူးဟာ ထခုန်ပြီး ပျံဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူ့အလင်းရောင်ကတော့ ဖျော့တော့နေဆဲပဲ။

ကျွန်တော် နောက်ဆုံးမြင်တွေ့ခဲ့တဲ့ ပိုးစုန်းကြူးတွေကို ပြန်စဉ်းစားနေမိတယ်။ ဘယ်နေရာမှာ တွေ့ခဲ့တာလဲပေါ့။ ကျွန်တော့်စိတ်ထဲမှာ မြင်ကွင်းလေးတခု မြင်မိတယ်။ ဒါပေမဲ့ ဘယ်နေရာ၊ ဘယ်အချိန်လဲဆိုတာ

ကျွန်တော် စဉ်းစားလို့ မရဘူး။ အမှောင်ထဲကနေ ရေစီးသွားတဲ့အသံကို ကျွန်တော် ကြားနေရတယ်။ ခေတ်ဟောင်း ရေလွှဲမြောင်းကြီးကို ကျွန်တော် ကြည့်လိုက်မိတယ်။ ရေလွှဲမြောင်းမှာ ဖွင့်လို့၊ ပိတ်လို့ရတဲ့ လက်ကိုင်တခုရှိတယ်။ ညက တော်တော် မှောင်နေတယ်။ မီးအိမ်လေးကို ပိတ်လိုက်တော့ ကျွန်တော့်ခြေထောက်တောင် ကျွန်တော် မမြင်ရတော့ဘူး။ ရေလွှဲမြောင်းထဲဝင်တဲ့ ရေကန်ပေါ်မှာ ပိုးစုန်းကြူးတွေ အကောင်ရာချီပြီး ရှိနေတယ်။ သူတို့ရဲ့ အလင်းတွေဟာ ရေစက်ပေါက်ကလေးတွေ လင်းနေသလိုပဲ။

ကျွန်တော် မျက်စိတွေ ပိတ်လိုက်ပြီး အမှောင်ထဲမှာ ကိုယ့်ကိုယ်ကိုယ် စိမ်နေလိုက်တယ်။ လေရဲ့ အသံဟာ ပုံမှန်နဲ့မတူပဲ ကြည်လင်နေတာကို ကျွန်တော် ကြားနေရတယ်။ အဝေးကနေလာပြီး ကျွန်တော့်ကို ဖြတ်တိုက်သွားတဲ့ အရှိန်ပြင်းပြင်း လေဟာ သူ့ရဲ့လမ်းကြောင်းမှာ တောက်ပတဲ့ အရောင်တွေ ချန်ထားရစ်ခဲ့တယ်။ ကျွန်တော် မျက်လုံးတွေ ဖွင့်ပြီး အရင်ညတွေကထက် ပိုမှောင်နေတဲ့ နွေညရဲ့အမှောင်ကို ကြည့်နေမိတယ်။

ကျွန်တော် ကော်ဖီခရားအဖုံးကို ဖွင့်ပြီး ပိုးစုန်းကြူးကို အပြင်ထုတ်လိုက်တယ်။ ပြီးတော့ ရေစင်ပေါ်မှာ ထားပေးလိုက်တယ်။ ပိုးစုန်းကြူးဟာ ပတ်ဝန်းကျင်အသစ်နဲ့ အသားမကျသေးတဲ့ ပုံစံနဲ့ စတီးလ်လက်ကိုင်ဘုနားမှာ ထော့နင်း ထော့နင်းနဲ့ သွားနေတယ်။ သူ့ရဲ့ခြေထောက်တွေဟာ ဆေးရောင်ပေါ်မှာ အနာရွတ်ဖြစ်နေသလိုပဲ။ နောက်ဆုံးတော့ သူ့ရဲ့ကြိုးပမ်းမှုနဲ့ လက်ကိုင်ဘုပေါ် ရောက်သွားတယ်။ လက်ကိုင်ဘုပေါ်ရောက်တော့ သူ ခဏ နားနေတယ်။ ပြီးတော့ မလှုပ်တော့ဘူး။ သူ့ရဲ့ နောက်ဆုံးထွက်သက်ပြီးလို့ မလှုပ်တော့သလိုပဲ။

သူဟာ လက်ကိုင်ဘုကို မှီနေဆဲပဲ။ ကျွန်တော်ဟာ ပိုးစုန်းကြူးကို လေ့လာနေမိတယ်။ ကျွန်တော်ရော သူပါ လှုပ်ရှားမှု မရှိတော့ဘူး။ လေဟာ ကျွန်တော်တို့နှစ်ယောက်စလုံးကို ဖြတ်တိုက်နေတယ်။ အမှောင်ထဲ မရေမတွက်နိုင်လောက်တဲ့ ဇယ်ကိုဗာ သစ်ရွက်တွေ ယိမ်းထိုးနေကြတယ်။

ကျွန်တော် အကြာကြီးစောင့်နေမိတယ်။

အချိန်တော်တော်ကြာတော့ ပိုးစုန်းကြူးကလေးဟာ လေနဲ့အတူ လိုက်ပါသွားတယ်။ အတွေးတခုခု သူ့ဆီ ရောက်လာလို့ ထင်တယ်။ ပိုးစုန်းကြူးဟာ လေထဲမှာ အတောင်ပံတွေ ဖြန့်လိုက်တယ်။ ပိုးစုန်းကြူး ပျံသွားပြီး မကြာခင်မှာ လက်ကိုင်ဘုဟာလည်း အမှောင်ထုထဲမှာ မျောလွင့်သွားတယ်လို့ ခံစားရတယ်။ ဆုံးရှုံးသွားတဲ့ ကြားအချိန်ကာလေးအတွင်းမှာ ရေစင်နဲ့ ထောင့်ကွေးလေးတွေဟာ အသက်ဝင်လာတယ်။ ကျွန်တော် သူ့တို့ကို စောင့်ကြည့်နေမိတယ်။

ပိုးစုန်းကြူး ပျောက်ကွယ်သွားတာ အချိန် အတော်ကြာခဲ့ပြီ ဖြစ်ပေမယ့်လို့ သူ့ရဲ့အလင်းရောင်ဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ ရှိနေဆဲပဲ။ သူ့ရဲ့ဖျော့တော့မှိန်ပျတဲ့ အလင်းရောင်နဲ့ အမှောင်ထု ထုထုကြီးထဲမှာ ပျံသန်းသွားပုံဟာ ကျွန်တော့်ရဲ့ မျက်ဝန်းထဲမှာ ပျောက်ဆုံးသွားတဲ့. . . ပျောက်ဆုံးသွားတဲ့ ဝိညာဉ်တခုလိုပဲ။

အမှောင်ထဲမှာ ကျွန်တော် တကြိမ်မက လက်ဆန့်တယ်။ ကျွန်တော့်လက်ချောင်းတွေ ဘာကိုမှ မထိဘူး။ ခပ်မှိန်မှိန် တောက်ပမှု ရှိနေဆဲပဲ။

■

အခန်း (၄)

နွေရာသီ ကျောင်းပိတ်ရက်မှာတော့ တက္ကသိုလ်ထဲကို အဓိကရဏ်း နှိမ်နင်းရေး ရဲတပ်ဖွဲ့တွေ ရောက်လာကြတယ်။ သူတို့တွေဟာ ကျောင်းထဲမှာ သံဆူးကြိုးတွေချပြီး ကျောင်းအတွင်းရှိနေတဲ့ ကျောင်းသားတွေကို ခေါ်ဆောင်သွားကြတယ်။ ဒါဟာလည်း သိပ်တော့ မတူးဆန်းပါဘူးလေ။ ကျောင်းတိုင်းလိုလိုမှာ တချိန်ထဲ၊ တပြိုင်ထဲ အဲဒီလိုဖြစ်နေကြတယ်။ တက္ကသိုလ်တွေမှာ ကျောင်းသားတွေကို အလွယ်တကူ ဖြိုခွင်းလို့ မရကြဘူး။ ကျောင်းသား အရေးအတွက် ငွေကြေး အမြောက်အမြား သုံးစွဲထားကြတယ်။ သူတို့တွေဟာ ဆွေးနွေးညှိနှိုင်းမှု မလုပ်ကြသလို တချို့သော ကျောင်းသားတွေဟာလည်း တော်တော့်ကို ရိုင်းစိုင်းလာကြတယ်။ တကယ်တမ်းကျပြန်တော့လည်း ကျောင်းပရဝုဏ်ကို စီးထားတဲ့ ကျောင်းသားတွေဟာ တက္ကသိုလ်တွေကို ဖြိုခွင်းဖို့ ရည်ရွယ်ချက် မရှိကြပြန်ဘူး။ ကျောင်းသားတွေဟာ တက္ကသိုလ်ဖွဲ့စည်းပုံစနစ်မှာ ပါဝါမျှတမှုကို လိုချင်နေကြတာပဲ ရှိတယ်။ အဲဒီ့ကိစ္စတွေကို ကျွန်တော်ကတော့ သိပ်စိတ်မဝင်စားဘူး။ အဲဒီတော့ ကျောင်းသားသပိတ် ဖြိုခွင်းခံလိုက်ရတော့လည်း ကျွန်တော် ဘယ်လိုမှ မခံစားရဘူး။

စက်တင်ဘာလထဲမှာတော့ ကျွန်တော် အပျက်အစီးတွေကြည့်ဖို့ ကျောင်းထဲရောက်သွားခဲ့တယ်။ ကျောင်းထဲမှာ ဘယ်လိုအပျက်အစီးမှ မရှိဘူး။ စာကြည့်တိုက်ထဲက စာအုပ်တွေကို ဘယ်သူမှ ယူသွားတာမရှိဘူး။ ပါမောက္ခရဲ့ ရုံးခန်းဟာလည်း ဖျက်ဆီးမခံရဘူး။ ကျောင်းသားရေးရာဌာနလည်း မီးရှို့ မခံရဘူး။ ဘာအပျက်အစီးမှ မတွေ့ရတော ကျွန်တော် အံ့ဩမိတယ်။

ကျောင်းသားသပိတ် ပြီးဆုံးသွားတယ်။ ရဲတွေရဲ့အထိန်းအကွပ်နဲ့ ကျောင်း ပြန်ဖွင့်တယ်။ ကျောင်းကို အရင်ဆုံးစတက်တဲ့ ကောင်တွေကတော့ ကျောင်းသပိတ်ကို ဦးဆောင်ခဲ့တဲ့ သောက်သုံးမကျတဲ့ အကောင်တွေပါ။ ဘာဆိုဘာမှ မဖြစ်ခဲ့တဲ့ပုံစံမျိုးနဲ့ လူစာရင်းခေါ်တဲ့အခါ “ရှိ” လို့ သူတို့ အော်ကြတယ်။ သူတို့ကို ကြည့်ပြီး ကျွန်တော် မယုံကြည်နိုင်လောက်အောင်ပဲ။ ဘာပဲပြောပြော ကျောင်းသားသပိတ်ရဲ့ သက်ရောက်မှုကတော့ ရှိနေဆဲပဲ။ ကျောင်းသားသပိတ် ပြီးဆုံးကြောင်း ဘာကြေညာချက်မှ ထုတ်ပြန်ခြင်း မရှိဘူး။ အဓိကရဏ်းနှိမ်နင်းရေး ရဲတွေကို တက္ကသိုလ်ထဲ ခေါ်သွင်းပြီး သံဆူးကြိုးတွေ ဖယ်လိုက်ပေမယ့် ကျောင်းသားသပိတ်ဟာ ဆက်ဖြစ်ဦးမယ့်ပုံစံပဲ။ သောက်သုံးမကျတဲ့ကောင်တွေကတော့ ကျောင်းသားတွေဟာ သပိတ်ကို မထောက်ခံကြဘူးလို့ အသံကောင်းဟစ်နေကြတုန်းပဲ။ အဲဒီ

ကျောင်းသားခေါင်းဆောင်ဟောင်း တွေဆီ ကျွန်တော် သွားလည်ပြီး သပိတ်ထပ်ဖြစ်ဦးမှာလားလို့ ကျွန်တော် မေးခဲ့တယ်။ အဲဒီကောင်တွေဟာ ကျွန်တော့်ကို တိကျတဲ့ အဖြေမပေးခဲ့ဘူး။ သူတို့ပြောရင်ကော ဘာဖြစ်မှာမို့လဲ။ အဲဒီကောင်တွေဟာ ကျောင်းကို ဆူပူစေမှုနဲ့ ဘွဲ့မရမှာကို ကြောက်နေကြသလား။ သူတို့တွေဟာ တက္ကသိုလ်ကြီးကို ဖြိုခွင်းမယ်လို့ အသံတွေ ကြွေးကြော်ခဲ့လို့လား။ ရယ်စရာပဲ။ သူတို့ရဲ့ရယ်သံတွေဟာ ပြောင်းလဲလာခဲ့တယ်။ သူတို့ရဲ့အော်သံတွေဟာ တီးတိုးသံလေးတွေ ဖြစ်လာတယ်။ ဟော့... ကီကီ ခင်ဗျား ဘာတခုမှ မဆုံးရှုံးဘူးလို့ ကျွန်တော် တွေးမိတယ်။ ဒီကမ္ဘာကြီးဟာ မစင်ပုံကြီးတပုံပါဗျာ။ သောက်ရူးတွေဟာ ဘွဲ့တွေ ရတော့မယ်။ သူတို့ရဲ့သောက်မြင်ကပ်စရာ မျက်နှာပေးတွေနဲ့ လူ့အဖွဲ့အစည်းကို အကူအညီ ပေးကြဦးမယ်။

ဒီအတော်အတွင်း ကျွန်တော် ကျောင်း ပုံမှန်တက်ဖြစ်တယ်။ နာမည်ခေါ်ရင်တော့ ကျွန်တော် မထူးဘူး။ ကျွန်တော့်ရဲ့အပြုအမူဟာ ရည်ရွယ်ချက်ကင်းမဲ့ခဲ့တဲ့ အပြုအမူမှန်း ကျွန်တော်သိတယ်။ ဒါပေမဲ့ ကျွန်တော်ရဲ့စိတ်ခံစားမှုတွေ ရှုပ်ထွေးနေတဲ့အတွက် ကျွန်တော့်မှာ ရွေးချယ်စရာ မရှိခဲ့ဘူး။ ကျွန်တော် လုပ်နိုင်တာက အရင်ကထက်ပိုပြီး အတန်းဖော်တွေနဲ့ အခေါ်အပြော မလုပ်ဘဲ တကိုယ်တော် နေတာပဲ ရှိတယ်။ ကျွန်တော့်နာမည် ခေါ်တဲ့အခါ ကျွန်တော် ပြန်မထူးတဲ့အတွက် ကျန်တဲ့လူတွေဟာ စက္ကန့်ပိုင်းလောက် စိတ် ကသိကအောက် ဖြစ်ကြရတာပဲ ရှိတယ်။ ဘယ်ကျောင်းသားကမှ ကျွန်တော့်ကို စကားလာမပြောသလို ကျွန်တော်ကလည်း သူတို့ကို ဘာစကားမှ မပြောဘူး။

စက်တင်ဘာ ဒုတိယပတ်မှာတော့ ကျွန်တော် ကောက်ချက်တခု ချလိုက်နိုင်တယ်။ အဲဒါက တက္ကသိုလ်ပညာရေးဟာ ဘာအဓိပ္ပါယ်မှ မရှိဘူး ဆိုတာပါပဲ။ အဲဒီလို စဉ်းစားမှုဟာ ကျွန်တော့်အတွက် ပျင်းရိညည်းငွေ့မှုကို ဖြေဖျောက်ဖို့ လေ့ကျင့်ခန်းကာလတခုလို့ ကျွန်တော် ဆုံးဖြတ်မိတယ်။ ကျွန်တော်ဟာ လူ့အဖွဲ့အစည်းအပေါ် ဘာမှ လုပ်ပေးချင်စိတ် မရှိတာကို စဉ်းစားမိတိုင်း ကျွန်တော် ကျောင်းထွက်သင့်နေပြီလို့ စဉ်းစားမိတယ်။ ဒါပေမဲ့ ကျွန်တော် ကျောင်း နေ့တိုင်း သွားတက်တယ်။ လက်ချာ လိုက်ရေးတယ်။ ကျွန်တော့်ရဲ့အားလပ်ချိန်တွေကို စာကြည့်တိုက်ထဲမှာ စာအုပ် သွားဖတ်ရင်ဖတ်၊ ဒါမှမဟုတ် ဟိုကြည့်ဒီကြည့်လုပ်ပြီး အချိန်ကုန်နေတာပဲ။

※※※

စက်တင်ဘာ ဒုတိယပတ်ဟာ ရယ်ချင်ပက်ကျိ ဖြစ်ချင်စရာပါပဲ။ မုန်တိုင်းတပ်သားလုံးဝ ပြန်မရောက်သေးဘူး။ သာမန်ထက်ကို ထူးခြားပြီး ကမ္ဘာကြီးဟာ သောက်ရမ်းတိုးတက် တုန်လှုပ်နေတယ်။ မုန်တိုင်းတပ်သားရဲ့တက္ကသိုလ်ဟာ ပြန်ဖွင့်နေပြီ ဖြစ်ပေမယ့်

သူပြန်မရောက်သေးတာတော့ တော်တော့်ကို မယုံကြည်နိုင်လောက်အောင်ပါပဲ။ သူ့ရဲ့ စာရေးစားပွဲနဲ့ ရေဒီယိုမှာ ဖုန်မှုန့်တွေ ခပ်ပါးပါး ရှိနေပါပြီ။ သူ့ရဲ့ပလတ်စတစ်ခွက်၊ သွားတိုက်ဆေးဗူး၊ လက်ဖက်ခြောက်ဘူး၊ အင်းဆက်သတ်စပရေး စတာတွေဟာ သူ့ဟာနဲ့သူ စီစီရီရီ ရှိနေဆဲပါပဲ။

သူမရှိတဲ့အချိန်မှာ အခန်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ကျွန်တော် ထားပါတယ်။ လွန်ခဲ့တဲ့ တနှစ်ခွဲလောက်ကစလို့ ဒီလိုသန့်သန့်ရှင်းရှင်း နေတတ်တဲ့အကျင့် ကျွန်တော် ရခဲ့တာပါ။ သူ မရှိပေမယ့် အခန်းကို သန့်သန့်ရှင်းရှင်းထားဖို့ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ ကျွန်တော် နေ့တိုင်း တံမြက်စည်းလှဲတယ်။ ပြတင်းပေါက်မှန်တွေကို သုံးရက်တခါ သန့်ရှင်းတယ်။ ကျွန်တော့်ရဲ့ မွေ့ရာကို တပတ်တခါ ဖုန်ခါတယ်။ သူ့ကို ကျွန်တော် မျှော်နေပါတယ်။ သူပြန်လာတဲ့ အခါကျရင်တော့ ကျွန်တော် သန့်ရှင်းအောင် လုပ်ထားတာနဲ့ပတ်သက်လို့ ချီးကျူးခိုင်းဦးမယ်။

ဒါပေမဲ့ သူ လုံးဝပြန်မလာဘူး။ ကျွန်တော် စာသင်ခန်းတွေဆီက ပြန်လာတဲ့ တနေ့မှာတော့ သူ့ပစ္စည်းပစ္စယတွေ မရှိတော့သလို အခန်းတံခါးမှာလည်း နာမည်ကတ်ပြား မရှိတော့တာကို တွေ့ရပါတယ်။ ကျွန်တော် အဆောင်မှူးအခန်းကို သွားပြီး ဘာဖြစ်တာလဲလို့ ကျွန်တော် မေးခဲ့ပါတယ်။ သူ ဒီအဆောင်ကနေ ထွက်သွားပြီ။ မင်းတယောက်ထဲ အချိန်တိုင်းအတာ တခုလောက်ထိ နေရတော့မယ်လို့ သူကပြောပါတယ်။

မုန်တိုင်းတပ်သား ဘာလို့ အခုလို ပြောင်းသွားသလဲဆိုတာတော့ သူ ကျွန်တော့်ကို မပြောပြပါဘူး။ အဆောင်မှူးဆိုတဲ့ပုဂ္ဂိုလ်က သူများတွေရဲ့အကြောင်းကို မပြောပဲ ထိန်ချိန်ထားရတာကို သိပ်ကြိုက်တတ်တဲ့ လူစားမျိုးပါပဲ။

မုန်တိုင်းတပ်သားရဲ့ ရေခဲတောင်ပုံ ပိုစတာကတော့ နံရံပေါ်မှာ ကျန်နေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော် အဲဒီပုံကို ဖြုတ်ချည်ပြီး ကျင်မော်ရစ်ဆင်နဲ့ မီလက်စ်ဒေးဗစ်တို့ ပုံတွေကို ကပ်ထားလိုက်တယ်။ အဲဒီပုံတွေ ကပ်လိုက်မှ အခန်းက ကျွန်တော့်အခန်းနဲ့ ပိုတူလာတယ်။ ကျွန်တော် အလုပ်ကရတဲ့ ပိုက်ဆံတွေစုပြီး ကတ်ဆက်တလုံး ဝယ်ခဲ့ပါတယ်။ ကျွန်တော်တယောက်ထဲ အရက်သောက်ပြီး သီချင်း နားထောင်ပါတယ်။ ကျွန်တော် မုန်တိုင်းတပ်သားအကြောင်း မကြာခဏ စဉ်းစားမိပါတယ်။ ဒါပေမဲ့ ကျွန်တော် တယောက်ထဲ နေတာကို ပိုကြိုက်ပါတယ်။

※※※

တခုသော တနင်္လာနေ့၊ နေ့လယ် ဆယ့်တစ်နာရီခွဲမှာ ကျွန်တော်ဟာ

ပြဇာတ်သမိုင်းပညာရပ်နဲ့ ယူရီပီးဒီးအကြောင်း လက်ချာတခုကို သင်နေခဲ့ရပါတယ်။ စာသင်ခန်းနဲ့ ဆယ်မိနစ်လောက် လမ်းလျှောက်ရတဲ့နေရာမှာ ကျွန်တော် ကြက်ဥခေါက်ကြော်နဲ့ အရွက်သုပ်ကို နေ့လယ်စာအဖြစ် သွားစားခဲ့ပါတယ်။ အဲဒီဆိုင်ဟာ လမ်းကျဉ်းတခုထဲမှာပါ။ ကျောင်းကင်တင်းကထက် ဈေးပိုကြီးပေမယ့် အေးအေးဆေးဆေး ထိုင်လို့ရတဲ့ပုံစံမျိုးပါ။ အဲဒီဆိုင်ကလည်း ကြက်ဥခေါက်ကြော် အရမ်းကောင်းပါတယ်။ ဆိုင်ရှင်လင်မယားဟာ တယောက်နဲ့ တယောက် စကား လုံးဝ မပြောသလောက်ပါပဲ။ အချိန်ပိုင်း စားပွဲထိုး ကောင်မလေးတယောက် သူတို့ ထားထားတယ်။ ကျွန်တော် ပြတင်းပေါက်နားကခုံမှာ ထိုင်စားနေတုန်း ကျောင်းသားအဖွဲ့တဖွဲ့ ရောက်လာပါတယ်။ သူတို့အားလုံး အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထားကြပါတယ်။ သူတို့အဖွဲ့ဟာ တံခါးမကြီးနားက စားပွဲမှာထိုင်ပြီး မီနူးစာရွက်ကို တအောင့်လောက် ကြည့်နေကြတယ်။ ပြီးတော့ ဘာမှာမလဲလို့ အချင်းချင်း တိုင်ပင်မေးပြီး စားပွဲထိုး ကောင်မလေးကို မှာလိုက်ကြတယ်။

တအောင့်လောက်အကြာမှာ သူတို့အဖွဲ့ထဲက မိန်းကလေးတယောက် ကျွန်တော့်ကို စိုက်ကြည့်နေမှန်း သတိထားမိခဲ့တယ်။ သူက ဆံပင် တော်တော်တိုတယ်။ နေကာမျက်မှန် အနက်ကြီး တပ်ထားပြီး အဖြူရောင် ကော်တွန်စကတ်တိုလေး ဝတ်ထားတယ်။ သူ ဘယ်သူလဲ ဆိုတာ ကျွန်တော် မသိပါဘူး။ နေ့လယ်စာကိုပဲ အာရုံပြန်ထားလိုက်တယ်။ ဒါပေမဲ့ ခဏနေတော့ သူ ခုံကထပြီး ကျွန်တော့်ဝိုင်းကို ရောက်လာခဲ့တယ်။ ကျွန်တော့်စားပွဲပေါ် လက်တဖက်တင်ပြီး၊ သူက "ရှင်က ဝါတာနာဘီ ဟုတ်တယ်နော်" လို့ ပြောပါတယ်။

ကျွန်တော် ခေါင်းမော့ပြီး သူ့ကို နီးနီးကပ်ကပ် ကြည့်လိုက်ပါတယ်။ ကျွန်တော် သူ့ကိုမြင်ဖူးသလား ဆိုတာ ပြန်စဉ်းစားလို့ မရသေးပါဘူး။ သူ့ပုံစံက မှတ်မိလွယ်တဲ့ မိန်းကလေးတယောက်ပုံစံမျိုးပါ။ ကျွန်တော် သူ့ကို မြင်ဖူးရင် ချက်ချင်း မှတ်မိမှာပါ။ ကျွန်တော့်တက္ကသိုလ်မှာ ကျွန်တော့်နာမည် သိတဲ့လူ သိပ်မရှိပါဘူး။

"ကျွန်မ ထိုင်လို့ရမလား။ ရှင် တယောက်ယောက်ကို မျှော်နေတာလား" လို့ သူက မေးပါတယ်။

ကျွန်တော်ခေါင်းခါလိုက်ပါတယ်။ "ဘယ်သူမှမလာပါဘူး။ ထိုင်ပါ" လို့ ကျွန်တော် ပြန်ပြောခဲ့ပါတယ်။ သူ ခုံဆွဲထုတ်ပြီး ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် ထိုင်လိုက်ပါတယ်။ ခုံဆွဲထုတ်တဲ့အသံ ထွက်ပေါ်ခဲ့ပါတယ်။ သူဟာ မျက်မှန်တွေအောက်ကနေ ကျွန်တော့်ကို လှမ်းကြည့်နေပါတယ်။ ပြီးတော့ ကျွန်တော့်ပန်းကန်ပြားကို ကြည့်တယ်။

"ကောင်းမယ့်ပုံပဲ" လို့ သူကပြောတယ်။

"ကောင်းတယ်။ မှိုကြက်ဥခေါက်ကြော်နဲ့ ပဲစိမ်း အရွက်သုပ်လေ"

"ကောင်းသားပဲ။ နောက်တခေါက်လာရင် ကျွန်မ မှာစားမယ်။ ကျွန်မ တခြားဟာ မှာပြီးသား ဖြစ်နေလို့"

"ဘာမှာထားလို့လဲ"

"မာကာရိုနီနဲ့ ဒိန်ခဲ"

"ဒီဆိုင်က မာကာရိုနီနဲ့ ဒိန်ခဲဟာ မဆိုးပါဘူး။ ဒါနဲ့ စကားမစပ် ကျွန်တော် ခင်ဗျားကိုသိလား။ ကျွန်တော်တော့ မမှတ်မိသေးဘူး"

"ယူရီပီးဒီး" သူကပြောတယ်။ "အီလက်ထရာ... "ကျွန်မရဲ့ အကူအညီ ကူကယ်ရာမဲ့ အော်သံကို ဘယ်နတ်ဘုရားမှ မကြားကြဘူး အဲ့ဒီအတန်းက ခုနကတင်မှ ပြီးတာလေ"

ကျွန်တော် သူ့ကို စေ့စေ့ကြည့်လိုက်တယ်။ သူက မျက်မှန်ကို ချွတ်လိုက်တယ်။ ခုတော့ ကျွန်တော် သူ့ကို မှတ်မိပါပြီ။ ပြဇာတ်သမိုင်းပညာမှာ သူဟာ လူသစ်ပါ။ ဆံပင်ပုံစံ ပြောင်းသွားလို့ သူ့ကို ကျွန်တော် မမှတ်မိတာပါ။ "အိုး... မှတ်မိပြီ" ကျောကုန်းနောက်က ယားနေတဲ့ နေရာလေးကို ကုတ်ပြီး သူ့ကို ကျွန်တော် ပြန်ပြောပါတယ်။ "ခင်ဗျားရဲ့ဆံပင်က နွေရာသီ ကျောင်းမပိတ်ခင်က တော်တော်ရှည်တယ်နော်"

"ဟုတ်တယ်။ နွေရာသီမှာ ကျွန်မ ဆံပင်ကောက်လိုက်သေးတယ်။ ဒါပေမဲ့ ဆံပင်ကောက်တဲ့ပုံစံက ကျွန်မနဲ့ မလိုက်လို့ ကျွန်မ သေချင်စော်နံခဲ့တယ်။ ကျွန်မပုံစံက ကမ်းခြေမှာတင်နေတဲ့ အလောင်းကောင်ကြီးနဲ့ ခေါင်းမှာ ရေညှိကပ်နေသလိုပါပဲ။ အဲ့ဒီဆံပင်ပုံစံကြောင့် ကျွန်မ သေချင်စိတ်တောင် ပေါက်တယ်။ အဲဒါကြောင့် ကျွန်မ ဆံပင်ညှပ်ပစ်လိုက်တာ။ ဆံပင်တိုတော့ အေးတော့ အေးတယ်ရှင့်" သူ့ရဲ့နားတံချွန်ချွန်လေးကို လက်နဲ့ပွတ်ပြီး ကျွန်တော့်ကို ပြုံးပြပါတယ်။

"ခုပုံစံက ကြည့်လို့ ကောင်းပါတယ်" လို့ ကျွန်တော် ပြောနေရင်းနဲ့ ကြက်ဥခေါက်ကြောက်တွေ ပါးစပ်ထဲ ထည့်လိုက်ပါတယ်။

သူက တဖက်လှည့်ပြီး သူ့ဆံပင်ပုံစံကို ခဏ ပြသေးတယ်။ "ဒီဆံပင်ပုံစံက ခင်ဗျားနဲ့ တော်တော်လေး လိုက်ပါတယ်။ ခေါင်းပုံစံလေးပေါ်တယ်။ နားရွက်လှလှလေးတွေလည်း မြင်ရတယ်"

"ဆံပင်ပုံစံနဲ့ ပတ်သက်ပြီး ကျွန်မ ချေးမများတတ်ပါဘူး။ ဆံပင်တွေ ညှပ်ပြီးကတည်းက ကျွန်မနဲ့ လိုက်တယ်လို့ပဲ ဆုံးဖြတ်လိုက်ပါတယ်။ ဘယ်ယောကျ်ားလေးမှ ဆံပင်ပုံစံကို မကြိုက်ကြဘူး။ သူတို့က ပြောသေးတယ်။ နာဇီအကျဉ်းစခန်းက အသက်ရှင်ပြီး ကျန်ရစ်ခဲ့တဲ့လူရဲ့ ဆံပင်နဲ့ တူတယ်တဲ့။ အဲဒီယောကျ်ားလေးတွေက မိန်းကလေးဆိုရင် ဆံပင်ရှည်ရမယ်လို့ ယူဆထားသလား မသိဘူး။ သူတို့တွေဟာ ဖက်ဆစ်တွေပဲ။ ဆံပင်ရှည်တဲ့မိန်းမတွေဟာ အဆင့်အတန်းရှိတယ်။ ချိုသာတယ်။ မိန်းမဆန်တယ်လို့ ဘာဖြစ်လို့ ယောကျ်ားတွေက ထင်ကြတာလဲ။ ကျွန်မကိုယ်တိုင်တောင် ဆံပင်ရှည်ပြီး အဆင့်အတန်းမရှိတဲ့ မိန်းကလေး နှစ်ရာ့ငါးဆယ်လောက် တွေ့ဖူးတယ်"

"ကျွန်တော်ကတော့ အရင်ကထက် ပိုလှလာတယ်လို့ ယူဆတယ်" သူက အဲဒီလိုပြောရင်းနဲ့ အရင်တုန်းက သူရဲ့ပုံစံကို ပြန်စဉ်းစားကြည့်နေမိတယ်။ အဲဒီတုန်းကလည်း တမျိုး ချစ်ဖို့ ကောင်းတာပဲ။ ခုပုံစံကတော့ ဖျတ်လတ်တက်ကြွပြီး ဘဝကို ရင်ဆိုင်မယ့်ပုံစံမျိုးနဲ့ပေါ့။ သူဟာ မကြာခင် ကမ္ဘာကြီးထဲ ရောက်လာတော့မယ့် နွေဦးရာသီကို ချောင်းကြည့်နေတဲ့ တိရစ္ဆာန် သေးသေးလေး တကောင်နဲ့တူတယ်။ အပြစ်ကင်းတဲ့ ပျော်ရွှင်မှု၊ ကြည်နူးမှု၊ ဒေါသ၊ အံ့သြမှုနဲ့ စိတ်ဓာတ်ကျမှုတွေဟာ အဲဒီတိရစ္ဆာန်လေးရဲ့မျက်ဝန်းထဲမှာ တွေ့ရတယ်။ သူ့ရဲ့မျက်နှာလို ရွှန်းလဲ့တောက်ပပြီး ခွန်အားရှိတဲ့မျက်နှာမျိုး ကျွန်တော် တခါမှမမြင်ဘူးဖူး။ အဲဒီမျက်နှာလေး သက်ဝင်လှုပ်ရှားနေတာကို ကြည့်ရတာ ကျွန်တော် သိပ်ပျော်တာပဲ။

"တကယ်ပြောတာလား"

ကျွန်တော် ခေါင်းငြိမ့်ပြီး အရွက်သုပ်တွေ စားနေမိတယ်။ သူဟာ မျက်မှန်ပြန်တပ်ပြီး မျက်မှန်ထဲကနေ ကျွန်တော့်ကို ပြောနေပြန်တယ်။

"ရှင် ညာပြောနေတာတော့ မဟုတ်ဘူးနော်"

"ကျွန်တော်ဟာ ကျွန်တော့်ကို ကျွန်တော် ရိုးသားတဲ့ လူတယောက်လို့ပဲ ခံယူထားပါတယ်"

"ထားပါတော့"

"ဒါနဲ့ မေးပါရစေဦး။ ဘာဖြစ်လို့ မျက်မှန်အနက်ကြီး တပ်ထားရတာလဲ"

"ကျွန်မရဲ့ ဆံပင်တွေ ရုတ်တရက် တိုသွားတော့ အကာအကွယ်မဲ့သွားတယ်လို့ ကျွန်မ ခံစားမိလို့ပါ။ ဘာနဲ့တူလဲဆိုတော့

လူအုပ်ကြီးထဲကို အဝတ်အစား မပါဘဲ တွန်းလွှတ်ခံလိုက်ရတဲ့ လူတယောက်လိုပါပဲ”

“ခင်ဗျားပြောတာ ဖြစ်နိုင်တယ်” လို့ ကျွန်တော် ပြောပြီး နောက်ဆုံး ကြက်ဥခေါက်ကြော် တဖွန်းလောက်စားလိုက်တယ်။ သူဟာ ကျွန်တော်စားနေတဲ့ပုံကို စိတ်ဝင်တစား စိုက်ကြည့်နေတယ်။

“သူငယ်ချင်းတွေဆီ ပြန်မသွားတော့ဘူးလား” လို့ ကျွန်တော် သူ့ကို မေးလိုက်တယ်။

“စားစရာတွေလာမှ ကျွန်မ ပြန်သွားမယ်။ ကျွန်မကြောင့် ရှင်စားနေတာ အနှောင့်အယှက် ဖြစ်လို့လား”

“အနှောင့်အယှက် ဖြစ်စရာ မရှိတော့ဘူး” လို့ ကျွန်တော် သူ့ကို ပြောပြီး ကော်ဖီ မှာလိုက်တယ်။ သူဟာ ပြန်သွားမယ့်ပုံစံ မပေါ်သေးဘူး။ ဆိုင်ရှင်မိန်းမကြီးဟာ ကျွန်တော်ရဲ့စားပြီးသား ပန်းကန်တွေ ပြန်သိမ်းလိုက်ပြီး၊ ကော်ဖီသောက်ဖို့ သကြားနဲ့ ခရင်မ်လာချပေးတယ်။

“အခုရှင်ပြော” လို့ သူက ပြောတယ်။ “ဒီနေ့ နာမည်စာရင်း ခေါ်တော့ ရှင် ဘာဖြစ်လို့ မထူးတာလဲ။ ရှင့်နာမည် ‘ဝါတာနာဘီ’ ဟုတ်တယ် မဟုတ်လား။ တိုရူဝါတာနာဘီ”

“ဟုတ်ပါတယ်”

“အဲဒါဆို ဘာဖြစ်လို့ မထူးခဲ့တာလဲ”

“ဒီနေ့ စိတ်မပါလို့ပါ”

သူဟာ မျက်မှန်ချွတ်ပြီး စားပွဲပေါ်တင်လိုက်ပြန်တယ်။ သူ ကျွန်တော့်ကို ကြည့်နေတဲ့ပုံစံက တိရစ္ဆာန်ရုံက လှောင်အိမ်တခုထဲက ရှားပါးတိရစ္ဆာန်တကောင်ကို ကြည့်နေသလိုပါပဲ။

“ဒီနေ့ စိတ်မပါလို့ပါလို့ ရှင်ပြောတဲ့ပုံစံက ဟမ်ဖရေးဘိုဂတ်လိုပဲ။ မိုက်တယ်”

“မနောက်ပါနဲ့။ ကျွန်တော်ဟာ သာမန်ပါပဲ။ တခြားလူတွေလိုပါပဲ”

ဆိုင်ရှင်မိန်းမကြီးဟာ ကော်ဖီခွက်ယူလာပြီး စားပွဲပေါ် တင်လိုက်တယ်။ သကြားရော ခရင်မ်ရော မထည့်ဘဲ ကျွန်တော် တကျိုက်သောက်လိုက်တယ်။

“ကြည့်ဦး။ ကော်ဖီကို ဒီတိုင်း သောက်ပြန်ပြီ”

“ဒီလိုသောက်တာကတော့ ဟမ်ဖရေးဘိုဂတ်နဲ့ ဘာမှမဆိုင်ဘူးထင်တယ်နော်။ ခင်ဗျား ကျွန်တော့်ကို မြင်တာတွေ မှားနေတယ်လို့ ထင်တယ်နော်” လို့ ကျွန်တော် မချိုမချဉ် မျက်နှာပေးလေးနဲ့ ပြောလိုက်တယ်။ “ခင်ဗျား အသားတွေ ညိုလာတယ်လို့ ထင်တယ်”

“ကျွန်မ ပြီးခဲ့တဲ့ နှစ်ပတ်တုန်းက ခြေလျင်တောင်တက်ခရီး ထွက်နေခဲ့လို့ပါ။ ခရီးဆောင် အိတ်ကြီးထဲမှာပဲ အိပ်နေခဲ့ရလို့ပါ”

“ဘယ်ဒေသကို သွားခဲ့တာလဲ”

“ကာနာကာဝါ။ နိုတိုကျွန်းဆွယ်ဒေသ။ နီဂါတာထိရောက်ခဲ့တယ်”

“တယောက်တည်းလား””

“ဟုတ်တယ်။ တယောက်ထဲပဲ။ လမ်းမှာတော့ အပေါင်းအသင်းတွေ မကြာခဏ ရခဲ့တယ်”

“ရိုမန်တစ်ဆန်တဲ့ အဖော်မျိုးလား”

“ရိုမန်တစ် ဟုတ်လား။ ရှင်ထင်တာတွေ မှားနေပြီ။ အိပ်လို့ရတဲ့ အိတ်ကြီးကို ကျောမှာလွယ်ပြီး မျက်နှာကလည်း နေလောင်ဒဏ်တွေရနေတဲ့လူနဲ့ တွေ့ဆုံရတာဟာ ရိုမန်တစ်ဖြစ်နိုင်ပါ့မလား”

“ရှင်ရော တယောက်ထဲခရီးထွက်ဖူးလား”

“အာ...”

“ရှင် အထီးကျန်ရတာကို သဘောကျလား။ ခရီးထွက်ရင်လည်း တယောက်တည်း။ စားရင်လည်း တယောက်တည်း။ စာသင်ခန်းထဲမှာလည်း တယောက်ထဲ ထိုင်နေရတာကို သဘောကျလား” လို့ သူက လက်ပေါ် မေးထောက်ပြီး ကျွန်တော့်ကို မေးပါတယ်။

“ဘယ်သူမှတော့ အဲဒီလို တယောက်တည်း နေရတာကို ကြိုက်မှာ မဟုတ်ပါဘူး။ ကျွန်တော်က အပေါင်းအသင်း မဖွဲ့တတ်တာပါ။ အဲဒီလို လုပ်ရမှာဟာ ကျွန်တော့်ကို စိတ်ပျက်စေပါတယ်”

သူဟာ နားကပ်တဖက်ကို ပါးစပ်မှာ ကိုက်လိုက်ပြီး မျက်မှန်ကို ချွတ်လိုက်တယ်။ “ဘယ်သူမှ အထီးကျန်ရတာကို မကြိုက်ပါဘူး။ စိတ်ပျက်ရတာကိုလည်း ကျွန်မ မုန်းတယ်။ အဲဒီစာကြောင်းကို ရှင့်ရဲ့ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှာ ထည့်သုံးရင် သုံးပါ”

“ကျေးဇူးပါပဲ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ရှင် အစိမ်းရောင်ကို ကြိုက်လား”

“ဘာဖြစ်လို့မေးတာလဲ”

“ရှင်က အစိမ်းရောင် ပိုလိုရှပ်အင်္ကျီကို ဝတ်ထားလို့ပါ”

“ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ကျွန်တော်က ဘာမဆို ဝတ်တတ်ပါတယ်”

"ထွေထွေထူးထူး မဟုတ်ပါဘူး။ ကျွန်တော် ဘာမဆို ဝတ်တတ်ပါတယ်။ ရှင်ပြောတဲ့ပုံစံကို ကျွန်မသဘောကျတယ်။ ချောမွေ့ကောင်းမွန်တဲ့ ပလာစတာတခုကို ဖြန့်ကပ်လိုက်ရသလိုပါပဲ။ ရှင့်ကို အဲဒီလို ပြောဖူးတဲ့လူရှိလား”

“ဘယ်သူမှ မပြောဖူးပါဘူး”

“ကျွန်မ နာမည်က မီဒိုရီပါ။ အစိမ်းပေါ့။ ဒါပေမဲ့ အစိမ်းရောင် ဝတ်ရင် ကျွန်မဟာ အတော့်ကို အကျည်းတန်ပါတယ်။ ကျိန်စာမိနေသလိုပါပဲ။ ကျွန်မရဲ့ညီမနာမည်က မိုမိုကိုပါ။ မက်မွန်သီးလေးပေါ့”

“သူကရော ပန်းနုရောင်ဝတ်ရင် လှလား”

“သူက ပန်းနုရောင်ဝတ်ရင် လှတယ်။ သူက ပန်းနုရောင်ဝတ်ဖို့ မွေးဖွားလာသလိုပဲ။ လုံးဝကို မမျှတဘူး”

မီဒိုရီရဲ့စားပွဲမှာ သူ မှာထားတဲ့ အစားအစာတွေ ရောက်ခဲ့ပါပြီ။ မက်ဒရက်စ် ကုတ်အင်္ကျီဝတ်ထားတဲ့ လူတယောက်က သူ့ကို လှမ်းခေါ်ပါတယ်။ “ဟေ့.. မီဒိုရီ.. လာစားတော့” သူကတော့ ငါသိတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ လက်ပြလိုက်ပါတယ်။

“ဒါနဲ့ ရှင် လက်ချာနုတ်တွေ လိုက်ရေးလား။ ဒရမ်မာကို မေးတာပါ”

“လိုက်ရေးပါတယ်”

“ကျွန်မ အကူအညီ မတောင်းချင်ပါဘူး။ ဒါပေမဲ့ ရှင့်လက်ချာနုတ်တွေ ကျွန်မကို ပေးထားလို့ရမလား။ ကျွန်မ စာသင်ချိန် နှစ်ချိန်လောက် လွတ်ခဲ့ပါတယ်။ အခန်းထဲမှာ တခြား ဘယ်သူ့ကိုမှလည်း ကျွန်မ မသိပါဘူး”

“ကိစ္စမရှိပါဘူး” လို့ ပြောပြီး ကျွန်တော့်အိတ်ထဲက စာအုပ်ကို ထုတ်လိုက်ပါတယ်။ တခုခုများ ရေးထားတာများ ရှိ၊ မရှိဆိုတာကို ကျွန်တော် ကြည့်ပြီးမှ သူ့ကို ပေးလိုက်ပါတယ်။

"ကျေးဇူးပါပဲ။ သဘာန်ခါကျရင် ရှင် အတန်းတက်မယ် မဟုတ်လား"

"တက်မှာပါ"

"အဲဒီနေ့ နေ့လယ်ကျရင် ဒီမှာပဲ တွေ့ရအောင်။ ကျွန်မ ရှင့်ကို စာအုပ်ပြန်ပေးပြီး နေ့လယ်စာ ဝယ်ကျွေးပါမယ်။ နေ့လယ်စာကို တယောက်ထဲ ထိုင်စားရတာထက် ပိုကောင်းနိုင်တယ် မဟုတ်လား"

"ရပါတယ်။ ဒါပေမဲ့ စာအုပ်ငှားရုံလောက်နဲ့ နေ့လယ်စာ ဝယ်ကျွေးစရာ မလိုပါဘူး"

"မဟုတ်ပါဘူး။ ကျွန်မက သူငယ်ချင်းတွေကို နေ့လယ်စာ ဝယ်ကျွေးရတာကို သဘောကျလို့ပါ။ ကျွန်မနဲ့ ချိန်းထားတာကို မမေ့အောင် ရှင် တနေရာရာမှာ ရေးထားလိုက်ပါလား"

"ကျွန်တော် မမေ့ပါဘူး။ သန်ဘက်ခါ။ နေ့လယ် ဆယ့်နှစ်နာရီ မီဒိုရီ။ အစိမ်းရောင် ဟုတ်ပြီလား"

တဖက်စားပွဲက မီဒိုရီကို ထပ်ခေါ်နေပြန်ပါပြီ။ "မြန်မြန်လာ... မီဒိုရီ။ အေးနေပြီ"

ခေါ်နေတာကို ဂရုမစိုက်ဘဲ သူ ကျွန်တော့်ကို မေးပြန်တယ်။

"ရှင် ဒီလိုမျိုးရော စကားပြောဖူးလား"

"ပြောဖူးမယ်ထင်တာပဲ။ အမှတ်တော့ မထားမိဘူး" လို့ ကျွန်တော် ပြောလိုက်တယ်။ တကယ်တော့ ကျွန်တော် ဒီလိုမျိုး တခါမှ စကား မပြောဖူးပါဘူး။

သူ တခုခုကို စက္ကန့်ပိုင်းလောက် အချိန်ယူပြီး စဉ်းစားနေသလိုပါပဲ။ နောက်တော့ သူပြုံးပြပြီး မတ်တပ်ရပ်ပြီး သူ့စားပွဲ သူ ပြန်သွားပါတယ်။ သူ့စားပွဲ သူပြန်ရောက်သွားပြီး၊ မိနစ်နည်းနည်း ကြာတော့ သူ ကျွန်တော့်ကို လက်လှမ်းပြပါတယ်။ ကျန်တဲ့သုံးယောက်ကတော့ ကျွန်တော့်ကို သိပ် မကြည့်ကြပါဘူး။

ဗုဒ္ဓဟူး နေ့လယ်မှာ မီဒိုရီ စားသောက်ဆိုင်ကို ရောက်မလာပါဘူး။ ကျွန်တော် ဘီယာသောက်ပြီး စောင့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘီယာ မှာပြီးပြီးချင်းပဲ ဆိုင်ထဲမှာ လူတွေပြည့်လာပါတယ်။ အဲဒါနဲ့ ကျွန်တော် နေ့လယ်စာမှာပြီး၊ တယောက်ထဲပဲ စားလိုက်ပါတယ်။ ကျွန်တော် နေ့လယ်စာ စားတာ ၁၂ နာရီ ၃၅ မိနစ်မှာ ပြီးသွားပါတယ်။ မီဒိုရီ ရောက်မလာသေးပါဘူး။ ဘေလ်ရှင်းပြီး အပြင်ကို တယောက်တည်း ထွက်လာပါတယ်။ လမ်းကူးပြီး

သချိုင်းအသေးလေးဘက် လျှောက်လာခဲ့ပါတယ်။ အဲ့ဒီမှာ ကျောက်လှေကားပေါ်ထိုင်ပြီး မိဒိုရီ လာလေမလားဆိုပြီး ကျွန်တော် စောင့်ကြည့်နေပါသေးတယ်။ တစ်နာရီထိုးတဲ့အခါမှာတော့ စာကြည့်တိုက်သွားပြီး စာဖတ်နေ လိုက်ပါတယ်။ နှစ်နာရီမှာတော့ ဂျာမန်စာသင်ခန်းကို သွားတက်လိုက်ပါတယ်။

စာသင်ချိန်ပြီးတော့ ကျောင်းသားရေးရာကို သွားပြီး ပြဇာတ် သမိုင်းပညာရပ်စာသင်ခန်းထဲက မိဒိုရီရဲ့နာမည်ကို သွားကြည့်ပါတယ်။ အဲဒီ စာသင်ခန်းမှာရှိတဲ့ တယောက်တည်းသော မိဒိုရီရဲ့ နာမည်က မိဒိုရီကိုဘာယာရှိပါ။ နာမည်ကတ်ပြားတွေကို ကျွန်တော် လှန်လှောကြည့်ပြီး မိဒိုရီရဲ့ အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ကို မှတ်ခဲ့ပါတယ်။ မိဒိုရီကိုဘာယာရှိဟာ ၁၉၆၉ မှာ ဒီတက္ကသိုလ်ကို ရောက်လာခဲ့တာပါ။ သူဟာ အနောက်မြောက်ဘက် ဆင်ခြေဖုံးရပ်ကွက်ဖြစ်တဲ့ တိုရှိမာမှာ သူ့မိသားစုနဲ့ အတူနေခဲ့ပါတယ်။ ပြီးတော ကျွန်တော် ဖုန်းရုံဆီသွားပြီး သူ့ဆီ ဖုန်းဆက်ပါတယ်။

လူတယောက် ဖုန်းကိုင်ပါတယ်။ "ကိုဘာယာ စာအုပ်ဆိုင်ကပါ" တဲ့။

ကိုဘာယာရှိ စာအုပ်ဆိုင်တဲ့လား။

"မိဒိုရီနဲ့ ပြောချင်လို့ပါခင်ဗျာ"

"မရှိပါဘူး" သူက ဖြေပါတယ်။

"သူကျောင်းသွားတာလားမသိဘူး"

"မဟုတ်ဘူး။ သူ ဆေးရုံမှာ ရှိကောင်းရှိမယ်။ ဘယ်သူလို့ ပြောပေးရမလဲ"

ကျွန်တော် ဘာမှပြန်မပြောဘဲ ကျေးဇူးပါပဲလို့ ပြောပြီး ဖုန်းချလိုက်ပါတယ်။ ဆေးရုံတဲ့။ သူဒဏ်ရာများရသွားလို့လား၊ ဒါမှမဟုတ် နေမကောင်း ဖြစ်လို့လား မသိဘူး။ ဒါပေမဲ့ ဖုန်းထဲကလူ ပြောတဲ့အသံထဲမှာ အရေးကြီးပုံ မပေါ်လှဘူး။ "သူ ဆေးရုံမှာ ရှိကောင်းရှိမယ်" လို့ပဲ ပြောခဲ့တာ။ အမှန်တကယ်ဆိုရင် " သူ ငါးဆိုင်မှာ ရှိရင်ရှိမယ်" လို့ ပြောသင့်ခဲ့တာလို့ ကျွန်တော်ထင်တယ်။ တခြားဖြစ်နိုင်ချေတွေကို စဉ်းစားကြည့်တော့လည်း စိတ်အနှောင့်အယှက် ဖြစ်စရာတွေချည်းပဲ။ အဲဒါနဲ့ ကျွန်တော် အဆောင်ကိုပဲ ပြန်ခဲ့တယ်။ ပြီးတော့ ကုတင်ပေါ်မှာအိပ်ပြီး ဂျိုးဇက်ကွန်းရက်ဒ်ရဲ့ Lord Jim စာအုပ်ကို ဖတ်နေလိုက်တယ်။ အဲဒီစာအုပ်ကို ကျွန်တော် နာကာဆာဝါဆီကနေ ရထားတာပါ။ စာအုပ်ဖတ်ပြီးတော့ နာကာဆာဝါရဲ့ အခန်းကိုသွားပြီး စာအုပ် ပြန်ပေးလိုက်တယ်။

နာကာဆာဝါဟာ ထမင်းစားခန်းကို သွားခါနီးမို့လို့ ကျွန်တော် သူနဲ့လိုက်ပြီး

ညစာစားဖြစ်တယ်။

"ခင်ဗျားရဲ့စာမေးပွဲ ဘယ်လိုလဲ" လို့ ကျွန်တော်မေးလိုက်တယ်။ ဩဂုတ်လတုန်းက နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ ဒုတိယအဆင့် ဝန်ထမ်းရွေးချယ်ရေး စာမေးပွဲ သူဖြေခဲ့ပါတယ်။

"ထုံးစံအတိုင်းပါပဲ" လို့ သူက ဘာမှမဖြစ်သလို ဖြေပါတယ်။ "မင်းဖြေရင်လည်း ကောင်းမှာပဲ။ အုပ်စုလိုက် ဆွေးနွေးမှုတွေ၊ အင်တာဗျူးတွေ… အဲဒီလို ပျင်းစရာတွေချည်းပါပဲ"

"လွယ်တယ်လို့ ပြောရမှာပေါ့။ အောင်စာရင်း ဘယ်တော့ ထွက်မှာလဲ" လို့ ကျွန်တော် မေးလိုက်ပါတယ်။

"အောက်တိုဘာ ပထမအပတ်မှာ ထွက်မှာပါ။ စာမေးပွဲအောင်ရင် မင်းကို ညစာပွဲကြီးတပွဲ ကျွေးမယ်"

"ဒါနဲ့ ဒုတိယအဆင့်မှာ တွေ့ခဲ့ရတဲ့လူတွေက ဘယ်လိုတွေလဲ။ ခင်ဗျားလို စူပါစတားတွေပဲ နေမှာပေါ့"

"ခပ်ကြောင်ကြောင် မတွေးစမ်းပါနဲ့ကွ။ ငတုံး၊ ငအတွေချည်းပဲ။ ငတုံး၊ ငအတွေ ဒါမှမဟုတ် သောက်သုံးမကျတဲ့ကောင်တွေ။ အဲဒီ ကောင်တွေထဲက ကိုးဆယ့်ငါးရာခိုင်နှုန်းက ဗြူရိုကရက် ဖြစ်ချင်နေတဲ့ ကောင်တွေချည်းပါပဲ။ ငါ နောက်နေတာ မဟုတ်ဘူး။ ဒီကောင်တွေ စာတောင် ဖတ်တတ်ရဲ့လား မသိဘူး"

"အဲဒါဆို ခင်ဗျားဘာဖြစ်လို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အလုပ် လုပ်ချင်ရတာလဲ"

"အကြောင်းအချက်တွေက အများကြီးပါပဲ။ အချက်တချက်က နိုင်ငံခြားမှာ သွားအလုပ်လုပ်ချင်တာ။ အဓိကကတော့ ငါ့ရဲ့အရည်အချင်းကို ငါစစ်ချင်တာ။ ငါ့ကိုယ်ငါ စမ်းသပ်ဖို့ အကြီးမားဆုံးနေရာက နိုင်ငံပဲ။ ငါ ဘယ်လောက်အမြင့်ထိ ရောက်နိုင်မလဲဆိုတာ သိချင်တယ်။ ခပ်တုံးတုံး ဗြူရိုကရက် ယန္တရားမှာ ငါ့ကိုယ်ငါ စမ်းချင်တာ။ ငါပြောတာ မင်း နားလည်ရဲ့လား"

"ဂိမ်းဆော့သလိုပဲပေါ့"

"ဟုတ်တယ်။ ဂိမ်းပဲ။ ငါ ပါဝါရော ပိုက်ဆံရော မလိုချင်ဘူး။ ငါ တကယ်ပြောရဲပါတယ်။ ငါဟာ တကိုယ်ကောင်းသမား သောက်ပေါတော့ မဟုတ်ဘူး။ ငါက ဇင်ဘာသာအရ သူတော်စင်တဦးလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ငါလုပ်ချင်တဲ့ တခုတည်းသောအရာက စူးစမ်းချင်တာပဲ။ ငါဟာ

ကျယ်ပြောကြီးမားလှတဲ့ ကမ္ဘာကြီးထဲမှာ ဘယ်လောက်ထိ အရာရောက်နိုင်သလဲဆိုတာကို သိချင်တယ်။

"ခင်ဗျားဆီမှာ စံပြပုဂ္ဂိုလ်ဆိုတာ မရှိဘူးလို့ ကျွန်တော်ထင်တယ်"

"တယောက်မှ မရှိဘူး။ ဘဝဆိုတာ စံပြပုဂ္ဂိုလ်မှ မလိုတာ၊ ဘဝမှာ လိုအပ်တာက အပြုအမူစံတွေပဲလို့ ငါထင်တယ်"

"ဒါပေမဲ့ ဘဝမှာ နေထိုင်မှု အခြား နည်းလမ်းများစွာရှိတယ် မဟုတ်ဘူးလား" လို့ ကျွန်တော်မေးမိတယ်။

"မင်း ငါ့နေမှုပုံစံကို ကြိုက်လို့လား"

"အဲဒါက တခြားကိစ္စပါ။ ကျွန်တော်ဟာ တိုကျိုတက္ကသိုလ်ကို မတက်နိုင်ဘူး။ ကျွန်တော် လိုချင်တဲ့ ကောင်မလေးတိုင်းနဲ့ ကျွန်တော် မအိပ်နိုင်ဘူး။ ကျွန်တော်ဟာ စကားပြောလည်းမကောင်းဘူး။ ဘယ်သူမှ ကျွန်တော့်ကို စိတ်မဝင်စားဘူး။ ကျွန်တော့်မှာ ချစ်သူရည်းစားလည်း မရှိဘူး။ ကျွန်တော်ဟာ ဒုတိယတန်းစား ပုဂ္ဂလိကကောလိပ်ကနေ ဘီအေဘွဲ့ ရပြီးတဲ့အခါမှာလည်း ကျွန်တော်လိုချင်တဲ့ ဘဝလမ်းကြောင်းအတိုင်း လျှောက်နိုင်မှာ မဟုတ်ဘူး။ ခင်ဗျားနေတဲ့ ပုံစံအတိုင်းလည်း ကျွန်တော် လိုက်မနေနိုင်ဘူး"

"မင်းက ငါရဲ့ နေထိုင်ပုံကို မနာလိုဖြစ်နေတာလား"

"မဟုတ်ဘူး။ ကျွန်တော့်ရဲ့နေမှုပုံစံနဲ့ ကျွန်တော်အသားကျနေပြီ။ တိုကျိုတက္ကသိုလ်ရော၊ နိုင်ငံခြားရေး ဝန်ကြီးဌာနကိုရော ကျွန်တော် မဆဲဘူး။ ကျွန်တော် ခင်ဗျားကို မနာလိုဖြစ်တဲ့ အကြောင်းတခုပဲ ရှိတယ်။ အဲဒါက ခင်ဗျားမှာ ဟတ်ဆုမိလို ကောင်မလေးချောချော ရှိနေတာကိုပဲ"

နာကာဆာဝါဟာ ပါးစပ်ပိတ်ပြီး အစားကိုပဲ ဆက်စားနေခဲ့တယ်။ ကျွန်တော်တို့ ညလယ်စာ စားပြီးတဲ့အခါမှာတော့ သူက ကျွန်တော်ကို ပြောတယ်။

"ဟေ့ကောင် ဝါတာနာဘီရေ.. ငါ့မှာလည်း မင်းလို ခံစားမှုမျိုးရှိပါတယ်။ ငါတို့ ဒီနေရာက ထွက်ခွာပြီး ဆယ်နှစ်ဖြစ်စေ၊ အနှစ်နှစ်ဆယ်ဖြစ်စေ ကြာလာတဲ့အခါ ငါတို့ တနေရာရာမှာ ပြန်ဆုံနိုင်ဦးမယ်။ ဘယ်လိုပဲပြောပြော ငါတို့ဟာ အဲဒီအချိန်မှာ ဆက်ဆံရေး ထပ်ရှိနေဦးမှာကိုပဲ ငါလိုချင်တယ်"

"ခင်ဗျားပြောတာ ဒစ်ကင်ရဲ့ ဝတ္ထုစာသားလိုပဲ" လို့ ကျွန်တော် ပြုံးပြီး ပြောလိုက်တယ်။

"ဖြစ်နိုင်ပါတယ်။ ငါ့စိတ်ကူးတွေဟာ များသောအားဖြင့် မှန်တတ်တယ်ကွ"

လို့ သူကလည်း ကျွန်တော့်ကို ပြုံးပြပြီး ပြန်ပြောပါတယ်။

ကျွန်တော်တို့နှစ်ယောက် ညစာစားပြီးတဲ့အခါ ဘားဆိုင်တဆိုင်ကို ထွက်လာခဲ့ကြတယ်။ ကျွန်တော်တို့နှစ်ယောက် ညကိုးနာရီထိုးတဲ့အချိန်ထိ အဲဒီဆိုင်မှာပဲ ရှိခဲ့တယ်။

"နာကာဆာဝါရေ ကျွန်တော့်ကို ပြောပြပါဦး။ ခင်ဗျားရဲ့ဘဝမှာ အပြုအမူစံတွေက ဘယ်လိုလဲ ဆိုတာကို"

"ငါပြောရင် မင်း မရယ်နဲ့နော်" လို့ သူက ပြောတယ်။

"ကျွန်တော် မရယ်ပါဘူး"

"အိုကေ... ငါပြောမယ်။ ဘဝမှာ ငါပြုမူနေထိုင်ချင်တာက လူကြီးလူကောင်းတယောက်လို နေချင်တာပဲ"

ကျွန်တော် မရယ်ချင်ခဲ့ပါဘူး။ ဒါပေမဲ့ ခုံပေါ်က ပြုတ်ကျမလိုတော့ ဖြစ်ခဲ့တယ်။

"လူကြီးလူကောင်းတယောက် ဖြစ်ချင်တာ ဟုတ်လား။ လူကြီးလူကောင်းဟုတ်လား"

"ငါပြောတာကို မင်းကြားတယ် မဟုတ်လား"

"လူကြီးလူကောင်းတယောက်ဖြစ်တာ ဘာအဓိပ္ပါယ်ရှိလဲ။ လူကြီးလူကောင်းဆိုတာရဲ့ အဓိပ္ပါယ်ကို ရှင်းပြပါဦး"

"လူကြီးလူကောင်းဆိုတာက သူလုပ်ချင်တာကို မလုပ်ဘဲ၊ သူ လုပ်သင့်တာကို လုပ်တဲ့သူ"

"ကျွန်တော် မြင်ဖူးသမျှထဲမှာတော့ ခင်ဗျားဟာ ဘရုတ်သုတ်ခအနိုင်ဆုံး လူပဲ"

"ငါ မြင်ဖူးသမျှထဲမှာတော့ မင်းဟာ လျော့ကြီးထိုး အနိုင်ဆုံးလူပဲ" လို့ သူက ပြောခဲ့တယ်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်စလုံးအတွက် သူရှင်းသွားခဲ့တယ်။

※※※

အဲဒီအပတ်တွင်းမှာပဲ ကျွန်တော်ဟာ ပြဇာတ်နဲ့ပတ်သက်တဲ့ လက်ချာချိန်တွေ သွားတက်ဖြစ်ခဲ့တယ်။ ကျွန်တော်ဟာ မီဒိုရီကိုဘာယာရှိရဲ့အရိပ်အယောင်တွေကို လုံးဝမတွေ့ခဲ့ဘူး။ ကျွန်တော်

စာသင်ခန်းအတွင်း ဝင်ပြီးပြီးချင်းမှာပဲ တခန်းလုံးကို ဝေ့ဝိုက်ကြည့်မိခဲ့တယ်။ မီဒိုရီဟာ အခန်းထဲမှာ မရှိခဲ့ဘူး။ ကျွန်တော်ဟာ ထုံးစံအတိုင်း ပါမောက္ခအလာကို စောင့်ရင်းနဲ့ ရှေ့ဆုံးတန်းမှာ ကျွန်တော်ထိုင်နေကျ ခုံနေရာမှာ ထိုင်ရင်း နာအိုကိုဆီကို စာတစောင် ရေးနေမိခဲ့တယ်။ ကျွန်တော့်စာထဲမှာ ကျွန်တော် နွေရာသီသွားခဲ့တဲ့ ခရီးစဉ်တွေအကြောင်း ကျွန်တော် ဖြတ်သန်းခဲ့တဲ့ မြို့တွေအကြောင်း၊ ကျွန်တော် ကြုံတွေ့ခဲ့တဲ့ လူတွေအကြောင်း ရေးခဲ့တဲ့စာပါ။ ညတိုင်း စဉ်းစားမိခဲ့တယ်။ ခုချိန်မှာတော့ ငါ နင့်ပုံရိပ်ကိုတောင် စိတ်ထဲမှာ မမြင်တော့ဘူး။ ငါနင့်ကို ဘယ်လောက်ထိ လိုအပ်ခဲ့သလဲဆိုတာကို အခုတော့ နားလည်ပါပြီ။ ငါ့ရဲ့ ကျောင်းအချိန်တွေဟာ မယုံကြည်နိုင်လောက်အောင် ငါ့ကို ပျင်းရိစေနေပြီ။ ဒါပေမဲ့ ငါ့ကိုယ်ငါ ချမှတ်ထားတဲ့ စည်းကမ်းတွေအရ ငါဟာ အတန်းချိန်တိုင်းကို မလွတ်တမ်း တက်နေနိုင်အောင် ကြိုးပမ်းနေဆဲပဲ။ ဖြစ်နိုင်မယ်ဆိုရင် နင့်ရဲ့ စိတ်အပန်းဖြေ ရိပ်သာကို ငါလာလည်ချင်ပါတယ်။ နင့်ကိုလည်း နာရီပေါင်းများစွာ တွေ့ချင်ပါသေးတယ်။ ပြီးတော့ ဖြစ်နိုင်မယ်ဆိုရင် နင်နဲ့ငါနဲ့ အရင်က လျှောက်ခဲ့သလို နာရီပေါင်းများစွာ ဘေးချင်းယှဉ်လျှောက်ချင်ပါသေးတယ်။ ငါ့စာကို ပြန်နိုင်ဖို့ ကြိုးစားပါဦးဟာ။ စာတိုလေး တကြောင်းပဲဖြစ်ဖြစ် ငါစိတ်မဆိုးပါဘူး"

ကျွန်တေတ်ရေးတဲ့စာဟာ လေးမျက်နှာရှိခဲ့တယ်။ ကျွန်တော် စာအိတ်ထဲထည့်၊ တံဆိပ်ခေါင်းကပ်ပြီး နာအိုကိုရဲ့မိဘတွေနေထိုင်ရာ လိပ်စာဆီ ပို့ခဲ့တယ်။ ကျွန်တော် အဲဒီလို လုပ်နေစဉ်မှာပဲ ပါမောက္ခ ရောက်လာခဲ့တယ်။ သူ့နဖူးပေါ်က ချွေးတွေကို သုတ်ရင်း သူဟာ ကျောင်းသားနာမည်စာရင်းကို ခေါ်ခဲ့တယ်။ သူဟာ ပိန်ပိန်သေးသေး၊ ဝမ်းနည်းနေတဲ့ပုံစံနဲ့။ သူ လမ်းလျှောက်ရင် သတ္တုလမ်းလျှောက်တုတ်ကလေး ယူလာတတ်တယ်။ သူဟာ ရယ်စရာကောင်းတဲ့ပုံစံ ပေါက်ပေမယ့်လို့ သူအချိန်တွေဆို ကျွန်တော်တို့ လေးလေးစားစား လိုက်နာခဲ့ကြတယ်။ ဆရာက ရာသီဥတုဟာ ထုံးစံအတိုင်း ပူတယ်လို့ ပြောပြီးတဲ့နောက် ဆရာဟာ ယူရီပီးဒီး ပြဇာတ်ထဲက "ဒယ်အိတ်မရှင်နာ" ဆိုတဲ့ စကားလုံးကို ရှင်းပြပါတယ်။ ပြီးတော့ " နတ်ဒေဝါ" ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ဟာ ယူရီပီးဒီး ဒါမှမဟုတ် အာခီးလက်စ်၊ ဒါမှမဟုတ် ဆိုပိုကလီ ပြဇာတ်တွေထဲက အဓိပ္ပါယ်နဲ့ မတူတဲ့အကြောင်းကို ရှင်းပြပါတယ်။ သူဟာ ဆယ့်ငါးမိနစ်တာအထိ မနားတမ်း ပြောခဲ့ပါတယ်။ အဲ့ဒီအချိန်မှာ မီဒိုရီ အခန်းထဲ ဝင်လာခဲ့တယ်။ သူဟာ ထုံးစံအတိုင်း အပြာရင့်ရောင် အားကစား တီရှပ်ကို ဝတ်လာခဲ့တယ်။ ပြီးတော့ ထုံးစံအတိုင်း နေကာမျက်မှန်ကြီးကို တပ်လာခဲ့တယ်။ ပြီးတော့ သူက "ဆောရီး။ ကျွန်မနောက်ကျခဲ့တယ်" လို့ ပါမောက္ခကို အကြည့်မြန်မြန်ကြည့်ပြီး ပြောခဲ့တယ်။ ပြီးတော့ သူ ကျွန်တော့်ရဲ့ခုံဘေးကခုံမှာ လာထိုင်ခဲ့တယ်။ ပြီးတော့ သူ ကျွန်တော့်ရဲ့မှတ်စုစာအုပ်ကို ကျွန်တော့်ဆီ ပြန်ပေးခဲ့တယ်။ သူ့ရဲ့ ကျောပိုးအိတ်ထဲကနေ ထုတ်ပြီး ကျွန်တော့်ဆီကို

ပြန်ပေးခဲ့တယ်။ ပြီးတော့ ကျွန်တော့်ကို စာရွက်တိုလေး ပေးခဲ့တယ်။ "ဗုဒ္ဓဟူးနေ့က ကိစ္စအတွက် ဆောရီးပါ။ အဲဒီအတွက် စိတ်ဆိုးနေလား"

နောက်တော့ ပါမောက္ခ ရောက်လာပြီး နာရီဝက်လောက်အကြာမှာ သူဟာ ဂရိခေတ်က ပြဇာတ်တွေနဲ့ပတ်သက်တဲ့ ပုံကြမ်းတခုကို ဆွဲနေခဲ့ပါတယ်။ ပါမောက္ခ ပုံဆွဲနေစဉ်အချိန်မှာပဲ လူနှစ်ယောက် အခန်းထဲ ဝင်လာခဲ့ပါတယ်။ တယောက်က အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနဲ့ ဖျော့တော့တော့ပုံစံ၊ နောက်တယောက်က လုံးလုံးပုပုနဲ့ သူ့ဝတ်စုံနဲ့ အဆီအငေါ်မတည့်တဲ့ ပုံစံနဲ့။ သူ့ရဲ့မှတ်ဆိတ်မွေးတွေကလည်း သူနဲ့ ဘယ်လိုမှ ကြည့်မလှခဲ့ဘူး။ အရပ်ရှည်ရှည်နဲ့ လူရဲ့လက်ထဲမှာ လှံ့ဆော်စာ စာရွက်တွေ တပွေ့တပိုက်ပဲ။ အရပ်ပုပုနဲ့လူဟာ ပါမောက္ခအနားကိုသွားပြီး ယဉ်ယဉ်ကျေးကျေး စကားပြောခဲ့တယ်။ ပါမောက္ခရဲ့ ကျန်ရှိနေတဲ့ စာသင်ချိန်ကို နိုင်ငံရေး ဆွေးနွေးပွဲလုပ်ဖို့ အသုံးပြုချင်တဲ့အကြောင်း၊ ပါမောက္ခကိုယ်တိုင်လည်း ပါဝင်ပူးပေါင်းမယ်လို့ မျှော်လင့်တဲ့အကြောင်းတွေပါ။ "ကမ္ဘာကြီးမှာ အရေးပေါ် ဖြေရှင်းရမယ့် ပြဿနာတွေ တပုံတပင် ဖြစ်နေတယ်။ ဒီအချိန်မှာ ဂရိအလွမ်းဇာတ်တွေကို ဦးစားမပေးသင့်ဘူး" လို့လည်း ထပ်ပြောပြန်တယ်။ သူပြောပုံက ခွင့်တောင်းနေတာထက် ကြေညာချက်ထုတ်နေတဲ့ပုံ ပေါက်နေတယ်။ "ဂရိအလွမ်းဇာတ်တွေထက် ပိုအရေးကြီးတဲ့ ပြဿနာတွေ ကမ္ဘာကြီးမှာ ဖြစ်တာ၊ မဖြစ်တာကို ငါမသိဘူး။ ဒါပေမဲ့ ငါပြောမယ့်ဟာတွေကို မင်းတို့ ဆက်နားမထောင်ချင်တော့ရင် ငါဆက်မပြောဖို့ဘဲ ရှိတော့တယ်" ပါမောက္ခဟာ စားပွဲအစွန်းကို လှမ်းကိုင်ပြီး ကြမ်းပြင်ပေါ် ခြေထောက် ပြန်ချလိုက်တယ်။ သူ့ရဲ့လက်ကိုင်တုတ်လေးကို ပြန်ကိုင်ပြီး စာသင်ခန်းထဲက ထွက်သွားတော့တယ်။

အရပ်ရှည်ရှည်နဲ့လူက လက်ကမ်းစာရွက်တွေ လိုက်ဝေနေစဉ်မှာပဲ အရပ်ပုတဲ့လူဟာ စာသင်စင်မြင့်ပေါ် တက်လိုက်ပြီး ဟောပြောတော့တာပဲ။ လက်ကမ်းစာရွက်တွေထဲမှာ ကြွေးကြော်သံတွေ အပြည့်ပဲ။ ကျွန်တော်ကတော့ သူတို့ရဲ့စာသားတွေကို ဘယ်လိုမှ မခံစားမိဘူး။ ဒါပေမဲ့ သူတို့ရဲ့ အရေးအသားတွေဟာ အဆီအငေါ် မတည့်လှဘူး။ အဲဒီ အရေးအသားတွေကြောင့် သူတို့အပေါ် ယုံကြည်မှု မဖြစ်သလို စိတ်ဝင်စားမှုလည်း မဖြစ်စေဘူး။ အရပ်ပုပုနဲ့လူရဲ့ ဟောပြောမှုကလည်း ဆိုးရွားလှတယ်။ အသံသွား၊ အသံလာ တမျိုးထဲကို မတူညီတဲ့ စကားလုံးတွေ သွတ်သွင်းပြီး ပြောနေတယ်။

"အခန်းထဲက ထွက်ရအောင်" လို့ မီဒိုရီက ပြောတယ်။

ကျွန်တော် ခေါင်းငြိမ့်ပြီး အခန်းထဲကထွက်လိုက်တယ်။ အရပ်ပုပုနဲ့လူဟာ ကျွန်တော့်ကို လက်ညှိုးထိုးပြီး တခုခု လှမ်းပြောလိုက်ပဲ။ ကျွန်တော်တော မကြားလိုက်ဘူး။ မီဒိုရီကတော့ သူ့ကို "လက်ပြပြီး နောက်မှတွေ့မယ်" လို့

ပြောလိုက်တယ်။

"ကျွန်မတို့ဟာ တော်လှန်ရေးဆန့်ကျင်သူတွေပဲလား" လို့ အပြင်ရောက်တော့ မီဒိုရီကမေးတယ်။ "သူတို့သာ အနိုင်ရသွားရင် ကျွန်မတို့ပုံတွေကို ဖုန်းရုံတွေမှာ လိုက်ကပ်ကြမလားမသိဘူး"

"ထားလိုက်ပါ။ နေ့လယ်စာ အရင်သွားစားရအောင်"

"ကောင်းတယ်။ ကျွန်မ ရှင့်ကို ဆိုင်တဆိုင်ပြချင်တယ်။ အချိန်ရတယ် မဟုတ်လား"

"ရပါတယ်။ အချိန်နှစ်နာရီအထိ ကျွန်တော် အားတယ်"

မီဒိုရီဟာ ဘတ်စ်ကားနဲ့ ကျွန်တော့်ကို ယိုဆူရာဆီကို ခေါ်သွားတယ်။ ကားဂိတ်နောက်မှာ နေ့လယ်စာကို ဘူးနဲ့ တခါထဲ ထည့်ရောင်းတဲ့ဆိုင်ကို မီဒိုရီ ကျွန်တော့်ကို ခေါ်လာတယ်။ ကျွန်တော်တို့ ထိုင်ထိုင်ချင်းမှာပဲ စွတ်ပြုတ်တွေ လာချပေးတယ်။ ပြီးတော့ အနီရောင်ဘူးနဲ့ ထည့်ထားတဲ့ နေ့လယ်စာတွေ လာချပေးတယ်။ ကားစီးပြီး လာစားရတာနဲ့ တန်တယ်။

"တော်တော်ကောင်းတယ်" လို့ ကျွန်တော်ပြောလိုက်တယ်။

"ဈေးလည်း သက်သာတယ်။ အထက်တန်းကျောင်းသူဘဝထဲက ကျွန်မ ဒီမှာစားခဲ့တာ။ ကျွန်မ တက်ခဲ့တဲ့ကျောင်းက ဒီလမ်းထဲမှာပဲ။ ကျောင်းက စည်းကမ်းတင်းကျပ်တယ်။ ကျွန်မတို့ ခိုးထွက်ပြီး ဒီမှာ လာစားရတယ်။ အပြင်ခိုးထွက်တာသိရင် ဒဏ်ပေးခံရတတ်တယ်"

မျက်မှန်ချွတ်လိုက်တော့ မီဒိုရီရဲ့မျက်လုံးတွေဟာ အိပ်ချင်နေတဲ့ပုံ ပေါက်နေတာ တွေ့ရတယ်။ ဘယ်ဘက်လက်မှာ ဝတ်ထားတဲ့ လက်ကောက်ကို သူ ဆော့နေတယ်။ သူ့မျက်လုံးကို လက်နဲ့ပွတ်နေတယ်။

"ပင်ပန်းနေလား" လို့ ကျွန်တော် မေးလိုက်တယ်။

"အင်း… ကျွန်မ အိပ်ရေးမဝခဲ့ဘူး။ ဒါပေမဲ့ အိုကေပါတယ်။ စိတ်မပူပါနဲ့။ ဟိုတနေ့တုန်းက ကိစ္စအတွက် ကျွန်မတောင်းပန်ပါတယ်။ အရေးကြီးတဲ့ကိစ္စတခု ပေါ်လာလို့ ကျွန်မ အပြင်မထွက်နိုင်ခဲ့ဘူး။ အဲဒီနေ့က ဆိုင်ကို ဖုန်းဆက်ဖို့တော့ ကျွန်မစဉ်းစားမိသေးတယ်။ ဒါပေမဲ့ ကျွန်မ ဆိုင်နာမည်မမှတ်မိခဲ့ဘူး။ ရှင့်အိမ်ဖုန်းလည်း ကျွန်မမသိဘူး။ အချိန် ကြာကြာစောင့်ခဲ့လား"

"ကိစ္စမရှိပါဘူး။ ကျွန်တော့်မှာ အချိန်တော်တော်ပိုနေပါတယ်"

"တော်တော်အချိန်ပိုနေတယ် ဟုတ်လား"

"ဟုတ်တယ်။ ကျွန်တော် ခင်ဗျား အိပ်ပျော်အောင် အကူအညီ ပေးချင်ပါတယ်"

မီဒိုရီက သူ့ပါးကို လက်နဲ့ကိုင်ပြီး ပြုံးပြတယ်။

"ရှင်ဟာ တော်တော် ကြင်နာတတ်တဲ့လူပဲ"

"မဟုတ်ပါဘူး။ အချိန်ကုန်ချင်တာပါ။ အဲဒီနေ့ ကျွန်တော် ခင်ဗျားအိမ်ကိုတောင် ဖုန်းဆက်ခဲ့ပါသေးတယ်။ ခင်ဗျား ဆေးရုံမှာလို့ လူတယောက်က ပြောတယ်။ တခုခုများဖြစ်လို့လား"

"ရှင် ကျွန်မအိမ်ကို ဖုန်းခေါ်ခဲ့တယ် ဟုတ်လား" လို့ မျက်မှောင်ကြုံ့ပြီး မေးတယ်။ "ကျွန်မ ဖုန်းနံပါတ်ကို ရှင် ဘယ်လိုသိတာလဲ"

"ကျောင်းသားရေးရာမှာ သွားကြည့်ခဲ့တာပါ။ လူတိုင်း လုပ်လို့ရတာပဲ"

သူခေါင်းကို နှစ်ခါပြန်ညိတ်ခဲ့တယ်။ ပြီးတော့ လက်ကောက်နဲ့ ပြန်ဆော့ပြန်တယ်။

"ကျွန်မ အဲဒီလို လုပ်လို့ရမယ်ဆိုတာ တခါမှ မစဉ်းစားမိခဲ့ဘူး။ ရှင့်ဖုန်းနံပါတ်ကိုလည်း အဲဒီမှာ သွားရှာရင် ရတာပေါ့။ ဆေးရုံအကြောင်းကိုတော့ နောက်တခေါက်ကျမှ ပြောပြတော့မယ်။ အခု မပြောချင်သေးလို့ပါ"

"ရပါတယ်။ ကျွန်တော် စပ်စုတာမဟုတ်ပါဘူး"

"ဟုတ်ပါတယ်။ ရှင် စပ်စုတာ မဟုတ်ပါဘူး။ လောလောဆယ် ကျွန်မ ပင်ပန်းနေလို့ မပြောချင်တာပါ။ မိုးရေထဲက မျှောက်တကောင်လို ဖြစ်နေတယ်"

"အိမ်ပြန်ပြီး အိပ်လိုက်ပါလား"

"အခု မအိပ်သေးပါဘူး။ အပြင်ထွက်ရအောင်"

※※※

လမ်းနည်းနည်းလျှောက်ပြီး သူတက်ခဲ့တဲ့ အထက်တန်းကျောင်းဘက် ကျွန်တော့်ကို ခေါ်လာခဲ့တယ်။

ဘူတာကိုကျော်တော့ ကျွန်တော် နာအိုကိုနဲ့ မပြီးနိုင်မစီးနိုင် လမ်းတွေလျှောက်ခဲ့တာကို ပြန်အမှတ်ရမိပါတယ်။ အရာအားလုံးက ဘူတာမှာ

စခဲ့တာပဲလေ။ ကျွန်တော် နာအိုကိုနဲ့ မေလရဲ့ တနင်္ဂနွေနေ့မှာ မဆုံဖြစ်ခဲ့ရင် ကျွန်တော့်ဘဝဟာလည်း အခုဖြစ်နေတာတွေနဲ့ ကြီးကြီးမားမား ပြောင်းလဲမှုရှိမှာ မဟုတ်ဘူးလို့လည်း တွေးမိပါတယ်။ ကျွန်တော် သူနဲ့သာ မဆုံဖြစ်ခဲ့ရင် ဘာဆိုဘာမှ ပြောင်းလဲမှုရှိမှာ မဟုတ်ဘူးလို့လည်း တွေးမိပါတယ်။ ကျွန်တော်တို့ ရထားပေါ်မှာ ဆုံဖြစ်ဖို့အကြောင်းက ပါလာခဲ့လို့ ဆုံဖြစ်ခဲ့တာပေါ့။ ကျွန်တော်တို့နှစ်ယောက် ရထားပေါ်မှာ မဆုံခဲ့ရင်လည်း တခြားတနေရာရာမှာ ကြုံဦးမှာပေါ့။ ဒီလိုတွေးမိဖို့ အခြေခံ ဘာမှမရှိပါဘူး။ ကျွန်တော် ခံစားမိရုံသက်သက်ပါ။

မီဒိုရိကိုဘာယာရှိနဲ့ ကျွန်တော်တို့နှစ်ယောက် ပန်းခြံထဲက ခုံပေါ်မှာ ထိုင်ဖြစ်ကြတယ်။ သူတက်ခဲ့တဲ့ ကျောင်းအဆောက်အဦကို ကြည့်ရင်းနဲ့ပေါ့။ ကျောင်းနံရံတွေမှာ တိုက်ကပ်နွယ်တွေကပ်နေကြတယ်။ ခေါင်မိုးထောင့်စွန်းတွေမှာ ခိုကလေးတွေဟာ အတောင်တွေ အနားပေးထားပြီး တိုးဝှေ့ ပူးကပ်နေကြတယ်။ ကျောင်းကြီးက ရှေးလက်ရာကောင်းကောင်းကြီး တခုပဲ။ ကျောင်းဝင်းထဲမှာ ဝက်သစ်ချပင်ကြီးတပင် တွေ့ရတယ်။ ကျောင်းထဲက အဖြူရောင် မီးခိုးငွေ့တန်း တတန်း တက်လာတာ တွေ့ရတယ်။

“ဒီမီးခိုးတွေဟာ ဘာတွေလဲဆိုတာ သိလား” လို့ မီဒိုရိက ရုတ်တရက် ထမေးတယ်။

“မပြောတတ်ဘူး” လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

“အဲဒါ အမျိုးသမီးလစဉ်သုံးပုဝါတွေကို မီးရှို့နေတာ”

“နောက်နေတာမဟုတ်ပါဘူးနော်” ကျွန်တော် ဘာပြန်ပြောရမယ်မှန်းတောင် မသိတော့ဘူး။

“အမျိုးသမီးလစဉ်သုံးပုဝါတွေ၊ အမျိုးသမီးသုံးပစ္စည်းတွေကို မီးရှို့နေတာ” လို့ မီဒိုရိက ရယ်ပြီး ပြောတယ်။ “ဒီကျောင်းက မိန်းကလေးကျောင်းလေ။ ညစောင့်အဖိုးကြီးက အဲဒါတွေကို အမှိုက်ပုံးတွေထဲက လိုက်စုပြီး အမှိုက်ရှို့တဲ့ မီးဖိုထဲ ထည့်လိုက်တာ။ အဲဒီကထွက်တဲ့ မီးခိုးတွေပေါ့”

“ဘယ်လို”

“ဟုတ်တယ်။ ကျွန်မ ကျောင်းတက်တုန်းက ပြတင်းပေါက်ကနေ ကြည့်နေခဲ့တတ်တဲ့ မီးခိုးတွေပေါ့။ ကျောင်းမှာ မိန်းကလေး တထောင်ကျော် ရှိတယ်။ မိန်းကလေး ကိုးရာကျော် ရာသီလာနေချိန်မှာ ကျန်တဲ့ ငါးပုံတပုံဖြစ်တဲ့ မိန်းကလေး တရာ့ရှစ်ဆယ်ဟာ ရာသီလာခါနီးနေပြီ။ အဲဒီတော့ နေ့တိုင်း မိန်းကလေး တရာ့ရှစ်ဆယ်ဟာ အမျိုးသမီးသုံးပစ္စည်းတွေ သုံးနေရတယ်”

“ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်။ ကျွန်တော်တော့ မတွက်တတ်ဘူး”

“ရှင်သာ အဲဒီ့ ပစ္စည်းတွေကို လိုက်သိမ်းပြီး မီးရှို့ရမယ်ဆိုရင် ဘယ်လိုခံစားမိမလဲ”

“ကျွန်တော်မပြောတတ်ဘူး” ကျွန်တော်ပြန်ပြောခဲ့တယ်။ အစောင့်အဖိုးကြီး ဘယ်လိုခံစားရလဲ ဆိုတာကို ကျွန်တော် မခန့်မှန်းနိုင်ဘူး။ မီဒိုရီနဲ့ ကျွန်တော်ဟာ မီးခိုးတွေ ဆက်ကြည့်ဖြစ်နေတယ်။

“ကျွန်မ ဒီကျောင်းကို တက်ချင်ခဲ့တာမဟုတ်ဘူး” လို့ မီဒိုရီဟာ ခေါင်းလေးခါပြီး ပြောတယ်။ “ကျွန်မ ရိုးရိုးအထက်တန်းကျောင်းကိုပဲ တက်ချင်ခဲ့တာ။ ယောကျ်ားလေး၊ မိန်းကလေးတွေရောတက်ရတဲ့ ရိုးရိုးအထက်တန်းကျောင်းမှာပဲ ဆယ်ကျော်သက်ဘဝကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းချင်ခဲ့တာ။ ဒါပေမဲ့ ကျွန်မမိဘတွေက ကျွန်မကို ဒီကျောင်းပဲ တက်စေချင်ခဲ့တယ်။ မူလတန်းကျောင်းမှာ အမှတ်ကောင်းကောင်း ရခဲ့တော့ သူတို့က ဒီကျောင်းမှာပဲ တက်ခိုင်းကြတယ်။ ဆရာ၊ ဆရာမတွေကလည်း ဒီကျောင်းကို ပို့သင့်တယ်လို့ မိဘတွေကို တိုက်တွန်းခဲ့ကြတယ်။ အဲဒါနဲ့ပဲ ကျွန်မဒီကျောင်းကို ရောက်ခဲ့တာ။ ခြောက်နှစ်တောင် တက်ခဲ့ရတယ်။ ဘယ်တုန်းကမှ ဒီကျောင်းကို မကြိုက်ခဲ့ဘူး။ ကျွန်မ ဒီကျောင်းက ထွက်ဖို့ပဲ စဉ်းစားနေခဲ့တာ။ ကျွန်မ တရက်မှ ကျောင်း နောက်မကျခဲ့သလို တရက်မှလည်း ကျောင်းမပျက်ခဲ့ဘူး။ ဒီနေရာကိုပဲ မုန်းခဲ့တာ။ ကျွန်မပြောတာ သဘောပေါက်ရဲ့လား မသိဘူး”

“ဘာလဲဆိုတော့ ကျွန်မ ဒီနေရာကို အမုန်းကြီးမုန်းခဲ့တယ်။ ဒီမှာ တက်နေခဲ့ရတာကို ကျွန်မ မပျော်နိုင်ခဲ့ဘူး။ ကျွန်မရဲ့အဆင့်တွေ လျော့ကျမှာကိုလည်း ကျွန်မ သိပ်ကြောက်ခဲ့တယ်၊ တရက်တော့ ကျွန်မဟာ ကိုယ်အပူချိန် ၁၀၃ ဒီဂရီနဲ့ ကျောင်းရောက်ခဲ့တယ်။ ဆရာမက နေမကောင်းဘူးလား မေးတော့ ကျွန်မက ကောင်းပါတယ်လို့ ဖြေခဲ့တယ်။ အဲဒီတော့ ကျောင်းက ကျွန်မကို ကျောင်းတက် အမှန်ဆုံး ကျောင်းသူဆု ပေးခဲ့တယ်။ ဆုစာရွက်နဲ့အတူ ပြင်သစ်အဘိဓာန် တအုပ်လည်း ပေးခဲ့တယ်။ အဲဒါကြောင့်လည်း ကျွန်မ အခု ဂျာမန်စာသင်နေတာ၊ ဒီကျောင်းကို ကျေးဇူးမတင်ချင်ဘူး”

“ဘာဖြစ်လို့ ဒီလောက်တောင်မုန်းရတာလဲ”

“ရှင်ရော ရှင့်ကျောင်းကို ကြိုက်လို့လား”

“ကြိုက်တော့မကြိုက်ဘူး။ ဒါပေမဲ့ မုန်းလည်းမမုန်းဘူး။ ကျွန်တော်ကတော့ ပုံမှန် အစိုးရ အထက်တန်းကျောင်း တက်ခဲ့တယ်။ တခြားကျောင်း ပြောင်းချင်တဲ့

ဆန္ဒမျိုးလည်း မရှိခဲ့ဘူး”

“ဒီကျောင်းက” လို့ မီဒိုရီပြောရင်း သူ မျက်စေ့ထောင့်စွန်းကို လက်နဲ့ ပွတ်သက်နေတယ်။ “ဘာမှမဟုတ်ပါဘူး။ အက်တန်းလွှာ မိန်းကလေးတွေ ရှိတာကလွဲလို့ပေါ့။ ဒီကျောင်းမှာ တက်ကြတဲ့ မိန်းကလေးတိုင်းလိုလိုဟာ ချမ်းသာပြီး အထက်တန်းလွှာဖြစ်တဲ့ မိသားစုတွေကနေ ပေါက်ဖွားလာကြတာချည်းပဲ။ သူတို့တွေဟာ အသက်ရှင်ဖို့အတွက် ချမ်းသာဖို့ လိုအပ်တယ်လို့ သဘောထားကြတဲ့လူတွေပေါ့။ ကျောင်းစရိတ်က ကြီးသလို၊ ဟိုကြေး သည်ကြေးတွေလည်း မကြာခဏ ပေးရတယ်။ ဈေးကြီးတဲ့ ကျောင်းခရီးစဉ်တွေကလည်း မကြာခဏ လုပ်တတ်ကြတယ်။ ကျွန်မတို့ တိုကျိုမြို့ကို သွားလည်တယ်ဆိုပါတော့။ ပထမတန်းစား တည်းခိုခန်းမှာမှ တည်းတယ်၊ လက်ဖက်ရည်ဝိုင်းတွေ လုပ်ကြတယ်။ တနှစ်မှာ တကြိမ် တိုကျိုမြို့က အကောင်းစား ဟိုတယ်ကို ခေါ်ပြီး စားသောက်ဝိုင်းတွေမှာ ပြုမူရမယ့် အလေ့အကျင့်တွေ သင်ပေးတယ်။ ရိုးရိုးသာမန် ဘယ်ကျောင်းမှ အဲဒီလို မလုပ်တတ်ကြဘူး။ ကျွန်မတို့အတန်းထဲမှာ မိန်းကလေး တရာ့ခြောက်ဆယ် ရှိတယ်။ ကျွန်မတယောက်ထဲ လူလတ်တန်းစား မိဘပေါက်ဖွားလာတဲ့ တိုရှီမာရပ်ကွက်မှာနေတာ၊ တယောက်ပဲ ရှိတယ်။ တခါတုန်းကတော့ ကျောင်းလူစာရင်းကို ကျွန်မ ယူကြည့်မိတယ်။ ကျန်တဲ့ ကျောင်းသူတွေ ဘယ်မှာနေလဲဆိုတာ သိအောင်လို့ပါ။ သူတို့အားလုံး လူချမ်းသာ ရပ်ကွက်တွေမှာ နေကြတဲ့လူတွေချည်းပဲ။ ကျွန်မအတွက် အဖော်မိန်းကလေးတယောက်တော့ ရှိခဲ့တယ်။ သူက လယ်သမားအများစုနေတဲ့ ချီဘာရပ်ကွက်က လာတာပါ။ ကျွန်မ သူ့ကို တော်တော်ခင်ခဲ့တယ်။ ကျွန်မကိုလည်း သူ့အိမ်ကို တခါ ဖိတ်ခေါ်ခဲ့တယ်။ ခရီးဝေးတဲ့အတွက် သူကတော့ တောင်းပန်ရှာပါတယ်။ သူ့အိမ်ကိုရောက်တော့ မယုံကြည်နိုင်လောက်အောင် ကျယ်ပြန့်တဲ့ မြေဧရိယာကို တွေ့ခဲ့ရတယ်။ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်မှ လျှောက်လို့ ကုန်မယ့်ပုံပဲ။ ခြံထဲမှာ အရမ်းလှတဲ့ ဥယျာဉ်တခုလည်း ရှိတယ်။ ပြီးတော့ ကားတစီးစာလောက်ရှိတဲ့ ခွေးကြီးနှစ်ကောင်လည်း တွေ့ခဲ့ရတယ်။ သူတို့အိမ်ကခွေးကြီးတွေကို အမဲသားတုံးကြီးတွေ ကျွေးတယ်။ အဲဒီကောင်မလေး ကျောင်းနောက်ကျရင် မာစီဒီးစီးပြီး လာလို့ရတယ်။ တက္ကစီ စီးလဲ ရတယ်။ သူ အပြင်ထွက်ရင် ဦးထုပ်၊ လက်အိတ်ဖြူ အကုန်အစုံရှိတယ်။ ဒါပေမဲ့ သူ့မှာ နိမ့်ကျတဲ့စိတ်က ရှိနေတယ်။ ရှင်ယုံမှာ မဟုတ်ဘူး”

ကျွန်တော် ခေါင်းခါလိုက်တယ်။

“ကီတာအိုဆူကာတိုရှီမာလို ရပ်ကွက်မှာနေတဲ့ လူဆိုလို့ အတန်းထဲမှာ ကျွန်မတယောက်ပဲ ရှိခဲ့တယ်။ မိဘတွေရဲ့အလုပ်အကိုင်က

စာအုပ်ဆိုင်ပိုင်ရှင်ဆိုတော့ အားလုံးက ကျွန်မကို ချမ်းသာတယ်လို့ ထင်ကြတယ်။ "နင် တော်တော် ကံကောင်းတာပဲ။ နင်ဖတ်ချင်တဲ့စာအုပ်ကို ဖတ်လို့ရတာပေါ့" လို့ လူတိုင်းက ပြောတတ်ကြတယ်။ လူတိုင်းက ကျွန်မမိဘပိုင်တဲ့စာအုပ်ဆိုင်ဟာ ကီနိုကူနီယာလို ဧရာမ စာအုပ်ဆိုင်ကြီးတဆိုင်လို့ ထင်ကြတယ်။ တကယ်တော့ ကိုဘာယာရှိ စာအုပ်ဆိုင် သေးသေးကွေးကွေးလေးကို သူတို့ မခန့်မှန်းနိုင်ကြဘူး။ ဆိုင်ထဲကို ဝင်လိုက်တာနဲ့ မဂ္ဂဇင်းစာအုပ်တွေကလွဲလို့ တခြား ဘာစာအုပ်ကိုမှ မတွေ့နိုင်ဘူး။ စာအုပ်အများစုဟာ အမျိုးသမီးဖတ် မဂ္ဂဇင်းတွေချည်းပဲ။ ရောင်းကောင်းတဲ့ မဂ္ဂဇင်းတွေကတော့ လိင်ကိစ္စနဲ့ ပတ်သက်တဲ့ နည်းနာနိသျှတွေ ဖော်ပြထားတဲ့ မဂ္ဂဇင်းတွေပေါ့။ အိမ်ရှင်မတွေဟာ အဲဒီမဂ္ဂဇင်းတွေ ဝယ်ပြီး မီးဖိုချောင်က စားပွဲပေါ်မှာ ထိုင်ဖတ်ကြမယ်။ ညရောက်လို့ သူတို့ယောကျ်ားတွေ ပြန်လာတဲ့ အခါမှာ အဲဒီနည်းစနစ်အသစ်တွေကို စမ်းသပ် အသုံးပြုတတ်ကြတယ်။ တနေကုန် သူတို့စိတ်ထဲမှာ အဲဒီအကြောင်းတွေကို စဉ်းစားနေခဲ့တယ်။ ကာတွန်း၊ မဂ္ဂဇင်းတွေဆိုရင်လည်း ရောင်းကောင်းတယ်။ မဂ္ဂဇင်း၊ ဆန်းဒေး၊ ဂျမ့်ပ်စတဲ့ မဂ္ဂဇင်းတွေဟာ ရောင်းကောင်းတယ်။ ပြီးတော အပတ်စဉ်ထုတ် ဂျာနယ်တွေလည်း ရောင်းတယ်။ ကျွန်မတို့ဆိုင်က အဓိကရောင်းတာကတော့ မဂ္ဂဇင်းတွေချည်းပါပဲ။ စာအုပ်အနည်းအကျဉ်းတော့ ရောင်းတယ်။ အဲဒါတွေလည်း ဈေးပေါပေါ စာအုပ်တွေပါ။ လျှို့ဝှက်ဆန်းကြယ်တဲ့ စာအုပ်တွေ၊ အပျော်ဖတ် အချစ်ဝတ္ထုတွေပေါ့။ ပြီးတော့ ဘာလုပ်နည်း၊ ညာလုပ်နည်း စာအုပ်တွေပေါ့။ အနိုင်ရနည်း၊ ဘွန်ဇိုင်းစိုက်နည်း၊ မင်္ဂလာဆောင်မှာ စကားပြောနည်း၊ လိင်ဆက်ဆံနည်း၊ ဆေးလိပ်ဖြတ်နည်း… စတဲ့စာအုပ်တွေပေါ့။ ပြီးတော့ စာရေးကိရိယာတွေလည်း ရောင်းတယ်၊ စစ်နဲ့ ငြိမ်းချမ်းရေး စာအုပ် မရှိဘူး။ ကင်ဇာဘူရိုအိုအဲရဲ့စာအုပ် မရှိဘူး။ လေလွင့်သူစာအုပ် မရှိဘူး။ ကိုဘာယာရှိစာအုပ်ဆိုင်ဟာ အဲဒီလိုပဲ။ ကျွန်မ ကံကောင်းတယ်ဆိုတာ အဲဒါပဲ။ ကျွန်မ ကံကောင်းတယ်လို့ ရှင်ထင်လား"

"အဲဒီ စာအုပ်ဆိုင်မျိုးကို ကျွန်တော်မှန်းဆနိုင်ပါတယ်"

"ကျွန်မ ဆိုလိုတာကို ရှင်နားလည်မှာပါ။ အနီးအနား အိမ်တွေက လူတွေလာဝယ်တတ်တယ်။ တချို့လူတွေက နှစ်ပေါင်းများစွာကြာအောင် လာဝယ်တတ်ကြတယ်။ တချို့လူတွေကို အိမ်အရောက် လိုက်ပို့ပေးတယ်။ လုပ်ငန်းကတော့ ကောင်းတယ်။ မိသားစု လေးယောက်ကောင်းကောင်း စားလောက်တယ်။ အကြွေးမရှိဘူး။ သမီးနှစ်ယောက်ကို ကောလိပ် ပို့နိုင်တယ်။ အဲဒီလောက်ပါပဲ။ အပိုသုံးစရာတော့ မရှိဘူး။ သူတို့ ကျွန်မကို ဒီလိုကျောင်းကြီးမျိုးကို မပို့သင့်ဘူး။ ကျောင်းက ပိုက်ဆံတောင်းတိုင်း ကျွန်မ စိတ်ညစ်တယ်။ သူငယ်ချင်းတွေနဲ့ မုန့်စားရင်လည်း ပိုက်ဆံ မလောက်မှာကို အမြဲကြောက်နေခဲ့ရတယ်။ သူတို့တွေဟာ ဈေးကြီးတဲ့ ဆိုင်တွေမှာမှ

စားချင်ကြတယ်။ နေရ ထိုင်ရတာ စိတ်ပျက်စရာပဲ။ ရှင့်မိသားစုရော ချမ်းသာလား”

“ကျွန်တော့်မိသားစုလား။ မချမ်းသာပါဘူး။ ကျွန်တော့်မိဘတွေဟာ သာမန်အလုပ်သမား လူတန်းစားပါပဲ။ မချမ်းသာဘူး။ မဆင်းရဲဘူး။ တိုကျိုမြို့က ပုဂ္ဂလိက ကောလိပ်ဆီ ကျွန်တော့်ကို ပို့ရတာ သူတို့အတွက် မလွယ်ဘူး။ သူတို့ ကျွန်တော့်အတွက် ပိုက်ဆံများများ မပို့နိုင်ဘူး။ အဲဒီတော့ ကျွန်တော် အချိန်ပိုင်း အလုပ်လုပ်ရတယ်။ ကျွန်တော်တို့မိသားစုဟာ ဥယျာဉ်သေးသေးပါတဲ့ သာမန်အိမ်မှာနေတယ်။ တိုယိုတာကိုရိုလာကားပဲ စီးနိုင်တယ်”

“ရှင်ရဲ့ အလုပ်က ဘယ်လိုမျိုးလဲ”

“ကျွန်တော် ရှင်ဂျူကူ ဓာတ်ပြားအရောင်းဆိုင်မှာ တပတ်သုံးရက် အလုပ်လုပ်တယ်။ ကျွန်တော့်အလုပ်က လွယ်ပါတယ်။ ထိုင်ပြီး စောင့်ကြည့်ပေးနေရုံပါပဲ"

“နောက်နေတာတော့ မဟုတ်ပါဘူးနော်။ ရှင့်ပုံက ပိုက်ဆံအတွက် အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ရတဲ့ ပုံမပေါ်ဘူး”

“ဟုတ်ပါတယ်။ ကျွန်တော် ပိုက်ဆံအတွက် အလုပ်ကို ပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ ပိုက်ဆံတွေ တန်ချိန်လောက် ရှိနေလို့လည်း မဟုတ်ဘူး။ ကျွန်တော်က သာမန်လူတယောက်ပါပဲ”

“ကျွန်မရဲ့အခန်းထဲက လူတွေအားလုံးက ချမ်းသာကြတယ်” လို့ မီဒိုရီက သူ့လက်နှစ်ဖက်ကို ပွတ်ပြီး ပြောတယ်။ “အဲဒါက ကျွန်မအတွက် ပြဿနာကြီးတခုဖြစ်ခဲ့တာပါ”

“ခုတော့ ခင်ဗျားဟာ လောကကြီးကို ပြဿနာမရှိပဲ ကြည့်လို့ ရပြီပေါ့။ ခင်ဗျားဖြစ်ချင်တာ ထက်တောင် ပိုနေပြီလို့ ပြောလို့ရတယ်”

“ကျွန်မကို ပြောပြပါဦး။ ချမ်းသာတဲ့အတွက် အကောင်းဆုံး အချက်က ဘာလဲဆိုတာကို”

“ကျွန်တော် မပြောတတ်ဘူး”

“ပိုက်ဆံမရှိဘူးလို့ ပြောနိုင်တဲ့အချက်လို့ ကျွန်မထင်တယ်။ ဥပမာ ဆိုပါတော့ ကျွန်မက အတန်းဖော် တယောက်ကို တခုခု လုပ်ဖို့ပြောတဲ့အခါ သူက “ဆောရီးပဲ။ ငါ့မှာ ပိုက်ဆံမရှိဘူး” လို့ ပြန်ပြောလိမ့်မယ်။ တကယ်လို့ ကျွန်မ အဲဒီလိုပြောရင် အခြေအနေက တမျိုးပြောင်းပြန် ဖြစ်လိမ့်မယ်။ ကျွန်မက “ငါ့မှာ ပိုက်ဆံမရှိဘူး” လို့ ပြောတာဟာ “ငါ့မှာ ပိုက်ဆံမရှိဘူး” ဆိုတဲ့ အဓိပ္ပါယ်ပဲ။

ပြောရရင် အရမ်းချောတဲ့ ကောင်မလေးတယောက်က “ငါ ဒီနေ့ မလှလို့ အပြင်မထွက်ချင်ဘူး” လို့ ပြောရင် အဆင်ပြေတယ်။ ဒါပေမဲ့ သူပြောသလိုမျိုး ရုပ်ဆိုးတဲ့ ကောင်မလေးတယောက်က ပြောရင်တော့ အားလုံး ဝိုင်းရယ်လိမ့်မယ်။ အဲဒီလိုပဲပေါ့ ဒီကျောင်းမှာ ကျွန်မ ရရှိခဲ့တာက ခြောက်နှစ်တာကာလပတ်လုံးပဲ။ ပြီးခဲ့တဲ့နှစ်ကအထိပေါ့”

“အဲဒီ အခြေအနေကို ခင်ဗျား ဖြတ်ကျော်နိုင်ခဲ့ပါပြီ”

“ကျွန်မလည်း အဲဒီလိုထင်တာပဲ။ ကောလိပ်က စိတ်သက်သာရာရတဲ့ နေရာပါပဲ။ သာမန်လူတွေ အများကြီးရှိတယ်”

သူ့ရဲ့အပြုံးကြောင့် သူ့နှုတ်ခမ်းလေး ကွေးညွတ်သွားတယ်။ သူ့ရဲ့လက်နဲ့ဆံပင်ကို ပွတ်နေသေးတယ်။

“ခင်ဗျားမှာ အလုပ်ရှိလား” လို့ ကျွန်တော်မေးလိုက်တယ်။

“ရှိတယ်။ ကျွန်မ မြေပုံစာတိုလေးတွေ ရေးတယ်။ ရှင် သိတယ် မဟုတ်လား၊ မြေပုံပါတဲ့ လက်ကမ်း စာစောင်လေးတွေပေါ်မှာ စာညွှန့်တိုတိုလေးတွေ ရေးထားတာကိုလေ။ ပတ်ဝန်းကျင် သာယာမှု၊ လူဦးရေနဲ့ စိတ်ဝင်စားစရာ အချက်ကလေးတွေ ရေးထားတဲ့ မြေပုံတွေ မြင်ဖူးမှာပေါ့။ ဒီနေရာဟာ ဘယ်လို သာယာတာ၊ ဒီနေရာမှာ ထူးခြားတဲ့ ပန်းတွေနဲ့ ငှက်တွေရှိတာ အဲဒါမျိုးလေးတွေပေါ့။ အဲဒါမျိုးမြေပုံတွေမှာ ကျွန်မရေးတယ်။ အချိန်ပေးစရာမလိုဘူး။ အဲဒီလို စာရွက် စာအုပ်တအုပ်လုံးကို ကျွန်မ စာကြည့်တိုက်ထဲမှာ စာအုပ်တွေကြည့်ပြီး တထိုင်ထဲ ပြန်ရေးနိုင်တယ်။ အဲဒီအလုပ်က လျှို့ဝှက်ချက်လေး နှစ်ခု ထားဖို့ပဲ လိုတယ်။ အလုပ်တွေ အလိုလို ရောက်လာလိမ့်မယ်”

“ဘယ်လို လျှို့ဝှက်ချက်တွေလဲ”

“သူများ ရေးဖူးပြီးသားကို လိုက်မရေးမိဖို့ပဲ။ မြေပုံကုမ္ပဏီကလူတွေက ရှင့်ကို စာပေပါရမီရှင်လေးလို့ ထင်ပြီး၊ ရှင့်အိမ်ကို အလုပ်တွေ ထပ်ထပ်ပြီး ပို့ကြလိမ့်မယ်။ ဥပမာအားဖြင့် တောင်ကြားတခုခုမှာ သူတို့ ဆည်တခု ဆောက်လိုက်လို့ တရွာလုံးအတွက် လုံလောက်တဲ့ရေ ရတယ်ပေါ့။ ဒါပေမဲ့ နွေဦးရာသီရောက်တိုင်း ငှက်ကလေးတွေဟာ ကန်ပေါ်ကို ပျံဝဲရောက်လာစမြဲပဲလို့ ထည့်ရေးပေး ရမယ်။ ဇာတ်ကွက်သေးသေးလေးတခု ထည့်ရေးပေးရမယ်။ လူတိုင်း ဇာတ်ကွက်ကို သဘောကျတယ်။ အဲဒါမှ အသက်ဝင်ပြီး စိတ်လှုပ်ရှားစရာ ကောင်းမှာ။ ပုံမှန်အချိန်ပိုင်း အလုပ်သမား တွေကတော့ ကျွန်မလိုအလုပ်မျိုးကို ကြိုက်မှာမဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မအတွက်တော့ ရေးလို့ရတဲ့ ဝင်ငွေက

လိုံလောက်တယ်”

“ဟုတ်ပါတယ်။ ဒါပေမဲ့ ခင်ဗျား ဇာတ်ကွက်လေးတွေ ရှာနေရမှာပေါ့”

“ဒါပေါ့” လို့ မီဒိုရီက ခေါင်းလေးကို ယိမ်းပြီးပြောတယ်။ “အဲဒါတွေကို လိုက်ရှာနေရင်တော့ တွေ့မှာပဲလေ။ စိတ်ထဲ မထည့်ထားရင်တော့ ဘယ်တော့မှ မရဘူးပေါ့”

“အို...”

“အေးဆေးပါပဲ” လို့ မီဒိုရီက ဆိုတယ်။

သူက ကျွန်တော့်အဆောင်က အကြောင်းတွေကိုမေးတော့ ကျွန်တော်က ပုံမှန်ပြောနေကျဖြစ်တဲ့ အလံလွှင့်ပုံနဲ့ မုန်တိုင်းတပ်သားအကြောင်းကို ပြောပြတာပေါ့။ မုန်တိုင်းတပ်သားအကြောင်း ပြောတော့ မီဒိုရီဟာ ခွက်ထိုးခွက်လန် ရယ်ပါတယ်။ မုန်တိုင်းတပ်သားအကြောင်း ကြားရရင် ကမ္ဘာပေါ်မှာ ရှိသမျှ လူအားလုံး ရယ်တော့မလား မသိဘူး။ မီဒိုရီဟာ အဆောင်ကိုလည်း ရယ်စရာလိုပဲ ထင်နေပါတယ်။ အဆောင်ကတော့ ရယ်စရာ မဟုတ်ပါဘူးလို့ သူ့ကို ပြောခဲ့ပါတယ်။ ညစ်ပတ်ပေရေနေတဲ့အခန်းတွေထဲ အရက်သောက်သူတွေ၊ တကိုယ်တော် ဖြေဖျောက်မှုတွေ အကြောင်း ပြောပြခဲ့တယ်။

“အဲဒီအထဲမှာ ရှင်ရောပါလား”

“ကမ္ဘာ့မြေမျက်နှာပြင်ပေါ်မှာ ရှိတဲ့လူ အားလုံးပါဝင်တယ်။ မိန်းကလေးတွေက ရာသီလာတတ်သလို ယောကျ်ားလေးတွေက ဖြေဖျောက်ကြတာပဲပေါ့” လို့ ကျွန်တော် ပြောလိုက်တယ်။

“မိန်းကလေးတွေရော ပါလား။ ကျွန်မဆိုလိုတာ လိင်ကိစ္စ အဖော်တွေရော ခေါ်တတ်သလားလို့”

“အဲဒီလိုမျိုးတော့ မရဘူး။ ကျွန်တော့်အခန်းဘေးမှာနေတဲ့ ကီအို ကျောင်းသားတယောက်ဆိုရင် ချိန်းထားတဲ့ ကောင်မလေးနဲ့ သွားမတွေ့ခင် ဖြေဖျောက်တတ်တယ်။ အဲဒီလိုလုပ်တာဟာ သူ့ကို စိတ်သက်သာရစေတယ်တဲ့”

“ကျွန်မကတော့ အဲဒီကိစ္စတွေမသိဘူး။ ကျွန်မ မိန်းကလေးကျောင်းမှာ အချိန်အတော်ကြာ နေခဲ့ရတာ ဆိုတော့လေ”

“အမျိုးသမီးမဂ္ဂဇင်း အချပ်ပို စာမျက်နှာတွေက ခင်ဗျားကို ဗဟုသုတပေးတာ မရှိဘူးလား”

"မရှိပါဘူး" လို့ သူက ရယ်ပြီးပြောတယ်။ "ဘာပဲပြောပြော ဝါတာနာဘီ လာမယ့် တနင်္ဂနွေနေ့ ရှင်အားလား"

"တနင်္ဂနွေနေ့တိုင်း ကျွန်တော် အားတယ်။ ညနေ ခြောက်နာရီကျမှ ကျွန်တော် အလုပ်ဆင်းရမှာ"

"အဲဒါဆို ကျွန်မအိမ်ကို အလည်လာပါလား။ ကိုတာယာရှိ စာအုပ်ဆိုင်ကိုလေ။ ဆိုင်က တနင်္ဂနွေဆိုရင် ပိတ်တယ်လေ။ အဲဒီနေ့ဆို အိမ်မှာ ကျွန်မတယောက်တည်းထဲပဲ။ ကျွန်မအတွက် အရေးကြီးတဲ့ ဖုန်းတော့ လာကောင်းလာနိုင်တယ်။ နေ့လယ်စာ အတူစားကြမယ်လေ။ ရှင့်ကို ကျွန်မ ချက်ကျွေးမယ်"

"သိပ်ကောင်းတာပေါ့"

မီဒိုရီဟာ မှတ်စုစာအုပ်ထဲက စာရွက်ဖြဲပြီးတော့ သူ့အိမ်နေရာကို အသေးစိတ် မြေပုံဆွဲပြီး လမ်းညွှန်ရေးပေးတယ်။ သူ့အိမ်ရှိတဲ့နေရာကိုတော့ အနီရောင်ဘောပင်နဲ့ (x) အကြီးကြီး ရေးလိုက်တယ်။

"ရှင် မမှားနိုင်ပါဘူး။ ဆိုင်းဘုတ် အကြီးကြီးရှိတယ်။ 'ကိုဘာယာရှိ' စာအုပ်ဆိုင်တဲ့။ နေ့လယ် လာခဲ့လေ။ ကျွန်မ အဆင်သင့် လုပ်ထားလိုက်မယ်"

သူ့ကို ကျေးဇူးတင်ကြောင်းပြောပြီး လမ်းညွှန်စာရွက်ကို အိတ်ကပ်ထဲ ထည့်လိုက်တယ်။ "ကျွန်တော် ကျောင်းထဲ ပြန်သွားရတော့မယ်" ကျွန်တော် ပြောလိုက်တယ်။ "နှစ်နာရီမှာ ဂျာမန်အတန်းရှိတယ်" လို့ ပြောတယ်။ မီဒိုရီကလည်း တခြားတနေရာ သွားစရာရှိနေလို့ လမ်းခွဲလိုက်ကြတယ်။ ယိုဆူယာကနေ ရထားစီးပြီး ကျွန်တော်ပြန်လာခဲ့တယ်။

※※※

တနင်္ဂနွေနေ့မှာတော့ ကျွန်တော် မနက်ကိုးနာရီမှာ အိပ်ရာထ လာခဲ့တယ်။ မုတ်ဆိတ်ရိတ်တယ်။ အဝတ်အစားလျှော်ပြီး ခေါင်းမိုးပေါ်မှာ တက်လှမ်းလိုက်တယ်။ အဲဒီနေ့ဟာ တော်တော်လှတဲ့ နေ့တနေ့ပါပဲ။ ဆောင်းဦးရာသီရဲ့ ပထမဆုံးရနံ့တွေဟာ လေထဲမှာ ပျံ့နှံ့နေတယ်။ ပုစဉ်းအနီတွေရဲ့ အော်သံတွေဟာ အဆောင်တွေနားမှာ ပျံ့နေတယ်။ အနီးအနားက ကလေးတွေဟာ ပိုက်ကွန်တွေ ကိုင်ပြီး ပုစဉ်းအနီတွေ လိုက်ဖမ်းနေကြတယ်။ လေ သိပ်မတိုက်ဘူး။ နေလုံးဟာ ထုံးစံအတိုင်း ကားကားစွင့်စွင့်ကြီး ထွက်ပေါ်နေတယ်။ မီးပူတိုက်ပြီးကာစ အင်္ကျီကိုဝတ်ပြီး ကျွန်တော် ကားမှတ်တိုင်ဘက်ကို ထွက်လာခဲ့တယ်။ တနင်္ဂနွေနေ့မို့ လမ်းတခုလုံး တိတ်ဆိတ်နေတယ်။ ဘယ်သူမှ အပြင်ကို မထွက်သလောက်ပဲ။

စတိုးဆိုင် အများစုပိတ်ကြတယ်။ လမ်းပေါ်မှာရှိနေတဲ့ အသံတွေဟာ ကြည်ကြည်လင်လင်ကြီး ပဲ့တင်သံ ထွက်နေကြတယ်။ ကောင်မလေးတယောက် လမ်းပေါ်မှာ သွားနေတယ်။ ကားဂိတ်နားမှာ ကလေး လေး၊ ငါးယောက်ဟာ ဘူးခွံတွေ ကန်နေကြတယ်။ ပန်းဆိုင်တဆိုင် ဖွင့်နေလို့ ကျွန်တော် ဆိုင်ထဲဝင်ပြီး အဝါရောင်ပန်းတွေ ဝယ်လိုက်တယ်။ ဆောင်းဦးရာသီမှာ အဝါရောင်ပန်းတွေ ရှိနေတာ ထူးဆန်းလှတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဒီအဝါရောင်ပန်းတွေကို သိပ်ကြိုက်တယ်။

တနင်္ဂနွေနေ့ မနက် ဘတ်စ်ကားစီးတဲ့လူတွေထဲမှာ အမျိုးသမီးကြီးတွေက အများစုပဲ။ သူတို့အားလုံး ကျွန်တော့်ကိုနဲ့ ကျွန်တော့်ပန်းတွေကို ကြည့်ကြတယ်။ သူတို့ထဲက တယောက်ကတော့ ကျွန်တော့်ကို ရယ်ပြတယ်။ ကျွန်တော်လည်း ပြန်ရယ်ပြလိုက်တယ်။ ကျွန်တော်ဟာ နောက်ဆုံးခုံမှာ ထိုင်ပြီး ပြတင်းပေါက်က မြင်နေရတဲ့ အိမ်အဟောင်းတွေကို ကြည့်လိုက်တယ်။ လိုင်းကားက ကျွန်တော့်ကို တံစက်မြိတ်တွေကို ကြည့်နေစေတယ်။ အဝတ်တွေ လှန်းထားတဲ့ အိမ်တအိမ်မှာတော့ အာလူးပင် ဆယ်ပင်ကို မြင်နေရတယ်။ အဲဒီအိမ်မှာ နေရောင်အောက်ထိုင်နေတဲ့ ကြောင်နက် တကောင်ကိုလည်း မြင်နေရတယ်။ နောက်ထပ် အိမ်တအိမ်မှာတော့ ကလေးတယောက်ဟာ ဆပ်ပြာဘူဘောင်း မှုတ်နေတယ်။ တနေရာကနေ ပျံ့လွင့်လာတဲ့ အရှုမီအီရှီဒါ သီချင်းသံကို ကျွန်တော် ကြားနေရတယ်။ ကားပေါ်မှာ အမျိုးသမီးကြီး သုံးယောက်ကတော့ မနားတမ်းစကားတွေ ပြောနေတယ်။

အိုဆူကာဘူတာရုံနားရောက်တော့ ကျွန်တော် ကားပေါ်က ဆင်းပြီး မီဒိုရီရဲ့လမ်းညွှန်အတိုင်း လျှောက်လာခဲ့တယ်။ လမ်းတလျှောက်ရှိတဲ့ ဆိုင်တွေဟာ သိပ်အကောင်းစားကြီးတွေ မဟုတ်ဘူး။ အိမ်တွေဟာ သက်တမ်းရင့်ပုံပေါ်နေပြီး ဆိုင်းဘုတ်တွေဟာ မပီမသစာလုံးတွေနဲ့။ ဒီရပ်ကွက်ဟာ စစ်ဘေးဒဏ်ကို တော်တော်ခံခဲ့ရတဲ့ရပ်ကွက်ပါ။ အဆောက်အဦ အနည်းစုသာ ပြန်မွမ်းမံထားပုံ ရတယ်။ အဲဒီ အဆောက်အဦတွေဟာလည်း အဟောင်းတွေနဲ့ သိပ်မကွဲပြားဘူး။ ကပေကရေတွေပဲ။

ဒီရပ်ကွက် ပတ်ဝန်းကျင်ဟာ ဆူညံသံတွေ၊ ကားသံတွေနဲ့ ပြည်နေပြီး အခန်းဌားရမ်းခ မြင့်မားတာကြောင့် ဆင်ခြေဖုံးကို လူတွေ အများကြီး ရွှေ့သွားကြတယ်လို့ ခံစားမိတယ်။ ဈေးပေါတဲ့ တိုက်ခန်းမှာ နေသူတွေ၊ ကုမ္ပဏီ ရုံးခန်းတွေ၊ ပြောင်းရွှေ့ရခက်တဲ့ ဆိုင်တွေနဲ့ မိသားစုပိုင် ပစ္စည်းတွေကို မက်မောတဲ့ ခေါင်းမာတဲ့ လူနည်းစုသာရှိနေလိမ့်မယ်လို့ ထင်တယ်။ အရာရာဟာ ဝေဝါးပြီး မှိုင်းမှုန်နေတယ်။ အိပ်ဇောက ထွက်တဲ့မီးခိုးတွေနဲ့ ထုပ်ပိုးထားတဲ့ နေရာတခုလိုပဲ။

ဆိုင်ရှေ့မှာ သတ္တုတံခါးကြီး ပိတ်ထားပြီး အဲဒီပေါ်မှာ မဂ္ဂဇင်းကြော်ငြာတခု

တွေ့ရတယ်။ "အပတ်စဉ်ထုတ် ဘွန်းရှုန်းဂျာနယ် ကြာသပတေးနေ့တိုင်း ဒီမှာရပြီ" ကျွန်တော် ရောက်တဲ့အချိန်က ၁၂ နာရီထိုးဖို့ ၁၅ မိနစ်လိုတဲ့အချိန်မှာပါ။ ဒါပေမဲ့ ကျွန်တော်ကလည်း လက်ထဲမှာ အဝါရောင် ပန်းတွေကိုင်ပြီး လမ်းထဲမှာ လျှောက်သွားပြီး အချိန်မဖြုန်းချင်ပါဘူး။ အဲဒါနဲ့ ကျွန်တော် လူခေါ်ခေါင်းလောင်းကိုနှိပ်ပြီး စောင့်ဖို့အတွက် ခြေလှမ်းနည်းနည်း နောက်ပြန်ဆုတ်လိုက်တယ်။ ၁၅ စက္ကန့်လောက်ကြာတဲ့အထိ ဘာမှ ထူးခြားမလာဘူး။ ကျွန်တော် နောက်တခေါက် နှိပ်သင့်၊ မနှိပ်သင့် စဉ်းစားနေချိန်မှာပဲ ကျွန်တော့်ခေါင်းပေါ်က တံခါးပွင့်လာတယ်။ အပေါ်ကိုမော့ကြည့်တော့ မီဒိုရီ ကျွန်တော့်ကို လက်ပြပြီး ပြုံးနေတာ တွေ့ရတယ်။

"အထဲဝင်ခဲ့။ တံခါးကို မ ဖွင့်လိုက်" လို့ သူ အော်ပြောနေတယ်။

"ကျွန်တော်လာတာ နည်းနည်းစောလို့ အဆင်ပြေရဲ့လား" လို့ ကျွန်တော် ပြန်အော်ပြောလိုက်တယ်။

"ကိစ္စမရှိဘူး။ အပေါ်ထပ်သာ တက်ခဲ့။ ကျွန်မ မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေတယ်" သူ ပြောရင်း တံခါးပိတ်လိုက်တယ်။

တံခါးကြီးကို ကျွန်တော် မ တော့ စိတ်ညစ်စရာ အသံကြီးပဲ ပေါ်ထွက်ခဲ့တယ်။ ကျွန်တော် မြေပြင်ပေါ်ကနေ သုံးပေလောက် အမြင့်ပဲ မ လိုက်တယ်။ ငုံ့ဝင်ပြီးတဲ့နောက် တံခါးကို ပြန်ချလိုက်တယ်။ ဆိုင်ထဲမှာ မှောင်မဲနေတယ်။ မဂ္ဂဇင်းအပုံတွေကို ကျော်ပြီး လှေကားကို မနည်းရှာလာခဲ့ရတယ်။ လှေကားရောက်တော့ ကျွန်တော် ရှူးဖိနပ်ချွတ်ပြီး တက်လိုက်တယ်။ အိမ်ရဲ့ အတွင်းပိုင်းမှာလည်း မှောင်မည်းနေတယ်။ ဧည့်ခန်းမှာ ရိုးရိုးဆိုဖာနဲ့ ထိုင်ခုံတွေ ရှိတယ်။ ပြတင်းပေါက်ကနေ အလင်းဖျော့ဖျော့ ဝင်နေတဲ့ပုံဟာ ခေတ်ဟောင်း ပိုလန် ရုပ်ရှင်ကားတွေကို သတိရစေတယ်။ ဘယ်ဘက်မှာ ပစ္စည်းထားပုံရတဲ့ နေရာရှိပြီး၊ အဲဒီကနေ ရေချိုးခန်းကို ရောက်တဲ့ပုံပဲ။ ကျွန်တော် ဒုတိယထပ်ရောက်တော့ ပထမထပ်ထက် ပိုပြီး လင်းထိန်နေတာကို တွေ့ရတယ်။ ကျွန်တော့်စိတ်တွေလည်း သက်သာရာ ရလာတယ်။

"ဒီမှာ" လို့ မီဒိုရီရဲ့အသံကို ကြားလိုက်တယ်။ လှေကားရဲ့ ညာဘက်ထောင့်မှာရှိတဲ့ အခန်းက ထမင်းစားခန်းပဲ ဖြစ်မယ်ထင်ပါတယ်။ အဲဒီအခန်းရဲ့နောက်မှာတော့ မီးဖိုတခုပါပဲ။ အိမ်က အိမ်အဟောင်း ဖြစ်ပေမယ်လို့ မီးဖိုချောင်က ပြန်ပြင်ထားပုံရပြီး သစ်လွင်နေတယ်။ အဆင့်တွေပါတဲ့ ဘီရိုအသစ်တွေ၊ တဖိတ်ဖိတ် အရောင်လက်နေတဲ့ ပန်းကန်ဆေးကန်တခုနဲ့ ရေထိန်းစနစ် စက်တခုပါတဲ့ မီးဖိုချောင်ပါ။ မီးဖိုချောင်ထဲမှာ မီဒိုရီ ချက်ပြုတ်နေတာကို ကျွန်တော် တွေ့ရပါတယ်။ သူ့ရှေ့မှာ ပွက်ပွက်ဆူနေတဲ့ အိုးတလုံး တွေ့ရတယ်။ ငါးပြုတ်နေတဲ့အနံ့က လေထဲမှာ လွင့်နေတယ်။

"ရေခဲသေတ္တာထဲမှာ ဘီယာတွေရှိတယ်" လို့ မီဒိုရီက ကျွန်တော့်ဘက် လှည့်ကြည့်ပြီး ပြောပါတယ်။ "ထိုင်သောက်နေဦး။ ကျွန်မချက်ပြုတ်တာတွေ ပြီးတော့မယ်"

ကျွန်တော် ဘီယာတဗူးယူပြီး စားပွဲပေါ်မှာ ထိုင်သောက်နေလိုက်တယ်။ ဘီယာဟာ ရေခဲသေတ္တာထဲမှာ တနှစ်ကျော်ကျော်လောက် ရှိနေခဲ့တဲ့ပုံပါပဲ။ တော်တော့်ကို အေးစက်နေတယ်။ စားပွဲပေါ်မှာ စီးကရက်ပြာခံခွက် အသေးစားတခုရယ်၊ သတင်းစာတစောင်ရယ်နဲ့ အချဉ်ရည် ဗူးတဗူး တွေ့ရတယ်။ ပြီးတော့ မှတ်စုစက္ကူတွေနဲ့ ဘောပင်တွေရယ်။ စာရွက်ပေါ်မှာ ဖုန်းနံပါတ်တွေနဲ့ ဈေးဝယ်စာရင်းတွေ တွက်ချက်ထားတာ တွေ့ရတယ်။

"ဆယ်မိနစ်အတွင်း ပြီးတော့မှာပါ။ စောင့်နိုင်တယ် မဟုတ်လား" လို့ သူက ပြောတယ်။

"ရပါတယ်"

"ဗိုက်ဆာအောင် လုပ်ထားလိုက်။ ဒီမှာ အများကြီး ချက်ထားတယ်"

ကျွန်တော် ဘီယာသောက်နေရင်း ကျွန်တော့်ဘက် ကျောပေးပြီး ချက်ပြုတ်နေတဲ့ မိဒိုရိကို ကြည့်နေမိတယ်။ သူ အလုပ်လုပ်တာ လျင်မြန် သွက်လက်တယ်။ အိုးလေးလုံးကို တပြိုင်ထဲ လွယ်လွယ်ကူကူ ကိုင်တွယ်နေတယ်။ ခဏနေတော့ ကျက်နေတဲ့ ဟင်းတွေရဲ့အရသာကို သူမြည်းနေတာ တွေ့ရပါတယ်။ ပြီးတော့ ရေခဲသေတ္တာထဲက တခုခုယူပြီး ပန်းကန်ပြားထဲ ထည့်လိုက်တယ်။ နောက်တော့ အသုံးပြုပြီးတဲ့ အိုးတအိုးကို သူဆေးကြောနေတာ တွေ့ရတယ်။ သူ့ကို နောက်ကနေကြည့်ရတာဟာ အိန္ဒိယ ပါကပ်ရှင်း တီးသမားတယောက်နဲ့ တူနေတယ်။ သူ့ရဲ့ လှုပ်ရှားမှုတွေဟာ လျင်မြန်သွက်လက်ပြီး ပရော်ဖက်ရှင်နယ် ဆန်နေတယ်။ ကျွန်တော် အံ့သြမိပါတယ်။

“ကျွန်တော် ဘာကူလုပ်ပေးရမလဲ” လို့ ကျွန်တော် မေးလိုက်တယ်။

“အဆင်ပြေပါတယ်။ ဒီလိုလုပ်ရတာ ကျွန်မနဲ့ အသားကျပြီးသားပါ” လို့ မိဒိုရိက ပြန်ပြောပါတယ်။ မိဒိုရိဟာ အပြာရောင် ဂျင်းဘောင်းဘီ ကျပ်ကျပ်ကလေး ဝတ်ထားပြီး၊ ရေတပ်တီရှပ်ကို ဝတ်ထားပါတယ်။ တီရှပ်ရဲ့ကျောမှာ Apple Records လိုဂိုကို တွေ့ရပါတယ်။ သူ့ရဲ့ခါးဟာ မယုံနိုင်လောက်အောင် သေးသွယ်တာကို တွေ့ရပါတယ်။ သူရဲ့ခါးဟာ ခန္ဓာကိုယ်ကြီးထွားလာချိန်မှာ မကြီးထွားဘဲ သေးကျန်နေခဲ့ပုံပါပဲ။ အဲဒါကြောင့် ဘောင်းဘီအကျပ် ဝတ်ထားတော့ တခြား ဘောင်းဘီအကျပ်ဝတ်တဲ့ မိန်းကလေးတွေထက် အဆပေါင်းများစွာ လှနေတာပေါ့။ မီးဖိုချောင် ပြတင်းပေါက်ကနေ အလင်းရောင်ဖျော့ဖျော့ ဝင်နေတာဟာ သူ့အလှကို ပိုပြီးထင်ရှား စေပါတယ်။

“ဟင်းတွေ ဒီလောက်အများကြီး ချက်ထားမယ်လို့ ကျွန်တော် မထင်ထားဘူး”

“မများပါဘူး။ ကျွန်မ မနေ့က ဈေးများများဝယ်ခဲ့ပြီး အိမ်မှာ ရှိပြီးသားတွေနဲ့ ပေါင်းလိုက်တာပါ။ ကိုဘာယာရှီမိသားစုဟာ ဧည့်သည်တွေကို အစားကောင်းနဲ့ ဧည့်ခံတတ်တဲ့ အစဉ်အလာရှိပါတယ်။ ဧည့်သည်တွေကို အစားကောင်းနဲ့ ဧည့်ခံချင်တဲ့ဝသီပါ။ မွေးရာပါ အကျင့်တခုပါပဲ။ ဘယ်လို ဧည့်သည်မျိုးကိုဖြစ်ဖြစ် ကျွန်မတို့ အစားကောင်းနဲ့ ဧည်ခံတတ်ကြတယ်။ ကျွန်မအဖေဆိုရင် သူကိုယ်တိုင် အရက်မသောက်တတ်ပေမယ့် ဧည့်သည်တွေအတွက် ရေခဲသတ္တာထဲမှာ အရက်ပုလင်းတွေ ထားထားလို့ ရှိတယ်။ ဒီတော့ ရှင်လည်း ဘီယာကို စိတ်ကြိုက်သာ သောက်ပါတော့”

“ကျေးဇူးပါပဲ”

ကျွန်တော် အောက်ထပ်မှာ ပန်းတွေ မေ့ကျန်ခဲ့တာကို အခုမှ သတိရတယ်။ အပေါ်ထပ်တက်ဖို့ ဖိနပ်ချွတ်နေရင်း မေ့ကျန်ခဲ့တာပါ။ အောက်ထပ်ဆင်းပြီး

ပန်းတွေ ယူလိုက်ပါတယ်။ မီဒိုရီဟာ အရှည်ဆုံး ပန်းတပွင့် ယူပြီး ပန်းအိုးရှည်ရှည်ကလေးထဲ ထည့်လိုက်ပါတယ်။

"ကျွန်မ အဝါရောင် ဒက်ဖိုဒယ်လ်ပန်းတွေကို ချစ်တယ်။ အထက်တန်းကျောင်းတုန်းက ဒက်ဖိုဒယ်လ် ပန်း ခုနစ်ပွင့် သီချင်းကို ကျွန်မဆိုခဲ့ဖူးတယ်။ အဲဒီ သီချင်းကြားဖူးလား"

"ကျွန်မတို့ ကျေးလက်ဂီတ ဝိုင်းလေးဖွဲ့ဖူးတယ်။ အဲဒီတုန်းက ကျွန်မ ဂစ်တာတီးတယ်"

စားပွဲပေါ်မှာ ပန်းကန်တွေ ပြင်နေစဉ်မှာ မီဒိုရီဟာ ဒက်ဖိုဒယ်ပန်း ခုနစ်ပွင့်သီချင်းကို ဆိုနေပါတယ်။

※※※

မီဒိုရီရဲ့ဟင်းချက်လက်ရာဟာ ထင်ထားတာထက် အများကြီး ပိုကောင်းနေတယ်။ ဟင်းအမယ်တွေ ကလည်း အစုံပဲ။ အကြော်၊ အလှော်၊ အပြုတ်၊ အကင်တွေ ပါတယ်။ ကြက်ဥတွေ၊ မက်ကရယ်ငါးတွေ၊ အရွက်တွေ၊ မှိုတွေ၊ မုန်လာဥနီတွေနဲ့ နှမ်းတွေကို အသုံးပြုထားတယ်။ ဟင်းအားလုံးကို တိုကျိုပုံစံနဲ့ ချက်ထားတာ။

"အရမ်းကောင်းတာပဲ" လို့ ပလုတ်ပလောင်းစားရင်း ကျွန်တော် ပြောလိုက်တယ်။

"ဒီလောက်ကောင်းလိမ့်မယ်လို့ ရှင် မထင်ခဲ့ဘူး မဟုတ်လား။ ကျွန်မရဲ့ပုံစံနဲ့ ဒီလောက် ချက်တတ်လိမ့်မယ်လို့ မထင်ခဲ့ဘူးမဟုတ်လား"

"မထင်ခဲ့ပါဘူး"

"ခင်ဗျားက ကင်ဆိုင်းဒေသက လာတာလား။ ဒါကြောင့် ကင်ဆိုင်းလက်ရာတွေကို ကြိုက်နေတာ မဟုတ်လား ဒါမှမဟုတ် ကျွန်တော့်အတွက် ဒီလက်ရာကို သီးသန့်ချက်တာလို့တော့ မပြောနဲ့နော်"

"ပေါက်ကရတွေ မတွေးစမ်းပါနဲ့။ ဒီလိုချက်တာဟာ ကျွန်မအတွက် ဘာအပန်းမှမကြီးဘူး။ ကျွန်မတို့ ဒီလိုပဲ အမြဲတမ်းချက်စားနေကျ"

"ခင်ဗျားရဲ့အမေ ဒါမှမဟုတ် အဖေဟာ ကင်ဆိုင်းဘက်ကလား"

"မဟုတ်ဘူး။ ကျွန်မအဖေက တိုကျိုမှာ မွေးတာ။ ကျွန်မအမေကတော့ ဖူကူရှီးမားက။ ကျွန်မတို့ အမျိုးထဲမှာလည်း တယောက်မှ ကင်ဆိုင်းဘက်မှာ မရှိဘူး။

ကျွန်မတို့အမျိုးတွေဟာ တိုကျို့နဲ့ ကန်တို မြောက်ပိုင်းဘက်တွေမှာပဲ ရှိတယ်”

“ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး။ ခင်ဗျားရဲ့လက်ရာဟာ လုံးဝ ကင်ဇိုင်းလက်ရာပဲ။ ခင်ဗျားကို ဘယ်သူ သင်ပေးခဲ့တာလဲ”

ပြောရမယ်ဆိုရင်တော့ အရှည်ကြီးပါပဲ ကြက်ဥကြော် တဖွဲ့စားရင်း မိဒိုရီ ပြောတယ်။ “ကျွန်မရဲ့အမေက အိမ်မှုကိစ္စကို လုံးဝ စိတ်မဝင်စားဘူး။ သူဟာ ဟင်းတောင် မချက်ဖူးသလောက်ပဲ။ ကျွန်မတို့အိမ်ဟာ အလုပ် အမြဲရှုပ်နေတတ်တဲ့အတွက် မကြာခဏဆိုသလို အပြင်ပဲ ထွက်စားဖြစ်ကြတယ်။ ဒါမှမဟုတ် ဆိုင်ကနေ မှာစားတတ်ကြတယ်။ ဒါမှမဟုတ်ရင်လည်း အသားလုံးကြော်တွေပဲ ဝယ်စားတတ်ကြတယ်။ ကျွန်မ ငယ်ငယ်လေးထဲက အဲဒီလို ဝယ်စားရတာကို မကြိုက်ခဲ့ဘူး။ ငယ်ငယ်က ဟင်းအိုးကြီးထဲမှာ တအိုး ချက်ထားရင် သုံးရက်လောက် စားရင်ရတယ်။ ကျွန်မ အလယ်တန်းကျောင်းသူဘဝရောက်တော့ ကိုယ်ဘာသာကိုယ် ချက်စားဖို့ ဆုံးဖြတ်ချက် ချခဲ့ပါတယ်။ မိသားစုအတွက် ကျွန်မ ချက်ပေးမယ်ပေါ့။ အဲဒါနဲ့ ရှင်ဂျူကုမှာရှိတဲ့ ကီနိုကူနီယာ စာအုပ်ဆိုင်ကို သွားပြီးတော့ အကောင်းဆုံးနဲ့ အကြီးဆုံး ချက်နည်းပြုတ်နည်း စာအုပ်တအုပ် ဝယ်ခဲ့တယ်။

ကြေညက်အောင် ဖတ်ခဲ့တယ်။ ခေးသွေးနည်း၊ အရိုးနွှံနည်း၊ ဘိုနီတိုကြော်လုပ်နည်း စတာတွေ ကျွန်မ အလွတ်ရခဲ့တယ်။ အဲဒီစာအုပ်ကို ရေးခဲ့တဲ့လူက ကင်ဇိုင်းဒေသဆိုတော့ ကျွန်မရဲ့ လက်ရာတွေဟာ ကင်ဇိုင်းလက်ရာတွေ ဖြစ်ခဲ့တာပေါ့”

“ဒီလို ချက်နိုင်အောင် ခင်ဗျား စာအုပ်ထဲကနေ သင်ယူခဲ့တာပေါ့”

“ကျွန်မ ပိုက်ဆံစုပြီး ဟင်းလျာအစစ်တွေကိုလည်း လိုက်ဝယ်စားတယ်။ အဲဒါကြောင့် ကျွန်မရဲ့ ဟင်းတွေဟာ အနံ့ကောင်းနေတာပေါ့။ ကျွန်မမှာ ဟင်းချက်တာနဲ့ ပတ်သက်လို့ အလိုလို နားလည်တတ်တဲ့ အရည်အချင်း ပါလာခဲ့တယ်”

“စာအုပ်တအုပ်ထဲနဲ့ တတ်အောင် လုပ်ခဲ့တာကတော့ ချီးကျူးစရာပါပဲ”

“တကယ်တော ဒီလိုဖြစ်လာဖို့ မလွယ်ခဲ့ဘူး။ ကျွန်မက အစားအသောက်ချက်ဖို့ ပစ္စည်းပစ္စယတွေကို စိတ်မဝင်စားတဲ့ မိသားစုမှာ ကြီးလာတာလေ။ ကျွန်မဟင်းချက်ဖို့ လိုအပ်တဲ့ခေးတွေ၊ အိုးတွေကို ဝယ်ဖို့ ပိုက်ဆံတောင်းခဲ့တုန်းက သူတို့ မပေးခဲ့ကြဘူးလေ။ အိမ်မှာ ရှိနေတာတွေနဲ့ လုံလောက်နေပြီလို့ သူတို့ ပြောတတ်ကြတယ်။ အဲဒီတော့ ကျွန်မက အရိုးနွှံတဲ့ ခေးတွေဝယ်ဖို့ လိုအပ်တယ်လို့ ပြောပြန်တော့လည်း နင်က ဘာလုပ်မလို့လဲတဲ့။

အဲဒါနဲ့ ကျွန်မလည်း ကိုယ့်မုန့်ဖိုးကို စုပြီး လိုအပ်တာတွေရအောင် ကြိုးစား ဝယ်ခဲ့တယ်။ ရှင် ယုံမှယုံပါ့မလားမသိဘူး၊ အသက် ဆယ့်ငါးနှစ်အရွယ် မိန်းကလေးတယောက်ဟာ အဝတ်အစား ကောင်းကောင်း၊ ဖိနပ်ကောင်းကောင်း မလိုချင်ဘဲ အိုးတွေ၊ ခွက်တွေ၊ ဓားတွေ ရဖို့ သူ့မုန့်ဖိုးတွေကို တပြားမှမချန် စုတာကိုလေ။ ရှင်ကျွန်မပေါ် သနားစိတ်မဝင်ဘူးလား”

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ စွတ်ပြုတ်ရည်တွေ ပါးစပ်ထဲ အပြည့်အလျှံ ထည့်ရင်းနဲ့ပေါ့။

“ကျွန်မ အထက်တန်းကျောင်း ပထမနှစ်မှာ ကြက်ဥကြော်တဲ့ ဒယ်အိုးကို အသည်းအသန် လိုချင်ခဲ့တယ်။ အဲဒီတုန်းက ကျွန်မ ဘရာစီယာဝယ်ဖို့ စုထားတဲ့ ပိုက်ဆံနဲ့ ဝယ်ပစ်လိုက်တယ်။ အဲဒီအတွက် ကျွန်မ ဘရာစီယာ တထည်ထဲနဲ့ သုံးလ နေခဲ့ရတယ်။ ညတိုင်း ဘရာစီယာ လျှော်ပြီး ညတွင်းချင်း ခြောက်အောင် ကျွန်မ ကြိုးစားခဲ့ရတယ်။ နောက်နေ့မှာ အဲဒီဘရာစီယာနဲ့ ကျွန်မ ကျောင်းသွားရတယ်။ ဘရာစီယာ သိပ်မခြောက်ခဲ့ရင်တော့ ကျွန်မအတွက် ရင်နာစရာပါပဲ။ ဘရာစီယာ အစိုကို ဝတ်ရတာဟာ ကမ္ဘာပေါ်မှာ ဝမ်းနည်းဖို့ အကောင်းဆုံးဖြစ်ရပ်ပါပဲ။ လမ်းလျှောက်ရင်း ကျွန်မမျက်လုံးတွေထဲက မျက်ရည်တွေ ကျလာတတ်တယ်။ ကြက်ဥကြော်တဲ့ ဒယ်အိုးရဖို့ ကျွန်မ ဘယ်လောက်ထိ စိတ်ပြင်းပြခဲ့သလဲဆိုတာ စဉ်းစားသာကြည့်တော့”

“ကျွန်တော် နားလည်ပါတယ်” လို့ ပြုံးပြီး ကျွန်တော် ပြောလိုက်တယ်။

“ကျွန်မ ပြောတော့မပြောချင်ပါဘူး။ ကျွန်မ အဲဒီအခက်အခဲတွေဟာ ကျွန်မအမေ ဆုံးသွားတဲ့ အခါမှာတော့ သက်သာရာရခဲ့တယ်။ မိသားစု စားရေးသောက်ရေးအတွက် ရတဲ့ ပိုက်ဆံတွေကို ကျွန်မ စီမံခန့်ခွဲလာခဲ့ရတယ်။ ကျွန်မ လိုချင်တာ ဝယ်ခွင့် ရလာခဲ့တယ်။ ခုဆိုရင် ကျွန်မမှာ လိုအပ်တဲ့ ပစ္စည်းပစ္စယ အစုံရှိနေပါပြီ”

“အမေ ဘယ်တုန်းက ဆုံးတာလဲ”

“လွန်ခဲ့တဲ့ နှစ်နှစ်တုန်းကပေါ့။ ဦးနှောက်မှာ အကျိတ်ဖြစ်တာလေ။ အမေဟာ ဆေးရုံမှာ တနှစ်ခွဲလောက် နေခဲ့ရတယ်။ အရမ်း ဆိုးဝါးတဲ့ဝေဒနာပဲ။ အမေက အဲဒီရောဂါ စဖြစ်ချိန်ကနေ ဆုံးတဲ့အချိန်ထိ ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားသွားခဲ့ရတယ်။ အသိစိတ် ပျောက်လောက်အောင် အထိ နာကျင်နေခဲ့တဲ့အတွက် သူ့ကို အချိန်ပြည့် ဆေးတွေ ထိုးပေးနေခဲ့ရတယ်။ သူကလည်း လွယ်လွယ်နဲ့ မသေခဲ့တာကြောင့် ဆေးထိုးပြီး ဝေဒနာကို သက်သာအောင် လုပ်ပေးလိုက်ရတယ်။ တော်တော်ဆိုးရွားတဲ့ သေခြင်းမျိုးပါပဲ။ အမေဟာ တချိန်လုံး နာကျင်နေခဲ့ရတယ်။ တမိသားစုလုံးလည်း

စိတ်ဆင်းရဲရလိုက်တာ မပြောပါနဲ့ဘာ။ အမေ့ရောဂါကြောင့် အိမ်ရှိသမျှလည်း အကုန် ကုန်သွားခဲ့တယ်လေ။ ဆေးတလုံးထိုးလိုက် ယန်းနှစ်ထောင် တောင်းလိုက် ဆိုတော့ ဘယ်ခံနိုင်ပါမလဲ။ နာရီနဲ့အမျှ ပိုက်ဆံပေးနေခဲ့ရတယ်။ အမေ့အတွက် ကျွန်မလည်း အရမ်း အလုပ်ရှုပ်ခဲ့တယ်။ အဲဒါကြောင့် ကောလိပ်တောင် တနှစ် နောက်ကျပြီးမှ တက်ခဲ့ရတာလေ။ ပြီးတော့ အခြေအနေ သိပ်မဆိုးခဲ့ပုံနဲ့....” လို့ ပြောရင်းတန်းလန်း သူဟာ လက်ထဲကတူကို ချလိုက်တယ်။ “ကြည့်ပါဦး စကားဝိုင်းက ရုတ်တရက် အမှောင်ဘက် ရောက်သွားလိုက်တာ”

“ဘရာစီယာနဲ့ စခဲ့တာလေ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ထားလိုက်ပါတော့ ကြက်ဥစားပြီး ကျွန်မ ပြောခဲ့တာတွေကို စဉ်းစားကြည့်ပါ” လို့ မီဒိုရီက လေးလေးနက်နက် ပုံစံနဲ့ပြောတယ်။

ကျွန်တော် ပန်းကန်ထဲမှာရှိသမျှ ပြောင်စင်လုနီးပါး ကျွန်တော် စားပစ်လိုက်ပြီးပေမယ့် မီဒိုရီကတော့ နည်းနည်းပဲ စားရသေးတယ်။ “ချက်ရ ပြုတ်ရတာနဲ့တင် ဗိုက်ဝနေပါပြီ” လို့ သူက ပြောတယ်။ သူ စားပွဲရှင်းပြီး စားလက်စတွေကို သိမ်းလိုက်တယ်။ ပြီးတော့ မာလ်ဘိုရိုတဗူး ယူလာပြီး သူလည်း မီးညှိပြီး တလိပ်သောက်လိုက်တယ်။ ဒယ်ဖိုဒယ်လ် ပန်းအိုးကို ခဏကိုင်ကြည့်ပြီး ပန်းတွေ အနံ့တွေကို ခဏ လေ့လာလိုက်တယ်။

“ကျွန်မ ဒီပန်းတွေကို ပန်းအိုးထဲ မထည့်ထားသင်ဘူး။ ပန်းအိုးထဲသာ မထည့်ထားရင် ပန်းတွေဟာ ကန်ထဲက ခူးခူးချင်း လက်ထဲမှာ ကိုင်ထားလိုက်ရသလို ထင်ရမှာပါ” လို့ သူကပြောတယ်။

“ကျွန်တော် ဒီပန်းတွေကို အိုဆူကာ ဘူတာရုံဘေးက ကန်ထဲကနေ ခူးလာတာ” လို့ ကျွန်တော် ပြောလိုက်တယ်။

သူ ခိုးခိုးခစ်ခစ် ရယ်လိုက်တယ်။ “ရှင်က တော်တော် နောက်တာပဲ။ ရုပ်တည်ကြီးနဲ့ ဟာသပြောတတ်တယ်” လို့ သူက ပြောတယ်။

မေးစေ့ကို သူ့လက်နဲ့ ကိုင်ထားတယ်။ သူ့လက်ထဲက စီးကရက်ကို တဝက်လောက်သောက်ပြီး ပြာခံခွက်ထဲ ထိုးချေလိုက်တယ်။ သူ့မျက်စေ့ထဲ မီးခိုးတွေ ဝင်သွားသလားမသိဘူး။ မျက်လုံးတွေကို သူ့လက်နဲ့ ပွတ်သပ်နေတယ်။

“မိန်းကလေးတွေဟာ သူတို့ရဲ့စီးကရက်တွေကို လက်ထဲက ချလိုက်တဲ့အခါ ပိုလှတတ်တယ်။ ခင်ဗျား သောက်တာကကော...။ ခင်ဗျား စီးကရက်ကို ဒီလိုမျိုး မထိုးချေလိုက်သင့်ဘူး။ ပြာခံခွက် ထောင့်လေးမှာ တင်ထားပြီး ဖြေးဖြေးလေး ချလိုက်ရမှာ။ အဲဒါမှ စီးကရက်ဟာ ကွေးကောက် မသွားမှာ။ ပြီးတော့

မိန်းကလေးတွေဟာ မီးခိုးတွေကို ဘယ်တော့မှ သူတို့နှာခေါင်းထဲ ရောက်အောင် မမှုတ်တတ်ကြဘူး။ မိန်းကလေး အများစုဟာ ယောကျ်ားလေးတယောက်နဲ့အတူ စားသောက်နေချိန်မှာ ဘရာစီယာ တထည်ထဲကို သုံးလဝတ်ခဲ့ရတယ်ဆိုတာ ဘယ်တော့မှ ပြောမှာ မဟုတ်ဘူး”

“ဟုတ်တယ်။ ကျွန်မက…” လို့ မီဒိုရီက နှာခေါင်းကို ပွတ်ရင်းပြောတယ်။ “ကျွန်မ ဒီလို မဖြစ်အောင် ထိန်းလို့ မရဘူး။ ဒီလိုပြောမိတာကို ဟာသဖြစ်အောင် တခါတလေ ကြိုးစားမိတယ်။ ဒါပေမဲ့ မရပါဘူး။ ကျွန်မကို ဝေဖန်စရာရှိသေးလား”

“မိန်ကလေးတွေဟာ မာဘိုရို မသောက်တတ်ကြဘူး” လို့ ကျွန်တော်က ပြောလိုက်တယ်။

“အဲဒါ ဘာများထူးခြားလို့လဲ။ တယောက်နဲ့ တယောက် အကြိုက်မှ မတူတတ်ကြတာ” လို့ ပြောရင်း မီဒိုရီဟာ လက်ထဲမှာ မာဘိုရိုဗူးလေးကို ဟိုလှည့် ဒီလှည့် လုပ်နေတယ်။ “ကျွန်မ ပြီးခဲ့တဲ့လကမှ ဆေးလိပ် စသောက်တာ။ ဆေးလိပ်ကို အရမ်းသောက်ချင်လို့ မဟုတ်သလို ဘာရယ်ကြောင့်လည်း မဟုတ်ပါဘူး။ သောက်ချင်လို့ သောက်လိုက်တာပါ”

“ဘာဖြစ်လို့လဲ” လို့ ကျွန်တော်က မေးလိုက်တယ်။

စားပွဲပေါ်မှာ သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားပြီး ခဏလောက် စဉ်းစားတယ်။

“ရှင်ဆေးလိပ်မသောက်တာနဲ့ရော ဘာခြားနားလဲ”

“ဇွန်လမှာ ဆေးလိပ်ဖြတ်ခဲ့တာလို့ ကျွန်တော်က ပြောလိုက်တယ်။

“ဘာကြောင့်လဲ”

“ခံရခက်လို့။ ညနက်သန်းခေါင်မှာ ဆေးလိပ်ကုန်သွားတာကို ကျွန်တော် အရမ်းမုန်းတယ်။ ကျွန်တော့်ကို တခုခုက ချုပ်ကိုင်နေတာကို ကျွန်တော် မကြိုက်ဘူး”

“ရှင်ဟာ ရှင် ဘာကိုကြိုက်တယ်။ ဘာကို မကြိုက်ဘူးဆိုတာကို ကွဲကွဲပြားပြား သိနိုင်တာပဲ”

“ဖြစ်နိုင်ပါတယ်။ အဲဒါကြောင့်လည်း တချို့လူတွေက ကျွန်တော့်ကို မကြိုက်ကြတာ”

“ရှင်က ရှင်မကြိုက်ကြောင်း သွားပြတာကို လူတွေက အဲဒီလိုပြောတာ

ကြိုက်မကြိုက်ကိုမှ ရှင် ကွဲကွဲပြားပြား မသိတာကြောင့်ပေါ့။ ရှင်က တဲ့ပြောတော့ လူတွေ ရှူးတာပေါ့” လို့ မေးစေ့ကို ပွတ်ရင်း မီဒိုရီက ပြောတယ်။ “ဒါပေမဲ့ ကျွန်မကတော့ ရှင်နဲ့ စကားပြောရတာကို ကြိုက်တယ်။ ရှင် စကားပြောပုံက သူများနဲ့ မတူဘူး။ “ကျွန်တော့်ကို တခုခုက ချုပ်ကိုင်နေတာကို ကျွန်တော် မကြိုက်ဘူး” ဆိုတဲ့ ပုံစံမျိုးပေါ့။

※※※

သူ ပန်းကန်ဆေးတာကို ကျွန်တော် ကူပေးခဲ့တယ်။ သူ့ဘေးနားမှာရပ်ပြီး သူဆေးတဲ့ ပန်းကန်တွေကို ကျွန်တော် အဝတ်နဲ့ သုတ်ပေးခဲ့တယ်။ ပြီးတော့ စင်ပေါ်မှာ အထပ်လိုက်ထားလိုက်တယ်။

“ဒီနေ့ အိမ်က လူတွေမရှိကြဘူးလား”

“ကျွန်မ အမေကတော့ သူ့ရဲ့အုတ်ဂူမှာ၊ လွန်ခဲ့တဲ့ နှစ်နှစ်က ဆုံးတာလေ”

“အင်းလေ… အဲဒီအကြောင်းကို ကျွန်တော်သိပြီးပြီ”

“ကျွန်မညီမကတော့ သူ့ရည်းစားနဲ့ သွားတယ်။ ကားပတ်မောင်းကောင်း မောင်းနေလိမ့်မယ်။ သူ့ရည်းစားက ကားကုမ္ပဏီမှာ အလုပ်လုပ်နေတာလေ။ သူက ကားတွေကို ချစ်တယ်။ ကျွန်မကတော့ ကားတွေကို မချစ်ဘူး။

မီဒိုရီက စကားပြောတာကို ရပ်ပြီး ပန်းကန်ဆက်ဆေးတယ်။ ကျွန်တော်လည်း စကားပြောတာတွေ ရပ်ပြီး ပန်းကန် ဆက်သုတ်တယ်။

“အဖေတယောက်ပဲ ကျန်တော့တယ်” လို့ အချိန် နည်းနည်းကြာတော့ သူ ဆက်ပြောတယ်။

“ဟုတ်တယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“အဖေက ဥရုဂွေးကို ဇွန်လကတည်းက ထွက်သွားတယ်။ အဲဒီကတည်းကနေ ခုချိန်ထိ ဥရုဂွေးမှာပဲ”

“ဥရုဂွေးဟုတ်လား။ ဘာသွားလုပ်တာလဲ”

“ယုံချင်ယုံ မယုံချင်နေ၊ အဖေက ဥရုဂွေးမှာ အခြေချဖို့ စဉ်းစားနေတာကြာပြီ။ သူ့ရဲ့ စစ်သားဘဝတုန်းက သူငယ်ချင်းတယောက်က အဲဒီမှာ ရှိတယ်လေ။ အဖေဟာ ဥရုဂွေးသွားမယ့် အကြောင်း ရုတ်တရက်ကြီး ကြေညာခဲ့တယ်။ ဥရုဂွေးမှာ သူလုပ်နိုင်တာတွေ အများကြီး ရှိတယ်တဲ့ ပြီးတော့ လေယာဉ်ပေါ် တက်သွားတယ်။ အဲဒါပါပဲ။ အဖေ့ကို မသွားဖို့ ကျွန်မတို့

အသည်းအသန် တားခဲ့ပါသေးတယ်။ "အဲလိုနေရာမျိုးကို အဖေဘာလို့သွားချင်ရတာလဲ။ သူတို့ရဲ့စကားကို နားလည်တာလဲ မဟုတ်ဘဲနဲ့။ အဖေကတိုကျိုကနေတောင် တခြား ဘယ်ကိုမှ သွားဖူးတာမှ မဟုတ်တာ" လို့ ကျွန်မတို့ပြောခဲ့ပါတယ်။ ဒါပေမဲ့ အဖေက လက်မခံခဲ့ဘူး။ အမေ့ကို ဆုံးရှုံးလိုက်ရတာဟာ အဖေအတွက် ရှော့ခ်အကြီးကြီးပဲ။ အမေ့ကို ဆုံးရှုံးလိုက်ရတော့ အဖေဟာ လိုပဲ။ အမေ့ကို ဘယ်လောက်ချစ်လဲဆိုတာ သိသာတယ်"

ကျွန်တော် ဘာမှ ပြန်မပြောနိုင်ဘူး။ ပါးစပ်အဟောင်းသားနဲ့ မီဒိုရီကို ကြည့်နေမိတယ်။

"အမေသေတော့ ကျွန်မညီမကို ဘာပြောတယ်ထင်လဲ။ "ငါ့မိန်းမကို ဆုံးရှုံးမယ့်အစား နင်တို့ နှစ်ယောက်ကိုပဲ ဆုံးရှုံးလိုက်ချင်တယ်" တဲ့။ ကျွန်မကတော့ ဘာမှပြန်မပြောနိုင်ဘူး။ ကျွန်မ ဆိုလိုတာကို ရှင်နားလည်နိုင်မှာပါ။ အဖေဟာ အဲဒီလိုကြီးတော့ မပြောသင့်ပါဘူး။ သူချစ်တဲ့မိန်းမ၊ သူ့ဘဝ လက်တွဲဖော်ကို ဆုံးရှုံးလိုက်ရတဲ့ နာကျင်မှု၊ ဝမ်းနည်းမှု၊ ဝေဒနာတွေကို ကျွန်မ နားလည်ပါတယ်။ ကျွန်မ သူ့ကို သနားပါတယ်။ ဒါပေမဲ့ အဖေတယောက်အနေနဲ့တော့ သူ့သမီးတွေကို "ငါ့မိန်းမသေမယ့်အစား နင်တို့နှစ်ယောက် သေလိုက်ရမှာ" လို့တော့ မပြောသင့်ဘူးပေါ့။ သိပ်ကို ဆိုးရွားတာပဲ။ ရှင် သဘောတူနိုင်ပါ့မလား"

"ခင်ဗျား ဆိုလိုချင်တာကို ကျွန်တော် နားလည်ပါတယ်"

"အဲဒီလို ဒဏ်ရာမျိုးက ပျောက်ဖို့ခက်တယ်" လို့ ခေါင်းကိုခါရင်း သူကပြောတယ်။ "ဘာပဲပြောပြောပါ ကျွန်မတို့ မိသားစုမှာရှိတဲ့ လူတွေက တယောက်တမျိုးစီပါ"

"ဟုတ်ပါတယ်"

"လူနှစ်ယောက်... တယောက်ကို တယောက် သိပ်ချစ်ကြတာ လွန်တယ်လို့ ရှင်မထင်မိဘူးလား။ ကျွန်မပြောချင်တာ မိန်းမကို အရမ်းချစ်တဲ့ လူတယောက်က သူ့မိန်းမအစား သမီးနှစ်ယောက်ကို သေခိုင်းဖို့ ပြောထွက်တာမျိုးလေ"

"ခင်ဗျားပြောတာ ကျွန်တော်နားလည်ပါတယ်"

"ပြီးတော့ သူဟာ ကျွန်မတို့ညီအမနှစ်ယောက်ကို ထားခဲ့ပြီး ခု ဥရုဂွေးကို ထွက်ပြေးသွားတယ်လေ"

ကျွန်တော် ဘာမှပြန်မပြောပဲ နှောက်ထပ် ပန်းကန်တချပ်ကို ဆေးနေလိုက်တယ်။ နောက်ဆုံးတချပ် ပြီးတော့ မီဒိုရီက ပန်းကန်အားလုံးကို ဗီရိုထဲ ထည့်လိုက်တယ်။

“ဒါနဲ့ ခင်ဗျားအဖေဆီက ဘာကြားသေးလဲ” လို့ ကျွန်တော် မေးလိုက်တယ်။

“ပို့စ်ကဒ်တစောင်လေ။ မတ်လကုန်တုန်းက ပို့လိုက်တာ။ ပို့စ်ကဒ်ပေါ်မှာ ဘာရေးထားတယ်ထင်လဲ။ “ဒီမှာ အရမ်းပူတယ်” ဆိုတာနဲ့ “အသီးတွေဟာ ငါထင်ခဲ့သလောက် စားမကောင်းဘူး” ဆိုတာပေါ့။ ပို့စ်ကဒ်ပေါ်ကပုံကလည်း အသုံးမကျတဲ့ မြည်းတကောင်ရဲ့ပုံ။ သူဟာ စိတ်နောက်သွားပြီ။ သူ့သူငယ်ချင်းနဲ့ တွေ့မတွေ့ ဆိုတာကိုတောင် မရေးထားဘူး။ သူ အခြေကျသွားတဲ့အခါ ကျွန်မနဲ့ ကျွန်မညီမဆီ စာထပ်ရေးမယ်လို့တော့ ပါတယ်။ ဒါပေမဲ့ အဲဒီပို့စ်ကဒ်နောက် ဘာမှမလာတော့ဘူး။ ကျွန်မတို့ ပို့လိုက်တဲ့စာတွေကိုလည်း သူ အကြောင်းမပြန်ဘူး”

“ခင်ဗျားအဖေက ဥရုဂွေးကိုလာခဲ့လို့ ရေးလိုက်ရင်ကော ခင်ဗျား ဘာလုပ်မှာလဲ”

“ကျွန်မတချက်လောက်တော့ သွားကြည့်ရင် ကြည့်လိမ့်မယ်။ ပျော်ဖို့တော့ ကောင်းမှာပါ။ ကျွန်မ ညီမကတော့ တူးတူးခါးခါးကို ငြင်းလိမ့်မယ်။ သူက ညစ်ပတ်တဲ့အရာတွေ၊ ညစ်ပတ်တဲ့ အစားအစာတွေကို မကြိုက်ဘူး။

“ဥရုဂွေးက ညစ်ပတ်လို့လား”

“ဘယ်ပြောနိုင်မလဲလို့ ကျွန်မညီမက တွေးတယ်။ လမ်းတွေပေါ်မှာ မြင်းချီးပုံတွေ ပြည့်နေမယ်။ အဲဒါတွေပေါ်မှာ ယင်ကောင်တွေ တလောင်းလောင်း ရှိနေမယ်။ အိမ်သာတွေက မကောင်းဘူးလို့ သူထင်နေတယ်။ ရုပ်ရှင်ကားတကားထဲမှာ သူတွေ့ဖူးတာ ဖြစ်မှာပေါ့။ ပြီးတော့ သူက ပိုးကောင်တွေကိုလည်း မကြိုက်ဘူး။ သူလုပ်ချင်တာက အကောင်းစား ကားစီးပြီး မြင်ကွင်း လှလှလေးတွေကို လိုက်ကြည့်ဖို့ပဲ။

“နောက်နေတာတော့ မဟုတ်ဘူးနော်”

“ကျွန်မ ဥရုဂွေးသွားတော့ရော ဘာဖြစ်လဲ

“အဲဒါဆို ဆိုင်ကို ဘယ်သူဖွင့်မလဲ”

“ကျွန်မ ညီမပေါ့။ ဒါပေမဲ့ သူက ဆိုင်ထိုင်ရတာကို မကြိုက်ဘူး။ ဒီနားမှာ ဆိုင်ထိုင်ပြီး အိမ်အရောက် လိုက်ပို့ပေးတဲ့ ဦးလေးတယောက် ရှိတယ်။ ကျွန်မ အားရင်လည်း ဆိုင်ထိုင်ပေးတတ်ပါတယ်။ ဆိုင်ထိုင်ရတာ ခက်တာမှ မဟုတ်တာ။ အဲဒါကြောင့် ကျွန်မတို့ ထိန်းနိုင်ပါတယ်။ မနိုင်ရင်တော့ ဒီနေရာကို ကျွန်မတို့ ရောင်းလိုက်မှာ”

“ခင်ဗျားအဖေကို သဘောကျလား”

မီဒိုရီက ခေါင်းကိုခါတယ်။ "သိပ်အကြိုက်ကြီးတော့ မဟုတ်ပါဘူး"

"အဲဒါဆို ဘာလို့ ဥရုဂွေးကို လိုက်သွားချင်တာလဲ"

"သူ့ကို ယုံတယ်ဟုတ်လား"

"ဟုတ်တယ်။ အဖေ့ကို သိပ်တော့ မချစ်ဘူး။ ဒါပေမဲ့ ယုံကြတယ်။ သူ့အိမ်၊ သူ့ကလေးတွေ၊ သူ့အလုပ်တွေကို စွန့်ပစ်ပြီး ဇနီးကို ဆုံးရှုံးလိုက်ရလို့ ဥရုဂွေးကို ထွက်သွားတဲ့ လူတယောက်ကို ဘာလို့ မယုံရမှာလဲ။ ကျွန်မ ဆိုလိုတာကို ရှင်နားလည်လား"

ကျွန်တော် သက်ပြင်းချပြီး "နားလည်သလိုလိုပဲ။ ဒါပေမဲ့ အကုန်တော့ နားမလည်ဘူး"

မီဒိုရီက ရယ်ပြီး ကျွန်တော့်ကို ပြန်ပြောတယ်။ "ကိစ္စမရှိပါဘူး။"

※※※

အဲဒီ တနင်္ဂနွေ နေ့လယ်ခင်းမှာပဲ ထူးဆန်းတာတခု ကြုံလိုက်ရတယ်။ အဲဒါက မီဒိုရီတို့အိမ်နားမှာ မီးလောင်တာပါ။ မီးလောင်တာကို ကျွန်တော်တို့ တတိယထပ် အတော်လှမ်းတဲ့နေရာမှာ တက်ကြည့်ကြတယ်။ ကြည့်ရင်းနဲ့ ကျွန်တော်တို့ နမ်းမိကြတယ်။ အဲဒီလို နမ်းခဲ့တယ်ဆိုတာ ရူးကြောင်ကြောင် နိုင်ပေမယ့် အဆင်ပြေပါတယ်။

ကျွန်တော်တို့ နှစ်ယောက်စလုံး နေ့လယ်စာစားပြီး ကော်ဖီသောက်ရင်း တက္ကသိုလ်အကြောင်း ပြောနေစဉ်မှာ မီးသတ်ကား ဥသြသံ ကြားလိုက်ရပါတယ်။ မီးသတ်ကား အသံကျယ်တာထက် ကျယ်လာတာဟာ မီးလောင်တဲ့ အိမ်အရေအတွက် များလာပြီလို့ ပြောနေတယ်။ စတိုးဆိုင်နားမှာ လူတွေ ပြေးလွှားနေကြတယ်။ တချို့တွေကလည်း အော်ဟစ်နေကြတယ်။ မီဒိုရီဟာ လမ်းနဲ့ မျက်နှာချင်းဆိုင်ရှိတဲ့ အခန်းကိုသွားပြီး ပြတင်းပေါက် ဖွင့်လိုက်တယ်။ "ဒီမှာ ခဏစောင့်" လို့ ပြောပြီး ထွက်သွားတယ်။ ပြီးတော့ အပေါ်ထပ်မှာ ခြေသံတွေ ဆူညံထွက်လာတယ်။

ကျွန်တော် ကော်ဖီသောက်ရင်း ဥရုဂွေးဟာ ဘယ်နားလဲဆိုတာကို စဉ်းစားနေမိတယ်။ ဘရာဇီး၊ ဗင်နီဇွဲလား၊ ကိုလံဘီယာ စတာတွေကို ကျွန်တော် စဉ်းစားလို့ရတယ်။ ဒါပေမဲ့ ဥရုဂွေးကိုတော့ စဉ်းစားလို့မရဘူး။ နောက်တော့ မီဒိုရီ အောက်ပြန်ဆင်းလာပြီး နောက်ကို မြန်မြန်လိုက်လာဖို့ ပြောတယ်။ ခန်းမရဲ့နောက်ဆုံးနေရာအထိ ကျွန်တော်လိုက်သွားပြီး ကြောင်လိမ်လှေကားလေး တက်လိုက်ရတယ်။ အဲဒီ လှေကားကျဉ်းလေးကနေမှ အဝတ်လှန်း ဝါးတန်းတွေရှိတဲ့

နေရာကို ရောက်သွားတယ်။ အဲဒီနေရာဟာ အနားက အဆောက်အဦတွေထက် ပိုမြင့်လို့ မြင်ကွင်း ကောင်းတယ်။ သုံးလေးအိမ်လောက်အကွာကနေ အနက်ရောင် မီးခိုးလုံးကြီးတွေ ညွှန့်တက်လာတာ မြင်ရတယ်။ မီးလောင်တဲ့အနံ့တွေ လေထဲမှာ လွင့်နေတယ်။

“အဲဒါ ဆာကာမိုတိုမိသားစုအိမ်ပဲ” လို့ မီဒိုရီက လှေကားလက်ယမ်းကိုမှီပြီး ပြောတယ်။ “သူတို့မိသားစုဟာ ရိုးရာယင်းလိပ်တွေ လုပ်ရောင်းတာ”

ကျွန်တော်လည်း သူနဲ့အတူ လှေကားလက်ယမ်းကိုမှီပြီး ဘာတွေဖြစ်နေလဲဆိုတာ ဆက်ကြည့်မိတယ်။ သုံးထပ်အဆောက်အဦကြီးက မီးလောင်တဲ့မြင်ကွင်းကို ပိတ်နေတယ်။ ဒါပေမဲ့ မီးသတ်ကား သုံးလေးစင်းလောက် မီးတောက်ကြီးကို သတ်နေသလိုပဲ၊ လမ်းက ကျဉ်းလို့ နောက်ထပ် မီးသတ်ကား နှစ်စင်းပဲ ဝင်လို့ရတယ်။ ကျန်တဲ့ မီးသတ်ကားတွေ လမ်းမကြီးပေါ် ရပ်ထားကြတယ်။ ထုံးစံအတိုင်း ဘာဖြစ်ဖြစ် ကြည့်ချင်တဲ့ လူတွေကတော့ တအုံတမပဲ။

“ဟေ့ တန်ဖိုးရှိတဲ့ဟာတွေ သွားထုတ်ထားလိုက်ပါလား။ အလွယ်တကူ ဒီက ပြောင်းလို့ရအောင်” လို့ မီဒိုရီကို ကျွန်တော် ပြောလိုက်တယ်။ “လေက ဟိုဘက် တိုက်နေပေမယ့် အချိန်မရွေး ဒီဘက်ကို ပြောင်းလာနိုင်တယ်။ ဒီနားမှာ ဂတ်စ်ဆိုင်တဆိုင်လည်း ရှိသေးတယ်။ ကျွန်တော် ခင်ဗျားကို ကူသိမ်းပေးမယ်”

“တန်ဖိုးရှိတဲ့ ဟုတ်လား” လို့ မီဒိုရီက ပြောတယ်။

“ဟုတ်တယ်လေ။ ခင်ဗျား သိမ်းထားချင်တဲ့အရာတော့ ရှိမှာပေါ့။ ပတ်စ်ပို့တို့၊ စာချုပ်စာတမ်းတွေ တို့ပေါ့။ ပြီးတော့ ပိုက်ဆံ”

“မေ့ပစ်လိုက် ကျွန်မ ထွက်မပြေးဘူး”

“ဒီနေရာကို မီးလောင်ရင်တောင်မှလား”

“ရှင်ကြားတယ်မှတ်လား။ ကျွန်မ သေရမှာ မကြောက်ဘူး”

ကျွန်တော် သူ့မျက်လုံးတွေကို စိုက်ကြည့်မိတယ်။ သူကလည်း ကျွန်တော့်ကို ပြန်ကြည့်တယ်။ သူဟာ စိတ်ပူလွန်းနေတာလား။ နောက်နေတာလားဆိုတာကို ကျွန်တော် မခွဲခြားနိုင်ဘူး။ ကျွန်တော်တို့ တယောက်ကို တယောက်ကြည့်နေတာ နည်းနည်းကြာသွားတယ်။ နောက်တော့ ကျွန်တော်လည်း စိတ်ပူတာတွေ ပျောက်သွားတယ်။

“အိုကေ။ နားလည်ပြီ။ ကျွန်တော် ခင်ဗျားနဲ့အတူ လိုက်နေမယ်” လို့

ကျွန်တော် ပြောလိုက်တယ်။

"ရှင် ကျွန်မနဲ့အတူ သေမလို့လား" လို့ တောက်ပတဲ့ မျက်လုံးတွေနဲ့ သူ ကျွန်တော့်ကို မေးတယ်။

"နိုး။ အန္တရာယ်ရှိလာရင်တော့ ကျွန်တော် ထွက်ပြေးမယ်။ ခင်ဗျား သေချင်ရင်တော့ ကိုယ့်ဘာသာကိုယ် တယောက်ထဲသေ"

"အသည်းနှလုံးအေးစက်တဲ့ လူယုတ်မာ"

"ခင်ဗျား ကျွန်တော့်ကို နေ့လယ်စာကျွေးရုံနဲ့ ကျွန်တော် ခင်ဗျားနဲ့အတူ လိုက်မသေနိုင်ဘူး။ ညစာဖြစ်ရင်တော့..."

"ကောင်းပြီ.. ကောင်းပြီ.. ဒီမှာနေပြီး ခဏလောက် စောင့်ကြည့်ကြတာပေါ့။ ကျွန်မတို့ သီချင်းဆိုလို့ ရတယ်။ မကောင်းတာ တခုခုဖြစ်လာမှ စဉ်းစားကြတာပေါ့။

"သီချင်းဆိုမလို့လား"

မီဒိုရိုဟာ အောက်ထပ်ဆင်းပြီး ခေါင်းအုံးနှစ်လုံး၊ ဘီယာလေးဗူးနဲ့ ဂစ်တာ ယူလာခဲ့တယ်။ ကျွန်တော်တို့နှစ်ယောက် ဘီယာသောက်ပြီး မီးခိုးမည်းကြီးတွေကို ကြည့်နေမိတယ်။ မီဒိုရိုဟာ ဂစ်တာတီးပြီး သီချင်း စဆိုတယ်။ ကျွန်တော်က အိမ်နီးချင်းတွေ ဒေါသထွက်စရာ ဖြစ်လိမ့်မယ်လို့ သတိပေးပါတယ်။ အိမ်နီးချင်းတွေ မီးလောင်နေတာကို အပေါ်ဆုံးထပ်ကနေ ဘီယာသောက်၊ သီချင်းဆိုနေတာ ကောင်းပါ့မလားလို့ ပြောခဲ့ပါတယ်။

"မေ့ထားလိုက်။ အိမ်နီးချင်းတွေ ဘာထင်လဲဆိုတာ ကျွန်မတို့ ဘယ်တုန်းကမှ ထည့်မတွက်ဘူး"

မီဒိုရိုဟာ သူ့အဖွဲ့နဲ့တုန်းက တီးခဲ့တဲ့ ကျေးလက် သီချင်းတွေ ဆိုပါတယ်။ သူဆိုတာဟာ ကောင်းတယ်လို့ ပြောလို့မရလောက်အောင်ပါပဲ။ ဒါပေမဲ့ သူကတော့ သီချင်းဆိုရတာကို ပျော်နေပုံပါပဲ။ သူဟာ ခေတ်ဟောင်း သီချင်းကောင်းတွေကို ဆိုနေပါတယ်။ "သံပုရာပင်၊ ဏက် (မှော်နဂါး)၊ "မိုင်ပေါင်းငါးရာ"၊ "ပန်းတွေ ဘယ်ကို စီးဆင်းသွားလဲ"၊ "မိုက်ကယ် - လှေကလေးကို ကမ်းစပ်ဘက်လှော်" စတဲ့ သီချင်းတွေပါ။ ပထမတော့ သူက ကျွန်တော့်ကို ဟာမိုနီ လိုက်ခိုင်းပါသေးတယ်။ ဒါပေမဲ့ ကျွန်တော့်အသံက ဆိုးလွန်းလို့ သူ လက်လျှော့သွားခဲ့တယ်။ သူတယောက်ထဲပဲ လိုက်လှိုက်လှဲလှဲ ဆိုနေလေတယ်။ ကျွန်တော်က ဘီယာသောက်တယ်။ သူ့သီချင်းသံ နားထောင်တယ်။ မီးခိုးတွေကို ကြည့်တယ်။ မီးညွန့်ဟာ တက်လာလိုက် ကျသွားလိုက်ပဲ။ လူတွေဟာ အော်ဟစ်ဆူညံနေတယ်။ သတင်းရဟတ်ယာဉ်က အပေါ်မှာ ပျံနေတယ်။ ပြီးတော့ ပြန်ထွက်သွားတယ်။

ကျွန်တော်တို့နှစ်ယောက်ပုံ ပါသွားမလားလို့ ကျွန်တော် စိတ်ပူမိတယ်။ ရဲတယောက်က လူတွေကို နောက်ဆုတ်ဖို့ လော်စပီကာနဲ့ အော်ပြောနေတယ်။ ကလေးတယောက်ဟာ သူ့အမေ မတွေ့လို့ အော်ငိုနေတယ်။ လေလမ်းကြောင်းဟာ ရုတ်တရက် ပြောင်းသွားတယ်။ ကျွန်တော်တို့အနားကိုတောင် ပြာတွေရောက်လာတယ်။ ဒါပေမဲ့ မီဒိုရီက ဆိုလိုက် သောက်လိုက်ပဲ။ သူရသမျှသီချင်းတွေ ကုန်သွားတော့ သူရေးထားတဲ့ သီချင်းလေးတပုဒ် ဆိုပြမယ်လို့ ပြောပါတယ်။

ငါမင်းအတွက် ချက်ပြုတ်ပေးချင်တယ်

ဒါပေမဲ့ ငါ့မှာ အိုးမရှိဘူး

ငါမင်းအတွက် ခေါင်းစွပ်လေးထိုးပေးချင်တယ်။

ဒါပေမဲ့ ငါ့မှာ သိုးမွေးမရှိ

ငါမင်းအတွက် ကဗျာလေးတပုဒ်ရေးချင်တယ်

ဒါပေမဲ့ ငါ့မှာ ဘောပင်မရှိ

နော်ဝေဂျီယန်ဝုဒ်

"ဒီသီချင်းကို 'ငါ့မှာ ဘာမှမရှိ' လို့ နာမည်ပေးထားတယ်" လို့ မီဒိုရီက ဆိုတယ်။ "စကားလုံးတွေရော၊ ဂစ်တာသံရော တော်တော်ဆိုးရွားနိုင်တဲ့သီချင်းပါ။

သူ့သီချင်းကို နားထောင်နေစဉ်မှာပဲ ဂတ်စ်ဆိုင်သာ မီးလောင်မယ်ဆိုရင် အိမ်ခြေ ဘယ်လောက် ပါနိုင်သလဲဆိုတာကို ကျွန်တော် စဉ်းစားနေမိတယ်။ သီချင်းဆိုလို့ ညောင်းသွားတဲ့ မီဒိုရီဟာ ဂစ်တာကို ချပြီး ကျွန်တော့်ပခုံးကို လာမှီတယ်။ နေရောင်ထဲက ကြောင်တကောင်လိုပဲ။

"ကျွန်မသီချင်းကို ဘယ်လိုကြိုက်လဲ" လို့ သူက မေးတယ်။

ကျွန်တော် သတိထားပြီး ဖြေလိုက်ရတယ်။ "ထူးခြားပြီး ပင်ကိုယ်ဟန်ရှိတဲ့ သီချင်းလေးပါ။ မီဒိုရီရဲ့ စရိုက်ကို ပေါ်လွင်စေတယ်"

"သီချင်းရဲ့အဓိက အကြောင်းအရင်းက ဘာမှ မရှိဘူးဆိုတာပါ"

"ဟုတ်တယ်။ ကျွန်တော်လည်း ဒီလိုပဲ ယူဆတယ်"

"ကျွန်မ အမေဆုံးတုန်းက..."

“အင်း”

“ကျွန်မ သိပ်ဝမ်းမနည်းခဲ့ဘူး”

“အိုး”

“ကျွန်မအဖေ ထွက်သွားတုန်းကလဲ ဒီလိုပဲ”

“ဟုတ်လား”

“တကယ်ပြောတာ။ ကျွန်မကို ကြောက်ဖို့ ကောင်းတယ်လို့ မထင်မိဖူးဘူးလား။ အေးစက်စက် နှလုံးသားနဲ့ မိန်းမလို့ပေါ့”

“အကြောင်းပြချက် ရှိတယ်လို့တော့ ထင်ပါတယ်”

“ကျွန်မရဲ့အကြောင်းပြချက် ဟုတ်လား။ အင်း... ဒီအိမ်က နည်းနည်းတော့ ရှုပ်ထွေးတယ်။ ဒါပေမဲ့ အရင်တုန်းက ကျွန်မ တွေးခဲ့ဖူးတယ်။ ကျွန်မရဲ့အဖေနဲ့ အမေဖြစ်တဲ့ သူတို့သာ ကွယ်လွန်သွားရင် ဖြစ်ဖြစ်၊ ဘယ်တော့မှ ပြန်မတွေ့ရတော့ရင်ဖြစ်ဖြစ် ကျွန်မ ဝမ်းနည်းမိလိမ့်မယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ အဲဒီလိုမဖြစ်ခဲ့ဘူး။ ဘယ်လိုမှ မခံစားခဲ့ရဘူး။ ဝမ်းလည်း မနည်းဘူး။ အထီးကျန်တယ် လို့လည်း မခံစားရဘူး။ သူတို့အကြောင်းတောင် မစဉ်းစားမိသလောက်ပဲ။ တခါတလေတော့ ကျွန်မ အိပ်မက်တွေ မက်တယ်။ တချို့အိပ်မက်တွေထဲမှာဆိုရင် အမေဟာ အမှောင်ထဲကနေ ထွက်လာပြီး သူသေတာကို ကျွန်မ ဝမ်းသာနေတယ်ဆိုပြီး စွပ်စွဲတတ်တယ်။ ဒါပေမဲ့ သူသေတာကို ကျွန်မ ဝမ်းမနည်းပါဘူး။ အမှန်တိုင်းပြောရရင် မျက်ရည်လည်း တစက်မှ မကျခဲ့ဘူး။ ကျွန်မရဲ့ကြောင်လေး သေတုန်းက ကျွန်မ တညလုံး ငိုနေခဲ့မိတယ်။ ကျွန်မ ငယ်ငယ်တုန်းကပေါ့”

မီးခိုးတွေ ဘာဖြစ်လို့ ဒီလောက်များနေရတာလဲလို့ ကျွန်တော် တွေးမိတယ်။ မီးညွန့်တွေ မမြင်ရသလို မီးလောင်တဲ့ ဧရိယာဟာလည်း သိပ်များလာပုံ မပေါ်ဘူး။ မီးခိုးလုံးကြီးဟာ ကောင်းကင်အနှံ့ ပျံ့ခဲနေတယ်။ ဘာလို့ ဒီလောက်တောင် အကြာကြီး လောင်နေရတာလဲ။

“အဲဒီအတွက် ကျွန်မကို အပြစ်တင်လို့တော့ မရဘူး။ ကျွန်မမှာ အေးတိအေးစက် နေတတ်တဲ့ မွေးရာပါဉာဉ်ရှိတယ်။ အဲဒါကိုတော့ ကျွန်မ သတိထားမိတယ်။ ဒါပေမဲ့ တကယ်လို့များ အဖေနဲ့ အမေဟာ ကျွန်မကို နည်းနည်းလေး ပိုချစ်ခဲ့မယ်ဆိုရင် ကျွန်မ ဒီထက်မက ပိုခံစားမိမှာပါ။ ဝမ်းနည်းမိမှာ အသေအချာပါပဲ”

“ငယ်ငယ်က လုံလုံလောက်လောက် အချစ်မခံခဲ့ရဘူးလို့ ထင်လို့လား”

သူ ခေါင်းကိုတိမ်းပြီး ကျွန်တော့်ကို ကြည့်ပါတယ်။ ပြီးတော့ ခေါင်းလေးတချက် ညိမ့်တယ်။ အလုံအလောက် အချစ်မခံရတာနဲ့ လုံးဝ အချစ်မခံရတဲ့ ကြားထဲမှာပါ။ ကျွန်မ အမြဲတမ်း မေတ္တာ ငတ်မွတ်နေခဲ့တယ်။ ကျွန် ဘယ်တုန်းကမှ မရတဲ့ မိဘရဲ့ချစ်ခြင်းကို အလွန်အကျွံ ရခဲ့မယ်ဆိုရင် ဘယ်လိုနေမလဲဆိုတာ သိပ်သိချင်ခဲ့တယ်။ ဒါပေမဲ့ သူတို့ တစက်ကလေးမှ မချစ်ခဲ့ပါဘူး။ ကျွန်မ သူတို့နား သွားချွဲပြီး တခုခုအတွက် ပိုက်ဆံသွားတောင်းတိုင်း ကျွန်မကို အော်ပြီး မောင်းထုတ်တတ်တယ်။ “မရဘူး။ စျေးသိပ်ကြီးတယ်” လို့ပဲ ကျွန်မ ကြားရတတ်တယ်။ အဲဒါကြောင့် ကျွန်မငယ်ငယ်ကလေးတည်းက သုံးရာခြောက်ဆယ့်ငါးရက်လုံး ကျွန်မကို အကြွင်းမဲ့ချစ်မယ့် လူတယောက် လိုချင်နေမိခဲ့တယ်။ မူလတန်း ကျောင်းသူအရွယ်ကတည်းကပေါ့”

“ဝေါင်း… ဒါနဲ့ ခင်ဗျား ရှာဖွေမှု အောင်မြင်လား”

“အဲဒါက ပြောရခက်ပါတယ်” လို့ မီရီဒိုက ဆိုတယ်။

“ကျွန်မက တကိုယ်ကောင်းဆန်မှုကို ရှာဖွေနေတာ။ ပြီးပြည့်စုံတဲ့ တကိုယ်ကောင်းဆန်မှုမျိုးပေါ့။ ဥပမာအားဖြင့် ကျွန်မက ရှင့်ကို စတော်ဘယ်ရီကိတ် စားချင်တယ်လို့ပြောရင် ရှင်လုပ်နေတာတွေ ရပ်ပြီး ကျွန်မအတွက် သွားဝယ်ပေးရမယ်။ ရှင်သွားဝယ်ပြီး အမောတကော ပြန်ရောက်လာရင် ကျွန်မအတွက် ဒူးထောက်ပြီး ပေးရမယ်။ အဲဒီအချိန်မှာ ကျွန်မက မစားချင်တော့ဘူးဆိုပြီး ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်မယ်။ အဲဒီလိုမျိုးကို လိုချင်နေတာ။

“အချစ်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဘာမှမပြောတတ်ဘူး” လို့ ကျွန်တော်က အံ့သြတကြီးနဲ့ ပြန်ပြောလိုက်တယ်။

“ရှင်မသိနိုင်ဘူး။ မိန်းကလေးတယောက်ရဲ့ဘဝမှာ အဲဒီလိုမျိုး တကြိမ်လောက် ရချင်တတ်ကြတယ်”

“စတော်ဘယ်ရီကိတ်ကို ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်တတ်တာမျိုးလား”

“သိပ်ဟုတ်တာပေါ့။ ကျွန်မ လွှင့်ပစ်လိုက်တဲ့အခါမှာ အဲဒီလူက ကျွန်မကို ပြန်တောင်းပန်နေရမယ်။ “အခု… ကိုယ်နားလည်ပါပြီ မီဒိုရီရယ်။ ကိုယ် တော်တော်အသုံးမကျတဲ့ကောင်ပဲ။ မင်း… စတော်ဘယ်ရီကိတ်ကို မကြိုက်နိုင်မှန်း ကိုယ်တွက်ခဲ့သင့်တယ်။ ကိုယ်ဟာ အတော်ကို အသုံးမကျပါဘူး။ မင်း

သဘောကျတာ ပြောပါ။ ကိုယ် ထပ်သွားဝယ်ပါမယ်။ ဘာလဲ ပြော… ချောကလတ်ကိတ်လား။ ချိစ်ကိတ်လား”

“ပြီးရင်ကော”

“သူလုပ်ခဲ့တာတွေအတွက် သူနဲ့ ထိုက်တန်တဲ့အချစ်တွေကို ကျွန်မ ပုံအောပြီး ပြန်ပေးလိုက်မယ်”

“ကြောင်တယ်လို့ ထင်တာပဲ”

“ဟုတ်တယ်။ ကျွန်မအတွက်တော့ အဲဒါ ဟုတ်တယ်။ အချစ်ဆိုတာ အဲဒါပဲ။ ကျွန်မကို နားလည်နိုင်မယ့်လူလည်း မရှိပါဘူး” လို့ မီဒိုရီက ခေါင်းကလေးယမ်းပြီး ပြောပါတယ်။ “လူတယောက်အတွက် အချစ်ဆိုတာ အဲဒီလို အူကြောင်ကြောင်နိုင်တာ ဒါမှမဟုတ် သေးငယ်တဲ့ အဖြစ်အပျက်လေးတခုကနေ စတင်တာပဲ။ အဲဒီလိုမျိုး စရင်စ ဒါမှမဟုတ် ဘယ်တော့မှ ဖြစ်မှာ မဟုတ်ဘူး”

“ခင်ဗျားလို တွေးတဲ့ မိန်းကလေးမျိုး ကျွန်တော် တခါမှ မတွေ့ဖူးဘူး”

“လူတိုင်း ကျွန်မကို အဲဒီလိုပြောတတ်ကြပါတယ်” လို့ သူက လက်သည်းကို ပွတ်ပြီးပြောပါတယ်။ “ဒါပေမဲ့ ကျွန်မတွေးပုံကတော့ အဲဒီလိုပဲ အသည်းအသန်နိုင်တယ်။ ကျွန်မ ယုံကြည်တာကို ကျွန်မ ပြောပြနေတာပါ။ ကျွန်မရဲ့ တွေးပုံခေါ်ပုံက သူများနဲ့မတူတာတော့ အမှန်ပဲ။ မတူအောင် တမင်လုပ်နေတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မ ရိုးရိုးသားသား ပြောတာပါ။ အဲဒါကို လူတွေက ကျွန်မနောက်နေတာ ဒါမှမဟုတ် ရုပ်ရှင်ရိုက်နေတာလို့ ထင်တတ်ကြပါတယ်။ အဲဒီလိုဖြစ်တိုင်း ကျွန်မ စိတ်မကောင်းဖြစ်ရပါတယ်”

“ခင်ဗျား မီးထဲမှာ အသေခံချင်နေတာကရော”

“အဲဒါက တခြားကိစ္စပါ။ စူးစမ်းချင်ရုံသက်သက်ပါ”

“ဘာကိုပြောတာလဲ။ မီးထဲမှာ သေမှာကို ပြောတာလား”

“မဟုတ်ဘူး။ ရှင် ဘယ်လိုပြန်ပြောမလဲဆိုတာကိုပဲ ကျွန်မ သိချင်ခဲ့တာ။ ဒါပေမဲ့ သေခြင်းတရားဟာ ကြောက်စရာ မဟုတ်ပါဘူး။ တကယ်ပြောတာ။ အခုပဲကြည့်ဦးလေ။ မီးခိုးတွေကြားမှာ ကျွန်မ သတိလစ်ပြီး သေသွားနိုင်တာပဲ။ ကျွန်မ လုံးဝမကြောက်ပါဘူး။ ကျွန်မအမေနဲ့ အမျိုးတွေ သေတာလောက် ကြောက်ဖို့မကောင်းပါဘူး။ ကျွန်မအမျိုးတွေအားလုံး ပြင်းပြတဲ့ နာကျင်မှုတွေနဲ့ အသက်ဆုံးရှုံးခဲ့ကြတာချည်းပဲ။ သွေးထဲကနေ နာကြလို့ ထင်တယ်။ သေသလား ရှင်သလား မပြောနိုင်ခင်အထိ သူတို့ အချိန်အကြာကြီး နာကျင်ခဲ့ရတယ်။ သူတို့မှာ

နာကျင်မှုနဲ့ ဒုက္ခပဲရှိတယ်” လို့ မီဒိုရီကပြောတယ်။

မီဒိုရီဟာ မာလ်ဘိုရိုတလိပ်ထုတ်ပြီး နှုတ်ခမ်းကြားမှာ ညပ်ပြီး မီးညှိလိုက်တယ်။

“အဲဒီလို သေခြင်းမျိုးကိုသာ ကျွန်မကြောက်တာ။ သေခြင်းရဲ့အရိပ်တွေဟာ ဘဝရဲ့ အစိတ်အပိုင်း တွေကို ဖြည်းဖြည်းချင်း ဝါးမြိုနေတယ်။ အဲဒီအရိပ်မည်းတွေအားလုံး ရှင့်ကို ဖုန်းသွားရင်တောင် ရှင်မမြင်နိုင်ဘူး။ ရှင်မသိနိုင်ဘူး။ ရှင့်ဘေးက လူတွေကတော့ ရှင် အသက်ရှင်နေတာ ဆိုတာထက် သေသွားပြီလို့ပဲ ယူဆကြမှာပါ။ အဲဒီသေခြင်းကို ကျွန်မမုန်းတယ်။ သည်းမခံနိုင်ဘူး”

နောက်ထပ် နာရီဝက်လောက်အရောက်မှာ မီးငြိမ်းသွားတယ်။ မီးမကူးအောင် သူတို့ ထိန်းလိုက်နိုင်သလို ဒဏ်ရာတွေလည်း မဖြစ်စေခဲ့ဘူး။ မီးသတ်စက်တွေ ငြိမ်သွားတယ်။ လူအုပ်ကြီးလည်း လူစုကွဲသွားပြီး၊ ဟိုပြော ဒီပြောရင်းနဲ့ပေါ့။ ရဲကားတစင်းက အချက်ပေးသံပေးပြီး လမ်းရှင်းပေးနေတယ်။ ခေတ်ကြိုးတွေပေါ်မှာ နားနေတဲ့ ကျီးကန်းနှစ်ကောင်က အရာရာကို အကဲဖြတ် ကြည့်ရှုနေလေတယ်။

မီဒိုရီကို ကြည့်ရတာ အားအင်တွေ ဆုတ်ယုတ်သွားသလိုပဲ။ ဖျော့တော့သွားတဲ့သူဟာ ကောင်းကင်ကို ငေးမောကြည့်နေပြီး စကား မပြောတော့ဘူး။

“ပင်ပန်းသွားပြီလား” လို့ ကျွန်တော် မေးလိုက်တယ်။

“မဟုတ်ပါဘူး။ စိတ်လျှော့ချလိုက်တာပါ။ ဒီလိုမလုပ်တာ အချိန် တော်တော်ကြာပြီ” လို့ သူက ပြန်ပြောတယ်။

သူ ကျွန်တော့်မျက်ဝန်းတွေကို ကြည့်သလို ကျွန်တော်လည်း သူ့မျက်ဝန်းတွေကို ပြန်ကြည့်လိုက်တယ်။ ကျွန်တော် သူ့ပခုံးတွေကို လှမ်းဖက်လိုက်ပြီး သူ့ကို နမ်းလိုက်တယ်။

ပခုံးသားတွေဟာ မသိမသာလေး ထိတ်လန့်နေတယ်။ ခဏနေတော့ စိတ်လျှော့ချလိုက်ပြီး သူ့မျက်လုံးတွေကို ပိတ်ထားလိုက်တယ်။ ဆောင်းဦးရာသီရဲ့ နေရောင်ခြည်က သူ့မျက်တောင်တွေကို သူ့ပါးပေါ်မှာ အရိပ်ထင်ဟပ်စေတယ်။ မျက်တောင်ကလေးတွေ တုန်နေတာကို ကျွန်တော် မြင်နေရတယ်။

နူးညံ့သိမ်မွေ့တဲ့ အနမ်းကလေးပါ။ အနမ်းရဲ့နောက်ကွယ်မှာ ဘာအဓိပ္ပါယ်မှ မရှိတဲ့ အနမ်းမျိုးပေါ့။ အဝတ်လှန်းတဲ့အထပ်မှာ နေရောင်အောက်ထိုင်ပြီး ဘီယာသောက်၊ မီးလောင်တာကို ကြည့်မနေ ဖြစ်ခဲ့ရင် ကျွန်တော် သူ့ကို နမ်းဖြစ်မှာ

မဟုတ်ပါဘူး။ နမ်းဖို့လည်း မရည်ရွယ်ပါဘူး။ တလက်လက် အရောင်ထနေတဲ့ ခေါင်မိုးတွေ၊ မီးခိုးတွေ၊ ပုစဉ်းရင်ကွဲ အနီကောင်တွေနဲ့ အခြားအရာတွေကို ကြည့်ရင်း ကျွန်တော်တို့နှစ်ယောက် နီးနီးကပ်ကပ် နွေးထွေးမှုကို ခံစားနေရတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံး အသိရှိရှိနဲ့ အဲဒီစိတ်ခံစားမှု ပုံစံလေးကို ထိန်းထားကြတယ်။ ကျွန်တော်တို့ရဲ့ အနမ်းဟာ အနမ်းအမျိုးအစား တခုပါ။ ဘယ်လို အန္တရာယ်မျိုးမှမပါတဲ့ အနမ်းတွေပါ။

စကားစပြောသူက မီဒိုရီပါ။ သူ ကျွန်တော့်လက်ကိုကိုင်ပြီး သူ့လူတွေ့မြင်တဲ့ပုံစံတွေက သူ့ကို အခက်တွေ့စေတယ်လို့ ပြောပါတယ်။ ကျွန်တော်က သူ့စိတ်တွေကို ခံစားလို့ရတယ်လို့ ပြောလိုက်ပါတယ်။

"ရှင့်မှာ ရင်သဘောကျတဲ့ မိန်းကလေးရှိလား" လို့ သူက မေးတယ်။

"ရှိတယ်" လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

"ဒါပေမဲ့ ရှင်တနင်္ဂနွေနေ့တိုင်း အားနေတာပဲ မဟုတ်လား"

"ပြောရမှာ ရှုပ်ထွေးလှပါတယ်" လို့ ကျွန်တော် ပြောလိုက်တယ်။ နောက်တော့ ဆောင်းဦးရာသီရဲ့ နေ့လယ်ခင်းဟာ ပျောက်ကွယ်သွားပြီဆိုတာ ကျွန်တော် နားလည်လိုက်တယ်။

※※※

ညနေ ငါးနာရီထိုးတော့ ကျွန်တော် အလုပ်သွားရတော့မယ်လို့ ပြောပြီး မီဒိုရီကို ကျွန်တော်နဲ့အတူ မုန့်လိုက်စားဖို့ ပြောခဲ့ပါတယ်။ သူက ဖုန်းလာရင်လာနိုင်လို့ အိမ်မှာပဲ နေရမယ်လို့ ပြန်ပြောပါတယ်။

"ဖုန်းတခါလာမှာကို အိမ်မှာ တနေကုန် စောင့်နေရတာကို ကျွန်မ မုန်းတယ်။ အိမ်မှာ တယောက်တည်း တနေကုန် နေရတဲ့နေ့ဆိုရင် ကျွန်မရဲ့အသားတွေ ဖြည်းဖြည်းချင်း၊ ဖြည်းဖြည်းချင်း ပုပ်သွားပြီး၊ အစိမ်းရောင် အရည်စက်ကလေး တစက်လောက် ဖြစ်သွားတယ်။ ပြီးတော့ မြေကြီးထဲ စိမ့်ဝင်သွားသလို ခံစားတယ်။ ကျွန်မအနောက်မှာက အဝတ်အစားတွေပဲ ရှိတယ်။ အိမ်ထဲမှာ စောင့်နေရတဲ့ ကျွန်မရဲ့စိတ်ခံစားမှုက ဒီလိုပါပဲ" လို့ မီဒိုရီက ဆိုတယ်။

"နောက်တခါ ဖုန်းစောင့်စရာရှိရင် ကျွန်တော် ခင်ဗျားကို အဖော် လာလုပ်ပေးမယ်။ နေ့လယ်စာ ပါနေသရွေ့ပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။

"ကောင်းတယ်။ အချို့ပွဲတွေအတွက် နောက်တခါ မီးထပ်လောင်ခိုင်းလိုက်မယ်" လို့ သူက ပြန်ပြောတယ်။

※※※

နောက်နေ့ ပြဇာတ်သမိုင်းအချိန်ကို မီဒိုရီ လာမတက်ပါဘူး။ အတန်းပြီးတော့ ကော်ဖီဆိုင်သွားပြီး အရသာမရှိတဲ့ အေးစက်စက် နေ့လယ်စာကို တယောက်ထဲ ထိုင်စားနေခဲ့ပါတယ်။ ပြီးတော့ နေပူထဲ တယောက်ထဲ ထိုင်ပြီး ကျောင်းမြင်ကွင်းကို ကြည့်နေခဲ့ပါတယ်။ ကျွန်တော့်နားမှာ မိန်းကလေး နှစ်ယောက် မတ်တပ်ရပ်ပြီး အကြာကြီး စကားတွေ ပြောနေကြပါတယ်။ တယောက်က ရင်ဘတ်နားမှာ တင်းနစ်ရက်ကက်ကို ပွေ့ပိုက်ထားတယ်။ မွေးကာစကလေးကလေးကို ချစ်ခင်ယုယနေသလိုမျိုးပဲ။ နောက်တယောက်ကတော့ စာအုပ်တွေ ကိုင်ထားတယ်။ အဲဒီထဲက စာအုပ်တအုပ်က လီယိုနတ်ဘန်စတိုင်း အယ်လ်ပီရဲ့စာအုပ်တအုပ်ပါ။ သူတို့နှစ်ယောက်စလုံး ချောကြပါတယ်။ ပြီးတော့ စကားပြောနေရတာကို ပျော်နေပုံပဲ။ ကျောင်းသားသမဂ္ဂ အဆောက်အဦဘက်ကနေ ဘော့စ်အသံ လေ့ကျင့်နေသံတွေ ပေါ်ထွက်လာတယ်။ ဟိုနား၊ သည်နားကနေ ကျောင်းသားလေးယောက်အုပ်စု၊ ငါးယောက်အုပ်စုတွေဆီကနေ သူတို့ရဲ့ သဘောထားတွေ ပြောပြီး ရယ်မောကျီစယ်နေသံတွေကို ကြားနေရတယ်။ ကားရပ်တဲ့နေရာမှာ စကိတ်ဘုတ်တွေ ကိုင်ထားတဲ့ကောင်တွေ တွေ့ရတယ်။ သားရေလက်ဆွဲအိတ် ကိုင်ထားတဲ့ ပါမောက္ခတယောက်က စကိတ်စီးသမားတွေ ရှောင်ပြီး ကားရပ်နားဝင်းထဲ ဝင်လာတယ်။ ကားဝင်းထဲမှာ ဟဲမက်ဆောင်းထားတဲ့ မိန်းကလေးတယောက် ဒူးထောက်ထိုင်နေတယ်။ ပြီးတော့ အမေရိကန်တွေ အာရှကို ထိုးဖောက်လာပြီဆိုတဲ့ သတိပေးစာတန်းကို စာလုံးအကြီးကြီးတွေနဲ့ ရေးနေတယ်။ ဒါဟာ တက္ကသိုလ်ဖြစ်နေကျ နေ့လယ်ခင်း မြင်ကွင်းပါပဲ။ ဒါပေမဲ့ ကျွန်တော် ထိုင်ကြည့်နေမိတော့ ခံစားချက်အသစ်ကို ဖြစ်မိတယ်။ ကျွန်တော် တခုတော့ သတိထားမိတယ်။ ကျွန်တော်မြင်နေရတဲ့ ယောကျာ်းလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ် သူ့နည်းသူ့ဟန်နဲ့ ပျော်နေတာကိုပါ။ သူတို့ ပျော်နေတာလား ပျော်ချင်ယောင် ဆောင်နေတာလား ဆိုတာကိုတော့ ကျွန်တော် မပြောတတ်ဘူး။ စက်တင်ဘာအကုန်ပိုင်းရဲ့ သာယာဖွယ် နေ့လယ်ခင်း အစောပိုင်းမှာ သူတို့ ပျော်နေပုံပေါက်တယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ အထီးကျန်မှုကို ခံစားနေရတယ်။ အဲဒီလို ခံစားရတာ ကျွန်တော့်အတွက်တော့ ထူးဆန်းတယ်။ ဒီမြင်ကွင်းထဲမှာ ကျွန်တော်တယောက်ထဲ မပါသလိုပဲ။

ကျွန်တော် ပြန်စဉ်းစားမိတယ်။ မနှစ်က မြင်ကွင်းတွေကရော ဘယ်လိုမျိုးလဲ။ နောက်ဆုံး ကျွန်တော်မြင်ခဲ့တဲ့ မြင်ကွင်းကတော့ ကီဇူကီနဲ့ ကျွန်တော် ကစားခဲ့တဲ့ ဆိပ်ကမ်းနားက ဘီလိယက်ခုံပါပဲ။ သူငယ်ချင်းချစ်စိတ်နဲ့ ကစားခဲ့စဉ်ကပေါ့။ အဲဒီညမှာပဲ ကီဇူကီ အသက်ဆုံးရှုံးခဲ့တယ်။ အဲဒီအချိန်ကစလို့ ကျွန်တော်နဲ့ ကမ္ဘာကြီးကြားက လေဟာ အရင်ကထက် ပိုအေးခဲခဲ့သလိုပဲ။ ကီဇူကီဆိုတဲ့ကောင်လေးရဲ့ဖြစ်တည်မှုက ကျွန်တော့်အတွက် ဘယ်လို့ အဓိပ္ပါယ်

ရှိနေလဲ။ အဲဒီမေးခွန်းအတွက် ကျွန်တော် အဖြေရှာလို့ မရပါဘူး။ ကျွန်တော်သိတာ... သေသေချာချာကြီးတခုကတော့ ကီဇူကီသေဆုံးမှုဟာ ကျွန်တော့်ဆယ်ကျော်သက်ဘဝရဲ့ အစိတ်အပိုင်းတခုကို ခိုးယူသွားတယ်ဆိုတာပါပဲ။ အဲဒီအတွက်ရော ဘာဖြစ်သေးလဲ။ အဲဒီ အဖြစ်အပျက်တွေကနေ လာတာတွေကရော ကျွန်တော့်ရဲ့ နားလည်နိုင်မှု အလွန်ကို ရောက်နေပါတယ်။

ကျောင်းဝင်းကိုကြည့်ရင်း ကျွန်တော် အကြာကြီး ထိုင်နေခဲ့မိတယ်။ လူတွေဖြတ်သွားကြတယ်။ စိတ်ထဲမှာ မီဒိုရီအလာကိုလည်း မျှော်နေမိတယ်။ ဒါပေမဲ့ သူ လုံးဝပေါ်မလာဘူး။ နေ့လယ် အနားယူချိန်ကုန်တော့ ကျွန်တော် စာကြည့်တိုက်သွားပြီး ဂျာမန်အချိန်အတွက် ပြင်ဆင်ပါတယ်။

※※※

စနေ နေ့လယ်ခင်းမှာတော့ နာကာဆာဝါ ကျွန်တော့်အခန်းကို ရောက်လာပါတယ်။ မြို့ထဲမှာ တညလောက် ကဲရအောင်လို့ ပြောပါတယ်။ ကျွန်တော့်အတွက် ညထွက်ခွင့်ရအောင် လုပ်ပေးမယ်လို့လည်း ပြောတော့ ကျွန်တော် သဘောတူလိုက်ပါတယ်။ ပြီးခဲ့တဲ့ တပတ်လုံး ကျွန်တော့်စိတ်တွေ ရှုပ်ထွေးနေတာကြောင့် ကျွန်တော် တယောက်ယောက်နဲ့ အိပ်ပစ်လိုက်ဖို့ အဆင်သင့်ပဲ။ ဘယ်သူနဲ့ဖြစ်ဖြစ် ကိစ္စမရှိဘူး။

နေ့လယ်ခင်းကုန်ခါနီးမှာ ကျွန်တော် ရေချိုးပြီး မုတ်ဆိတ်တွေ ရိတ်လိုက်တယ်။ ပြီးတော့ လန်းဆန်းစေမယ့် အဝတ်အစားတွေ ဝတ်လိုက်တယ်။ ပိုလိုရှပ်နဲ့ ကော်တွန် ကုတ်အင်္ကျီပါ။ ညစာစားတဲ့အဆောင်မှာ နာကာဆာဝါနဲ့ ညစာ စားဖြစ်တယ်။ ပြီးတော ကျွန်တော်တို့နှစ်ယောက် ဘတ်စ်ကားစီးပြီး ရှင်ဂျူကူကို ထွက်လာခဲ့တယ်။ ဟိုနား၊ ဒီနား ခဏလျှောက်ပြီး သွားနေကျ ဘားဆိုင်ကို ထွက်လာခဲ့တယ်။ ကျွန်တော်တို့နဲ့ သင့်တော်မယ့် မိန်းကလေးနှစ်ယောက် အလာကို စောင့်နေမိတယ်။ မိန်းကလေးတွေဟာ ဘားကို နှစ်ယောက် တွဲလာတတ်ကြတယ်။ ဒီညနေခင်း မှာတော့ ခုထိ မလာကြသေးဘူး။ ဝီစကီနဲ့ ဆိုဒါကိုသောက်ရင်း နှစ်နာရီလောက်ကြာတော့ ကျွန်တော်တို့ ခပ်ထွေထွေ ဖြစ်လာတယ်။ နောက်ဆုံးတော့ သိပ်ရင်းနှီးကြတဲ့ မိန်းကလေး နှစ်ယောက် ရောက်လာတယ်။ နာကာဆာဝါဟာ အဲဒီမိန်းကလေး နှစ်ယောက်နားကို ချဉ်းကပ်သွားတယ်။ ဒါပေမဲ့ သူတို့နှစ်ယောက်က သူတို့ရဲ့ရည်းစားတွေကို စောင့်နေတယ်လို့ ပြောလွှတ်လိုက်တယ်။ သူတို့ အဲဒီလိုပြောပေမယ့် သူတို့ရည်းစားတွေ လာတဲ့အချိန်အထိ ကျွန်တော်တို့နဲ့ စကားထိုင်ပြောပြီး သူတို့ရည်းစားတွေလာမှ လူစုခွဲသွားတယ်။

နာကာဆာဝါဟာ ကျွန်တော့်ကို နောက်ထပ် ဆိုင်တဆိုင် ထပ်ခေါ်သွားပြီး

ကံ ထပ်စမ်းပါတယ်။ အဲဒီဆိုင်ကတော့ တဖက်ပိတ်လမ်းထဲမှာရှိတဲ့ ဆိုင်အသေးစားလေးပါ။ အဲ့ဒီဆိုင်မှာရှိနေတဲ့ လူတိုင်းက တော်တော် မူးနေပြီး ဆူညံနေပါတယ်။ ဆိုင်နောက်ပိုင်းကစားပွဲတခုမှာ မိန်းကလေး သုံးယောက် ထိုင်နေပါတယ်။ အဲ့ဒီဝိုင်းမှာ ကျွန်တော်တို့ ဝင်ထိုင်ပြီး သူတို့နဲ့ စကားနည်းနည်း ပြောဖြစ်ပါတယ်။ နာကာဆာဝါက တခြားဆိုင်တဆိုင် ပြောင်းသောက်ရအောင်လို့ အကြံပြုတော့ အဆောင်ပိတ်ချိန် နီးပြီမို့ ပြန်ရတော့မယ်လို့ သူတို့က ပြောတယ်။ ကျွန်တော်တို့ရဲ့ကံက ဒီလောက်ပါပဲ။ ကျွန်တော်တို့နှစ်ယောက် နောက်တဆိုင် ထပ်ပြောင်းခဲ့ပေမယ့်လည်း ရလဒ်က ထူးမလာပါဘူး။ မိန်းကလေးတွေဟာ ကျွန်တော်တို့လို အရှာထွက်လာကြတာ မဟုတ်လို့ပဲ ဖြစ်မယ်။

ညဆယ့်တစ်နာရီခွဲတော့ နာကာဆာဝါဟာ လက်လျှော့လုနီးပါး ဖြစ်နေပြီ။ “ဆောရီးပဲ… ငါ မင်းကို အကား ခေါ်လာခဲ့မိတယ်” လို့ ပြောပါတယ်။

“ပြဿနာ မရှိပါဘူး။ ခင်ဗျားနဲ့ တွေ့ပြီး အပြင်ထွက်ခွင့် ရတာပဲ တော်လှပြီ” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“တနှစ်တခါတော့ ကံဆိုးပေမပေါ့” လို့ သူက ပြောတယ်။ တကယ်တော့ ကျွန်တော် မအိပ်ချင်သေးဘူး။ အရက်နဲ့ လိင်ကိစ္စက ဖန်တီးပေးတဲ့ ထူးဆန်းတဲ့စွမ်းအင်ကို သုံးသပ်ရင်း ရှင်ဂျူကူရဲ့ ဆူဆူညံညံ စနေညကို လှည့်ကြည့်ချင်နေသေးတယ်။ ကျွန်တော့်ရဲ့လိင်ကိစ္စဟာ မဆိုစလောက်ပဲ ရှိတော့တယ်ဆိုတာ ကျွန်တော် သတိထားမိလာတယ်။

“ငါတို့ ဘာလုပ်ကြမလဲ ဝါတာနာဘီ”

“တညလုံးပြတဲ့ ရုပ်ရှင်ရုံတွေသွားရအောင်။ ကျွန်တော် ရုပ်ရှင် မကြည့်ဖြစ်တာကြာပြီ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဒါဆို ငါ ဟတ်ဆုမိဆီ သွားမယ်။ ဖြစ်ရဲ့လား” လို့ နာကာဆာဝါက ပြောပါတယ်။

“ရပါတယ်။ ဘာလို့ မဖြစ်ရမှာလဲ”

“မင်းကြိုက်မယ်ဆိုရင် မင်းနဲ့ တညလုံး အတူနေပေးမယ့် မိန်းကလေးတယောက်နဲ့ ငါ မိတ်ဆက်ပေးမယ်”

“ရပါတယ်။ ကျွန်တော် ရုပ်ရှင်ပဲ သွားကြည့်ချင်တယ်”

“ဆောရီးပဲကွာ။ နောက်တခါ မင်းကို အဆင်ပြေအောင် လုပ်ပေးပါ့မယ်” လို့ ပြောရင်း လူအုပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားတယ်။ ကျွန်တော်လည်း

ဗိုက်ဆာနေတာ ပျောက်သွားအောင် ဖတ်စ်ဖုဒ် ဆိုင်တဆိုင် သွားပြီး ချိစ်ဘာဂါနဲ့ ကော်ဖီ မှာသောက်လိုက်တယ်။ ပြီးတော့ ရုပ်ရှင်ရုံထဲမှာ The Graduate ဆိုတဲ့ကားကို သွားကြည့်လိုက်တယ်။ သိပ်အကောင်းကြီးတော့ မဟုတ်ပါဘူး။ သိပ်မကောင်းပေမယ့် ကျွန်တော့်မှာ တခြားလုပ်စရာ ဘာမှမရှိဘူး။ အဲဒါကြောင့် ကျွန်တော်လည်း ဆက်ကြည့်နေလိုက်တယ်။ ရုပ်ရှင်ရုံထဲကနေ မနက် ၄ နာရီမှာ ပြန်ထွက်လာခဲ့တယ်။ ပြီးတော့ ရှင်ဂျူကူမှာ လျှောက်သွားရင်း စဉ်းစားနေမိတယ်။

လမ်းလျှောက်ရတာ ညောင်းလာတော့ ကျွန်တော် အလင်းပေါက်ဖွင့်တဲ့ ကော်ဖီဆိုင်သွားပြီး မနက်ရထားအလာကို စာအုပ်တအုပ် ဖတ်ပြီး စောင့်နေလိုက်တယ်။ သိပ်မကြာခင်မှာပဲ ကျွန်တော့်လို ပထမဆုံး ရထားစောင့်တဲ့ လူတွေနဲ့ ကော်ဖီဆိုင်မှာ လူပြည့်သွားတယ်။ ကျွန်တော့်စားပွဲမှာ တခြားလူ လာထိုင်လို့ ရမလားလို့ စားပွဲထိုးတယောက်က ကျွန်တော့်ကို တောင်းတောင်းပန်ပန်နဲ့ လာပြောပါတယ်။ အဆင်ပြေပါတယ်လို့ ကျွန်တော် ပြောလိုက်တယ်။ ကျွန်တော့်ရှေ့မှာ ဘယ်သူပဲ လာထိုင်ထိုင် ကိစ္စမရှိပါဘူး။ ကျွန်တော် စာအုပ်ဖတ်နေမှာပဲ။

ကျွန်တော့်ဝိုင်းမှာ လာထိုင်တာက မိန်းကလေးနှစ်ယောက်၊ သူတို့နှစ်ယောက်ဟာ ကျွန်တော်နဲ့ သက်တူရွယ်တူလောက်ပဲ ရှိဦးမယ်။ သူတို့နှစ်ယောက်စလုံးဟာ သိပ်အချောကြီး မဟုတ်သလို သိပ်အဆိုးကြီး မဟုတ်ပါဘူး။ သူတို့နှစ်ယောက် ဝတ်ပုံစားပုံနဲ့ စားသောက်တဲ့ပုံစံက ရှင်ဂျူကူမှာ မနက်ငါးနာရီအထိ လျှောက်သွားနေကျပုံစံ မပေါက်ဘူး။ သူတို့နှစ်ယောက် ကြည့်ရတာ နောက်ဆုံးရထား လွတ်သွားခဲ့တဲ့ပုံစံတွေပဲ။ ကျွန်တော်နဲ့ တဝိုင်းထဲ သောက်ရတဲ့အတွက် သူတို့ စိတ်သက်သာရာ ရသွားတဲ့ပုံပဲ။ ကျွန်တော်က အဝတ်အစား သပ်သပ်ရပ်ရပ် ဝတ်ထားပြီး ညနေကမှ မုတ်ဆိတ်၊ နှုတ်ခမ်းမွေး ရိတ်ထားခဲ့တော့ ကြည့်ကောင်းနေတယ်။ ပြီးတော့ သောမတ်စ်မန်းရဲ့ The Magic Mountain ဝတ္ထုကို သည်းကြီးမည်းကြီး ဖတ်နေတယ်။

မိန်းကလေးတယောက်ကတော့ ခပ်ဝဝပဲ။ သူက မီးခိုးရောင် ဆွယ်တာနဲ့ ဂျင်းဘောင်းဘီအဖြူ ဝတ်ထားတယ်။ လက်ထဲမှာလည်း ဗီနိုင်းစနဲ့ ဖုံးထားတဲ့ လက်ကိုင်စာအုပ်ထူထူကြီးတအုပ်ကို ကိုင်ထားတယ်။ ပြီးတော့ ခရုခွံပုံစံနားကပ်ကြီးကိုလည်း ဝတ်ထားတယ်။ သူ့ရဲ့သူငယ်ချင်းကတော့ မျက်မှန်တပ်ထားတဲ့ သေးသေးသွယ်သွယ် ကောင်မလေးပါ။ သူက ရုပ်အင်္ကျီလေး ဝတ်ထားတယ်။ လက်မှာလည်း အပြာရောင် လိပ်ခွံလက်စွပ်ကို ဝတ်ထားတယ်။ ခပ်ပိန်ပိန် ကောင်မလေးက မျက်မှန်ချွတ်ပြီး မျက်လုံးတွေကို လက်နဲ့ ပွတ်တတ်တဲ့အကျင့် ရှိပုံရတယ်၊

ကောင်မလေးနှစ်ယောက်စလုံး နို့ပါတဲ့ ကော်ဖီနဲ့ ကိတ်မုန့် မှာကြတယ်။

သူတို့ စားသောက်ရင်း အရေးကြီးပုံရတဲ့ကိစ္စကို ခပ်တိုးတိုး ဆွေးနွေးနေပုံရတယ်။ ခပ်ဝဝ ကောင်မလေးက ခေါင်းကို မကြာခဏ ဟိုရွှေ့ဒီရွှေ့ လုပ်နေသလို ခပ်ပိန်ပိန် ကောင်မလေးကလည်း ခေါင်းကို ခဏခဏ ရမ်းနေပါတယ်။ မာကင်ဂီရီ ဒါမှမဟုတ် ဘီဂီးရဲ့သီချင်းကို ခပ်ကျယ်ကျယ် ဖွင့်ထားတဲ့အတွက် သူတို့ ဘာပြောနေမှန်း ကျွန်တော် ကွဲကွဲပြားပြား မကြားရပါဘူး။ ဒါပေမဲ့ ခပ်ပိန်ပိန်ကောင်မလေးဟာ စိတ်ဆိုးနေပုံ ဒါမှမဟုတ် စိတ်ပျက်နေပုံ ပေါက်ပါတယ်။ ခပ်ဝဝ ကောင်မလေးက သူ့ကို ချော့နေတဲ့ပုံပါပဲ။ ခပ်ပိန်ပိန်ကောင်မလေးဟာ ကျောပိုးအိတ်ကို ရင်ဘတ်မှာ ပိုက်ပြီး အိမ်သာသွားချိန်မှာ ခပ်ဝဝ ကောင်မလေးက ကျွန်တော့်ကို စကားစပြောပါတယ်။

"ရှင့်ကို အနှောင့်အယှက်ပေးရတာတော့ အားနာပါတယ်။ ဒီအနီးအနားတဝိုက်မှာ ခုချိန်ထိ အရက်ရနိုင်တဲ့ဆိုင်ရှိသေးလား" လို့ မေးပါတယ်။

ကျွန်တော် သူ့ကိုကြည့်ပြီး "ဘယ်နှစ်နာရီ ထိုးပြီးလဲ" လို့ မေးလိုက်တယ်။

"ငါးနာရီကျော်ပြီးလား"

"ကျော်ပြီ"

"ခင်ဗျား မေးတော့လည်း ပြောရတာပေါ့။ ငါးနာရီ ၂၀ ဆိုရင် အရက်နာကျနေတဲ့သူတွေ အိမ်ပြန်အိပ်ကြတော့မှာ"

"ဟုတ်ကဲ့။ ကျွန်မနားလည်ပါတယ်" လို့ သူက ရက်ရွံ့ရွံ့ပုံစံနဲ့ ပြောပါတယ်။ ဒါပေမဲ့ ကျွန်မ သူငယ်ချင်းက အရက်သောက်ဖို့ လိုအပ်နေပါတယ်။ အဲဒါ အရေးကြီးနေလို့ပါ"

"တခြား လုပ်စရာမရှိရင်တော့ ကိုယ့်အိမ်ကိုယ် ပြန်ပြီး သောက်လိုက်"

"နာဂါနိုပြန်မယ့် ရထားက ခုနစ်နာရီခွဲမှ ရှိလို့ပါ"

"ဒါဆိုလည်း အရောင်းစက်တခုရှာပြီး တနေရာရာမှာ သောက်လိုက်ပေါ့"

"ကျွန်မ စဉ်းစားမိပါတယ်။ ရှင်ကျွန်မတို့နဲ့ လိုက်သောက်ပေးနိုင်မလား၊ ကျွန်မတို့နှစ်ယောက်ထဲ အဆင်မပြေလို့ပါ"

ရှင်ဂျူကူမှာ ကျွန်တော် အတွေ့အကြုံ ရှိပြီးသားပါ။ ဒါပေမဲ့ မနက် ငါးနာရီနှစ်ဆယ်မှာ အရက်သောက်ဖို့ ဖိတ်ခေါ်တဲ့ ထူးထူးဆန်းဆန်း မိန်းကလေးနှစ်ယောက်လိုမျိုးတော့ တခါမှ မတွေ့ဖူးဘူး။ သူတို့ကို ငြင်းလိုက်တာ ဘာမှဖြစ်မှာ မဟုတ်သလို အချိန်ကလည်း ကျွန်တော့်အတွက် အရေးမကြီးပါဘူး။ အဲဒါနဲ့ ကျွန်တော်တို့သုံးယောက် အနားမှာရှိတဲ့ အရောင်းစက်ထဲကနေ မုန့်တွေ

တပွေ့တပိုက်နဲ့ အရက်ဝယ်ပြီး ဘူတာရဲ့အနောက်ဖက် ထွက်ပေါက်မှာ ပါတီလေး ကျင်းပဖြစ်ပါတယ်။

ကောင်မလေးတွေက သူတို့ဟာ ခရီးသွား အေဂျင်စီတခုမှာ အလုပ်လုပ်ရင်း သူငယ်ချင်း ဖြစ်ခဲ့တာလို့ ပြောပါတယ်။ သူတို့နှစ်ယောက်စလုံး အငယ်တန်းကောလိပ်ကနေ ဒီနှစ် ဘွဲ့ရပြီး ပထမဆုံး အလုပ်စလုပ်ကြတာလို့ ပြောပါတယ်။ ခပ်ပိန်ပိန် ကောင်မလေးမှာ သူနဲ့တွဲတာ တနှစ်ကျော်ပြီဖြစ်တဲ့ ရည်းစားရှိတယ်လို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီရည်းစားဟာ မကြာသေးခင်က တခြားကောင်မလေး တယောက်နဲ့ အိပ်တာ တွေ့ခဲ့ရလို့ နာကျင်မှုတွေ ခံစားနေရတယ်လို့ သိရပါတယ်။ ခပ်ဝဝ ကောင်မလေးဟာ မနေ့ညက နောက်ဆုံးရထားနဲ့ နာဂါနိုတောင်တန်းတွေကနေ သူ့အစ်ကိုရဲ့ မင်္ဂလာပွဲကို လာခဲ့တာပါ။ ဒါပေမဲ့ ဒီညကို စိတ်ခံစားချနေတဲ့ သူငယ်ချင်းနဲ့ ကုန်ဆုံးဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ တနင်္ဂနွေ မနက်ရထားနဲ့ နာဂါနိုကို ပြန်မှာပါ။

"ခင်ဗျား ခံစားရခက်မယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါနဲ့ ခင်ဗျားရည်းစား တခြားတယောက်နဲ့ အိပ်နေတာကို ခင်ဗျား ဘယ်လိုတွေ့ခဲ့တာလဲ" လို့ ကျွန်တော်က ခပ်ပိန်ပိန်နဲ့ ကောင်မလေးကို ကျွန်တော်မေးလိုက်တယ်။

အရက်တကျိုက်လောက် သောက်ပြီး ခြေထောက်ကို ဆန့်လိုက်တယ်။

"ကျွန်မ အထူးတလည် စုံစမ်းနေစရာတောင် မလိုခဲ့ဘူး။ ကျွန်မ သူ့အခန်းတံခါးကို ဖွင့်လိုက်တော့ သူ အဲဒါ လုပ်နေတာကို တွေ့ခဲ့ရတယ်" လို့ သူက ပြန်ပြောတယ်။

"အဲဒါ ဘယ်တုန်းကလဲ"

"ပြီးခဲ့တဲ့ တညကျော်က"

"တံခါးက ဂျက်မပိတ်ထားဘူးလား"

"မပိတ်ထားဘူး"

"ဘာဖြစ်လို့ သူ တံခါးဂျက် မပိတ်ထားတာလဲ"

"ဘယ်လိုလုပ် သိမှာလဲ"

"တံခါးမပိတ်ရင် အဲ့ဒီကောင်မလေး ဘယ်လိုခံစားလို့ရမှာလဲ" လို့ ခပ်ဝဝ ကောင်မလေးက သူ့သူငယ်ချင်းကို သတိပေးလိုက်တယ်။ "အဲ့ဒီကောင်မလေး တော်တော်တော့ ရှော့ခ်ဖြစ်သွားမယ်။ တော်တော်ဆိုးရွား သွားတာပဲလို့ မထင်ဘူးလား"

"ကျွန်တော် မပြောတတ်ဘူး" လို့ ကျွန်တော် ပြောလိုက်တယ်။ "ခင်ဗျားရဲ့ချစ်သူနဲ့ ခင်ဗျားတွေ့သင့်တယ်။ ခွင့်လွှတ်မယ်၊ မလွှတ်ဘူး ဆိုတာကို ခင်ဗျားစဉ်းစားသင်တယ်"

"ကျွန်မ ခံစားနေရာတာကို ဘယ်သူမှ မသိနိုင်ဘူး" လို့ ခပ်ပိန်ပိန် ကောင်မလေးက အသံကျယ်ကျယ်နဲ့ ပြန်ပြောတယ်။

အနောက်ဘက်ကနေ ကျီးကန်းအုပ်တအုပ် ပျံလာပြီး စတိုးဆိုင်ကြီးပေါ်မှာ ဝဲနေတယ်။ မနက်အလင်းရောင် ကောင်းကောင်းရနေပါပြီ။ နာဂါနိုကို သွားမယ့် ရထားထွက်မယ့်အချိန်တောင် နီးလာခဲ့ပါပြီ။ အဲဒါနဲ့ ကျွန်တော်တို့ စားလို့သောက်လို့ မကုန်တဲ့ဟာတွေကို အနောက်ဘက် ထွက်ပေါက်မှာရှိတဲ့ အိမ်ခြေမဲ့တယောက်ကို ပေးလိုက်ပါတယ်။ နောက်တော့ ပလက်ဖောင်း လက်မှတ်ဝယ်ပြီး ခပ်ဝဝကောင်မလေး အပြန်ကို လိုက်ပို့ကြတယ်။ ထွက်သွားပြီး မကြာခင်မှာတော ကျွန်တော်နဲ့ ခပ်ပိန်ပိန်ကောင်မလေးဟာ အနားမှာရှိတဲ့ ဟိုတယ်ကို ရောက်ဖြစ်သွားတော့တာပါပဲ ကျွန်တော်တို့ နှစ်ယောက်စလုံး အိပ်ချင်စိတ် မရှိကြသေးပါဘူး။ ကျွန်တော် အဝတ်အစား အရင်ချွတ်ပြီး ရေချိုးကန်ထဲမှာ ဘီယာကို အတိုးချ သောက်နေမိတယ်။ သူလည်း ရေချိုးကန်ထဲ ဝင်လာပြီး ကျွန်တော့်လို လိုက်လုပ်တယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး ခြေဆင်းနေပြီး၊ ဘီယာကို တိတ်တဆိတ်နဲ့ အငမ်းမရ သောက်နေမိကြတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး မမူးတော့သလို အိပ်လည်း မအိပ်ချင်ကြဘူး။ သူ့ရဲ့အသားအရေဟာ ချောမွေ့ပြေပြစ်နေတယ်။ သူ့ခြေထောက်တွေ တော်တော်လှတယ်။ ကျွန်တော် သူ့ကို ခြေထောက်တွေ တော်တော်လှတယ်လို့ ပြောပြီး စပေမယ့် သူက ကျေးဇူးပဲလို့သာ ပြန်ပြောခဲ့တယ်။ နောက်တော့ ကျွန်တော်တို့ အိပ်ရာပေါ် ရောက်သွားကြတယ်။ အိပ်ရာပေါ်မှာတော့ သူဟာ လုံးဝ ပြောင်းလဲသွားတယ်။ ကျွန်တော့် လက်တွေကို သူ ညင်ညင်သာသာ ထိတွေ့ပြီး လူးလွန့်လာတယ်။ ညည်းသံ တိုးတိုးလေးတွေလည်း ထွက်လာတယ်။ ကျွန်တော် အတွင်းပိုင်းကို ရောက်သွားတော့ သူ့လက်သည်းတွေဟာ ကျွန်တော့် ကျောမှာ မြုပ်ဝင်နေတော့တယ်။ သူ အထွဋ်အထိပ်ကို ရောက်ခါနီးမှာ လူတယောက်ရဲ့နာမည်ကို ဆယ့်ခြောက်ကြိမ်တိတိ ခေါ်နေတော့တယ်။ သူ ရွတ်ခေါ်နေတာကို ကျွန်တော် မှတ်ပြီး ကိုယ့်ဘာသာကိုယ် နှေးအောင် ပြန်လုပ်နေမိတယ်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်စလုံး အိပ်ပျော်သွားကြတယ်။

ကျွန်တော် ဆယ့်နှစ်နာရီခွဲမှာ အိပ်ရာကနိုးတော့ သူ မရှိတော့ဘူး။ ဘာမှရေးမထားခဲ့ဘူး။ ကျွန်တော်ဟာ ထူးထူးခြားခြား အရက်နာကျပြီး ခေါင်းတွေ အုံခဲနေတယ်။ ကျွန်တော် ရေချိုး၊ မုတ်ဆိတ်ရိတ်၊ ရေခဲသေတ္တာထဲက

အအေးတလုံးယူပြီး ခုံပေါ်မှာ အဝတ်မပါဘဲ ထိုင်သောက်နေမိတယ်။ ညက ဖြစ်ခဲ့တာတွေဟာ တကယ် မဟုတ်သလိုနဲ့ ဟိုးအဝေးတချိန်မှာ ဖြစ်ခဲ့သလိုပဲ။ ဒါပေမဲ့ အဲဒီအဖြစ်အပျက်ဟာ ကျွန်တော်ကို တကယ် ဖြစ်ခဲ့ပါတယ်။ ဘီယာခွက်တွေ စားပွဲပေါ်မှာ ရှိနေဆဲပဲ။ သုံးပြီးသား သွားတိုက်သံ တခုလည်း ရှိနေသေးတယ်။

ရှင်ဂျူကူမှာ ကျွန်တော် ပေါ့ပေါ့ပါးပါး နေ့လယ်စာ စားဖြစ်တယ်။ ပြီးတော့ တယ်လီဖုန်းရုံးကို သွားမိတယ်။ မီဒိုရီကိုဘာယာရှီဟာ တယ်လီဖုန်းအလာကို တယောက်ထဲ မျှော်နေလေမလားဆိုပြီး သူ့ဆီ ဖုန်းဆက်မိပါတယ်။ ဖုန်းသံ ဆယ့်ငါးကြိမ်လောက် မြည်ခဲ့ပေမယ့် ဖုန်းကိုင်မယ့်သူ မရှိပါဘူး။ မိနစ်နှစ်ဆယ်လောက်အကြာမှာ ကျွန်တော် ထပ်ခေါ်ပေမယ့် မကိုင်ပြန်ပါဘူး။ အဲဒါနဲ့ ကျွန်တော်လည်း အဆောင်ကိုပဲ ပြန်ခဲ့ပါတယ်။ ကျွန်တော့်ကို အဆောင်မှာ စာတစောင်က စောင့်ကြိုနေပါတယ်။ နာအိုကိုဆီက စာပါ။

■

အခန်း (၅)

"နင့်ရဲ့စာအတွက် ငါ ကျေးဇူးတင်ပါတယ်" နာအိုကို ရေးထားပါတယ်။ ကျွန်တော် စာကို သူ့ဆီကို သူ့အိမ်ကတဆင့် ပြန်ပို့ပေးတာပါလို့လည်း ပြောထားပါတယ်။ စာအတွက် သူစိတ်မပျက်တဲ့အပြင် စာရောက်ခဲ့တဲ့အတွက် ဝမ်းသာနေပုံရတယ်။

အဲဒီလောက် ဖတ်ပြီးတော့ ကျွန်တော် ပြတင်းပေါက် ဖွင့်လိုက်တယ်။ ကုတ်အကျႌ ချွတ်လိုက်တယ်။ ပြီးတော့မှ အိပ်ရာပေါ်မှာ ဆက်ဖတ်နေလိုက်တယ်။ အနားမှာရှိတဲ့ ငှက်သိုက်တွေက ကလေးတွေရဲ့ အသံကို ကြားနေရတယ်။ လေညင်းကလေးက လိုက်ကာကို လှုပ်ခါစေနေပါတယ်။ စာမျက်နှာ ခုနစ်မျက်နှာပါတဲ့ နာအိုကိုရဲ့စာကို ကိုင်ရင်း ကျွန်တော့်မှာ အဆုံးအစမရှိတဲ့ စိတ်ခံစားမှု စမ်းချောင်းလေး စီးဆင်းနေပါတယ်။ သူရေးထားတဲ့ စာကြောင်း နည်းနည်းလေး ဖတ်ပြီးတာနဲ့ ကျွန်တော့်ဘေးနားက လက်တွေ့လောကဟာ လွင့်စဉ်ပျောက်ကွယ်သွားပါတယ်။ မျက်လုံးတွေ ပိတ်လိုက်ပြီး အတွေးတွေကို ကျွန်တော် စုစည်းနေပါတယ်။ နောက်ဆုံးတော့ သက်ပြင်းရှည်ရှည်ချပြီး ဆက်ဖတ်လိုက်တယ်။

"အခုဆိုရင် ငါ ဒီကိုရောက်တာ လေးလနီးပါးရှိပြီ" လို့ သူ ဆက်ရေးထားတယ်။

ဒီအချိန်မှာ ငါ နင့်အကြောင်းကို တော်တော်လေး စဉ်းစားမိတယ်။ နင့်အကြောင်းကို စဉ်းစားမိလေလေ ငါနင့်အပေါ် မျှတမှု မရှိခဲ့လေဘဲလို့ ငါ ခံစားမိနေတယ်။ ငါ့ရဲ့ လောကအပေါ် မြင်တဲ့အမြင်ဟာ သမားရိုးကျ ပြောရင် ရတယ်။ ငါနဲ့ သက်တူရွယ်တူ မိန်းကလေးတွေဟာ မျှတမှုဆိုတဲ့ စကားလုံးကို သုံးကြမှာမဟုတ်ဘူး။ ငါလိုအသက်ငယ်ငယ် မိန်းကလေးတွေအတွက် မျှတခြင်း၊ မမျှတခြင်းဆိုတာဟာ ကွဲကွဲပြားပြား ရှိမှာမဟုတ်ဘူး။ သူတို့အတွက် မျှတတာ၊ မမျှတတာထက် လှပမှု ရှိမရှိဆိုတာနဲ့ သူတို့ကို ပျော်ရွှင်အောင် လုပ်နိုင်မှု ဆိုတာပဲ အရေးကြီးတယ်။ တကယ်တော့ မျှတမှု ဆိုတာဟာ ယောကျ်ားလေးတွေ သုံးတဲ့ စကားလုံးပါ...။ ဒါပေမဲ့ အဲဒီ စကားလုံးဟာ အခုချိန်မှာ ငါ့အတွက် ငါ အမှန်တကယ်လို အသုံးပြုသင့်တဲ့ စကားလုံး ဟုတ်မဟုတ် ဆိုတာလည်း မကွဲပြားဘူး ဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ လှပမှုနဲ့ ပျော်ရွှင်မှုဆိုင်ရာ မေးခွန်းတွေဟာ ငါ့အတွက် အရမ်းပဲ ခက်ခဲနေပြီး ရှုပ်ထွေးတဲ့ ကြိယာဝိသေသနာကို ဖြစ်နေတယ်။ ငါ့ရဲ့ လောကအပေါ်မြင်တဲ့ စံတွေဟာ ပုံမှန်မဟုတ်ဘူးလို့ ထင်နေမိတယ်။ မျှတမှုရှိတာ၊ မရှိတာ ဒါမှမဟုတ် ရိုးသားမှု ရှိမရှိ ဆိုတာနဲ့

အမှန်တရားဆိုတာတွေ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး။

ဘာပဲပြောပြော ငါ နင့်အပေါ် မျှတမှုမရှိခဲ့ဘူးဆိုတာကိုတော့ ငါ ယုံကြည်တယ်။ ငါ မမျှတခဲ့တာကြောင့် နင့်ကို စူးစူးနှက်နှက် နာကျင်စေခဲ့တာပေါ့။ ပြီးတော့ ငါ့ရဲ့လုပ်ရပ်အတွက် နင်နာကျင်နေရသလိုမျိုး ငါကိုယ်တိုင်လည်း ပြန်ခံစားနေရတယ်။ ငါ အခုလို ပြောရတာဟာ နင်ငါ့ကို ခွင့်လွှတ်ပေးဖို့ ပြောနေတာ မဟုတ်သလို ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်နေတာမျိုးလည်း မဟုတ်ဘူး။ ဒါပေမဲ့ ငါ နင့်ကို ပြောတာကတော့ အမှန်ပဲ။ တကယ်လို့များ နင့်ခန္ဓာကိုယ်အတွင်းမှာ အနာတခုခု ဖြစ်ခဲ့မယ်ဆိုရင် အဲ့ဒီအနာဟာ နင်တယောက်ထဲရဲ့အနာ မဟုတ်ဘူး။ ငါပါ ခံစားရတဲ့အနာပဲ။ အဲဒါကြောင့် ကျေးဇူးပြုပြီး ငါ့ကို မုန်းဖို့ မကြိုးစားပါနဲ့ဟာ။ ငါဟာ အများတွေကျူးလွန်တတ်တဲ့ နုံအတဲ့ သတ္တဝါတကောင်ပါ။ နင် ခန့်မှန်းနိုင်တာထက် အဆပေါင်းများစွာ နုံပါတယ်။ ဘာကြောင့် ငါ့ကို မမုန်းဖို့ပြောတာလည်းဆိုရင် ငါဟာ အပိုင်းပိုင်းအစစ ဖြစ်သွားမှာ စိုးလို့ပါ။ နင်လုပ်နိုင်သလို ငါမလုပ်နိုင်ဘူး။ ကိုယ့်အခွံထဲကိုယ် ပုန်းအောင်းပြီး၊ အချိန်တွေ ကုန်ဆုံးသွားမှာကို ငါ မစောင့်နိုင်ဘူး။ ဘာကြောင့် နင့် အဲဒီလိုလုပ်နိုင်သလဲဆိုတာ ငါ မသိဘူး၊ နင် အဲဒီလို လုပ်နိုင်တဲ့အတွက် တခါတလေ ငါ အထင်ကြီးတယ်။ အဲဒီအရည်အချင်း နင့်မှာရှိတဲ့အတွက်လည်း ငါ နင့်ကို မနာလိုဖြစ်မိပြန်တယ်။

ငါ့ထင်မြင်ယူဆမှုဟာ ခွဲခြမ်းစိတ်ဖြာမှု လွန်ကဲနေတယ်လို့ နင် မထင်ဘူးလား။ ဒီမှာ အသုံးပြုတဲ့ ကုထုံးက ခွဲခြမ်းစိတ်ဖြာမှု လွန်ကဲတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့လို လပေါင်းများစွာ ကုသမှုခံပြီးရင်တော့ နင်လည်း ငါ့လိုဖြစ်လာပါလိမ့်မယ်။ ဒါကြောင့် ဒီလိုဖြစ်တာ။ ဒီလိုဖြစ်လို့ အဲဒါဖြစ်တာ ဆိုတာမျိုး နင်မြင်လာမယ်။ အဲဒီလိုမြင်တာဟာ လောကကြီးကို လွယ်လွယ်ကူကူ မြင်နိုင်အောင် လုပ်တာလား ဆိုတာကိုတော့ ငါမပြောနိုင်ဘူး။

ဘာပဲပြောပြော ငါဟာ တချိန်က ငါပြန်ဖြစ်ဖို့ အခြေအနေ တော်တော်ကောင်းနေပြီလို့တော့ ငါပြောနိုင်တယ်။ ဒီမှာရှိတဲ့လူတွေကလည်း ငါ့ကို အဲဒီလိုပြောကြတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လတုန်းက ရေးလိုက်တဲ့ စာတုန်းက ငါ မနည်းဖျစ်ညှစ်ရေးလိုက်ရတာ။ (အမှန်အတိုင်းပြောရရင် ငါ ဘာတွေရေးခဲ့သလဲ ဆိုတာကိုတောင် ငါ မမှတ်မိတော့ဘူး။ စိတ်ပျက်စရာပဲ မဟုတ်လား) ဒါပေမဲ့ အခုချိန်မှာတော့ ငါ တော်တော် တည်ငြိမ်နေပါပြီ။ တိတ်ဆိတ် ငြိမ်သက်နေတဲ့ အပြင်ဘက်က တိုက်ခတ်လာတဲ့ လတ်ဆတ်သန့်ရှင်းတဲ့လေ၊ နေ့စဉ်နေထိုင်မှုအတွက် အချိန်စာရင်း၊ ပုံမှန်လေ့ကျင်ခန်း စတာတွေဟာ ငါ နေ့စဉ်လိုအပ်တဲ့ အရာတွေပေါ့။ သာမန်လူတယောက်အနေနဲ့ သူ စာရေးစားပွဲမှာထိုင်ပြီး သူ့သူငယ်ချင်း တယောက်ယောက်ဆီကို သူ့ခံစားချက်တွေ ချရေးလိုက်တဲ့ကိစ္စဟာ ဘယ်လောက်များ လွယ်ကူလိုက်ပါသလဲနော်။

အရင်တုန်းကတော့ ငါလည်း အဲဒီလိုရေးနိုင်ခဲ့ပါတယ်။ ကိုယ့်ခံစားချက်တွေနဲ့ အစိတ်အပိုင်း နည်းနည်းလောက်ကို ချရေးလိုက်ရတာ ပျော်စရာပဲ။ အဲ့ဒီလို ပျော်ရွှင်ချင်တဲ့စိတ်မျိုး ငါ ပြန်လိုချင်တဲ့အတွက် အခုလို စာရေးလိုက်တာပေါ့။ အခုချိန်ဟာ ညနေခုနစ်နာရီခွဲအချိန်ပေါ့။ ငါ ညစာစားပြီးပြီ။ ရေကတော့ ခုလေးတင် ချိုးပြီးသွားပြီ။ ငါတို့အဆောင်ကြီးတခုလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ အပြင်မှာတော့ မှောင်နေပြီ။ ပြတင်းပေါက်ကနေ ဘာအလင်းရောင်မှ ရှင်းရှင်းလင်းလင်း မမြင်ရဘူး။ ငါ့စာရေးစားပွဲကနေ ကြယ်တွေကို ရှင်းရှင်းလင်းလင်း မြင်ရတယ်။ ဒါပေမဲ့ ဒီနေ့တော့ တိမ်တဲ့ ထူနေလို့ မမြင်ရဘူး။ ဒီမှာရှိတဲ့ လူတွေဟာ ကြယ်တွေအကြောင်း ကောင်းကောင်းသိကြတယ်။ သူတို့က ငါ့ကို ပြောပြကြတယ်။ ဒါက သောကြာကြယ်၊ ဒါက မိဂသီကြယ် ဆိုပြီး ပြောပြကြတယ်။ သူတို့ဟာ ကြယ်တွေအကြောင်း လေ့လာချင်ကြတာ မဟုတ်ပေမယ့် ဒီမှာက နေဝင်သွားရင် ဘာမှလုပ်စရာ မရှိကြဘူးလေ။ အဲ့ဒါကြောင့် ငှက်တွေ၊ ပန်းတွေနဲ့ အင်းဆက်တွေ အကြောင်းကိုလည်း ဒီကလူတွေ သိကြတယ်။ သူတို့နဲ့ စကားပြောမှပဲ ဒီလို အကြောင်းအရာတွေနဲ့ ငါဘယ်လောက်ထိတောင် စိမ်းသလဲဆိုတာကို သိလာတယ်။ အဲ့ဒါတွေက စိတ်ဝင်စားဖို့ ကောင်းပါတယ်။

ဒီမှာက စုပေါင်း လူခုနစ်ဆယ်နီးပါးရှိတယ်။ ပြီးတော့ ဆရာဝန်၊ သူနာပြု၊ ရုံးဝန်ထမ်း စတဲ့ ဝန်ထမ်းဦးရေကလည်း ၂၀ နီးပါး ရှိတယ်။ ဒီက အဆောက်အဦတွေဟာ ကြီးမားကြတယ်။ ဒါပေမဲ့ အဆောက်အဦ များများစားစားတော့ မရှိဘူး၊ ပြီးတော့ ဒီနေရာဟာ သဘာဝတရားနဲ့ ပေါင်းစပ်ထားတဲ့နေရာဖြစ်သလို ဒီမှာရှိတဲ့ လူတွေအားလုံးဟာလည်း တိတ်တိတ်ဆိတ်ဆိတ် နေတတ်ကြတယ်။ အရမ်း တိတ်ဆိတ်လွန်းတော တခါတလေကျရင် ဒီနေရာဟာ သာမန်၊ တကယ့် လောကကြီးမှ ဟုတ်ပါလေစလို့ ခံစားရတယ်။ ငါတို့အားလုံးဟာ ဒီမှာရှိတဲ့ စည်းမျဉ်းစည်းကမ်း အတိုင်း နေထိုင်ကြတယ်။

ငါဆိုရင် တင်းနစ်နဲ့ ဘတ်စ်ကက်ဘောကစားတယ်။ ငါ ပါဝင်ကစားတဲ့ ဘတ်စ်ကက်ဘောဆိုရင် (ငါမုန်းတဲ့စကားလုံးက တခြားရွေးချယ်စရာ မရှိဘူး ဆိုတာဘဲ) စိတ်ရှုည်ဖို့ပဲ လိုတယ်။ ဘတ်စ်ကက်ဘောထဲမှာ နစ်မျောသွားတဲ့အချိန်တွေဆိုရင် ငါဟာ ကစားပွဲထဲ နစ်မျော၊ မနစ်မျော ဆိုပြီး အငြင်းပွားစရာတွေ ရှိလာတယ်။ တော်တော်တော့ ထူးဆန်းတယ်။ ဒီလို ငါပြန်ပြောတယ် ဆိုတာက ထူးဆန်းတယ်ဆိုတာလည်း ငါသိပါတယ်။ ဒါပေမဲ့ ပွဲတပွဲကာလအတွင်းမှာ ငါ့နံဘေးက လူတွေကို စိုက်ကြည့်လိုက်ရင် သူတို့အားလုံး အတူတူ ပုံပျက်ပန်းပျက် ဖြစ်သွားသလိုပဲ။

အဲဒီခံစားမှုကို တနေ့တော ငါ့ကိုစောင့်ကြည့်တဲ့ ဆရာဝန်ကို

ပြောပြဖြစ်တယ်။ သူက ငါ့ကို အဲဒါဟာ စိတ်အာရုံတခုအနေနဲ့ ငါမှန်တယ်တဲ့။ ငါတို့ဟာ ဒီနေရာမှာ ပုံပျက်ပန်းပျက် ဖြစ်နေတာတွေကို ပြန်လည်တည့်မတ်ဖို့ လာတာ မဟုတ်ဘူးတဲ့။ ဒါပေမဲ့ ငါတို့တွေဟာ အဲဒီ ပုံပျက်ပန်းပျက်မှုတွေနဲ့ အသားနှင့်နေပြီးသားလို့ ပြောတယ်။ ဆိုတာက ငါတို့ရဲ့ ပြဿနာတခုက ငါတို့ဟာ ငါတို့ရဲ့ ပင်ကိုယ်ပုံပန်းပျက်မှုတွေကို ပြန်လည် လက်မခံနိုင်ကြတာတဲ့။ ဘယ်လိုလဲဆိုတော့ လူတိုင်းမှာ လမ်းလျှောက်ပုံ၊ ခံစားပုံ၊ မြင်ပုံ စတာတွေနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ သီးခြားလက္ခဏာတွေ ရှိကြတယ်။ အဲဒါတွေကို မတူရကောင်းလားဆိုပြီး လိုက်တည့်မတ်ဖို့ ကြိုးစားရင် ဘယ်တော့မှ အဆင်ပြေမှာ မဟုတ်ဘူးလို့ သူက ဆိုတယ်။ အဲဒီလိုကိစ္စတွေကို အတင်းကာရော တူအောင် လိုက်လုပ်ရင် ရယ်စရာပဲ ဖြစ်သွားမှာတဲ့။ သူဟာ ငါ့ကို လွယ်လွယ်ကူကူ နားလည်နိုင်အောင် ရှင်းလင်းပေးခဲ့တယ်။ သူ ဘာတွေ ရှင်းပြနေသလဲဆိုတာ ငါနားလည်ပါတယ်။ ငါတို့တွေဟာငါတို့တွေရဲ့ ပုံပျက်ပန်းပျက်မှုတွေကို အပြည့်အဝ နားမလည်နိုင်ကြဘူး။ အတွင်းပိုင်းမှာတဲ့ နေရာလေးတခုကို ရှာဖွေမတွေ့နိုင်ခြင်းက ငါတို့ကို နာကျင်ခံစားမှုတွေ ဖြစ်စေပြီး၊ အဲနာကျင်ခံစားမှုတွေကြောင့် ပုံပျက်ပန်းပျက်မှုတွေ ဖြစ်ရတာပဲ။ ငါတို့ ဒီနေရာမှာ ရှိနေသမျှ ကာလတလျှောက်လုံး ငါတို့ သူများကို နာကျင်မှုဖြစ်စေမှာ မဟုတ်သလို သူများကလည်း ငါတို့ကို နာကျင်မှု ဖြစ်အောင် လုပ်ကြမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော ငါတို့တွေဟာ ငါတို့ရဲ့ ပုံပျက်ပန်းပျက်မှုတွေကို နားလည်ထားလို့ပဲ။ အဲဒီလို နားလည်မှုက အပြင်လောကက လူတွေနဲ့ ငါတို့ကြားမှာ ကွာခြားမှုပဲ။ အပြင်လောကက လူတွေဟာ သူတို့ရဲ့ပုံပျက်ပန်းပျက်မှုတွေကို မသိဘဲ ဆက်လက် ရှင်သန်နေထိုင်ကြတယ်။ ငါတို့ရဲ့ ဒီကမ္ဘာငယ်လေးမှာတော့ မရှိမဖြစ် လိုအပ်ချက်တခုပဲ။ အင်ဒီယန်းအနွယ်ဝင် လူမျိုးစုတွေဟာ သူတို့ ဘာလူမျိုးလဲဆိုတာ သိစေအောင် ငှက်မွေးတွေကို သူတို့ခေါင်းမှာ ဝတ်ဆင်ကြသလိုပေါ့။ ငါတို့ကလည်း ငါတို့ရဲ့ ပုံပျက်ပန်းပျက်မှုတွေကို ပွင့်ပွင့်လင်းလင်း ပြသတတ်ကြတယ်။ ပြီးတော့ ငါတို့ဟာ တယောက်ကို တယောက် မထိခိုက် မနာကျင်အောင် တိတ်တဆိတ် နေထိုင်ကြတယ်။

အာကစားလုပ်တဲ့နေရာမှာ အားလုံးပါဝင်ကြသလိုပဲ အာလူး၊ ခရမ်းသီး၊ သခွားသီး၊ ဖရဲသီး၊ စတော်ဘယ်ရီ၊ ကြက်သွန်၊ ဂေါ်ဖီ၊ မုန်လာဥ စတဲ့ သစ်သီးသစ်ဥတွေ စိုက်ပျိုးရာမှာလည်း အားလုံး တက်ညီလက်ညီ ပါဝင်ကြတယ်။ ငါတို့အားလုံး တူတူပျိုးထောင်ကြတယ်။ ဒီကလူတွေဟာ စိုက်ပျိုးရေး လုပ်တာကို ကောင်းကောင်းနားလည်ကြတယ်။ စိုက်ပျိုးရေးမှာလည်း တော်တော် အားထည့်ကြတယ်။ စိုက်ပျိုးရေးနဲ့ဆိုင်တဲ့ အကြောင်းအရာတွေကိုလည်း ဖတ်ကြတယ်။ တခါတလေကျရင် ကျွမ်းကျင်သူတွေခေါ်ပြီး၊ ဓာတ်မြေဩဇာ အသုံးပြုပုံ၊ မြေကြီးရဲ့ ပြောင်းလဲလာမှုတွေကို မိုးလင်းကနေ မိုးချုပ်အထိ ဆွေးနွေးတတ်ကြတယ်။ ငါကိုယ်တိုင်လည်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရတာကို

မြတ်နိုးလာတယ်။ တနေ့ထက်တနေ့ ဟင်းသီးဟင်းရွက်တွေ၊ သစ်သီးတွေ ကြီးထွားလာတာကို ကြည့်ရတာဟာလည်း တကယ့်ကို အရသာပဲ။ နင်ရော ဖရဲသီးတလုံး ဖြစ်အောင် ပျိုးထောင်ဖူးလား။ သူတို့တွေဟာ တိရစ္ဆာန်လေးတွေလိုပဲ အသံပြုတတ်ကြတယ်။

ငါတို့ နေ့တိုင်း လတ်လတ်ဆတ်ဆတ် သစ်သီးဝလံတွေ စားကြရတယ်။ ဒီမှာ အသား၊ ငါးလည်း ကျွေးပေမယ့် နေတာကြာလာတာနဲ့အမျှ အသား၊ ငါး စားချင်စိတ် သိပ်မရှိတော့ဘူး။ တခါတလေကျရင် တို့ တောထဲသွားပြီး၊ ထူးထူးဆန်းဆန်း အပင်တွေနဲ့ မှိုခူး ထွက်တတ်ကြတယ်။ အပင်နဲ့ မှိုခူးတာနဲ့ ပတ်သက်ပြီး ငါတို့ဆီမှာ ကျွမ်းကျင်သူတွေလည်း ရှိတယ်။ သူတို့က ဘယ်ဟာကို ခူးရမယ်။ ဘယ်ဟာကို မခူးရဘူးဆိုတာ ပြောတတ်ကြတယ်။ အကျိုးဆက်အနေနဲ့က ငါ ဒီကိုရောက်ပြီးတဲ့နောက် ကိုယ်အလေးချိန် ခြောက်ပေါင် တိုးလာခဲ့တယ်။ လက်ရှိ ငါ့ကိုယ်အလေးချိန်က အကောင်းဆုံး အနေအထားပဲ။ လေ့ကျင့်ခန်းတွေနဲ့ ပုံမှန်စားသောက် နေထိုင်တဲ့ အကျိုးဆက်ပေါ့ဟာ။

စိုက်ပျိုးရေး မလုပ်တဲ့အချိန်တွေဆိုရင် ငါတို့ စာဖတ်တယ်။ သီချင်း နားထောင်တယ်။ ဒါမှမဟုတ် ဇာထိုးနေတတ်တယ်။ ငါတို့ဆီမှာ တီဗီရော၊ ရေဒီယိုရော မရှိဘူး။ ဒါပေမဲ့ စာအုပ်နဲ့ အခွေတွေရှိတဲ့ စာကြည့်တိုက် ကောင်းကောင်းတော့ ရှိတယ်။ သီချင်းခွေကတော့ မာလာရဲ့ ဆင်ဖိုနီတွေ ဘီတဲလ်အခွေတွေရှိတယ်။ ငါအခွေငှားပြီး အခန်းထဲမှာ အမြဲ နားထောင်လေ့ရှိတယ်။

ဒီနေရာနဲ့ ပတ်သက်တဲ့ အဓိက ပြဿနာတခုကတော့ ဒီကိုရောက်လာပြီးတော့ လူတယောက်ဟာ ပြန်မထွက်ချင်တော့တာ၊ ဒါမှမဟုတ် ပြန်မထွက်ရဲတော့တာပဲ။ ငါ ဒီမှာနေသ၍ ကာလပတ်လုံး ငါတို့ ငြိမ်းချမ်းနေတယ်။ ငါတို့ရဲ့ ပုံပျက်ပန်းပျက်မှုတွေဟာ သာမန်ပဲ။ ဒါပေမဲ့ ငါတို့ထင်သလို အပြင်လောကက ငါတို့ကို လက်ခံပါ့မလား ဆိုတာကိုတော့ ငါတို့ အမြဲတမ်း သံသယရှိကြတယ်။

ငါ့ဆရာဝန်က ငါ့ကို အပြင်လောကကလူတွေနဲ့ ဆက်သွယ်လို့ ရပြီလို့ ပြောတယ်။ ဆိုလိုတာက ပုံမှန်လောကထဲက ပုံမှန်လူတွေနဲ့ ဆက်သွယ်လို့ ရပြီပေါ့။ သူ အဲဒီလိုပြောတဲ့အချိန်မှာ ငါ အရင်ဆုံး ပြေးမြင်တာက နင့်မျက်နှာပဲ။ အမှန်အတိုင်းပြောရရင် ငါ့မိဘတွေနဲ့ ငါမတွေ့ချင်ဘူး။ သူတို့ဟာ ငါ့ကို အရမ်းစိတ်ပျက်နေကြတယ်။ ငါ့ကို မြင်နေတာကို သူတို့ စိတ်ပျက်ကြတယ်။ ငါ နင့်ကို ရှင်းပြစရာတွေ အများကြီး ရှိသေးတယ်။ ငါနင့်ကို အများကြီး ရှင်းပြနိုင်မလား ဆိုတာတော့ ငါမသေချာဘူး။ ဒါပေမဲ့ ငါပြောချင်နေတာတွေက အရမ်းအရေးကြီးတယ်။ မပြောဘဲလည်း နေလို့မရဘူး။

ငါ့ကို နင့်အတွက် ဝန်ထုပ်ဝန်ပိုးလို့တော့ မထင်စေချင်ဘူး။ နင်ဟာ ငါ့အတွက် ဘယ်သူ့ကိုမှလည်း ဝန်ထုတ်ဝန်းပိုး မဖြစ်စေချင်ဘူး၊ နင်ဟာ ငါ့အတွက် စိတ်ထားကောင်းတွေရှိတယ်လို့ ငါ ခံစားရတယ် နင့်ရဲ့စိတ်ထားကြောင့်လည်း ငါ ပျော်မိတယ်။ ငါ ဒီစာထဲမှာ ရေးနေတာတွေက ငါ့အပျော်တွေ နင့်ဆီ ကူးစက်စေဖို့ပါပဲ။ နင့်ရဲ့စိတ်ထားကောင်းတွေဟာ အချိန်မှာ ငါ့ဘဝအတွက် အလိုအပ်ဆုံး အရာတွေပါပဲ။ ခုချိန်ထိ ငါရေးခဲ့သမျှထဲမှာ နင့်အတွက် စိတ်ပျက်စရာတွေပါရင် ကျေးဇူးပြုပြီး ငါ့ကို ခွင့်လွှတ်ပေးပါဟာ။ ငါပြောခဲ့သလိုပါပဲ ငါဟာ နင်နားလည်ထားတာထက် ချို့ယွင်းချက်များတဲ့ လူသားတဦးပါ။

တခါတလေကျရင် ငါစဉ်းစားမိတယ်။ အကယ်၍များ နင်ဟာ ငါနဲ့ သာမန်အခြေအနေမျိုးမှာ တွေ့ပြီး တယောက်ကိုတယောက် ကြိုက်ခဲ့ရင် ဘာတွေများဖြစ်လာမလဲဆိုပြီးတော့။ အကယ်၍များ ငါလည်း ပုံမှန်လူ နင်လည်း ပုံမှန်လူ (နင်တော့ ပုံမှန်ပါ) ပြီးတော့ ကီဇူကီဆိုတာလည်း မရှိခဲ့ဘူးဆိုရင် ဘာတွေဖြစ်မလဲ။ အကယ်၍များ ဆိုတဲ့ အဲဒီစကားလုံးကြီးက အရမ်းကြီးတာပဲနော်။ မျှတပြီး ရိုးသားမှုရှိရှိ ငါကြိုးစားပြောနေတာပါ။ အခုချိန်မှာ ငါလုပ်နိုင်တာ အဲဒါပဲရှိတယ်လေ။ ငါ့ရဲ့ စိတ်ခံစားမှုလေးတွေကို နင့်ကို သိစေချင်တယ်။

ပုံမှန်ဆေးရုံတွေလို မဟုတ်တဲ့ ဒီနေရာမှာ ညနေ့တွေချိန်ဟာ အကန့်အသတ်ရှိတယ်။ တရက်လောက် ကြိုဖုန်းဆက်ပြောထားလိုက်ရုံနဲ့ နင် လာလည်လို့ရတယ်။ နင် ငါနဲ့ အတူစားလို့ရတယ်။ နင့်အတွက် အိပ်စရာနေရာလည်း ရှိတယ်။ နင်အဆင်ပြေတဲ့အချိန်ကျရင် ကျေးဇူးပြုပြီး ငါ့ကို လာတွေ့ဟာ။ ငါ နင့်ကို မျှော်နေမယ်။ ငါ လမ်းညွှန်မြေပုံလေးပါ ထည့်ပေးလိုက်တယ်။ စာ အရမ်းရှည်သွားတဲ့အတွက် ဆောရီးပါဟာ။

ကျွန်တော် နာအိုကိုရဲ့စာကို ဖတ်ပြီးတဲ့နောက် အစအဆုံး နောက်တခေါက် ထပ်ဖတ်ဖြစ်တယ်။ နောက်တော့ ကျွန်တော် အောက်ထပ်ဆင်းပြီး အရောင်းစက်ထဲကနေ Coke တဗူး ဝယ်လိုက်တယ်။ အရောင်းစက်နား ဘေးနားမှာ ထိုင်ဖတ်ရင်း စာကို နောက်တခေါက် ထပ်ဖတ်ပြန်တယ်။ စာမျက်နှာ ခုနစ်မျက်နှာပါတဲ့ နာအိုကိုရဲ့စာကို ဖတ်ပြီးတော့ စာအိတ်ထဲပြန်ထည့်၊ ကျွန်တော့်စားပွဲပေါ် တင်ကြည့်လိုက်တယ်။ ကျွန်တော့်နာမည်နဲ့ လိပ်စာကို ပန်းရောင်စာအိတ်လေးပေါ်မှာ သပ်သပ်ရပ်ရပ်လေး ရေးထားတယ်။ စာအိတ်ရဲ့နောက်ကျောမှာ ရေးထားတဲ့ လိပ်စာက “Ami taqmif” တဲ့ အူကြောင်ကြောင် နာမည်ပဲ။ ကျွန်တော် ခဏလောက် ထိုင်စဉ်းစားပြီးတဲ့နောက် “Ami” ဆိုတာဟာ ပြင်သစ်လို မိတ်ဆွေလို့ ပြောတာဆိုတာကို သဘောပေါက်မိတယ်။

စာကို စားပွဲအံဆွဲထဲ ပြောင်းထားလိုက်တယ်။ အဝတ်အစားလဲပြီး အပြင်ကို

ထွက်လာလိုက်တယ်။ ကျွန်တော် စာအနားမှာ ဆက်နေရင် နောက်ထပ် ဆယ်ကြိမ်၊ အကြိမ်နှစ်ဆယ် ထပ်ဖတ်မိမှာစိုးလို့ပါ။ တနင်္ဂနွေ နေ့လယ်ခင်းကို တိုကျိုမြို့ရဲ့လမ်းတွေပေါ် ရည်ရွယ်ရာမဲ့ လျှောက်ပစ်လိုက်တယ်။ နာအိုကိုနဲ့တုန်းကလိုပေါ့။ လမ်းတလမ်းကနေ နောက်ထပ် လမ်းတလမ်းကို ကူးတိုင်း နာအိုကိုရဲ့ စာထဲမှာပါတဲ့ စာကြောင်းတွေကို တကြောင်းချင်း ရနိုင်သလောက် စဉ်းစားကြည့်နေမိတယ်။ နေဝင်သွားတော့ ကျွန်တော် အဆောင်ကို ပြန်လာခဲ့တယ်။ ဟိုးအဝေးကြီးမှာရှိတဲ့ မိတ်ဆွေအဆောင်ကို ဖုန်းလှမ်းဆက်လိုက်တယ်။ ညှို့ကြို အမျိုးသမီးတဦး ဖုန်းကိုင်တယ်။ နောက်နေ့ နေ့လယ်ခင်းမှာ နာအိုကို့ဆီ လာလည်လို့ ရမလားလို့ မေးလိုက်တယ်။ ကျွန်တော့်နာမည် မေးပြီးတော့ နောက်နာရီဝက်အတွင်း ဖုန်းပြန်ဆက်ပါလို့ ဆိုပါတယ်။

ညစာစားပြီးတဲ့နောက် ကျွန်တော် ဖုန်းပြန်ဆက်တော့ ခုနကအမျိုးသမီးပဲ ဖုန်းကိုင်ပါတယ်။ ကျွန်တော် နာအိုကို့ဆီလာဖို့ အဆင်ပြေပါတယ်လို့ သူက ပြောပါတယ်။ ကျေးဇူးတင်ကြောင်းပြောပြီး ဖုန်းချလိုက်တယ်။ အဝတ်ပိုတစုံနဲ့ သွားတိုက်ဆေး၊ သွားတိုက်တံတွေကို ကျောပိုးအိတ်ထဲ ထည့်လိုက်ပါတယ်။ နောက်တော့ The Magic Mountain စာအုပ်ကို ကောက်ကိုင်ပြီး ဘရန်ဒီသောက်ပြီး အိပ်ချင်တဲ့အထိ ဖတ်နေမိတယ်။ တနာရီကျော်ကတည်းက ခုအထိတော့ ကျွန်တော် အိပ်မပျော်သေးဘူး။

■

အခန်း (၆)

တနင်္လာနေ့ မနက်ခုနစ်နာရီမှာ ကျွန်တော် နိုးနိုးချင်းပဲ မျက်နှာသစ်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးရိတ်ရိတ်ပြီးချင်း မနက်စာတောင် မစားတော့ဘဲ အဆောင်မှူးရုံးခန်းကိုသွားပြီး ကျွန်တော် နှစ်ရက်လောက် ခြေလျင်တောင်တက်ဖို့ သွားမယ်လို့ ပြောလိုက်ပါတယ်။ ကျွန်တော် အားတိုင်း ခရီးတိုလေးတွေထွက်တတ်တာကြောင့် သူကတော့ မအံ့သြတော့ပါဘူး။ ကျွန်တော် လူကျပ်တဲ့ရထားစီးပြီး တိုကျိုဘူတာကိုသွားလိုက်တယ်။ ပြီးတော့ ကျိုတိုသွားမယ့် ကျည်ဆန်ရထား လက်မှတ်ဝယ်လိုက်တယ်။ ရထားပေါ်ရောက်မှ မနက်စာအဖြစ် ကော်ဖီနဲ့ ဆင်းဒဝစ်ချ် စားသောက်ပြီး နာရီဝက်လောက် အိပ်လိုက်ပါတယ်။ ကျိုတိုရောက်တော့ ဆယ့်တစ်နာရီတောင် မထိုးသေးဘူး။ နာအိုကိုရဲ့လမ်းညွှန်ချက်အတိုင်း ဘက်စ်ကားစီးပြီး၊ ကျိုတိုမြောက်ဘက် ဆင်ခြေဖုံးကို ထွက်လာပါတယ်။ ကျွန်တော် နောက်ထပ် ပြောင်းစီးရမယ့် ဘတ်စ်ကားက ၁၁ နာရီ ၃၅ မှ ထွက်မှာလို့ သိရပါတယ်။ ကျွန်တော် နောက်ထပ် တနာရီလောက် စီးရမယ်လို့ သိရပါတယ်။ ကျွန်တော် ကားလက်မှတ်ဝယ်ပြီးတဲ့နောက် စာအုပ်ဆိုင်မှာ မြေပုံသွားဝယ်ခဲ့တယ်။ ပြီးတော့ စောင့်ဆိုင်းခန်းမှာ ထိုင်ပြီး မိတ်ဆွေအဆောင်က ဘယ်မှာရှိမလဲဆိုတာ တိတိကျကျ သိနိုင်ဖို့ ထိုင်ကြည့်နေပါတယ်။ မြေပုံကြောင့် ကျွန်တော် ထင်ထားတာထက် တောင်ပိုထူတဲ့နေရာမှာ ရှိတယ် ဆိုတာ သိလာရတယ်။ ဘက်စ်ကားဟာ မြောက်ဘက် တောင်ကုန်းတွေ ဖြတ်ကျော်ပြီးတဲ့နောက် ချောက်နက်နက် အဆင်းလမ်းတွေကို ဆင်းလာတယ်။ လမ်းဟာ အကွေ့အကောက်များပြီး အတက်၊ အဆင်း မြန်တာကြောင့် ကားမောင်းသမားဟာ စတီယာတိုင် မပြတ်တမ်းအားနဲ့ ထိန်းချုပ် နေရတယ်။ လမ်းကြမ်းတာကြောင့် ကျွန်တော် အန်ချင်စိတ်ဖြစ်လာတယ်။ ဗိုက်ထဲမှာလည်း မနက်ကသောက်ခဲ့တဲ့ ကော်ဖီပဲ ရှိတယ်။ အကွေ့အကောက်တွေ အများကြီး ကျော်ဖြတ်ပြီးတဲ့နောက် လမ်းဟာ ပြေစပြုလာတယ်။ နောက်တော့ ဘတ်စ်ကားဟာ တောင်တမာပင် တောထဲ ရောက်သွားပြန်တယ်။ တောအုပ်ဆုံးတော့ မျှော်လေရာ တောင်တွေဝိုင်းရံထားတဲ့ နေရာကို ရောက်လာတယ်။ လမ်းကကျယ်ပြီး နေရာတိုင်းမှာ စိမ်းစိမ်းစိုစို စိုက်ခင်းတွေကို မြင်နေရတယ်။ ကားလမ်းဘေးမှာရှိတဲ့ မြစ်ကလည်း လှဲ့လှဲ့စိမ်းနေတယ်။ လမ်းဘေးတလျှောက်မှာလည်း ရှိတဲ့ ယာစောင့်အိမ်တွေမှာ တံစက်မြိတ်လောက်အထိ ထင်းတွေ ပုံထားတာ တွေ့ရတယ်။ ထင်းပုံတွေတိုင်းပေါ်မှာ ကြောင်တကောင်ရှိတယ်။ အဲ့ဒီလိုအိမ်တွေ တွေ့ပေမယ့် လူတယောက်မှတော့ မတွေ့ရဘူး။

အဲဒီလိုမြင်ကွင်းကို ခဏခဏပြန်မြင်နေရတယ်။ ဘတ်စ်ကားဟာ တောင်တမာတောအုပ်ထဲ ဝင်သွားလိုက်၊ ပြန်အထွက်မှာ ရွာတရွာ တွေ့လိုက်၊ နောက်တော့ တောအုပ်ထဲ ဝင်သွားလိုက်ပေါ့။

လမ်းတလျှောက်မှာရှိတဲ့ ရွာတွေဟာ သေးငယ်သထက် သေးငယ်လာတယ်။ စိုက်ပျိုးရေးနယ်ပယ် ဧရိယာတွေကလည်း တဖြည်းဖြည်း ကျဉ်းမြောင်းလာတယ်။ တောင်တွေကလည်း တဖြည်းဖြည်း မတ်စောက်လာတယ်။ ဘတ်စ်ကားပြတင်းပေါက်နဲ့ တောင်နံရံတွေဟာ ပိုပိုပြီး နီးလာလေရဲ့။ ဒီနေရာကို ဘတ်စ်ကားတစင်း ရောက်လာတာက ခွေးအကောင်ရေ မြောက်များစွာ ရောက်လာတဲ့ နေရာတခုလိုပဲ။ ခွေးတွေ အအူပြိုင်တဲ့ နေရာတခုလိုတောင် ဖြစ်လို့လာတယ်။

ဘတ်စ်ကားဂိတ်ရောက်တော့ ကျွန်တော် ဆင်းလိုက်တယ်။ အဲဒီနေရာမှာ ဘာဆိုဘာမှ မရှိဘူး။ လူနေအိမ် မရှိဘူး။ လယ်ကွင်း မရှိဘူး။ ဘတ်စ်ကားဂိတ် ဆိုင်းဘုတ်တခုကလွဲလို့ပေါ့။ ပြီးတော့ စမ်းချောင်းသေးသေးလေးတခုရယ်။ တောလမ်းကြောင်းတခုရဲ့ အစရယ်ပဲ ရှိတယ်။ ကျောပိုးအိတ်ကို ပခုံးမှာလွယ်ပြီး တောလမ်းအတိုင်း ကျွန်တော် လျှောက်လာခဲ့တယ်။ တောအုပ်ရဲ့ညာဘက်မှာ ရွက်ကြွေသစ်ပင်တွေဟာ အစီအရီ ပေါက်ရောက်လို့နေတယ်။ တောလမ်းရဲ့ဘယ်ဘက်မှာ စမ်းချောင်းကလေးကတော့ ညင်ညင်သာသာ စီးဆင်းလို့ နေတယ်။ ကျွန်တော်ဟာ တောအုပ်ထဲမှာရှိတဲ့ လျှောစောက်ပြေပြေကလေးကို ဆယ့်ငါးမိနစ်လောက် တက်လိုက်ရပြီး တောအုပ်ရဲ့ညာဘက်ချိုးတဲ့ လမ်းအတိုင်း လျှောက်ပစ်လိုက်တယ်။ ကားကြီးတစီး ဝင်ထွက်နိုင်လောက်တဲ့ ထွက်ပေါက်ကို ရောက်တော့ လမ်းရဲ့တဖက်မှာ “မိတ်ဆွေအဆောင်၊ ပုဂ္ဂလိကမြေ၊ ဖြတ်သန်းသွားလာခွင့်မပြု” ဆိုတဲ့ ဆိုင်းဘုတ်ကို တွေ့လိုက်ရတယ်။

သစ်ပင်တွေကို ဖြတ်ကျော်ပြီးသွားတဲ့ လမ်းမှာ ကားတာယာအရာတွေကို ထင်ထင်ရှားရှား မြင်တွေ့နေရတယ်။ မကြာခဏဆိုသလို သစ်ပင်တွေကြားထဲကနေ ငှက်တွေရဲ့ တောင်ပံခတ်သံတွေ ကြားနေရတယ်။ တောအုပ်ရဲ့တဖက်ကနေ အသံချဲ့စက်နဲ့ ဖွင့်ထားတဲ့ အသံတွေလို ကြည်ကြည်လင်လင် ကြားနေရတယ်။ တကြိမ်မှာတော့ ဟိုးဝေးဝေးဆီကနေ ရိုင်ဖယ်ပစ်သံ တချက်ကို ကြားလိုက်ရတယ်။ ဒါပေမဲ့ အသံက တိုးတိုးလျှလျှရယ်ပါ။

တောအုပ်ကို ကျော်လာပြီးတဲ့နောက်မှာတော့ အဖြူရောင်ကျောက်တုံးနံရံတခုကို တွေ့လိုက်ရတယ်။ အဲဒီနံရံဟာ ကျွန်တော့်ရဲ့အရပ်လောက်ပဲ ရှိမယ်။ နံရံပေါ်မှာ ဘာအတားအဆီးတွေမှ တားထားတာ မတွေ့ရဘူး။ ကျွန်တော်သာ ကျော်တက်မယ်ဆိုရင် လွယ်လင့်တကူ ကျော်တက်လို့ ရနိုင်မယ့် ပုံစံမျိုးပဲ။ တောင့်တင်းခိုင်မာလှတဲ့ အနက်ရောင်

သံတံခါးကြီးတခုကိုလည်း တွေ့ရတယ်။ သံတံခါးရဲ့ အဝင်ပေါက်ကို ခပ်ကျယ်ကျယ် ဖွင့်ထားတယ်။ အစောင့်ရုံမှာ လူတယောက်မှ မရှိဘူး။ အဝင်ပေါက်နားမှာ နောက်ထပ် ဆိုင်းဘုတ်တခု ထပ်တွေ့ရပြန်တယ်။ "မိတ်ဆွေဟောင်း၊ ပုဂ္ဂလိကပိုင်မြေ၊ ဖြတ်သန်းသွားလာခွင့်မပြု" တဲ့။ တံခါးစောင့်ဟာ ဒီနေရာမှာ အချိန်အတော်ကြာ ထိုင်သွားခဲ့ကြောင်း အရိပ်အယောင်တွေ တွေ့ရတယ်။ စီးကရက်အတို သုံးခုပါတဲ့ ပြာခွက်၊ တဝက်ပဲ ကျန်တော့တဲ့ လက်ဖက်ရည်ခွက်တခွက်၊ စင်ပေါ်မှာက ထရန်စစ္စတာ ရေဒီယိုတလုံးနဲ့ တချောက်ချောက် မြည်နေတဲ့ နာရီတလုံးကို တွေ့ရတယ်။ အစောင့်ပုဂ္ဂိုလ် ပြန်လာတဲ့အထိ ကျွန်တော် စောင့်လိုက်တယ်။ ဒါပေမဲ့ အချိန်တော်တော်ကြာတဲ့အထိ သူ ရောက်မလာဘူး။ လူခေါ်ခေါင်းလောင်းလို့ ယူဆရတဲ့ ခလုတ်တခုကိုလည်း ကျွန်တော် သုံးလေးကြိမ်လောက် နှိပ်ကြည့်လိုက်တယ်။ အဝင်ဂိတ်နားမှာ ယာဉ်ရပ်နားစခန်း လုပ်ထားတယ်။ အဲဒီမှာ မီနီဘတ်စ် တစင်း၊ ဖိုးဝိုးဒရိုက်လန်ခရူဇာ တစင်းနဲ့ အပြာရင့်ရင့် ဗော်ဗိုတစင်းကို တွေ့ရတယ်။ စုစုပေါင်း ကား သုံးဆယ်လောက် ထားနိုင်ပေမယ့် လောလောဆယ် အဲ့ဒီကားသုံးစင်း ရပ်ထားတာ တွေ့ရတယ်။

နှစ်မိနစ်၊ သုံးမိနစ်လောက်ကြာတော့ ရေတပ်အပြာရောင် ယူနီဖောင်းကို ဝတ်ထားတဲ့ အစောင့်ဟာ အဝါရောင်စက်ဘီးစီးပြီး၊ တောလမ်းထဲကနေ ထွက်ပေါ်လာတယ်။ သူဟာ အရပ်ရှည်ပြီး အသက်ခြောက်ဆယ်စွန်းစွန်း အရွယ်ပဲ။ သူဟာ စက်ဘီးကို အစောင့်ရုံမှာ မှီထောင်လိုက်တယ်။ "စောင့်နေခိုင်းမိတဲ့အတွက် တောင်းပန်ပါတယ်" သူ တကယ် အားနာတဲ့ ပုံမပေါ်ဘဲ ပြောပါတယ်။ သူ့စက်ဘီးရဲ့ရှေ့ကာနေရာမှာ နံပါတ် ၃၂ ကို အဖြူရောင်နဲ့ ရေးထားတယ်။

ကျွန်တော် နာမည်ပြောလိုက်တော့ သူ ဖုန်းကိုင်ပြီး ကျွန်တော့်နာမည်ကို နှစ်ကြိမ် ထပ်ပြောပြန်ပါတယ်။ ပြီးတော့ "ဟုတ်ကဲ နားလည်ပါတယ်" လို့ တဖက်လူကို ပြောပြီး ဖုန်းချလိုက်တယ်။

"ပင်မ အဆောက်အဦကြီးဆီသွားပါ။ ပြီးတော့ ဒေါက်တာ အီရှီဒါကို ရှာပါ" လို့ သူက ကျွန်တော့်ကို ပြောတယ်။ ဒီလမ်းအတိုင်း တည့်တည့်လျှောက်သွား၊ အဆုံးမှာ အဝိုင်းတခု တွေ့လိမ့်မယ်။ အဲဒီအဝိုင်းရဲ့ဘယ်ဘက်မှာရှိတဲ့ ဒုတိယမြောက်လမ်းကိုဝင်သွား။ အဲဒီမှာ အိမ်အဟောင်းတလုံးကို တွေ့ရလိမ့်မယ်။ အဲ့ဒီအိမ်ရဲ့ညာဘက်ကိုချိုးပြီး သစ်ပင်တွေရှိတဲ့ လမ်းအတိုင်း ဆက်သွား၊ သုံးထပ်အဆောက်အဦကြီးတခု တွေ့ရလိမ့်မယ်။ အဲဒါက ပင်မအဆောက်အဦပဲ။ သွားရတာ လွယ်ပါတယ်။ ဆိုင်းဘုတ်တွေကိုသာ ကြည့်ပြီးသွားလိုက်"

သူပြောတဲ့အတိုင်း ကျွန်တော် အဝိုင်းကိုရောက်တော့ ဘယ်ဘက် ဒုတိယလမ်းကို ချိုးလိုက်တယ်။ အဲ့ဒီလမ်းဆုံးတော့ အိမ်အဟောင်းတလုံး

တွေ့ရတယ်။ အဲဒီအိမ်ဟာ တချိန်တုန်းက လူတယောက်ရဲ့ ကျေးလက်အိမ် ဖြစ်ခဲ့ပုံရတယ်။ အိမ်နားမှာ ပုံဖော်ထားတဲ့ ကျောက်တုံးတွေနဲ့ အသေးစား ဥယျာဉ်လေးတခုကို တွေ့ရတယ်။ ညာဘက်ချိုးပြီး သစ်ပင်လမ်းအတိုင်း ဆက်လျှောက်သွားတော့ သုံးထပ်ကွန်ကရစ် အဆောက်အဦကြီးတခုကို တွေ့ရပါတယ်။ အဆောက်အဦရဲ့ဒီဇိုင်းက ရိုးရှင်းပြီး သန့်ရှင်းကြည်လင်မှုက အထင်ကြီးစရာပါပဲ။

ဝင်ပေါက်က ဒုတိယထပ်မှာရှိတော ကျွန်တော် လှေကားနဲ့ အပေါ်တက်လိုက်တယ်။ မှန်သားထူထူနဲ့ တံခါးကို ကျော်ပြီးတဲ့နောက် ဧည့်ကြိုကောင်တာစားပွဲမှာ ထိုင်နေတဲ့ အနီရောင်ဝတ်စုံနဲ့ ဧည့်ကြို ကောင်မလေးတယောက်ကို တွေ့ရတယ်။ ကျွန်တော့်နာမည် သူ့ကို ပြောလိုက်တယ်။ သူက ကျွန်တော့်ကို ဒေါက်တာ အီရှီဒါနဲ့ တွေ့ဖို့ပြောပါတယ်။ ကျွန်တော့်ကို ဆိုဖာပေါ်မှာထိုင်ပြီး ဒေါက်တာ အီရှီဒါအလာကို ထိုင်စောင့်ဖို့ အပြုံးကလေးနဲ့ ပြောပါတယ်။ ပြီးတော့ သူဖုန်းခေါ်တာ တွေ့ရတယ်။ ကျောပိုးအိတ်ကို ကျွန်တော် အောက်ချလိုက်တယ်။ ပြီး ဆိုဖာကို ကျောမှီပြီး ပတ်ဝန်းကျင်ကို စူးစမ်းကြည့်နေမိတယ်။ ဧည့်ခန်းဟာ သန့်ရှင်းပြီး နှစ်လိုဖွယ်ကောင်းပါတယ်။ ပန်းအိုးအလှတွေ၊ လက်ရာကောင်းတဲ့ ဒြပ်မဲ့ ပန်းချီကားတွေနဲ့ ပြောင်လက်နေအောင် ပေါလစ်တိုက်ထားတဲ့ ကြမ်းပြင် ရှိနေတယ်။ ကျွန်တော် ထိုင်စောင့်နေစဉ်မှာပဲ ကျွန်တော် ရှူးဖိနပ် အရောင်ပြန်နေတာကို ထိုင်ကြည့်နေမိတယ်။

"ဒေါက်တာ မကြာခင် ရောက်လာပါလိမ့်မယ်ရှင်" လို့ ဧည့်ကြိုကောင်မလေးက ကျွန်တော်ကို ထပ်ပြောပါတယ်။ ကျွန်တော် ခေါင်းငြိမ့်လိုက်တယ်။ မယုံကြည်နိုင်လောက်အောင် တိတ်ဆိတ်တဲ့ နေရာတခုပါပဲ။ ဘယ်လိုအသံမျိုးမှ မရှိပါဘူး။ ရှိသမျှလူတွေအားလုံး နေ့လယ်ခင်းမှာ တရေးအိပ်နေသလားတောင် ထင်ရတယ်။ လူတွေ၊ တိရစ္ဆာန်တွေ၊ ပိုးမွှားတွေ အားလုံး အိပ်မျှားနေကြလားလို့ ကျွန်တော် တွေးမိတယ်။ တော်တော်ကြီးကို တိတ်ဆိတ်တဲ့ နေ့လယ်ခင်းပါ။

သိပ်မကြာခင်မှာပဲ ရာဘာဖိနပ်နဲ့ ကြမ်းပြင်ကို နင်းလျှောက်လာတဲ့အသံကို ကျွန်တော် ကြားရတယ်။ ရင့်ကျက်တည်ငြိမ်တဲ့ ခြေသံနဲ့အတူ ဆံပင်တိုနဲ့ အမျိုးသမီးတဦး ပေါ်လာတယ်။ ဧည့်ခန်းကို ဖြတ်လျှောက်လာပြီး ကျွန်တော့်နံဘေးမှာ သူ ဝင်ထိုင်ပါတယ်။ သူ့ခြေထောက်ကို ချိတ်ထိုင်ပြီး ကျွန်တော့်လက်ကို လှမ်းယူပါတယ်။ လက်ဆွဲ မနှုတ်ဆက်ဘဲ ကျွန်တော့်ရဲ့လက်ဖမိုးနဲ့ လက်ကို အသေးစိတ် လှေ့လာနေပြန်တယ်။

"မင်းကြည့်ရတာ အချိန်တော်တော်ကြာအောင် ဘာတူရိယာမှ တီးခတ်ပုံ

မပေါ်ဘူး။ ဟုတ်တယ်မဟုတ်လား” လို့ သူ့ပါးစပ်ကနေ ပထမဆုံး ထွက်ပေါ်လာပါတယ်။

“ဟုတ်ပါတယ်။ ခင်ဗျားပြောတာ မှန်ပါတယ်” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“မင်းရဲ့လက်ကို ကြည့်ပြီး ငါပြောလို့ရတယ်” လို့ သူက ပြုံးပြီး ပြောပါတယ်။

သူ့ပြောပုံအရ ဒီအမျိုးသမီးဟာ နည်းနည်းတော့ ထူးဆန်းသလိုပါပဲ။ သူ့မျက်နှာပေါ်မှာ အရေးအကြောင်း တော်တော်များများ တွေ့ရတယ်။ သူ့မျက်လုံးတွေကို ကြည့်တော့လည်း အသက် သိပ်ကြီးပုံ မပေါ်ဘူး။ သူ့မျက်လုံးတွေက သူဟာ ငယ်ရွယ်သေးတယ်လို့ ပြနေတယ်။ သူ့မျက်နှာပေါ်က အရေးအကြောင်းတွေဟာ သူ မွေးကတည်းက ပါလာတဲ့ပုံစံမျိုးပါပဲ။ သူပြုံးတဲ့အခါ အရေးအကြောင်းတွေကလည်း လိုက်ပြုံးပါတယ်။ သူ မျက်မှောင်ကြုတ်ရင် အရေးအကြောင်းတွေ ကလည်း လိုက်ပြီး မျက်မှောင်ကြုတ်ပါတယ်။ သူပြုံးလည်း မပြုံး၊ မျက်မှောင်လည်း မကြုတ်တဲ့ အခြေအနေမျိုးမှာဆိုရင် အရေးအကြောင်းတွေဟာ ထူးထူးခြားခြား တည်ငြိမ်နေသလို၊ အသိရခက်တဲ့ ပုံစံမျိုးနဲ့ ရှိနေတတ်တယ်။ ဒီအမျိုးသမီးဟာ သုံးဆယ်ကျော် လေးဆယ်နား အရွယ်ပါပဲ။ သူဟာ သဘောကောင်းရုံသာမက သူ့ရဲ့သဘောကောင်းမှုက ဆွဲဆောင်မှုလည်း ရှိပါတယ်။ ကျွန်တော် ပထမဆုံး တွေ့တဲ့ အခိုက်အတန့်လေးမှာတင် သူ့ကို သဘောကျမိပါတယ်။ သူ့ဆံပင်ပုံစံက ပြီးစလွယ် ညှပ်ထားပုံရပြီး နဖူးပေါ်မှာ ဆံနွယ်စတွေ ကျနေပါတယ်။ ဒါပေမဲ့ အဲ့ဒီ ဆံပင်ပုံစံက သူနဲ့ တော်တော်လိုက်ဖက်ပါတယ်။ သူဟာ အဖြူရောင်တီရှပ်ပေါ်မှာ ရှပ်အင်္ကျီ ဝတ်ထားပြီး နို့နှစ်ရောင်ဘောင်းဘီပွပွနဲ့ ရှူးဖိနပ်ကို ဆင်မြန်းထားပါတယ်။ သူဟာ အရပ်ရှည်ပြီး သွယ်လျတယ်။ သူ့ရင်သားတွေအတွက် ဘာမှ ဝတ်ဆင်ထားပုံ မရဘူး။ သူ့နှုတ်ခမ်းဟာ တဖက်ထဲမှာ ကွေးကွေးလေးဖြစ်တတ်ပုံက စိတ်ဝင်စားစရာပဲ။ မျက်လုံးထောင့်တွေမှာရှိတဲ့ အရေးအကြောင်းလေး တွေဟာ မသိမသာ လှုပ်တတ်တယ်။ သူ့ကြည့်ရတာ နွေးထွေးပြီး၊ အရည်အချင်း ပြည့်စုံနေပေမယ့် ကမ္ဘာကြီးကို စိတ်ကုန်နေတဲ့ လက်သမားတယောက်လိုပါပဲ။

သူ့မေးစေ့က ချွန်ပြီး နှုတ်ခမ်းက ကွေးညွတ်တယ်။ သူကလည်း ကျွန်တော့်ကို အချိန်ယူပြီး ခြေဆုံးခေါင်းဖျား ပြန်ကြည့်ပါတယ်။ သူဟာ သူ့ရဲ့တိပ်ကြိုးကိုထုတ်ပြီး၊ ကျွန်တော့်ရဲ့နေရာအနှံ့ကို တိုင်းတာနေတယ်လို့ ကျွန်တော် ထင်နေမိတယ်။

“မင်း ဘာတူရိယာ တီးတတ်လဲ” သူ ကျွန်တော့်ကို မေးတယ်။

"ကျွန်တော် ဘာမှ မတီးတတ်ဘူးဗျ" လို့ ဖြေလိုက်တယ်။

"တော်တော်ညံ့တာပဲ။ ဂီတဟာ ပျော်ရွှင်ဖို့ကောင်းတယ်" လို့ သူ ပြောတယ်။

"ကျွန်တော့်ကို ဘာဖြစ်လို့ တူရိယာတွေအကြောင်းပဲ ပြောနေရတာလဲ" လို့ ကျွန်တော် မေးလိုက်တယ်။

သူ ကြယ်ခုနစ်ပွင့်တံဆိပ် စီးကရက်ဗူးကို အင်္ကျီအိတ်ကပ်ထဲက ထုတ်လိုက်တယ်။ စီးကရက် တလိပ်ကို နှုတ်ခမ်းမှာ တပ်ပြီး မီးညှိလိုက်တယ်။ ပြီးတော့ သူဟာ စီးကရက်ကို ဖိမ်ခံပြီး ဖွာရှိုက်နေပြန်တယ်။

"ဒီနေရာအကြောင်း မင်းကို နားလည်အောင် ပြောပြမလို့ပါ။ ဝါတာနာဘီ...၊ ဟုတ်တယ်နော်။ နာအိုကိုနဲ့ မတွေ့ပေးခင် ဒီနေရာကို မင်းသိဖို့လိုတယ်။ အဲဒါကြောင့် ငါတို့ ခုလို စကားပြောနေရတာပါ။ မိတ်ဆွေအဆောင်ဟာ ပုံမှန်အဆောင် မဟုတ်ဘူး။ ဒီအဆောင်အကြောင်း မသိရင် မင်းအတွက် ရှုပ်ထွေးလိမ့်မယ်။ ဒီနေရာအကြောင်း မင်း ဘာမှမသိဘူး။ ဟုတ်တယ် မဟုတ်လား"

"လုံးဝကို မသိပါဘူး"

"ကောင်းပြီလေ။ ဒါနဲ့ မင်း နေ့လယ်စာ စားပြီးပြီလား၊ မင်း ဗိုက်ဆာနေပြီလို့ ငါထင်တယ်"

"ခင်ဗျားပြောတာ မှန်ပါတယ်"

"ဒါဆို ငါနဲ့လိုက်ခဲ့။ နေ့လယ်စာစားရင်း ထမင်းစားခန်းထဲမှာ ငါတို့ စကားဆက်ပြောကြတာပေါ့။ နေ့လယ်စာ စားချိန်ကတော့ ကုန်သွားပြီ၊ ဒါပေမဲ့ ငါတို့ စားလို့ရပါတယ်"

သူက ရှေ့ကဦးဆောင်ပြီး ကော်ရစ်ဒါတလျှောက် ခပ်သုတ်သုတ် လျှောက်သွားနေတယ်။

ပထမထပ်မှာရှိတဲ့ ထမင်းစားခန်းထဲ သွားဖို့ ကျွန်တော်တို့ လှေကားနဲ့ ဆင်းလာခဲ့ရတယ်။ ထမင်းစားခန်းက လူနှစ်ရာလောက် ဆန့်မယ့် အခန်းကျယ်ကြီးတခုပါပဲ။ ဒါပေမဲ့ အခန်းရဲ့ တဝက်လောက်ကိုပဲ အသုံးပြုပြီး ကျန်တဝက်ကို အခန်းခွဲထားတာ တွေ့ရတယ်။ ရာသီပြင်ပမို့လို့ လူသိပ်မလာတဲ့ အပန်းဖြေ မိုတယ်တခုလိုပေါ့။ ဒီနေ့အတွက် အစားအသောက်စာရင်းက ခေါက်ဆွဲ၊ အာလူးကြော်၊ အရွက်၊ လိမ္မော်ရည်နဲ့ ပေါင်မုန့်လို့ ပြထားတယ်။ ဟင်းသီးဟင်းရွက်တွေဟာ နာအိုကိုရဲ့စာထဲမှာ ပါသလို အရသာရှိပါတယ်။

ပန်းကန်ထဲရှိသမျှ ကျွန်တော် ကုန်အောင် စားလိုက်တယ်။

"စားလို့ကောင်းရဲ့လား" အမျိုးသမီးက မေးတယ်။

"စားလို့ကောင်းပါတယ်။ ကျွန်တော်ကလည်း တနေကုန် ဘာမှ မစားရသေးတော့ ပိုဝင်နေတယ်"

"ထပ်ထည့်စားပါဦး။ ငါကတော့ ဗိုက်တင်းနေလို့ မစားနိုင်တော့ဘူး"

"ဟုတ်ကဲ့ ထပ်ထည့်စားပါ့မယ်"

"ငါက အစာအိမ်သေးတော့ အများကြီး မစားနိုင်ဘူး။ အဲဒီတော့ စီးကရက်ပဲသောက်ဖြစ်တယ်" လို့ ဆိုပြီး ကြယ်ခုနစ်ပွင့်စီးကရက်ကို ထုတ်သောက်နေပြန်တယ်။ "ဒါနဲ့ စကားမစပ် မင်းငါ့ကို ရီကိုလို့ ခေါ်နိုင်ပါတယ်။ လူတိုင်းလည်း အဲဒီလိုပဲ ခေါ်တယ်"

ရီကိုဟာ ကျွန်တော် စားနေပုံကို ကြည့်ပြီး အားရနေတဲ့ပုံပါပဲ။ ကျွန်တော်က အာလူးစားလိုက်၊ ပေါက်မုန့်ကိုက်လိုက်နဲ့ပေါ့။

"ခင်ဗျားက နာအိုကိုရဲ့ ဒေါက်တာလား" လို့ ကျွန်တော် မေးလိုက်တယ်။

"ငါက နာအိုကိုရဲ့ဒေါက်တာလား ဟုတ်လား" လို့ သူမျက်တောင်ပင့်ပြီး မေးလိုက်တယ်။ "ငါ့ကို ဒေါက်တာလို့ ဘာကြောင့် ထင်ရတာလဲ"

"ကျွန်တော်တွေ့ခဲ့တဲ့သူတွေက ကျွန်တော့်ကို ဒေါက်တာအီရှီဒါနဲ့ တွေ့လိုက်ပါလို့ ပြောတာကြောင့်ပါ"

"သြော်… ငါနားလည်ပြီ။ ငါ ဒေါက်တာမဟုတ်ပါဘူး။ ငါက ဒီမှာ ဂီတသင်ပေးတဲ့သူပါ။ ဂီတဟာ ဒီက လူနာအချို့အတွက် ကုထုံးတခုပါပဲ။ အဲဒါကြောင့် သူတို့က ငါ့ကို 'ဂီတဒေါက်တာ' လို့ ခေါ်ကြတာပါ။ တခါတလေကျတော့လည်း ဒေါက်တာအီရှီဒါလို့ ခေါ်ကြတယ်။ ဒါပေမဲ့ ငါကိုယ်တိုင်လည်း ဒီက လူနာတယောက်ပါပဲ။ ငါ ဒီကိုရောက်နေတာ ခုနစ်နှစ်ကျော်ပြီ။ ဂီတဒေါက်တာလုပ်ရင်း ဒီနေရာကို ငါအကူအညီပေးတယ်။ အဲဒီတော့ ငါ့ကို လူနာလို့လည်း ပြောလို့မရသလို၊ ဝန်ထမ်းလို့လည်း ပြောလို့မရတော့ဘူးပေါ့။ နာအိုကို ငါ့အကြောင်း ပြောဖူးဘူးလား"

ကျွန်တော် ခေါင်းခါလိုက်တယ်။

"အဲဒါထူးဆန်းတယ်" လို့ ရီကိုက ပြောတယ်။ "ငါက နာအိုကိုရဲ့အခန်းဖော်ပါ။ ငါ သူနဲ့နေရတာ ကြိုက်တယ်။ ငါတို့ အကြောင်းအရာမျိုးစုံ

ပြောဖြစ်ကြတယ်။ မင်းရဲ့အကြောင်းလည်း အပါအဝင်ပေါ့”

“ကျွန်တော့်အကြောင်း ဘာတွေများလဲ”

“ခဏနေဦး၊ အရင်ဆုံး ငါ ဒီနေရာအကြောင်းသိအောင်ပြောရမယ်” လို့ ရီကိုက ကျွန်တော့်မေးခွန်းကို ပြန်မဖြေဘဲပြောတယ်။ “ပထမဆုံး မင်းသိရမှာက ဒီနေရာဟာ သမားရိုးကျ အဆောင်မဟုတ်ဘူး ဆိုတာပါပဲ။ ဒီနေရာမှာ ဆရာဝန် အရေအတွက် နည်းနည်းရှိတယ်။ သူတို့တွေဟာ အလှည့်ကျ တာဝန်ထမ်းဆောင်ကြတယ်။ သူတို့ရဲ့တာဝန်က လူနာတွေကို လှည့်ကြည့်ရုံလောက်ပါပဲ။ အပူချိန်တိုင်းတာလောက်ပဲ လုပ်ကြတယ်။ ပုံမှန်ဆေးရုံတွေလို ဆေးကုသတာမျိုး မလုပ်ကြဘူး။ ဒီကပြတင်းပေါက်တွေမှာ သံတိုင်မရှိသလို ဂိတ်တံခါးကိုလည်း အမြဲတမ်း ကျယ်ကျယ် ဖွင့်ထားတယ်။ ဒီနေရာကို လာတဲ့လူတွေဟာ ကိုယ့်သဘောနဲ့ကိုယ် လာတတ်ကြသလို ကိုယ့်သဘောနဲ့ကိုယ်ပဲ ပြန်ထွက်သွားတတ်ကြတယ်။ ဒီကိုရောက်လာတဲ့သူတွေဟာ ရောဂါတခုခု ကနေ နလန်ထလာခါစ လူတွေချည်းပဲ။ အဲဒီလိုလူမျိုးတွေကိုပဲ ဒီနေရာက လက်ခံတယ်။ အဲဒီလိုမှမဟုတ် ရောဂါတမျိုးမျိုးနဲ့ ရောက်လာရင်တော့ ရောဂါသင့်လျော်မယ့် ဆေးရုံတခုခုကို လွှဲပြောင်းပေးလိုက်ကြတာချည်းပဲ။ အခုထိပြောနေတာကို နားလည်ရဲ့လား”

“နားလည်ပါတယ်။ ဒါပေမဲ့ နလန်ထတဲ့သူတွေကို ဘယ်လိုပြုစုလဲ။ နမူနာ နည်းနည်းပြောပြပါလား”

ရီကိုဟာ စီးကရက်မီးခိုးတွေ မှုတ်ထုတ်လိုက်ပြီး လက်ကျန် လိမ္မော်ရည်ကို မော့သောက်လိုက်တယ်။

“ဒီမှာရှိတဲ့ လူတွေအားလုံးဟာ နလန်ထတွေချည်းပဲ။ ဒီမှာရှိတဲ့ အစီအစဉ်ကတော့ ပုံမှန်လေ့ကျင့်ခန်း အစီအစဉ်ပါတယ်။ ပြင်ပလောကနဲ့ အဆက်အသွယ် ဖြတ်ထားမယ်။ လေကောင်းလေသန့် ရမယ်။ တိတ်ဆိတ်မယ်။ ဒီမှာရှိတဲ့ယာခင်းတွေက ငါတို့ကို ပြည့်စုံစေတယ်။ တီဗီမရှိဘူး။ ရေဒီယိုမရှိဘူး။ မင်းအခုကြားပြီးသလောက် ငါတို့အဆောင်ရဲ့သဘောကို နားလည်လောက်ရောက်ပေါ့။ ဒါပေမဲ့ အခြားအဆောင်တွေနဲ့ မတူတဲ့ တင်းကျပ်တဲ့စည်းကမ်းတခုတော့ ဒီနေရာမှာရှိတယ်”

“တင်းကျပ်တဲ့ စည်းကမ်းဟုတ်လား”

“ဟုတ်တယ်။ အဲဒီစည်းကမ်းဟာ တန်ဖိုးမကြီးသလို တန်ဖိုးလည်း မသေးဘူး။ ဒီမှာရှိတာတွေကို ကြည့်စမ်းပါဦး။ ငါတို့မှာ မြေတွေ အများကြီး ရှိတယ်။ လူနာနည်းနည်းနဲ့ ဝန်ထမ်းများများ ရှိတယ်။ ငါဆိုရင် ဒီမှာနေတဲ့နှစ်

တော်တော်များနေပြီ။ ငါကိုယ်ငါ ဝန်ထမ်းလို့တောင် ပြောလို့ရနေပြီ။ ငါ့ခွင့်အကြာကြီး ယူချင်တောင် ရနေပြီ။ ဒါပေမဲ့လည်း... ဒါနဲ့မင်း ကော်ဖီယူဦးမလား”

နည်းနည်းထပ်ယူမယ်လို့ ကျွန်တော် ပြောလိုက်တယ်။ သူ စီးကရက် မီးသတ်ပြီး ကောင်တာဘက် လျှောက်သွားတယ်။ ခေတ်ဘူးထဲကနေ ကော်ဖီနှစ်ခွက်ထည့်ပြီး ခုံဆီကို ပြန်လာတယ်။ သူ သကြားနည်းနည်း ထည့်မွှေပြီး တကျိုက်သောက်လိုက်တယ်။

“ဒီအဆောင်ဟာ အကျိုးအမြတ် လိုချင်လို့ ဖွင့်ထားတဲ့အဆောင် မဟုတ်ဘူး။ ဒီကလူတွေဆီက ဘာအကျိုးအမြတ်မှ မယူထားဘူး။ ဒီမြေကလည်း လှူထားတဲ့နေရာ။ ရည်ရွယ်ချက်တခုနဲ့ ပူးပေါင်း တည်ထောင်ထားကြတာပဲ။ ဒီနေရာကြီးတခုလုံးဟာ အလှူရှင်ရဲ့နွေရာသီနားနေအိမ် ဖြစ်ခဲ့ဖူးတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ထိပေါ့။ မင်း အိမ်အိုကြီးကို တွေ့ခဲ့တယ်မဟုတ်လား”

တွေ့ခဲ့တယ်လို့ ကျွန်တော် ပြောလိုက်တယ်။

“အဲဒီနေရာကနေ ဒီအဆောင်ကြီး စခဲ့တာပေါ့။ ဒီနေရာမှာ အုပ်စုလိုက် ကုထုံးကို စတင် ကျင့်သုံးခဲ့တယ်။ ပိုင်ရှင်ရဲ့သားဟာ စိတ်ပိုင်းဆိုင်ရာ နာမကျန်းမှု ဖြစ်ခဲ့တယ်။ ကျွမ်းကျင်တဲ့ ပညာရှင်က သူ့လိုရောဂါသည်တွေစုပြီး အုပ်စုလိုက် ကုထုံးလုပ်တာ ပိုကောင်းမယ်ဆိုလို့ ဒီအစီအစဉ် စတင်ခဲ့တာပေါ့။ အဲဒီဆရာဝန်ရဲ့ကုထုံးက လူနာအဖွဲ့ကို ဒီလိုသီးခြားနေရာမှာ နေခိုင်းပြီး ချွေးထွက်မယ့် အလုပ်တွေလုပ်ရင်း တယောက်ကို တယောက် ကူညီခိုင်းတယ်။ သူတို့ကို အကြံပေးဖို့ စောင့်ကြည့်ဖို့ ဆရာဝန်တယောက်လည်း ထားထားတယ်။ ဒီကုထုံးက တော်တန်ရုံ ရောဂါလောက်တော့ အလွယ်တကူ ကုနိုင်တယ်။ အဲဒီအစီအစဉ် အောင်မြင်သွားလို့ စိုက်ပျိုးမြေတွေ ထပ်ဝယ်တယ်။ အဆောင်တွေ ထပ်ဆောက်ခဲ့တာပဲ”

“ဆိုလိုချင်တာက ကုထုံးက ကောင်းတယ်ပေါ့'

“ဟုတ်တယ်။ ဒါပေမဲ့ အားလုံးတော့ မကောင်းနိုင်ဘူး။ မသက်သာတဲ့ လူတွေလည်း အများကြီးပဲ။ ဒါပေမဲ့ ဘယ်နေရာမှာမှ မပျောက်ခဲ့တဲ့ လူတွေဟာ ဒီနေရာမှာတော့ ပိုသက်သာလာကြတယ်။ ဒီနေရာရဲ့အကောင်းဆုံး နည်းလမ်းကတော့ ဒီမှာရှိတဲ့လူတိုင်းဟာ တယောက်ကို တယောက် ကူညီကြတာပဲ။ ဘယ်နေရာမှာမှ ဒီလိုစည်းမျိုး မရှိဘူး။ ဆရာဝန်က ဆရာဝန်၊ လူနာက လူနာပဲ။ လူနာက ဆရာဝန်ကို အကူအညီတောင်းမှ ဆရာဝန်က လူနာကို အကူအညီပေးကြတာမျိုးတွေ ချည်းပဲ။ ဒီမှာကတော့ ငါတို့အားလုံးဟာ တယောက်ကိုတယောက် ကူညီကြတာချည်းပဲ။ ငါတို့တွေဟာ

တခြားလူတွေအတွက် မုန့်တွေနဲ့တူတယ်။ ဆရာဝန်တွေဟာ ဘေးနားကနေ စောင့်ကြည့်နေတတ်ကြတယ်။ ငါတို့ အကူအညီလိုပြီလို့ သူတို့ထင်ရင် လာကူညီတတ်ကြတယ်။ တခါတလေမှာတော့ ငါတို့တွေဟာ တချို့နေရာတွေမှာ သူတို့ထက် ပိုတော်နေတတ်ကြတယ်။ ဥပမာအားဖြင့် ငါဆိုရင် ဆရာဝန်တယောက်ကို စန္ဒရားတီး သင်ပေးနေတယ်။ လူနာတယောက် ဆိုရင် သူနာပြုဆရာမတယောက်ကို ပြင်သစ်စာ သင်ပေးနေတယ်။ အဲဒီလိုမျိုးတွေချည်းပဲ။ စိတ်ပိုင်းဆိုင်ရာ ပြဿနာအချို့နဲ့ ရောက်လာတဲ့ လူနာတွေမှာ ကိုယ်ပိုင် ထူးချွန်တဲ့ ပညာရပ် တခုခုတော့ ရှိတတ်ကြတယ်။ အဲဒါကြောင့် ဒီနေရာမှာ လူတိုင်းဟာ အတူတူချည်းပဲ။ လူနာတွေ၊ ဆရာဝန်တွေ၊ ဝန်ထမ်းတွေဆိုတဲ့ စည်းမရှိဘူး။ ပြီးတော့ မင်းရောပေါ့။ မင်းဟာ ငါတို့နဲ့ အတူတူ ဒီမှာရှိနေစဉ် ငါ မင်းကို ကူညီမယ်။ မင်းကလည်း ငါ့ကို ကူညီမယ်” ရီကိုဟာ သူ့မျက်နှာကို တဖြည်းဖြည်း ပွတ်သပ်နေတယ်။ “မင်း နာအိုကို ကို ကူညီမယ်။ နာအိုကိုက မင်းကို ကူညီမယ်”

“ဒီလိုဆိုရင် ကျွန်တော် ဘာလုပ်ရမလဲ ပြောပါဦး”

“ပထမဆုံး မင်းဆုံးဖြတ်ရမှာက မင်းဟာ သူများကို ကူညီချင်တယ်။ မင်းကိုယ်တိုင်လည်း သူများရဲ့ အကူအညီ လိုတယ်ဆိုတာပဲ။ ပြီးတော လုံးဝ ရိုးသားရမယ်။ မင်း မလိမ်ရဘူး။ ဟန်မဆောင်ရဘူး။ ဒီမှာ လိုအပ်တာက အဲဒါပဲ”

“ကျွန်တော် ကြိုးစားပါ့မယ်။ ဒါနဲ့ ရီကို ခင်ဗျားဘာလို့ ဒီနေရာမှာ ခုနစ်နှစ်ကျော် နေနေရတာလဲ။ ခင်ဗျား ဒီနေရာကို ကြိုက်တယ်ပြောတယ်။ ခင်ဗျားကို ကြည့်ရတာ ဘာမှမဖြစ်သလိုပဲ”

“နေ့ထွက်ချိန်မှာတော့ ဘာမှမဖြစ်ဘူး” လို့ ပြောပြီး ရီကိုဟာ မျက်မှောင်ကြုတ်လိုက်တယ်။ “ဒါပေမဲ့ ညဘက်ရောက်လာရင်တော့ ငါဟာ ကြမ်းပြင်ပေါ်မှာ လူလိမ့်ပြီး ပါးစပ်ကလည်း သားရည်တွေ ကျနေတတ်တယ်”

“တကယ်”

“မကြောင်စမ်းပါနဲ့။ ငါ နောက်တာပါ” လို့ ခေါင်းခါပြီး မနှစ်သက်တဲ့ပုံစံနဲ့ ပြောပါတယ်။ “ငါ အခုထိ အကောင်းပတိပါပဲ။ ငါဒီမှာ နေတာက ငါ သူများကို ဂီတသင်ပေးတာ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးတာတွေ လုပ်ရင်း ကူညီပေးလို့ သူတို့သက်သာလာတာကိုကြည့်ရင်း ကြည်နူးလို့ပဲ။ ငါ ဒီနေရာကို ကြိုက်တယ်။ ငါတို့ဟာ သူငယ်ချင်းတွေထက် ပိုရင်ပိုမယ်။ လျှော့ရင်လည်း လျှော့မယ်။ အဲဒါတွေကို ငါ အပြင်လောကမှာ ရနိုင်ပါ့မလား။ အခု ငါ့အသက် သုံးဆယ့်ရှစ်နှစ်ရှိပြီ။ မကြာခင် လေးဆယ်ပြည့်တော့မယ်။ ငါက နာအိုကိုနဲ့ မတူဘူး။ အပြင်လောကမှာ ငါ့ကို မျှော်နေတဲ့သူ မရှိဘူး။ ငါ့ကို ပြန်ခေါ်မယ့် မိသားစုလည်း မရှိဘူး။ ငါ့မှာ လုပ်စရာအလုပ်လည်း မရှိသလို မိတ်ဆွေ အပေါင်းအသင်းလည်း

မရှိဘူး။ ဒီ ခုနစ်နှစ်အတွင်း အပြင်လောကကို ခြေတဖဝါးတောင် မချဖူးဘူး။ ငါ ဒီက ထွက်သွားရင်လည်း ဘာလုပ်ရမယ်မှန်း ငါမသိဘူး”

“အပြင်မှာ ကျွန်မနဲ့သင့်တော်မယ့် လောကတခု ရှိချင်ရှိမှာပေါ့။ စမ်းကြည့်သင့်တယ်လို့ မထင်မိဘူးလား”

“အင်း… နင်ပြောတာ မှန်နိုင်ပါတယ်” လို့ ပြောရင်း မီးခြစ်ကို ဟိုလက်နဲ့ ဒီလက်ကို ပြောင်းလုပ်နေတယ်။ “ဒါပေမဲ့ ငါ့မှာက ပြဿနာတွေ အများကြီးပဲဟ။ နင် နားထောင်မယ် ဆိုရင်တော့ အဆင်ပြေတဲ့ တနေ့နေ့ကျရင် ပြောပြမှာပါ”

ကျွန်တော် ခေါင်းငြိမ့်ပြလိုက်ပါတယ်။ “နာအိုကိုရော သက်သာရဲ့လား”

“သူ သက်သာလာတယ်လို့ ငါတို့ ယူဆပါတယ်။ ရောက်ခါစတုန်းက သူ့အခြေအနေက တော်တော်ဆိုးတယ်။ သူ ပြန်မှ ကောင်းပါ့မလားလို့ ငါတို့ စိတ်ပူခဲ့ရတယ်။ ဒါပေမဲ့ အခုတော့ သူ စိတ်တည်ငြိမ်သွားပါပြီ။ ပြောချင်တာကို ပါးစပ်နဲ့ ပြောနိုင်တဲ့ အခြေအနေအထိ ရောက်လို့လာခဲ့ပြီ။ သူကောင်းဖို့ လမ်းကြောင်းပေါ် ရောက်နေပါပြီ။ အရင်က သူ ရခဲ့တဲ့ ကုသမှုတွေထက် ပိုရသင့်ခဲ့တာ။ သူ့ရဲ့ရောဂါလက္ခဏာက ကိုယ့်ကိုယ်ကို သတ်သေသွားတဲ့ သူ့ရည်းစား ကီဇူကီအကြောင်းတွေကို မကြာခဏ ပြသလေ့ရှိတယ်။ သူ့မိဘတွေက နားလည်ခဲ့သင့်တာ။ ပြီးတော့ သူကိုယ်တိုင်လည်း သူ တခုခုမှားနေတယ် ဆိုတာကို နားလည်သင့်တယ်။ ဘာပဲပြောပြော သူ အိမ်မှာနေခဲ့ရတာလည်း အဆင်မပြေခဲ့ဘူး”

“သူ့မိဘတွေကကော မကောင်းဘူးလား” လို့ ကျွန်တော် ပြန်မေးမိတယ်။

“နင်မသိဘူးလား” လို့ ရီကိုက ကျွန်တော် သူ့ကို အံ့ဩတာထက် ပိုအံ့ဩတဲ့ ပုံစံနဲ့ မေးတယ်။

ကျွန်တော်ခေါင်းပဲ ခါပြလိုက်တယ်။

“နာအိုကိုကို သူ့အကြောင်း သူပြောပြခိုင်းတာ ပိုကောင်းလိမ့်မယ်လို့ ငါပိုထင်တယ်။ သူ နင်နဲ့ ပွင့်ပွင့်လင်းလင်း စကားပြောဖို့ အဆင်သင့် ဖြစ်နေပါပြီ။ ဒီနေရာရဲ့စည်းကမ်းအရတော့ နင်နဲ့ သူကို နှစ်ယောက်တည်း စကားပြောခွင့် မပေးနိုင်သေးဘူး။ ဘယ်ညွှေ့သည်မှ ဒီကလူနာတွေနဲ့ သီးခြား စကားပြောခွင့် မရဘူးလေ။ စောင့်ကြည့်တဲ့လူ တယောက်ယောက်တော့ ရှိနေရမယ်။ အဲဒီလူက ငါပဲပေါ့။ ငါဘေးမှာရှိနေရတဲ့အတွက်တော့ စိတ်မကောင်းပါဘူး။ ငါဘေးမှာရှိနေတာဟာ နင့်အတွက် အဆင်မှပြေရဲ့လား”

“အဆင်ပြေပါတယ်” လို့ ကျွန်တော် ပြုံးပြီးပြန်ပြောလိုက်တယ်။

“ပြီးတော့ ဘေးမှာ ငါရှိနေတာကို မေ့ထားလိုက်။ နင်တို့ပြောချင်တဲ့အကြောင်း လွတ်လွတ်လပ်လပ် ပြောလို့ရပါတယ်။ နင်နဲ့ နာအိုကိုအကြောင်းတွေ အားလုံးကိုလည်း ငါသိထားပါတယ်”

“အကုန်လုံးကို သိထားတယ် ဟုတ်လား”

“ဆိုပါတော့။ ငါတို့ ဒီမှာ အုပ်စုဖွဲ့နေရတယ်။ တယောက်အကြောင်း တယောက် ပိုသိအောင်လို့ပေါ့။ ပြီးတော့ နာအိုကိုနဲ့ ငါနဲ့ဟာ တယောက်အကြောင်းတယောက် အကုန်လုံး ပြောဖြစ်ကြတယ်။ ဒီမှာရှိတဲ့လူတွေမှာ လျှို့ဝှက်ချက်ရယ်လို့ သိပ်မရှိကြဘူး”

ကော်ဖီကိုသောက်ရင်း ကျွန်တော် နာအိုကိုကို လှမ်းကြည့်လိုက်တယ်။ “အမှန်အတိုင်း ပြောရရင်တော့ ကျွန်တော့်စိတ်တွေလည်း ရှုပ်ထွေးနေပါတယ်။ တိုကျိုမှာ နာအိုကိုအပေါ် ကျွန်တော် လုပ်မိခဲ့တာဟာ မှန်လား မှားလား ဆိုတာလည်း အခုထက်ထိ မသိသေးပါဘူး၊ အဲဒီအကြောင်းပဲ တချိန်လုံး စဉ်းစားနေတာပါ၊ ဒါပေမဲ့ အခုထက်ထိတော့ အဖြေမရသေးပါဘူး”

“ငါလည်း နင့်လိုပါပဲ။ နာအိုကိုလည်း မသိသေးပါဘူး။ နင်တို့နှစ်ယောက် ဆုံးဖြတ်သင့်တာတွေတော့ ရှိလိမ့်မယ်။ ငါဆိုလိုချင်တာကို သဘောပေါက်ရဲ့လား။ နင်တို့နှစ်ယောက် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ လမ်းကြောင်းအမှန်အပေါ် ရောက်အောင် ကြိုးစားသင့်တယ်။ နင်တို့နှစ်ယောက် အပြန်အလှန် နားလည်မှု ရပြီဆိုရင်ပေါ့။ အဲဒီလိုမျိုး နားလည်မှုရခဲ့ရင် နင်ပြန်သွားတဲ့အခါမှာ နင် လုပ်ခဲ့တာ မှန်၊ မမှန် ပြန်စဉ်းစားလို့ရတာပေါ့။ ငါပြောတာကို သဘောတူရဲ့လား”

ကျွန်တော် ခေါင်းငြိမ့်ပြလိုက်တယ်။

“ငါတို့သုံးယောက် တယောက်ကိုတယောက် ကူညီနိုင်လိမ့်မယ်လို့ ငါထင်တယ်။ နင်ရယ်၊ ငါရယ် နာအိုကိုရယ်ပေါ့။ တကယ်ပဲ ငါတို့ တယောက်ကိုတယောက် ကူညီချင်စိတ် ရှိတယ်ဆိုရင် ရိုးသားတဲ့စိတ် ရှိမယ်ဆိုရင်ပေါ့ဟာ။ ငါတို့သုံးယောက် ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ကြီးမားတဲ့ အကျိုးတခုခုတော့ ရမှာပါ။ နင်ဒီမှာ ဘယ်နှစ်ရက်နေမှာလဲ”

“ကျွန်တော် တိုကျိုကို သန်ဘက်ခါ ညနေစောစောပိုင်း ပြန်ရောက်ချင်တယ်။ ကြာသာပတေးနေ့ မနက်မှာ ဂျာမန် စာမေးပွဲ ရှိတာကြောင့် ကျွန်တော် စာလုပ်ရမယ်”

“ကောင်းပါတယ်။ နင်ငါတို့နဲ့အတူ နေလို့ရပါတယ်။ နင့်အတွက် ဘာမှကုန်ကျမှာ မဟုတ်ပါဘူး။ အချိန်ကို ငွဲစရာ မလိုဘဲ နင် စကားတွေ အများကြီး

ပြောလို့ရပါတယ်”

“ငါတို့ကိုပေါ့လို့ ပြောချင်တာလား” လို့ ကျွန်တော် မေးလိုက်တယ်။ “နာအိုကိုနဲ့ ငါပေါ့။ ငါတို့မှာ သီခြားအိပ်ခန်းတခန်းစီ ရှိတယ်။ ဧည့်ခန်းမှာတော့ ဆိုဖာတခုရှိတယ်။ နင် ဆိုဖာပေါ်မှာ ကောင်းကောင်း အိပ်နိုင်မှာပါ။ စိတ်မပူပါနဲ့”

“သူတို့ ခွင့်ပြုလို့လား။ ယောကျ်ားလေး ဧည့်သည်တယောက်က မိန်းကလေးအခန်းမှာ နေခွင့် ရှိလို့လား”

“ညနက်သန်းခေါင်အချိန်ကျရင် နင် အခန်းထဲလာပြီး ငါတို့ကို အဓမ္မကျင့်လိမ့်မယ်လို့တော့ ငါမထင်ပါဘူး”

“အဲဒီလို ပေါက်ပေါက်ရှာရှာ မပြောစမ်းပါနဲ့ဗျာ”

“အဲဒါဆို ဘာပြဿနာမှ မရှိပါဘူး။ ငါတို့နေရာမှာနေပေါ့။ ငါတို့စကားတွေ ကောင်းကောင်း အကြာကြီး ပြောလို့ရတာပေါ့။ အဲဒီလို စကားပြောတာဟာ အကောင်းဆုံးပဲလေ။ စကားတွေ အများကြီး ပြောပြီးရင် ငါတို့ တယောက်ကို တယောက် ပိုနားလည်လာလိမ့်မယ်။ ပြီးတော့ ငါ နင်တို့ကိုလည်း ဂစ်တာတီးပြမယ်လေ။ ငါ ဂစ်တာ ကောင်းကောင်း တီးတတ်တယ်ဟ”

“အဲဒီပုံစံနဲ့ ကျွန်တော် နေလိမ့်မယ်လို့ ခင်ဗျားသေချာလို့လား”

ရီကိုဟာ တတိယမြောက် ကြယ်ခုနှစ်ပွင့် စီးကရက်ကို နှုတ်ခမ်းကြားမှာ ညှပ်လိုက်ပြီး ပါးစပ်ထောင့်ကို ပို့လိုက်တယ်။ နာအိုကိုနဲ့ ငါဟာ ဒီကိစ္စကို တိုင်ပင်ပြီးပါပြီ။ ငါတို့နှစ်ယောက်စလုံးက နင့်ကို ဒီမှာနေဖို့ ကိုယ့်သဘောနဲ့ကိုယ် ဖိတ်ခေါ်ပါတယ်။ နင် ယဉ်ယဉ်ကျေးကျေး လက်ခံသင့်တယ် လို့ မထင်ဘူးလား”

“ကောင်းပါပြီ။ ကျွန်တော် ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံပါတယ်”

ရီကိုဟာ မျက်မှောင်တွေကုပ်ပြီး ကျွန်တော့်ကို ခဏလောက် စိုက်ကြည့်နေတယ်။

“နင်စကားပြောတဲ့ပုံစံက ပျော်ဖို့တော့ ကောင်းသားပဲ။ Catcher in the Rye ဝတ္ထုထဲက ကောင်လေးရဲ့ ပုံစံကို ယူထားတာလို့ နင် ငါ့ကို မပြောတော့ဘူးလား”

“ဘာမှမဆိုင်ပါဘူးဗျာ” လို့ ကျွန်တော် ပြုံးပြီးပြောလိုက်တယ်။

ရီကိုက စီးကရက်ကို ပါးစပ်မှာ တပ်ရင်း ပြုံးလိုက်တယ်။ “ဘာပဲပြောပြော နင်ဟာ လူကောင်းတယောက်ပါ။ နင့်ပုံစံကိုကြည့်ပြီး ငါဒီလောက်ပဲ ပြောနိုင်ပါသေးတယ်။ ငါဒီလို ပြောနိုင်တာက ဒီကိုလာပြီး ပြန်သွားတဲ့လူတွေကို

ခုနစ်နှစ်တာ စောင့်ကြည့်ခဲ့လို့ ပြောနိုင်တာပေါ့။ တချို့လူတွေက သူတို့ရဲ့နှလုံးသားကို ဖွင့်ပြီးပြောနိုင်တယ်။ တချို့ကျတော့ မပြောနိုင်ဘူး။ နင်ကတော့ ဖွင့်ပြောနိုင်တဲ့ အမျိုးအစားထဲမှာ ပါတယ်။ တိတိကျကျ ပြောရရင် နင်ဖွင့်ပြချင်ရင် ဖွင့်ပြနိုင်တဲ့ လူစားမျိုးပေါ့"

"လူတွေဟာ သူတို့ရဲ့နှလုံးသားကို ဖွင့်ပြလိုက်ရင် ဘာတွေဖြစ်လာနိုင်သလဲ"

ရီကိုဟာ ပါးစပ်ထဲက စီးကရက်ကို ပြန်ချပြီး လက်နှစ်ဖက်ကို စားပွဲပေါ်မှာ တင်ထားလိုက်တယ်။ ကျွန်တော် ပြောလိုက်တာကို သူ ဝမ်းသာနေတဲ့ပုံမျိုးပဲ။ သူတို့ ပိုကောင်းလာတာပေါ့လို့ သူက ပြောတယ်။ သူ့စီးကရက်က ပြာတွေဟာ စားပွဲပေါ်မှာ လွင့်ကျနေတယ်။ သူကတော့ အဲဒါကို လုံးဝ စိတ်မဝင်စားပါဘူး။

※※※

ရီကိုနဲ့ ကျွန်တော်ဟာ ပင်မ အဆောက်အအုံကြီးထဲကနေ ထွက်လာလိုက်ခဲ့တယ်။ တောင်ကုန်းတကုန်းကို ဖြတ်ပြီးတဲ့နောက် ရေကူးကန်၊ တင်းနစ်ကွင်းနဲ့ ဘက်စ်ကက်ဘောကွင်းကို ဖြတ်လျှောက်လာရတယ်။ သက်လတ်ပိုင်းအရွယ် ခပ်ပိန်ပိန် လူတယောက်နဲ့ အသက်ခပ်ငယ်ငယ် ဝဝလူတယောက် တင်းနစ်ကစားနေကြတယ်။ သူတို့နှစ်ယောက်ဟာ ရက်ကက်ကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်ထားကြပေမယ့် ကျွန်တော့်အတွက်တော့ သူတို့နှစ်ယောက်ဟာ တင်းနစ်ကစားနေတဲ့ပုံစံမျိုးနဲ့ မတူဘူး။ သူတို့ပုံစံက တင်းနစ်ဘောလုံးခုန်တာကို စိတ်ဝင်တစား စိုက်ကြည့်နေပြီး ကွင်းရေိယာကို သုတေသနလုပ်နေတဲ့ ပုံမျိုးနဲ့တောင် တူနေတယ်။ ကွင်းအဆုံးမှာ ရပ်နေတဲ့ လူငယ်ဟာ ရီကိုကို မြင်သွားတော့ အနားကိုရောက်လာတယ်။ သူတို့နှစ်ယောက် ပြုံးပြီး စကားနည်းနည်းပြောကြတယ်။ ကွင်းတဖက်ကလူရဲ့မျက်နှာပြင်ပေါ်မှာတော့ ဘယ်လိုခံစားချက် အရိပ်အယောင်မျိုးကိုမှ မတွေ့ရဘူး။

နောက်တော့ တလုံးနဲ့တလုံး ခပ်လှမ်းလှမ်းမှာရှိနေတဲ့ တဲငယ် ဆယ့်ငါးလုံး၊ အလုံးနှစ်ဆယ် လောက်ကို တွေ့ရတယ်။ ဂိတ်ပေါက်ဝမှာ တွေ့ခဲ့တဲ့ လူစီးခဲ့တဲ့ အဝါရောင်စက်ဘီးကို တဲအိမ်နားရဲ့ ရှေ့မှာတွေ့ရတယ်။

"ဝန်ထမ်းတွေနဲ့ မိသားစုတွေ ဒီမှာနေကြတယ်လေ"

"ငါတို့ ဘာပဲလိုလို မြို့ထဲသွားစရာမလိုကြဘူး။ အစားအသောက်ကိစ္စရောပေါ့။ ငါတို့တွေဟာ ကိုယ့်ကိုယ်ကိုယ် လက်တွေ့ကျကျ အားကိုးကြတယ်။ ငါတို့စားမယ့် ကြက်ဥတွေကို ငါတို့စားမယ့် ကြက်ခြံထဲက ရနိုင်တယ်လေ။ စာအုပ်တွေ ဓာတ်ပြားတွေနဲ့ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်မယ့် လိုအပ်တဲ့ပစ္စည်းတွေကို စတိုးဆိုင်ကနေ ရနိုင်တယ်လေ။ တပတ်တခါ

ဆံပင်ညှပ်ဆရာတွေနဲ့ အလှပြင်သမားတွေ လာကြတယ်။ စနေ၊ တနင်္ဂနွေဆိုရင် ရုပ်ရှင်တောင် ကြည့်လို့ရသေးတယ်။ ငါတို့ ထူးထူးခြားခြား လိုအပ်တာ ရှိလို့ရှိရင် ဝန်ထမ်းတွေကို မြို့ထဲမှာ သွားဝယ်ခိုင်းလို့ရတယ်။ အဝတ်အစားတွေကိုတော့ ကတ်တလောက်ကြည့်ပြီး မှာလိုက်ရတယ်။ ဒီမှာနေရတာ ဘာပြဿနာမှ မရှိပါဘူး”

“ဒါပေမဲ့ မြို့ထဲကိုတော့ သွားလို့မရပါဘူး”

“မြို့ထဲကိုတော့ သွားလို့ မရဘူးပေါ့။ ဒါပေမဲ့ သွားဆရာဝန်ဆီ သွားရမယ့် ကိစ္စလိုမျိုး ထူးထူးခြားခြား ကိစ္စရှိရင်တော့ သွားလို့ရပါတယ်။ ဒါပေမဲ့ စည်းကမ်းအရတော့ ငါတို့ မြို့ထဲ သွားခွင့်မရဘူး။ ဘယ်သူမဆို ဒီနေရာကနေ လွတ်လွတ်လပ်လပ် ထွက်ခွာသွားလို့ ရတယ်။ ဒါပေမဲ့ ထွက်သွားပြီးရင်တော့ ပြန်လာလို့ မရတော့ဘူး။ ကိုယ့်တံတားကို ချိုးလိုက်သလိုမျိုးပေါ့။ ဒီကိုပြန်လာမယ်လို့ ဆန္ဒရှိရင်တော နှစ်ရက်ထက်ပိုပြီး အပြင်ကို သွားလို့မရဘူး။ အကြောင်းကိစ္စ ကြီးကြီးမားမား ရှိရင်တော့ အပြင်သွားလို့ရပါတယ်

သစ်ပင်တွေကို ကျော်ဖြတ်ပြီးရင်တော့ ဆင်ခြေချောပြေပြေနေရာကို ရောက်လို့လာတယ်။ အဲဒီ ဆင်ခြေလျှောပေါ်မှာ ထူးခြားတဲ့ နှစ်ထပ်အိမ်တွေကို တွေ့လိုက်ရတယ်။ အဲဒီအိမ်တွေဟာ တကယ့်ကို ထူးထူးခြားခြားပဲ။ ဘယ်လို ထူးခြားတာလဲလို့တော့ ပြောမပြတတ်ဘူး၊ အဲဒီအိမ်တွေကို မြင်တော့ တကယ်မရှိတဲ့ အရာဝတ္ထုကို ပန်းချီဆွဲဖို့ ကြိုးစားသလိုပဲလို့ ထင်မိပါတယ်။ ဝေါလ်ဒစ္စနေးက မွန့်ချ်ရဲ့ ပန်းချီကားတွေကို အရုပ်တွေလိုဖြစ်အောင် လုပ်ထားတာလို့ ခံစားမိပါတယ်။ အိမ်တိုင်းဟာ ပုံစံတူ၊ အရွယ်တူ၊ အရောင်တူတွေ ချည်းပါပဲ။ ကုဗပုံစံမျိုးရှိကြပြီး ဘယ်ညာအချိုးအညီ ရှိတဲ့အပြင် အိမ်ရှေ့ တံခါးမကြီးတွေကလည်း အကြီးကြီးတွေပဲ။ ပြတင်းပေါက်တွေကလည်း အများကြီး ရှိနေတာ တွေ့ရတယ်။ ကျွန်တော်တို့ လျှောက်လာတဲ့ လမ်းဟာ ကွေ့ကောက်လို့လာပါပြီ။ ကားမောင်းသင်တန်းကျောင်းမှာ လုပ်ထားတဲ့ လမ်းအတိုင်းပါပဲ။ အိမ်တိုင်း အရှေ့မျက်နှာစာမှာ အသေးစား ပန်းပင်တွေကို တွေ့ရပါတယ်။ လူနေတဲ့ အရိပ်လက္ခဏာကို မတွေ့ရသလို ပြတင်းပေါက်တိုင်းမှာလည်း လိုက်ကာတွေ ချထားတာ တွေ့ရပါတယ်။

“ဒီနေရာကို (င) ဧရိယာလို့ခေါ်တယ်။ ဒီမှာ အမျိုးသမီးတွေ နေကြတယ်လေ။ စုစုပေါင်း အိမ် ၁၀ လုံး ရှိတယ်။ အိမ်တိုင်းမှာ အဖွဲ့လေးဖွဲ့နေရပြီး တဖွဲ့မှာ လူနှစ်ယောက် ပါတယ်။ အိမ်တအိမ်မှာ လူရှစ်ယောက်ရှိတယ်။ ဒါပေမဲ့ ဒီမှာ ငါတို့ စုစုပေါင်း လူ (၃၂) ယောက်ပဲရှိတယ်”

“တိတ်တိတ်ဆိတ်ဆိတ်တော့ ရှိတယ်မဟုတ်လား”

“လောလောဆယ်တော့ ဘယ်သူမှ မရှိကြဘူးလေ။ ငါကတော့

အထူးခွင့်ပြုချက်နဲ့ ကြိုက်သလို လျှောက်သွားခွင့် ရထားတယ်။ တခြားလူတွေကတော့ သူတို့ရဲ့ အချိန်ဇယားအတိုင်း အလုပ် လုပ်နေရတယ်။ အချို့တွေက အခုချိန်မှာ လေ့ကျင့်ခန်းလုပ်ရင် လုပ်နေကြမယ်။ တချို့ကလည်း ဥယျာဉ်လုပ်ငန်း၊ တချို့ကလည်း အုပ်စုဖွဲ့ကုထုံး၊ တချို့ကလည်း သစ်ပင်ကြီးတွေ စိုက်နေကြလိမ့်မယ်။ လူတိုင်းဟာ သူ့ကိုယ်ပိုင် အချိန်ဇယားနဲ့ လုပ်နေရမှာပဲ။ နောက် နာအိုကို ဘာများလုပ်နေမလဲမသိဘူး။ သူ ပန်းချီအသစ်တွေ ဆွဲနေရလိမ့်မယ်လို့ထင်တယ်။ နောက် သူ့အချိန်ဇယားကို မမှတ်မိတော့ဘူးဟ။ ငါးနာရီအထိတော့ သူ အလုပ်လုပ်ရမှာပဲ”

ရီကိုဟာ (၇/၇) လို့ တံဆိပ်ကပ်ထားတဲ့ အဆောက်အအုံထဲကို လမ်းလျှောက်ဝင်သွားတယ်။ ပြီးတော့ လှေကားပေါ်တက်ပြီး ခန်းမရဲ့အစွန်းဆုံး ညာဘက်မှာရှိတဲ့ အခန်းထဲကို ဝင်လိုက်တယ်။ အဲ့ဒီအခန်းဟာ သော့မခတ်ထားဘူး။ ရီကိုက ကျွန်တော့်ကို သူတို့တိုက်ခန်းကို လှည့်ပြတယ်။ ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင်ပါတဲ့ အခန်းပါ။ မလိုအပ်တဲ့ ပရိဘောဂတွေနဲ့ တခြား အိမ်ခန်းအလှဆင်ပစ္စည်းတွေ တပ်မထားတာကို တွေ့ရတယ်။ အဲဒီအခန်းနဲ့ ပတ်သက်လို့ ပြောစရာ ထွေထွေထူးထူးတော့ မရှိပါဘူး။ ဒါပေမဲ့ ရီကိုနဲ့ အတူရှိနေရတာဟာ စိတ်တွေကို လျှော့ချနိုင်ပြီး ခန္ဓာကိုယ်က ဖိစီးမှုတွေကို ပြေလျော့စေတယ်။ ဧည့်ခန်းထဲမှာ ဆိုဖာတခုနဲ့ စားပွဲနဲ့ လှုပ်တဲ့ ထိုင်ခုံတခု တွေ့ရတယ်။ မီးဖိုချောင်ထဲမှာ စားပွဲတလုံး ရှိသေးတယ်။ စားပွဲနှစ်လုံးစလုံးအပေါ်မှာ ကျားကွက်အကြီးကြီးတွေ ထားထားတာကို တွေ့ရတယ်။ အိပ်ခန်းထဲမှာ ခုတင်နှစ်လုံး၊ စားပွဲ ခုံနှစ်ခုံနဲ့ ဘီရိုတလုံး တွေ့ရတယ်။ အိပ်ရာ နှစ်လုံးကြားမှာ အသေးစား စားပွဲလေးတခု တွေ့ရတယ်။ စားပွဲပေါ်မှာလည်း စာကြည့်မီးချောင်းကို တပ်ဆင်ထားတာကို တွေ့ရတယ်။ မီးဖိုချောင်ထဲမှာတော့ ရေခဲသေတ္တာနဲ့ မီးဖိုသုံးရုံလောက်ပဲ လျှပ်စစ်ပစ္စည်းတွေ ဆင်ထားတာ တွေ့ရတယ်။

“ရေချိုးဇလုံ မရှိဘူး။ ရေပန်းတခုပဲရှိတယ်။ ဒါပေမဲ့ အထင်ကြီးဖို့တော့ ကောင်းပါတယ်လို့ နင်မထင်ဘူးလား။ ရေချိုးခန်းနဲ့ အလျှော်အဖွပ် ပစ္စည်းတွေကတော့ ဘုံပိုင်ပဲ”

“အထင်ကြီးဖို့ ကောင်းပါတယ်။ ကျွန်တော့်အဆောင်အခန်းကတော့ မျက်နှာကျက်နဲ့ ပြတင်းပေါက်ပဲ ရှိတယ်”

“နင် ဒီက ဆောင်းဦးရာသီတွေကို မမြင်ဖူးသေးဘူး” လို့ ရီကိုက ကျွန်တော့်ကျောကုန်းကို ပုတ်ပြီး ဆိုဖာပေါ်မှာထိုင်ဖို့ ညွှန်ပြရင်းပြောတယ်။ “ဆောင်းရာသီတွေဟာ ရှည်လျားပြီး အရမ်းအေးတယ်။ သွားလေရာ၊ မြင်လေရာတိုင်းမှာ နှင်းကလွဲလို့ တခြား ဘာမှမမြင်ရဘူး။ အရိုးထိစိမ့်အောင် ချမ်းတယ်။ အဲဒီကာလတွေမှာ ငါတို့တွေ အိမ်ထဲမှာပဲ အနေများပြီး သီချင်း

နားထောင်တာတို့၊ ဇာပန်းထိုးတာတို့ပဲ လုပ်ကြတယ်။ နင် ဆောင်းရာသီ ပြန်လာရင်တော့ တွေ့လိမ့်မယ်”

ရီကိုဟာ ဆောင်းရာသီကို မြင်ယောင်ရင်း သက်ပြင်းရှည်ကြီး ချလိုက်ပါတယ်။ ပြီးတော့ သူ့ဒူးခေါင်းတွေကို လက်နဲ့ ပိုက်လိုက်တယ်။

“ဒီထိုင်ခုံက နင့်ရဲ့အိပ်ရာပေါ့ဟာ။ ငါတို့ကတော့ အိပ်ခန်းထဲမှာ အိပ်ကြမယ်။ အဆင်ပြေရဲ့လား”

“အဆင်ပြေပါတယ်”

“အဲဒါဆို ဒီမှာပဲ စောင့်နေ၊ ငါနဲ့ နာအိုကို ငါးနာရီကျရင် ပြန်လာခဲ့မယ်။ နင်ဒီမှာတယောက်တည်း နေလို့ ဖြစ်ရဲ့လား”

“ရပါတယ်။ ကျွန်တော် ဂျာမန်စာကြည့်ရင်း စောင့်နေပါ့မယ်”

ရီကို ပြန်ထွက်သွားပါတယ်။ ကျွန်တော် ဆိုဖာပေါ်မှာ ကျောခင်းရင်း မျက်လုံး ပိတ်ထားလိုက်တယ်။ ကျွန်တော် လုံးဝမလှုပ်ရှားဘဲ တိတ်တိတ်ဆိတ်ဆိတ် နေလိုက်တယ်။ ကီဇူကီနဲ့ ကျွန်တော် မော်တော်ဆိုင်ကယ်နဲ့ ခရီးထွက်ခဲ့တာကို ပြန်စဉ်းစားနေမိတယ်။ အဲဒီအချိန်ကလည်း ဆောင်းတွင်းပဲလို့ ကျွန်တော် အမှတ်ရမိပါတယ်။ ဘယ်နှစ်နှစ်တောင်ရှိပြီလဲ။ အင်း... လေးနှစ်တောင် ရှိပါရောလား။ ကီဇူကီရဲ့ သားရေဂျာကင်အကျႌနဲ့ ယာမဟာဆိုင်ကယ် လက်ကိုင်နံ့တွေကို ပြန်ရနေတယ်။ ကျွန်တော်တို့နှစ်ယောက် ကမ်းခြေဘက်ကို မောင်းသွားလိုက်တယ်။ ညနေဘက်ကျတော့ ပင်ပင်ပန်းပန်းနဲ့ ပြန်လာကြတာပဲ။ အဲဒီခရီးစဉ်မှာ ဘာမှ ထူးထူးခြားခြား မဖြစ်ခဲ့ပါဘူး။ ဆောင်းရာသီရဲ့လေတွေဟာ ကျွန်တော့်နားထဲကိုဝင်နေခဲ့ပါတယ်။ ကျွန်တော်ကတော့ ကောင်းကင်ကို မော့ကြည့်ရင်း ကီဇူကီဂျာကင်ထဲကို လက်တွေ ထည့်ထားခဲ့တယ်။ ကျွန်တော်ဟာ အာကာသထဲ ရောက်သွားခဲ့သလို ခံစားခဲ့မိပါတယ်။ ကျွန်တော် အချိန်တော်တော်ကြာ လဲလျောင်းနေလိုက်တယ်။ ကျွန်တော့်စိတ်ကို မှတ်ဉာဏ် တခုပြီးတခု လှည့်လည်နေစေတယ်။ ဒီအခန်းထဲမှာ လဲလျောင်းနေတာဟာ ဟိုတုန်းက မှတ်ဉာဏ်အဟောင်းတွေကို ပြန်လည်ခေါ်ယူ နေတာနဲ့တောင် တူနေတော့တယ်။ ကျွန်တော် အရင်က ပြန်မခေါ်တာကြာပြီဖြစ်တဲ့ မှတ်ဉာဏ်တွေပေါ့။ တချို့မှတ်ဉာဏ်တွေကတော့ ကြည်နူးမှုတွေပေါ့။ တချို့မှတ်ဉာဏ်တွေကတော့ ဝမ်းနည်းမှုကို ဖြစ်ပေါ်စေပါတယ်။

ဒီလိုအဖြစ်ကြီးက ဘယ်လောက်ထိတောင် ကြာနေဦးမှာလဲ မသိဘူး။ မှတ်ဉာဏ်တွေဟာ သဲကြီးမဲကြီး ရွာတဲ့ မိုးတွေလို ရွာချလို့နေတယ်။ (ကျောက်ဆောင်တွေကြား စိမ့်ပန်းထွက်လာတဲ့ စမ်းချောင်းလေးတခုလိုပါပဲ)

မှတ်ဉာဏ်တွေထဲမှာ စီးမျောနေတာကြောင့် နာအိုကို အခန်းတံခါး ဖွင့်ပြီး တိတ်တိတ်လေး ဝင်လာတာကို သတိမထားမိလိုက်ဘူး။ ကျွန်တော် မျက်လုံးတွေ ဖွင့်လိုက်တဲ့အချိန်မှာ သူ ရောက်လို့နေပါပြီ။ ကျွန်တော် ခေါင်းထောင်ပြီး သူ့မျက်လုံးတွေကို အချိန်အတိုင်းအတာတခုလောက် ကြည့်နေလိုက်တယ်။ သူဟာ ဆိုဖာရဲ့လက်တန်းပေါ်မှာထိုင်ပြီး ကျွန်တော့်ကို ကြည့်လို့နေတယ်။ ပထမတော့ သူဟာ ကျွန်တော့်ရဲ့မှတ်ဉာဏ်တွေထဲက ထွက်ပေါ်လာတဲ့ ပုံရိပ်တခုလို့တောင် ကျွန်တော် ထင်နေမိခဲ့ပါတယ်။ ဒါပေမဲ့ အခုတွေ့နေရတာတော့ တကယ့် နာအိုကိုပါ။

"အိပ်ပျော်နေတာလား" လို့ သူက ခပ်တိုးတိုးမေးတယ်။

"မဟုတ်ဘူး။ စဉ်းစားနေတာပါ။ နေကောင်းရဲ့လား" လို့ ကျွန်တော် ထထိုင်ပြီး မေးလိုက်ပါတယ်။

"ငါ ကောင်းပါတယ်" လို့ သူက ပြုံးပြီးပြောတယ်။ သူ့ပုံစံက ခပ်ဝါးဝါးသာ မြင်ရတဲ့ အဝေးက ပုံရိပ်တခုလိုပါပဲ။ "ငါ့မှာ အချိန်သိပ်မရှိဘူးဟ။ ငါ ဒီအချိန် ဒီမှာ မရှိသင့်သေးဘူး။ ခဏနေရင် ငါ ပြန်သွားရတော့မှာ။ ငါ့ဆံပင်တွေ ကြည့်ရဆိုးနေလား"

"မဆိုးပါဘူး။ ချစ်စရာလေးပါ" လို့ ကျွန်တော်ပြောလိုက်တယ်။ သူ့ဆံပင်က ရိုးရိုးရှင်းရှင်းနဲ့ ကျောင်းသူပုံစံလေးပါ။ ခေါင်းတဖက်မှာတော့ ဟိုးအရင်တုန်းကအတိုင်း ဆံညှပ်လေးတခု တပ်ထားတာကို တွေ့ရပါတယ်။ နာအိုကိုနဲ့ အရမ်းလိုက်ပါတယ်။ နာအိုကိုဟာ ဒီဆံပင်ပုံစံကို အမြဲထားတယ်လို့ ထင်ရပါတယ်။ သူ့ပုံစံက အလယ်ခေတ်တုန်းက နံရံတွေမှာ ရေးလေ့ရှိတဲ့ ပန်းချီကားတွေထဲက ခပ်ချောချော မိန်းမငယ်လေးနဲ့တောင် တူနေပါတယ်။

"ဒီဆံပင်ပုံစံကြီးက စိတ်ပျက်စရာပါဟာ။ ရီကို ငါ့ကို ညှပ်ပေးတာလေ။ နင်တကယ်ပဲ လှတယ်လို့ ထင်လို့လား"

"တကယ်ပြောတာပါ"

"ငါ့အမေကတော့ ဒီဆံပင်ပုံစံကို တော်တော်မုန်းတယ်ဟ" လို့ပြောရင်း ဆံညှပ်ကိုဖြုတ်ပြီး ဆံပင်တွေကို ဖြန့်ချထားလိုက်တယ်။ ဆံပင်တွေကို သူ့လက်နဲ့ သပ်ပြီးတဲ့နောက် ဆံညှပ်ကို ပြန်တပ်ထားလိုက် တယ်။ ဆံညှပ်ဟာ လိပ်ပြာတကောင်နဲ့တောင် တူလို့နေတယ်။

"ငါတို့ သုံးယောက် တူတူမရှိခင် ငါ နင့်ကို သီးသန့်မြင်ချင်လို့ လာခဲ့တာပါ။ ထွေထွေထူးထူးတော့ ပြောစရာ မရှိပါဘူး။ ငါ နင့်မျက်နှာကို မြင်ချင်တာနဲ့ နင် ဒီမှာနေတာ အဆင်ပြေအောင် ငါလာကြည့်တာပါ။ တဖက်ကလည်း နင့်ကို

ပြန်သိရတာ ငါ့အတွက် အခက်တွေ့လှပါတယ်။ ငါလူတွေနဲ့ အဆင်မပြေပါဘူးဟာ”

“အင်းပါ။ အခုတော့ အရင်ကထက် ပိုကောင်းလာပြီ မဟုတ်လား”

“နည်းနည်းတော့ တိုးတက်လာတယ်” လို့ ပြောရင်း ဆံညှပ်ကို သူ ပြန်ကိုင်နေပြန်တယ်။ “အချိန်ပြည့်ပြီဟ ငါပြန်သွားရတော့မယ်”

“တိုရု ငါ့ကို လာကြည့်တဲ့အတွက် အရမ်းပဲ ကျေးဇူးတင်ပါတယ်ဟာ။ နင်လာကြည့်တဲ့အတွက် ငါဝမ်းသာပါတယ်။ နင်ဒီမှာနေရတာ ဝန်ထုပ်ဝန်ပိုး ထမ်းထားရသလို ဖြစ်နေရင် ငါ့ကို ပြောဖို့ အားမနာနဲ့နော်။ ဒီနေရာက အထူးသီးသန့်နေရာဆိုတော့ ထူးခြားတဲ့ စည်းမျဉ်းတွေရှိလို့ အချို့လူတွေက မလိုက်နာနိုင်ကြဘူး။ နင် ဒီနေရာကို ကြိုက်မကြိုက် ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပြနော်။ ဒီမှာရှိတဲ့ ငါတို့တွေဟာ တယောက်ကို တယောက် အရမ်း ရိုးသားကြတယ်။ တယောက်ကိုတယောက် ပကတိ ရိုးသားမှုတွေနဲ့ ပြောဆိုကြတယ်”

“ငါပြောပါ့မယ်။ ငါရိုးသားမှာပါ”

နာအိုကိုဟာ ဆိုဖာပေါ် ထိုင်ချလိုက်ပြီး ကျွန်တော့်ကို လာမှီတယ်။ ကျွန်တော့်လက်တဖက်က သူ့ကို ဖက်လိုက်တဲ့အချိန်မှာ သူ့ခေါင်းက ကျွန်တော့်ကို လာမှီတယ်။ သူ့ရဲ့မျက်နှာက ကျွန်တော့်ရဲ့ လည်တိုင်နဲ့ ထိလို့နေတယ်။ အဲဒီပုံစံမျိုးနဲ့ သူခဏနေတယ်။ ကျွန်တော့်ရဲ့ကိုယ်အပူချိန်ကို တိုင်းနေသလိုပါပဲ။ သူ့ကို ဖက်ထားရတာ ကျွန်တော့်ရင်ထဲမှာ နွေးလို့နေပါတယ်။ ခဏလောက် နေတော့ နာအိုကိုဟာ မပြောမဆိုနဲ့ သူဝင်လာတဲ့တံခါးကနေ တိတ်တဆိတ် ပြန်ထွက်ခွာသွားတယ်။

နာအိုကို ထွက်သွားတော့ ကျွန်တော် ဆိုဖာပေါ်မှာ ပြန်အိပ်လိုက်တယ်။ ကျွန်တော် တမင်အိပ်တာ မဟုတ်ပေမယ့် မရတာ အချိန်အတော်ကြာပြီဖြစ်တဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းကို ရရှိလိုက်တယ်။ ဘေးနားမှာ နာအိုကိုရှိနေတယ်ဆိုတဲ့ ခံစားချက်နဲ့ပေါ့။ မီးဖိုခန်းထဲမှာ နာအိုကိုစားတဲ့ ပန်းကန်ပြားတွေရှိတယ်။ ရေချိုးခန်းထဲမှာ နာအိုကို အသုံးပြုတဲ့ သွားတိုက်တံရှိတယ်။ အိပ်ခန်းထဲမှာ နာအိုကို အသုံးပြုတဲ့ အိပ်ရာရှိတယ်။ နာအိုကိုရဲ့အခန်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာဟာ ကျွန်တော့်ခန္ဓာကိုယ် ဆဲလ်တွေထဲက ပင်ပန်းနွမ်းနယ်မှုတွေကို ဖြည်းဖြည်းချင်း ဖယ်ရှားခံနေရသလိုပါပဲ။ တဝက်လင်းနေတဲ့ မီးအလင်းရောင်နဲ့ ကနေတဲ့ လိပ်ပြာတကောင်ကို အိပ်မက် မက်ဖြစ်သွားတယ်။

ကျွန်တော် အိပ်ရာက ပြန်နိုးတော့ ကျွန်တော် လက်ပတ်နာရီက ၄:၃၅ လို့

ပြနေတယ်။ အလင်းရောင်ဟာ ပြောင်းလဲလို့သွားပြီ။ လေလည်း ငြိမ်လို့သွားပါပြီ။ တိမ်တွေပေါ်တဲ့ ပုံစံတွေဟာလည်း မတူတော့ပါဘူး။ ကျွန်တော် အိပ်ပျော်နေတုန်း ချွေးတွေ စီးကျနေလို့ ကျောပိုးအိတ်ထဲက တဘက်အသေးလေးယူပြီး မျက်နှာကို သုတ်လိုက်ရတယ်။ စွပ်ကျယ်တထည် ယူဝတ်လိုက်တယ်။ မီးဖိုထဲဝင်ပြီး ရေသွားသောက်လိုက်တယ်။ ကြွေဇလုံနောက်မှာရှိတဲ့ ပြတင်းပေါက်ကနေ ကျွန်တော် ခဏ ငေးကြည့်နေလိုက်မိတယ်။ ပြတင်းပေါက်ကနေ တခြား အဆောက်အအုံတခုကို တွေ့နေရတယ်။

အဆောက်အအုံအတွင်းမှာ စက္ကူဖြတ်စပုံတွေကို တွေ့ရပါတယ်။ ငှက်တကောင်၊ တိမ်တခု၊ ကြောင်တကောင် စတဲ့ ပုံတွေကို ကျွမ်းကျွမ်းကျင်ကျင် ဖြတ်ထားတာ တွေ့ရပါတယ်။ အရင်ကလိုပါပဲ အဆောက်အအုံထဲမှာ လူရှိတာ မတွေ့ရပါဘူး။ ပြီးတော့ ဘာအသံကိုမှလည်း မကြားရဘူး။ ကျွန်တော်ဟာ ပျက်စီးနေတဲ့နေရာကို အစွမ်းကုန်ပြုပြင်ပြီး တယောက်တည်းနေရတဲ့ ခံစားမှုမျိုး ရလာပါတယ်။

※※※

ငါးနာရီထိုးပြီးတဲ့နောက် (၈) ဧရိယာထဲကို လူတွေ ပြန်ရောက်လာပါတယ်။ မီးဖိုချောင် ပြတင်းပေါက်ကနေ လှမ်းကြည့်ရင် အမျိုးသမီးသုံးယောက် လမ်းလျှောက်လာတာကို တွေ့ရပါတယ်။ သူတို့အားလုံးဟာ သူတို့ရဲ့အသက်တွေကို ခန့်မှန်းလို့ မရအောင် ဦးထုပ်တွေကို ဆောင်းထားပါတယ်။ ဒါပေမဲ့ ကြားလိုက်ရတဲ့အသံကြောင့် သူတို့ဟာ မငယ်တော့ဘူးဆိုတာ ကျွန်တော် ခန့်မှန်းလို့ ရပါတယ်။ ခဏနေတော့ သူတို့ လမ်းထောင့်ထဲဝင်ပြီး ပျောက်ကွယ် သွားပါတယ်။ နောက်ထပ် အမျိုးသမီးလေးယောက် ထပ်ပေါ်လာပြန်တယ်။ ပြီးတော့ သူတို့လည်း ပြန်ပျောက်ကွယ်သွားတယ်။ ညနေခင်း စိတ်ခံစားမှုဟာ အမျိုးမျိုးပါပဲ။ ဧည့်ခန်းထဲကနေ လှမ်းကြည့်ရင်တော့ သစ်ပင်တွေနဲ့ တောင်ကုန်းတွေကို တွေ့ရပါတယ်။ တောင်ကုန်းတွေထပ် ပေါ်မှာတော့ အရောင်ဖျော့နေတဲ့ နေလုံးကြီး ပေါ်လောပေါ်နေပါတယ်။

ညနေငါးနာရီခွဲတော့ နာအိုကိုနဲ့ ရီကို တူတူ ပြန်ရောက်လာပါတယ်။ နာအိုကိုနဲ့ ကျွန်တော်ဟာ အခုမှစတွေ့သလိုမျိုး နှုတ်ဆက်စကားတွေ အပြန်အလှန် ပြောဖြစ်ကြတယ်။ သူ့ကြည့်ရတာ တော်တော်ကို ရှက်နေတဲ့ပုံစံပါပဲ။ ရီကိုက ခုနက ကျွန်တော် ဖတ်နေတဲ့ စာအုပ်ကို မေးပါတယ်။ သောမတ်စ်မန်းရဲ့ The Magic Mountain စာအုပ်လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“ဒီလိုနေရာကို ဘာလို့ အဲ့ဒီလိုစာအုပ် ဘယ်လိုယူလာတာလဲ” လို့ ရီကိုက မေးပါတယ်။ သူပြောတာ မှန်ပါတယ်လေ။

ရီကိုဟာ ကျွန်တော်တို့သုံးယောက်အတွက် ကော်ဖီတွေ ဖျော်လာပေးတယ်။ ကျွန်တော် နာအိုကို့ကို မုန်တိုင်းတပ်သား ရုတ်တရက် ပျောက်ကွယ်သွားတဲ့အကြောင်း ပြောပြဖြစ်တယ်။ သူ ကျွန်တော့်ကို ပိုးစုန်းကြူးပေးပြီးတဲ့နောက် ပျောက်ကွယ်သွားတာကို ပြောပြလိုက်တယ်။ “သူပျောက်သွားတာကို ငါစိတ်မကောင်းပါဘူး။ သူ့အကြောင်းတွေ ငါကြားချင်ပါသေးတယ်” လို့ နာအိုကိုက ကျွန်တော့်ကို ပြောတယ်။ ရီကိုက မုန်တိုင်းတပ်သား ဘယ်သူလဲလို့ ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော် မုန်တိုင်းတပ်သားအကြောင်း တချို့ပြောပြလိုက်တော့ ရီကို တအားရယ်တော့တာပါပဲ။ မုန်တိုင်းတပ်သားအကြောင်း ဇာတ်လမ်းတွေ ပြောပြနေသမျှ ကာလတလျှောက်လုံး ကမ္ဘာကြီး တခုလုံး ရယ်သံတွေနဲ့ ပြည့်နေပြီး ငြိမ်းချမ်းနေခဲ့ပါတယ်။

ညနေ ၆ နာရီထိုးတော့ ပင်မအဆောက်အအုံရဲ့ထမင်းစားခန်းထဲကို ကျွန်တော်တို့ သွားကြပါတယ်။ နာအိုကိုနဲ့ ကျွန်တော်ဟာ ငါးရယ်၊ ဟင်းသီးဟင်းရွက်ပြုတ်ရယ်နဲ့ ထမင်းနဲ့ ဆိုစွတ်ပြုတ်ကို သောက်ခဲ့ပါတယ်။ ရီကိုကတော့ ပါစတာနဲ့ ကော်ဖီပဲ သောက်ပါတယ်။ စီးကရက်လည်း ဖွာလို့ နေတယ်။ အသက်ကြီးလာလို့ရှိရင် အစာ သိပ်စားစရာမလိုတော့ဘူးလို့ ရီကိုက ရှင်းပြသလိုပုံစံနဲ့ ပြောပါတယ်။ ထမင်းစားခန်းထဲ လူအယောက် ၂၀ တို့လည်း ရှိနေပါတယ်။ ကျွန်တော်တို့ စားနေတုန်း လူသစ်တချို့ ဝင်လာသလို ပြန်ထွက်သွားတဲ့ လူတွေလည်း ရှိပါတယ်။ အဓိကလူတွေဟာ အသက်အရွယ် အမျိုးမျိုး ဖြစ်တာကလွဲလို့ ကျွန်တော့်အဆောင်က ထမင်းစားခန်းနဲ့ မကွာပါဘူး။ ဒါပေမဲ့ ကျွန်တော့်အဆောင်နဲ့ မတူတာကတော့ ဒီကလူတွေ စကားပြောနေတဲ့အချိန်မှာ လေသံအကျယ်က အတူတူပဲ ရှိနေတာပါ။ ဒီမှာ ကျယ်ကျယ်လောင်လောင် အသံတွေ မရှိသလို တီးတိုးစကား ပြောနေတာလည်း မတွေ့ရဘူး။ ဘယ်သူမှ ကျယ်ကျယ်မရယ်သလို ဘယ်သူကမှလည်း စကားကျယ်ကျယ် မပြောတတ်ပါဘူး။ တိတ်တိတ်ဆိတ်ဆိတ် စကားပြောနေတာပဲ ရှိပါတယ်။ သုံးယောက်ကနေ ငါးယောက်တဖွဲ့စီ ထမင်းစားနေကြပါတယ်။ အဖွဲ့စီတိုင်းမှာလည်း တယောက် စကားပြောနေရင် တခြား ဘယ်သူမှ စကားမပြောတာလည်း တွေ့ရပါတယ်။ သူတို့ ဘာအကြောင်းတွေ ပြောနေသလဲဆိုတာကိုတော့ ကျွန်တော် မပြောတတ်ပါဘူး။ သူတို့ပြောနေတဲ့ ပုံစံကိုကြည့်ရင်း နေ့လယ်က မြင်ခဲ့တဲ့ တင်းနစ်ပွဲကို သတိရမိပါတယ်။ နာအိုကိုဟာလည်း သူတို့နဲ့ဆိုရင် အဲဒီလိုများ ဖြစ်နေမလားလို့ တွေးမိပါတယ်။ ကျွန်တော်ဟာ မနာလိုမှု ရောစပ်တဲ့ အထီးကျန်မှုကို ခံစားနေရပါတယ်။

ကျွန်တော်တို့နောက်က စားပွဲမှာတော့ အဖြူရောင်ဝတ်စုံနဲ့ ဆရာဝန်ပုံစံလူဟာ မျက်မှန်တပ်ထားတဲ့ စိတ်လှုပ်ရှားနေပုံရနေတဲ့ လူငယ်နဲ့

ပျံ့လွှားပုံစံ မျက်နှာမျိုးနဲ့ သက်လတ်ပိုင်းအရွယ်အမျိုးသမီးတို့ စကားပြောလို့နေတယ်။ အဲဒီအမျိုးသမီးဟာ သစ်သီးဖျော်ရည်တခွက်ကို သောက်လို့နေတယ်။ သူတို့ရဲ့စကားသံတွေကို နားထောင်ကြည့်လို့မှ ကတုံးနဲ့လူက တကယ့်ဆရာဝန် ဖြစ်နေတာကို သိလာရတယ်။

အခန်းထဲက ဘယ်သူကမှ ကျွန်တော့်ကို အာရုံစိုက်ကြည့်တာမျိုး မရှိပါဘူး။ ကျွန်တော် ရောက်နေတယ် ဆိုတာကို သတိမထားမိတဲ့ပုံစံမျိုးပါပဲ။ ကျွန်တော် ရောက်နေတာဟာ ပုံမှန်အတိုင်းပဲလို့ သဘောထားတဲ့ပုံပါပဲ။

ခဏနေတော့ အဖြူရောင်ဝတ်စုံနဲ့လူဟာ ကျွန်တော့်ဆီလာပြီး “ဒီမှာ ဘယ်နှစ်ရက်နေမှာလဲ” လို့ မေးတယ်။

“နှစ်ညနေမှာပါ။ ဗုဒ္ဓဟူးနေ့မှ ပြန်မှာ” လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။

“ဒီအချိန်လာတာ ကောင်းတယ်။ ဆောင်းရာသီကျရင်လည်း လာခဲ့ဦး၊ အဲဒီကျရင် နေရာတိုင်းမှာ အဖြူရောင်တွေချည်း မြင်ရလိမ့်မယ်”

“ဆောင်းရာသီကျရင် နာအိုကို ဒီကနေ ထွက်သွားရင် ထွက်သွားတော့မှာ” လို့ ရီကိုက အဲဒီလူကို ပြောလိုက်တယ်။

“ဘာပဲဖြစ်ဖြစ်ပါ။ ဆောင်းရာသီက ဒီမှာနေလို့ ကောင်းပါတယ်” လို့ အဲဒီလူက ဝမ်းနည်းတဲ့အသံနဲ့ ပြောပါတယ်။ အဲဒီလူဟာ တကယ့်ဆရာဝန် အစစ်မှ ဟုတ်ရဲ့လားလို့ ကျွန်တော် စဉ်းစားမိပြန်ပါတယ်။

“ခင်ဗျားတို့ ဒီကလူတွေ ဘာအကြောင်းတွေ ပြောဖြစ်ကြလဲ” လို့ ရီကိုကို ကျွန်တော်မေးလိုက်တယ်။ ရီကိုက ကျွန်တော် သဘောပေါက်ပုံ မပေါ်ပါဘူး။ ရီကိုက ကျွန်တော်မေးတာကို သိပ်သဘောပေါက်ပုံ မပေါ်ပါဘူး။

“ငါတို့ ဘာပြောကြလဲဟုတ်လား။ သာမန်အကြောင်းအရာတွေပါပဲ။ ဒီနေ့ ဘာဖြစ်တယ်။ ငါတို့ ဘာစာအုပ်ဖတ်ကြတယ်။ မနက်ဖြန် ရာသီဥတု ဘယ်လိုနေမလဲ ဆိုတာတွေပေါ့ဟာ။ ဒီကလူတွေဟာ ဝင်ရိုးစွန်းဝက်ဝံတွေက ဒီည ကြယ်တွေကို စားလိုက်ရင် မနက်ဖြန် မိုးရွာလိမ့်မယ်လို့တော့ မအော်တတ်ပါဘူးဟာ”

“မဟုတ်ပါဘူး။ ကျွန်တော် အဲလိုမေးတာမဟုတ်ပါဘူး။ ဒီကလူတွေ တိတ်တိတ်ဆိတ်ဆိတ်နဲ့ စကားပြောကြတာ ဘာအကြောင်းအရာတွေများလဲ သိချင်လို့ပါ”

“ဒီနေရာဟာ တိတ်ဆိတ်တဲ့နေရာ ဖြစ်တာကြောင့် ဒီကလူတွေ

တိတ်တိတ်ဆိတ်ဆိတ်ပဲ စကားပြောတတ်ကြတယ်” လို့ နာအိုကိုက ပြောတယ်။ နာအိုကိုဟာ စားပြီးသား ငါးရိုးတွေကို သူ့ပန်းကန်ထောင့်မှာ သပ်သပ်ရပ်ရပ် ပုံထားတာကို တွေ့ရတယ်။ ပြီးတော့ သူ့ပါးစပ်ကို လက်ကိုင်ပဝါနဲ့ သုတ်နေတယ်။ “နင် အသံကို မြှင့်ပြောစရာမလိုဘူး။ တခြားလူရဲ့အာရုံစိုက်မှုရဖို့ ဘာမှလုပ်စရာမလိုဘူး”

“ငါ နားလည်ပါတယ်” လို့ ပြောရင်း အစာကို ထပ်စားလိုက်တယ်။ ကျွန်တော်ဟာ ဒီလိုတိတ်ဆိတ်တဲ့ အဆောက်အအုံကြီးထဲမှာ လူတွေကြားထဲ ပျောက်ဆုံးနေသလို ခံစားရပါတယ်။ ကျွန်တော် လူတွေ ရယ်သံတွေ၊ အကြောင်းပြချက်မရှိဘဲ အော်သံတွေ၊ ဗလုံးဗထွေး ပြောသံတွေကို ကြားချင်လာတယ်။ ပြီးခဲ့တဲ့အချိန်တွေတုန်းကတော့ ကျွန်တော်ဟာ ဆူညံသံတွေကို စိတ်ပျက်မိနေခဲ့ပါတယ်။ ဒါပေမဲ့ အခုလို ပုံမှန်မဟုတ်တဲ့ နေရာမှာ ထမင်းစားနေရာတာဟာ တမျိုးပါပဲ။ ကျွန်တော် သက်သောင့်သက်သာ မဖြစ်ပါဘူး။ ထမင်းစားခန်းနေရာဟာ အထူးပြုလုပ်ထားတဲ့ စက်ပစ္စည်း ပြခန်းနဲ့တောင် တူနေပါတယ်။ ဒီအခန်းထဲကလူတွေဟာ သူတို့အချင်းချင်း နားလည်နိုင်တဲ့ သတင်းအချက်အလက်တွေကိုပဲ ပြောဆိုနေတာပါ။

※※※

ညနေစာစားပြီး အခန်းကို ပြန်ရောက်တော့ နာအိုကိုနဲ့ ရီကိုဟာ သူတို့နှစ်ယောက် (၈) ဧရိယာရဲ့ ဘုံရေချိုးခန်းထဲမှာ ရေသွားချိုးတော့မယ်လို့ ပြောပါတယ်။ ကျွန်တော့်ကိုတော့ အဆင်ပြေရင် ရေပန်းနဲ့ ချိုးလို့ပြောပါတယ်။ ကျွန်တော်က ရပါတယ်လို့ ပြန်ပြောပြီး သူတို့ထွက်သွားတော့ အဝတ်အစားတွေ ချွတ်ပြီး ရေပန်းနဲ့ ခေါင်းလျှော် ရေချိုးလိုက်ပါတယ်။ စာအုပ်စင်ပေါ်မှာ ဘေလ်အီဗန်ရဲ့ဓာတ်ပြားတွေ့လို့ ဆံပင်အခြောက်ခံနေတုန်း ဖွင့်နားထောင်နေလိုက်ပါတယ်။ အဲဒီဓာတ်ပြားဟာ နာအိုကိုရဲ့မွေးနေ့ညတုန်းက ဖွင့်တဲ့ ဓာတ်ပြားဆိုတာ ကျွန်တော် ပြန်အမှတ်ရလာပါတယ်။ နာအိုကို ငိုပြီး ကျွန်တော့်ရင်ခွင်ထဲမှာ နေခဲ့တဲ့ညပေါ့ ။ အဲဒီအကြောင်းကို ကျွန်တော် မကြာမကြာ စဉ်းစားဖြစ်ပါတယ်။

လမင်းကြီး ထိန်ထိန်သာလို့နေပါတယ်။ ကျွန်တော် မီးတွေမှိတ်ထားပြီး ဧည့်ခန်းထဲမှာ ဘေလ်အီဗန်ရဲ့သီချင်းကို နားထောင်နေမိပါတယ်။ လရိပ်ဟာ အရိပ်ရှည်ရှည်ကြီးတွေ ဖြစ်စေပြီး နံရံပေါ်မှာ ထင်ဟပ်စေပါတယ်။ ကျွန်တော့်ကျောပိုးအိတ်ထဲက ဘူးအပြားလေး ထုတ်လိုက်ပြီး၊ ပါးစပ်ထဲကို ဝီစကီ အနည်းငယ် ထည့်လိုက်ပါတယ်။ နွေးထွေးမှုဟာ လည်ချောင်းကနေတဆင့် အစာအိမ်ဆီ စီးဆင်းသွားပါတယ်။ ပြီးတော့ ကျွန်တော့်ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့သွားပါတယ်။ နောက်တကျိုက်လောက် ထပ်သောက်ပြီးတော့ ဘူးပြားလေးကို

ကျောပိုးအိတ်ထဲ ပြန်ထည့်ထားလိုက်ပါတယ်။

နောက်ထပ် မိနစ် ၂၀ လောက်နေတော့ နာအိုကိုနဲ့ ရီကို ရေချိုးပြီး ပြန်ရောက်လာပါတယ်။

"တော်တော်မှောင်နေတာပဲ။ ငါတို့က နင်ပြန်သွားပြီလို့တောင်ထင်နေတာ" လို့ ရီကိုက ပြောပါတယ်။

"မပြန်ပါဘူး။ ဒီလို လမင်းထိန်ထိန်သာတာကို မမြင်ရတာ အတော်ကြာနေလို့ပါ။ မီးပိတ်ပြီး ကြည့်ချင်လို့ပါ"

"ကောင်းသားပဲ" လို့ နာအိုကိုက ပြောပါတယ်။ "ရီကိုရေ ဟိုတခါ မီးပျက်တုန်းက ဖယောင်းတိုင်တွေ ရှိသေးလား"

"မီးဖိုချောင် အထဲမှာ ရှိမယ်ထင်တယ်"

နာအိုကိုဟာ မီးဖိုခန်းထဲက ဖယောင်းတိုင် အကြီးကြီး ယူလာတယ်။ ကျွန်တော်က မီးညှိပြီး ထွန်းထားလိုက်တယ်။ ရီကိုက ဖယောင်းတိုင်မီးနဲ့ စီးကရက်ကို တို့လိုက်တယ်။ ကျွန်တော်တို့ သုံးယောက်ဟာ ဖယောင်းတိုင်ကို မျက်နှာမူပြီး ထိုင်လိုက်ကြတယ်။ ကမ္ဘာလောကကြီးထဲမှာ ကျွန်တော်တို့သုံးယောက်ပဲ ရှိတော့တဲ့ ပုံစံမျိုးနဲ့ လရောင်ကြောင့် ငြိမ်နေတဲ့ အရိပ်တွေနဲ့ ဖယောင်းတိုင်မီးကြောင့် လှုပ်နေတဲ့ အရိပ်တွေဟာ နံရံဖြူဖြူပေါ်မှာ ထင်ဟပ်နေပါတယ်။ နာအိုကိုနဲ့ ကျွန်တော်ဟာ ဆိုဖာတခုဆီမှာ မျက်နှာမူပြီး ထိုင်နေကြတယ်။ ရီကိုကတော့ လှုပ်တဲ့ထိုင်ခုံပေါ်မှာ ထိုင်ပြီး ကျွန်တော်တို့ကို မျက်နှာမူထားတယ်။

"ဝိုင်သောက်ကြမလား" လို့ ရီကိုက ကျွန်တော့်ကိုမေးတယ်။

"သောက်ခွင့်ရှိလို့လား" လို့ ကျွန်တော်က အံ့ဩတကြီးနဲ့ မေးလိုက်ပါတယ်။

"ခွင့်ပြုတယ်လို့တော့ မဟုတ်ပါဘူး" လို့ ရီကိုက သူ့နားရွက်ကို သူပွတ်ပြီး ရှက်ရှက်ရွံ့ရွံ့နဲ့ ပြန်ပြောတယ်။ "ဒါပေမဲ့ အများကြီး ခွင့်ပြုထားပါတယ်။ ဝိုင်ဖြစ်ဖြစ်၊ ဘီယာဖြစ်ဖြစ် အများကြီး မသောက်ရင် ပြီးတာဘဲ။ ငါ့ကို မကြာခဏ ဝယ်ပေးတဲ့ ဝန်ထမ်းမိတ်ဆွေတယောက် ငါ့မှာ ရှိတယ်။

ရီကိုဟာ ရေခဲသတ္တာထဲက ဝိုင်ဖြူတပုလင်း ထုတ်လိုက်ပြီး ဖောက်တံနဲ့ ဖွင့်လိုက်တယ်။ ပြီးတော့ ဖန်ခွက်သုံးခွက်ထဲ လိုက်ထည့်ပေးတယ်။ ဝိုင်ဟာ အိမ်တွင်းဖြစ်ဝိုင်လို့ ထင်ရလောက်အောင် ကြည်လင်ပြီး အရသာ အရမ်းရှိတယ်။ ဓာတ်ပြားအသံ ပြီးသွားတော ရီကိုဟာ အိပ်ရာအောက်က ဂစ်တာကို ထုတ်လိုက်ပြီး

ကြိုးတွေကို ညှိနေတယ်။ သူဟာ ဂစ်တာကို မြတ်မြတ်နိုးနိုးရှိတဲ့ပုံပါပဲ။ သူဟာ ဘက်ချ်ရဲ့တေးသွားအမျိုးမျိုးကို စမ်းတီးနေတယ်။ သူ ဂစ်တာလက်ကွက်တွေ မကြာခဏ လွတ်တတ်ပေမယ့် ခံစားချက်အပြည့်နဲ့ ဘက်ချ်တေးသွားတွေကို အကောင်းဆုံး တီးပေးနေတယ်။ သူဟာ ဂစ်တာတီးနေတဲ့အထဲမှာ အာရုံ နှစ်မျောနေတော့တယ်။

"ငါ ဂစ်တာကို ဒီကိုရောက်မှ စတီးတာ။ ဒီမှာက စန္ဒရားမရှိတော့ ဂစ်တာတီးတတ်အောင် ကိုယ့်ဘာသာကိုယ် သင်ခဲ့ရတယ်။ ငါ့လက်တွေဟာ ဂစ်တာလက် မဟုတ်တဲ့အတွက် သိပ်အကောင်းကြီးဖြစ်အောင်တော့ မတီးနိုင်ဘူး။ ဒါပေမဲ့ ငါဂစ်တာတီးရတာကို အရမ်းကြိုက်တယ်။ ဂစ်တာကိုလည်း ငါအရမ်းချစ်တယ်။ ဂစ်တာက အရွယ်အစားသေးသလို ရိုးရှင်းပြီး တီးရတာလည်း လွယ်တယ်။ ဒီအခန်းငယ်လေးထဲကို နွေးထွေးမှုတွေဖြစ်စေတယ်" လို့ ရီကိုက ပြောတယ်။

ရီကိုဟာ ဘက်ချ်ရဲ့တေးသွား အတိုတစကို တီးခတ်ပြန်တယ်။ ဖယောင်းတိုင်မီးတောက်ကို ကြည့်ရင်း ဝိုင်ကို မော့သောက်ရင်း ရီကိုရဲ့ဂစ်တာလက်သံကို နားထောင်ရတာဟာ ကျွန်တော့် ကိုယ်တွင်းက ဖိစီးမှုတွေ အဝေးကို လွင့်ထွက်သွားနေသလို ခံစားပါတယ်။ ရီကို ဘက်ချ်ရဲ့ တေးသွားကို တီးလို့ပြီးသွားတော့ နာအိုကိုက ဘီတဲလ်သီချင်းတပုဒ်လောက် တီးပြဖို့ တောင်းဆိုလိုက်တယ်။

"သီချင်းတောင်းလို့ရတဲ့ အချိန်ရောက်ပြီနော်" လို့ ရီကိုက ကျွန်တော့်ကို လှမ်းကြည့်ရင်း ပြောတယ်။

"သူ ငါ့ကို နေ့တိုင်း ဘီတဲလ်သီချင်းတွေ တီးခိုင်းတယ်။ ငါက သူ့ရဲ့ဂီတကျေးကျွန်ပဲပေါ့ဟာ"

ရီကိုက အဲဒီလို ပြောပေမယ့်လည်း "မီရှဲလ်" သီချင်းကို အကောင်းဆုံး တီးပြသွားတယ်။

"အဲဒီ သီချင်းဟာ တော်တော်ကောင်းတယ်။ ငါ အရမ်းကြိုက်တယ်" လို့ ရီကိုက ဝိုင်ကိုသောက်ပြီး စီးကရက်ကိုဖွာရင်း ပြောပါတယ်။ အဲဒီသီချင်းက ငါ့ကို မိုးဖွဲဖွဲရွာနေတဲ့အောက်က မြက်ခင်းပြင် ကျယ်ကျယ်လို ခံစားမှုမျိုး ဖြစ်စေတယ်။

နောက်တော့ ရီကိုဟာ "လူမရှိတဲ့နေရာ" နဲ့ "ဂျူလီယာ" သီချင်းတို့ကို တီးပြန်တယ်။

သူ ဂစ်တာတီးနေစဉ် အတောအတွင်း မကြာခဏဆိုသလို မျက်လုံးတွေ

ပိတ်ထားပြီး ဦးခေါင်းကို လှုပ်နေတတ်တယ်။ ပြီးတော့ ဝိုင်နဲ့ စီးကရက်ဘက်ကို ပြန်လှည့်တယ်။

"နော်ဝေတောအုပ်တီးပါလား" လို့ နာအိုကိုက ပြောတယ်။ ရီကိုဟာ မီးဖိုချောင်ထဲက ရွှံ့နဲ့ လုပ်ထားတဲ့ ကြောင်ရုပ်စုဗူးလေး ထုတ်လာခဲ့တယ်။ အကြွေစေ့လေးတွေ စုဆောင်းတဲ့ စုဗူးပါပဲ။ နာအိုကိုဟာ ပိုက်ဆံအိတ်ထဲက ယန်း ၁၀၀ အကြွေစေ့လေးကို စုဗူးထဲ ထည့်လိုက်တယ်။

"အဲဒါ ဘာလုပ်တာလဲ" လို့ ကျွန်တော် မေးလိုက်တယ်။

"အဲဒါ စည်းကမ်းပဲလေ။ နော်ဝေတောအုပ်သီချင်းကို ငါ တောင်းဆိုတိုင်း ယန်း ၁၀၀ စုဗူးထဲ ထည့်ရတယ်။ အဲဒီသီချင်းက ငါ့အကြိုက်ဆုံး သီချင်းလေ။ အဲဒါကြောင့် ယန်း ၁၀၀ ပေးဖို့ ထိုက်တန်ပါတယ်။ တကယ် နားထောင်ချင်တဲ့အခါမျိုးကျမှ ငါတောင်းဆိုလေ့ရှိတယ်" လို့ နာအိုကိုက ပြောပါတယ်။

အဲဒီနည်းလမ်းနဲ့ ငါ စီးကရက်ဖိုး ရတယ်လေလို့ နာအိုကိုက ပြောပါတယ်။

ရီကိုဟာ သူ့လက်ချောင်းတွေကို ဂစ်တာဖလက်တံပေါ်မှာ ကျွမ်းကျွမ်းကျင်ကျင် ပြေးလွှားပြီး နော်ဝေတောအုပ် သီချင်းကို တီးခတ်နေတယ်။ အဲဒီသီချင်းကိုပဲ နောက်တခေါက် ခံစားချက် အပြည့်နဲ့ တီးခတ်ပြန်တယ်။ ဒါပေမဲ့ ပထမအခေါက်ကလို မဖြစ်တော့ဘူး။ အိတ်ကပ်ထဲက ယန်း ၁၀၀ အကြွေစေ့ယူပြီး စုဗူးလေးထဲ ထပ်ထည့်လိုက်တယ်။

"ကျေးဇူးတင်ပါတယ်" လို့ ရီကိုက ပြုံးပြီးပြောပါတယ်။

"အဲဒီသီချင်းက ငါ့ကို ဝမ်းနည်းဆွေးမြေ့စေတယ်။ ဘာကြောင့်လဲ မသိဘူး။ ငါဟာ တောအုပ် နက်နက်ကြီးထဲမှာ တယောက်တည်း လျှောက်သွားနေတယ်လို့ ခံစားရတယ်။ အရမ်းအေးပြီး မှောင်မဲနေတဲ့ တောအုပ်ထဲမှာ တယောက်တည်း လျှောက်သွားနေတဲ့ ငါ့ကို ဘယ်သူမှ လာမကယ်တင်ကြဘူးလို့ ငါခံစားမိတယ်။ အဲ့ဒါကြောင့် အဲ့ဒီသီချင်းကို ငါ မတောင်းဆိုဘဲ ရီကိုက ဘယ်တော့မှ မတီးဘူး"

"Casablanca သီချင်းလိုမျိုးပေါ့ဟာ" လို့ ရီကိုက ရယ်ပြီး ပြောတယ်။

နော်ဝေတောအုပ်တီးပြီးတဲ့နောက် ကျွန်တော် နာအိုကိုကို စိုက်ကြည့်နေစဉ်မှာ ရီကိုဟာ ဘော်ဆာနိုဗာ တီးလုံးလေးတွေ တီးခတ်နေတယ်။ စာထဲမှာ ရေးခဲ့တဲ့အတိုင်း အရင်ကထက်ပိုပြီး ကျန်းမာနေတာ တွေ့ရပါတယ်။ အပြင်မှာ အလုပ်လုပ်ရတာကြောင့် နေလောင်နေပြီး၊ ပိုပြီး ကျန်းမာလာပုံ ရတယ်။ မျက်လုံးတွေကတော့ အရင်ကလိုပဲ ကြည်လင်နက်ရှိုင်းတဲ့ ရေကူးကန်လိုပါပဲ။

သူ့နှုတ်ခမ်းလေးတွေဟာ ရှက်ရွံ့စွာ တုန်ခါလို့နေတယ်။ အားလုံးကို ခြုံပြောရရင်တော့ သူ့ရဲ့အလှဟာ ရင့်ကျက်တဲ့ အမျိုးသမီး တယောက်လို ဖြစ်လာခဲ့ပါပြီ။ သေးသွယ် ချွန်မြတဲ့ အရိပ်တခုဟာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ နာအိုကိုရဲ့မျက်နှာပေါ် ကျရောက်နေတာကြောင့် သူ့အလှကို ဖုံးကွယ်နေသလိုပါပဲ။ နာအိုကိုရဲ့နူးညံ့တဲ့အလှသစ်ကို ကျွန်တော် သဘောကျ နှစ်သက်မိပြီး နှစ်နှစ်ခွဲဆိုတဲ့ ကာလတိုအတွင်းမှာ ဖြစ်သွားတဲ့ အမျိုးသမီးတယောက်ရဲ့ ပြောင်းလဲမှုကို ကျွန်တော် အံ့သြမိရပါတယ်။ ကျွန်တော်ဟာ အရင်ကထက် သူ့အလှရဲ့ဆွဲဆောင်မှုကို ပိုခံရသလိုပါပဲ။ ဒါပေမဲ့ သူခံစား နာကျင်ခဲ့ရတာတွေကို ပြန်တွေးကြည့်မိတော့ ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်ရှိသလို ခံစားလာခဲ့ရပါတယ်။ သူ့ရဲ့အလှတရားဟာ ကိုယ့်အတ္တ ကိုယ်ဗဟိုပြုတဲ့ အလှတရားမျိုး မဟုတ်ပါဘူး။ အရွယ်ရောက် အမျိုးသမီးတယောက်ရဲ့လွတ်လပ်တဲ့ အလှပါပဲ။

နာအိုကိုက ကျွန်တော့်နေ့ရက်တွေကို ဘယ်လို ကျော်ဖြတ်ခဲ့သလဲဆိုတာ ကြားချင်နေပါတယ်။ ကျွန်တော် ကျောင်းသားသပိတ်အကြောင်းနဲ့ နာကာဆာဝါအကြောင်းကို ပြောပြဖြစ်တယ်။ ဒီတကြိမ်ဟာ ပထမဆုံးအကြိမ်အနေနဲ့ နာကာဆာဝါအကြောင်းကို ပြောပြမိခြင်းပါပဲ။ သူ့ရဲ့ ပုံမှန် မဟုတ်တဲ့ လူသားဆန်မှု၊ ထူးခြားတဲ့ဒသနနဲ့ ဗဟိုချက်မရှိတဲ့ ကိုယ်ကျင့်တရားတွေအကြောင်းကို တိတိကျကျ ပြောပြမိတယ်။ နာအိုကိုဟာ ကျွန်တော် ဘာကိုပြောချင်နေသလဲဆိုတာ ရိပ်မိလာတယ်။ ဒါပေမဲ့ ကျွန်တော် သူနဲ့အတူ မိန်းကလေးတွေကို အမဲလိုက်ရာမှာ ပါဝင်ခဲ့တာတွေကိုတော့ ချန်လှပ်ထားခဲ့တယ်။ အဆောင်မှာရှိတဲ့လူတွေအနက် လူတယောက်တည်းအကြောင်းကို ကျွန်တော် ပြောပြနေခြင်းဟာ အဲဒီ ပုံမှန်မဟုတ်တဲ့ လူတယောက်နဲ့ပဲ ကျွန်တော့်အချိန်တွေ ကုန်ဆုံးခဲ့တယ်လို့ ဆိုလိုရာ ရောက်ပါတယ်။ အဲဒီအတောအတွင်းမှာတော့ ရီကိုဟာ ဘက်ချ်ရဲ့တေးသွားတွေကို ထပ်တီးနေပြန်တယ်။ သူဟာ ဂစ်တာ တီးလိုက်၊ နားရင် ဝိုင်နဲ့ စီးကရက်သောက်လိုက်ပါပဲ။

"သူဟာ ထူးဆန်းတဲ့လူတယောက်ပဲပေါ့" လို့ နာအိုကိုက ပြောတယ်။

"ဟုတ်တယ်။ သူက ထူးဆန်းတယ်" လို့ ကျွန်တော် ပြောလိုက်တယ်။

"ဒါပေမဲ့ နင် သူ့ကို သဘောကျတယ် မဟုတ်လား"

"မသေချာပါဘူး၊ ငါ သူ့ကို မကြိုက်တာတော့ မဟုတ်ဘူးလို့ ပြောနိုင်တယ်။ နာကာဆာဝါဟာ ကြိုက်ခြင်း မကြိုက်ခြင်းနဲ့ အလွန်မှာရှိတယ်။ သူဟာ အကြိုက်ခံရဖို့လည်း မစဉ်းစားဘူး။ ဘာပဲပြောပြော သူဟာ အင်မတန်မှ ရိုးသားပါတယ်။ လောကကို ရင်ဆိုင်နိုင်တဲ့ လူစားမျိုးပဲ"

"မိန်းကလေးတွေ အများကြီးနဲ့ အိပ်တာဟာ လောကဓံကို ရင်ဆိုင်တာလား။ ဘာကြီးမှန်းလဲ မသိဘူး" လို့ ပြောရင်း နာအိုကိုက ရယ်နေပါတယ်။ "သူ မိန်းကလေး ဘယ်နှစ်ယောက်လောက်နဲ့ အိပ်ဖူးပြီးပြီလဲ"

"ခုချိန်လောက်ဆိုရင် အယောက် ၈၀ ကျော်လောက်ရှိရောပေါ့။ သူ့အတွက်ကတော့ အရေအတွက် များလာလေလေ တယောက်ချင်းစီရဲ့ အခန်းကဏ္ဍဟာ သေးငယ်သွားလေလေပါပဲ။ သူဟာ အရေအတွက်တခုခုကို အောင်မြင်အောင် လုပ်နေတဲ့ပုံမျိုးပါပဲ"

"နင်က အဲဒါကို လောကဓံကို ရင်ဆိုင်တာလို့ ပြောချင်တာလား"

"သူ့အတွက်ကို ပြောတာပါ"

နာအိုကိုဟာ ကျွန်တော်ရဲ့စကားကို တစ်မိနစ်လောက် ငြိမ်သက် စဉ်းစားလိုက်တယ်။ သူ့ရဲ့ဦးနှောက်ဟာ ငါ့ထက်တောင်ပိုပြီး နာမကျန်း ဖြစ်နေတယ်လို့ ငါထင်တယ်လို့ နာအိုကိုက ပြောတယ်။

"ငါလည်း အဲဒီလိုပဲထင်တယ်။ သူဟာ သူ့ရဲ့ ပုံမှန်မဟုတ်တဲ့ အရည်အသွေးတွေကို ယုတ္တိကျနိုင်ဖို့ လုပ်နိုင်တဲ့ လူစားမျိုးပါ။ သူက အရမ်းတော်တယ်။ သူ့ကိုသာ ဒီကိုခေါ်လာရင်"

"ငါ နားလည်ပါတယ်။ နင် ဒီမှာ ဘာလုပ်နေလဲဆိုတာကိုလည်း ကောင်းကောင်း နားလည်တာပေါ့" လို့ သူက ပြောပြီး တဖက်လူရဲ့လေးစားမှုကို ရယူဦးမယ်"

"ငါကတော့ တော်တာရဲ့ဆန့်ကျင်ဘက်ပဲ။ ဒီနေရာမှာ လူတွေ ဘာလာလုပ်နေလဲဆိုတာကိုလည်း ငါ နားမလည်ဘူး။ ငါ့ကိုယ်ငါ နားလည်တာလောက်တောင် နားမလည်ဘူး"

"အဲဒီလိုဖြစ်တာဟာ နင်က သူများထက် ထူးခြားလို့ မဟုတ်ပါဘူး။ နင်က ပုံမှန်ပါပဲ။ ငါလည်း ငါ့ကိုယ်ငါ နားမလည်နိုင်တာတွေ အများကြီး ရှိပါသေးတယ်။ ငါတို့နှစ်ယောက်စလုံးက ပုံမှန်၊ သာမန်လူတွေပဲလေ"

နာအိုကိုဟာ သူ့ခြေထောက်ကို ဆိုဖာရဲ့အစွန်းကိုရွှေ့ပြီး သူ့ဒူးပေါ်မှာ မေးစေ့ကို တင်လိုက်တယ်။ "ငါ နင့်အကြောင်းတွေကို ပိုသိချင်သေးတယ်" လို့ သူက ပြောတယ်။

"ငါက သာမန်လူတယောက်ပါ။ သာမန်မိသားစုကနေ ဆင်းသက်လာတယ်။ သာမန် ပညာရေး ရှိတယ်။ သာမန် မျက်နှာပေါက်မျိုးရှိတယ်။ သာမန်အဆင့်မျိုး

ရတယ်။ ခေါင်းထဲမှာလည်း သာမန်အတွေးတွေပဲရှိတယ်”

“နင်ဟာ စကောဲ့ဖစ်ဂျရယ်ကို တော်တော်ကြိုက်တဲ့ပုံပဲ။ ကိုယ့်ကိုယ်ကိုယ် သာမန်လူလို့ ခေါ်တတ်တဲ့ လူကို မယုံကြည်သင့်ဘူးလို့ ပြောတာ သူတယောက်တည်း မဟုတ်ဘူးလို့ ပြောတဲ့ စာသား ငါမှတ်မိသေးတယ်။ အဲ့ဒီစာအုပ်ကို နင်ပဲ ငါ့ကို ပေးထားတာလေ” လို့ နာအိုကိုက ကျီစယ်တဲ့အပြုံးနဲ့ ကျွန်တော့်ကို လှမ်းပြောပါတယ်။

“ဟုတ်တယ်။ ငါကတော့ ကိုယ့်ကိုယ်ကိုယ် သာမန်လူတယောက်ဆိုတာ လေးလေးနက်နက် ယုံကြည်တယ်။ ငါ့ဆီမှာ သာမန်လူမဟုတ်တဲ့ လက္ခဏာ တခုခု နင်ရှာတွေ့လို့လား”

"ငါ ရှာနိုင်တာပေါ့" လို့ နာအိုကိုက စိတ်မရှည်တဲ့ပုံနဲ့ ပြောခဲ့ပါတယ်။ "နင် နားမလည်သေးဘူးလား။ ငါ နင်နဲ့ အိပ်ခဲ့တယ်လို့ နင် ဘာကြောင့်ထင်ရတာလဲ။ ဘာကြောင့်လဲဆိုတော့ ငါဟာ အရက် အရမ်းမူးနေတာကြောင့် တခြား ဘယ်သူနဲ့မဆိုလည်း အိပ်နိုင်လိမ့်မယ် ထင်တာကြောင့်လား"

"မဟုတ်ဘူး ငါတော့ အဲဒီလို မတွေးပါဘူး" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

နာအိုကိုဟာ သူ့ခြေချောင်းတွေကို စိုက်ကြည့်ရင်း အချိန်အကြာကြီး တိတ်ဆိတ်သွားတယ်။ စကားလုံးတွေ ပျောက်ဆုံးနေတဲ့အချိန်မှာ ကျွန်တော် နောက်ထပ် ဝိုင်တွေ ထပ်သောက်နေမိတယ်။

"တိုရု နင် မိန်းကလေး ဘယ်နှစ်ယောက်နဲ့ အိပ်ဖူးပြီးပြီလဲ" လို့ စိတ်ထဲက အတွေးအပြင်ကို ရောက်လာသလို အသံတိုးတိုးလျှလျှနဲ့ နာအိုကိုက ကျွန်တော့်ကို မေးတယ်။

"၈ ယောက်၊ ဒါမှမဟုတ် ၉ ယောက်တော့ ရှိပြီ" လို့ ကျွန်တော် အမှန်အတိုင်း ဖြေလိုက်တယ်။

ရီကိုဟာ ဂစ်တာကို ခဏချလိုက်ပြီး "မင်းဟာ အသက်၂၀ တောင် မပြည့်သေးဘူး။ ဘယ်လိုဘဝမျိုးကို သွားနေတာလဲ" လို့ မေးပါတယ်။

နာအိုကိုဟာ အသံတိတ်ဆိတ်နေပြီး သူ့ရဲ့ကြည်လင်ရှင်းသန့်တဲ့ မျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်နေပါတယ်။ ကျွန်တော် ရီကိုကို ပထမဆုံး အိပ်ဖူးပြီး၊ ပျက်သွားတဲ့ မိန်းကလေးအကြောင်းကို ပြောပြဖြစ်တယ်။ ကျွန်တော် သူ့ကို မချစ်နိုင်စရာ အကြောင်းမရှိဘူးလို့လည်း ရှင်းပြခဲ့တယ်။ ကျန်တဲ့ မိန်းကလေးတွေကတော့ နာကာဆာဝါရဲ့ဦးဆောင်မှုနဲ့ ဖြစ်သွားတာတွေလို့ ကျွန်တော် ပြောပြလိုက်တယ်။

"ငါ နင့်ကို အကြောင်းပြချက် တောင်းနေတာ။ ဆင်ခြေတွေ တောင်းနေတာ မဟုတ်ဘူး။ ဒါပေမဲ့ ငါ နာကျင်ခဲ့ရတယ်" လို့ နာအိုကိုက ပြောပါတယ်။ "ငါပြောတာလဲ နားထောင်ပါဦး။ ငါ နင့်ကို အပတ်စဉ် လာတွေ့ပြီး နင်နဲ့အတူ စကားတွေ ပြောခဲ့ပေမယ့် နင့်နှလုံးသားထဲမှာတော့ ကီဇူကီ တယောက်တည်း ရှိတာကို ငါ နားလည်ခဲ့တယ်။ အဲ့ဒါဟာ ငါ့အတွက် တကယ့်ကို နာကျင်ရပါတယ်။ အဲဒါကြောင့် ငါမသိတဲ့ မိန်းကလေးတွေနဲ့ အိပ်ဖြစ်ခဲ့တယ်လို့ ထင်တာပါပဲ"

နာအိုကိုဟာ သူ့ဦးခေါင်းကို ခဏ ခါရမ်းလိုက်ပါတယ်။ နောက်တော့ ကျွန်တော့်ကို ကြည့်ဖို့ သူ့မျက်နှာကို ပင့်လိုက်တယ်။ "နင် ငါ့ကို ကီဇူကီနဲ့

ဘာကြောင့် မအိပ်ခဲ့တာလဲလို့ မေးခဲ့တာကို မှတ်မိသေးလား။ အဲ့ဒီအဖြေကို အခုရော သိချင်သေးလား”

“ငါ သိချင်တဲ့ အကြောင်းတရားတခုလို့တော့ ငါ ထင်ပါတယ်”

“ငါလည်း နင့်လိုပါပဲ။ သေတဲ့လူက သေသွားပါပြီ။ ငါတို့ကတော့ အသက်ဆက်ရှင်ရဦးမှာပဲလေ”

ကျွန်တော် ခေါင်းငြိတ်လိုက်တယ်။ ရီကိုကတော့ ခက်ခဲတဲ့ ဂစ်တာတီးလုံးတွေကို ထပ်ပြန်တလဲလဲ တီးခတ်နေပါတယ်။

“ငါ သူနဲ့အိပ်ဖို့ အဆင်သင့်ဖြစ်ခဲ့ပါတယ်” လို့ နာအိုကိုက ပြောရင်း သူ့ဆံညှပ်ကိုဖြုတ်ပြီး ဆံပင်တွေကို ဖြန့်လိုက်ပါတယ်။ သူ့ရဲ့လိပ်ပြာပုံစံ ဆံညှပ်ကို လက်ထဲမှာ ကစားနေပြန်တယ်။ “သူကလည်း ငါနဲ့အတူ အိပ်ချင်နေခဲ့တာပါ။ အဲဒါကြောင့် ငါတို့ ကြိုးစားခဲ့ကြတယ်။ ငါတို့ တော်တော်ကို ကြိုးစားခဲ့ကြတယ်။ ဒါပေမဲ့ လုံးဝ အလုပ်မဖြစ်ခဲ့ဘူး။ ငါတို့ မလုပ်နိုင်ခဲ့ကြဘူး။ အဲဒီတုန်းက ဘာဖြစ်တာလဲဆိုတာကို ငါမသိဘူး။ ခုချိန်ထိလည်း မသိသေးဘူး။ ငါ သူ့ကို ချစ်ခဲ့တယ်။ ပြီးတော့ ငါ့အပျိုစင်ဘဝ ဆုံးရှုံးမှာကိုလည်း ငါ မကြောက်ခဲ့ပါဘူး။ သူ လုပ်ချင်တာကို လုပ်နိုင်ရင်လည်း ငါ ဝမ်းသာမှာပါ။ ဒါပေမဲ့ တခါမှ အလုပ်မဖြစ်ခဲ့ဘူး”

နာအိုကိုဟာ သူချထားတဲ့ ဆံပင်တွေကို ပြန်ပင့်တင်ပြီး ဆံညှပ်ကို ပြန်တပ်လိုက်တယ်။

“ငါ ဘယ်လိုမှ လိင်စိတ်မဖြစ်ခဲ့ဘူး။ ငါ သူ့အတွက်လည်း အဆင်မပြေခဲ့ဘူး။ အဲဒီလိုဖြစ်တာ စိတ်ဒုက္ခ ရောက်ကြရတယ်။ ငါ အမြဲတမ်း ခြောက်သွေ့နေခဲ့တာပဲ။ အဲဒီလိုဖြစ်တာကို ငါလည်း စိတ်ပျက်ပါတယ်။ ငါတို့ စဉ်းစားရသမျှ အကုန်လုံး စမ်းကြည့်ခဲ့ပါတယ်။ ချောဆီတွေနဲ့ တခြားအရာတွေ အားလုံးကို အသုံးပြုခဲ့ပေမယ့် တခုမှ အဆင်မပြေခဲ့ဘူး။ ငါ့ကိုယ်ငါလည်း စိတ်ပျက်ခဲ့ရတယ်။ အဲဒါကြောင့် ငါ့လက်ချောင်းတွေနဲ့ နှုတ်ခမ်းတွေကို အသုံးပြုခဲ့ရတယ်။ ငါ သူ့ကို အမြဲတမ်း လုပ်ပေးခဲ့တယ်။ ငါပြောချင်တာကို နင် သဘောပေါက်မှာပါ”

ကျွန်တော် တိတ်တဆိတ်ပဲ ခေါင်းငြိမ့်လိုက်တယ်။ နာအိုကိုဟာ ပြတင်းပေါက်ကနေ လမင်းကြီးကို ငေးမျှော်ကြည့်နေတယ်။ လမင်းကြီးဟာ အရင်ကထက် ပိုပိုကြီးလာပြီး ပိုတောက်ပလာသလိုပဲ။

“အဲဒီကိစ္စကို တခါမှ ပြောချင်စိတ်မရှိပါဘူး။ ငါ့နှလုံးသားထဲမှာပဲ သော့ခတ်ပြီး ပိတ်ထားခဲ့ချင်တာ။ ဒါပေမဲ့ ငါပြောဖို့ လိုအပ်လာလို့ပါ။

ဘာကြောင့်လဲဆိုတာကိုတော့ ငါမသိပါဘူး။ ဒါပေမဲ့ ငါ နင်နဲ့အတူ အိပ်ခဲ့တုန်းက အကြိမ်ကြိမ် စိုစွတ်ခဲ့တယ်လေ။ မဟုတ်ဘူးလား"

"အင်း..."

"ငါ့ရဲ့ အသက် ၂၀ ပြည့် မွေးနေ့ညမှာ ငါ့အခန်းထဲကို နင် ဝင်လာကတည်းက ငါ စိုစွတ်နေခဲ့တယ်။ နင် ငါ့ကို ဖက်ထားစေချင်ခဲ့တယ်။ ငါ့ရဲ့အဝတ်စားတွေကို နင်ချွတ်ပြီး ငါ့ခန္ဓာကိုယ်အနှံ့ကို နင့်လက်နဲ့ ပွတ်သပ်စေချင်ခဲ့တယ်။ အဲ့ဒီစိတ်မျိုး ငါ့မှာ တခါမှ မဖြစ်ခဲ့ဖူးဘူး။ အဲ့ဒါဘာဖြစ်လို့လဲ။ ဘာကြောင့် အဲလိုဖြစ်တာလဲ။ ငါ သူ့ကို တကယ်ချစ်ခဲ့ပါတယ်"

"ငါ့ကိုတော့ မချစ်ပါဘူး။ နင့်ငါ့ကို မချစ်ပေမယ့်လည်း နင်ခံစားရတာတွေကို ငါ့ကို သိစေချင်ခဲ့ပါတယ်" လို့ ကျွန်တော် ပြောလိုက်တယ်။

"ဆောရီးပါဟာ။ ငါနင့်ကို နာကျင်အောင် လုပ်တာမဟုတ်ပါဘူး။ ဒါပေမဲ့ နင်နားလည်ပေးဖို့တော့ လိုအပ်ပါတယ်။ ကီဇူကီနဲ့ ငါဟာ တကယ့်ကို စစ်မှန်စွာနဲ့ ချစ်ခဲ့တယ် ဆိုတာကိုတော့ ငါတို့နှစ်ယောက်လုံး အသက် ၃ နှစ်လောက်ကတည်းက အတူတူ ကြီးပြင်းလာခဲ့ကြတာ။ ငါတို့ နှစ်ယောက်ဟာ တယောက်ကိုတယောက် ကောင်းကောင်းနားလည်ခဲ့ကြတယ်။ ငါတို့နှစ်ယောက် ပထမဆုံးအကြိမ် စနမ်းတုန်းက ငါတို့ ဖ တန်း အရွယ်ပဲ ရှိသေးတယ်။ အဲ့ဒီတုန်းက တော်တော်ကို အံ့ဩဖို့ကောင်းခဲ့တယ်။ ပထမဆုံးအကြိမ် ငါရာသီစလာတုန်းကလည်း သူ့ဆီကို ပြေးသွားပြီး ကလေးတယောက်လို ငိုခဲ့တယ်။ ငါတို့နှစ်ယောက် အဲ့ဒီလောက်ကို ရင်းနှီးခဲ့ကြတာ။ သူသေသွားပြီးတဲ့နောက်ပိုင်းမှာတော့ တခြားလူတွေနဲ့ ဘယ်လိုဆက်ဆံရမလဲဆိုတာ ငါမသိတော့ဘူး။ တခြားလူတယောက်ကို ချစ်တာဟာ ဘယ်လို အဓိပ္ပါယ်ရှိလဲ ဆိုတာကိုလည်း ငါမသိတော့ဘူး"

သူ စားပွဲပေါ်က ဝိုင်ခွက်ကို လှမ်းကိုင်လိုက်တယ်။ ဒါပေမဲ့ ဖန်ခွက်ကို လွတ်ကျသွားလို့ ဝိုင်တွေဟာ ကော်ဇောပေါ် ဖိတ်ကျသွားခဲ့တယ်။ ကျွန်တော် ခွက်ကိုကောက်ပြီး စားပွဲပေါ် ပြန်တင်လိုက်တယ်။ ထပ်သောက်ချင်သေးလားလို့ သူကို ကျွန်တော်မေးလိုက်တယ်။ နာအိုကိုဟာ အကြိမ်ခဏလောက် တိတ်ဆိတ်နေတယ်။ နောက်တော့ ရုတ်ချည်းဆိုသလိုပဲ မျက်ရည်တွေ စီးကျလာတော့တယ်။ ပြီးတော့ ကိုယ်ကို ရှေ့ကိုညွတ်ပြီး မျက်နှာကို လက်ဝါးနဲ့အုပ် ငိုနေတော့တယ်။ ကျွန်တော်နဲ့အတူ ရှိခဲ့တဲ့ညတုန်းကလို မွန်းကျပ်တဲ့ခံစားမှုတွေနဲ့ ငိုနေတယ်။ ရီကိုဟာ ဂစ်တာကို ချထားလိုက်ပြီး နာအိုကို့ဘေးမှာ ကျောကို ပွတ်သပ်ပေးနေတယ်။ နာအိုကိုရဲ့ပခုံးပေါ် သူ့လက်တွေ တင်ပေးလိုက်တော့ နာအိုကိုဟာ သူ့ရင်ခွင်ထဲမှာ ကလေးတယောက်လို ငိုနေတော့တယ်။

"နင် အပြင်ထွက် လမ်းလျှောက်လိုက်ရင် ပိုကောင်းမယ်ထင်တယ်။ မိနစ်

၂၀ လောက် ဖြစ်ဖြစ်ပေါ့ဟာ။ ငါတောင်းပန်ပါတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်တာ ပိုကောင်းလိမ့်မယ်”

ကျွန်တော် ခေါင်းငြိမ့်ပြီး မတ်တပ်ရပ်လိုက်တယ်။ ကျွန်တော့်ရှပ်အင်္ကျီပေါ်မှာ ဆွယ်တာတထည် ဝတ်လိုက်တယ်။ “အခုလို ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်” လို့ ရီကို့ကို ကျွန်တော် ပြောလိုက်တယ်။

“ရပါတယ်။ နင့်အမှားမဟုတ်ပါဘူး။ စိတ်မပူပါနဲ့ နင်ပြန်ရောက်ရင်တော့ သူကောင်းသွားမှာပါ” လို့ ရီကိုက ပြောတယ်။

ကျွန်တော့်ခြေထောက်တွေဟာ ကျွန်တော့်ကို လမ်းမပေါ် ရောက်အောင် သယ်ဆောင်သွားတယ်။ လမ်းမပေါ်မှာ လမင်းကြီးက ပုံမှန်မဟုတ်တဲ့ အလင်းရောင်တွေ တောက်ပလို့ နေတယ်။ ပြီးတော့ တောအုပ်ထဲကို ရောက်သွားတယ်။ ထူးထူးဆန်းဆန်း ပဲ့တင်ထပ်လို့နေတဲ့ အသံတွေဟာ စိတ်ပျက်စရာပါ။ ကျွန်တော့်ရဲ့ခြေသံတွေဟာ တဖက်နေရာက အခြားသူတယောက် ပင်လယ် ကြမ်းပြင်ပေါ်မှာ လမ်းလျှောက်လာနေသလိုပါပဲ ကျွန်တော် ကြားနေရတယ်။ တောအုပ်ကြီးတခုလုံး ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေတယ်။ တိရစ္ဆာန်တွေရဲ့အသက်ရှူသံတွေဟာ ကျွန်တော့်ကို စောင့်မျှော်နေသလိုပါပဲ။

သစ်ပင်တွေကို ကျော်လာတော့ လမ်းဟာ ဆင်ခြေလျှောလေး ဖြစ်သွားတယ်။ ကျွန်တော် ထိုင်ချလိုက်ပြီး နာအိုကိုရှိတဲ့ အဆောက်အအုံဆီကို ပြန်ကြည့်နေမိတယ်။ နာအိုကို ဘယ်အခန်းမှာ နေသလဲဆိုတာကို ကျွန်တော် အလွယ်တကူ ပြောလို့ရပါတယ်။ အလင်းရောင် ခပ်မှိန်မှိန်ရှိနေတဲ့ အခန်းကို ရှာလိုက်တာနဲ့ သိနိုင်ပါတယ်။ အဲ့ဒီအခန်းကို ကျွန်တော် အချိန်အကြာကြီး ကြည့်နေမိတယ်။ အသက်ဝိညာဉ်တခုရဲ့ကုန်လုဆဲဆဲ မီးစာခဲလေးကို စဉ်းစားမိစေပါတယ်။ ကျွန်တော် ကိုယ့်လက်ဝါးနှစ်ဖက်ကို ကိုယ်ပြန်ဆုပ်ကိုင်ပြီး ကိုယ့်ကိုယ်ကို အသက်ရှိကြောင်း သတိပေးနေမိတယ်။ ဂျေးဂတ်စ်ဘီက တဖက်ကမ်းခြေပေါ်ရှိတဲ့ မှိန်ဖျဖျ အလင်းရောင်လေးကို စောင့်ကြည့်နေသလိုမျိုး ကျွန်တော် နာအိုကို့အခန်းကို ကြည့်နေမိပါတယ်။

နောက်နာရီဝက်လောက်နေလို့ ကျွန်တော်ပြန်သွားတဲ့အချိန်မှာတော့ အဆောက်အအုံရဲ့ အဝင်ဝမှာတင် ရီကိုရဲ့ဂစ်တာသံကို ကြားနေရပါတယ်။ ကျွန်တော် လှေကားကို တက်လာပြီး အခန်းတံခါးကို ခေါက်လိုက်ပါတယ်။ အထဲမှာ နာအိုကိုရဲ့အရိပ်အယောင်ကို မတွေ့ရတော့ပါဘူး။ ရီကိုဟာ တယောက်တည်း ကောဇောပေါ်မှာထိုင်ပြီး တီးနေပါတယ်။ သူ ကျွန်တော့်ကို နာအိုကို ရှိနေတဲ့ အိပ်ခန်းကို လက်ညိုးထိုးပြီး ညွှန်ပြပါတယ်။ နောက်တော့ သူ ဂစ်တာကို ကြမ်းပြင်ပေါ်မှာ ချပြီး ဆိုဖာပေါ်လာထိုင်တယ်။ ကျွန်တော့်ကို သူ့ဘေးမှာ

လာထိုင်ဖို့ပြောပြီး ကျန်နေသေးတဲ့ ဝိုင်ကို ခွက်နှစ်ခွက်ထဲ ထည့်လိုက်ပါတယ်။

“နာအိုကို ကောင်းသွားပါပြီ” လို့ ပြောရင်း ကျွန်တော့်ဒူးခေါင်းကို လှမ်းကိုင်လိုက်ပါတယ်။ “စိတ်မပူပါနဲ့ သူ ခဏလောက် အနားယူဖို့ လိုအပ်နေတာပါ။ သူ မကြာခင် အေးဆေးဖြစ်သွားမှာပါ။ စိတ်ထိခိုက်သွားတာပါ။ ဒီအတောအတွင်း ငါနဲ့ပဲ စကားပြောနေပေါ့”

“ကောင်းတာပေါ့” လို့ ကျွန်တော်ပြောလိုက်တယ်။

လမ်းမီးတိုင်တွေရဲ့အလင်းရောင်ဟာ ရီကိုနဲ့ ကျွန်တော့်အတွက် လုံလောက်နေပါတယ်။ တင်းနစ်ကွင်းနဲ့ ဘတ်စကက်ဘောကွင်းရှိတဲ့နေရာနားကို ရောက်တော့ ကျွန်တော်တို့နှစ်ယောက် ခုံပေါ်မှာ ထိုင်လိုက်ကြတယ်။ ရီကိုဟာ ခုံအောက်က ဘတ်စကက်ဘောကိုယူပြီး လက်ထဲမှာ ဆော့ကစားနေတယ်။ ပြီးတော့ ကျွန်တော့်ကို တင်းနစ်ရိုက်တတ်လားလို့ မေးတယ်။ ကျွန်တော် ဘယ်လိုရိုက်ရမလဲဆိုတာ သိပေမယ့် တော်တော်ညံ့တယ်လို့ ပြောလိုက်တယ်။

“ဘတ်စကက်ဘော ကစားတတ်လား”

“မဆော့တတ်ဘူးဗျ”

“မင်း ကျွမ်းကျင်တဲ့ အားကစားနည်းက ဘာလဲ” လို့ ရီကိုဟာ ပြုံးရင်းနဲ့ ကျွန်တော့်ကို ပြောတယ်။ “မိန်းကလေးနဲ့ အိပ်တဲ့ကိစ္စကလွဲလို့ပေါ့”

“အဲ့ဒီကိစ္စမှာလည်း ကျွန်တော် မကျွမ်းပါဘူး” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“စတာပါကွ၊ စိတ်မဆိုးပါနဲ့။ မင်း ဘယ်အားကစားနည်းကို ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်လဲ”

“ဘာမှ မကစားတတ်ပါဘူး။ ကိုယ်ကြိုက်တာတွေပဲ ကိုယ်လုပ်နေတတ်တာ”

“ဘယ်လိုဟာမျိုးတွေလဲ”

“ခြေလျင်တောင်တက် ခရီးထွက်တာမျိုး၊ ရေကူးတာနဲ့ စာဖတ်တာပေါ့”

“အဲ့ဒီဟာတွေက တယောက်တည်း လုပ်ရလို့ ကြိုက်တာလား”

“ကျွန်တော် အဲဒီလိုပဲ ထင်ပါတယ်။ တခြားလူတွေနဲ့ တွဲကစားရတဲ့ ကစားနည်းမျိုးကို ကျွန်တော် မကြိုက်ဘူးဗျ။ တခြားလူတွေနဲ့ ကျွန်တော်

အဆင်မပြေတော့ စိတ်ဝင်စားမှုမရှိဘူးပေါ့”

“မင်း ဒီကို ဆောင်းရာသီမှာ ထပ်လာသင့်တယ်။ ဆောင်းတွင်းဆိုရင် ငါတို့ နှင်းလျှော စီးတတ်ကြတယ်။ ပြီးတော့ နှင်းထဲမှာ တနေကုန် လျှောက်သွားရတာဟာ ချွေးသိပ်ထွက်တာပဲ” လို့ ရီကိုက ပြောတယ်။ မီးရောင်အောက်မှာ ရီကိုဟာ သူ့ရဲ့ညာလက်ကို မြှောက်လိုက်ပြီး ရှေးဟောင်း ဂီတပစ္စည်းတခုကို လေ့လာနေသလိုမျိုး လေ့လာနေတယ်။

“နာအိုကိုကရော သဘောကျလား”

“သူ မကြာမကြာတော့ လိုက်လုပ်တတ်ပါတယ်” လို့ ရီကိုက ပြောတယ်။ ဒီအချိန်မှာတော့ ရီကိုဟာ သူ့ဘယ်လက်ကို ကြည့်နေခဲ့ပါတယ်။

“မကြာခဏဆိုသလို သူ စိတ်ရှုပ်လာရင် အခုလိုမျိုး ငိုလိုက်တာချည်းပဲ။ ဒါပေမဲ့ အဆင်ပြေပါတယ်။ သူဟာ သူ့ခံစားမှုတွေကို အပြင်ထုတ်လိုက်တာမျိုးပါပဲ။ စိတ်ပူရတာက ဒီလိုမျိုးမလုပ်နိုင်မှာကိုပဲ။ စိတ်ထဲမှာ ခံစားမိတာ တခုခုကို မွေးမြူထားမယ်ဆိုရင် အသက်အန္တရာယ် ဆိုးရွားသွားလောက်အောင်ထိ ဖြစ်လာမှာပေါ့။ စိတ်ဒုက္ခနေရာက်နေတဲ့အချိန်မှာ ဖောက်ထုတ်လိုက်တာ အကောင်းဆုံးပါပဲ”

“ကျွန်တော် မပြောသင့်တဲ့ စကားတွေများ ပြောမိခဲ့လား မသိဘူး”

“မရှိပါဘူး။ စိတ်မပူပါနဲ့။ မင်းစိတ်ကို ရိုးရိုးသားသားသာ ထားပြီးပြော။ အဲဒါအကောင်းဆုံးပဲ၊ အဲဒီလိုပြောတာဟာ တခါတလေကျရင် ထိခိုက်စရာဖြစ်ပေမယ့်လို့... နာအိုကိုကတော့ အဲဒီလို နည်းမျိုးနဲ့ အဆင်ပြေတယ်။ ရေရှည်ကျရင်လည်း ရိုးရိုးသားသား ပြောတာဟာ အကောင်းဆုံးပါ။ နာအိုကိုကို ပြန်ကောင်းစေချင်တယ်ဆိုရင် နင် ရိုးရိုးသားသားပဲ ပြောဆိုသင့်တယ်။ ငါ စတွေ့တုန်းက ပြောခဲ့သလိုပါပဲ၊ နာအိုကိုကို ပြန်ကောင်းဖို့ ကူညီရင်း ကိုယ့်ကိုယ်ကိုယ် ပြန်ကောင်းအောင် ကြိုးစားချင်စိတ်ထားပြီး နာအိုကိုကို ကူညီတဲ့စိတ်မျိုး မထားသင့်တာ အကောင်းဆုံးပါပဲ။ ဒီမှာ အဲဒီလိုနည်းမျိုးက အဆင်ပြေတယ်။ မင်း ရိုးသားဖို့လိုတယ်။ မင်း ဒီမှာရှိနေတုန်း စိတ်ထဲက ထွက်ပေါ်လာသမျှ ဘယ်အရာကိုမဆို ပြောဆိုနိုင်ခွင့်ရှိတယ်။ အပြင်လောကမှာ အဲဒီလို အခွင့်အရေးမျိုး မရနိုင်ဘူး မဟုတ်လား”

“ဟုတ်ပါတယ်”

“ငါ ဒီမှာနေတဲ့ ၇ နှစ်တာ ကာလလုံး လူတွေ ရောက်လာပြီး ပြန်ထွက်သွားတာကို ငါ တွေ့ဖူးနေကျ။ လူတွေအများကြီးကို ငါ

တွေ့ဖူးတယ်လို့တောင် ပြောလို့ရတယ်။ အဲဒါကြောင့် လူတယောက်ကို ကြည့်လိုက်ရုံနဲ့ အဲဒီလူဟာ ပြန်ကောင်းလာမယ်၊ မကောင်းဘူးဆိုတာကို ငါ ပြောနိုင်တယ်။ ငါ့ရဲ့ အကဲခတ်နိုင်တဲ့ ဗီဇအရပေါ့။ ဒါပေမဲ့ နာအိုကိုကိုတော့ ငါ အပြတ်မပြောနိုင်ဘူး။ သူ ဘာဆက်ဖြစ်မလဲဆိုတာကိုတောင် ငါ မခန့်မှန်းတတ်ဘူး။ ငါသိသလောက်ကတော့ သူဟာ နောက်လထဲလောက်ဆိုရင် ရာနှုန်းပြည့် ပြန်ကောင်းရင် ကောင်းမယ်။ ဒါမှမဟုတ် ဒီတိုင်း ဒီလိုပုံစံချည်းနဲ့ပဲ နှစ်ပေါင်းများစွာ ဆက်ရှိချင်ရှိနေမယ်။ အဲဒါကြောင့် ငါလည်း နင့်ကို ယေဘူယျဆန်တဲ့ အကြံဉာဏ်တွေကလွဲလို့ ဘာလုပ်ရမလဲဆိုတာကို မပြောနိုင်ဘူး။ ရိုးသားဖို့နဲ့ တယောက်ကို တယောက် ကူညီဖို့လောက်ပဲ ငါပြောနိုင်တယ်”

“နာအိုကိုကို ဘာကြောင့် ခန့်မှန်းလို့ မရနိုင်တာလဲ”

“ဘာကြောင့်လဲဆိုတော့ ငါ သူ့ကို အရမ်းသဘောကျလို့ပဲ ဖြစ်လိမ့်မယ်။ ငါ့ရဲ့စိတ်ခံစားမှုတွေဟာ သူနဲ့အတူ လိုက်စီးမျောတဲ့အတွက် သူ့ကို ငါ ခန့်မှန်းလို့ မရတော့တာပဲ။ ငါဆိုလိုချင်တာက ငါသူ့ကို အရမ်းသဘောကျတယ်။ ပြီးတော့ သူ့ဆီမှာ ပြဿနာတွေမျိုးစုံ ပေါင်းစုနေတယ်။ အဲဒါကြောင့် ဘယ်တခုကိုမှစပြီး မဖြေရှင်းနိုင်သေးတာပဲ။ ပြဿနာတွေအားလုံးကို ရှင်းနိုင်ဖို့ဆိုတာ အချိန် အကြာကြီးယူရလိမ့်မယ်။ ဒါမှမဟုတ် အဲ့ဒီပြဿနာတွေ အားလုံးကို တပြိုင်တည်း ရှင်းနိုင်အောင် ကြိုးစားရလိမ့်မယ်။ ပြဿနာက အဲဒီလိုမျိုးဟာ။ အဲဒါကြောင့် သူ့ကို ငါ မခန့်မှန်းနိုင်တာပေါ့”

ရီကိုဟာ ဘတ်စကက်ဘော ဘောလုံးကို ပြန်ကောက်ကိုင်လိုက်ပြီး မြေပြင်ပေါ်မှာ ပုတ်လို့နေတယ်။

“အရေးအကြီးဆုံးကတော့ နာအိုကိုအပေါ် စိတ်မရှည်တာမျိုး မဖြစ်စေဖို့ပါပဲ။ အဲ့ဒါ နင့်ကို ငါပေးနိုင်တဲ့ နောက်ထပ် အကြံဉာဏ်တခုပေါ့။ ကိစ္စတွေက ရှုပ်ထွေးလွန်းလို့ နင် ဘာမှမလုပ်နိုင်ဘူး ဆိုရင်လည်း စိတ်မပျက်မိပါစေနဲ့။ ပြဿနာတွေရဲ့အစကို နားလည်အောင်ပဲ ကြိုးစားပေါ့။ အချိန်ယူပြီး ဖြေရှင်းရမှာပါပဲလေ။ နင် လုပ်နိုင်လိမ့်မယ်လို့ ထင်လား”

“ကျွန်တော် ကြိုးစားနိုင်မှာပါ”

“နင်သိတဲ့အတိုင်းပဲ အချိန်အကြာကြီးပဲ ဖြစ်သွားနိုင်တယ်။ အချိန်တွေ အများကြီး ယူခဲ့ကြပေမယ့် လည်း သူ ပြန်ကောင်းတာမျိုး ဖြစ်နိုင်တယ်။ အဲ့ဒါကိုရော နင် တွေးမိလား”

ကျွန်တော် ခေါင်းငြိမ့်လိုက်ပါတယ်။

"စောင့်စားရတယ်ဆိုတာဟာ အရမ်းခက်ခဲပါတယ်" လို့ ဘောလုံးကို ပုတ်ပြီး ရီကိုက ပြောတယ်။ "အထူးသဖြင့် နင့်လို အရွယ်မျိုးဆိုရင် ပိုခက်တာပေါ့။ နင် သူပြန်ကောင်းလာတာကို ထိုင်စောင့်နေရုံပဲ ရှိတယ်။ ရက်ချိန်း သတ်မှတ်ချက်မရှိ၊ အာမခံလည်း မရှိဘဲနဲ့ပေါ့။ နင် အဲဒါကို လုပ်နိုင်မယ်လို့ ထင်သလား။ နင် နာအိုကိုကို အဲဒီလောက် ချစ်လား"

"ကျွန်တော် မသေချာဘူး" လို့ ရိုးရိုးသားသား ပြောလိုက်တယ်။ "နာအိုကိုလိုပဲပေါ့။ တခြား လူတယောက်ကို ချစ်ရတာဟာ ဘယ်လိုလဲဆိုတာကို ကျွန်တော်မသေချာပါဘူး။ သူကတော့ ကျွန်တော်နဲ့ နည်းနည်းကွာနိုင်ပါတယ်။ ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားမှာပါ။ ကျွန်တော် မဖြစ်မနေ ကြိုးစားမှာပါ။ တခြား ဘာလုပ်ရမလဲဆိုတာကိုလည်း ကျွန်တော် မသိပါဘူး။ ခုနက ပြောခဲ့သလိုပဲ နာအိုကိုနဲ့ ကျွန်တော် တယောက်ကို တယောက် ကယ်ရမှာပါ။ ကျွန်တော်တို့ နှစ်ယောက်စလုံး ကယ်တင်ခံရဖို့ အဲဒီတလမ်းပဲ ရှိပါတယ်"

"နင် အလွယ်ရတဲ့ ကောင်မလေးတွေနဲ့ ဆက်အိပ်နေဦးမှာလား"

"အဲ့ဒီကိစ္စကိုလည်း ကျွန်တော် မသိသေးပါဘူး။ ခင်ဗျားကရော ဘယ်လိုသဘောရလဲ။ ကျွန်တော် သူ့ကို စောင့်နေရင်းနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် ဖြေဖျောက်နေရတော့မှာလား။ ကျွန်တော့်ကိုယ်ကျွန်တော် အဲဒီလောက် မထိန်းချုပ်နိုင်ဘူးလို့ ထင်တာပါပဲ"

ရီကိုဟာ ဘောလုံးကို မြေပြင်ပေါ် ပြန်ချထားလိုက်ပြီး ကျွန်တော့်ရဲ့ဒူးခေါင်းကို ကိုင်လိုက်ပါတယ်။ "ငါ နင့်ကို ရပ်လိုက်လို့ ပြောနေတာ မဟုတ်ပါဘူး။ နင် အဆင်ပြေတယ်ဆိုရင် အဆင်ပြေတာပဲပေါ့။ အဲ့ဒါ နင့်ရဲ့ဘဝပဲလေ။ နင်ကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာပေါ့။ ငါ နင့်ကိုပြောနေတာက နင် ကိုယ့်ကိုယ်ကိုယ် သဘာဝမကျတဲ့ပုံစံမျိုးတွေမှာ မသုံးသင့်ဘူးလို့ ပြောချင်တာပါ။ ငါ ဘာကိုဆိုလိုချင်လဲဆိုတာ နင် နားလည်ရဲ့လား။ ငါ့စကားတွေဟာ အချည်းနှီး ဖြစ်နိုင်ပါတယ်။ အသက် ၂၀ အရွယ်ဆိုတာဟာ ရင့်ကျက် တည်ငြိမ်ဖို့အတွက် အရေးပါတဲ့ အဆင့်တဆင့်ပါ။ အဲဒီအရွယ်မှာ ကိုယ့်ကိုယ်ကိုယ် မှုမမှန်တာတွေ လုပ်မယ်ဆိုရင် အသက်ကြီးလာတဲ့အခါ အဲဒီဒဏ်တွေကို ပြန်ခံရလိမ့်မယ်။ အဲဒါ အမှန်ပါပဲ။ အဲဒီဟာကို သေသေချာချာ ပြန်စဉ်းစားကြည့်ပေါ့။ မင်း နာအိုကိုကို စောင့်ရှောက်ချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် အရင်စောင့်ရှောက်ရမယ်"

ကျွန်တော် စဉ်းစားမယ်လို့ ပြောလိုက်ပါတယ်။

"ငါလည်း တချိန်က အသက် ၂၀ အရွယ်ကို ရောက်ခဲ့ဖူးပါတယ်။ ဟိုးတချိန်တုန်းကပေါ့။ မင်း ယုံလားတော့ မသိဘူး"

"ကျွန်တော် ယုံကြည်ပါတယ်"

"လေးလေးနက်နက်လား"

"လေးလေးနက်နက်ပေါ့" လို့ ကျွန်တော် ပြုံးရင်း ပြောလိုက်ပါတယ်။

"အဲဒီတုန်းက ငါဟာ ချစ်ဖို့ကောင်းခဲ့တယ်။ နှာအိုကိုလို ချစ်ဖို့ကောင်းတာ မဟုတ်ဘူး။ သူ့ထက်တောင် ပိုသေးတယ်။ ငါ့မျက်နှာမှာလည်း ဒီလို အရေးအကြောင်းတွေ မရှိခဲ့ဘူး"

ကျွန်တော် သူ့ရဲ့ အရေးအကြောင်းတွေကို သဘောကျတယ်လို့ ပြောခဲ့ပါတယ်။ သူ ကျွန်တော့်ကို ကျေးဇူးတင်စကား ဆိုပါတယ်။

"ဒါပေမဲ့ အခြား ဘယ်အမျိုးသမီးကိုမှ သူ့မျက်နှာပေါ်က အရေးအကြောင်းတွေဟာ ဆွဲဆောင်မှု ရှိတယ်လို့ မပြောမိစေနဲ့။ ငါကတော့ အဲ့လိုပြောတာကို သဘောကျတယ်။ ငါတယောက်တည်းပဲ အဲဒီလိုပြောတာကို ကြိုက်လိမ့်မယ်"

"ကျွန်တော် ဂရုစိုက်ပါ့မယ်"

သူဟာ ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်လိုက်ပြီး ကျွန်တော့်ကို ဓာတ်ပုံတပုံ ပြပါတယ်။ အရောင်တောက်တောက်နဲ့ နှင်းလျှောစီး ဝတ်စုံကို ဝတ်ထားတဲ့ ချစ်စရာကောင်းတဲ့ ၁၀ နှစ် ဝန်းကျင်အရွယ် မိန်းကလေးတယောက် နှင်းပေါ်မှာ ထိုင်နေပြီး ကင်မရာကို ပြုံးပြနေတဲ့ပုံပါ။

"သူ မချောဘူးလား။ သူက ငါ့သမီးလေ" လို့ ရီကိုက ပြောတယ်။ "ပြီးခဲ့တဲ့ ဇန်နဝါရီတုန်းက ပို့ပေးခဲ့တာလေ။ သူက အခုဆိုရင် လေးတန်းအရွယ်ပေါ့။

"သူ ပြုံးတာ ခင်ဗျားနဲ့ တူတယ်" လို့ ဓာတ်ပုံပြန်ပေးရင်း ကျွန်တော် ပြောတယ်။ ရီကိုဟာ အိတ်ကပ်ထဲကို ပိုက်ဆံအိတ် ပြန်ထည့်လိုက်တယ်။ ပြီးတော့ နှုတ်ခမ်းကြားမှာ စီးကရက် တလိပ်တပ်ပြီး မီးညှိလိုက်တယ်။

"အရင်က ငါဟာ ကဇာတ်စန္ဒရားဆရာ ဖြစ်ချင်ခဲ့တာ။ ပါရမီပါတယ်။ လူတွေကလည်း အဲဒါကို ထောက်ခံကြတယ်။ စန္ဒရားတီး ပြိုင်ပွဲ အတော်များများမှာ ငါ ဆုတွေရရှိခဲ့ဖူးတယ်။ ငါက ကျောင်းပြီးရင် ဂျာမနီအထိတောင် ကျောင်းဆက်တက်ဖို့ စဉ်းစားခဲ့တာ။ ငါ့ဘဝဟာ မိုးကုပ် စက်ဝိုင်းပေါ်က တိမ်လို မသေမချာ မဟုတ်ခဲ့ဘူး။ အားလုံးဟာ အဆင်ပြေ ချောမွေ့ခဲ့တယ်။ အဆင်မပြေတာ တခုခုဖြစ်ရင်လည်း အားလုံးက အကူအညီ ပေးခဲ့တာချည်းပါပဲ။ တနေ့မှာတော့ ငါ့ဘဝ အားလုံးကို တစစီဖြစ်သွားစေတဲ့ အဖြစ်အပျက်ကြီး ဖြစ်ပေါ်လာခဲ့တယ်။ ငါ

အနုပညာကျောင်း တက်နေတဲ့ ပထမနှစ်မှာ အရေးကြီးတဲ့ ပြိုင်ပွဲကြီးတခု ရှိခဲ့တယ်။ ငါ အဲဒီပြိုင်ပွဲအတွက် မရပ်မနား ကြိုးပမ်းခဲ့တယ်။ ဒါပေမဲ့ ဘယ်ဘက်လက်ချောင်းတချောင်းဟာ ရုတ်တရက် လှုပ်ရှားလို့ မရတော့တဲ့ အခြေအနေကြီးကို ရောက်သွားခဲ့ရတယ်။ ဘာကြောင့် အဲဒီလိုဖြစ်သွားခဲ့လဲဆိုတာကို ငါမသိဘူး။ အဲဒီလက်ချောင်းကို နှိပ်တာတို့၊ ရေနွေးပူထဲ စိမ်တာတို့တွေလည်း ငါ လုပ်ကြည့်သေးတယ်။ ဘယ်လိုမှပြန်မကောင်းလာဘူး။ ပြိုင်ပွဲဝင်ဖို့ကလည်း ရက်အနည်းငယ်ပဲ ကျန်တော့တာ။ ငါ ထိတ်ထိတ်လန့်လန့်နဲ့ ဆရာဝန်ဆီကို သွားပြခဲ့တယ်။ ဆရာဝန်တွေဟာ ငါ့ကို နည်းပေါင်းစုံနဲ့ စမ်းသပ်ခဲ့ပေမယ့် တခုမှ အဆင်မပြေခဲ့ဘူး။ ငါ့ရဲ့ လက်ချောင်းတွေဟာ ဘာတခုမှ မဖြစ်ခဲ့ဘူး။ အာရုံကြောတွေကလည်း အကောင်းအတိုင်း ရှိတယ်လို့ ဆရာဝန်တွေက ပြောကြတယ်။ ငါ့လက်ချောင်း ဘာလို့ လှုပ်လို့မရတော့သလဲဆိုတာကို အဖြေရှာလို့ မရဘူး။ စိတ်ပိုင်းဆိုင်ရာ အခြေအနေတခုခုကြောင့် ဖြစ်နိုင်တယ်လို့ ယူဆတာကြောင့် စိတ်ကုဆရာဝန်ဆီလည်း ငါသွားခဲ့တယ်၊ စိတ်ကုဆရာဝန်ကလည်း ငါ ဘာကြောင့် ဖြစ်သွားသလဲ ဆိုတာကို စဉ်းစားလို့ မရဘူး။ ဖြစ်နိုင်တာကတော့ ပြိုင်ပွဲမဝင်ခင် စိတ်ဖိစီးမှုတွေ အရမ်းများနေလို့ ဒီလိုဖြစ်သွားတာလို့လည်း စိတ်ကုဆရာက သုံးသပ်တယ်။ သူက ငါ့ကို စန္ဒရားနဲ့ အချိန် တော်တော်ကြာအောင် ခပ်ဝေးဝေး နေဖို့ အကြံပေးခဲ့တယ်”

ရီကိုဟာ သက်ပြင်းရှည်ကြီးချပြီး မီးခိုးတွေကို မှုတ်ထုတ်လိုက်တယ်။ ပြီးတော့ မကြာခဏဆိုသလို နောက်ကိုလှန်မီနေသေးတယ်။

“အဲဒါနဲ့ ငါ ငါ့အဖွားရှိတဲ့ အီဇူကမ်းခြေကအိမ်မှာ သွားအနားယူနေခဲ့တယ်။ ပြိုင်ပွဲကြီး အကြောင်းကိုလည်း ငါ မေ့ထားလိုက်ပြီး အပြည့်အဝ အနားယူနေခဲ့တယ်။ စန္ဒရားနဲ့ နှစ်ပတ်လောက် အဝေးမှာနေပြီး ငါလုပ်ချင်တာ လျှောက်လုပ်နေခဲ့တယ်။ ဒါပေမဲ့လည်း လက်ချောင်း ပြန်ကောင်းလာမယ့် အရိပ်အယောင်ကို မတွေ့ရဘူး။ စန္ဒရားဆိုတာဟာ ငါ့သွေးထဲမှာ အမြဲတမ်း ရှိနေတဲ့အရာပါ။ ငါ့လက်ချောင်းလေးဟာလည်း ပြန်မကောင်းလာနိုင်တဲ့ အခြေအနေမျိုးပဲ။ ပြန်ကောင်းမလာတော့ဘူးဆိုရင် ဘာလုပ်ရတော့မှာလဲ။ အဲ့ဒီအတွေးက ငါ့ခေါင်းထဲမှာ အချိန်ပြည့် ကြီးစိုးနေခဲ့တယ်။ ငါ့လက်ချောင်းတွေ ထိခိုက်မှာစိုးလို့ အိမ်အလုပ်တောင် ငါ လုပ်ဖူးတာ မဟုတ်ဘူး။ လူတွေကလည်း ငါ့ပါရမီဟာ စန္ဒရားမှာပဲ ရှိတယ်လို့ သတ်မှတ်ထားခဲ့ကြတယ်။ အဲ့ဒီလို မိန်းကလေးရဲ့ဘဝထဲမှာ စန္ဒရား မရှိတော့ဘူးဆိုတော့ ဘာကျန်တော့မှာလဲ။ အိပ်နေဖို့ပဲ ရှိတော့မှာလား။ ငါ့စိတ်တခုလုံး ရှုပ်ထွေးလို့နေခဲ့တယ်။ မှောင်အတိ ဖုံးလွှမ်းလို့နေခဲ့တယ်”

ရီကိုဟာ မြေကြီးပေါ် စီးကရက်လွှင့်ပစ်လိုက်ပြီး ကျောကို မှီနေလိုက်တယ်။

"အဲဒီအဖြစ်အပျက်ဟာ ငါ့ကို ကဇာတ်စန္ဒရားဆရာ မဖြစ်အောင် တွန်းပို့လိုက်တယ်။ ငါ ဆေးရုံမှာ နှစ်လ နေခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာမှ ငါ့လက်သန်းဟာ ဖြည်းဖြည်းချင်း ပြန်လှုပ်လို့ရလာတယ်။ ငါ အနုပညာကျောင်းကို ပြန်တက်လို့ ရလာနိုင်တဲ့ အနေအထားမျိုးကို ရောက်လာတယ်။ ဒါပေမဲ့ ငါ့စိတ်ထဲမှာရှိတဲ့ တစုံတခုကတော့ ပျောက်ကွယ်သွားခဲ့တယ်။ စွမ်းအင် ရတနာအချို့ ဒါမှမဟုတ် တစုံတခုသော အကြောင်းအရာဟာ ငါ့ခန္ဓာကိုယ်ထဲကနေ ပျောက်ကွယ်သွားတယ်။ အငွေ့ပျံသွားခဲ့တယ်။ ဆရာဝန်က ငါ့ကို ပရော်ဖက်ရှင်နယ် စန္ဒရားဆရာမ ဖြစ်လောက်အောင် စိတ်ခွတ်ခွန်အား မရှိဘူးလို့ ပြောခဲ့တယ်။ ပြီးတော့ စန္ဒရားဆရာမ ဖြစ်ချင်တဲ့ စိတ်ကူးကိုလည်း စွန့်လွှတ်လိုက်ဖို့ အကြံပေးခဲ့တယ်။ အဲဒါကြောင့် ငါ ကျောင်းပြီးသွားတော့ တပည့်တချို့ လက်ခံပြီး အိမ်မှာပဲ သင်ပေးတော့တယ်။ ဒါပေမဲ့ ငါ ခံစားနေရတဲ့၊ ငါ့ကို ကြီးစိုးနေတဲ့ အတွေးကတော့ ငါ့ဘဝ အဆုံးသတ်သွားပြီဆိုတာပါပဲ။ အဲ့ဒီလိုဖြစ်တာဟာ ငါ အသက် ၂၀ ကျော်ကျော်လေးမှာတင် ငါ့ဘဝရဲ့ အကောင်းဆုံး အစိတ်အပိုင်းတွေဟာ အဆုံးသတ်သွားခဲ့တယ်လို့ ခံစားနေခဲ့ရတယ်။ အဲ့ဒီလို ခံစားရတာဟာ ဘယ်လောက်အထိ ဆိုးရွားသလဲဆိုတာကို နင်သိရဲ့လား။ ငါ့လက်တွေမှာ အစွမ်းအစတွေ ရှိရဲ့သားနဲ့ ငါဟာ အိပ်ရာက ထလိုက်၊ နေ့တနေ့ကို ကုန်ဆုံးသွားစေလိုက်နဲ့ပဲ နေနေရတယ်။ ငါ့ကို ဘယ်သူမှ လက်ခုပ်မတီးကြဘူး။ ငါ့ကို ဘယ်သူမှ မချီးကျူးကြဘူး။ ငါဟာ ဘယ်လောက် အံ့သြဖို့ကောင်းသလဲဆိုတာကို ဘယ်သူမှ မပြောကြဘူး။ ငါဟာ အိမ်ထဲမှာပဲ အိမ်နီးချင်း ကလေးတွေကို တနေ့ပြီးတနေ့ စန္ဒရားသင်ခန်းစာတွေ သင်ပေးနေခဲ့တယ်။ ငါဟာ အရမ်းသနားဖို့ ကောင်းခဲ့တယ်။ ငါဟာ အချိန်ပြည့် ငိုနေတော့တာပါပဲ။ ငါ ဘာတွေ ဆုံးရှုံးရလိုက်ပြီလဲ ဆိုတာကို တွေးရင်းနဲ့ပေါ့။ ပြိုင်ပွဲတခုမှာ ငါ့ရဲ့နောက်ကနေ ဒုတိယဆုကိုရခဲ့တဲ့ တယောက်ဟာ အောင်မြင်မှုတွေ ရရှိနေတာ ငါမြင်တိုင်း ငါ့မျက်ရည်တွေ အလိုလိုကျလာတယ်"

"ငါ့မိဘတွေဟာ ငါ့ကို ဂရုတစိုက် ရှိခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ ငါ့အတွက် စိတ်ပျက်နေကြတာကို ငါသိတယ်။ သူတို့ တချိန်လုံး ဂုဏ်ယူခဲ့တဲ့ သူတို့ရဲ့သမီးလေးဟာ စိတ်ကုဆေးရုံကနေ ပြန်လာတဲ့ လူတယောက်အဖြစ် ပြောင်းလဲသွားခဲ့တယ်။ ငါ့ကို သူတို့ အိမ်ထောင်ချပေးလို့လည်း မရတော့ဘူး။ လူတွေနဲ့နေရင် သူတို့ ဘယ်လို ခံစားနေရသလဲဆိုတာကို ငါ သိနေတယ်။ အဲ့ဒါကို ငါမုန်းတယ်။ ငါ အပြင်ကိုတောင် မထွက်ရဲတော့ဘူး။ အိမ်နီးချင်းတွေ ငါ့အကြောင်း ပြောနေမှာကို ငါ ကြောက်တယ်။ အဲ့ဒါကြောင့် ငါ အိပ်ပဲအိပ်နေခဲ့တယ်။ ငါ တချိန်လုံး စိတ်ရှုပ်ထွေးပြီး အမှောင်ထဲမှာ ငါ အသက် ၂၄ နှစ် အရွယ်မှာ အဲဒီအဖြစ်အပျက်ကြီး ဖြစ်ခဲ့တာပါပဲ။ နောက်တော့ ငါ စိတ်ကျန်းမာရေး ဂရုစိုက်တဲ့ ဌာနတခုကို ရောက်ရှိသွားတယ်။ ဒီနေရာတော့ မဟုတ်ဘူးပေါ့ ။ အဲဒီမှာ အချိန် 7 လ နေခဲ့ရတယ်။ အဲဒီနေရာဟာ သာမန်အရှူးထောင်တခုလိုပါပဲ။ တံခါးတွေ အမြဲတမ်း

ပိတ်ထားတယ်။ စန္ဒရားတွေ မရှိတဲ့ သာမန်နေရာတခုပေါ့။ ငါ့ကိုယ်ငါ ဘာလုပ်ရမလဲတောင် မသိခဲ့ဘူး။ ငါသိတာက အဲ့ဒီနေရာကနေ အမြန်ဆုံး ထွက်သွားနိုင်ဖို့ပဲ။ အမြန်ဆုံး ပြန်ကောင်းနိုင်ဖို့ ကြိုးစားခဲ့တယ်။ အဲဒီ ၇ လဟာ ငါ့အတွက် အရမ်းခက်ခဲတဲ့ ၇ လပါပဲ။ အဲဒီနေရာမှာ ငါ့မျက်နှာက အရေးအကြောင်းတွေ စတင်ခဲ့တာပါပဲ။

ရီကိုဟာ ပြုံးလိုက်ပြီး သူ့နှုတ်ခမ်းကို တွန့်နေတယ်။

"ငါ ဆေးရုံကနေ အပြင်ပြန်ရောက်ပြီး သိပ်မကြာခင်မှာပဲ လူတယောက်နဲ့ တွေ့ခဲ့တယ်။ သူနဲ့ လက်ထပ်လိုက်တယ်။ သူဟာ ငါ့ထက် အသက်တစ်နှစ်ငယ်ပြီး လေယာဉ်ထုတ်လုပ်တဲ့ ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ အင်ဂျင်နီယာတယောက်ပါပဲ။ ငါ့ရဲ့ စန္ဒရားတပည့်တယောက်ပါပဲ။ သူဟာ သဘောကောင်းပါတယ်။ သူဟာ စကား သိပ်မပြောပေမယ့်လို့ နွေးထွေးပြီး ရိုးသားတယ်။ သူ ငါ့ဆီမှာ စန္ဒရားလာတက်တာ ခြောက်လလောက် အကြာမှာ ငါ့ကို ရုတ်တရက် လက်ထပ်ခွင့် လာတောင်းခဲ့တယ်။ သင်တန်းချိန်ပြီးလို့ လက်ဖက်ရည်သောက်နေတဲ့အချိန်မှာပေါ့။ မင်းတော့ ယုံမလားမသိဘူး။ ငါတို့နှစ်ယောက် တခါမှ ချိန်းမတွေ့ဖြစ်ကြသလို လက်ချင်းတောင် မကိုင်ဖူးခဲ့ကြဘူး။ သူဟာ ငါ့ကို တော်တော်ကို ချစ်တယ်။ ငါ သူ့ကို ငါဟာ လက်ထပ်လို့ မရနိုင်ဘူးလို့ ပြန်ပြောခဲ့တယ်။

သူကို လူကောင်းတယောက်လို့ သဘောထားပြီး သဘောကျတယ်လို့ ပြန်ပြောခဲ့တယ်။ ငါ့ရဲ့ အခြေအနေတချို့ကြောင့်သာ ငါ လက်မထပ်နိုင်တာလို့ ပြန်ပြောခဲ့တယ်။ ငါ့ရဲ့ သူ့ကို လက်မထပ်နိုင်တဲ့ အခြေအနေတွေက ဘာလဲဆိုတာကို သူ အရမ်းသိချင်နေခဲ့တယ်။ ငါ သူ့ကို အဖြစ်အပျက်တွေ အကုန်လုံး ရိုးရိုးသားသားပဲ ပြောပြခဲ့တယ်။ ငါ စိတ်ကျန်းမာရေး ဆေးရုံမှာ နှစ်ကြိမ် တက်ခဲ့ဖူးတယ်ဆိုတာလည်း ပြောပြလိုက်တယ်။ ငါ သူ့ကို အရာအားလုံး ဖွင့်ပြောပြခဲ့တယ်။ အဲဒီလိုမျိုး ငါ ပြန်ဖြစ်နိုင်မယ်ဆိုတာကိုလည်း ငါ သတိပေးခဲ့တယ်။ သူက သူ စဉ်းစားဖို့ အချိန်နည်းနည်းလိုတယ်လို့ ပြောခဲ့တယ်။ ငါကလည်း သူ ငါ့ကို စကားပြောဖို့ လိုအပ်ရင် အချိန်မရွေး လာပြောလို့ရတယ်လို့ ပြောခွင့်ပေးခဲ့တယ်။ နောက်တပတ် သူ သင်တန်းလာတက်တဲ့အချိန်မှာ သူ ငါ့ကို လက်ထပ်ချင်တုန်းပဲလို့ ဖွင့်ပြောခဲ့တယ်။ ငါ သူ့ကို အချိန်သုံးလ စောင့်ဖို့ တောင်းဆိုခဲ့တယ်။ အဲ့ဒီသုံးလအတွင်း ငါတို့ တယောက်ကိုတယောက် တွေ့ကြမယ်လို့ ပြောခဲ့တယ်။ အဲ့ဒီသုံးလ အတွင်းမှာမှ သူ ငါ့ကို လက်ထပ်ချင်သေးတယ်ဆိုရင် လက်ထပ်ဖို့ကိစ္စကို ဆက်စဉ်းစားမယ်လို့ ပြောလိုက်ပါတယ်။

"ငါတို့ သုံးလလုံး တပတ်တကြိမ် ချိန်းတွေ့ခဲ့ကြတယ်။ ငါတို့နှစ်ယောက် နေရာပေါင်းစုံ လျှောက်သွားဖြစ်ပြီး အကြောင်းအရာမျိုးစုံ ပြောဖြစ်ခဲ့တယ်။ ငါ သူ့ကို

အရမ်းသဘောကျလာခဲ့တယ်။ သူနဲ့အတူ ရှိနေတဲ့အချိန်မှာ ငါ့ဘဝကို ငါ ပြန်ရပြီလို့ ခံစားမိခဲ့တယ်။ သူနဲ့ နှစ်ယောက်တည်း ရှိနေတဲ့အချိန်ဟာ ငါ့ကို စိတ်သက်သာရာ ရစေတယ်။ ငါ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ အားလုံးကိုလည်း ငါ မေ့ပျောက်နိုင်တယ်။ ကဇာတ်စန္ဒရား ဆရာမ မဖြစ်တော့ရော ဘာဖြစ်သေးလဲလို့ တွေးလာမိတယ်။ ငါ စိတ်ကျန်းမာရေးဆေးရုံတွေမှာ နေခဲ့ရတော့ရော ဘာဖြစ်သေးလဲ။ ငါ့ဘဝ အဆုံးမှ မသတ်သေးတာ။ ဘဝဟာ ငါ မမျှော်လင့်တဲ့ အကြောင်းတရားတွေနဲ့ အံ့ဩစရာတွေ ဖြစ်လာခဲ့တယ်။ ငါ အဲ့ဒီလို ခံစားလာရတဲ့အတွက် သူ့ကို ကျေးဇူး အရမ်းလည်း တင်မိခဲ့တယ်။ သုံးလပြည့်သွားတဲ့နောက်မှာလည်း သူက ငါ့ကို လက်ထပ်ဖို့ ခွင့်ပန်ပြန်တယ်။ ငါက သူ့ကို "ရှင် ကျွန်မနဲ့ အိပ်ချင်ရင် အိပ်လို့ရတယ်။ ကျွန်မ ဘာမှမဖြစ်ဘူး။ ကျွန်မ ဘယ်သူနဲ့မှ မအိပ်ခဲ့ဖူးဘူး။ ရှင့်ကို ကျွန်မချစ်တယ်။ အဲဒါကြောင့် ရှင် ကျွန်မနဲ့ အိပ်ချင်တယ် ဆိုလည်း ကျွန်မစိတ်ထဲ ဘယ်လိုမှမထားဘူး။ ကျွန်မကို လက်ထပ်မယ်ဆိုရင်တော့ ကိစ္စတွေ ပိုများလာလိမ့်မယ်။ ရှင် ကျွန်မကို လက်ထပ်ရင် ကျွန်မရဲ့ဒုက္ခတွေပါ ရှင် ယူရမှာပေါ့။ ကျွန်မရဲ့ ဒုက္ခတွေက ရှင်ထင်ထားတာထက် ပိုများတယ်"

"သူက ဂရုမစိုက်ဘူးလို့ပဲ ထပ်ပြောတယ်။ ငါနဲ့ အိပ်ချင်ရုံလောက် မဟုတ်ဘဲ လက်ထပ်ချင်တာ၊ ငါနဲ့အတူ မျှဝေခံစားချင်တာလို့ ပြောပြန်ပါတယ်။ ပြီးတော့ သူက သူ တကယ်ခံစားရတာ၊ ရယူချင်တာရှိရင် မဖြစ်မနေ ကြိုးစားတတ်တဲ့လူစားလို့ ပြောပါတယ်။ အဲဒါနဲ့ ငါ သူနဲ့ လက်ထပ်ဖို့ သဘောတူခဲ့ပါတယ်။ ငါ့ဘက်က လုပ်နိုင်တာက အဲဒါပဲ ရှိတယ်လေ။ ငါတို့ လက်ထပ်ဖြစ်သွားခဲ့တာ သူနဲ့ ချိန်းတွေ့ပြီး လေးလအကြာမှာပေါ့။ သူဟာ ငါ့ကို လက်ထပ်ခွင့်ရဖို့အတွက် သူ့မိသားစုနဲ့ ပြဿနာဖြစ်ခဲ့တယ်။ သူ့မိသားစုက သူ့ကို အမွေပြတ် စွန့်လွှတ်ခဲ့တယ်။ သူက ရှီကိုကူ ဆင်ခြေဖုံးပိုင်းမှာနေတဲ့ ရှေးရိုးစွဲ မိသားစုတခုကနေ ဆင်းသက်လာခဲ့တာပါ။ သူတို့တွေဟာ ငါ့အကြောင်းကို စုံစမ်းကြည့်တော့ ငါ စိတ်ကျန်းမာရေးဆေးရုံ နှစ်ကြိမ် တက်ခဲ့ရတာကို သိသွားကြတယ်။ အဲဒါကြောင့် ငါနဲ့ လက်ထပ်ဖို့ကို ကန့်ကွက်ကြတာပေါ့။ အဲဒါကြောင့် ငါတို့နှစ်ယောက် လက်ထပ်ပွဲတောင် မလုပ်ခဲ့ကြဘူး။ ရုံးကိုပဲသွားပြီး လက်မှတ်ထိုးလိုက်ကြတယ်။ ပြီးတော့ ဟက်ကုန်းဘက်ကို နှစ်ည ခရီးထွက်ခဲ့တယ်။ ငါတို့နှစ်ယောက် အရမ်းပျော်ခဲ့ကြတယ်။ ပြီးတော့ ငါကလည်း ၂၅ နှစ်အရွယ်အထိ အပျိုစင်ပဲ ရှိနေသေးတယ်လေ။ နင် ယုံမလားတော့ မသိဘူး"

ရီကိုဟာ သက်ပြင်းချလိုက်ပြီး ဘတ်စကက်ဘောလုံးကို ပြန်ကိုင်လိုက်တယ်။

"ငါ သူနဲ့အတူ ရှိနေတဲ့ကာလတလျှောက်လုံး ငါ အဆင်ပြေခဲ့တယ်" လို့

သူက ဆက်ပြောပြန်တယ်။ “ငါ သူနဲ့အတူ ရှိနေချိန်မှာ ငါ့ဒုက္ခတွေလည်း ပျောက်ကွယ်ခဲ့တယ်။ ငါတို့လို ဝေဒနာတွေ ခံစားရတဲ့သူတွေအတွက် အဓိက လိုအပ်တာက ယုံကြည်မှုပဲလေ။ အဲဒီလူရဲ့လက်ထဲကို ငါ့ဘဝ ပုံပေးထားရတာ ငါ့အတွက် အဆင်ပြေတယ်။ ငါ့အခြေအနေ မသိမသာ ဆိုးရွားလာတဲ့အခါမှာဆိုရင် သူ ချက်ချင်းသိပြီး ငါ့ကို သေသေချာချာ ဂရုစိုက်တယ်။ စိတ်ရှည်ရှည်နဲ့ငါ့ကို စောင့်ကြည့်တယ်။ ငါ့စိတ်ထဲ ရှိသမျှ ရှုပ်ထွေးမှုတွေ အားလုံးကို ဖယ်ရှားပေးခဲ့တယ်။ အဲဒီလို ယုံကြည်မှုရှိတဲ့အတွက် ငါ့ရဲ့ရောဂါ အဝေးကိုရောက်သွားခဲ့တယ်။ ဘဝဟာ အရမ်းပျော်ဖို့ကောင်းခဲ့တယ်။ မုန်တိုင်းထန် အေးစက်နေတဲ့ ပင်လယ်ထဲကနေ ငါ့ကို တယောက်ယောက် ဆွဲထုတ်ပြီး နွေးထွေးတဲ့အိပ်ရာပေါ်မှာ စောင်ခြုံသိပ်ပေးလိုက်သလိုမျိုး ငါ ခံစားခဲ့ရတယ်။ ငါတို့လက်ထပ်ပြီး နှစ်နှစ်အကြာမှာ ကလေးတယောက် ရလာခဲ့တယ်။ အဲဒီအချိန်မှာ ငါ့လက်တွေအားလုံးဟာလည်း အကောင်းပကတိပဲ။ ငါ့ရဲ့ရောဂါကိုတောင် ငါ မေ့သလောက်ဖြစ်သွားတယ်။ မနက်မိုးလင်း အိပ်ရာကထပြီး အိမ်အလုပ်တွေ လုပ်တယ်။ ကလေးကို စောင့်ရှောက်ပြီး ငါ့ယောကျ်ားက အလုပ်ကပြန်လာရင် သူ့ကို ညစာကျွေးတယ်။ နေ့တိုင်း နေ့တိုင်းဟာ အဲ့ဒီလိုချည်းပဲ ဖြစ်ပေမယ့်လို့ ငါ ပျော်ခဲ့တယ်။ အဲ့ဒီကာလဟာ ငါ့ဘဝရဲ့အပျော်ရွှင်ဆုံးကာလပဲ ဖြစ်ပါတယ်။ အဲ့ဒီလိုကာလ ဘယ်လောက် ကြာခဲ့သလဲဆိုတော့... ငါစဉ်းစားကြည့်လိုက်ဦးမယ်။ ငါ အသက် ၃၁ နှစ် ရောက်တဲ့အထိပေါ့။ နောက်တော့ ရုတ်တရက်လိုပဲ ငါ့ရောဂါ ပြန်ထလာတယ်။ အရင်လို ပြန်ဖြစ်လာခဲ့တယ်။ ငါဟာ အစိတ်စိတ် အမွှာမွှာ ကွဲထွက်လာပြန်တယ်”

ရီကိုဟာ စီးကရက်မီးညှိလိုက်တယ်။ လေတွေငြိမ်သွားတယ်။ မီးခိုးငွေ့တွေဟာ ဖြောင့်ဖြောင့်တန်းတန်း ထောင်တက်သွားပြီး ညရဲ့အမှောင်ထဲ ပျောက်ကွယ်သွားတယ်။ ကောင်းကင်ပေါ်မှာ ကြယ်တွေ ပြည့်နှက်နေတာကို ကျွန်တော် သတိထားလိုက်မိတယ်။

“တခုခုဖြစ်ခဲ့လို့လား”

“ဟုတ်တယ်။ ထူးဆန်းတဲ့အရာတခု ဖြစ်ခဲ့တယ်။ ငါ့ကို ကြိုတင်ပြီး ထောင်ချောက်တခု ဆင်ထားခဲ့သလိုပဲ။ ခုထိတောင် အဲဒီအကြောင်းတွေကို ပြန်စဉ်းစားရင် ငါ ကျောစိမ့်နေတုန်းပဲ” လို့ ရီကိုက ပြောရင်း သူ့လက်တဖက်နဲ့ နဖူးကို သုတ်လိုက်တယ်။ ငါ့အကြောင်းတွေ မင်းကို ပြောနေရတာကို အားနာပါတယ်။ နင်က နာအိုကိုနဲ့ တွေ့ဖို့ လာခဲ့တာပါ။ ငါ့အကြောင်းတွေ နားထောင်ဖို့ လာခဲ့တာမှ မဟုတ်ဘဲ”

“ရပါတယ်။ ကျွန်တော်လည်း နားထောင်ချင်ပါတယ်။ ပြောပြမယ်ဆိုရင် ကျွန်တော် ဆက်နားထောင်မှာပါ”

"အင်း ပြောပါမယ်" လို့ ရီကိုက စကားဆက်ပြန်တယ်။ "ငါတို့ရဲ့သမီးလေး မူကြိုကျောင်းတက်တဲ့ အရွယ်ရောက်တော့ ငါ စန္ဒရား ပြန်တီးပြန်တယ်။ နည်းနည်းချင်းပေါ့ ။ ဘယ်သူ့အတွက်မှ မဟုတ်ဘဲ ငါ့အတွက် ငါတီးတာပါ။ ဘက်ချ်၊ မိုးစက်၊ စကောလက်တီတို့ရဲ့ တေးသွား အတိုစလေးတွေကို ငါ စတီးခဲ့တယ်။ အချိန်အကြာကြီး ပစ်ထားခဲ့တာကြောင့် ဂီတဟာ ငါ့ဆီကို အလွယ်တကူ ပြန်မလာဘူး။ အရင်တုန်းကလိုလည်း ငါ့လက်တွေ မသွက်ဘူး။ စန္ဒရားကို ငါ ပြန်တီးတော့ စိတ်လှုပ်ရှား ရင်ခုန်မိတယ်။ ငါ့လက်တွေဟာ ခလုတ်တွေပေါ်မှာ ပြေးလွှားနေခဲ့တယ်။ ငါဟာ ဂီတကို ဘယ်လောက် ချစ်မြတ်နိုးတယ်။ ဂီတကို ဘယ်လောက်ထိ ဆာလောင်တော်မွတ်နေတယ် ဆိုတာကို နားလည်လာခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ဖျော်ဖြေဖို့အတွက် သိရတာဟာ အရမ်းအံ့ဩဖို့ ကောင်းတယ်"

"ငါဟာ ပြောခဲ့သလိုပဲ စန္ဒရားကို လေးနှစ်သမီး အရွယ်ကတည်းက တီးလာခဲ့တာ။ ဒါပေမဲ့ ငါ တကြိမ်မှ ကိုယ့်အတွက်ကိုယ် မတီးဖူးဘူး။ စာမေးပွဲအောင်မြင်ဖို့၊ ဒါမှမဟုတ် အိမ်စာအတွက် တီးဖို့နဲ့ တခြားလူကို ဖျော်ဖြေဖို့ချည်းပဲ တီးခတ်ခဲ့ရတာ။ အဲ့ဒီအရာတွေက အရမ်းအရေးကြီးတယ်။ နင် ဂီတတူရိယာတခုခုကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်ရင် နားလည်လာမှာပါ။ အရွယ်တခုကို ရောက်လာပြီဆိုရင် ကိုယ့်ကိုယ်ကိုယ် ဖျော်ဖြေရတာကိုပဲ သဘောကျမိလိမ့်မယ်။ မြူးဇစ်ရဲ့ သဘောသဘာဝက အဲ့ဒီလိုပဲ။ ငါဟာ အရင်လို အဆင့်မြင့် လေ့ကျင့်ခန်းတွေကိုလည်း မတီးတော့ပါဘူး။ ငါ့သမီးကို မူကြို အကြိုအပို့ လုပ်တာရယ်၊ အိမ်အလုပ်ကို အချိန်မီအောင် လုပ်တာရယ်၊ အဲ့ဒါတွေပြီးတော့ စန္ဒရား တနာရီ၊ နှစ်နာရီလောက် တီးလိုက်တာတွေရယ်နဲ့ပဲ ငါ့အသက် ၃၂ နှစ် ပြည့်လာတယ်။ အဲ့ဒီအထိကတော့ အေးအေးဆေးဆေးပါပဲ"

ကျွန်တော် သဘောတူတဲ့အနေနဲ့ ခေါင်းညိတ်လိုက်ပါတယ်။

"တနေ့တော့ အိမ်နီးချင်းအမျိုးသမီးတယောက် ငါ့ဆီကို ရောက်လာတယ်။ ငါ လမ်းပေါ်မှာတွေ့ရင် နှုတ်ဆက်တာလောက်ပဲရှိတဲ့ အမျိုးသမီးမျိုးပါ။ သူက သူ့သမီးကို စန္ဒရား သင်ပေးဖို့ လာပြောတာပါ။ ငါတို့တွေဟာ အိမ်ချင်းနည်းနည်း ဝေးတာကြောင့် သူ့သမီးအကြောင်းကို ငါ မသိဘူး။ ဒါပေမဲ့ သူ့သမီးဟာ ငါ့အိမ်ရှေ့ကနေ ဖြတ်သွားလေ့ရှိပြီး ငါ့ရဲ့စန္ဒရားသံကို အရမ်းကြိုက်နှစ်သက်တယ်လို့ ပြောပါတယ်။ အဲဒါကြောင့် သူ့အမေကို လွှတ်ပြီး စန္ဒရားသင်တန်းပေးဖို့ ပြောခိုင်းတာလို့ သိရတယ်။ သူ့သမီးဟာ အလယ်တန်း ဒုတိယနှစ် ကျောင်းသူတယောက်ဖြစ်ပြီး အခြား စန္ဒရားဆရာတွေဆီမှာ လည်း သင်ခဲ့ဖူးတယ်လို့ သိရပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် သူ ဆရာတယောက်ထံမှာ အချိန်အတော်ကြာကြာ မသင်ရဘူးလို့ ဆိုပြန်တယ်"

"ငါ သူ့ရဲ့တောင်းဆိုမှုကို ပယ်ချလိုက်တယ်။ ငါဟာ စန္ဒရား သင်တာကို

အချိန် ၇ နှစ်ကျော် စွန့်လွှတ်ပြီးခဲ့ပြီပဲ။ ငါ့အတွက်က တခါမှ စန္ဒရားမသင်ဖူးခဲ့တဲ့သူကို သင်ရတာကမှ အဆင်ပြေဦးမယ်။ နှစ်ပေါင်းများစွာ ဆရာအမျိုးမျိုးနဲ့ သင်ခဲ့ဖူးတဲ့ မိန်းကလေးတယောက်ကို သင်ပေးဖို့ဆိုတာ ငါ့အတွက် ခက်လှပါတယ်။ အဲ့ဒါအပြင် ငါ့မှာက ကလေးတယောက်အတွက်နဲ့တင် အလုပ်တွေ များနေတာပဲ။ ပြီးတော့ ဆရာတွေ တချိန်လုံး ပြောင်းနေတဲ့ ကလေးမျိုးကို ဘယ်ဆရာမှ နိုင်မှာမဟုတ်ဘူးဆိုတာ နားလည်ခဲ့ပါတယ်။ အဲ့ဒါနဲ့ အဲ့ဒီအမျိုးသမီးက သူ့သမီးကို တကြိမ်လောက် တွေ့ကြည့်ပါဦးလို့ တောင်းဆိုပြန်တယ်။ အဲ့ဒီအမျိုးသမီးဟာ တဖက်လူကို အတင်းတိုက်တွန်း တတ်တဲ့ အမျိုးသမီးမျိုးပဲ။ သူ့အနေနဲ့ ငါ့ကို အဲဒီလောက် မတိုက်တွန်းသင့်ဘူးလို့ ငါ သိပေမယ့်လည်း သူ့သမီးနဲ့တွေ့ဖို့ သဘောတူလိုက်ပါတယ်။ ငါက သူ့ကို တွေ့တယ်ဆိုရုံလောက်ပဲ တွေ့မလို့ပါ။ သုံးရက်လောက်အကြာမှာတော့ ကောင်မလေးဟာ ငါ့အိမ်ကို သူ တယောက်တည်း ရောက်လာခဲ့တယ်။ သူဟာ တကယ့်ကို နတ်သမီးလေးတယောက်လိုပဲ မျက်နှာချိုသာပြီး အရမ်းချစ်ဖို့ကောင်းတဲ့အလှကို ပိုင်ဆိုင်ထားတယ်။ ငါ့ဘဝမှာ အဲ့ဒီလောက် ချောမောလှပတဲ့ မိန်းကလေးမျိုး တခါ၊ တခါမှ မတွေ့ဖူးဘူး။ သူ့ဆံပင်တွေဟာ အိန္ဒိယမှင်စက်တွေလို နက်မှောင် ရှည်လျားပြီး လှပတယ်။ ခန္ဓာကိုယ် သွယ်သွယ်လျလျနဲ့ ခြေတံလက်တံတွေ အရမ်းလှပပြီး၊ မျက်လုံးတွေဟာ အရောင်တောက်ပလို့နေတယ်။ သူ့ရဲ့သေးသွယ်တဲ့ ပါးစပ်ပေါက်လေးကလည်း ခုလေးတင်မှ တယောက်ယောက် ဖန်တီးပေးခဲ့သလိုပဲ။ သူနဲ့ စတွေ့ခါစမှာ ငါ စကားတောင် မပြောနိုင်ခဲ့ဘူး။ သူ အရမ်းလှလွန်းတယ်။ သူ ငါ့ဧည့်ခန်းကခုံမှာထိုင်တော့ ငါ့ ဧည့်ခန်းဟာ အရမ်းလှပတဲ့နေရာတခု ဖြစ်သွားတယ်။ သူ့ကိုတောင် စေ့စေ့မကြည့်ရဲဘဲ ခပ်စောင်းစောင်းပဲ ကြည့်ဖြစ်ခဲ့တယ်။ သူက အဲ့ဒီလောက်တောင် လှတာ။ ငါ သူ့ပုံကို မျက်စိထဲစွဲနေတုန်းပဲ”

ရီကိုဟာ မျက်မှောင်ကြုတ်ပြီး ကောင်မလေးကို ပုံဖော်ကြည့်နေတယ်။

“ကော်ဖီသောက်ပြီးတဲ့အထိ ငါတို့ တနာရီကျော်လောက် စကားပြောဖြစ်ခဲ့တယ်။ အကြောင်းအရာ မျိုးစုံပါပဲ။ ဂီတအကြောင်း၊ သူ့ရဲ့ကျောင်းအကြောင်းနဲ့ တခြားအကြောင်းအရာတွေ အစုံပါပဲ။ ငါ သူ့ကို ချက်ချင်းဆိုသလိုပဲ တော်တဲ့ ကောင်မလေးအဖြစ် လက်ခံနိုင်ခဲ့တယ်။ သူဟာ လူတယောက်နဲ့ စကားစ မပြတ်အောင် ဘယ်လို ပြောရမလဲဆိုတာ ကောင်းကောင်း သိပုံရတယ်။ သူ့အမြင်တွေဟာ ရှင်းလင်းပြီး တိကျတယ်။ အခြားလူတယောက်ကို လွှမ်းမိုးနိုင်တဲ့ မွေးရာပါ ထူးခြားမှုရှိတယ်။ သူဟာ လုံး၀၊ လုံး၀ကို သူများထက် သာလွန်တယ်။ သူ့ကို ဘာကြောင့် အဲဒီလို သူများထက် သာနေရတာလဲဆိုတာ အဲ့ဒီတုန်းကတော့ ငါ မပြောပြတတ်ဘူး။ သူ့အသိဉာဏ်ဟာ သူများထက် ပိုသာတယ်။ သူ့ရှေ့မှောက်မှာ ငါ သူ့ကို ဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းအားတွေ

ပျောက်ဆုံးသွားတယ်။ သူဟာ အရမ်းငယ်ပြီး အရမ်းလှပတယ်။ ငါဟာ သူ့ရှေ့မှောက်မှာ ငါ့ကိုယ်ငါ သူ့ထက် နိမ့်ကျတဲ့ မျိုးစိတ်တခုလို့ ထင်မြင်ယူဆမိလောက်အောင်ပါပဲ”

ရီကိုဟာ သူ့ခေါင်းကို အကြိမ်ပေါင်းများစွာ လှုပ်ရှားလိုက်တယ်။

“ငါသာ သူ့လိုမျိုး လှပြီး တော်ခဲ့မယ် ဆိုရင် ငါ သူ့ထက်တောင်ပိုပြီး သာမန်လူသား ဖြစ်လိမ့်မယ်လို့ တွေးမိလာတယ်။ အဲဒီလို တော်ပြီး လှနေမယ်ဆိုရင် ဘာကိုများ ထပ်လိုချင်ရဦးမှာလဲ။ လူတိုင်းရဲ့ ချစ်ခြင်းကို ခံရမယ်ဆိုရင် သူများထက် အားငယ်တဲ့စိတ်တွေ ဘယ်ရှိတော့မှာလဲ”

“သူ ခင်ဗျားကို ထိခိုက်အောင် တခုခုများ လုပ်ခဲ့လို့လား”

“အဲ့ဒီကောင်မလေးဟာ တကယ်တော့ လိမ်ဖို့ ဝသီပါလာတဲ့ ကောင်မလေးပဲ။ သူဟာ အဓိပ္ပာယ်မဲ့၊ အလကားနေရင်း လိမ်ချင်နေတတ်တယ်။ အားလုံးကို လိမ်ပြောတတ်တယ်။ သူ ဇာတ်လမ်းတခု ထွင်ပြောနေရင် အဲ့ဒီဇာတ်လမ်းကို သူကိုယ်တိုင်ယုံကြည်ပါတယ်။ သူဟာ စိတ်အပြောင်းအလဲလည်း မြန်တတ်တယ်။ ဘာမှမဟုတ်တဲ့ အသေးအဖွဲ အကြောင်းအရာလေးတွေကို လိမ်ဖို့ စဉ်းစားနေတတ်တယ်။ ငါ့စိတ်ထဲမှာ ဘာမှမဖြစ်လောက်တဲ့ ကိစ္စမျိုးကိုတောင် လိမ်တယ်။ ဘယ်သူမဆို အဲ့ဒီလိုချောမောလှပတဲ့ ကောင်မလေးဟာ အသေးအဖွဲကိစ္စလေးတွေကို လိမ်တတ်မှာလို့ ထင်ကြမှာ မဟုတ်ဘူး။ သူဟာ ငါ့ကို ခြောက်လအတွင်း အလိမ်အညာပေါင်းများစွာ၊ သူ့ကြောင့် ငါ့စိတ်တွေလည်း နောက်ကျိလာတယ်။ သူဟာ အရာအားလုံးကို လိမ်တယ်။ ငါလည်း သူ့ကို သံသယ မရှိခဲ့ဘူး။ သူပြောတဲ့ဟာတွေကို သံသယဝင်ရင်တောင် ကိုယ့်ကိုယ်ကို ရူးတယ်လို့ ထင်မိလိမ့်မယ်”

“သူ ဘာတွေကို လိမ်တာလဲ”

“အရာအားလုံးပါပဲ” လို့ ပြောပြီး ရီကိုဟာ ခြောက်ကပ်ကပ် ရယ်လိုက်တယ်။ “လူတယောက်ဟာ တခုခုကို လိမ်ပြောမယ်ဆိုရင် တခြား အလိမ်အညာပေါင်းများစွာကို သုံးစွဲရမှာပဲလေ။ အဲ့လို လူတွေအတွက် ဒဏ္ဍာရီစွဲလန်းမှု ရောဂါဆိုတဲ့ စကားလုံး ရှိတယ်လေ။ ဒဏ္ဍာရီစွဲလန်းမှုရောဂါ ဖြစ်နေတဲ့ လူတယောက်က အလိမ်အညာတွေကိုပြောရင် သူတို့ဟာ အရမ်း အပြစ်ကင်းစင်ကြတယ်။ အားလုံးကလည်း သတိထားမိတယ်။ ဒါပေမဲ့ မိန်းကလေးကတော့ အပြစ်မကင်းစင်ဘူး။ သူ့ကိုယ်သူ ကာကွယ်ဖို့ ထိခိုက်စေနိုင်တဲ့ အလိမ်အညာတွေကို မျက်တောင်တချက်မခတ်ဘဲ ပြောသွားနိုင်တယ်။ သူ့အမေနဲ့ တခြားရင်းနှီးတဲ့ သူငယ်ချင်းတွေကတော့ သူ လိမ်ညာပြောတတ်မှန်း သိကြတယ်။ သူဟာ တခုခုကို လိမ်ပြောတော့မယ်ဆိုရင် အရမ်း ဂရုစိုက်လွန်းအားကြီးတယ်။ သူ

လိမ်ညာတာကို တယောက်ယောက်က သိသွားရင်လည်း သူ့ရဲ့လှပတဲ့ မျက်ဝန်းထဲကနေ မျက်ရည်တွေ စီးကျလာပြီး တိုးတိုးလျလျ အသံနဲ့ တောင်းပန်ပြီး ခွင့်လွှတ်မှုကို တောင်းဆိုတတ်တယ်။ သူ့ကို အဲ့လို မြင်ရရင် ဘယ်သူမှ မခံနိုင်ကြဘူး။ ခွင့်လွှတ်လိုက်ရတာချည်းပဲ။

"သူ ငါ့ကို ဘာလို့ ရွေးချယ်ခဲ့တယ်ဆိုတာကိုတော့ ငါ မသိသေးဘူး။ ငါဟာ သူ့ရဲ့ ဘယ်နှစ်ယောက် သားကောင်ဖြစ်ခဲ့မှန်း မသိဘူး။ ဒါမှမဟုတ် ငါကပဲ သူ့အတွက် လွတ်မြောက်ရာဖြစ်ခဲ့လား မသိဘူး။ မသိတော့ပါဘူးဟာ။ အခုတော့ ဘာမှမဟုတ်တော့ပါဘူး။ အားလုံး ပြီးဆုံးသွားခဲ့ပါပြီ။ အခုတော့ ငါ ဒီလိုဖြစ်နေပြီပေါ့"

ခဏလောက် တိတ်ဆိတ်ငြိမ်သက်သွားတယ်။

"သူ့အမေ ငါ့ကို ပြောခဲ့တာတွေကို ငါ့ကို သူပြန်ပြောပြတယ်။ သူ ငါ့အိမ်ရှေ့ကဖြတ်သွားရင်းနဲ့ ငါ့ရဲ့ စန္ဒရားတီးသံကို ကြားခဲ့တယ်ဆိုပြီးတော့ပေါ့။ သူက ငါ့ကို လမ်းထဲမှာလည်း မြင်ဖူးတယ်လို့ ပြောတယ်။ ပြီးတော့ ငါ့ကို ကြည်ညိုမိတယ်တဲ့။ ကြည်ညိုတယ်ဆိုတဲ့ စကားလုံးကို သူ တကယ် သုံးခဲ့တယ်။ သူ အဲဒီလိုပြောတော့ ငါ့မျက်နှာတောင် နီရဲသွားခဲ့ရတယ်။ သူ့လို အရုပ်လေးလိုလှတဲ့ မိန်းကလေးက ငါ့ကို ကြည်ညိုမိတယ်လို့ပြောတော့ ငါ ဘယ်နေတတ်ပါ့မလဲ။ အဲ့ဒီစကားလုံးဟာ တကယ်ပဲ မုသားစကား ဖြစ်ခဲ့လားတောင် မသိဘူး။ ငါ့အသက် ၃၀ ကျော်ကာလတလျှောက်လုံး ငါ့မှာ သူလိုလှတဲ့မိန်းကလေးမျိုးကိုတော့ တခါမှ မတွေ့ဖူးဘူး။ ဘာမှ ထူးခြားတဲ့ပါရမီ မရှိပါဘူး။ ဒါပေမဲ့ သူ့လိုမိန်းကလေးကို ငါ့အနားရောက်လာအောင် ဆွဲဆောင်နိုင်တဲ့ တခုခုတော့ ရှိမှာပေါ့။ အဲဒါကို သူကိုယ်တိုင်လည်း သိလိမ့်မယ်လို့ ငါ ထင်ပါတယ်။ ငါ့ကို သူစိတ်ဝင်စားမိတာ တခုခုရှိရင်လည်း ရှိမှာပေါ့။ ပြန်စဉ်းစားကြည့်ရင်တော့ သူ့အတွက် ငါ့မှာ ထူးခြားတာ တခုခု ရှိလိမ့်မယ် ထင်ပါတယ်။ ငါကြွားနေတာတော့ မဟုတ်ပါဘူး"

"နားလည်ပါတယ်"

"သူ ငါ့ဆီလာရင် ဂီတအခွေတွေ ဝယ်လာတတ်တယ်။ ပြီးတော့ ငါ့ကို တီးပြခွင့် တောင်းတယ်။ ငါဟာ ခွင့်ပြုခဲ့ပါတယ်။ သူယူလာတဲ့အခွေက ဘက်ချ်ရဲ့ဖန်တီးခြင်းဆိုတဲ့ အခွေပါ။ သူတီးပြတဲ့လက်သံဟာ အင်မတန်မှပဲ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ထူးခြားတယ်လို့ပဲ ပြောရမလား မသိဘူး။ သာမန်မဟုတ်တာတော့ သေချာတယ်။ ပြီးတော့ အထူးတလည် ကြိုးစားထားတာမျိုးလည်း မဟုတ်ပါဘူး။ သူဟာ ပရော်ဖက်ရှင်နယ် ဂီတသင်တန်းကျောင်းလည်း တက်ဖူးတာမဟုတ်ပါဘူး။ သူ ဘယ်လိုသင်ခန်းစာတွေ ယူခဲ့သလဲဆိုတာကတော့ အံ့သြစရာပါပဲ။ တော်တော် လေ့ကျင့်ထားပုံ ရတယ်။ သူ

သီချင်းဆိုတဲ့ အသံကလည်း သင်တန်းတက် လေ့ကျင့်ပြီး ဆိုတဲ့အသံမျိုး မဟုတ်ဘူး။ ဒါပေမဲ့ သူ လုပ်ပြသွားတာတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်ကတော့ တကယ့်ကို လက်ဖျားခါစရာပါပဲ။ နောက်ထပ် ၁၀ ရာခိုင်နှုန်း သူ သီချင်းဆိုခဲ့တာပါ။ သူ ဆိုတာလည်း တကယ့်ကို ဂီတဖြစ်ပါတယ်။ ပြီးတော့ သူက ဘက်ချ်ကိုတီးတာဆိုတော့ ငါဟာ သူ့ကို တကယ်ပဲ စိတ်ဝင်စားမိခဲ့တယ်။ သူ ဘယ်လိုလဲဆိုတာကိုလည်း သိချင်စိတ်ဖြစ်မိခဲ့တယ်။

"ဒီကမ္ဘာကြီးထဲမှာ သူ့ထက်ပိုပြီး ဘက်ချ်ကို တီးနိုင်တဲ့ကလေးတွေ အများကြီးရှိတယ် ဆိုတာကတော့ ပြောစရာတောင် မလိုပါဘူး။ သူ့ထက်တောင် အဆနှစ်ဆယ်လောက် ကောင်းနေဦးမယ်။ ဒါပေမဲ့ သူတို့တွေရဲ့ဖျော်ဖြေမှုတွေကတော့ ဘယ်လိုမှ ကောင်းမှာ မဟုတ်ပါဘူး။ ဘာမှမပါဘဲ အလွတ်ကြီးပဲ ဖြစ်နေလိမ့်မယ်။ အဲဒီကောင်မလေးရဲ့နည်းစနစ်ကတော့ တော်တော် ဆိုးပါတယ်။ ဒါပေမဲ့ လူတွေကို ဆွဲဆောင်နိုင်တဲ့ တခုခုတော့ သူ့မှာရှိတယ်။ ပြောရရင် သူရဲ့ ဖျော်ဖြေမှုက အနည်းဆုံး ငါ့ကိုတော့ ဆွဲဆောင်နိုင်ခဲ့တယ်။ အဲ့ဒါကြောင့် သူ့ကို သင်ပေးတာ ကောင်းလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ သူကို စန္ဒရားတီး ပြန်သင်ပေးတာဟာ တနေ့မှာ ပရော်ဖက်ရှင်နယ် စန္ဒရားဆရာမ ဖြစ်လာလိမ့်မယ် ဆိုတာကို ယုံကြည်လို့ဆိုတာ ပြောစရာ မလိုတော့ပါဘူး။ သူဟာ ပျော်ရွှင်စရာကောင်းတဲ့ စန္ဒရားတီးသမားဘဝကို ရောက်နိုင်လိမ့်မယ် လို့လည်း ခံစားမိခဲ့တယ်။ အဲဒီလောက် မဟုတ်ရင်တောင်မှ သူ စန္ဒရား ကောင်းကောင်း တီးနိုင်လိမ့်မယ်လို့ ငါ ယုံကြည်တယ်။ ဒါပေမဲ့ ငါ့မျှော်လင့်ချက်တွေဟာ အလကား ဖြစ်သွားခဲ့ပါတယ်။ သူဟာ သူလုပ်နေတာတွေကို တိတ်တိတ်ဆိတ်ဆိတ်နဲ့ လုပ်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ကလေးဆိုတော့လည်း သူ ဘာတွေလုပ်နေသလဲ ဆိုတာကို လူတိုင်းသိအောင် ပြောတာပေါ့။ အခြားလူတွေ သူ့ကို အထင်ကြီးအောင် အမြဲလုပ်တာပေါ့။ လူတွေက သူကို အထင်ကြီးအောင် ချီးမွမ်းအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာကို သူ ကောင်းကောင်းသိထားပါတယ်။ ပြီးတော့ ငါစိတ်ဝင်စားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်း သူသိတယ်။ သူဟာ အရာအားလုံးကို တွက်ချက်နိုင်တယ်။ သူဟာ တချို့တေးသွားတွေကို ထပ်ပြန်တလဲလဲ လေ့ကျင့်တတ်တယ်။ သူ အဲ့ဒီလို လေ့ကျင့်တဲ့အတွက်လည်း ငါ သဘောကျတာပေါ့။

"ဒီအထိကတော့ ငါ့အတွက် ရှင်းရှင်းလင်းလင်းပါပဲ။ သူရဲ့ဖျော်ဖြေမှုဟာ အရမ်းအံ့သြဖို့ ကောင်းတယ်လို့ ငါ ယုံကြည်ထားပါတယ်။ အခုချိန် ပြန်ကြားရမယ်ဆိုရင်တောင် ငါ့ကျောရိုးမကြီးထဲက စိမ့်တက်လာဦးမှာပါပဲ။ ပြီးတော့ သူ့ရဲ့မာယာတွေ ကောက်ကျစ်မှုတွေနဲ့ မုသားတွေကိုလည်း ပြန်ခံစားမိမှာပဲ။ ဒီကမ္ဘာကြီးထဲမှာ အဲ့ဒီလိုကိစ္စမျိုးတွေလည်း ရှိသေးတယ် ဆိုတာ ငါ နင့်ကို ပြောပြချင်လို့ပါ"

ရီကိုဟာ အာခေါင်ခြစ်ပြီး လည်ချောင်းကို ရှင်းလိုက်တယ်။ ပြီးတော့ စကားပြောတာကို ခဏရပ်နားလိုက်တယ်။

"သူ့ကို တပည့်အဖြစ် လက်ခံခဲ့လား" လို့ ကျွန်တော်မေးလိုက်တယ်။

"ငါ လက်ခံခဲ့တယ်။ တပတ်မှာ သင်ခန်းစာတခု သင်ပေးခဲ့တယ်။ စနေ မနက်ခင်းတိုင်း သူ့ကို ငါ သင်ပေးတယ်။ စနေ မနက်ခင်းတွေမှာ သူ ကျောင်းအားတယ်။ သူဟာ သင်ခန်းစာ တခုကိုမှ အပျက်မခံခဲ့သလို၊ ဘယ်တော့မှာလည်း နောက်မကျတတ်ဘူး။ သူဟာ စံပြတပည့်တယောက်ပါပဲ။ သူ သင်ခန်းစာအားလုံးကိုလည်း အမြဲတမ်း လေ့ကျင့်တယ်။ သင်ခန်းစာတွေပြီးတိုင်း ငါတို့ ကိတ်မုန့်စားပြီး စကားပြောဖြစ်ခဲ့ကြတယ်"

ဒီနေရာရောက်တော့ ရီကိုဟာ တစုံတခုကို သတိရလိုက်သလိုမျိုးနဲ့ သူ့ရဲ့လက်ပတ်နာရီကို ကြည့်လိုက်တယ်။

"ငါတို့ အခန်းထဲ ပြန်ဝင်ဖို့ကောင်းပြီလို့ မထင်ဘူးလား။ ငါ နာအိုကိုကို စိတ်ပူလို့ပါ။ အခု ပြောပြီးသလောက်တော့ နင် မှတ်မိတယ်မဟုတ်လား"

"မှတ်မိပါတယ်။ ကျွန်တော် ခင်ဗျားရဲ့ဇာတ်လမ်းထဲမှာ မျောပါနေပြီ" လို့ ရယ်ရင်းနဲ့ ကျွန်တော် ပြောလိုက်တယ်။

"နင် ကျန်တာတွေကို ဆက်နားထောင်ချင်ရင်တော့ မနက်ဖြန်ကျမှ ပြောပြမယ်။ ဇာတ်လမ်းက အရမ်းရှည်တယ်။ တထိုင်တည်း နင့်ကို ငါ ပြောဖို့မလွယ်ဘူး"

"ခင်ဗျားကလည်း ဇာတ်လမ်းတွဲ ကျနေတာပဲ"

"အေးပါ။ ငါ နင့်ကို ဇာတ်လမ်းတွဲလို့ ပြောမယ်ဆိုရင်တော့ နင် တိုကျိုကို ဘယ်တော့မှ ပြန်ရောက်မှာ မဟုတ်တော့ဘူး"

ကျွန်တော်တို့ တောလမ်းထဲကနေလျှောက်ပြီး အခန်းကို ပြန်လာခဲ့တယ်။ ဖယောင်းတိုင် မီးတွေတောင် ငြိမ်းလို့သွားပြီ။ ဧည့်ခန်းထဲမှာ မထွန်းထားဘူး။ အိပ်ခန်းတံခါးကလည်း ပွင့်လို့ နေတယ်။ စားပွဲပေါ်က စာကြည့်မီးလေး လင်းနေတယ်။ စာကြည့်မီးရဲ့အလင်းရောင်ဟာ ဧည့်ခန်းထဲကို ဖိတ်လျှံကျလို့နေတယ်။ နာအိုကိုဟာ ဆိုဖာပေါ် အမှောင်ကြီးထဲ ထိုင်လို့နေတယ်။ သူဟာ အပြာရောင် ညအိပ်အင်္ကျီ ပွပွကြီးကိုတောင် လဲလို့ထားတယ်။ အင်္ကျီရဲ့ကော်လံဟာ သူ့လည်ပင်းကို ခပ်တင်းတင်း စည်းထားတာ တွေ့ရတယ်။ သူ ဆိုဖာပေါ်မှာ ခြေထောက်ချိတ် ထိုင်နေတယ်။ ရီကိုဟာ သူ့ အနားကိုရောက်သွားပြီး သူ့နဖူးကို လက်တဖက်နဲ့ စမ်းလိုက်တယ်။

"အဆင်ပြေသွားပြီလား"

"အဆင်ပြေပါတယ်။ ဆောရီးပါပဲနော်" လို့ နာအိုကိုဟာ အသံတိုးတိုးလျလျနဲ့ ပြောတယ်။ ပြီးတော့ သူ ကျွန်တော့်ဘက်ကို လှည့်ပြီး တောင်းပန်စကား ဆိုပြန်တယ်။

"ငါ နင့်ကို ကြောက်အောင် ခြောက်လှန့်မိပြီ ထင်တယ်"

"နည်းနည်းပါပဲ" လို့ ပြုံးပြီး ကျွန်တော်ဖြေလိုက်တယ်။

"ဒီကိုလာ" လို့ သူက ပြောတယ်။ ကျွန်တော် သူ့ဘေးနားမှာ သွားထိုင်တော့ နာအိုကိုဟာ ခြေထောက်ချိတ်လျက်နဲ့ပဲ ကျွန်တော့်ကို မှီလိုက်တယ်။ သူ့ရဲ့မျက်နှာဟာ ကျွန်တော့်ရဲ့နားရွက်ကို ထိလုနီးပါးပဲ။ သူ ကျွန်တော့်ကို လျှို့ဝှက်စကားတခုခု ပြောတော့မယ့်ပုံစံမျိုးနဲ့ပေါ့။ သူဟာ ကျွန်တော့်ရဲ့နားရွက်ကို နူးနူးညံ့ညံ့ အနမ်းလေးပေးပြီး "ဆောရီး" လို့ ထပ်ပြောပြန်တယ်။ နောက်တော့ သူ ကျွန်တော့်ဘေးကနေ ပြန်ထွက်သွားတယ်။

"တခါတလေမှာ ငါ စိတ်တွေ အရမ်းရှုပ်ထွေးတတ်တယ်။ ဘာတွေ၊ ဘယ်လိုဖြစ်လဲဆိုတာကို ငါ့ကိုငါတောင် မသိတော့ဘူး" လို့ သူက ပြောတယ်။

"ငါလည်း အမြဲတမ်း အဲဒီလိုဖြစ်နေတာပါပဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

နာအိုကိုက ကျွန်တော့်ကို ပြုံးပြပြီး လှမ်းကြည့်တယ်။

"နင် စိတ်မရှိဘူးဆိုရင် ငါ နင့်အကြောင်းတွေ ထပ်ကြားချင်သေးတယ်။ နင့်ရဲ့ ဒီမှာနေရတဲ့ဘဝ ဘယ်လိုနေလဲဆိုတာ၊ နေ့စဉ် ဘာတွေလုပ်ရလဲဆိုတာ၊ နင် ဘယ်သူတွေနဲ့ တွေ့ရလဲဆိုတာတွေပေါ့"

နာအိုကိုဟာ ဒီနေရာမှာ သူ နေ့စဉ်လုပ်ရတဲ့အကြောင်းတွေ ပြောရတယ်။ စကားကို သူ တိုတိုတုတ်တုတ် ပြောပေမယ့် သလင်းကျောက် ဖန်သားတွေလို ကြည်ကြည်လင်လင်နဲ့ မြင်နေရတယ်။ မနက် ၆ နာရီ အိပ်ရာထ၊ မနက်စာ စားရတယ်။ ငှက်လှောင်အိမ်လေးကို သန့်ရှင်းတယ်။ နောက်တော့ စိုက်ခင်းအလုပ် သွားလုပ်ရတယ်။ သူဟာ ဟင်းသီးဟင်းရွက်တွေကို စောင့်ကြည့်ရတယ်။ နေ့လယ်စာ မစားမီ သူ့ရဲ့ဆရာဝန်နဲ့ ဒါမှမဟုတ် အုပ်စုနဲ့ တနာရီကြာ စကားပြောရတယ်။ နေ့လယ်ခင်းမှာတော့ သူ စိတ်ဝင်စားတဲ့ဓာတ်လမ်းတွေကို ဖတ်ရတယ်။ အလုပ်နဲ့ မပတ်သက်တာ၊ အားကစားနဲ့ မပတ်သက်တာမျိုးပေါ့။ သူဟာ သင်တန်းတွေ အများကြီး တက်နေတယ်။ ပြင်သစ်စာ၊ ဇာထိုး၊ စန္ဒရားနဲ့ ရှေးဟောင်းသမိုင်းတွေကို လေ့လာနေတယ်။

"ရီကိုက ငါ့ကို စန္ဒရားတီးသင်ပေးတယ်။ ငါ့ကို ဂစ်တာတီးလည်း သင်ပေးပါတယ်။ ဒီက လူတွေအားလုံးကတော့ တပည့်ဖြစ်လိုက် ဆရာဖြစ်လိုက်ပဲ။ ပြင်သစ်စာကို ကျွမ်းကျွမ်းကျင်ကျင် တတ်တဲ့လူက ပြင်သစ်စာ သင်ပေးတယ်။ လူမှုရေးပညာရပ်နဲ့ ကျောင်းပြီးတဲ့လူက ငါတို့ကို သမိုင်းပညာ သင်ပေးတယ်။ နောက်ထပ် ဓာတုကျွမ်းတဲ့လူက ဓာတုး သင်ပေးတယ်။ ငါကတော့ ဒီကျောင်းဟာ အထင်ကြီးဖို့ကောင်းတဲ့ ကျောင်းမျိုးပါပဲ။ ငါကတော့ ဘယ်သူ့ကိုမှ ဘာမှမသင်ပေးနိုင်ပါဘူး"

"ငါလည်း နင့်လိုပါပဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ငါဟာ ကောလိပ်မှာတုန်းကထက် ဒီမှာ ပိုပြီးကြိုးစားတယ်။ ငါဟာ အလုပ်တွေ ကြိုးစားသလို၊ နေရတာကိုလည်း ပျော်ပါတယ်"

"ညစာစားပြီးသွားရင်း နင် ဘာလုပ်ရလဲ"

"ရီကိုနဲ့ စကားပြောတယ်။ စာဖတ်တယ်။ သီချင်းနားထောင်တယ်။ အခြားအခန်းတွေ သွားလည်ပြီး သူတို့နဲ့အတူ ကစားကြတယ်။ အဲဒါမျိုးတွေ လုပ်တယ်"

"ငါကတော့ ဂစ်တာတီးတယ်။ ပြီးတော့ ငါ့ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိကို ရေးတယ်" လို့ ရီကိုက ပြောတယ်။

"ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ ဟုတ်လား"

"နောက်တာပါ" လို့ ရီကိုက ရယ်ရင်းပြောတယ်။

"၁၀ နာရီထိုးခါနီးလောက်ဆိုရင် ငါတို့ အိပ်ရာဝင်ကြတယ်။ တကယ့်ကို ကျန်းမာရေးနဲ့ ညီညွတ်တဲ့ဘဝနေနည်းလို့ နင် မထင်ဘူးလား။ ငါတို့ ကလေးတွေလိုပဲ အိပ်ကြတယ်"

"ဒါဆိုရင် အခု အိပ်ချင်လာပြီပေါ့"

ကျွန်တော် နာရီကိုကြည့်လိုက်တယ်။ ၉ နာရီကို နည်းနည်းကျော်လို့နေပြီ။

"ရပါတယ်။ ငါတို့ ဒီနေ့တော့ နောက်ကျမှ အိပ်မယ်။ ငါ နင့်ကို မတွေ့ရတာ ဒီလောက်တောင် ကြာနေပြီပဲ။ ငါ နင်နဲ့ စကားတွေ ထပ်ပြောချင်သေးတယ်" လို့ နာအိုကိုက ပြောတယ်။

"ငါတယောက်တည်းဆိုရင် ဟိုးတုန်းကအကြောင်းတွေပဲ အလိုလို ပြန်စဉ်းစားမိနေတယ်။ နင် ဆေးရုံတက်တုန်းက ငါနဲ့ ကီဇူကီ နင့်ဆီလာလည်တာကို

မှတ်မိသေးလား။ ကမ်းရိုးတန်းက ဆေးရုံလေ။ အဲဒါ အထက်တန်း ဒုတိယနှစ်လို့ ငါထင်တယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါ ခွဲစိတ်ခံရတုန်းကပေါ့။ ငါ မှတ်မိပါတယ်” လို့ နာအိုကိုက ပြုံးရင်းပြောတယ်။ “ကီဇူကီနဲ့နင် ဆိုင်ကယ်စီးပြီး လာကြတာလေ။ နင် ငါ့အတွက် ချောကလက်တဗူး ယူလာပေမယ့် အားလုံး အရည်ပျော်သွားတယ်လေ။ အဲဒီချောကလက်တွေဟာ အရင်တုန်းကတော့ စားလို့ရအောင် မာခဲ့မလားတော့ မသိဘူး။ နင်ယူလာတဲ့ဟာက အချိန်တော်တော်ကြာနေပြီလို့ ငါထင်တယ်”

“ဟုတ်တယ်။ အဲဒီတုန်းက နင် ကဗျာတပုဒ် ရေးနေခဲ့တာလို့ ငါထင်တယ်။ တော်တော့်ကိုရှည်တဲ့ ကဗျာပေါ့”

“အဲဒီအရွယ် မိန်းကလေးတိုင်း ကဗျာရေးတတ်ကြပါတယ်။ အဲဒါကို နင် ရုတ်တရက် ဘာလို့ သတိရတာလဲ” လို့ နာအိုကိုက ပြုံးပြီးတော့ ပြောတယ်။

“အဲဒီတုန်းက ပင်လယ်လေအနံ့ကို ငါ မှတ်မိနေသေးတယ်။ အဲ့ဒီတုန်းက ကီဇူကီ နင့်ဆီကို ခဏခဏလာလား”

“မလာဘူး။ အဲဒီလို မလာတဲ့အတွက် သူနဲ့ငါလည်း စကား အကြီးအကျယ် များခဲ့သေးတယ်။ သူ တယောက်တည်း တခါလာတယ်။ ပြီးတော့ နင်နဲ့အတူ လာတယ်။ အဲ့ဒီနှစ်ခါပဲ လာတာ။ တော်တော့်ကို ဆိုးရွားတယ်။ အဲဒီနှစ်ခါက သူ့အတွက် တာဝန်ကျေတဲ့သဘောမျိုးပဲ။ ပထမတခေါက် လာတုန်းက သူ ထိုင်တောင်မထိုင်သွားဘူး။ သူ ၁၀ မိနစ်လောက်ပဲ နေသွားခဲ့တယ်။ သူ ငါ့အတွက် လိမ္မော်သီးတွေနဲ့ တခြား တိုလီမိုလီတွေ ဝယ်လာခဲ့တယ်။ ဘာတွေမှန်းတောင် မသိဘူး။ သူ ငါ့အတွက် လိမ္မော်သီးတလုံး အခွံခွာပေးခဲ့တယ်။ ပြီးတော့ ဟိုပြောဒီပြောပြောပြီး ပြန်သွားတော့တာပဲ။ သူက ငါ့ကို ပြောသေးတယ်။ သူ့မှာ ဆေးရုံတွေနဲ့ပတ်သက်ပြီး ခံစားချက် တခုခုရှိတယ် ဆိုပြီးတော့ပေါ့” လို့ နာအိုကိုက ရယ်ပြီး ပြောတယ်။

“သူက အဲဒီလိုမျိုးဟ။ ဘယ်သူကများ ဆေးရုံတွေကို သဘောကျမှာမို့လို့လဲ။ အဲ့ဒါကြောင့်လည်း လူတွေက ဆေးရုံတက်နေတဲ့ လူတွေဆီ လာလည်ကြတာပေါ့။ ဆေးရုံတက်နေတဲ့လူတွေ စိတ်သက်သာရာ ရအောင်လို့ပေါ့။ ကီဇူကီက အဲ့ဒါကို နားမလည်ပါဘူးဟာ”

“သူ ငါနဲ့ လာတော့ မဆိုးဘူး မဟုတ်လား။ အဲဒီပုံစံက သူ့ရဲ့ပုံမှန်ပါပဲ”

“နင်ပါလာလို့ပါ။ နင် အနားမှာရှိနေရင် သူက အဲဒီလိုကြီးပဲ။ သူက သူ့ရဲ့အားနည်းချက်တွေကို ထိန်းသိမ်းထားနိုင်ဖို့ အမြဲတမ်း ကြိုးပမ်းနေတတ်တယ်။

သူ နင့်ကို အရမ်းချစ်တာကိုတော့ ငါသိတယ်။ သူက နင့်ကို သူ့ရဲ့အကောင်းဆုံးတွေကိုပဲ မြင်စေချင်တာ။ ငါနဲ့ကျရင်တော့ သူက အဲ့ဒီလို မဟုတ်ဘူးဟ။ သူ့ရဲ့အကာအရံတွေကို အားလုံး ခွာချလိုက်တော့တာပါပဲ။ သူ့စိတ်တွေ အပြည့်ထည့်ထားတတ်တယ်။ သူ စကားပြောပြီး ခဏလောက် နားလိုက်ရုံနဲ့တင် စိတ်ဓာတ် ကျတတ်တယ်။ အဲဒီလိုမျိုး မကြာခဏ ဖြစ်တတ်တယ်။ သူ ငယ်ငယ်လေးကတည်းက အဲဒီလို ပုံစံမျိုးနဲ့ပဲ သူ့ကိုယ်သူ ပြောင်းလဲနိုင်ဖို့ တိုးတက်လာဖို့ အမြဲတမ်း ကြိုးစားနေခဲ့ပါတယ်"

နာအိုကိုဟာ သူ့ရဲ့ခြေထောက်တွေကို ဆိုဖာပေါ်မှာ ပြန်ချိတ်ထိုင်လိုက်တယ်။

"သူ အရမ်းကြိုးစားပါတယ်။ ဒါပေမဲ့ အလုပ်မဖြစ်ခဲ့ဘူး။ အဲ့ဒါကြောင့် သူကို ဒေါသကြီးစေတာ၊ ဝမ်းနည်းစေတာပါပဲ။ သူ့မှာ ကောင်းတ လှတာတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ သူကိုယ်သူ ယုံကြည်မှု လုံးဝမရှာဘူး။ သူက ဘာကိုမဆို အဆုံးထိတိုင်အောင် တွေးနေလေ့ရှိတယ်။ ကီဇူကီဟာ သနားဖို့ ကောင်းပါတယ်ဟာ"

"ဒါပေမဲ့လည်း သူဟာ ငါ့ကို သူရဲ့အကောင်းဆုံးဆိုတာတွေကိုပြဖို့ ကြိုးစားပါတယ်။ သူက သူရဲ့ကောင်းကွက်တွေ အားလုံးကို ငါသိပါတယ်" လို့ ကျွန်တော်ပြောလိုက်တယ်။

နာအိုကိုက ပြုံးရင်းနဲ့ ပြောပြန်တယ်။

"နင် အခုလိုပြောတာတွေကို ကီဇူကီသိရင် ဝမ်းသာမှာပဲ။ နင်က သူ့ရဲ့ သူရဲ့ တဦးတည်းသော သူငယ်ချင်းလေ"

"ပြီးတော့ ကီဇူကီဟာ ငါ့ရဲ့တဦးတည်းသော သူငယ်ချင်းပါပဲ။ တခြားလူတွေနဲ့လည်း ပေါင်းပေမယ့် သူတို့ကို ငါ သူငယ်ချင်းလို့ ခေါ်လို့ မရဘူး။ ကီဇူကီရှိနေတုန်းကနဲ့ မရှိတော့လည်း အဲဒီလိုပါပဲ။ တယောက်တည်းပဲပေါ့။

"အဲဒါကြောင့်လည်း ငါ နင်တို့နှစ်ယောက်နဲ့ အတူရှိနေတာကို သဘောကျတာပေါ့။ ငါတို့သုံးယောက် အတူရှိနေတဲ့အချိန်မှာ ငါ့စိတ်တွေ ပေါ့ပါးပြီး ဘာကိုမှလည်း ပူပန်မှု မဖြစ်ဘူးဟ။ ငါတို့သုံးယောက် အတူတူရှိတဲ့ အချိန်တွေဟာ ငါသဘောအကျဆုံး အချိန်တွေပါပဲ။ နင်တော့ ဘယ်လိုခံစားရလဲ ဆိုတာ ငါမသိဘူး"

"ငါကတော့ စိတ်ပူနေတတ်တယ်ဟ။ နင် ဘာများတွေးနေမလဲ ဆိုပြီးတော့ပေါ့" လို့ ကျွန်တော် ခေါင်းခါရင်းနဲ့ ပြောလိုက်တယ်။

"ပြဿနာရှိတာက အဲ့ဒီလိုအချိန်တွေ အကြာကြီး မရခဲ့တာပါပဲ။ အဲ့ဒီလို

ပျော်စရာကောင်းတဲ့ အချိန်လေးတွေကို ရေရှည်ထိန်းမထားနိုင်ခဲ့ဘူး။ နင်ရော ငါရော ကီဇူကီရော ထိန်းမထားနိုင်ခဲ့ဘူး မဟုတ်လား”

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

“နင့်ကို အမှန်အတိုင်းပြောရရင် ငါ သူ့ရဲ့အားနည်းချက်လေးတွေကိုလည်း သဘောကျပါတယ်။ သူ့ရဲ့ အားသာချက်တွေကို ငါသဘောကျသလိုပဲ၊ သူ့ရဲ့အားနည်းချက်တွေကိုလည်း ငါ သဘောကျပါတယ်။ အားနည်းချက်လေးဆိုတာ ဘာမှတော့ မဟုတ်ပါဘူး။ သူက အားနည်းတတ်တာလောက်ပဲ ရှိတယ်။ ငါ သူ့အကြောင်းကို ကောင်းကောင်းသိတာပေါ့။ သူက ငါ့ကိုတောင် ပြောသေးတယ်၊ သူ့ရဲ့ အားသာချက်တွေနဲ့ အားနည်းချက်တွေဟာ အတူတူပဲ ဆိုပြီးတော့ပေါ့။ ငါကတော့ နှစ်ခုစလုံးကို သဘောကျပါ တယ်။ ပြီးတော့ ငါ သူ့အပြင် အခြား ဘယ်ယောက်ျားလေးကိုမှလည်း စိတ်မဝင်စားခဲ့တာ”

နာအိုကိုဟာ ကျွန်တော့်ကို ဝမ်းနည်းတဲ့အပြုံးနဲ့ လှမ်းကြည့်ပါတယ်။

“ငါတို့ရဲ့ မိန်းကလေး၊ ယောကျ်ားလေး ဆက်ဆံရေးဟာ ပုံမှန်မဟုတ်တာတော့ အသေအချာပါပဲ။ ငါတို့နှစ်ယောက် ခန္ဓာကိုယ်ချင်း ဆက်နေသလိုမျိုးပါပဲ။ ငါတို့နှစ်ယောက် တနေရာစီ ရောက်နေကြရင်တော့ ထူးခြားတဲ့ ဆွဲငင်အားတခုက ငါတို့နှစ်ယောက်ကို အတူတူပြန်ထိစပ်အောင် လုပ်ပေးတတ်တယ်။ ငါတို့နှစ်ယောက် သမီးရည်းစားတွေ ဖြစ်သွားတော့ အဲဒီဆွဲအားက ပိုပြီးတောင် သိသာလာတယ်။ အဲ့ဒီဆွဲအားနဲ့ ပတ်သက်ပြီး ငါတို့ ဘာမှ စဉ်းစားစရာ မလိုသလို၊ အဲဒီ ဆွဲအားကို ငါတို့ ရွေးချယ်ခဲ့တာလည်း မဟုတ်ပါဘူး။ ငါတို့ အသက် ၁၂ နှစ်အရွယ်ကတည်းက စနမ်းတတ်နေပြီ။ အသက် ၁၃ နှစ်အရွယ်မှာတော့ ဟိုကိုင်ဒီကိုင် လုပ်တတ်လာတယ်။ သူ့အခန်းထဲသွားသလို၊ သူလည်း ငါ့အခန်းထဲဆီ လာတာပါပဲ။ ငါ့လက်တွေနဲ့ သူ့ကို ပြီးအောင် လုပ်ပေးတတ်တယ်။ ငါတို့ ကိုယ့်ကိုယ်ကို တန်ဖိုးထားရမယ်ဆိုတဲ့စိတ်လည်း ငါ့ဆီမှာ တခါမှ မရှိခဲ့ဖူးဘူး၊ အလိုလို ဖြစ်သွားခဲ့တာချည်းပဲ။ သူ ငါ့ရင်သားတွေ၊ ဒါမှမဟုတ် ဟိုဟာကို ဆော့ကစားချင်တယ်ဆိုရင်လည်း ငါ့စိတ်ထဲ ဘာမှမဖြစ်ဖူးဘူး။ သူ ပေရေသွားရင်လည်း ငါ သူ့ကို ကူသုတ်ပေးတာပါပဲ။ တယောက်ယောက်က ငါတို့တွေ မကောင်းတာ လုပ်နေတယ်လို့ လာပြောမယ်ဆိုရင်လည်း ငါတို့နှစ်ယောက် အံ့ဩသွားကြမှာ အသေအချာပါပဲ။ ငါတို့ မကောင်းတာ လုပ်တာမှ မဟုတ်တာ။ ငါတို့ လုပ်ချင်တာတွေကို လုပ်နေတာပဲ။ ငါတို့နှစ်ယောက် တယောက် ခန္ဓာကိုယ်က အစိတ်အပိုင်းတွေကို၊ တယောက် ပိုင်ဆိုင်တယ်လို့ သဘောထားကြတာပါပဲ။ အဲဒီထက်ပိုပြီးတော့ ငါတို့နှစ်ယောက် ဘာမှ မလုပ်ဖြစ်ပါဘူး။ ငါတို့နှစ်ယောက်စလုံး ငါ ကိုယ်ဝန်ရမှာကို အရမ်းကြောက်တယ်။ ပြီးတော့ ကိုယ်ဝန်မရအောင် ဘယ်လိုကာကွယ်ရမလဲ

ဆိုတာကိုလည်း မသိခဲ့ကြဘူး။ အဲဒီလိုနဲ့ပဲ ကီဇူကီနဲ့ ငါဟာ လက်ချင်းချိတ်ပြီး တယောက်နဲ့ တယောက် ခွဲခွာလို့မရဘဲ ကြီးပြင်းလာခဲ့တာပါ။ ငါတို့နှစ်ယောက်မှာ လိင်စိတ်ကို ဖိနှိပ်ချုပ်ခြယ်တာမျိုး မရှိပါဘူး။ ပြီးတော့ သာမန်ကလေးတွေ မွေးညင်းစပေါက်လို့ အံ့ဩတဲ့ ခံစားမှုမျိုးကိုလည်း ငါတို့ မဖြစ်ခဲ့ဖူးပါဘူး။ ငါတို့နှစ်ယောက်ဟာ လိင်ကိစ္စနဲ့ ပတ်သက်ပြီး အရမ်းပွင့်လင်းခဲ့ကြတယ်။ ငါတို့စိတ်ထဲမှာ ဖြစ်ပေါ်သမျှကိုလည်း တယောက်ကို တယောက် ပြောပြကြတယ်။ ငါတို့စိတ်ထဲမှာ ဖြစ်ပေါ်နေတာတွေကိုလည်း ကောင်းကောင်းသိတယ်။ ငါ ပြောတာကို နင် နားလည်လားတော့ မသိဘူး”

“နားလည်ပါတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါတို့တွေ ခွဲပြီး မနေနိုင်ကြဘူး။ ကီဇူကီဟာ အသက်ရှင်နေဦးမယ် ဆိုရင်လည်း ငါတို့နှစ်ယောက် တယောက်ကို တယောက် ချစ်ရင်းနဲ့ အတူတူရှိနေဦးမှာပဲ။ ပြီးတော့မှ မပျော်ရွှင်မှုဟာ တဖြည်းဖြည်းနဲ့ ကြီးထွားလာလိမ့်မယ်”

“မပျော်ရွှင်မှု ဟုတ်လား။ ဘာဖြစ်လို့လဲ”

နာအိုကိုဟာ လက်ချောင်းတွေနဲ့ ဆံပင်ကို နောက်ကိုလှန်ပြီး သပ်တင်နေတယ်။ သူ့ရဲ့ ဆံညှပ်ကိုလည်း ဖြုတ်ထားလိုက်ပြီး၊ သူ ရှေ့ကို ခေါင်းငုံ့လိုက်ရင် သူ့ဆံပင်တွေ ဖြာကျလာတတ်တယ်။

“ဘာ့ကြောင့်လဲဆိုတော့ ငါတို့ ကမ္ဘာကြီးကို ပြန်ပေးဆပ်ရမှာတွေ ရှိလို့ပါပဲ” လို့ မျက်လုံးကို ပင့်ပြီး နာအိုကိုက ပြောတယ်။

“အရွယ်ရောက်လာတဲ့ နာကျင်မှုပေါ့။ ငါတို့ ပြန်ပေးဆပ်သင့်တဲ့ အချိန်တုန်းက မပေးဆပ်ခဲ့တဲ့ အတွက် အခုတော့ အဲဒီဘေလ်ကို မဖြစ်မနေ ပေးရတော့မယ်။ အဲ့ဒါကြောင့်ပဲ ကီဇူကီဟာ သူ လုပ်ချင်တာကို လုပ်သွားခဲ့တာပဲ။ အဲ့ဒါကြောင့်ပဲ ငါလည်း ဒီကို ရောက်နေတာပါပဲ။ ငါတို့နှစ်ယောက်ဟာ လူသူမရှိတဲ့ ကျွန်းပေါ်မှာ အဝတ်အစား မပါဘဲ ကြီးပြင်းလာကြတဲ့ လူနှစ်ယောက်လိုပါပဲ။ ငါတို့နှစ်ယောက် ဗိုက်ဆာလာရင် ငှက်ပျောသီးတလုံး ကောက်စားလိုက်ရုံပဲ။ ငါတို့ အထီးကျန်လာရင် တယောက်လက်မောင်းကို တယောက်အုံးပြီး အိပ်လိုက်ရုံပါပဲ။ ဒါပေမဲ့ အဲ့ဒီလိုအခြေအနေမျိုးကို အကြာကြီး မရခဲ့ပါဘူး။ ငါတို့နှစ်ယောက်ဟာ အရွယ်ကို မြန်မြန်ဆန်ဆန်နဲ့ ကြီးပြင်းလာခဲ့တယ်။ ငါတို့နှစ်ယောက် လူ့အဖွဲ့အစည်းထဲဝင်ဖို့ အရွယ်ရောက်လာခဲ့ကြတယ်။ အဲ့ဒါကြောင့်ပဲ နင်က ငါတို့ နှစ်ယောက်အတွက် အရမ်း အရေးကြီးတာပေါ့။ နင်ဟာ အပြင်လောကနဲ့ ဆက်သွယ်ပေးတဲ့ အချိတ်အဆက်ပါပဲ။ ငါတို့ နင့်ဆီကနေတဆင့် အပြင်လောကကြီးနဲ့ အံဝင်ခွင်ကျ ဖြစ်အောင် ကြိုးစားခဲ့ကြတယ်။ အကောင်းဆုံး

ကြိုးစားတာပါပဲ။ ဒါပေမဲ့လည်း အဆုံးသတ်တော့ အလုပ် မဖြစ်ပါဘူး”

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

“ငါတို့ နင့်ကို အသုံးချခဲ့တာလို့တော့ မတွေးပါနဲ့။ ကီဇူကီက နင့်ကို တကယ်ပဲချစ်တာပါ။ ငါတို့ နင့်ကိုပဲ အရင်ဆုံး စခင်ခဲ့တာပါ။ နင်နဲ့ ခင်တဲ့အချိန်မှာ ငါတို့မှာ တခြားခင်စရာလူလည်း မရှိခဲ့သေးဘူး။ အခုချိန်အထိလည်း အဲ့ဒီလိုပါပဲ။ ကီဇူကီ သေသွားတော့ ငါ့ရဲ့အပြင်လောကနဲ့ ဆက်သွယ်ဖို့အတွက် အချိတ်အဆက်က နင်တယောက်ပဲ ရှိတော့တယ်လေ။ ပြီးတော့ ကီဇူကီက နင့်ကို ချစ်သလိုပဲ ငါလည်း နင့်ကို ချစ်ပါတယ်။ ငါတို့နှစ်ယောက်စလုံး နင့်ကို နာကျင်စေဖို့ မရည်ရွယ်ခဲ့ပါဘူး။ ဒါပေမဲ့ ငါတို့ နင့်ကို နာကျင်အောင် လုပ်မိခဲ့ပါတယ်။ ငါတို့နှစ်ယောက်ဟာ နင့်ရဲ့ နှလုံးသားအတွင်းနက်နက် တနေရာမှာ ဒဏ်ရာရသွားခဲ့အောင် လုပ်မိကောင်း လုပ်မိခဲ့လိမ့်မယ်”

နာအိုကိုဟာ တိတ်ဆိတ်ငြိမ်သက်သွားပြန်တယ်။ သူ့ခေါင်းကိုလည်း ငုံ့ထားလိုက်တယ်။

“ကိုကိုးသောက်ကြမလား” လို့ ရီကိုက မေးတယ်။

“ကောင်းတာပေါ့။ သောက်ချင်နေတာနဲ့ အတော်ပဲ” လို့ နာအိုကိုက ပြောတယ်။

“ကျွန်တော့်ခွက်ထဲမှာတော့ ဝယ်လာတဲ့ ဘရန်ဒီ နည်းနည်းရောသောက်ချင်ပါတယ်။ စိတ်မရှိဘူးဆိုရင်ပေါ့” လို့ ကျွန်တော် ပြောလိုက်တယ်။

“ရပါတယ်။ ငါ မြည်းကြည့်လို့ရော ရမလား” လို့ ရီကိုက ပြောတယ်။

“သိပ်ရတာပေါ့” လို့ပြောရင်း ကျွန်တော် ရယ်နေမိတယ်။ ရီကိုဟာ ဖန်ခွက်နှစ်ခွက် ယူလာပေးတယ်။ ကျွန်တော်တို့ ခွက်ချင်း တိုက်လိုက်ကြတယ်။ ကျွန်တော် ခွက်တွေကို သုတ်ပေးလိုက်တယ်။ နောက်တော့ ရီကိုဟာ ခွက်တွေကို ယူပြီး မီးဖိုချောင်ထဲမှာ ကိုကိုး သွားဖျော်တယ်။

“ငါတို့ ပျော်စရာအကြောင်းလေးတွေပဲ လျှောက်ပြောကြရအောင်” လို့ နာအိုကိုက ပြောတယ်။

ကျွန်တော်ကတော့ နာအိုကိုနဲ့ ပျော်စရာအကြောင်းတွေ မရှိခဲ့ပါဘူး။ မုန်တိုင်းတပ်သားသာ အနားမှာရှိခဲ့ရင် သူ့အကြောင်းတွေ ပြောလို့ရမှာပါ။ အဲဒီ မုန်တိုင်းတပ်သားဟာ ဇာတ်လမ်းတွေ အများကြီး ဖြစ်စေပါတယ်။

သူ့ရဲ့ဇာတ်လမ်းတချို့ကတော့ လူတိုင်းကို စိတ်ပျော်ရွှင်စေမှာပါ။ သူနဲ့ ကျွန်တော် စကားပြောလို့ရတဲ့ အကြောင်းအရာကတော့ အဆောင်မှာရှိတဲ့ တခြားလူတွေရဲ့ အမူအကျင့်တွေ အကြောင်းပါပဲ။ ကျွန်တော် သူတပါးရဲ့အကြောင်းကို ပြောရတာ သိပ်မကြိုက်ပေမယ့်လို့ မုန်တိုင်းတပ်သားအကြောင်း ပြောနေချိန်မှာ နာအိုကိုနဲ့ ရီကိုတို့ကတော့ တသောသောနဲ့ ရယ်လို့ မဆုံးပါဘူး။ သူတို့အတွက်က မကြားဖူးတဲ့ ဇာတ်လမ်းအသစ်တွေပါ။ ၁၁နာရီ ထိုးခါနီးလောက်မှာတော့ နာအိုကို အိပ်ငိုက်လာပါတယ်။ အဲဒီအချိန်မှာ ရီကိုက ကျွန်တော့်ကို ခေါင်းအုံးတလုံးရယ်၊ အိပ်ရာခင်းရယ်နဲ့ စောင်တထည် ယူလာပေးပါတယ်။

“နင် ညဥ့်နက်သန်းခေါင်အချိန်မှာ တယောက်ယောက်ကို မုဒိန်းကျင့်ချင်စိတ် ပေါက်လာခဲ့ရင် လူတော့ မမှားစေနဲ့နော်။ မျက်နှာမှာ အရေးအကြောင်းတွေမရှိတဲ့ နာအိုကိုက ဘယ်ဘက်အိပ်ရာမှာ အိပ်တယ်နော်” လို့ ရီကိုက စရင်းနဲ့ ပြောတယ်။

"လူလိမ်ပဲ။ ငါ့အိပ်ရာက ညာဘက်မှာ” လို့ နာအိုကိုက ပြောတယ်။

ရီကိုက “ဒါနဲ့ စကားမစပ် ငါတို့ မနက်ဖြန် နေ့လယ်ခင်း အချိန်တွေကို ရွှေ့လိုက်ကြရအောင်။ ငါတို့သုံးယောက် ပျော်ပွဲစား အသေးလေး ထွက်ရင် ကောင်းဘူးလား။ ဒီအနီးအနားက သာယာတဲ့ နေရာတခုကို ငါတွေ့ထားတယ်” လို့ ပြောတယ်။

“စိတ်ကူးကောင်းတယ်” လို့ ကျွန်တော်ပြောလိုက်တယ်။

အမျိုးသမီးနှစ်ယောက်ဟာ သွားတွေတိုက်ပြီး အိပ်ရာထဲ ဝင်သွားကြတယ်။ ကျွန်တော်ကတော့ ဘရန်ဒီ နည်းနည်း ဆက်သောက်ပြီး အိပ်ရာထဲ ကျောခင်းလိုက်တယ်။ ကျွန်တော် ဒီနေ့ တနေကုန် ဖြတ်သန်းခဲ့တာတွေကို ပြန်စဉ်းစားကြည့်နေတယ်။ တကယ့်ကို ရှည်လျားတဲ့ နေ့တနေ့ပါပဲ။ လရောင်ကြောင့် အခန်းထဲမှာ လင်းလို့နေတယ်။ နာအိုကိုနဲ့ ရီကိုတို့ အိပ်နေတဲ့ အိပ်ခန်းထဲက အိပ်ရာခင်းကထွက်တဲ့ အသံအချို့ကလွဲလို့ ဘာသံမှ မကြားရသလောက်ပါပဲ။ ကျွန်တော် မျက်လုံးတွေ မှိတ်လိုက်တော့ ကျွန်တော်မျက်စိထဲမှာ ရုပ်ပုံတွေဟာ အမှောင်ထဲ ရွှေ့လျားလို့ နေတယ်။ ကျွန်တော့်နားထဲမှာလည်း ရီကိုရဲ့ဂစ်တာလက်သံကို ကြားယောင်နေမိပါတယ်။ ဒါပေမဲ့ နှစ်ခုစလုံးက အကြာကြီး မနေပါဘူး။ အိပ်ပျော်ခြင်း ရောက်လာပါတယ်။ အိပ်ပျော်ခြင်းဟာ ကျွန်တော့်ကို ပူနွေးနေတဲ့ ရွှံ့နွံထူထူကြီးထဲကို သယ်ဆောင်သွားပါတယ်။ ကျွန်တော် မိုးမခပင်တွေကို အိပ်မက်မက်မိတယ်။ တောင်တက်လမ်း ပတ်ပတ်လည်မှာ မိုးမခပင်တွေချည်းပါပဲ။ မိုးမခပင် သစ်ရွက်တွေဟာ လှုပ်ခါတာကို လုံးဝ မတွေ့ရပါဘူး။ လေကလည်း

တိုက်နေလျက်သားနဲ့။ မိုးမခပင်တွေရဲ့ အကိုင်းတွေပေါ်မှာ ငှက်ကလေးတွေ နားနေပါတယ်။ အဲ့ဒီငှက်တွေကို ကျွန်တော် တုတ်တချောင်းနဲ့ သွားခြောက်လှန့်ပါတယ်။ မိုးမခပင် အကိုင်းတွေ လှုပ်ခါယိမ်းထိုးအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ဒါပေမဲ့ အဲ့ဒီငှက်ကလေးတွေဟာ လုံးဝ နေရာမပြောင်းသေးပါဘူး။ ငှက်တွေဟာ ပြန်မပြေးကြတဲ့အပြင် သတ္တုပုံဆောင်ခဲ ဖြစ်သွားပြီး မြေပြင်ပေါ်ကို ပြုတ်ပြုတ်ကျလာပါတယ်။

ကျွန်တော် မျက်လုံးတွေ ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ ကျွန်တော်ရဲ့အိပ်မက်ကို ဆက်မြင်နေရ သလိုပါပဲ။ လရောင်ဟာ အခန်းကို နူးနူးညံ့ညံ့ အဖြူရောင်လေး ပေးလို့နေပါတယ်။ ကျွန်တော် အိပ်ရာထဲကနေ ထထိုင်လိုက်ပြီး တက်တူးငှက်တွေကို လိုက်ကြည့်နေပါတယ်။ ဒါပေမဲ့ မတွေ့ရပါဘူး။ ငှက်တွေကိုမတွေ့ရဘဲ ကျွန်တော် အိပ်ရာခြေရင်းမှာ နာအိုကိုတယောက်တည်း ထိုင်နေတာကို တွေ့ရပါတယ်။ သူဟာ ပြတင်းပေါက်ကနေ အပြင်ကို ငေးမျှော်ကြည့်လို့နေပါတယ်။ သူ့ဒူးခေါင်းပေါ်မှာ မေးစေ့ကို တင်ထားရင်းနဲ့ပေါ့။ ပုံစံက ဗိုက်ဆာနေတဲ့ မိဘမဲ့ကလေးတယောက်လို ပါပဲ။ ကျွန်တော် အချိန်သိရဖို့ နာရီကို လိုက်ကြည့်ပေမယ့် ဘယ်နားမှာ ထားမိမှန်း မသိပါဘူး။ မြင်နေရတဲ့ လရောင်ရဲ့ အနေအထားကြောင့် နှစ်နာရီ၊ သုံးနာရီလောက်တော့ ရှိမယ် ထင်ရပါတယ်။ ကျွန်တော် အလွန်အမင်း ရေဆာလာပေမယ့် နာအိုကိုကိုပဲ ဆက်ကြည့်နေမိပါတယ်။

သူဟာ ခုနကဝတ်ခဲ့တဲ့ ညအိပ်ဂါဝန်နဲ့ပါပဲ။ သူ့ဆံပင်တဘက်ခြမ်းမှာ သူ့ရဲ့လိပ်ပြာဆံညှပ်ကလေး တပ်ထားတာကြောင့် သူ့မျက်နှာကို လရောင်နဲ့ မြင်နေရပါတယ်။ ထူးဆန်းတာပဲလို့ ကျွန်တော် တွေးမိပါတယ်။ သူဟာ အိပ်ရာမဝင်ခင် အဲဒီဆံညှပ် ချွတ်ထားခဲ့လား မသိပါဘူး။

နာအိုကိုဟာ အဲဒီအတိုင်းရှိနေပါတယ်။ အေးတဲ့ပုံ မပေါ်ဘူး။ လရောင်ရဲ့ဆွဲဆောင်မှုကို ခံရတဲ့ တိရိစ္ဆာန်အကောင် သေးသေးလေး တကောင်လိုပါပဲ။ သူဟာ အားအင်တွေနည်းနေတဲ့ ပုံစံပါပဲ။ သူဟာ အမှောင်ထဲမှာ အသံမထွက်ဘဲ စကားတွေ ပြောနေသလိုပါပဲ။

ကျွန်တော့်ရဲ့ရေဆာလောင်မှုက အသံတသံ ဖြစ်သွားစေပါတယ်။ တိတ်ဆိတ်နေတဲ့ည ဖြစ်တာကြောင့် ကျွန်တော့်အသံက ကျယ်သွားပါတယ်။ နာအိုကိုကို အသိပေး အချက်ပြလိုက်သလိုပါပဲ။ နာအိုကိုဟာ မတ်တပ်ရပ်ပြီး ကျွန်တော့်ခုတင်ခေါင်းရင်းကို ရွှေ့လာပါတယ်။ ကျွန်တော့်ခေါင်းအုံးဘေးနား ကြမ်းပြင်ထက်မှာ သူ ဒူးထောက် ထိုင်ချလိုက်ပါတယ်။ သူ့မျက်လုံးတွေဟာ ကျွန်တော့်ကို စိုက်ကြည့်လို့နေပါတယ်။ ကျွန်တော်ကလည်း သူ့ကို ပြန်စိုက်ကြည့်လိုက်လို့ နေပါတယ်။ သူ့မျက်လုံးတွေက ဘာကိုမှ မပြောပြဘူး။

ထူးထူးခြားခြား ဖောက်ထွင်းလို့ မြင်နေနိုင်တယ်။ သူ့မျက်လုံးတွေဟာ ကမ္ဘာကြီးရဲ့ အပြင်ဘက်ကို မြင်နိုင်တဲ့ ပြတင်းပေါက်တချပ်လိုပါပဲ။ ဒါပေမဲ့ သူ့မျက်လုံး အတွင်းနက်နက်ကို စိုက်ကြည့်တော့လည်း ကျွန်တော် ဘာကိုမှ မမြင်နိုင်ပါဘူး။ ကျွန်တော်တို့ မျက်နှာနှစ်ခုဟာ ဆယ်လက်မတောင် မကွာပေမယ့် သူဟာ ကျွန်တော်နဲ့ အလင်းနှစ်ပေါင်းများစွာမှာ ရှိနေသလိုပါပဲ။

ကျွန်တော် သူ့နားကိုကပ်ပြီး သူ့ကို ထိတွေ့ဖို့ ကြိုးစားပေမယ့် နာအိုကို နောက်ဆုတ်သွားပါတယ်။ ပြီးတော့ နှုတ်ခမ်းတွေဟာလည်း မသိမသာ တုန်ယင်လို့ နေပါတယ်။ ခဏနေတော့ နာအိုကိုဟာ သူ့လက်ကို ကိုင်မြှောက်လိုက်ပြီး သူ့ရဲ့ဂါဝန်အင်္ကျီကြယ်သီးတွေကို ဖြည်းဖြည်းချင်း ဖြုတ်လို့ နေတယ်။ စုစုပေါင်း ကြယ်သီးခုနစ်လုံး ရှိပါတယ်။ ကျွန်တော်ရဲ့အိပ်မက် မရပ်တန့်ဘဲ ဆက်သွားနေတာကို ကျွန်တော် ကြည့်နေရတဲ့အတိုင်းပါပဲ။ ကျွန်တော် သူ့ရဲ့ ချစ်စရာကောင်းပြီး သွယ်လျတဲ့ လက်ချောင်းလေးတွေ ကြယ်သီးတွေ တလုံးချင်း ဖြုတ်နေတာကို ကြည့်နေမိတယ်။ အဖြူရောင် ကြယ်သီးသေးသေးလေး ခုနစ်လုံးကို အကုန်လုံး ဖြုတ်လိုက်တယ်။ နာအိုကိုဟာ သူ့ဂါဝန်အင်္ကျီကို ပခုံးကနေ ချွတ်ပြီး လွှင့်ပစ်လိုက်တယ်။ အင်းဆက်တကောင်က သူ့ရဲ့အရေခွံကို ချွတ်လိုက်သလိုမျိုးပေါ့။ ဂါဝန်အင်္ကျီအောက်မှာ သူ ဘာမှမဝတ်ထားဘူး။ သူ့လိပ်ပြာပုံဆံညှပ်လေး ကလွဲလို့ ဘာမှ မဝတ်ထားဘူး။ အခု လုံးဝ ဝတ်လစ်စလစ်ဖြစ်သွားပြီ။ နူးညံ့တဲ့လရောင်ကို ချိုးနေတဲ့ နာအိုကိုရဲ့ခန္ဓာကိုယ်ဟာ ရင်ခုန်သံ တဒုန်းဒုန်းမြည်စေနိုင်တဲ့ အသစ်မွေးဖွားလာတဲ့ အသားစိုင်မျိုး ရှိတယ်။ သူ ရွေ့လျားလာတယ်။ မသိမသာလေးပါပဲ။ သူ့အရိပ်ရဲ့ရွေ့လျားမှုဟာ ထူးခြားလို့နေတယ်။ လုံးဝန်းဖူးမောက်နေတဲ့ သူ့ရင်သားတွဲ၊ သေးသွယ်တဲ့ ရင်သားထိပ်လေးတွေ၊ ချိုင့်ခွက်နေတဲ့ သူ့ချက်ကလေး၊ သူ့ခါးရိုးတွေ၊ မွေးညင်းတွေ အားလုံးကို မှုန်မှုန်ဝါးဝါး မြင်နေရတယ်။ အဲဒါတွေအားလုံးဟာ ငြိမ်သက်နေတဲ့ ရေပြင်ပေါ် ဖြစ်နေတဲ့ လှိုင်းတွန့်ကလေးတွေလိုပဲ။

သိပ်လှတဲ့အသားအရေပဲလို့ ကျွန်တော်တွေးမိတယ်။ ဘယ်တုန်းကများ ဒီလိုလှပတဲ့ခန္ဓာကိုယ်ကို နာအိုကို ပိုင်ဆိုင်သွားတာလဲ။ ပြီးခဲ့တဲ့ နွေဦးရာသီ ညတညတုန်းက သူ့ကို ကျွန်တော် ပွေ့ဖက်ခဲ့တာ ဘာတွေများ ဖြစ်သွားလဲ မသိဘူး။

သူ ငိုနေတုန်း ကျွန်တော် သူ့ ကျီတွေ ချွတ်ခဲ့တာဟာ သိပ်မဟောင်းတဲ့ ခံစားမှုကို ပေးခဲ့တယ်။ သူ့ရင်သားတွေ မာကျောလို့ လာခဲ့တယ်။ ရင်သားထိပ်လေးတွေ ရှေ့ကို ငေါ်ထွက်လာခဲ့တယ်။ သူ့ခါးဟာ သွယ်သွယ်ပဲ။ သူဟာ အရမ်းလှတဲ့ မိန်းကလေးတယောက်ပဲ။ သူ့ခန္ဓာကိုယ်ဟာ အလွန်ထူးခြားပြီး ဆွဲဆောင်မှုရှိတယ်။ ကျွန်တော့်ကို အင်အားကြီးမားတဲ့ စွမ်းအားတခု ဖြစ်စေခဲ့တယ်။ ကျွန်တော် သူ့ကို ပွေ့ဖက်ဖျစ်ညှစ်ပြီး၊ သူ့ရဲ့အဝတ်မပါတဲ့ အသားစိုင်တွေကို

နမ်းရှိုက်နေခဲ့တယ်။ ကျွန်တော် သူ့ကို ပွေ့ဖက်နေရင်းနဲ့ ရှင်းပြနေချင်ခဲ့တယ်။ "ငါ နင်နဲ့ ဆက်ဆံတော့မယ်။ နင့်အတွင်းထဲကို ရောက်တော့မယ်။ ဒါပေမဲ့ အဲ့ဒါဟာ ဘာမှမဟုတ်ပါဘူး။ ဘာမှမဖြစ်ဘူး။ ခန္ဓာကိုယ်နှစ်ခုကို ချိတ်ဆက်လိုက်တာပါပဲ။ ငါတို့ရဲ့အသားတွေချင်း ပွတ်တိုက်တာဟာ စကားတွေအများကြီး ပြောလိုက်သလိုပါပဲ။ ငါတို့ရဲ့ သိပ်မကောင်းတဲ့ အသားစိုင်တွေလည်း ရောယှက်သွားမယ်" လို့ ပြောချင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ပြောမှာကို သူနားလည်မှာ မဟုတ်ပါဘူး။ ကျွန်တော် သူ့ကို ခပ်တင်းတင်းပဲ ပွေ့ဖက်နေခဲ့တယ်။ သူ့ရဲ့ အတွင်းပိုင်းနေရာဟာ ရှင်းပြလို့ မရလောက်အောင် ထူးခြားတယ်။ ကျွန်တော် ဘယ်လိုမှ ပြန်ခွာလို့ မရဘူး။ နာအိုကိုလည်း ကျွန်တော်လို ခံစားခဲ့ရတယ်။ နာအိုကိုဟာ ကျွန်တော်ကို မယုံနိုင်လောက်အောင် ပြင်းထန်တဲ့ မာကျောမှုကို ဖြစ်စေခဲ့တယ်။

အခု ကျွန်တော့်ရှေ့မှာ နာအိုကို ပြနေတဲ့ ခန္ဓာကိုယ်ကတော့ အဲ့ဒီညက ခန္ဓာကိုယ်နဲ့ လုံးဝ မတူတော့ပါဘူး၊ လရောက်အောက်မှာ အသားအရေ အသစ်တွေ ဖြစ်ထွန်းသွားသလိုပါပဲ။ မိန်းကလေးဆန်တဲ့ ပြည့်ဖြိုး ဖူးမောက်မှုတွေဟာ ကီဇူကီ ကွယ်လွန်ပြီးနောက် သေဆုံးသွားပြီး ရင့်ကျက်တည်ငြိမ်တဲ့ အမျိုးသမီးတယောက်ရဲ့အလှ ဖြစ်ထွန်းလာခဲ့တယ်။ နာအိုကိုရဲ့ အခုလက်ရှိ ခန္ဓာကိုယ်ဟာ ကျွန်တော့်ကို လိင်စိတ်ဆန္ဒ မဖြစ်စေပါဘူး။ ကျွန်တော် သူ့ရဲ့ချစ်စရာကောင်းတဲ့ ခါးကောက်ကြောင်း၊ လုံးဝန်းဖူးမောက်နေတဲ့ ရင်သားတွေ၊ ချပ်ချပ်ရပ်ရပ် ဗိုက်သားရဲ့ လှုပ်ရှားမှုတွေနဲ့ အရိပ်လောက်ပဲ မြင်နေရတဲ့ နူးညံ့မည်းနက်နေတဲ့ မွေးညှင်းလေးတွေကို ကြည့်နေမိတယ်။

နာအိုကိုဟာ ကျွန်တော့်ကို သူ့ရဲ့ဝတ်လစ်စလစ်ဖြစ်မှုကို ငါးမိနစ်စာ ပြသတယ်။ နောက်တော့ သူ့ဂါဝန်အင်္ကျီကို ပြန်ဝတ်ပြီး ကြယ်သီးတွေကို အပေါ်ကနေအောက် ပြန်တပ်တယ်။ ကြယ်သီးတွေ တပ်ပြီးပြီးချင်းပဲ နာအိုကိုဟာ ထပြေးပြီး အိပ်ခန်းထဲ ခပ်သွက်သွက် ပြန်ဝင်သွားတယ်။ သူ့အခန်းတံခါးကို တိတ်တဆိတ် ဖွင့်ဝင်ပြီး ပျောက်ကွယ်သွားတယ်။

ကျွန်တော် အိပ်ရာပေါ်မှာ ထိုင်လျက် အချိန်အကြာကြီးနေမိတယ်။ ကြမ်းပြင်ပေါ်ကျနေတဲ့ နာရီကို ပြန်ကောက်ပြီး လရောင်နဲ့ ကြည့်လိုက်မိတယ်။ သုံးနာရီခွဲလို့နေပြီ။ ကျွန်တော် မီးဖိုချောင်ထဲသွားပြီး ရေအပြည့် တခွက် သောက်လိုက်တယ်။ ပြီးတော့ အိပ်ရာထဲ ပြန်ဝင်ပေမယ့် အိပ်လို့မရတော့ပါဘူး။ မနက် နေထွက်တဲ့အထိပါပဲ။ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့ ရီကိုက လာနှိုးတယ်။

"မောနင်း မောနင်း"

※※※

ရီကိုက ကျွန်တော့်အိပ်ရာတွေကို သိမ်းပေးနေတဲ့အချိန်မှာ နာအိုကိုဟာ မနက်စာ ပြင်ဆင်နေပါတယ်။

ကျွန်တော့်ကို ပြုံးပြပြီး “ဂွဒ်မောနင်း” လို့ ပြောပါတယ်။ ကျွန်တော်ကလည်း သူကို ပြန်ပြုံးပြပြီး “ဂွဒ်မောနင်း” လို့ ပြန်ပြောလိုက်ပါတယ်။ ကျွန်တော် နာအိုကိုဘေးမှာ မတ်တပ်ရပ်ပြီး သူ ရေနွေးအိုးတည်၊ ပေါင်မုန့်လှီးပြီး သီချင်းညည်းနေတာကို ကြည့်နေမိပါတယ်။ ဒါပေမဲ့ သူ့ပုံစံ ကြည့်ရတာဟာ ညတုန်းက ကျွန်တော့်ကို သူ့ရဲ့ဝတ်လစ်စလစ် ခန္ဓာကိုယ်ကို ပြခဲ့ဖူးတဲ့ အမူအယာမျိုး မတွေ့ရပါဘူး။ “နင့်ရဲ့မျက်လုံးတွေ နီရဲနေတာပဲ။ နေကောင်းရဲ့လား” လို့ နာအိုကိုက ကျွန်တော့်ကို ကော်ဖီငှဲ့ပေးရင်း ပြောပါတယ်။

“ငါ ညကြီးသန်းခေါင် အိပ်ရာကနိုးပြီး ပြန်အိပ်မရခဲ့လို့”

“ငါတို့ကတော့ ဟောက်လို့ပဲ နေမှာ” လို့ ရီကိုက ပြောတယ်။

“မဟောက်ပါဘူး” လို့ ကျွန်တော်ပြောလိုက်တယ်။

“ဘယ်ဆိုးလို့လဲ” လို့ နာအိုကိုက ပြောတယ်။

“သူ ယဉ်ကျေးတဲ့အနေနဲ့ မပြောတာ နေမှာပေါ့” လို့ ရီကိုက သမ်းရင်းနဲ့ ပြောပါတယ်။

ပထမတော့ နာအိုကိုဟာ ရှက်နေတာ ဒါမှမဟုတ် ဘာမှမသိတဲ့ ရီကိုရှေ့မှာ ဟန်ဆောင်နေတာလို့ ကျွန်တော် ထင်ခဲ့မိပါတယ်။ ဒါပေမဲ့ သူ့ရဲ့အမူအယာဟာ ရီကို အခန်းထဲကနေ ထွက်သွားတော့လည်း မပြောင်းလဲဘဲ ရှိနေခဲ့ပါတယ်။ သူ့ရဲ့မျက်လုံးတွေဟာ အရင်ကလိုပဲ ဖောက်ထွင်း မြင်နေရပါတယ်။

“နင် အိပ်ပျော်ရဲ့လား” လို့ နာအိုကိုကို ကျွန်တော် မေးလိုက်ပါတယ်။

“အိပ်လိုက်တာမှ သစ်တုံးကြီးလိုပဲ” လို့ နာအိုကိုက ပြန်ဖြေပါတယ်။

နာအိုကိုဟာ ဆံထိုးတခုကို တပ်ထားပါတယ်။

ကျွန်တော် ဘယ်လို၊ ဘာဆက်ပြောရမှန်းတောင် မသိတော့ပါဘူး။ မနက်စာကိုပဲ ဆက်စားနေလိုက်ပါတယ်။ ကျွန်တော်ပေါင်မုန့်ကို ထောပတ်သုတ်ရင်း ကြက်ဥ အခွံခွာရင်းနဲ့ နာအိုကိုကို လှမ်းကြည့်နေမိပါတယ်။

“ငါ့ကို ဘာလို့ ဒီလောက်တောင် ကြည့်နေရတာလဲ” လို့ နာအိုကိုက ပြုံးပြီးမေးပါတယ်။

“ငါ့အထင်တော့ သူ တယောက်ယောက်ကို ချစ်နေမိပြီ ထင်ပါတယ်” လို့ ရီကိုက ပြောတယ်။

"နင် တယောက်ယောက်ကို ချစ်နေပြီလား" လို့ နာအိုကိုက မေးတယ်။

"ဖြစ်နိုင်ပါတယ်" လို့ နာအိုကိုကို ပြုံးပြီး ကျွန်တော် ပြန်ပြောလိုက်ပါတယ်။

အမျိုးသမီးနှစ်ယောက်ဟာ ကျွန်တော့်ကို နောက်နေတဲ့အချိန်မှာ ကျွန်တော်ကတော့ ကော်ဖီနဲ့ ပေါင်မုန့်ကို စားရင်း ညတုန်းက ကိစ္စကိုပဲ ပြန်စဉ်းစားနေမိပါတယ်။

မနက်စာစားပြီးသွားတော့ ရီကိုနဲ့ နာအိုကိုဟာ လှောင်အိမ်ထဲက ငှက်တွေကို အစာသွားကျွေးမယ်လို့ ပြောပါတယ်။ ကျွန်တော်လည်း သူတို့နဲ့အတူ လိုက်သွားလိုက်တယ်။ သူတို့နှစ်ယောက်ဟာ ဂျင်းဘောင်းဘီ၊ အဖြူရောင် အလုပ်ဝတ်စုံနဲ့ ရာဘာဖိနပ်ကြီးတွေ စီးလိုက်ကြပါတယ်။ တင်းနစ်ကွင်းရဲ့ဘေးမှာ ငှက်လှောင်အိမ် ရှိပါတယ်။ ငှက်လှောင်အိမ်ထဲမှာ ကြက်ကနေပြီး ခို၊ ဒေါင်းနဲ့ ကြက်တူရွေး စတဲ့ ငှက်အစုံရှိပါတယ်။ ငှက်လှောင်အိမ်ဘေးနားမှာ ပန်းပင်တွေနဲ့ ခြုံနွယ်တွေ ရှိပါတယ်။ ဒီအဆောင်ကပဲ အသက်လေးဆယ်အရွယ် အမျိုးသားနှစ်ယောက်ဟာ ပေါက်တူးတွေ ပေါက်ပြီး လမ်းရှင်းနေတာ တွေ့ရပါတယ်။ အဲဒီလူနှစ်ယောက်ကို အမျိုးသမီး နှစ်ယောက် နှုတ်ဆက်စကားပြောကြပြီး ရီကိုက အဲဒီလူနှစ်ယောက်နဲ့ ဟာသတွေတောင် ပြောလို့နေပါသေးတယ်။ လှောင်အိမ်ထဲက ပန်းပင်တွေဟာ အရမ်းလှပါတယ်။ ရီကိုကိုလှမ်းမြင်တော့ ငှက်တွေဟာ အသံတွေမြည်လာကြ ပြီး လှောင်အိမ်ထဲ ပျံဝဲလို့နေပါတယ်။

အမျိုးသမီးနှစ်ယောက်ဟာ လှောင်အိမ်ကို ဂရုတစိုက်ဖွင့်ပြီး အစာအိတ်နဲ့ ဂေါ်ပြားတချောင်းယူပြီး အထဲဝင်သွားကြပါတယ်။ နာအိုကိုဟာ ဂေါ်ပြားကို ထောင်ထားလိုက်ပြီး ရေဖွင့်လိုက်ပါတယ်။ နာအိုကိုက အညစ်အကြေးတွေကို ဂေါ်ပြားနဲ့ခံနေသလို ရီကိုကလည်း ကြမ်းပြင်ကို ဘရုရှ်တခုနဲ့ သန့်ရှင်းရေး လုပ်နေပါတယ်။ လှောင်အိမ်ထဲမှာ သူတို့ဖျန်းနေတဲ့ စပရေးဟာ နံနက်ခင်း နေရောင်အောက်မှာ တလက်လက် တောက်နေပါတယ်။ ဒေါင်းတွေဟာ သူတို့ကိုယ်ပေါ် စပရေးတွေ ရောက်လာမှာစိုးလို့ ထွက်ပြေးနေကြပါတယ်။ ကြက်ဆင်ကြီးတကောင်ကတော့ ကျွန်တော့်ကို လူ့ဂွစာအဘိုးကြီးတယောက် ပုံစံမျိုးနဲ့ ကြည့်နေပါတယ်။ ကြက်တူရွေးကတော့ စိတ်ပျက်စရာ ကောင်းလောက်အောင် အတောင်ပံကို တဖျတ်ဖျတ် ခါနေပါတယ်။ ရီကိုဟာ ကြက်တူရွေးကို ညောင်ညောင်နဲ့ လှမ်းခေါ်ပါတယ်။ "ကျေးဇူးပဲ အရူး ချေးဦးနှောက်" လို့ ကြက်တူရွေးက ပြောနေပါတယ်။

"ဘယ်သူကများ သူ့ကို အဲဒီစကားတွေ သင်ပေးသွားတာလဲ မသိဘူး" လို့ နာအိုကိုက သက်ပြင်းချပြီး ပြောပါတယ်။

"ငါတော့ မသင်ပေးခဲ့ပါဘူး။ အဲဒီလိုစကားမျိုးလည်း ငါ သင်မှာမဟုတ်ပါဘူး" လို့ ရီကိုက ပြောရင်း ကြက်တူရွေးကို ညောင်ညောင်လို့ ပြောပြီး ခေါ်နေပြန်တယ်။ ကြက်တူရွေး ပါးစပ်ပိတ်သွားပါပြီ။

ရီကိုက ရယ်ရင်းနဲ့ ကျွန်တော့်ကို ရှင်းပြပါတယ်။ "ဒီကောင် ကြောင်တကောင် နောက်ကလိုက်တာကို ခံခဲ့ရဖူးတယ်။ ကြောင်ဆိုရင် သေလောက်အောင် ကြောက်တတ်နေပြီ"

သူတို့နှစ်ယောက် သန့်ရှင်းရေးတွေ လုပ်ပြီးတဲ့အခါမှာတော့ အစာခွက်တွေထဲကို အစာတွေ လိုက်ထည့်ကြတယ်။

"မနက်တိုင်း ဒီလိုပဲ လုပ်ရလား" လို့ နာအိုကိုကို ကျွန်တော် မေးလိုက်ပါတယ်။

"မနက်တိုင်းပဲပေါ့။ ဒီလိုအလုပ်မျိုးကို အသစ်ရောက်လာတဲ့ မိန်းကလေးတိုင်းကို လုပ်ခိုင်းတယ်။ လွယ်လွယ်လေးပါပဲ။ ယုန်တွေ ကြည့်ချင်သေးလား"

"ကြည့်ချင်တယ်" လို့ ကျွန်တော် ပြောလိုက်တယ်။

ယုန်အိမ်က ငှက်လှောင်အိမ်ရဲ့ အနောက်ဘက်မှာပါ။ အထဲမှာ အိပ်နေကြတဲ့ ယုန် ၁၀ ကောင်ကို တွေ့ရပါတယ်။ နာအိုကိုဟာ အစာတွေထည့်ပေးပြီးတဲ့နောက် ယုန်လေးတကောင် ကောက်ကိုင်လိုက်ပြီး သူ့ပါးနဲ့ ကပ်ထားလိုက်ပါတယ်။

"ချစ်ဖို့ မကောင်းဘူးလား" လို့ သူက ကျွန်တော့်ကို မေးတယ်။ ပြီးတော့ ကျွန်တော့်ကို ယုန်လေးကို ကိုင်ခိုင်းတယ်။ ယုန်လေးရဲ့အမွေးတွေကနေတဆင့် နွေးထွေးမှုကို ကျွန်တော်ရရှိနေတယ်။ ယုန်လေးဟာ သူ့ရဲ့နှာခေါင်းနဲ့ ကျွန်တော့်ကို တိုးဝှေ့ကျီစယ်နေပြန်တယ်။

"မကြောက်ပါနဲ့။ သူ မင်းကို ဘာမှမလုပ်ပါဘူး" လို့ သူက ယုန်ကလေးရဲ့ခေါင်းကို ပွတ်ပြီး ကျွန်တော့်ကို ပြုံးရင်း ပြောပါတယ်။ သူ့ရဲ့အပြုံးဟာ အရမ်းတောက်ပတဲ့အပြုံးပါပဲ။ ကျွန်တော် သူ့ကို ပြန်မပြုံးပြဘဲ မနေနိုင်ပါဘူး။ ပြီးတော့ မနေ့ညနေ်းက ဘာတွေလုပ်ခဲ့သလဲဆိုတာကိုလဲ ကျွန်တော် ပြန်စဉ်းစားနေမိပါတယ်။ မနေ့ညတုန်းက နာအိုကို အစစ်ပဲဆိုတာနဲ့ အိပ်မက်မဟုတ်ဘူး ဆိုတာကို ကျွန်တော် သိနေပါတယ်။

မနေ့ညတုန်း အဝတ်အစားတွေ အကုန်လုံးချွတ်ပြီး ကျွန်တော့်ကို သူ့ရဲ့ အဝတ်မဲ့ ခန္ဓာကိုယ်ကို ပြသခဲ့တာကိုလည်း ကျွန်တော် သေသေချာချာ

သိနေပါတယ်။

ရီကိုကတော့ "မာနကြီးတဲ့ မေရီ" သီချင်းကို ငြီးလို့နေပါတယ်။ ပြီးတော့ အမှိုက်သရိုက်တွေကို သူ့ရဲ့ ဗီနိုင်းစ အိတ်ထဲကို ထည့်လိုက်ပြီး ပြန်ပိတ်လိုက်ပါတယ်။ သူတို့ရဲ့ကိရိယာတွေနဲ့ အစာထည့်ထားတဲ့ အိတ်ကို ကျွန်တော် ကူသယ်ပေးလိုက်ပါတယ်။

"မနက်ခင်းအချိန်တွေဟာ ငါ့ရဲ့အကြိုက်ဆုံး အချိန်တွေပါပဲ" လို့ နာအိုကိုက ပြောပါတယ်။ "အားလုံး လတ်ဆတ်ပြီး သစ်လွင်လာသလိုပါပဲ။ ငါ နေ့လယ်ဆိုလို့ရှိရင် စပြီး ဝမ်းနည်းတတ်တယ်။ ညနေ နေဝင်သွားတာကို ငါမုန်းတီးတယ်။ အဲဒီ ခံစားမှုတွေနဲ့ ငါ တနေ့ပြီး တနေ့ အသက်ရှင်နေရတာပါပဲ"

"နင်တို့တွေ အဲဒီခံစားမှုတွေနဲ့ အသက်ရှင်နေတဲ့အချိန်မှာပဲ ငယ်ရာကနေ ကြီးလာတာပါ" လို့ ရီကိုက ပြုံးရင်းနဲ့ ပြောပါတယ်။ "နင်တို့တွေဟာ မနက်နဲ့ ညအချိန်ကို တွေးတောနေချိန်မှာ နင်တို့တွေ အသက်ကြီးလာကြတယ်"

"ရှင်ကတော့ အသက်ကြီးတာကို ကြိုက်တယ်မဟုတ်လား" လို့ နာအိုကိုက ပြောတယ်။

"မကြိုက်ပါဘူး။ ငါအသက်ပြန်ငယ်ချင်ပါတယ်" လို့ ရီကိုက ပြောတယ်။

"ဘာလို့ အသက်ပြန်ငယ်ချင်တာလဲ" လို့ ကျွန်တော် မေးလိုက်တယ်။

"ဘာဖြစ်လို့လဲဆိုတော့ ငါလည်းပင်းမှာ နာနေလို့ပဲ" လို့ ရီကိုက ပြောတယ်။ နောက်တော့ ရီကိုက သူ့မျက်စိကို လှောင်အိမ်ထဲမှာ ထားခဲ့ပြီး တံခါးကို ပိတ်လိုက်တယ်။ မာနကြီးတဲ့ မေရီသီချင်းကို ငြီးနေရင်းနဲ့ပေါ့ ။

※※※

အခန်းကို ပြန်ရောက်တော့ အမျိုးသမီးနှစ်ယောက်ဟာ ရာဘာဖိနပ်တွေကို တင်းနစ်ရှူးတွေနဲ့ လဲစီးလိုက်ပြီး ယာခင်းကို သွားကြမလို့ ပြင်ဆင်ကြတယ်။ ရီကိုက ကျွန်တော့်ကို စာအုပ်ဖတ်ရင်း ဖြစ်ဖြစ်၊ တခုခုလုပ်ရင်းဖြစ်ဖြစ် ကျန်ခဲ့ဖို့ ပြောပါတယ်။ ယာတောထဲမှာ ကြည့်စရာ ဘာမှမရှိပါဘူးတဲ့။ သူတို့တွေဟာ အုပ်စုလိုက် အလုပ်လုပ်ရမယ်လို့လဲ ပြောပါတယ်။

"နင်ဒီမှာ ငါတို့ကို စောင့်နေရင်း အဝတ်လျှော်ဇလုံထဲမှာ ငါတို့ထားခဲ့တဲ့ ညစ်ပတ်နေတဲ့ အတွင်းခံ ဘောင်းဘီတွေကို လျှော်ပြီး စောင့်လို့ရပါတယ်" လို့ ရီကိုက ထပ်ပြောပါတယ်။

"မနောက်ပါနဲ့" လို့ ကျွန်တော် သူ့ကို ပြန်ပြောလိုက်တယ်။

"ငါ တကယ်ပြောတာပါ။ နင် အရမ်းချစ်ဖို့ကောင်းတာပဲ။ မဟုတ်ဘူးလား နာအိုကို" လို့ ရီကိုက ရယ်ပြီးပြောပါတယ်။

"တကယ်ချစ်ဖို့ကောင်းပါတယ်" လို့ နာအိုကိုက ရီကို့ကို ပြန်ရယ်ရင်း ပြောပါတယ်။

"ထားပါတော့။ နင့်ရဲ့ အိမ်စာတွေကိုပဲလုပ်ပြီး နေခဲ့ပါတော့ လိမ္မာတဲ့ကောင်လေးရေ၊ နေ့လယ်စာ စားချိန်မတိုင်မီ ငါတို့ ပြန်လာပါ့မယ်" လို့ ရီကိုက ပြောပါတယ်။

သူတို့နှစ်ယောက်ဟာ တခစ်ခစ် ရယ်မောရင်းနဲ့ ထွက်ခွာသွားကြပါတယ်။ သူတို့ရဲ့ခြေသံတွေနဲ့ လှေကားက တခြားလူတွေရဲ့အသံကို ကျွန်တော် ကြားလိုက်ရပါတယ်။

ကျွန်တော် ရေချိုးခန်းထဲဝင်ပြီး မျက်နှာထပ်သစ်လိုက်ပါတယ်။ သူတို့ရဲ့လက်သည်းညှပ်ကို ကျွန်တော် ထားသုံးပြီး ခြေသည်းလက်သည်းတွေကို ညှပ်ပစ်လိုက်ပါတယ်။ အမျိုးသမီးနှစ်ယောက် မျှသုံးတဲ့ ရေချိုးခန်းက တကယ့်ကို ရိုးရိုးရှင်းရှင်းလေးပါပဲ။ သပ်သပ်ရပ်ရပ် စီထားတဲ့ ဆပ်ပြာမှုန့် တွေရယ် မခမ်းခြောက်သွေ့ဆေးနဲ့ နေရောင်ခံဆပ်ပြာကလွဲလို့ တခြားအလှကုန်ပစ္စည်းဆိုလို့ ဘာမှမရှိပါဘူး။ ခြေသည်းလက်သည်း ညှပ်ပြီးသွားတော့ ကျွန်တော် ကော်ဖီဖျော်ပြီး မီးဖိုချောင်ထဲမှာ ထိုင်သောက်နေလိုက်ပါတယ်။ ဂျာမန်သင်ခန်းစာ စာအုပ်ကိုလည်း ကျွန်တော် ဖွင့်ကြည့်ရင်းပေါ့။ နေရောင်ကျနေတဲ့ မီးဖိုချောင်ခန်းထဲမှာ တီရှပ်အကျႌကို ချွတ်ပြီး ဂျာမန်သဒ္ဒါတွေကို လေ့လာရတာဟာ ကျွန်တော့်အတွက်တော့ အူကြောင်ကြောင်နိုင်တဲ့ ခံစားမှုကို ဖြစ်စေပါတယ်။ စားပွဲပေါ်မှာ မြင်နေရတဲ့ ပုံမှန်မဟုတ်တဲ့ ဂျာမန ကြိယာ တွေဟာ ကျွန်တော်နဲ့တော့ အကွာအဝေး အရမ်းခြားနားတဲ့နေရာတခုမှာ ရှိနေသလိုပါပဲ။

အမျိုးသမီးနှစ်ယောက်ဟာ ယာခင်းကနေ ၁၁ နာရီခွဲမှာ ပြန်ရောက်လာပါတယ်။ သူတို့နှစ်ယောက်ဟာ ရေမိုးချိုးပြီး အဝတ်အစားသစ်တွေ လဲလိုက်ကြပါတယ်။ ကျွန်တော်တို့ သုံးယောက်ဟာ ထမင်းစားခန်းထဲ တူတူသွားပြီး နေ့လယ်စာ စားလိုက်ကြပါတယ်။ ပြီးတော့ ဂိတ်အရှေ့ပိုင်းကို လမ်းထွက်လျှောက်ကြပါတယ်။ ဒီတကြိမ်မှာတော့ အဲ့ဒီဂိတ်ကို တာဝန်ကျနေသူဟာ အဖိုးကြီးတယောက်ပါပဲ။ သူဟာ စားပွဲပေါ်မှာထိုင်ပြီး ထမင်းစားခန်းထဲက သယ်လာပုံရတဲ့ နေ့လယ်စာကို စားနေပါတယ်။ စင်ပေါ်က သူ့ရဲ့ထရန်စစ္စတာ ရေဒီယိုက စိတ်ခံစားမှုနဲ့ ခေတ်ဟောင်း ပေါ့ပ်သီချင်းတပုဒ်ကို ထုတ်လွှင့်လို့ နေပါတယ်။ သူက ကျွန်တော်တို့ကို ရင်းရင်းနှီးနှီး လှမ်းနှုတ်ဆက်ပါတယ်။

ကျွန်တော်တို့ကလည်း ပြန်ပြီး နှုတ်ဆက်လိုက်ပါတယ်။

ရီကိုက ကျွန်တော်တို့တွေဟာ လယ်ကွင်းတွေရဲ့အပြင်ဘက်ကို သွားရောက်ကြပြီး သုံးနာရီမထိုးခင် ပြန်လာကြမယ်လို့ ပြောပါတယ်။

"မင်းတို့ ကံကောင်းတယ်။ ရာသီဥတုက ကောင်းနေတယ်။ တောင်ကြားလမ်းဘက်ကိုသာ မသွားနဲ့။ အဲ့ဒီဘက်မှာက မိုးရွာရင် လမ်းချော်တတ်တယ်။ တခြားနေရာတွေတော့ မသွားနဲ့" လို့ အစောင့်အဖိုးကြီးက ပြောပါတယ်။

ရီကိုက သူ့နာမည်နဲ့ နာအိုကိုရဲ့နာမည်အပြင် ရက်စွဲနဲ့ အချိန်တွေကိုပါ ရေးလိုက်ပါတယ်။

"အပြင်မှာပျော်ကြပါစေ။ ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်ကြဦး" လို့ အစောင့်အဖိုးကြီးက ပြောပါတယ်။

"သဘောကောင်းတဲ့ လူကြီးပဲ" လို့ ကျွန်တော်ပြောလိုက်တယ်။

"သူက ဒီမှာ တခြားလူတွေနဲ့ သိပ်မတူဘူး" လို့ ရီကိုက သူ့နဖူးသူ ကိုင်ရင်းပြောပါတယ်။

အစောင့်အဖိုးကြီးပြောခဲ့တဲ့စကားက မှန်ပါတယ်။ ကောင်းကင်ဟာ အပြာလွင်လွင်အရောင်နဲ့ တောက်ပနေပါတယ်။ ကောင်းကင်ပေါ်မှာ ဟိုတစ ဒီတစရှိနေတဲ့ တိမ်ဖြူဖြူတွေဟာ ဆေးစမ်းထားတဲ့ စုတ်ချက်တွေလိုပါပဲ။

မိတ်ဆွေအဆောင်ရဲ့ဘေးက ကျောက်တုံး နိမ့်နိမ့်လေးတွေနဲ့ ခင်းထားတဲ့ မက်စောက်တဲ့ လမ်းကနေ ခဏလျှောက်လိုက်ကြရတယ်။ နောက်တော့ အနည်းငယ် တောင်ကုန်းလေးကို ကျွန်တော်တို့ တက်လိုက်ကြရတယ်။ ရှေ့ဆုံးက ဦးဆောင်ပြီးတက်တာကတော့ ရီကိုပါ။ အလယ်က နာအိုကို၊ နောက်ဆုံးကတော့ ကျွန်တော်ပေါ့။ ရီကိုဟာ ဒီဒေသမှာရှိသမျှ တောင်ကုန်းတွေ အားလုံးကို သိနေတဲ့ပုံစံနဲ့ ထိပ်ဆုံးကနေ ဦးဆောင်ပြီး ကျွမ်းကျွမ်းကျင်ကျင် လျှောက်သွားပါတယ်။ နာအိုကိုဟာ အပြာရောင် ဂျင်းဘောင်းဘီနဲ့ အဖြူရောင် ဘလောက်စ်အင်္ကျီကို ဝတ်ဆင်ပြီး လက်တဖက်ကလည်း သူ့ရဲ့ကုတ်အင်္ကျီကို ကိုင်ဆောင်ထားပါတယ်။ ကျွန်တော် သူ့ရဲ့ကုတ်သားထိရောက်နေတဲ့ ဆံနွယ်စ တွေကို စိုက်ကြည့်လို့နေမိပါတယ်။ သူ ကျွန်တော့်ဘက်ကို လှည့်ပြီး မကြာခဏ ပြုံးပြတတ်ပါတယ်။ တောင်တက်လမ်းလေးဟာ မူးနောက်လောက်တဲ့အထိ တက်ရပါတယ်။ ရီကိုကတော့ မရပ်မနားနဲ့ ခက်သွက်သွက်ပါပဲ။ နာအိုကိုဟာ ရီကိုကို အမီလိုက်ရင်း သူ့မျက်နှာပေါ်က ချွေးတွေကို သုတ်နေပါတယ်။ ဒီလို

အပြင်ဘက်မှာလုပ်ရတဲ့ လုပ်ရှားမှုတွေကို သိပ်မခံစားဘူးတဲ့ ကျွန်တော်ဟာ အသက်ကို မနည်းရှုနေရပါတော့တယ်။

"ဒီလိုမျိုး ခဏခဏသွားဖူးလား" လို့ ကျွန်တော် နာအိုတို့ကို မေးလိုက်ပါတယ်။

"တပတ်တကြိမ်တော့ သွားတယ်။ နင်မောနေပြီလား" လို့ နာအိုကိုက ပြန်ဖြေပါတယ်။

"မောနေပြီလို့ပဲ ပြောရတော့မှာပေါ့"

"ရောက်တော့မှာပါဟ။ ငါတို့ ခရီးရဲ့ သုံးပုံနှစ်ပုံ ရောက်နေပါပြီ။ လာစမ်းပါ" လို့ ရီကိုက ပြောပါတယ်။

"လာမှာပါ။ ကျွန်တော် နည်းနည်းတော့ မောနေပြီ"

"မိန်းကလေးတွေနဲ့ပဲ တချိန်လုံး ကစားနေတာကိုး မောမှာပေါ့" လို့ နာအိုကိုက သူ့ကိုယ်သူ ပြောသလိုပြောပါတယ်။

ကျွန်တော် သူ့ကို ပြန်ပြောချင်ပေမယ့်လို့ လေတွေ အရမ်းတိုက်နေလို့ ပြန်မပြောဖြစ်ခဲ့ပါဘူး။ မကြာခဏဆိုသလို ခေါင်းပေါ်မှာ အနီရောင် အမွေးစုတ်ဖွားနဲ့ ငှက်ကလေးတွေ ပျံသွားတာကို တွေ့နေရတယ်။ ပြာပြာလွင်လွင် ကောင်းကင်ကြီးကို နောက်ခံထားရင်းနဲ့ပေါ့။ လယ်ကွင်းတွေဟာ အဖြူ၊ အပြာ၊ အဝါရောင် ပန်းပွင့်တွေနဲ့ ပြည့်လို့နေတယ်။ နေရာအနှံ့မှာလည်း ပျားတွေရဲ့ အသံကို ကြားနေရတယ်။ ရှေ့ကို ခြေတလှမ်းတိုးလိုက်တိုင်း ကျွန်တော့်မျက်စိမှာ တွေ့နေရတဲ့ မြင်ကွင်းကလွဲလို့ ဘာကိုမှ မစဉ်းစားနိုင်ပါဘူး။

လျှောစောက်ကို နောက်ထပ် ၁၀ မိနစ်လောက် တက်ရပါတယ်။ ကျွန်တော်တို့တွေဟာ တောင်ကုန်းထိပ်ပိုင်းကို ရောက်လို့လာပါပြီ။ ချွေးတွေကို သုတ်ရင်း၊ အသက်ပြင်းပြင်း ရှူရင်း ရေဘူးတွေထဲက ရေကိုသောက်ရင်း အနားယူကြပါတယ်။ ရီကိုဟာ သစ်ရွက်တရွက်ကို ယူလိုက်ပြီး လေချွန်နေပြန်ပါတယ်။

တောင်ကုန်းပေါ်ကနေ မြက်ခင်းစိမ်းစိမ်းထူထူနေရာကို ပြန်ဆင်းတဲ့ လမ်းကလေးကို တွေ့နေရပါတယ်။ ကျွန်တော်တို့တွေဟာ ရွာတရွာကို မဖြတ်ကျော်ခင် ၁၅ မိနစ်လောက် လမ်းလျှောက်ရပြန်ပါတယ်။ လမ်းပေါ်မှာ လူရှိတဲ့ အရိပ်အယောင် လုံးဝ မတွေ့ရပါဘူး။ ရွာထဲမှာရှိနေတဲ့ အိမ်ခြေ ၁၂ လုံးဟာလည်း ပုံပျက်ပန်းပျက်နဲ့ ယိုယွင်းနေကြပါတယ်။ ခါးလယ်လောက်ရှိတဲ့ မြက်ပင်တွေဟာ အဲ့ဒီအိမ်တွေကို အုပ်စီးလို့နေပါတယ်။ ဒေါက်တိုင်ကြီးတွေ ရှိတဲ့ အိမ်တွေကလွဲလို့

တခြား ဘယ်အိမ်မှ မြက်ပင်တွေရဲ့ ကြီးစိုးမှုဒဏ်ကို မခံနိုင်ကြပါဘူး။ တခြားအိမ်တွေကတော့ မုန်တိုင်းဒဏ်ခံနိုင်တဲ့ အကာအရံတွေ တပ်ဆင်ပြီးမှ နေလို့ရမယ့် ပုံစံတွေပါပဲ။ ကျွန်တော်တို့ လျှောက်နေတဲ့ ကုန်းဆင်းလမ်း တဖက်တချက်မှာရှိနေတဲ့ အိမ်တွေမှာ လူရှိတဲ့အရိပ်ယောင်ဆိုလို့ ဘာကိုမှ မမြင်ရပါဘူး။ ကျွန်တော်တို့တွေဟာ လယ်ခင်းတွေရဲ့တဖက်ကို ရောက်လာပါပြီ။ ကျွန်တော်တို့ဘက်ကို ပြန်ငေးကြည့်နေတဲ့ အိမ်တချို့ကိုပဲ တွေ့နေရပါတယ်။ ခြံစည်းရိုးလိုင်းတွေနောက် လိုက်ကြည့်ရင်း ခွေးကြီးတကောင်ဟာ ကျွန်တော်တို့ဘက်ကို ပြေးလို့လာပါတယ်။ အမြီးတွေကို လှုပ်ရင်းနဲ့ပေါ့၊ ခွေးကြီးဟာ မတ်တပ် ထရပ်ပြီး ရီကိုရဲ့ မျက်နှာကို အနံ့ခံရင်း ရီကို့ကို ခေါင်းမှီလိုက်ပါတယ်။ နောက်တော့ နာအိုနားကို ခွေးကြီးက ကပ်နေပြန်ပါတယ်။ ကျွန်တော် လေချွန်လိုက်တော့ ခွေးကြီးဟာ ကျွန်တော့်ဘက်ကို ရောက်လာပါတယ်။ ပြီးတော့ သူ့ရဲ့ ရှည်လျားတဲ့ လျှာနဲ့ ကျွန်တော်ရဲ့လက်ကို ယက်လို့နေပြန်ပါတယ်။

နာအိုကိုက ခွေးရဲ့ခေါင်းကိုကိုင်ပြီး စိုက်ခင်းက ပိုင်တဲ့ခွေးလို့ ရှင်းပြပါတယ်။ သူ့အသက်က ၂၀ လောက် ရှိနေပြီ။ သူ့သွားတွေလည်း မကောင်းတော့ဘူး။ သူ မာတဲ့အစာတွေကို မစားနိုင်တော့ဘူး။ သူဟာ ဆိုင်ရှေ့မှာ နေ့တိုင်း အိပ်တတ်တယ်။ ခြေသံတွေကြားတာနဲ့ အမြဲတမ်း ပြေးလာတတ်တယ်”

ရီကိုဟာ သူ့ကျောပိုးအိတ်ထဲက ဒိန်ခဲတွေကို ထုတ်လိုက်ပါတယ်။ ခွေးဟာ ဒိန်ခဲနံ့လည်းရရော နာအိုကို ကိုယ်ပေါ်ကို ပြေးတက်တော့တာပါပဲ။

“ဒီအသက်ကြီးကြီးကောင်ကို ဒီမှာတွေ့တာ တော်တော်ကြာနေပြီ” လို့ ရီကိုဟာ ခွေးကြီးရဲ့ခေါင်းကို သပ်ပြီး ပြောပါတယ်။ ဒီနေရာကို ကမ္ဘာလှည့်ခရီးသွားတွေ စိတ်ဝင်စားမယ့်နေရာဖြစ်အောင် ကြိုးစားသင့်ပါတယ်။

ခွေးကြီးက ကျွန်တော်တို့ကို ဦးဆောင်ရင်း ယာတောကြီးထဲက ကော်ဖီဆိုင်ဆီ ခေါ်ဆောင်သွားပါတယ်။ သေးငယ်ကျစ်လစ်ပြီး အဖြူရောင်ဆေးတွေ သုတ်ထားတဲ့ စားသောက်ဆိုင်ဆီကို ကျွန်တော်တို့ ရောက်လာပါတယ်။ ကျွန်တော်တို့ ဆင်ဝင်အောက်က စားပွဲပေါ်မှာ ထိုင်လိုက်တော့ မြင်းမြီးဆံပင်၊ ဆွယ်တာအကျႌနဲ့ ဂျင်းဘောင်းဘီအဖြူ ဝတ်ထားတဲ့ ကောင်မလေးတယောက် ထွက်လာပြီး ရီကိုနဲ့ နာအိုကိုကို မိတ်ဟောင်းဆွေဟောင်းတွေလို နှုတ်ဆက်ပါတယ်။

“ဒါ နာအိုကို့သူငယ်ချင်းလေ” လို့ ရီကိုက ကျွန်တော့်ကို မိတ်ဆက်ပေးတယ်။

“ဟိုင်း” လို့ သူ ပြောတယ်။

“ဟိုင်း” လို့ ကျွန်တော် ပြန်နှုတ်ဆက်လိုက်တယ်။

အမျိုးသမီးသုံးယောက် စကားပြောနေစဉ်ကာလမှာ ခုံအောက်က ခွေးကြီးရဲ့လည်ပင်းကို ကျွန်တော် ပွတ်သပ်လို့နေတယ်။ ခွေးအိုကြီးရဲ့လည်ပင်းဟာ မာကြောပြီး အမွေးအမှင်ထူနေပါတယ်။ ကျွန်တော် ငုံ့ကြည့်လိုက်တော့ ခွေးကြီးဟာ မျက်လုံးမှိတ်ပြီး ဇိမ်ခံနေတာကို တွေ့ရပါတယ်။

"သူ့နာမည် ဘယ်လိုခေါ်လဲ" လို့ ကျွန်တော် ကောင်မလေးကို မေးလိုက်တယ်။

"ပီပီလို့ ခေါ်တယ်" လို့ ကောင်မလေးက ပြန်ပြောတယ်။

"ဟိတ် ပီပီ" လို့ ကျွန်တော် ခွေးကို နှုတ်ဆက်လိုက်ပေမယ့် သူ ပြန်မဟောင်ပါဘူး။

"သူ နားသိပ်မကောင်းတော့ဘူး။ သူ့ကို ပြောချင်ရင် အကျယ်ကြီး အော်ပြောရလိမ့်မယ်။ နို့မို့ဆိုရင်တော့ သူကြားမှာ မဟုတ်ဘူး" လို့ ကောင်မလေးက ပြောတယ်။

"ပီပီ" လို့ အော်လိုက်တယ်။ ခွေးကြီးဟာ မျက်လုံးတွေ ဖွင့်လာပြီး ကျွန်တော်ပြောတာကို သိကြောင်းပြသတဲ့အနေနဲ့ ပြန်ဟောင်ပါတယ်။

"ဘာမှမဟုတ်ဘူး ပီပီ၊ ထပ်အိပ်ပြီး အသက်ရှည်အောင်နေ" လို့ ကောင်မလေးက ပြောလိုက်တယ်။ ပီပီဟာ ကျွန်တော့်ခြေရင်းမှာ ပြန်ဝပ်လိုက်တယ်။

နာအိုကိုနဲ့ ရီကိုတို့ဟာ နွားနို့အေး မှာလိုက်ကြပြီး ကျွန်တော်က ဘီယာတဘူး မှာလိုက်တယ်။

"ရေဒီယို နားထောင်ကြရအောင်" လို့ ရီကိုက ပြောတယ်။ ကောင်မလေးဟာ အသံချဲ့စက်ကို ဖွင့်လိုက်ပြီး FM လိုင်းတလိုင်းကို ဖွင့်လိုက်တယ်။ Blood, Sweat and Tears သီချင်း ထွက်ပေါ်လာတယ်။ နာအိုကိုကတော့ သဘောကျနေတဲ့ပုံပဲ။

"ရေဒီယိုနားထောင်ဖို့ ငါတို့ ဒီကိုလာကြတာလေ။ ငါတို့အခန်းတွေမှာ ရေဒီယို မရှိကြဘူး။ ဒီကိုသာ မလာရင် ရေဒီယိုက ဘာသီချင်းတွေလာနေလဲဆိုတာ သိရမှာမဟုတ်ဘူး"

"ဒီမှာပဲ အိပ်တာလား" လို့ ကျွန်တော် ကောင်မလေးကို မေးလိုက်တယ်။

"မအိပ်ပါဘူး" လို့ ကောင်မလေးက ရယ်ပြီးပြန်ဖြေတယ်။ "ဒီမှာသာ ည နေရမယ်ဆိုရင် အထီးကျန်လွန်းလို့ သေမှာပဲ။ စိုက်ခင်းကားသမားက ကျွန်မကို

မြို့ထဲပြန်ပို့ပေးပြီး မနက်ဆိုရင် ကျွန်မပြန်လာတယ်” လို့ ဆိုပြီး စိုက်ခင်းရုံးခန်းရှေ့မှာ ရပ်ထားတဲ့ လေးဘီးစလုံးမောင်းတဲ့ ထရက်ကားကြီးကို လက်ညှိုးထိုးပြတယ်။

“မကြာခင် အပန်းဖြေခရီးထွက်ခွင့် ရတော့မှာပေါ့” လို့ ရီကိုကို မေးလိုက်တယ်။

“ဟုတ်တယ်။ ဒီဆိုင်ကို ခဏတော့ ပိတ်ထားရလိမ့်မယ်” လို့ ကောင်မလေးက ပြောတယ်။ ကောင်မလေးကို ရီကိုက စီးကရက်လှမ်းပေးလိုက်ပြီး သူတို့နှစ်ယောက် ဆေးလိပ် သောက်နေပါတယ်။

“ငါတော့ မင်းကို လွမ်းနေတော့မှာပဲ” လို့ ရီကိုက ပြောတယ်။

“ကျွန်မ မေလဆိုရင် ပြန်လာမှာပါ” လို့ ကောင်မလေးက ရယ်ပြီး ပြန်ပြောတယ်။

ရေဒီယိုမှာ Cream IZGJU&JU White Room သီချင်း လာနေတယ်။ ကြေငြာလာပြီးတဲ့ နောက်တော့ Simon and Garfunkel ရဲ့ Scarborough Fair သီချင်း လာပါတယ်။

“ဒီသီချင်းကို ငါအရမ်းကြိုက်တာပဲ” လို့ သီချင်းဆုံးတော့ ရီကိုက ပြောတယ်။

“ကျွန်တော် ရုပ်ရှင်တောင် ကြည့်ဖူးတယ်”

“ဘယ်သူ သရုပ်ဆောင်တာလဲ”

“ဒက်စတင်ဟော့ဖ်မန်းပါ”

“ငါ သူ့ကို မသိဘူး” လို့ ရီကိုက ခေါင်းလေးခါပြီး ပြောပါတယ်။ “ကမ္ဘာကြီးဟာ အရှူးအမူးကို ပြောင်းလဲနေတော့တာပါပဲ။ ငါတော့ ဘာမှမသိတော့ဘူး”

ရီကိုဟာ ကောင်မလေးဆီက ဂစ်တာ တောင်းလိုက်တယ်။ ကောင်မလေးဟာ ရေဒီယိုခလုတ်ပိတ်ပြီး ဂစ်တာအိုတလက် ထုတ်လာပါတယ်။ ခွေးဟာ ခေါင်းထောင်ပြီး ဂစ်တာကို အနံ့ခံလိုက်ပါတယ်။

“ဒါက စားစရာမဟုတ်ဘူး” လို့ ရီကိုက နောက်ပြီး ပြောပါတယ်။

မြက်နဲ့တွေ့ပါလာတဲ့ လေညင်းလေးဟာ ဆင်ဝင်အောက်ကို တိုက်ခတ်လို့

လာပါတယ်။ ကျွန်တော်တို့ရှေ့မှာ တောင်တန်းကြီးတွေဟာ ကောင်းကင်ဆီကို ထိုးထောင်နေပြီး ရှိနေကြပါတယ်။

"The Sound of Music ထဲက ဇာတ်ဝင်ခန်းတခု အတိုင်းပဲ နော်" လို့ ကျွန်တော် ရီကို့ကို ပြောလိုက်တယ်။

"အဲ့ဒါဘာလဲဂ လို့ ရီကိုက မေးတယ်။

ရီကိုဟာ Scarborough Fair သီချင်းအတွက် ကော့ဒ်ရှာရင်း ဂစ်တာ စမ်းနေပါတယ်။ ဒီသီချင်းကို သူ ပထမဆုံးအကြိမ် စတီးမှန်း သိသာနေပါတယ်။ အစပိုင်းမှာ အမှားအနည်းငယ် ရှိခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ချောချောမွေ့မွေ့ တီးခတ်သွားပါတယ်။ သူ သုံးကြိမ်လောက် တီးခတ်ပြီးတဲ့နောက် ကျွန်တော့်ကို ပြောပါတယ်။

"ငါ့နားက တော်တော်ကောင်းတာပဲနော်။ ငါ သီချင်းတပုဒ် သုံးကြိမ်လောက် ကြားလိုက်ရုံနဲ့ တီးနိုင်တယ်"

သူဟာ စာသားတွေကို ဖြည်းဖြည်းချင်းလိုက်ငြီးရင်း သီချင်းတပုဒ်ကို ပြီးအောင်ဆိုလိုက်ပါတယ်။ ကျွန်တော်တို့သုံးယောက် လက်ခုပ်တီးပြီး ရီကိုကို အားပေးလိုက်တော့ ရီကိုက ခေါင်းကို အထူးတလည် ပြန်ညွတ်ပြပါတယ်။

"မိုးစက်ရဲ့ တေးသွားတီးပြီး လက်ခုပ်သံလေးတွေ ပိုကြားချင်သေးတယ်" လို့ သူက ပြောတယ်။

ဘီတဲလ်ရဲ့ Were Comes The Sun သီချင်းတီးရင် နွားနို့တခွက် တိုက်မယ်လို့ ကောင်မလေးက ပြောပါတယ်။ ရီကိုဟာ လက်မထောင်ပြလိုက်ပြီး ကောင်မလေး တောင်းဆိုတဲ့ သီချင်းတပုဒ်ကို တီးခတ်ပါတယ်။ ဆေးလိပ်တွေ အရမ်းသောက်လွန်းတဲ့အတွက် အသံကတော့ သိပ်မကောင်းလှဘူး။ ဒါပေမဲ့ အသက်ဝင်ပြီး ချစ်ဖို့ ကောင်းပါတယ်။ သီချင်းနားထောင်ရင်း၊ ဘီယာသောက်ရင်း၊ တောင်တန်းတွေကိုကြည့်ရင်းနဲ့ နေမင်းကြီး တကယ်ထွက်လာသလို ခံစားနေရပါတယ်။ ပျော့ပျောင်း နွေးထွေးတဲ့ စိတ်ခံစားမှုပါပဲ။

ရီကိုဟာ ဂစ်တာကို ပြန်ချလိုက်ပြီ ရေဒီယိုကို ပြန်ဖွင့်ခိုင်းပါတယ်။ နောက်တော့ ကျွန်တော်နဲ့ နာအိုကိုကို တောင်တန်းတွေဘက် တနာရီလောက် နှစ်ယောက်ထဲ လမ်းလျှောက်ဖို့ အကြံပြုပါတယ်။

"ငါတော့ ဒီမှာ ရေဒီယို ထပ်နားထောင်ပြီး သူနဲ့ နေလိုက်ဦးမယ်။ နင်တို့နှစ်ယောက် သုံးနာရီမထိုးခင် ပြန်ရောက်ရင် အဆင်ပြေပါတယ်"

"ကျွန်တော်တို့နှစ်ယောက်တည်း အဲဒီလောက် အကြာကြီးနေလို့ ရလို့လား"

"ရပါတယ်။ တကယ့်တကယ်ကတော့ အဲဒါဟာ စည်းကမ်းဖောက်တာပါပဲ။ ဒါပေမဲ့ ငါဟာလည်း အထိန်းတော် မဟုတ်ပါဘူး။ ငါလည်း နားချင်တာပေါ့။ နင်ဆိုရင် တိုကျိုကနေတောင် ဒီကိုလာရတာ။ နင့်မှာလည်း ပြောချင်တဲ့စကားတွေ အများကြီး ရှိမှာပါပဲ"

ရီကိုဟာ နောက်ထပ် စီးကရက်တလိပ်ထပ်ဖွာပြီး ကျွန်တော့်ကို ပြောပါတယ်။

"သွားရအောင်" လို့ နာအိုကိုက ကျွန်တော့်ကို မတ်တပ်ထပြီးပြောပါတယ်။

ကျွန်တော်လည်း မတ်တပ်ရပ်ပြီး သူ့နောက်ကို လိုက်သွားပါတယ်။ ခွေးဟာ ဟောင်ပြီး ကျွန်တော်တို့နောက်ကို လိုက်လာပါသေးတယ်။ ဒါပေမဲ့ ခဏနေတော့ စိတ်မပါတော့တဲ့ပုံပေါက်ပြီး ဆင်ဝင်အောက်ကို ပြန်သွားပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ စိုက်ခင်းကနေ ကုန်းတက်လမ်းလေးကို လျှောက်နေကြပါတယ်။ နာအိုကိုဟာ ကျွန်တော့်လက်ကို မကြာခဏ လှမ်းကိုင်တတ်ပါတယ်။ မကြာခဏလည်း ကျွန်တော့်လက်မောင်းကို ချိတ်ထားလေ့ ရှိပါတယ်။

"ငါတို့ ဟိုးအရင်တုန်းက ပုံစံအတိုင်းပဲပေါ့နော်။ မဟုတ်ဘူးလား" လို့ နာအိုကိုက မေးပါတယ်။

"ဟိုးအရင်တုန်းက နေ့တွေမဟုတ်ပါဘူး။ ဒီနှစ်ရဲ့နွေဦးရာသီကပါ။ အဲဒါကို ဟိုးအရင်တုန်းက နေ့တွေလို့ပြောမယ်ဆိုရင် ပြီးခဲ့တဲ့ ၁၀ နှစ်လောက်က အချိန်က ရှေးဟောင်းသမိုင်းဖြစ်သွားမှာပေါ့" လို့ ကျွန်တော်ရယ်ပြီး နာအိုကို့ကို ပြောလိုက်ပါတယ်။

"ငါကတော့ ရှေးဟောင်းသမိုင်းလို ခံစားနေရတယ်။ ဒါပေမဲ့ ညတုန်းကကိစ္စအတွက်တော့ ဆောရီးပါဟာ။ ငါလည်း မသိဘူး။ အာရုံကြောတွေက သူ့အလိုလို ဖြစ်သွားတာ။ တိုကျိုကနေ ခရီးအဝေးကြီးလာရတဲ့ နင့်ကို အဲဒီလို မလုပ်သင့်ပါဘူး" လို့ နာအိုကိုက ပြောပါတယ်။

"ကိစ္စမရှိပါဘူး။ ငါတို့နှစ်ယောက်ကြားမှာ ထုတ်ပြောသင့်တဲ့ ခံစားမှုတွေ အများကြီးရှိတယ်။ နင် ငါ့ကို ဖွင့်ပြောမယ်ဆိုရင် ငါတို့နှစ်ယောက် တယောက်ကိုတယောက် ပိုပြီးနားလည်လာမှာပါ" လို့ ကျွန်တော် ပြန်ပြောလိုက်ပါတယ်။

"နင် ငါ့ကို ပိုပြီးနားလည်လာရင် ဘာဖြစ်မှာလဲ"

“ငါပြောတာကို နင်နားလည်ရဲ့လား” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“ဘာဖြစ်မှာလဲ ဆိုတာ မေးစရာတောင် မလိုပါဘူး။ လူတွေဟာ ရထားအချိန်ဇယားကို ဖတ်ဖို့ ပျင်းလာကြသလိုပဲပေါ့။ သူတို့တွေ နေ့တိုင်း လုပ်နေတဲ့အရာတွေပဲလေ။ တချို့လူတွေကလည်း မီးခြစ်ဆံလေးတွေနဲ့ သင်္ဘောလေးတွေ ဆောက်တတ်ကြပါတယ်။ ကမ္ဘာလောကကြီးမှာ နင့်ကို နားလည်ချင်တဲ့ လူတယောက်ရှိတာ ဘာမှားလို့လဲဟာ”

“ဝါသနာတမျိုးပေါ့” လို့ သူက ရွှင်ရွှင်မြူးမြူးနဲ့ ပြန်ပြောပါတယ်။

“သိပ်သေချာတာပေါ့။ ဝါသနာလို့တောင် ပြောလို့ရတယ်။ သာမန် လူအများစုကတော့ အဲဒါကို ရင်းနှီးမှု ဒါမှမဟုတ် အချစ် ဒါမှမဟုတ် တခုခု ခေါ်ကြမှာပဲ။ ဒါပေမဲ့ နင်ကတော့ ဝါသနာလို့ ပြောချင်လည်း ရပါတယ်။

“နင် ကီဇူကီကို အရမ်းသဘောကျခဲ့တယ်မဟုတ်လား” လို့ နာအိုကိုက ပြောတယ်။

“ဟုတ်တယ်”

“ရီကို့ကိုရော”

“ငါသူ့ကိုလည်း သဘောကျပါတယ်။ သူကလည်း အရမ်းသဘောကောင်းပါတယ်”

“လူတွေကို နင်ဘာဖြစ်လို့ အဲ့ဒီလောက်တောင် ကြိုက်ရတာလဲ။ လူတွေကရော ငါတို့ကို ဘာလို့ ကြိုက်ကြတာလဲ။ ငါရယ်၊ ကီဇူကီရယ်၊ ရီကိုရယ် သုံးယောက်ဟာ တော်တော်အူကြောင်ကြောင် နိုင်ပြီး ရှုပ်ထွေးတဲ့လူတွေပဲနော်။ နင် ဘာဖြစ်လို့ ပုံမှန်မဟုတ်တဲ့လူတွေကို သဘောကျတာလဲ”

“ဘာဖြစ်လို့လဲဆိုတော့ ငါမှ ပုံမှန်လူတွေနဲ့မှ မတွေ့တာ။ ကီဇူကီရော၊ ရီကို့ကိုရော ရှုပ်ထွေးတဲ့လူလို့ ငါမထင်ပါဘူး။ ရှုပ်ထွေးတဲ့လူတွေဟာ အပြင်လောကမှာ အများကြီးပါပဲ”

“ငါတို့တွေဟာ ရှုပ်ထွေးပါတယ်”

ကျွန်တော်တို့နှစ်ယောက် လမ်းနည်းနည်း ထပ်လျှောက်လိုက်တယ်။ ခြံစည်းရိုးနားက လမ်းကို ချန်ထားခဲ့ပြီး သစ်ပင်တွေက ရေကန်ကို ဝိုင်းအုံထားသလိုဖြစ်နေတဲ့ မြက်ခင်းထဲကို ရောက်လာပါတယ်။

“တခါတလေကျရင် ငါ ညဘက်ကြီး နိုးလာတတ်ပြီး အရမ်း

ကြောက်နေတတ်တယ်” လို့ နာအိုကိုက ကျွန်တော့်လက်မောင်းကို မှီပြီးပြောပါတယ်။ “ဘယ်တော့မှ ပြန်မကောင်းတော့မှာကို ငါကြောက်နေတယ်။ ငါ အမြဲတမ်း ရှုပ်ထွေးနေပြီး ဒီနေရာမှာပဲ အသက်တွေကြီးသွားတော့မှာပါ။ အဲဒီအတွေးက ငါ့ခန္ဓာကိုယ်ထဲမှာ အေးစိမ့်နေပါပြီ။ အရမ်းကြောက်ဖို့ကောင်းတာပဲ… အရမ်းလည်း အေးတယ်”

ကျွန်တော် သူ့ကို ဖက်လိုက်ပြီး ကျွန်တော်နဲ့ ပိုနီးကပ်စေလိုက်တယ်။

“ကီဇူကီဟာ အမှောင်ထဲကနေ ငါ့ကို လှမ်းအော်နေသလိုမျိုး ခံစားရတတ်တယ်။ “ဟေ့… နာအိုကို ငါတို့ နှစ်ယောက်ခွဲပြီး နေလို့မရဘူး နော်” လို့ ကြားရတတ်တယ်။ အဲ့ဒီအသံကို ကြားရတိုင်း ငါဘာလုပ်ရမှန်း မသိတော့ဘူး”

“အဲဒီတော့ နင်ဘာလုပ်လဲ”

“ထားပါတော့ဟာ။ ငါတို့ အဲဒီအကြောင်းတွေ မပြောရအောင်”

“အိုကေ။ ငါလည်း မပြောတော့ဘူး”

“ငါ ရီကို့ကို ငါ့ကို ဖက်ထားဖို့ ပြောချင်တယ်။ ငါသူ့ကိုနှိုးပြီး သူ့အိပ်ရာထဲမှာ ငါ့ကို တင်းတင်းကျပ်ကျပ် ဖက်ခိုင်းထားတတ်တယ်။ ပြီးတော့ ငါငိုတော့တာပဲ။ သူက ငါ့ကို ခပ်တင်းတင်း ဖက်ထားတော့ ငါပြန်နွေးထွေးလာတယ်။ အဲဒါ ရောဂါလို့ နင်မထင်ဘူးလား”

“ရောဂါလို့ မထင်ပါဘူး။ ငါ နင့်ကို ဖက်တဲ့သူ ဖြစ်ချင်ပါတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဒါဆိုလည်း အခုဖက်တော့”

ကျွန်တော်တို့နှစ်ယောက်ဟာ မြက်ခင်းကြီးထဲက ခြောက်သွေ့နေတဲ့ မြင်ခင်းပေါ်မှာ ထိုင်ပြီး တယောက်ကို တယောက် ပွေ့ဖက်ထားလိုက်တယ်။ မြက်ပင်ရှည်ရှည်ကြီးတွေက ကျွန်တော်တို့ ဘေးနားမှာ ရှိနေတယ်။ ကောင်းကင်နဲ့ တိမ်ကလွဲလို့ တခြား ဘာကိုမှ မမြင်ရဘူး။ သူ့ရဲ့ နူးညံ့နွေးထွေးတဲ့လက်တွေက ကျွန်တော့်ကို ဖက်ထားပါတယ်။ ကျွန်တော်တို့နှစ်ယောက် ခံစားချက်အပြည့်နဲ့ တယောက်ကို တယောက် နမ်းကြတယ်။

“တိုရု ငါ့ကို တခုခုပြောစမ်းပါ” လို့ နာအိုကိုဟာ ကျွန်တော့်နားနားကို ကပ်ပြီး တိုးတိုးလေးပြောတယ်။

“ဘာပြောရမလဲ”

"နင်ငါနဲ့ အတူအိပ်ချင်လား"

"ဟုတ်ကဲ့။ အိပ်ချင်တာပေါ့"

"နင် ငါ့ကို စောင့်နိုင်လား"

"ဟုတ်ကဲ့။ စောင့်နိုင်ပါတယ်"

"ငါတို့ ထပ်မအိပ်ကြခင် ငါ့ကိုယ်ငါ ပိုကောင်းအောင် လုပ်လိုက်ဦးမယ်။ ငါ နင့်ရဲ့ ဝါသနာကို ကောင်းကောင်းလေး ဖြည့်ဆည်းပေးချင်တယ်။ အဲဒီလို လုပ်နိုင်တာကို နင်စောင့်မှာလား"

"ဟုတ်ကဲ့။ ငါ စောင့်မှာပါ"

"နင် အခု မာလာပြီလား"

"ငါ့ဖိနပ်ခုံကို ပြောတာလား"

"မနောက်ပါနဲ့" လို့ နာအိုကိုက ရယ်ပြီးပြောတယ်။

"နင် ငါ့ကို ဟိုဟာမာလာပြီလားလို့ မေးရင်တော့။ ဟုတ်ကဲ့လို့ ဖြေရမှာပဲ"

"နင် ငါ့ကို 'ဟုတ်ကဲ့၊ ဟုတ်ကဲ့' လို့ မပြောဘဲ နေလို့ရလား"

"အိုကေလေ။ ငါမပြောတော့ပါဘူး"

"အဲဒါခက်ခဲလား"

"ဘာကိုလဲ"

"အဲဒီလို မပြောဘဲနေရတာ နင့်အတွက် ခက်ခဲလား"

"ခက်ခဲတယ်ဟုတ်လား"

"ငါဆိုလိုချင်တာက။ နင် နာကျင်လားလို့"

"အဲဒါက နင့်အမြင်ပေါ်မှာပဲ မူတည်ပါတယ်"

"နင့်ရဲ့နာကျင်မှုကို ငါ ဖယ်ရှားပေးပါရစေ"

"နင့်လက်တွေနဲ့လား"

"အာ... နင့်ကို အမှန်အတိုင်းပြောရရင် ငါနင်နဲ့အတူ အိပ်ပြီးတဲ့နောက်ပိုင်း

ငါ တော်တော့်ကို ကျဉ်းနေတယ်။ ပြီးတော့ နာတယ်”

ကျွန်တော် ခါးကို နေရာရွှေ့လိုက်တယ်။ “အဆင်ပြေလား”

“ကျေးဇူးပဲ”

“နင် သိရဲ့လား” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဘာကိုလဲ”

“ငါ နင့်ကို အဲဒီလို လုပ်စေချင်တယ်”

“အိုကေ” လို့ နာအိုကိုက ချစ်စရာကောင်းတဲ့ အပြုံးလေးနဲ့ ပြောပါတယ်။ နောက်တော့ သူဟာ ကျွန်တော့်ဘောင်းဘီဇစ်ကို ဖွင့်ပြီး သူ့လက်နဲ့ ထုတ်ကိုင်လိုက်ပါတယ်။

“နွေးနေတယ်” လို့ သူက ပြောတယ်။

သူ့ရဲ့လက်ဟာ စတင်လှုပ်ရှားတော့တယ်။ ကျွန်တော် သူ့ကို ရပ်ခိုင်းလိုက်ပြီး သူ့ဘလောက်စ်အင်္ကျီ ကြယ်သီးတွေကို ဖြုတ်လိုက်တယ်။ သူ့ရဲ့ဘရာအင်္ကျီကချိတ်ကိုလည်း ကျွန်တော် ဖြုတ်လိုက်တယ်။ သူ့ရဲ့နူးညံ့ပြီး ပန်းရောင်တောက်နေတဲ့ ရင်သားထိပ်တွေကို ကျွန်တော် နမ်းလိုက်တယ်။ သူဟာ မျက်လုံးပိတ်ထားပြီး သူရဲ့လက်ချောင်းတွေကို ဖြည်းဖြည်းချင်း ရွှေ့လျားနေတယ်။

“နင်တော်တော် တော်တာပဲ” လို့ ကျွန်တော် ပြောလိုက်တယ်။

“လိမ်လိမ်မာမာနေစမ်း။ ပါးစပ်ပိတ်ထား” လို့ နာအိုကိုက ပြောတယ်။

ကျွန်တော် ပြီးသွားတော့ သူ့ကို ပွေ့ဖက်ထားပြီး နမ်းရှိုက်နေလိုက်တယ်။ နာအိုကိုဟာ သူ့ဘရာနဲ့ ဘလောက်စ်ကို ပြန်ဝတ်လိုက်သလို ဘောင်းဘီဇစ်ပြန်တပ်လိုက်တယ်။

“နင် လမ်းလျှောက်လို့ ပိုကောင်းသွားပြီမဟုတ်လား” လို့ မေးတယ်။

“ငါနင့်ကို ကျေးဇူးကြွေးတင်သွားပြီ”

“ရပါတယ်ရှင်။ အဆင်ပြေရင် ပြီးတာပါပဲ။ ငါတို့ လမ်းနည်းနည်းလောက် ဆက်လျှောက်ကြမလား”

“လျှောက်ကြတာပေါ့”

ကျွန်တော်တို့ မြက်ပင်တွေကြားထဲက ထွက်လာရင်း သစ်ပင်တပင်ကို

တွေ့ရတယ်။ ပြီးတော့ နောက်ထပ် မြက်ခင်းတခုကို ဖြတ်လျှောက်ကြတယ်။ နာအိုကိုဟာ ကျွန်တော့်ကို သူ့ရဲ့သေသွားတဲ့ အစ်မအကြောင်းကို ပြောပြတယ်။ အဲဒီအကြောင်းက ဘယ်သူ့ကိုမှ မပြောပြတဲ့အကြောင်းပါ။ ကျွန်တော့်ကိုပဲ ပြောချင်စိတ်ပေါက်လာလို့ ထင်ပါတယ်။

"သူက ငါ့ထက် အသက် ၆ နှစ် ပိုကြီးတယ်။ ငါတို့နှစ်ယောက်ဟာ အရမ်းပဲ ကွာခြားကြတယ်။ ဒါပေမဲ့လည်း ငါတို့ အရမ်းနီးနီးကပ်ကပ် နေခဲ့ကြတယ်။ ငါတို့ တခါမှ ရန်မဖြစ်ဖူးဘူး။ တကယ်ပြောတာ။ အသက် အရမ်းကွာတော့လည်း ငါတို့နှစ်ယောက်ကြားမှာ ရန်ဖြစ်စရာအကြောင်း မရှိဘူးပေါ့"

သူ့အစ်မဟာ နေရာတကာမှာ ထူးချွန်တဲ့ မိန်းကလေးတယောက်ပါပဲ။ စာဆိုလည်း တော်တယ်။ အားကစားဆိုရင်လည်း ထိပ်ဆုံးကပဲ။ ပေါ်ပြူလာဖြစ်ပြီး ခေါင်းဆောင်တယောက်ဖြစ်တာကြောင့် ယောကျာ်းလေးတိုင်းက သူ့ကို သဘောကြတယ်။ ဆရာ၊ ဆရာမတွေကလည်း သူ့ကို ချစ်ကြတယ်။ သူ့အခန်းထဲက နံရံတွေပေါ်မှာ သူရထားတဲ့ ဂုဏ်ထူးဆောင်လက်မှတ်တွေနဲ့ ပြည့်လို့နေတယ်။ ကျောင်းတကျောင်းမှာ အဲ့ဒီလို မိန်းကလေးတယောက်မျိုးတော့ ကျောင်းတိုင်းမှာ ရှိကြတာပဲ။

"ငါ့အစ်မမို့လို့ ငါပြောတာ မဟုတ်ပါဘူး။ သူ့ကို ဖျက်ဆီးမယ့် ဘယ်ကိစ္စကိုမှ သူ ခွင့်ပြုတာ မဟုတ်ဘူး။ သူဟာ ဘယ်ကိစ္စကိုမဆို အားလုံးထက်သာချင်တယ်။

"ငါ ငယ်ငယ်တုန်းက ငါဟာ ချစ်ဖို့ကောင်းတဲ့ကောင်မလေးဖြစ်ဖို့ပဲ ဆုံးဖြတ်ခဲ့တယ်" လို့ နာအိုကိုက မက်မန်းပင်ကိုင်းခြောက်တွေ ရှိတဲ့နေရာ ရောက်တော့ ပြောပါတယ်။

"ငါဟာ အမြဲတမ်းပဲ သူ ဘယ်လောက်တော်တဲ့အကြောင်း၊ အားကစား ဘယ်လောက်ထူးချွန်တဲ့ အကြောင်း၊ ပေါ်ပြူလာဖြစ်တဲ့အကြောင်းတွေပဲ ကြားနေခဲ့ရတာ။ ငါဟာ သူကို ယှဉ်နိုင်စရာ ဘာအကြောင်းမှ မရှိဘူး။ ငါသူ့ကို ယှဉ်နိုင်တာဆိုလို့ ငါ့မျက်နှာက သူ့ထက် နည်းနည်း ပိုချောတာပဲ ရှိတယ်။ အဲဒါကြောင့်ပဲ ငါ့မိဘတွေက ငါ့ကို ချစ်စရာကောင်းတဲ့ ကောင်မလေး ဖြစ်အောင်ပဲ လုပ်ပေးဖို့ ဆုံးဖြတ်ခဲ့တာလို့ ထင်ပါတယ်။ အဲဒါကြောင့်ပဲ ငါ့မိဘတွေက ငါ ကျောင်းစတက်ကတည်းက ခရမ်းရောင်ဝတ်စုံလေးတွေ၊ ဇာအတွန့် အင်္ကျီလေးတွေနဲ့ သရေဖိနပ် အကောင်းစားတွေပဲ ဆင်ပေးခဲ့ကြတယ်။ ပြီးတော့ ငါ့ကို စန္ဒရား အတီး သင်ခန်းစာတွေနဲ့ ဘဲလေးအက သင်ခိုင်းတယ်။ ငါဟာ ချစ်ဖို့ကောင်းတဲ့ ညီမလေးပေါ့။ သူ ငါ့ကို အမြဲတမ်း လက်ဆောင်လေးတွေ ပေးတတ်တယ်။ သူ ဘယ်သွားသွား ငါ့ကို လက်ဆွဲပြီး ခေါ်တတ်တယ်။ ငါ့အိမ်စာတွေကိုလည်း ကူလုပ်ပေးတတ်တယ်။ သူ့ကောင်လေးတွေနဲ့

ချိန်းတွေ့ရင်တောင်မှ ငါ့ကို ခေါ်သွားတတ်တယ်။ သူဟာ အရမ်းကောင်းတဲ့ အစ်မကြီးတယောက်လို့ပဲ ပြောရမှာပါ။

"သူ ဘာကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ ကီဇူကီလိုပဲပေါ့။ လုံးဝ တထပ်တည်းပဲ။ ငါ့အစ်မ ကိုယ့်ကိုယ်ကိုယ် သတ်သေတုန်းကလည်း အသက် ၁၇ နှစ်ပဲ၊ သူ့ကိုယ်သူ သတ်သေမယ့် အရိပ်လက္ခဏာ ဘာမှမပြခဲ့ဘူး၊ သူဘာစာမှလဲ ရေးမသွားခဲ့ဘူး။ ကီဇူကီနဲ့ တပုံစံတည်းပါပဲ"

"ဟုတ်တယ်နော်"

"လူတိုင်းက သူဟာ အရမ်းတော်ပြီး စာအုပ်တွေလည်း အများကြီး ဖတ်တယ်လို့ ပြောကြတယ်။ သူ တကယ်လည်း စာအုပ်တွေ အများကြီး ဖတ်ခဲ့ပါတယ်။ သူ့စာအုပ်ပေါင်း မြောက်များစွာရှိတယ်။ သူသေပြီးတဲ့နောက် သူ့စာအုပ်တွေကို ငါ ဖတ်ဖြစ်တယ်။ ငါလည်း ဝမ်းနည်းခဲ့ရတယ်။ စာအုပ်ထောင့်စွန်းတွေမှာ သူ့ရဲ့ဝေဖန်ချက်လေးတွေ ရေးထားတတ်တယ်။ စာမျက်နှာတွေကြားမှာ ပန်းပွင့်လေးတွေ ညှပ်ထားသလို သူ့ရည်းစားတွေဆီက စာတွေလည်း ညှပ်ထားတတ်တယ်။ အဲဒါတွေမြင်တိုင်း ငါ ငိုတော့တာပဲ။ ငါ တော်တော်ကို ငိုတယ်"

နာအိုကိုဟာ စက္ကန့်အနည်းငယ်လောက် တိတ်ဆိတ်သွားပြီး မြက်ပင်တွေကိုပဲ ငေးကြည့်နေမိတယ်။

"သူဟာ ဘယ်ကိစ္စမဆို သူ့ကိုယ်သူအားကိုးတတ်တဲ့ လူစားမျိုးပဲ။ ဘယ်သူ့ဆီကမှ အကြံဉာဏ်တွေ၊ အကူအညီတွေ မတောင်းတတ်ဘူး။ မာနကြီးတာတော့ မဟုတ်ဘူးလို့ ငါထင်တယ်။ သူ့ရဲ့ဗီဇကိုက အဲဒီလိုဖြစ်နေတာ။ ငါ့မိဘတွေကလည်း အဲဒါနဲ့ပတ်သက်ပြီး အသားကျနေပါတယ်။ သူ အဆင်ပြေတယ်လို့ပဲ သတ်မှတ်ထားကြတယ်။ သူ့ကို တယောက်တည်း ထားခဲ့လည်း ကိစ္စမရှိဘူးလို့ သဘောထားကြတယ်။ ငါတော့ ငါ့အစ်မဆီကို အမြဲသွားပြီး အမြဲတမ်း အကြံဉာဏ် တောင်းရတတ်တယ်။ သူကလည်း ငါ့ကို အကြံဉာဏ်ပေးဖို့ အမြဲတမ်း အသင့်ဖြစ်နေတတ်တယ်။ သူဟာ တခြားသူဆိုရင်တော့ ဘယ်တော့မှ အကြံဉာဏ်ပေးမှာ မဟုတ်ဘူး။ သူ ဘာလိုအပ်သလဲ ဆိုတာကို သူ့ဘာသာသူ ဖြေရှင်းတတ်တယ်။ သူဟာ စိတ်ဆိုးတတ်လေ့ မရှိသလို သုန်မှုန်နေတာမျိုးလည်း မရှိတတ်ဘူး။ ငါ ပိုပြောတာတော့ မဟုတ်ပါဘူး။ မိန်းကလေးအများစုဟာ သူတို့ရဲ့ ဓမ္မတာလာလေ့ရှိတတ်တဲ့အချိန်မှာ စိတ်တိုတတ်လေ့ရှိသလို သူများကို ရန်လိုတတ်ပေမယ့် သူကတော့ အဲဒါမျိုး တခါမှမဖြစ်ဘူး။ သူဟာ အဲဒီလို

စိတ်ဆိုးနေမယ့်အစား ပိုပြီးတောင် တိတ်တဆိတ် နေလေ့ရှိတယ်။ နှစ်လ၊ ဒါမှမဟုတ် သုံးလမှာ တခါ အဲဒီလိုမျိုးဖြစ်ရင် သူဟာ အခန်းတံခါး ပိတ်ပြီးတော့ အိပ်ရာထဲမှာ နေလေ့ရှိတယ်။ ကျောင်းလည်း မတက်သလို၊ ဘာမှလည်း မစားဘဲ မီးပိတ်ပြီး နေလေ့ရှိတယ်။ သူ စိတ်တိုနေတာမျိုးလည်း မရှိဘူး။ ငါ ကျောင်းကနေ ပြန်လာလို့ရှိရင် သူ့အခန်းထဲကို ငါ့ကိုခေါ်ပြီး ငါ့ရဲ့တနေ့တာအကြောင်းတွေ မေးတတ်တယ်။ ငါကလည်း သူ့ကို အသေးစိတ်ကမကျန် အကုန်လုံးကို ပြောပြတတ်တယ်။ ငါ့သူငယ်ချင်းတွေနဲ့ ဒီနေ့ ဘာကစားခဲ့တယ်။ ဆရာမတွေက ဘာပြောတယ်။ ငါရတဲ့အဆင့် အဲဒါမျိုးတွေအကုန်လုံးကို ပြောလိုက်တာပဲ။ သူကတော့ နားထောင်ပြီး ငါ့ကို ဝေဖန်တတ်သလို အကြံဉာဏ်တွေလည်း ပေးတတ်တယ်။ သူ့အခန်းထဲက အပြင်ပြန်ထွက်တာနဲ့ သူငယ်ချင်းတယောက်နဲ့ ကစားရင် ကစားမယ်။ ဒါမှမဟုတ် ဘဲလေးအက သင်ရင်သင်မယ်။ သူကတော့ တိတ်ဆိတ်နေတော့တာပါပဲ။ သူ နှစ်ရက်လောက် အခန်းထဲမှာ နေပြီးရင် ကျောင်းပြန်တက်တယ်။ အဲဒီလိုမျိုး လေးနှစ်နီးပါးလောက် ဖြစ်ခဲ့တယ်။ ပထမပိုင်းမှာတော့ ငါ့မိဘတွေက စိတ်ပူခဲ့သေးတယ်။ ဆရာဝန်ဆီက အကြံဉာဏ် တောင်းဖို့တောင် စဉ်းစားခဲ့သေးတယ်။ ဒါပေမဲ့လည်း နှစ်ရက်လောက်နေတော့ သူဟာ ပုံမှန်အတိုင်း ပြန်ဖြစ်နေတာကြောင့် မိဘတွေက သူ့ကို တယောက်တည်းပဲ ပြန်ထားတတ်တယ်။ သူဟာ စာတော်ပြီး ထက်မြက်တဲ့ မိန်းကလေးတယောက်ပါပဲ။

“သူ သေပြီးတဲ့နောက် ငါ့မိဘတွေ ဟိုးအချိန် အတော်ကြာကြာကတည်းက ဆုံးခဲ့တဲ့ ငါ့အဖေရဲ့ ညီအကြောင်းကို ပြောပြတယ်။ သူဟာလည်းပဲ စာတော်တဲ့သူတယောက်ပဲ။ ဒါပေမဲ့ အိမ်ထဲမှာပဲ လေးနှစ်လောက် တံခါးပိတ်ပြီး နေခဲ့တယ်။ သူ အသက် ၁၇ နှစ်ကနေပြီး ၂၁ နှစ်အထိပေါ့။ နောက်တော့ တရက်မှာ အိမ်ကနေ ရုတ်တရက် ထွက်ခွာသွားတယ်။ ပြီးတော့ ရထားတစင်းရှေ့မှာ ခုန်အိပ်လိုက်တယ်။ ငါ့အဖေကတော့ အဖွဲ့ဘက်က မျိုးရိုးပါလို့ထင်တယ်” တဲ့။

နာအိုကိုဟာ အဲဒီလို စကားပြောနေတုန်း မြက်ပင်တွေကို လက်နဲ့ အလိုလိုထိတွေ့လို့နေတယ်။

“ငါ့အစ်မ သေသွားတော့ ငါတယောက်တည်းပဲ ကျန်ခဲ့တယ်။ ငါ ခြောက်တန်းရောက်လာတဲ့ ဆောင်းရာသီ နိုဝင်ဘာမှာ မှောင်မဲပြီး မိုးတွေရွာတဲ့ နေ့တနေ့ပေါ့။ အဲဒီအချိန်မှာ ငါ့အစ်မဟာလည်း အထက်တန်းကျောင်းမှာ စီနီယာ ကျောင်းသူတယောက် ဖြစ်လို့နေပြီ။ ညနေ ခြောက်နာရီခွဲမှာ ငါ စန္ဒရားသင်တန်းက ပြန်လာတော့ ငါ့အမေဟာ ညနေစာ ပြင်လို့နေတယ်။ ငါ့ကို ငါ့အစ်မကို သွားခေါ်ခိုင်းတယ်။ ငါ အပေါ်ထပ်တက်ပြီး သူ့အခန်းတံခါးကို ခေါက်လိုက်တယ်။ ပြီးတော့ ညနေစာ ရပြီလို့လည်း အော်ပြောလိုက်သေးတယ်။ ဒါပေမဲ့ သူ ပြန်မဖြေဘူး။ သူ့အခန်းဟာ လုံးဝ တိတ်ဆိတ်လို့နေတယ်။ ပုံမှန်မဟုတ်ဘူးလို့တော့

ငါ တွေးမိတယ်။ အဲ့ဒါနဲ့ ငါ တံခါးကို ထပ်ခေါက်ပြီး တွန်းဖွင့်လိုက်တယ်။ ပြီးတော့ အခန်းထဲကို ဝင်ကြည့်လိုက်တယ်။ ပထမတော့ သူအိပ်နေတာလို့ပဲ ငါထင်ခဲ့တယ်။ ဒါပေမဲ့ သူ အိပ်ရာထဲမှာ မရှိခဲ့ဘူး။ သူဟာ ပြတင်းပေါက်ဘေးနားမှာ မတ်တပ်ရပ်ပြီး အပြင်ကို လှမ်းကြည့်နေတယ်။ သူ့ရဲ့လည်တိုင်ဟာ ထောင့်ချိုးတခုလို ကွေးညွတ်နေတယ်။ သူ တခုခုကို တွေးနေတဲ့ပုံစံမျိုးပေါ့။ တခန်းလုံး မှောင်နေတာပဲ။ မီးလည်း မဖွင့်ထားဘူး။ ဘာကိုမှ မမြင်ရဘူး။ ဘာလုပ်နေတာလဲ။ ညနေစာရနေပြီလို့ သူ့ကို ငါပြောလိုက်တယ်။ ငါ သူ့ကို ကြည့်မိတော့ သူဟာ ပုံမှန်ထက် အရပ်ရှည်နေသလိုပဲ။ ပုံမှန် မဟုတ်ဘူး။ ဘာတွေဖြစ်နေတာလဲလို့တော့ ငါ တွေးမိတယ်။

ဒေါက်မြင့်ဖိနပ်များ စီးထားသလား။ ဒါမှမဟုတ် တခုခုပေါ်များ ရပ်နေသလားလို့ ငါ တွေးမိခဲ့တယ်။ ငါ သူ့နား ကပ်သွားပြီး စကားထပ်ပြောတော့မှ သူ့ခေါင်းပေါ်မှာ ကြိုးတချောင်း ရှိတာကို သတိထားမိခဲ့တယ်။ အဲဒီကြိုးဟာ မျက်နှာကြက်ထုတ်တန်းပေါ်က ဆင်းလာတာပဲ။ အဲဒီကြိုးဟာ အံ့သြဖို့ကောင်းလောက်အောင် ဖြောင့်တန်းနေတယ်။ တယောက်ယောက်က ပေတံနဲ့ ဆွဲထားသလိုပဲ။ ငါ့အစ်မဟာ အဖြူရောင် ဘလောက်စ်အင်္ကျီကို ဝတ်ထားတယ်။ ငါ အခု ဝတ်ထားသလို အဖြူရောင် ဘလောက်စ်အင်္ကျီပဲ။ ပြီးတော့ မီးခိုးရောင်စကတ်တို ဝတ်ထားတယ်။

ခြေချောင်းတွေဟာလည်း ဘဲလေးကခြေသည်တယောက်လို ဖြောင့်တန်းလို့ နေပါတယ်။ သူ့ခြေထောက်တွေဟာ ကြမ်းပြင်ကနေ ခုနစ်လက်မ၊ ၈ လက်မလောက်အထိ လွတ်လို့နေတယ်။ အသေးစိတ်ကို မှတ်မိနေသေးတယ်။ သူ့မျက်နှာကိုရောပေါ့။ သူ့မျက်နှာကို လှမ်းကြည့်လိုက်တော့ ငါ ဘယ်လိုမှ ခံစားမရတော့ဘူး။ ငါ အောက်ထပ်ကို ပြေးဆင်းပြီး အမေ့ကို ပြောဖို့စဉ်းစားလိုက်တယ်။ ငါဟာ အော်နေတော့တာပဲ။ ငါ့ခန္ဓာကိုယ်က ဘာတွေလုပ်နေသလဲဆိုတာ ငါ မသိဘူး။ သိစိတ်မရှိတော့ဘဲ သူ့အလိုလို ဖြစ်နေတော့တာ။ ငါ့စိတ်က ငါ့ကို အောက်ထပ်ကို ပြေးဆင်းသွားဖို့ ပြောနေတယ်။ ဒါပေမဲ့ ကလေးတယောက်သာဖြစ်သေးတဲ့ ငါဟာ အဲဒီလိုမျိုး လုပ်နိုင်ဖို့ ခွန်အား မရှိခဲ့ဘူး။ ငါ ငါးမိနစ်၊ ခြောက်မိနစ်လောက် ကြက်သေသေနေခဲ့တယ်။ ငါ့ခန္ဓာကိုယ်ထဲက တစုံတခုဟာ သေဆုံးသွားသလိုပဲ။ ငါ ငါ့အစ်မနဲ့ နည်းနည်းဝေးတဲ့နေရာမှာ သွားထိုင်နေလိုက်တယ်။ အေးစက်ပြီး မှောင်မိုက်နေတဲ့ နေရာမှာပေါ့။ ငါ့အမေရောက်လာတော့မှ ဘာတွေဖြစ်နေသလဲ ဆိုတာကို မြင်သွားတယ်”

နာအိုကိုဟာ ခေါင်းကို ခါရမ်းလိုက်တယ်။

“သုံးရက်လောက် ငါ ဘာစကားမှ မပြောနိုင်ဘူး။ ငါဟာ ခုတင်ပေါ်မှာ

လူသေတကောင်လိုပဲ မျက်လုံးဖွင့်ပြီး လဲလျောင်းနေခဲ့တယ်။ ဘာတွေဖြစ်သွားခဲ့တာလဲဆိုတာကို ငါ မသိဘူး”

နာအိုကိုဟာ ကျွန်တော့်လက်မောင်းကို လှမ်းကိုင်လိုက်တယ်။

“ငါ နင့်ကို စာထဲမှာ ပြောဖူးတယ် မဟုတ်လား။ ငါဟာ နင်နားလည်ထားတာထက် ပိုပြီး အပြစ်အနာအဆာ ကင်းတယ် ဆိုတာကိုလေ။ ငါ့ရောဂါဟာ နင်ထင်တာထက် ပိုပြီးဆိုးတယ်။ အမြစ်တွေ ခိုင်မာနေပြီ။ အဲဒါကြောင့် နင် ငါ့ကို ထားချင်ထားခဲ့ပါလို့ ပြောတာ။ ငါ့ကို စောင့်မနေပါနဲ့။ နင် ဆန္ဒရှိရင် တခြားမိန်းကလေးတွေနဲ့ အိပ်ချင်အိပ်ပေါ့။ ငါ့ကို ပွေ့ဖက်ဖို့ အတွေးတွေကို လွှင့်ပစ်လိုက်တော့။ နင်လုပ်ချင်တာကိုပဲ လုပ်ပါ။ အဲ့ဒါမှမဟုတ်ရင် ငါဟာ နင့်အချိန်တွေကို ဖြုန်းနေသလို ဖြစ်လိမ့်မယ်။ ငါလည်း အဲဒီလို မဖြစ်ချင်ပါဘူး။ နင့်ဘဝကို ဝင်ရောက် မစွက်ဖက်ချင်ပါဘူး။ တခြား ဘယ်သူ့ရဲ့ဘဝကိုမှလည်း ဝင်မစွက်ဖက်ချင်ပါဘူး။ ငါ ပြောခဲ့ဖူးသလိုပဲ ငါ့ကို မကြာခဏ လာပြီး အမြဲတမ်း သတိရနေပေါ့။ ငါလိုချင်တာ အဲဒါပါပဲ”

“အဲဒါဟာ ငါ လိုချင်တာ အကုန်တော့ မဟုတ်ဘူး” လို့ ကျွန်တော် ပြောလိုက်တယ်။

“နင်ဟာ ငါနဲ့ ပတ်သက်ပြီး နင့်ဘဝကို ဖြုန်းတီးနေတာပဲ”

“ဘာကိုမှ မဖြုန်းတီးပါဘူး”

“ငါ ဘယ်တော့မှ ပြန်ကောင်းလာမှာ မဟုတ်ပါဘူး။ နင် ငါ့ကို တသက်လုံး စောင့်နိုင်လို့လား။ ဆယ်နှစ်၊ နှစ် နှစ်ဆယ် နင် စောင့်နိုင်လို့လား”

“နင်ဟာ နင့်ကိုယ်ကိုယ် ကိစ္စတွေ အများကြီးနဲ့ ခြောက်လှန့်နေတာပဲ။ အမှောင်အိပ်မက်ဆိုးတွေနဲ့ သေပြီးသားလူတွေရဲ့အစွမ်းတွေနဲ့ပေါ့။ နင် အဲဒါတွေကို မေ့ပစ်ရမယ်။ နင် မေ့ပစ်လိုက်ရင် နင်ကောင်းလာမှာပါ”

“ငါ မေ့နိုင်ရင်” လို့ နာအိုကိုက ခေါင်းခါပြီးပြောတယ်။

“နင် ဒီနေရာက ထွက်ပြီး ငါနဲ့အတူ နေနိုင်လား” လို့ ကျွန်တော် မေးလိုက်တယ်။ “နင် ငါနဲ့အတူ နေနိုင်ရင် အမှောင်တွေ၊ အိပ်မက်ဆိုးတွေကနေ ကာကွယ်ပေးမယ်။ အဲဒီအချိန်ကျရင် နင် ရီကိုကို ဖက်စရာမလိုဘဲ ငါ့ကိုပဲ ဖက်ပြီး နင့်ပြဿနာတွေ ဖြေရှင်းလို့ရမယ်”

နာအိုကိုဟာ ကျွန်တော့်ကို ပိုပြီး တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်တယ်။

“အဲဒီလိုဆိုရင် သိပ်အံ့ဩဖို့ကောင်းမှာပဲ” လို့ သူက ပြောတယ်။

※※※

ကျွန်တော်တို့နှစ်ယောက် သုံးနာရီမထိုးခင် ကော်ဖီဆိုင်ကို ပြန်ရောက်ခဲ့တယ်။ ရီကိုဟာ စာအုပ်တအုပ် ဖတ်ပြီး ရေဒီယိုက လာနေတဲ့ Brahm ရဲ့ ဒုတိယမြောက် စန္ဒရားကွန်ဆာတိုကို နားထောင်လို့နေတယ်။ အဲ့ဒီစန္ဒရားလက်သံဟာ တော်တော်ကို ထူးခြားတာပါပဲ။ မျက်စေ့တဆုံး မြင်နိုင်သလောက်မှာ လူတယောက်မှ မမြင်ရဘဲ မြက်ခင်းတွေသာ မြင်နေရလို့ ပိုထူးဆန်းတယ်။ ရီကိုဟာ တတိယအပိုဒ်အရောက် ချယ်လိုသံ ထွက်ပေါ်လာတော့ လေချွန်လို့နေတယ်။

“Bachaus နဲ့ Bohm တို့ရဲ့ခဓာတ်ပြားကို ငါ အရင်တုန်းကတော့ ပိုင်ဖူးတယ်။ အဲ့ဒီတုန်းက အဲ့ဒီတေးသွားတွေရဲ့နုတ်တွေကို အသေးစိတ်လိုက်မှတ်ခဲ့ဖူးတယ်။ ခုထက်ထိတော့ မှတ်မိနေဆဲပါပဲ” လို့ ရီကိုက ပြောတယ်။

နာအိုကိုနဲ့ ကျွန်တော်ဟာ ကော်ဖီမှာသောက်လိုက်ကြတယ်။

“စကားတွေ အများကြီးပြောဖြစ်ခဲ့ရဲ့လားဂ လို့ ရီကိုက မေးတယ်။

“တပုံတခေါင်းပဲ” လို့ နာအိုကိုက ပြောတယ်။

“သူ့အကြောင်းပြောပါဦး။ အဲ... နောက်မှပြောတော့။ နင် သိတယ်နော် “

“ကျွန်မတို့ ဘာမှမလုပ်ခဲ့ပါဘူး” လို့ နာအိုကိုဟာ မျက်နှာနီရဲပြီး ပြောပါတယ်။

“တကယ်ပဲလား။ ဘာမှ မလုပ်ခဲ့ဘူးပေါ့” လို့ ရီကိုက ကျွန်တော့်ကို မေးတယ်။

“ဘာမှ မလုပ်ခဲ့ပါဘူး” လို့ ကျွန်တော် ပြောလိုက်တယ်။

“စိတ်ပျက်စရာပဲ” လို့ စိတ်ပျက်လက်ပျက်ပုံစံနဲ့ ရီကိုက ပြောပါတယ်။

“တကယ်ပြောတာပါ” လို့ ကျွန်တော် ကော်ဖီသောက်ရင်း ပြောလိုက်တယ်။

※※※

ထမင်းစားခန်းထဲက မြင်ကွင်းတွေဟာ မနေ့ကအတိုင်း အပြောင်းအလဲ မရှိပါဘူး။ စိတ်ခံစားမှုတွေ၊ အသံတွေ၊ မျက်နှာတွေအားလုံးဟာ အတူတူပါပဲ။ မီနူးစာရွက်သာ အပြောင်းအလဲ ရှိသွားတယ်။ မနေ့က ဖျော်ရည်တွေအကြောင်းပြောတဲ့ အကျႌအဖြူဝတ်ထားတဲ့ ကတုံးနဲ့လူဟာ ဒီနေ့တော့

ကျွန်တော်တို့သုံးယောက် ထိုင်နေတဲ့ဝိုင်းမှာ လာထိုင်ပြီး ဦးနှောက်ရဲ့အရွယ်အစားနဲ့ အသိဉာဏ် ဆက်စပ်ပုံကို ပြောပြနေပါတယ်။ ကျွန်တော်တို့ ပဲပိစပ် ဟမ်ဘာဂါ အမဲသားပြား စားနေတုန်း ဘစ္စမတ်နဲ့ နပိုလီယန်တို့ရဲ့ ဦးနှောက်တွေအကြောင်းကို ပြောပြနေတာ ကြားနေရတယ်။ ပြီးတော့ သူဟာ သူ့ရဲ့ပန်းကန်ပြားကိုဖယ်ပြီး မှတ်စုစာရွက်ပေါ်မှာ ဘောလ်ပင်နဲ့ ဦးနှောက်ပုံကိုဆွဲပြနေတယ်။ သူဟာ ပုံသစ်တပုံဆွဲရင်း တခါပြောသေးတယ်။ "ဒီလိုတော့ အတိအကျ မဟုတ်ဘူး" လို့ ပြောရင်း ပုံသစ်တပုံ ထပ်ဆွဲပြန်တယ်။ အဲဒီလိုမျိုး အကြိမ် တော်တော်များများ ဖြစ်သွားခဲ့တယ်။ သူ ပုံတွေဆွဲလို့ ပြီးသွားတဲ့အခါမှာတော့ မှတ်စုစာရွက်ကို သူ့ရဲ့အဖြူရောင်ကုတ်အင်္ကျီ အိတ်ကပ်ထဲ ဂရုတစိုက် ထည့်လိုက်ပြီး ဘောလ်ပင်ကို ရင်ဘတ်အိတ်ကပ်ထဲ သေချာထည့်တယ်။ သူ့အိတ်ကပ်ထဲမှာ ဘောလ်ပင်သုံးချောင်းအပြင် ခဲတံတွေနဲ့ ပေတံတချောင်းပါ ရှိသေးတယ်။ သူ စားနေရင်းနဲ့ပဲ ကျွန်တော့်ကို ဟိုတနေ့က ပြောခဲ့တဲ့စကားကို ထပ်ပြောပြန်တယ်။ "ဆောင်းရာသီဆို ဒီမှာ နေလို့ ကောင်းတယ်။ ဆောင်းရာသီရောက်ရင် ဒီကို လာဖြစ်အောင် ထပ်လာခဲ့ဦး" လို့ ပြောပြီး ထမင်းစားခန်းထဲကနေ ထွက်ခွာသွားတယ်။

"သူဟာ ဆရာဝန်လား၊ လူနာလား" လို့ ကျွန်တော် ရီကိုကို မေးလိုက်တယ်။

"နင် ဘာလို့ထင်လဲ"

"ကျွန်တော် မပြောတတ်ဘူး။ သူ ပုံမှန်မဟုတ်တာတော့ သေချာတယ်"

"သူဟာ ဆရာဝန်ပါ။ ဒေါက်တာမီယာတာတဲ့" လို့ နာအိုကိုက ပြောတယ်။

"ဟုတ်တယ်။ ဒါပေမဲ့ သူဟာ ဒီနေရာမှာ အရူးသွပ်ဆုံးပုဂ္ဂိုလ်ပဲ" လို့ ရီကို ပြောတယ်။

"ဂိတ်စောင့်တဲ့ မစ္စတာအိုမူရာလည်း တော်တော်ရူးတယ်နော်" လို့ နာအိုကိုက ပြောတယ်။

"အမှန်ပဲ" လို့ ရီကိုက ခေါင်းငြိမ့်ပြီး ပန်းဂေါ်ဖီကို ခက်ရင်းနဲ့ထိုးရင်း ပြောတယ်။ "သူဟာ မနက်တိုင်း ကာယလေ့ကျင့်ခန်း အပြင်းစားတွေ လုပ်တယ်။ အဆုတ်ထိပ်ကအသံနဲ့ အဓိပ္ပာယ်မရှိတာတွေကို အော်တတ်တယ်။ နာအိုကို မလာခင်တုန်းကဆိုရင် ရုံးခန်းထဲမှာ အလုပ်လုပ်တဲ့ မစ္စကီနိုရှီတာဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားခဲ့သေးတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကလည်း အရက် အရမ်းသောက်တဲ့ အမျိုးသားသူနာပြု တိုကူရှီမာကို အလုပ်ဖြုတ်ခဲ့သေးတယ်"

"ကြားရတာတော့ လူနာတွေနဲ့ ဝန်ထမ်းတွေဟာ တယောက်တမျိုးစီပါပဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ဟုတ်တယ်။ နင် ဒီကအခြေအနေတွေကို နားလည်လာပြီပဲ" လို့ ရီကိုက ခက်ရင်းကို မြှောက်ပြီးပြောတယ်။

"နားလည်လာပြီလို့တော့ ထင်တာပါပဲ"

"ငါတို့ကို သာမန်ဖြစ်စေတာက ငါတို့ သာမန်မဟုတ်ဘူး ဆိုတာကို သိနေတဲ့အချက်ပါပဲ"

※※※

အခန်းကိုပြန်ရောက်တော့ နာအိုကိုနဲ့ ကျွန်တော် ဖဲရိုက်ကြတယ်။ ရီကိုဟာ ဘက်ချ်ရဲ့ တေးသွားတွေကို ဂစ်တာနဲ့ လေ့ကျင့်နေတယ်။

"နက်ဖြန် ဘယ်အချိန်ပြန်မလဲ" လို့ ရီကိုက ကျွန်တော့်ကို မေးတယ်။ ဂစ်တာခဏနားပြီး စီးကရက် မီးညှိရင်းနဲ့ပေါ့။

"မနက်စာစားပြီးတာနဲ့ပြန်မယ်။ ဘက်ချ်က ၉ နာရီကျော်ရင် လာမယ်တဲ့။ နက်ဖြန်ည တိုကျို ပြန်ရောက်ရင် လုပ်စရာတွေရှိသေးတယ်"

"ဆိုးတာပဲ။ နင် ဒီမှာ အချိန်ကြာကြာနေရင် သိပ်ကောင်းမှာပဲ"

"ကျွန်တော် ဒီမှာသာ ကြာကြာနေရင် တသက်လုံး ဒီမှာပဲ နေဖြစ်သွားလိမ့်မယ်" လို့ ကျွန်တော် ရယ်ရင်း ပြောလိုက်တယ်။

"ဖြစ်နိုင်ပါတယ်" လို့ ရီကိုက ပြောတယ်။ နောက်တော့ နာအိုကိုကို "ငါ အိုကာဆီက စပျစ်သီးတွေ ယူစရာ ရှိသေးတယ်။ ငါ လုံးဝမေ့နေတာ" လို့ ပြောတယ်။

"အဖော်လိုက်စေချင်သလား" လို့ နာအိုကိုက မေးတယ်။

မင်းရဲ့ကောင်လေး မစ္စတာဝါတာနာဘီကို ခဏငှားလိုက်လို့ ရမလား" လို့ ရီကိုက ပြောတယ်။

"ရပါတယ်" လို့ နာအိုကိုက ပြောတယ်။

"ကောင်းတယ်။ ငါတို့နှစ်ယောက် ညဘက် လမ်းထွက်လျှောက်လို့ ရတာပေါ့" လို့ ပြောပြီး နာအိုကိုက ကျွန်တော့်လက်ကို လှမ်းကိုင်ပါတယ်။

“မနေ့ညတုန်းက အဲဒီနေရာကို ရောက်လုနီးပါးပဲ။ အခုလည်း အဲ့ဒီနေရာကို ထပ်လျှောက်ရဦးမယ်”

“ရပါတယ်။ ကြိုက်တာလုပ်” လို့ နာအိုကိုက ပြုံးပြီးပြောတယ်။

ညဘက်တိုက်ခတ်တဲ့လေဟာ အေးစက်လို့နေတယ်။ ရီကိုဟာ အပြာဖျော့ဖျော့ သိုးမွေးအင်္ကျီကို ရှပ်အင်္ကျီပေါ်မှာ ထပ်ဝတ်ထားပြီး သူ့ရဲ့လက်တွေကို သူ့ရဲ့ဂျင်းဘောင်းဘီအိတ်ထဲ ထည့်ပြီး လမ်းလျှောက်လို့ လာနေတယ်။ ကောင်းကင်ကို မော့ကြည့်ပြီး သူဟာ ခွေးတကောင်လို လေကို ရှူရှိုက်လိုက်တယ်။ “မိုးရွာတော့မယ့်အနံ့ပဲ” လို့ သူက ပြောတယ်။ ကျွန်တော်လည်း အနံ့ခံကြည့်လိုက်တယ်။ ဒါပေမဲ့ ဘာအနံ့မှ မရဘူး။ သူပြောတာ မှန်ပါတယ်။ ကောင်းကင်မှာ လကို ဖုံးလွှမ်းထားတဲ့တိမ်တွေ အများကြီးပဲ။

“နင် ဒီမှာ အချိန်ကြာကြာနေမယ်ဆိုရင် လေရဲ့အနံ့ကိုခံပြီး ရာသီဥတုကို ခန့်မှန်းနိုင်လိမ့်မယ်”

ဝန်ထမ်းအိမ်တွေရှိတဲ့ သစ်တောရေိယာထဲ ကျွန်တော်တို့ ဝင်လိုက်ကြတယ်။ ရီကိုက ကျွန်တော့်ကို ခဏစောင့်ခိုင်းပြီး အိမ်တအိမ်ရဲ့ရှေ့ကို လျှောက်သွားပြီး လူခေါ်ခေါင်းလောင်း ခလုပ်နှိပ်လိုက်တယ်။ အမျိုးသမီးတယောက် ထွက်လာတယ်။ အိမ်ရှင်တယောက်ဆိုတာ မလွဲနိုင်ပါဘူး။ သူတို့နှစ်ယောက် မတ်တပ်ရပ်ပြီး ရယ်ရယ်မောမော စကားပြောကြတယ်။ နောက်တော့ ရီကိုဟာ အိမ်ထဲ လိုက်ဝင်သွားပြီး ပြန်ထွက်လာတော့ ပလတ်စတစ် အိတ်ကြီးတလုံး ပါလာတယ်။ ရီကိုဟာ သူ့ကို ကျေးဇူးတင်ကြောင်းပြောပြီး ကျွန်တော့်ဆီ ပြန်မလာခင် ဂွဒ်နိုက်လို့ ပြောခဲ့တယ်။

“ကြည့်စမ်းပါဦး” လို့ ပြောရင်း ရီကိုက သူ့အထုပ်ကို ဖွင့်ပြတယ်။ အိတ်ထဲမှာ စပျစ်သီး အကြီးကြီးတွေ အခိုင်လိုက်အပြည့်ပဲ။

“မင်း စပျစ်သီးကြိုက်လား” လို့ ရီကိုက မေးတယ်။

“ကြိုက်တာပေါ့”

“စားကြည့်လေ ဆေးပြီးသားတွေ” ရီကိုဟာ စပျစ်သီးအိတ်ထဲကို နှိုက်ပြီး ကျွန်တော့်ကိုပေးတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ စပျစ်သီးတွေစားရင်း အခွံနဲ့ အစေ့တွေကို လမ်းပေါ်လွှင့်ပစ်ရင်း လမ်းလျှောက်လို့ လာခဲ့တယ်။ စပျစ်သီးတွေဟာ လတ်ဆတ်ပြီး အရသာရှိတယ်။

“ငါ သူတို့ရဲ့ကလေးကို စန္ဒရားတီး သင်ပေးဖူးလို့ သူတို့က ငါ့ကို စပျစ်သီး ပြန်ပေးတာ။ ငါတို့မှာရှိတဲ့ ဝိုင်တွေကိုလည်း သူတို့ပဲ ပေးထားတာ။ တခါတလေကျရင် သူတို့ကို ငါတို့အတွက် မြို့ထဲမှာ ဈေးဝယ်ခိုင်းတတ်တယ်”

“မနေ့က ပြောခဲ့တဲ့ဇာတ်လမ်းကို ထပ်နားထောင်ချင်ပါသေးတယ်” လို့ ကျွန်တော်ပြောလိုက်တယ်။

“ပြောပြမယ်လေ။ ဒါပေမဲ့ ငါတို့ အိမ်ပြန်နောက်ကျရင် နာအိုကိုက သံသယဝင်နေဦးမယ်” လို့ ရီကိုက ပြောတယ်။

“ကျွန်တော် စွန့်စားချင်ပါတယ်”

“အိုကေလေ ငါတို့ အမိုးအကာအောက်တခုကို သွားရအောင်။ အပြင်မှာ တော်တော်အေးနေတယ်”

သူဟာ တင်းနစ်ကွင်းဘက် ကွေ့လျှောက်လိုက်တယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ အိမ်တွေ မရောက်ခင်မှာ ရှိနေတဲ့ စတိုခန်းတွေကို ရောက်လာကြတယ်။ ရီကိုဟာ အနီးဆုံးတံခါးတခုကိုဖွင့်ပြီး အခန်းထဲ ဝင်လိုက်တယ်။ ပြီးတော့ မီးကို ဖွင့်လိုက်တယ်။

“ဝင်ခဲ့လေ။ ဒီနေရာမှာ ဘာမှမထားဘူး” လို့ ရီကိုက ပြောတယ်။

“ဒီစတိုခန်းထဲမှာ နှင်းလျှောစီးပစ္စည်းတွေဖြစ်တဲ့ ဖိနပ်တွေ၊ တုတ်တိုင်တွေ သိုလှောင်ထားတယ်။ ကြမ်းပြင်ပေါ်မှာလည်း နှင်းဖယ်ရှားတဲ့ပစ္စည်းတွေ စုပုံထားတယ်။

“ငါ ဂစ်တာတီးလေ့ကျင့်ဖို့ ဒီနေရာကို လာလေ့ရှိတယ်။ တယောက်တည်း ရှိချင်တဲ့အချိန်တွေမှာပေါ့။ ဒီနေရာက သပ်ရပ်ပြီး သက်သောင့်သက်သာ ဖြစ်တယ်မဟုတ်လား”

ရီကိုဟာ အထုပ်တွေပေါ်မှာထိုင်ပြီး သူ့ဘေးမှာ ကျွန်တော့်ကို ထိုင်ဖို့ပြောတယ်။ ကျွန်တော် သူပြောသလိုပဲ ထိုင်လိုက်တယ်။

“လေဝင်လေထွက်တော့ သိပ်မကောင်းဘူး။ ငါ စီးကရက်သောက်လို့ ဖြစ်မလား”

“ရပါတယ်။ သောက်ပါ ”

“စီးကရက်သောက်တဲ့အကျင့်ဟာလည်း ငါ ဖျက်လို့ကို မရဘူး” လို့ ရီကိုက မျက်မှောင်ကြုတ်ပြီး ပြောတယ်။

ဒါပေမဲ့ သူ စီးကရက်ကိုဖွာတော့ ပျော်ရွှင်နေတဲ့ပုံပါပဲ။ ရီကိုလောက် စီးကရက်ကြိုက်တဲ့သူ သိပ်မရှိပါဘူး။ ကျွန်တော်ဟာ စပျစ်သီးတွေကို ဂရုတစိုက် အခွံနွှာစားပြီး အစေ့တွေကိုလည်း အမှိုက်ပုံးထဲ သွားထည့်ပါတယ်။

"မနေ့ညကပြောတာ ဘယ်အထိရောက်ပြီလဲ" လို့ ရီကိုက မေးပါတယ်။

"မှောင်မိုက်ပြီး မုန်တိုင်းထန်တဲ့ညပေါ့။ ပြီးတော့ နင့်ငှက်သိုက်ကို တက်ပြီး ဆွတ်ခူးဖို့ ကြံစည်နေတဲ့ကာလပေါ့ ဟာ"

"နင်က တော်တော်ကို အံ့သြဖို့ကောင်းပါတယ်။ နင်ဟာ ဒီလိုမျက်နှာမျိုးနဲ့ မျက်နှာပြောင်တာကို လုပ်နိုင်စွမ်းရှိတယ်" လို့ ရီကိုက ပြောတယ်။

"ကြည့်ကြပါဦး။ ငါဟာ စနေနေ့တိုင်း မနက်ခင်းတိုင်းမှာ သင်ပေးတဲ့ ကောင်မလေးရဲ့မနက်ခင်းကို ရောက်လို့နေပြီ"

"ဟုတ်တာပေါ့"

"ကမ္ဘာကြီးထဲမှာ လူနှစ်မျိုး ခွဲခြားသင့်နေပြီ။ ပထမတမျိုးက တခြားလူတွေကို သင်ကြားရာမှာ သိပ်တော်တဲ့လူတွေနဲ့ နောက်တမျိုးကတော့ ဘယ်လိုမှ သုံးမရတဲ့လူတွေပေါ့။ ငါကတော့ ပထမတမျိုးထဲမှာ အကျုံးဝင်ပါတယ်" လို့ ရီကိုက ပြောတယ်။

"ငယ်ငယ်လေးကတည်းက ငါ့ကိုယ်ငါ ဒီလိုမျိုးဖြစ်လိမ့်မယ်လို့ တခါမှ မတွေးမိဖူးဘူး။ ဒါပေမဲ့ ငါဟာ ငါ့အသက်အရွယ် အဆင့်တစ်နေရာ ရောက်လာတဲ့အခါမှာ ငါ့ကိုယ်ငါ နားလည်လာခဲ့တယ်။ ငါဟာ အခြားလူတွေကို သင်ကြားပေးရာမှာ ထူးချွန်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ယူဆမိခဲ့တယ်။ တကယ်လည်း ငါဟာ ထူးချွန်ခဲ့ပါတယ်"

"နင် တကယ်တော်ခဲ့ပါတယ်ဟာ"

"ငါဟာ ငါ့ကိုယ်ငါထက် စိတ်ရှုပ်စရာ ပြဿနာတွေ အများကြီး ကြုံတွေ့ခဲ့ပါတယ်။ ပြီးတော့ ငါဟာ တခြားလူတွေထက် အများကြီး တော်ခဲ့ပါတယ်။ အဲဒီလိုလူမျိုးဟာ ငါပါပဲ။ ငါဟာ မီးခြစ်ဆံတွေကို ရေတွက်နေရတဲ့ဘဝထက် အများကြီး ပိုပါတယ်။ ဒါပေမဲ့ အဲဒီလို မီးခြစ်ဆံတွေကို ရေတွက်နေရတာလည်း ငါ့အတွက်တော့ အဆင်ပြေပါတယ်။ ငါ ဘာကိုမှ စိတ်မဆိုးပါဘူး။ ပထမတန်းစား မီးခြစ်ဆံဘူးထက် ဒုတိယတန်းစား မီးခြစ်ဆံဘူးကို ကျော်လွှန်ရတာနဲ့ပဲ ငါကျေနပ်ရပါပြီ။ ငါ့စိတ်ထဲမှာ အဲ့ဒီအတွေးဟာ ကြည်လင်ပြတ်သားလွန်းလှပါတယ်။ ငါ့ထက်ငယ်တဲ့ လူတွေကို ငါပြောလေ့ရှိတယ်။ ငါဟာ သူများတွေကို သင်ပေးရတဲ့နေရာမှာ ထူးချွန်ပါတယ်။ တကယ်လည်း

တော်ပါတယ်။ ငါ့ကိုယ်ငါ အဲဒီလိုတွေးတာရင်းနဲ့ပဲ အဲ့ဒီကောင်မလေးကို သင်ပေးဖြစ်သွားတယ်။

"ငါ မနေ့ ပြောခဲ့သလိုပဲ တက္ကနစ်အပိုင်း ပြောရင်တော့ ကောင်မလေးဟာ ဘာမှမဟုတ်ပါဘူး။ ဒါပေမဲ့လည်း အဲ့ဒီကောင်မလေးကို ပရော်ဖက်ရှင်နယ် ဂီတသမားဖြစ်အောင် သင်ပေးလို့ရပါတယ်။ ဒါ့အပြင် အဲဒီကောင်မလေးဟာ မိန်းကလေးကျောင်းမှာပဲ တက်နေတာကြောင့် တော်ရုံတန်ရုံ အမှတ်လောက်ရရုံနဲ့ ကောလိပ်ကို အလိုလိုရောက်နိုင်မှာ သေချာပါတယ်။ အဲ့ဒီတော့ သူ စာကိုလည်း အသဲအသန် လုပ်စရာမလိုပါဘူး။ သူ့အမေကလည်း စန္ဒရားသင်ခန်းစာ လုပ်နေတာကို စိတ်မဆိုးပါဘူး။ ငါလည်း သူ့ကို စန္ဒရား သင်ခန်းစာတွေကို ဖိအားပေးပြီး မလုပ်ခိုင်းပါဘူး။ သူ့ကို စမြင်ကတည်းက အဲဒီကောင်မလေးကို တွန်းအားပေး စေခိုင်းလို့ မရဘူးဆိုတာ နားလည်ခဲ့တယ်။ သူဟာ တခြား ချစ်စရာကောင်းတဲ့ ကောင်မလေးတွေလို "ဟုတ်ကဲ့" "ဟုတ်ကဲ့" လို အမြဲတမ်း ပြောနေမယ့် ကောင်မလေးမျိုး မဟုတ်ပါဘူး။ သူ မကြိုက်တာရှိရင် ငြင်းမှာ အသေအချာပါပဲ။ သူ့ကို ပထမဆုံး စန္ဒရား တီးပြခိုင်းတုန်းက သူကြိုက်တာကိုပဲ တီးခိုင်းခဲ့တယ်။ သူ့စိတ်ထဲရှိတဲ့ တေးသွားကိုပဲ တီးခိုင်းခဲ့တယ်။ နောက်တော့ ငါ သူ့ကို တေးသွားတွေ အများကြီး ပြခဲ့ပြီး သူနဲ့ ဆွေးနွေးမိခဲ့တယ်။ ဘယ်ဟာကို သူကြိုက်လည်း သိရအောင်လို့ပေါ့။ ပြီးတော့ ငါ့ကို တီးပြခဲ့တဲ့ တေးသွားကို နောက်တကြိမ် ပြန်တီးခိုင်းပါတယ်။ ဒုတိယအကြိမ်မှာတော့ သူ့လက်ရာဟာ ပိုလို့ ကောင်းမွန်လာခဲ့ပါတယ်။ သူ့လက်ရာ ပိုကောင်းလာခဲ့တာကိုလည်း သူ သိခဲ့တယ်"

ရီကိုဟာ ခေတ္တရပ်ဆိုင်းလိုက်တယ်။ မီးတောက်နေတဲ့ သူ့စီးကရက်ကို ကြည့်နေတယ်။ ကျွန်တော်တော့ ဘာစကားမှမပြောဘဲ စပျစ်သီးတွေပဲ စားလို့နေတယ်။

"ဂီတနဲ့ပတ်သက်လို့ ငါ့မှာ အာရုံခံစားမှုကောင်း ရှိတယ်ဆိုတာကို ငါသိတယ်။ သူက ငါ့ထက်တောင် ပိုရှိလို့နေတယ်။ သူ အချိန်တွေ ဖြုန်းခဲ့တာပဲလို့ ငါ တချိန်လုံး တွေးနေခဲ့မိတယ်။ "သူသာ ဆရာကောင်းတယောက်နဲ့ စတင်ခဲ့ပြီး သင့်တော်တဲ့ သင်ခန်းစာတွေသာ ရခဲ့ရင် ခုလောက်ဆိုရင် တော်တော် တော်နေမှာပဲ" လို့ပေါ့။ ဒါပေမဲ့ ငါ အဲဒီလို တွေးခဲ့တာ မှားသွားတယ်။ သူဟာ သင့်တော်တဲ့ လေ့ကျင့်ခန်းမျိုးယူမယ့် ကလေးမျိုး မဟုတ်ဘူး။ လူတွေမှာ အဲလိုဖြစ်တတ်တဲ့ စိတ်တွေ ရှိတတ်ကြပါတယ်။ သူတို့တွေမှာ ထူးခြားတဲ့ အရည်အသွေးတွေ ရှိကြပေမယ့် စနစ်တကျ လေ့ကျင့်ဖို့ကိုတော့ မလိုလားကြဘူး။ သူတို့ ဟိုစပ်စပ်ဒီစပ်စပ်လောက်နဲ့ပဲ အဆုံးသတ် သွားတတ်ကြတယ်။ အဲ့ဒီလို လူတွေအများကြီးပဲ ငါ တွေ့ဖူးပြီးသွားပြီ။ အစောပိုင်းမှာတော့ သူတို့တွေဟာ အရမ်းအံ့သြဖို့ကောင်းတာပဲလို့ တွေးမိလိမ့်မယ်။ ပထမ တွေ့တွေ့ခြင်းမှာ

တီးရခက်ခဲတဲ့ တေးသွားတွေကို သူတို့ တီးပြကြလိမ့်မယ်။ သူတို့ အဲ့ဒီလိုတီးတာကို မြင်ရင် အရမ်းသဘောကျသွားမှာပါပဲ။ သူ့လို တီးတတ်နိုင်ဖို့ နှစ်ပေါင်းတသန်းလောက် အချိန်ယူရမလား မသိဘူး” လို့ တွေးကောင်း တွေးမိလိမ့်မယ်။ ဒါပေမဲ့ သူတို့တွေဟာ တကယ့်တကယ်တမ်းကြတော့ အဲ့ဒီအဆင့်ကနေ ထပ်မတက်ကြတော့ဘူး။ ဘာဖြစ်လို့ မတိုးတက်တော့တာလည်း ဆိုတော့ သူတို့တွေဟာ ထပ်ပြီး မကြိုးစားကြတော့လို့ပဲ။ ပြီးတော့ သူတို့ဆီမှာ စနစ်ကောင်းတွေ မရှိကြလို့ပေါ့။ သူတို့တွေဟာ သူတို့ကိုယ်သူတို့ ဖျက်ဆီးပစ်လိုက်တာပဲ။ သူတို့မှာ ပါရမီ အနည်းငယ်လောက်ပါတဲ့အတွက် သိပ်ကြိုးစားစရာ မလိုဘဲ ကောင်းကောင်း တီးခတ်နိုင်ကြတယ်။ လူတွေကလည်း သူတို့ကို ငယ်ငယ်လေးကတည်းက ချီးမွမ်းကြလိမ့်မယ်။ ခက်ခက်ခဲခဲ လေ့ကျင့်တာကို သူတို့အနေနဲ့ အသုံးမကျတာလို့ ထင်ကောင်းထင်လိမ့်မယ်။ သူတို့တွေဟာ အခြားကလေးတယောက် အချိန်သုံးလေးပတ်လောက် လေ့ကျင့်ရတာကို ခဏလေးနဲ့ လေ့ကျင့် တီးခတ်နိုင်တယ်။ အဲဒီတော့ သူတို့တွေဟာ နောက်ထပ် သင်ခန်းစာအသစ်ကို ဆက်တက်ဖို့ပဲ စိတ်အားထက်သန် နေကြတော့တယ်။ ဆရာတွေကလည်း သူတို့ကို နောက်ထပ် သင်ခန်းစာ ဆက်တက်ပေးကြတယ်။ သူတို့တွေကို ဆရာတွေက ဖျက်ဆီးလိုက်တာလို့ ပြောလို့ရတယ်။ အဲဒီတော့ သူတို့တွေဟာ လိုအပ်တဲ့ အရည်အသွေး တည်ဆောက်မှုတွေ လျော့ကျခဲ့ရတယ်။ စိတ်မကောင်းစရာပါပဲ။ ငါကိုယ်တိုင်လည်း အဲဒီလိုမျိုး ဖြစ်ခဲ့ဖူးတယ်။ ဒါပေမဲ့ ငါကံကောင်းတာ ကတော့ စည်းကမ်းတင်းကျပ်တဲ့ ဆရာနဲ့ သင်ခဲ့ရတာပဲ။ အဲဒါကြောင့် ငါ ကျေကျေညက်ညက်လေ့ကျင့်ပြီးတော့မှ သင်ခန်းစာအသစ်ကို ဆက်တက်ရတယ်။

ပြီးတော့ လေ့ကျင့်ပေးရတာလည်း ဆရာတယောက်ရဲ့ အရသာပါပဲ။ အဝေးပြေးလမ်းမကြီးမှာ အကောင်းစား ပါဝါအပြည့် စပေါ့ကားကို မောင်းရင် နည်းနည်းလေးထိလိုက်တာနဲ့ အရှိန်ပြင်းပြင်းနဲ့ ထွက်မှာ အသေအချာပါပဲလေ။ ဒါပေမဲ့ ကလေးတွေကို အဲဒီလိုသင်တာဟာ ကလေးတွေ အတွက်တော့ မကောင်းဘူး။ အဲဒီလို အမြန်သင်တာဟာ ကလေးတွေအတွက်တော့ ဘာအကျိုးမှ မဖြစ်ဘူး။ သူတို့ကို စဉ်းစားဆင်ခြင်တတ်တဲ့ အကျင့်ပဲ ရိုက်ထည့်ပေးရမှာ။ သူတို့တွေကို ဖိအားပေးစေခိုင်းလို့ မရဘူး။ သူတို့ရဲ့အကြိုက်ကို သူတို့ဘာသာ ရွေးချယ်ခွင့်ပြုရမှာပါ။ သူတို့ကို သင်ခန်းစာတွေကို တခုပြီးတခု တက်သုတ်ရိုက် သင်သွားမယ့်အစား သင်ခန်းစာ တခုပြီးတိုင်း သူတို့ကို ပြန်စဉ်းစားဖို့ အချိန်ပေးရတာ ပိုကောင်းတယ်။ အဲဒီလိုလုပ်ရင် ကလေးတွေ အစွမ်းအစဟာလည်း တိုးတက်လာမှာ အသေအချာပါပဲ”

ရီကိုဟာ စီးကရက်ကို ကြမ်းပြင်ပေါ် ထိုးချေလိုက်တယ်။ နောက်တော့ အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်တယ်။ သူ့ရဲ့စိတ်ခံစားမှုတွေကို

ရှင်းထုတ်လိုက်သလိုမျိုးပေါ့။

"သူ့သင်ခန်းစာ ပြီးသွားတဲ့အခါမှာတော့ ငါတို့နှစ်ယောက် လက်ဖက်ရည်သောက်ပြီး စကားပြောဖြစ်ကြတယ်။ တခါတလေမှာတော့ ငါ သူ့ကို ဂျက်ဇ်စန္ဒရားပုံစံတွေ တီးပြတတ်တယ်။ ဒါကတော့ ဘတ်ပါဝဲလ်၊ ဒါကတော့ တီလိုနီးရက်စ်မန့်ခ် ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ အချိန်အများစုမှာတော့ သူဟာ စကားပဲ ပြောခဲ့တယ်။ သူဟာ စကားတော်တော်ပြောတဲ့ တယောက်ပါ။ သူ့စကားကလည်း တဖက်လူကို ဆွဲဆောင်နိုင်တယ်။ ငါ မနေ့က ပြောခဲ့သလိုပဲ သူရဲ့စကားအများစုဟာ ကြိုတင်စီစဉ်ပြီးမှ ပြောတာပဲလို့ ငါထင်တယ်။ ဒါပေမဲ့ သူ့စကားတွေ နားထောင်ရတာ စိတ်ဝင်စားဖို့ ကောင်းပါတယ်။ သူဟာ ပတ်ဝန်းကျင်ကို စိတ်အားထက်သန်စွာ ဆည်းပူးလေ့လာတတ်လေ့ရှိတယ်။ စကားလုံး သုံးစွဲရာမှာလည်း တိကျပြီး သူနဲ့ စကားပြောရတာ ပျော်ဖို့ ကောင်းတယ်။ သူဟာ တဖက်လူရဲ့စိတ်ခံစားမှုတွေကို ရောထွေးပစ်လိုက်နိုင်တယ်။ သူဟာ အဲဒီလို လုပ်တဲ့နေရာမှာ အရမ်းထူးချွန်တယ်။ သူ့မှာ အဲဒီလို အရည်အသွေးမျိုးရှိတယ်ဆိုတာလည်း သူကိုယ်တိုင်သိတယ်။ အဲဒါကြောင့်လည်း သူဟာ အဲဒီအရည်အသွေးကို တတ်နိုင်သမျှ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ထိထိရောက်ရောက် အသုံးပြုလေ့ရှိတယ်။ သူဟာ တဖက်လူရဲ့စိတ်ခံစားမှုကို လိုသလို ပုံသွင်းလို့ရတယ်။ ဒေါသထွက်အောင်၊ ဝမ်းနည်းအောင်၊ ကိုယ်ချင်းစာအောင်၊ စိတ်ပျက်အောင်၊ ပျော်ရွှင်အောင် ဘာမဆိုလုပ်နိုင်တယ်။ သူဟာ တခြားလူတွေရဲ့စိတ်ခံစားမှုကို သူ့ရဲ့အစွမ်းကို စမ်းသပ်ရုံသက်သက်အတွက်နဲ့ ကြိုးကိုင် ချယ်လှယ်လေ့ရှိတယ်။ သူ အဲဒီလိုလုပ်တာကို နောက်ပိုင်းကျမှ ငါ နားလည်လာခဲ့တယ်။ ဒါပေမဲ့ သူ့ကို စန္ဒရားသင်ပေးနေတဲ့ အချိန်တုန်းကတော့ သူငါ့ကို ဘာလုပ်နေသလဲဆိုတာကို မသိခဲ့ဘူး"

ရီကိုဟာ ခေါင်းခါလိုက်ပြီး စပျစ်သီး နည်းနည်းစားနေတယ်။

"အဲဒါဟာ ရောဂါတခုပါပဲ။ အဲ့ဒီကောင်မလေးမှာ ရောဂါဖြစ်နေခဲ့တယ်။ သူဟာ တခြား ပန်းသီးတွေကိုပါ ပုပ်သိုးသွားစေနိုင်တဲ့ ပန်းသီးပုပ်တလုံးနဲ့ တူတယ်။ ဘယ်သူမှ သူ့ကို ကုပေးလို့ မရဘူး။ သူ သေတဲ့နေ့အထိ အဲဒီရောဂါက သူ့ဆီမှာ ရှိနေတာပဲ။ အဲဒီကောင်မလေးဟာ သနားစရာ သတ္တဝါ သေးသေးလေးပါပဲ။ ငါသာ သူ့ရဲ့သားကောင်မဖြစ်ခဲ့ရင် ငါ သူ့ကို သနားမိမှာပဲ။ ငါ့ကို သူက သားကောင်တကောင်လို့ တွေးမှာ အသေအချာပဲ"

ရီကိုဟာ နောက်ထပ် စပျစ်သီးတွေ ထပ်စားလိုက်တယ်။ သူ့ဇာတ်လမ်းကို ဘယ်လိုရှေ့ဆက်ရမလဲ ဆိုတာကို စဉ်းစားနေပုံပါပဲ။

"ဘာပဲပြောပြော ပထမ ၆ လတော့ သူ့ကို ငါ သဘောကျခဲ့ပါတယ်။ တခါတလေမှာတော့ သူဟာ အံ့သြစရာ ဒါမှမဟုတ် အူကြောင်ကြောင် အကြောင်းအရာတွေကို ပြောလေ့ရှိတယ်။ ဒါမှမဟုတ်ရင် သူ စကားတွေ ပြောနေလိမ့်မယ်။ ငါတော့ သူနဲ့ တခြားလူတယောက်ကို ဆင်ခြင်နိုင်မှု ပြင်ပ ရောက်သွားအောင် လုပ်နိုင်တဲ့ ရက်စက်မှုတွေကို နားလည်နိုင်အောင် အပြေးအလွှား စဉ်းစားနေခဲ့ရတယ်။ ဒါမှမဟုတ် သူ ဉာဏ်အရမ်းကောင်းတာပဲလို့ တွေးနေမိခဲ့တယ်။ သူ ဘာတွေတွေးနေလဲ ဆိုတာကိုလည်း စိတ်ဝင်စားမိခဲ့တယ်။ နောက်ဆုံးတော့ လူတိုင်းမှာ ဝှက်ထားတဲ့ လက်သည်းတွေရှိတယ်ဆိုတာကို နားလည်လာတယ်။ နောက်ဆုံးတော့ သူ့ရဲ့ကိုယ်ရည်ကိုယ်သွေး ဒါမှမဟုတ် အကျင့်စရိုက်ကို ငါ နားလည်လာတယ်။ ငါ သူ့ရဲ့စန္ဒရားဆရာမပါ။ ငါ့အတွက် အရေးကြီးတာက သူ သင်ခန်းစာတွေကို လုပ်မလုပ် ဆိုတာပါပဲ။ ဒါပေမဲ့ ငါ စန္ဒရားတခုတည်းကိုပဲ အာရုံမထားမိခဲ့ဘူး။ ငါ သူ့ကိုလည်း သဘောကျမိနေခဲ့တယ်။ ငါ သူ့ကို တော်တော်ကို သဘောကျခဲ့တာ။

"အဲဒီအချိန်လောက်ထိ ငါ သူ့ကို ငါ့ရဲ့ကိုယ်ရေးကိုယ်တာ အကြောင်းတွေ အများကြီး မပြောဖြစ်အောင် ကြိုးစားမိခဲ့တယ်။ ငါ့အကြောင်းတွေ မပြောသင့်ဘူးဆိုတာကို ငါ စိတ်ထဲကနေ အလိုလို သိနေတယ်။ ငါ့ကို မေးခွန်းတွေ ရာနဲ့ချီပြီးမေးခဲ့တယ်။ သူ ငါ့အကြောင်းတွေ သိချင်တာမှ သေလောက်အောင်ပဲ။ ငါကလည်း သူ့ကို နာကျင်ဖို့ မကောင်းတဲ့ အကြောင်းအရာတွေပဲ ပြောခဲ့တယ်။ ငါ ငယ်ငယ်တုန်းက ဘယ်ကျောင်းမှာ တက်ခဲ့တယ်။ ငယ်ငယ်တုန်းက ဘယ်လိုနေခဲ့တယ် ဆိုတာကိုပဲ ပြောခဲ့တယ်။ သူကတော ငါ့အကြောင်းတွေကို ပိုပိုပြီး သိချင်နေခဲ့တယ်။ ငါလည်း သူ့ကို ဘာမှမပြောခဲ့ပါဘူး။ ငါ့ဘဝဟာ ပျင်းဖို့ကောင်းတဲ့ ဘဝလို့ပဲ ပြောခဲ့တယ်။ သာမန်ယောကျ်ားတယောက်နဲ့ သာမန်ကလေးတယောက်ရှိပြီး အိမ်အလုပ်တွေ တောင်ပုံယာပုံ လုပ်ရတယ်လို့ပဲ ပြောခဲ့တယ်။ "ဒါပေမဲ့ သမီးကတော့ ဆရာမကို အရမ်းသဘောကျတယ်" လို့ သူက ပြောတယ်။ ငါ့မျက်လုံးတွေကို မဖယ်ခွာတမ်းကြည့်ပြီး ပြောခဲ့တယ်။ သူ ငါ့ကို အဲ့ဒီလိုကြည့်တော့ ငါ့ခန္ဓာကိုယ်ထဲမှာ ရင်ဖိုစိတ်လှုပ်ရှားခဲ့ရတယ်။ ကောင်းတဲ့ ရင်ဖိုစိတ်လှုပ်ရှားမှုမျိုးပေါ့။ ဒါပေမဲ့လည်း ငါသူ့ကို စကားတွေ ပိုမပြောခဲ့ပါဘူး။ ပြောသင့်သလောက်ပဲ ပြောခဲ့တယ်"

"နောက်တော့ တနေ့မှာ၊ မေလထဲက နေ့တနေ့လို့ ငါထင်တယ်။ သူ့ကို သင်ခန်းစာသင်ပေးနေရင်း တဝက်လောက်မှာ သူ ဖျားနေတယ်လို့ ပြောလာတယ်။ သူဟာ ဖျော့တော့ပြီး ချွေးထွက်နေတာကို လည်း မြင်ခဲ့ရတယ်။ သူ့ကို အိမ်ပြန်မလားမေးတော့ သူက ခဏလောက်လှဲနေလိုက်ရင် ကောင်းသွားမှာပါလို့ ပြောတယ်။ အဲဒါနဲ့ သူ့ကို ထမ်းသယ်လုမတတ် အနေအထားမျိုးနဲ့ အိပ်ရာထဲ တွဲခေါ်သွားမိတယ်။ ငါတို့အိမ်က ဆိုဖာကသေးတော့ သူ အိပ်ရာထဲမှာမှ

လှဲလို့ရမှာကြောင့် အထဲကို ခေါ်သွားခဲ့တာပါ။ သူက ငါ့ကို စိတ်အနှောင့်အယှက်ပေးမိတဲ့အတွက် တောင်းပန်ခဲ့တယ်။ ငါလည်း သူ့ကို ဘာမှမဖြစ်ပါဘူးလို့ ပြောပြီး ဘာသောက်မလဲလို့ မေးခဲ့တယ်။ သူက ဘာမှ မသောက်ဘူးလို့ ငြင်းပြီး ငါ့ကို သူ့ဘေးနားမှာ ခဏလေး နေပေးပါလို့ပဲ တောင်းဆိုခဲ့တယ်။ ငါလည်း ဘေးနားမှာ ကျေကျေနပ်နပ်နဲ့ နေခဲ့ပါတယ်။

“နောက်ထပ် မိနစ်နည်းနည်းကြာတော့ သူက ငါ့ကို သူ့ကျောကုန်းကို ပွတ်ပေးဖို့ ပြောခဲ့တယ်။ သူ့အသံက တကယ့်ကို နာကျင်ခံစားနေရတဲ့ အသံမျိုးနဲ့ပဲ။ သူ့ချွေးတွေလည်း တတည်းတည်း ကျလို့နေတယ်။ အဲဒါကြောင့် ငါသူ့ကို ဖွဖွလေး နှိပ်ပေးခဲ့တယ်။ နောက်တော့ သူက ငါ့ကို သူရဲ့ ဘရာစီယာကို ချွတ်ပေးဖို့ တောင်းပန်တိုးလျှိုးပြီး ပြောပါတယ်။ သူ အသက်ရှူရ ကြပ်လို့ပါလို့ ပြောတယ်။ ငါလည်း ဘာမှန်းမသိဘဲနဲ့ ချွတ်ပေးမိခဲ့တယ်။ သူဟာ ကိုယ်ကျပ်ဘလောက်စ်အင်္ကျီ ဝတ်ထားတာကြောင့် အတွင်းက ဘရာစီယာချိတ်ကို ဖြုတ်နိုင်ဖို့အတွက် အဲဒီ ဘလောက်စ်အင်္ကျီ ကြယ်သီးတွေကို ဖြုတ်လိုက်ရတယ်။ သူဟာ အသက် ၁၃ နှစ်ပဲ ရှိသေးပေမယ့် ရင်သားတွေဟာ တော်တော်ကြီးထွားနေတယ်။ ငါ့ထက် ၂ ဆတောင်ရှိမယ်။ ပြီးတော့ သူဟာ ကလေးဝတ် ဘရာစီယာ ဝတ်ထားတာ မဟုတ်ဘဲ လူကြီးဝတ် ဈေးကြီးတဲ့ ဘရာစီယာကို ဝတ်ထားခဲ့တယ်။ ငါဟာ အဲ့ဒီအချိန်တုန်းကတော့ ဘာကိုမှ သတိမထားမိဘဲ သူ့ကျောကုန်းကိုပဲ ပွတ်ပေးနေမိတယ်။ သူဟာ ငါ့ကို တကယ့်ကို သနားစဖွယ်အသံမျိုးနဲ့ တောင်းပန်နေခဲ့တယ်။ ငါလည်း သူ့ကို ရပါတယ်။ ရပါတယ်လို့ပဲ တချိန်လုံး ပြန်ပြောနေခဲ့တယ်

ရီကိုဟာ သူသောက်လက်စ စီးကရက်ကပြာတွေကို အောက်ကို ချွေချနေခဲ့တယ်။ ကျွန်တော် စပျစ်သီးစားတာကို ရပ်လိုက်ပြီး သူ့ဇာတ်လမ်းကိုပဲ စိတ်ပါဝင်စားစွာ နားထောင်နေမိခဲ့တယ်။

“သူစငိုလာတော့ ‘ဘာဖြစ်လို့လဲ’ လို့ ငါသူ့ကို မေးခဲ့တယ်။ ‘ဘာမှ မဖြစ်ပါဘူး’ လို့ သူပြန်ဖြေခဲ့တယ်။ တကယ်လည်း ဘာမှမှမဟုတ်တာ။ ‘စိတ်ပျက်စရာရှိလို့လား၊ ဆရာမကို ပြောပြစမ်းပါ’ လို့ ငါပြောခဲ့တယ်။ အဲဒီတော့ သူက ‘သမီး ဒီလိုမျိုး မကြာခဏဖြစ်တတ်တယ်။ ဘယ်လိုလုပ်ရမလဲ ဆိုတာလည်း မသိဘူး။ သမီး အမြဲတမ်း အထီးကျန်ပြီး ဝမ်းနည်းနေရတယ်။ ဘယ်သူ့ကိုမှလည်း ပြောပြလို့ရမှာ မဟုတ်ဘူး။ ဘယ်သူကမှလည်း သမီးကို ဂရုမစိုက်ကြဘူး။ အရမ်း ဝမ်းနည်းမိတယ်။ အဲဒီလို ခံစားနေရတာ။ ညဘက်ဆိုရင်လည်း အိပ်လို့ မပျော်ဘူး။ စားချင်သောက်ချင်စိတ်လည်း မရှိဘူး။ ဒီကိုလာပြီး စန္ဒရားသင်ရတဲ့အချိန်ကိုပဲ သမီးသဘောကျတယ်’ လို့ ပြောတယ်။ ‘ငါ့သမီး ဆရာမကို ပြောလို့ရပါတယ်။ ဘာကြောင့် အဲဒီလိုဖြစ်တာလဲကို ပြောပြစမ်းပါ’ လို့ ပြောခဲ့တယ်။ ‘အိမ်မှာ

အခြေအနေသိပ်မကောင်းဘူး' လို့ သူက ပြန်ပြောတယ်။ သူ့မိဘတွေကို သူ မချစ်သလို သူ့မိဘတွေကလည်း သူ့ကို မချစ်ဘူးလို့ ပြောတယ်။ သူ့အဖေဟာ အခြားမိန်းမတယောက်နဲ့ ဇာတ်လမ်း ဖြစ်နေတော့ အိမ်တောင် သိပ်ပြန်မလာဘူးလို့ ပြောတယ်။ အမေလည်း အရူးတပိုင်း ဖြစ်နေတယ်။ သူ့ကို အမေက နေ့တိုင်းရိုက်တယ်လို့ ပြောတယ်။ အဲဒါကြောင့် အိမ်မပြန်ချင်တာလို့ ပြောခဲ့တယ်။ အဲဒီလိုပြောရင်းနဲ့ အော်ငိုတော့တာပါပဲ။ သူ့ရဲ့မျက်လုံးတွေမှာ မျက်ရည်တွေ ရွှဲနစ်လို့နေတယ်။ သူ့ရဲ့အရမ်းလှတဲ့ မျက်လုံးတွေကနေပေါ့။ အဲဒီတော့ ငါ သူ့ကို ချော့ရတော့တာပေါ့။ အိမ်ပြန်ရောက်မှာ ကြောက်ရင် ငါ့အိမ်ကို ကြိုက်တဲ့အချိန်လာဖို့ ပြောခဲ့တယ်။ ငါ အဲဒီလို ပြောလိုက်တော့ ကောင်မလေးက ငါ့ကိုဖက်ပြီး မကောင်းပါဘူး။ ဒါပေမဲ့ ဆရာမသာ မရှိရင် သမီး ဘာလုပ်ရမှန်းတောင် သိမှာမဟုတ်ပါဘူး။ သမီးကို ပစ်မထားပါနဲ့။ ဆရာမသာ ပစ်ထားရင် သမီးမှာ သွားစရာနေရာလည်း မရှိတော့ပါဘူး လို့ ပြောခဲ့တယ်။

"အဲဒီတော့ ငါလည်း သူ့ခေါင်းကိုပဲ ပြန်ဖက်ထားမိတယ်။ ငါ သူ့ကို ဖြည်းဖြည်း ကိုင်မိတယ်။ သူကတော့ ငါ့ကို ဖက်ထားပြီး သူ့လက်တွေနဲ့ ငါရဲ့ကျောကုန်းကို အတင်းပွတ်သပ်နေခဲ့တယ်။ မကြာခင်မှာပဲ ထူးခြားတဲ့ ခံစားမှုကို ခံစားရလာတယ်။ ငါ့ခန္ဓာကိုယ်တခုလုံးလည်း ပူလာတယ်။ စဉ်းစားကြည့်လေ... ပန်းချီကားလို ပြစ်မျိုးမှုံ့မထင် လှတဲ့ ကောင်မလေးတယောက်နဲ့ အိပ်ရာပေါ်မှာ အတူရှိနေပြီး တယောက်ကိုတယောက် ဖက်ထားကြတဲ့အပြင် သူ့လက်တွေကလည်း ငါ့ကျောကုန်းကို ပွတ်သပ်ပေးနေတော့ ငါ့ယောကျ်ား ဘယ်လိုမှ လိုက်မလုပ်ပေးနိုင်တဲ့ ထူးခြားတဲ့ အာရုံခံစားမှု ဖြစ်ခဲ့တာပေါ့။ သူ ငါ့ကို ထိလိုက်တိုင်း ငါ့ခန္ဓာကိုယ်ထဲက ဝက်အူတွေ လျော့ရဲလာသလိုပဲ။ နောက်တော့ သူဟာ ငါ့ဘလောက်စ်အင်္ကျီကို ချွတ်ပြီး ငါ့ဘရာစီယာကိုပါ ချွတ်ပစ်လိုက်တယ်။ ငါ့ရင်သားတွေကို ဖျစ်ညှစ်လို့ နေတယ်။ အဲဒီတော့မှ သူဟာ အာသီသပြင်းထန်တဲ့ ယောကျ်ားလျာဖြစ်ကြောင်းကို ငါသိလာခဲ့တယ်။ အဲဒီလိုမျိုး အထက်တန်း ကျောင်းသူဘဝတုန်းကလည်း အဲဒီလိုမျိုး ဖြစ်ခဲ့ဖူးတယ်။ ငါ သူ့ကို ရပ်လိုက်တော့လို့ပဲ ပြောခဲ့တယ်"

"မလုပ်ပါနဲ့ ခဏလေးပါ။ သမီး အရမ်းအထီးကျန်နေလို့ပါ။ ကျေးဇူးပြုပြီး ယုံပေးပါ။ သမီးမှာ ဆရာမ တယောက်ပဲ ရှိတာပါ။ ကျေးဇူးပြုပြီး သမီးကို ပစ်မထားပါနဲ့လို့ သူကပြောပြီး ငါ့လက်ကိုယူပြီး သူ့ရင်သားတွေကို ကိုင်ခိုင်းစေတယ်။ ငါဟာလည်း မိန်းမတယောက် ဖြစ်ပေမယ့်လို့ သူ့ရဲ့ လုံးဝန်း လှပတဲ့ ရင်သားတွေကို ကိုင်တွယ်လိုက်ရတော့ ငါ့လက်တွေကနေတဆင့် လျှပ်စစ်စီးကြောင်း စီးဝင်လာသလိုပါပဲ။ ငါ ဘာလုပ်ရမှန်း မသိအောင် ဖြစ်ခဲ့ရတယ်။ ငါ အရူးတယောက်လိုပဲ မလုပ်နဲ့ မလုပ်နဲ့လို့ တသွင်သွင်အော်နေခဲ့တယ်။ ဒါပေမဲ့ ငါဟာ လေဖြတ်သွားသလိုမျိုး လှုပ်လို့ မရတော့ဘူး။

အထက်တန်းကျောင်းသူဘဝတုန်းကတော့ ငါ့ကို အဲဒီလို လာလုပ်ခဲ့တဲ့ မိန်းကလေးကို တွန်းထုတ်နိုင်ခဲ့ပေမယ့် ဒီတကြိမ်မှာတော့ တွန်းမထုတ်နိုင်ခဲ့ပါဘူး။ ငါ့ခန္ဓာကိုယ်ဟာ ငါ့အမိန့်ကို မနာခံတော့ပါဘူး။ သူ့ရဲ့ဘယ်လက်က ငါ့ရဲ့ညာလက်ကို ကိုင်ထားပြီး ငါ့ရဲ့ရင်သားထိပ်တွေကို နမ်းရှိုက်၊ လျှာနဲ့ယက်လို့ နေခဲ့တယ်။ သူ့ရဲ့ညာလက်ကတော့ ငါ့ရဲ့ကျောကုန်းနဲ့ တင်ပါးကို ပွတ်သပ်လို့နေတယ်။ ငါဟာ အဲဒီအရသာတွေကြောင့် ထွန့်ထွန့်ကို လူးနေခဲ့တာပဲ။ အခု ပြန်စဉ်းစားကြည့်ရင် တကယ့်ကို မယုံနိုင်လောက်စရာပဲ။ တော်တော်ရူးတဲ့အလုပ်ပဲလို့ နင်မထင်ဘူးလား။ ဒါပေမဲ့ အဲ့ဒီတုန်းကတော့ သူဟာ ငါ့ကို ပိုက်ကွန်နဲ့ အုပ်စိုးထားခဲ့သလိုပါပဲ”

ရီကိုဟာ သူ့စီးကရက်ကို ပြာခွေလိုက်ပြန်တယ်။

“ငါ ဒီအကြောင်းအရာတွေကို ယောကျ်ားလေးတယောက်ကို ပြောပြတာ ဒါပထမဆုံးအကြိမ်ပဲ။ ငါ ပြောပြသင့်တယ်ထင်လို့ ပြောတာပါ။ ဒါပေမဲ့ ငါ တော်တော့်ကို ရှက်ပါတယ်” လို့ သူက ကျွန်တော့်ကို ကြည့်ပြီး ပြောပါတယ်။

“ဆောရီးပါပဲ” လို့ ဘာပြောရမှန်းမသိလို့ ကျွန်တော် ပြောလိုက်တယ်။

“အဲဒီလိုမျိုး အချိန်နည်းနည်း ဖြစ်နေခဲ့တယ်။ နောက်တော့ သူ့ရဲ့ညာလက်ဟာ အောက်ကို လျှောဆင်းလာပြီး ငါ့ရဲ့အတွင်းခံဘောင်းဘီထဲ ရောက်သွားတယ်။ အဲဒီအချိန်မှာတော့ ငါဟာ စိုရွှဲနေတော့တာပါပဲ။ ပြောရတာတော့ ရှက်ပါတယ်။ ဒါပေမဲ့ ငါ အဲဒီလောက် တခါမှ မစိုရွှဲဖူးဘူး။ ငါ့အတွက် လိင်ကိစ္စဟာ မထူးခြားဖူးလို့ ထင်ခဲ့ပေမယ့် သူနဲ့တွေ့တော့မှ ငါ အံ့သြမိတယ်။ ပြီးတော့ သူ့ရဲ့သွယ်လျနူးညံ့တဲ့ လက်ချောင်းလေးတွေဟာ အထဲမှာ ဆော့ကစားလို့နေတယ်။ စကားနဲ့ ဘယ်လိုပြောရမှန်းတောင် ငါမသိဘူး။ ယောကျ်ားတယောက်ရဲ့ အူကြောင်ကြောင်လက်တွေ ရောက်လာတာနဲ့ လုံးဝ ကွဲပြားတယ်။ တကယ့်ကို အံ့သြစရာပဲ။ ငှက်မွေးလေးတွေ ပြုတ်ကျလာသလိုမျိုး ညင်သာနူးညံ့လွန်းတယ်။ ငါ့ဦးနှောက်ထဲမှာရှိတဲ့ ဖျူ့စ်တွေ ကြိုးပြတ်သွားပြီ လို့တောင် ငါထင်ခဲ့မိတယ်။ ငါ့ဦးနှောက်ဟာလည်း ဘာကိုမှ မစဉ်းစားနိုင်တော့ဘူး။ ဒါပေမဲ့ ဒီလို တချိန်ဖြစ်သွားစေခဲ့ရင် ငါ ရပ်လို့ ရတော့မှာ မဟုတ်ဘူး။ ပြီးတော့ ဒီလျှို့ဝှက်ချက်ကို ငါ့စိတ်ထဲ သိမ်းဆည်းထားရဦးမယ်ဆိုရင်လည်း ငါဟာ အရင်လို ပြန်ဖြစ်မှာသေချာတယ်။ ပြီးတော့ ငါ့သမီးအကြောင်းကို ငါ တွေးမိတယ်။ ငါ့သမီးသာ ငါ့ကို ဒီလိုမြင်သွားရင် ဘယ်လိုနေမလဲ။ ငါ့သမီးက သုံးနာရီမှသာ ပြန်လာမှာ ဖြစ်ပေမယ့်လို မမျှော်လင့်ပဲ ပြန်လာခဲ့ရင် ဘယ်လိုနေမလဲ။ အဲ့ဒီအတွေးတွေက ငါ့ကို ခွန်အားတွေ ဖြစ်စေပြီး အိပ်ရာထဲကနေ ရုန်းထနိုင်ခဲ့တယ်။ ‘ရပ်စမ်း၊ ရပ်လိုက်တော့’ လို့ ငါ အော်ပြောလိုက်တယ်။

“ဒါပေမဲ့ သူ မရပ်ခဲ့ပါဘူး။ သူဟာ ငါ့ဘောင်းဘီကိုပါ ဆွဲချွတ်လိုက်ပြီး

လက်တွေကို အသုံးမပြုတော့ဘဲ လျှာကို အသုံးပြုလာတော့တယ်။ ငါ့ယောကျ်ားကိုတောင် ငါ အဲ့ဒီလိုလုပ်ခွင့် မပြုခဲ့ဖူးဘူး။ တော်တော်ရက်ဖို့ ကောင်းတဲ့အရာပဲ။ ဒါပေမဲ့ အသက် ၁၃ နှစ်အရွယ် ကောင်မလေးက ငါ့ကို နေရာမလပ် လျှာနဲ့ယက်နေတော့ ငါလည်း အရှုံးပေးလိုက်တယ်။ ငါတတ်နိုင်တာဆိုလို့ ငိုနေတာပဲရှိတယ်။ ပြီးတော့ အဲဒါဟာ တကယ့်ကို ကောင်းကင်ဘုံကို ရောက်သွားသလိုပါပဲ”

“ရပ်စမ်း။ ရပ်စမ်း” လို့ ငါ ထပ်အော်ပြီး သူ့မျက်နှာကို အပေါ်ဆွဲမလိုက်တယ်။ အားရှိသမျှ အကုန်အသုံးပြုခဲ့တယ်။ နောက်ဆုံးတော့ သူရပ်သွားပြီး ငါ့မျက်လုံးတွေကို မော့ကြည့်လာတယ်။ ငါတို့နှစ်ယောက်စလုံးမှာ အဝတ်အစားဆိုလို့ ဘာတခုမှ ကပ်မနေခဲ့ကြဘူး။ ငါတို့နှစ်ယောက်ဟာ အိပ်ရာပေါ်မှာ ဒူးထောက်ပြီးကြည့်နေမိတယ်။ သူက ၁၃ နှစ် ငါ့အသက် ၃၁ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ်ကို လှမ်းကြည့်လိုက်တော့ ငါဟာ အဲ့ဒီအလှရဲ့လွှမ်းမိုးမှုကို ခံလိုက်ရတယ်။ အဲဒီပုံရိပ် ငါ့စိတ်ထဲမှာ ပြတ်ပြတ်သားသား မှတ်မိနေတုန်းပဲ။ အသက် ၁၃ နှစ်အရွယ် ကောင်မလေး တယောက်ရဲ့ခန္ဓာကိုယ်ကို ငေးကြည့်နေခဲ့တာဟာ မယုံနိုင်လောက်အောင်ပါပဲ။ အခုထိလည်း မယုံနိုင်လောက်ပါပဲ။ နှိုင်းယှဉ်ပြီး ပြောပြရရင် ငါ့မှာရှိတဲ့ ခန္ဓာကိုယ်ဟာ နင့်ကို ငိုအောင်လုပ်လို့ ရတယ်။ နင် ယုံရဲ့လားတော့ မသိဘူး”

ကျွန်တော် ဘာမှမပြောဘဲ နေလိုက်ပါတယ်။

“ဘာဖြစ်တာလဲ ဆရာမကြိုက်ရဲ့သားနဲ့ ထမဆုံးအကြိမ် စတွေ့ကတည်းက ဒီလိုလုပ်တာ ကြိုက်မယ် ဆိုတာ သိခဲ့တယ်။ ယောကျ်ားတယောက်နဲ့ လုပ်တာထက်တောင် ပိုကောင်းတယ် မဟုတ်ဘူးလား။ ကြည့်ပါဦး။ ဘယ်လောက်တောင် စိုရွှဲသွားသလဲဆိုတာ။ ခွင့်ပြုဦးမယ်ဆိုရင် ဒီထက် ပိုကောင်းအောင် လုပ်ပေးလို့ ရသေးတယ်။ တကယ်ပြောတာပါ။ ဆရာမရဲ့ခန္ဓာကိုယ် အရည်ပျော်သွားအောင် လုပ်ပေးလို့ရတယ်။ လုပ်ပေးစေချင်သေးတယ်။ မဟုတ်လား” လို့ သူက ငါ့ကို ပြောခဲ့တယ်။ သူပြောတာ မှန်ပါတယ်။ သူနဲ့ အဲဒီလိုနေခဲ့တာဟာ ယောကျာ်းနဲ့ နေတာထက် ပိုကောင်းခဲ့တယ်။ ပြီးတော့ သူ့ကို ဆက်လုပ်ဖို့ ခွင့်ပြုစေချင်ပါသေးတယ်။ ဒါပေမဲ့ ခွင့်ပြုလို့လည်း မရပါဘူး။ “ဒါမျိုး တပတ်တကြိမ်လောက် လုပ်ရအောင်။ တပတ်မှ တခါတည်းပါ၊ ဘယ်သူမှလည်း ရိပ်မိမှာ မဟုတ်ပါဘူး။ နှစ်ယောက်တည်းသိတဲ့ လျှို့ဝှက်ချက်ပေါ့” လို့ သူက ပြောခဲ့တယ်။

ဒါပေမဲ့ ငါ အိပ်ရာထဲကထွက်ပြီး ငါ့ရဲ့အင်္ကျီကို ကောက်ဝတ်လိုက်တယ်။ ပြီးတော့ သူ့ကို ထွက်သွားဖို့နဲ့ နောက် ဘယ်တော့မှ ပြန်မလာဖို့ ပြောလိုက်တယ်။ သူ ငါ့ကို လှမ်းကြည့်နေခဲ့တယ်။ သူ့မျက်လုံးတွေဟာ လုံးဝကို ပြားချပ်နေခဲ့တယ်။

တခါမှ အဲဒီလို မမြင်ဖူးဘူး။ အဲ့ဒီမျက်လုံးတွေဟာ ဘုတ်ပြားပေါ်မှာ ရေးဆွဲခံထားရသလိုပဲ။ အတိမ်အနက် မရှိဘူး။ သူ ငါ့ကို ခဏလောက် ကြည့်ပြီးတဲ့နောက် ဘာစကားမှ မပြောတော့ဘဲ သူ့အဝတ်အစားတွေကို ပြန်စုယူလိုက်တယ်။ တတ်နိုင်သမျှ ဖြည်းဖြည်းချင်းပဲ ပြန်ဝတ်နေတယ်။ သူ ငါ့ကို အလှဝတ်ပြနေသလိုပုံစံပေါ့။ နောက်တော့ စန္ဒရားရှိတဲ့အခန်းကို ပြန်သွားပြီး သူ့အိတ်ထဲက ဘီးကိုထုတ်ယူပြီး ဆံပင်တွေကို ပြန်ဖြီးနေတယ်။ သူဟာ ဆံပင်ဖြီးပြီးတဲ့နောက် သူ့နှုတ်ခမ်းထောင့်က ယိုစီးကျနေတဲ့ သွေးတွေကို လက်ကိုင်ပဝါနဲ့ သုတ်လိုက်တယ်။ ပြီးတော့ သူ့ရဲ့ရှူးဖိနပ် ပြန်စီးပြီး ထွက်သွားတော့တယ်။ သူ ထွက်သွားခါနီးမှာ "ဆရာမလည်း လက်စဘီယန်တယောက်ပါပဲ။ တကယ်ပါ။ ပုန်းဖုက်ထားလို့တော့ ရကောင်းရမယ်။ ဒါပေမဲ့ သေတဲ့အထိ လက်စဘီယန်တယောက် ဖြစ်နေတော့မှာပါ" လို့ ပြောသွားခဲ့တယ်။"

"အဲဒီလို ပြောခဲ့သလား" လို့ ကျွန်တော် မေးလိုက်တယ်။

ရီကိုဟာ သူ့နှုတ်ခမ်းကို ကွေးညွတ်ပြီး ခဏလောက် စဉ်းစားနေတယ်။

"ဟုတ်တယ်။ ငါ လက်စဘီယန် ဟုတ်မဟုတ်တော့ မသိဘူး။ သူနဲ့အတူနေခဲ့တာကို ငါ့ယောကျ်ားနဲ့ အတူနေတာထက် ပိုသဘောကျမိတာတော့ အမှန်ပဲ။ ဒါပေမဲ့ သူ့ရဲ့မေးခွန်းကို ပြန်စဉ်းစားမိတိုင်း နာကျင်မိပါတယ်။ ငါဟာ သဘောတရားအရတော့ လက်စဘီယန်တယောက် ဖြစ်ကောင်း ဖြစ်နိုင်တယ်။ ငါ့ကိုယ်ငါ လက်စဘီယန်တယောက်လို့တော့ အခုချိန်ထိ သတိမထားမိသေးပါဘူး။ ငါ့မှာ လက်စဘီယန်လိုစိတ်မျိုး မရှိဘူးလို့ ငါပြောတာတော့ မဟုတ်ပါဘူး။ ငါ့မှာ ရှိကောင်း ရှိပါလိမ့်မယ်။ ဒါပေမဲ့ လက်စဘီယန်တယောက် မဟုတ်ပါဘူး။ ငါ မိန်းမတယောက်ကိုကြည့်ရင် အဲဒီစိတ်မျိုး မရှိပါဘူး။ ငါဆိုလိုတာကို သဘောပေါက်တယ် မဟုတ်လား။

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"တချို့မိန်းကလေးတွေက ငါ့ကို အဲဒီလို သဘောမျိုးနဲ့ တုန့်ပြန်တတ်ကြတယ်။ အဲ့ဒီလို ဖြစ်လာရင်တော့ ငါ ခံစားမိတယ်။ အဲ့ဒီလိုအချိန်မျိုးမှာမှ ငါ့စိတ်တွေ အဲ့ဒီလိုဖြစ်တာ။ ဒါပေမဲ့ နာအိုကိုကို ငါ ပွေ့ဖက်ထားရင် ဘာစိတ်မျိုးမှ မဖြစ်ဘူး။ ငါတို့နှစ်ယောက်ဟာ အရမ်းပူတဲ့ နေ့တွေဆိုရင် တိုက်ခန်းထဲမှာ အဝတ်အစားတွေချွတ်ပြီး လမ်းလျှောက်ရင် လျှောက်နေကြတယ်။ ရေချိုးရင်လည်း အတူတူပဲ။ တခါတလေဆိုရင် ငါတို့နှစ်ယောက် တခုတင်ထဲတောင် အိပ်တတ်သေးတာပဲ။ ဒါပေမဲ့ ဘာမှမဖြစ်ပါဘူး။ ငါ ဘာမှမခံစားရပါဘူး။ နာအိုကိုရဲ့ခန္ဓာကိုယ်ဟာ

လှတယ်ဆိုတာလောက်ပဲ ဖြစ်မိတယ်။ နာအိုကိုနဲ့ ငါဟာ တခါတလေကျရင် တယောက်ကို တယောက် နောက်နေတတ်ကြတယ်။ ငါတို့ကိုယ်ငါတို့ လက်စဘီယန်တွေလို့ ယုံလာအောင်လည်း လုပ်တတ်ကြတယ်။ အဲ့ဒီအကြောင်းတွေ ကြားချင်သလား”

“အင်း… ကြားချင်ပါတယ်”

“ငါ ဒီအကြောင်းတွေကို နင့်ကိုပြောသလို သူ့ကို ပြောဖူးတယ်။ ငါတို့နှစ်ယောက်က တယောက်အကြောင်း တယောက် အကုန်ပြောပြတတ်တယ်လေ။ နာအိုကိုက စမ်းကြည့်သေးတယ်။ ငါတို့နှစ်ယောက်စလုံး အဝတ်အစားတွေချွတ်ပြီး ငါ့ကို ပွတ်သပ်ကိုင်တွယ်ပေးတယ်။ ဒါပေမဲ့ အလုပ်မဖြစ်ပါဘူး။ ရယ်ဖို့ပဲ ကောင်းခဲ့တယ်။ ငါ အသက်ထွက်လုမတတ်အောင် ရယ်ခဲ့ရတယ်။ အဲ့ဒီအကြောင်း စဉ်းစားမိတိုင်း ငါရယ်ချင်တယ်။ နာအိုကိုဟာ တော်တော့်ကို အူကြောင်ကြောင် နိုင်တဲ့ ကောင်မလေးပဲ။ ငါတို့အကြောင်းကြားရလို့ နင်လည်း ဝမ်းသာလိမ့်မယ်ထင်တယ်”

“ဟုတ်တယ်”

“အင်း အဲဒီလိုဖြစ်ခဲ့ပါတယ်” လို့ ရီကိုဟာ သူ့ရဲ့လက်ချောင်းနဲ့ မျက်ခုံးနားကိုကုတ်ပြီး ပြောပါတယ်။ “အဲဒီကောင်မလေး ငါ့အိမ်ကနေ ပြန်ထွက်သွားတော့ ငါ ခုံတလုံးမှာထိုင်ပြီး တိတ်တိတ်ဆိတ်ဆိတ် နေလိုက်မိတယ်။ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားနေမိတယ်။ ငါ့ခန္ဓာကိုယ်ရဲ့အတွင်းပိုင်း နှလုံးသားထဲက ရင်ခုန်သံတွေကို ပြန်ကြားနေရတယ်။ ငါ့ခြေတွေလက်တွေဟာ လေးလံနေတယ်။ ငါ့ပါးစပ်ကလည်း ငါဟာ ပိုးကောင်တကောင် စားထားမိသလို ဖြစ်နေမိတယ်။ ပါးစပ်တခုလုံး ခြောက်ကပ်နေပါတယ်။ ငါ့သမီး ပြန်လာတော့မယ်ဆိုတဲ့ အသိရလာတာကြောင့် ရေချိုးခန်းထဲ သွားလိုက်မိတယ်။ ခုနက ကောင်မလေး ငါ့ကိုထိပြီး နမ်းရှိုက်ခဲ့တဲ့နေရာတွေကို ငါ ဆေးကြောချင်တယ်။ ငါ ဆပ်ပြာနဲ့ နေရာအနှံ့ လိုက်ဆေးမိတယ်။ ဒါပေမဲ့ သူထားရစ်ခဲ့တဲ့ ပါးလျလျ ခံစားမှုတွေဟာ ဘယ်လိုမှ မပျောက်နိုင်ခဲ့ဘူး။ ငါဟာ အဲ့ဒီအတွေးကိုလည်း ဖျောက်လို့မရဘူး။ အဲ့ဒီညမှာ ငါ့ယောကျ်ားကို အတူနေဖို့ ငါပြောခဲ့တယ်။ နေ့လယ်တုန်းက ကောင်မလေးထားခဲ့တဲ့ ခံစားမှုတွေကို ဖယ်ရှားနိုင်ဖို့ပေါ့။ ငါသူ့ကို ဘာမှမပြောပါဘူး။ ငါ သူ့ကို ဖြည်းဖြည်းချင်းနဲ့ အချိန်ပိုယူဖို့ပဲ ပြောခဲ့တယ်။ သူကလည်း ငါပြောသလို လုပ်ပါတယ်။ သူဟာ အသေးစိတ် အကုန်လုံးကို အာရုံစူးစိုက်လုပ်တယ်။ သူ အချိန်အတော်ကို ကြာခဲ့တယ်။ ငါတို့ အိမ်ထောင်သက်တမ်းတလျှောက် မရဖူးတဲ့ ခံစားမှုမျိုး အဲ့ဒီညမှာ ရခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးရဲ့လက်ချောင်းတွေရဲ့အထိအတွေ့ဟာ ငါ့ခန္ဓာကိုယ်ထဲမှာ ရှိနေလို့ပါပဲ။

“ဒါပေမဲ့ အဲဒီညကတော့ ရှက်ဖို့တော့ကောင်းပါတယ်။ ငါ သူ့ကို အတူနေဖို့ တောင်းဆိုတော့ ငါရှက်ပြီး ချွေးတွေ ရွှဲနေခဲ့ပါတယ်” လို့ ရီကိုက ပြုံးပြီး ပြောပါတယ်။

ဒါပေမဲ့လည်း အဆင်မပြေပါဘူး။ နှစ်ရက် သုံးရက်ကြာတဲ့အထိ ကောင်မလေးရဲ့အထိအတွေ့ တွေဟာ ငါ့ဆီမှာ ရှိနေသေးတယ်။ သူ နောက်ဆုံးပြောသွားတဲ့ စကားတွေကလည်း ငါ့နားထဲမှာ ပဲ့တင်ထပ်ပြီး ကြားနေရတယ်။

“နောက်တပတ် စနေနေ့မှာ သူမလာတော့ပါဘူး။ ငါ သူ့ကို စောင့်ဆိုင်းရင်း ရင်တွေ တဒိတ်ဒိတ် ခုန်နေခဲ့ပါတယ်။ သူ ရောက်လာရင် ငါ ဘာများလုပ်ရမလဲလို့ တွေးနေမိခဲ့တယ်။ ငါ ဘာကိုမှ အာရုံစိုက်လို့ မရတော့ဘူး။ သူလည်း ရောက်မလာပါဘူး။ သူဟာ မာနကြီးတဲ့ ကောင်မလေးမျိုးပါ။ သူ ငါ့ကို မရခဲ့လို့ စိတ်ဆိုးသွားလောက်ပါတယ်။ နောက်တပတ်လည်း သူ ဆက်မလာပါဘူး။ အဲဒီနောက်ပိုင်း သူဆက်မလာတော့ပါဘူး။ အချိန် အနည်းငယ်ကြာခဲ့ရင် သူနဲ့ဖြစ်ခဲ့တာတွေကို မေ့သွားနိုင်လိမ့်မယ်လို့တော့ ငါထင်ခဲ့ပါတယ်။ ဒါပေမဲ့ ငါ လုံးဝကိုမေ့လို့မရတော့ဘူး။ ငါ အိမ်မှာ တယောက်တည်း နေချိန်တွေဆိုရင် သူရောက်နေသလို ငါ့အာရုံကြောတွေဟာ ခံစားနေရတယ်။ ငါ စန္ဒရားလည်း တီးလို့မရဘူး။ ငါ ဘာကိုမှလည်း စဉ်းစားလို့ မရဘူး။ ပထမတလလုံး ငါ ဘာမှ မလုပ်နိုင်ဘူး။ တနေ့မှာတော့ ငါ အိမ်ကအပြင်ထွက်လာတိုင်း တခုခုတော့ မှားနေပြီဆိုတာ ငါ နားလည်လာခဲ့တယ်။ လူတွေက ငါ့ကို ပုံမှန်မဟုတ်တဲ့ပုံစံမျိုးနဲ့ ကြည့်တယ်။ သူတို့တွေရဲ့ မျက်ဝန်းတွေထဲမှာ ငါနဲ့ တိကျတဲ့ အကွာအဝေးတွေ ရှိနေတယ်။ သူတို့တွေဟာ ငါ့ကိုတွေ့ရင် ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်ကြပေမယ့်လို့ သူတို့တွေရဲ့အသံတွေနဲ့ အပြုအမူတွေကတော့ အရင်လို မဟုတ်တော့ပါဘူး။ အရင်တုန်းက ငါ့အိမ်ကို မကြာခဏ လာလည်တတ်တဲ့ အိမ်နီးချင်းမိန်းမဟာလည်း ငါ့ကို ရှောင်နေသလိုပါပဲ။ အဲဒီကိစ္စတွေအတွက်နဲ့ ငါ့ကိုယ်ငါ စိတ်မရှုပ်ထွေးအောင် ကြိုးစားခဲ့ပါတယ်။ အဲဒါတွေကို စသတိထားမိတော့ နေမကောင်းတဲ့ အရိပ်လက္ခဏာတွေပဲ ပြန်ပေါ်လာပါတယ်။

“တနေ့မှာတော့ အိမ်နီးချင်းမိန်းမတယောက် ငါ့ဆီကို လာလည်ပါတယ်။ သူနဲ့ငါ ရွယ်တူပါပဲ။ သူ့အမေနဲ့ ငါ့အမေနဲ့ကလည်း ရင်းနှီးပါတယ်။ မူကြိုတက်နေတဲ့ ငါ့သမီးနဲ့ သူ့ကလေးဟာလည်း ရွယ်တူပါပဲ။ ငါတို့နှစ်ယောက် အတော်ရင်းနှီးကြပါတယ်။ သူ ငါ့ဆီကိုရောက်တော့ အပြင်မှာ ထွက်နေတဲ့အတင်းတွေဟာ တကယ်ပဲလားလို့ မေးနေပါတယ်။ ငါ မသိဘူးလို့ ပြောလိုက်ပါတယ်။

“ဘယ်လိုအတင်းမျိုးလဲ” လို့ ငါမေးခဲ့တယ်။

"ငါ ပြောတောင်မထွက်လောက်အောင်ပါပဲဟာ။ အရမ်းဆိုးတာပဲ" လို့ သူက ပြောတယ်။

"ထားပါတော့။ ဒီတောင်ရောက်လာပြီပဲ။ ငါ့ကို ပြောပြပါ"

"သူ ငါ့ကို မပြောဖို့ ငြင်းသေးပေမယ့် နောက်ဆုံးတော့ ပြောပြခဲ့ပါတယ်။ သူဟာ ငါ့ကို သူကြားတာပြောဖို့ ရည်ရွယ်ချက်နဲ့ ရောက်လာတာဆိုတော့ ပြောပြတာပေါ့။ သူ့စကားအရ ငါဟာ လူမသိသူမသိ လက်စဘီယန်တယောက်လို့ လူတွေပြောနေကြောင်း သိခဲ့ရတယ်။ ပြီးတော့ စိတ်ကုဆေးရုံကိုလည်း ဝင်ချီထွက်ချီပဲလို့ ပြောနေကြတယ်တဲ့။ လူတွေက ငါဟာ စန္ဒရား တပည့်တွေကို ဝတ်လစ်စလစ် ချွတ်ပြတတ်တယ် ပြောနေကြတယ်ဆိုတာ သိလာရတယ်။ ငါ ဟိုကောင်မလေးကို အဲ့ဒီလိုလုပ်ဖို့ ကြိုးစားခဲ့တယ်လို့ ပြောနေကြပြီး သူငြင်းတော့ သူ့ပါးကို ငါ ရိုက်ခဲ့တယ်လို့ ပြောနေကြတယ်။ အဲ့ဒီအတင်းဟာ အပြင်မှာ တော်တော်ပြန့်နေတယ်လို့ ပြောကြတယ်။ ဒါပေမဲ့ ငါအံ့ဩမိတာကတော့ သူတို့ ငါ ဆေးရုံတက်ခဲ့ရတာကို ဘယ်လိုသိခဲ့သလဲ ဆိုတာကိုပဲ။

"ငါ့သူငယ်ချင်းက လူတွေကို ငါနဲ့ သူ ခင်တာ အတော်ကြာပြီဖြစ်တဲ့အကြောင်းနဲ့ ငါဟာ အဲ့ဒီလို မဟုတ်ဘူးဆိုတာကို ပြောပြတယ်လို့ ဆိုတယ်။ ကောင်မလေးတွေရဲ့မိဘတွေကလည်း သူ့သမီး ပြောတာကို အဟုတ်ထင်ပြီး လူတွေကို လိုက်ပြောနေကြတယ်။ သူတို့ ငါ့နောက်ကြောင်းကို စုံစမ်းခဲ့ကြလို့ ငါ ဆေးရုံတက်ခဲ့ဖူးတာကို သိခဲ့တာလို့ သိရတယ်။

"ငါ့ သူငယ်ချင်းကြားလာကတော့ ကောင်မလေးဟာ ငါ့ အိမ်ကနေ စန္ဒရားသင်ပြီး ပြန်သွားတော့ သူ့မျက်နှာဟာ ဖောင်းပွနေပြီး နှုတ်ခမ်းမှာလည်း သွေးတွေထွက်နေခဲ့တယ်လို့ ဆိုတယ်။ ပြီးတော့ သူ့ဘလောက်စ်အင်္ကျီမှာလည်း ကြယ်သီးတလုံး ပြုတ်နေခဲ့ပြီး သူ့အတွင်းခံဘောင်းဘီတွေလည်း စုတ်ဖြဲခံခဲ့ရတယ်လို့ သိရတယ်။ မင်းယုံနိုင်မလားတော့ မသိဘူး။ သူဟာ ဇာတ်လမ်းဆင်ဖို့အတွက် အဲဒီလိုလုပ်ခဲ့တာပဲ။ သူဟာ သူ့ရဲ့ဘလောက်စ်အင်္ကျီပေါ်မှာသွေးတွေသုတ်မယ်။ ကြယ်သီးတွေလည်း ဖြုတ်မယ်၊ ဘရာစီယာကို စုတ်ဖြဲမယ်။ သူ့မျက်လုံးတွေ နီရဲလာတဲ့အထိ ငိုခဲ့လိမ့်မယ်။ ပြီးတော့ သူ့ဆံပင်တွေကို ဖွာလန်ကြဲအောင်လုပ်ပြီး သူ့အမေ့ကို မုသားတွေ ပြောခဲ့လိမ့်မယ်ဆိုတာ ငါ မြင်ယောင်ကြည့်လို့ ရပါတယ်။

"သူပြောတာတွေကို ယုံတဲ့အတွက် ငါ လူတွေကို အပြစ်မတင်ပါဘူး။ ငါကိုယ်တိုင်လည်း သူ့ကို ယုံကြည်ခဲ့ဖူးတာပဲ။ မိစ္ဆာလျှာရှိတဲ့ ကောင်မလေးရဲ့စကားတွေကိုပေါ့။ သူ အိမ်ကို ငိုပြီး ပြန်သွားတယ်။

အိမ်ပြန်ရောက်တော့ ရှက်လွန်းလို့ ဘယ်သူ့ကိုမှ စကားမပြောခဲ့ဘူးတဲ့။ နောက်တော့မှ အကုန်လုံး ပြောပြခဲ့တာတဲ့။ လူတွေကတော့ သူ့ကို ယုံခဲ့ကြပါတယ်။ ပြီးတော့ ပိုဆိုးတာက ငါဟာ စိတ်ကုဆေးရုံ တက်ခဲ့ဖူးတာဆိုတော့ သူ့မျက်နှာကို ငါ ရိုက်လိုက်တာလဲ ဖြစ်နိုင်တာပေါ့။ ဘယ်သူကများ ငါ့ကို ယုံမှာလဲ။ ငါ့ယောက်ျားတောင်မှ ယုံပါမလားမသိဘူး။”

“နောက်ထပ် ရက်အနည်းငယ်ကြာတော့ ငါ့ယောက်ျားကို ဖွင့်ပြောသင့်၊ မပြောသင့်ဆိုတဲ့ မေးခွန်းနဲ့ ငါ အလုပ်ရှုပ်နေခဲ့တယ်။ နောက်တော့ ငါ သူ့ကို ပြောပြလိုက်ပါတယ်။ သူကလည်း ငါ့ကို ယုံပါတယ်။ အဲဒီနေ့တုန်းက ဖြစ်ခဲ့တာမှန်သမျှကို တလုံးမကျန် သူ့ကို ငါပြောခဲ့ပါတယ်။ ပြီးတော့ ငါ သူ့မျက်နှာကို ဆွဲလှန်လိုက်တာကိုလည်း ပြောဖြစ်တယ်။ ဒါပေမဲ့ ငါ ဘယ်လိုခံစားခဲ့ရသလဲ ဆိုတာကိုတော့ မပြောမိခဲ့ပါဘူး။ သူ့ကို ငါပြောလို့လည်း မဖြစ်ပါဘူး။ ဘာပဲဖြစ်ဖြစ် သူဒေါသထွက်သွားပြီး အဲ့ဒီကောင်မလေးရဲ့မိသားစုနဲ့ သွားတွေ့မယ်လို့ ပြောပါတယ်။ သူက ပြောတယ်။ “ဘာပဲပြောပြော မင်းက အိမ်ထောင်ရှင်မိန်းမလေ မင်းက ငါ့ကို လက်ထပ်ထားတယ် လေ။ ပြီးတော့ မင်းက အမေတယောက်လေ။ မင်း လက်စဘီယန်ဖြစ်စရာ အကြောင်း တစက်မှ မရှိဘူး။ တော်တော်ရယ်ရတဲ့ ဟာသပဲ”

“ငါ သူ့ကို ဟိုကောင်မလေးအိမ် မသွားခိုင်းခဲ့ပါဘူး။ သူ သွားရင်လည်း အခြေအနေက ပိုဆိုးသွားနိုင်တာပေါ့။ ဟိုကောင်မလေး နေမကောင်းဖြစ်တာကိုပဲ ငါ သိခဲ့တယ်။ အဲဒီလို နေမကောင်းဖြစ်တဲ့ လူရာပေါင်းများစွာကို ငါ မြင်ဖူးပြီးသားပဲ။ အဲဒီ ကောင်မလေးဟာ စိတ်အတွင်းပိုင်းမှာ တခုခု ဖြစ်နေတာ သူ့ရဲ့လှပတဲ့အရေပြားကို ခွာကြည့်လိုက်မယ်ဆိုရင် အထဲမှာ ပုပ်သိုးနေတဲ့ အသားတွေကို တွေ့ရမှာပါ။ တော်တော့်ကို ပြောရခက်တဲ့ အခြေအနေမျိုးပါ။ ဒါပေမဲ့ အမှန်တကယ်ပါပဲ။ သာမန်လူတွေဟာ အဲဒီကောင်မလေးနဲ့ ပတ်သက်တဲ့ အမှန်ကို နားလည်နိုင်မှာ မဟုတ်ဘူး။ ငါတို့ဘက်က အနိုင်ရစရာ တစက်မှ မရှိဘူး။ အဲဒီကောင်မလေးဟာ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ အရွယ်ရောက်ပြီးလူတွေရဲ့ စိတ်ခံစားမှုကို လိုသလို၊ ကြိုးကိုင်နိုင်တဲ့အစွမ်း ရှိတယ်လေ။ ငါတို့ဘက်က ဘယ်လိုမှ သက်သေပြနိုင်မှာ မဟုတ်ဘူး။ ပထမဆုံး အသက် ၁၃ နှစ်အရွယ် ကောင်မလေးက အသက် ၃၀ ကျော်အရွယ် အမျိုးသမီးကို လိင်တူဆက်ဆံဖို့ ထောင်ချောက်ဆင်ခဲ့တယ်ဆိုတာ ဘယ်သူက ယုံမှာလဲ။ ငါတို့ ဘယ်လိုပဲပြောပြော လူတွေဟာ သူတို့ ယုံချင်တာကိုပဲ ယုံမှာ။ ငါတို့ဘက်က ကြိုးစားလေ ငါတို့ကိုပဲ ပိုမယုံလေ ဖြစ်မှာပဲ။

“ငါတို့ဘက်က လုပ်နိုင်တာက တခုပဲရှိတယ်။ အဲ့ဒါက အိမ်ပြောင်းဖို့ပဲလို့ ငါ့ယောက်ျားကို ပြောခဲ့တယ်။ ဒီပတ်ဝန်းကျင်မှာ ဆက်ကြာကြာနေရင်

ငါ့စိတ်တွေဟာ ဖိစီးပြီး ရောဂါ ပြန်ဖြစ်လိမ့်မယ်။ ရောဂါက စတော့စနေခဲ့ပါပြီ။ ငါတို့ အဲဒီနေရာကနေ ပြောင်းသွားပြီး ဘယ်သူမှ ငါတို့ကို မသိတဲ့နေရာကို ပြောင်းခဲ့တယ်။ ငါ့ယောကျ်ားကတော့ မပြောင်းချင်ခဲ့ပါဘူး။ သူ့ရဲ့ လက်ရှိ အလုပ်ကိုလည်း သူသဘောကျတယ်။ ပြီးတော့ အိမ်တလုံးကိုလည်း ပိုင်အောင် သူ ကြိုးစားလာခဲ့ပြီးပြီ။ ငါ့သမီးကလည်း ကျောင်းတက်နေရတာ အဆင်ပြေနေတယ်။ သူက ငါ့ကို ပြောတယ်။ "ခဏတော့ စောင့်ပါဦးကွာ။ ငါတို့ ပြောင်းဖို့ မလွယ်သေးပါဘူး။ အခုလို အလုပ်မျိုးရဖို့ ဘယ်လွယ်ပါ့မလဲ။ ငါတို့ ဒီအိမ်ကို ရောင်းရဦးမယ်။ ပြီးတော့ ကလေးအတွက် အဆင်ပြေမယ့် ကျောင်းကိုလည်း ရှာရဦးမယ်။ အနည်းဆုံး နောက်ထပ် အချိန်နှစ်လတော့ ယူရလိမ့်ဦးမယ်"လို့ သူက ပြောခဲ့တယ်။

"နောက်နှစ်လ မစောင့်နိုင်တော့ဘူး။ ငါ့ဘဝကြီး အဆုံးသတ်သွားလိမ့်မယ်။ နောက်နေတာ မဟုတ်ဘူး။ ငါ့ကိုယုံပါ။ ငါပြောနေတဲ့စကားရဲ့အဓိပ္ပာယ်ကို ငါသိတယ်" လို့ ငါ သူ့ကို ပြောခဲ့တယ်။ ငါ့ရဲ့ရောဂါလက္ခဏာတွေလည်း ပြန်ပြစပြုနေပြီ။ ငါ့နားထဲမှာ အသံတွေ ပြန်ကြားလာရတယ်။ ငါ အိပ်လို့မရတော့ဘူး။ သူက ငါ့ကို တနေရာရာမှာ အရင် တယောက်တည်းသွားနေဖို့ အကြံပြုပါတယ်။ နောက်ကနေ လိုအပ်တာတွေ စီမံပြီး သူ လိုက်ခဲ့မယ်လို့ ပြောပါတယ်။

"မရဘူး။ ဘယ်နေရာကိုမှ တယောက်တည်း သွားလို့ရမှာ မဟုတ်ဘူး။ နင်မရှိရင် ငါ တစစီဖြစ်သွားလိမ့်မယ်။ ငါ နင့်ကိုလိုအပ်တယ်။ ကျေးဇူးပြုပြီး ငါ့ကို တယောက်တည်း မထားခဲ့ပါနဲ့" လို့ ငါ ပြောခဲ့တယ်။

"သူက ငါ့ကို ပွေ့ဖက်ပြီး နောက်တလလောက်တော့ နေပေးပါဦးလို့ တောင်းပန်ခဲ့တယ်။ သူ အားလုံးအဆင်ပြေအောင် လုပ်ပါမယ်လို့ ပြောတယ်။ သူ့အလုပ်ကနေ ထွက်မယ်။ အိမ်ရောင်းပြီး ကလေးအတွက် ကျောင်းအသစ်ရှာမယ်။ ပြီးတော့မှ အလုပ်ထပ်ရှာမယ်လို့ သူပြောပါတယ်။ သူ ဩစတြေးလျကို ပြောင်းရွှေ့ အလုပ်လုပ်ခွင့်ရနိုင်တဲ့ အခွင့်အလမ်း ရှိတယ်လို့လည်း ပြောပါတယ်။ အဲဒီတော့ အချိန်တလလောက် စောင့်လိုက်ရင် အားလုံးအဆင်ပြေသွားမယ်လို့ ပြောပါတယ်။ ငါ သူ့ကို ငြင်းဖို့ကြိုးစားရင်း ပိုပြီး အထီးကျန်လာတယ်။

ရီကိုဟာ သက်ပြင်းချလိုက်ပြီး မျက်နှာကြက်က မီးကို လှမ်းကြည့်နေတယ်။

"ငါ တကယ် နောက်တလ ထပ်မစောင့်နိုင်တော့ပါဘူး။ တနေ့မှာ ငါ့ရောဂါဟာ ပြန်ပေါ်လာပါတယ်။ တော်တော် ဆိုးဆိုးရွားရွား ဖြစ်လာပါတယ်။ ငါဟာ အိပ်ဆေးတွေသောက်ပြီး ဂတ်စ်မီးဖိုကိုလည်း ဖွင့်ထားခဲ့တယ်။ အိပ်ရာက နိုးလာတော့ ဆေးရုံခုတင်ပေါ်ကို ရောက်နေပြီ။ အားလုံး ပြီးဆုံးသွားခဲ့ပါပြီ။ ငါ

လအနည်းငယ်လောက်ကြာလို့ စဉ်းစားနိုင်လောက်တဲ့အချိန် ပြန်ရောက်လာတော့ ငါ့ယောက်ျားကို ငါ့ကို ကွာဖို့ ပြောခဲ့ပါတယ်။ ငါ့ကို ကွာတာဟာ သူ့အတွက်ရော၊ သမီးအတွက်ပါ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ပြောခဲ့တယ်။ သူက ငါ့ကို ကွာဖို့ ရည်ရွယ်ချက် မရှိဘူးလို့ ပြောခဲ့တယ်။ "ငါတို့ အားလုံး အသစ်က ပြန်စလို့ရမှာပါ။ ငါတို့ သုံးယောက် နေရာသစ်တခုကို သွားကြမယ်လေ" လို့ သူက ပြောခဲ့တယ်။

"အရမ်းနောက်ကျသွားပါပြီ။ ငါ့ကို အချိန်တလ စောင့်တဲ့ အချိန်ကတည်းက အားလုံးပြီးဆုံးသွားခဲ့ပြီ။ ငါ့ကို အသစ်က ပြန်စစေချင်ခဲ့ရင် တလစောင့်ဖို့ မပြောခဲ့သင့်ဘူး။ အခုတော့ ဘယ်လောက်ဝေးတဲ့ နေရာပဲဖြစ်ဖြစ် ထပ်သွားလည်း ဘာမှမထူးတော့ပါဘူး။ ဒီလိုပဲ ထပ်ဖြစ်နေဦးမှာပဲ။ အဲဒီလိုမျိုး နေရာပြောင်းဖို့ ထပ်တောင်းဆိုရင်လည်း နင်ပဲ နာကျင်ရမှာပါ။ ငါ ထပ်မလုပ်ချင်တော့ပါဘူး။

"အဲဒီလိုနဲ့ပဲ ငါတို့ ကွာရှင်းခဲ့ကြတယ်။ တဖက်ကပြောရင် သူ့ကို ကွာခဲ့တာပေါ့။ နောက် ၁၀ နှစ်လောက်ကြာတော့ သူ နောက်အိမ်ထောင် ထပ်ပြုတယ်။ သူ ငါ့ကို ကွာခဲ့တဲ့အတွက် အခုချိန်ထိလည်း ဝမ်းသာနေတုန်းပါပဲ။ ငါဟာ ဒီလိုမျိုးနဲ့ပဲ တဘဝလုံး ဆက်လက် ဖြတ်သန်းသွားတော့မှာပါ။ ဘယ်သူ့ကိုမှလည်း ဆွဲမခေါ်ချင်တော့ပါဘူး။ ဘယ်သူ့ကိုမှလည်း ငါ အချိန်မရွေး ပြန်စိတ်ဖောက်မှာကို ကြောက်ရွံ့တဲ့စိတ်မျိုး မရှိစေချင်ပါဘူး။

"သူဟာ ငါ့အပေါ် အရမ်းကောင်းခဲ့ပါတယ်။ စံပြယောက်ျားတယောက်ပါပဲ။ သစ္စာရှိတယ်။ ကြံ့ခိုင်ပြီး စိတ်လည်းရှည်တယ်။ အပြည့်အဝ ယုံလို့ရတဲ့ လူတယောက်ပါပဲ။ သူ ငါ့ကို ဆေးကုဖို့ တတ်နိုင်သမျှ ဘာမဆို လုပ်ခဲ့တယ်။ ငါလည်း ဆေးကုခံခဲ့ပါတယ်။ သူ့အတွက်ရော သမီးလေးအတွက်ရောပေါ့။ ငါ ပြန်ကောင်းလာလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ သူနဲ့လက်ထပ်ပြီး ခြောက်နှစ်တာအတွင်း ငါ ပျော်ပျော်ရွှင်ရွှင် နေခဲ့ရတယ်။ ၉၉ ရာခိုင်နှုန်း ပျော်ခဲ့ရပါတယ်။ ကျန်တဲ့ တစ် ရာခိုင်နှုန်းကတော့ အရူးရောဂါပါပဲ။ ငါတို့ တည်ဆောက်ခဲ့တာတွေအားလုံး ခဏအတွင်း ပြိုကွဲသွားတယ်။ တစ်စက္ကန့်လောက်အတွင်းမှာ အားလုံး ပျက်စီးသွားခဲ့တယ်။ အဲ့ဒီလိုဖြစ်အောင် လုပ်သွားတာက ဟိုကောင်မလေးပဲလေ။

ရီကိုဟာ စီးကရက်ဖင်စီခံတွေကို ကောက်စုပြီး အားလုံးကို သံဗူးတဗူးထဲ ထည့်လိုက်ပါတယ်။

"တကယ့်ကို စိတ်ပျက်စရာ ဇာတ်လမ်းပါပဲ။ ငါတို့တွေဟာ ငါတို့ကမ္ဘာကို တည်ဆောက်ဖို့ အုတ်ခဲ တခဲချင်းစီနဲ့ အရမ်း အရမ်းကြိုးစားပြီး တည်ဆောက်ခဲ့ရတယ်။ ပြိုလဲပျက်စီးသွားတဲ့အခါမှာလည်း ဘာမှ မကျန်တော့ပြန်ဘူး"

ရီကိုဟာ မတ်တပ်ထရပ်လိုက်ပြီး ဘောင်းဘီအနက်ထဲကို လက်ထည့်ထားလိုက်ပါတယ်။

"ပြန်ကြရအောင် နောက်ကျနေပြီ"

ကောင်းကင်ဟာ ပိုမှောင်မည်းလာတယ်။ တိမ်တွေကလည်း အရင်ကထက် ပိုထူထပ်လာသလိုပဲ။ လကို မမြင်ရတော့ဘူး။ အခုတော့ ကျွန်တော်လည်း ရီကိုလိုပဲ မိုးရွာမယ့်အနံ့ကို ရလာပါတယ်။ ပြီးတော့ ကျွန်တော့်လက်ထဲမှာကိုင်ထားတဲ့ အိတ်ထဲက စပျစ်သီးနံ့တွေလည်း ရနေပါတယ်။

"အဲဒါတွေကြောင့် ငါ ဒီနေရာက မထွက်ချင်တာပါ။ ငါ ဒီကနေထွက်ပြီး အပြင်လောကထဲ ဝင်ရမှာကို အရမ်းကြောက်တယ်။ လူအသစ်တွေ၊ ခံစားချက်အသစ်တွေနဲ့ ထပ်တွေ့ရမှာကို ငါကြောက်တယ်"

"ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ ရီကို လုပ်နိုင်လိမ့်မယ်လို့တော့ ထင်ပါတယ်။ အပြင်ကို ပြန်သွားသင့်တယ်လို့ ကျွန်တော်ထင်တယ်"

ရီကိုဟာ ပြုံးပဲပြုံးသွားတယ်။ ဘာစကားမှ ထပ်မပြောတော့ဘူး။

※※※

နာအိုကိုဟာ ဆိုဖာပေါ်မှာ စာအုပ်တအုပ်နဲ့ ထိုင်နေပါတယ်။ သူ့ခြေထောက်တွေကို ချိတ်ထားပြီး စာအုပ်ကို အာရုံစိုက်ဖတ်နေတယ်။ လက်တဖက်ကတော့ သူ့နားထင်ကို သူပြန်ကိုင်ထားတယ်။ သူ့ရဲ့လက်ချောင်းတွေကနေတဆင့် သူဖတ်နေတဲ့စာအုပ်ထဲက စကားလုံးတိုင်းဟာ သူ့ဦးနှောက်ထဲကို ရောက်သွားသလိုပါပဲ။ ခေါင်မိုးပေါ်မှာ တဖြိုးဖြိုး တဖျောက်ဖျောက် ကျနေတဲ့ မိုးရေစက်တွေရဲ့အသံကို ကြားနေရပါတယ်။ ရီကိုနဲ့ စကား အကြာကြီးပြောပြီးတဲ့နောက် နာအိုကိုရဲ့ ငယ်ရွယ်ပျိုမြစ်မှုကို ကျွန်တော် ပြန်ပြီး သတိထားမိပါတယ်။

"နောက်ကျသွားတဲ့အတွက် တောင်းပန်ပါတယ်" လို့ ရီကိုက နာအိုကိုခေါင်းကိုကိုင်ပြီး ပြောပါတယ်။

"လမ်းလျှောက်လို့ ကောင်းခဲ့ရဲ့လား" လို့ နာအိုကိုက မေးပါတယ်။

"ကောင်းပါတယ်" လို့ ရီကိုက ပြောတယ်။

"နင်တို့နှစ်ယောက်ထဲ ဘာတွေလုပ်နေခဲ့တာလဲ" လို့ နာအိုကိုက ကျွန်တော့်ကို မေးတယ်။

“မပြောပြဘူး” လို့ ကျွန်တော် ပြန်ဖြေခဲ့တယ်။

နာအိုကိုဟာ ရယ်ပြီး သူ့စာအုပ်ကို ပြန်ချထားလိုက်တယ်။ နောက်တော့ ကျွန်တော်တို့ သုံးယောက်ဟာ မိုးသံတွေနဲ့အတူ စပျစ်သီးတွေ ထိုင်စားနေမိတယ်။

“မိုးသံတွေ ကြားနေရရင် ကမ္ဘာကြီးပေါ်မှာ ငါတို့ပဲ ရှိသလိုလို ခံစားမိရတယ်။ မိုးတွေ အမြဲတမ်း ဒီလိုရွာနေရင် ကောင်းမယ်။ ငါတို့ အမြဲတမ်း အတူတူရှိတာပေါ့” လို့ နာအိုကိုက ပြောတယ်။

“ကောင်းတာပေါ့။ နင်တို့နှစ်ယောက်အတွက် ငါ့နောက်ခံဂီတကို ဂစ်တာနဲ့ တီးပေးနေမှာပေါ့။ နင်တို့ရဲ့ဂီတ ကျွေးကျွန်တယောက်လိုပေါ့”

“ရပါတယ်။ တခါတလေကျရင် သူ့ကိုထားမှာပေါ့” လို့ နာအိုကိုက ရယ်ရင်းပြောတယ်။

“ထားလို့ရတဲ့ အချိန်ကျရင် ပြောပေါ့။ မိုးတွေလည်း ဆက်ပြီး ရွာနေပါစေ” လို့ ရီကိုက ပြောတယ်။

※※※

မိုးဟာ သည်းကြီးမည်းကြီးကို ရွာလို့နေတာပဲ။ မိုးကြိုးတွေလည်း မကြာမကြာ ပစ်လို့နေတယ်။ ကျွန်တော်တို့ စပျစ်သီးတွေ စားလို့ကုန်သွားတော့ ရီကိုဟာ စီးကရက်သောက်ပြီး သူ့အိပ်ရာအောက်က ဂစ်တာကို ပြန်ကောက်ကိုင်လိုက်ပါတယ်။ ပထမဆုံး “Desafinado” နဲ့ “The Girl from Ipanema” ကို တီးပြီးတဲ့နောက် ဘာချာရတ်၊ လင်နွန်နဲ့ မက္ကာသနေတို့ရဲ့ သီချင်းတွေကို တီးပါတယ်။ ရီကိုနဲ့ ကျွန်တော်ဟာ ဝိုင်သောက်လို့ ကုန်သွားတော့ ကျွန်တော်ရဲ့ဘူးလေးထဲမှာ ကျန်သေးတဲ့ ဘရန်ဒီတွေကို ဆက်သောက်ပါတယ်။ နွေးထွေးရင်းနှီးတဲ့ စိတ်ခံစားမှုဟာ ကျွန်တော်တို့သုံးယောက် ညဘက် စကားဝိုင်းထဲမှာ ရောက်ရှိလို့နေပါတယ်။ ကျွန်တော် မိုးတွေ ဆက်ရွာနေပါစေလို့ နာအိုကို ကို ဆန္ဒပြုလိုက်ပါတယ်။

“နင် ငါ့ကို ထပ်လာကြည့်ဦးမှာလား” လို့ နာအိုကိုက ကျွန်တော့်ကို ကြည့်ရင်း မေးတယ်။

“ငါ လာမှာပါ” လို့ ကျွန်တော် ပြောလိုက်တယ်။

“နင် စာရေးရေးဦးမှာလား”

“အပတ်စဉ်ရေးမယ်”

“ှင် စာရေးရင် ငါ့အတွက် ပိုရေးမှာလား” လို့ ရီကိုက မေးတယ်။

“ကျွန်တော် ရေးမှာပါ”

ည ၁၁ နာရီထိုးတော့ ရီကိုဟာ ဆိုဖာကို ဖြန့်ခင်းပြီး ကျွန်တော့်အတွက် မနေ့ညကလိုပဲ အိပ်ရာခင်းပေးပါတယ်။ ကျွန်တော်တို့သုံးယောက် ဂွတ်ဒ်နိုက်လို့ ပြောကြပြီး မီးတွေပိတ် အိပ်ရာဝင်ကြပါတယ်။ ကျွန်တော် အိပ်လို့မပျော်တာကြောင့် The Magic Mountain စာအုပ်ကို ထုတ်ဖတ်နေလိုက်ပါတယ်။ ကျွန်တော့်ကျောပိုးအိတ်ထဲက ခေတ်မီးရဲ့အလင်းရောင်နဲ့ စာဖတ်လို့ သိပ်မကြာခင်မှာတင် အိပ်ခန်းတံခါး ပွင့်သွားပြီး နာအိုကို ထွက်လာပါတယ်။ ကျွန်တော့်ဘေးမှာ လာထိုင်တယ်။ မနေ့ညကလို မဟုတ်ဘဲ နာအိုကိုဟာ ပုံမှန်အတိုင်းပါပဲ။ သူ့ရဲ့မျက်လုံးတွေဟာ အာရုံစူးစိုက်ကြည့်နေပြီး သူ့ရဲ့ရွေ့လျားမှုတွေဟာလည်း သွက်လက်လို့နေပါတယ်။ ကျွန်တော့်ရဲ့ နားအနားကို သူ့ပါးစပ်ရောက်လာပြီး တိုးတိုးပြောတယ်။ ဘာကြောင့်လဲ မသိဘူး။ ငါ အိပ်လို့ မရဘူး ဖြစ်နေတယ်”

“ငါလည်း အိပ်မရပါဘူး” လို့ ကျွန်တော် ပြောလိုက်တယ်။ စာအုပ်ကို ဘေးမှာထားပြီး ခေတ်မီးကို ပိတ်လိုက်တယ်။ ကျွန်တော် သူ့ကို ကျွန်တော့်ရဲ့လက်တွေနဲ့ ပွေ့ဖက်လိုက်ပြီး နမ်းလိုက်ပါတယ်။ အမှောင်နဲ့ မိုးရေသံဟာ ကျွန်တော်တို့ကို ဖုံးလွှမ်းထားတယ်။

“ရီကိုရော ဘယ်လိုလဲ”

“စိတ်မပူပါနဲ့။ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေပါပြီ။ သူက အိပ်လိုက်တာနဲ့ အိပ်ပျော်သွားတာပဲလို့ သူ ပြောပါတယ်။ ပြီးတော့ နင် တကယ်ပဲ ငါ့ဆီကို ထပ်လာဦးမှာလား” လို့ နာအိုကိုက မေးပါတယ်။

“ငါ သေသေချာချာ လာမှာပါ”

“ငါ နင့်အတွက် ဘာမှ မလုပ်ပေးနိုင်ရင်ကော”

ကျွန်တော် အမှောင်ထဲမှာ ခေါင်းညိတ်လိုက်ပါတယ်။ ကျွန်တော်နဲ့ ထိတွေ့နေတဲ့ သူ့ရင်သားရဲ့ ပုံသဏ္ဍာန်ကို ခံစားနေမိတယ်။ ကျွန်တော့်ရဲ့လက်နဲ့ သူ့ရဲ့ညအိပ်ဂါဝန်တလျှောက် ခန္ဓာကိုယ်ကို လိုက်စမ်းနေမိတယ်။ ပခုံးကနေ ခါးအထိ ကျွန်တော့်လက်ဟာ ဥဒဟိုလျှောက်သွားနေရင်း ကျွန်တော့် ဦးနှောက်ဆီကို သူ့ခန္ဓာကိုယ်ရဲ့နူးညံ့မှုတွေ စီးဆင်းလို့လာပါတယ်။ ကျွန်တော်တို့နှစ်ယောက် နူးညံ့ညင်သာစွာ ပွေ့ဖက်ပြီးတဲ့နောက် နာအိုကိုဟာ ကျွန်တော့်ရဲ့နဖူးကို သူ့နှုတ်ခမ်းနဲ့ နမ်းပြီး အိပ်ရာထဲကနေ ပြန်ထွက်သွားပါတယ်။ သူ့ရဲ့အမှောင်ထဲက

အပြာဖျော့ဂါဝန်ဟာ ငါးတကောင်လိုမျိုး ပြန်ထွက်ခွာသွားတာ ကျွန်တော်တွေ့လိုက်ရတယ်။

"ဂွဒ်ဘိုင်" လို့ သူ့အသံတိုးတိုးနဲ့ ပြောသွားတယ်။

မိုးသံတွေကို နားထောင်နေရင်း ကျွန်တော် ဖြေးဖြေးချင်း အိပ်ပျော်သွားတယ်။

※※※

နောက်နေ့မနက်တိုင်အောင် မိုးရွာနေဆဲပဲ။ ဒါပေမဲ့ ဆောင်းတွင်း မနက်ခင်း ရွာနေတဲ့မိုးဟာ နှင်းတွေနဲ့မို့လို့ မနေ့ညကမိုးနဲ့ မတူပါဘူး။ မိုးရွာနေကြောင်းကို ရေအိုင်တွေရဲ့အသံနဲ့ တံစက်မြိတ်က ရေတွေကျနေတဲ့အသံကြောင့်သာ သိနိုင်တာပါ။ ကျွန်တော် အိပ်ရာနိုးတော့ နို့နှစ်ရောင်လို အဖြူရောင်တွေဟာ ပြတင်းပေါက်အပြင်ဘက်မှာ ဖုံးလွှမ်းနေပါတယ်။ ဒါပေမဲ့ နေထွက်လာတော့ မြူနှင်းတွေကို ဖယ်ရှားလိုက်ပါတယ်။ ပတ်ဝန်းကျင်က တောအုပ်နဲ့ တောင်ကုန်းတွေ ပေါ်လာပါတယ်။

မနေ့က လုပ်ခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့သုံးယောက် မနက်စာစားပြီး ငှက်လှောင်အိမ်မှာ သန့်ရှင်းရေး လုပ်ဖို့ ထွက်ခွာလာခဲ့ပါတယ်။ နာအိုနဲ့ ရီကိုဟာ အဝါရောင်မိုးကာအင်္ကျီတွေကို ဝတ်ထားပါတယ်။ ကျွန်တော်တော့ ဆွယ်တာနဲ့ မိုးကာစကိုပဲ ဆောင်းပြီး လာခဲ့ပါတယ်။ အပြင်က လေတွေဟာ စိုစွတ် အေးစက်နေပါတယ်။ ငှက်တွေဟာလည်း မိုးကို ရှောင်ခဲ့တဲ့ပုံပါပဲ။ သူတို့အားလုံး လှောင်အိမ်အနောက်ပိုင်းမှာ စုပုံလို့ နေနေကြပါတယ်။

"မိုးရွာလို့ သူတို့ အေးနေကြပြီထင်တယ်" လို့ ကျွန်တော် ရီကိုကို ပြောလိုက်တယ်။

"အခုလို မိုးတွေရွာပြီးရင် ပိုအေးလာတတ်ပြီး နှင်းဖြစ်သွားတတ်တယ်။ ဂျပန်ပင်လယ်က တိမ်တွေဟာ ဒီနေရာကို ဖြတ်ကျော်သွားရင်း နှင်းတွေ တန်ချိန်ပေါင်းများစွာ သွန်ချသွားတယ်"

"ဆောင်းရာသီရောက်ရင် ဒီငှက်တွေကို ဘယ်လိုလုပ်လဲ"

"ငါတို့ သူတို့ကို လေလုံမိုးလုံတဲ့နေရာမှာ ထားတာပေါ့။ နင် ဘာလုပ်မယ်ထင်လို့လဲ။ သူတို့ကို ငါတို့ နှင်းတွေထဲမှာ ဒီအတိုင်းပဲ အေးစက်ပြီး သေသွားအောင် ထားခဲ့မယ်များ ထင်နေလား။ သူတို့ကို နှင်းတွေနဲ့ မြှုပ်ထားပြီးတော့မှ အသက်ပြန်သွင်းမယ်လို့များ နင်ထင်လို့လား"

ကျွန်တော် ဝါယာကြိုးကို လှုပ်လိုက်တော့ ကြက်တူရွေးဟာ အတောင်ပံတွေကို တဖြတ်ဖြတ် တုန်ခါနေပြီး အော်နေတော့တာပဲ။

"ကြည့်စမ်းပါဦး။ ဒီကောင် အေးနေလောက်ပြီ ထင်တယ်" လို့ နာအိုကိုက စိတ်မကောင်းတဲ့ အကြည့်နဲ့ကြည့်ပြီး ပြောပါတယ်။ "သူ့ရဲ့ ဒီလိုအသံကိုသာ မနက်တိုင်း ကြားရမယ်ဆိုရင် ငါတော့ ရူးသွားမလား မသိဘူး"

ငှက်လှောင်အိမ်ကို သန့်ရှင်းရေးလုပ်ပြီးတဲ့နောက် ကျွန်တော်တို့တွေ အခန်းကို ပြန်လာကြပါတယ်။ ကျွန်တော် ပစ္စည်းတွေ သိမ်းနေစဉ်မှာ အမျိုးသမီးနှစ်ယောက်ဟာ ယာခင်းသွားဖို့ ပြင်ဆင်နေကြပါတယ်။ ကျွန်တော်တို့ အဆောက်အအုံထဲက အတူတူထွက်ခဲ့ကြပြီး တင်းနစ်ကွင်း အကျော်နားက လမ်းကလေးမှာ လမ်းခွဲလိုက်ခဲ့ကြပါတယ်။ သူတို့နှစ်ယောက် ညာဘက်ကို ချိုးသွားပြီး ကျွန်တော်တော့ တည့်တည့်လျှောက်လာခဲ့ပါတယ်။ ကျွန်တော်တို့ သုံးယောက် တယောက်ကိုတယောက် ဂွဒ်ဘိုင်လို့ နှုတ်ဆက်ခဲ့ကြပါတယ်။ ကျွန်တော် နောက်ထပ် လာမယ်လို့လည်း ကတိပေးခဲ့ပါတယ်။ နာအိုကိုကတော့ ပြုံးပြီး လမ်းထောင့်မှာ ပျောက်ကွယ်သွားပါတယ်။

အဝင်ဂိတ်ကို သွားတဲ့လမ်းတလျှောက် လူတွေအများကြီးကို တွေ့ရပါတယ်။ သူတို့တွေ အားလုံးဟာလည်း နာအိုကို နဲ့ ရီကိုလိုပဲ အဝါရောင် မိုးကာတွေ ဝတ်ထားပြီး ခေါင်းဆောင်းလည်း ဆောင်းထားပါတယ်။ အရောင်တွေဟာ မိုးရေထဲမှာ တောက်ပလို့နေပါတယ်။ မြေကြီးဟာ အနက်ရင့်ရင့်ဖြစ်ပြီး ထင်းရှူးကိုင်းတွေကတော့ အစိမ်းရောင်တောက်တောက်ပါ။ အဝါရောင် ဝတ်ထားတဲ့လူတွေဟာ မိုးရွာနေတဲ့ မနက်ခင်းမှာ ကမ္ဘာကြီးထဲ လျှောက်ကြည့်ဖို့ ရောက်လာတဲ့ နတ်တွေနဲ့တောင် တူလို့နေပါတယ်။ သူတို့တွေဟာ ယာခင်းသုံး ပစ္စည်းတွေရယ်၊ ခြင်းတောင်းတွေ ရယ်နဲ့ အခြားအထုပ်တွေကို ကိုင်ဆောင်ရင်း တိတ်တဆိတ်နဲ့ ကမ္ဘာလောကကြီးပေါ်မှာ ရွေ့မျောလို့ နေကြပါတယ်။

အဝင်ဂိတ်စောင့်ဟာ ကျွန်တော့်နာမည်ကို မှတ်မိနေပါသေးတယ်။ သူဟာ ကျွန်တော် အပြင်ကို ထွက်တော့ ဧည့်သည်စာရင်းထဲက ကျွန်တော့်နာမည်ကို အမှတ်ခြစ်လိုက်ပါတယ်။

"မင်းဟာ တိုကျိုကပဲ။ ငါလည်း တိုကျိုကို တခါရောက်ဖူးတယ်။ တိုကျိုက ဝက်သားဟာ အရမ်းကောင်းတာပဲ" လို့ အဖိုးကြီးက ပြောပါတယ်။

"ကောင်းလား" လို့ ကျွန်တော် ဘယ်လိုဖြေရမှန်းမသိလို့ ပြန်မေးလိုက်ပါတယ်။

"တိုကျိုမှာ ငါ စားခဲ့တာတွေကိုတော့ မကြိုက်ဘူး။ ဝက်သားကတော့ တော်တော်ကောင်းတယ်။ သူတို့ ဝက်ကို အထူးနည်းလမ်းတွေနဲ့ မွေးတယ်ထင်တယ်။ ဟုတ်လား"

ကျွန်တော် မသိဘူးလို့ပဲ ပြန်ဖြေလိုက်ပါတယ်။ သူ့ရဲ့မေးခွန်းကို ကျွန်တော့်ဘဝမှာ ဒါ ပထမဆုံး ကြားဖူးတာပါပဲ။

"ဒါနဲ့ ဦးလေး တိုကျိုကို ရောက်တာ ဘယ်တုန်းကလဲ"

"အင်း... ပြောရရင်" လို့ ပြောရင်း အဖိုးကြီးက ခေါင်းကိုမော့လို့ စဉ်းစားနေပါတယ်။ "ဘယ်တုန်းကလဲဆိုတော့ အိမ်ရှေ့မင်းသား အိမ်ထောင်ပြုတဲ့နှစ်တုန်းကပေါ့။ ငါ့သားဟာ တိုကျိုမှာ ရှိနေတဲ့ အချိန်တုန်းကပဲ။ သူက ငါ့ကို လာလည်ပါဆိုလို့ သွားလည်ခဲ့တာ။ အချိန်ကတော့ ၁၉၅၉ ခုနှစ်ပေါ့"

"အင်း အဲဒီအချိန်တုန်းကတော့ တိုကျိုမြို့က ဝက်သားတွေ ကောင်းချင်ကောင်းခဲ့မှာပေါ့" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

"ခုခေတ် ဝက်သားတွေကရော ဘယ်လိုနေလဲ" လို့ သူက ထပ်မေးတယ်။

ကျွန်တော် မသိဘူးလို့ ပြန်ပြောလိုက်တယ်။ ကျွန်တော့်အဖြေကို သူ စိတ်ပျက်သွားတဲ့ပုံပါပဲ။ သူက စကားဆက်ဖို့ ကြိုးစားနေသေးပေမယ့် ကျွန်တော် ဘတ်စ်ကားအမီ သွားရဦးမယ်လို့ ပြောပြီး လမ်းအတိုင်း ထွက်လာခဲ့ပါတယ်။ စမ်းချောင်းကို ပတ်သွားတဲ့ လမ်းပေါ်မှာ မြူတွေ အဆုပ်လိုက် အဆုပ်လိုက် ရှိနေဆဲပါပဲ။ ဒါပေမဲ့ လေက လူတွေကို တောင်တန်းတွေတက် သယ်ဆောင်သွားပါတယ်။ ကျွန်တော် လမ်းလျှောက်ရင်း မကြာခဏ ဆိုသလို ဘာအကြောင်းပြချက်မှ မရှိဘဲ ရပ်လိုက်၊ နောက်ပြန်ကြည့်လိုက်၊ သက်ပြင်းချလိုက် ဖြစ်လို့နေပါတယ်။ ကျွန်တော်ဟာ ပုံမှန်မြေဆွဲအားနဲ့ မတူတဲ့ ဂြိုဟ်တခုကို ရောက်ရှိခဲ့သလို ခံစားနေမိပါတယ်။ ဟုတ်လည်း ဟုတ်တာပဲလို့ ကျွန်တော့်ကိုယ်ကျွန်တော် ပြောနေမိပါတယ်။ ကျွန်တော်ဟာ အခုဆိုရင် ကမ္ဘာလောကရဲ့အပြင်ဘက်ကို ရောက်နေသလိုပါပဲ။

※※※

၄ နာရီခွဲလောက်မှာ ကျွန်တော့်အဆောင်ကို ပြန်ရောက်ပါတယ်။ ကျွန်တော် အဝတ်အစား လဲပြီးပြီးချင်းပဲ အလုပ်ချိန်မီအောင် ရှင်ဂျူကူက ဓာတ်ပြားဆိုင်ကို ပြန်သွားပါတယ်။ ၆ နာရီကနေ ၁၀:၃၀ အတွင်း ဓာတ်ပြားနည်းနည်းသာ ရောင်းရတဲ့ ဓာတ်ပြားအရောင်းဆိုင်ကို ကျွန်တော် တာဝန်ယူရဦးမှာပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့အချိန်အများစုကတော့ ထိုင်ရင်း အိပ်ငိုက်နေတာ ချည်းပါပဲ။ ပြီးတော့

အပြင်မှာ မယုံကြည်နိုင်လောက်အောင် ပုံသဏ္ဍာန်မျိုးစုံနဲ့ စီးဆင်းနေတဲ့ လူတွေကို ကြည့်နေမိတာပါပဲ။ သူတို့တွေဟာ မိသားစုတွေ၊ စုံတွဲတွေ၊ အရက်သမားတွေ၊ လမ်းသရဲတွေ၊ စကတ်အတိုနဲ့ ကြည့်ကောင်းတဲ့ ကောင်မလေးတွေ၊ မုတ်ဆိတ်၊ ပါးသိုင်းတွေနဲ့ ဟစ်ပီတွေ၊ ဘားဆိုင်က ကောင်မလေးတွေနဲ့ အမျိုးအမည် ခွဲခြားပြလို့မရတဲ့ ပုံစံတွေနဲ့ လူတွေပါပဲ။ ကျွန်တော့်ဆိုင်မှာ ဟာ့ဒ်ရော့ခ်ဖွင့်ရင် ဟစ်ပီတွေနဲ့ အိမ်ပြေးကလေးတွေ အပြင်မှာ လာစုပြီး ကရင် ကမယ်။ ဒါမှမဟုတ် ဘာမှမဟုတ်ဘဲ ထိုင်ရင်ထိုင်နေတတ်ကြပါတယ်။ ကျွန်တော် တိုနီဘင်နက်ရဲ့ သီချင်းကိုဖွင့်ရင်တော့ ပျောက်ကွယ်သွားကြတာချည်းပါပဲ။

ကျွန်တော်တို့ဆိုင်ရဲ့ တဖက်ကဆိုင်ကတော့ 'လူကြီးကစားစရာတွေ' ရောင်းတဲ့ ဆိုင်ပါဘဲ။ သက်လတ်ပိုင်းအရွယ် အိပ်ငိုက်နေတဲ့မျက်လုံးတွေနဲ့ လူတယောက်ရောင်းတဲ့ဆိုင်မှာပဲ လူတွေဟာ ဘာလို့များ လိင်နဲ့ပတ်သက်တဲ့ ပစ္စည်းတွေကို ဝယ်ယူနေရတာလဲဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့ မရနိုင်အောင်ပါပဲ။ သူကတော့ တော်တော်စီးပွားဖြစ်နေပါတယ်။ ကျွန်တော်တို့ဆိုင်ရဲ့ ထောင့်ဖြတ် နေရာမှာရှိတဲ့ တဖက်လမ်းပေါ်မှာ စားသောက်ဆိုင် စားဖိုမှူးဟာ သူ့ရဲ့အားလပ်ချိန်ကို ကုန်ဆုံးတဲ့ အနေနဲ့ ပိုက်ဆံနဲ့ကစားရတဲ့ ဘင်ဂိုကစားနည်းကို ကစားလို့နေပါတယ်။ ညဘက်ဖြစ်လို့ ပိတ်ထားတဲ့ ဆိုင်တဆိုင်ရဲ့ ရေတံလျှောက်တွေ အောက်မှာတော့ အိမ်ခြေယာမဲ့တဦးဟာ မလှုပ်မယှက် ထိုင်လို့နေပါတယ်။ အထက်တန်းကျောင်းရောက်ခါစ အရွယ်သာ ရှိသေးတဲ့ နှုတ်ခမ်းနီ ပန်းရောင်အဖျော့ ဆိုးထားတဲ့ ကောင်မလေးတယောက် ဆိုင်ထဲဝင်လာပြီး ကျွန်တော့်ကို ရိုးလင်းစတုန်းရဲ့ Jumpins' Jack Flash ဖွင့်ဖို့ တောင်းဆိုပါတယ်။ ကျွန်တော် သူပြောတဲ့အခွေ ဖွင့်ပေးတော့ ဆိုင်ထဲမှာ ခါးလှုပ်ပြီး ကတော့တာပါပဲ။ ပြီးတော့ သူ ကျွန်တော့်ဆီက စီးကရက်တလိပ် တောင်းပါတယ်။ ကျွန်တော် မန်နေဂျာရဲ့စီးကရက်ဘူးထဲကနေ တလိပ်ယူပေးလိုက်တော့ သူဟာ အားပါးတရ ဖွာရှိုက်ပြီး ကျေးဇူးတင်ပါတယ်လို့တောင် တခွန်းမပြောဘဲ ဆိုင်ထဲကနေ ပြန်ထွက်ခွာသွားပါတယ်။ ၁၅ မိနစ်၊ တကြိမ် ဆိုသလို လူနာတင်ယာဉ်နဲ့ ရဲကားသံတွေ ကြားနေရပါတယ်။ အနောက်တိုင်းဝတ်စုံနဲ့ နက်ခ်တိုင်တွေ ဝတ်ထားကြတဲ့ ကုမ္ပဏီဝန်ထမ်းပုံ ပေါက်တဲ့ လူသုံးယောက် ရောက်လာပြီး တယ်လီဖုန်းရုံထဲက ခပ်ချောချော ဆံပင်အရှည်နဲ့ ကောင်မလေးကို ရယ်မောဆဲရေးတိုင်းထွာနေကြပါတယ်။

ကျွန်တော် အပြင်ကိုကြည့်လေ။ စိတ်ရှုပ်ထွေးလေပါပဲ။ ဘယ်လိုရဲပါလိမ့်လို့ ကျွန်တော် တွေးမိပါတယ်။ ဘာအဓိပ္ပာယ်များ ရှိကြပါသလဲ။ မန်နေဂျာဟာ ညစာစားရာက ပြန်လာပြီး ကျွန်တော့်ကို "ဝါတာနာဘီ မင်းသိလား။ ဟိုတနေ့ညက ငါနဲ့ အဝတ်ဆိုင်က ကောင်မလေး အဆင်ပြေခဲ့တယ်" လို့

ပြောပါတယ်။ သူ့မျက်လုံးတွေဟာ ကျွန်တော်တို့ဆိုင်နားမှာရှိတဲ့ အဝတ်ဆိုင်က ကောင်မလေးဆီကိုပဲ မကြာခဏ ရောက်နေပါတယ်။ မကြာမကြာ အဲဒီ ကောင်မလေးကို ဆိုင်က ခေတ်ပြားတွေယူပြီး လက်ဆောင်ပေးလေ့ ရှိပါတယ်။

"ကောင်းသားပဲ" လို့ ကျွန်တော် သူ့ကို ပြန်ပြောလိုက်ပါတယ်။ အဲဒီမှာတင် ကျွန်တော့်ကို သူ ကြုံတွေ့ခဲ့တာတွေအားလုံးရဲ့ အသေးစိတ် ပြောပြခဲ့တော့တာပါပဲ။

"မင်း အဲဒီလို ကောင်မလေးတယောက် လိုချင်ရင်တော့ မင်း အရင်ဆုံးလုပ်ရမှာက သူ့ကို လက်ဆောင်ပစ္စည်းတွေ ပေးဖို့ပဲ။ နောက်တော့ သူတို့နဲ့အတူ သောက်လိုက်၊ မူးအောင်ကို သောက်ပစ်လိုက်၊ အဲဒါဆိုရင် လွယ်လွယ်လေးပဲ။ ငါပြောတာ သဘောပေါက်ရဲ့လား" လို့ သူ့ကိုယ်သူ ကျေနပ်အားရတဲ့ပုံစံနဲ့ ပြောနေပါတယ်။

ကျွန်တော် မြေအောက်ရထားပေါ်တက်ပြီး အဆောင်ပြန်ရောက်တဲ့အချိန်မှာ ကျွန်တော့် ခေါင်းတွေလည်း ရှုပ်ထွေးနေပါပြီ။ မီးတွေပိတ်ပြီး အိပ်ရာထဲမှာ လှဲနေလိုက်ပါတယ်။ နာအိုကို ကျွန်တော့်ဘေးနားကို တွားသွားရောက်လာတဲ့ အချိန်လေးကိုပဲ ပြန်မြင်ယောင်နေမိပါတယ်။ ကျွန်တော် မျက်လုံးတွေ မှိတ်လိုက်တော့ နူးညံ့တဲ့ သူ့ရင်သားရဲ့အထိအတွေ့တွေ၊ ကျွန်တော့် ရင်ဘတ်ပေါ် ကျရောက်လာသလို ခံစားနေရပါတယ်။ ကျွန်တော့်ကို တိုးတိုးလေး ပြောနေတာတွေ၊ ကျွန်တော့်လက်နဲ့ သူ့ခန္ဓာကိုယ်ကို ထိတွေ့မိတာတွေ အားလုံးကို ပြန်ခံစားနေမိပါတယ်။ အမှောင်ထဲမှာ ကျွန်တော် သူ့ရဲ့ကမ္ဘာငယ်လေးဆီ ပြန်ရောက်သွားနေမိပါတယ်။ ကျွန်တော် မြက်ခင်းရဲ့အနံ့တွေကို ပြန်ရနေပြီး ညဘက်ရွာတဲ့မိုးရဲ့အသံကိုလည်း ပြန်ကြားယောင် နေမိပါတယ်။ လရောင်အောက်မှာ မြင်ခဲ့ရတဲ့ သူ့ရဲ့အဝတ်မဲ့ခန္ဓာကိုယ်ကိုလည်း ကျွန်တော် ပြန်တွေးနေမိပါတယ်။ သူ ငှက်လှောင်အိမ်ကို သန့်ရှင်းရေး လုပ်နေတဲ့ပုံတွေ၊ ဟင်းသီးဟင်းရွက်တွေကို အဝါရောင်မိုးကာ အင်္ကျီထဲ ထည့်ထားတဲ့ သူ့ရဲ့ခန္ဓာကိုယ် လှလှလေးနဲ့ သန့်ရှင်းရေး လုပ်နေတာတွေကို ပြန်မြင်ယောင်မိနေပါတယ်။ ကျွန်တော် နာအိုကိုအကြောင်းကို တွေးတောနေရင်းနဲ့ပဲ တကိုယ်တော် ဖြေဖျောက်မှုနဲ့ပဲ ပြီးဆုံးလိုက်ပါတယ်။ ကျွန်တော့်ဦးနှောက်ထဲမှာ အားလုံးကို ရှင်းရှင်းလင်းလင်း ပြန်မြင်ယောင်နေမိပါတယ်။ ဒါပေမဲ့ ကျွန်တော် အိပ်မပျော်နိုင်သေးပါဘူး။ ကျွန်တော် အားအင်ကုန်ခမ်းသလို ခံစားနေရပါတယ်။ အိပ်ဖို့တောင် စိတ်ပျက်နေသလိုပါပဲ။ ပင်ပန်းနေပေမယ့် အိပ်လို့မရပါဘူး။

ကျွန်တော် အိပ်ရာထဲကထပြီး ပြတင်းပေါက်နားမှာ မတ်တတ်ရပ်လိုက်ပါတယ်။ ကျွန်တော့် မျက်လုံးတွေဟာ ဘာရယ်မဟုတ်ဘဲ အလံတိုင်ကို ကြည့်နေမိပါတယ်။ အလံမရှိတဲ့ အလံတိုင်ဟာ ညအမှောင်ထဲမှာ အဖြူရောင် အရိုးချောင်းကြီးနဲ့ တူလို့နေပါတယ်။ ခုအချိန် နာအိုကို ဘာများ

လုပ်နေမလဲလို့ ကျွန်တော် တွေးမိပါတယ်။ သူဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်နေလောက်ရောပေါ့။ သူ့ရဲ့ထူးခြားသေးငယ်တဲ့ အမှောင်ထဲက ကမ္ဘာငယ်လေးထဲမှာပေါ့။ သူ့ဆီကို အိပ်မက်ဆိုးတွေ မရောက်ပါစေနဲ့လို့ ကျွန်တော် မျှော်လင့်လို့ နေမိပြန်ပါတယ်။

■

အခန်း (၇)

နောက်တနေ့ မနက်၊ ကြာသပတေး မနက်ခင်းမှာ ကျွန်တော် ကာယအချိန် တက်ခဲ့ပါတယ်။ မီတာ ၅၀ ရှိတဲ့ ရေကူးကန်ကို ကျွန်တော် အကြိမ်ပေါင်းများစွာ ကူးခတ်ခဲ့တယ်၊ လေကျင့်ခန်း ပြင်းပြင်းထန်ထန် လုပ်လိုက်တဲ့အတွက် ကျွန်တော့်ဦးခေါင်း ပေါ့ပါးသွားပြီး ဗိုက်လည်း တော်တော် ဆာသွားတယ်။ ကျောင်းကင်တင်းမှာ နေ့လယ်စာ တဝတပြဲ သွားစားပစ်လိုက်တယ်။ ပြီးတဲ့နောက် စာကြည့်တိုက်ကိုသွားပြီး ရှာစရာရှိတာ သွားရှာမလို့အလုပ်မှာ မီဒိုရီနဲ့ တွေ့ပါတယ်။ သူနဲ့အတူ မျက်မှန်တပ်ထားတဲ့ ကောင်မလေး သေးသေးလေး တယောက်လည်း ပါလာတယ်။ ဒါပေမဲ့ သူ ကျွန်တော့်ကို တွေ့တော့ ကောင်မလေးကိုထားပြီး တယောက်ထဲ ကျွန်တော့်ဆီလာခဲ့တယ်။

“ဘယ်သွားမလို့လဲ” လို့ သူက မေးတယ်၊

“စာကြည့်တိုက်” လို့ ကျွန်တော် ဖြေလိုက်တယ်။

"အဲဒီအစီအစဉ်ကို ဖျက်လိုက်၊ ငါနဲ့အတူ နေ့လယ်စာလိုက်စား”

“ငါစားပြီးသွားပြီ”

"ဘာဖြစ်လဲ။ ထပ်စားပေါ့”

အဲဒါနဲ့ပဲ အနားမှာရှိတဲ့ အနားမှာရှိတဲ့ ကော်ဖီဆိုင်ကို ရောက်သွားတယ်။ မီဒိုရီက နေ့လယ်စာ စားနေချိန်မှာ ကျွန်တော် ကော်ဖီပဲ သောက်နေတယ်။ မီဒိုရီဟာ သိုးမွှေးနဲ့ငါးပုံထိုးထားတဲ့ အဝါရောင် ရှပ်အကျီလက်ရှည်ကို ဝတ်ဆင်ထားပါတယ်။ ရွှေဆွဲကြိုးလေးနဲ့ ဒစ္စရေးနာရီကိုလည်း ဝတ်ထားတယ်။ သူဟာ နေ့လယ်စာကို မြိန်မြိန်ယှက်ယှက် စားပြီးတဲ့နောက် ရေသုံးခွက် ဆင့်သောက်ပါတယ်။

“ဒီရက်ပိုင်းအတွင်း နင် ဘယ်တွေပျောက်နေတာလဲ။ ငါ အကြိမ်ပေါင်းများစွာ နင့်ဆီ ဖုန်းခေါ်တယ်” လို့ မီဒိုရီက ပြောပါတယ်။

“ပြောစရာကိစ္စတခုခုများရှိလား”

“မရှိပါဘူး။ ဖုန်းဆက်ရုံသက်သက်ပါပဲ”

“အင်း”

“ဘာ အင်းတာလဲ”

"ဘာမှ မဟုတ်ပါဘူး။ 'အင်း' ရှုံသက်သက်ပါပဲ။ မီးတွေ ဘာတွေ လောင်သေးလား"

"မီးလောင်တုန်းက ပျော်စရာပဲနော်။ ဘာမှမဖြစ်ခဲ့ဘူး။ ဒါပေမဲ့ မီးခိုး တော်တော်မွန်ခဲ့တယ်။ စိတ်လှုပ်ရှားဖို့ တော်တော်ကောင်းတယ်" လို့ မီဒိုရီက ပြောရင်းနဲ့ နောက်ထပ် ရေတခွက်ကို မော့သောက်လိုက်ပါတယ်။ အသက်ရှူပြီး ကျွန်တော့်မျက်နှာကို အကဲခတ်ကြည့်နေတယ်။

"ဟ ဘာဖြစ်နေတာတုန်း နင့်မျက်နှာကြည့်ရတာတမျိုးပဲ။ မျက်လုံးတွေကလည်း ဖျော့တော့တော့နဲ့"

"ငါ အိုကေပါတယ်။ ခရီးကပြန်လာလို့ ပင်ပန်းနေတာပါ"

"နင့်ကြည့်ရတာ ခုလေးတင်မှ တစ္ဆေတကောင်ကို တွေ့ထားသလိုပဲ"

"ဒါနဲ့ နင် ဘာအတန်းရှိတာလဲ။ ဂျာမန်နဲ့ ဘာသာရေးဆိုရင် အတန်း လစ်လို့ရမလား"

"ဂျာမန်အတန်းရှိတယ်။ ဒါပေမဲ့ စာမေးပွဲရှိတယ်"

"ဒါဆို အတန်းဘယ်အချိန်ပြီးမလဲ"

"နှစ်နာရီ"

"ဒါဆို နှစ်နာရီမှာ နင်နဲ့ ငါနဲ့ မြို့ထဲသွားပြီး တခုခုသောက်ရအောင်"

"နေ့လယ် နှစ်နာရီထဲက သောက်မလို့လား"

"နေ့လယ်မသောက်ရဘူးလို့ နင့်ကို ဘယ်သူသင်ထားလဲ။ နင့်ကြည့်ရတာ အမူးမပြေတဲ့ပုံမျိုးနဲ့။ အဲဒါကြောင့် နင့်ကို လန်းဆန်းသွားအောင် တိုက်မလို့။ ဘယ်လိုလဲ"

"အိုကေ" လို့ ကျွန်တော်ပြောလိုက်တယ်။

"ဒါဆိုရင် နှစ်နာရီမှာ နင့်ကို ငါ စာကြည့်တိုက်မှာ လာခေါ်မယ်"

※※※

ဂျာမန်အတန်းပြီးတော့ ရှင်ဂျူကူကို ဘတ်စ်ကားနဲ့ ကျွန်တော်တို့နှစ်ယောက် ထွက်လာခဲ့တယ်။ ကီနိုကူနီယာ စာအုပ်ဆိုင်အနောက်မှာရှိတဲ့ 'DUG' လို့ခေါ်တဲ့ မြေအောက်ဘီယာဆိုင်မှာ

ကျွန်တော်တို့နှစ်ယောက် သောက်ဖြစ်တယ်။ ကျွန်တော်တို့ ဗော့ဒ်ကာနဲ့ တောနစ်တခွက်စီ မှာသောက်ပြီး စလိုက်တယ်။

"နင် ဒီဆိုင်ကို မကြာမကြာ လာတတ်တယ်" လို့ သူ ပြောတယ်။

"နင် နေ့လယ်ဘက် တယောက်ထဲ လာသောက်တာ မရှက်ဘူးလား။ နေ့လယ်ဘက် တော်တော် သောက်ဖြစ်လား"

"တခါတလေမှပါ" လို့ ဖန်ခွက်ကို လှုပ်ရင်း သူ ပြောနေတယ်။ "ကမ္ဘာကြီးထဲမှာ နေရထိုင်ရတာ ခက်ခဲလာတဲ့ တခါတလေကျမှ ဗော့ဒ်ကာနဲ့ တောနစ် လာသောက်တာပါ"

"ကမ္ဘာကြီးထဲမှာ နေရထိုင်ရ ခက်ခဲလာတဲ့အခါ ဟုတ်လား"

"တခါတလေ စိတ်ရှုပ်စရာ ပြဿနာတွေရှိရင် လာတတ်တယ်"

"ဘယ်လိုပြဿနာမျိုးတွေလဲ"

"မိသားစုပြဿနာ၊ ရည်စားတွေနဲ့ ပြဿနာ၊ ပုံမှန်ရာသီမလာတဲ့ ပြဿနာမျိုးတွေနဲ့ ကြုံတဲ့အခါပေါ့"

"နောက်တခွက်ထပ်မှာရအောင်"

"မှာလေ"

ကျွန်တော် စားပွဲထိုးကို လက်ထောင်ပြီး ဗော့ဒ်ကာနဲ့ တောနစ် ထပ်မှာလိုက်တယ်။

"ငါတို့ နောက်ဆုံးတွေ့ခဲ့တဲ့ တနင်္ဂနွေနေ့တုန်းက နင် ငါ့ကို နမ်းခဲ့တာကို မှတ်မိလား။ ဘယ်လိုနေလဲ" လို့ မီဒိုရီက မေးတယ်။

"ငါလည်း အဲဒီအကြောင်းပဲ စဉ်းစားနေခဲ့တယ်။ တော်တော် ကောင်းတယ်။ တကယ်ကို ကောင်းတယ်"

"ကောင်းတယ်"

"ကောင်းတယ်" ကျွန်တော် ပြောသလို သူ လိုက်ပြောတယ်။

"နင်ပြောတဲ့ပုံက တော်တော်အူကြောင်ကြောင်နိုင်တာပဲ"

"ဟုတ်လား"

“ဟုတ်တယ်။ ငါတွေ့တာကတော့ အဲဒီလိုမဟုတ်ဘူး။ နင် ငါ့ကို နမ်းတာဟာ ငါ့ဘဝရဲ့ ပထမဆုံး ကောင်လေးက နမ်းတာဆိုရင် သိပ်ကောင်းမှာပဲလို့ပဲ တွေးမိတာ။ နာရီတွေကိုသာ ပြန်လှည့်လို့ရရင် နင့်ရဲ့အနမ်းကို ငါ့ဘဝရဲ့ ပထမဆုံးအနမ်းဖြစ်အောင် လုပ်မိမှာပဲ။ ပြီးတော့ ငါ့ဘဝတလျှောက်လုံး အဲဒီအနမ်းကိုပဲ တွေးနေမိမှာ ဆိုပါတော့၊ ငါ့ဘဝရဲ့ ပထမဆုံးအနမ်းကို အဝတ်လျှော်စက်ပေါ်မှာ ပေးခဲ့တဲ့ ဝါတာနာဘီဆိုတဲ့ ကောင်လေးဟာ အခုဆိုရင် အသက်ငါးဆယ့်ရှစ်နှစ်ရှိနေပြီ။ အဲဒီလိုဆိုရင် ဘာတွေများဖြစ်မှာလဲလို့ ငါသိချင်လိုက်တာ။ အဲ့ဒီလိုဆိုရင် သိပ်ကောင်းမှာပဲနော်”

“ဟုတ်တာပေါ့။ သိပ်ကောင်းမှာပဲ” လို့ ကျွန်တော် ပစ္စတာချီယာ အသီးအခွံခွာရင်း ပြောလိုက်တယ်။

“နင် ဘယ်လိုထင်လဲ။ နင့်ကြည့်ရတာ မှုံးနေသလိုပဲ။ နင် ငါ့ကို အဖြေမပေးသေးဘူးနော်”

“ငါ ကမ္ဘာကြီးနဲ့ အသားပြန်မကျသေးတာ ဖြစ်နိုင်တယ်” လို့ နည်းနည်းစဉ်းစားပြီး ကျွန်တော် ပြောလိုက်တယ်။ “ငါမြင်နေတဲ့လူတွေ၊ မြင်ကွင်းတွေဟာ တကယ့်အစစ်အမှန် မဟုတ်သလို ဒီကမ္ဘာကြီးကလည်း ငါ့အတွက် အစစ်အမှန် ပြန်မဖြစ်သေးဘူး။ ဘာဖြစ်လို့လဲတော့ မသိဘူး”

မီဒိုရီဟာ ဘားပေါ်တံတောင်နဲ့ထောက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ “ဂျင်မ်မော်ရစ်ဆန်ရဲ့ သီချင်းတပုဒ်နဲ့တောင် တူနေတယ်”

“လူတွေဟာ စိမ်းနေလိမ့်မယ်။ မင်းက သူစိမ်းတယောက် ဖြစ်တဲ့အခါ မဟုတ်လား”

“ဟုတ်တယ်” လို့ မီဒိုရီက ပြောတယ်။

“ဟုတ်တယ်” လို့ ကျွန်တော် ပြန်ပြောတယ်။

“နင် ငါနဲ့အတူ ဥရုဂွေးကို သွားသင်တယ်။ ကောင်မလေး၊ မိသားစု၊ ကျောင်း... အဲဒါအားလုံး ထားခဲ့လိုက်တော့” လို့ မီဒိုရီက ပြောပြန်တယ်။

“စိတ်ကူးကောင်းသားပဲ” လို့ ကျွန်တော်ရယ်ရင်းပြောလိုက်တယ်။

“အားလုံးကို မေ့ပစ်လိုက်ရင် အရမ်းကောင်းလိမ့်မယ်လို့ နင် မထင်ဘူးလား။ ပြီးတော့ ဘယ်သူ့ကိုမှ နင် မသိတဲ့နေရာကို သွားလိုက်ရင်ပေါ့။ တခါတလေ ငါ အဲဒီလို လုပ်လိုက်ချင်တယ်။ နင် ငါ့ကို အရမ်းဝေးတဲ့တနေရာကို ခေါ်သွားပါလား။ ငါ နင့်အတွက် ကျွဲတွေလို သန်မာမယ့် ကလေးတွေ တပုံတခေါင်း မွေးပေးမယ်လေ။

ပြီးတော့ ငါတို့အားလုံး ကြမ်းပြင်ပေါ် လူးလိမ့်ပြီး ပျော်ပျော်ပါးပါး နေကြတာပေါ့”

ကျွန်တော်ရယ်ပြီး တတိယမြောက်ခွက်ကို သောက်နေလိုက်တယ်။

“နင် ကျွဲတွေလို သန်မာမယ့်ကလေး တပုံတခေါင်း မလိုချင်သေးဘူးထင်တယ်” လို့ မီဒိုရီက ပြောတယ်။

“အရမ်းစိတ်ဝင်စားပါတယ်။ အဲဒီကလေးတွေ ဘယ်လိုပုံပေါက်မလဲဆိုတာ သိချင်လိုက်တာ”

“ရပါတယ်။ နင် ကလေးတွေ မလိုချင်လည်း” လို့ မီဒိုရီက ပစ္စတာချီယို အသီးတွေစားပြီး ပြောနေတယ်။ “ငါဒီမှာ နေ့လယ်ဘက်သောက်ပြီး ပေါက်တတ်ကရတွေ ပြောနေတာပဲ။ ငါ အားလုံးကို မေ့ပြီး တနေရာရာကို ပြေးသွားချင်တယ်။ ဥရုဂွေးကို သွားရင်ကောင်းမလား။ အဲဒီမှာလည်း သွားလေရာရာ မြည်းချေးတွေပဲရှိနေမှာပါ”

“နင် ပြောတာဖြစ်နိုင်တယ်”

“မြည်းချေးတွေ နေရာတကာမှာရှိတယ်။ ဒီမှာတပုံ... ဟိုမှာတပုံ နေရာတိုင်းမှာ မြည်းချေးတွေချည်းပဲ။ “ဟဲ့... ငါအခွံခွာလို့ မရဘူး။ နင်ပဲ ခွာပေးတော့” လို့ မီဒိုရီက အခွံမခွာရသေးတဲ့ အသီးတွေ ထိုးပေးပြန်တယ်။ ကျွန်တော်လည်း အခွံခွာလို့ရအောင် တော်တော် အားစိုက်နေရတယ်။ ဒါပေမဲ့... အား... တော်တော်မာတာပဲ။ အဲ့ဒီတနင်္ဂနွေနေ့တုန်းကတော့ ငါ့စိတ်တွေ တော်တော်ပေါ့သွားခဲ့တယ်။ အဝတ်လျှော်စက်ရှိတဲ့ အပေါ်ထပ်ကို တက်သွားပြီး မီးလောင်တာကို ဘီယာသောက်ရင်း သီချင်းဆိုရင်း ကြည့်ရတာ တော်တော်ကို စိတ်သက်သာစရာပါပဲ။ ငါ့အတွက်တော့ အချိန်အတော်ကြာ ဖြစ်နေခဲ့တဲ့ စိတ်ဖိစီးမှုတွေ ပေါ့သွားခဲ့တယ်။ လူတွေဟာ ငါ့အပေါ် ဖိအားတွပဲ ပေးနေခဲ့တယ်။ ငါ့ကိုတွေ့တာနဲ့ ဘာလုပ်ပါလား ဆိုတဲ့ ညွှန်ကြားချက်တွေပဲ ပေးနေခဲ့ကြတယ်။ ဘာပဲပြောပြော နင်တော့ ငါ့ကို အဲဒီလို မပြောဘူး”

“ငါနင့်ကို အဲ့ဒီလိုပြောရအောင် နင့်အကြောင်းတွေ ငါအများကြီး မသိသေးဘူး”

“နင်ဆိုလိုတာက နင် ငါ့အကြောင်း ကောင်းကောင်းသိလာရင် ငါ့ကို သူများတွေလိုပဲ ညွှန်ကြားတော့မယ်ပေါ့”

“ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ တကယ့်လောကကြီးထဲမှာ လူတွေဟာ တယောက်ပေါ်တယောက် ညွှန်ကြားချက်တွေပဲ ပေးနေကြတာပဲလေ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါ ပြောနိုင်ပါတယ်။ နင် သူများတွေလို လုပ်မှာမဟုတ်ပါဘူး။ လူတွေက နင့်အပေါ် ဘယ်လို ဖိအားပေးတတ်ကြလဲ။ နင်ရော လူတွေကို ဘယ်လိုဖိအားပေးတတ်လဲ”

မီဒိုရီဟာ ပါးစပ်ထဲ ရေခဲတခဲထည့်လိုက်ပြီး စုပ်နေတယ်။

“နင် ငါ့အကြောင်းတွေ ပိုသိချင်လား” မီဒိုရီက မေးတယ်။

“အင်း”

“ငါ နင့်ကို ငါ့အကြောင်းတွေပိုသိချင်လား” လို့ မေးနေတယ်။ “နင့်အဖြေက ဘာကြီးလဲ”

“သိချင်ပါတယ်… မီဒိုရီ၊ ငါ နင့်အကြောင်းတွ ပိုသိချင်ပါတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“တကယ်ပြောတာလား”

“တကယ်ပြောတာပါ”

“နင် ငါ့အကြောင်းတွေသိလာရင် နင် မျက်လုံးတွေပိတ်ပြီး နေရလိမ့်မယ်”

“အဲဒီလောက်တောင်ဆိုးလား”

“ဟုတ်တယ်။ ငါ နောက်တခွက် သောက်ချင်တယ်”

ကျွန်တော် စားပွဲထိုးကို နောက်တခွက်စီ ထပ်မှာလိုက်တယ်။ စတုတ္ထမြောက်ခွက် ရောက်လာတော့ မီဒိုရီဟာ ဘားပေါ် တံတောင်နဲ့ထောက် မေးစေ့ကိုလက်နဲ့ကိုင်ထားတယ်။ ကျွန်တော်ဘာမှမပြောဘဲ Thelonius Monn အဖွဲ့ရဲ့ Honeysuckle Rose သီချင်းကိုပဲ နားထောင်နေတယ်။ ဆိုင်ထဲမှာ လူ လေး၊ ငါး ခြောက်ယောက်လောက်ပဲ ရှိတယ်။ ဒါပေမဲ့ သူတို့အားလုံးဟာ ကော်ဖီပဲ သောက်နေကြတာ။ ဆိုင်ထဲ အရက်သောက်နေတာဆိုလို့ ကျွန်တော်တို့နှစ်ယောက်ပဲ ရှိတယ်၊ ဆိုင်ထဲမှာ ကော်ဖီနံ့တွေ တထောင်းထောင်း ထနေတယ်။

“ဒီ တနင်္ဂနွေ နင်အားလား” လို့ မီဒိုရီက မေးတယ်။

“နင့်ကိုပြောဖူးတယ် ထင်တယ်။ ငါ တနင်္ဂနွေနေ့တိုင်း ငါ အားတယ်၊ ညနေခြောက်နာရီမှ အလုပ်သွားရမှာ”

“အိုကေ… ဒါဆို ဒီတနင်္ဂနွေ ငါနဲ့အတူ အပြင်သွားမလား”

“သွားမယ်”

“တနင်္ဂနွေမနက်မှာ ငါ နင့်အဆောင် လာခေါ်မယ်။ ဘယ်အချိန်လဲတော့ အတိအကျ မပြောနိုင်သေးဘူး။ အိုကေလား”

“ရပါတယ်။ ကိစ္စမရှိဘူး”

“ငါ နင့်ကို တခုလောက် မေးပါရစေ။ ငါအခု ဘာလုပ်ချင်နေသလဲ ဆိုတာ နင်သိလား”

“ဟင့်အင်း... ငါမပြောတတ်ဘူး”

“ပြောပြမယ်... နားထောင်။ ပထမဆုံး ခုတင်ကျယ်ကျယ်၊ မွေ့ရာထူထူ အိပ်ရာပေါ်မှာ လဲလျောင်းပစ်လိုက်ချင်တယ်။ ခုတင်ပေါ်မှာ သက်သောင့်သက်သာ နေပြီး အရက်မူးနေချင်တယ်။ အနားမှာ ဘာမြည်းချေးပုံမှ မရှိချင်ဘူး။ ငါ့ဘေးနားမှာ နင့်ကိုလည်း လဲလျောင်းနေစေချင်တယ်။ ပြီးတော့ တဖြည်းဖြည်းချင်း နင် ငါ့အဝတ်အစားတွေ ချွတ်လိမ့်မယ်။ လုံးဝ လုံးဝ ညင်ညင်သာသာနဲ့ပေါ့။ အမေတယောက်က သူ့ကလေးရဲ့ အဝတ်တွေကို ချွတ်သလိုပေါ့။ အရမ်း... အရမ်းနူးညံ့တယ်”

“ဟင်...”

“ငါလည်း သာယာပြီး ခံစားလို့ ကောင်းနေမယ်။ ရုတ်တရက် ဘာဖြစ်နေတာလဲဆိုတာ ငါသဘောပေါက်လာပြီး နင့်ကို အော်လိုက်မယ်။ ‘ရပ်လိုက်စမ်း... ဝါတာနာဘီ’ လို့။ ပြီးတော့ ငါ နင့်ကို ဆက်ပြောမယ်။ ‘ငါ နင့်ကို တကယ်သဘောကျပါတယ်... ဝါတာနာဘီ။ ဒါပေမဲ့ ငါ တခြားတယောက်ကို မြင်နေတယ်။ ငါ ဘာမှမတတ်နိုင်ဘူး။ ယုံချင်ယုံ၊ မယုံချင်နေ ငါ ဒီကိစ္စနဲ့ ပတ်သက်ရင် သမားရိုးကျပဲ။ ကျေးဇူးပြုပြီး ရပ်လိုက်ပါတော့ဟာ၊ ဒါပေမဲ့ နင် မရပ်ဘူး”

“ရပ်လိုက်မှာပါ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါ သိပါတယ်။ ကိစ္စမရှိပါဘူး။ စိတ်ကူးယဉ်တာပဲ။ နောက်တော့ နင့်ဥစ္စာကို ငါ့ကိုပြတယ်။ နင် စိုရွှဲနေတယ်။ ငါ ချက်ချင်းပဲ မျက်စေ့မှိတ်ပစ်လိုက်တယ်။ ဒါပေမဲ့ ငါ တစ်စက္ကန့်တောင် မမှိတ်နိုင်ပါဘူး။ ပြီးတော့ ပြောသေးတယ်။ ‘ရပ်လိုက်ပါတော့။ ဒီလိုမလုပ်ပါနဲ့။ ဒီလိုမာကျောပြီး ကြီးတာကြီးကို မလိုချင်ဘူး”

“သိပ်မကြီးပါဘူး။ သာမန်ပါပဲ”

“ကိစ္စမရှိပါဘူး။ ဒါစိတ်ကူးယဉ်နေတာပဲ။ နောက်တော့ နင့်မျက်နှာဟာ စိတ်မကောင်းဖြစ်တဲ့ ပေါက်လာတယ်။ ငါလည်း နင့်ကို ကြည့်ပြီး စိတ်မကောင်း ဖြစ်လာတယ်။ နင့်ကို အစွမ်းကုန် ပြန်ချော့တယ်”

“နင် လုပ်ချင်တာတွေ ငါ့ကို ပြောနေတာလား”

“ဟုတ်တယ်”

“အိုး”

ကျွန်တော်တို့နှစ်ယောက် ငါးခွက်မြောက် ဗော့ဒ်ကာသောက်ပြီးတဲ့နောက် ဆိုင်ထဲကထွက်လာတယ်။ ကျွန်တော် ပိုက်ဆံ ရှင်းဖို့လုပ်တော့ မီဒိုရီက ကျွန်တော့်လက်ကို ရိုက်ချလိုက်ပြီး သူ့အိတ်ထဲက အသစ်ချပ်ကျွတ် ယန်းတသောင်းတန်တရွက် ထုတ်ပေးလိုက်တယ်။

“ငါ ပေးပါရစေ။ ငါ နင့်ကို ဖိတ်တာပဲ။ နင် ဖက်ဆစ်တယောက် မိန်းမတယောက် ရှင်းတဲ့ အရက်ကို သောက်မှာမဟုတ်....”

“နိုး... နိုး ငါ ဖက်ဆစ်မဟုတ်ဘူး။ ရပါတယ်”

“ငါလည်း နင့်ကို ဖက်ဆစ်မဖြစ်စေချင်ပါဘူး”

“ဘာဖြစ်လို့လဲဆိုတော့ မာပြီးကြီးနေလို့လား” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဟုတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မာပြီးကြီးနေလို့ပဲ” လို့ မီဒိုရီက ပြန်ပြောတယ်။

နည်းနည်းလောက်ပဲ သောက်ခဲ့တာတောင် မီဒိုရီ ခြေလှမ်းတွေ ချော်နေတယ်။ ကျွန်တော်တို့ နှစ်ယောက်စလုံး လှေကားပေါ်ကနေ လန်ကျမလိုတောင် ဖြစ်သွားတယ်။ ကောင်းကင်မှာ ညိုမည်းနေတဲ့တိမ်တွေ မရှိကြတော့ဘူး။ ညနေခင်း အစောပိုင်းမှာ မြို့ရဲ့လမ်းမတွေအပေါ် နေရောင်ခြည် နူးနူးညံ့ညံ့တွေကို နေမင်းက သွန်လောင်းချနေတယ်။ မီဒိုရီက သစ်ပင်တက်ချင်တယ် လို့ ပြောလာတယ်။ ဒါပေမဲ့ ကံမကောင်းတော့ အနားမှာ သစ်ပင်တပင်မှ မရှိဘူး။ ရှင်ဂျူကူ ပန်းခြံကလည်း ပိတ်ထားသေးတယ်။

“တော်တော်ဆိုးတာပဲ။ ငါ သစ်ပင်တက်ရတာကို ကြိုက်တယ်” လို့ မီဒိုရီက ပြောတယ်။

ကျွန်တော်တို့နှစ်ယောက် လမ်းဆက်လျှောက်ပြီး ဆိုင်တွေကို

ေးကြည့်နေမိတယ်။ မကြာခင်မှာပဲ မြင်ကွင်းတွေဟာ ခုနကလို မဟုတ်တော့ဘဲ တကယ့်အစစ်အမှန်တွေ ဖြစ်လာတယ်။

"ကမ္ဘာကြီးဟာ ငါ့အတွက် အခုမှ စစ်မှန်လာတယ်။ ဝမ်းသာစရာပဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

မီဒိုရီဟာ ခဏရပ်လိုက်ပြီး ကျွန်တော့်ကိုကြည့်တယ်။ "ဟုတ်တယ်။ နင့်မျက်လုံးတွေ ခုနကလို မဟုတ်တော့ဘူး။ အရောင်တောက်လာပြီ။ ငါနဲ့ လျှောက်သွားတာ နင့်အတွက် ကောင်းတယ်ဆိုတာ သိပြီလား"

"သိပ်ဟုတ်တာပေါ့"

ငါးနာရီခွဲတော့ ဒိုက အိမ်ပြန်ပြီး ညစာချက်ရတော့မယ်လို့ ပြောလာတယ်။ ကျွန်တော် အဆောင်ကို ကားစီးပြန်မယ်။ နင် ရထားစီးပြန်လို့ ကျွန်တော် ပြောလိုက်တယ်။

"ငါ အခု ဘာဖြစ်ချင်နေလဲ နင် သိလား" လို့ သွားခါနီးမှာ မီဒိုရီက မေးတယ်

"နင် ဘာစဉ်းစားနေလဲဆိုတာ ငါ ဘယ်လိုလုပ်သိမှာလဲ"

"နင်နဲ့ ငါနဲ့ကို ပင်လယ်ဓားပြတွေ ဖမ်းသွားစေချင်တယ်။ ပြီးတော့ ငါတို့နှစ်ယောက်စလုံးကို အဝတ်အစားတွေချွတ်ပြီး မျက်နှာချင်းဆိုင် ကြိုးတုပ်ထားကြမယ်"

"သူတို့က ဘာဖြစ်လို့ အဲဒီလိုလုပ်မှာလဲ"

"သူတို့က အူကြောင်ကျား ဓားပြတွေလေဟာ"

"နင်သာ အူကြောင်ကျား"

"နောက်တော့ ငါတို့နှစ်ယောက်ကို အခန်းတခန်းထဲ ထည့်လိုက်ပြီး "တနာရီပြည့်ရင် မင်းတို့နှစ်ယောက်ကို ပင်လယ်ထဲပစ်ချမယ်။ ခုတော့ ပျော်သလို နေလိုက်ကြဦး" လို့ လာပြောတယ်။

"ပြီးတော့ကော"

"အဲဒါနဲ့ ငါတို့ နှစ်ယောက် တနာရီတိတိ လွတ်ပျော်ပစ်လိုက်ကြတာပေါ့"

"အဲဒါ အခု နင် ဖြစ်ချင်နေတာ"

"ဟုတ်တယ်"

“အိုးဂေါ့ဒ်” လို ခေါင်းခါရင်း ကျွန်တော် ပြောလိုက်တယ်။

※※※

တနင်္ဂနွေနေ့၊ မနက်ကိုးနာရီခွဲမှာ မီဒိုရီ ကျွန်တော့်ကို လာခေါ်ပါတယ်။ ကျွန်တော် အိပ်ရာကနေ ထခါစမို့ မျက်နှာ မသစ်ရသေးပါဘူး။ ကျွန်တော့်ကို တံခါးဝကနေ တယောက်လာအော်ပြောတယ်။

“ဟေ့ကောင်… ဝါတာနာဘီ။ မိန်းမတယောက် ရောက်နေတယ်”

ကျွန်တော်ဧည့်ခန်းကို ဆင်းသွားတော့ ဂျင်းစကတ် တိုနန့်နန့်လေး ဝတ်ပြီး ခြေထောက်ချိတ် ထိုင်နေတဲ့ မီဒိုရီကို တွေ့ရတယ်။ သမ်းတောင် သမ်းနေသေးတယ်။ ဖြတ်သွားတဲ့လူတိုင်း ဖြည်းဖြည်းချင်း လျှောက်ပြီး မီဒိုရီရဲ့ရှည်လျားသွယ်လျတဲ့ ပေါင်တံတွေကို ကြည့်သွားကြတယ်။ သူ့ပေါင်တံတွေက တော်တော်လှပါတယ်။

“ငါ အရမ်းစောနေလား။ နင် အခုမှ နိုးတာမဟုတ်လား”

“ငါ့ကို ဆယ့်ငါးမိနစ်လောက် အချိန်ပေးစမ်းပါ။ ငါ မျက်နှာသစ်ပြီး ရေချိုးလိုက်ဦးမယ်”

“ရပါတယ် ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ငါ့ပေါင်တွေကို လူတိုင်း ကြည့်နေကြတယ်”

“ယောကျ်ားလေးတွေချည်းရှိတဲ့ အဆောင်ကို တိုနန့်နန့်စကတ် ဝတ်လာမှတော့ ဝိုင်းကြည့်ကြတော့မှာပေါ့ဟ”

“ကောင်းသားပဲ။ ငါ ဒီနေ့ အတွင်းခံ ဘောင်းဘီ ပန်းရောင်လှလှလေး ဝတ်လာတယ်”

“ပိုတောင်ဆိုးဦးမယ်” လို့ ကျွန်တော် သက်ပြင်းချပြီး ပြောလိုက်တယ်။ ကျွန်တော် ရေချိုး၊ မျက်နှာသစ်၊ မုတ်ဆိတ်ရိတ်တာတွေကို တတ်နိုင်သမျှ မြန်မြန်လုပ်လိုက်တယ်။ အဲဒီ အရောင်ရုပ်အင်္ကျီပေါ်ကို မီးခိုးရောင် စပေါ့ကုတ် ထပ်ဝတ်လိုက်တယ်။ ပြီးတော့ မီဒိုရီကို ခပ်သုတ်သုတ် လျှောက်ခိုင်းပြီး အဆောင်ဂိတ်ကနေ ထွက်လာတယ်။ ကျွန်တော်လည်း ချွေးတွေရွှဲလို့ပေါ့။

“ဝါတာနာဘီ… ဒီကလူတွေ မာစတာဘိတ် လုပ်ကြသလား” လို့ မီဒိုရီက အဆောင်ကိုလှမ်းကြည့်ပြီး မေးတယ်။

“လုပ်ကြမှာပေါ့”

"သူတို့ အဲဒီလိုလုပ်ရင် မိန်းကလေးတွေကို မုန်းကြလား"

"ဟုတ်မှာပေါ့။ စတော့ခ်မားဈေးကွက်တို့၊ ကြိယာ အပြောင်းအလဲတို့ စူးအက်တူးမြောင်းတို့ကို မုန်းတဲ့လူတော့ မရှိလောက်ပါဘူး။ လူတိုင်း မိန်းကလေးတွေကိုပဲ မုန်းမှာပေါ့"

"စူးအက်တူးမြောင်းဟုတ်လား"

"ငါ နမူနာပြောတာပါ"

"ဒါဆို သူတို့မှာ သူတို့နဲ့ဆိုင်တဲ့ မိန်းကလေးကိုယ်စီရှိကြမှာပေါ့ ဟုတ်လား"

"နင့်ရည်းစားကို မေးကြည့်ပါလား။ တနင်္ဂနွေ၊ မနက်ခင်းကြီးမှာ ငါ ဘာဖြစ်လို့ ဒီလိုကိစ္စတွေ ရှင်းပြရမှာလဲ"

"ငါ သိချင်လို့ပါဟ၊ ပြီးတော့ ငါ့ဘဲကို အဲဒီလို မေးခွန်းတွေမေးရင် ရူးသွားလိမ့်မယ်။ သူက မိန်းကလေးတွေ ဒီလိုမေးခွန်းမျိုး မမေးသင့်ဘူးလို့ပဲ ပြောလိမ့်မယ်"

"သူပြောတာ မှန်တာပဲ"

"ဒါပေမဲ့ ငါ သိချင်တယ်။ ရိုးရိုးတန်းတန်း သိချင်တာပါ။ ယောကျာ်းလေးတွေ မာစတာဘိတ်လုပ်ရင် သူတို့ရဲ့သီးခြား ကောင်မလေးတွေကို မုန်းကြမှာပေါ့နော်... ဟုတ်လား"

ကျွန်တော် ဒီမေးခွန်းကို ရှောင်လို့မရတော့ဘူး။ "ဟုတ်တယ်ဟေ့... ငါတော့ မုန်းတယ်။ ကျန်တဲ့ လူတွေတော့ မသိဘူး"

"နင် အဲဒီလိုလုပ်တဲ့အခါ ငါ့ကို မုန်းဖူးလား။ ငါ့ကို အမှန်တိုင်းပြောနော်။ ဘာမှမဖြစ်ဘူး"

"ဟင့်အင်း ငါ တခါမှ မမုန်းဖူးဘူး" လို့ ကျွန်တော် ရိုးရိုးသားသား ဖြေလိုက်တယ်။

"ဘာဖြစ်လို့လဲ ငါ ဆွဲဆောင်မှု မရှိလို့လား"

"နင် ဆွဲဆောင်မှု ရှိပါတယ်။ နင် ချစ်ဖို့ကောင်းပြီး လိင်ဆွဲဆောင်မှုလည်း ရှိတယ်"

"အဲဒါဆို ငါ့ကို ဘာလို့ မမုန်းတာလဲ"

“ဘာဖြစ်လို့လဲဆိုတော့ ပထမအချက်က ငါ နင့်ကို သူငယ်ချင်းတယောက်လိုပဲ သဘောထားတယ်။ အဲ့ဒါကြောင့် ငါ့ရဲ့လိင်ပိုင်းဆိုင်ရာ စိတ်ကူးယဉ်မှုမှာ နင့်ကို မထည့်ချင်ဘူး။ ဒုတိယအချက်က”

“နင့်မှာ မှန်းစရာ တခြားမိန်းကလေးတယောက် ရှိလို့နေမှာပေါ့”

“နင် ဒီလိုကိစ္စမျိုးမှာတောင် ရိုးရိုးသားသားပဲ။ အဲ့ဒါကြောင့် ငါ နင့်ကို သဘောကျတာ။ ငါ့ကို တကြိမ်လောက် မှန်းမကြည့်နိုင်ဘူးလား။ ငါ နင့်ရဲ့လိင်ပိုင်းဆိုင်ရာစိတ်ကူးယဉ်မှု ဒါမှမဟုတ် နေ့လယ် အိပ်မက် ဒါမှမဟုတ် နင်ကြိုက်သလိုပြောဟာ အဲ့ဒီထဲမှာ ငါပါချင်တယ်။ သူငယ်ချင်းချင်းမို့ ငါတောင်းဆိုတာပါဟာ။ ဒီလိုကိစ္စမျိုး ငါ ဘယ်သူ့ကို တောင်းဆိုနိုင်မှာလဲ။ တခြားတယောက်ကို ဒီလို သွားမတောင်းဆိုနိုင်ဘူးလေ။ “ဒီည ရှင်မာစတာဘိတ် လုပ်တဲ့အခါ ကျွန်မကို တစ်စက္ကန့်လောက် ဖြစ်ဖြစ် မှန်းပေးနိုင်မလားရှင်” လို့ ငါ မပြောချင်ပါဘူး။ နင့်ကို သူငယ်ချင်းလို သဘောထားလို့ တောင်းဆိုတာပါ ။ နင် ငါတောင်းဆိုတာ လုပ်ပြီးရင် ဘယ်လိုနေလဲလို့ ပြောပြနော်”

ကျွန်တော် သက်ပြင်းချလိုက်ရတယ်။

“နင် ဒီလိုမပြောသင့်ဘူး။ ငါတို့က သူငယ်ချင်းတွေပဲလေ မဟုတ်ဘူး လား။ နင်ကြိုက်တာ နင်လုပ်၊ နင်တွေးချင်တာ တွေးရတယ်။ ဒီလိုတော့ မပြောသင့်ဘူး”

“မသိဘူးဟာ ငါ အရင်ကလည်း ချုပ်တည်းတာတွေမရှိဖူးဘူး” လို့ ကျွန်တော် ပြောလိုက်တယ်။

“နင် ငါ့ကို မှန်းမှာလား”

“ကောင်းပါပြီဟာ။ ငါ နင့်ကို မှန်းပါမယ်”

“ဝါတနာဘီ... နင် ငါ့ကို တမျိုးတော့ မထင်စေချင်ဘူး။ ငါ ဒီကိစ္စကို စိတ်ဝင်စားရုံသက်သက်ပါ။ ငါသိချင်ရုံပါပဲ။ ငါ မိန်းကလေးကျောင်းမှာ တက်ခဲ့ရတာ။ အဲ့ဒါကြောင့် ယောကျ်ားလေးတွေ ဘယ်လိုတွေးတယ်။ သူတို့ရဲ့ခန္ဓာကိုယ် ဘယ်လိုရှိတယ်ဆိုတာကို အရမ်းသိချင်တယ်။ အမျိုးသမီး မဂ္ဂဇင်းတွေမှာ ပါတာလောက် မသိချင်ဘူး။ တကယ့်လက်တွေ့ကျကျ သိချင်တယ်”

“လက်တွေ့ကျကျဟုတ်လား” ကျွန်တော် မေးလိုက်တယ်။

“ငါ့ဘဲက ငါသိချင်တာတွေ စမ်းချင်တာတွေကို ခွင့်မပြုဘူးဟာ။ ငါ့ကို ဂေါက်ကြောင်လို့ပဲပြောတယ်။ ငါ့ကို ပါးစပ်နဲ့ စို့တာတောင် ခွင့်မပြုဘူး။ အဲဒီကိစ္စကို ငါ တော်တော်စမ်းချင်နေတာ သေလုမတတ်ဘဲ”

"အာ..."

"နင် အဲဒါကိုမုန်းလို့လား"

"မမုန်းပါဘူး"

"ဒါဆို ကြိုက်တယ်ပေါ့"

"ဟုတ်တယ်... ငါကြိုက်တယ်။ ငါတို့ ဒီအကြောင်းအရာကို နောက်မှ ပြောရအောင်ဟာ။ ကြည့်စမ်း... တနင်္ဂနွေ မနက်ခင်း ဘယ်လောက် လှသလဲဆိုတာကို ဒီလိုအချိန်မှာ ညစ်တီးညစ်ပတ်တွေ ငါ မပြောချင်ဘူး။ တခြားအကြောင်း ပြောရအောင် နင့်ဘဲနဲ့ နင် ကျောင်းအတူတူပဲလား"

"မတူဘူး။ သူက တခြားကျောင်းတကျောင်းက။ ငါတို့ ဟိုက်စကူးတုန်းက ကျောင်းပေါင်းစုံ အစီအစဉ်တခုမှာ တွေ့ခဲ့တာ။ ငါက မိန်းကလေးကျောင်းက၊ သူက ယောကျ်ားလေးကျောင်းက ပြဇာတ်တွဲကရတဲ့ အစီအစဉ်မှာ တွေ့ခဲ့ကြတာ။ ဟိုက်စကူး ပြီးတော့ ငါတို့ ရည်စားဖြစ်ခဲ့ကြတာပဲ ဟော့... ဝါတာနာဘီ"

"ဘာလဲ"

"ငါ့ကို တခါလောက်မုန်းပေးပါဟာ။ အိုကေလား"

"အိုကေ။ နောက်တခါကျရင် ငါ လုပ်ကြည့်မယ်"

※※※

ကျွန်တော်တို့ ရထားစီးပြီး အိုချာနိုမီဇူကို ထွက်လာတယ်။ အဲဒီကို ရောက်တော့မှ ရှင်ဂျူကူကို ရထားပြောင်းစီးမယ်။ ကျွန်တော် စကြံပေါ်မှာ ဆင်းဒဝစ်ချ် ဝယ်စားတယ်။ ကျွန်တော် မနက်စာမစားခဲ့ရသေးဘူး။ ဝယ်သောက်မိတဲ့ ကော်ဖီကလည်း ပရင်တာထဲက မင်ရည်ပူပူလိုပဲ အရသာမရှိဘူး။ တနင်္ဂနွေမနက်ခင်းမို့ ရထားတိုင်းမှာ အပြင်လည်ကြတဲ့ အတွဲတွေနဲ့ မိသားစုတွေချည်းပဲ။ တူညီဝတ်စုံတွေဝတ်ပြီး ကေ့စ်ကောထုတ်တွေ ကိုင်ထားတဲ့ လူငယ်လေးတွေလည်း တွေ့ရတယ်။ ရထားပေါ်က မိန်းကလေး အများစုဟာ စကတ်တိုတိုတွေ ဝတ်ထားကြတယ်။ ဒါပေမဲ့ ဘယ်သူမှ မီဒိုရီလောက် မတိုကြဘူး။ ယောကျ်ားတချို့က မီဒိုရီရဲ့ ပေါင်တံတွေကိုကြည့်တော့ ကျွန်တော် မသက်မသာ ဖြစ်ရတယ်။ မီဒိုရီကတော့ ဘာမှဖြစ်ပုံ မရဘူး။

"ငါ အခု ဘာလုပ်ချင်နေလဲသိလား" ဆယ်မိနစ်လောက်စီးရမယ့် ခရီးမှာ မီဒိုရီက ကျွန်တော့်ကို တိုးတိုးလေး ကပ်ပြောတယ်။

“မပြောတတ်ဘူးလေ။ အခုတော့ မပြောနဲ့ဦး။ တခြားလူတွေ ကြားကုန်မယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

“တော်တော်ဆိုးတာပဲ။ ရိုင်းလိုက်တာ” မီဒိုရီက စိတ်ပျက်လက်ပျက်နဲ့ ပြောပါတယ်။

“ငါတို့ အိုချာနိုမီဇူကိုသွားမှာ မဟုတ်လား”

“ရောက်ရင်သိမှာပေါ့”

အိုချာနိုမီဇူဘူတာမှာ ကျောင်းသား၊ ကျောင်းသူလေးတွေ အများကြီး တွေ့ရတယ်။ ဟိုက်စကူးနဲ့ မူလတန်းကျောင်းသား၊ ကျောင်းသူတွေချည်းပဲ။ မီဒိုရီဟာ လူအုပ်ထဲမှာ သူ့ရဲ့ဘေးလွယ်အိတ်ကို တဖက်ကကိုင်၊ တဖက်က ကျွန်တော့်လက်ကို ဆွဲရင်း လျှောက်လို့နေတယ်။

သူ ဘာမှမပြောဘဲ ကျွန်တော့်ကို မေးတယ်။ “ဝါတာနာဘီ… အင်္ဂလိပ်စာမှာ subjunctive present နဲ့ past ဘယ်လို ကွာလဲဆိုတာ နင် ငါ့ကို ရှင်းပြနိုင်မလား”

“ငါ ရှင်းပြနိုင်တယ်”

“ဒါဆို ငါမေးမယ်။ အဲဒီဟာ နှစ်ခုဟာ နေ့စဉ်ဘဝမှာ ဘယ်လို သုံးလို့ရလဲ”

“ဘယ်လိုမှ သုံးလို့ မရဘူး။ ဘယ်လို အသုံးဝင်မှုမှ မရှိဘူး။ စနစ်တကျ သဒ္ဒါသုံးစွဲချင်ရင်တော့ လေ့ကျင့်ပြီးမှ သုံးလို့ရတာလောက်ပဲရှိတယ်”

မီဒိုရီဟာ ခဏလောက် သေသေချာချာ စဉ်းစားလိုက်တယ်။

“နင် အံ့ဩဖို့ကောင်းတယ်၊ ငါ့ကို ဘယ်သူမှ ဒီလို မရှင်းပြနိုင်ဘူး။ Subjuntive လိုပဲ differential calculus နဲ့ chemical symbols တွေဟာ အသုံးမဝင်ဘူးလို့ ငါထင်တယ်။ ငါမေးလိုက်တဲ့ လူတိုင်းကလည်း အဲဒီ မေးခွန်းတွေကို မဖြေကြဘူး။ ငါပဲ မှားနေသလိုလိုနဲ့။ ငါ သူတို့ လျှော်ပစ်လိုက်တာချည်းပဲ”

“နင် သူတို့ကို လျှော်လိုက်တယ်ဟုတ်လား”

“ဟုတ်တယ်။ သူတို့ဟာ ငါ့အတွက်တော့ ဖြစ်တည်မှုမရှိကြဘူး။ ‘Oine’ နဲ့ ‘Cosine’ ဟာလည်း ဘာအဓိပ္ပါယ်မှ မရှိဘူး”

“မယုံနိုင်စရာပဲ။ နင် ဟိုက်စကူး ဘယ်လိုအောင်လာလဲ။ ကောလိပ်တက်ခွင့် ဘယ်လိုရလာတာလဲ”

"မကြောင်စမ်းပါနဲ့ဟာ။ ကောလိပ်ဝင်ခွင့် စာမေးပွဲအောင်ဖို့ အားလုံးကို သိစရာ မလိုပါဘူး။ ပင်ကိုယ် အသိဉာဏ်လေး နည်းနည်းလောက်ရှိရင် ရပါတယ်။ ငါ့ပင်ကိုယ်အသိဉာဏ်က သူများထက် ပိုသာတယ်။ ပေးထားတဲ့ သုံးခုထဲက အဖြေမှန် ရွေးရတာ ငါ့အတွက် လွယ်လွယ်လေးတွေပဲ"

"ငါတော့ နင့်လောက် ပင်ကိုယ်ဉာဏ်မကောင်းဘူး။ အဲ့ဒါကြောင့် စနစ်တကျချဲ့ထွင်တွေးတတ်အောင် သင်ယူရတယ်။ ကျီးကန်းတကောင်က သစ်ခေါင်းထဲမှာ မုန့်ကွဲစတွေ သိမ်းထားတတ်သလိုပါပဲ"

"စာသင်တာဟာ ရည်ရွယ်ချက်တခုခုရှိလား"

"ငါ မပြောတတ်ဘူး။ တချို့ကိစ္စတွေမှာတော့ ပိုလွယ်ကူစေတယ်လို့ ငါထင်တာပဲ"

"ဘယ်လိုကိစ္စတွေမှာလဲ ငါ့ကို ဥပမာတခုခုလောက် ပြောပြစမ်းပါ"

"တက္ကိကဆန်အတွေးအခေါ်ပဲ ထားပါတော့ ဘာသာ စကားမျိုးစုံကို ကျွမ်းကျင်နိုင်တယ်လေ"

"တက္ကိကအတွေးအခေါ်က ဘာကောင်းလို့လဲ

"သင်ယူတဲ့ လူအပေါ်မှာပဲ မူတည်တယ်။ တချို့လူတွေအတွက် အသုံးဝင်ပေမယ့် တချို့လူတွေ အတွက်တော့ အသုံးမဝင်လှဘူး။ အသုံးဝင်မှု ရှိ မရှိ ဆိုတာက အဲဒါ မေးခွန်းတခုပဲ"

"အင်း" လို့ မီဒိုရီက အထင်ကြီးတဲ့ပုံနဲ့ ပြောတယ်။ သူ ကျွန်တော့်ကို လက်ဆွဲပြီး တောင်ကုန်းပေါ်က ဆင်းလာတယ်။

"ဝါတာနာဘီ… နင် တဖက်သား နားလည်အောင် ရှင်းပြတဲ့နေရာမှာ တော်တယ်"

"ဟုတ်မှာပေါ့" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

"ဟုတ်တယ်။ ငါပြောပြမယ်။ အင်္ဂလိပ်စာမှာ မှန်းဆချက်ပုံစံကို ဖော်ပြချင်ရင် သုံးတဲ့ Subjunctive ဆိုတဲ့ ကြိယာဟာ ဘယ်လောက် အသုံးဝင်လဲလို့ လူတရာကျော်လောက်ကို မေးကြည့်ဖူးတယ်။ ဘယ်သူမှ နင့်လို ရှင်းရှင်းလင်းလင်း မပြောပြနိုင်ဘူး။ အင်္ဂလိပ်ဆရာတွေတောင်မှ နင့်လောက် မပြောနိုင်ကြဘူး။ သူတို့ကို မေးလိုက်ရင် စိတ်ဆိုးတဲ့လူက ဆိုးသလို စိတ်ရှုပ်သွားတဲ့ လူတွေလည်း ရှိတယ်။ ဒါမှမဟုတ် ရယ်ပြီး ထွက်သွားတဲ့ လူတွေလည်း ရှိတယ်။ ငါ့လည်း Subjunctive ကိုမှ တော်တော် စိတ်ဝင်စားနေတယ် ထင်တယ်"

"အင်း" လို့ ကျွန်တော်ပြောလိုက်တယ်။

"ဒါနဲ့ နင် ကားလ်မာ့စ်ရဲ့အရင်းကျမ်းကို ဖတ်ဖူးလား"

"ဖတ်ဖူးတယ်။ ဒါပေမဲ့ အစအဆုံးတော့ မဟုတ်ဘူး။ တခြားလူတွေလိုပဲ တစိတ်တပိုင်းလောက်ပဲ ဖတ်ဖူးတယ်၊ မာ့စ်ဝါဒရဲ့ အခြေခံ သဘောတရားတွေကို ငါ နားလည်တယ်လို့ ထင်တာပဲ"

"ဆိုပါတော့... စာအုပ်တွေ သိပ်မဖတ်ဖူးသေးတဲ့ ကောလိပ်ကျောင်းသားသစ် တယောက်ယောက်ဟာ အဲ့ဒီစာအုပ်ကို ဖတ်လိုက်ရုံနဲ့ နားလည်မယ်ထင်လား"

"နားလည်နိုင်မှာမဟုတ်ပါဘူး"

"ငါ ဒီကျောင်းကိုစရောက်တော့ ငါ ကျေးလက်ဂီတ ကလပ်မှာ အဖွဲ့ဝင်ခဲ့တယ်။ ဘာရယ်တော့ မဟုတ်ပါဘူး။ သီချင်း ဆိုချင်လို့ပေါ့။ ဒါပေမဲ့ အဲဒီကလပ်က လူတွေဟာ နည်းနည်းတော့ ကြောင်တယ်ဟ။ ကလပ်ထဲ ရောက်သွားတာနဲ့ မာ့စ်ကို ဖတ်ဖို့ပဲ ပြောကြတယ်။ ကျေးလက် သီချင်းတွေဟာ လူ့အဖွဲ့အစည်းအပေါ် အကျိုးသက်ရောက်မှုရှိပြီး အင်အားကြီးမားတဲ့ လှုပ်ရှားမှုတွေ ဖြစ်ခဲ့တယ်လို့ သင်တဲ့လူလည်းရှိတယ်။ အဲ့ဒါနဲ့ ငါလည်း အိမ်ပြန်ပြီး မာ့စ်ကို ငါဖတ်နိုင်သလောက် ဖတ်ပစ်လိုက်တယ်။ ဒါပေမဲ့ ငါ ဘာမှနားမလည်ပါဘူး။ Subjuntive ထက်တောင် ဆိုးသေးတယ်။ သုံးမျက်နှာလောက် ဖတ်ပြီးတဲ့နောက် ငါ လက်လျှော့လိုက်ရတယ်။ ဒါပေမဲ့ နောက်တပတ် ငါ အဲဒီကလပ်ကို သွားတော့ ငါ ဖတ်ပြီးသွားပေမယ့် နားမလည်ဘူးလို့ ပြောလိုက်တယ်။ အဲ့ဒီလို ပြောပြီးတဲ့နောက် ငါ့ကို ငတုံးအေလို ကြည့်ကြတယ်။ ဘာလို့ အဲဒီလို ကြည့်ကြသလဲဆိုတာကိုတော့ ငါ မသိဘူး။ လူတန်းစား တိုက်ပွဲဆိုတာနဲ့ ပတ်သက်ပြီးလည်း ငါ ဘယ်လိုမှနားမလည်ဘူး။ ငါဟာ လူမှုရေးနဲ့ပတ်သက်ပြီး ဒုက္ခိတတယောက်ပါ။ ငါနားမလည်တာက တော်တော်ဆိုးတယ်။ အဲ့ဒီလို နားမလည်တာဟာ တော်တော်ဆိုးတယ်လို့ ငါထင်တယ်"

"သူတို့ရဲ့ ဆွေးနွေးပွဲ အမည်တပ်ထားတဲ့ စကားဝိုင်းတွေဟာ ကြောက်လန့်ဖို့ကောင်းတယ်၊ လူတိုင်းဟာ စကားလုံး အကြီးကြီးတွေ သုံးကြတယ်။ ပြီးတော့ အရာအားလုံးကိုပဲ သူတို့ သိနေသလိုလို ဟန်ဆောင်ကြတယ်။ ငါတော့ မသိတာရှိရင် ထမေးတာပဲ။ "ခုနကပြောလိုက်တဲ့ အရင်းရှင်တွေရဲ့ခေါင်းပုံဖြတ် အမြတ်ထုတ်မှုဆိုတာ ဘာကိုပြောတာလဲ။ အရှေ့အိန္ဒိယကုမ္ပဏီနဲ့ ပတ်သက်မှုရှိလား။ အဲ့ဒါဆို ကျောင်းပြီးရင် အဲ့ဒီကုမ္ပဏီမှာ အလုပ်မလုပ်သင့်ဘူးပေါ့" လို့ ငါမေးတတ်တယ်။ ငါ့ကို ဘယ်သူမှ အရေးလုပ်ပြီး ပြန်မရှင်းပြချင်ကြဘူး။ သူတို့ ငါ့ကို အရူးလို ကြည့်ကြတယ်။ ငါပြောတာ မြင်ယောင်ကြည့်ပါလား"

“အင်း ငါနားလည်ပါတယ်”

“တယောက်ဆိုရင် ငါ့ကို ထထောင်အော်တယ်”

“အသုံးမကျတဲ့ခွေးမ… ဦးနှောက်ထဲ ဘာမှမရှိဘဲ နင် ဘယ်လိုလုပ် အသက်ရှင်နေလဲ။ အဲ့ဒီတော့ ငါလည်း ဒေါသထွက်ပြီး ငါနားလည်သလောက် ပြန်ပြောတော့တာပဲ။ ငါဟာ အလုပ်သမား လူတန်းစားကပဲ။ ငါ မတော်ဘူး။ ဒါပေမဲ့ ကမ္ဘာကို လည်ပတ်အောင် လုပ်တာက အလုပ်သမား လူတန်းစားတွေပဲ။ ခေါင်းပုံဖြတ်ခံရတာလည်း သူတို့ပဲ။ အလုပ်သမားလူတန်းစား နားမလည်တဲ့ စကားလုံးကြီးတွေနဲ့ပြောနေတဲ့ နင်တို့ရဲ့တော်လှန်ရေးက ဘာသောက်သုံးကျတဲ့ တော်လှန်ရေး ဖြစ်မှာလဲ။ ငါလည်းပဲ ကမ္ဘာကြီးကို ပိုကောင်းတဲ့နေရာ ဖြစ်ချင်တာပဲ။ လူတယောက် ခေါင်းပုံဖြတ်ခံနေရရင် ငါတို့ သွားတားရမှာပေါ့။ ငါနားလည်တာက အဲ့ဒါပဲ။ အဲ့ဒါကြောင့် ငါ မေးတာပေါ့။ ငါ မှန်လား မှားလား”

“မှန်တာပေါ့”

“ကျေးလက်ဂီတကလပ်မှာ ရှိကြတာက ငကြောင်တွေချည်းပဲ။ သူတို့ စိတ်ဝင်စားတာက စကားလုံး အကြီးကြီးတွေ သုံးတတ်ပြီး စကတ်တိုတိုဝတ် ပေါင်ချိတ်ထိုင်တတ်တဲ့ ကျောင်းသူသစ်တွေပေါ့။ သူတို့တွေ အတန်းကြီးလာတဲ့အခါကျတော့ ဆံပင်ကို တိုအောင်ညှပ်ပြီး မစ်ဆူဘီရှီ၊ အိုင်ဘီအမ် ဒါမှမဟုတ် ဖူဂျီဘဏ်တို့မှာ အလုပ်ရဖို့ ကြိုးပမ်းကြတာချည်းပဲ။ ပြီးတော့ မာ့စ်ကို တခါမှ မဖတ်ဖူးတဲ့ မိန်းမလှလှတွေနဲ့ လက်ထပ်မယ်၊ ပြီးရင် ကလေးတွေကို အဆန်းတကြယ် နာမည်လှလှတွေ ပေးကြမယ်။ သူတို့ရဲ့ စကားကြီးစကားကျယ်တွေက ရယ်ဖို့ကောင်းတယ်။ အဖွဲ့ဝင်သစ်တွေကလည်း ငတုံးတွေပဲ။ သူတို့ ဘာမှနားမလည်ဘဲ နားလည်ချင်ယောင်ဆောင်ကြမယ်။ ပြီးတော့ သူတို့ သိသလို ဟန်ဆောင်ပြီး ငါ့ကို ဝိုင်းရယ်တတ်ကြတယ်။ အစည်းအဝေးပြီးတော့ ငါ့ကို ဝိုင်းပြောကြတယ်။ “ပြဿနာ မလုပ်ပါနဲ့ဟာ။ နားမလည်တော့ရော ဘာဖြစ်လဲ။ သူတို့ပြောသမျှကို သဘောသာ တူလိုက်တဲ့” ငါ့ကို ပိုရူးချင်အောင်လုပ်တဲ့ အဖြစ်အပျက်တခု ရှိသေးတယ်။ ကြားချင်သေးရဲ့လား”

“ကြားချင်ပါသေးတယ်”

“တခါတုန်းက သန်းခေါင်ယံ နိုင်ငံရေး အစည်းအဝေးဆိုတဲ့ အစည်းအဝေးပွဲကို ငါ တက်ခဲ့ဖူးတယ်။ အဲဒီအစည်းအဝေးကို တက်တဲ့ မိန်းကလေးတွေဟာ တယောက်ကို ဆန်လုံးမုန့် အခုနှစ်ဆယ်စီ လုပ်ခဲ့ရတယ်။ ညလယ်စာအတွက် ဆိုပြီးတော့။ ငါလိုချင်တာက သူတို့ အဲဒီလိုလုပ်ခိုင်းတာ မိန်းကလေးတွေကို ခွဲခြားဆက်ဆံတာပဲပေါ့။ ငါ ဘယ်သူမှမပြောဘဲ သူများနဲ့မတူအောင် လုပ်ခဲ့တယ်။ ဆန်လုံးမုန့် အခုနှစ်ဆယ်ပါတဲ့

မိန်းကလေးကောင်းတယောက်ပုံစံနဲ့ အစည်းအဝေး တက်ခဲ့တယ်။ သူများတွေလိုပဲ ဆန်လုံးမုန့်အတွင်းမှာ ယူမီဘိုရှိထည့်ပြီး၊ အပြင်မှာ နိုရီ အုပ်ခဲ့တယ်။ ငါ အဲဒီလောက်အားစိုက်ရင် တော်ရောပေါ့။ ငါ့မုန့်ကိုစားတော့ သူတို့တွေက အတွင်းမှာ ယူမီဘိုရှိပဲ ပါတယ်ဆိုပြီး စောဒက တက်ကြတယ်။ ငါလည်း ယူမီဘိုရှိအပြင် ဘာမှကို ထည့်မထားဘူး။ တခြားကောင်မလေးတွေကတော့ ယူမီဘိုရှိနဲ့အတူ ငါးဥတွေ၊ ဆယ်လ်မွန်ငါးတွေနဲ့ ကြက်ဥကြော် ထူထူတွေ ထည့်ထားကြတယ်။ ငါ့ကို လာပြောတော့ ငါ ရှုးတောင်ရှုးချင်သွားခဲ့တယ်။ ငါ ဘာမှ ပြန်မပြောနိုင်ခဲ့ဘူး။ တော်လှန်ရေး လုပ်မယ်ဆိုတဲ့ အကောင်တွေက ဆန်လုံးမုန့်အတွက်လောက်နဲ့ ဖြစ်ပျက်နေတာတွေကို ကြည့်ပြီး ငါ စိတ်ပျက်မိတယ်။ ယူမီဘိုရှိနဲ့ နိုရီပါတာလောက်နဲ့တင် သူတို့ ငါ့ကို ကျေးဇူးတင်သင့်နေပြီ။ အိန္ဒိယမှာ အစာရေစာ ငတ်နေတဲ့ ကလေးတွေကို မြင်ယောင်ကြည့်ပေါ့ဟာ “

ကျွန်တော် ရယ်လိုက်တယ်။ “နောက်တော့ အဲ့ဒီကလပ်နဲ့ ဘာဖြစ်သေးလဲ”

“နွေလနောက်တော့ ငါ အဲဒီကလပ်ကနေ ထွက်လိုက်တယ်။ ငါ တော်တော်ကို ရှုးချင်စိတ် ပေါက်ခဲ့တယ်။ တက္ကသိုလ် ကျောင်းသားအများစုရဲ့ပုံစံက အဲဒီလို အူကြောင်ကြောင်တွေချည်းပဲ။ သူတို့ မသိဘူးဆိုတာကို တခြားတယောက်ယောက် သိသွားမှာကို သေမလောက် ကြောက်ကြတယ်။ သူတို့အားလုံး ဖတ်ကြတဲ့ စာအုပ်တွေက အတူတူချည်းပဲ။ သူတို့ပြောကြတဲ့ စကားလုံးတွေကလည်း အတူတူပဲ။ သူတို့နားထောင်ကြတာလဲ ဂျွန်ကိုလ်ထရိန်းတွေချည်းပဲ။ ကြည့်တော့လည်း ပါဆိုလီနီကားတွေချည်းပဲ။ အဲ့ဒါကို နင် တော်လှန်ရေးလို့ ပြောမလား”

“ငါ့ကို မမေးနဲ့လေ။ ငါတခါမှ တော်လှန်ရေးဆိုတာကြီးကို မမြင်ဖူးဘူး”

“အဲဒါကို တော်လှန်ရေးလို့ပြောချင်လည်း ပြောကြပါစေတော့။ ဆန်လုံးမုန့်ထဲမှာ ယူမီဘိုရှိတွေချည်းပဲ ထည့်ထားလို့ အပြစ်တင်ချင်လည်း တင်ကြပါစေတော့။ သူတို့ နင့်ကို Subjuntive ကို နားလည်လို့ အပြစ်တင်ကောင်း တင်ကြလိမ့်မယ်။”

“ဖြစ်နိုင်ပါတယ်”

“ငါ့ကို ယုံပါ။ ငါဘာပြောနေလဲဆိုတာ ငါ ကောင်းကောင်းသိတယ်။ ငါ အလုပ်သမားလူတန်းစား၊ တော်လှန်ရေး လုပ်လုပ် မလုပ်လုပ် အလုပ်သမား လူတန်းစားဟာ မစင်တွင်းဟောင်းနားမှာပဲ ဆက်နေမှာပါဘဲ။ တော်လှန်ရေးတခုဖြစ်တော့ရော ဘာဖြစ်မှာလဲ။ ငရဲက မြို့တော်ခန်းမသွားပြီး သူ့နာမည် ပြောင်းမှာမဟုတ်သလို အရင်တိုင်းပဲ ရှိနေဦးမှာပေါ့။ ငပိန်းကောင်တွေက အဲ့ဒါကို မသိကြဘူး။ သူတို့သိတာ စကားလုံးအကြီးကြီးတွေကိုပဲ။ ဝါတာနာဘီ... နင်

အခွန်သမားကို မြင်ဖူးလား”

“တခါမှ မမြင်ဖူးဘူး”

“ငါတော့ မြင်ဖူးတယ်။ ခဏာပဲ၊ သူတို့ဟာ မောက်မောက်မာမာနဲ့ ဆိုင်ထဲဝင်လာလေ့ရှိတယ်။ ပြီးတော့ သူတို့အလုပ်ဟာ တကယ့်ကို ကြီးကျယ်သယောင် ဟန်ဆောင်ကြတယ်။ “ဒီ စာရင်းစာအုပ်က ဘာအတွက် လုပ်ထားတာလဲ” “ခင်ဗျား စာရင်းတွေ ဖြောင်ထားတယ် မဟုတ်လား” “ဒါကို အထွေထွေ အသုံးစရိတ်လို့ ပြောဦးမလို့လား” “ခင်ဗျားတို့ ဝယ်ထားတဲ့ ဘောက်ချာတွေ ကြည့်ချင်တယ် ပြပါ” လို့ ပြောရင်း ဆိုင်ရဲ့ ဟိုဖက်ထိပ်နဲ့ ဒီဖက်ထိပ်ကို လမ်းလျှောက်နေကြ လိမ့်မယ်။ လမ်းလျှောက်နေကြရင်းနဲ့ နေ့လယ်စာ စားချိန် ရောက်လာရော။ သူတို့ကို အကောင်းစား ဆူရှီမှာကျွေးရတဲ့ အပြင် သူတို့အိမ်ကိုပါ ပို့လိုက်ရတယ်။ ငါ့အဖေဟာ အခွန်နဲ့ ပတ်သက်လို့ တခါမှ မလိမ်ဖူးတာတောင် အရစ်ခံရလေ့ရှိတယ်။ အခွန်သမား တောင်းသမျှ စာရွက်တွေ သူ အမြဲရှာပေးနေရတယ်။ တော်လှန်ရေးဖြစ်ခဲ့ရင်လည်း အခွန်သမားတွေရဲ့စိတ်ဓာတ် ပြောင်းမယ်လို့ ထင်လား”

“ဖြစ်နိုင်စရာ မရှိပါဘူးဟာ”

“အဲဒီအတွေးက ငါ့ကို ရှင်းရှင်းလင်းလင်း နားလည်စေတယ်။ အဲဒါကြောင့် ငါဘယ်တော်လှန်ရေးကိုမှ အရေးမစိုက်တော့ဘူး။ မေတ္တာတရားကိုပဲ ငါယုံကြည်တယ်”

“ငြိမ်းချမ်းရေးပေါ့” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငြိမ်းချမ်းရေး ဟုတ်တယ်” လို့ မီဒိုရီက ပြန်ပြောတယ်။

“ဒါနဲ့ ငါတို့ ဘယ်သွားကြမှာလဲ” လို့ ကျွန်တော် မေးလိုက်တယ်။

“ဆေးရုံကို သွားမယ်။ အဲဒီမှာ ငါ့အဖေ ရှိတယ်။ ဒီနေ့ တနေကုန် လူနာစောင့်ဖို့ ငါ့အလှည့်ကျတယ်”

“နင့်အဖေ ဟုတ်လား။ ငါက သူ ဥရုဂွေးမှာလို့ ထင်နေတာ”

“ငါ ညာပြောခဲ့တာ” လို့ မီဒိုရီက ဘာမှမဟုတ်သလို ပြောတယ်။ “သူ ဥရုဂွေးကို သွားမယ်လို့ပဲ တချိန်လုံး အော်ပြောနေတာ။ တကယ်တမ်းတော့ သူ ဘယ်မှမသွားနိုင်ဘူး။ တိုကျိုမြို့ အပြင်ဘက်တောင် မသွားနိုင်ဘူး”

“သူ အခြေအနေ တော်တော်ဆိုးလား” လို့ ကျွန်တော် မေးလိုက်တယ်။

"အချိန်ကာလ အတိုင်းအတာနဲ့ပဲ ဆိုင်တယ်"

ကျွန်တော်တို့ နှစ်ယောက် ဘာမှမပြောဘဲ ခြေလှမ်းများများ လျှောက်မိတယ်။

"ငါပြောနေတာကို ငါသိတယ်။ ငါ့အမေဖြစ်ခဲ့တာနဲ့ အတူတူပဲ။ ဦးနှောက်မှာ အကျိတ်ဖြစ်တာ။ နင် ယုံမလားတော့ မသိဘူး။ ဦးနှောက်မှာ အကျိတ်ဖြစ်ပြီး နှစ်နှစ်လောက်နေမှ သူ ကွယ်လွန်ခဲ့တယ်။ အခု အဖေလည်း ဦးနှောက်မှာ အကျိတ်ဖြစ်နေတယ်လေ"

တက္ကသိုလ်ဆေးရုံ ကော်ရစ်ဒါဟာ ဆူညံပွက်လောထနေတယ်။ စနေ၊ တနင်္ဂနွေလာတဲ့ ဧည့်သည်တွေနဲ့ ရောဂါ ပြင်းပြင်းထန်ထန် ရှိပုံမရတဲ့ လူနာတွေဟာ ရှုပ်ယှက်ခတ်လို့နေတယ်။ နေရာတိုင်းမှာ အကောင်းစားဆေးရုံနံ့တွေ မွှန်နေတယ်။ ပိုးသတ်ဆေးနံ့တွေ၊ ဧည့်သည်တွေရဲ့ ပန်းစည်းနံ့တွေ၊ ဆီးနံ့တွေ၊ မွေ့ယာနံ့တွေနဲ့ မွှန်လို့နေလေရဲ့။ မွေ့ယာတွေကို သူနာပြုဆရာမတွေ ဘယ်လိုခါခါ အနံ့ မပျောက်ဘူး။

မီဒိုရီရဲ့အဖေဟာ တံခါးနားက အလတ်တန်းစား အခန်းမှာ နေတယ်။ အပြင်ကို မျှော်ငေးကြည့်နေတဲ့ သူ့အဖေဟာ သေလောက်တဲ့ဒဏ်ရာ အပြင်းစားရထားတဲ့ သတ္တဝါကြီးတကောင်နဲ့ တူနေလေရဲ့။ သူဟာ ခုတင်ပေါ်မှာ အားအင်ဖျော့တော့ လဲလျောင်းနေပြီး လက်တဖက်မှာ အပ်စိုက်ထားတာ တွေ့ရတယ်။ သူဟာ ပိန်လျှလျှဖြစ်ပြီး ပိန်သထက်ပိန်မယ့်ပုံစံ ပေါ်နေတယ်။ သူ့ခေါင်းကို အဖြူရောင် ပတ်တီးတွေနဲ့ ပေါင်းထားတာ တွေ့ရတယ်။ မပွင့်တပွင့် သူ့ရဲ့အိပ်ရေးပျက်လို့ နီရဲနေတဲ့ မျက်လုံးတွေဟာ အဝင်ဝကိုပဲ ငေးမျှော်ကြည့်နေတယ်။ ကျွန်တော်တို့ ဝင်လာတာကို ဆယ်စက္ကန့်လောက် မမိုတ်မသုန် ကြည့်နေတယ်။ နောက်တော့မှ နေရာရွှေ့သွားတယ်။

သူ့မျက်လုံးတွေကို ကြည့်တာနဲ့ သူ မကြာခင် သေတော့မယ်ဆိုတာ သိသာတယ်။ သူ့အသားအရေကလည်း အသက်ရှင်မယ့်လက္ခဏာကို မပြဘူး။ သူ အသက်ရှင်သန်ခဲ့တယ်ဆိုတာကို ယုံရခက်ခက် ပုံစံမျိုးပဲ။ သူ့ပုံစံကြည့်ရတာဟာ အိမ်တွင်းက ပရိဘောဂတွေ၊ ပစ္စည်းပစ္စယတွေ အကုန်အစင် ဖယ်ထုတ်ထားပြီးဖြစ်တဲ့ ပြိုကျလုနီးနီး အိမ်အိုဟောင်းတလုံးလို ဖြိုချဖျက်ဆီးခံရမှာကို စောင့်မျှော်နေသလိုပဲ၊ ခြောက်သယောင်းနေတဲ့ သူ့နှုတ်ခမ်းပေါ်မှာ ပေါက်နေတဲ့ နှုတ်ခမ်းမွေးဟာ မြက်ပင်တွေလိုပဲ။ လူတယောက်ရဲ့အသက် ကုန်ခါနီးမှာတောင် မုတ်ဆိတ် ပါးသိုင်းမွေးတွေဟာ ပေါက်ဆဲပါပဲလားလို့ ကျွန်တော် တွေးမိတယ်။

ပြတင်းပေါက်ဘေးက အိပ်ရာပေါ်မှာ ပါးတွေချိုင့်ဝင်နေတဲ့ သူ့အဖေကို

မီဒိုရီက "ဟယ်လို" လို့ နှုတ်ဆက်လိုက်တယ်။ သူ ခေါင်းညိတ်ပြီး ပြုံးပြတယ်။ သူ စကားမပြောနိုင်ဘူးဆိုတာ သိသာသွားတယ်။ သူ ချောင်း သုံးလေးကြိမ် ဆိုးလိုက်တယ်။ ခေါင်းရင်းမှာရှိတဲ့ ဖန်ခွက်ထဲက ရေကို နည်းနည်း မော့သောက်ပြီးတဲ့နောက် သူ့ခန္ဓာကိုယ်ကို တဖက်လှည့်လိုက်တယ်။ ပြတင်းပေါက် ဘက်ကို မျက်နှာမူလိုက်တယ်။ ပြတင်းပေါက် အပြင်ဘက်မှာ မြင်နေရတာက မီးခိုးတိုင်တတိုင်နဲ့ ခာတ်ကြိုးလိုင်းတွေပဲ။ ဘာမှမပိုဘူး။ ပြီးတော့ ကောင်းကင်မှာ လွင့်နေတဲ့ အဖြူဆုတ်ဆုတ် တိမ်တွေ။

"ဒက်ဒီ... ဘယ်လိုနေလဲ" မီဒိုရီက သူ့အဖေရဲ့နားနားကပ်သွားပြီး မိုက်ခရိုဖုန်း အသံစမ်းသလို ပြောလိုက်တယ်။ "ဒီနေ့ ဘယ်လိုနေလဲ"

သူ့အဖေရဲ့နှုတ်ခမ်းတွေ လှုပ်သွားတယ်။ (သိပ်မကောင်းဘူး) လို့ သူ ပြောတယ်။ လည်ချောင်းထဲက ခြောက်ကပ်ကပ်အသံနဲ့ပေါ့။ စကားလုံးတွေကို ပြောနေတာနဲ့ မတူဘူး။ (ခေါင်း) လို့ သူ့ အဖေပြောတယ်။

"ခေါင်းကိုက်နေတာလား" လို့ မီဒိုရီက မေးတယ်။

(အင်း) စကားလုံး သိပ်များများ မပြောနိုင်တော့ဘူးထင်တယ်။

"ခေါင်းကို ခွဲထားတာဆိုတော့ ခေါင်းကိုက်မှာပေါ့။ အရမ်းကိုက်နေလား။ ခေါင်းကို မတ်မတ်ထားဖို့ နည်းနည်း အားစိုက်လိုက်။ ဒါ သမီးသူငယ်ချင်း ဝါတာနာဘီတဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်" လို့ ကျွန်တော် ပြောလိုက်တယ်။ မီဒိုရီရဲ့နှုတ်ခမ်းတွေ ဟလိုက်တယ်။ ပြီးတော့ ပြန်ပိတ်လိုက်တယ်။ မီဒိုရီက ကျွန်တော့်ကို ခုတင်ဘေးကခုံမှာ ဝင်ထိုင်ဖို့ အရိပ်အကဲ ပြလိုက်တယ်။ သူပြောသလိုပဲ ကျွန်တော် ဝင်ထိုင်လိုက်တယ်။ မီဒိုရီဟာ သူ့အဖေကို ရေတိုက်လိုက်ပြီး သစ်သီးစားမလား၊ ဒါမှမဟုတ် ယိုသုတ်ထားတဲ့ သစ်သီးမုန့်စားမလားလို့ မေးလိုက်တယ်။ (နိုး) လို့ သူ့အဖေက ပြန်ပြောတယ်။ အဖေကို တခုခုစားဖို့ အတင်းပြောတော့ (စားပြီးပြီ) လို့ သူ့အဖေက ပြန်ပြောတယ်။

ခုတင်ခေါင်းရင်းမှာ စားပွဲလေး တလုံးရှိတယ်။ စားပွဲပေါ်မှာ ရေဘူးရယ်၊ ပန်းကန်ပြားတချပ်ရယ်နဲ့ နာရီလေးတလုံး တင်ထားတာ တွေ့ရတယ်။ စားပွဲရဲ့အောက်အဆင့်မှာရှိတဲ့ စက္ကူအိတ်ကြီးထဲကနေ မီဒိုရီဟာ ညအိတ်ဝတ်စုံ အတွင်းခံဘောင်းဘီနဲ့ တခြားအရာတွေ ထုတ်လိုက်ပြီး တံခါးနားမှာရှိနေတဲ့ ဘီရိုထဲ သွားထည့်လိုက်တယ်။ လူနာအတွက် ညစာကိုတော့ စက္ကူအိတ်ရဲ့အောက်မှာ ထည့်ထားတယ်။ စပျစ်သီးနှစ်ခိုင်၊ သစ်သီးယိုနဲ့ သခွားသီးသုံးလုံး ထည့်ထားတယ်။

"သခွားသီးတွေပါလား" "သခွားသီးတွေ ဘာလုပ်ဖို့လဲ" လို့ မီဒိုရီက မေးတယ်။ "ငါ့ညီမ ဘာတွေလုပ်နေလဲဆိုတာ ငါတော့ မတွေးတတ်အောင်ပဲ။ ဘာတွေဝယ်ရမယ်ဆိုတာ ဖုန်းနဲ့ သေသေချာချာ ပြောလိုက်တဲ့ဟာကို။ သခွားသီး ဝယ်ခဲ့လို့ ငါ တခွန်းမှ မပြောမိခဲ့ဘူး"

"နားကြားလွဲတာနေမှာပေါ့" လို့ ကျွန်တော် ပြောလိုက်ဖို့ လိုမှာလည်း ဆိုတော့ သူတွေးကြည့်သင့်တာပေါ့။ ဆေးရုံပေါ်က လူနာတယောက်အတွက် သခွားသီး ဘာလုပ်ရမှာလဲ။ သခွားသီးအစိမ်းတွေ ကိုက်စားနေရမှာလား။ အဖေ... သခွားသီးစားမလား"

(နိုး) လို့ မီဒိုရီအဖေက ပြောတယ်။

မီဒိုရီဟာ ခုတင်ပေါ်မှာထိုင်ပြီး အိမ်အကြောင်းတွေ သူ့အဖေကို ပြောပြနေတယ်။ တီဗီ မကောင်းတော့လို့ ပြင်မယ့်လူ ခေါ်လိုက်ရတာ၊ တာကိုင်းဒိုးက သူ့အဒေါ် ရက်ပိုင်းအတွင်း လာလည်တော့မယ်ဆိုတာ၊ ဆေးဆရာ မစ္စတာမီယာဝါကီ စက်ဘီးပေါ်က ပြုတ်ကျတယ်ဆိုတာတွေ ပြောပြလို့နေတယ်။ သူ့အဖေကတော့ လည်ချောင်းသံနဲ့ပဲ သံယောင်လိုက်ပေးနေတယ်။

"ဘာမှမစားချင်တော့ဘူးဆိုတာ သေချာလား" လို့ မီဒိုရီက မေးလိုက်တယ်။

(နိုး) လို့ပဲ သူ့ အဖေပြန်ပြောတယ်။

"ဝါတာနာဘီ နင်ရော ဘာစားမလဲ။ စပျစ်သီး စားမလား"

"နိုး" လို့ပဲ ကျွန်တော် ဖြေလိုက်တယ်။

နောက်ထပ် မိနစ်အနည်းငယ်လောက်ကြာတော့ မီဒိုရီက ကျွန်တော့်ကို တီဗီခန်းထဲခေါ်သွားတယ်။ ဆိုဖာပေါ်ထိုင်ပြီး သူ စီးကရက် သောက်လို့နေတယ်။ ဆေးရုံဝတ်စုံနဲ့ လူနာသုံးယောက်ဟာ စီးကရက်သောက်ပြီး တီဗီကလာနေတဲ့ နိုင်ငံရေးဆွေးနွေးခန်းကို ကြည့်နေကြတယ်။

"ဟေး" လို့ အရောင်တောက်လာတဲ့မျက်လုံးတွေနဲ့ မီဒိုရီက ကျွန်တော့်ကို ခပ်တိုးတိုးခေါ်လိုက်တယ်။ "ချိုင်းထောက်နဲ့ အဖိုးကြီးဟာ ငါတို့ ဝင်လာကတည်းက ငါ့ပေါင်တံတွေကို ကြည့်နေတယ်။ အပြာရောင်ဝတ်စုံဝတ်ပြီး မျက်မှန်တပ်ထားတဲ့ အဖိုးကြီးလေ"

"နင် ဒီလို စကတ်အတိုဝတ်ထားတော့ ကြည့်တော့မှာပေါ့"

"ကောင်းပါတယ်။ ကြည့်ပါစေ။ သူတို့ ဒီမှာ ပျင်းနေကြတာပဲ။ ငါ သူတို့ကို ကူညီနေတာပေါ့။ ငါ့ကြောင့် သူတို့ ပိုမြန်မြန်တောင် သက်သာလာနိုင်သေးတယ်"

"ဆန္ဒကျင်ဘက် အကျိုးဆက် မဖြစ်ရင်တော့ ပြီးတာပါပဲ"

မီဒိုရီဟာ အပေါ်ကို ထောင်တက်သွားတဲ့ စီးကရက်မီးခိုးတွေကို ငေးကြည့်လို့နေတယ်။

"နင်သိတဲ့အတိုင်းပဲ။ ငါ့အဖေဟာ ဆိုးလှတဲ့ လူတယောက်တော့ မဟုတ်ဘူး။ သူ ကယောင်ကတမ်း ပြောသံတွေ ကြားရရင် ငါတော့ စိတ်မကောင်းဘူး။ သူဟာ ရိုးသားပြီး ငါ့အမေကို တော်တော်ချစ်တယ်ဟ။ အဖေဟာ သူ့ဘဝကို ရုန်းကန်ကြိုးပမ်းခဲ့ရတယ်။ သူ့အားနည်းချက်ကတော့ စီးပွားရေး မလုပ်တတ်တာဘဲ။ လူတွေက အဖေ့ကို သိပ်မကြိုက်ကြဘူး။ ဒါပေမဲ့ သူဟာ ဘယ်တော့မှ လိမ်ညာမပြောတတ်ဘူး။ လူလိမ်တွေလည်း သူ့ဘေးမှာ နေလို့မရကြဘူး။ သူက ငါတို့ကို သိပ်မထောက်ပံ့နိုင်တာကြောင့် ငါတို့ ရုန်းကန်ခဲ့ရတယ်။ ဒါပေမဲ့ ငါ့အဖေဟာ ဆိုးတဲ့လူတော့ မဟုတ်ပါဘူး"

မီဒိုရီဟာ ကျွန်တော့်လက်ကို ကောက်ကိုင်လိုက်တယ်။ လမ်းပေါ်မှာ လူတယောက်ကျကျန်ခဲ့တဲ့ ပစ္စည်းတခုခုကို ကောက်ကိုင်လိုက်တဲ့ပုံစံမျိုးပါ။ ပြီးတော့ သူ့ပေါင်ပေါ်တင်လိုက်တယ်။ ကျွန်တော့် လက်တဝက်ဟာ သူ့စကတ်အစပေါ်ရောက်နေပြီး တဝက်က သူ့ပေါင်ပေါ် ရောက်နေတယ်။ သူ ကျွန်တော့်မျက်လုံးတွေကို ခဏကြည့်တယ်။

"ဒီလိုနေရာမျိုးကို ခေါ်လာမိတဲ့အတွက် ဆောရီးပါဟာ။ ဒီမှာ ခဏလောက်ထပ်နေရမှာ ကိစ္စမရှိဘူး မဟုတ်လား"

"နင် ဆန္ဒရှိရင် ငါ နင်နဲ့အတူ တနေကုန် နေပေးမှာပါဟာ။ ညနေ ငါးနာရီအထိ ငါ နင့်ကို အချိန်ပေးလို့ ရပါတယ်။ ငါ့မှာလည်း တခြား ဘာမှလုပ်စရာမရှိပါဘူး"

"တနင်္ဂနွေနေ့တွေမှာ နင် ဘာလုပ်လေ့ရှိလဲ"

"အဝတ်လျှော်တယ်။ ပြီးတော့ မီးပူတိုက်တယ်"

"နင် ငါ့ကို နင့် ကောင်မလေးအကြောင်း သိပ်မပြောချင်ဘူး ထင်တယ်"

"မဟုတ်ပါဘူး။ အဲ့ဒါက ရှုပ်ထွေးတယ်ဟ။ ငါ ရှင်းပြနိုင်လိမ့်မယ်လို့လည်း မထင်ဘူး"

"ရပါတယ်။ နင် ငါ့ကို အကုန်လုံး ရှင်းပြစရာ မလိုပါဘူး။ ငါ ခန့်မှန်းမိတာကိုပြောရင် နင် စိတ်ဆိုးမှာလား"

"မဆိုးပါဘူး။ ပြောပါ။ နင် ခန့်မှန်းတာဟာ စိတ်ဝင်စားဖို့ကောင်းမယ်ဆိုတာ

ငါ သိပါတယ်”

“ငါ့အထင် နင့်ကောင်မလေးက အိမ်ထောင်ရှိတယ်ထင်တယ်”

“နင် အဲဒီလို ထင်လို့လား”

“ထင်တယ်။ သူဟာ အသက်သုံးဆယ့်နှစ်နှစ် ဒါမှမဟုတ် သုံးဆယ့်သုံး ရှိမယ်။ ချမ်းသာပြီး ချောတယ်။ သားမွေးကုတ် ဝတ်လေ့ရှိပြီး ချားလ်စ်ဂျော်ဒန်ရှူးဖိနပ်ကို စီးလိမ့်မယ်။ ပိုးသား အတွင်းခံ ဘောင်းဘီဝတ်ပြီး လိင်ကိစ္စကို အမြဲဆာလောင်နေလိမ့်မယ်။ သူဟာ အသစ်အဆန်းတွေ လုပ်ရတာကို ကြိုက်လိမ့်မယ်။ နင်တို့နှစ်ယောက်ဟာ ကြားရက် နေ့လယ်ခင်းတွေမှာ တွေ့ကြတယ်။ တယောက်ရဲ့ခန္ဓာကိုယ်ကို တယောက် အာသာငမ်းငမ်း တပ်မက်ကြတယ်။ တနင်္ဂနွေနေ့တွေဆိုရင် သူ့ယောကျ်ားရှိလို့ သူ နင့်ကို လာမတွေ့နိုင်ဘူး။ ငါ ပြောတာမှန်လား”

“စိတ်ဝင်စားဖို့ အရမ်းကောင်းတယ်”

“သူက နင့်ကို သူ့ကို ကြိုးတုပ်ခိုင်းပြီး သူ့မျက်စေ့တွေကို အဝတ်နဲ့ စည်းခိုင်းမယ်။ ပြီးတော့ သူ့ရဲ့ ခန္ဓာကိုယ်ကို နေရာလပ် မကျန်အောင် လျှာနဲ့ တို့ထိခိုင်းမယ်။ ပြီးတော့ သူက နင့်ကို ပေါက်တတ်ကရတွေ လုပ်ခိုင်းမယ်။ သူဟာ အကြောဖျော့ပညာရှင်တယောက်လို မယုံနိုင်လောက်တဲ့ ပုံစံတွေ လုပ်ပြနေမယ်။ နင် သူ့ကို ကင်မရာနဲ့ ဓာတ်ပုံရိုက်တယ်”

“ကြားရတာ ပျော်စရာပဲ”

“သူဟာ လိင်ကိစ္စအတွက် သေမတတ်ပဲ။ စဉ်းစားလို့ရသမျှပုံစံတွေ သူ လုပ်လိမ့်မယ်။ အဲဒီကိစ္စကိုပဲ သူ နေ့တိုင်း စဉ်းစားနေမယ်။ သူဟာ အမြဲတမ်း အားနေတဲ့အတွက် အမြဲတမ်း အစီအစဉ်တွေ ဆွဲနေလိမ့်မယ်။ နောက်တခါ... ဝါတာနာဘီလာရင် ငါတို့ ဘယ်လိုလုပ်ကြမလဲ ဆိုတာတွေပေါ့။ နင် အိပ်ရာထဲရောက်တာနဲ့ သူရှူးနေလိမ့်မယ်။ သူ စဉ်းစားမိတာတွေ တမျိုးပြီး တမျိုးလုပ်လိမ့်မယ်။ နင် တကြိမ်ဆို သူ သုံးကြိမ်ပဲ။ သူက နင့်ကို မေးလိမ့်ဦးမယ်။ “ငါ ဆွဲဆောင်မှုရှိတယ် မဟုတ်လား” နင် အသက်ငယ်ငယ် ကောင်မလေးတွေကို မကြိုက်နိုင်တော့ဘူး။ ငယ်တဲ့ကောင်မလေးတွေ ဒီလို မလုပ်နိုင်ဘူး။ ဟုတ်တယ် မဟုတ်လား။ ခံစားလို့ ကောင်းရဲ့လား။ ဒါပေမဲ့ မပြီးသေးဘူးနော်”

“နင် ဘာညာကားတွေ အများကြီး ကြည့်ထားတာပဲ” လို့ ကျွန်တော် ရယ်ပြီးပြောလိုက်တယ်။

“နင် အဲဒီလိုထင်လို့လား။ ဒါပေမဲ့ ငါ အဲ့ဒီကားတွေ ကြိုက်တယ်။ ငါ့ကို

တခါလောက်ကြည့်ဖို့ ခေါ်သွားစမ်းပါ။ အိုကေလား”

“ရပါတယ်။ နင် အားရင်သွားကြည့်မယ်လေ”

“တကယ်လား။ ငါ မစောင့်နိုင်တော့ဘူး။ ကြာပွတ်နဲ့ ရိုက်တဲ့ကားတွေ၊ မိန်းကလေးက လူတွေရှေ့ သေးပေါက်ပြတဲ့ကားတွေ ငါ အရမ်းကြိုက်တယ်”

“ကြည့်ကြတာပေါ့ဟာ”

“ဘာညာကားပြတဲ့ ရုံတွေမှာ ငါ့အကြိုက်ဆုံးက ဘာလဲသိလား”

“ငါ မမှန်းတတ်ဘူး”

“ဇာတ်ဝင်ခန်းစပြီးရင် “ဂလု” ဆိုတဲ့ တံတွေးမျိုချသံကို လူတိုင်းစီကကြားရတယ်။ “ဂလု” အသံကို ငါ အရမ်းကြိုက်တာပဲ။ ချိုသာတယ်”

※※※

ဆေးရုံခန်းထဲ ပြန်ဝင်တော့ မီဒိုရီဟာ သူ့အဖေကို စကားတွေ အများကြီး ပြန်ပြောတယ်။ သူ့အဖေကတော့ လည်ချောင်းသံ ပေးတာကလွဲလို့ ဘာမှပြန်မပြောဘူး။ ဆယ့်တစ်နာရီ ဝန်းကျင်လောက်ရောက်တော့ အခန်းထဲက တခြားလူနာရဲ့အမျိုးသမီး ရောက်လာပြီး လူနာကို အဝတ်အစား လဲပေးပြီး အသီးအခွံနွှာပေးနေတယ်။ အဲ့ဒီအမျိုးသမီးဟာ မျက်နှာဝိုင်း သဘောကောင်းတဲ့ပုံပဲ။ မီဒိုရီနဲ့ စကားနည်းနည်းပြောတယ်။ သူနာပြုဆရာမတယောက် ဝင်လာပြီး လူနာတွေကို ချိတ်ထားတဲ့ ပုလင်းတွေလဲပေးပြီး မီဒိုရီနဲ့ အဲ့ဒီအမျိုးသမီးကို မေးမှာစရာရှိတာတွေ မှာသွားတယ်။ ကျွန်တော်တော့ ပြတင်းပေါက် အပြင်ဘက်က ဓာတ်ကြိုးလိုင်းတွေကိုပဲ ငေးကြည့်နေမိတယ်။ ဓာတ်ကြိုးတွေပေါ်မှာ စာကလေးတွေ လာနားကြတာ တွေ့ရတယ်။ မီဒိုရီက သူ့အဖေကို စကားပြောပြီး နဖူးပေါ်ကချွေးတွေ သုတ်ပေးနေတယ်။ ပြီးတော့ ထွေးခံထဲ တံတွေး ထွေးခိုင်းတယ်။ ပြီးတော့ အခန်းဖော်အမျိုးသမီးနဲ့လည်း စကားပြောလိုက်သေးတယ်။

ဆယ့်တစ်နာရီခွဲလို့ ဆရာဝန် လာကြည့်တော့ ကျွန်တော်နဲ့ မီဒိုရီ အပြင်ထွက်ပေးရတယ်။ ဆရာဝန် ပြန်ထွက်လာတော့ မီဒိုရီက သူ့အဖေ အခြေအနေကို မေးတယ်။

“သူ ခွဲစိတ်ခံထားရတာ မကြာသေးတော့ သူ့ကို အကိုက်အခဲပျောက်ဆေးပဲ ထိုးပေးနေတယ်။ နောက်ထပ် နှစ်ရက်၊ သုံးရက်လောက် စောင့်ကြည့်ပြီးရင်တော့ ဆုံးဖြတ်ချက် တခုခုချမှာပါ”

“သူ့ခေါင်းကိုတော့ ထပ်မခွဲတော့ဘူး မဟုတ်လား”

“ခုတော့ ဘာမှ မပြောနိုင်သေးဘူး” လို့ ဆရာဝန်က ပြောတယ်။

“မင်းဝတ်ထားတဲ့ စကတ် တော်တော်တိုတာပဲ”

“မိုက်တယ်မဟုတ်လား

“လှေခါးနားမှာ ဘာလုပ်နေတာလဲ” လို့ ဆရာဝန်က မေးတယ်။

“ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ဟိုကြည့် ဒီကြည့်ပါပဲ” လို့ မီဒိုရီက ပြန်ဖြေတယ်။ ဆရာဝန်ရဲ့ နောက်မှာ သူနာပြုဆရာမလည်း လာရပ်နေတယ်။

“ကောင်းပါတယ်။ မင်း ဆေးရုံကိုလာကြည့်ပြီး ဒီမှာ ဘာတွေဖြစ်နေသလဲ ဆိုတာကို လာကြည့်သင့်တယ်။ ဒါပေမဲ့ တခုလောက်တော့ ကူညီပေးပါ။ မင်း ဆေးရုံမှာရှိနေတဲ့အချိန် ဓာတ်လှေခါးပဲ သုံးပေးပါလား။ ငါ တခြားလူနာတွေ သွားမကြည့်နိုင်မှာစိုးလို့ပါ။ ဒီမှာက အလုပ် အရမ်းများတယ်”

ဆရာဝန် လှည့်ကြည့်ပြီး သိပ်မကြာခင်မှာ နေ့လယ်စာ စားချိန် ရောက်လာတယ်။ အစားအသောက်တွေ အပြည့်တင်ဆောင်ထားတဲ့ လှည်းကိုတွန်းပြီး သူနာပြုဆရာမဟာ တခန်းဝင် တခန်းထွက် လိုက်ပို့ပေးနေတယ်။ မီဒိုရီရဲ့အဖေကို Pofaze သစ်သီး၊ အရိုးထုတ်ထားတဲ့ ငါးပြုတ်နဲ့ ဂျယ်လီ ထည့်ထားတဲ့ ဟင်းသီးဟင်းရွက်တွေ ပေးသွားတယ်။ မီဒိုရီဟာ သူ့အဖေကို အစာစားနိုင်ဖို့ ထူပေးလိုက်တယ်။ စွတ်ပြုတ်ကို ဇွန်းနဲ့ခပ်ပြီး သူ့အဖေကို တိုက်လိုက်တယ်။ မီဒိုရီရဲ့အဖေဟာ စွတ်ပြုတ် ငါးဇွန်း၊ ခြောက်ဇွန်းလောက် သောက်ပြီးတဲ့နောက် (တော်ပြီ) လို့ ပြောတယ်။

“နည်းနည်းလောက်တော့ ထပ်စားရမယ်” လို့ မီဒိုရီက ပြောတယ်။

(နောက်မှ) လို့ သူ့အဖေကပြောတယ်။

“အဖေ... အစာကောင်းကောင်း မစားရင် နေပြန်ကောင်းမှာ မဟုတ်ဘူးနော်။ သေးပေါက်ချင်နေပြီလား”

(ဟင့်အင်း)

“ဟော့... ဝါတာနာဘီ၊ အောက်ဆင်းပြီး ကော်ဖီဆိုင် သွားထိုင်ရအောင်”

ကျွန်တော် အောက်ဆင်းဖို့ သဘောတူလိုက်တယ်။ ဒါပေမဲ့ ကျွန်တော် ဘာမှစားချင်စိတ် မရှိဘူး။ ကော်ဖီဆိုင်မှာ ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ၊

ညှိသည်တွေနဲ့ ပြည့်လို့နေတယ်။ ပြတင်းပေါက်မပါတဲ့ ကျယ်ဝန်းလှတဲ့ မြေအောက်ခန်းထဲမှာ ခုံတွေ၊ စားပွဲတွေ အပြည့်အကျပ် စီရီထားတယ်။ ခုံတွေပေါ်မှာ ထိုင်နေကြတဲ့လူတွေဟာ နာမကျန်းမှုအကြောင်းတွေပဲ ပြောဆိုလို့ နေကြတယ်။ ပြီးတော့ အခန်းဟာ အလုံပိတ်မို့ အသံတွေဟာ ပဲ့တင်ထပ်လို့ နေလေတယ်။ မကြာခဏဆိုသလို အသံချဲ့စက်ကနေ ဆရာဝန်တယောက် ဒါမှမဟုတ် သူနာပြုဆရာမ တယောက်ယောက်ကို အော်ခေါ်သံ ထွက်ပေါ်လာလေ့ရှိတယ်။ ကျွန်တော် စားပွဲမှာ နေရာယူပြီးချိန်မှာ မီဒိုရီဟာ အလူမီနီယံလင်ပန်းပေါ်မှာ နေ့လယ်စာနှစ်ပွဲ တင်ပြီး ရောက်လို့လာတယ်။ လူနာတွေအတွက် ပြုလုပ်ပေးထားတဲ့ ပလတ်စတစ်ခွက်တွေထဲမှာ စွတ်ပြုတ်၊ ထမင်း၊ ဟင်းသီးဟင်းရွက်ပြုတ်၊ ငါးဖိ၊ အားလူးသုတ်နဲ့ Croquetle with Creamsauce တို့ကို သယ်ဆောင်လာတယ်။ ကျွန်တော် တဝက်လောက်ပဲ စားလိုက်နိုင်တယ်။ ကျန်တာတွေ ဒီတိုင်းပဲ ထားလိုက်တယ်။ မီဒိုရီကတော့ ပြောင်စင်အောင် ပလုတ်ပလောင်း စားလိုက်တယ်။

"နင် ဗိုက်မဆာဘူးလား" မီဒိုရီ ရေနွေးသောက်ရင်း မေးတယ်။

"မဆာသေးလို့"

"ဆေးရုံကိုစရောက်တဲ့လူတိုင်း ဒီလိုဖြစ်တတ်ပါတယ်။ ဆေးရုံအနံ့၊ အသံ၊ လေ၊ လူနာတွေရဲ့ မျက်နှာတွေ၊ ယားသလိုလို ဖြစ်တာတွေ၊ စိတ်ပျက်တာတွေ၊ ညောင်းညာမှုတွေ၊ နာကျင်မှုတွေ စတာတွေဟာ ဆေးရုံထဲမှာ ရှိနေတယ်။ အသားကျသွားရင်တော့ အားလုံးအဆင်ပြေသွားလိမ့်မယ်။ လူနာစောင့်တဲ့လူကိုယ်တိုင်က ကောင်းကောင်းမစားရင် လူနာကို ဘယ်လို ပြုစုစောင့်ရှောက် နိုင်မှာလဲ။ မဟုတ်ဘူးလား။ ငါ ဘာကြောင့် ဒီလိုပြောနိုင်တာလဲ ဆိုတော့ ငါ့အဖိုး၊ ငါ့အဖွား၊ ငါ့အမေနဲ့ အခု ငါ့အဖေကို စောင့်ရတဲ့ အတွေ့အကြုံတွေကြောင့်ပေါ့။ လူနာစောင့် လုပ်နေချိန်မှာ ထမင်း နောက်တကြိမ် ဘယ်တော့မှ စားရမလဲဆိုတာ ကြိုမသိနိုင်ဘူးလေ။ အဲ့ဒါကြောင့် စားခွင့်ရတုန်း စားထားဖို့ အရေးကြီးတယ်"

"နင် ဆိုလိုတာကို ငါ သဘောပေါက်ပါတယ်"

"ငါလူနာစောင့်နေချိန်မှာ လူနာလာကြည့်ကြတဲ့ ဆွေမျိုးတွေလည်း နင့်လိုပဲ တဝက်လောက် ရောက်ရင် ထပ်မစားနိုင်ကြတော့ဘူး။ ပြီးတော့ သူတို့အားလုံး ပြောတတ်ကြသေးတယ်။ မီဒိုရီ နင် ဒီလောက်တောင် စားနိုင်တာ အံ့ဩစရာပဲ။ ငါတော့ မစားနိုင်ဘူး" တဲ့။ သူတို့တွေဟာ လူနာကို တကယ်ပဲ သနားကြင်နာသယောင်လုပ်ပြီး ခဏလောက်နေရင် ပြန်သွားကြတာပဲ။ တကယ်တမ်း လူနာကို စောင့်ရှောက်ရတာက ငါပါ။ ငါပဲ လူနာကို

ချေးကုန်းပေးရတာ၊ ငါပဲ ချေးခွက်ကို ဆေးပေးရတာ။ ငါပဲ လူနာကို ရေချိုးပေးရတာ၊ တကယ်ပဲ လူနာကို ကိုယ်ချင်းစာ သနားတတ်တယ် ဆိုရင် ငါ့ကိုယ်စား ခဏလောက် လုပ်ပေးကြပါတော့လား။ ငါ သူတို့ ကိုယ်ချင်းစာ သနားတာထက် အဆငါးဆယ်တောင် ပိုသေးတယ်။ ငါ ထမင်းတွေ ဟင်းတွေ အကုန်စားလိုက်တာကို ကြည့်ပြီးတော့ပဲ။ "မီဒိုရီ နင်ဒီလောက်စားနိုင်တာ အံ့သြစရာပဲ" လို့ ပြောတတ်ကြတာ။ သူတို့ ငါ့ကို လှည်းဆွဲနေတဲ့ မြင်းတကောင်လို့များ ထင်နေလားမသိဘူး။ သူတို့တွေဟာ ကမ္ဘာကြီးအကြောင်း ကောင်းကောင်းသိဖို့ လုံလောက်တဲ့ အသက်အရွယ် ရောက်နေကြတာတောင် ဘာလို့ အဲ့ဒီလောက် ပိန်းကြသလဲ မသိဘူး။ စကားအများကြီး ပြောဖို့ဆိုတာ လွယ်ပါတယ်။ အရေးကြီးတာက လူနာရဲ့ချေးတွေ သေးတွေ ဆေးပေးဖို့ပါ။ လူနာကို ဆရာဝန်တွေ၊ သူနာပြုတွေ ခွဲတာ၊ ပြုတာမြင်ရင် ငါလည်း နာကျင်ရတာပဲ။ အားအင်ကုန်ခမ်းသွားသလို ဖြစ်တတ်တာပဲ။ ငါလည်း ငိုချင်တာပဲပေါ့။ ဆရာဝန်တွေ တကြိမ် ခွဲစိတ်ပြီးတိုင်း လူနာဟာ ပိုပြီးရူးလာတာပဲ။ အဆိုးဆုံးကတော့ စုဆောင်းငွေတွေ ကုန်သထက်ကုန်တဲ့ကိစ္စပေါ့။ လာမယ့် သုံးနှစ်ခွဲကို ငါ ကျောင်းတောင် ဆက်တက်နိုင်ပါ့မလား မသိဘူး။ ဒီနှုန်းအတိုင်းသာ ဆက်သွားနေရင် ငါ့ညီမလက်ထပ်ပွဲအတွက် စရိတ်လည်း ရှိတော့မှာ မဟုတ်ဘူး

"နင် ဒီကို တပတ် ဘယ်နှစ်ရက်လာရလဲ"

"ပုံမှန်အားဖြင့် တပတ်လေးရက်ပေါ့။ ဆေးရုံစရိတ်ထဲမှာ သူနာပြုစရိတ်တွေလည်း ပါပြီးသားပါ။ သူနာပြုဆရာမတွေကလည်း ကောင်းပါတယ်။ ဒါပေမဲ့ မိသားစုဝင်တွေ လုပ်ပေးတာလောက် ဘယ်ကောင်းပါ့မလဲ။ ငါ ကျောင်းသွားတက်နေတဲ့အချိန်မှာ ငါ့ညီမက ဆိုင်ထိုင်ပေးရတယ်။ သူလည်း ဒီနေရာကို တပတ်သုံးရက်တော့ လာရတာပါပဲ။ အဲ့ဒါကြောင့် ငါချိန်းတွေ့ဖို့ အချိန်တောင် မရှိတော့ဘူး။ ငါ့အချိန်ဇယားက ပြည့်နေတာ တကယ်ပါဟာ"

"ဒါဆို နင်ငါနဲ့အချိန်ဖြုန်းတဲ့အချိန်ကို ဘယ်လိုရလဲ"

"ငါ နင်နဲ့ အချိန်ဖြုန်းရတာကို သဘောကျတယ်" လို့ မီဒိုရီက လက်ထဲက ပလတ်စတစ် လက်ဖက်ရည်ခွက်ကို လက်နဲ့ လှည့်ရင်းပြောတယ်။

"နင် ဒီကနေ နှစ်နာရီလောက် အပြင်ထွက်ပြီး လမ်းလျှောက်နေလိုက်ပါလား။ ငါ နင့်အဖေကို ကြည့်ထားပေးမယ်လေ"

"ဘာဖြစ်လို့လဲ"

"နင် ဆေးရုံကနေ အဝေးကိုသွားပြီး အနားယူဖို့ လိုအပ်နေလို့ပေါ့။ ဘယ်သူ့ကိုမှ စကားမပြောနဲ့။ စိတ်ထဲမှာ ရှိတာတွေကို ရှင်းထုတ်လိုက်"

မီဒိုရီဟာ ခဏလောက်ငြိမ်ပြီး စဉ်းစားလိုက်သေးတယ်။ ပြီးတော့မှ ခေါင်းညိတ်တယ်။ "နင် ပြောတာ ဟုတ်ပါတယ်။ ဒါပေမဲ့ နင် ဘာလုပ်ရမယ် ဆိုတာကို သိလို့လား။ အဖေ့ကို ဘယ်လိုပြုစုမှာလဲ"

"ငါ ခုနကကြည့်နေတာပဲ။ လုပ်တတ်နေပါပြီ။ ပိုက်တွေကို စောင့်ကြည့်ရမယ်။ ရေတိုက်ရမယ်။ ချွေးထွက်နေရင် သုတ်ပေးရမယ်။ ခွက်ထဲကို တံတွေးထွေးနိုင်အောင် လုပ်ပေးရမယ်။ တကယ်လို့ သူ ဗိုက်ဆာလာရင် ခုနကနေ့လယ်စာကို ထပ်ကျွေးရမယ်။ ငါမသိတာရှိရင်လည်း သူနာပြုဆရာမကို သွားမေးမယ်"

"အင်း... အဲ့သလောက်ဆိုရင် ရပါပြီ" လို့ မီဒိုရီက ပြုံးရင်းပြောတယ်။ "တခုတော့ နင့်ကို ပြောရဦးမယ်။ သူ့ခေါင်းထဲမှာ ပျော်စရာတွေပဲ တွေးနေတာဆိုတော့ သူ နင့်ကို အဓိပ္ပါယ်မရှိတဲ့ စကားတွေ ပြောလိမ့်မယ်။ သူပြောတာကို ဘယ်သူမှလည်း နားလည်မှာမဟုတ်ဘူး။ နင်လည်း နားလည်ဖို့ မကြိုးစားမိစေနဲ့"

"ငါ အဆင်ပြေမှာပါ" လို့ ကျွန်တော် ပြောလိုက်တယ်။

※※※

အခန်းထဲပြန်ရောက်တော့ မီဒိုရီက သူ့အဖေကို အလုပ်ကိစ္စရှိလို့ အပြင်ကို ခဏလောက်သွားမယ်လို့ ပြောလိုက်တယ်။ သူမရှိတုန်း ကျွန်တော် စောင့်ပေးနေမယ်လို့လည်း ပြောလိုက်တယ်။ မီဒိုရီရဲ့ အဖေဟာ အဲ့ဒီအတွက် ဘာမှ ပြောစရာမရှိသလိုပါပဲ၊ သူ့အတွက် ဘာမှမဟုတ်တဲ့အတိုင်းပဲ သူဟာ အိပ်ရာပေါ်လဲပြီး မျက်နှာကျက်ကိုပဲ ကြည့်နေလေတယ်။ သူသာ မကြာခဏ မျက်တောင်မခတ်ရင် သေနေပြီလားလို့တောင် ထင်စရာရှိတယ်။ သူ့မျက်လုံးတွေဟာ အရက်သောက်ထားသလို နီရဲလို့ နေတယ်။ သူ အသက်ကို ပြင်းပြင်းရှူလိုက်တိုင်း သူ့နှာခေါင်းဟာ ပိုလို့ကြီးလာသလိုပဲ။ အဲဒီလို အသက်မရှူရင်တော့ သူ့ရဲ့ဘယ်ကြွက်သားကမှ လှုပ်ရှားမှုမရှိတော့ဘူး။ သူဟာ မီဒိုရီကို စကားပြန်ဖို့ ဘယ်လိုမှ အားမထုတ်ဘူး။ သူ ဘာတွေတွေးနေသလဲဆိုတာ ဒါမှမဟုတ် သူ့ရဲ့သိမှုထဲ နက်နက်ရှိုင်းရှိုင်း စီးမျောနေသလားဆိုတာတော့ ကျွန်တော်မသိဘူး။

မီဒိုရီထွက်သွားတော့ ကျွန်တော် သူ့ကို စကားပြောဖို့ ကြိုးစားကြည့်ပါသေးတယ်။ ဒါပေမဲ့ စကားစ ရှာမရတာနဲ့ ကျွန်တော်လည်း တိတ်တိတ်ဆိတ်ဆိတ်ပဲ နေလိုက်တော့တယ်။ နောက် သိပ်မကြာပါဘူး။ သူ မျက်လုံးမှိတ်ပြီး အိပ်ပျော်သွားလေရဲ့။ ခုတင်ရဲ့ထိပ်နားမှာရှိတဲ့ ခုံပေါ်မှာ ကျွန်တော်ထိုင်ပြီး သူ အသက်ရှူတိုင်း သူ့နှာခေါင်းရဲ့လှုပ်ရှားမှုကို

ကျွန်တော်ကြည့်နေမိတယ်။ တခါတလေ သူ့နှာခေါင်း တုန်ခါသွားတာကြည့်ရင်း သေများသွားမလားလို့ ကျွန်တော် ထင်နေမိတယ်။ တကယ်လို့သာ ဒီလူကြီးဟာ သူ့ရဲ့နောက်ဆုံးထွက်သက်ကို ကျွန်တော့်ကို ဘေးမှာထားပြီး ထုတ်သွားခဲ့ရင် တော်တော်ထူးဆန်းမှာပဲလို့ ကျွန်တော်တွေးနေပြန်တယ်။ ဘာပဲပြောပြော သူနဲ့ ကျွန်တော်ဟာ ဒရမ်မာ သမိုင်းအချိန်မှာ သိခဲ့တဲ့ ကောင်မလေး တယောက်ကြောင့် ပထမဆုံးအကြိမ် တွေ့နေရတာ မဟုတ်လား။

သူသေနေတာမဟုတ်ပါဘူး။ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတာပါ။ သူ့မျက်နှာနားကို ကပ်နားထောင်တော့ သူ့အသက်ရှူသံ တိုးတိုး ပြန်ကြားနေရတယ်။ သူ့ အသက်ရှူသံကို ကြားရတော့မှ ကျွန်တော် စိတ်သက်သာရာ ရသွားပြီး၊ တဖက်ခုတင်က လူနာရဲ့အမျိုးသမီးနဲ့ စကားပြောခွင့် ရတော့တယ်။ အဲ့ဒီအမျိုးသမီးဟာ ဘာမှတော့ များများ မပြောပါဘူး။ ကျွန်တော့်ကို မီဒိုရီရဲ့ရည်းစားလို့ ထင်ကြောင်းလောက်ပဲ ပြောတယ်။

"သူက တကယ့်ကို အံ့ဩဖို့ကောင်းတဲ့ ကောင်မလေးပါ။ သူ့အဖေကို အံ့ဩဖို့ကောင်းလောက်အောင် ဂရုစိုက်နိုင်တယ်။ သူဟာ ကြင်နာတတ်တယ်။ နူးညံ့ပြီး အသေးစိတ်လုပ်နိုင်တယ်။ ဘာပြီးရင် ဘာလုပ်ရမယ်ဆိုတာ ကောင်းကောင်း သိတယ်။ မင်း သူ့ကို ဂရုပိုစိုက်သင့်တယ်။ သူ့ကို လုံးဝ လက်မလွှတ်နဲ့။ သူ့လိုမိန်းကလေးမျိုး ထပ်ရှာလို့ တွေ့နိုင်မှာမဟုတ်ဘူး"

"ကျွန်တော် သူ့ကို သေသေချာချာ ဂရုစိုက်မှာပါ" လို့ ကျွန်တော် မဆိုင်းမတွ ပြန်ဖြေလိုက်တယ်။

"ငါ့မှာ သားတယောက်နဲ့ သမီးတယောက် ရှိတယ်။ သားက ဆယ့်ခုနစ်နှစ်၊ သမီးက နှစ်ဆယ့်တစ်နှစ် ရှိပြီ။ သူတို့နှစ်ယောက်စလုံး ဆေးရုံကိုလာဖို့ တခါမှ မစဉ်းစားကြဖူးဘူး။ သူတို့တွေက ကျောင်းဆင်းပြီ ဆိုတာနဲ့ ရေလွှာလျှောစီးဖို့ သွားရတာနဲ့၊ ချိန်းတွေ့ဖို့ သွားရတာနဲ့ ရှုပ်နေတာပဲ။ သူတို့ ငါ့ဆီက မုန့်ဖိုးရပြီဆိုတာနဲ့ တချိုးတည်းပျောက်သွားတတ်ကြတယ်။ သိပ်ဆိုးတဲ့ နှစ်ကောင်ပဲ"

နေ့လယ်တစ်နာရီခွဲတော့ အဲဒီအမျိုးသမီးဟာ ဈေးဝယ်ဖို့ ဆေးရုံကနေ ထွက်သွားတယ်။ လူနာနှစ်ယောက်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေကြလေရဲ့၊ နူးညံ့တဲ့နေ့လယ်ခင်းရဲ့နေရောင်ဟာ အခန်းထဲကို ထိုးစိုက်ရောက်ရှိနေတယ်။ ကျွန်တော်တော့ အချိန်မရွေး ခုံပေါ်ကထပြီး ကျွန်တော် ဝင်လာခဲ့တဲ့ လမ်းအတိုင်း အပြင်ကို ထွက်လျှောက်လို့ ရတယ်ဆိုတာကိုပဲ တွေးနေမိတယ်။ ပြတင်းပေါက်နားမှာရှိတဲ့ ပန်းအိုးထဲက အဖြူနဲ့ အဝါရောင် ဂန္ဓမာပန်းတွေက လူတွေကို ဆောင်းရောက်ပြီဖြစ်ကြောင်း အသိပေးလို့နေတယ်။ လေတိုက်တဲ့အခါ

ပန်းကန်ထဲက မစားရသေးတဲ့ အရိုးထုတ်ပြီးသား ငါးပြုတ်အနံ့ ရလာတယ်။ သူနာပြုဆရာမတွေဟာလည်း ခန်းမတလျှောက် လမ်းတွေလျှောက်ပြီး အချင်းချင်း စကားတွေပြောနေကြတယ်။ သူတို့တွေဟာ တံခါးကနေ ချောင်းကြည့်တိုင်း လူနာနှစ်ယောက်စလုံး အိပ်နေတာမြင်တော့ ကျွန်တော့်ကို ပြုံးပြသွားတတ်ကြတယ်။ ကျွန်တော် ဖတ်စရာ တခုခုရချင်နေတယ်။ ဒါပေမဲ့ အခန်းထဲမှာ သတင်းစာတို့၊ စာအုပ်တို့၊ မဂ္ဂဇင်းတို့ ဘာဆိုဘာမှ မရှိဘူး။ နံရံပေါ်က ပြက္ခဒိန်တခုပဲ ရှိတယ်။

ကျွန်တော် နာအိုကိုအကြောင်းပဲ စဉ်းစားနေမိတယ်။ သူ့ရဲ့အဝတ်အစား တခုမှ မပါဘဲ ဆံညှပ်လေးပဲ ထိုးထားတဲ့ပုံကို ကျွန်တော် မြင်ယောင်နေမိတယ်။ သူ့ခါးရဲ့အကွေ့အကောက်လေးနဲ့ သူ့ရဲ့ မွေးညင်းတွေရဲ့အမှောင်ရိပ်လေးတွေကို ကျွန်တော် ပြန်မြင်ယောင်နေတယ်။ သူ အဲ့ဒါတွေ ဘာလို့ ကျွန်တော့်ကို ပြခဲ့တာလဲ။ သူဟာ အိပ်ပျော်ရင်း လမ်းလျှောက်နေခဲ့တာလား။ ဒါမှမဟုတ် အဲဒါဟာ ကျွန်တော့်ရဲ့စိတ်ကူးယဉ်မှုလား။ အချိန်တွေ ကုန်ဆုံးသွားပြီး အဲ့ဒီကမ္ဘာငယ်လေးဟာလည်း ဟိုးအဝေးမှာ မှိန်ဖျဖျကျန်ရစ်ခဲ့တယ်။ အဲ့ဒီညက အမှန်တကယ်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကို ကျွန်တော် မသေချာတော့ဘူး။ အဲဒါဟာ တကယ်ဖြစ်ခဲ့တာလို့ ကျွန်တော့်ကို ကျွန်တော်ပြောရင် အဲဒါတွေဟာ တကယ်ဖြစ်ခဲ့တာပါပဲ။ စိတ်ကူးယဉ်မှုလို့ ပြောရင်လည်း စိတ်ကူးယဉ်မှုပဲ ဖြစ်မှာပါ။ အဲဒါဆိုရင် စိတ်ကူးယဉ်မှုဟာ ရှင်းလင်းပြီး အသေးစိတ်နိုင်ခဲ့သလို အဖြစ်အပျက်ကြီးတခုလုံးနဲ့ လှပမှုတို့ဟာ တကယ် ဖြစ်ခဲ့မှာပါ။ နာအိုကိုရဲ့ခန္ဓာကိုယ်နဲ့ လရောင်တွေဟာပေါ့။

မီဒိုရီရဲ့အဖေဟာ ရုတ်တရက် အိပ်ရာထလာပြီး ချောင်းဆိုးလို့နေတယ်။ သူ့ချောင်းသံဟာ ကျွန်တော်နဲ့ နေ့ခင်းအိပ်မက်ကို အဆုံးသတ်စေလိုက်တာပါပဲ။ ကျွန်တော် သူ့ကို ထွေးခံထဲ ချောင်းဆိုးနိုင်ဖို့ ကူညီပေးခဲ့သလို နဖူးပေါ်က ချွေးတွေလည်း သုတ်ပေးလိုက်တယ်။

"ဦး ရေသောက်မလား" လို့ ကျွန်တော် မေးလိုက်တော့ သူ ခေါင်းကို လေးမီလီမီတာလောက် ညိတ်လိုက်တယ်။ ကျွန်တော် ရေဗူးကိုကိုင်ပြီး သူ့ပါးစပ်နား တေ့ပေးလိုက်တယ်။ သူ ဖြည်းဖြည်းချင်း သောက်နိုင်အောင် လက်ကလည်း ထိန်းပေးရသေးတယ်။ ခြောက်သွေ့နေတဲ့ သူ့နှုတ်ခမ်းတွေ လှုပ်ခါသွားသလို သူ့လည်ချောင်း လှုပ်ရှားသွားတယ်။ သူ ပုလင်းထဲကရေကို နည်းနည်းချင်း သောက်လို့နေတယ်။

"ရေထပ်သောက်ဦးမလား" လို့ ကျွန်တော် မေးလိုက်တယ်။ သူ စကားပြန်ပြောဖို့ ကြိုးပမ်းနေပုံ ရတာကြောင့် ကျွန်တော် သူ့အနား တိုးကပ် နားထောင်လိုက်တယ်။

"တခုခုစားပါလား။ ဗိုက်ဆာနေမှာပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။ သူ ခေါင်းကို မဆိုစလောက် ညိတ်ပြတယ်။ မီဒိုရီ လုပ်ခဲ့သလိုပဲ ကျွန်တော် သူ့ကို အိပ်ရာကထအောင် ကူညီပြီး သူ့ကို အစာစကျွေးတယ်။ ဟင်းသီးဟင်းရွက် ဂျယ်လီတဇွန်းနဲ့ ငါးပြုတ်ကို တလှည့်စီ ဇွန်းထဲ အပြည့်ထည့်ပြီး ကျွေးလိုက်တယ်။ သူ ဇွန်းတဝက်လောက် စားနိုင်ဖို့ကို အချိန် တော်တော် ယူရတယ်။ နည်းနည်းလောက် စားပြီးတာနဲ့ သူ ဗိုက်ဝပြီဆိုတဲ့အကြောင်း ပြသတဲ့အနေနဲ့ သူ ခေါင်းညိတ်ပြတယ်။ သူ အဲ့ဒီလို လုပ်ပြနိုင်ဖို့လောက်ကို တော်တော်အားစိုက်လိုက်ရပုံပေါ်တယ်။

"သစ်သီးစားမလား" လို့ ကျွန်တော်မေးလိုက်တယ်။

(နိုး) လို့ သူပြောတော့ ကျွန်တော် သူ့ပါးစပ်ကို တဘက်နဲ့ သုတ်ပေးလိုက်ပြီး ပန်းကန်တွေကို ကော်ရစ်ဒါမှာ သွားထားလိုက်တယ်။

"စားလို့မကောင်းဘူးလား"

(မကောင်းဘူး) လို့ သူပြန်ဖြေတယ်။ မီဒိုရီရဲ့အဖေဟာ မျက်လုံးကို ဖွင့်ထားရမလား၊ ပိတ်ထားရမလား ဆိုတာကို စဉ်းစားနိုင်ပုံ မရဘူး။ သူ ဒီအတိုင်း တိတ်တဆိတ် လှဲလို့နေပြီး ကျွန်တော့်ကို ငေးကြည့်နေတယ်။ ကျွန်တော် ဘယ်သူလဲ ဆိုတာတောင် သူ သိပါ့မလားလို့ ကျွန်တော် တွေးမိတယ်။ သူဟာ ကျွန်တော်ရဲ့နှစ်ယောက်ထဲရှိနေတဲ့အချိန်မှာ မီဒိုရီ ရှိနေချိန်ထက် ပိုပြီး သက်သောင့်သက်သာ ဖြစ်နေသလိုပဲ။ သူ ကျွန်တော့်ကို တခြားတယောက်ယောက်နဲ့ လူမှားနေတဲ့ပုံလည်း ပေါ်နေတယ်။ ဒါမှမဟုတ်လည်း ကျွန်တော် အဲ့ဒီလို တွေးနေရတာကို သဘောကျနေမိတယ်။

"ဒီနေ့ ရာသီဥတုသာယာတယ်" လို့ ကျွန်တော် ခြေထောက်ချိတ်ထိုင်ရင်း ပြောလိုက်တယ်။ "ဆောင်းဦးရာသီ၊ တနင်္ဂနွေနေ့၊ ရာသီဥတု သာယာတော့ နေရာအနှံ့ လူတွေ ရှုပ်နေတယ်။ ဒီလိုသာယာတဲ့နေ့မျိုးမှာ ဦးအတွက်က အခန်းထဲမှာ အနားယူနေတာ အကောင်းဆုံးပဲ။ လူအုပ်ကြီးထဲ သွားရတာ ပင်ပန်းပါတယ်။ လူတွေရဲ့အနံ့က မကောင်းဘူး။ ကျွန်တော်တော့ တနင်္ဂနွေဆိုရင် အဝတ်အစားတွေ လျှော်လေ့ရှိတယ်။ မနက်ပိုင်း အဝတ်လျှော်တယ်။ ပြီးရင် အဆောင်ခေါင်မိုးပေါ် တက်ပြီး အဝတ်လှန်းတယ်။ နေမဝင်ခင် အဝတ်အစားတွေ ပြန်ရုတ်တယ်။ ပြီးတော့ မီးပူတိုက်တယ်။ မီးပူတိုက်ရတာ ကျွန်တော့်အတွက်တော့ အပန်းမကြီးလှဘူး။ ကျွန်တော် မီးပူတိုက်တာ တော်တော်ကျွမ်းတယ်။ စတိုက်ခါစကတော့ ကျွန်တော် အခက်တွေ့နေခဲ့တယ်။ တလလောက် အတွေ့အကြုံရှိသွားတဲ့အခါကျတော့ အေးဆေးဖြစ်လာခဲ့တယ်။ ဒီနေ့တော့ မလုပ်နိုင်တော့ဘူး။ သိပ်ကောင်းမွန်တဲ့ အဝတ်လျှော်နေ့ကို ကျွန်တော်

ဖြုန်းပစ်လိုက်တာ ဆိုးတယ်။

“ဒါပေမဲ့ ရပါတယ်။ ကျွန်တော် မနက်ဖြန် မနက်စောစောထပြီး လုပ်လိုက်ပါ့မယ်။ စိတ်မပူပါနဲ့။ တနင်္ဂနွေနေ့ ကျွန်တော် တခြား လုပ်စရာ ဘာမှ မရှိပါဘူး။ မနက်ဖြန်မနက် အဝတ်လျှော်လို့၊ လှန်းလို့ပြီးသွားရင် ၁၀ နာရီမှာ အတန်းတက်စရာ ရှိတယ်။ အဲ့ဒီအတန်းက မီဒိုရီနဲ့ ကျွန်တော် အတူတက်ရတဲ့အတန်းပဲ။ ဒရမ်မာသမိုင်းအတန်း။ ကျွန်တော် ယူရီပီးဒီးကို လေ့လာနေရတယ်။ ဦးရော ယူရီပီးဒီးအကြောင်း သိလား။ သူက ရှေးဟောင်းဂရိလူမျိုးတယောက်ပါ။ ဂရိရဲ့ ထိပ်တန်း ပြဇာတ်ရေးဆရာ သုံးယောက်ထဲက တယောက်ပေါ့။

ကျန်တဲ့နှစ်ယောက်ကတော့ အက်စ်ခီးလက်စ်နဲ့ ဆိုဖိုကလီတို့ပေါ့။ ယူရီပီးဒီးဟာ မက်ဆီဒိုးနီးယားမှာ နေတုန်း ခွေးကိုက်ခံရလို့ သေခဲ့တာ။ ဒါပေမဲ့ အဲဒီအကြောင်းကို လူတိုင်း မသိကြဘူး။ ကျွန်တော်က ယူရီပီးဒီးထက် ဆိုဖိုကလီကို ပိုသဘောကျတယ်။ ဘာကြောင့်လဲ မေးရင်တော့ မပြောတတ်ဘူး။ ကြိုက်တာက ကြိုက်တာပဲ။ ဘယ်သူပိုကောင်းသလဲဆိုတာကိုတော့ ကျွန်တော် မပြောနိုင်ဘူး”

“ယူရီပီးဒီးရဲ့ပြဇာတ်တွေထဲမှာ ဇာတ်ကောင်တွေဟာ ထောင်ချောက် ပိတ်မိနေလေ့ ရှိတာကြောင့် အမြဲရှုပ်ထွေးရတယ်။ ကျွန်တော်ပြောတာကို နားလည်လားတော့ မသိဘူး။ သူ့ရဲ့ပြဇာတ်တွေမှာ ဇာတ်ကောင်တွေ အများကြီး ပါတတ်တယ်။ ဇာတ်ကောင်တိုင်းဟာလည်း သူတို့ရဲ့အခြေအနေတွေ၊ ဆင်ခြင်မှုတွေ၊ ခွင့်လွှတ်မှုတွေ ပါတတ်ပြီး သူတို့အားလုံးဟာ သူတို့ရဲ့ကိုယ်ပိုင်ပျော်ရွှင်မှု ဒါမှမဟုတ် တရားမျှတမှုကို ရှာဖွေနေကြတာချည်းပဲ။ အဲ့ဒီလိုလုပ်တာရဲ့အကျိုးဆက်အနေနဲ့ကတော့ ဘယ်သူမှ ဘာမှ မလုပ်နိုင်ကြတော့တာပဲ။ အရှင်းကြီးပဲလေ။ ကျွန်တော်ဆိုလိုတာ လူတိုင်းကို တရားမျှတမှု ရအောင် လုပ်ပေးဖို့နဲ့ လူတိုင်းကို ပျော်ရွှင်မှုရအောင် လုပ်ပေးဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အရာပဲလေ။ အဲဒီတော့ ကသောင်းကနင်းတွေပဲ ဖြစ်သွားတော့တာပေါ့။ ပြီးတော့ ဘာထပ်ဖြစ်မယ် ထင်သလဲ။ အလွယ်လေးပဲ အဆုံးမှာ နတ်တပါးပါး ပေါ်လာပြီး လမ်းညွှန်ပေးတော့တာပေါ့။ “မင်းက ဒီကိုလာ။ မင်းက ဟိုဖက်သွား။ မင်းကတော့ ကောင်မလေးနဲ့ အတူနေ။ မင်းကတော့ ခဏထိုင်စောင့်လိုက်ဦး” လို့ နတ်က ပြောတော့တာပဲ။ ယူရီပီးဒီးရဲ့ပြဇာတ်တွေဟာ အဲ့ဒီလိုတွေချည်းပါပဲ။ သူက နေရာချထားပေးသူ တယောက်လိုပါပဲ။ အဆုံးသတ်ရောက်ရင် အားလုံးကောင်းသွားကြတာချည်းပဲ။ အဲ့ဒီလိုဇာတ်မျိုးကို “deus ex machine” လို့ ခေါ်ကြတယ်။ သူ့ကို လေ့လာရာမှာ ကျွန်တော် ပြောခဲ့တဲ့ရှုထောင့်ကနေပဲ အမြင်တွေ ကွဲသေးတယ်။

“ဒါပေမဲ့ စဉ်းစားကြည့်လေ… တကယ့်ဘဝမှာ deus ex machina ဆိုတာ

ဖြစ်နိုင်လို့လား။ ရှိရင် အရာအားလုံးက လွယ်လွယ်လေးပဲ ဖြစ်တော့မှာပေါ့။ အဆင်မပြေရင်၊ ထောင်ချောက်ပိတ်မိနေရင် နတ်တွေဆင်းလာပြီး ပြဿနာတွေ ရှင်းပေးမှာပေါ့။ အဲ့ဒီထက်လွယ်ကူတာ ဘာများရှိနိုင်ဦးမှာလဲ။ ဘာပဲပြောပြောပါ အဲဒါက ဒရမ်မာသမိုင်းပါ။ ကျွန်တော်တို့ တက္ကသိုလ်မှာ သင်နေရတာ အဲဒါတွေပါပဲ”

မိဒိုရီရဲ့အဖေဟာ ဘာမှမပြောဘူး။ ကျွန်တော် စကားပြောနေတဲ့တလျှောက်လုံး မျက်လုံး အဝိုင်းသားနဲ့ ငေးကြည့်လို့နေတာပါပဲ။ သူ့မျက်လုံးတွေကိုကြည့်ပြီး သူ နားလည်သလား၊ မလည်ဘူးလား ဆိုတာကို ကျွန်တော် ဝေခွဲလို့ မရပါဘူး။

“အေးဆေးပါပဲ” လို့ ကျွန်တော် ပြောလိုက်တယ်။ စကားတွေ ပြောပြီးတဲ့နောက် ကျွန်တော် ဗိုက်ဆာလာတယ်။ ကျွန်တော် မနက်က မနက်စာ မစားခဲ့သလို နေ့လယ်စာလည်း တဝက်လောက်ပဲ စားရသေးတယ်။ နေ့လယ်စာ ကောင်းကောင်း မစားခဲ့တာကို ခုတော့ ကျွန်တော် နောင်တရနေပါပြီ။ နောင်တရလို့လည်း ဘာမှမထူးပါဘူး။ ဗီရိုထဲမှာ စားစရာ ဘာများရှိမလဲလို့ ကျွန်တော် လိုက်ကြည့်မိတယ်။ ဗီရိုထဲမှာ နိုရီတဗူး၊ Vicks ချောင်းဆိုးပျောက်ဆေးတွေနဲ့ ငရုတ်ဆီ တဗူးပဲရှိတယ်။ စက္ကူအိတ်ထဲမှာတော့ သခွားသီးနဲ့ စပျစ်သီးတွေ ရှိနေသေးတယ်။

“ကျွန်တော် သခွားသီး နည်းနည်းယူစားမယ်နော်” လို့ မိဒိုရီရဲ့အဖေကို ကျွန်တော် ပြောလိုက်တယ်။ သူ ဘာမှပြန်မပြောဘူး။ အဲ့ဒါနဲ့ ကျွန်တော် သခွားသီးသုံးလုံးယူပြီး လက်ဆေးဇလုံမှာ ဆေးလိုက်တယ်။ ပြီးတော့ ပန်းကန်ပြားတချပ်ထဲကို ငရုတ်သီးညှစ်လိုက်တယ်။ သခွားသီးကို နိုရီသုတ်ပြီး ငရုတ်ဆီနဲ့တို့တယ်။ ပြီးတော့ ပါးစပ်နဲ့ ကိုက်လိုက်တယ်။

“အင်း... အရမ်းကောင်းတယ်” လို့ မိဒိုရီရဲ့အဖေကို ပြောလိုက်တယ်။ “လတ်ဆတ်ရိုးရှင်းပြီး ဘဝရဲ့အနံ့တွေ ရတယ်။ တကယ်ကောင်းတဲ့ သခွားသီးတွေပဲ။ ကီဝီသီးတွေထက် ပိုပြီး အရသာ ရှိတယ်။

သခွားသီးတလုံး အပြောင်စားပြီးတော့ နောက်တလုံး ထပ်လှမ်းလိုက်တယ်။ လူနာခန်းထဲမှာ သခွားသီးဝါးသံ တဂျွတ်ဂျွတ် ထွက်လို့နေတယ်။ ဒုတိယမြောက်အလုံးကုန်တော့ ကျွန်တော် နားလိုက်တယ်။ ဂတ်စ်မီးဖိုဖွင့်ပြီး ရေနွေးအိုး တည်လိုက်တယ်။ ပြီးရင် လက်ဖက်ရည် ဖျော်မယ်။

“တခုခုသောက်မလား၊ ရေလား၊ ဖျော်ရည်လား” လို့ ကျွန်တော် မေးလိုက်တယ်။

(သခွားသီး) လို့ သူ ပြန်ပြောတယ်။

"ကောင်းတယ်" လို့ ကျွန်တော်ပြန်ပြောပြီး "နိုရီနဲ့လား" လို့ ပြုံးပြီးမေးလိုက်တယ်။

သူ ခေါင်းညိတ်ပြတယ်။ ကျွန်တော် ခုတင်ကို သူထိုင်နိုင်အောင် ပြန်လုပ်ပေးလိုက်တယ်။ ပြီးတော့ သခွား တကိုက်စာလောက်စီ တုံးပြီး နိုရီနဲ့ ငရုတ်ဆီ တို့လိုက်တယ်။ စောင့်မျှော်နေတဲ့ လူနာရဲ့ ပါးစပ်ထဲကို သွားကြားထိုးတံနဲ့ သခွားသီးကို တို့ပြီး ထည့်ပေးလိုက်တယ်။ သူ့မျက်နှာ အမူအရာ လုံးဝပြောင်းလဲသွားခြင်း မရှိဘဲ သခွားသီးကိုပဲ ဝါးပြီးမျိုချနေတယ်။

"ဘယ်လိုလဲ ကောင်းတယ်မဟုတ်လား"

(ကောင်းတယ်) လို့ သူပြောတယ်။

"အစားအသောက်အရသာရှိရင် စားရတာကောင်းတယ်"

"အဲ့ဒီလို စားတာဟာ အသက်ရှိကြောင်း ပြသမှုတမျိုးပဲ"

သူ သခွားသီးတလုံးလုံး ကုန်အောင် စားပစ်လိုက်တယ်။ သူ စားလို့ပြီးသွားတော့ ရေတောင်းတယ်။ ပုလင်းထဲကယူပြီး သူ့ကို တိုက်လိုက်တယ်။ နောက်မိနစ်အနည်းငယ်လောက်ကြာတော့ သူသေးပေါက်ချင်တယ်လို့ ပြောလာတယ်။ အဲဒါနဲ့ ခုတင်အောက်က ဆီးခွက်ယူပြီး သူ့အင်္ဂါထိပ်မှာ ကပ်ပေးလိုက်တယ်။ နောက်တော့ ဆီးခွက်ယူပြီး အိမ်သာထဲမှာ သွားသွန်ပြီး ဆီးခွက်ကို ဆေးလိုက်တယ်။ ပြီးတော့ ကျွန်တော် လူနာခန်းထဲ ပြန်လာပြီး လက်ဖက်ရည် ဖျော်သောက်လိုက်တယ်။

"ဘယ်လိုနေလဲ" လို့ ကျွန်တော်မေးလိုက်တယ်။

(ခေါင်း... က) လို့ သူပြန်ပြောတယ်။

(ခေါင်းကိုက်နေတာလား)

(နည်းနည်း) လို့ သူ မျက်မှောင်ကျုံ့ပြီး ပြန်ပြောတယ်။

"ကိုက်မှာပေါ့။ ခွဲထားတာမှ မကြာသေးတာ။ ကျွန်တော်တော့ ခေါင်းမခွဲဖူးလို့ ဘယ်လိုနေလဲဆိုတာ မသိဘူး"

(လက်မှတ်) လို့ သူ ပြောတယ်။

"လက်မှတ်ဟုတ်လား။ ဘာလက်မှတ်လဲ"

(မီဒိုရီ) လို့ သူ ပြောတယ်။ (လက်မှတ်)

သူ ဘာတွေပြောနေသလဲဆိုတာ ကျွန်တော်တော့ နားမလည်တော့ဘူး။ ဘာမှပြန်မပြောဘဲ နေလိုက်တယ်။ သူလည်းပဲ ဘာမှမပြောဘဲ ခဏလောက် တိတ်သွားတယ်။ ခဏနေတော့ (ကျေးဇူးပြုပြီး) လို့ သူ ပြောလိုက်ပုံရတယ်။ ပြီးတော့ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ သူ ကျွန်တော့်ကို တခုခုပြောဖို့ ကြိုးပမ်းနေပုံရတယ်။ ဘာပြောမလဲဆိုတာသာ ကျွန်တော် ခန့်မှန်းလို့ မရတာ။

(ယူအီနို) လို့ သူပြောတယ်။ (မီဒိုရီ)

(ယူအီနိုဘူတာလား)

သူခေါင်းညိတ်ပြတယ်။

သူပြောတာတွေကို ကျွန်တော် အကျဉ်းရုံး မှတ်လိုက်တယ်။ "လက်မှတ်၊ မီဒိုရီ၊ ကျေးဇူးပြုပြီး၊ ယူအီနိုဘူတာ" ဒါပေမဲ့ ဘာအဓိပ္ပါယ်လဲ ဆိုတာကိုတော့ ကျွန်တော် မသိဘူး။ သူ စိတ်နောက်နေတယ်လို့ ကျွန်တော် ယူဆမိတယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက အရင်ကထက်ပိုပြီး ကြည်လင်လို့နေတယ်။ ဆေးသွင်းမခံရတဲ့ လက်တဖက်ကို တုန်တုန်ယင်ယင်နဲ့ မြှောက်ပြီး ကျွန်တော့်ဆီ ကမ်းပေးနေတယ်။ အဲ့ဒီလိုလုပ်နိုင်ဖို့ သူ တော်တော်ကြိုးစားလိုက်ပုံရတယ်။ ကျွန်တော် မတ်တပ်ထပြီး သူ့ရဲ့တုန်ယင်ပြီး အရေးအကြောင်းတွေထနေတဲ့ လက်ကို ဆုပ်ကိုင်လိုက်တယ်။ သူ့မှာ ရှိသမျှအားအင်တွေနဲ့ ကျွန်တော့်လက်ကို သူ ပြန်ကိုင်တယ်။ ပြီးတော့ (ကျေးဇူးပြုပြီး) လို့ ပြောပြန်တယ်။

"စိတ်ပူမနေပါနဲ့။ ကျွန်တော် မီဒိုရီနဲ့ လက်မှတ်ကို ဂရုစိုက်လိုက်ပါ့မယ်" လို့ ကျွန်တော် ပြောလိုက်တယ်။ သူ လက်ကိုပြန်ရုတ်ပြီး ခုတင်ပေါ် ပြန်တင်ထားလိုက်တယ်။ နောက်တော့ သူ့မျက်လုံးတွေပိတ်သွားတယ်။ သူ့အသက်ရှူသံတွေ ကျယ်လောင်လာပြီး အိပ်ပျော်သွားတော့တယ်။ သူဟာ အသက်မှ ရှိသေးရဲ့လားဆိုတာ ကျွန်တော် သတိထားကြည့်နေရတယ်။ ကျွန်တော် လက်ဖက်ရည်အတွက် ရေနွေး ထပ်တည်လိုက်တယ်။ ကျွန်တော်ဟာ သေခြင်းတရားရဲ့ နှုတ်ခမ်းဝကို ရောက်နေပြီဖြစ်တဲ့ ဒီအဘိုးအိုလေးကို ပိုသဘောကျလာမိသလိုပဲ။

※※※

ခဏနေတော့ တဖက်ကလူနာရဲ့အမျိုးသမီး ပြန်ရောက်လာတယ်။ အဆင်ပြေရဲ့လားလို့ သူက မေးတော့ အဆင်ပြေပါတယ်လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။ သူ့အမျိုးသားဟာ တခေါခေါဟောက်လို့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေလေရဲ့။

သုံးနာရီကျော်တော့ မီဒိုရီ ပြန်ရောက်လာတယ်။ "ငါပန်းခြံထဲမှာ သွားထိုင်နေခဲ့တယ်။ နင် ပြောသလိုပဲ ငါ ဘယ်သူနဲ့မှ စကားမပြောဘူး။ ငါ့ခေါင်းထဲမှာ ရှိတာတွေကို ရှင်းထုတ်လို့နေတယ်"

"ဘယ်လိုနေလဲ"

"နင့်ကို ကျေးဇူးတင်ပါတယ်။ ငါ နေလို့ထိုင်လို့ ပိုကောင်းလာတယ်။ ငါ့စိတ်တွေ လေးလံ ထိုင်းမှိုင်းနေခဲ့တာ။ အခုတော့ ငါအရင်ကထက် ကိုယ်လက် ပေါ့ပါးလာခဲ့ပြီ။ ငါဟာ ငါထင်ထားတာထက်တောင် ပိုပြီး ပင်ပန်းနွမ်းနယ်နေတယ်ဆိုတာ ငါနားလည်ခဲ့တယ်"

သူ့အဖေ အိပ်ပျော်နေတော့ ကျွန်တော်တို့နှစ်ယောက် ဘာမှ လုပ်စရာမရှိလို့ ဈေးရောင်းစက်ထဲက ကော်ဖီဝယ်ပြီး တီဗီပြတဲ့အခန်းထဲမှာ သွားထိုင်နေလိုက်ကြတယ်။ မီဒိုရီကို သူမရှိတုန်းဖြစ်ခဲ့တာတွေ ကျွန်တော်ပြောပြလိုက်တယ်။ သူ့အဖေ ကောင်းကောင်းကြီး အိပ်ပျော်ခဲ့တဲ့အကြောင်း၊ အိပ်ရာက နိုးတော့ ကျွန်တော် သခွားသီးစားတာ မြင်ခဲ့ကြောင်း၊ သူ့အတွက် သခွားသီးတလုံးစားဖို့ တောင်းခဲ့ကြောင်း၊ တလုံးလုံးကုန်အောင် စားသွားတဲ့အကြောင်း၊ ပြီးတော့ သေးပေါက်ကြောင်းတွေ ကျွန်တော် ပြောလိုက်တယ်။

"ဝါတာနာဘီ နင်ဟာ တော်တော် အံ့ဩဖို့ ကောင်းတာပဲ။ သူ့ကို အစာစားဖို့ ငါတို့မှာ တော်တော် ကြိုးစားလိုက်ရတာ။ နင်တော့ သူ့ကို သခွားသီးတလုံးကုန်အောင် ကျွေးနိုင်ခဲ့တာ မယုံနိုင်စရာပဲ"

"ငါလည်း မပြောတတ်ဘူး။ ငါ သခွားသီးတွေ မြိန်ရေယှက်ရည် စားနေတာ သူတွေ့သွားလို့ပဲ ထင်တယ်"

"နင်က လူနာတွေကို ဘယ်လိုလုပ်ရမလဲဆိုတဲ့ အချက်ကို သိလို့ ဖြစ်မှာပေါ့"

"မဟုတ်ရပါဘူး" လို့ ကျွန်တော်ရယ်ပြီး ပြန်ပြောလိုက်တယ်။ "တခြားလူတွေဆိုရင် ငါ့ကို အပြစ်ပြောကြမှာ အသေအချာပဲ"

"နင် ငါ့အဖေကို ဘယ်လိုထင်လဲ"

"ငါ သူ့ကို သဘောကျတယ်။ သူ စကား သိပ်မပြောလို့ မဟုတ်ပါဘူး။ သူ့ကြည့်ရတာ သဘောကောင်းတဲ့ပုံပဲ"

"သူ စကားမပြောဘဲနေခဲ့လား"

"နင့်ကို ပြီးခဲ့တဲ့အပတ်က အခြေအနေ မြင်စေချင်တယ်။ သူပြောတာ စိတ်ရှုပ်လောက်အောင်ပဲ" လို့ မီဒိုရီက ခေါင်းခါပြီးပြောတယ်။ "သူ စိတ်ဖောက်ခဲ့တယ်။ ဖန်ခွက်နဲ့ ငါ့ကို ပေါက်ပြီး ငါ့ကို အော်ငေါက်နေခဲ့တယ်။

"နင့်ကို အမြန်သေစေချင်တယ်။ နင်ဟာ အသုံးမကျတဲ့ ခွေးမလို့ အော်ခဲ့တယ်။ သူ့ရဲ့ရောဂါက လူတွေကို အဲ့ဒီလို ဆက်ဆံစေတယ်။ သူတို့ကိုယ်တိုင်လည်း ဘာကြောင့် အဲ့ဒီလို လုပ်ရတယ် ဆိုတာကို မသိကြဘူး။ ရုတ်တရက် ဖြစ်သွားတတ်ကြတာ။ ငါ့အမေတုန်းကလည်း အဲ့ဒီလိုပဲ။ အမေက ငါ့ကို ဘာပြောခဲ့လဲသိလား။ "နင်ဟာ ငါ့သမီး မဟုတ်ဘူး၊ နင့်ကို ငါ မုန်းတယ်" တဲ့။ သူ ငါ့ကို အဲဒီလို ပြောလိုက်တဲ့အချိန်မှာ ကမ္ဘာကြီးတခုလုံး မှောင်မိုက်သွားသလို ငါ ခံစားလိုက်ရတယ်။ ဒါပေမဲ့ နောက်တော့ ဒီလို ရောဂါဖြစ်တဲ့လူတွေဟာ အဲ့ဒီလိုပဲ ဖြစ်တတ်တာ ငါ နားလည်လာခဲ့တယ်။ သူတို့ ဦးနှောက်ရဲ့အစိတ်အပိုင်းကို ခွဲစိတ်ခံရတော့ သူတို့ခေါင်းထဲကို ပေါက်တတ်ကရအတွေးတွေ ရောက်လာတာပဲ ဖြစ်မယ်။ သူတို့ရောဂါကြောင့် အဲ့ဒီလို ပြောတာဖြစ်ပေမယ့် ငါ့ကိုတော့ တော်တော်နာကျင်စေတယ်။ နင် စဉ်းစားကြည့်လေ။ ငါ သူတို့အတွက် ပင်ပင်ပန်းပန်း လုပ်ပေးနေတာတောင် သူတို့က ငါ့ကို ခါးခါးသီးသီး ပြောထွက်ကြတယ်"

"နင် ဆိုလိုချင်တာ ငါသဘောပေါက်ပါတယ်" လို့ ကျွန်တော် ပြောလိုက်တယ်။ အဲဒီတော့မှ မီဒိုရီရဲ့ အဖေ ကျွန်တော့်ကို ပြောခဲ့တဲ့ စကားအစတွေကို ပြန်အမှတ်ရလာတယ်။ သူ့အဖေ ပြောခဲ့တာတွေ ကျွန်တော် ပြန်ရွတ်ပြလိုက်တယ်။

"လက်မှတ်၊ ယူအီနိုဘူတာဟုတ်လား" လို့ မီဒိုရီက ပြန်မေးတယ်။ "သူ ဘာပြောလဲဆိုတာ ငါတောင်မသိဘူး"

"ပြီးတော့ သူ ပြောသေးတယ်။" "ကျေးဇူးပြုပြီး" နဲ့ "မိဒိုရီ" တဲ့။

"ကျေးဇူးပြုပြီး မီဒိုရီကို စောင့်ရှောက်ပေးပါလား" လို့ ပြောတာလား။

"ဟုတ်ရင်ဟုတ်မှာပေါ့။ ဒါမှမဟုတ်လည်း နင့်ကို ယူအီနိုဘူတာ သွားပြီး လက်မှတ်ဝယ်စေချင်တာပဲ ဖြစ်မယ်။ သူ့စကားလုံးလေးလုံးက တခြားစီပဲ။ ဘယ်သူမှ သိနိုင်မှာမဟုတ်ဘူး။ ယူအီနိုဘူတာဟာ နင့်အတွက် အဓိပ္ပါယ် တခုခုများရှိလား"

"ယူအီနိုဘူတာ" လို့ပြောပြီး မီဒိုရီ စဉ်းစားနေတယ်။ "ယူအီနိုဘူတာနဲ့ ပတ်သက်ပြီး ငါ စဉ်းစားလို့ ရတာက ငါ အိမ်က နှစ်ကြိမ် ပြေးခဲ့ဖူးတာကိုပဲ။ ပထမတကြိမ်က သုံးတန်းမှာ၊ ဒုတိယအကြိမ်က ငါးတန်းမှာ နှစ်ကြိမ်စလုံး ငါ

ယူအီနိုဘူတာကနေပြီး ဖူကူရှီးမားကိုသွားတာချည်းပဲ။ နှစ်ကြိမ်စလုံး လက်မှတ်ကို အရောင်းစားပွဲထဲက ယူလာတဲ့ ပိုက်ဆံနဲ့ ဝယ်ခဲ့တာ။ အိမ်ကလူတွေကတော့ ငါ့အတွက် အရူးတပိုင်းဖြစ်ခဲ့ကြပေမယ့် ငါ့တော့ အေးအေးဆေးဆေးပဲ။ ဖူကူရှီးမားမှာ ငါ့အဒေါ်တယောက် ရှိတယ်။ ငါသူ့ကိုချစ်လို့ သူ့အိမ်ကိုပဲ ပြေးတာ။ ငါ့အဖေက ငါ့အဒေါ်အိမ်ကို လိုက်ပို့ခဲ့ဖူးတယ်။ ဖူကူရှီးမားဟာ မိုင်တရာဝေးတယ်။ ငါတို့သားအဖ ရထားပေါ်မှာ ထမင်းဗူးတွေ ဝယ်စားခဲ့ဖူးတယ်။ ငါ့အဖေဟာ လမ်းတလျှောက် အများကြီးပဲ ပြောသွားခဲ့တယ်။ ထောင်ကိုးရာနှစ်ဆယ့်သုံးက ငလျင်အကြောင်း၊ စစ်ပွဲအကြောင်းနဲ့ ငါ့ကိုမွေးခဲ့တဲ့ခေတ်အကြောင်း... အဲ့ဒီလို သူ ပြောလေ့မရှိတဲ့အကြောင်းတွေ ပြောသွားခဲ့တယ်။ ရထားစီးတဲ့အချိန်ပဲ ငါ့အဖေနဲ့ ငါဟာ စကားတွေ အကြာကြီးပြောခဲ့ဖူးတယ်။ နင် ယုံမလားတော့ မသိဘူး။ သမိုင်းမှာ အကြီးမားဆုံးဖြစ်တဲ့ ငလျင်ကြီးလှုပ်တော့ ငါ့အဖေဟာ တိုကျိုမြို့လယ်မှာ ရှိနေခဲ့ပြီး ငလျင်လှုပ်တာကို သတိမထားခဲ့မိဘူး”

“မယုံစရာပဲ”

“အဲဒါ တကယ်ပဲ။ ငလျင်လှုပ်တဲ့အချိန်တုန်းက ငါ့အဖေဟာ သူ့ရဲ့ဆိုင်ကယ်ကို လှည်းနဲ့တွဲပြီး ကိုအီရှီကာဝါတလျှောက် ဖြတ်မောင်းနေခဲ့တယ်။ သူ ဘာကိုမှမခံစားရဘူး။ သူအိမ်ပြန်ရောက်တော့ အိမ်ခေါင်မိုးတွေက တဖက်အိမ်ထဲပြုတ်ကျနေပြီ။ အိမ်ကလူတွေက ဒူးတုန်ရင်း တိုင်တွေကို ဖက်ထားတယ်။ အဲဒီအချိန်အထိ သူ ဘာဖြစ်နေမှန်း မသိသေးဘူး။ သူပြောခဲ့တာက “ဘာတွေဖြစ်နေတာလဲ” ဆိုတာပဲ။ “အဲဒါက ငါ့အဖေရဲ့ မဟာကန်တိုငလျင်နဲ့ ပတ်သက်ပြီး အမှတ်ရစရာပဲ” မီဒိုရီက ပြောပြီးရယ်တယ်။ “သူ့ရဲ့အတိတ်က အဖြစ်အပျက်တွေဟာ အဲဒီလိုတွေချည်းပဲ။ စိတ်လှုပ်ရှားစရာ လုံးဝကို မရှိဘူး။ သူ့အတွေ့အကြုံတွေကို နားထောင်ရင် လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်၊ ခြောက်ဆယ်လောက်က ဂျပန်နိုင်ငံရဲ့သမိုင်းကြောင်းဟာ ဘာမှ စိတ်လှုပ်ရှားစရာ မရှိခဲ့သလိုပဲ။ ထောင်ကိုးရာ သုံးဆယ့်ခြောက်က ပစိဖိတ်စစ်ပွဲမှာ သူဟာ အရာရှိတယောက်အဖြစ် ပါဝင်ခဲ့တာ ပြန်ပြောတော့လည်း ရယ်စရာတွေချည်းပဲ။

ဘာပဲပြောပြော ယူအီနိုကနေ ဖူကူရှီးမားသွားတဲ့ လမ်းတလျှောက် သူ ငါ့ကို သူ့ဇာတ်လမ်း ပြောပြခဲ့တယ်။ ပြောလို့ပြီးသွားတော့ “ဖြစ်လေ့ဖြစ်ထရှိတာတွေ အဖေပြောပြတာ မီဒိုရီ သမီး ဘယ်နေရာသွားသွား အဲ့ဒီလိုအဖြစ်အပျက်တွေ ကြုံမှာပါပဲ” လို့ ပြောလေ့ရှိတယ်။

“ယူအီနိုဘူတာနဲ့ ပတ်သက်ပြီး နင် အမှတ်ရတာတွေပေါ့”

“သိပ်ဟုတ်တာပေါ့။ ဒါနဲ့ နင်အိမ်က ထွက်ပြေးဖူးလား၊ ဝါတာနာဘီ”

“တခါမှ မပြေးဖူးဘူး”

"ဘာဖြစ်လို့ မပြေးဖူးတာလဲ"

"စိတ်ကူးယဉ်မှု မရှိလို့ပေါ့။ အိမ်က ထွက်ပြေးချင်စိတ် တခါမှမဖြစ်ဖူးဘူး"

"နင် အထူးအဆန်းပဲ" လို့ မီဒိုရီက ခေါင်းခါပြီးပြောပေမယ့် အထင်ကြီးသွားတဲ့ပုံပါပဲ။

"ဟုတ်ရင်လဲ ဟုတ်မှာပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။

"ကောင်းပါပြီ။ ဘာပဲပြောပြော ငါ့အဖေက နင့်ကို ငါ့ကို စောင့်ရှောက်ဖို့ ကြိုးစားပြီးပြောခဲ့ပုံပါပဲ"

"တကယ်လား"

"တကယ်ပေါ့။ ငါ တချို့ကိစ္စတွေကို အလိုလို နားလည်တတ်တယ်။ ဒါနဲ့ ငါ့ကို ပြောစမ်းပါဦး။ ငါ့အဖေအတွက် နင့်ရဲ့အဖြေက ဘာလဲ"

"သူ ငါ့ကို ဘာပြောသလဲဆိုတာ ငါ နားမလည်ခဲ့ဘူး။ ဒါပေမဲ့ ငါ သူ့ကို အိုကေလို့ပဲ ပြန်ပြောခဲ့တယ်။ ငါ နင်တို့သားအဖနှစ်ယောက်စလုံးနဲ့ လက်မှတ်ကိစ္စကို ဂရုစိုက်မှာပါ"

"နင် ငါ့အဖေကို ကတိပေးခဲ့ပြီလား။ နင် ငါ့ကို စောင့်ရှောက်ပါ့မယ်လို့ ပြောခဲ့တယ်ပေါ့"

"အဲဒီလိုတော့ မဟုတ်ဘူး" ကျွန်တော် သူ့ကို စကားပြင်ပြောဖို့အတွက် နေးအနေတော့တယ်။ "သူ ဘာပြောသလဲဆိုတာ ငါ တကယ် မသိဘူး။ ပြီးတော့..."

"စိတ်မပူပါနဲ့ဟာ ငါ နင့်ကို နောက်တာပါ" လို့ သူက ပြုံးပြီးပြောတယ်။

ကျွန်တော်နဲ့ မီဒိုရီ ကော်ဖီသောက်ပြီးတဲ့နောက် အခန်းပြန်လာခဲ့ကြတယ်။ သူ့အဖေကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲပဲ။ နေ့လယ်အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးလာလေလေ၊ ဆေးရုံအပြင်ဘက် ပြတင်းပေါက်က အလင်းရောင်ဟာ ပြောင်းလဲလာလေလေပဲ။ မီဒိုရီနဲ့ ကျွန်တော်ဟာ အခန်းထောင့်မှာ ထိုင်နေကြတယ်။ တချိန်လုံး ကျွန်တော်တို့နှစ်ယောက် စကားတိုးတိုးပဲ ပြောလို့နေတယ်။ မီဒိုရီက ကျွန်တော့်လက္ခဏာကိုကြည့်ပြီး ကျွန်တော်ဟာ အသက်တရာ့ငါးဆယ်ရှည်ပြီး အိမ်ထောင်သုံးဆက်ကျပြီး ကားမတော်တဆဖြစ်ပြီး သေမယ်လို့ ခန့်မှန်းနေပြန်တယ်။ သိပ်မဆိုးလှတဲ့ဘဝပဲလို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။

လေးနာရီကျော်လို့ သူ့အဖေ နိုးလာတဲ့အခါမှာတော့ မီဒိုရီဟာ

သူ့အဖေရဲ့နဖူးပေါ်က ချွေးတွေ သုတ်လိုက်၊ ရေတိုက်လိုက်၊ ခေါင်းက ဘယ်လိုနေသေးလဲ မေးလိုက်နဲ့ အလုပ်ရှုပ်နေပြန်တယ်။ သူနာပြုဆရာမတယောက် ဝင်လာပြီး မီဒိုရီရဲ့အဖေကို ကိုယ်အပူချိန်တိုင်းတယ်။ ဆီး ဘယ်နှစ်ကြိမ် သွားသလဲဆိုတာ မှတ်တမ်းတင်ပြီး သွင်းနေတဲ့ ဆေးပစ္စည်း ကိရိယာကို စစ်ဆေးသွားတယ်။ ကျွန်တော်တော့ တီဗီခန်းထဲသွားပြီး ဘောလုံးပွဲ ကြည့်နေလိုက်တယ်။

ငါးနာရီထိုးတော့ ကျွန်တော်သွားတော့မယ်လို့ မီဒိုရီကို ပြောလိုက်တယ်။ သူ့အဖေကိုလည်း "ကျွန်တော် အလုပ်သွားရတော့မယ်" လို့ "ကျွန်တော် ခတ်ပြားအရောင်းဆိုင်မှာ ညနေ ခြောက်နာရီကနေ ဆယ်နာရီခွဲအထိ အလုပ်လုပ်ရတယ်" လို့ ပြောလိုက်သေးတယ်။

သူ ကျွန်တော့်ဘက်ကို လှည့်ပြီး ခေါင်းညိတ်ပြတယ်။

"ဝါတာနာဘီ ငါ နင့်ကို ဘယ်လိုပြောရမှန်းတောင် မသိပါဘူး။ ဘာပဲဖြစ်ဖြစ် ဒီနေ့လိုက်လာပေးတဲ့ အတွက် နင့်ကို ငါ တကယ် ကျေးဇူးတင်ပါတယ်" လို့ မီဒိုရီက ညှော့ခန်းနားအရောက်မှာ ပြောပါတယ်။

"ငါ ဘာမှမလုပ်ခဲ့ရပါဘူးဟာ။ ငါဟာ တကယ်ပဲ အကူအညီ ဖြစ်တယ်ဆိုရင် နောက်တပတ် ငါလာခဲ့ပါဦးမယ်။ နင့်အဖေကို ငါ ထပ်တွေ့ချင်ပါသေးတယ်"

"တကယ်ပြောတာလား"

"အဆောင်မှာ ငါလုပ်စရာ ဘာမှ မရှိတာ။ ငါ ဒီကိုလာရင် သခွားသီး ထပ်စားရဦးမှာပေါ့"

မီဒိုရီဟာ သူ့လက်နှစ်ဖက်ကို ပိုက်ပြီး ကြမ်းပြင်ကို ဒေါက်ဖိနပ်ထိပ်နဲ့ ခေါက်နေတယ်။

"ငါ နင်နဲ့ အရက်ထပ်သောက်ချင်သေးတယ်" လို့ သူ့ခေါင်းကို ကုတ်ရင်း မီဒိုရီက ပြောတယ်။

"ဟိုကား သွားကြည့်ရင်ကော ဘယ်လိုလဲ၊ သောက်ပြီးမှသွားကြည့်မယ်လေ။ ပြီးရင် ပေါက်တတ်ကရ ပြောကြမယ်လေ"

"ငါ ပေါက်တတ်ကရ ပြောတတ်တဲ့လူမဟုတ်ဘူး။ နင်ပဲ ပြောတာ" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

"ဘာပဲဖြစ်ဖြစ်ဟာ ငါတို့ ပေါက်တတ်ကရပြောပြီး တယောက်ကို တယောက် ကပ်နေကြမယ်။ ပြီးရင် အိပ်ရာထဲ အတူသွားကြမယ်"

“ပြီးရင် ဘာဖြစ်မယ်ဆိုတာ နင်သိတယ်ပေါ့” လို့ ကျွန်တော် သက်ပြင်းချပြီး ပြောလိုက်တယ်။ “ငါ့ ကြိုးစားတဲ့အခါ နင် ငြင်းမယ်လေ။ မဟုတ်ဘူးလား”

သူ ဟက်ဟက်ပက်ပက် ရယ်သွားတယ်။

“ဘာပဲဖြစ်ဖြစ်ပါ နောက်တပတ် တနင်္ဂနွေကျရင် ငါ့ကို လာခေါ်ပါ။ ငါတို့ ဒီကို တူတူလာကြမယ်လေ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါ စကတ်တိုတို ဝတ်လာရဦးမှာလား”

“သိပ်ဟုတ်တာပေါ့”

※※※

နောက်တပတ် တနင်္ဂနွေမှာတော့ ကျွန်တော် ဆေးရုံကို ထပ်မရောက်တော့ဘူး။ မီဒိုရီရဲ့အဖေ သောကြာမနက်မှာ ဆုံးသွားတယ်။ မနက်ခြောက်နာရီခွဲမှာ သူ ကျွန်တော့်ကို ဖုန်းဆက်ပြီး ပြောတယ်။ အဆောင်စောင့်တဲ့လူက ကျွန်တော့်ကို ဖုန်းလာကြောင်း လာပြောခဲ့တယ်။ ကျွန်တော် ဧည့်ခန်းကို ညအိပ်ဝတ်စုံနဲ့ ပြေးသွားရတယ်။ အေးအေးစက်စက် မိုးရေတွေဟာ တိတ်တဆိတ် ရွာလို့နေတယ်။ “ငါ့အဖေ ခုလေးတင်ဆုံးသွားပြီ” လို့ မီဒိုရီက သေးငယ်ပြီး တိတ်ဆိတ်တဲ့အသံနဲ့ ပြောတယ်။ “ကျွန်တော် ဘာလုပ်ပေးရမလဲ” လို့ သူ့ကို မေးခဲ့တယ်။

“ကျေးဇူးတင်ပါတယ်။ နင်လုပ်ပေးဖို့ ဘာမှမလိုပါဘူး ငါတို့ နာရေးကိစ္စတွေနဲ့ အသားကျနေပါပြီ။ ငါ နင့်ကို အသိပေးရုံသက်သက်ပါ”

“ငါ နားလည်ပါတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

"နင် ငါ့ကို ဟိုကားသွားကြည့်ဖို့ခေါ်မှာလား”

“ခေါ်မှာပါဟာ”

“ကောင်းတယ်။ ငါ နင့်ဆီ ဖုန်းဆက်လိုက်ပါမယ်” လို့ ပြောပြီး မီဒိုရီ ဖုန်းချသွားတယ်။

※※※

အချိန်တပတ်သာ ကုန်သွားတယ်။ မီဒိုရီဆီက ဘာအသံမှ မကြားရဘူး။ ဖုန်းလုံးဝမဆက်သလို သူ့အတန်းတက်ပုံလည်း မပေါ်ဘူး။ အဆောင်ပြန်ရောက်တိုင်း သူ့ဆီက မက်ဆေ့ချ် တခုခုများ ရောက်နေမလားလို့ မေးကြည့်မိတယ်။ ဒါပေမဲ့

ဘာမှမလာဘူးတဲ့။ တညတော့ သူ့ကိုပေးထားတဲ့ ကတိအတိုင်း တကိုယ်တော် ဖြေဖျောက်တဲ့အခါ သူ့ကို မြင်ယောင်မှန်းဆကြည့်ပါတယ်။ ဒါပေမဲ့ လုံးဝအလုပ်မဖြစ်ဘူး။ အဲဒါနဲ့ နာအိုကိုကို ပြောင်းပြန်တော့လည်း အလုပ်မဖြစ်ပြန်ဘူး။ တော်တော့်ကို ကသိကအောင့်ဖြစ်ရတော့ ကျွန်တော် လက်လျှော့လိုက်တယ်။ ဝီစကီတခွက်သောက်၊ သွားတိုက်ပြီး အိပ်ရာဝင်လိုက်တယ်။

※※※

တနင်္ဂနွေ မနက်ခင်းမှာတော့ ကျွန်တော် နာအိုကိုဆီ စာတစောင် ရေးလိုက်တယ်။ မိဒိုရီရဲ့ အဖေအကြောင်းလည်း ထည့်ရေးဖြစ်တယ်။ “ငါ့အခန်းထဲက သူငယ်ချင်းကောင်မလေးတယောက်ရဲ့ အဖေကိုကြည့်ဖို့ ငါ ဆေးရုံရောက်သွားဖြစ်တယ်။ ဆေးရုံမှာ ငါသခွားသီးတွေ စားဖြစ်တယ်။ ငါ သခွားသီးတွေ တဂျွတ်ဂျွတ်ကိုက်တာမြင်တော့ သူလည်း စားချင်စိတ် ပေါက်လာတယ်။ နောက်ငါးရက်နေတော့ သူ ဆုံးသွားတယ်။ သူ သခွားသီး အစိတ်လေးတွေ ဝါးနေတဲ့ပုံကို ငါ အခုထိ မှတ်မိလို့နေသေးတယ်။ လူတွေဟာ သေတဲ့အခါ ထူးခြားတဲ့ အမှတ်ရစရာတွေ ချန်ထားသွားတတ်ကြတယ်နော်” ကျွန်တော် စာကို ဆက်ရေးဖြစ်တယ်။

“ငါ ဒီမနက် အိပ်ရာကနိုးတော့ အိပ်ရာထဲလှဲရင်း နင်ရယ်၊ ရီကိုရယ်နဲ့ ငှက်အိမ်လေးကို သတိရနေမိတယ်။ ဒေါင်း၊ ခိုတွေ၊ ကြက်တူရွေးတွေနဲ့ ကြက်ဆင်တွေကိုလည်း သတိရတယ်။ အဲ့ဒီမနက်က မိုးတွေရွာလို့ နင်နဲ့ ရီကို အဝါရောင်မိုးကာအင်္ကျီတွေ ဝတ်ထားတာကိုလည်း မှတ်မိနေသေးတယ်။ ငါ အိပ်ရာထဲမှာ နွေးနွေးထွေးထွေး ရှိနေတုန်း နင့်ကို သတိရတာ သိပ်ကောင်းတာပဲ။ ငါ့နံဘေးမှာ နင် ခွေခွေလေး အိပ်ပျော်နေသလိုပဲလို့ ငါခံစားမိတယ်။ အဲ့ဒီခံစားမှုလေးသာ တကယ်ဖြစ်ရင် သိပ်ကောင်းမှာပဲနော်။

တခါတလေကျရင် ငါ နင့်ကို သေလောက်အောင် လွမ်းမိတယ်။ ဒါပေမဲ့ ပုံမှန်ကတော့ ငါ့မှာရှိသမျှ အင်အားတွေ ထိန်းချုပ်ပြီး နေရတာပါပဲ။ နင် မနက်တိုင်း ငှက်တွေနဲ့ စိုက်ခင်းတွေကို စောင့်ရှောက်သလို ငါလည်း ငါ့ကိုယ်ငါ စောင့်ရှောက်နေရတာပဲ။ ငါ မနက် အိပ်ရာထတာနဲ့ ဒိုက် သုံးဆယ့်ခြောက်ခါထိုးပြီး သွားတိုက်၊ မုတ်ဆိတ်ရိတ်၊ မနက်စာစား၊ အဝတ်လဲ၊ ကျောင်းသွားတယ်။ ငါ့ကိုယ်ငါလည်း ပြောနေတတ်သေးတယ်။ “ဒီနေ့ကိုလည်း နေ့ကောင်းတနေ့ဖြစ်အောင် လုပ်ကြရအောင်လို့” ပေါ့။ အရင်တုန်းကတော့ ငါ သတိမထားမိဘူး။ အခုတော့ ငါ သတိထားမိလာတယ်။ ငါ တယောက်ထဲ စကားပြောတတ်နေပြီဆိုတာကို။

ငါ နင့်ကိုတွေ့ခွင့်မရတာဟာ တော်တော်တော့ဆိုးတယ်။ ငါ တိုကျိုမှာ နေတာဟာ နင့်အတွက်သာ မဟုတ်ဘူးဆိုရင် ပိုဆိုးမှာသေချာတယ်။ ဘာကြောင့်လဲဆိုတော့ ငါ မနက်အိပ်ရာထဲမှာ နင့်အကြောင်း စဉ်းစားပြီး ငါ့ကိုယ်ငါ ထိန်းကျောင်းနိုင်တယ်။ ငါ့ကိုယ်ငါလည်း ပြောသေးတယ်။ နောက်ထပ် နေ့ကောင်းတနေ့ ငါ ရှင်သန်ရဦးမယ်လို့ နင် ဟိုမှာနေသလိုပဲ ငါ ဒီမှာ အကောင်းဆုံး ဖြစ်အောင် နေတယ်။

ဒီနေ့က တနင်္ဂနွေနေ့လေ

ငါ အဝတ်လျှော်ပြီးပြီ။ အခု ငါ့အခန်းထဲမှာလေ။ နင့်ဆီကို စာရေးနေတယ်။ စာရေးပြီးသွားရင် စာအိတ်ထဲထည့်၊ တံဆိပ်ခေါင်းကပ်ပြီး စာတိုက်ပုံးထဲ သွားထည့်မယ်။ နေဝင်မယ့်အချိန်အထိ ငါ့မှာ လုပ်စရာ ထွေထွေထူးထူး မရှိပါဘူး။ တနင်္ဂနွေဆိုရင် ငါစာမလုပ်ဘူးလေ။ ငါ စာကို ကြားရက်တွေ အတန်းနားချိန်မှာ စာကြည့်တိုက်ထဲ သွားလုပ်လေ့ရှိတယ်။ တနင်္ဂနွေနေ့တွေဟာ တိတ်ဆိတ် ငြိမ်းချမ်းလွန်းတယ်။ ငါ့အတွက်တော့ အထီးကျန်လွန်းလှတယ်။ စာအုပ်ဖတ်ရင်ဖတ်၊ မဖတ်ရင် သီချင်းနားထောင်လိုက်ပေါ့။ တခါတလေကျရင် တနင်္ဂနွေနေ့တွေမှာ နင်နဲ့ငါ လျှောက်သွားဖူးတဲ့ တိုကျိုမြို့ထဲက လမ်းတွေကို သတိရနေမိတယ်။ ငါတို့ လမ်းလျှောက်တိုင်း နင်ဝတ်ခဲ့တဲ့ အဝတ်အစားတွေကို ငါ မှတ်မိနေသေးတယ်။ တနင်္ဂနွေ နေ့လယ်ခင်းတွေနဲ့ ပတ်သက်သမျှကို ငါမှတ်မိနေသေးတယ်။

ရီကို့ကိုလည်း သတိရကြောင်း ပြောပေးပါ။ ငါလာလည်တဲ့နေ့က သူ့ရဲ့ဂစ်တာလက်သံကိုလည်း ငါ လွမ်းမိပါတယ်။”

※※※

စာရေးပြီးတဲ့နောက် စာထည့်ဖို့ ဘလောက်နှစ်ခုလောက် လျှောက်လိုက်ရတယ်။ ပြီးတော့ အနီးနားက မုန့်ဆိုင်ထဲသွားပြီး ကြက်ဥဆင်းဒဝစ်ချ်နဲ့ Coke တဗူး ဝယ်လိုက်တယ်။ အဲ့ဒီနောက်တော့ ရပ်ကွက်ကစားကွင်းထဲက ခုံပေါ်ထိုင်ရင်း ရပ်ကွက် ဘေ့စ်ဘောပွဲလေးကိုကြည့်ရင်း နေ့လယ်စာ စားနေလိုက်တယ်။ ဆောင်းရာသီဟာ ရင့်မှည့်လာတာနဲ့အမျှ ကောင်းကင်မှာ အပြာရောင် တိမ်တိုက်တွေ ထူထပ်လို့နေလေရဲ့။ လျှပ်စစ်ကားလမ်းနှစ်ခုရဲ့ အပြိုင်ဖြစ်နေပုံကိုလည်း ကျွန်တော် ငေးကြည့်လိုက်သေးတယ်။ ပြစ်ဒဏ်ဘော ဘောလုံး ကျွန်တော့်ဘက် လိမ့်လာလို့ ပြန်ပစ်ပေးလိုက်တော့ ကစားသမားလေးဟာ ဦးထုပ်ချွတ်ပြီး “ကျေးဇူးတင်ပါတယ်ခင်ဗျား” လို့ ယဉ်ယဉ်ကျေးကျေး ပြောလိုက်တယ်။

နေ့လယ်ကျတော့ အခန်းကိုပြန်လာပြီး စာဖတ်နေပေမယ့် စာအုပ်ထဲကို

အာရုံစူးစိုက်လို့ မရဘူး။ မျက်နှာကျက်ကို ကြည့်ပြီး မီဒိုရီအကြောင်းပဲ စဉ်းစားနေမိတယ်။ မီဒိုရီရဲ့အဖေက သူ သေသွားရင် သူ့သမီးကို စောင့်ရှောက်ဖို့ တကယ်ပဲ မှာသွားခဲ့သလားဆိုတာကို ကျွန်တော် စဉ်းစားနေမိတယ်။ သူဟာ ကျွန်တော့်ကို တခြားတယောက်နဲ့ မှားတာလည်း ဖြစ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ်ပါ သူဟာ သောကြာနေ့မနက် မိုးတွေရွာနေစဉ်မှာ ကွယ်လွန်သွားခဲ့ပြီပဲ။ သူ့စိတ်ထဲမှာ ဘာရှိသလဲဆိုတာ ခုချိန်မှာတော့ လုံးဝ မသိနိုင်တော့ဘူး။ သူသေတော့ သူ့ခန္ဓာကိုယ်ဟာ အရင်ကထက် သေးသွားမှာပဲလို့ ကျွန်တော် တွေးမိတယ်။ ပြီးတော့ သူ့ခန္ဓာကိုယ်ဟာ ပြာဖြစ်သွားတဲ့အထိ မီးရှို့ခံရမှာပဲ။ သူ ဘာတွေများချန်ထားရစ်ခဲ့လဲ။ သာမန်ရပ်ကွက်လေးထဲက စာအုပ်ဆိုင်တဆိုင်နဲ့ သမီးနှစ်ယောက်ပေါ့။ တယောက်ကတော့ ထူးထူးဆန်းဆန်းပဲ။ သူ့ဘဝက ဘာလဲ။ ကျွန်တော် တွေးမိတယ်။ ခွဲစိတ်ခံခဲ့ရတဲ့ ဦးခေါင်းနဲ့ အိပ်ရာထဲမှာ လဲနေခဲ့ရတယ်။ သူ့ဦးနှောက်ကလည်း နှောက်ကျိနေခဲ့တယ်။ သူ ကျွန်တော့်ကို ကြည့်နေခဲ့တုန်းက သူ့စိတ်ထဲမှာ ဘာရှိနေခဲ့လဲမသိဘူး။

မီဒိုရီရဲ့အဖေအကြောင်းကို စဉ်းစားရတာဟာ ကျွန်တော့်စိတ်ကို ထိုင်းမှိုင်းစေတယ်။ အဲ့ဒါနဲ့ ကျွန်တော် ခေါင်မိုးပေါ်က အဝတ်တွေကို သိပ်မခြောက်သေးပေမယ့် သွားရုပ်လိုက်တယ်။ ပြီးတော့ အချိန်ကုန်စေဖို့ လမ်းလျှောက်ပြီး ရှင်ဂျူကူဘက် သွားလိုက်တယ်။ တနင်္ဂနွေလူအုပ်ကြီးက ကျွန်တော့်ကို စိတ်သက်သာရာရစေတယ်။ ကီနိုကူနီယာ စာအုပ်ဆိုင်ဟာ ရုံးဆင်းချိန် ရထားလိုပဲ လူတွေပြည့်ကျပ်လို့နေတယ်။ ကျွန်တော် ဖော့ခ်နာရဲ့ Light in August စာအုပ်ဝယ်ပြီး အဆူညံဆုံး ဂျက်ဇ်ကော်ဖီဆိုင်လို့ ကျွန်တော်ထင်တဲ့ဆိုင်ဘက် ထွက်လာခဲ့တယ်။ စာအုပ်ဖတ်ရင်း Omete Coleman နဲ့ Bud Powell တို့ရဲ့သီချင်းတွေ နားထောင်ပြီး ပူပူပျစ်ပျစ် ကော်ဖီကို သောက်နေလိုက်တယ်။ ငါးခွဲတော့ စာအုပ်ပိတ်ပြီး အပြင်ထွက်လိုက်တယ်။ အဆာပြေတခုခု စားတယ်။ ဒီလိုတနင်္ဂနွေမျိုး၊ ဒီလိုတနင်္ဂနွေ ရာပေါင်း ဘယ်လောက်တောင် ကျွန်တော့်ကို စောင့်မျှော်နေဦးမလဲ မသိဘူး။

■

အခန်း (၈)

ဒီတပတ်ရဲ့အလယ်လောက်မှာ ကျွန်တော့်လက် မှန်ကွဲစတစန့် ခြစ်မိသွားခဲ့တယ်။ ခတ်ပြားတွေ ထားတဲ့စင်မှာ မှန်ကွဲနေတာကို ကျွန်တော် သတိမထားမိခဲ့ဘူး။ ကျွန်တော့်လက်က သွေးတွေ တရဟော ပန်းထွက်နေတာဟာ မယုံနိုင်လောက်စရာ များပြားလွန်းလှတယ်။ ကျွန်တော်နင်းထားတဲ့ ကြမ်းပြင်တောင် နီရဲသွားတယ်။ စတိုးဆိုင်မန်နေဂျာဟာ တဘက်တထည် ရှာလာပြီး ကျွန်တော့်လက်ကို ခပ်တင်းတင်းချည်ပေးတယ်။ နောက်တော့ သူ ဖုန်းဆက်ပြီး ညလုံးပေါက်ဖွင့်တဲ့ အရေးပေါ်ဆေးခန်းကို မေးတယ်။ သူဟာ အချိန်တော်တော်များများမှာ အသုံးမကျတဲ့ လူတယောက် ဖြစ်ပေမယ့်လို့ ဒီတကြိမ်မှာတော့ ဂရုတစိုက်နဲ့ ကျွန်တော့်ကို လိုက်ပို့ရှာတယ်။ ဆေးရုံက ကျွန်တော်တို့ဆိုင်နားမှာရှိတာ ကံကောင်းပေမယ့် ဆေးရုံကို ရောက်သွားချိန်မှာတော့ ကျွန်တော့်လက်မှာ ပတ်ထားတဲ့တဘက်ဟာ သွေးတွေနဲ့ ရွှဲနစ်နေပြီ။ ကြမ်းပြင်ပေါ်ကို တဘက်ကသွေးတွေ စီးကျနေတယ်။ လူတွေဟာ အဆောတလျင်နဲ့ ကျွန်တော့်ကို လမ်းဖယ်ပေးကြတယ်။ သူတို့တွေဟာ ကျွန်တော့်ကို ရန်ဖြစ်ရင်း ဒဏ်ရာရလာတာလို့ ထင်နေပုံရတယ်။ ကျွန်တော့်အတွက် ပြောပလောက်အောင် ဘယ်လိုနာကျင်မှုမျိုးမှ မဖြစ်ပေမယ့် သွေးတွေကတော့ စီးကျနေတာ မရပ်သေးဘူး။

ဆရာဝန်က ကျွန်တော့်လက်က တဘက်ကို အေးအေး တည်တည်ငြိမ်ငြိမ်နဲ့ ခွာနေတယ်။ ကျွန်တော့်လက်က သွေးတွေကို Dourniquet နဲ့ သုတ်ပြီး သွေးတိတ်အောင် လုပ်ပေးသလို ဒဏ်ရာကိုလည်း သန့်စင်ပေးသေးတယ်။ ပြီးတော့ ဒဏ်ရာကို ချုပ်ပေးပြီး နောက်နေ့ ထပ်လာဖို့ ပြောတယ်။ ခတ်ပြားဆိုင်ကို ပြန်ရောက်တော့ မန်နေဂျာက ကျွန်တော့်ကို အိမ်ပြန်နားခိုင်းတယ်။ ကျွန်တော့်ကို အသုံးမကျတဲ့ကောင်လို့ သူထင်နေသလိုပဲ။ ကျွန်တော် အဆောင်ကို ဘတ်စ်ကားစီးပြီး ပြန်ခဲ့တယ်။ အဆောင်ရောက်ရောက်ချင်း နာကာဆာဝါရဲ့အခန်းကို တန်းသွားတယ်။ ဒဏ်ရာရလာတဲ့အကြောင်းကို တယောက်ယောက်ကို ပြောချင်တာရယ် နာကာဆာဝါနဲ့ မတွေ့တာ ကြာတာကြောင့် သူ့ဆီကို သွားခဲ့တာပါ။

သူဟာ အခန်းထဲမှာ ဘီယာတဗူးသောက်ရင်း တီဗီမှာပေါ်နေတဲ့ စပိန်ဘာသာစကား သင်ခန်းစာကို ကြည့်လို့နေတာ တွေ့ရတယ်။ “ဟေ့ကောင်ကြီး… ဘာတွေဖြစ်လာတာလဲ” လို့ ကျွန်တော့်လက်က ပတ်တီးကို တွေ့တော့ သူမေးတယ်။ ကျွန်တော် အလုပ်မှာ မှန်ကွဲရှလာပြီး သိပ်မများဘူးလို့

ပြောလိုက်တယ်။ ကျွန်တော့်ကို ဘီယာသောက်မလားလို့မေးတော့ မသောက်ဘူးလို့ငြင်းလိုက်တယ်။

“ခဏနေလေးနော်။ ပြီးတော့မယ်” လို့ နာကာဆာဝါကပြောပြီး စပိန်အသံထွက်တွေကို ကျင့်လို့နေတယ်။ လက်ဖက်ရည်ထုပ်တထုပ် ဖောက်ပြီး ရေနွေးထည့်ဖျော်လိုက်တယ်။ စပိန်အမျိုးသမီး နမူနာ စာကြောင်းတွေ ရွတ်ပြနေတယ်။ “ဒီလောက်သည်းတဲ့မိုးကို တခါမှ မမြင်ဖူးဘူး။ ဘာစီလိုနာက တံတားတွေတောင် မြုပ်ကုန်ပြီ” နာကာဆာဝါကလည်း အကျယ်ကြီး လိုက်အော်နေတယ်။ “တော်တော်ဆိုးတဲ့ဝါကျတွေပဲ။ ဒီလိုအသုံးမကျတာတွေပဲ သူတို့ပြောနေတယ်” လို့ နာကာဆာဝါက ပြောတယ်။

အဲဒီအစီအစဉ်ပြီးတော့ နာကာဆာဝါက တီဗီကို ပိတ်လိုက်တယ်။ ရေခဲသေတ္တာထဲက ဘီယာတဗူး ထပ်ထုတ်လိုက်တယ်။

“ကျွန်တော် အချိုးပြောင်းနေပြီလို့ ထင်နေတာလား” လို့ ကျွန်တော် မေးလိုက်တယ်။

“မထင်ပါဘူးကွာ။ ငါ့ဟာငါတောင် ရှုံးချင်နတာ။ ဘီယာမသောက်တော့ဘူးလား”

“ဟင့်အင်း... မသောက်ချင်လို့ပါ”

“ပြီးရော။ ဟိုတနေ့က အောင်စာရင်း ထွက်တယ်ကွ။ ငါ အောင်တယ်”

“နိုင်ငံခြားရေးဝန်ကြီးဌာနစာမေးပွဲလား”

“ဟုတ်တယ်။ သူတို့ရဲ့တရားဝင်အခေါ်က “နိုင်ငံရပ်ခြား ပြည်သူ့ဝန်ဆောင်မှု ပထမတန်းစား ဝန်ဆောင်မှု စာမေးပွဲ” လို့ ခေါ်တယ်။ တော်တော် ရယ်ဖို့ကောင်းတယ်”

“ကွန်ဂရက်ကျူလေးရှင်း” လို့ ပြောပြီး ကျွန်တော် သူ့ကို လက်ဆွဲနှုတ်ဆက်လိုက်တယ်။

“ကျေးဇူးပဲ”

“ခင်ဗျား စာမေးပွဲအောင်တာ ကျွန်တော်တော့ မအံ့သြဘူး”

“ငါရောပဲ မအံ့သြပါဘူး” လို့ နာကာဆာဝါက ရယ်ပြီး ပြောတယ်။

“ဒါပေမဲ့ ခုလို တရားဝင် ဖြစ်သွားတာတော့ ကောင်းတယ်”

“နိုင်ငံခြားတနိုင်နိုင်ငံကို ထွက်သွားရတော့မှာပေါ့”

“မဟုတ်ဘူး။ တနှစ် သင်တန်းတက်ရဦးမယ်။ ပြီးတော့မှ နိုင်ငံခြား ခဏသွားခိုင်းမှာ”

ကျွန်တော်တို့နှစ်ယောက် ပျော်ရွှင်မှုတွေနဲ့အတူ ကျွန်တော်က လက်ဖက်ရည်သောက်ပြီး သူက ဘီယာသောက်နေတယ်။

“ငါ ဒီကနေသွားရင် မင်းကို ဒီရေခဲသေတ္တာပေးသွားမယ်” လို့ နာကာဆာဝါက ပြောတယ်။ “ရေခဲသေတ္တာ မင်းမှာ ရှိသင့်တယ်။ အဲ့ဒါမှ ဘီယာသောက်လို့ အဆင်ပြေမှာ”

“သေချာတာပေါ့။ ကျွန်တော် လိုအပ်နေတာ။ ဒါပေမဲ့ ခင်ဗျားအတွက် လိုဦးမှာပဲမဟုတ်လား။ ခင်ဗျား တိုက်ခန်းတခန်းမှာ ဒါမှမဟုတ် တနေရာရာ မှာနေဦးမှာ မဟုတ်လား”

“မကြောင်စမ်းပါနဲ့ကွာ။ ငါ ဒီနေရာကထွက်သွားရင် နောက်ထပ် ရေခဲသေတ္တာအကြီးကြီး ဝယ်ဦးမှာပေါ့။ ငါ ဘဝမြင့်မြင့်နေမှာလေ။ ဒီလိုမစင်တွင်းလိုနေရာမှာ လေးနှစ်လောက် နေခဲ့တာ တော်ပြီပေါ့။ ဒီနေရာမှာ သုံးခဲ့တာတွေကို ငါ မမြင်ချင်တော့ဘူး။ မင်းလိုချင်တာသာ ပြောလိုက်။ ငါပေးမယ်။ တီဗီ၊ ဓာတ်ဘူး၊ ရေဒီယို ကြိုက်တာပြော”

“ခင်ဗျား ပေးချင်တာမှန်သမျှ ကျွန်တော် ယူမယ်” လို့ ကျွန်တော် ပြောလိုက်တယ်။ သူ့စားပွဲပေါ်က စပိန်သင်ခန်းစာစာအုပ်ကို ကျွန်တော် ယူကြည့်ပြီး “ခင်ဗျား စပိန်စာ စသင်နေပြီလား” လို့ မေးလိုက်တယ်။

"အေး... ဟုတ်တယ်။ ဘာသာစကား များများတတ်လေ ကောင်းလေပဲ။ ငါ ဘာသာစကား တတ်လွယ်တယ်။ ပြင်သစ်စာကို ငါ့ဘာသာငါ သင်ခဲ့တာပဲ။ တော်တော်လေး ဟုတ်နေပြီ။ ဘာသာစကားတွေဟာ ဂိမ်းတွေလိုပဲ။ ဘာသာစကားတခုအတွက် စည်းကမ်းတွေပဲ လေ့လာလိုက်၊ ကျန်တာအားလုံး အဆင်ပြေသွားလိမ့်မယ်။ မိန်းမတွေနဲ့ အတူတူပဲ”

“တော်တော်လေးလေးနက်နက်ရှိတဲ့ ဘဝပဲ” လို့ ကျွန်တော် သရော်တော်တော် ပြောလိုက်တယ်။

“ထားပါတော့။ ခဏနေရင် အပြင်ထွက်ပြီး တခုခုစားရအောင်”

“မိန်းမလိုက်ရှာမလို့လား”

“မဟုတ်ဘူး။ တကယ့်ညစာစစ်စစ်။ မင်းရယ် ငါရယ် ဟတ်ဆုမိရယ်။

ဆိုင်ကောင်းကောင်းမှာ သွားစားမယ်။ ငါ အလုပ်ရတဲ့ အထိမ်းအမှတ်ပေါ့။ ငါ့အဖေပေးမှာဆိုတော့ တကယ့် ဈေးကြီးတာတွေပဲ စားမယ်။

"ခင်ဗျားနဲ့ ဟတ်ဆုမိ နှစ်ယောက်ထဲ သွားစားသင့်တာပေါ့"

"မင်းပါတော့ ပိုကောင်းတာပေါ့။ မင်းပါတာဟာ ငါ့အတွက် ပိုပြီး အဆင်ပြေတယ်။ ဟတ်ဆုမိရော အဲ့ဒီလိုပဲ"

အိုး... ကီဇူကီ၊ နာအိုကိုနဲ့ ကျွန်တော် သုံးယောက်ပုံစံမျိုး ထပ်ဖြစ်နေပြန်ပြီ။

"ပြီးရင် ငါ ဟတ်ဆုမိအိမ် လိုက်သွားမယ်။ မင်းညစာလိုက်စားပေါ့"

"ကောင်းပြီလေ။ ခင်ဗျားတို့နှစ်ယောက်စလုံးက ကျွန်တော့်ကို လိုချင်မှတော့ လိုက်ရတာပေါ့။ အဲ့ဒါနဲ့ ဟတ်ဆုမိအတွက် ခင်ဗျား ဘယ်လိုစီစဉ်တာလဲ။ ခင်ဗျားသင်တန်းတက်တာရယ်၊ နိုင်ငံခြား သွားရမှာရယ် ဆိုတော့ နှစ်တော်တော်ကြာအောင် ခင်ဗျား ဒီကိုလာနိုင်ဦးမှာမဟုတ်ဘူး။ ဟတ်ဆုမိ ဘာတွေဖြစ်နေမှာလဲ"

"အဲဒါ သူ့ပြဿနာလေ။ ငါ့ပြဿနာမဟုတ်ဘူး"

"ကျွန်တော်တော့ နားမလည်ဘူး"

နာကာဆာဝါဟာ စားပွဲပေါ်ခြေထောက်တင်ပြီး ဘီယာတကျိုက် သောက်ပြီးတော့ သမ်းဝေနေတယ်။

"ငါ အိမ်ထောင်ပြုဖို့ အစီအစဉ် မရှိသေးဘူး။ ဟတ်ဆုမိကိုလည်း ရှင်းရှင်းလင်းလင်း ပြောထားပြီးသား၊ သူ တခြားတယောက်ကို ယူချင်ရင်ယူပေါ့။ ငါတားမှာ မဟုတ်ဘူး။ သူ ငါ့ကို စောင့်ချင်ရင် စောင့်နိုင်တယ်။ ငါ့ဘက်တော့ အဲ့ဒီလိုပဲ"

"ခင်ဗျားကိုတော့ နားမလည်နိုင်တော့ဘူး"

"မင်း ငါ့ကိုချီးထုပ်လို့ ထင်နေတာ မဟုတ်လား"

"ဟုတ်တယ်"

"ကမ္ဘာကြီးက တရားမျှတမှု မရှိတဲ့နေရာတခုပါ။ စည်းမျဉ်းတွေ ငါ ရေးခဲ့တာ မဟုတ်ဘူး။ အဲ့ဒီအတိုင်းပဲ ဖြစ်နေတယ်။ ငါ တခါမှ ဟတ်ဆုမိကို မလိမ်ဖူးဘူး။ ငါဟာ ချီးထုပ်ဆိုတာ သူသိပြီးသားပဲ။ သူ ငါ့ကို လက်မခံနိုင်တဲ့တနေ့ ငါ့ကို ထားသွားလို့ရတယ်။ ငါ သူ့ကို သေသေချာချာ ပြောထားပြီးသား"

နာကာဆာဝါဟာ ဘီယာကုန်သွားတော့ စီးကရက်တလိပ် မီးညှိနေတယ်။

"ဘဝနဲ့ပတ်သက်ပြီး ခင်ဗျားကို ခြောက်လှန့်နိုင်တာ တခုမှ မရှိဘူးလား" လို့ ကျွန်တော် မေးလိုက်တယ်။

"ငါက အရူး မဟုတ်ပါဘူးကွာ။ ငါ့ကို ဘဝက တခါတလေတော့ ခြောက်လှန့်တာ ရှိတာပေါ့။ ဒါပေမဲ့လည်း ကြောက်စရာရယ်လို့တော့ ငါ အမြဲယူဆလေ့ မရှိဘူး။ ငါ တရာ ရာခိုင်နှုန်းအပြည့် ကြိုးစားပြီး ရောက်နိုင်သလောက် များများရောက်အောင် ငါသွားမယ်၊ ငါလိုချင်တာကို ရအောင် ယူမယ်၊ မလိုချင်တာတွေကို လွှတ်ချခဲ့မယ်။ အဲ့ဒါတွေဟာ ငါ ဘဝပေါ် မြင်တာတွေပဲ။ အခြေအနေတွေ ဆိုးလာရင်တော့ ငါ ခဏရပ်ပြီး ပြန်စဉ်းစားမယ်၊ မင်းစဉ်းစားကြည့်ရင် သိလိမ့်မယ်။ တရားမျှတမှု မရှိတဲ့ လူ့အဖွဲ့အစည်းဟာ မင်းရဲ့အရည်အသွေးတွေကို အတိုင်းအတာတခုအထိ ရောက်အောင် လုပ်ဆောင်ပေးနိုင်တဲ့ လူ့အဖွဲ့အစည်းပဲ"

"ခင်ဗျားဟာ တကိုယ်ကောင်းဆန်ပြီး နေထိုင်သွားမယ့်လူပဲ" လို့ ကျွန်တော် ပြောလိုက်တယ်။

"ဟုတ်ကောင်းဟုတ်နိုင်ပါတယ်။ ငါ ကောင်းကင်ကို မော့ကြည့်ပြီး စားစရာ သစ်သီးတလုံးလုံး ကျလာမလားလို့ မျှော်ကြည့်နေတတ်တဲ့ လူစားမျိုးတော့မဟုတ်ဘူး။ ငါကြိုးစားတယ်။ မင်းထက် အဆတရာ ငါ ကြိုးစားတယ်"

"အဲဒါတော့ အသေအချာပဲ"

"တခါတလေ ပတ်ဝန်းကျင်ကလူတွေကို ကြည့်ရင် ငါ့အစာအိမ် နာလာတယ်။ ဒီသောက်သုံးမကျတဲ့ အကောင်တွေ ဘာတခုမှ မလုပ်ပါလားလို့ တွေးမိတယ်။ သူတို့ ဘာသောက်လုပ်မှ မလုပ်ကြဘူး။ အဲ့ဒါကြောင့် သူတို့ဟာ သူများကို မလိုတမာ အပြစ်တင်ကြတယ်"

သူ့အသံဟာ တင်းမာပြီး ကျယ်လာလို့ နာကာဆာဝါကို ကျွန်တော် ကြည့်မိတယ်။ "ကျွန်တော် လူတွေကို မြင်တာတော့ သူတို့တွေလည်း အလုပ်ကြိုးစားနေကြတာပဲ။ ပင်ပင်ပန်းပန်းကို လုပ်နေကြတယ်လို့ မြင်တာပဲ။ ကျွန်တော့်အမြင်ပဲ မှားနေလို့လား"

"အဲဒါ ကြိုးစားတာ မဟုတ်ဘူး။ သာမန်အလုပ်ပဲ။ ငါပြောတဲ့ "ကြိုးစားတယ်" ဆိုတာက ကိုယ့်အတွက်ကိုကြည့်ပြီး ရည်ရွယ်ချက်ရှိရှိ လုပ်တာမျိုးကို ပြောတာ" လို့ နာကာဆာဝါက ဆိုတယ်။

“ခင်ဗျားဆိုလိုတာက အလုပ်ပြီးတဲ့အခါမှာ ခင်ဗျား စပိန်စာသင်သလိုမျိုးကို ပြောချင်တာလား။ အဲ့ဒီလိုမျိုး လူတိုင်း မလုပ်နိုင်ဘူးလို့ ဆိုလိုချင်တာပေါ့”

“ဟုတ်တယ်။ နောက်နှစ်တွေဆိုရင် ငါ စပိန်စာကို ကျွမ်းကျင်နေရမယ်။ အင်္ဂလိပ်၊ ဂျာမန်နဲ့ ပြင်သစ်ကို ငါရပြီ။ ဒီအတိုင်းပဲ အီတလီစာလည်း ငါသင်ဦးမှာ။ အဲ့ဒီလိုရဖို့ မကြိုးစားဘဲ ရမယ်လို့ မင်းထင်လား”

ကျွန်တော် မီဒိုရီရဲ့အဖေအကြောင်း စဉ်းစားမိနေချိန်မှာ နာကာဆာဝါက စီးကရက်တလိပ် ထပ်ထုတ်နေတယ်။ မီဒိုရီ့အဖေဟာ တီဗီကလာတဲ့ စပိန်သင်ခန်းစာကို တခါမှ မလေ့လာဖူးတဲ့ လူတယောက်ပဲ။ သူဟာ ကြိုးစားတာနဲ့ သာမန်အလုပ် ဘယ်လိုခြားနားသလဲဆိုတာကိုလည်း တခါမှ တွေးဖူးမှာ မဟုတ်ဘူး။ သူဟာ အလုပ်တွေနဲ့ အမြဲတမ်း အလုပ်ရှုပ်နေလို့ စဉ်းစားချိန် မရခဲ့တာလည်း ဖြစ်နိုင်တာပဲ။ ဖူကူရှီးမားကို ထွက်ပြေးတဲ့သမီးကို အိမ်ပြန်ခေါ်တာနဲ့လည်း အချိန်ပေးရသေးတယ်။

"ထားပါတော့... ညစာအကြောင်းပဲ ပြောရအောင်၊ လာမယ့် စနေညဆိုရင် မင်း အဆင်ပြေလား”

“ပြေပါတယ်” လို့ ကျွန်တော် ပြောလိုက်တယ်။

※※※

အဇာဘူရဲ့ ဆိတ်ငြိမ်လမ်းတလမ်းမှာရှိတဲ့ အကောင်းစား ပြင်သစ် စားသောက်ဆိုင်တဆိုင်ကို နာကာဆာဝါ ရွေးချယ်ထားတယ်။ တံခါးဝမှာ နာကာဆာဝါက သူ့နာမည်ကို ပြောလိုက်တော့ ကျွန်တော်တို့နှစ်ယောက်ကို အထူးသီးသန့်ခန်းကို ခေါ်ဆောင်လမ်းပြပေးကြတယ်။ ဟတ်ဆုမိ ရောက်အလာကို စောင့်ရင်း နာကာဆာဝါနဲ့ ကျွန်တော်ဟာ အရသာသိပ်ရှိတဲ့ ဝိုင်ကိုသောက်ပြီးတော့ ဂျိုးဆက်ကွန်းရက်ဒ်ရဲ့ဝတ္ထုတွေအကြောင်း ဆွေးနွေးနေခဲ့မိတယ်။ နာကာဆာဝါဟာ တန်ဖိုးကြီး မီးခိုးရောင် အနောက်တိုင်းဝတ်စုံကို ဝတ်လို့ ထားတယ်။ ကျွန်တော့်တော့ သာမန်ဘလေဇာ ကုတ်အင်္ကျီပဲ ဝတ်ထားပါတယ်။

နောက် ဆယ့်ငါးမိနစ်လောက်နေတော့ ဟတ်ဆုမိ ရောက်လို့လာတယ်။ သူဟာ မိတ်ကပ်ကို ဂရုတစိုက် လိမ်းလာသလို ရွှေနားကပ်လည်း ပန်လို့ထားတယ်။ ပြီးတော့ လှပလွန်းတဲ့ အပြာရောင်ဝတ်စုံနဲ့ အကောင်းစား အနီရောင် ရှူးဖိနပ်ကို စီးလို့ထားတယ်။ သူ့ရဲ့အပြာရောင်ဝတ်စုံ လှကြောင်း ချီးမွမ်းတော့ သူ့ဝတ်စုံအရောင်က သန်းခေါင်ယံအပြာလို့ ခေါ်ကြောင်း ပြောလေရဲ့။

“တော်တော်ကောင်းတဲ့ စားသောက်ဆိုင်ပဲနော်” လို့

ဟတ်ဆုမိကပြောတယ်။

"ငါ့အဖိုးကြီး တိုကျိုကိုလာတိုင်း ဒီဆိုင်မှာ စားတတ်တယ်။ ငါ ဒီဆိုင်ကို တခေါက်ရောက်ဖူးတယ်။ ဒါပေမဲ့ ငါဒီလို အကောင်းစားနေရာတွေကို အရူးအမူးတော့ မဖြစ်ပါဘူး" လို့ နာကာဆာဝါက ပြောတယ်။

"ဒီလိုဆိုင်မျိုးမှာ တခါတလေလောက် စားတာက ပြဿနာ မရှိပါဘူး" လို့ ဟတ်ဆုမိက ကျွန်တော့် ဖက်လှည့်ရင်း ပြောပါတယ်။ ပြီးတော့ "နင်သဘောတူတယ်မဟုတ်လား" လို့ ဟတ်ဆုမိက မေးပါတယ်။

"ကျွန်တော် ပိုက်ဆံမပေးရသရွေ့ သဘောတူတယ်" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

"ငါ့အဖေလာတိုင်း သူ့အငယ်လေးလည်း ခေါ်လာတတ်တယ်။ ငါ့အဖေက တိုကျိုမှာ အငယ်တယောက် ရှိတယ်" လို့ နာကာဆာဝါက ပြောတယ်။

"တကယ်လား" လို့ ဟတ်ဆုမိက မေးတယ်။

ကျွန်တော် ဝိုင် တကျိုက်သောက်ရင်း ဘာမှမကြားသလို နေလိုက်တယ်။

တအောင့်လောက်အကြာမှာ စားပွဲထိုးတယောက် ရောက်လာပြီး အမှာစာရင်း ယူသွားတယ်။ hors' d'oeuvre နဲ့ စွပ်ပြုတ်မှာပြီးတော့ နာကာဆာဝါကပဲ မှာတယ်။ ကျွန်တော်နဲ့ ဟတ်ဆုမိတို့ကတော့ ပင်လယ်ကမာကောင် မှာကြတယ်။ ဝိုင်သောက်ပြီး ကျွန်တော်တို့ စကားပြောနေကြတုန်းမှာပဲ မှာထားတဲ့ အစားအစာတွေ စောင့်လို့နေကြတယ်။ နာကာဆာဝါဟာ သူ့ရဲ့နိုင်ငံခြားရေးဝန်ကြီးဌာန စာမေးပွဲအကြောင်း ပြောတယ်။ စာမေးပွဲဖြေတဲ့သူအများစုဟာ အသုံးမကျတဲ့သူတွေဖြစ်ကြလို့ သူတို့ရဲ့အဖြေလွှာတွေဟာ ဟိုးအောက်ဆုံးကို လွှင့်ပစ်ခံရတတ်ကြပြီး လူတွေအများကြီးထဲကမှ တော်တဲ့လူ အနည်းစုရွေးခံရတာလို့ သူက ဆိုလေရဲ့။ ကျွန်တော် သူ့ကို စာမေးပွဲမှာ အသုံးမကျတဲ့သူ အရေအတွက်က အသုံးကျတဲ့သူ အရေအတွက်ထက် များတာဟာ တကယ့် လောကကြီးထဲက အတိုင်းပဲလားလို့ မေးမိတယ်။

"အတူတူပါပဲကွာ။ နေရာတိုင်းမှာ တူတူပါပဲ" လို့ နာကာဆာဝါက ပြောရင်း မပြောင်းလဲတဲ့ အကြောင်းတရားပေါ့ကွာလို့ ထပ်ပြောပါတယ်။

နာကာဆာဝါဟာ ဒုတိယမြောက် ဝိုင်ပုလင်းကို မှာရင်း သူ့အတွက်လည်း စကော့ဝီစကီ နှစ်ပက် မှာလိုက်ပါသေးတယ်။ ဟတ်ဆုမိက သူ ကျွန်တော်နဲ့ ချိတ်ပေးချင်တဲ့ ကောင်မလေးအကြောင်း စပြောလာတယ်။

ကျွန်တော်တို့နှစ်ယောက် တွေ့လိုက်တိုင်း အဲ့ဒီအကြောင်းဟာ ဘယ်တော့မှ ပြောလို့မကုန်တဲ့ အကြောင်းအရာပါပဲ။ သူဟာ အမြဲတမ်း သူ့အခန်းထဲက ကောင်မလေး ချောချောတွေအကြောင်း ပြောတတ်သလို ကျွန်တော်လည်း အမြဲတမ်း ရှောင်ပြေးတာချည်းပါပဲ။

“အဲဒီကောင်မလေးက တကယ်သဘောကောင်းပြီး တကယ့်ကို ချစ်ဖို့ကောင်းတာဟ။ နောက်တခေါက်ကျရင် ငါ သူ့ကို ခေါ်လာခဲ့မယ်။ နင် သူနဲ့ စကားပြောကြည့်လိုက်လေ။ နင် သူ့ကို သဘောကျသွားပါလိမ့်မယ်”

“အချိန်မဖြုန်းစမ်းပါနဲ့ဗျာ။ အစ်မတို့တက္ကသိုလ်က ကောင်မလေးတယောက်နဲ့ ချိန်းတွေ့ရလောက် အောင် ကျွန်တော် မချမ်းသာဘူးဗျ။ ကျွန်တော် သူတို့နဲ့ စကားမပြောနိုင်ပါဘူး”

“အတွေးမခေါင်စမ်းပါနဲ့ဟာ။ အဲဒီကောင်မလေးက ရိုးရိုးရှင်းရှင်းလေး။ ရည်းစားတွေ ဘာတွေလည်း မရှိဖူးဘူး” လို့ ဟတ်ဆုမိက ဆိုတယ်။

“လုပ်စမ်းပါ ဝါတာနာဘီရ။ အရင်တွေ့ကြည့်လိုက်ဦးပေါ့ကွာ” လို့ နာကာဆာဝါက ဝင်ပြောတယ်။

“နင် မငြင်းသင့်ဘူး။ ခုချိန်ထိ သူက အပျိုစစ်စစ်ပဲ”

“နင် အရင်တုန်းကလိုပေါ့” လို့ နာကာဆာဝါက ဝင်ပြောတယ်။

“သိပ်သေချာတာပေါ့” လို့ ဟတ်ဆုမိက အားပါးတရပြုံးပြီး ပြောတယ်။ "အရင်တုန်းက ငါ့လိုပဲ။ နင် ငါ့ကို ဘာမှအသုံးမကျတဲ့ “ကျွန်တော် မချမ်းသာဘူး” တို့ “ကျွန်တော်ဆင်းရဲတယ်” တို့ လာမပြောနဲ့။ အဲ့ဒါတွေနဲ့ ဘာမှမဆိုင်ဘူး။ နင်ပြောတဲ့ အပုံစားမိန်းကလေးမျိုး ငါတို့ကျောင်းမှာ မရှိဘူး မဟုတ်ဘူး။ အဲဒါက အနည်းစုပါ။ ကျန်တဲ့အများစုက သူလိုကိုယ်လိုတွေပါပဲ။ ငါတို့တွေဟာ ကျောင်းကင်တင်းက ဘယ်လောက်လဲဆိုတော့... အဲ... ၂၅၀ တန် နေ့လယ်စာပဲ စားကြတယ်” လို့ ဟတ်ဆုမိက ပြောတယ်။

“ခဏနေပါဦး ဟတ်ဆုမိ” လို့ ကျွန်တော် သူ့စကားကို ဝင်ဖြတ်ရင်း “ကျွန်တော်တို့ကျောင်းမှာတော့ နေ့လယ်စာကို အေ၊ ဘီ၊ စီ ဆိုပြီး သုံးမျိုးခွဲထားတယ်။ အေအဆင့် နေ့လယ်စာက ယန်း ၁၂၀၊ ဘီအဆင့်က ယန်း ၁၀၀ နဲ့ စီအဆင့်က ယန်း ၈၀ ပဲရှိတယ်။ ကျွန်တော် အေအဆင့် နေ့လယ်စာ စားတိုင်း အားလုံးက မနှစ်မြို့တဲ့အကြည့်နဲ့ကြည့်တာ ခံရလေ့ရှိတယ်။ စီအဆင့်တောင် မတတ်နိုင်တဲ့ သူတွေကတော့ ယန်း ၆၀ တန် ခေါက်ဆွဲပြုတ် စားရတော့တာပဲ။ ကျွန်တော်တက်တဲ့ကျောင်းက အဲဒီလိုကျောင်းမျိုးဗျ။ ခင်ဗျားတို့ကျောင်းက

ကောင်မလေးတွေနဲ့ ကျွန်တော့်ကို ဘယ်လိုချိတ်ပေးလို့ ဖြစ်မှာလဲ”

ဟာတ်ဆုမိက မပွင့်တပွင့်ရယ်ရင်း “ဈေးတော်တော်ပေါတာပဲ” လို့ ပြောတယ်။ “ငါ နင်တို့ကျောင်းမှာ နေ့လယ်စာ လာစားမှပဲ။ ဘာပဲပြောပြော တိုရုရာ နင်က လူကောင်းပါ။ ငါပြောတဲ့ကောင်မလေးနဲ့ နင်နဲ့ တကယ်လိုက်မှာဟ။ သူလည်း ယန်း ၁၂၀ တန် နေ့လယ်စာကို ကြိုက်မှာပါ”

“မဖြစ်နိုင်ပါဘူးဗျာ” လို့ ကျွန်တော်ရယ်ရင်း ပြောလိုက်တယ်။

“အဲ့ဒီလို နေ့လယ်စာမျိုးကို ဘယ်သူမှ ကြိုက်လွန်းလို့ စားကြတာ မဟုတ်ဘူး။ မတတ်နိုင်လို့သာ စားကြရတာပါ”

“ဘာပဲပြောပြောဟာ စာအုပ်တအုပ်ကို အဖုံးကြည့်ရုံနဲ့ မဆုံးဖြတ်ပါနဲ့။ လူတွေဟာ ကိုယ့်ကိုကိုယ် တော်လှ၊ အရေးပါလှတယ်ပဲ ထင်ကြတာချည်းပါပဲ။ အေးလေ လူတွေဟာ ဘဝနဲ့ပတ်သက်ပြီး အပူတပြင်း အတွေးအခေါ်တွေနဲ့ ပူပြင်းနေကြတာချည်းပါပဲ။ ဒါပေမဲ့ ကောင်မလေးတိုင်းဟာ စပေါ့ကား စီးနိုင်တဲ့ ရည်စားမျိုးကို ရှာနေကြတာချည်းတော့ မဟုတ်ဘူးနော်”

“အဲဒီလောက်ထိ ကျွန်တော် နားလည်ပါတယ်”

“ဝါတာနာဘီမှာ ကောင်မလေးတယောက် ရှိတယ်ဟ။ သူ့မှာလည်း အချစ်နဲ့ပေါ့။ ဒါပေမဲ့ သူ အဲ့ဒီအကြောင်းကို ဘယ်တော့မှမပြောဘူး။ စကား တိုက်ဆိုင်လာတဲ့ အခါတိုင်းမှာလည်း နှုတ်ပိတ်နေကြတာချည်းပဲ။ ထူးဆန်း နားလည်ရခက်တဲ့ အချစ်မျိုးဖြစ်လိမ့်မယ်” လို့ နာကာဆာဝါက ပြောတယ်။

“တကယ်ပဲလား” လို့ ဟာတ်ဆုမိက မေးတယ်။

“ဟုတ်တယ် တကယ်။ ဒါပေမဲ့ ထူးဆန်းနားလည်ရခက်တာ မဟုတ်ပါဘူး။ နည်းနည်း ရှုပ်ထွေးတာပါ။ ပြောရလည်း ခက်တယ်” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“စည်းတွေဘောင်တွေကျော်တဲ့ အချစ်မျိုးလား။ နင် ငါ့ကို ပြောပြလို့ ရပါတယ်” လို့ ဟာတ်ဆုမိက ဆိုတယ်။

ကျွန်တော် ဘာမှပြန်မပြောဘဲ ဝိုင်ပဲသောက်နေလိုက်တယ်။

“ငါပြောတာကို မြင်ပြီမဟုတ်လား” လို့ နာကာဆာဝါက တတိယမြောက် ဝီစကီခွက်ကို လက်ထဲမှာ မွှောက်ရင်း ပြောတယ်။

“နှုတ်အရမ်းလုံတယ်။ သူမပြောချင်တာကို ဘယ်သူပြောခိုင်းခိုင်း

မပြောဘူး”

“ရှက်စရာပဲ” လို့ ဟတ်ဆုမိက အသားတဖွဲ့ကောက်ဝါးရင်း ပြောတယ်။

“နင် သူ့ကို ခေါ်လို့ရရင်လည်း ငါတို့နှစ်တွဲ လျှောက်လည်လို့ ရတာပေါ့"

“ဟုတ်တာပေါ့။ ငါတို့ မူးအောင်သောက်ပြီး လူချင်းလဲကြတာပေါ့” လို့ နာကာဆာဝါက ပြောတယ်။

“တော်တော့။ အဲ့ဒီလိုစကားမျိုး မပြောနဲ့တော့” လို့ ဟတ်ဆုမိက ပြောတယ်။

“အဲဒီလိုစကားဆိုတာ ဘာကိုပြောတာလဲ။ ဝါတာနာဘီ နင့်ကို ကြည့်နေပြီ” လို့ နာကာဆာဝါက ပြောတယ်။

“ငါပြောနေတဲ့စကားနဲ့ ဘာမှမဆိုင်ဘူး။ သူက အဲ့ဒီလိုလူစား မဟုတ်ဘူး။ သူက ရိုးသားပြီး ကြင်နာတတ်တယ်ဆိုတာ ငါပြောနိုင်တယ်။ အဲ့ဒါကြောင့် ငါ သူနဲ့ သင့်တော်မယ့်တယောက်ကို ရစေချင်နေတာပေါ့”

“သူရိုးသားတယ်ဆိုတာကတော့ သိပ်သေချာတာပေါ့။ သူနဲ့ ငါ တခါတုန်းက မိန်းမချင်း လဲဖူးတယ်။ မှတ်မိလား ဝါတာနာဘီ” လို့ နီရဲတွတ်နေတဲ့မျက်နှာနဲ့ နာကာဆာဝါက ပြောတယ်။ ပြီးတော့ ခွက်ထဲကလက်ကျန်ကို မော့သောက်ရင်း နောက်တခွက် ထပ်မှာပြန်တယ်။

ဟတ်ဆုမိဟာ ခေးနဲ့ခက်ရင်းကိုချပြီး သူ့ပါးစပ်ကို လက်ကိုင်ပုဝါနဲ့ သုတ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်မျက်နှာကိုကြည့်ပြီး “တိုရု နင်တကယ်ပဲ အဲဒီလိုလုပ်ခဲ့သလား”

ကျွန်တော် သူ့ကို ဘယ်လိုပြန်ဖြေရမလဲမသိတော့ ဘာမှပြန်မပြောဘဲ နေလိုက်တယ်။

“ပြောလိုက်စမ်းပါ” လို့ နာကာဆာဝါက ပြောတယ်။ နာကာဆာဝါ မူးနေပြီ။ နာကာဆာဝါဟာ မူးရင် ရစ်တတ်ပေမယ့် ဒီည သူ ကျွန်တော့်ကိုရစ်ဖို့ ပစ်မှတ်ထားတာ မဟုတ်ပါဘူး။ ဒီမှာထိုင်နေရတာဟာ ကျွန်တော့်အတွက် ခက်ခဲလှနေပါပြီ။

“ငါသိချင်တယ်။ စိတ်ဝင်စားစရာပဲ” လို့ ဟတ်ဆုမိက ပြောတယ်။

“အဲဒီတုန်းက ကျွန်တော်တို့နှစ်ယောက်စလုံး မူးနေခဲ့ကြတယ်။

"ရပါတယ် ပြောပါ။ ငါ နင့်ကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဘာဖြစ်ခဲ့သလဲဆိုတာသာ ပြောစမ်းပါ"

"ကျွန်တော်တို့နှစ်ယောက် ရှီဘူယာမှာ အရက်သောက်ခဲ့တုန်းက ကောင်မလေးနှစ်ယောက်နဲ့ ကြည်ခဲ့တယ်။ သူတို့နှစ်ယောက်စလုံးက ကောလိပ်ကျောင်းသူတွေ၊ နှစ်ယောက်စလုံးကလည်း ပလာစတာရုပ်တွေလို လှတယ်။ အင်း... အဲဒီလိုနဲ့ ဟိုတယ်တခုကိုရောက်သွားပြီး အိပ်ဖြစ်ကြတယ်၊ ကျွန်တော်တို့ရဲ့အခန်းတွေဟာ ကပ်လျက်ပါပဲ။ ညလယ်လောက်ရောက်တော့ နာကာဆာဝါက အခန်းတံခါး လာခေါက်ပြီး ကောင်မလေး လဲအိပ်ဖို့ လာပြောတယ်။ အဲဒါနဲ့ ကျွန်တော့် သူ့အခန်းသွား၊ သူက ကျွန်တော့်အခန်းမှာ အိပ်ဖြစ်ခဲ့တယ်"

"ကောင်မလေးတွေက စိတ်မဆိုးဘူးလား"

"သူတို့လည်း မူးနေကြတာပဲလေ"

"အဲဒီလိုလုပ်တာနဲ့ပတ်သက်ပြီး ငါ့မှာ အကြောင်းပြချက် ကောင်းကောင်း ရှိပါတယ်" လို့ နာကာဆာဝါကပြောတယ်။

"အကြောင်းပြချက်ကောင်းကောင်းဟုတ်လား"

"ဟုတ်တယ်။ အဲဒီ ကောင်မလေးနှစ်ယောက်ဟာ အရမ်းခြားနားတယ်။ တယောက်က ကြည့်ကောင်းပြီး ကျန်တဲ့တယောက်က ခွေးလိုပဲ။ အဲ့ဒါကြောင့် ငါမတရားဘူးလို့ ခံစားရတယ်။ ငါ လှတဲ့ကောင်မလေး ရပေမယ့် ဝါတာနာဘီကတော့ မရရှာဘူး။ အဲ့ဒါကြောင့် ငါ လူချင်းလဲခဲ့တာပေါ့ မဟုတ်ဘူးလား ဝါတာနာဘီ"

"ဟုတ်ပါတယ်" လို့ ကျွန်တော် ပြောလိုက်တယ်။ ဒါပေမဲ့ အမှန်တကယ်တမ်းကတော့ မလှတဲ့ကောင်မလေးကို ကျွန်တော် ကြိုက်တယ်။ သူက သဘောကောင်းသလို စကားပြောလို့လည်း ကောင်းတယ်။ ကျွန်တော်တို့နှစ်ယောက် ဆက်ဆံပြီးလို့ အိပ်ရာထဲမှာ စကားကောင်းနေတုန်း နာကာဆာဝါက လူချင်းလဲဖို့ လာပြောခဲ့တာပါ။ ကျွန်တော်လည်း ကောင်မလေးကို မေးပြီး သူ အဆင်ပြေတော့မှ လူချင်းလဲပေးခဲ့တာပါ။ ကောင်မလေးကလည်း ကျွန်တော် အခန်းပြောင်းချင်တယ် လို့ ထင်ခဲ့ကောင်း ထင်ခဲ့မိမှာပဲ။

"ပျော်ဖို့ကောင်းလား" လို့ ဟတ်ဆုမိက ကျွန်တော့်ကို မေးတယ်။

"လူချင်းလဲတာကို ပြောတာလား"

"ဖြစ်စဉ်တခုလုံးကို ပြောတာပါ"

“သိပ်လည်း မကောင်းပါဘူး။ ပုံမှန်လုပ်နေကျကိစ္စတခုလိုပါပဲ။ မိန်းကလေးတွေနဲ့ အိပ်ရတာဟာ ထင်သလောက် ပျော်စရာ မကောင်းပါဘူး”

“အဲဒါဆို ဘာဖြစ်လို့လုပ်လဲ” လို့ ဟတ်ဆုမိက မေးတယ်။

“ငါ့ကြောင့်ပေါ့” လို့ နာကာဆာဝါက ပြောတယ်။

“ငါ တိုရုကို မေးနေတာလေ” လို့ ဟတ်ဆုမိက ပြန်ပြောပြီး “အဲ့ဒါဆို နင် ဘာဖြစ်လို့ အဲ့ဒီလို လုပ်တာလဲ” လို့ မေးတယ်။

“ဘာကြောင့်လဲဆိုတော့ တခါတလေကျရင် မိန်းကလေး တယောက်ယောက်နဲ့ အိပ်ချင်စိတ် ကျွန်တော်မှာ ပြင်းပြင်းပျပျ ဖြစ်လို့ပါ”

“နင် တယောက်ယောက်နဲ့ ချစ်နေတာဆို၊ အဲ့ဒီ တယောက်နဲ့ ဖြေရှင်းဖို့ မကြိုးစားကြည့်ဘူးလား” လို့ ဟတ်ဆုမိက ခဏလောက်တွေးပြီးမှ မေးတယ်။

“ပြောရမှာ ရှုပ်ထွေးပါတယ်”

ဟတ်ဆုမိဟာ သက်ပြင်းပဲချလို့သွားတယ်။

အဲဒီအချိန်မှာပဲ အခန်းတံခါး ပွင့်သွားပြီး မှာထားတဲ့ အစားအစာတွေ ရောက်လို့လာတယ်။ နာကာဆာဝါရှေ့မှာ ဘဲကင်ရောက်သွားသလို ကျွန်တော်နဲ့ ဟတ်ဆုမိရှေ့ကိုလည်း ပင်လယ်ကမာကောင်တွေ ရောက်လာတယ်။ စားပွဲထိုးတွေဟာ ကျွန်တော်တို့တွေရဲ့ပန်းကန်တွေထဲ ပူပူနွေးနွေးချက်လာတဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ အဲဒါတွေအပေါ် ဆော့စ်တွေလောင်းပြီး ကျွန်တော်တို့သုံးယောက်ကို ထားပြီး ထွက်သွားပြန်တယ်။ နာကာဆာဝါက ဘဲကင်တွေ အားပါးတရ စားပြီး ဝိစကီတွေ ထပ်သောက်နေတယ်။ ကျွန်တော်လည်း ဇွန်းအပြည့် ခပ်စားနေတယ်။ ဟတ်ဆုမိကတော့ သူ့အစားအစာတွေကို လုံးဝမထိသေးဘူး။

“နင့်အချစ်ရေးအခြေအနေဟာ ဘာကြောင့် ရှုပ်ထွေးရသလဲ ဆိုတာတော့ ငါ မသိဘူး။ ဒါပေမဲ့ နင် ငါ့ကို ပြောတာတွေဟာ နင့်အတွက်တော့ မကောင်းလှဘူး။ နင် အဲဒီလိုလူစားမျိုးမှ မဟုတ်တာ။ ငါပြောတာကို နင် ဘယ်လိုထင်လဲ” လို့ ဟတ်ဆုမိဟာ ကျွန်တော့်မျက်လုံးတွေကို ကြည့်ပြီး မေးတယ်။

“ဟုတ်ပါတယ်။ ကျွန်တော်ဟာ အဲဒီလို လူမျိုးမဟုတ်ဘူးဆိုတာ တခါတလေတော့ တွေးမိပါတယ်”

“အဲဒါဆို ဘာလို့မရပ်တာလဲ”

"ဘာကြောင့်လဲဆိုတော့ တခါတလေမှာ ကျွန်တော် လူ့အနွေးခါတ် လိုအပ်တယ်" လို့ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောလိုက်တယ်။ "တခါတလေမှာ မိန်းမတယောက်ရဲ့အရေပြားက အနွေးခါတ် မရတာ ကြာလာရင် ကျွန်တော့်ရဲ့အထီးကျန်မှုဟာ သည်းမခံနိုင်လောက်အောင် ဖြစ်လာတတ်တယ်"

"ခဏလေး... ငါအကျဉ်းချုံးပြမယ်" လို့ နာကာဆာဝါက စကားဖြတ်ပြောတယ်။ "ဝါတာနာဘီမှာ သူ ကြိုက်တဲ့ ကောင်မလေးတယောက် ရှိတယ်။ ဒါပေမဲ့ ရှုပ်ထွေးတဲ့ အကြောင်းတရားတွေကြောင့် သူတို့နှစ်ယောက် နီးနီးနှောခွင့် မရရှာဘူး။ အဲ့ဒါကြောင့် သူ့ကိုယ်သူ ပြောတယ်။ "လိင်ကိစ္စဟာ လိင်ကိစ္စပါပဲကွာ" လို့ဆိုပြီး သူ့လိုအပ်ချက်ကို တခြားတယောက်ယောက်ဆီက ရှာဖွေတယ်။ သူ အဲဒီလိုလုပ်တာ ဘာမှားလဲ။ အဓိပ္ပါယ်ရှိတာပဲ။ သူ အခန်းတံခါးပိတ်ပြီး တချိန်လုံး ဂွေလိုမ့် မနေနိုင်ဘူးလေ"

"ဒါပေမဲ့ တိုရူရာ နင်သူ့ကို တကယ်ချစ်ရင် သူ့အတွက် နင် ထိန်းထိန်းသိမ်းသိမ်း နေသင့်တာပေါ့"

"ဖြစ်သင့်ပါတယ်" လို့ ပြောရင်း ကျွန်တော့်မာထွေးကို ဆော့ထဲနှစ်ပြီး ပါးစပ်ထဲ ထည့်လိုက်တယ်။

"ယောကျ်ားတွေရဲ့လိင်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေကို နင် နားမလည်သေးပါဘူး" လို့ နာကာဆာဝါက ဟတ်ဆုမိကို ပြောတယ်။ "ဥပမာ ငါ့ကိုပဲ ကြည့်ဦး။ ငါနင်နဲ့တွဲလာတာ သုံးနှစ်ရှိပြီ။ အဲဒီအတောအတွင်း ငါ မိန်းမတွေ အများကြီးနဲ့ အိပ်ခဲ့ဖူးတာပဲ။ ဒါပေမဲ့ သူတို့ရဲ့နာမည်တွေ၊ သူတို့ရဲ့မျက်နှာတွေကို မမှတ်တော့ဘူး။ တကြိမ်မှာ သူတို့ တယောက်ယောက်နဲ့ အိပ်ခဲ့တာတော့ အသေအချာပဲ။ တွေ့တယ်၊ အိပ်တယ်၊ ပြီးတော့ နှုတ်ဆက်တယ်။ အဲဒါပဲလေ။ ဘာမှားလို့လဲ"

"ငါ နင်နဲ့ပတ်သက်ပြီး မကြိုက်တာက နင် အဲဒီလို မိန်းမတွေကို ဆွဲဆောင်နိုင်တာကိုပဲ" လို့ ဟတ်ဆုမိက လေသံပျော့ပျော့နဲ့ ပြောတယ်။

"နင် တခြားမိန်းမတွေနဲ့ အိပ်တာ မအိပ်တာက အခုပြောနေတဲ့ကိစ္စ မဟုတ်ဘူး။ နင် အဲဒီလို အိပ်တဲ့အတွက်လည်း ငါ စိတ်ဆိုးဖူးလို့လား"

"ငါ့ကို မိန်းမတွေနဲ့ အိပ်တယ်လို့တောင် နင် မပြောသင့်ဘူး။ အဲဒါက ဂိမ်းတခုလိုပဲ။ ဘယ်သူ့ကိုမှ နာကျင်စေမှုမဖြစ်ဘူး" လို့ နာကာဆာဝါက ပြောတယ်။

"ငါတော့ နာကျင်တယ်။ နင့်အတွက် ငါ ဘာလို့ မလုံလောက်ဖြစ်ရတာလဲ" လို့ ဟတ်ဆုမိက ပြောတယ်။

နာကာဆာဝါဟာ ခဏတော့ တိတ်သွားတယ်။ သူ့ လက်ထဲက ဝီစကီခွက်ကိုပဲ လှည့်လို့နေတယ်။ “နင်ဟာ ငါ့အတွက် မလုံမလောက်ဖြစ်တာ မဟုတ်ဘူး။ အဲဒါက တခြားတကဏ္ဍ၊ မလုံမလောက် ဖြစ်တယ်ဆိုတာက ငါ့စိတ်ထဲမှာရှိတဲ့ ဆာလောင်စိတ်ကြောင့်ပဲ။ ငါ့ကြောင့် နင်နာကျင်ရရင် တောင်းပန်ပါတယ်ဟာ။ ငါဟာ နင်တယောက်ထဲနဲ့ လုံလောက်၊ မလုံလောက် ဆိုတာ မေးစရာတောင် မလိုတဲ့ မေးခွန်းပါပဲ။ အဲဒီ ဆာလောင်မှုရှိမှ ငါ ရှင်သန်လို့ရမှာ။ ငါ အဲဒီလိုလူစားမျိုးပဲ။ ငါ ဘာမှ မတတ်နိုင်ဘူးလေ”

နောက်တော့ ဟတ်စုမိဟာ ငွေရောင်ခရင်းကို ကောက်ကိုင်ပြီး ပန်းကန်ထဲကငါးကို စစားတော့တယ်။

“ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ နင့်ရဲ့ဂိမ်းတွေထဲကို တိုရုကို ဆွဲမထည့်သင့်ပါဘူး”

“အနည်းဆုံးတော့ အချိုပွဲပြီးအောင် စားသွား” လို့ နာကာဆာဝါက ပြောတယ်။

“ကျွန်တော့်အတွက် ဘာမှမဖြစ်ပါဘူး။ အေးဆေးပါ”

ကျွန်တော်တို့သုံးယောက် ခဏလောက်ကြာအောင် တိတ်တိတ်ဆိတ်ဆိတ်နဲ့ စားနေကြတယ်။ ကျွန်တော့်ပန်းကန်ထဲက ငါး ကုန်သွားချိန်မှာ ဟတ်ဆုမိဟာ သူ့ငါးကို တဝက်လောက်ပဲ စားရသေးတယ်။ နာကာဆာဝါကတော့ ကျွန်တော့်ထက်စောပြီး သူ့ရဲ့ဘဲကင်ကို လက်စသတ်စားပြီး ဝီစကီကိုပဲ အာရုံစိုက်နေတယ်။

“ဒီကမာကောင်က စားလို့ တော်တော်ကောင်းတာပဲ” လို့ ကျွန်တော်က သူတို့ကို စားဖို့ ကမ်းလှမ်းပေမယ့် ဘယ်သူ့မှ ကျွန်တော့်ကို စကားပြန်မပြောကြဘူး။ ရေတွင်းနက်နက်ကြီးထဲကို ခဲလုံးလေးတလုံး ပစ်ချလိုက်တာနဲ့တောင် တူနေတယ်။

စားပွဲထိုးတွေဟာ ကျွန်တော်တို့ရဲ့ပန်းကန်တွေကို သိမ်းသွားပြီး လိမ္မော်ရည်နဲ့ အက်စ်ပရက်ဆို ခွက်တွေ ယူလာပေးတယ်။ နာကာဆာဝါဟာ အချိုပွဲကိုလည်း မထိသလို လိမ္မော်ရည်ကိုလည်း မသောက်ဘဲ စီးကရက်သာ ဖွာနေတော့တယ်။ ဟတ်ဆုမိကလည်း သူ့လိမ္မော်ရည်ကို မသောက်ဘူး။ ကျွန်တော်ပဲ လိမ္မော်ရည်နဲ့ ကော်ဖီကို ကုန်အောင်သောက်လိုက်ပြီး ကိုယ့်ကိုယ်ကို အံ့ဩနေမိတယ်။ ဟတ်ဆုမိဟာ စားပွဲပေါ်တင်ထားတဲ့ သူ့လက်တွေကို ငုံ့ကြည့်နေတယ်။ ဟတ်ဆုမိ ဝတ်ထားတာတွေလိုပဲ သူ့ရဲ့လက်တွေဟာလည်း လှပကျော့ရှင်းပြီး အဖိုးအခ ကြီးမြင့်တဲ့ပုံပဲ။ နာအိုကိုနဲ့ ရီကိုအကြောင်းကို ကျွန်တော်တွေးနေမိတယ်။ သူတို့ အခုအချိန် ဘာတွေများ လုပ်နေမလဲလို့ ကိုယ့်ဘာသာကိုယ် တွေးနေမိတယ်။ နာအိုကိုဟာ ဆိုဖာပေါ်မှာလှဲပြီး

စာအုပ်တအုပ်ကို ဖတ်နေချိန်မှာ ရီကိုကတော့ သူ့ဂစ်တာနဲ့ "နော်ဝေတောအုပ်" ဆိုတဲ့ သီချင်းကို တီးနေလောက်တယ်။ သူတို့ရဲ့အခန်းကျဉ်းလေးထဲကို ပြန်သွားချင်စိတ် ကျွန်တော့်မှာ ပြင်းပြင်းပြပြ ဖြစ်နေမိတယ်။ ဒီနေရာမှာ ကျွန်တော် ဘာလုပ်နေတာပါလိမ့်။

"ဝါတာနာဘီနဲ့ ငါ တူတဲ့ နောက်တချက် ရှိသေးတယ်။ အဲဒါကတော့ ငါတို့ကို ဘယ်သူမှ နားမလည်လည်း သောက်ဂရုမစိုက်တတ်တဲ့အကျင့် ရှိတာပဲ။ အဲဒါကြောင့် ငါတို့ဟာ တခြားသူတွေနဲ့ မတူတာဘဲ။ လူတွေက သူတို့ပတ်ဝန်းကျင်ကလူတွေ သူတို့ကို နားမလည်မှာကို အရမ်းစိုးရိမ်ပူပန်တတ်ကြတယ်။ ဒါပေမဲ့ ငါရယ်၊ ဝါတာနာဘီရယ်ကတော့ အဲ့ဒီလိုမဟုတ်ဘူး။ ဘယ်သူ့ကိုမှ သောက်ဂရုမစိုက်တတ်ကြဘူး" လို့ နာကာဆာဝါက ပြောတယ်။

"အဲဒါ တကယ်ပဲလား" လို့ ဟတ်ဆုမိက ကျွန်တော့်ကို မေးတယ်။

"မဟုတ်ဘူး။ ကျွန်တော်က သူ့လောက်တော့ မပြင်းထန်ဘူး။ ဘယ်သူကမှ ကျွန်တော့်ကို နားမလည်ရင် ကျွန်တော် အဆင်ပြေမှာ မဟုတ်ဘူး။ ကျွန်တော့်ကို နားလည်စေချင်တဲ့သူ တချို့ရှိသလို ကျွန်တော့်လည်း နားလည်ချင်တဲ့သူ တချို့ ရှိတယ်။ အဲဒီလူအနည်းစုလေးကလွဲရင် ကျန်တဲ့သူတွေကို ကျွန်တော် ဘာမှမမျှော်လင့်ဘူး။ နာကာဆာဝါနဲ့ ကျွန်တော် သဘောထားချင်း မတူဘူး။ လူတွေက ကျွန်တော့်ကို နားလည်ဖို့ကို ကျွန်တော် ဂရုစိုက်တယ်"

"သူပြောနေတာဟာ ငါဆိုလိုချင်တာနဲ့ တထပ်တည်းပဲ" လို့ နာကာဆာဝါက သူ့ရဲ့ကော်ဖီဇွန်းကို ကိုင်ရင်း ပြောတယ်။ "တထပ်တည်းပဲ။ နောက်ကျမှ စားတဲ့ မနက်စာနဲ့ အစောပိုင်းစားတဲ့ နေ့လယ်စာ ကွာတဲ့သဘောလောက်ပဲ ရှိတယ်။ အချိန် အတူတူ၊ စားတာချင်း အတူတူဖြစ်ပေမယ့် နာမည်ကွာသွားတာပဲ ရှိတယ်"

ဟတ်ဆုမိဟာ နာကာဆာဝါကို စကားလှမ်းပြောပါတယ်။ "ငါ နင့်ကို နားလည် မလည်ဆိုတာကို နင် ဂရုမစိုက်ဘူးလား"

"နင် နားမလည်သေးဘူး မဟုတ်လား။ ကကြီးဆိုတဲ့သူက ခခွေးဆိုတဲ့သူကို နားလည်တယ်။ ဘာကြောင့်လဲဆိုတော့ အဲ့ဒီလိုဖြစ်ဖို့ အချိန်ကျနေလို့ပဲ။ အဲဒါဟာ ခခွေးက ကကြီးရဲ့နားလည်မှုကို ရချင်တာမျိုး မဟုတ်ဘူး"

"အဲဒါဆိုရင် ဥပမာအားဖြင့် ငါ နင့်ဆီက နားလည်မှုကို ရချင်တာဟာ အမှားလုပ်တာလား"

"မဟုတ်ဘူး။ အဲဒါဟာ အမှားလုပ်တာ မဟုတ်ဘူး။ လူအများစုကတော့ အဲဒါကို အချစ်လို့ ခေါ်ကြတယ်။ နင် ငါ့ရဲ့နားလည်မှုကို လိုချင်တယ်ဆိုရင်ပေါ့။

ငါ့ရဲ့ရှင်သန်မှုစနစ်ဟာ အခြားသူတွေရဲ့ ရှင်သန်မှုစနစ်တွေနဲ့ အရမ်းကွာခြားလွန်းတယ် ဟာ”

“ဒါဆို နင်ပြောနေတာက နင် ငါ့ကို မချစ်ဘူးဆိုတဲ့ သဘောပေါ့”

“ငါ့စနစ်နဲ့ နင့်...”

“နင့်ရဲ့သောက်သုံးမကျတဲ့ စနစ်ကြီးကို ငရဲကို ပို့လိုက်စမ်းပါ” လို့ ဟတ်ဆုမိက အော်ပြောတယ်။ သူ အဲဒီလို အော်ပြောတာကို မြင်ရတာဟာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်ပါပဲ။

နာကာဆာဝါဟာ စားပွဲပေါ်က လူခေါ်ခလုတ်ကို နှိပ်လိုက်တော့ စားပွဲထိုးကောင်လေးက ဘေလ်စာရွက် ယူပြီးဝင်လာတယ်။ နာကာဆာဝါက စားပွဲထိုးကို ခရက်ဒစ်ကတ်ပဲ ထိုးပေးလိုက်တယ်။

“ဒီလိုဖြစ်တာကို ငါ တောင်းပန်ပါတယ် ဝါတာနာဘီ” လို့ နာကာဆာဝါက ပြောတယ်။ “ငါ ဟတ်ဆုမိကို အိမ်ပြန်လိုက်ပို့ပေးလိုက်မယ်။ အဆောင်ကို မင်းတယောက်တည်းပဲ ပြန်တော့။ အိုကေတယ် မဟုတ်လား”

“ခင်ဗျား ကျွန်တော့်ကို တောင်းပန်စရာ မလိုပါဘူး။ ခုလို အစားကောင်းကောင်း ကျွေးတာကိုပဲ ကျွန်တော် ကျေးဇူးတင်လှပါပြီ” လို့ ကျွန်တော် ပြောပေမယ့် ကျွန်တော့်ကို ဘယ်သူမှ စကားပြန်မပြောကြဘူး။

စားပွဲထိုးကောင်လေးဟာ နာကာဆာဝါကို ခရက်ဒစ်ကတ်ပြန်ပေးတော့ နာကာဆာဝါက တချက်စစ်ကြည့်ပြီး လက်မှတ်ထိုးပေးလိုက်တယ်။ ကျွန်တော်တို့သုံးယောက် မတ်တတ်ထရပ်လိုက်ပြီး အပြင်ကို ထွက်လာခဲ့ကြတယ်။ နာကာဆာဝါ အပြင်ကို အရင်ဆုံးထွက်ပြီး တက္ကစီတစီး လှမ်းတားလိုက်တယ်။ ဒါပေမဲ့ ဟတ်ဆုမိက သူ့ကို ခဏရပ်ဖို့ လှမ်းတားလိုက်တယ်။

“ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီနေ့တော့ ငါ နင်နဲ့အတူ အချိန်တွေ ကုန်ဆုံးချင်စိတ် မရှိတော့ဘူး။ ငါ့ကိုလည်း အိမ်လိုက်မပို့ပေးနဲ့တော့။ ညစာအတွက် ကျေးဇူးတင်ပါတယ်” လို့ ဟတ်ဆုမိက ပြောတယ်။

“ဘာပဲဖြစ်ဖြစ် ရပါတယ်” လို့ နာကာဆာဝါက ပြန်ပြောတယ်။ “အိမ်ကို တိုရုကိုပဲ ပြန်ပို့ခိုင်းတော့မယ်”

“ဘာပဲဖြစ်ဖြစ်ပါ။ ရပါတယ်။ ဒါပေမဲ့ ဝါတာနာဘီဟာ ငါနဲ့ တထပ်တည်းပဲ။ သူဟာ သဘောကောင်းတဲ့သူတယောက်ပါ။ ဒါပေမဲ့ သူ့နှလုံးသားအတွင်း နက်နက်ရှိုင်းရှိုင်း တနေရာမှာ ဖြစ်နေတဲ့ဒဏ်ရာကြောင့် သူ ဘယ်သူ့ကိုမှ ချစ်နိုင်မှာ

မဟုတ်ဘူး။ သူ့ရဲ့နှလုံးသားဟာ နေရာတခုမှာ သွားနိုးကြားနေပြီး အဲဒီနေရာနဲ့လည်း သူဟာ ကွာဝေးနေတယ်။ သူဟာ အချစ်ကို ဆာလောင်နေပေမယ့် မရရှိပြန်ဘူး။ ငါပြောနေတာတွေကို နင် နားလည်လိမ့်မယ်လို့ ထင်ပါတယ်”

ကျွန်တော် တက္ကစီတစီး လှမ်းတားပြီး ဟတ်ဆုမိကို အထဲ အရင်ဝင်ခိုင်းလိုက်တယ်။ “ကျွန်တော် ဟတ်ဆုမိကို အိမ်အရောက် လိုက်ပို့ပေးလိုက်ပါ့မယ်” လို့ နာကာဆာဝါကို ကျွန်တော် လှမ်းပြောလိုက်ပါတယ်။

“ဒီအရှုပ်ထဲ မင်းကို ဆွဲခေါ်မိတဲ့အတွက် တောင်းပန်ပါတယ်ကွာ” လို့ နာကာဆာဝါက ကျွန်တော့်ကို ပြောပါတယ်။ ဒါပေမဲ့ သူဟာ တခြားတခုခု စဉ်းစားနေတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်။

ကားစထွက်တော့ ဟတ်ဆုမိကို ဘယ်လိုက်ပို့ပေးရမလဲလို့ မေးလိုက်တယ်။ “ဘယ်ကို သွားချင်လဲ။ အီဘီဆုကို မောင်းခိုင်းလိုက်ရမလား” ဟတ်ဆုမိရဲ့တိုက်ခန်းက အီဘီဆုမှာပါ။

သူ ခေါင်းပဲခါတယ်။

“ဒါဆိုလည်း တနေရာမှာ သွားသောက်ကြရအောင်”

“ကောင်းတယ်” လို့ သူက ခေါင်းညိတ်ပြီး ပြောပါတယ်။

“ရှီဘူယာကိုမောင်း” လို့ ကားသမားကို ကျွန်တော် ပြောလိုက်တယ်။ ဟတ်ဆုမိဟာ ကျောမှီပြီး လက်ပိုက်၊ မျက်စိမှိတ်လို့ နေတယ်။ သူ့ရဲ့ရွှေနားကတ်ဟာ ကားယိမ်းသွားတိုင်း တဖျတ်ဖျတ် လက်နေပါတယ်။ သူ့ရဲ့သန်းခေါင်ယံအပြာဝတ်စုံဟာ ကားထဲ မှောင်နေတဲ့အချိန်နဲ့ ပိုလိုက်ဖက်နေပါတယ်။ မကြာမကြာဆိုသလို လှလှပပ ဆေးဆိုးထားတဲ့ သူ့နှုတ်ခမ်းလေးဟာ ကွေးညွတ်သွားတတ်ပြီး သူတယောက်တည်း စကားပြောနေတဲ့ပုံနဲ့တောင် တူနေပါတယ်။ သူ့ကို ကျွန်တော် ကြည့်နေရင်းနဲ့ နာကာဆာဝါ သူ့ကို ဘာကြောင့် လက်တွဲဖော်အဖြစ် ရွေးချယ်ရသလဲဆိုတာကို နားလည်လာပါတယ်။ ဟတ်ဆုမိထက် ပိုလှတဲ့ မိန်းကလေးမျိုးကို နာကာဆာဝါအနေနဲ့ အလွယ်တကူ ရနိုင်ပါတယ်။ ဒါပေမဲ့ ဟတ်ဆုမိမှာ တဖက်လူရဲ့နှလုံးသားကို တသိမ့်သိမ့် တုန်ခါသွားအောင် လုပ်စေနိုင်တဲ့ အရည်အသွေးမျိုး ရှိပါတယ်။ သူ တမင်လုပ်တာမျိုး မဟုတ်ဘဲနဲ့ပေါ့။ ရှီဘူယာကို သွားတဲ့လမ်းတလျှောက်လုံး ကျွန်တော် သူ့ကိုပဲ ငေးကြည့်နေမိခဲ့တယ်။ ကျွန်တော့်စိတ်ထဲမှာ ပွဲတင် တုန်ခါနေတဲ့ ခံစားမှုဟာ ဘယ်လိုခံစားမှုလဲဆိုတာ ကိုယ့်ကိုယ်ကို မေးနေမိပါတယ်။ ဒါပေမဲ့ ကျွန်တော် အဖြေမရရှိပါဘူး။

※※※

အထက်မှာပြောခဲ့တဲ့ အဖြစ်အပျက် ဖြစ်ပြီးလို့ နှစ်ပေါင်းများစွာအကြာမှာ ကျွန်တော့်ဆီကို အဲဒီခံစားမှုတကြိမ် ပြန်ဖြစ်ပါတယ်။ ဆန်တာဖီမှာ ပန်းချီဆရာတယောက်ကို အင်တာဗျူး သွားလုပ်တုန်းကပေါ့။ ကျွန်တော်ဟာ ပီဇာဆိုင်က ခုံမှာထိုင်ပြီး ဘီယာသောက်၊ ပီဇာစားရင်း အံ့သြဘနန်း လှပနေတဲ့ နေဝင်ဆည်းဆာကို ငေးကြည့်နေမိပါတယ်။ အရာအားလုံးဟာ အနီတောက်တောက်တွေ ဖြစ်လို့နေပါတယ်။ ကျွန်တော့်ရဲ့လက်၊ ကျွန်တော့်ရဲ့ပန်းကန်ပြား၊ ကျွန်တော့်ရဲ့စားပွဲ၊ ကျွန်တော့်ရဲ့ လောကကြီးအားလုံး အနီရောင်တွေ ထင်ဟပ်နေပါတယ်။ အထူးပြုလုပ်ထားတဲ့ သစ်သီးဖျော်ရည်တခွက်၊ အရာအားလုံးအပေါ် ဖိတ်ကျသွားသလိုမျိုးပါပဲ။ ညနေဆည်းဆာအချိန် ရောက်လာတော့ ဟတ်ဆုမိရဲ့ပုံရိပ်ဟာ ကျွန်တော့်နှလုံးသားထဲမှာ ပြန်လည် မြင်ယောင်နေမိပါတယ်။

ကျွန်တော့်နှလုံးသားထဲမှာ အဲဒီနေ့တုန်းက ဖြစ်ခဲ့တဲ့ ခံစားမှုမျိုးကို ပြန်လည်ဖြစ်ပေါ်နေပါတယ်။ ကလေးဘဝတုန်းက ဖြစ်ပေါ်ခဲ့ဖူးတဲ့ လိုချင်စိတ်တွေဟာ အမြဲတမ်း ရှိနေတဲ့ပုံစံမျိုးပါပဲ။ ဘယ်တော့မှ လိုအင် မပြည့်ဝနိုင်တော့မယ့်ပုံစံမျိုးပါ။ အဲဒီလို အပြစ်ကင်းတဲ့ တောင့်တမှု တည်ရှိခဲ့တာကို ကျွန်တော် မေ့သလောက်တောင် ရှိနေပါပြီ။ အဲဒီလို စိတ်ခံစားမှုမျိုး ကျွန်တော့်ဆီမှာ ဖြစ်ခဲ့ဖူးတာကိုတောင် မေ့နေတာ နှစ်ပေါင်းများစွာ ကြာလို့နေပါပြီ။ ဟတ်ဆုမိ ကျွန်တော့်စိတ်ထဲ ရောက်ရှိစေခဲ့တာဟာ ကျွန်တော့်ရဲ့ ဟိုးငယ်စဉ် အချိန်ကာလကတည်းက တည်ငြိမ်ငုပ်လျှိုးနေတဲ့ ကိုယ့်အတ္တစိတ် ကိုယ် ပြန်ရရှိစေခဲ့တာပါပဲ။ အဲဒီလို နားလည်သွားပြီးတဲ့ နောက် ဖြစ်ပေါ်လာတဲ့ ဝမ်းနည်းမှုက ကျွန်တော့်ကို မျက်ရည်တွေတောင် ကျစေပါတယ်။ ဟတ်ဆုမိဟာ တကယ့်ကို အကြွင်းမဲ့ ထူးခြားတဲ့ အမျိုးသမီးတယောက်ပါ။ သူ့ကို ကယ်တင်နိုင်ဖို့ တယောက်ယောက် တခုခု လုပ်သင့်ပါတယ်။

ဒါပေမဲ့ နာကာဆာဝါရော၊ ကျွန်တော်ရော မလုပ်ပေးနိုင်ပါဘူး။ ကျွန်တော် သိရသလောက်တော့ ဟတ်ဆုမိဟာ ဘဝမှာ သေချာတဲ့ အခြေအနေတခုကို ရောက်ရှိနေပြီ ဆိုတာပါပဲ။ အဲဒါကြောင့် ဟတ်ဆုမိနဲ့ပတ်သက်လို့ ကူညီပေးစရာ မလိုတော့ဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ နာကာဆာဝါ ဂျာမနီကို ထွက်သွားပြီး နှစ်နှစ်အကြာမှာ ဟတ်ဆုမိ အိမ်ထောင်ပြုခဲ့ပါတယ်။ အိမ်ထောင်ပြုပြီး နောက်နှစ်နှစ်အကြာမှာ ဟတ်ဆုမိဟာ သူ့လက်ကောက်ဝတ်ကို သူ ဘရိတ်ဓားနဲ့ လှီးပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့ပါတယ်။

အဲဒီအကြောင်းတွေ ပြောပြတာလည်း နာကာဆာဝါပါပဲ။ ဘွန်းမြို့ကနေ နာကာဆာဝါ ကျွန်တော့်ဆီကို ပို့လိုက်တဲ့စာထဲမှာ “ဟတ်ဆုမိ သေသွားတာဟာ

တစုံတရာကို အဆုံးသတ် ကွယ်ပျောက်စေတာပါပဲ။ သူ့သေဆုံးမှုဟာ ငါ့ကိုတောင် မခံမရပ်နိုင်လောက်အောင် ဝမ်းနည်းဖို့ ကောင်းပြီး နာကျင်လှပါတယ်” လို့ ရေးခဲ့ပါတယ်။ ကျွန်တော် သူ့စာကို အစိတ်စိတ် အမွှာမွှာ ဖြစ်သွားအောင် ဆွဲဖြဲပစ်လိုက်ပါတယ်။ နောက် သူ့ဆီကို ဘယ်တော့မှ စာမရေးတော့ဖို့လည်း ဆုံးဖြတ်ခဲ့ပါတယ်။

※※※

ဟတ်ဆုမိနဲ့ ကျွန်တော်ဟာ အသေးစား ဘားဆိုင်လေးတခုကို သွားပြီး ခွက်တွေ အများကြီး သောက်မိခဲ့ပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံး စကားသိပ်မပြောကြပါဘူး။ ကျွန်တော်တို့ နှစ်ယောက်ဟာ စိတ်ပျက် ငြီးငွေ့နေကြတဲ့ အသက်ကြီးကြီး လင်မယားလိုမျိုး မျက်နှာချင်းဆိုင် ထိုင်ပြီး ဘာမှမပြောဘဲ တိတ်တဆိတ်နဲ့ သောက်လိုက်၊ မြေပဲစားလိုက်နဲ့။ ဆိုင်ထဲမှာ လူတွေပြည့်လာတဲ့အချိန်မှာတော့ ကျွန်တော်တို့နှစ်ယောက် အပြင်ထွက် လမ်းလျှောက်ကြပါတယ်။ ဟတ်ဆုမိက ဘေလ်ကို သူ ရှင်းမယ်ပြောပေမယ့် အရက်သောက်ဖို့ ကျွန်တော် ပြောတာဖြစ်လို့ ကျွန်တော်ပဲ အတင်းရှင်းခဲ့ပါတယ်။

ညလေဟာ နက်နက်ရှိုင်းရှိုင်းကို အေးစိမ့်နေခဲ့ပါတယ်။ ဟတ်ဆုမိဟာ သူ့ရဲ့မီးခိုးရောင် သိုးမွှေးအင်္ကျီကို ထုတ်ဝတ်ပြီး ကျွန်တော့်ဘေးနားမှာ တိတ်တဆိတ်နဲ့ လမ်းလျှောက်လိုက်ပါခဲ့ ပါတယ်။ ကျွန်တော့်စိတ်ထဲမှာ ဘယ်ကိုသွားမယ်ဆိုတာ မရှိဘဲ အိတ်ကပ်ထဲ လက်နှိုက်ပြီး လျှောက်နေမိပါတယ်။ နာအိုကိုနဲ့ ကျွန်တော် လမ်းလျှောက်ကြတုန်းကလိုမျိုးပါပဲ။

“ငါတို့ တနေရာရာမှာ ဘိလိယက် သွားထိုးရအောင်။ ဘယ်နေရာမှာ သွားထိုးလို့ရမလဲဆိုတာ မင်းသိလား” လို့ ဟတ်ဆုမိက ကျွန်တော့်ကို မေးပါတယ်။

“ဘိလိယက်ထိုးတတ်လို့လား”

“ထိုးတတ်ပါတယ်။ ငါ ကောင်းကောင်းထိုးတတ်တယ်။ နင်ရော ထိုးတတ်လား”

“ကျွန်တော်က သိပ်မထိုးတတ်ပါဘူး”

“ရပါတယ် ဘာဖြစ်လဲ။ ငါတို့ သွားထိုးရအောင်”

“အနီးအနားက ဘိလိယက်ရုံကိုတွေ့တော့ ကျွန်တော်တို့ ဝင်ခဲ့ကြတယ်။ လမ်းထောင့်မှာရှိနေတဲ့ အခန်းကျဉ်းကျဉ်းနေရာလေးပါ။ ဟတ်ဆုမိဟာ အကောင်းစားဝတ်စုံကို ဝတ်ထားပြီး ကျွန်တော်ကလည်း ဘလေဇာကုတ် အပြာရောင်နဲ့ နက်ခ်တိုင် ကောင်းကောင်းဝတ်ထားတာကြောင့် ဘိလိယက်ရုံထဲက

လူတွေအားလုံး ကျွန်တော်တို့နှစ်ယောက်ကို အာရုံစိုက်ကြည့်နေကြပါတယ်။ ဒါပေမဲ့ ဟတ်ဆုမိကတော့ သူတို့ကို လုံးဝဂရုမစိုက်ဘဲ ကျူတံကိုပဲ ချော့ခ်သုတ်နေပါတယ်။ ပိုက်ဆံအိတ်ထဲက ဆံညှပ်ကလစ်တခုယူပြီး သူ ဘိလိယက်ထိုးနေချိန်မှာ အနှောင့်အယှက် မဖြစ်အောင် ဆံပင်မှာ တပ်ထားလိုက်ပါတယ်။

ကျွန်တော်တို့ နှစ်ပွဲ ကစားဖြစ်ခဲ့ကြတယ်။ ဟတ်ဆုမိဟာ သူပြောသလိုပဲ ကောင်းကောင်း ထိုးတတ်ပါတယ်။ ကျွန်တော် ထိုးနေတဲ့အချိန်မှာ လက်ဒဏ်ရာကြောင့် စည်းထားတဲ့ပတ်တီးက တော်တော်ကို ဒုက္ခပေးပါတယ်။ သူချည်းပဲ ကျွန်တော့်ကို နိုင်ခဲ့ပါတယ်။

※※※

"အရမ်းတော်တာပဲ" လို့ ကျွန်တော် တလေးတစားနဲ့ ပြောလိုက်ပါတယ်။

"နင် ပုံစံကြည့်ပြီး မထိုးတတ်ဘူးလို့ ထင်နေတာ မဟုတ်လား" လို့ ပြုံးပြီး ကျွန်တော့်ကို ပြန်ပြောပါတယ်။

"ဒီလို ထိုးတတ်အောင် ဘယ်မှာ သင်ခဲ့တာလဲ"

"ငါ့အဖိုးဆီကပေါ့။ ငါ့အဖေရဲ့အဖေက ပလေးဘွိုင်းတယောက်ပဲ။ သူ့အိမ်မှာ ဘိလိယက်ခုံတခုံ ရှိတယ်။ ငါ့အစ်ကိုနဲ့ ငါ အဲဒီမှာ ဘိလိယက်ထိုးလေ့ရှိတယ်။ ငါ အသက်နည်းနည်းကြီးလာတော့ အဘိုးက ငါ့ကို ဘိလိယက် ကောင်းကောင်း ထိုးတတ်အောင် သင်ပေးခဲ့တယ်။ ငါ့အဖိုးဟာ စတိုင်ကျပြီး၊ ရုပ်ချောတဲ့သူတယောက်ပါ။ ခုတော့ သေသွားပါပြီ။ သူ မသေခင်တုန်းကတော့ နယူးယော့ခ်မှာ ဒင်နာဒါဘင်နဲ့ သူ တွေ့ခဲ့တာကို အမြဲတမ်း ကြွားလေ့ ရှိတယ်"

သူ သုံးပွဲဆက်တိုက် အနိုင်ရရှိသွားခဲ့ပါတယ်။ ကျွန်တော်ကတော့ လွယ်လွယ်ကူကူနဲ့ အမှတ်ရမယ့် အလုံးကိုတောင် ဝင်အောင် မထိုးနိုင်ပါဘူး။

"ပတ်တီးကြောင့် ဖြစ်ပါလိမ့်မယ်" လို့ ဟတ်ဆုမိက ကျွန်တော့်ကို နှစ်သိမ့်ပါတယ်။

"မဟုတ်ဘူး။ ကျွန်တော် မထိုးတာ တော်တော်ကြာနေပြီ။ နှစ်နှစ်နဲ့ ငါးလရှိပြီ"

"အဲဒီလို အတိအကျ ဘာကြောင့် မှတ်မိနေတာလဲ"

"အဲဒီနေ့တုန်းက ဘိလိယက်ထိုးပြီးတဲ့နောက် ကျွန်တော့်သူငယ်ချင်း သေသွားခဲ့တယ်" လို့ ကျွန်တော်ပြောလိုက်တယ်။

"အဲဒါကြောင့် ဘိလိယက် ထိုးတာကို ရပ်လိုက်တာလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး" လို့ ကျွန်တော် ခဏလောက်တွေးပြီး သူ့ကို ပြန်ဖြေလိုက်တယ်။ "အဲဒီနောက်ပိုင်း ဘိလိယက်ထိုးဖို့ အခွင့်မကြုံတာလည်း ပါပါတယ်"

"နင့်သူငယ်ချင်း ဘယ်လို သေသွားတာလဲ"

"ယာဉ်မတော်တဆ ဖြစ်လို့ပါ"

သူဟာ ထိုးချက်တိုင်းကို သေသေချာချာ ထိုးနေတယ်။ သူ့လှုပ်ရှားပုံကိုပဲ ကျွန်တော် စောင့်ကြည့်နေမိတယ်။ သူ့ဆံပင်တွေကို သေသေချာချာ စည်းထားတာ တွေ့ရတယ်။ သူ လှုပ်ရှားတိုင်း သူ့ရဲ့ရွှေရောင်နားကပ်က တဖျတ်ဖျတ် လက်နေတယ်။ သူ့ရဲ့ချစ်ဖို့ကောင်းတဲ့ သွယ်သွယ်လျလျ လက်ချောင်းလေးတွေဟာ အစိမ်းရောင် ဘိလိယက်ခုံအခင်းပေါ်မှာ ပြေးလွှားလို့ နေတယ်။ သူနဲ့အတူ ဒီလိုကစားရတာဟာ သိပ်ကောင်းတဲ့ လူမှုရေးလှုပ်ရှားမှုတခု ဖြစ်စေတယ်လို့တောင် ကျွန်တော် တွေးမိပါတယ်။ အရင်တုန်းက သူနဲ့ကျွန်တော် အခုလို နှစ်ယောက်တည်း မနေဖူးဘူး။ ခုလိုနေရတာဟာ ကျွန်တော့်အတွက်တော့ အရမ်းပျော်ဖို့ကောင်းတဲ့ အတွေ့အကြုံပါပဲ။ ကျွန်တော်ဟာ ဘဝရဲ့အမြင့်ပျံ လေယာဉ်တစီးပေါ် တက်ရောက်သွားသလိုပဲ လို့တောင် ထင်မိပါတယ်။ တတိယမြောက်ပွဲပြီးတော့ သူချည်းပဲ နိုင်နေတာကြောင့် ကျွန်တော်တို့ ကစားတာကို ရပ်လိုက်ပါတယ်။

"ဆောရီးပါဟာ။ နင့်ကို ဒီအကြံ ငါ မပေးသင့်ပါဘူး" လို့ သူက လေးလေးနက်နက်ပုံစံနဲ့ ပြောပါတယ်။

"ရပါတယ်။ ကျွန်တော် ဘာမှမဖြစ်ပါဘူး။ ခုလို ကစားရတာကို ပျော်ပါတယ်"

ကျွန်တော်တို့နှစ်ယောက် ဆိုင်ထဲက ပြန်ထွက်တော့ ခပ်ပိန်ပိန် ဆိုင်ရှင်အမျိုးသမီးက ဟတ်ဆုမိကို "ညီမလေး မင်းမျက်လုံးလေးတွေဟာ တော်တော် လှတာပဲ" လို့ ပြောပါတယ်။ ဟတ်ဆုမိက ချစ်ဖို့ကောင်းတဲ့ အပြုံးလေးပြုံးပြီး ကျေးဇူးတင်စကား ပြန်ပြောရင်းနဲ့ ကျသင့်ငွေ ရှင်းလိုက်ပါတယ်။

"နင့်ဒဏ်ရာက နာနေလား" လို့ အပြင်ရောက်တော့ ဟတ်ဆုမိက ကျွန်တော့်ကိုမေးတယ်။

"သိပ်တော့ မနာပါဘူး"

"အနာကျက်နေပြီလား"

"ကျက်လောက်ပြီလို့တော့ ထင်ပါတယ်"

"နင် ငါ့အိမ်ကို လိုက်ခဲ့ပါလား။ ငါ နင့်ကို ပတ်တီးလဲပေးမယ်။ ငါ့မှာ ဆေးပစ္စည်းတွေ အကုန်ရှိတယ်။ ငါ့ အိမ်နဲ့လည်း သိပ်မှမဝေးတော့ပဲဟာ"

စိတ်ပူစရာ မလိုပါဘူး။ အဆင်ပြေသွားမှာလို့ ကျွန်တော် သူ့ကို ပြန်ပြောပေမယ့် သူက အနာကို စစ်ဆေးပေးဖို့ လိုတယ်လို့ ထပ်ပြောပါတယ်။

"ဒါမှမဟုတ် နင် ငါနဲ့ အတူနေရတာကို သဘောမကျလို့လား။ နင် အခန်းကို အမြန်ဆုံး ပြန်ချင်နေပြီလား" လို့ သူက ကျီစယ်တဲ့ပုံစံနဲ့ မေးပါတယ်။

"မဟုတ်ပါဘူး"

"အဲဒါဆို ကောင်းပြီလေ။ နောက်ထပ် လမ်းနည်းနည်းလျှောက်ရင် ရောက်တော့မှာပါ"

ဟတ်ဆုမိတိုက်ခန်းရှိတဲ့ အီဘီဆုကို ရီဘူယာကနေ ၁၅ မိနစ်လောက် လမ်းလျှောက်ရပါတယ်။ သူ့တိုက်ခန်းရှိတဲ့ အဆောက်အအုံဟာ တော်တော်လှပါတယ်။ ဧည့်ခန်းလှလှရှိသလို ဓာတ်လှေခါးကလည်း ကောင်းပါတယ်။ ဟတ်ဆုမိဟာ ကျွန်တော့်ကို မီးဖိုချောင်က စားပွဲမှာ ထိုင်ခိုင်းပြီး အဝတ်အစားလဲဖို့ အိပ်ခန်းထဲ ဝင်သွားပါတယ်။ သူဟာ ပရင်စတန်စာတမ်းပါ ဆွယ်တာနဲ့ ချည်သားဘောင်းဘီဝတ်ပြီး ပြန်ထွက်လာပါတယ်။ ရွှေနားကပ်လည်း မဝတ်ထားတော့ပါဘူး။ ရှေးဦးသူနာပြု ဆေးဘူးကို စားပွဲပေါ်တင်ပြီး ကျွန်တော့်ရဲ့ပတ်တီးကို သူ ဖြည်ပေးနေပါတယ်။ အနာရှိတဲ့နေရာကို ဆေးလိမ်းပေးပြီးတဲ့နောက် ပတ်တီးအသစ် ပြန်စည်းပေးပါတယ်။ သူ အားလုံးကို ကျွမ်းကျင်သူတယောက်လို လုပ်သွားခဲ့တာပါ။

"ဘာလို့ ကိစ္စတော်တော်များများမှာ ဒီလို ကျွမ်းကျင်နေရတာလဲ" လို့ ကျွန်တော် မေးလိုက်ပါတယ်။

"ငါ ဆေးရုံတရုံမှာ စေတနာ့ဝန်ထမ်း ဝင်လုပ်ခဲ့ဖူးတယ်။ အပျော်တမ်း သူနာပြုဆရာမပေါ့ဟာ။ အဲဒါကြောင့် ငါ ဒါတွေကို တတ်နေတာပေါ့"

ဟတ်ဆုမိဟာ ပတ်တီးပြန်စည်းပေးပြီးတဲ့နောက် ရေခဲသေတ္တာထဲက ဘီယာနှစ်ဘူး ထုတ်လာခဲ့ပါတယ်။ သူက ဘီယာကို ဘူးတဝက်လောက်ပဲ သောက်တယ်။ ကျွန်တော်တော့ ကျွန်တော့်ရဲ့ဘူးကို ကုန်အောင်သောက်တဲ့အပြင် သူ့ရဲ့ကျန်နေတဲ့ တဝက်ကိုပါ ထပ်သောက်ပစ်လိုက်ပါတယ်။ ပြီးတော့ သူဟာ သူ့အခန်းထဲက ကောင်မလေးတွေရဲ့ဓာတ်ပုံကို ထုတ်ပြပါတယ်။ သူပြောခဲ့တာ မှန်ပါတယ်။ သူ့အခန်းထဲက ကောင်မလေးတွေဟာ တော်တော့်ကို

ချစ်ဖို့ကောင်းပါတယ်။

"မင်း ရည်းစားတယောက် လိုချင်ပြီလို့ စဉ်းစားမိရင် ငါ့ဆီသာ လာခဲ့" လို့ သူက ပြောတယ်။

"ငါ နင့်ကို စီစဉ်ပေးမယ်"

"ဟုတ်ကဲ့ပါ"

"တိုရု နင် ငါ့ကို အောင်သွယ် အဖွားကြီးတယောက်လို့ ထင်နေပြီလား"

"ဟုတ်တယ်လို့ပဲ ဝန်ခံရမှာပေါ့" လို့ ကျွန်တော့် သူ့ကို ပြုံးပြီးတော့ အမှန်အတိုင်း ပြောလိုက်ပါတယ်။ ဟတ်ဆုမိလည်း ပြုံးပါတယ်။ သူ ပြုံးလိုက်ရင် ပိုပြီးလှတယ်။

"တိုရု ငါနဲ့ နာကာဆာဝါကို မင်း ဘယ်လိုသဘောရလဲ"

"ဘာကို ပြောတာလဲ"

"သူနဲ့ ပတ်သက်ပြီး အခုချိန်ကစလို့ ငါ ဘာလုပ်သင့်တယ်ဆိုတာကိုပေါ့"

"ကျွန်တော် ဘယ်လိုတွေးတယ်ဆိုတာ ကိစ္စမဟုတ်ပါဘူး" လို့ ပြောရင်း ဘီယာကို မော့သောက်လိုက်တယ်။

"နင် ဘယ်လိုထင်လဲဆိုတာကို ငါ့ကို ပြောပြစမ်းပါ"

"ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင် သူ့ကို ထားခဲ့တော့မှာ။ ပြီးတော့ သူ့ထက်ပိုပြီး ပျော်ရွှင်အောင် ထားနိုင်မယ့် လောကကြီးကို သာမန်အတိုင်း မြင်တတ်တဲ့ လူတယောက်ကိုပဲ ရှာသင့်တယ်။ သူနဲ့ဆိုရင် ခင်ဗျား ဘယ်လိုမှ ပျော်မှာမဟုတ်ဘူး။ သူ့ရဲ့နေပုံထိုင်ပုံဟာ သူကိုယ်တိုင်တောင် မပျော်ရွှင်နိုင်သလို တဖက်သားကိုလည်း ပျော်ရွှင်စေနိုင်မှာ မဟုတ်ပါဘူး။ သူနဲ့အတူနေရင်တော့ ခင်ဗျားရဲ့အာရုံကြောတွေ အားလုံး ပျက်စီးသွားလိမ့်မယ်။ ကျွန်တော့်အတွက်တော့ သူနဲ့ သုံးနှစ်ကျော်ကျော် ခင်လာတာဟာ တော်တော်အံ့သြဖို့ကောင်းတယ်။ ကျွန်တော်ကတော့ သူ့ကို တော်တော့်ကို ခင်ပါတယ်။ သူဟာ ပျော်စရာပဲ။ သူ့မှာ အရည်အချင်းတွေ အများကြီးရှိတယ်။

ကျွန်တော် ဘယ်တော့မှမရနိုင်တဲ့ စွမ်းအင်တွေနဲ့ လုပ်ဆောင်နိုင်မှုတွေ သူ့မှာရှိတယ်။ ဒါပေမဲ့ အားလုံးခြုံငုံပြောရရင်တော့ သူ့စိတ်ကူးတွေနဲ့ သူ့ရဲ့ဘဝကို နေထိုင်တဲ့ပုံစံဟာ သာမန်တော့ မဟုတ်ဘူး။ တခါတလေကျရင် သူနဲ့ စကားပြောရတာဟာ ဘယ်ကိုမှမရောက်ဘဲ စက်ဝိုင်းတွေလို ပတ်ဝိုက်နေတယ်လို့ပဲ

ကျွန်တော် ခံစားမိတယ်။ ကျွန်တော့်ကို စက်ဝိုင်းပတ်ပုံစံ ဝေ့ဝိုက်ခိုင်းပြီး အမြင့်ကို တဖြည်းဖြည်း ရောက်စေတယ်လို့ တွေးမိတယ်။ အဲဒီလို စကားပြောရတာဟာ ကျွန်တော့်ကို ဗလာဖြစ်စေတယ်။ နောက်ဆုံးတော့ ကျွန်တော်တို့ရဲ့စနစ်တွေဟာ လုံးဝကို သူများနဲ့မတူဘဲ ကွဲပြားခြားနားစေပါတယ်။ ကျွန်တော်ပြောတာကို သဘောပေါက်လားမသိဘူး”

“ငါ နားလည်ပါတယ်” လို့ ဟတ်ဆုမိက ရေခဲသေတ္တာထဲက ဘီယာတဘူး ထပ်ယူလာပေးရင်း ပြောတယ်။

“အဲဒါတွေအပြင် သူဟာ နိုင်ငံခြားရေးဝန်ကြီးရုံးမှာ အလုပ်လုပ်တဲ့အခါ သင်တန်း တနှစ် တက်ရဦးမယ်။ ပြီးရင် နိုင်ငံခြားကို သွားရဦးမယ်။ အဲဒီအချိန်တွေမှာ ခင်ဗျားဘာလုပ်နေမလဲ။ သူ့ကို စောင့်နေမှာလား။ သူကတော့ ဘယ်သူ့ကိုမှ လက်ထပ်ချင်စိတ်ရှိတာ မဟုတ်ဘူး”

“အဲဒါကို ငါလည်းသိတယ်”

“အဲဒါဆို ကျွန်တော် ဘာမှ ထပ်ပြောဖို့ မလိုတော့ပါဘူး”

“အင်း” လို့ ဟတ်ဆုမိက ပြောတယ်။

ကျွန်တော် ဖန်ခွက်ထဲကို ဘီယာတွေ ဖြည်းဖြည်းချင်း ထည့်လိုက်တယ်။

“ခုနက ဘိလိယက်ထိုးနေတုန်း ကျွန်တော့်စိတ်ထဲ ရောက်လာတာတွေ ရှိတယ်။ ကျွန်တော်ဟာ မိသားစုမှာ တဦးတည်းသောသားပါ။ ကျွန်တော့်မှာ အစ်ကိုတွေ၊ အစ်မတွေ လိုချင်တဲ့စိတ်မျိုး မရှိဘဲနဲ့ ကျွန်တော် ကြီးပြင်းလာခဲ့ပါတယ်။ ကျွန်တော် တယောက်တည်း နေရတာကို ပျော်ပါတယ်။ ဒါပေမဲ့ ခုနက ဘိလိယက်ထိုးနေတုန်း ကျွန်တော့်မှာ ခင်ဗျားလို အစ်မတယောက် ရှိချင်စိတ် ဖြစ်ပေါ်လာတယ်။ အရမ်းချောပြီး သန်းခေါင်ယံ အပြာဝတ်စုံ ရွှေရောင်နားကပ်ကို ဝတ်ထားတဲ့အပြင် ဘိလိယက်ကျူတံကို ကိုင်ထားတဲ့ အစ်မမျိုးပေါ့”

ဟတ်ဆုမိဟာ ကျွန်တော့်ကို ပြုံးပြပါတယ်။ “ငါ့ကို လူတွေက အဲ့ဒီလို ပြောတတ်ကြတယ်။ ငါ ပျော်ပါတယ်”

“ခင်ဗျားအတွက် လိုအပ်နေတာက ပျော်ရွှင်ဖို့ပါ။ အဲဒီလို ပြောရတာဟာ ရူးကြောင်ကြောင် နိုင်ပေမယ့် ခင်ဗျားဟာ ဘယ်သူနဲ့မဆို ပျော်ရွှင်မယ့်ပုံစံမျိုးပါ။ ခင်ဗျား အခြားလူတွေ အများကြီးအနက်က နာကာဆာဝါကို ဘယ်လို ရွေးချယ်ခဲ့တာလဲ”

“ဒီလိုပဲ ဖြစ်သွားတာပဲ။ နာကာဆာဝါကတော့ သူ့ကို ပျော်အောင်လုပ်ဖို့

ငါ့တာဝန်လို့ ပြောမှာပါ”

“သူ ပြောလိမ့်မယ်”

“ဘာပဲပြောပြော တိုရုရာ။ ငါဟာ ကမ္ဘာပေါ်မှာ စမတ်အကျဆုံး မိန်းကလေး မဟုတ်ပါဘူး။ ငါဟာ ခပ်ပိန်းပိန်းဖြစ်တဲ့အပြင် ရှေးရိုးစွဲ မိန်းကလေးတယောက်ပါ။ စနစ်တွေ၊ တာဝန်ဝတ္တရားတွေကို ငါဂရုမစိုက်ပါဘူး။ ငါလိုချင်တာက ငါ့အိမ်ထောင်ပြုချင်တယ်။ ငါချစ်တဲ့ ယောကျာ်းတယောက်ရဲ့ ရင်ခွင်ထဲမှာ ညတိုင်း အိပ်ပြီး ကလေးတွေ မွေးမယ်။ ငါ လိုချင်တာ အဲဒါလောက်ပါပဲ။ ဘဝမှာ ငါ အဲဒါထက်ပိုပြီး တခြား ဘာမှ မလိုချင်ဘူး”

“နာကာဆာဝါကတော့ အဲဒီလို မဟုတ်ဘူး”

“လူတွေဟာ ပြောင်းလဲတတ်တယ်လို့ နင် မထင်ဘူးလား” လို့ ဟတ်ဆိုမိက မေးတယ်။

“နာကာဆာဝါဟာ ငါနဲ့သာ အချိန်ကြာကြာနေမယ်ဆိုရင် သူ့ခံစားချက်တွေ ပြောင်းလဲလာနိုင်မယ်လို့ နင် မထင်ဘူးလား”

“ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သူဟာ အရင်တုန်းက သာမန်လူတယောက်ပဲဟာ။ ဒါပေမဲ့ သူက သူများနဲ့မတူဘူး။ သူ့ရဲ့စိတ်စွမ်းအင်ဟာ ကျွန်တော်တို့ ထင်ထားတာထက် မယုံကြည်နိုင်လောက် အောင် ပိုမို များပြားတယ်။ သူဟာ နေ့တိုင်း သူ့ကိုယ်သူ စိတ်စွမ်းအင် ပိုမိုသန်မာအောင် လုပ်လေ့ရှိတယ်။ အဲဒီလိုလူမျိုးကို အများကြီး မျှော်လင့်လို့တော့ မရဘူး”

“ငါ့အတွက် လုပ်စရာ တခြား ဘာမှမရှိပါဘူး။ သူ့ကို စောင့်နေရုံပဲပေါ့” လို့ ဟတ်ဆုမိဟာ သူ့မေးစေ့ကို လက်နဲ့ထောက်ရင်း ပြောပါတယ်။

“သူ့ကို အဲဒီလောက်တောင်ချစ်လား”

“ချစ်တယ်” လို့ သူက ချက်ချင်း ပြန်ဖြေပါတယ်။

ကျွန်တော် သက်ပြင်းချပြီး လက်ကျန်ဘီယာကို မော့သောက်လိုက်ပါတယ်။ “လူတယောက်ကို ချစ်တာကို အဲ့လောက် သေချာနေတာ အံ့ဩစရာပါပဲ"

“ငါ အသုံးမကျတဲ့ ရှေးရိုးစွဲမိန်းကလေးတယောက်လေ။ နောက်ထပ် ဘီယာယူဦးမလား”

“မသောက်တော့ပါဘူး။ ကျွန်တော်သွားတော့မယ်။ ပတ်တီးစီးပေးတာနဲ့ ဘီယာတိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်”

ကျွန်တော် အခန်းဝမှာ ဖိနပ်စီးရင်း မတ်တပ်ရပ်နေတုန်း တယ်လီဖုန်း မြည်လာပါတယ်။ ဟတ်ဆုမိဟာ ကျွန်တော့်ကို ကြည့်တယ်။ ပြီးတော့ ဖုန်းကို ကြည့်တယ်။ ပြီးတော့ ကျွန်တော့်ကို ကြည့်ပြန်တယ်။

“ဂွဒ်နိုက်” လို့ ကျွန်တော်ပြောရင်း အပြင်ကိုထွက်လိုက်တယ်။ ကျွန်တော် တံခါး ပြန်ပိတ်လိုက်တဲ့အချိန်မှာ တယ်လီဖုန်းကို ကောက်ကိုင်လိုက်တဲ့ ဟတ်ဆုမိကို ဖျတ်ခနဲ မြင်လိုက်ရတယ်။ အဲဒါ ကျွန်တော် သူ့ကို နောက်ဆုံး တွေ့လိုက်တာပါပဲ။

※※※

ကျွန်တော် အဆောင်ကို ရောက်တော့ ည ၁၁ နာရီခွဲနေပါပြီ။ ကျွန်တော် နာကာဆာဝါရဲ့အခန်းကို တန်းသွားပြီး တံခါးခေါက်လိုက်ပါတယ်။ တံခါးကို ၁၀ ချက်လောက် ခေါက်ပြီးတော့မှ စနေနေ့ညမှန်း ကျွန်တော်အမှတ်ရသွားပါတယ်။ နာကာဆာဝါဟာ စနေညတွေမှာ အမျိုးတွေအိမ်မှာ နေမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အပြင်ထွက်ခွင့် ရထားပါတယ်။

ကျွန်တော် ကိုယ့်အခန်းကိုယ်ပြန်ပြီး နက်ခ်တိုင်ကိုချွတ်ပြီး ဂျက်ကက်နဲ့ ဘောင်းဘီကို တန်းမှာ ချိတ်ထားလိုက်ပါတယ်။ ပြီးတော့ ညအိပ်ဝတ်စုံဝတ်ပြီး သွားတိုက်ပါတယ်။ အိုး နက်ဖြန် တနင်္ဂနွေ ရောက်ပြန်ပြီလို့ ကျွန်တော် တွေးမိပါတယ်။ တနင်္ဂနွေနေ့တွေဟာ လေးရက်တကြိမ် ရောက်လာတယ်လို့တောင် ထင်ရပါတယ်။ နောက်ထပ် တနင်္ဂနွေနှစ်ရက်ဆိုရင် ကျွန်တော် အသက် ၂၀ ပြည့်တော့မှာပါ။ ကျွန်တော် အိပ်ရာထဲမှာလှဲပြီး ပြက္ခဒိန်ကို ကြည့်လိုက်ပါတယ်။ မှောင်မဲတဲ့ အနက်ရောင်ခံစားမှုတွေ ကျွန်တော့်ဆီ လာနေတယ်လို့ ခံစားနေရပါတယ်။

တနင်္ဂနွေနံနက်ခင်းမှာ ကျွန်တော် နာအိုကိုဆီကို စာရေးနေပါတယ်။ ခွက်ကြီးတခွက်နဲ့ ကော်ဖီကို သောက်ရင်း မိုင်ဒေးဗစ်ရဲ့အယ်လ်ဘမ်ကိုလည်း နားထောင်နေပါတယ်။ အပြင်မှာ မိုးစက်လေးတွေ တဖွဲဖွဲကျနေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အခန်းဟာ အေးစိမ့်စိမ့် ရေပြတိုက်ထဲကို ရောက်သွားသလိုပါပဲ။ သေတ္တာထဲက ကျွန်တော်ထုတ်ထားတဲ့ ပရုပ်လုံးနံ့တွေလည်း ရနေပါတယ်။ ပြတင်းပေါက်က မှန်ပေါ်မှာ ယင်ကောင် အကောင်ကြီးကြီးတွေ မရွေ့မလျားဘဲ နားခိုနေပါတယ်။ လေ လုံးဝ မတိုက်ပါဘူး။ မြင့်တက်လာစ နေလုံးကြီးဟာ အလံတိုင်ကို ကျော်နေပါပြီ။ အကြည့်ရဆိုးတဲ့ ပိန်ခြောက်ခြောက် ခွေးညိုတကောင်ဟာ ခြံဝန်းထဲမှာ လှည့်လည်သွားပြီး ပန်းပွင့်တွေ အနံ့လိုက်ခံနေပါတယ်။ တခြားခွေးတကောင်ကောင်ရော၊ မိုးရွာနေတဲ့နေ့မှာ ပန်းပွင့်တွေကို အနံ့ခံနေလေမလားလို့ တွေးမိပါတယ်။ ကျွန်တော့်စာက ရှည်လျားလွန်းလှပါတယ်။ ကျွန်တော် စာရေးတိုင်း ကျွန်တော့်လက်ကဒဏ်ရာဟာ

နာလာပါတယ်။ မိုးတွေရွာနေတဲ့ ခြံဝန်းထဲကို ကျွန်တော် မျက်စိဝေ့ဝဲကြည့်နေမိပါတယ်။

ခေတ်ပြားဆိုင်မှာ အလုပ်လုပ်နေရင်း ကျွန်တော့်လက်မှာ ဒဏ်ရာ ဘယ်လိုရလာလဲဆိုတာကို နာအိုကိုကို ပြောပြနေပါတယ်။ ပြီးတော့ နာကာဆာဝါနဲ့ ဟတ်ဆုမိတို့အကြောင်းကို ပြောတဲ့အပြင် နာကာဆာဝါ နိုင်ငံခြားရေးဝန်ကြီးရုံးမှာ အလုပ်ရတဲ့ အထိမ်းအမှတ်အနေနဲ့ စားသောက်ဆိုင် ကောင်းကောင်းမှာ လိုက်ကျွေးတာကိုလည်း ပြောပြဖြစ်ပါတယ်။ အစားအသောက် အရမ်းကောင်းခဲ့ပေမယ့် အဲဒီညက ကတောက်ကဆ ဖြစ်ခဲ့တာကိုလည်း ပြောပြနေမိပါတယ်။

ပြီးတော့ ဟတ်ဆုမိနဲ့ ဘိလိယက်ထိုးတဲ့အချိန်မှာ ကီဇူကီကို သတိရတဲ့အကြောင်း ပြောပြရင် ကောင်းမလားလို့ စဉ်းစားပြီးတဲ့နောက် ကျွန်တော့်လက်က အလိုအလျောက် ရေးဖြစ်သွားပါတယ်။ ကျွန်တော် ရေးသင့်တဲ့ကိစ္စလို့လည်း ကျွန်တော်ထင်ပါတယ်။

ကီဇူကီ သေတဲ့နေ့တုန်းက နောက်ဆုံးထိုးတဲ့ထိုးချက်ကို မှတ်မိနေပါသေးတယ်။ အဲဒီထိုးချက်ဟာ ဘောင်ကနေတဆင့် ထိုးရတဲ့ ထိုးချက်ဖြစ်တာကြောင့် အရမ်းခက်ခဲပါတယ်။ သူ အဲ့ဒီလို ထိုးနိုင်လိမ့်မယ်လို့လည်း ငါ မထင်ခဲ့ပါဘူး။ ကံတရားက သူ့ဘက်မှာ ပါနေခဲ့တာကြောင့် လှလှပပနဲ့ ဇယ်သီးကို ကျင်းထဲ ပို့နိုင်ခဲ့ပါတယ်။ တော်တော်လှတဲ့ ထိုးချက်ပါ။ ငါ ဒီနေ့ထိမှတ်မိနေပါသေးတယ်။ နှစ်နှစ်ခွဲနီးပါးလောက် ငါ ကျူတံကို မကိုင်ဖြစ်ခဲ့ပါဘူး။

ဟတ်ဆုမိနဲ့ ဘိလိယက်ထိုးတဲ့ညမှာ ငါ ကီဇူကီကို အရမ်းသတိရမိပါတယ်။ အဲဒီသတိရမှုဟာ ငါ့အတွက်တော့ ရှော့တခုပါပဲ။ ပထမပွဲ မပြီးခင်မှာတင် ငါ ဈေးရောင်းစက်ထဲကနေ ပက်(ပ်)ဆီတဗူး ဝယ်သောက်ပြီး ကီဇူကီအကြောင်းတွေကို တွေးနေမိတယ်။ ငါနဲ့ သူ ကစားတိုင်းလည်း ဈေးရောင်းစက်ထဲက ပက်(ပ်)စီ ဝယ်သောက်လေ့ရှိတယ်လေ။ ရှုံးတဲ့သူ ဝယ်တိုက်ကြေးပေါ့ဟာ။

ငါ သူ့ကို သတိမရတဲ့ကာလတွေအတွက် ငါ နောင်တရမိပါတယ်။ ငါ သူ့ကို နှစ်နှစ်ခွဲလောက် ပစ်ထားတဲ့အတိုင်းပါပဲ။

ငါ အခန်းထဲကို ပြန်ရောက်တော့ အဲဒီအဖြစ်အပျက်ကြီး ဖြစ်ခဲ့တာ နှစ်နှစ်ခွဲတောင် ကြာခဲ့ပြီပဲလို့ တွေးမိပါတယ်။ ကီဇူကီဟာ ခုထက်ထိ အသက် ၁၇ နှစ်ပါပဲ။ ငါ့မှတ်ဉာဏ်ဟာ သူ့ကို ဖျောက်ပစ်လိုက်တာမျိုး မဟုတ်ပါဘူး။ သူ သေဆုံးခဲ့မှုဟာ ငါ့မှတ်ဉာဏ်ထဲမှာ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရှိနေဆဲပါပဲ။ ငါပြောချင်တာကတော့ ငါ မကြာခင် အသက် ၂၀ ပြည့်တော့မယ်

ဆိုတာပါ။ ကီဇူကီနဲ့ ငါဟာ အတူတွဲ၊ အတူသွားနေတဲ့ကာလတွေမှာ ငါတို့နှစ်ယောက်စလုံးရှိခဲ့တဲ့ အသက် ၁၆၊ ၁၇ ကာလတွေဟာ ပျောက်ကွယ်သွားပါပြီ။ ဘယ်လောက်ပဲငိုငို အဲဒီကာလကို ပြန်ရတော့မှာ မဟုတ်ပါဘူး။ ငါ ဘယ်လိုရှင်းပြရမလဲ မပြောတတ်ပါဘူးဟာ။ ဒါပေမဲ့ ငါ ခံစားနေရတာတွေနဲ့ ငါ နင့်ကို ပြောပြချင်နေတာတွေ နင် နားလည်လိမ့်မယ်လို့ ငါ ထင်မိပါတယ်။ တကယ်တော့ ဒီကမ္ဘာကြီးပေါ်မှာ ငါ့ကို နားလည်ပေးနိုင်တာ နင်တယောက်ပဲ ရှိနိုင်ပါတယ်။

ငါ နင့်အကြောင်း မကြာခဏ တွေးမိတယ်။ ဒီနေ့တော့ မိုးတွေ ရွာနေတယ်။ မိုးရွာတဲ့ တနင်္ဂနွေနေ့တွေမှာ ငါ အခက်တွေ့ရလေ့ရှိတယ်။ မိုးရွာနေရင် ငါ အဝတ်လျှော်လို့ မရဘူးလေ။ အဝတ်လျှော်လို့ မရတဲ့အတွက် မီးပူလည်း တိုက်လို့မရဘူးလေ။ အပြင်ထွက် လမ်းလျှောက်လို့ မရသလို ခေါင်မိုးပေါ်တက် လမ်းလျှောက်လို့လည်း မရဘူး။ ငါလုပ်နိုင်တာကတော့ Kind of Blue ဓာတ်ပြားကို ထပ်ပြန်တလဲလဲ ဖွင့်နားထောင်နေဖို့ပဲရှိတယ်။ အပြင်မှာရွာနေတဲ့ မိုးတွေကို ကြည့်နေရင်တော့ ငါ နင့်ကို ပြောခဲ့ဖူးသလိုပဲ တနင်္ဂနွေနေ့တွေမှာဆိုရင် ငါ ဝမ်းမနည်းချင်ဘူးလေ။ အဲဒါကြောင့်လည်း ငါ့စာ ဒီလောက် ရှည်နေရတာပေါ့။ ငါ ရပ်လိုက်တော့မယ်။ ငါ ထမင်းစားခန်းထဲ သွားပြီး နေ့လယ်စာ သွားစားတော့မယ်။

ဝှဒ်ဘိုင်

■

အခန်း (၉)

နောက်နေ့ လက်ချာချိန်မှာ မီဒိုရီရဲ့အရိပ်အယောင်ကို မတွေ့ရဘူး။ သူ ဘာများဖြစ်နေပါလိမ့်။ သူနဲ့ နောက်ဆုံးတယ်လီဖုန်းဆက်တဲ့နေ့ကစလို့ ခုဆိုရင် ဆယ်ရက်တောင်ရှိပြီ။ သူ့ကို ဖုန်းဆက်ဖို့ တွေးမိပေမယ့် အဲ့ဒီစိတ်ကူးကို ဆန့်ကျင်လိုက်တယ်။ သူ ဖုန်းခေါ်မယ်လို့ ပြောခဲ့တယ်လေ။

ကြာသပတေးညမှာ နာကာဆာဝါကို ထမင်းစားခန်းထဲ တွေ့ရတယ်။ အစားအစာတွေ အပြည့်အလျှံ ထည့်ထားတဲ့ ပန်းကန်ပြားတချပ်နဲ့ ကျွန်တော့်ဘေးမှာ လာထိုင်တယ်။ ပြီးတော့ ကျွန်တော်တို့ သုံးယောက်ရဲ့ပါတီဟာ စိတ်ပျက်ဖို့ ကောင်းခဲ့တဲ့အတွက် သူက တောင်းပန်တယ်။

“ကိစ္စမရှိပါဘူးဗျာ။ အဲ့ဒီလို အကောင်းစားညစာကျွေးတဲ့အတွက် ကျွန်တော်ကပဲ ကျေးဇူးတင်ရမှာပါ။ ပြောရရင် ခင်ဗျားရဲ့ပထမဆုံးအလုပ်ရတဲ့ အထိမ်းအမှတ်ပါတီပွဲက ရယ်ဖို့ကောင်းသား” လို့ ကျွန်တော် ပြောလိုက်တယ်။

“သိပ်မှန်သပေါ့” လို့ သူက ပြောတယ်။ တိတ်တဆိတ် စားနေတယ်။ သူ ခဏလောက် -

“ဟတ်ဆုမိနဲ့ ပြန်အဆင်ပြေသွားပြီ”

“ကျွန်တော် မအံ့သြပါဘူး”

“ငါ ပြန်စဉ်းစားကြည့်တော့ မင်းအပေါ်လည်း ငါ နည်းနည်း မာခဲ့သလိုပဲ”

“ခင်ဗျား ဘာကိုတောင်းပန်နေတာလဲ။ နေရောကောင်းရဲ့လား” လို့ ကျွန်တော် မေးလိုက်တယ်။

“ကောင်းပါတယ်”လို့ သူ ခေါင်းညိတ်ပြီးပြောတယ်။ "မင်း ဟတ်ဆုမိကို ငါနဲ့ လမ်းခွဲဖို့ ပြောခဲ့တယ်ဆို”

“ဟုတ်တယ်။ အဲဒါအဓိပ္ပာယ်ရှိတာပဲ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဟုတ်ပါတယ်” လို့ နာကာဆာဝါက ပြောတယ်။

“သူက အရမ်းတော်တဲ့ မိန်းမတယောက်ပါ” လို့ ကျွန်တော် မီဆိုစွပ်ပြုတ်ရည်သောက်ရင်း ပြောလိုက်တယ်။

“ငါသိပါတယ်။ ငါ့အတွက်လည်း မဆိုးလှပါဘူး” လို့ သူက ပြောတယ်။

ကျွန်တော့်ဆီ ဖုန်းလာကြောင်း အချက်ပေးစက်က အသံထွက်ပေါ်လာချိန်မှာ ကျွန်တော် အသေကောင်လို အိပ်ပျော်နေတယ်။ အဲဒီအသံက စိတ်ရှုပ်ထွေးမှုတွေနဲ့ ပကတိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာကနေ ပြန်လှုပ်နှိုးလိုက်တာပါပဲ။ ကျွန်တော့်ဦးနှောက်ထဲ ရေတွေဝင်သွားတဲ့အထိ လောက်တောင် ဦးခေါင်းတခုလုံး ရေထဲနှစ်ပြီး အိပ်ရသလိုမျိုးပဲ။ နာရီက ၆ နာရီ ၁၅ မိနစ်လို့ ပြနေတယ်။ မနက်လား၊ ညလား ဆိုတာတော့ ကျွန်တော် မသိဘူး။ ဘယ်နေ့လဲဆိုတာကိုလည်း ကျွန်တော် မမှတ်မိဘူး။ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်တော့ အလံတိုင်မှာ အလံ မရှိတာကို တွေ့ရတယ်။ အဲ့ဒီတော့ အချိန်က ညနေဖြစ်နိုင်တယ်။ အခုမှပဲ အလံတိုင် လွှင့်ထူရခြင်းမှာ ရည်ရွယ်ချက်အချို့ရှိနိုင်တာကို နားလည်လာတယ်။

"ဟေ့… ဝါတာနာဘီ။ နင်အားလား” လို့ မိဒိုရီက မေးတယ်။

“မသိဘူး။ ဒီနေ့ ဘာနေ့လဲ”

“သောကြာနေ့လေ”

“မနက်လား၊ ညနေလား”

“ညနေလေ။ နင်ကလည်း ကြောင်တောင်တောင်နဲ့ နာရီကြည့်လိုက်ဦးမယ်။ ခြောက်နာရီ ဆယ့်ရှစ်မိနစ်”

အဲဒီတော့ အချိန်က ညနေဆိုတာ သေချာသွားပြီ။ ကျွန်တော် အိပ်ရာထဲ လှဲနေရင်း အိပ်ပျော်သွားခဲ့တာပဲ။ ဒီနေ့ သောကြာနေ့၊ ကျွန်တော့်ဦးနှောက်ကို အလုပ်ပေးလိုက်တယ်။ သောကြာနေ့ဆိုရင် ကျွန်တော် ခါတ်ပြားဆိုင် သွားစရာ မလိုဘူး။

“ငါအားတယ်။ နင်ဘယ်မှာလဲ”

“ယူအီနိုဘူတာမှာ။ ငါတို့ ရှင်ဂျူကူမှာ တွေ့ရအောင်။ ငါ ဒီကနေ အခု ထွက်လာမယ်”

ကျွန်တော်တို့ နေရာနဲ့ အချိန်သတ်မှတ်ပြီးတဲ့နောက် ဖုန်းချလိုက်တယ်။

※※※

ကျွန်တော်ရောက်တော့ မိဒိုရီဟာ ကောင်တာရဲ့ ထောင့်စွန်းတနေရာမှာ တခုခုသောက်နေတာ တွေ့ရတယ်။ သူဟာ ယောက်ျားဝတ် အဖြူရောင်

ကုတ်အင်္ကျီ၊ အဝါရောင် ဆွယ်တာအပါး၊ ဂျင်းအပြာကို ဝတ်ထားပြီး လက်တဖက်မှာလည်း လက်ကောက်နှစ်ဖက် ဝတ်ထားသေးတယ်။

"နင် ဘာတွေသောက်နေတာလဲ"

"တွမ်ကောလင်း"

ကျွန်တော် ဝီစကီနဲ့ ဆိုဒါ မှာလိုက်တယ်။ နောက်တော့မှ မီဒိုရီရဲ့ခြေထောက်နားက ခရီးဆောင်အိတ်ကို တွေ့သွားတယ်။

"ငါ ခရီးက ခုလေးတင် ပြန်လာတာ"

"နင် ဘယ်သွားတာလဲ"

"တောင်ဘက်ဆိုရင် နာရာ၊ မြောက်ဘက်ဆိုရင် အေအိုမိုရီ"

"ခရီးတခုထဲလား"

"မရူးစမ်းပါနဲ့ဟာ။ တောင်နဲ့ မြောက်ကို တချိန်ထဲ ဘယ်လိုသွားနိုင်မှာလဲ။ နာရာကို ငါ့ရည်းစားနဲ့ သွားပြီးတော့ အေအိုမိုရီကို တယောက်ထဲ ထပ်သွားတာ"

ကျွန်တော် ဝီစကီတကျိုက် မော့လိုက်တယ်။ ပြီးတော့ မီဒိုရီရဲ့ပါးစပ်မှာ တပ်ထားတဲ့ မာလ်ဘိုရိုကို မီးညှိပေးလိုက်တယ်။

"နင် စိတ်ပျက်စရာ အချိန်တွေကြုံခဲ့ရတယ်နော်။ နာရေးတခုလည်း ပါသေးတယ်"

"နာရေးကိစ္စက အေးဆေးပါ။ ငါတို့မှာ အတွေ့အကြုံ အများကြီး ရှိတယ်။ အနက်ရောင်ကီမိုနိုဝတ်ပြီး အမျိုးသမီးကြီးတယောက်လို ထိုင်နေလိုက်ရုံပဲ။ ကျန်တဲ့ကိစ္စတွေကိုတော့ ဦးလေးတယောက်နဲ့ အိမ်နီးချင်းတွေ လုပ်သွားတယ်။ သူတို့တွေပဲ ဆူရှီမှာတာတို့ နှစ်သိမ့်တာတို့ လုပ်သွားတယ်။ အဲဒီတော့ ငါတို့က အေးဆေးပဲပေါ့။ လူနာတယောက်ကို ရက်ပေါင်းများစွာ သူနာပြု လုပ်ရတာနဲ့ ယှဉ်ရင် ပစ်ကနစ်ထွက်ရတာနဲ့တောင် တူနေတယ်။ ငါ့ညီမနဲ့ ငါ စိတ်ညစ်နေခဲ့ကြတယ်။ ငါတို့ ငိုတောင်မငိုခဲ့ဘူး။ ငါတို့မှာ ငိုစရာ မျက်ရည်တွေ မကျန်တော့ဘူး။ ငါတို့ပုံစံတွေကြည့်ပြီး လူတွေကတော့ တီးတိုးပြောကြတယ်။ "ဒီကောင်မလေးတွေဟာ ရေခဲတုံးလို အေးစက်စက်နဲ့" တဲ့။ အဲဒီတော့ ငါတို့နှစ်ယောက်လည်း လုံးဝမငိုတော့ဘူး။ ငါတို့နှစ်ယောက်က အဲဒီလိုပဲ ငါတို့ ဟန်ဆောင်ပြီး ငိုရင်တော့ ရသားပဲ။ ဒါပေမဲ့ ငါတို့ ဘယ်တော့မှမလုပ်ဘူး။ ခွေးသူတောင်းစားတွေ၊ ငါတို့ငိုတာ သူတို့မြင်ချင်လေ သူတို့ စိတ်ကျေနပ်မှုရအောင် ငါတို့က မပေးချင်လေပဲ။ ငါနဲ့ ငါ့ညီမ ကွာတာတွေ ရှိတယ်။ ဒါပေမဲ့

ခုနကလိုမျိုးတွေမှာတော့ ငါတို့နှစ်ယောက်ဟာ တထပ်ထဲတူကြတယ်”

စားပွဲထိုးကို မီဒိုရီ လှမ်းခေါ်လိုက်ချိန်မှာ သူ့လက်က လက်ကောက်တွေဟာ လှုပ်ခါသွားတယ်။ သူ နောက်ထပ် တွမ်ကောလင်းတခွက်နဲ့ အခွံမာသီး တပွဲ မှာလိုက်တယ်။

“အဲဒီလိုနဲ့ပဲ နာရေးကိစ္စကြီး ပြီးသွားတယ်ပေါ့ဟာ။ ကျန်တဲ့လူတွေ အိမ်ကိုပြန်သွားတဲ့အချိန်မှာ ငါတို့ညီအစ်မနှစ်ယောက်ပဲထိုင်ပြီး အရက်သောက်ဖြစ်ခဲ့တယ်။ အရက်ပုလင်း အကြီးကြီးတလုံးကို ငါတို့ညီအစ်မနှစ်ယောက် အလှယ်တကူ သောက်ပစ်လိုက်ကြတယ်။ ကျန်တဲ့တဝက်မှာတော့ ငါတို့ နှစ်ယောက် တော်တော်ကို မူးလို့နေခဲ့ကြပြီ။ ငါတို့နှစ်ယောက် လူတွေကို လိုက်ရစ်နေခဲ့ကြတယ်။ ဒီလူကတော့ သောက်ရူး၊ ဒီလူ့ရဲ့ဦးနှောက်ထဲမှာတော့ မစင်တွေပဲ ရှိလို့နေတယ်။ ဟိုတယောက်ကတော့ ခွေးနဲ့ပဲတူတယ် စသဖြင့်ပေါ့ဟာ။ ပြီးတော့ ငါ့ညီမကတော့ သူ့ရည်းစားနဲ့ ခရီးထွက်သွားတယ်။ ငါလည်းပဲ ရည်းစားနဲ့ နှစ်ရက်လောက် ခရီးထွက်သွားပြီး အရူးလို ဆက်ဆံလိုက်ပစ်ဖို့ ဆုံးဖြတ်လိုက်တယ်” လို့ မီဒိုရီက သူ့နားနှစ်ဖက်ကို ပိတ်ပြီး ပြောလိုက်တယ်။

“အူး… ဆောရီး”

“ဟုတ်တာပေါ့။ အဲ့ဒါနဲ့ နင် နာရာကို ထွက်သွားရောပေါ့” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဟုတ်တယ်။ ငါ အဲဒီနေရာကို အမြဲတမ်း ကြိုက်နေခဲ့တာ။ ဘုရားကျောင်းတွေနဲ့ တိရစ္ဆာန်ဥယျာဉ်ကို ငါ အရမ်းကြိုက်တာပဲ”

“နင်တို့ အရူးအမူးပဲ ဖြစ်ကြတာပေါ့ မဟုတ်လား”

“အဲ့ဒီလိုတော့ မဟုတ်ပါဘူးဟာ တခါတလေမှပါ” လို့ သူက ပြောရင်း သက်ပြင်းချတယ်။ “နောက်တခုက ငါတို့နှစ်ယောက် ဟိုတယ်ခန်းထဲ ဝင်သွားပြီး၊ အထုပ်တွေပစ်ချလိုက်တဲ့အချိန်မှာပဲ ရာသီက စလာတော့ တကယ်ကို စိတ်ပျက်စရာပဲ”

ကျွန်တော် မရယ်မိအောင် မနည်းထိန်းထားရတယ်။

“ဟော့ကောင် အဲဒါ ရယ်စရာမဟုတ်ဘူး။ ငါ တပတ်စောလာခဲ့တာ။ အဲ့ဒီလိုဖြစ်တော့ ငါလည်း ငိုချင်စိတ်တောင် ဖြစ်မိတယ်။ ဒါပေမဲ့ ငါ စိတ်ဖိစီးမှုတွေ အားလုံး ပျောက်ကွယ်သွားခဲ့တယ်။ ငါ့ရည်းစားကတော့ ရူးသွားခဲ့တယ်။ အဲဒါ ငါ့အပြစ်လည်း မဟုတ်ဘူးလေဟာ။ ငါ့ရာသီကို ငါ ပေါ်စေချင်တာမှ မဟုတ်တာ။

ပထမ (၁ ရက်) (၂ ရက်) မှာ နင်ဆိုရင်လည်း ငါ့ဘေးနားကနေ ထွက်ပြေးနေမှာပဲ”

“ငါလည်း အဲဒီလို ပြေးချင်ပါတယ်။ ငါနင့်ကို ဘယ်လို ပြောရမှန်းမသိဘူး”

“ငါ ရာသီစစလာလာချင်း ပထမနှစ်ရက်မှာတော့ ငါ ဦးထုပ်ဆောင်းထားသေးတယ်။ နီနီရဲရဲ ဦးထုပ်ပေါ့ဟာ။ ငါ့အတွက်တော့ အဆင်ပြေတယ်ဟ။ နင်သာ ငါ့ကို လမ်းပေါ်မှာ နီနီရဲရဲ ဦးထုပ် ဆောင်းထားတာကို တွေ့ရင် နင် ငါ့ကို ဝေးဝေးကရှောင်သွားမှာ အသေအချာပဲ”

“အင်းပေါ့ဟာ။ တခြားအမျိုးသမီးတွေလည်း နင့်လိုပဲ ဖြစ်လိမ့်မယ်လို့တော့ ငါထင်တယ်။ ဒါနဲ့ နင် နာရာမှာ ဘာတွေ ထပ်လုပ်ခဲ့သေးလဲ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါတို့ ဘာများထပ်လုပ်နိုင်မှာမို့လဲဟာ။ ငါတို့ သမင်တွေကို အစာကျွေးပြီး နေရာအနှံ့ လျှောက်သွားခဲ့ကြတယ်။ ပြီးတော့ ငါတို့နှစ်ယောက် အကြီးအကျယ်လည်း စကားများခဲ့ကြသေး တယ်။ အဲ့ဒါနဲ့ ငါလည်း ငါ့ခရီးကို ငါ့ဘာသာငါ ဆက်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ငါ အေအိုမိုရီကို ဆက်သွားဖြစ်တယ်။ ယီရိုဆာကီမှာ ငါ့သူငယ်ချင်းနဲ့ ပထမနှစ်ရက် အတူနေခဲ့သေးတယ်။ ပြီးတော့မှ ရှီမိုကီတာ၊ တက်ပ်ပီ စတဲ့ နေရာတွေကို ငါ တယောက်တည်း ဆက်သွားခဲ့တယ်။ အဲ့ဒီနေရာတွေက ပျော်ဖို့တော့ ကောင်းပါတယ်။ ငါ အဲ့ဒီနေရာတွေအကြောင်း ကြော်ငြာစာတွေ ရေးဖူးတော့ ရောက်ဖူးနေသလိုပဲပေါ့ဟာ”

“နင် အဲဒီနေရာတွေကို တခါမှ မရောက်ဖူးဘူးလား”

“ဟင့်အင်း” လို့ မီဒိုရီက တွမ်ကောလင်းတကျိုက်သောက်ရင်း၊ အခွံမာသီး ကောက်စားရင်း ပြောတယ်။ “အဲဒီတချိန်လုံး ငါ စဉ်းစားနေတာက ငါ့အကြောင်းပဲ။ နင်သာ ငါ့ဘေးနားမှာ ပါလာရင် ဘယ်လောက်ပျော်ဖို့ ကောင်းမလဲလို့ပေါ့ဟာ”

“ဘာဖြစ်လို့လဲဟ”

“ဘာဖြစ်လို့လဲဟုတ်လား” လို့ မီဒိုရီက ဘာရယ်မဟုတ်ဘဲ ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်ပြီး မေးတယ်။ “ဘာဖြစ်လို့လဲဆိုတာ နင် ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ”

“ဒီလိုပဲပေါ့ဟာ နင်ရော ငါ့ကို ဘယ်လိုများတွေးလို့လဲ”

"ထားပါတော့ ငါ နင့်ကို ကြိုက်လို့ပဲ ဆိုပါတော့။ ဘယ်သူမှ သူ မကြိုက်တဲ့ လူတယောက် အကြောင်းကို စဉ်းစားမိမှာမှ မဟုတ်တာ”

“ဒါပေမဲ့ နင့်မှာက ရည်းစားကြီးနဲ့လေဟာ။ နင် ငါ့အကြောင်း စဉ်းစားစရာမှ

မလိုတာ” လို့ ကျွန်တော့် ဝီစကီခွက်ကို မော့သောက်ရင်း ပြောလိုက်တယ်။

“နင် ဆိုလိုချင်တာက ရည်းစားရှိတဲ့ လူတယောက်က နင့်အကြောင်းကို စဉ်းစားစရာ မလိုတော့ဘူးပေါ့ ဟုတ်လား”

“အဲဒီလိုလည်း မဟုတ်ပါဘူး။ ငါ ဆိုလိုချင်တာက...”

“ဒဲ့ပဲ ပြောလိုက်စမ်းပါ... ဝါတာနာဘီ” လို့ မီဒိုရီက ကျွန်တော့်ကို လက်ညှိုးထိုးပြီး ပြောတယ်။

“ငါ နင့်ကို သတိပေးနေတာ။ ငါ့မှာ တလလုံး စိတ်ပျက်စရာတွေနဲ့ တကိုယ်လုံး ပေါက်ကွဲလုမတတ် နေခဲ့ရတာကိုတောင် နင် ဒီလိုပြောရက်တယ် ဟုတ်လား။ နင်ပြောတာတွေကို နင်စဉ်းစားကြည့်။ နင် ဒီလိုသာ ဆက်ပြောနေရင် ငါ ဒီနေရာကနေ မျက်ရည်တွေနဲ့ ထွက်ပြေးသွားရလိမ့်မယ်။ ငါ ငိုမိရင် တညလုံး အိပ်လို့ရတော့မှာ မဟုတ်ဘူး။ နင် အဲဒီလိုဖြစ်စေချင်လို့လား။ ငါငိုရင် တိရစ္ဆာန် တကောင်လိုပဲ။ ငါ ဘာကိုမှ ဂရုစိုက်တော့မှာ မဟုတ်ဘူး။ ငါ နင့်ကို အတည်ပြောနေတာနော်”

ကျွန်တော် ခေါင်းညိတ်ပြပြီး တိတ်တိတ်ပဲ နေလိုက်တယ်။ ဒုတိယမြောက် ဆိုဒါရောတဲ့ ဝီစကီ မှာလိုက်တယ်။ အခွံမာသီး နည်းနည်းစားလိုက်တယ်။ ဖန်ခွက်ချင်းတိုက်သံ၊ ရေခဲလှုပ်သံတွေကို ကြားနေရတယ်။ ဆာရာဗော်ဂင်ရဲ့ ခေတ်ဟောင်း သီချင်းသံကိုလည်း ကြားနေရသေးတယ်။

“သူနဲ့ ငါနဲ့ နှစ်ယောက်ကြားမှာ ... အဖြစ်အပျက် ဖြစ်ပြီးကတည်းက အဆင်မပြေခဲ့တာ”

"အဖြစ်အပျက်ဟုတ်လား”

“ဟုတ်တယ်။ ငါသူနဲ့ အရက်အတူ သောက်နေတုန်းဖြစ်ခဲ့တာပဲ။ သူ့သူငယ်ချင်းတချို့လည်း ပါတယ်။ ပြီးခဲ့တဲ့ တလခွဲလောက်တုန်းကပေါ့ဟာ။ ငါတို့ အိမ်နီးနားချင်းက မိန်းမတယောက် နှာချေရင်းနဲ့ တမ်ပူ ကျွတ်ထွက်သွားတဲ့အကြောင်းကို ပြောတာပါ။ တော်တော်ရယ်စရာကောင်းတဲ့အကြောင်းပါ။ မဟုတ်ဘူးလား”

“ရယ်ဖို့ တော်တော်ကောင်းတာပဲ” လို့ ကျွန်တော် ရယ်ရင်း ပြောလိုက်တယ်။

“ဟုတ်တယ်လေ။ တခြားလူတွေ အားလုံးလည်း ရယ်ကြတယ်ဟာ။ ဒါပေမဲ့ ငါ့လူကတော့ ငါ အဲ့ဒီလို ပြောလို့ တော်တော်ပေါက်သွားတယ်။ ငါ အဲဒီလို

ညစ်ပတ်တာတွေ မပြောသင့်ဘူးလို့ ပြောတယ်”

“သူက အဲဒီလိုပဲ။ တော်တော်ထူးဆန်းတယ်။ ငါ အဲ့ဒီလို ရယ်စရာပြောတိုင်း သူဟာ သဘောထား သေးသိမ်တယ် ဆိုပါတော့ဟာ ငါ အတွင်းခံဘောင်းဘီ အဖြူရောင် ဝတ်ရင်လည်း သူ ဂေါက်နေတော့တာပဲ။ သူ သဘောထား သေးသိမ်တယ်လို့ နင် မထင်ဘူးလား”

“ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တယောက်အကြိုက်နဲ့ တယောက် မတူနိုင်ဘူးလေ” လို့ ကျွန်တော် ပြောလိုက်တယ်။ ဒါပေမဲ့ အဲ့ဒီလိုလူက မီဒိုရီလို ကောင်မလေးရဲ့ရည်းစား လုံးဝ မဖြစ်သင့်ဘူးလို့ ကျွန်တော် ထင်တယ်။ ဒါပေမဲ့ ကျွန်တော် ထင်တာကို ထုတ်မပြောပါဘူး။

“ဒါနဲ့ နင်ရော ငါနဲ့ မတွေ့တဲ့အချိန်တွေမှာ ဘာတွေလုပ်နေလဲ” လို့ မီဒိုရီက မေးတယ်။

“ဒီလိုပါပဲဟာ။ ထုံးစံအတိုင်းပေါ့” လို့ သူ့ကို ကျွန်တော် ပြောချိန်မှာ သူ့ကို ကတိပေးထားတဲ့အတိုင်း သူ့ကို မှန်းပြီး ကျွန်တော် ဖြေဖျောက်ဖို့ ကြိုးစားတဲ့အကြောင်းကို အသံတိုးတိုးနဲ့ ပြောလိုက်မိတယ်။ တခြားလူတွေ မကြားနိုင်အောင်ပေါ့။

မီဒိုရီက မျက်ခွံပင့်ပြီး ကျွန်တော့်ကို မေးတယ်။ “ဘယ်လိုနေလဲ။ ကောင်းလား”

“ဘယ်လိုမှ မနေဘူး။ တဝက်လောက်မှာတင် ငါ့ကိုယ်ငါ ရှက်လို့ လက်လျှော့လိုက်ရတယ်”

“နင့်ရဲ့မာကျောမှုကို နင် ဆုံးရှုံးလိုက်ရတယ်ပေါ့”

“အေးပေါ့”

“အသုံးမကျဘူး” လို့ သူက ကျွန်တော့်ကို စိတ်ပျက်တဲ့အကြည့်နဲ့ ကြည့်ပြီး ပြောတယ်။ “နင် မရှက်သင့်ဘူး။ တခြား လိင်ဆွဲဆောင်မှုတခုခုကို စဉ်းစားသင့်တာပေါ့။ အဲ့ဒီလိုဆိုရင်လည်း ရတာပဲ ငါ နင့်ကို ဖုန်းနဲ့ ပြောပေးမယ်။ “အိုး ကောင်းတယ် ကောင်းတယ်။ အင်း... တော်ပါတော့။ ငါ ထွက်တော့မယ်။ အို... အဲဒီလို မလုပ်ပါနဲ့ဟာလို့ ငါ ပြောပေးမယ်လေ”

“အဆောင်ဖုန်းက ဧည့်ခန်းထဲမှာဟ လူတွေ ဖြတ်သွားဖြတ်လာနဲ့။ ငါသာ အဲ့ဒီလိုလုပ်နေရင် အားလုံးက ဝိုင်းသတ်ကြလိမ့်မယ်” လို့ ကျွန်တော် ရှင်းပြလိုက်တယ်။

"အိုး… တော်တော်ဆိုးတာပဲ"

"ထားပါတော့ဟာ။ ဒီရက်ပိုင်းအတွင်း ငါ ထပ်ကြိုးစားပါဦးမယ်" လို့ ကျွန်တော် ပြောလိုက်တယ်။

"အကောင်းဆုံးဖြစ်အောင် ကြိုးစား" လို့ မီဒိုရီက ပြောတယ်။

"အေးပါဟာ"

"ငါ့ကိုပဲ မြင်ယောင်နေ၊ ငါ ဆွဲဆောင်မှု မရှိလို့လား။ ပွင့်ပွင့်လင်းလင်းပြော"

"အဲ့ဒီလိုလည်း မဟုတ်ပါဘူးဟာ။ စိတ်နေစိတ်ထားနဲ့ပဲ ဆိုင်တယ်ဟ"

"အေးပါ နင်သိတဲ့အတိုင်း ငါ ခံစားမှု အရမ်းလွယ်တယ်လေ။ လက်ဖျားလေးတွေနဲ့ ထိလိုက်တာနဲ့ အင်း… အင်း လို့ ဖြစ်နေမှာပဲ"

"ငါ မှတ်ထားပါ့မယ်"

"ဟော့… ဒါနဲ့ ငါတို့ ညစ်တီးညစ်ပတ်ရုပ်ရှင် သွားကြည့်ရအောင်လား" လို့ မီဒိုရီက အကြံပြုတယ်။

ကျွန်တော်တို့နှစ်ယောက် အရက်ဆိုင်ကနေ ငါးရှဥ့်ဆိုင်ကို သွားဖြစ်ကြတယ်။ ပြီးတော့မှ ရှင်ဂျူကူမှာရှိတဲ့ လူကြီးသီးသန့်ပြတဲ့ ရုပ်ရှင်ရုံကို သွားဖြစ်တယ်။ ရုပ်ရှင်ရုံထဲ ဝင်လိုက်တာနဲ့ အမျိုးအမည် ဖော်လို့မရတဲ့ အနံ့တမျိုးကို ရတယ်။ ရုပ်ရှင်စခါနီးမှာမှ ကျွန်တော်တို့ ထိုင်ခုံကို ရောက်ကြတယ်။ အထက်တန်းကျောင်းသူ ညီအစ်မကို ပြန်ပေးဆွဲပြီး မညှာမတာ ရက်ရက်စက်စက် နှိပ်စက် ဆက်ဆံတဲ့ ဇာတ်လမ်းပါ။ အငယ်မကို အဓမ္မကျင့်မယ်လို့ ခြိမ်းခြောက်တာကြောင့် အကြီးမက အကုန်လုပ်ပေးရပြီး မြင်နေရတဲ့ အငယ်မခမျာ စိတ်မသက်မသာ ဖြစ်ရတာကို ရိုက်ပြထားတယ်။ မြင်နေကျဇာတ်လမ်းမို့ ကျွန်တော်တော့ ခဏလေးနဲ့ စိတ်ပျက်သွားရတယ်။

"ငါသာ အငယ်မနေရာမှာဆိုရင် အဲ့ဒီလိုဖြစ်မှာ မဟုတ်ဘူး။ ကြည့်နေမှာ" လို့ မီဒိုရီက ပြောတယ်။

"နင် အဲ့ဒီလိုလုပ်မှာ ငါ သိပါတယ်"

"ဟဲ့… သူရဲ့ ရင်သားထိပ်တွေက ဒီလောက်မည်းနေတာ ဘယ်လိုလုပ် အထက်တန်းကျောင်းသူ ဖြစ်မှာလဲ။ ဘယ်လိုမှ အပျို မဖြစ်နိုင်ဘူး"

"သိပ်သေချာတာပေါ့"

မီဒိုရီရဲ့မျက်လုံးတွေဟာ ပိတ်ကားနဲ့ ခွာလို့ မရဘူး။ ကျွန်တော်တော့ သူ့ကို အံ့ဩမိတယ်။ သူကတော့ သူ့အမြင်ကို ပြောလို့နေတယ်။

"သုံးယောက်စလုံးသာဆိုရင် သူပွင့်သွားမှာပဲ။ ငါလည်း တယောက်ယောက်ကို အဲ့ဒီလို လုပ်ချင်လိုက်တာ ဝါတာနာဘီ"

ကျွန်တော်ကတော့ ရုပ်ရှင်ထက် မီဒိုရီကို ပိုပြီး သဘောကျနေမိတယ်။

ဒီလိုနဲ့ ရုပ်ရှင် ခဏနားချိန် ရောက်လာတော့ ကျွန်တော် သတိထားမိလိုက်တာက ရုံထဲမှာ မိန်းမတယောက်မှ မရှိဘူး ဆိုတာကိုပါပဲ။ ကျောင်းသားတယောက်ဖြစ်ပုံရတဲ့ ကျွန်တော်တို့နားမှာ ထိုင်နေတဲ့လူငယ်ဟာ မီဒိုရီကို ကြည့်ပြီး နေရာပြောင်းထိုင်သွားတယ်။

"ဝါတာနာဘီ... နင် ဒီလိုကားမျိုးကိုကြည့်ရင်းနဲ့ မာကျောတတ်သလား"

"အင်း တခါတလေတော့လည်း မာကျောတတ်ပါတယ်။ အဲ့ဒါကြောင့်လည်း သူတို့ ဒီလိုကားမျိုး ရိုက်ကြတာပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။

"နင်ဆိုလိုချင်တာက အခန်းတခန်း စလိုက်တိုင်း ရုပ်ရှင်ရုံထဲက လူတိုင်းဟာ အာရုံတွေ စိုက်လာကြတယ်လို့ ပြောချင်တာလား။ ဒီထဲမှာရှိတဲ့ လူ သုံးလေးဆယ်လောက် ချက်ချင်း ထလာကြတယ်လို့ ပြောချင်တာလား။ နင် အဲဒီလို တွေးမိတာဟာ ကြောင်တောင်တောင်နိုင်တယ်လို့ မထင်ဘူးလား"

"ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲ့ဒီအကြောင်းကို နင်ပဲ ထုတ်ဖော်ပြောနေတာလေ"

ဒုတိယအခန်းကတော့ သာမန်ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ပထမအခန်းထက်တောင် ပိုလို့ ပျင်းဖို့ ကောင်းသေးတယ်။ အော်ရယ်အခန်းတွေ အများကြီး ပါဝင်သလို ဖဲ့ အခန်းတွေမှာဆိုရင်လည်း ရုပ်ရှင်ရုံတရုံလုံးကို အော်ညည်းသံတွေနဲ့ ဟိန်းညံလို့နေတယ်။ အဲဒီအသံတွေကို ကြားနေရတဲ့ အချိန်မှာ ကျွန်တော်ဟာ အူကြောင်ကြောင် ဂြိုဟ်တခုပေါ် ရောက်သွားသလိုပဲလို့တောင် ခံစားမိတယ်။

"ဒီလိုအသံတွေကို ဘယ်သူများလုပ်သလဲ မသိဘူးနော်" လို့ ကျွန်တော် မီဒိုရီကို ပြောလိုက်တယ်။

"အဲဒီအသံတွေ ကောင်းပါတယ်" လို့ မီဒိုရီက ပြန်ပြောတယ်။ ယောနိထဲ ဝင်ထွက်နေတဲ့ လိင်တံရဲ့ လှုပ်ရှားသံကိုပါ ကြားနေရတယ်။ အဲဒီလိုအသံမျိုး ရှိတာကို ကျွန်တော်တော့ တခါမှ သတိမထားမိဖူးဘူး။ ယောကျ်ားဟာ

အသက်တွေကို ခပ်ပြင်းရှူလို့နေတယ်။ အမျိုးသမီးကတော့ ပုံမှန်အသံတိုင်းပါပဲ။ ကောင်းလိုက်တာ... ကောင်းလိုက်တာ ဆိုပြီးတော့လို့ အောက်ကနေ အသံထွက်လို့နေတယ်။ အိပ်ရာရဲ့လှုပ်ရှားသံကိုတောင် ကြားနေရတယ်။ အဲဒီလိုပုံရိပ်တွေပဲ ထပ်တလဲလဲဖြစ်လို့နေတယ်။ မီဒိုရီဟာ အစောပိုင်းမှာတော့ စိတ်လှုပ်ရှားပုံ ရနေပေမယ့်လို့ ခဏခဏနေတော့ စိတ်ပျက်လာပြီး အပြင်ထွက်ဖို့ ပြောလာတယ်။ ကျွန်တော်တို့ အပြင်ကို ထွက်လိုက်ကြပြီး အသက်ကို ခပ်ပြင်းပြင်းရှူလိုက်ကြတယ်။ ဒီတကြိမ်ကတော့ ကျွန်တော့်ဘဝမှာ ပထမဆုံး ရှင်ဂျူကူရဲ့လေဟာ ကျန်းမာရေးအတွက် ကောင်းတာပါပဲ။

"ပျော်ဖို့ကောင်းတယ်နော်။ နောက်လည်း ထပ်လာကြတာပေါ့" လို့ မီဒိုရီက ပြောတယ်။

"သူတို့ အဲဒါမျိုးကြီးတွေပဲ လုပ်နေကြတာပါဟာ" လို့ ကျွန်တော် ပြောလိုက်တယ်။

"သူတို့ ဘာတွေ ထပ်လုပ်နိုင်မှာမို့လဲ။ ငါတို့လည်း အဲ့ဒါတွေပဲ လုပ်နေကြတာပဲ မဟုတ်လား"

သူပြောတာ ဟုတ်ပါတယ်။

ကျွန်တော်တို့နှစ်ယောက် နောက်ထပ် ဆိုင်တဆိုင်ကို ထပ်သွားပြီး သောက်ဖြစ်တယ်။ ကျွန်တော် ဝီစကီတွေ ထပ်မှာသောက်ဖြစ်တယ်။ မီဒိုရီကတော့ အမျိုးအမည် ဘာမှန်းမသိတဲ့ ကော့တေးတွေ သုံး၊ လေးခွက် မှာသောက်နေခဲ့တယ်။ မီဒိုရီက သူ သစ်ပင်တက်ချင်တယ်လို့ ပြောလာတယ်။

"ဒီနားမှာ သစ်ပင်မှ မရှိတာ။ သစ်ပင်ရှိရင်တောင်မှ နင် ဘယ်လိုတက်နိုင်တော့မှာလဲ"

"နင့်မှာ အဲဒီလိုအသုံးမကျတဲ့ ခံစားမှုတွေရှိတယ်။ နင် အားလုံးကို ဖျက်ဆီးနေတာပဲ။ ငါ အရက်မူးချင်လို့ သောက်တာ အခု မူးနေပြီ။ ဘာများမှားလို့လဲ။ ငါ မူးနေပေမယ့် သစ်ပင်တပင်လောက်တော့ တက်နိုင်သေးတယ်။ အပင်ကြီးကြီးမြင့်မြင့် သစ်ပင်တပင်ရဲ့ထိပ်ဆုံးကို ရောက်အောင် တက်ဦးမယ်။ ပြီးရင် လူတွေပေါ် သေးပန်းချဦးမယ်"

"နင် သေးသွားပေါက်ဖို့ အခွင့်အရေး မရခဲ့လို့လား"

"ဟုတ်တယ်"

ကျွန်တော် မီဒိုရီကို ရှင်ဂျူကူဘူတာမှာ အိမ်သာ လိုက်ပို့ပေးလိုက်တယ်။

သူ့အတွက် အကြွေစေ့တစေ့ ထည့်ပေးပြီး အထဲကို ပို့လိုက်တယ်။ ကျွန်တော်တော့ အနီးအနားမှာပဲ သတင်းစာတစောင် ဝယ်ပြီး ရပ်စောင့်နေလိုက်တယ်။ သူ့ကို စောင့်ရင်း သတင်းစာ ဖတ်နေလိုက်တယ်။ ဒါပေမဲ့ သူတော်တော်နဲ့ ထွက်မလာဘူး။ ဆယ့်ငါးမိနစ်ကျော်လို့ သူ ထွက်မလာတော့ ကျွန်တော် စိတ်ပူလို့ သွားကြည့်ခါနီးဆဲဆဲမှာ သူ မျက်နှာ ခပ်ဖျော့ဖျော့နဲ့ ပြန်ထွက်လာတယ်။

“ဆောရီးပဲ။ ငါ အိမ်သာထဲမှာ အိပ်ပျော်သွားတယ်”

“နင် အိုကေရဲ့လား” လို့ ကျွန်တော့်ကုတ်အကျႌကို ပခုံးပေါ်တင်ရင်း လှမ်းမေးလိုက်တယ်။

“သိပ်တော့ မအိုကေဘူး” လို့ သူက ပြန်ပြောတယ်။

“ငါ နင့်ကို အိမ်လိုက်ပို့ပေးမယ်လေ။ နင် အိမ်ပြန်ရောက်ရင် ရေအကြာကြီးချိုးလိုက်၊ နင့်ကြည့်ရတာ အရမ်းပင်ပန်းနေတဲ့ပုံမျိုး ဖြစ်နေတယ်"

“ငါ အိမ်မပြန်ချင်သေးဘူး။ မပြန်တော့ကော ဘာဖြစ်လဲ။ အိမ်မှာ ဘယ်သူမှမရှိဘူး။ အဲဒီလိုနေရာမျိုးမှာ ငါ တယောက်ထဲ မအိပ်ချင်ဘူး”

“ကြောက်ဖို့ကောင်းလာပြီ။ ဒါဆို နင် ဘာလုပ်မှာလဲ” လို့ ကျွန်တော် မေးလိုက်တယ်။

“ဒီအနီးအနားက ဟိုတယ် တခုခုကို သွားကြမယ်။ နင့်ရဲ့လက်မောင်းကို မှီပြီး ငါ တညလုံးအိပ်မယ်။ သစ်တုံးတတုံးလိုပေါ့။ မနက်ဖြန် မနက်ကျရင်တော့ ငါတို့ တနေရာရာမှာ မနက်စာစားပြီး ကျောင်းသွားကြမယ်”

“နင် အဲဒီလိုလုပ်ဖို့ ကြိုတင်စီစဉ်ထားတာ မဟုတ်လား။ အဲ့ဒါကြောင့် နင် ငါ့ကို ခေါ်လိုက်တာပေါ့”

“ဟုတ်တယ်”

“နင့်ရည်းစားကိုပဲ နင် ခေါ်သင့်တာ ငါ့ကို မခေါ်သင့်ဘူး။ နင့်ရည်းစားကို ခေါ်တာကမှ အဓိပ္ပာယ် ရှိလိမ့်မယ်။ ရည်းစားဆိုတာ အဲဒီအတွက်ပဲ မဟုတ်လား”

“ဒါပေမဲ့ ငါ နင်နဲ့ပဲ အတူရှိချင်တာ”

“နင် ငါနဲ့အတူနေလို့ မရဘူးလေ။ ပထမအချက်က ငါ သန်းခေါင်မတိုင်ခင် အဆောင်ပြန်ရမယ်။ မပြန်ရင် ငါဟာ ညမထွက်ရအမိန့် ဖောက်ရာကျလိမ့်မယ်။ အဲ့ဒီအတွက် ငါ မပေးဆပ်နိုင်ဘူး။ ပြီးတော့ ဒုတိယအချက်က ငါ မိန်းကလေးတယောက်နဲ့ အတူသွားရင် အဲ့ဒီမိန်းကလေးကို တပ်မက်မိလိမ့်မယ်။ ငါ

နောက်နေတာ မဟုတ်ဘူးနော်။ ငါနင့်ကို အတင်းလုပ်ခိုင်းမိလိမ့်မယ်”

“နင့် ငါ့ကို ရိုက်ပြီး ကြိုးတွေနဲ့ ချည်ပြီး မုဒိန်းကျင့်မယ်ပေါ့”

"ဟော့… အဲ့ဒီလို မပြောနဲ့။ ငါ အတည်ပြောနေတာ”

“ငါ အရမ်းအထီးကျန်နေတယ်။ တယောက်ယောက်နဲ့ အတူရှိချင်နေတယ်။ ငါကတော့ နင့်ကို ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ငါ နင့်ကို ဘာမှပြန်ပေးနိုင်မှာလဲ မဟုတ်ဘူး။ ငါ့ခေါင်းထဲ ရောက်လာတာတွေကို ပြောမယ်။ နင့်အခန်းထဲကနေ နင့်ကို ဆွဲထုတ်ပြီး တနေရာရာကို အတင်းခေါ်သွားမှာပဲ။ ငါ အဲ့ဒီလို လုပ်နိုင်တာလည်း နင်တယောက်ပဲ ရှိပါတယ်လေ။ တခြား လူတယောက်ယောက်ကို ငါနေချင်တဲ့ပုံစံနဲ့ ငါ လုပ်လို့မရဘူး။ ငါ အသက်ရှင်နေတဲ့ နှစ်နှစ်ဆယ်ကျော်လုံး ဆိုပါတော့။ ငါ့အဖေနဲ့ ငါ့အမေနဲ့ ငါ့ရည်းစားက ငါ့ကို နည်းနည်းလေးတောင် ဂရုစိုက်တာ မဟုတ်ဘူး။ ငါပြောချင်တာ ပြောလို့ရတာဆိုလို့ နင် တယောက်ထဲပဲ ရှိတယ်။ အခုတော့ ငါ အရမ်း အရမ်း ပင်ပန်းနေတယ်။ တယောက်ယောက်က သူ ငါ့ကို ဘယ်လောက်သဘောကျတဲ့ အကြောင်း၊ ငါ ဘယ်လောက်ချောတဲ့အကြောင်း ပြောတာ နားထောင်ရင်း အိပ်ပျော်သွားချင်တယ်။ ငါလိုချင်တာ အဲ့ဒါပဲ။ ငါ အိပ်ရာကနေ နိုးလာတဲ့အခါမှာတော့ ငါ့မှာ အင်အားတွေနဲ့ ပြည့်နှက်နေလိမ့်မယ်။ ငါ နင့်ကို အဲ့ဒါမျိုး ဘယ်တော့မှ ထပ်တောင်းဆိုမှာ မဟုတ်ပါဘူး။ ငါ ကျိန်ပြောရဲပါတယ်။ ငါ မိန်းမကောင်းလေး ဖြစ်သွားမှာပါ”

“နင်ပြောတာ ငါ နားထောင်နေပါတယ်။ ဒါပေမဲ့ ငါ ဘာမှ လုပ်မပေးနိုင်ဘူး”

“အို… ကျေးဇူးပြုပြီး လိုက်လျောပါဟာ။ နင် မလိုက်လျောရင်တော့ ငါ ဒီနေရာမှာ ထိုင်ချလိုက်ပြီး ခေါင်းတခုလုံး ကွဲထွက်သွားတဲ့အထိ တညလုံး ထိုင်ငိုနေမှာပဲ။ ငါ့ကို အရင်ဆုံး စကားလာပြောတဲ့လူနဲ့ အိပ်ပစ်လိုက်မှာနော်”

သူ အဲဒီလိုပြောတော့ ကျွန်တော် အဆောင်ကို ဖုန်းဆက်ပြီး နာကာဆာဝါကို ခေါ်ခိုင်းလိုက်ရတယ်။ နာကာဆာဝါ ဖုန်းလာကိုင်တော့ ကျွန်တော့်အခန်းကို အထဲမှာ လူရှိနေတဲ့ပုံစံဖြစ်အောင် လုပ်ပေးဖို့နဲ့ ကျွန်တော် မိန်းကလေးတယောက်နဲ့ အတူရှိနေတဲ့အကြောင်း ရှင်းပြလိုက်ရတယ်။

“ရပါတယ်။ ကူညီထိုက်ပါတယ်။ မင်းကို ကူညီရတဲ့အတွက်လည်း ငါ ဝမ်းသာပါတယ်။ မင်းအခန်းရှေ့မှာ ‘ရှိ’ ဆိုတဲ့ ကဒ်ပြားလေး ချိတ်ပေးလိုက်ရုံပါပဲ။ အချိန်ရရင် စကား ထပ်ပြောကြတာပေါ့။ စိတ်မပူပါနဲ့။ မနက်ကျရင် မင်း ငါ့အခန်းထဲကနေ ဝင်ပေါ့” လို့ နာကာဆာဝါက ပြောတယ်။

“ကျေးဇူးပါပဲ” လို့ ပြောပြီး ကျွန်တော် ဖုန်းချလိုက်တယ်။

"အဆင်ပြေလား" လို့ မိဒိုရီက မေးတယ်။

"ပြေတယ်"

"ဒစ္စကို သွားရအောင် အခု စောသေးတယ်"

"ခဏနားပါဦး။ နင့်ကြည့်ရတာ ပင်ပန်းနေတယ်"

"ရပါတယ်"

"အိုးမိုင်ဂေါ့ဒ်" လို့ ကျွန်တော် ပြောလိုက်တယ်။

※※※

သူ့စကားမှန်ပါတယ်။ ကျွန်တော်တို့ ဒစ္စကိုရောက်တော့ ကနေရင်း ကနေရင်းနဲ့ သူအင်အားတွေ ဖြည်းဖြည်းချင်း ပြန်ပြည့်လာပါတယ်။ သူ ဝီစကီနှစ်ခွက်နဲ့ Coke တွေ သောက်ထားတယ်။ နဖူးပေါ်က ချွေးဒီးဒီးကျတဲ့အထိ အကကြမ်းပြင်ပေါ်မှာပဲ။

"ပျော်စရာကြီးပဲနော်" လို့ သူ ကစားပွဲပေါ် ပြန်ရောက်တော့ ပြောတယ်။ "ငါ ဒီလို မကရတာ တော်တော်ကြာပြီ။ ခန္ဓာကိုယ်ကို ရွေ့လျားတဲ့အခါ စိတ်က ပေါ့ပါးသွားတယ်"

"နင့်စိတ်က အမြဲပေါ့ပါးနေတာပါဟာ"

"မဟုတ်ပါဘူးဟာ" လို့ သူက ခေါင်းခါပြီး ပြုံးရင်း ငြင်းပါတယ်။

"ဘာပဲဖြစ်ဖြစ် အခု ငါ နေလို့ကောင်းလာပြီ။ ဗိုက်လည်း ဆာလာပြီ။ ပီဇာ သွားစားရအောင်"

ကျွန်တော်သိတဲ့ ပီဇာဆိုင်ရောက်တော့ စည်ဘီယာနဲ့ ပီဇာ မှာလိုက်တယ်။ ကျွန်တော် ဗိုက်သိပ်မဆာလို့ ပီဇာဆယ့်နှစ်စိတ်ထဲက လေးစိတ်ပဲ စားတယ်။ ကျန်တာအားလုံးကို မိဒိုရီပဲ စားလိုက်တယ်။

"နင် ခဏလေးနဲ့ ပြန်လန်းဆန်းလာတယ်။ ခုနကတော့ နင့်မျက်နှာက ဖျော့တော့ နွမ်းလျနေတယ်"

"ဘာကြောင့်လဲဆိုတော့ ငါရဲ့တကိုယ်ကောင်းဆန်တဲ့ တောင်းဆိုမှုကို တယောက်ယောက်က လိုက်လျောလို့ပေါ့။ ငါ့ကို ပေါ့ပါးသွားစေတာ။ ပီဇာက တော်တော်ကောင်းတာပဲဟ"

"ငါ့ကို ပြောပါဦး။ နင့်အိမ်မှာ တကယ်ပဲ ဘယ်သူမှ မရှိဘူးလား"

"တကယ်မရှိပါဘူး။ ငါ့ညီမကလည်း သူ့ သူငယ်ချင်းအိမ်မှာ နေနေတယ်။ ငါမရှိရင် ငါ့ညီမအိမ်မှာ တယောက်ထဲ မအိပ်ရဲဘူး"

"အချစ်ဟိုတယ်သွားမယ့်ကိစ္စကို မေ့လိုက်ပါဟာ အဲ့ဒီလိုနေရာသွားရင် နင့်ကိုယ်နင် အပေါစားလို့ တွေးမိစေလိမ့်မယ်။ နင်တို့အိမ်ပဲ သွားရအောင် ငါ့အတွက် အိပ်ရာရှိတယ် မဟုတ်လား"

မီဒိုရိက ခဏလောက်စဉ်းစားပြီးတော့ ခေါင်းညိတ်တယ်။ "အိုကေ... ဒီည အိမ်မှာပဲနေရအောင်"

ကျွန်တော်တို့နှစ်ယောက်ဟာ မာနုတ်ရထားနဲ့ အိုဆူကာကို သွားလိုက်တယ်။ ခဏနေတော့ ကိုဘာယာရှိ စာအုပ်ဆိုင်ရှေ့မှာ ပိတ်ထားတဲ့ ရှပ်တာတံခါးကို တွန်းဖွင့်လိုက်ကြတယ်။ ရှပ်တာ တံခါးပေါ်မှာ 'ခေတ္တပိတ်ထားသည်' လို့ ရေးထားတယ်။ မှောင်နေတဲ့ဆိုင်ထဲမှာ စက္ကူ အဟောင်းနံ့တွေနဲ့ ပြည့်လို့ နေတယ်။ မဂ္ဂဇင်းအများကို ဒီအတိုင်း ပုံလို့ထားတယ်။ ဘာမှန်းမသိတဲ့ အေးစက်စက်ခံစားမှုကို ပထမအကြိမ် ရောက်ခဲ့စဉ်ကထက် ပိုခံစားနေရတယ်။ ဒီဆိုင်ဟာ ကမ်းခြေမှာ ဒီတိုင်းပစ်ထားတဲ့ သင်္ဘောပျက် တစင်းနဲ့တောင် တူလို့နေတယ်။

"ဆိုင်ပြန်ဖွင့်ဖို့ အစီအစဉ် မရှိတော့ဘူးလား"

"မရှိဘူး။ ငါတို့ ရောင်းတော့မှာ ပိုက်ဆံတွေခွဲယူပြီး ဘယ်သူ့အုပ်ထိန်းမှုမှ မပါဘဲ ကိုယ့်ဘာသာကိုယ် နေကြတော့မှာ။ ငါ့ညီမကတော့ ရှေ့နှစ် အိမ်ထောင်ပြုလိမ့်မယ်။ ငါကတော့ ကျောင်းသုံးနှစ် ဆက်တက်ရဦးမယ်။ ငါတို့ သီးခြားစီ နေနိုင်ကြပါတယ်။ ငါ အချိန်ပိုင်းအလုပ်ကို ငါ ဆက်လုပ်ဦးမယ်။ ဒီနေရာကို ရောင်းပြီးရင် ငါ့ညီမတိုက်ခန်းမှာ ခဏတော့ ငါ နေဦးမယ်"

"ဒီနေရာကို ဝယ်မယ့်လူရောရှိလား"

"ရှိတယ်။ အပ်ချုပ်ပစ္စည်း အရောင်းဆိုင်ဖွင့်ချင်တဲ့ လူတယောက်တော့ရှိတယ်။ သူက ငါ့ကို ဆိုင်ရောင်းမလားလို့ မေးတာ ခဏခဏပဲ။ သနားဖို့ကောင်းတဲ့ ငါ့အဖေကြောင့်သာ မရောင်းတာ။ သူက ဒီနေရာကို ဝယ်နိုင်ဖို့ အလုပ်တွေ အများကြီး လုပ်ခဲ့ရတယ်။ သူ အကြွေးတွေကို နည်းနည်းချင်း ဆပ်နေခဲ့ရတယ်။ နောက်ဆုံးတော့လည်း သူ ဘာမှထားမသွားနိုင်ဘူး။ မြစ်ထဲက ရေမြှုပ်ကလေးလို ပျောက်ကွယ်သွားတယ်"

"သူ ဘာမှ မချန်ထားနိုင်ပေမယ့် နင့်ကိုတော့ ထားခဲ့နိုင်တာပဲလေ"

"ငါ... ဟုတ်လား” လို့ မီဒိုရီက ရယ်ပြီးပြောတယ်။ သူ အသက်ပြင်းပြင်းရှူပြီး မှုတ်ထုတ်လိုက်တယ်။

“အပေါ်ထပ်တက်ရအောင်။ အောက်မှာ အေးတယ်”

အပေါ်ထပ်ရောက်တော့ သူ ကျွန်တော့်ကို မီးဖိုချောင်က စားပွဲမှာ ထိုင်ခိုင်းပြီး ရေချိုးခန်း ရေနွေးအောင် သွားလုပ်တယ်။ သူ အလုပ်ရှုပ်နေတုန်း ကျွန်တော်တော့ ရေနွေးအိုးတည်ပြီး လက်ဖက်ရည် ဖျော်လိုက်တယ်။ ရေချိုးခန်း ရေနွေးတာကိုစောင့်ရင်း ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည် သောက်ကြတယ်။ မေးစေ့ကို လက်နဲ့ထောက်ရင်း သူ ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေတယ်။ နာရီသံနဲ့ ရေခဲသေတ္တာအသံ၊ ရေနွေးစက်က တတစ်တစ်မြည်သံကလွဲပြီး ဘာသံမှမကြားရဘူး။ နာရီက မကြာခင် သန်းခေါင်ချိန် ရောက်တော့မယ်လို့ ပြနေတယ်။

“ဝါတာနာဘီ... နင့်ကို ငါ စေ့စေ့စပ်စပ် ကြည့်ပြီးပြီ။ နင့်မျက်နှာက စိတ်ဝင်စားစရာကောင်းတဲ့ မျက်နှာပဲ”

“နင် အဲဒီလို ထင်လို့လား”

“နင့်ရဲ့မျက်နှာလှလှလေးက ငါ့ကို ဆွဲဆောင်မှုရှိတယ်။ နင့်မျက်နှာကို ကြည့်လေလေ၊ ငါ တွေးမိလေလေပါပဲ”

“ဘာကိုတွေးမိတာလဲ”

“ငါ မကောင်းပြောမလို့ မဟုတ်ပါဘူး။ ငါ ပြောချင်တာကို စကားလုံးတွေနဲ့ ငါ ပုံမဖော်တတ်လို့ပါ။ ငါ ပြောချင်တာက ငါ နင့်ကို သဘောကျတယ် ဆိုတာပါ။ ငါ နင့်ကို အဲ့ဒါပြောဖူးလား”

“ပြောဖူးတယ်”

“ယောကျ်ားတွေရဲ့ချို့ယွင်းချက်တွေကို ပုံဖော်ပြောတတ်တာ ငါတယောက်ထဲ မဟုတ်ပါဘူး။ တခါတလေတော့လည်း သူ့အလိုလို ကြည့်ဖြစ်သွားတာမျိုးပါ”

မီဒိုရီက မာလ်ဘိုရိုတဗူး ယူလာတယ်။ “သူညကစတဲ့အချိန်မှာ နင့်မှာ သင်စရာတွေ အများကြီးပေါ့”

“အေးပေါ့”

"အဲ... ငါ မေ့တော့မလို့။ နင် ငါ့အဖေအတွက် အမွှေးတိုင် ထွန်းမလား”

ကျွန်တော် မီဒိုရီနောက်က ဘုရားစင်ရှေ့လိုက်သွားတယ်။ မီဒိုရီရဲ့အဖေ့ဓာတ်ပုံရှေ့မှာ အမွှေးတိုင် တတိုင် တွန်းပြီး လက်တွေကို ပူးကပ်လိုက်တယ်။

"ဟိုနေ့က ငါ ဘာလုပ်လဲသိလား" လို့ မီဒိုရီက မေးတယ်။ "ငါ့အဖေဓာတ်ပုံရှေ့မှာ ငါ တကိုယ်လုံး ချွတ်နေလိုက်တယ်။ အဝတ်အစား အကုန်ချွတ်ပြီး အဖေ့ကို အကြာကြီး ကြည့်ခိုင်းလိုက်တယ်။ ယောဂကျင့်သလို ပုံစံမျိုးနဲ့ပေါ့။ ဒီလိုလေ အဖေ ဒါကတော့ ဘာ၊ ဒါကတော့ ဘာလို့လည်း ပြောလိုက်သေးတယ်"

"နင် ဘာလို့ အဲဒီလိုလုပ်တာလဲ"

"ငါ မသိဘူး။ ငါ သူ့ကိုပြောချင်လို့ ငါ့ရဲ့ခန္ဓာကိုယ် တဝက်လောက်က သူ့သုတ်သွေးထဲကနေ ဖြစ်လာတာလေ။ ငါ ဘာလို့ မပြရမှာလဲ။ "ဒါ အဖေပြုလုပ်ခဲ့တဲ့ သမီးလေ" လို့ ငါ ပြောခဲ့တယ်။ ငါ အဲဒီနေ့က မူးနေခဲ့တယ်။ အဲဒီလိုလုပ်လိုက်တာ စိတ်သက်သာရာရသွားတယ်"

"ထားပါတော့"

"ငါ့ညီမ အခန်းထဲဝင်လာတော့ မူးပြီး လဲကျသွားတယ်။ ငါ့အဖေရဲ့အမှတ်တရ ဓာတ်ပုံရှေ့မှာ ငါ အဝတ်မပါလုံးတီးနဲ့ ပေါင်ကားလို့နေတာကိုး။ ဘယ်သူမဆို အံ့အားသင့်သွားမှာပဲလို့ ငါ ထင်ပါတယ်"

"အေးပေါ့"

"ငါ ဘာကြောင့် အဲဒီလိုလုပ်သလဲဆိုတာကို ရှင်းပြပြီး သူ့ကို ပြောပြခဲ့တယ်။ ငါ့ဘေးမှာထိုင်ပြီး အဖေ့ကို ငါ့လို ပြလိုက်စမ်းပါ... မိုမို "သူ့နာမည်က မိုမိုပါ" လို့ ပြောခဲ့တယ်။ ဒါပေမဲ့ သူ ငါပြောသလို မလုပ်ခဲ့ပါဘူး။ သူ တုန်လှုပ်ပြီး ထွက်ပြေးသွားခဲ့တယ်။ သူဟာ တကယ့်ကို ကွန်ဆာဗေးတစ် ညာဥ်ရှိတဲ့ ကောင်မလေးပဲ"

"တခြားနည်းနဲ့ ပြောမယ်ဆိုရင် သူဟာ တကယ့်ကို ပုံမှန်ကောင်မလေးပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။

"ဝါတာနာဘဲ... နင့်အထင် ပြောစမ်းပါဦး။ ငါ့အဖေကို နင် ဘယ်လိုထင်သလဲ"

"တွေ့ခါစ လူတွေအကြောင်းကို ငါ မခန့်မှန်းတတ်ဘူး။ ဒါပေမဲ့ နင့်အဖေနဲ့ နှစ်ယောက်ထဲရှိနေချိန်ကို ငါ စိတ်မပျက်ပါဘူး။ ငါ သူနဲ့ တော်တော်

အဆင်ပြေတယ်။ ငါတို့နှစ်ယောက် အကြောင်းအရာမျိုးစုံ ပြောဖြစ်ခဲ့ကြတယ်”

“ဘာတွေပြောဖြစ်ကြလဲ”

“ယူရီပီးဒီး” လို့ ကျွန်တော် ပြောလိုက်တယ်။

မီဒိုရီဟာ အသံထွက်ပြီး ရယ်တော့တာပဲ။

“နင် တော်တော်ကြောင်တာပဲ။ သေခါနီးလူတယောက်ရှေ့မှာ ဘယ်သူမှ ယူရီပီးဒီးအကြောင်း ပြောမှာ မဟုတ်ဘူး”

“အေးလေ။ ဘယ်သူမှလည်း သူ့အဖေရဲ့အမှတ်တရခါတ်ပုံရှေ့မှာ ကိုယ်တုံးလုံး ချွတ်ပြမှာ မဟုတ်ဘူး”

မီဒိုရီဟာ ရယ်မောလိုက်ပြီး ဘုရားစင်ရှေ့က ခေါင်းလောင်းကို တီးလိုက်တယ်။ “ဂွဒ်နိုက်ပါ ဖေဖေ” သမီးတို့ ပျော်စရာလေးတွေ ရှာလိုက်ဦးမယ်။ စိတ်မပူပါနဲ့။ အိပ်ပျော်အောင်သာ အိပ်လိုက်တော့ ဖေဖေက သေပြီးသွားပြီပဲ။ ဘာမှထပ်နာကျင်စရာမှ မရှိတော့ဘူးလေ။ ဖေဖေ တကယ်လို့ ထပ်နာကျင်သေးတယ်ဆိုရင်လည်း နတ်တွေကို ပြောပြလိုက်ပေါ့။ အရမ်းရက်စက်တာပဲလို့ ပြောလိုက်ပေါ့။ မေမေနဲ့ တွေ့လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဖေဖေ သေးပေါက်တုန်းက ရှူးရှူးဆိုတဲ့အသံကို သမီးကြားခဲ့ရတယ်။ အထင်ကြီးစရာပါပဲ။ ဖေဖေ့မှာ ရှိသမျှကို မေမေ့ကို ပေးလိုက်ပါ။ ဂွဒ်နိုက်”

※※※

ကျွန်တော်တို့နှစ်ယောက် အလှည့်ကျ ရေချိုးပြီး ညအိပ်ဝတ်စုံ လဲလိုက်ကြတယ်။ ကျွန်တော် သူ့အဖေရဲ့ဝတ်စုံကို ဝတ်လိုက်တယ်။ ကျွန်တော့်အတွက်တော့ တော်တော့်ကို သေးငယ်နေပါတယ်။ မီဒိုရီဟာ ကျွန်တော့်အတွက် ဘုရားစင်ရှေ့မှာ မွေ့ရာနဲ့ အိပ်ရာခင်းပေးပါတယ်။

“နင် ဘုရားစင်ရှေ့မှာ အိပ်ရတာ မကြောက်ဘူး မဟုတ်လား” လို့ မီဒိုရီက မေးတယ်။

“ဘာလို့ ကြောက်ရမှာလဲ။ ငါ မဟုတ်တာ ဘာမှမလုပ်တာ” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“နင် ငါနဲ့အတူနေပြီး ငါ အိပ်ပျော်တာကို စောင့်ရဦးမယ်လေ”

“ရပါတယ်”

မီဒိုရိရဲ့အိပ်ရာသေးသေးလေးပေါ်မှာ ကျွန်တော်တော့ ပြုတ်ကျလုမတတ်ပဲ။ သူ့ကို ကျွန်တော် ပွေ့ဖက်ထားတယ်။ မီဒိုရိရဲ့နှာခေါင်းဟာ ကျွန်တော့်ရဲ့ရင်ဘတ်ရှေ့မှာ ရောက်နေပြီး သူ့ရဲ့လက်တွေကတော့ ကျွန်တော့်ရဲ့ခါးပေါ်ကို ရောက်လို့နေတယ်။ ကျွန်တော်ကတော့ မွေ့ရာပေါ်ကနေ ပြုတ်မကျအောင် တဖက်က ဘယ်လက်နဲ့ ထောက်ထားသလို တဖက်ကလည်း ညာလက်နဲ့ သူ့ရဲ့ကျောကို ကိုင်ထားမိတယ်။ ဒီအခြေအနေက တကယ့်ကို လိင်စိတ်ကြွချင်စရာပါပဲ။ အခြေအနေတော့ မဟုတ်ပါဘူး။ ကျွန်တော့်နှာခေါင်းဟာ သူ့ရဲ့ခေါင်းပေါ်ကို ရောက်လို့နေတယ်။ သူ့ရဲ့တိုတောင်းတဲ့ ဆံပင်ဟာ ကျွန်တော့်ကို မကြာခဏဆိုသလို ကလိထိုးသလို ဖြစ်နေပါတယ်။

"ငါ့ကို တခုခုပြောစမ်းပါ" လို့ မီဒိုရိက ကျွန်တော့် ရင်ဘတ်မှာ ခေါင်းအပ်ရင်း ပြောတယ်။

"ငါ ဘာပြောရမလဲ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ။ ငါ ကြိုက်မယ့်တခုခုပေါ့"

"နင်က တော်တော်ချစ်ဖို့ကောင်းတယ်"

"မီဒိုရိဆိုတဲ့ ငါ့နာမည်ပါထည့်ပြော"

"နင် အရမ်းချစ်ဖို့ကောင်းတာပဲ… မီဒိုရိ" လို့ ကျွန်တော် ထပ်ပြောလိုက်တယ်။

"အရမ်းချစ်ဖို့ကောင်းတာပဲဆိုတာ ဘာကိုပြောတာလဲ"

"တောင်တန်းတွေ ဖြည်းဖြည်းချင်း ပဲ့ကြွေကြသလို၊ သမုဒ္ဒရာတွေ ခြောက်ခန်းသွားသလို ချစ်ဖို့ ကောင်းတယ်"

မီဒိုရိဟာ ခေါင်းထောင်ပြီး ကျွန်တော့်ကို မော့ကြည့်တယ်။

"နင် စကားပြောတာ တော်တော်ကောင်းတာပဲ"

"နင် အဲဒီလိုပြောချိန်မှာ ငါ့နှလုံးသားဟာ တော်တော် နူးညံ့သွားတယ်" လို့ ကျွန်တော် ပြုံးပြီး ပြောလိုက်တယ်။

"အဲဒီထက် ကောင်းတာ တခုခု ပြောပါဦး"

"ငါ နင့်ကို သဘောကျတယ်… မီဒိုရိ အရမ်းအရမ်းပါပဲ"

"ဘယ်လောက်ထိအောင်လဲ"

“ဝက်ဝံပျိုလေးတကောင်လောက်ပေါ့”

“ဝက်ဝံပျိုလေး တကောင်ဟုတ်လား” လို့ ပြောပြီး မီဒိုရီက ကျွန်တော့်ကို မော့ကြည့်ပြန်တယ်။ “ဝက်ဝံပျိုလေးတကောင်ဆိုတာ ဘယ်လောက်ထိအောင်လဲ”

“နင်က နွေဦးရာသီမှာ လယ်ကွင်းကြီးတခုထဲ တယောက်ထဲ ဖြတ်လျှောက်သွားမယ်ဟာ။ ကတ္တီပါလို သားမွေးနဲ့ ဝက်ဝံပေါက်ကလေးဟာ တောက်ပတဲ့ မျက်ဝန်းအစုံနဲ့ နင့်ဘေးနားရောက်လို့ လာလိမ့်မယ်။ သူက နင့်ကို ပြောလိမ့်မယ်။ “ဟိုင်း ကောင်မကလေး။ ငါနဲ့အတူ ဂျွမ်းထိုးချင်သလား၊ အဲ့ဒီလိုနဲ့ နင်နဲ့ ဝက်ဝံပေါက်ကလေးဟာ တယောက်ကို တယောက်ဖက်ရင်း တနေ့လုံး အချိန်ဖြုန်းကြမယ်။ ပဲရွက်ပင်တွေ အပြည့်ပေါက်နေတဲ့ တောင်ကုန်းမှာ နင်တို့ တနေကုန် ဂျွမ်းထိုးကြလိမ့်မယ်။ မကောင်းဘူးလား”

“ကောင်းတယ်။ တကယ် ကောင်းတယ်”

“အဲဒီလောက်ထိအောင် ငါ နင့်ကို သဘောကျတယ်”

“ငါ ကြားဖူးသမျှထဲမှာ အကောင်းဆုံးပါပဲ” လို့ မီဒိုရီက ကျွန်တော့်ကို ပူးကပ်ပွေ့ဖက်ရင်း ပြောပါတယ်။

“နင် ငါ့ကို အဲဒီလောက်တောင် ကြိုက်နေရင် ငါ ပြောသမျှအားလုံးကို နင် လုပ်မှာပေါ့။ ငါလုပ်ခိုင်းလို့ နင် ရူးမသွားဘူး မဟုတ်လား”

“ငါ မရူးပါဘူး”

“နင် ငါ့ကို အမြဲတမ်း၊ အမြဲတမ်း စောင့်ရှောက်မှာပေါ့”

“အင်းပေါ့” လို့ ကျွန်တော် သူ့ရဲ့တိုတောင်းပြီး ယောကျ်ားလေးဆန်တဲ့ ဆံပင်ကို ပွတ်ရင်း ပြောလိုက်ပါတယ်။ "စိတ်မပူပါနဲ့။ အားလုံး အဆင်ပြေသွားမှာပါ”

“ငါ စိတ်ပူလို့ပါဟာ”

ကျွန်တော် သူ့ကို ညင်သာသာ ပွေ့ဖက်လိုက်တယ်။ သူ့ပခုံးတွေဟာလည်း မြင့်တက်လာပြီး ခဏနေတော့ သူ အိပ်ပျော်သွားတယ်။ သူ့ရဲ့အသက်ရှူသံတွေ ကျွန်တော် ကြားနေရတယ်။ ကျွန်တော် သူ့ကို အိပ်ရာထဲမှာထားပြီး အိပ်ရာထဲကနေ ထွက်လာတယ်။ မီးဖိုချောင်ကို ကျွန်တော်သွားပြီး ဘီယာတဗူး သောက်လိုက်တယ်။ ကျွန်တော် မအိပ်ချင်သေးတာနဲ့ စာအုပ်တအုပ် ဖတ်ဖို့ စဉ်းစားလိုက်တယ်။ ဒါပေမဲ့ ကျွန်တော် ဖတ်လောက်တဲ့ စာအုပ်တအုပ်မှ အနီးအနား မတွေ့ရဘူး။ မီဒိုရီရဲ့အခန်းထဲသွားပြီး စာအုပ်ရှာဖို့ စဉ်းစားမိပေမယ်လို့ သူ အိပ်နေတဲ့နေရာနားက ဖြတ်သွားလို့ သူ့ကို မနိုးစေချင်တာကြောင့် ကျွန်တော် အဲဒီစိတ်ကူးကို

လက်လျှော့လိုက်ပါတယ်။

ကျွန်တော် ဘီယာသောက်ရင်း ကျွန်တော် ဖြတ်လျှောက်သွားမယ့်နေရာကို ခဏ ငေးကြည့်နေမိတယ်။ နောက်တော့ ကျွန်တော်ဟာ စာအုပ်ဆိုင်တဆိုင်ထဲ ရောက်နေတာဆိုတာကို သတိရလာမိတယ်။ ကျွန်တော် အောက်ထပ်ဆင်းပြီး မီးဖွင့်လိုက်တယ်။ အဖုံးပျော့ စာအုပ်စင်ကိုပဲ ရှာမိတယ်။ ကျွန်တော့်ကို ဆွဲဆောင်နိုင်တဲ့စာအုပ် မရှိပါဘူး။ အများစုက ကျွန်တော် ဖတ်ပြီးသားတွေချည်းပါပဲ။ ဘာစာအုပ်ဖြစ်ဖြစ် ဖတ်မယ်ဆိုတဲ့စိတ်နဲ့ပဲ ကျွန်တော် ရှာနေမိပါတယ်။ ကျွန်တော် အရောင်တွေ ပြယ်နေပြီဖြစ်တဲ့ ဟာမန်းဟက်စ်ရဲ့ "Beneath the Wheel" စာအုပ်ကို ကောက်ကိုင်လိုက်တယ်။ အဲဒီစာအုပ်ဟာ နှစ်ကာလများစွာ မရောင်းရလို့ ရှိနေတဲ့ စာအုပ်ပါ။ ငွေသိမ်းကောင်တာနားမှာ ပိုက်ဆံထားပြီး အဲ့ဒီစာအုပ်ကို ယူလာလိုက်တယ်။ ကျွန်တော့်ရဲ့ ပိုက်ဆံဟာ ကိုဘာယာရှိ စာအုပ်ဆိုင် တည်ထောင်ခြင်းအတွက် မဖြစ်စလောက် ထည့်ဝင်တဲ့ ငွေကြေးပါ။

ကျွန်တော် မီးဖိုချောင်စားပွဲမှာ ထိုင်၊ ဘီယာသောက်ရင်း "Beneath the Wheel" စာအုပ်ကို ဖတ်နေလိုက်တယ်။ ဒီစာအုပ်ကို ကျွန်တော် အလယ်တန်း ရောက်ခါစကတော့ တခါဖတ်ဖူးပါတယ်။ အခု အဲ့ဒီအချိန်ကနေ ရှစ်နှစ်ကြာတဲ့အခါမှာတော့ မိန်းကလေးတယောက်ရဲ့ မီးဖိုချောင်စားပွဲမှာ ထပ်ဖတ်မိနေပြန်တယ်။ အဲဒီကောင်မလေးရဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ အဖေရဲ့သေးငယ်တဲ့ ညအိပ်ဝတ်စုံကို ဝတ်ရင်းနဲ့ပေါ့။ ရယ်စရာပါပဲ။ ဒီလို အူကြောင်ကြောင် အခြေအနေမျိုးသာ မရှိရင် ဒီစာအုပ်ကို ကျွန်တော် ပြန်ဖတ်မိမှာ မဟုတ်ပါဘူး။

စာအုပ်ထဲမှာ သက်ဆိုင်တဲ့ အချိန်ရက်စွဲတွေ ပါပေမယ့်လို့ ဝတ္ထုကတော့ မဆိုးလှပါဘူး။ ကျွန်တော်ဟာ တိတ်ဆိတ်နေတဲ့ စာအုပ်ဆိုင်ရဲ့ ညသန်းခေါင်ယံမှာ အဲ့ဒီစာအုပ်ကို ဖြည်းဖြည်းချင်း၊ တကြောင်းချင်း ဖတ်ရှုလို့ နေပါတယ်။ မီးဖိုချောင်က စင်ပေါ်မှာ အနည်ထနေတဲ့ ဘရန်ဒီပုလင်း တလုံး တွေ့ပါတယ်။ ကျွန်တော် ကော်ဖီခွက်ထဲ ဘရန်ဒီ နည်းနည်းထည့်လိုက်ပါတယ်။ ဘရန်ဒီဟာ ကျွန်တော့်ကို နွေးထွေးသွားစေတာကလွဲလို့ အိပ်ချင်စိတ် မဖြစ်စေပါဘူး။

ကျွန်တော် မီဒိုရီကို ခဏသွားကြည့်မိပါတယ်။ သူဟာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်လို့ နေပါတယ်။ သူဟာ တော်တော့်ကို ပင်ပန်းလာတဲ့ပုံပါပဲ။ စာအုပ်ဆိုင်ရဲ့ပြတင်းပေါက် အပြင်ဘက်က ဓာတ်တိုင်တွေက အလင်းရောင်ဟာ ဝိုးတဝါး လင်းလို့နေပါတယ်။ သူဟာ လှလှပပ လဲလျောင်း အိပ်စက်ငြိမ်သက်နေတယ်။ သူ့ဘေးနားမှာ ကျွန်တော် ကိုင်းညွတ်မိတော့ သူ့ရဲ့အသက်ရှူသံတွေကိုပဲ ကြားနေရတယ်။ သူဟာ သူ့အဖေလိုပဲ အိပ်ပျော်လို့

နေတယ်။

မကြာသေးခင်က သူထွက်ခဲ့တဲ့ခရီးမှာ ယူသွားခဲ့တဲ့ ခရီးဆောင်အိတ်ဟာ သူ့နံဘေးရှိနေတယ်။ သူ့ရဲ့ အဖြူရောင်ကုတ်အင်္ကျီကတော့ ခုံပေါ်မှာ ရောက်နေတယ်။ သူ့ရဲ့ကွန်ပျူတာကတော့ သပ်သပ်ရပ်ရပ်ပဲ။ စားပွဲပေါ်မှာက Snoopy ပြက္ခဒိန်ကို ချိတ်ဆွဲထားတယ်။ ကျွန်တော် လိုက်ကာကို တွန်းဖယ်ပြီး တိတ်ဆိတ်နေတဲ့ဆိုင်တွေကို ကြည့်မိတယ်။ ဆိုင်တိုင်းပိတ်ထားပြီး ဆိုင်ရှေ့က သတ္တုတံခါးတွေ ပိတ်လို့ထားတယ်။ အရက်ဆိုင်ရဲ့ရှေ့မှာရှိနေတဲ့ အရောင်းစက်ကတော့ အရုဏ်တက်ချိန်ကို စောင့်နေသလိုပါပဲ။ ဟိုးအဝေးက ရောက်လာတဲ့ ထရပ်ကားတာယာသံတွေဟာ လေနဲ့အတူ ကြားနေရတယ်။ ကျွန်တော် မီးဖိုခန်းထဲပြန်သွားပြီး ဘရန်ဒီထပ်သောက်ပြီး "Beneath the Wheel" ကို ထပ်ဖတ်ဖြစ်တယ်။

ကျွန်တော် စာအုပ်ဖတ်လို့ ပြီးချိန်မှာတော့ ကောင်းကင်ဟာ လင်းလို့နေပါပြီ။ အသင့်ဖျော် ကော်ဖီတထုပ် ဖျော်သောက်လိုက်တယ်။ မှတ်စုစာရွက်တရွက်ပေါ်မှာ စားပွဲပေါ်မှာတွေ့တဲ့ ဘောလ်ပင်နဲ့ မီဒိုရီကို မက်ဆေ့ဂျ် ထားခဲ့လိုက်ပါတယ်။ “ငါ နင့်ရဲ့ဘရန်ဒီ နည်းနည်းသောက်မိတယ်။ Beneath the Wheel စာအုပ်ကို ငါ ဝယ်ခဲ့တယ်။ အခု မနက်လင်းနေပြီ။ ငါ အဆောင်ပြန်တော့မယ်။ ဂွဒ်ဘိုင်” လို့ ကျွန်တော် ရေးလိုက်တယ်။ နောက်မကြာခင်မှာပဲ “နင်အိပ်နေချိန်မှာ တကယ်ပဲ ချစ်ဖို့ကောင်းတယ်” လို့ ထပ်ရေးလိုက်တယ်။ ကျွန်တော် ကော်ဖီခွက်ဆေးပြီး၊ မီးဖိုချောင်မီးပိတ်ပြီး လှေကားကနေဆင်းရင်း ရှက်တာတံခါးကို တိတ်တဆိတ်ဖွင့်ပြီး အပြင်ထွက်လာခဲ့တယ်။ ကျွန်တော့်ကို အိမ်နီးချင်းတယောက်ယောက်က သံသယနဲ့ ကြည့်မှာကို စိုးရိမ်မိပေမယ့် မနက် ၅ နာရီ ၅၀ မိနစ်မှာ လမ်းပေါ်မှာ လူတယောက်မှ မရှိပါဘူး။ ခေါင်မိုးတွေပေါ်မှာ ထုံးစံအတိုင်းရှိနေတဲ့ ကျီးကန်းတွေက လမ်းပေါ်ကို ငေးစိုက်ကြည့်နေကြတယ်။ ကျွန်တော်တော့ မီဒိုရီရှိတဲ့ အခန်းတံခါးက ပန်းရောင်အဖျော့လိုက်ကာကို ကြည့်ပြီး ကားမှတ်တိုင်ကို လျှောက်လာခဲ့တယ်။ ကားဂိတ်အဆုံးကို ရောက်တော့ အဆောင်ကို လမ်းလျှောက်ရပြန်တယ်။ အဆောင်ကိုပြန်တဲ့လမ်းမှာ ဖွင့်ထားတဲ့ စားစရာဆိုင်မှာ ထမင်းရယ် မီဆိုစွပ်နဲ့ ရှာလကာရည်စိမ်ထားတဲ့ ဟင်းရွက်တွေနဲ့ ကြက်ဥကြော် စားလိုက်တယ်။ အဆောင်ပတ်လည်ကို ကြည့်ရင်း ပထမထပ်မှာရှိတဲ့ နာကာဆာဝါရဲ့ အခန်းတံခါးကို ခေါက်လိုက်တယ်။ သူ ကျွန်တော့်ကို အထဲဝင်ခွင့်ပေးပြီး “ကော်ဖီသောက်မလား” လို့ မေးတယ်။

“မသောက်သေးပါဘူး”

ကျွန်တော် သူ့ကို ကျေးဇူးတင်စကားပြောပြီး ကိုယ့်အခန်းကို ပြန်လာခဲ့ပြီး

သွားလိုက်တယ်။ ပြီးတော့ ဘောင်းဘီချွတ်ပြီး စောင်ခြုံအိပ်လိုက်တော့တယ်။ နောက်ဆုံးတော့ ခဲသတ္တုတုံးခါးကြီးလို လေးလံစွာနဲ့ အိပ်စက်ခြင်း ရောက်လာတော့တယ်။

※※※

ကျွန်တော် အပတ်စဉ် နာအိုကိုဆီ စာရေးလေ့ ရှိပါတယ်။ သူလည်း မကြာခဏ စာပြန်ပါတယ်။ သူ့စာတွေကတော့ သိပ်မရှည်ပါဘူး။ နိုဝင်ဘာလရဲ့မနက်ခင်းတွေနဲ့ ညနေတွေဟာ အရမ်းချမ်းတဲ့ အကြောင်းတွေပါပဲ။

ဆောင်းဦးရာသီနဲ့အတူ နင် တိုကျိုကို ပြန်သွားခဲ့တယ်။ ငါတော့ နင့်ကြောင့်ဖြစ်တာနဲ့ ဒါမှမဟုတ် ရာသီဥတု အပြောင်းအလဲကြောင့်ဖြစ်တဲ့ ငါ့ခန္ဓာကိုယ်ထဲက အပေါက်အကြောင်းကို အချိန်အတော်ကြာ မပြောနိုင်ခဲ့ဘူး။ ငါနဲ့ ရီကိုကတော့ နင့်အကြောင်းတွေ အချိန်ပြည့် ပြောနေမိတယ်။ သူကလည်း နင့်ကို ဟိုင်းလို့ ပြောခိုင်းပါတယ်။ သူဟာ ငါ့အပေါ် အရင်လိုပဲ ကောင်းပါတယ်။ သူသာ ငါနဲ့အတူရှိမနေရင် ဒီနေရာမှာ ငါ မတ်တပ်တောင် ရပ်နေနိုင်ပါ့မလား မသိဘူး။ ငါ ငိုနိုင်တာဟာ ကောင်းတယ်လို့ ရီကိုကတော့ ပြောတယ်။ ဒါပေမဲ့ အထီးကျန်တဲ့ ခံစားမှုကတော့ တကယ့်ကို နာကျင်စရာပါပဲ။ ငါ ညဘက် အထီးကျန်နေတဲ့အခါ လူတွေက ငါ့ကို အမှောင်ထဲကနေ စကားလှမ်းပြောကြတယ်။ ညဘက် လေတိုက်လို့ သစ်ပင်တွေလှုပ်တဲ့ အသံတွေလိုပါပဲဟာ။ ကီဇူကီနဲ့ ငါ့ညီမဟာ ငါ့ကို အဲ့ဒီလိုမျိုး ခဏ ခဏ စကားပြောတတ်ကြတယ်။ သူတို့လည်း အထီးကျန်နေကြတာပါပဲ။ စကားပြောဖော် တယောက်ယောက်ကို အမြဲ မျှော်လင့်နေကြတာပါပဲ။

ငါ အထီးကျန် နာကျင်နေတဲ့အချိန်တွေမှာ နင့်စာတွေကို ပြန်ပြန်ဖတ်မိတယ်။ အပြင်ကလာတဲ့ အကြောင်းအရာတွေကြောင့် ငါ အမြဲ စိတ်ရှုပ်ထွေးရတယ်။ ဒါပေမဲ့ နင့်စာထဲမှာပါတဲ့ နင့်ပတ်ဝန်းကျင်က အကြောင်းအရာတွေကတော့ ငါ့ကို စိတ်သက်သာရာ ရစေတယ်။ ထူးတော့ ထူးဆန်းသားပဲနော်။ ဘာကြောင့် အဲ့ဒီလိုဖြစ်တာလဲ မသိဘူး။ အဲ့ဒါနဲ့ပဲ နင့်စာတွေကို ပြန်ပြန်ပြီး ဖတ်မိနေတယ်။ ရီကိုလည်း ဖတ်တာပဲ။ ပြီးတော့ နင်ပြောတဲ့အကြောင်းအရာတွေကို ပြန်ပြောမိကြတယ်။ နင့်ဆီက လာမယ့်စာကို ဖျော်ဖြေရေးတခုလို ငါတို့ အပတ်စဉ် မျှော်တတ်ကြတယ်။ ဟုတ်တယ်။ ဒီလိုနေရာမျိုးမှာ စာတွေက ဖျော်ဖြေမှုပဲ။

ငါ နင့်ဆီ စာရေးနိုင်ဖို့ ကြိုးစားပြီး အချိန်ယူပါတယ်။ ဒါပေမဲ့ စာရွက်အလွတ်ရှေ့မှာ ထိုင်မိတိုင်း ငါ စိတ်ဓာတ်ကျတယ်။ ဒီစာကို ရေးနိုင်ဖို့လည်း ငါ့ကိုယ်ငါ တွန်းအားပေးခဲ့ရပါတယ်။ ရီကိုက နင့်ဆီ စာပြန်ဖို့ အမြဲ အော်နေတတ်တယ်။ အဲဒီလိုပြောလို့ တမျိုးတော့ မထင်ပါနဲ့ဟာ။ ငါ့မှာ နင့်ကို

ပြောဖို့ ပြောစရာတွေ ငါ နင့်ကို ပြောချင်တာတွေ အများကြီးပါပဲ။ စာချရေးရတာဟာ ငါ့အတွက် အရမ်းခက်ခဲနေလို့ပါ။ စာတွေရေးဖို့ ငါ မလွယ်လို့ပါ။

မီဒိုရီအကြောင်း ပြောရဦးမယ်။ သူက စိတ်ဝင်စားဖို့ကောင်းတဲ့ လူတယောက်ပါ။ နင့်စာအရဆိုရင် သူ နင့်ကို ချစ်နေတာလို့ ငါ ခံစားမိတယ်။ ရီကိုကို အဲဒီအကြောင်းပြောတော့ သူကလည်း “ဟုတ်တယ်။ အဲ့ဒီကောင်မလေး ဝါတာနာဘီကို ချစ်နေပြီ” လို့ ပြောတယ်။ ငါတို့ မှိုတွေ၊ သစ်အယ်သီးတွေ ခူးပြီး နေတိုင်း အဲဒါတွေ စားကြတယ်။ ငါပြောတဲ့ နေ့တိုင်းဆိုတာက သစ်အယ်သီးတွေ၊ မက်ဆူတာကီ မှိုတွေကို နေ့တိုင်း ထမင်းနဲ့ စားတယ် ဆိုတာပါ။ စားလို့ အရမ်းကောင်းတယ်။ ဘယ်လောက်စားစား မညီးသွားဘူး။ ရီကိုကတော့ အများကြီး မစားပါဘူး။ သူ့အတွက်ကတော့ စီးကရက် တလိပ်ပြီး တလိပ် သောက်နေဖို့ပဲ လိုတယ်။ ငှက်တွေနဲ့ ယုန်တွေလည်း ကောင်းကြပါတယ်။

ဂွဒ်ဘိုင်။

ကျွန်တော့်ရဲ့အသက်နှစ်ဆယ်ပြည့် မွေးနေ့မှာတော့ နာအိုကိုဆီက အထုပ်တထုပ် ရောက်လာတယ်။ အထဲမှာတော့ ဝိုင်အရောင် လည်ပင်း အနားပတ်ဆွယ်တာနဲ့ စာတစောင် တွေ့ရပါတယ်။

ဟတ်ပီးဘတ်ဒေး။ အသက်နှစ်ဆယ်ပြည့်တာဟာ ပျော်ရွှင်စရာ ဖြစ်ပါစေလို့ ငါ မျှော်လင့်ပါတယ်။ ငါ့ရဲ့အသက်နှစ်ဆယ်ပြည့်နှစ်ကတော့ ငါ့ဘဝကို စုတ်ပြတ် အဆုံးသတ်သွားစေတာပါပဲ။ ဒါပေမဲ့ နင့်ရဲ့အသက် နှစ်ဆယ်ပြည့်ပျော်ရွှင်မှုနဲ့ ငါ့အတွေ့အကြုံကို ပေါင်းစပ်လိုက်တာကို ငါ သဘောကျပါတယ်။ ဒီဆွယ်တာထိုးတဲ့နေရာမှာ ရီကိုလည်း ငါ့ကို ကူညီပေးခဲ့တယ်။ ငါ့ဟာငါသာဆိုရင် နောက်နှစ် ဗယ်လင်တိုင်းမှ ပြီးလိမ့်မယ်။ ဆွယ်တာမှာ ကောင်းတဲ့တဝက်က ရီကိုနဲ့ ကျန်တဲ့မကောင်းတဲ့တဝက်က ငါ့လက်ရာပေါ့။ ရီကိုဟာ ဘာလုပ်လုပ် ကောင်းတယ်။ တခါတလေမှာ ငါ သူ့ကို ကြည့်နေရင်းနဲ့ ငါ့ကိုယ်ငါ မုန်းတီးမိတယ်။ ငါဟာ ဘယ်နေရာမှာမှ မတော်ပါဘူးဟာ။

ဂွဒ်ဘိုင်။ ကောင်းကောင်းနေ။

အထုပ်ထဲမှာ ရီကိုဆီက စာတိုလေးလည်းပါလာတယ်။

နေကောင်းရဲ့လား။ နင့်အတွက်တော့ နာအိုကိုရဲ့ပျော်ရွှင်မှုက အထွဋ်အထိပ်ပါပဲ။ ငါ့အတွက်တော့ သူဟာ ချစ်စရာ အူကြောင်ကြောင် ကောင်မလေးပါပဲ။ ငါတို့နှစ်ယောက် ဒီဆွယ်တာကို နင့်မွေးနေ့အမီ ပြီးအောင် ထိုးခဲ့တယ်။ ချစ်ဖို့ကောင်းရဲ့လား။ ငါတို့ နှစ်ယောက် အရောင်နဲ့ ပုံစံကို တိုင်ပင်ပြီး ရွေးခဲ့တာလေ။ ဟတ်ပီးဘတ်ဒေးပါဟာ။

အခန်း (၁၀)

မိဒိုရီဆီကိုလည်း ကျွန်တော် စာရေးတယ်။ "ဧပြီနဲ့ မေလဟာ ငါ့အတွက် နာကျင်ဖွယ်ကောင်းပြီး အထီးကျန်တဲ့ လတွေပါပဲ။ နွေဦးကာလဟာ ငါ့အတွက် အဲဒီလောက်အထီးကျန် နာကျင်လိမ့်မယ်လို့ တခါမှမထင်ဖူးဘူး။ နွေဦးရာသီမှာ ဖေဖော်ဝါရီလ သုံးကြိမ်တောင် ရှိလိုက်ချင်မိတယ်။ ဒါပေမဲ့ အခုချိန်မှာ အဲဒါတွေပြောဖို့ နောက်ကျသွားပြီဆိုတာ ငါသိပါတယ်။ ဒါပေမဲ့ နင့်ရဲ့ ဆံပင်ပုံစံသစ်ကတော့ တော်တော်မိုက်တယ်။ တော်တော့်ကို ချစ်ဖို့ကောင်းတယ်။ ငါ အခု အီတလီစားသောက်ဆိုင်မှာ အလုပ်လုပ်နေတယ်။ စားဖိုမှူးက ငါ့ကို စပါဂက်တီခေါက်ဆွဲလုပ်နည်း သင်ပေးထားတယ်။ ငါ နင့်ကို လုပ်ကျွေးချင်တယ်"

※※※

ကျွန်တော် နေ့တိုင်း ကျောင်းသွားတက်တယ်။ စားသောက်ဆိုင်မှာ တပတ် နှစ်ရက်၊ သုံးရက် အလုပ်လုပ်တယ်။ အီတိုနဲ့ စာအုပ်အကြောင်း၊ ဂီတအကြောင်းတွေ ပြောဖြစ်ပြီး သူကျွန်တော့်ကို ငှားတဲ့ ဘောရစ်ဗီယန်ရဲ့ဝတ္ထုတွေအကြောင်းလည်း ဆွေးနွေးမိတယ်။ စာတွေ ပုံမှန်ရေးတယ်။ စင်ရော်နဲ့ ဆော့တယ်။ စပါဂက်တီ လုပ်စားပြီး ခြံထဲမှာ ရှင်းလင်းရေး လုပ်ပေးတယ် နာအိုကိုကို မှန်းပြီး တကိုယ်တော် ဖြေဖျောက်မှုလုပ်တယ်။ ပြီးတော့ ရုပ်ရှင်တွေသွားကြည့်တယ်။

မိဒိုရီ ကျွန်တော့်ကို စကားပြောတဲ့အချိန်ကတော့ ဇွန်လလယ်ကို ရောက်နေပါပြီ။ ကျွန်တော်တို့နှစ်ယောက် နှစ်လလုံး စကားတခွန်းမှ မပြောဖြစ်ဘူး။ စာသင်ချိန်တချိန် ပြီးသွားတဲ့အခါမှာ သူ ကျွန်တော့်အနားမှာ လာထိုင်ပြီး မေးစေ့ကို လက်နဲ့ထောက်ရင်း လာထိုင်တယ်။ ဘာစကားမှတော့ မပြောဘူး။ ပြတင်းပေါက် အပြင်ဘက်မှာ မိုးတွေရွာနေတယ်။ တကယ့်မိုးရာသီမှာရွာတဲ့ မိုးပါပဲ။ လေတစက်မှ မတိုက်ဘဲ မြေပြင်မှာရှိသမျှ အားလုံးကို စိုစိုရွှဲအောင် ရွာလို့နေတယ်။ ကျောင်းသားတွေ အခန်းထဲက ထွက်သွားပြီး အချိန်တော်တော်ကြာတဲ့အထိ မိဒိုရီဟာ ကျွန်တော့်ဘေးနားမှာ စကားတခွန်းမှ မပြောဘဲ ထိုင်လို့နေတယ်။ နောက်တော့ သူ့ဂျင်းအင်္ကျီအိတ်ကပ်ထဲက မာလ်ဘိုရိုတလိပ် ထုတ်သောက်ပြီး သူ့နှုတ်ခမ်းကြားမှာ တပ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို မီးခြစ်ဘူးလာပေးတယ်။ ကျွန်တော် မီးခြစ်ဆံတဆံထုတ်ပြီး သူ့ကို မီးညှိပေးလိုက်တယ်။ မိဒိုရီဟာ ဆေးလိပ်ဖွာရှိုက်လိုက်ပြီး ကျွန်တော့်မျက်နှာကို မီးခိုးငွေ့တွေနဲ့ မှုတ်ထုတ်လိုက်တယ်။

"ငါ့ရဲ့ဆံပင်ပုံစံကို နင်သဘောကျလား" လို့ သူကမေးတယ်။

"အရမ်းမိုက်တယ်"

"ဘယ်လောက်တောင်မိုက်လဲ"

"ဘယ်လောက်မိုက်လဲဆိုရင် ကမ္ဘာကြီးထဲမှာ ရှိသမျှ တောအုပ်တွေထဲက သစ်ပင်တွေအားလုံး လဲကျသွားလောက်အောင် မိုက်တယ်"

"နင် တကယ်ပဲ အဲဒီလိုထင်လား"

"တကယ်ထင်တာပါ"

သူ့မျက်လုံးတွေဟာ ကျွန်တော့်မျက်လုံးတွေကို စိုက်ကြည့်နေတယ်။ ပြီးတော့ သူ့ညာလက်ကို ထိုးပေးတော့ ကျွန်တော် လှမ်းကိုင်လိုက်တယ်။ သူဟာ ကျွန်တော်ထင်တာထက်တောင် ပိုပြီး စိတ်ပြေလျော့လို့နေတယ်။ စီးကရက်က ပြာတွေကို ကြမ်းပြင်ပေါ် ခြွေချပြီး သူ့ခြေထောက်နဲ့ သုတ်လိုက်တယ်။

"တခုခုသွားစားရအောင်။ ငါဗိုက်ဆာနေပြီ" လို့ သူကပြောတယ်။

"ဘယ်သွားစားချင်သလဲ" လို့ ကျွန်တော် မေးလိုက်တယ်။

"နီဟွန်ဘာရှီမှာရှိတဲ့ တာကာရှီမာရာစတိုးဆိုင်က စားသောက်ဆိုင်မှာ သွားစားမယ်"

"ဘာလို့ အဲဒီလိုနေ့မျိုးမှာ စားချင်တာလဲ"

"ငါ တခါတလေ စားချင်လို့ပါ"

ကျွန်တော်တို့နှစ်ယောက် မြေအောက်ရထားစီးပြီး နီဟွန်ဘာရှီကို သွားလိုက်တယ်။ တမနက်လုံး မိုးတွေရွာထားတာကြောင့် ထင်တယ်။ အဲဒီနေရာမှာ ဘယ်သူမှ မရှိဘူး။ ကြီးမားကျယ်ပြန့်ပြီး လိုဏ်ဂူကြီးလိုဖြစ်နေတဲ့ စတိုးဆိုင်ထဲမှာ မိုးနံ့တွေနဲ့ပြည့်လို့နေတယ်။ ဝန်ထမ်းတွေအားလုံး ဟာလည်း ငါတို့ ဘာလုပ်ရမလဲဆိုတဲ့ မျက်နှာမျိုးတွေ ဖြစ်နေတယ်။ မီဒိုရီနဲ့ ကျွန်တော်ဟာ မြေအောက်ထပ်မှာရှိတဲ့ စားသောက်ဆိုင်ကို သွားလိုက်တယ်။ ပြတင်းပေါက်မှာရှိတဲ့ ပလပ်စတစ်ဘူးထဲက အစားအစာတွေကို လိုက်ကြည့်ပြီးတဲ့နောက် ကျွန်တော်တို့ ခေတ်ဟောင်းပုံစံ နေ့လယ်စာပဲ စားဖို့ ဆုံးဖြတ်လိုက်တယ်။ ထမင်း၊ ဟင်းသီးဟင်းရွက်၊ ငါးကင်၊ တမ်ပူရာနဲ့ တီရီရာကီကြက်သား မှာလိုက်တယ်။ ဆိုင်ထဲမှာ နေ့လယ်ဘက်အချိန်ဖြစ်ပေမယ့် ဘယ်သူမှ မရှိဘူး။

"ငါ ဒီလိုစတိုးဆိုင်မှာ နေ့လယ်စာ မစားဖြစ်တာ ဘယ်လောက်တောင် ကြာပြီလဲ" လို့ ကိုယ့်ကိုယ်ကို တွေးနေမိလိုက်တယ်။ စတိုးဆိုင်တွေမှာ

တွေ့ရလေ့ရှိတဲ့ အဖြူရောင်ခွက်တွေထဲက ရေနွေး သောက်ရင်း ကျွန်တော် စဉ်းစားနေမိပါတယ်။

“ငါ ဒီလိုစားရတာ သဘောကျတယ်ဟ။ ဘာ့ကြောင့်လဲတော့မသိဘူး။ ဒီမှာစားရတာဟာ ငါ့အတွက် ထူးခြားတယ်လို့ ထင်နေမိတယ်။ ငါ့ရဲ့ငယ်ဘဝကို အမှတ်ရစေတာကြောင့်လဲ ဖြစ်နိုင်ပါတယ်။ ငါ့မိဘတွေဟာ ဒီလိုစတိုးဆိုင်တွေဆီ ငါ့ကို တခါမှ ခေါ်မလာဖူးဘူး” လို့ မီဒိုရီက ပြောတယ်။

“ငါတော့ မကြာခဏ ရောက်ခဲ့ဖူးတယ်။ ငါ့အမေက ဒီလိုစတိုးဆိုင်တွေကို လာရတာကို အရမ်းသဘောကျတယ်” လို့ ကျွန်တော်ပြောလိုက်တယ်။

“ကံကောင်းတာပေါ့”

“နင် ဘာတွေပြောနေတာလဲ၊ ငါ ဒီလိုစတိုးဆိုင်တွေလာရတာကို သဘောမကျဘူး”

“ငါဆိုလိုတာက နင်ငယ်ငယ်တုန်းက နင့်မိဘတွေရဲ့ဂရုစိုက်မှုကို ခံခဲ့ရတာ ကံကောင်းတယ်လို့ ပြောတာပါ”

“ငါ ငယ်ငယ်တုန်းကပါ” လို့ ကျွန်တော်ပြောလိုက်တယ်။

“ငါ ငယ်ငယ်တုန်းက ဒီလိုစတိုးဆိုင်က စားသောက်ဆိုင်ကြီးတွေကိုလာပြီး ကိုယ့်စိတ်ကြိုက် မှာစားနိုင်တဲ့ အခြေအနေကို မကြာခဏ အိပ်မက် မက်လေ့ရှိတယ်။ ငါ ကြီးလာတဲ့အခါ စိတ်ကြိုက်စားမယ် ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ အဲဒီအိပ်မက်က အဓိပ္ပာယ်မရှိပါဘူး။ ဒီလိုနေရာမျိုးကို တယောက်တည်းလာပြီး ပါးစပ်ထဲ ထမင်းလုံးတွေ ထိုးထည့်နေတာ ဘာအဓိပ္ပာယ်ရှိမှာလဲ။ ဒီနေရာက အစားအစာဟာ သိပ်ကောင်းတာလဲ မဟုတ်ဘူး။ နေရာကျယ်တာပဲရှိပြီး လူရှုပ်၊ နားငြီးတာပဲရှိတယ်။ ဒါပေမဲ့လည်း ဒီလိုနေရာမျိုးကို လာဖို့ ငါခဏခဏ စဉ်းစားမိတယ်”

“ငါ ပြီးခဲ့တဲ့နှစ်လလုံး အထီးကျန်နေခဲ့ပါတယ်” လို့ ကျွန်တော်ပြောလိုက်တယ်။

“ငါသိပါတယ်။ နင် စာတွေထဲမှာ ထည့်ရေးထားတာပဲ” လို့ ပြောရင်း မီဒိုရီရဲ့အသံဟာ တိုးလျသွားပါတယ်။ “ဘာပဲဖြစ်ဖြစ် စားကြမယ်။ အခု လောလောဆယ် ငါစဉ်းစားနေမိတာ စားဖို့ပဲ”

ဖန်စီနေ့လယ်စာဘူးထဲက အကြော်အလှော်တွေ၊ အကင်တွေကို ကျွန်တော်တို့ နည်းနည်းပဲ စားကြပြီး စွတ်ပြုတ်တွေနဲ့ အဖြူရောင်ခွက်တွေထဲက

ရေနွေးတွေပဲ သောက်နေမိတယ်။ နေ့လယ်စာ စားပြီးတော့ မီဒိုရီဟာ စီးကရက်တလိပ်ကို ညှိပါတယ်။ သူ ဆေးလိပ်သောက်ပြီးတဲ့ အခါမှာတော့ ဘာမှမပြောဘဲ မတ်တပ်ထပြီး ထီးကိုင်လိုက်ပါတယ်။ ကျွန်တော်လည်း မတ်တပ်ထပြီး ထီးကိုင်လိုက်ပါတယ်။

"အခုဘယ်သွားကြမလဲ" လို့ ကျွန်တော် မေးလိုက်တယ်။

"ခေါင်မိုးပေါ် တက်မယ်လေ။ စတိုးဆိုင်က စားသောက်ဆိုင်မှာ နေ့လယ်စာစားပြီးရင် နောက်ထပ် သွားသင့်တဲ့နေရာက ခေါင်မိုးပေါ်ပဲလေ"

မိုးရွာနေတာကြောင့် ခေါင်မိုးပေါ်မှာ ဘယ်သူမှမရှိဘူး။ တိရစ္ဆာန် အစာရောင်းတဲ့ဆိုင်မှာလည်း စျေးရောင်းမယ့်သူ မရှိဘူး။ ဂျာနယ်အရောင်းဆိုင်ဟာလည်း တံခါးပိတ်လို့ထားတယ်။ ကလေးတွေအတွက် မြင်းရုပ်ရုံရဲ့ လက်မှတ် အရောင်းကောင်တာဟာ ပိတ်ထားတယ်။ ကျွန်တော်တို့ ထီးတွေဆောင်းပြီး မိုးရေတွေစိုနေတဲ့ ကလေးစီး သစ်သားမြင်းရုပ်တွေနဲ့ ထိုင်ခုံတွေကို လိုက်ကြည့် နေမိတယ်။ တိုကျိုမြို့လယ်ခေါင်လိုနေရာမျိုးမှာ လူတယောက်မှမရှိဘဲ တိတ်ဆိတ်နေတာကို ကျွန်တော် အံ့သြမိပါတယ်။ မီဒိုရီက တယ်လီစကုပ်နဲ့ ကြည့်ချင်တယ်လို့ပြောတော့ ကျွန်တော် အကြွေစေ့တစေ့ ထည့်လိုက်ပြီး သူ ထိုင်ကြည့်နေတုန်း ကျွန်တော် သူ့ကို ထီးဆောင်းပေးထားပါတယ်။

ခေါင်မိုးထပ်ရဲ့တဖက်မှာတော့ ဂိမ်းရုံရှိပါတယ်။ မီဒိုရီနဲ့ ကျွန်တော်ဟာ တဖက်စီထိုင်ပြီး မိုးရွာနေတာကို ကြည့်ကြပါတယ်။

"ပြောပါဦး။ နင် ငါ့ကို ပြောချင်တာတခုခုရှိတဲ့ပုံပါပဲ။ ငါသိပါတယ်"

"ငါ နင့်ကို ဆင်ခြေတွေပေးဖို့ မကြိုးစားပါဘူး။ ဒါပေမဲ့ ဒီတခေါက်မှာတော့ ငါ တော်တော် စိတ်ဓာတ်ကျမိခဲ့ပါတယ်။ ငါ့ဦးနှောက်တခုလုံးလည်း ရှုပ်ထွေးနေခဲ့တာပဲ။ ငါ ဘာကိုမှ စဉ်းစားလို့ မရဘူး။ ငါ့ဦးနှောက်ထဲမှာ ရှင်းရှင်းလင်းလင်း သိနေတာကတော့ နင် ငါ့ဘဝထဲမှာရှိနေတုန်းက ငါ တော်တော် ပျော်ရွှင်ခဲ့ရတယ်ဆိုတာပါပဲ။ ငါ နင့်ကို ဆုံးရှုံးလိုက်ရတဲ့အခါမှာတော့ နာကျင် အထီးကျန်မှုတွေဟာ ငါ့ဆီကို အလိုလိုရောက်လာတယ်"

"ပြီးခဲ့တဲ့နှစ်လလုံး ငါလည်း နင်မရှိတဲ့အတွက် ဘယ်လောက် အထီးကျန် နာကျင်သလဲဆိုတာကိုရော နင်မစဉ်းစားမိဘူးလား"

အဲဒီစကားကတော့ ကျွန်တော့်ကို လုံးဝ အကာကွယ်မဲ့သွားစေပါတယ်။ "နိုး... အဲဒီလို တခါမှ မစဉ်းစားမိဖူးဘူး။ ငါထင်တာက နင်ငါ့ကို စိတ်ဆိုးသွားလို့

ထပ်မတွေ့ချင်တော့တာလို့ပဲ ထင်တယ်”

“နင် တော်တော် အသုံးမကျတဲ့ကောင်ပဲ။ ငါနင့်ကို တွေ့ချင်တာပေါ့။ ငါနင့်ကို ဘယ်လောက် သဘောကျလဲဆိုတာ ပြောပြဖူးသားပဲ။ ငါ လူတယောက်ကို ကြိုက်မိပြီဆိုရင် ဘယ်တော့မှ ပယ်ဖျက်လို့ မရတော့ဘူး။ နင် ငါ့အကြောင်းကို အဲဒီလောက်တောင် မသိဘူးလား”

“အင်း သိပါတယ်။ ဒါပေမဲ့...”

“အဲဒါကြောင့်လည်း ငါနင့်ကို စိတ်ဆိုးတာပေါ့။ နင့်ပေါင်ခွကြားကို ငါပိတ်ကန်လိုက်ချင်တယ်။ ငါတို့နှစ်ယောက် မတွေ့ရတဲ့အချိန်တွေမှာ နင်က တယောက်တည်းထိုင်ပြီး ဟိုမိန်းကလေး အကြောင်းပဲ စဉ်းစားနေမှာ။ ငါ့ကို လှည့်တောင်မကြည့်ဘူး။ ငါနင့်ကို စိတ်မဆိုးဘဲ ဘယ်လိုနေရမှာလဲ။ ပြီးတော့ ငါကိုယ်တိုင်လည်း နင်နဲ့ ခဏလောက် ခပ်ဝေးဝေးမှာ နေချင်တဲ့စိတ် ဖြစ်ခဲ့မိလို့ပါ။ ငါ့စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း စဉ်းစားလို့ရတဲ့အထိ နေချင်ခဲ့လို့ပါ”

“ဘာတွေကိုလဲ”

“ငါတို့နှစ်ယောက်ရဲ့ဆက်ဆံရေးကိုပေါ့။ ငါနင်နဲ့နေရတဲ့အချိန်မှာ ဟိုတယောက်နဲ့ နေရတဲ့ အချိန်ထက် ပိုပျော်တယ်ဆိုတာကို ငါ ပိုနားလည်လာတယ်။ အဲဒါဟာ အူကြောင်ကြောင်နိုင်တယ်လို့ နင်မထင်ဘူးလား။ ပြီးတော့ တော်တော်လည်း ခက်ခဲတယ်လို့ မထင်ဘူးလား။ ငါသူ့ကို သဘောကျနေတယ် ဆိုတာကို ဝန်ခံရမှာပါ။ သူဟာ သူ့အတ္တသူ ဇဟိုပြုတဲ့ လူစားမျိုးဖြစ်ပြီး စိတ်ထားကျဉ်းမြောင်းတဲ့အပြင် ဖက်ဆစ်ဝါဒီတဦးလည်း ဖြစ်နေပြန်တယ်။ ဒါပေမဲ့လည်း သူ့မှာ ကောင်းတဲ့အချက်တွေ အများကြီးရှိပါတယ်။ ငါ့ဘဝမှာ ပထမဆုံးအကြိမ် အရူးအမူး ဖြစ်ရတာလည်း သူပါပဲ။ နင်ကတော့ ငါ့အတွက် အရမ်းထူးခြားတဲ့တယောက်ပါ။ ငါနင်နဲ့အတူရှိနေတဲ့အချိန်မှာ ငါ နေလို့ ထိုင်လို့ကောင်းတယ်။ ငါနင့်ကို ယုံကြည်တယ်။ ငါနင့်ကို သဘောကျတယ်။ ငါနင့်ကို ထွက်သွားခွင့် မပြုချင်ဘူး။ ငါ့စိတ်တွေလည်း ပိုပိုပြီး ရှုပ်ထွေးလာတယ်။ ငါ အဲဒါကြောင့် သူ့ကိုသွားပြီး ငါ ဘာလုပ်ရမလဲလို့ မေးကြည့်လိုက်တယ်။ သူက နင်နဲ့ မတွေ့နဲ့တော့လို့ ပြောတယ်။ ငါနင်နဲ့ ဆက်တွေ့မယ်ဆိုရင် သူ့ကို ဖြတ်သင့်တယ်လို့ သူကပြောခဲ့တယ်”

“အဲဒီတော့ နင်ဘာလုပ်ခဲ့လဲ”

“ငါ သူ့ကို ဖြတ်ခဲ့တာပေါ့” လို့ပြောရင်း မီဒိုရီဟာ သူ့ပါးစပ်တပ်လိုက်တဲ့ စီးကရက်ကို လက်တဖက်နဲ့ ကာရင်း မီးညှိနေပါတယ်။ ပြီးတော့ မီးခိုးတွေမှုတ်ထုတ်လိုက်တယ်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ။ ဟုတ်လား" သူက အော်ပြောတယ်။ "နင်ရူးနေလား။ နင်ဟာ အင်္ဂလိပ်စာမှာ Subjenctive ကို နားလည်သလို၊ တြီဂိုလည်း ကောင်းကောင်းသိတယ်။ မာ့စ်ကိုလည်း ဖတ်နိုင်ရဲ့သားနဲ့ ဒီလောက်လွယ်ကူတဲ့ကိစ္စကိုတောင် မသိဘူးလား။ နင်မေးဖို့တောင် လိုလို့လား။ မိန်းကလေးတယောက်ကို ဘာလို့ အဲဒီလိုပြောစေချင်ရတာလဲ။ ငါသူ့ကို သဘောကျခဲ့တာထက် နင့်ကို ပိုသဘောကျလို့ပေါ့။ ငါပိုပြီး ရုပ်ချောတဲ့တယောက်ယောက်နဲ့ ချစ်သူ ဖြစ်ချင်ခဲ့တယ်။ ဒါပေမဲ့ ငါ မဖြစ်ဘူး။ ငါနင့်ကို ချစ်နေမိတယ်"

ကျွန်တော် စကားပြောဖို့ ကြိုးစားကြည့်ပေမယ့် ကျွန်တော့်လည်ချောင်းထဲက ဘာစကားလုံးမှ ထွက်မလာဘူး။

မီဒိုရီဟာ သူ့ရဲ့စီးကရက်ကို မြန်မြန်ပဲ လွှင့်ပစ်လိုက်တယ်။ "ကျေးဇူးပြုပြီး ငါ့ကို ဒီလိုမကြည့်ဘဲ နေပေးပါလား။ နင်က ငါ့ကို ငိုအောင်လုပ်နေတာပဲ။ ငါသိပါတယ်။ နင်က အခြားတယောက်ကို ချစ်နေတယ်ဆိုတာ။ ငါနင့်ဆီက ဘာမှ မမျှော်လင့်ပါဘူး။ ဒါပေမဲ့ ငါ့ကို တချက်လောက် လှမ်းဖက်ပါ။ ငါ ပြီးခဲ့တဲ့နှစ်လလုံး နင့်အတွက်နဲ့ ခက်ခက်ခဲခဲ နေထိုင်ခဲ့ရတယ်"

ကျွန်တော် ထီးမြှောက်ပြီး ဂိမ်းဇရီယာအနောက်ထဲကို ဝင်လိုက်ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက် တယောက်ကိုတယောက် တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ခန္ဓာကိုယ်တွေဟာ ခပ်တင်းတင်း ဖက်ထားကြတယ်။ ကျွန်တော်တို့ရဲ့နှုတ်ခမ်းချင်း တွေ့ဆုံကြတယ်။ မိုးရဲ့ရနံ့တွေဟာ သူ့ရဲ့ဆံပင်တွေနဲ့ ဂျင်းဂျက်ကက်အပေါ်မှာပါ ကျရောက်လို့ နေတယ်။ ကျွန်တော်တို့ရဲ့အဝတ်အစားတွေကနေတဆင့် သူ့ရဲ့ရင်သားဟာ ကျွန်တော့်ရင်ဘတ်ကို ထိနေတယ်ဆိုတာ ကျွန်တော် ခံစားနေမိတယ်။ ကျွန်တော် တခြားလူသားတယောက်နဲ့ ခန္ဓာကိုယ်ချင်း ထိတွေ့မှုမရှိတာ ဘယ်လောက်တောင်ကြာနေပြီလဲ။

"ငါ နင့်ကို နောက်ဆုံးတွေ့တဲ့နေ့၊ နောက်ဆုံးစကားပြောတဲ့ညပြီးတဲ့နောက် ငါတို့ ပြတ်ခဲ့ကြရတယ်" လို့ မီဒိုရီက ပြောတယ်။

"ငါ နင့်ကို ချစ်တယ်" လို့ ကျွန်တော် သူ့ကို ပြောလိုက်တယ်။ "ငါ့နှလုံးသားရဲ့အောက်ဆုံးကနေ လာတာပါ။ ငါနင့်ကို ထပ်လက်မလွှတ်ချင်တော့ဘူး။ ဒါပေမဲ့ ငါ ဘာမှမတတ်နိုင်ဘူး။ ငါ ရွှေ့လို့ မရဘူး"

"ဟို တယောက်ကြောင့်လား"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။

"နင် သူနဲ့ အိပ်ပြီးပြီလား"

"တခါတည်းပါ။ ပြီးခဲ့တဲ့ တနှစ်တုန်းကပေါ့"

"အဲဒီကတည်းက နင်သူ့ကို ထပ်မတွေ့ရတော့တာလား"

"ငါ သူ့ကို နှစ်ခါထပ်တွေ့ဖြစ်တယ်။ ဒါပေမဲ့ ငါတို့ ဘာမှ မလုပ်ခဲ့ပါဘူး"

"ဘာဖြစ်လို့လဲ။ သူ နင့်ကို မချစ်လို့လား"

"ပြောရခက်တယ်။ တကယ့်ကို ရှုပ်ထွေးတဲ့အခြေအနေပါ။ အချိန်တွေလည်း တော်တော်ကြာနေခဲ့ပြီ။ ဘာတွေဆက်ဖြစ်မလဲဆိုတာကိုလည်း ငါမသိဘူး။ သူလည်း မသိဘူး။ ငါသိတာက လူသားတယောက်အနေနဲ့ ငါ့မှာ တာဝန်တွေရှိတယ် ဆိုတာပါပဲ။ ငါ ကျောခိုင်းခဲ့လို့ မရဘူး။ သူ ငါ့ကို မချစ်ရင်တောင်မှ ငါ တာဝန်ယူရမယ်လို့ ငါခံစားမိတယ်"

"ငါနင့်ကို တခုလောက် ပြောပါရစေဦး ဝါတာနာဘဲရယ်" လို့ မီဒိုရီဟာ သူ့ပါးကို ကျွန်တော့်ပါးနဲ့ အပ်ရင်း ပြောတယ်။ "ငါ တကယ်အသက်ရှင်နေတဲ့ မိန်းကလေးအစစ်တယောက်ပါ။ ငါ့သွေးကြောတွေမှာ သွေးတွေလည်း စီးနေတဲ့ သက်ရှိတယောက်ပါ။ နင့်လက်တွေနဲ့ ငါ့ကို ဖက်ထားတဲ့အချိန်မှာ ငါနင့်ကို ချစ်တယ်လို့ ပြောနေတယ်။ နင်ပြောတဲ့အတိုင်း ဘာမဆိုလုပ်ဖို့ အသင့်ပါပဲ။ ငါ ရူးတယ်လို့လဲ ပြောလို့ရပါတယ်။ ငါဟာ လိမ္မာတဲ့ ကောင်မကလေး တယောက်ပါ။ ရိုးသားပြီး အလုပ်လည်း ကြိုးစားတယ်။ ချစ်ဖို့လည်း ကောင်းတယ်။ ငါ့ရင်သားတွေကလည်း လှတယ်။ အချက်အပြုတ်လည်း တော်တယ်။ ငါ့အဖေကလည်း ငါ့အတွက် ပိုက်ဆံတွေ ချန်ထားခဲ့တယ်။ ငါနင့်ကို အောက်ဈေးနဲ့ ပေးနေရတာလို့ နင်မထင်ဘူးလား။ နင်သာ ငါ့ကို မယူရင် ငါ တခြားတနေရာမှာ သွားနေတော့မှာပါ"

"ငါ အချိန်ယူဖို့လိုတယ်။ ငါ အချိန်ယူ စဉ်းစားပြီး အားလုံးကို ဖြေရှင်းပြီးမှ ဆုံးဖြတ်ချက်ချရမယ်။ အခုတော့ ငါ တောင်းပန်ပါတယ်ဟာ"

"အင်းလေ။ ဒါပေမဲ့ နင်ငါ့ကို နင့်နှလုံးသားအောက်ခြေကနေ ချစ်တယ်မဟုတ်လား။ နင်ငါ့ကို ထွက်မသွားစေချင်ဘူး မဟုတ်လား

"ဟုတ်ပါတယ်။ ငါပြောခဲ့တယ်"

မီဒိုရီဟာ ကျွန်တော့်ရင်ခွင်ထဲကနေ ပြန်ထွက်လိုက်ပြီး ကျွန်တော့်ကို ပြုံးပြတယ်။ "အိုကေ ငါစောင့်မယ်။ ငါနင့်ကို ယုံကြည်တယ်။ ဒါပေမဲ့

နင်ငါ့ကိုယူတဲ့အခါ ငါ့တယောက်တည်းကိုပဲ သီးသီးသန့်သန့် ဖြစ်ရမယ်။ နင်ငါ့ကို ပွေ့ဖက်ထားတဲ့အချိန်မှာလည်း နင် ငါ့အကြောင်းပဲ စဉ်းစားရမယ်။ ငါပြောတာ နားလည်လား”

“နင်ဆိုလိုတာကို ငါသိပါတယ်”

“နင် ငါ့ကို ဘာလုပ်လုပ် ဂရုမစိုက်ဘူး။ ဒါပေမဲ့ ငါ့ကို နာကျင်အောင်တော့ မလုပ်စေချင်ဘူး။ ငါ့ဘဝမှာ နာကျင်မှုတွေ လုံလောက်အောင် ရပြီးသွားပြီ။ လုံလောက်တာထက်ကို ပိုအောင် ရခဲ့ပြီးပြီ။ အခုတော့ ငါ ပျော်ပျော်ပဲနေချင်တယ်”

ကျွန်တော် သူ့ကို ဆွဲဖက်လိုက်ပြီး သူ့နှုတ်ခမ်းတွေကို နမ်းနေမိတယ်။

“ဒီအသုံးမကျတဲ့ထီးကို လွှင့်ပစ်လိုက်စမ်းပါ။ နင့်လက်တွေနဲ့ ငါ့ကို ခပ်တင်းတင်းပွေ့ဖက်ထားပါ” လို့ သူက ပြောတယ်။

“နင်ရေတွေစိုကုန်မှာပေါ့”

“ရေစိုတော့ရော၊ ဘာဖြစ်လဲ။ နင်စဉ်းစားတာတွေရပ်ပြီး ငါ့ကိုပဲ ဖက်ထား။ ဒီလိုအဖက်ခံရဖို့ ငါ နှစ်လတောင် စောင့်ထားရတာ”

ကျွန်တော် ထီးကို ဖယ်ထားလိုက်ပြီး သူ့ကို မိုးရေထဲမှာ တင်းတင်း ဖက်ထားမိတယ်။ ဟိုင်းဝေးလမ်းပေါ်က ကားတာယာပွတ်တိုက်သံတွေ ကြားနေရတယ်။ မိုးဟာ အသံမထွက်ဘဲ မရပ်မနား ရွာသွန်းလို့နေတယ်။ သူ့ဆံပင်တွေနဲ့ ကျွန်တော် ရေစိုကုန်တယ်။ မိုးရေတွေဟာ မျက်ရည်တွေလိုပဲ ကျွန်တော်တို့ ပါးပြင်ပေါ်ကနေ စီးကျလို့နေပြီး သူ့ရဲ့ဂျင်းဂျက်ကတ်နဲ့ ကျွန်တော့်ရဲ့အဝါရောင် လေကာဘောင်းဘီပေါ် ကျလို့သွားတယ်။

“ငါတို့ အမိုးအောက်ကိုဝင်ကြရအောင်” လို့ ကျွန်တော်ပြောလိုက်တယ်။

“နင် ငါ့အိမ်ကိုပဲလိုက်ခဲ့ပါ။ အိမ်မှာ ဘယ်သူမှမရှိဘူး။ ဒီအတိုင်းဆက်နေရင် ငါတို့ အအေးမိလိမ့်မယ်”

“အမှန်ပဲ”

“ငါတို့နှစ်ယောက် မြစ်တစင်းကိုဖြတ်ပြီး ရေကူးခဲ့ကြသလိုပဲနော်။ ခံစားရတာ တော်တော်မိုက်တယ်” လို့ မီဒိုရီက ပြုံးရင်းနဲ့ ပြောပါတယ်။

ကျွန်တော်တို့နှစ်ယောက် အနေတော် တဘက်တထည် ဝယ်ခဲ့တယ်။ ပြီးတော့ တဘက်ကို အလှည့်ကျယူပြီး အိမ်သာခန်းထဲဝင်ကာ ကျွန်တော်တို့ရဲ့ဆံပင်တွေကို ခြောက်အောင် သုတ်လိုက်တယ်။ နောက်တော့

ကျွန်တော်တို့ မြေအောက်ရထားစီးပြီးတော့ မျိုဂါဒါနီမှာရှိတဲ့ သူ့ရဲ့အခန်းကိုရောက်သွားပါတယ်။ သူ့အခန်းကိုရောက်တော့ သူ ရေအရင်ချိုးပြီး ကျွန်တော် ထပ်ချိုးပါတယ်။ ကျွန်တော့်အဝတ်တွေ ခြောက်အောင် စောင့်နေတဲ့အချိန်မှာ ပတ်ထားဖို့ ရေချိုးခန်းသုံး တဘက်တွေ သူပေးပါတယ်။ မီဒိုရီကတော့ ပိုလိုရှပ်နဲ့ စကတ်ကို ဝတ်ထားပါတယ်။ ကျွန်တော်တို့နှစ်ယောက် မီးဖိုချောင်မှာထိုင်ပြီး ကော်ဖီသောက်နေပါတယ်။

"ငါ့ကို နင့်အကြောင်းပြောပါဦး" လို့ မီဒိုရီက ပြောတယ်။

"ဘယ်အကြောင်းလဲ"

"အင်း. . . နင်ဘာကိုမကြိုက်လဲဆိုတာ ငါမသိသေးဘူး"

"ကြက်သားနဲ့ စကားများတဲ့ ဆံပင်ညှပ်ဆရာ"

"ပြီးတော့ရော"

"အထီးကျန် ပြေညတွေနဲ့ ဇာနဲ့လုပ်ထားတဲ့ တယ်လီဖုန်းအကာ"

"ပြီးတော့ ဘာရှိသေးလဲ"

ကျွန်တော်ခေါင်းခါလိုက်ပြီး "ထပ်စဉ်းစားလို့မရတော့ဘူး" လို့ ပြောလိုက်တယ်။

"ငါ့ရည်းစား... အဲ ငါ့ရည်းစားဟောင်းပေါ့။ သူ့မှာတော့ သူမကြိုက်တာတွေ အများကြီးပဲ။ ငါ စကတ်အတို ဝတ်တာ၊ ငါ ဆေးလိပ်သောက်တာ၊ ငါအရက်မူးတာ၊ ငါညစ်တီးညစ်ပတ်ပြောတာ၊ သူ့သူငယ်ချင်းတွေ ဝေဖန်တာကို သူလုံးဝမကြိုက်ဘူး။ ငါ့မှာ နင်မကြိုက်တာရှိရင် ပြောပါဦး။ ငါတတ်နိုင်ရင် ပြင်ပါ့မယ်"

"ငါစဉ်းစားလို့မရဘူး" လို့ ကျွန်တော်စဉ်းစားပြီးတော့ ပြောလိုက်တယ်။ "ငါမကြိုက်တာ ဘာမှမရှိပါဘူး"

"တကယ်လား"

"နင်ဝတ်တာမှန်သမျှကို ငါကြိုက်တယ်။ နင်လုပ်တာ၊ နင်ပြောတာတွေကိုလည်း ငါသဘောကျတယ်။ နင့်ရဲ့လမ်းလျှောက်ပုံ၊ အရက်မူးပုံကအစ ငါ သဘောကျတယ်။ အားလုံးပါပဲ"

"ငါ အားလုံးအဆင်ပြေတယ်လို့ နင်ဆိုလိုချင်တာပေါ့။ ငါ့ရဲ့လက်ရှိပုံစံနဲ့ပဲ"

"နင်ဘယ်လို ပြောင်းလဲနိုင်မှာလဲ။ နင့်ရဲ့လက်ရှိပုံစံနဲ့ ကောင်းပါတယ်"

“နင်ငါ့ကို ဘယ်လောက်အထိချစ်လဲ”

“ကမ္ဘာကြီးမှာရှိသမျှ ကျားတွေအားလုံး ထောပတ်ဖြစ်သွားလောက်အောင် ငါနင့်ကိုချစ်တယ်”

“အင်း” လို့ သူက ကျေနပ်တဲ့ပုံစံနဲ့ပြောတယ်။ “နင် ငါ့ကို ထပ်ဖက်ထားပေးလို့ရမလား”

ကျွန်တော်တို့နှစ်ယောက် သူ့အိပ်ရာထဲသွားပြီး တယောက်ကို တယောက် ဖက်ထားလိုက်ပါတယ်။ ကျွန်တော်တို့နားထဲကို မိုးသံတွေ ပြည့်လျှံနေလျက်နဲ့ ကျွန်တော်တို့ နမ်းနေကြတယ်။ နောက်တော့ ကျွန်တော်တို့တွေ ရောက်တတ်ရာရာ စကားတွေပြောနေဖြစ်တယ်။ စကြာဝဠာကြီးကို ကျွန်တော်တို့အကြိုက်ဖြစ်အောင် ကြက်ဥခွံတွေနဲ့ ဖုံးထားလိုက်ချင်တယ်လို့ ပြောဖြစ်တယ်။

“မိုးရွာတဲ့နေ့တွေမှာ ပုရွက်ဆိတ်တွေ ဘာလုပ်လဲမသိဘူးနော်” လို့ မီဒိုရီက မေးတယ်။

“မပြောတတ်ဘူးလေ။ သူတို့တွေက အလုပ်ကြိုးစားတယ်ဆိုတော့ ဒီလိုနေ့တွေမှာ အိမ်သန့်ရှင်းရေး လုပ်ရင်လုပ်၊ ဒါမှမဟုတ် တီထွင်မှုတွေ လုပ်ရင် လုပ်နေမှာပေါ့” လို့ ကျွန်တော်ပြောလိုက်တယ်။

“သူတို့တွေသာ အလုပ်ကြိုးစားလုပ်တယ်ဆိုရင် သူတို့တွေ ခုအချိန်အထိ ဘာဖြစ်လို့ ဆင့်ကဲမတိုးတက်သေးတာလဲ။ သူတို့ အမြဲတမ်း ဒီအရွယ်အစားက ဒီအရွယ်အစားပဲ”

“ငါလည်း မသိဘူးလေ။ သူတို့ရဲ့ခန္ဓာကိုယ်တည်ဆောက်ပုံက မျောက်တွေလို ဆင့်ကဲတိုးတက် ကြီးထွားဖို့ မသင့်တော်လို့ နေမှာပေါ့” လို့ ကျွန်တော် ပြောလိုက်တယ်။

“ဝါတာနာဘီ နင်မသိသေးတာတွေ အများကြီးရှိတာပဲ။ ငါ နင်အကုန်လုံး အရာရာကို သိတယ်လို့ ထင်ထားတာ”

“ကမ္ဘာကြီးက အကြီးကြီးပဲလေဟာ” လို့ ကျွန်တော်ပြောလိုက်တယ်။

“တောင်တန်း အမြင့်ကြီးတွေ၊ သမုဒ္ဒရာအနက်ကြီးတွေ” လို့ မီဒိုရီက ပြောတယ်။ မီဒိုရီဟာ ကျွန်တော့်တဘက်ထဲကို သူ့လက်ကိုထည့်ပြီး ကျွန်တော့်ကို မာကျောအောင် လုပ်လိုက်တယ်။ ပြီးတော့ သူ ဂလုလို့ မျိုချပြီး “ဝါတာနာဘီ ငါ နောက်ပြောမဟုတ်ဘူး။ ဒီလောက်ကြီးရင် အလုပ်မဖြစ်ဘူး။ ဒီလောက် မာကျောကြီးမားတာ ငါမတွေ့ဖူးဘူး။ လုံးဝကို မတွေ့ဖူးဘူးလို့ ပြောတယ်။

"နင်ကလည်း လာနောက်နေပြန်ပြီ" လို့ ကျွန်တော် သက်ပြင်းချပြီး ပြောလိုက်တယ်။

"အင်းပါ" လို့ သူက ရယ်ရင်းပြောတယ်။ "စိတ်မပူပါနဲ့။ အားလုံး အဆင်ပြေသွားမှာပါ။ အားလုံး အဆင်ပြေသွားမယ်ဆိုတာ ငါသိပါတယ်။ ငါ နင့်ဟာကို ကြည့်လို့ရမလား"

"စိတ်ကြိုက်သာလုပ်"

မီဒိုရီဟာ ခေါင်းငုံ့ကြည့်ပြီး အားလုံးကို ဆုပ်ကိုင်ကြည့်နေတယ်။ အရေပြားတွေကို ဆွဲဆန့်ကြည့်လိုက်၊ သူ့လက်ထဲမှာ ချိန်ဆကြည့်လိုက်နဲ့ လုပ်နေပါတယ်။ နောက်တော့ သူ ခေါင်းပြန်ထောင်လာပြီး သက်ပြင်းမှုတ်ထုတ်လိုက်ပါတယ်။ "ငါ ချစ်သွားပြီ။ ငါ မြှောက်ပြောတာ မဟုတ်ဘူး။ တကယ်ကို ချစ်မိသွားတာ" လို့ ပြောတယ်။

"ကျေးဇူးပဲ" လို့ ကျွန်တော် ပြန်ပြောလိုက်ပါတယ်။

"ဒါပေမဲ့ နင့်ကိစ္စတွေ မဖြေရှင်းရသရွေ့ နင်ငါနဲ့ ဘာမှ မလုပ်ချင်ဘူး မဟုတ်လား"

"ငါ နင်နဲ့ မလုပ်ချင်စရာ ဘာအကြောင်းမှ မရှိဘူး။ ငါ လုပ်ချင်လွန်းလို့ ရူးတောင်ရူးချင်လာပြီ။ ဒါပေမဲ့ အခုအဆင်မပြေသေးဘူး"

"နင်ဟာ တကယ့်ကို အသုံးမကျတဲ့ ငတုံးပဲ။ ငါသာ နင့်နေရာမှာဆိုရင် လုပ်ပစ်လိုက်ပြီ။ ပြီးတော့မှ ကျန်တာ စဉ်းစားမှာ"

"နင်ဆိုရင် လုပ်မှာလား"

"နောက်တာပါ" လို့ မီဒိုရီက အသံတိုးတိုးနဲ့ပြောတယ်။ "ငါသာ နင့်နေရာမှာဆိုရင် ငါလည်း မလုပ်ဖြစ်ဖို့ များပါတယ်။ အဲဒါတွေကြောင့်ပဲ ငါ နင့်ကို ချစ်ရတာ။ ငါနင့်ကို အဲဒါတွေကြောင့် တကယ့်ကို ချစ်မိတာ"

"နင် ငါ့ကို ဘယ်လောက်တောင်ချစ်လဲ" လို့ ကျွန်တော်မေးလိုက်တယ်။ သူပြန်မဖြေပါဘူး။ သူ ဘာမှ ပြန်မဖြေဘဲ ကျွန်တော့်ကိုဖက်ထားပြီး ကျွန်တော့်ရင်ဘတ်တွေကို သူ့နှုတ်ခမ်းနဲ့ နမ်းပါတယ်။ ပြီးတော့ ကျွန်တော့်ကို ဆုပ်ကိုင်ထားလို့ နေပြန်ပါတယ်။ ပထမဆုံး ကျွန်တော် သတိထားမိတာက မီဒိုရီဟာ သူ့လက်တွေကို လှုပ်ရှားနေခဲ့တယ် ဆိုတာပါပဲ။ သူတို့နှစ်ယောက်စလုံးဟာ နူးညံ့ပြီး အံ့ဩဖို့ကောင်းလောက်ပေမယ့် သူတို့ရဲ့လုပ်ဆောင်ပုံကတော့ တယောက်နဲ့တယောက် မတူပါဘူး။ ကျွန်တော့်ကို မတူညီတဲ့အတွေ့အကြုံတွေ

ရရှိစေပါတယ်။

“ဟော့ ဝါတာနာဘီ။ နင် ဟိုကောင်မလေးအကြောင်း စဉ်းစားနေတာပဲဖြစ်မယ်”

“မဟုတ်ပါဘူး” လို့ ကျွန်တော်လိမ်ပြောလိုက်တယ်။

“တကယ်လား”

“တကယ်ပြောတာပါ”

“နင်သာ အဲဒီလိုစဉ်းစားနေရင် ငါမုန်းမိမှာပဲ”

“ငါ တခြားလူကို မစဉ်းစားနိုင်ပါဘူး”

“နင် ငါ့ရင်သားတွေကို ကိုင်ချင်လား။ ဒါမှမဟုတ် အောက်ကို ကိုင်ချင်လား” လို့ မီဒိုရီက မေးတယ်။

“သိပ်ကိုင်ချင်တာပေါ့။ ဒါပေမဲ့ မကိုင်တာက ပိုကောင်းလိမ့်မယ်။ အဲဒီလိုလုပ်လိုက်ရင် ငါ ထိန်းလို့တောင် ရမှာ မဟုတ်ဘူး”

မီဒိုရီဟာ ခေါင်းညိတ်ပြီး စောင်အောက်မှာ ရှူးရှူးအသံမြည်လို့ နေပါတယ်။ ပြီးတော့ သူ့ရဲ့အတွင်းခံ ဘောင်းဘီကို ချွတ်ပြီး ကျွန်တော့်ထိပ်ကို သူ့ဘောင်းဘီနဲ့ ကိုင်ထားလိုက်ပါတယ်။

“နင် ဒီလိုနဲ့ အဆင်ပြေနိုင်လား” လို့ သူက မေးတယ်။

“ပေကုန်မှာပေါ့”

“အဲဒါတွေ မပြောစမ်းပါနဲ့။ ငါငိုမိတော့မယ်နော်” လို့ မျက်ရည်တွေ ဝဲပြီး မီဒိုရီက ပြောပါတယ်။ “လျှော်လိုက်ရင် အဆင်ပြေသွားမှာပဲဟာ။ ဘာမှ မစဉ်းစားနဲ့။ နင် စိတ်ရှိတိုင်းသာ ထုတ်လိုက်။ ငါ့ဘောင်းဘီအတွက် နင်စိတ်ပူရင် အသစ်ပြန်ဝယ်ပေး။ ဒါဟာ ငါ့ပစ္စည်းမို့လို့ နင့်ကို စိတ်အနှောင့်အယှက် ဖြစ်နေစေတာလား”

“မဟုတ်ပါဘူး”

“ဒါဆိုရင် ရှေ့ဆက်ပေတော့”

“အိုး... နည်းတာမဟုတ်ဘူး" ကျွန်တော်ပြီးသွားတော့ မီဒိုရီက ကြည့်နေပါတယ်။

"အရမ်းများလို့လား"

"အိုကေပါတယ်။ မကြောက်စမ်းပါနဲ့။ စိတ်ရှိသလိုသာလုပ်" လို့ သူက ပြုံးပြီးပြောပါတယ်။ ပြီးတော့ သူ ကျွန်တော့်ကို နမ်းပါတယ်။

ညနေခင်းမှာတော့ မီဒိုရီဟာ အနီးပတ်ဝန်းကျင်မှာ ဈေးဝယ်ပြီး ကျွန်တော့်အတွက် ညစာ ချက်ပေးပါတယ်။ ကျွန်တော်တို့ တန်ပူရာရယ်၊ ပဲစိမ်းနဲ့ ထမင်းကို မီးဖိုချောင်စားပွဲပေါ်မှာ ထိုင်စားပါတယ်။ ပြီးတော့ ပန်းကန်တွေဆေးပြီး ဘီယာထိုင်သောက်ဖြစ်တယ်။

"အစာများများစား အရည်များများထုတ်။ ငါနင့်ကို အဆင်ပြေအောင် ကူညီပေးမယ်" လို့ မီဒိုရီက ပြောပါတယ်။

"ကျေးဇူးအများကြီးတင်ပါတယ်ဟာ" လို့ ကျွန်တော်ပြောလိုက်တယ်။

"ငါ ပုံစံမျိုးစုံသိတယ်ဟ။ စာအုပ်ဆိုင်ဖွင့်တုန်းက အမျိုးသမီး မဂ္ဂဇင်းထဲကနေ ငါဖတ်ထားတာ။ တခါတုန်းက အထူးထုတ်မဂ္ဂဇင်းထဲမှာ ကိုယ်ဝန်ရှိနေတုန်း ကိုယ့်ကို မလိမ်အောင်နဲ့ တခြားမိန်းမနဲ့ မဆက်ဆံအောင် ကိုယ့်အမျိုးသားကို ဘယ်လိုပြုစုစောင့်ရှောက်ရမလဲဆိုတဲ့နည်းတွေတောင် ပါသေးတယ်။ နည်းလမ်းမျိုးစုံပဲ။ စမ်းကြည့်ချင်လား"

"အခုတောင် စမ်းကြည့်ချင်လာပြီ"

မီဒိုရီကို နှုတ်ဆက်စကားပြောပြီးတဲ့နောက် ဘူတာရုံမှာ သတင်းစာတစောင် ဝယ်ဖတ်လိုက်ပါတယ်။ ဒါပေမဲ့ ရထားပေါ်မှာ သတင်းစာဖွင့်ဖတ်တော့ ကျွန်တော် ဖတ်ချင်စိတ် မရှိဘူးဆိုတာကို နားလည်လာခဲ့တယ်။ ကျွန်တော် သတင်းစာတွေကို ဟိုဟိုဒီဒီလျှောက်လှန်ကြည့်ပြီး ကျွန်တော့်ပတ်ဝန်းကျင်မှာ အပြောင်းအလဲ ဖြစ်နေတာတွေကို ကြည့်နေမိတယ်။ ကျွန်တော် သက်ပြင်းအရှည်ကြီးချပြီး မျက်လုံးတွေ မှိတ်ထားလိုက်တယ်။ ဒီနေ့လုပ်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ကျွန်တော် နောင်တ နည်းနည်းလေးတောင် မရပါဘူး။ ဒီလိုထပ်ဖြစ်နေလိမ့်ဦးမယ်ဆိုတာလည်း ကျွန်တော်သိပါတယ်။ ဒီလိုနေ့မျိုး ကြုံလာရင်လည်း ကျွန်တော် ဒီအတိုင်းပဲ ဆက်ဖြစ်နေဦးမှာပါ။ ကျွန်တော် မိုးရေတွေအောက် ခေါင်မိုးပေါ်မှာ မီဒိုရီကို ခပ်တင်းတင်းဖက်ထားခဲ့တယ်။ ကျွန်တော် သူ့ကို ဖက်ထားရင်း မိုးရေတွေ စိုရွှဲနေခဲ့တယ်။ အိပ်ရာထဲမှာ သူ့လက်ချောင်းတွေကြောင့် ကျွန်တော် အထွဋ်အထိပ်ကို ရောက်ခဲ့တယ်။ ဒါတွေဖြစ်ခဲ့တာတွေအတွက် ကျွန်တော် သံသယ လုံးဝမဖြစ်မိပါဘူး။ ကျွန်တော် မီဒိုရီကို ချစ်ပါတယ်။ သူ ကျွန်တော့်ဆီ ပြန်လာတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ ကျွန်တော်တို့နှစ်ယောက် ဒါမျိုးဆက်လုပ်နိုင်ဦးမှာပါ။ မီဒိုရီပြောခဲ့သလိုပဲ သွေးကြောတွေထဲမှာ

သွေးတွေစီးဆင်းနေတဲ့ တကယ်အသက်ရှင်နေတဲ့ မိန်းကလေးတယောက် ဖြစ်ပြီး ကျွန်တော့်လက်ထဲမှာ သူ့ရဲ့နွေးထွေးတဲ့ ခန္ဓာကိုယ်ကို ထားပေးထားပါတယ်။ ကျွန်တော်ဟာ ဝတ်လစ်စလစ်ဖြစ်နေတဲ့ သူ့ရဲ့ကိုယ်ခန္ဓာရှေ့မှာ ကျွန်တော့်ရဲ့ပြင်းပြတဲ့ စိတ်ဆန္ဒတွေကို ဖိနှိပ်နိုင်ခဲ့ပါတယ်။ သူ ကျွန်တော့်ကို လက်နဲ့ကိုင်ပြီး သူ့လက်တွေ လှုပ်ရှားနေတဲ့အချိန်မှာတော့ ကျွန်တော် ထိန်းမရခဲ့ပါဘူး။ ကျွန်တော်လည်း သူ့ကို ပြန်လုပ်ပေးချင်ပါတယ်။ သူလည်း လုပ်စေချင်မှာပါပဲ။ ကျွန်တော်တို့နှစ်ယောက်ဟာ ချစ်သူတွေပါပဲ။ အဲဒီလိုကိစ္စကို ဘယ်သူကများ ထိန်းနိုင်မှာလဲ။ ကျွန်တော် မီဒိုရီကိုချစ်တာ တကယ်ပါ။ ကျွန်တော် သူ့ကို ချစ်ကြောင်းသိတာ ကြာခဲ့ပြီထင်ပါတယ်။ ဒါပေမဲ့ အချိန်အတော်ကြာအောင် ကျွန်တော်သိရမှာကို ရှောင်လွှဲနေခဲ့ပါတယ်။

ကျွန်တော့်ရဲ့အဓိကပြဿနာကတော့ ဒီလိုတိုးတက်မှုတွေကို နာအိုကိုဆီ ရှင်းပြလို့ မရတာပါ။ ကျွန်တော်ဟာ နာအိုကိုကို ကျွန်တော်တခြား မိန်းကလေးတယောက်နဲ့ ချစ်နေပြီဆိုတာကို ပြောပြရ အတော်ခက်ပါလိမ့်မယ်။ ဒါ့အပြင် ကျွန်တော် နာအိုကိုကို ချစ်နေတုန်းပါပဲ။ ကျွန်တော့်နှလုံးသားရဲ့ အတွင်းတနေရာမှာ ဘယ်သူမှ မထိရသေးတဲ့ ကျယ်ပြန့်ပွင့်လင်းတဲ့ နေရာတခုကို နာအိုကိုအတွက် သိမ်းဆည်းထားပေးပါတယ်။ အဲဒီနေရာကို ဘယ်သူမှ ယူလို့မရပါဘူး။

ကျွန်တော်လုပ်နိုင်တာဆိုလို့ ရီကို့ဆီကို ရိုးရိုးသားသား ဝန်ခံဖို့ပဲ ရှိပါတယ်။ ကျွန်တော် အိမ်ရောက်တော့ ခြံထဲကို ညဘက် မိုးရွာနေတာ ထိုင်ကြည့်ရင်း ဝရန်တာမှာ ထိုင်နေပါတယ်။ ကျွန်တော့်ခေါင်းထဲမှာလည်း ဝါကျတွေ စီနေမိပါတယ်။ “ဒီလိုစာမျိုးကို ရေးလိုက်ရတဲ့အတွက် စိတ်မကောင်းမိပါဘူး” လို့ ကျွန်တော် အစချီလိုက်ပါတယ်။ ပြီးတော့ မီဒိုရီနဲ့ ကျွန်တော်တို့ ဒီနေ့ဖြစ်ခဲ့တာတွေအားလုံးကို အကျဉ်းချုပ် ပြန်ပြောလိုက်ပါတယ်။

ကျွန်တော် အမြဲတမ်း နာအိုကိုကို ချစ်ခဲ့ပါတယ်။ အခုလည်း ချစ်နေဆဲပါပဲ။ ဒါပေမဲ့ ကျွန်တော်နဲ့ မီဒိုရီကြားက ဆက်ဆံရေးဟာ နောက်ဆုံး အရေးပါတဲ့ ဆုံးဖြတ်ချက် ချရမယ့်နေရာကို ရောက်လာပါတယ်။ ကျွန်တော့်ကို မလွန်ဆန်နိုင်တဲ့ စွမ်းအားတခုက အနာဂတ်ကာလတွေဆီ တွန်းပို့လိုက်ပါတယ်။ နာအိုကိုအတွက် ကျွန်တော်ခံစားရတာက အလွန်အမင်း ငြိမ်သက် တိတ်ဆိတ်ပြီး နူးညံ့ထွင်းဖောက်မြင်နိုင်တဲ့ အချစ်မျိုးပါ။ ကျွန်တော် ဘာလုပ်ရမလဲ မသိဘူး။ ကျွန်တော် စိတ်ရှုပ်ထွေးနေပြီ။ ကျွန်တော် ဆင်ခြေပေးနေတာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ ရိုးရိုးသားသား နေထိုင်တဲ့ လူတယောက်ပါ။ ဘယ်သူ့ကိုမှ မလိမ်ပါဘူး။ ကျွန်တော် ဘယ်သူ့ကိုမှလည်း နာကျင်အောင် မလုပ်ဖူးပါဘူး။ အခုတော့ ကျွန်တော်ဟာ ဝက်ပါထဲကို ရောက်လို့နေပါတယ်။ ဘာကြောင့်

ဒီလိုဖြစ်ရတာလဲ။ ကျွန်တော်ရှင်းမပြနိုင်ဘူး။ ကျွန်တော် ဘာလုပ်ရမလဲဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော့်ကို ရီကို ရှင်းပြနိုင်မလား။ ကျွန်တော် အကြံတောင်းနိုင်တာဆိုလို့ ရီကို တယောက်ပဲရှိပါတယ်။

ကျွန်တော် ဒီစာကို ညတွင်းချင်းပဲ စပယ်ရှယ်ဒလီဗာရီနဲ့ ပို့လိုက်ပါတယ်။

ဇွန်လ ၁၇ ရက်နေ့၊ နေ့စွဲနဲ့ ရီကိုဆီက ပြန်စာရောက်လာပါတယ်။ ငါ သတင်းကောင်း စပြောပါရစေ။ နာအိုကိုရဲ့အခြေအနေဟာ အားလုံးထင်ထားတာထက် ပိုမြန်ပြီး ကောင်းမွန်လာတယ်။ ငါ သူနဲ့ ဖုန်းတောင် တခါပြောပြီးပြီ။ သူ တကယ့်ကို တက်တက်ကြွကြွနဲ့ ပြောတယ်။ သူ သိပ်မကြာခင် ပြန်ရောက်လာတော့မယ်။

အခု နင့်အကြောင်း ငါပြောမယ်။

ငါနင်နဲ့ ပတ်သက်တာမှန်သမျှကို အသေးစိတ် စဉ်းစားမိတယ်။ နောက်ထပ် လူတယောက်ကို ချစ်တာဟာ အံ့သြဖို့ကောင်းတဲ့ကိစ္စပါပဲ။

ပြီးတော့ အဲဒီအချစ်က ရိုးသားမယ်ဆိုရင် ဘယ်တော့မှ ဝင်္ကပါထဲမှာ တဝဲလည်လည်ဖြစ်မှာ မဟုတ်ပါဘူး။ နင့်ကိုယ်နင် ယုံကြည်မှုပိုရှိဖို့ပဲ လိုအပ်တယ်။

ငါ နင့်ကို ပေးနိုင်တဲ့အကြံကတော့ ရိုးရိုးလေးပါ။ ပထမဆုံး နာအိုကိုဆိုတဲ့ ကောင်မလေးရဲ့ ဆွဲအားပြင်းပြင်းကို နင်ခံလိုက်ရတယ်ဆိုရင် ဒါဟာလည်း သူ့ကို ချစ်ဖို့ သဘာဝကျတဲ့ အကြောင်းအရာပဲ။ အဆင်ပြေရင်ပြေမယ်၊ ဒါမှမဟုတ် အဆင်မပြေရင်လည်း မပြေဘူး။ ဒါပေမဲ့လည်း အချစ်ဆိုတာ အဲဒီလိုပါပဲလေ။ နင်ချစ်မိပြီဆိုရင် သဘာဝအကျဆုံး အလုပ်ကတော့ နင့်ကိုယ်နင် အချစ်ကို ပေးအပ်လိုက်ဖို့ပါပဲ။ ငါတော့ အဲဒီလိုပဲထင်တယ်။ အဲဒါက တကယ့်ကို ရိုးရိုးလေးပါပဲ။

ဒုတိယအချက်က နင် မီဒိုရီနဲ့ဆက်ဆံခဲ့သည်ဖြစ်စေ၊ မဆက်ဆံခဲ့သည်ဖြစ်စေ အဲဒါက နင့်ကိစ္စပဲလေ။ ငါဘာမှမပြောပါဘူး။ မီဒိုရီအကြောင်းကို ပြောရင်းနဲ့ နင့်ဘဝရဲ့အဖြေကို နင်သိလာပြီဆိုရင် နင့်အတွက် အခိပ္ပာယ် ရှိပါတယ်။

တတိယအချက်က ဒီအကြောင်းတွေကို နာအိုကိုဆီကို လုံးဝမပြောပါနဲ့။ မဖြစ်မနေ နင့်ဘက်က ပြောဖို့လိုအပ်လာပြီဆိုရင် နင်နဲ့ငါနဲ့ အစီအစဉ် ဆွဲပြီးမှ ပြောကြမယ်။ အခုလောလောဆယ်တော့ ဘာမှမပြောပါနဲ့ဦး။ ငါ့ကိုပဲပြော။

စတုတ္ထအချက်က နင်ဟာ နာအိုကိုအတွက် ခွန်အားတွေ အများကြီး ရှိခဲ့ပါတယ်။ အဲဒီလို ခွန်အားတွေရှိခဲ့သလို၊ ရှေ့လျှောက်လည်း ဆက်ရှိပေးပါဦး။

သူ့အတွက် နင့်ဘက်က လုပ်ပေးစရာတွေ အများကြီးရှိသေးတယ်။ ဘာကိုမှ ရေးကြီးသုတ်ပြာ မလုပ်ပါနဲ့ဟာ။ ငါတို့အားလုံးဟာ သိပ်မကောင်းတဲ့ ကမ္ဘာကြီးထဲမှာ နေထိုင်တဲ့ သိပ်မကောင်းတဲ့လူတွေပါပဲ။ (ငါတို့အားလုံးဆိုတာက သာမန်ရော၊ သာမန်မဟုတ်တဲ့လူတွေရော ပြောတာ။) ငါတို့တွေဟာ ဘဏ်စာရင်းထဲက ကိန်းဂဏန်းတွေ၊ ဒါမှမဟုတ် ပေတံနဲ့ ငါတို့ရဲ့မျဉ်းကြောင်းတွေ၊ ထောင့်တွေကို တိုင်းတာလို့မရဘဲ ရှင်သန်နေထိုင်ရတာလေ။ ငါပြောတာ ဟုတ်လား။

ငါ့ရဲ့ပုဂ္ဂလိကခံစားချက်ကတော့ မီဒိုရီဟာ သိပ်ကောင်းတဲ့ မိန်းကလေးတယောက်ပါ။ နင့်ရဲ့စာကို ဖတ်ခြင်းအရ နင် ဘာကြောင့် သူ့ရဲ့ဆွဲဆောင်မှုကို ဘာလို့ ခံရသလဲဆိုတာကို ငါနားလည်ပါတယ်။ နင့်မှာ အပြစ်ရှိတယ်လို့ ယူဆစရာ ဘာအကြောင်းမှမရှိဘူး။ ငါတို့ရဲ့ကမ္ဘာကြီးထဲမှာ ဒါမျိုးတွေ ဖြစ်နေကျပဲ။ လှပတဲ့နေ့တနေ့မှာ လှပတဲ့ လှေတစင်းနဲ့ လှော်ခတ်သလိုမျိုးပေါ့ဟာ။ နင့်ကိုယ်နင် ခေါင်းရှုပ်မခံပါနဲ့။ သူ့အလိုလိုသာ လွှတ်ထားလိုက် အားလုံးသူ့ဟာနဲ့သူ အဆင်ပြေသွားလိမ့်မယ်။ နင် ဘယ်လောက်ပဲ ကြိုးစား ကြိုးစား လူတွေဟာ နာကျင်ခံစားရဖို့ အချိန်ကျလာတဲ့အခါ နာကျင်ခံစားရမှာပါပဲ။ ဘဝဆိုတာ အဲဒီလိုပဲလေ။ ငါပြောနေတာတွေဟာ တရားဟောသံတွေနဲ့ တူကောင်းတူနေလိမ့်မယ်။ ဒါပေမဲ့ နင် အဲဒါတွေကို နားလည်ဖို့ လိုလာပြီ။ နင့်ဘဝကို အရှူးထောင်ထဲမှာ အချိန်ကုန်ဆုံးမနေချင်ဘူးဆိုရင် ဒီထက်ပိုပြီး စိတ်ကိုဖွင့်ထားဖို့နဲ့ ဘဝရဲ့ သဘာဝအတိုင်း စီးမျောမှုထဲကို စီးဆင်းနိုင်ဖို့ လိုအပ်တယ်။ ငါဟာ အစွမ်းအစမဲ့ပြီး အားလုံးကောင်းတဲ့ မိန်းမတော့ မဟုတ်ဘူး။ ဒါပေမဲ့ ငါ့ဘဝဟာ အံ့သြဖို့ကောင်းတဲ့ဘဝပဲလို့ တခါတလေမှာ တွေးမိတယ်။ ယုံပါ။ ငါတကယ်ပြောတာပါ။ အဲဒီတော့ နင်အခုလုပ်နေတာတွေကို ရပ်ပြီး ပျော်ပျော်နေပါတော့။ နင့်ကိုယ်နင် ပျော်အောင်လုပ်တဲ့အလုပ်ကိုပဲ လုပ်နေပါ။

နင်နဲ့ နာအိုကိုဟာ ပျော်ရွှင်ဖွယ်ဇာတ်သိမ်းနဲ့ အဆုံးမသတ်နိုင်တော့တာကို ငါစိတ်မကောင်းဘူး ဆိုတာတော့ ပြောစရာ မလိုတော့ပါဘူး။ ဒါပေမဲ့လည်း ဘယ်အရာက အကောင်းဆုံးလဲဆိုတာ ဘယ်သူကပြောနိုင်မှာလဲ။ အဲဒါကြောင့်ပဲ နင့်အတွက် ပျော်ရွှင်မှုတွေ့တိုင်း ဆုပ်ကိုင်ရယူဖို့ လိုအပ်တာပေါ့။ ပြီးတော့ တခြားလူတွေအတွက် စိတ်သိပ်မပူနဲ့။ ငါ့အတွေ့အကြုံအရပြောရရင်တော့ ဘဝသက်တမ်းတလျှောက်မှာ အချစ်ဆိုတာ နှစ်ကြိမ်၊ သုံးကြိမ်ထက် ပိုမဖြစ်နိုင်ပါဘူး။ ငါတို့ လက်လွှတ်လိုက်မယ်ဆိုရင် တဘဝလုံး နောင်တတွေနဲ့ နေထိုင်သွားရမှာပါ။

ငါ နေ့တိုင်း ဘယ်သူ့အတွက်မှမဟုတ်ဘဲ ဂစ်တာတီးနေမိတယ်။ အဓိပ္ပာယ်မဲ့နေသလိုပါပဲ။ မှောင်မည်းပြီး မိုးတွေရွာနေတဲ့ညတွေကို ငါ မကြိုက်ပါဘူး။ နာအိုကိုရယ်၊ နင်ရယ်၊ ငါရယ် တခန်းထဲမှာ စပျစ်သီးတွေ အတူတူ

စားပြီး ငါ နင်တို့ကို ဂစ်တာတီးပြခွင့် နောက်တကြိမ် ထပ်ရချင်ပါသေးတယ်။

ငါတို့ နေ့စဉ် ကျွမ်းကျင်သူတယောက် အပါအဝင် အုပ်စုဖွဲ့ကုထုံးကို လုပ်ရလေ့ရှိတယ်။ နာအိုကိုရယ်၊ ငါရယ်၊ ဆရာဝန်ရယ် ဝိုင်းဖွဲ့ထိုင်စကားပြောပြီး သူ့ရဲ့ဘယ်အစိတ်အပိုင်းမှာ ဒဏ်ရာရထားသလဲ ဆိုတာကို ရှာဖွေလေ့ရှိတယ်။ ငါတို့အဖွဲ့ထဲမှာ နင်ပါနိုင်ရင် ပိုကောင်းမှာပဲလို့ ငါစိတ်ကူးမိတယ်။ ဆရာဝန်ကလည်း အဲဒီစိတ်ကူးကို သဘောကျတယ်။ ဒါပေမဲ့ နာအိုကိုကတော့ အဲဒီစိတ်ကူးကို လက်မခံဘူး။ သူပြောတဲ့ဆင်ခြေ ငါပြန်ပြောပြမယ်။ “ကျွန်မ သူနဲ့တွေ့တဲ့အချိန်မှာ ဒီလိုပြဿနာတွေ လုံးဝမရှိဘဲ ရှင်းရှင်းလင်းလင်းနဲ့ပဲ တွေ့ချင်ပါတယ်” လို့ သူက ပြောခဲ့တယ်။ ငါ သူ့ကို အဲဒါ ပြဿနာ မဟုတ်ပါဘူးလို့ ပြန်ပြောခဲ့တယ်။ ငါပြောတဲ့စကားဟာ သူ့အတွက် ပြဿနာတခုလိုဖြစ်နေပြီး အဲဒီပြဿနာက သူ့ဆီကို ခဏခဏကို ရောက်နေတော့တာပါပဲ။ ငါလည်း သူ့ကို တတ်နိုင်သလောက် နင်နဲ့တွေ့ဖို့ကို တိုက်တွန်းပေမယ့် သူကတော့ စိတ်ကို ဘယ်တော့မှ မပြောင်းလဲဘူး။

ငါနင့်ကို တခါပြောခဲ့ဖူးသလိုပါပဲ။ ဒီနေရာဟာ အထူးကုဆေးရုံတခု မဟုတ်ဘူးလေ။ ဒီမှာ ဆေးပညာ ကျွမ်းကျင်သူတွေရှိပြီး သူတို့တွေကလည်း ထိရောက်တဲ့ကုသမှုတွေ ပေးနိုင်ပေမယ့် တိကျတဲ့ ကုထုံးတွေတော့ မပေးနိုင်ဘူးလေ။ ဒီနေရာက ရောဂါသက်သာဖို့ ထိရောက်တဲ့ ပတ်ဝန်းကျင်ကောင်း တခု ဖန်တီးပေးထားပြီး ဝေဒနာရှင်တွေကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ကုသရမယ့် နေရာတခုပါပဲ။ ဒါပေမဲ့ နာအိုကိုအပေါ်တော့ ဆေးဝါးကုသမှု ဘယ်လောက်ပေးပေး ပြောပလောက်အောင် မသက်သာပါဘူး။ နာအိုကိုရဲ့အခြေအနေဟာ ဆိုးသထက်ဆိုးလာနေပြီး သူတို့တွေ နာအိုကိုကို တခြားဆေးရုံတရုံ၊ ဒါမှမဟုတ် ဆေးဝါးကုသပေးနိုင်တဲ့ နေရာတနေရာကို လွှဲပြောင်းပေးဖို့ စဉ်းစားနေကြပြီ။ ငါ့သဘောကတော့ အဲဒီလိုလွှဲပြောင်းပေးတာဟာ ပိုပြီး နာကျင်စရာ ဖြစ်နိုင်ပေမယ့်လို့ ငါတို့ အဲဒီလိုပဲ လုပ်ရတော့မယ်။ အဲဒီလိုလွှဲပြောင်းပေးတဲ့အတွက် သူ ဒီကို ပြန်မလာရတော့ဘူးဆိုတဲ့သဘောတော့ မဟုတ်ဘူး။ သူ့ကို ဆေးခွင့်ပေးထားတဲ့သဘောမျိုးပဲ၊ ဒါမှမဟုတ်လည်း သူ ဆေးရုံမှာတင် လုံးဝအကောင်းပကတိ ပြန်ဖြစ်သွားနိုင်တာပဲလေ။ ဘာပဲဖြစ်ဖြစ်ပေါ့ ငါတို့ဘက်ကတော့ တတ်နိုင်သမျှ အကုန်လုပ်ပေးနေတယ်။ နာအိုကိုကလည်း သူ တတ်နိုင်သမျှကို လုပ်နေတယ်။ အခုလောလောဆယ် နင်လုပ်နိုင်တာကတော့ နာအိုကို ပြန်ကောင်းလာဖို့ကို မျှော်လင့်နေဖို့နဲ့ သူ့ဆီကို စာတွေ ဆက်ရေးနေဖို့ပါပဲ။ အခုတော့ ဒီလောက်ပါပဲ။

ရီကိုအီရှီဒါ

ဒီစာဟာ မတ်လ ၃၁ ရက် နေ့စွဲတပ်ထားပါတယ်။ ကျွန်တော် စာဖတ်ပြီးတဲ့နောက် ဝရန်တာမှာ ထိုင်ပြီး ခြံထဲကို မျက်စေ့ကစားနေပါတယ်။

နွေဦးရာသီရဲ့လတ်ဆတ်မှုနဲ့အတူ ခြံထဲမှာ သစ်ပင်ပန်းပင်တွေ ဝေဆာလို့ နေပါပြီ။ ချယ်ရီပင်အိုကြီးပေါ်မှာ ပန်းပွင့်တွေ ငွားငွားစွင့်စွင့် ပွင့်ဖူးလို့ နေကြပါတယ်။ လေပြေလေညှင်းလေး တိုက်ခတ်လာတယ်။ နေ့အလင်းရောင်ဟာ ပုံမှန်မဟုတ်ဘဲ ဝေဝါးလာပြီး နေရာတိုင်းမှာ မီးခိုးရောင်တွေပဲ တွေ့နေရတယ်။ စင်ရော်ဟာ ဟိုဟိုဒီဒီ လျှောက်သွားလို့နေတယ်။ ဝရန်တာမှာ ဟိုဒီလျှောက်သွားပြီးတဲ့နောက် ကျွန်တော့်ဘေးနားမှာ လာအိပ်တယ်။

ကျွန်တော် လေးလေးနက်နက် စဉ်းစားဖို့ လိုပြီဆိုတာကို သိလာတယ်။ ဒါပေမဲ့ ကျွန်တော် မစဉ်းစားနိုင်ဘူး ဖြစ်နေတယ်။ အမှန်အတိုင်းပြောရရင် စဉ်းစားတဲ့အလုပ်ကို ကျွန်တော် နောက်ဆုံးမှ လုပ်ချင်တာပါ။ ကျွန်တော့်အတွက် ရွေးချင်စရာမရှိတဲ့အချိန်တွေဟာ မကြာခင် ရောက်လာတော့မှာပဲ။ အဲဒီအချိန်ရောက်လာတဲ့အခါ ကျွန်တော် အရာအားလုံးကို အချိန်အကြာကြီး ယူစဉ်းစားရမှာပါ။ အခုတော့ မဟုတ်သေးပါဘူး။ အခုမဟုတ်သေးဘူး။

ကျွန်တော် တနေ့လုံး ခြံထဲကိုကြည့်နေမိတယ်။ တိုင်ကို မှီရင်း စင်ရော်ကို ပွတ်သပ်ပေးနေမိတယ်။ ကျွန်တော် ခေါင်းတွေ ရှုပ်ထွေးနေတယ်။ နေ့ခင်း အချိန်ကုန်ဆုံးသွားတော့ ဆည်းဆာအလင်းရောင် ရောက်လာတယ်။ ခြံထဲမှာ အပြာရောင် အရိပ်တွေချည်းပဲ။ စင်ရော် ပျောက်သွားပြန်တယ်။ ကျွန်တော်တော့ ချယ်ရီပန်းတွေကို ဆက်ကြည့်နေမိတယ်။ နွေဦးရာသီရဲ့မှောင်ရီဖျိုးဖျအချိန်ဟာ ပြည်တည်နေတဲ့အနာပေါ်က အသားနဲ့တောင် တူလို့နေပါတယ်။ ခြံထဲမှာ ချိုသာမှုတွေရယ်၊ ညှီရော်ပုပ်အဲ့နေတဲ့ အသားနံ့တွေရယ် ရောယှက်နေတယ်။ ပြီးတော့ နာအိုကိုရဲ့အသားအရေကို ကျွန်တော် စဉ်းစားမိတယ်။ နာအိုကိုရဲ့လှပတဲ့အသားစိုင်တွေဟာ ကျွန်တော့်ဘေးနား အမှောင်ထဲမှာ လဲလျောင်းနေတယ်။ ကျွန်တော် သူ့အရေပြားကို အကြိမ်ပေါင်းများစွာ ပွတ်သပ်နေမိတယ်။ အစိမ်းရောင်တွေနဲ့ တုန်ခါနေတဲ့ လေညှင်းဟာ မသိမသာလေး တိုက်ခတ်နေ တယ်။ ဘာ့ကြောင့်များ ဒီလောက်လှပတဲ့ ခန္ဓာကိုယ်ဟာ နေမကောင်းဖြစ်နေရတာလဲလို့ ကျွန်တော် တွေးမိပါတယ်။ သူတို့ နာအိုကိုကို ဘာလို့ တယောက်တည်း မထားကြတာလဲ။

ကျွန်တော် အထဲကို ပြန်ဝင်ပြီး လိုက်ကာတွေ ပိတ်လိုက်ပါတယ်။ အခန်းထဲရောက်တဲ့တိုင်အောင်မှ နွေဦးရာသီရဲ့ရနံ့တွေကနေ ပြေးမလွတ်နိုင်ပါဘူး။ မြေကြီးကနေတက်လာတဲ့ အနံ့တွေဟာ အားလုံးကို ဖုံးလွှမ်းထားပါတယ်။ ဒါပေမဲ့ အခုချိန်မှာ ကျွန်တော့်စိတ်ထဲ ရောက်ရှိနေတဲ့ တခုတည်းသော ရနံ့ကတော့ ပုပ်အဲ့ညှီရော်နေတဲ့ အနံ့တွေပါပဲ။ လိုက်ကာတွေရဲ့နောက်မှာ ကျွန်တော်ဟာ ကျူးကျူးကျော်ကျော် ဝင်ရောက်နေတဲ့ နွေဦးရနံ့တွေကို ခံစားနေမိပါတယ်။ ကျွန်တော့်အတွက် သိုလှောင်ထားတဲ့ နွေဦးရာသီကို ကျွန်တော် မုန်းပါတယ်။

မှောင်မဲပြီး ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ ဖြစ်နေတဲ့ တဒုတ်ဒုတ် မြည်ပြီး နာကျင်ကိုက်ခဲနေတဲ့ဟာမျိုးကို မုန်းမိပါတယ်။ ကျွန်တော့်ဘဝတလျှောက်မှာ ဒီလောက်ပြင်းပြတဲ့ မုန်းတီးမှုမျိုး တခါမှ မဖြစ်ဖူးပါဘူး။

ကျွန်တော် သုံးရက်စလုံး ဘာမှမလုပ်ဘဲ စိတ်ပင်လယ်ရဲ့ ကြမ်းပြင်ပေါ်မှာ လမ်းလျှောက်နေမိပါတယ်။ လူတွေရဲ့ပြောစကားကို ကျွန်တော် မကြားနိုင်ပါဘူး။ သူတို့တွေဟာ ဒုက္ခတွေကို ရနိုင်သလောက် ဖမ်းဆုပ်နေတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ ကျွန်တော့် ခန္ဓာကိုယ်တခုလုံးဟာ အလွှာပါးတခုထဲမှာ ထုပ်ပိုးခံထားနေရပြီး၊ ကျွန်တော်နဲ့ ပြင်ပလောကကြီး တခုလုံးကို အဆက်အသွယ် ဖြတ်ထားတယ်လို့ ခံစားနေမိပါတယ်။ ကျွန်တော် သူ့ကို ထိတွေ့လို့ မရပါဘူး။ သူတို့ကလည်း ကျွန်တော့်ကို ထိတွေ့လို့ မရပါဘူး။ ကျွန်တော်ဟာ လုံးဝ အကူအညီမဲ့နေပါတယ်။ ကျွန်တော် ဒီအတိုင်းနေသမျှ ကာလတလျှောက်လုံး သူတို့တွေဟာ ကျွန်တော့်ဆီရောက်လာကြမှာ မဟုတ်ပါဘူး။

ကျွန်တော်ဟာ နံရံပေါ်မှာမှီပြီး မျက်နှာကြက်ကို ငေးကြည့်နေမိတယ်။ ကျွန်တော် ဗိုက်ဆာလာတဲ့ အခါမှာ ကျွန်တော့်ရဲ့လက်တကမ်းမှာရှိတဲ့ ရေကို သောက်ပြီး၊ ကျွန်တော် ဝမ်းနည်းလာတဲ့ အခါမှာတော့ ဝီစကီတွေ မျိုချလိုက်တယ်။ ကျွန်တော် ရေမချိုးဘူး၊ မုတ်ဆိတ်မရိတ်ဘူး။ အဲဒီလိုနဲ့ အချိန်သုံးရက် ကုန်သွားတယ်။

ဧပြီ ၆ ရက်နေ့မှာ မီဒိုရီဆီက စာတစောင် ရောက်လာပါတယ်။ သူ ကျွန်တော့်ကို ကျောင်းအပ်ရမယ့် ၁၀ ရက်နေ့မှာ ကျောင်းထဲမှာတွေ့ပြီး နေ့လယ်စာ အတူတူစားဖို့ ဖိတ်ခေါ်ထားတဲ့စာပါ။ "ငါ နင့်ဆီကို ငါနေနိုင်သမျှ စာမရေးဘဲ နေဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒါဟာ ငါတို့အတွက် ပုံမှန်ပြန်ဖြစ်စေတယ်လေ။ အခု ငါတို့ အသစ်က ပြန်စကြမယ်လေ။ ငါ နင့်ကို ဝန်ခံရရင် ငါ နင့်ကို လွမ်းပါတယ်" ကျွန်တော် အဲဒီစာကို ခဏခဏ ပြန်ဖတ်ကြည့်မိတယ်။ လေးကြိမ်လောက် ဖတ်ပြီးတဲ့နောက် သူ ကျွန်တော့်ကို ဘာပြောချင်သေးလဲ ဆိုတာကို မသိသေးပါဘူး။ သူတခုခုပြောချင်တာဟာ ဘာများလဲ။ ကျွန်တော့် ဦးနှောက်ဟာ ရှုပ်ထွေးနေပါတယ်။ စာကြောင်း တကြောင်းနဲ့တကြောင်း ဆက်သွယ်မှုကို ကျွန်တော် ဖမ်းမရပါဘူး။ သူပြောတဲ့ ကျောင်းအပ်တဲ့ နေ့မှာ တွေ့တာဟာ ကျွန်တော်တို့ကို ပုံမှန်ပြန်ဖြစ်စေမယ် ဆိုတာ ဘာအဓိပ္ပာယ်လဲ။ သူ ကျွန်တော်နဲ့ ဘာလို့ နေ့လယ်စာ အတူစားချင်ရတာလဲ။ ကျွန်တော် ဘာကိုမှ နားမလည်ပါဘူး။ ကျွန်တော့် စိတ်တခုလုံး အေးစက်ထုံထိုင်းနေပါတယ်။ မြေအောက် သစ်ပင်တခုရဲ့ စိုစွတ်နေတဲ့ အမြစ်တွေလိုပါပဲ။ နာကာဆာဝါရဲ့စကားတွေ ကျွန်တော့်စိတ်ထဲကို ရောက်လာပါတယ်။

"ကိုယ့်ကိုယ်ကို ဝမ်းနည်းအောင် မနေနဲ့။ အသုံးမကျတဲ့သူတွေသာ အဲဒီလို

နေတာ”

“အိုကေ နာကာဆာဝါရေ။ ခင်ဗျားပြောတာ ဟုတ်တယ်” လို့ ကျွန်တော့်ဘာသာ တွေးနေမိပါတယ်။ ကျွန်တော် သက်ပြင်းချပြီး မတ်တပ်ထလိုက်ပါတယ်။

ရက်သတ္တပတ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျွန်တော် အဝတ်လျှော်ပါတယ်။ ပြီးတော့ အများသုံး ရေချိုးခန်းသွားပြီး မုတ်ဆိတ်ရိတ်ပါတယ်။ ကျွန်တော့်ရဲ့နေရာကိုလည်း ဆေးကြောပြီး အပြောင်းအလဲဖြစ်အောင် ဈေးဝယ်ထွက်ပြီး တခုခု ချက်စားပါတယ်။ ပြီးတော့ ဗိုက်ဆာနေတဲ့ စင်ရော်ကို အစာကျွေးပါတယ်။ ကျွန်တော် ဘီယာသောက်ပြီး မိနစ် ၃၀ လောက် လေ့ကျင့်ခန်း လုပ်နေမိပါတယ်။ မုတ်ဆိတ်ရိတ်ရင်း မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တော့ ကျွန်တော်ဟာ ပိန်ချုံးနေတာကို တွေ့ရပါတယ်။ ကျွန်တော့်မျက်လုံးတွေကလည်း ပြူးကျယ်နေပါတယ်။ ကျွန်တော့်ကိုယ်ကျွန်တော်တောင် မမှတ်မိပါဘူး။

နောက်နေ့မနက်ခင်းမှာတော့ ကျွန်တော် စက်ဘီး အဝေးကြီး ထွက်စီးမိပါတယ်။ အိမ်မှာ နေ့လယ်စာ စားပြီးတဲ့နောက် ရီကိုရဲ့စာကို နောက်တကြိမ် ထပ်ဖတ်ပါတယ်။ ကျွန်တော် နောက်ဘာလုပ်ရမယ် ဆိုတာကို လေးလေးနက်နက် စဉ်းစားမိပါတယ်။ ရီကို့ဆီကစာကို သေသေချာချာဖတ်တော့ နာအိုကို ပြန်ကောင်းလာမယ်လို့ မျှော်လင့်နေတဲ့ ကျွန်တော့်ရဲ့အကောင်းမြင်စိတ်ကို ထိခိုက်စေပါတယ်။ နာအိုကိုကိုယ်တိုင်က ကျွန်တော့်ကို ပြောဖူးပါတယ်။ “ငါ့အခြေအနေက နင်ထင်တာထက် အများကြီး ဆိုးပါတယ်။ ငါ့ရောဂါမှာ အမြစ်တွေခိုင်မြဲနေပြီ” ပြီးတော့ ရီကိုကလည်း ဘာဆက်ဖြစ်မလဲ ဆိုတာကို သတိမပေးထားပါဘူး။ ကျွန်တော် နာအိုကိုကို နှစ်ကြိမ် တွေ့ပြီးပါပြီ။ အဲဒီနှစ်ကြိမ်စလုံး နာအိုကို ပြန်ကောင်းလာမယ်လို့ ထင်ရတဲ့ အခြေအနေတွေပါပဲ။ ကျွန်တော့်အတွက် စိုးရိမ်တာကတော့ သူတကယ့်လောကကြီးထဲကို ပြန်လာရဲတဲ့ သတ္တိမရှိမှာကိုပါ။ အကယ်၍များ သူ ပြန်လာနိုင်ခဲ့ရင် ကျွန်တော်တို့နှစ်ယောက် ဘဝခရီးကို ရှေ့ဆက်နိုင်မှာပါ။

ရီကိုရဲ့စာဟာ ကျွန်တော်စိတ်ကူးယဉ်တည်ဆောက်ထားတဲ့ ကျွန်တော့်ရဲ့စိတ်ကူးရဲတိုက်ကလေးကို ပြိုပျက်စေပါတယ်။ ကျွန်တော့်ကို ဘာမှမရှိတဲ့ ပြားချပ်ချပ်ဗလာခံစားချက်ကိုပဲ ပေးစွမ်းစေပါတယ်။ ကျွန်တော့်ခြေထောက်ပေါ် ကျွန်တော်ပြန်ရပ်နိုင်ဖို့ ကြိုးစားရပါဦးမယ်။ နာအိုကို ပြန်ကောင်းဖို့ အချိန်အကြာကြီး စောင့်ကောင်းစောင့်ရဦးမှာပါ။ ပြန်ကောင်းလာသည့်တိုင်အောင်မှ သူဟာ အားအင် ကုန်ခမ်းနေပြီး သူ့ကိုယ်သူ ယုံကြည်မှုတွေလည်း ပျောက်ဆုံးနိုင်ပါတယ်။ အဲဒီအခြေအနေကို ကျွန်တော်

ရင်ဆိုင်ရမှာပါ။ ကျွန်တော် ဘယ်လောက်ပဲ သန်မာ သန်မာ ပြဿနာတွေ အားလုံးကိုတော့ ရှင်းနိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော် ဒီလောက်ပဲသိပါတယ်။ ပြီးတော့ ကျွန်တော် လုပ်နိုင်တာလည်း ဘာမှမရှိပါဘူး။ စိတ်ခါတ်ကို မြှင့်ထားပြီး သူ နေပြန်ကောင်းလာတာကို စောင်နေဖို့ပဲ ရှိပါတယ်။

ဟော့ ကီဇူကီလို့ ကျွန်တော်တွေးမိပါတယ်။ ငါ မင်းလိုမဟုတ်ဘဲ အသက်ရှင်ပြီး အကောင်းဆုံး နေထိုင်ဖို့ ရွေးချယ်ခဲ့တယ်။ အသက်ရှင်ရတာဟာ မင်းအတွက် ခက်ခဲမှာတော့ သေချာပါတယ်။ ငါ့အတွက်လည်း ခက်ခဲပါတယ်။ တကယ့်ကို ခက်ခဲတာပါ။ ငါ့ရဲ့အခက်အခဲတွေအားလုံးဟာ မင်းကိုယ့်ကိုယ်ကိုယ် သတ်သေပြီး နာအိုကိုကို ထားခဲ့တာကြောင့်ပါပဲ။ ငါတော့ နာအိုကိုကို ဘယ်တော့မှ ထားခဲ့မှာ မဟုတ်ပါဘူး။ သူ့ကို ငါ ဘယ်တော့မှ ကျောခိုင်းမှာ မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတဲ့ အကြောင်းပြချက်တွေထဲက ပထမဆုံးတချက်ကတော့ ငါ သူ့ကို ချစ်လို့ပဲ။ ပြီးတော့ ငါ သူ့ထက် ပိုသန်မာတယ်လေ။ ပြီးတော့ ငါဟာ ရှေ့လျှောက် ပိုသန်မာရဦးမယ်။ ငါရင့်ကျက်ရတော့မယ်။ ငါဟာ အရွယ်ရောက်ရတော့မယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒါတွေက ငါ လုပ်ရမှာတွေပဲလေ။ ငါ ၁၇ နှစ်၊ ၁၈ နှစ် အရွယ်ပဲ အမြဲတမ်းရှိနေရင် ကောင်းမှာပဲလို့ ငါတွေးမိလေ့ရှိတယ်။ ဒါပေမဲ့ မရပါဘူး။ ငါ အခု ဆယ်ကျော်သက်ယောက် မဟုတ်တော့ဘူး။ ငါ့မှာ တာဝန်တွေယူစရာ ရှိတယ်။ ငါ အခု အသက် ၂၀ ပြည့်ပြီ။ အသက်ရှင်ခြင်းအတွက် အဖိုးအခတွေ ငါပေးဆပ်ရဦးမယ်။

※※※

“သောက်ကောင် ဝါတာနာဘီ။ နင် ဘာတွေဖြစ်နေတာလဲ။ အရိုးနဲ့ အရေပဲ ရှိတော့တယ်” လို့ မီဒိုရီက ပြောတယ်။

“အဲလောက်တောင် ဆိုးလို့လား”

“လင်ယူသွားတဲ့ နင့်ရည်းစားအတွက် နင်တော်တော်ခံစားနေရတယ်ထင်တယ်”

ကျွန်တော် သူ့ကို ရယ်ပြပြီး ခေါင်းခါပြလိုက်တယ်။ “ငါ အောက်တိုဘာလ အစကတည်းက ဘယ်မိန်းမကလေးနဲ့မှ မအိပ်သေးဘူး”

“မဖြစ်နိုင်တာ မပြောစမ်းပါနဲ့။ ငါတို့ ခြောက်လလုံးလုံး ဒီမှာ စကားတွေ ပြောနေခဲ့တာပဲဟာ”

“နင် ငါ့ကို ကြားနေတယ်ပေါ့”

“နင် ဘာလို့ ဒီလောက်တောင်မှ ကိုယ်အလေးချိန်တွေကျသွားတာလဲ”

“အရွယ်ရောက်လာလို့လေ” လို့ ကျွန်တော် ပြောလိုက်တယ်။

မိဒိုရိဟာ သူ့လက်ကို ကျွန်တော့်ပခုံးပေါ်တင်ပြီး ကျွန်တော့်မျက်လုံးတွေကို အပြစ်တင်တဲ့ပုံစံနဲ့ ကြည့်နေရာကနေ ချိုသာတဲ့အပြုံးအဖြစ် ပြောင်းလဲလာတယ်။ “ဟုတ်တယ်ဟ။ နင် အရင်နဲ့ မတူတော့ဘူး။ ပြောင်းလဲလာတယ်” လို့ သူကပြောတယ်။

“ငါကြီးလာပြီလို့ နင့်ကိုပြောသားပဲ။ ငါအခု အရွယ်ရောက်နေပြီလေ”

“နင့်ဦးနှောက်အလုပ်လုပ်ပုံက မဆိုးဘူးပဲ” လို့ တကယ်ပဲအထင်ကြီးတဲ့ပုံစံနဲ့ သူက ပြောပါတယ်။ “ဗိုက်ဆာနေပြီ။ တခုခုသွားစားရအောင်”

စာပေဌာနနောက်က စားသောက်ဆိုင်ကလေးကို ကျွန်တော်တို့ သွားလိုက်ကြတယ်။ ကျွန်တော့် စပါယ်ရှယ် နေ့လယ်စာမှာတော့ သူလည်း ကျွန်တော့်လိုပဲ လိုက်မှာတယ်။

“ဟဲ့ ဝါတာနာဘဲ နင် ငါ့ကြောင့် ရှုးနေခဲ့လား”

“ဘာအတွက်လဲ”

“ငါ နင့်ဆီကို စာမပြန်လို့လေ။ ငါနင့်ကို အဲဒီလိုမလုပ်သင့်ဘူးလို့ နင် မထင်ဘူးလား။ နင့်ဘက်က တောင်းပန်ရဲ့သားနဲ့လေ”

“အားလုံးက ငါ့အမှားတွေပါပဲလေ။ အဲဒါကြောင့်ပဲ ပြဿနာတွေ ဖြစ်သွားတာပါ”

“ငါ့ညီမကတော့ အဲဒီလိုမလုပ်သင့်ဘူးလို့ ပြောတယ်။ အဲဒီလို လုပ်တာဟာ ခွင့်မလွှတ်ရာ ရောက်တဲ့အပြင် ကလေးဆန်တယ်လို့လည်း ပြောတယ်”

“ရပါတယ်။ နင်အဲဒီလိုလုပ်ရတာကြိုက်တယ်ဆိုလည်း ရပါတယ်”

“အာဟာ”

“အိုကေ ထားလိုက်ပါတော့”

“နင် ငါ့ကို အိပ်ရာထဲပို့ခဲ့တုန်းက နင်ငါနဲ့ ဖြစ်ချင်နေခဲ့တယ် မဟုတ်လား"

“အင်း ဟုတ်ပါတယ်”

“ဒါပေမဲ့ နင် ဘာမှ မလုပ်ခဲ့ပါဘူး”

“နင်က ငါ့ရဲ့အကောင်းဆုံးသူငယ်ချင်းပဲလေ။ ငါနင့်ကို မဆုံးရှုံးချင်ဘူး”

"အဲဒီတုန်းကသာ နင် ငါ့ကို အတင်းကြိုးစားခဲ့မယ်ဆိုရင် ငါ အရမ်းပင်ပန်းနေတာကြောင့် ငြင်းဆန် ကာကွယ်နိုင်ခဲ့မှာ မဟုတ်ဘူး"

"အဲဒီတုန်းက ငါ အရမ်းကြီးမား မာကျောနေခဲ့တယ်"

မီဒိုရီဟာ ပြုံးပြီး ကျွန်တော့်ရဲ့လက်ကောက်ဝတ်ကို ကိုင်လိုက်တယ်။ "အဲဒီအချိန်လေးမတိုင်ခင်မှာပဲ ငါနင့်ကို ရာနှုန်းပြည့် ယုံကြည်ဖို့ ဆုံးဖြတ်ချက်ချခဲ့တယ်။ အဲဒါကြောင့် ငါ စိတ်ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အိပ်ပျော်သွားတာပေါ့။ နင်ရှိနေရင် ငါလုံခြုံတယ်လို့ ယုံကြည်ခဲ့တယ်။ အဲဒါကြောင့် သစ်တုံးတတုံးလို အိပ်ခဲ့တာပေါ့"

"ဟုတ်တယ်။ နင် အိပ်ခဲ့တယ်"

"တဖက်ကလည်း နင်ကသာ ငါ့ကို "ဟေ့ မီဒိုရီ။ ငါတို့ တခုခု လုပ်ကြရအောင်။ အားလုံး ကောင်းသွားလိမ့်မယ်လို့" ပြောခဲ့ရင်လည်း ငါငြင်းမှာ မဟုတ်ဘူး။ အခု ငါနင့်ကို ဖြားယောင်းနေတာ နောက်နေတာလို့တော့ မထင်ပါနဲ့။ ငါ့စိတ်ထဲမှာ ရှိတာကို ရိုးရိုးသားသား ပြောပြတာပါ"

"ငါသိပါတယ်။ ငါသိပါတယ်"

ကျွန်တော်တို့ နေ့လယ်စာစားတုန်း ကျောင်းဝင်ကတ်ပြားတွေကို အပြန်အလှန် ပြကြတယ်။ ကျွန်တော်တို့နှစ်ယောက် သင်ခန်းစာနှစ်ခုကို အတူတူ အပ်ထားတာ တွေ့ရတယ်။ အဲဒါကြောင့် တပတ်မှာ နှစ်ရက်တော့ အနည်းဆုံး သူနဲ့တွေ့ရမှာပေါ့။ ပြီးတော့ မီဒိုရီဟာ သူ့ရဲ့နေမှုထိုင်မှု ကိစ္စတွေကို ပြောပြပါတယ်။ သူတို့တိုက်ခန်းကို ရောက်ခါစက သူ့ညီမရော၊ သူရော အရမ်း အဆင်ပြေတဲ့အတွက် တိုက်ခန်းမှာ နေရတာနဲ့ အသားမကျခဲ့ဘူးလို့ ပြောပါတယ်။ အရင်တုန်းက ဆိုရင် လူနာတွေ ပြုစုရတာ၊ စာအုပ်ဆိုင်ကို ကြည့်ရတာနဲ့ ဟိုဟိုဒီဒီတွေ လုပ်နေရတာကြောင့် သူတို့ အနားမှ မရခဲ့တာ။

"နောက်တော့ ငါတို့ အသားကျလာခဲ့ပါတယ်။ ငါတို့ အရင်ကတည်းက တိုက်ခန်းမှာ နေခဲ့သင့်တာ။ ဘာကိုမှလည်း စိတ်ပူစရာမလိုဘူး။ ဘယ်သူ့ကိုမှလည်း ဖြည့်ဆည်းပေးစရာ မလိုဘူး။ ကြိုက်သလို နေလို့ရတယ်။ အဲဒါကြောင့် ရောက်ခါစတုန်းက အရမ်းအဆင်ပြေလွန်းအားကြီးလို့ ကြမ်းပြင်နဲ့ ခြေထောက် နှစ်လက်မလောက်တောင် ကွာနေသလိုပဲ။ ငါတို့ အချိန်မရွေး ပြန်ပြုတ်ကျမှာကိုတောင် စိတ်ပူနေခဲ့ရတယ်"

"မလိုအပ်ဘဲ စိတ်ပူတာပါ" လို့ ကျွန်တော်ပြုံးပြီးပြောလိုက်တယ်။

"ဟုတ်ပါတယ်။ အရင်တုန်းက ငါတို့ နေရတဲ့ဘဝက

အရမ်းကြမ်းတမ်းခဲ့တာကိုး။ အခုတော့ ငါတို့ ဘာကိုမှ စိတ်ညစ်စရာမလိုတော့ပါဘူး”

“အင်းပေါ့လေ။ ဒါနဲ့ နင့်ညီမရော ဘာတွေလုပ်နေလဲ”

“သူ့သူငယ်ချင်းလေးတယောက်ဖွင့်ထားတဲ့ ဆိုင်ကြီးတဆိုင်မှာ တပတ်သုံးရက် သွားကူလုပ်တယ်။ ပြီးရင် ဟင်းချက်သင်တယ်။ သူ့ရည်းစားနဲ့ အပြင်ထွက်ပြီး ရုပ်ရှင်ကြည့်တယ်။ တခြားပျော်စရာတွေ လုပ်တယ်”

နောက်တော့ မီဒိုရီဟာ ကျွန်တော့်ရဲ့ဘဝသစ်အကြောင်းကို မေးတယ်။ ကျွန်တော့်ရဲ့အိမ်ပုံစံ၊ ခြံဝန်းကျယ်ကျယ်နဲ့ စင်ရော်ဆိုတဲ့ ကြောင်ကလေးရယ်၊ ကျွန်တော့်အိမ်ရှင်အကြောင်းကို ပြောပြလိုက်တယ်။

“နင်ပျော်နေပြီပေါ့ ဟုတ်လား” လို့ သူက မေးတယ်။

“အင်းပေါ့”

“မိုက်သားပဲ”

“ဟုတ်တယ်။ ငါ့အတွက်တော့ သာယာတဲ့ နွေဦးအချိန်ပဲ”

“နင့်ရည်းစားထိုးပေးထားတဲ့ ဆွယ်တာကလေးကို နင်ဝတ်ထားတယ်နော်"

အဲဒီစကားက ကျွန်တော့်အတွက် တုန်လှုပ်စရာပါပဲ။ ဝိုင်အရောင် စွယ်တာကလေးကို ကျွန်တော် ငုံ့ကြည့်မိတယ်။ “နင်ဘယ်လိုလုပ်သိတာလဲ”

“နင် အရမ်းရိုးတာပဲ။ ငါ မှန်းပြောလိုက်တာပါ။ ဘာဖြစ်လို့လဲ”

“ငါမသိပါဘူး။ ငါ့ကိုယ်ငါ စိတ်ခံတက်ကြွအောင် ဝတ်ထားတာပါ”

“ဘဝဆိုတာ ကွတ်ကီးတဘူးဆိုတာကို မမေ့နဲ့ဦး”

ကျွန်တော် ခေါင်းကိုခါပြီး သူ့ကိုကြည့်လိုက်တယ်။ “ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ငါဟာ သိပ်မတော်ဘူးဟ။ တခါတလေကျရင် နင်ပြောတာကို ငါ နားမလည်ဘူး”

“ကွတ်ကီးဘူးထဲမှာ ပုံစံမတူတဲ့ ကွတ်ကီးတွေ အများကြီး ပါတယ်လေ၊ နင်ကြိုက်တာလည်း ရှိသလို နင်မကြိုက်တာတွေလည်း ပါမှာပေါ့။ နင်ကြိုက်တာတွေကို အကုန်စားပြီး မကြိုက်တာတွေကို ချန်ထားလိုက်တယ်လေ။ စိတ်ညစ်စရာတွေကြုံရင် အဲဒီစကားကို သတိရလိုက်ပါ။ “အခုငါ အားလုံးကို ဖြေရှင်းတော့မယ်။ အားလုံးအဆင်ပြေသွားတော့မှာပါ။ ဘဝဆိုတာ ကွတ်ကီးတဘူးပဲ” လို့ ရေရွတ်လိုက်ပေါ့”

"ဒါ နင့်ရဲ့ဒဿနတခုပေါ့"

"ဟုတ်တယ်။ ငါ အတွေ့အကြုံကနေရခဲ့တာပဲ"

ကောင်မကလေးနှစ်ယောက် ရောက်လာတဲ့အချိန်မှာ ကျွန်တော်တို့နှစ်ယောက် ကော်ဖီ သောက်နေကြတယ်။ မီဒိုရီက သူတို့ကို ကျောင်းတက်ရင်းနဲ့ သိခဲ့တယ်။ သူတို့သုံးယောက် ကျောင်းဝင်ကတ်တွေ လဲကြည့်ကြပြီး စကားတွေအများကြီး ပြောကြတယ်။ "ဂျာမန်စာ နင်အမှတ်ဘယ်လောက်ရလဲ" "ကျောင်းသားအဓိကရုဏ်းတုန်းက နင်ဘာလုပ်နေလဲ" နင့်ဖိနပ်ကလေး အရမ်းလှတာပဲ။ ဘယ်ကဝယ်တာလဲ" ကျွန်တော် သူတို့ရဲ့စကားတွေကို ကြားတချက် မကြားတချက်ပါပဲ။ သူတို့ရဲ့စကားတွေဟာ ကမ္ဘာကြီးရဲ့ တခြားတနေရာကနေ ရောက်လာသလိုမျိုး ကျွန်တော် ခံစားနေရပါတယ်။ ကျွန်တော် ကော်ဖီသောက်ရင်း ဆိုင်ရဲ့ ပြတင်းပေါက်က မြင်နေရတာတွေကို ထိုင်ကြည့်နေမိတယ်။ တက္ကသိုလ်တခုရဲ့နွေဦးရာသီမှာ မြင်နေရတဲ့ပုံစံတွေပါပဲ။ နှစ်သစ်အချိန်ဟာ ကောင်းကင်မှာ မြူနှင်းတွေ ချိတ်ဆွဲထားသလို၊ ချယ်ရီပန်းတွေလည်း ပွင့်နေကြပြီး ကျောင်းသားသစ်တွေကလည်း သူတို့ရဲ့စာအုပ်အသစ်တွေကို လက်နဲ့ အပြည့်သယ်လို့နေကြတယ်။ ကျွန်တော် အဲဒီမြင်ကွင်းကနေ ခဏထွက်ခွာပြီး နာအိုကိုအကြောင်းကို စဉ်းစားမိတယ်။ သူ ဒီနှစ်လည်း ကျောင်းမတက်နိုင်ပြန်ဘူး။ ပြတင်းပေါက်နားမှာ ထားထားတဲ့ ဖန်ခွက်အပြည့် အနီမိုနီပန်းတွေကို တွေ့လိုက်ရတယ်။

ကောင်မကလေးနှစ်ယောက် သူတို့စားပွဲသူတို့ ပြန်သွားတဲ့အချိန်မှာ ကျွန်တော်နဲ့ မီဒိုရီ အပြင်ကို ထွက်လာကြတယ်။ ကျွန်တော်တို့နှစ်ယောက် စာအုပ်ဆိုင်သွားပြီး စာအုပ်နည်းနည်း ဝယ်ကြတယ်။ ပြီးတော့ ကော်ဖီသောက်တယ်။ ဂိမ်းစင်တာ တခုသွားပြီး ပင်ပေါင်သွားကစားတယ်။ ပြီးတော့ ပန်းခြံထဲကခုံမှာ သွားထိုင်ပြီး စကားတွေပြောကြတယ်။ တကယ်ကတော့ သူပြောတဲ့စကားတွေကို ကျွန်တော် ခေါင်းညိတ်နေတာပါ။ သူရေဆာလာတော့ ကျွန်တော် အနားက ဆိုင်တဆိုင်မှာ ကိုလာနှစ်ဘူး သွားဝယ်လိုက်တယ်။ ကျွန်တော်ပြန်ရောက်လာတော့ သူဟာ ဘောပင်တချောင်းနဲ့ စာရွက်ပေါ်မှာ ဟိုဟိုဒီဒီရေးနေတာကို တွေ့ရပါတယ်။

"ဘာတွေရေးနေတာလဲ" လို့ ကျွန်တော်မေးလိုက်တယ်။

"ဘာမှမဟုတ်ပါဘူး"

သုံးနာရီခွဲတော့ သူက ကျွန်တော့်ကို "ငါသွားရတော့မယ်။ ငါ့ညီမကို ဂင်ဇာမှာ သွားတွေ့ရဦးမယ်" လို့ ပြောတယ်။

ကျွန်တော်တို့ မြေအောက်ဘူတာကို လမ်းလျှောက်လာပြီး တယောက် တနေရာစီ လမ်းခွဲခဲ့တယ်။ သူထွက်သွားတော့ မိဒိုရီဟာ လေးခေါက်ခေါက်ထားတဲ့ စက္ကူကို ကျွန်တော့်အိတ်ကပ်ထဲ ထည့်လိုက်တယ်။ "နင် အိမ်ပြန်ရောက်တော့မှ ဖတ်ကြည့်နော" လို့ သူ ပြောခဲ့ပေမယ့် ကျွန်တော် ကားပေါ်မှာတင် ဖတ်ကြည့်ခဲ့ပါတယ်။

"နင် အအေးသွားဝယ်နေတုန်း ငါ ဒီစာကို ရေးလိုက်တာ။ ငါနဲ့ တခုံတည်း အတူထိုင်တဲ့ လူတယောက်ကို စာရေးပေးခဲ့တာ ဒါငါ့ဘဝမှာ ပထမဆုံးအကြိမ်ပဲ။ ဒီလိုလုပ်မှပဲ ရမယ်လို့ ငါခံစားမိတယ်။ နင်က ငါပြောသမျှကို သိပ်နားမထောင်သလိုပဲ။ ငါပြောတာ ဟုတ်ရဲ့လား။

ဒီနေ့ ငါ ဘာထူးခြားလဲဆိုတာ နင် သတိမပြုမိဘူး။ ငါဆံပင်ပုံစံပြောင်းခဲ့တာ နင်မသိဘူး မဟုတ်လား။ ငါ ဒီလောက်ဆံပင်ရှည်အောင်ထားပြီး ပြီးခဲ့တဲ့အပတ်ကမှ ညှပ်ခဲ့တာ။ မိန်းကလေးဆန်တဲ့ ဆံပင်လို့ နင်ပြောမှာပဲ။ ဒါပေမဲ့ နင်လုံးဝသတိမပြုမိဘူး။ ငါ့ဆံပင် အရမ်းလှတာကို နင်ငါနဲ့ အချိန် အကြာကြီးနေတာတောင် သတိမထားမိတဲ့အတွက် ငါရှော့ခ်ဖြစ်တယ်။ ငါ့ဆံပင်က ကြည့်ရဆိုးနေလို့လား။ ငါ ဒီနေ့ ဘာဝတ်သလဲဆိုတာတောင် နင် မှတ်မိမှာ မဟုတ်ပါဘူး။ နင် ငါ့ကို တချက်ကလေးတောင် စောင်းမကြည့်ဘူး။ ဆံပင်ကလေး လှလိုက်တာလို့ ပြောလိုက်ရုံနဲ့ပဲ ငါနင်နဲ့ပတ်သက်ပြီး တွေးမိထားတာတွေ အားလုံးကို ခွင့်လွှတ်နိုင်မှာပဲ။ ဒါပေမဲ့ အခုတော့ မရတော့ဘူး။

အဲဒါကြောင့် နင့်ကိုငါ လိမ်ပြောခဲ့တာ။ ငါ့ညီမနဲ့ ဂင်ဇာမှာတွေ့ရမယ်ဆိုတာ မဟုတ်ဘူး။ ငါဒီည နင့်ရဲ့ နေရာသစ်မှာ လိုက်အိပ်မလို့ပဲ။ ငါ့ရဲ့ညအိပ်အင်္ကျီတောင် ယူလာသေးတယ်။ တကယ်ပြောတာ။ ငါ့အိတ်ထဲမှာ ညအိပ်ဝတ်စုံနဲ့ သွားတိုက်တံပါတယ်။ ငါ အရူးဖြစ်ခဲ့တယ်ပေါ့။ နင်ငါ့ကို နင့်နေရာကို လိုက်လည်ဖို့တောင် မဖိတ်ခေါ်ဘူး။ နင့်ကို တယောက်တည်းပဲ ထားခဲ့တော့မယ်။ နင့်နှလုံးသားက ဘယ်လိုမျိုးမှ ကျေနပ်တာလည်းဆိုတာ နင်ပြန်စဉ်းစားကြည့်ဦး။

ငါ့ကိုတော့ တမျိုးမထင်နဲ့ဦး။ ငါနင့်ကို အရူးအမူးဖြစ်နေတာ မဟုတ်ဘူး။ ငါစိတ်မကောင်းဖြစ်တာပဲ ရှိတယ်။ ငါ့မှာ ပြဿနာတွေရှိနေခဲ့တုန်းက နင်ငါ့အပေါ် အရမ်းကောင်းခဲ့တယ်။ အခု နင့်မှာလည်း ပြဿနာတွေ ရှိနေတဲ့ပုံပါပဲ။ ဒါပေမဲ့ အဲဒီပြဿနာတွေကို ငါ ဖြေရှင်းပေးလို့မရတဲ့ပုံစံမျိုးပဲ။ နင်ဟာ နင့်ရဲ့ကမ္ဘာငယ်ကလေးထဲမှာပဲ သော့ခတ်ပြီးနေတဲ့လူစားမျိုးပဲ။ ငါတံခါးလာခေါက်ပေမယ့် နင်က ခဏလောက်ထွက်ကြည့်ပြီး အထဲကို ပြန်ဝင်သွားခဲ့တယ်။

နင်နဲ့ငါ အရက်သောက်ဖို့ မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ နင်ဘာမှမပြောခဲ့ဘူး။

နင်ငါ့ဘေးနားမှာထိုင်ပြီး ကိုလာပဲ ငုံ့သောက်နေခဲ့တယ်။ ငါ နောက်ဆုံးအချိန်အထိ နင် ငါ့ကို "နင့်ဆံပင်ပြောင်းသွားတယ်နော်" လို့ ပြောတာကို မျှော်လင့်နေမိခဲ့တယ်။ ဒါပေမဲ့ နင်လုံးဝမပြောဘူး။ နင်သာ အဲဒီလိုပြောခဲ့ရင် ငါဒီစာကို စုတ်ဖြဲပြီး "နင့်အိမ်ကိုသွားရအောင်။ ငါနင့်ကို ညစာချက်ကျွေးမယ်။ ပြီးရင် ငါတို့နှစ်ယောက် အိပ်ရာထဲ အတူတူ ဝင်ပြီး ပူးပူးကပ်ကပ်နေရအောင်" လို့ ပြောမိမှာပဲ။ ဒါပေမဲ့ နင်ဟာ စတီးပန်းကန်ပြားလိုပဲ ငြိမ်သက်နေခဲ့တယ်။ ဂွတ်ဘိုင်"

(PS. နောက်တကြိမ် ငါ့ကို စာသင်ခန်းထဲမှာတွေ့ရင် ကျေးဇူးပြုပြီး စကားလာမပြောပါနဲ့)

ကျွန်တော် ရထားပေါ်က ဆင်းဆင်းချင်း ကီချီဂျိုဂျိဘူတာကနေ မီဒိုရီရဲ့တိုက်ခန်းကို ဖုန်းဆက်ပါတယ်။ ဒါပေမဲ့ ဖုန်းလာမကိုင်ဘူး။ ကျွန်တော် အနီးပတ်ဝန်းကျင်မှာ စိမ်ပြေနပြေ လမ်းလျှောက်ပြီး ကျောင်းဆင်းရင် လုပ်လို့ရမယ့် အချိန်ပိုင်းအလုပ်တွေ လိုက်ရှာနေမိတယ်။ ကျွန်တော် စနေ၊ တနင်္ဂနွေနှစ်ရက်လုံး အားနေမှာပါ။ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တွေမှာ ငါးနာရီနောက်ပိုင်း ကျွန်တော် အလုပ်လုပ်လို့ရမှာပါ။ အဲဒီလိုအတိုင်းရရင် ကျွန်တော့်အတွက်လည်း အဆင်ပြေပါတယ်။ အဲဒါကြောင့် ကျွန်တော် အလုပ်လိုက်ရှာနေရတာပါ။ ဒါပေမဲ့ ကျွန်တော်နဲ့ ကိုက်ညီမယ့် အလုပ်မတွေ့တာနဲ့ လက်လျှော့ပြီး အိမ်ပြန်လာခဲ့ပါတယ်။ ညစာအတွက် ဟင်းချက်စရာသွားဝယ်ရင်း မီဒိုရီဆီ ဖုန်းထပ်ဆက်ဖြစ်ပါတယ်။ သူ့ညီမက မီဒိုရီပြန်မရောက်သေးဘဲ ဘယ်အချိန်ပြန်လာမလဲဆိုတာကိုလည်း မသိဘူးလို့ ပြောပါတယ်။ ကျွန်တော် သူ့ကို ကျေးဇူးတင်စကား ပြောပြီး ဖုန်းချလိုက်ပါတယ်။

ညစာစားပြီးတဲ့နောက် ကျွန်တော် မီဒိုရီဆီ စာရေးဖို့ကြိုးစားပါတယ်။ ကျွန်တော် စာရေးတော့ အမှားတွေရေးမိတာနဲ့ပဲ နာအိုကိုဆီကို စာရေးလိုက်ပါတယ်။

"နွေရာသီရောက်နေပြီ။ ငါတို့ကျောင်းတွေလည်း ပြန်စတော့မယ်။ ငါ နင့်ကိုလွမ်းတယ်။ နင်နဲ့တွေ့ပြီး စကားတွေပြောခွင့်ရဖို့ မျှော်လင့်ပါတယ်" လို့ ရေးလိုက်တယ်။ "ဘာပဲဖြစ်ဖြစ် ငါ့ကိုယ်ငါ ပိုပြီးသန်မာအောင် ကြိုးစားရမယ်။ ငါပြောနိုင်သမျှကတော့ ငါပိုသန်မာအောင် လုပ်ဖို့ပဲ ရှိတယ် ဆိုတာပါပဲ" လို့ ကျွန်တော်ရေးလိုက်ပါတယ်။

"နောက်တခုရှိသေးတယ်။ နင် ငါ့ကို တခြားကောင်မကလေးတွေနဲ့ အိပ်မှာကိုလည်း စိတ်မပူပါနဲ့။ ဘာကြောင့်လဲဆိုတော့ ငါနင့်ကို နောက်ဆုံးအကြိမ်တုန်းက ထိတွေ့ခဲ့တာတွေကို မပျောက်ပျက်ချင်လို့ပါ။ အဲဒါဟာ ငါ့အတွက် တော်တော်လေးကို အရေးပါပါတယ်။ ငါ အဲဒါကိုပဲ

အမြဲစဉ်းစားနေမိတယ်”

ကျွန်တော် အဲဒီစာကို စာအိတ်ထဲထည့် တံဆိပ်ကပ်ပြီး စားပွဲပေါ်မှာ တင်ထားလိုက်တယ်။ ကျွန်တော် အဲဒီစာကို အကြာကြီးကြည့်နေမိတယ်။ အရင်စာတွေထက် အများကြီး တိုပေမယ့် ကျွန်တော်ခံစားနေရတာတွေကို နာအိုကို ပိုနားလည်လာလိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော် ဖန်ခွက်ထဲကို ဝီစကီတလက်မခွဲလောက်ထည့်လိုက်ပြီး နှစ်ကျိုက်တည်းနဲ့ မော့သောက်လိုက်ပြီး အိပ်ရာဝင်လိုက်ပါတယ်။

※※※

နောက်တနေ့မှာတော့ ကီချီဂျိုဂျီဘူတာမှာ ကျွန်တော် အလုပ်တခု တွေ့ပါတယ်။ အဲဒီအလုပ်က စနေ၊ တနင်္ဂနွေ နှစ်ရက်ပဲ လုပ်ရမှာဖြစ်ပြီး အီတလီစားသောက်ဆိုင်ကလေးမှာ စားပွဲထိုးရမှာပါ။ ခရီးစရိတ်နဲ့ နေ့လယ်စာပါ ရမှာဖြစ်ပါတယ်။ ပြီးတော့ တယောက်ယောက် မလာဘူးဆိုရင်လည်း တနင်္လာ၊ ဗုဒ္ဓဟူး ဒါမှမဟုတ် ကြာသပတေးနေ့တွေမှာ လူစားဝင်လို့ရမှာပါ။ (လူစား ခဏခဏ ဝင်ခဲ့ရပါတယ်။) ကျွန်တော့်အတွက် အရမ်းအဆင်ပြေပါတယ်။ ကျွန်တော် သုံးလ အလုပ်လုပ်ပြီးရင် လုပ်ခတိုးရမယ်လို့ မန်နေဂျာက ကျွန်တော့်ကို ပြောပါတယ်။ ဒီစနေနေ့မှာပဲ အလုပ်စဆင်းဖို့ ကျွန်တော့်ကို သူပြောပါတယ်။ သူဟာ ရှင်ဂျူကူက ခေတ်ပြားဆိုင်မန်နေဂျာထက် ပိုကောင်းတဲ့ပုံပါပဲ။

မီဒိုရီဆီ ဖုန်းထပ်ဆက်ဖို့ ကြိုးစားပါသေးတယ်။ သူ့ညီမပဲ ဖုန်းထပ်ကိုင်ပါတယ်။ မနေ့ကတည်းက မီဒိုရီ ပြန်မလာဘူးလို့ ပြောပါတယ်။ သူလည်း စိတ်ပူနေတယ်လို့ ပြောတဲ့အပြင် ဘယ်သွားသလဲ ဆိုတာကိုလည်း မသိဘူးလို့ ပြောပါတယ်။ ကျွန်တော်သိတာကတော့ မီဒိုရီဆီမှာ ညအိတ်ဝတ်စုံနဲ့ သွားတိုက်တံတချောင်းပါတယ်ဆိုတာပါပဲ။

ဗုဒ္ဓဟူးနေ့မှာ မီဒိုရီကို စာသင်ခန်းထဲမှာ တွေ့ရပါတယ်။ သူဟာ အစိမ်းရင့်ရောင်ဆွယ်တာကို ဝတ်ထားပြီး နွေရာသီတွေမှာ သူတပ်လေ့ရှိတဲ့ မျက်မှန်အနက်ကြီးကိုလည်း တပ်ထားပါတယ်။ သူ နောက်ဆုံးတန်းမှာ ထိုင်ပြီး ကျွန်တော် တခါမြင်ဖူးတဲ့ မျက်မှန်နဲ့ ခပ်ပိန်ပိန်ကောင်မကလေးကို စကားတွေပြောနေပါတယ်။ ကျွန်တော် သူ့နားကိုသွားပြီး အပန်းဖြေရင်း စကားပြောချင်တယ်လို့ ပြောခဲ့ပါတယ်။ မျက်မှန်နဲ့ ကောင်မကလေးက ကျွန်တော့်ကို အရင်ပြန်ကြည့်တယ်။ ပြီးတော့ မီဒိုရီကို ကြည့်တယ်။ မီဒိုရီရဲ့ဆံပင်ပုံစံဟာ အရင်ကထက် ပိုရှည်လာပြီး ပိုပြီးလည်း မိန်းမဆန်လာပါတယ်။

“ငါတခြားတယောက်နဲ့ တွေ့စရာရှိသေးတယ်” လို့ မီဒိုရီက ပြောပြီး ခေါင်းကို ပြန်လှည့်သွားပါတယ်။

"အချိန်သိပ်မကြာပါဘူး။ ငါးမိနစ်လောက်ပါပဲ" လို့ ကျွန်တော်ပြောလိုက်တယ်။

မီဒိုရီဟာ သူ့မျက်မှန်ကိုချွတ်ပြီး မျက်မှောင်ကျုံ့ပါတယ်။ မီဒိုရီဟာ ဟိုအဝေး ကိုက် ၁၀၀ ကျော်မှာ ရှိတဲ့ ပြိုလဲပျက်စီးပြီး လူမနေတဲ့ အိမ်တအိမ်ကို ကြည့်နေသလိုမျိုးပါပဲ။

"ဆောရီးပါပဲ။ ငါနင်နဲ့ စကားမပြောချင်ဘူး" လို့ သူကပြောတယ်။ သူ့ဘေးက မျက်မှန်နဲ့ ကောင်မကလေးကလည်း ကျွန်တော့်ကို ကြည့်နေတယ်။ သူ့မျက်လုံးတွေက သူ ရှင်နဲ့ စကားမပြောချင်ဘူး။ ဆောရီးပဲလို့ ပြောနေတဲ့အတိုင်းပါပဲ။

ကျွန်တော် ရှေ့ဆုံးတန်းရဲ့ညာဘက်ထောင့်မှာ ထိုင်ပါတယ်။ (တင်နက်စီဝီလျံရဲ့လက်ရာတွေကို သုံးသပ်ချက်နဲ့ အမေရိကန်စာပေလောကအပေါ် သက်ရောက်ချက်တွေကို သင်နေပါတယ်။) စာသင်ချိန် ကုန်သွားတော့ ကျွန်တော် တစ်၊ နှစ်၊ သုံး ရေပြီး နောက်လှည့်ကြည့်မိတယ်။ မီဒိုရီ မရှိတော့ပါဘူး။

ဧပြီလဟာ အထီးကျန်စွာ တယောက်တည်း ဖြတ်သန်းရတဲ့လပါပဲ။ ဧပြီလမှာ ကျွန်တော့်ပတ်ဝန်းကျင်က လူတိုင်း ပျော်နေကြတဲ့ပုံပါပဲ။ လူတွေဟာ ကုတ်အင်္ကျီတွေချွတ်ပြီး နေရောင်အောက်မှာ အုပ်စုဖွဲ့နေကြပါတယ်။ စကားတွေပြောကြတယ်။ ပြေးတမ်းလိုက်တမ်း ကစားကြတယ်။ လက်တွေကို ဆုပ်ကိုင်ထားကြတယ်။ ကျွန်တော်တော့ တယောက်တည်းပါပဲ။ နာအိုကို၊ မီဒိုရီ၊ နာကာဆာဝါတို့ဟာ ကျွန်တော်တို့ထိုင်နေတဲ့နေရာနဲ့ အဝေးဆီမှာချည်းပါပဲ။ အခု ကျွန်တော့်ကို ဘယ်သူမှ "ဂွတ်မောနင်း"၊ ဒါမှမဟုတ် "ကောင်းသောနေ့ပါ" လို့ နှုတ်ဆက်မယ့်သူ မရှိပါဘူး။ မုန်တိုင်းတပ်သားကိုတောင် ကျွန်တော် သတိရမိပါတယ်။ ကျွန်တော်ဟာ တလလုံး မျှော်လင့်ချက်မဲ့တဲ့ အထီးကျန် ခံစားမှုနဲ့ နေခဲ့ရပါတယ်။ မီဒိုရီကို စကားပြောဖို့ ကြိုးစားပေမယ့် သူ့အဖြေကတော့ ထုံးစံအတိုင်း တထပ်တည်းပါပဲ။ "ငါနင်နဲ့ စကားမပြောချင်သေးဘူး" သူ့ရဲ့လေသံကလည်း တကယ် စကားမပြောချင်တဲ့ပုံပါပဲ။ သူဟာ မျက်မှန်တပ်ထားတဲ့ ကောင်မကလေးနဲ့ အတူရှိရင်ရှိ၊ ဒါမှမဟုတ်ရင် ဆံပင်အတိုညှပ်ထားတဲ့ အရပ်ရှည်ရှည် လူတယောက်နဲ့ ရှိနေလေ့ရှိပါတယ်။ သူ့ရဲ့ခြေတံတွေဟာ ရှည်လျားပြီး အမြဲတမ်း ဘတ်စကတ်ဘောဖိနပ် စီးထားလေ့ရှိပါတယ်။

ဧပြီကုန်သွားတော့ မေလရောက်ပါတယ်။ ဒါပေမဲ့ မေလက ပိုတောင်ဆိုးပါသေးတယ်။ မေလရဲ့ နွေရာသီထဲမှာ ကျွန်တော့်နှလုံးသားရဲ့တုန်ခါနေသံတွေကို ပြန်ကြားနေရပါတယ်။ နေဝင်သွားတာနဲ့

အဲဒီလို တုန်ခါတော့တာပါပဲ။ ညနေခင်း ဖျော့တော့တော့နေရောင်မှာ၊ တတိုင်းမွေးပန်းရနံ့တွေ ရောက်လာတဲ့အခါ ကျွန်တော်ဟာ ဓားနဲ့ထိုးခံထားရသလို ကျွန်တော့်နှလုံးသားဟာ နာကျင်လို့ နေပါတယ်။ ကျွန်တော် မျက်လုံးတွေမှိတ် အံကြိတ်နေမိပြီး အဲဒီအချိန်တွေ ကုန်ဆုံးတာကို စောင့်နေလေ့ရှိပါတယ်။ အဲဒီဒဏ်ရာ ဖြည်းဖြည်းချင်း ပျောက်ကွယ်သွားတော့ ကျွန်တော့် ခန္ဓာကိုယ်ထဲမှာ ခပ်မှောင်မှောင် နာကျင်မှုပဲ ကျန်ခဲ့ပါတယ်။

အဲဒီအချိန်တွေမှာ ကျွန်တော် နာအိုကိုဆီ စာရေးနေမိပါတယ်။ ကျွန်တော်ရေးတဲ့ စာတွေတိုင်းဟာလည်း ကျွန်တော် သူ့ကို ထိတွေ့ခဲ့ချိန်က ဘယ်လောက် ကြည်နူးသာယာတယ် ဆိုတဲ့အကြောင်း၊ မြက်ပင်ကလေးတွေရဲ့အနံ့အကြောင်း၊ လေညှင်းကလေးရဲ့ အထိအတွေ့ အကြောင်း၊ လရောင်အကြောင်း၊ ကျွန်တော်ကြည့်ခဲ့တဲ့ ရုပ်ရှင်အကြောင်း၊ ကျွန်တော်ကြိုက်တဲ့ သီချင်းအကြောင်း၊ ကျွန်တော့်ကို တက်ကြွစေတဲ့ စာအုပ်အကြောင်းတွေပဲ ရေးမိခဲ့ပါတယ်။ ကျွန်တော်ရေးတဲ့စာတွေကို ကျွန်တော်ပြန်ဖတ်ရင်းနဲ့ စိတ်သက်သာရာရပါတယ်။ ကျွန်တော် နေထိုင်တဲ့ဘဝဟာ ထူးခြားတဲ့ဘဝလို့လည်း တွေးမိပါတယ်။ ကျွန်တော် စာတွေ အများကြီး ရေးခဲ့ပေမယ့် နာအိုကိုနဲ့ ရီကိုတို့ဆီက ပြန်စာမရပါဘူး။

ကျွန်တော် စားသောက်ဆိုင်မှာ အလုပ်လုပ်နေရင်း သူငယ်ချင်းတယောက် ထပ်ရခဲ့ပါတယ်။ သူ့နာမည်က အီတိုလို့ခေါ်ပြီး ကျွန်တော်နဲ့ သက်တူရွယ်တူပါပဲ။ သူဟာ စကားနည်းတဲ့ ကျောင်းသားတယောက်ဖြစ်ပြီး အနုပညာကောလိပ်မှာ ဆီဆေးပန်းချီပညာရပ်ကို သင်နေတဲ့သူ ဖြစ်ပါတယ်။ သူနဲ့ ကျွန်တော် စကားပြောမိရာကနေ ရင်းနှီးသွားပြီး အလုပ်ပြီးရင် အရက်ဆိုင် အတူသွား စကားပြောလေ့ရှိပါတယ်။ သူလည်းပဲ ကျွန်တော့်လို စာဖတ်တာနဲ့ သီချင်း နားထောင်တာကို ကြိုက်ပါတယ်။ ကျွန်တော်တို့နှစ်ယောက်ဟာ ကျွန်တော်တို့ကြိုက်တဲ့ စာအုပ်တွေနဲ့ ဓာတ်ပြားတွေအကြောင်း ပြောမိပါတယ်။ သူဟာ ခပ်ပိန်ပိန်နဲ့ ကြည့်ကောင်းပြီး တခြား အနုပညာကျောင်းသားတွေလို မဟုတ်ဘဲ ဆံပင်ကို သပ်သပ်ရပ်ရပ် ဖြီးထားလေ့ရှိပါတယ်။ သူ့မှာ ပြောစရာ စကား သိပ်မရှိဘူး။

သူ့အကြိုက် သူ့သဘောထားတွေ ပြောပြီးရင် သူ့မှာ ပြောစရာစကား မရှိတော့ဘူး။ သူက ပြင်သစ်ဝတ္ထုတွေကို ကြိုက်တယ်။ အထူးသဖြင့် ဂျော့သာတိုင်းထိနဲ့ ဘောရစ္စဗီယန်တို့ဆို သိပ်ကြိုက်ပဲ။ ဂီတမှာဆိုရင် မိုးဇက်နဲ့ ရာဗယ်တို့ကို ကြိုက်တယ်။ ကျွန်တော်နဲ့တူတာက သူလည်းပဲ အဲ့ဒါမျိုးတွေ ပြောလို့ရမယ့် သူငယ်ချင်းတယောက် လိုချင်နေတာပါပဲ။

ကျွန်တော့်ကို သူ့တိုက်ခန်းကို လည်ဖို့ တခါ ဖိတ်ဖူးတယ်။ သူ့အခန်းက

ကျွန်တော့်နေရာနဲ့ မတူဘူး။ အီနူကာရီရာ ပန်းခြံနောက်မှာရှိပြီး တထပ်တိုက်ခန်းကလေးပဲ ဖြစ်တယ်။ သူ့အခန်းထဲမှာ ပန်းချီဆွဲဖို့ လိုတဲ့ ပစ္စည်းတွေရယ်၊ ကင်းဗတ်တွေရယ်နဲ့ ပြည့်လို့နေတယ်။ ကျွန်တော် သူ့လက်ရာတွေကို ပြဖို့ တောင်းဆိုခဲ့ပေမယ့် သူကတော့ ပြရမှာ ရှက်တယ်ဆိုပြီး ငြင်းခဲ့တယ်။ ကျွန်တော်တို့ ချီးဗက်စ်ရီဂယ် သောက်ကြတယ်။ အဲဒီအရက်က သူ့အဖေဆီကနေ မသိမသာယူခဲ့တဲ့ အရက်ပါ။ သူ့ရဲ့ကျောက်မီးသွေး မီးဖိုပေါ်မှာ ပြုတ်ထားတဲ့ ဟင်းအနံ့တချို့ကို ရှူရှိုက်ရင်း မိုးဇက်ရဲ့ စန္ဒရားတေးသွားကို ရောဘတ်ကာဆာဒီဆပ်က တီးတာကို နားထောင်ရင်း ကျွန်တော်တို့ သောက်နေကြတယ်။

အီတိုက နာဂါဆာကီက လာတာပါ။ သူအိမ်ပြန်တိုင်း အိပ်လို့ရတဲ့ ရည်းစားတယောက် သူ့မှာရှိတယ်။ ဒါပေမဲ့ နောက်ပိုင်းမှာ သူ့ကောင်မကလေးနဲ့ သိပ်အဆင်မပြေတော့ဘူးလို့ သူက ပြောတယ်။

“မိန်းကလေးတွေဟာ ဘယ်လိုလဲဆိုတာ မင်းသိလား။ သူတို့တွေ အသက်နှစ်ဆယ် နှစ်ဆယ့်တစ်နှစ်လောက် ရောက်တာနဲ့ သူတို့မှာ လက်တွေ့ကျတဲ့ စိတ်ကူးတွေ ရှိလာတယ်။ သူတို့တွေဟာ လက်တွေ့ဆန်တဲ့နေရာမှာ စူပါပဲ။ သူတို့တွေရဲ့ချိုသာပြီး ချစ်ဖို့ကောင်းတဲ့ စိတ်ကူးတွေဟာ သာမန်လောက်ပဲဖြစ်လာတဲ့အခါ သူတို့တွေဟာ စိတ်ဓာတ်ကျတော့တာပဲ။ အခုလည်း ငါတို့ အိပ်ပြီးတိုင်း သူက ငါ့ကို မေးလေ့ရှိတယ်။ နင်ဘွဲ့ရပြီးရင် ဘာလုပ်မှာလဲ” တဲ့။ သူ အရည်သောက်ဖွန်းအပြည့် ခပ်သောက်ရင်း ခေါင်းခါတယ်။ “ငါ ဘာလုပ်နိုင်မှာလဲ။ ငါက ဆီဆေးပန်းချီကျောင်းသားလေ။ ဒီလိုမေဂျာကို ယူထားမှတော့ ဘာကိုမှ စိတ်မပူသင့်တော့ဘူး။ ဘယ်သူမှလည်း ဆီဆေးပန်းချီ မေဂျာကို မယူချင်ကြပါဘူး။ အဲဒီပညာနဲ့ ထမင်းစားလို့မှ မရတာ။ သူကတော့ ငါ့ကို နာဂါဆာကီပြန်လာပြီး အနုပညာဆရာလုပ်ဖို့ ပြောနေတယ်။ သူကိုယ်တိုင်လည်း အင်္ဂလိပ်စာဆရာဖြစ်ဖို့ ကြိုးစားနေတယ်”

“မင်းကိုယ်တိုင်လည်း သူ့ကို အရူးအမူး မဖြစ်တော့ဘူး မဟုတ်လား”

“အပုံကြီးကို မဖြစ်တော့တာ။ ဘယ်လိုကောင်စားမျိုးကများ အနုပညာဆရာ ဖြစ်ချင်မှာလဲ။ ငါ့ဘဝတခုလုံး အလယ်တန်းကျောင်းက မျောက်လောင်းတွေကို ဆရာလုပ်ရင်း မကုန်ချင်ပါဘူး” လို့ အီတိုက ဝန်ခံတယ်။

“အဲဒါလည်း ဟုတ်ပါတယ်။ မင်း သူနဲ့ လမ်းခွဲဖို့ မစဉ်းစားတော့ဘူးလား။ မင်းတို့နှစ်ယောက်စလုံး အတွက် ပိုကောင်းအောင်ပေါ့”

“ငါကြိုးစားပါတယ်။ ငါ သူ့ကို ဘယ်လိုပြောရမှန်း မသိဘူး။ သူ့ဘဝတခုလုံးကို ငါနဲ့ ကုန်ဆုံးဖို့ သူ စီစဉ်နေတယ်။ ငါ သူ့ကို “ဟေ့... ငါတို့

လမ်းခွဲရအောင်၊ ငါ နင့်ကို မကြိုက်တော့ဘူး” လို့ ဘယ်လိုပြောနိုင်မှာလဲ”

ကျွန်တော်တို့ ချီးဗက်စ်တွေကို ရေခဲမပါဘဲ တကျိုက်တည်း မော့သောက်လိုက်တယ်။ ဟင်းရည်တွေ ကုန်သွားတော့ ကျွန်တော်တို့ သခွားသီးတွေ စိတ်ပြီး မီဆိုနဲ့ ရောစားလိုက်တယ်။ ကျွန်တော် သခွားသီးတွေစိတ်ပြီး တဂျွတ်ဂျွတ်ဝါးရင်း မီဒိုရီရဲ့အဖေကို သတိရနေမိတယ်။ သူ့ကို သတိရရာကနေ ကျွန်တော့်ဘဝဟာ မီဒိုရီမရှိရင် ဘယ်လောက်တောင် မွဲခြောက်ပျင်းရိပြီး အရသာမဲ့နေမလဲလို့ တွေးမိတယ်။ အဲဒီတော့ ကျွန်တော်အပြစ်ရှိတဲ့စိတ် ခံစားမိတယ်။ ကျွန်တော် သတိမထားမိလိုက်ဘဲ သူဟာ ကျွန်တော့်စိတ်ထဲမှာ နေရာကြီးကြီးမားမား ယူထားနှင့်ပြီးပါပြီ။

“မင်းရော ရည်းစားရှိလား” လို့ အီတိုက ကျွန်တော့်ကို မေးတယ်။ “ရှိပါတယ်” လို့ ပြောပြီး ကျွန်တော် ခဏရပ်လိုက်တယ်။ ပြီးတော့မှ “ဒါပေမဲ့ ငါသူနဲ့ အခုတော့ တူတူနေလို့ မရဘူး” လို့ ထပ်ပြောလိုက်တယ်။

“ဒါပေမဲ့ မင်းတို့နှစ်ယောက် တယောက်ခံစားမှုတယောက် နားလည်တယ် မဟုတ်လား”

“နားလည်တယ်လို့ ထင်တာပဲ၊ နားမလည်တော့ရော ဘာဖြစ်လဲ” လို့ ကျွန်တော် ရယ်ပြီး ပြောလိုက်တယ်။

အီတိုဟာ အရေးကြီးတဲ့စကား ပြောတဲ့လေသံမျိုးနဲ့ မိုးဇက်ရဲ့ကြီးကျယ်ခမ်းနားမှုတွေကို ပြောတယ်။ သူဟာ မိုးဇက်အကြောင်းကို အစအဆုံး ပြောလို့နေတယ်။ တောသားတယောက်က တောင်ကြားလမ်းတွေကို ကောင်းကောင်းသိတဲ့ပုံစံမျိုးနဲ့ပေါ့။ သူ့အဖေကလည်း ဂီတကို ချစ်တာကြောင့် သူ ငယ်ငယ်ကလေးကတည်းက ဂီတနဲ့ ရင်းနှီးခဲ့တယ်။ ကျွန်တော်တော့ ဂန္ထဝင်ဂီတနဲ့ မရင်းနှီးပါဘူး။ ဒါပေမဲ့ အီတိုရဲ့အရည်အသွေးမပြည့်တဲ့ မှတ်ချက်တွေကြောင့် မိုးဇက်ကိုနားထောင်ရတာ ပိုအရသာရှိလို့လာတယ်။ အီဒိုရီကာရာ ပန်းခြံပေါ်က လခြမ်းကွေးကွေးကို ကြည့်ရင်း ကျွန်တော်တို့ ချီးဗက်စ်ရီဂယ်ကို နောက်ဆုံးတစက်အထိ သောက်လိုက်တယ်။ သိပ်ကောင်းတဲ့ ဝီစကီပါပဲ။

အီတိုက ကျွန်တော့်ကို ညအိပ်ဖို့ ပြောပေမယ့် ကျွန်တော် သူ့ကို လုပ်စရာရှိသေးတယ်လို့ ငြင်းပြီး ညကိုးနာရီမှာ သူ့အခန်းကနေ ပြန်လာခဲ့တယ်။ အိမ်အပြန်လမ်းမှာ ကျွန်တော် လမ်းဘေးဖုန်းကနေ မီဒိုရီဆီ ဖုန်းဆက်မိတယ်။ သူဖုန်းပြန်ဖြေတဲ့အတွက် ကျွန်တော် အံ့တောင်သြမိတယ်။

“ဆောရီးပဲ... ငါ နင်နဲ့ စကားပြန်မပြောချင်သေးဘူး” လို့ သူက ပြောပါတယ်။

"ငါသိပါတယ်၊ ငါသိပါတယ်၊ ငါတို့ဆက်ဆံရေးကို ဒီအတိုင်းကြီး အဆုံးမသတ်ချင်ပါဘူး။ နင်ဟာ ငါ့ရဲ့ရှားရှားပါးပါး သူငယ်ချင်းတွေထဲက တယောက်ပါ။ နင့်ကို မတွေ့ရတာကို ငါနာကျင်မိတယ်။ ငါဘယ်တော့မှ စကားပြောလို့ရမှာလဲ။ ငါ့ကို အနည်းဆုံး အဲဒါလေးတော့ ပြောသင့်ပါတယ်"

"ငါ နင့်ကို စကားပြောချင်တဲ့ အချိန်ကျမှပေါ့" လို့ သူက ပြောတယ်။

"နင် နေကောင်းရဲ့လား" လို့ ကျွန်တော် မေးလိုက်တယ်။

"ကောင်းပါတယ်" လို့ ပြောရင်း သူ ဖုန်းချသွားတယ်။ မေလလယ်မှာ ရီကိုဆီက စာရောက်လာတယ်။

စာခဏခဏရေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နင့်စာတွေရောက်လာလို့ နာအိုကို ပျော်နေတယ်။ ငါလည်း ပျော်ပါတယ်။ နင့်စာတွေ ငါဖတ်လို့ ငါ့ကို စိတ်မဆိုးဘူးမဟုတ်လား။

ငါ အချိန်တော်တော်ကြာအောင် စာမပြန်တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါဟာ။ အမှန်အတိုင်းလည်း ငါဟာ အားအင်ကုန်ခန်း နုံးချည့်နေတယ်။ နင့်ကို ပြောစရာကောင်းတဲ့ သတင်းကောင်းလည်း မရှိဘူး။ နာအိုကို မသက်သာဘူး။ ဟိုနေ့က နာအိုကို့အမေ ကိုဘေးကနေ ရောက်လာတယ်။ နာအိုကို့အမေရယ်၊ နာအိုကိုရယ်၊ ဆရာဝန်ရယ်နဲ့ ငါတို့လေးယောက် စကားတွေထိုင်ပြောပြီးတော့ နာအိုကို့ကို တကယ့်ဆေးရုံကြီးတခုဆီ ပို့ရမယ်ဆိုတဲ့ ဆုံးဖြတ်ချက် ချခဲ့တယ်။ ဆေးရုံမှာ ကုထုံးကောင်းကောင်းနဲ့ ကုပြီးမှ အခြေအနေကို ကြည့်ပြီး ပြန်လာဖို့ပေါ့။ နာအိုကိုကတော့ သူ့ဘာသာသူ ကောင်းအောင် ကြိုးစားမယ် ပြောတယ်။ ငါလည်း သူ့ကို လွမ်းနေမယ့်အပြင် စိတ်လည်းပူနေမှာပါ။ ဒါပေမဲ့ သူ့ကို ဒီမှာဆက်ထားရင် အခြေအနေက ပိုဆိုးလာမှာပါ။ သူက အချိန်တော်တော်များများမှာ ကောင်းနေပေမယ့် တခါတလေကျရင် သူ့စိတ်ခံစားမှုက ကြောက်စရာ ကောင်းလောက်အောင် မတည်ငြိမ်ဘူး။ အဲဒီလိုဖြစ်ရင် ငါတို့ သူ့ကို မျက်စိဒေါက်ထောက် ကြည့်နေရတယ်။ သူအသံတွေ ကြားနေရတဲ့အခါမှာ သူ့စိတ်တခုလုံး အသိကင်းမဲ့သွားပြီး ဂယောက်ဂယက် ဖြစ်နေတော့ တာပဲ။

အဲဒါကြောင့် ငါကိုယ်တိုင်လည်း နာအိုကို့ကို ဆေးရုံမှာ ထိရောက်တဲ့ ကုသမှုခံယူဖို့ သဘောတူတာပါ။ ငါမပြောချင်ပေမယ့် ပြောကိုပြောရမှာပါပဲ။ ငါပြောဖူးသလိုပဲ စိတ်ရှည်ဖို့က အရေးကြီးဆုံးပါပဲ။ တို့တွေဟာ အခြေအနေ ဘယ်လောက်ထိ ရှုပ်ထွေးနေပါစေ၊ စိတ်မပျက်ဘဲ ခရီးဆက်ရမှာပေါ့။ ဘယ်လောက်ပဲ မျှော်လင့်ချက်မဲ့တဲ့ အခြေအနေရောက်ရောက် တစချင်းစီ ပြဿနာတွေ ရှင်းသွားရမှာပေါ့။ အမှောင်ထုနက်နက်ကြီးထဲ ရောက်ရင်တောင် မျက်လုံးတွေကို အမှောင်နဲ့ ကျင့်သားရအောင် ကြိုးစားရမှာပဲလေ။

နင် ဒီစာကိုရတဲ့အချိန်မှာ နာအိုကိုဟာ အခြားဆေးရုံတရုံကို ရောက်နေလောက်ပြီ။ သူ့ကို ဆေးရုံပို့ဖို့ ဆုံးဖြတ်ချက်ချပြီးမှ နင့်ကို အကြောင်းကြားရတာကို ငါ တောင်းပန်ပါတယ်။ အဖြစ်အပျက်တွေက အရမ်းမြန်သွားလို့ပါ။ အခုပို့လိုက်တဲ့ဆေးရုံက ကောင်းပါတယ်။ ဆရာဝန်ကောင်းတွေလည်း ရှိတယ်။ ငါ အောက်မှာ လိပ်စာရေးလိုက်မယ်။ နာအိုကို့ဆီ ကျေးဇူးပြုပြီး စာရေးပါ။ သူ့အခြေအနေကို ငါ့ဆီ သူတို့ အကြောင်းကြားနေမှာပါ။ နင့်ကိုလည်း ငါသိတာတွေ ပြန်ပြောပါ့မယ်။ ကောင်းသတင်းပဲ ဖြစ်ပါစေလို့ ငါဆုတောင်းပါတယ်။ နင့်အတွက်တော့ အနေရခက်မှာ ငါ သိပါတယ်။ ဒါပေမဲ့ နင်မျှော်လင့်ချက်ထားပါ။ နာအိုကို မရှိတော့ပေမယ့်လည်း ကျေးဇူးပြုပြီးတော့ ငါ့ဆီ စာရေးပါ။

ဂွတ်ဘိုင်

နွေရာသီတလျှောက်လုံး ကျွန်တော် စာတွေ အများကြီးရေးဖြစ်တယ်။ နာအိုကို့ဆီ တပတ်တစောင်၊ ရီကို့ဆီကို ပိုရေးဖြစ်တယ်။ မိဒိုရီဆီကိုတော့ ရီကိုထက်ပိုပြီး အများကြီး ရေးဖြစ်တယ်။ စာတွေကို စာသင်ခန်းထဲမှာ အိမ်ကစားပွဲခင်းပေါ်မှာ စင်ရော်ကို ပေါင်ပေါ်တင်ထားရင်လည်း ရေးတယ်။ အီတလီစားသောက်ဆိုင်က စားပွဲအလွတ်မှာလည်း ရေးတယ်။ အဲဒီလို စာတွေရေးနေတာဟာ တစစီဖြစ်နေတဲ့ ကျွန်တော့်ဘဝကို ပြန်စုစည်းနေသလိုပါပဲ။

■

အခန်း (၁၁)

ရီကို ကျွန်တော့်ဆီကို စာပေါင်းများစွာ ရေးတယ်။ နာအိုကိုသေပြီးတဲ့နောက်မှာပေါ့။ သူ့အမှား မဟုတ်တဲ့အကြောင်း သူရေးထားတယ်။ သူ့အမှား မဟုတ်သလို ဘယ်သူ့အမှားမှလည်းမဟုတ်ပါဘူး။ မိုးရွာနေတာကို ဘယ်သူ့ကိုမှ အပြစ်တင်လို့မရသလိုပေါ့။ ဒါပေမဲ့ ကျွန်တော် စာမပြန်တော့ပါဘူး။ ကျွန်တော် ဘာများပြောနိုင်မှာမို့လို့လဲ။ ပြောတော့ကော ဘာထူးဦးမှာလဲ။ ဒီကမ္ဘာကြီးထဲမှာ နာအိုကိုမှ မရှိတော့တာ။ နာအိုကိုဟာ လက်တဆုတ်စာ ပြာမှုန့်ဖြစ်လို့ သွားပြီပဲ။

ဩဂုတ်လအကုန်မှာ နာအိုကို့အသုဘကို ကိုဘေးမှာ တိတ်တိတ်ဆိတ်ဆိတ် ပြုလုပ်ခဲ့ကြတယ်။ နာရေးပြီးတော့ ကျွန်တော် တိုကျိုကို ပြန်လာတယ်။ ကျွန်တော့်အိမ်ရှင်ကို ကျွန်တော်ခရီးသွားမယ့် အကြောင်း ပြောလိုက်ပြီး ကျွန်တော့်အလုပ်ရှင်ဖြစ်တဲ့ အီတလီစားသောက်ဆိုင်ပိုင်ရှင်ကိုလည်း “ကျွန်တော် မလာတော့ဘူး” လို့ ပြောလိုက်တယ်။ မီဒိုရီ့ဆီကိုတော့ ကျွန်တော် ဘာမှ မပြောနိုင်သေးတဲ့အကြောင်း စာရေးလိုက်တယ်။ ပြီးတော့ သူ ကျွန်တော့်ကို စောင့်နေနိုင်လိမ့်မယ် လို့လည်း မျှော်လင့်မိတယ်။ နောက်ထပ် သုံးရက်တိတိကို ကျွန်တော် တိုကျိုမြို့က ရုပ်ရှင်ရုံတွေမှာ အချိန်ဖြုန်းနေလိုက်တယ်။ တင်သမျှ ရုပ်ရှင်ကားတိုင်းကို ကြည့်ပြီးတဲ့နောက်မှာတော့ ကျွန်တော် ကျောပိုးအိတ်ကြီးတလုံးနဲ့ ရှိသမျှ ပိုက်ဆံစုပုံထုတ်လိုက်တယ်။ ဘဏ်ထဲမှာ ရှိသမျှ ပိုက်ဆံတွေ အားလုံးကိုလည်း ထုတ်ယူလိုက်တယ်။ ပြီးတော့ ရှင်ဂျူကုဘူတာကို သွားပြီး ပထမဆုံးတွေ့တဲ့ အမြန်ရထားကိုစီးပြီး မြို့ပြင်ထွက်လိုက်တယ်။

ကျွန်တော်သွားခဲ့တဲ့ခရီးလမ်းကြောင်းကို ကျွန်တော် မမှတ်မိတော့ပါဘူး။ ကျွန်တော် မြင်တွေ့ ခံစားခဲ့တဲ့ မြင်ကွင်းတွေ၊ အသံတွေနဲ့ ရနံ့တွေကို ကျွန်တော် မှတ်မိပေမယ့် မြို့နာမည်တွေကိုတော့ ကျွန်တော် လုံးဝ မမှတ်မိတော့ပါဘူး။ ကျွန်တော်ခံစားမိတာကတော့ ကျွန်တော်ဟာ တမြို့ပြီး တမြို့ ခရီးထွက်နေရတယ် ဆိုတာပါပဲ။ ကျွန်တော်ဟာ ရထားနဲ့ တမြို့ပြီး တမြို့ သွားရင်သွားမယ်။ ဒါမှမဟုတ် ဘတ်စ်ကားနဲ့ ဒါမှမဟုတ် ကားကြုံတစင်းနဲ့ဖြစ်ဖြစ် ကျွန်တော်သွားတယ်။ ကြုံရာနေရာမှာပဲဖြစ်ဖြစ်၊ ရထားဘူတာမှာ၊ ကားဂိတ်မှာ၊ မြစ်ကမ်းနံဘေးမှာဖြစ်ဖြစ် ကျွန်တော့်ရဲ့အိပ်ရာအိတ်ကို ဖြန့်ခင်းပြီး အိပ်လိုက်တာပဲ။ တခါတလေဆိုရင် ရဲစခန်းဝင်းထဲမှာတို့၊ အုတ်ဂူဘေးမှာတို့တောင် အိပ်ဖြစ်တယ်။ လူတွေနဲ့ဝေးတဲ့နေရာကို သွားနေရသရွေ့ ဘယ်နေရာမှာ အိပ်ရတယ်ဆိုတာကို ကျွန်တော် ဂရုမစိုက်ဘဲ အိတ်ကြီးထဲမှာ ပျော်သလောက်အိပ်ပစ်လိုက်တာပါပဲ။

လမ်းလျှောက်ရလို့ အားအင်ကုန်ခန်းသွားပြီဆိုရင် အိပ်ရာဖြန့်ပြီး အပေါ်စားဝီစကီတွေ မော့သောက်လိုက်တယ်။ ပြီးရင် အိပ်တော့တာပဲ။ တချို့သဘောကောင်းတဲ့ မြို့တွေမှာဆိုရင် လူတွေက ကျွန်တော့်ကို စားစရာတွေ၊ ခြင်ဆေးခွေတွေ ပေးတတ်တယ်။ တချို့သဘောမကောင်းတဲ့ မြို့တွေကတော့ ရဲခေါ်လိုက်၊ ပန်းခြံထဲကနေ ကျွန်တော့်ကို မောင်းထုတ်လိုက်နဲ့ပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ဘာမှမထူးခြားပါဘူး။ ကျွန်တော်လိုချင်တာက ကျွန်တော်နဲ့ မသိတဲ့ မြို့တွေမှာ အိပ်စက်ဖို့ပါပဲ။

ကျွန်တော် ပိုက်ဆံပြတ်တဲ့အခါမှာတော့ လိုတဲ့ပိုက်ဆံရအောင် အလုပ်ကြမ်းဝင်လုပ်တယ်။ ကျွန်တော့်အတွက် အမြဲတမ်း အလုပ်တခုခု ရှိနေတတ်တယ်။ ကျွန်တော့်အတွက်က စိတ်ထဲမှာ ခရီးဆုံးဆိုတာ မရှိဘဲ တမြို့ကနေ နောက်တမြို့ကို သွားနေဖို့ပါပဲ။ ကမ္ဘာကြီးဟာ ကြီးမားလွန်းလှပြီး အူကြောင်ကြားအဖြစ်အပျက်တွေရယ်၊ ထူးဆန်းတဲ့လူတွေရယ်နဲ့ ပြည့်နှက်လို့နေတယ်။ တခါတော့ မီဒိုရီရဲ့အသံကို ကြားဖို့လိုအပ်တာကြောင့် ကျွန်တော် ဖုန်းဆက်လိုက်တယ်။

"ကျောင်းပြန်ဖွင့်တာ တော်တော်ကြာပြီ။ တချို့ဘာသာတွေဆို ပေပါတောင် တင်ရတော့မယ်။ နင်ဘာတွေလုပ်တာလဲ။ နင် သုံးပတ်လုံးလုံး အဆက်အသွယ်ဖြတ်ထားတာကိုရော နားလည်ရဲ့လား။ နင်ဘယ်မှာလဲ ဘာတွေလုပ်နေလဲ"

"ဆောရီးပါဟာ... ဒါပေမဲ့ ငါ တိုကျိုကို ပြန်လို့မရသေးဘူး။ အခုလောလောဆယ်ပေါ့"

"နင် ငါ့ကို ဒါပဲပြောမလို့လား"

"လောလောဆယ် ငါ ဒီထက် ဘာမှမပြောနိုင်သေးဘူး"

အောက်တိုဘာလောက်ကျရင်တော့...

မီဒိုရီဟာ ဘာမှမပြောဘဲ ဖုန်းချသွားတယ်။

ကျွန်တော်လည်း ခရီးဆက်လိုက်တယ်။ တခါတလေကျရင် ကျွန်တော် ရေချိုးခန်းမှာ မုတ်ဆိတ်၊ ပါးသိုင်းမွေး ရိတ်တတ်တယ်။ မှန်ထဲမှာတွေ့ရတဲ့ ရုပ်ပုံကတော့ ကြောက်ရွံ့ထိတ်လန့်စရာပါပဲ။ နေရောင်ခြည်ဒဏ်က ကျွန်တော့်အသားအရေကို ခြောက်သွေ့သွားစေသလို ကျွန်တော့်မျက်လုံးတွေကိုလည်း မျက်တွင်းနက်နေစေတယ်။ ကျွန်တော်ရဲ့ အရိုးငေါငေါ ဖြစ်နေတဲ့ ပါးပြင်ပေါ်မှာ အစက်အပြောက်တွေကိုလည်း ဖြစ်နေစေတယ်။

ဒီလိုနဲ့ တိုကျိုကနေဝေးတဲ့ ကမ်းရိုးတန်းဘက်ကို ရောက်လို့လာတယ်။ တိုတော်ရီ၊ ဒါမှမဟုတ် မြောက်ပိုင်းက ဟီယိုဂိုကို ရောက်လို့လာတယ်။ ကမ်းရိုးတန်းတလျှောက် လမ်းလျှောက်ရတာ အဆင်ပြေတယ်။ သဲစပ်သောင်ခုံမှာ အိပ်စရာ အလွယ်တကူ ရတယ်။ ကျွန်တော် ခရီခြောက်တွေနဲ့ မီးဖိုပြီး ဒေသခံ ငါးဖမ်းသမားတွေဆီကရတဲ့ ငါးခြောက်တွေကို စားတယ်။ နောက်တော့ ဝီစကီ သောက်ပြီး လှိုင်းသံတွေကို နားထောင်နေမိတယ်။ ကျွန်တော် နာအိုကို့အကြောင်း စဉ်းစားမိတယ်။ သူသေသွားခဲ့ပြီ။ သူ ကမ္ဘာလောကကြီးထဲမှာ မရှိတော့ဘူး ဆိုတာကို စဉ်းစားရတာကို တော်တော်ထူးဆန်းတယ်။ အဲဒါဟာ အမှန်လို့ကို ကျွန်တော် လက်မခံနိုင်သေးဘူး။ ကျွန်တော် မယုံကြည်နိုင်သေးဘူး။ သူ့ခေါင်းအဖုံးကို သံရိုက်တာ ကျွန်တော်ကြားခဲ့ရပေမယ့် သူဟာ ဘာမှမရှိတဲ့ ဗလာနယ်ကြီးထဲ ပြန်သွားပြီဆိုတာကို လက်ခံလို့ကို မရသေးပါဘူး။

အဲဒါတွေဟာ မဟုတ်ဘူး။ နာအိုကိုရဲ့ပုံရိပ်တွေဟာ ကျွန်တော့်မှတ်ဉာဏ်တွေထဲမှာ ထင်ရှားလွန်းနေသေးတယ်။ ကျွန်တော့်ရဲ့အင်္ဂါကို သူ့ပါးစပ်နဲ့ ထွေးငုံခဲ့တာ။ ကျွန်တော့်ဗိုက်ပေါ် သူ့ဆံပင်တွေဝဲကျနေတာတွေကို ခုထက်ထိ မြင်ယောင်နေသေးတယ်။ သူ့ရဲ့နွေးထွေးမှု၊ သူ့ရဲ့အသက်ရှူသံတွေနဲ့ ပြီးသွားတာကလွဲလို့ ကျွန်တော် ဘာမှမတတ်နိုင်ဘဲ လူးလွန့်နေခဲ့ရတဲ့ အခိုက်အတန့်လေးကို မှတ်မိနေတုန်းပါပဲ။ အဲဒါတွေကို ပြီးခဲ့တဲ့ ငါးမိနစ်လောက်ကမှ ဖြစ်ပျက်ခဲ့သလို ကျွန်တော် ရှင်းရှင်းလင်းလင်း မြင်နေတုန်းပါပဲ။ နာအိုကိုဟာ ကျွန်တော့်ဘေးနားမှာ ရှိနေပြီး ကျွန်တော် သူ့ကို သွားထိတွေ့လို့ရမလို ခံစားနေရတယ်။ ဒါပေမဲ့လည်း မဟုတ်ပါဘူး။ သူ မရှိပါဘူး။ ဒီကမ္ဘာလောကကြီးထဲမှာ သူ့အသွေးအသားတွေ မတည်ရှိတော့ပါဘူး။

ဘယ်လိုမှ အိပ်လို့မရတဲ့ညတွေမှာ နာအိုကိုရဲ့ပုံရိပ်တွေဟာ ကျွန်တော့်ဆီ အလိုလိုရောက်လာတယ်။ ကျွန်တော် ဘယ်လိုမှ မဟန့်တားနိုင်ပါဘူး။ သူနဲ့ပတ်သက်တဲ့ အမှတ်ရစရာ အဖြစ်အပျက်ပေါင်း များစွာဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်နေပါတယ်။ မဆိုစလောက် အစလေးတခု ရတာနဲ့ မပြီးနိုင် မစီးနိုင် အဆက်မပြတ် ပေါ်ထွက်နေတော့တာပဲ။ ရပ်တန့်မရတဲ့ ရေကြီးမှုပဲ။ နာအိုကိုဟာ အဝါရောင် မိုးကာအင်္ကျီကလေး ဝတ်ထားပြီး ငှက်လှောင်အိမ်ထဲမှာ သန့်ရှင်းရေး လုပ်နေတယ်။ မိုးတွေရွာနေတဲ့ မနက်ခင်းမှာ လက်တဖက်ကလည်း ငှက်အစာအိတ်ကို ကိုင်ထားတယ်။ ထုတ်ပိုးထားတဲ့ မွေးနေ့ကိတ်မုန့်။ နာအိုကိုရဲ့မျက်ရည် ကျွန်တော့်ရှပ်အင်္ကျီမှာ ရွဲနစ်လာတဲ့ ခံစားမှု။ (အဲဒီနေ့တုန်းကလည်း မိုးတွေရွာတယ်။) နာအိုကိုဟာ ကုလားအုတ်တံဆိပ် ဆံပင်လိမ်းဆေးသုံးပြီး ဆောင်းမနက်ခင်းမှာ ကျွန်တော်နဲ့ ယှဉ်တွဲပြီး လမ်းလျှောက်နေတယ်။ သူ အမြဲတမ်း သုံးတတ်တဲ့ ဆံညှပ်ကလေးကို ကိုင်ထားတယ်။ မယုံနိုင်လောက်အောင် ကြည်လင်နေတဲ့ သူ့မျက်လုံးတွေနဲ့

ကျွန်တော့်ကို ကြည့်လို့နေတယ်။ နာအိုကိုဟာ ဆိုဖာပေါ်မှာ ထိုင်နေတယ်။ အပြာရောင် ညဝတ် ဂါဝန်အင်္ကျီကို ဝတ်ပြီး ဒူးနှစ်ချောင်းပေါ် မေးစေ့တင်ထားတယ်။

မှတ်ဉာဏ်တွေဟာ လာနေတဲ့ လှိုင်းလုံးကြီးတွေလို ကျွန်တော့်ကို တိုက်ခတ်တယ်။ ပြီးတော့ ကျွန်တော့်ကို ခန္ဓာကိုယ်ကိုယ် မသိနိုင်တဲ့ နယ်မြေသစ်တစ်ခုဆီ ခေါ်ဆောင်သွားတော့တာပါပဲ။ ကွယ်လွန်ပြီး လူတယောက်နဲ့ ကျွန်တော်တွေ့နိုင်တဲ့နေရာပေါ့။ အဲဒီမှာ နာအိုကို နေထိုင်တယ်။ ကျွန်တော် သူ့ကို စကားပြောလို့ ရသလိုပေါ့ ဖက်လို့ရတယ်။ အဲဒီနေရာမှာ သေခြင်းတရားဆိုတာဟာ ဘဝကို အဆုံးသတ်လိုက်တဲ့အရာ မဟုတ်ဘူး။ အဲဒီမှာ သေခြင်းတရားဆိုတာဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ အရာတွေများစွာထဲက တခုပါပဲ။ နာအိုကိုရဲ့ခန္ဓာကိုယ်ထဲမှာ သေခြင်းတရား ရှိတယ်။ သူက ကျွန်တော့်ကို ပြောတယ်။ "စိတ်မပူပါနဲ့၊ ဘာမှမဟုတ်ပါဘူး။ သေခြင်းတရားရယ်ပါ။ စိတ်ထိခိုက် ခံစားမနေပါနဲ့"

ဒီထူးဆန်းတဲ့နေရာမှာ ကျွန်တော် ဝမ်းမနည်းမိဘူး။ သေခြင်းတရားက သေခြင်းတရားပါ။ နာအိုကိုက နာအိုကိုပါပဲ။ "ဘာဖြစ်နေတာလဲ" လို့ နာအိုကိုက ကျွန်တော့်ကို ကျီစယ်တဲ့အပြုံးနဲ့ မေးတယ်။ "ငါ ဒီမှာလေ" လို့ ပြောတဲ့ သူ့ရဲ့ချစ်စဖွယ်ပုံစံက ကျွန်တော့်နှလုံးသားကို သက်သာရာ ရစေတယ်။ တကယ်လို့ ဒါဟာ သေခြင်းတရားဆိုရင် သေခြင်းတရားက သိပ်မဆိုးလှပါဘူး" လို့ ကျွန်တော် ပြောတော့ "သိပ်ဟုတ်တာပေါ့။ ငါ ဒီမှာ အေးဆေးပဲ" လို့ နာအိုကိုက ပြောတယ်။ နာအိုကိုက ကျွန်တော့်ကို မှောင်နေတဲ့ လှိုင်းလုံးကြီးတွေ တလုံးပြီးတလုံး တိုက်ခတ်တဲ့ ကြားကာလတွေမှာ ပြောတယ်။

နောက်ဆုံးတော့ ရေလှိုင်းက ကျွန်တော့်ကို ပြန်ဆွဲခေါ်လာလို့ ကျွန်တော်ဟာ ကမ်းခြေမှာ တယောက်တည်းပဲ အစွမ်းအစမဲ့စွာ။ ကျွန်တော် ဘယ်မှမရောက်နိုင်တော့ဘူး။ မျက်ရည်တွေ စီးကျလာတဲ့အထိ ဝမ်းနည်းမှုက ကျွန်တော့်ကို အမှောင်ထုနက်နက်ကြီးနဲ့ လွှမ်းခြုံလိုက်တယ်။ ကျွန်တော် ငိုနေတယ်လို့ မခံစားရဘဲ မျက်ရည်တွေဟာ ချွေးထွက်သလို ထွက်နေနေတယ်လို့ ခံစားရတယ်။

ကီဇူကီသေတာကနေ ကျွန်တော် နားလည်ခဲ့တာ တခုရှိတယ်။ ကျွန်တော်ရဲ့ကိုယ်ပိုင်ဒဿနတရပ် လုပ်နိုင်ခဲ့တယ်လို့တောင် ယူဆမိတယ်။

"သေခြင်းဟာ ရှင်ခြင်းနဲ့ ဆန့်ကျင်ဘက် မဟုတ်ပါဘူး။ မွေးကတည်းက ပါလာတဲ့ ဘဝရဲ့ အစိတ်အပိုင်းတရပ်ပါပဲ။"

ကျွန်တော်တို့ဟာ ကိုယ့်ဘဝတွေကို ကိုယ်ရှင်သန်သေခြင်းတရားကို ပြုစုစောင့်ရှောက်နေတာပါ။ အဲဒါဟာ အမှန်ပါပဲ။ ကျွန်တော်တို့ သင်ယူရမယ့် အမှန်တရားတခုပါပဲ။ နာအိုကိုရဲ့သေခြင်းကနေ ကျွန်တော်ရလိုက်တာကတော့

"ကိုယ်ချစ်တဲ့လူတယောက် ဆုံးရှုံးလိုက်ရတာကို ဘယ်အမှန်တရားကမှ မကုစားပေးနိုင်ဘူး" ဆိုပြီးပါပဲ။ ဘယ်အမှန်တရား၊ ဘယ်ရိုးသားမှု၊ ဘယ်ခွန်အား၊ ဘယ်ကြင်နာမှုကမှ အဲဒီဝမ်းနည်းပူဆွေးမှုကို မကုစားပေးနိုင်ဘူး။ ကျွန်တော်တို့ လုပ်နိုင်တာက အစအဆုံးကို မြင်အောင်ကြည့်ပြီး တခုခုရအောင် သင်ယူဖို့ပါပဲ။ ဒါပေမဲ့လည်း ကျွန်တော်တို့ သင်ယူရရှိတာတွေကလည်း ကြိုတင်သတိပေးခြင်းပဲ။ ထပ်မံရောက်ရှိလာမယ့် ဝမ်းနည်း ပူဆွေးမှုတွေကို မကာကွယ်နိုင်ပါဘူး။ ညဘက် လှိုင်းသံတွေကိုကြားရင်း လေသံတွေကို နားထောင်ရင်းနဲ့ ကျွန်တော် ဒီအတွေးကိုပဲ အာရုံစိုက်လို့ နေမိပါတယ်။ ကျောပေါ်မှာ ကျောပိုးအိတ်၊ ခေါင်းပေါ်မှာ အသံတွေနဲ့ ကျွန်တော် အနောက်ဘက်ကို ခရီးဆက်လာတယ်။ ဝီစကီ၊ ပေါင်မုန့်နဲ့ ရေကိုပဲ မှီဝဲအသက်ရှင်ရင်းပေါ့။

လေတွေထန်တဲ့ နေ့တနေ့မှာပေါ့။ သောင်ပြင်ပေါ်ရပ်နားထားတဲ့ စွန့်ပစ်သဘော်ာနံဘေး အိပ်ရာအိတ်ပေါ် ထိုင်ရင်း ငိုနေချိန်မှာ ကျွန်တော့်နားကို ငါးဖမ်းသမားတယောက် ရောက်လာပြီး ကျွန်တော့်ကို စီးကရက်တလိပ် လာတိုက်တယ်။ ကျွန်တော်ယူပြီး တနှစ်ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် စီးကရက် သောက်လိုက်တယ်။ ကျွန်တော့်ကို ဘာဖြစ်လို့ ငိုနေတာလဲလို့ သူမေးတော့ ကျွန်တော် သူ့ကို အမေဆုံးသွားလို့ ငိုနေတာလို့ ကျွန်တော် ပြောလိုက်တယ်။ သူဟာ ကျွန်တော့်ကို တော်တော်လေး စာနာသွားပြီး သူ့အိမ်ကနေ ဖန်ခွက်နှစ်လုံးနဲ့ ဆာကေး အရက်ပုလင်းကြီးတလုံး ယူလာပေးတယ်။

ကျွန်တော်တို့ အရက်သောက်ရင်း သဲသောင်ပြင်ပေါ် ထိုင်နေမိတယ်။ သူ အသက်ခုနစ်နှစ်သား ကတည်းက အဖေမရှိခဲ့တာလို့ သူက ကျွန်တော့်ကို ပြောတယ်။ သူ့အမေဟာ နေမကောင်းပေမယ့် မနက်ကနေ ညနေအထိ အလုပ်လုပ်ရတဲ့အကြောင်းလည်း သူက ပြောခဲ့တယ်။ ကျွန်တော် သူပြောနေတာတွေကို တချက်၊ နှစ်ချက်လောက် သူ့ကို သံယောင်ပြန်လိုက်မိတယ်။ သူပြောနေတာက ဟိုးတခြားကမ္ဘာက ပုံပြင်တပုဒ်ကို နားထောင်နေရသလိုပါပဲ။ ဒီကောင် ဘာတွေ လာပြောနေတာလဲ၊ ရုတ်တရက်ဆိုသလို ကျွန်တော့်ခန္ဓာကိုယ်ထဲ ပြင်းထန်တဲ့ဒေါသဖြစ်လာပြီး သူ့ကို ဇက်ပိုးအုပ်ချင်စိတ်တောင် ဖြစ်မိလို့ ကိုယ့်ကိုယ်ကိုယ် အံ့ဩမိတယ်။ မင်းအမေအကြောင်း ဘယ်သူက ပြောခိုင်းလို့လဲ။ ငါ နာအိုကိုကို ဆုံးရှုံးထားရတာ။ သူ့ရဲ့လှပတဲ့အသားအရေတွေဟာ ကမ္ဘာကြီးထဲက ပျောက်ကွယ်သွားပြီလေ။ မင်းရဲ့သောက်သုံးမကျတဲ့ အမေအကြောင်း ဘာလို့ လာပြောနေတာလဲ။

ဒါပေမဲ့ ကျွန်တော့်ရဲ့ဒေါသတွေဟာ ဟုတ်ခနဲ ငြိမ်းသွားတဲ့ မီးတောက်လို ငြိမ်းသွားပါတယ်။ ကျွန်တော် မျက်လုံးပိတ်ထားလိုက်ပြီး ငါးဖမ်းသမားရဲ့ မဆုံးနိုင်တော့တဲ့ စကားတွေကို နားထောင် တချက်၊ နားမထောင် တချက်

လုပ်နေမိတယ်။ နောက်ဆုံးတော့ ကျွန်တော့်ကို စားပြီးပြီလားလို့ သူက မေးလာတယ်။ မစားရသေးဘူးလို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။ ကျွန်တော့် ကျောပိုးအိတ်ထဲမှာတော့ ပေါင်မုန့်တွေ၊ ချိစ်၊ ခရမ်းချဉ်သီးတလုံးနဲ့ ချောကလက်တတောင့် ရှိပါတယ်။ နေ့လယ်စာ ဘာစားခဲ့သလဲလို့ သူက မေးပါတယ်။ ပေါင်မုန့်၊ ချိစ်၊ ခရမ်းချဉ်သီးနဲ့ ချောကလက်လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။ "ခဏစောင့်" လို့ ပြောပြီး သူပြေးထွက်သွားတယ်။ ကျွန်တော် သူ့ကို တားဖို့ ကြိုးစားသေးပေမယ့် သူ ပြန်လှည့်မကြည့်ဘဲ အမှောင်ထုထဲကို ဝင်ရောက်ပျောက်ကွယ်သွားတယ်။

အဲဒီတော့ ကျွန်တော် တတ်နိုင်တာဆိုလို့ ဆာကေးတွေ ထပ်သောက်ဖို့ပဲ ရှိတယ်။ ကမ်းခြေမှာ ပစ်ဖောက်ထားကြတဲ့ မီးရှူးမီးပန်း၊ စက္ကူအမှိုက်တွေနဲ့ ပြည့်လို့နေတယ်။ ကမ်းခြေကို ရိုက်ခတ်နေတဲ့ လှိုင်းတွေဟာလည်း ရှူးရှူးနှမ်းနှမ်း အော်ပြီးလာနေတယ်။ ပိန်ညှောင်ညှောင် ခွေးတကောင်ဟာ အမြီးတယမ်းယမ်းနဲ့ ကျွန်တော့်မီးပုံနံဘေး ဘာများရလေမလဲလို့ မျှော်လင့်ချက်နဲ့ ရောက်လာတယ်။ ဒါပေမဲ့ သူစိတ်ပျက်ပြီး ပြန်ထွက်သွားပါတယ်။

နာရီဝက်လောက်နေတော့ ငါးဖမ်းသမားလေးဟာ ဆူရှီနှစ်ဘူးနဲ့ ပြန်ရောက်လာတယ်။ အပေါ်ပိုင်းမှာ ငါးတွေထည့်ထားလို့ ချက်ခြင်းစားပစ်ဖို့ သူကပြောတယ်။ ဘူးအောက်ပိုင်းမှာတော့ နိုရီခေါက်ဆွဲတွေနဲ့ မနက်ဖြန်ထိခံမယ့် တို့ဟူးကြော်တွေလည်းပါတယ်လို့ သူက ပြောတယ်။ သူဟာ ဆာကေးပုလင်းသစ်ထဲကနေ ဖန်ခွက်နှစ်ခွက်ထဲ ထည့်လိုက်တယ်။ ကျွန်တော် သူ့ကို ကျေးဇူးတင်စကား ပြောပြီး ဘူးတဘူးကို အပြောင်စားလိုက်တယ်။ ဘူးတဘူးဟာ နှစ်ယောက် ကောင်းကောင်းစားလို့ရအောင် များတယ်။ ကျွန်တော်တို့နှစ်ယောက် ရေချိန်ကိုက်အောင် သောက်ပြီးတဲ့နောက် သူက ကျွန်တော့်ကို သူနဲ့လိုက်အိပ်ဖို့ပြောတယ်။ ဒါပေမဲ့ ကျွန်တော် တယောက်တည်း ကမ်းခြေမှာ အိပ်ချင်တယ်လို့ ပြန်ပြောတော့ သူ ထပြန်သွားတယ်။ သူ မတ်တတ်ထရပ်တော့ သူ့အိတ်ကပ်ထဲက ကျွန်တော့်ကို ယန်းငါးထောင်တန်တရွက် ပေးတယ်။ ကျွန်တော် အဲဒီပိုက်ဆံကို လက်ခံဖို့ ငြင်းဆိုပြီး ပြန်ပေးလိုက်ပါတယ်။ "ဒါ ပိုက်ဆံမဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ခံစားချက်တွေပါ။ သိပ်အများကြီးမတွေးပါနဲ့။ ယူလိုက်ပါ" သူ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော်လက်ခံလိုက်ရုံကလွဲလို့ ဘာမှမတတ်နိုင်ပါဘူး။

သူပြန်သွားတော့ ကျွန်တော့်ရဲ့ရည်းစားဟောင်းအကြောင်းကို ရုတ်တရက် စဉ်းစားမိတယ်။ ကျွန်တော် အထက်တန်း တတိယနှစ်တုန်းက ပထမဆုံးအိပ်ဖူးခဲ့တဲ့ ကောင်မကလေးအကြောင်းပါ။ ကျွန်တော် သူ့အပေါ် ဘယ်လို ဆိုးဆိုးရွားရွား ဆက်ဆံခဲ့သလဲဆိုတာ တွေးမိတော့ ကျွန်တော့်ခန္ဓာကိုယ် အေးစိမ့်စိမ့်ခံစားမှုကို

ဖြစ်သွားတယ်။ ကျွန်တော် သူ့အကြောင်းကို မစဉ်းစားသလောက်ပါပဲ။ သူဟာ ချိုသာနူးညံ့တဲ့ ကောင်မကလေးတယောက်ပါ။ အဲဒီတုန်းက ကျွန်တော်ဟာ သူ့ရဲ့ချိုသာမှုတွေကို အလေးမမူဘဲ ရယူခဲ့တယ်။ ပြီးတော့ သူ့အကြောင်းတောင် မတွေးမိသလောက်ပါပဲ။ သူ အခု ဘာတွေများလုပ်နေပါလိမ့် ကျွန်တော် တွေးမိတယ်။ သူ ကျွန်တော့်ကို ခွင့်လွှတ်ရဲ့လား။

အော်ကလီဆန်တဲ့ လှိုင်းလုံးတလုံး ကျွန်တော့်ခန္ဓာကိုယ်ထဲ ဖြစ်ပေါ်လာတယ်။ သင်္ဘောအဟောင်းကြီးရဲ့ဘေးမှာ ကျွန်တော် အန်ချလိုက်တယ်။ ဆာကေးအရက်တွေ အလွန်အကျွံ သောက်ထားလို့ ခေါင်းကိုက်နေတယ်။ ငါးဖမ်းသမားကို လိမ်ပြောပြီး သူ့ပိုက်ဆံတွေ ယူထားလိုက်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်မိတယ်။ တိုကျိုကိုပြန်ဖို့ အချိန်ကျပြီလို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ ကျွန်တော် ဒီလိုမျိုးကြီး တသက်လုံးနေဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော် ပစ္စည်းပစ္စယတွေကို ကျောပိုးအိတ်ထဲ စုပုံပြီး ထည့်လိုက်ပြီး သိုင်းကြိုးထဲ လက်တွေထည့်လိုက်တယ်။ ပြီးတော့ အနီးဆုံးဘူတာကို လမ်းလျှောက်သွားလိုက်တယ်။

လက်မှတ်အရောင်းပြတင်းပေါက်နောက်က လူကို ကျွန်တော် တိုကျိုကို မြန်နိုင်သမျှ အမြန်ဆုံး ပြန်ချင်တယ်လို့ ပြောလိုက်တယ်။ သူက ရထားအချိန်ဇယားကို ကြည့်ပြီး မနက်ထွက်မယ့် အိုဆာကာသွားမယ့် ရထားကိုစီး၊ ဟိုရောက်မှ တိုကျိုကို ပြောင်းစီးလို့ ပြောပါတယ်။ အိုဆာကာ ရောက်ရင် ကျွန်တော် ကျည်ဆန်ရထားကို စီးလို့ရပါပြီ။ ကျွန်တော် သူ့ကို ကျေးဇူးတင်စကားဆိုပြီး ငါးဖမ်းသမားပေးခဲ့တဲ့ ယန်းငါးထောင်နဲ့ တိုကျိုပြန်မယ့် လက်မှတ်တစောင် ဝယ်လိုက်ပါတယ်။ ရထားစောင့်ရင်း သတင်းစာတစောင် ဝယ်ဖတ်ပြီး နေ့စွဲကြည့်လိုက်တယ်။ အောက်တိုဘာလ ၂၊ ၁၉၇၀။ အဲဒီတော့ ကျွန်တော်ခရီးထွက်တာ တလတိတိဆိုတော့ ပြန်ရတော့မှာပေါ့။

ကျွန်တော် ခရီးတလ ထွက်ခဲ့တာဟာ နာအိုကို ဆုံးပြီးတဲ့နောက် ကျွန်တော့်ရဲ့စိတ်ဓာတ်ကို မမြှင့်တင်ပေးနိုင်သလို နူးညံ့မှုလည်း မဖြစ်စေရပါဘူး။ ကျွန်တော် ထွက်သွားခဲ့တုန်းက စိတ်အခြေအနေအတိုင်း တိုကျိုကို ပြန်ရောက်ခဲ့တာပါ။ မီဒိုရီကိုတောင် ဖုန်းမဆက်ဖြစ်ခဲ့ဘူး။ သူ့ကို ကျွန်တော် ဘာပြောရမလဲ။ ဘယ်က စပြောရမလဲ။ အားလုံးပြီးဆုံးသွားပြီ။ နင်နဲ့ငါ ပျော်ပျော်ရွှင်ရွှင် တူတူနေရအောင်လို့ ပြောရမလား။ မဟုတ်သေးပါဘူး။ အဲဒီစကားက ပြောစရာတောင် မလိုတဲ့စကားပါ။ ဘာပဲဖြစ်ဖြစ် အဲဒီစကားမျိုးပဲ ပြောရမှာပါ။ ပြီးတော့ လက်တွေ့ကျတဲ့ သဘောတရားက အတူတူပဲလေ။ နာအိုကိုက သေပြီ။ မီဒိုရီက ရှိနေသေးတယ်။ နာအိုကိုက အဖြူရောင် လက်တဆုပ်စာပဲ ဖြစ်သွားပြီ။ မီဒိုရီက အသက်ရှင်နေတာပဲ။

ကျွန်တော်ဟာ ဝေဒနာတွေကို ဖြတ်ကျော်နိုင်ခဲ့ပါပြီ။ ကျွန်တော် တိုကျိုကို ပြန်ရောက်ပြီ ဖြစ်ပေမယ့်လည်း အခန်းထဲက အပြင်ကို မထွက်ဘဲ ရက်တော်တော်ကြာအောင်နေလိုက်တယ်။ ကျွန်တော့်မှတ်ဉာဏ်တွေက အသက်ရှင်နေတဲ့လူဆီမှာထက် သေပြီးသားလူဆီကိုပဲ ရောက်လို့နေတယ်။ အဲဒီအခန်းတွေထဲမှာပဲ ကျွန်တော် ရက်ပေါင်းများစွာ နေမိတယ်။ ပြီးတော့ ကျွန်တော် ကီဇူကီအကြောင်းလည်း စဉ်းစားမိတယ်။ “နောက်ဆုံးတော့ နာအိုကိုကို မင်းပိုင်သွားပြီပေါ့” ကျွန်တော် ကိုယ့်အသံကိုယ် ပြန်ကြားနေမိတယ်။ “တကယ်တော့လည်း နဂိုကတည်းက မင်းပဲ ပိုင်တာပါ။ နာအိုကိုဟာ သူ့နေရာသူ ပြန်သွားတာပါပဲလေ။ ဒါပေမဲ့ ဒီကမ္ဘာကြီးထဲမှာ အသက်ရှိတဲ့သူတွေရဲ့ မကောင်းတဲ့ကမ္ဘာကြီးထဲမှာတော့ ငါ နာအိုကိုအတွက် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ပါတယ်။ ငါတို့နှစ်ယောက်အတွက် ကမ္ဘာငယ်ကလေး တခု တည်ထောင်ဖို့ ငါကြိုးစားခဲ့ပါတယ်။ အဲဒါတွေမေ့လိုက်ပါတော့ ကီဇူကီ။ ငါ နာအိုကိုကို မင်းဆီ ပြန်ပေးလိုက်ပါပြီ။ ဘာပဲပြောပြော မင်းကိုပဲ သူရွေးချယ်ခဲ့တာပါ။ သူ့ရဲ့နှလုံးသားလို နက်မှောင်နေတဲ့တောထဲမှာ သူ့ကိုယ်သူ ဖွဲ့ကြိုးချသွားခဲ့ပါပြီ။ တချိန်တုန်းက ငါ့ရဲ့တစိတ်တဒေသကို ကွယ်လွန်သူတို့လောကထဲ ဆွဲခေါ်သွားသလို အခုလည်း နာအိုကိုက ငါ့ရဲ့တစိတ်တဒေသကို ခေါ်သွားပြန်ပါပြီ။ တခါတလေကျရင် ငါ့ကိုယ်ငါ ပြတိုက်စောင့်တဦးလို့ ထင်မိတယ်။ ဘယ်သူမှ မလာတဲ့ ကြီးမားကျယ်ပြန့်တဲ့ ပြတိုက်ကြီးထဲမှာ ငါဟာ ငါ့ကိုယ့်ငါ ပြန်ကြည့်နေမိတဲ့အဖြစ်မျိုးပေါ့။

တိုကျိုကို ပြန်ရောက်ပြီး လေးရက်မြောက်နေ့မှာ ရီကို့ဆီက စာတစောင် ရောက်လာတယ်။ စပါယ်ရှယ်ဒလီဗာရီနဲ့ ပို့လိုက်တာပါ။ “ရက်သတ္တပတ်ပေါင်းများစွာ နင်နဲ့ငါ အဆက်အသွယ် မရခဲ့ဘူး။ ငါ စိတ်ပူတယ်။ ငါ့ဆီ ဖုန်းဆက်ပါဦး။ မနက်ကိုးနာရီဖြစ်ဖြစ်၊ ညကိုးနာရီဖြစ်ဖြစ်ပေါ့။ ငါ ဖုန်းဘေးနားမှာ စောင့်နေမယ်”

ညကိုးနာရီရောက်တော့ ကျွန်တော် ဖုန်းဆက်တော့ တဖက်က ရီကို ဖုန်းလာကိုင်တယ်။

“အဆင်ပြေရဲ့လား” လို့ ရီကိုက မေးတယ်။

“ပြေလည်း ပြေတယ်။ မပြေလည်း မပြေဘူး”

“သန်ဘက်ခါ နင့်ဆီ ငါလာလည်လို့ ရမလား”

“ကျွန်တော့်ဆီကိုလား၊ တိုကျိုကိုပေါ့”

“ဟုတ်တယ်။ အတိအကျပဲ။ ငါနင်နဲ့ စကားတွေ အများကြီးပြောချင်တယ်”

“စိတ်အပန်းဖြေဆောင်ကနေ ထွက်တော့မှာပေါ့။ ဟုတ်လား”

“အဲဒီလိုလုပ်မှ ငါ နင့်ဆီ လာလို့ရမှာပေါ့။ မဟုတ်ဘူးလား။ ပြီးတော့ ငါလည်း ဒီနေရာကို စွန့်ခွာဖို့ အချိန်ကျပြီလေ။ ငါဒီကိုရောက်တာ အချိန် ၈ နှစ်ရှိပြီလေ။ သူတို့ ငါ့ကို ဆက်ထားရင်လည်း ငါ ပုပ်သိုးတော့မယ်”

ကျွန်တော် စကားပြောရခက်နေတယ်။ ခဏလောက်နေတော့ ရီကိုက ထပ်ပြောတယ်။

“ငါ သန်ဘက်ခါ သုံးနာရီ နှစ်ဆယ်ကျရင် ကျည်ဆန်ရထားနဲ့ ရောက်လာမယ်။ နင် ငါ့ကို ဘူတာမှာ လာကြိုမှာလား။ နင် ငါ့ပုံစံကိုရော မှတ်မိသေးရဲ့လား။ နာအိုကို သေပြီးတဲ့နောက် ငါ့အပေါ် စိတ်ဝင်စားမှုရော ရှိသေးရဲ့လား။

“အဲဒီလို မဟုတ်ပါဘူး။ သန်ဘက်ခါကျရင် တိုကျိုဘူတာမှာ ၃ နာရီ ၂၀ ကျရင် လာကြိုမယ်”

“နင် ငါ့ကို လူများစရာမရှိပါဘူး။ ငါက ဂစ်တာကြီး ကိုင်ထားမယ့် အဘွားကြီးပဲ၊ အဲဒီလိုပုံစံမျိုးက တခြားမရှိနိုင်ပါဘူး”

တကယ်လည်း လူအုပ်ကြီးထဲမှာ ရီကို့ကို ရှာတာ မခက်ခဲခဲ့ပါဘူး။ သူဟာ အဖြူရောင်တွီသား ဂျင်းဂျက်ကတ်ကို ဝတ်ထားတယ်။ အဖြူစင်းနဲ့ အနီရောင်ဖိနပ်ကိုလည်း စီးထားတယ်။ သူ့ဆံပင်က ထုံးစံအတိုင်း တိုနေတယ်။ ကျိုးတိုးကျဲတဲနဲ့ ထောင်နေတယ်။ ညာလက်ထဲမှာ အညိုရောင် သားရေအိတ်ကြီးကိုင်ထားပြီး ဘယ်လက်ထဲမှာတော့ အနီရောင်ဂစ်တာအိတ်ကြီးကို ကိုင်ထားတယ်။ သူ ကျွန်တော့်ကိုတွေ့တော့ လှမ်းပြုံးပြတယ်။ ကျွန်တော်လည်း ပြန်ပြုံးလိုက်တယ်။ ပြီးတော့ အနောက်ပိုင်း ဆင်ခြေဖုံးကိုသွားမယ့် ရထားဆီကို သူနဲ့ယှဉ်ပြီး လျှောက်သွားလိုက်တယ်။

“ဟေ့... ဝါတာနာဘီ၊ နင် ဒီစိတ်ပျက်စရာမျက်နှာနဲ့နေတာ ဘယ်လောက်ကြာပြီလဲ။ ဒါမှမဟုတ် တိုကျိုမြို့က ဒီဘက်ခေတ် မျက်နှာမျိုးလား” လို့ ရီကိုက မေးတယ်။

“ကျွန်တော် ခရီးထွက်သွားလို့ပါ။ လမ်းတလျှောက်လုံး ဖြစ်သလိုတွေချည်းပဲ စားခဲ့ရလို့ပါ။ ဒါနဲ့ ကျည်ဆန်ရထား စီးရတာ ဘယ်လိုလဲ”

“စိတ်ပျက်စရာပါဟာ။ ပြတင်းပေါက်လည်း ဖွင့်လို့မရဘူး။ ဘူတာစကြံန်ပေါ်က ဈေးသည်တွေဆီကနေ ဝယ်ချင်တာတောင် ဝယ်လို့မရဘူး”

"ရထားပေါ်မှာလည်း ရောင်းတယ်လေ"

"ဈေးကြီးကြီးရောင်းတဲ့ ဆင်းဒဝစ်ချ်တွေပဲရှိတယ်။ ဗိုက်ဆာနေတဲ့ မြင်းတကောင်အတွက် အဲဒါတွေက အလုပ်မဖြစ်ဘူးလေ။ ငါက ဂိုတန်ကာ ဘူတာက နေ့လယ်စာကို အရမ်းကြိုက်တယ်"

"ကျည်ဆန်ရထားတွေ မပေါ်ခင် ဟိုးရှေးရှေးတုန်းကပေါ့"

ကီချီဂျီဘူတာသွားတဲ့ လမ်းတလျှောက်လုံး ရီကိုဟာ ပြတင်းပေါက်ကနေတဆင့် ကမ္ဘာလှည့် ခရီးသည်တယောက်လို တအံ့တဩ ကြည့်လို့နေ တယ်။

"ရှစ်နှစ်အတွင်း တော်တော်ပြောင်းလဲသွားတယ် မဟုတ်လား"

"ငါ အခု ဘယ်လိုခံစားနေရတယ်ဆိုတာ နင် မသိဘူးမဟုတ်လား"

"ဟင့်အင်း မသိဘူး"

"ငါ အရမ်းကြောက်နေတယ်။ အရမ်းကြောက်နေတယ်။ ငါရူးတော့မယ်။ ငါဘာလုပ်ရမှန်းလဲ မသိဘူး" လို့ ပြောရင်း သူ ခဏရပ်သွားတယ်။ "ဒါပေမဲ့လည်း ရူးတော့မယ်ဆိုတဲ့စကားက မမိုက်ဘူးလား"

ကျွန်တော် ပြုံးပြပြီး သူ့လက်ကို ကိုင်လိုက်တယ်။ "စိတ်မပူနဲ့။ အဆင်ပြေသွားမှာပါ။ ခွန်အားတွေ ရှိလို့ ဒီကိုတောင် ရောက်လာပြီပဲ"

"ဒီကိုရောက်လာတော့ ငါ့ရဲ့ကိုယ်ပိုင်ခွန်အားတွေကြောင့် မဟုတ်ပါဘူး။ နာအိုကိုနဲ့ နင့်ကြောင့်ပါ။ ငါ နာအိုကို မရှိဘဲ အဲဒီမှာ မနေချင်ဘူး။ ပြီးတော့ နင်နဲ့လည်း စကားတွေ အများကြီး ပြောချင်သေးတယ်။ အဲဒါကြောင့် တိုကျိုကို ရောက်လာတာပေါ့။ ဘာမှသာမဖြစ်ဘူးဆိုရင် ငါ အဲဒီမှာပဲ တသက်လုံးနေမှာပါ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

"ဘာဆက်လုပ်မယ်လို့ စိတ်ကူးထားလဲ" လို့ ကျွန်တော် မေးလိုက်တယ်။

"ငါ အဆာဟိကာဝါကို သွားမယ်။ ဟော့ကိုင်းဒိုးရဲ့တောင်ပိုင်းမှာပါ။ ကျောင်းတုန်းက သူငယ်ချင်းတယောက် အဲဒီမှာ ဂီတကျောင်း ဖွင့်ထားတယ်။ ငါ့ကို အဲဒီမှာ ဆရာမလုပ်ဖို့ပြောတာ နှစ်နှစ်၊ သုံးနှစ်လောက်ရှိပြီ။ အရင်ကတော့ သူ့ကို ငါ ငြင်းခဲ့တယ်။ အခုတော့ ငါ့ရဲ့လွတ်လပ်မှုကို ငါ ပြန်ရခဲ့ပြီ။ အဲဒီနေရာကို သွားရမှာကိုတော့ စိတ်လှုပ်ရှားမိတယ်။ အဲဒီမှာ မြေကြီးတွေမှာ တွင်းတွေ ရှိတယ်တဲ့"

"သိပ်တော့ မဆိုးပါဘူး။ ကျွန်တော် တခါရောက်ဖူးတယ်။ ဆိုးရွားတဲ့ မြို့သေးသေးကလေး မဟုတ်ပါဘူး။ ထူးခြားတဲ့နေရာတခုပါပဲ" လို့ ကျွန်တော်ရယ်ပြီး ပြောလိုက်တယ်။

"သေချာလို့လား"

"သေချာပါတယ်။ တိုကျိုမှာနေရတာထက် ပိုကောင်းတယ်"

"ဒါဆိုလည်း ပြီးတာပဲ။ ငါ့မှာ တခြားနေရာလည်း သွားစရာမှ မရှိတာ။ ငါ့ပစ္စည်းတွေကိုတော့ ဟိုကိုပို့လိုက်ပြီ။ ဒါနဲ့ နင်ငါ့ဆီလာလည်ဖို့ ကတိပြုနိုင်လား"

"လာလည်မှာပေါ့။ အခုသွားတော့မလို့လား။ တိုကျိုမှာ ခဏတဖြုတ် မနေတော့ဘူးလား"

"ဖြစ်နိုင်ရင်တော့ နေချင်ပါသေးတယ်။ နင် ငါ့ကို စီစဉ်ပေးလို့ရလား။ ငါ နင့်ကို ဒုက္ခလည်း မပေးချင်ပါဘူး"

"ရပါတယ် ပြဿနာမဟုတ်ပါဘူး။ ကျွန်တော့်မှာ ကျွန်တော် အိပ်လို့ရတဲ့ အိပ်ရာအိတ်ကြီးရှိတယ်"

"နင် အဆင်ပြေပါ့မလား"

"ရတယ်... အိပ်ရာအိတ်က အကြီးကြီးပဲ"

ရီကိုဟာ သူ့ခြေထောက်တွေနဲ့ ညှပ်ထားတဲ့ ဂစ်တာအိတ်ကို ရစ်သမ်ကျကျခေါက်လို့နေတယ်။ "ငါ အဆာဟိကာဝါကို မသွားခင် ကိုယ့်ကိုယ်ကိုယ် ပိုကောင်းအောင် လုပ်ရဦးမယ်။ ငါ အပြင်လောကနဲ့ အသားမကျသေးဘူး။ ငါမသိတာတွေ အများကြီးပဲ။ စိုးရိမ်မိတယ်။ ငါ့ကို ကူညီပေးပါနော်။ ငါ့မှာ တောင်းဆိုစရာဆိုလို့ နင်ပဲရှိတာ"

"တတ်နိုင်သမျှ ကူညီပေးမှာပါ"

"နင်သွားမယ့်လမ်းမှာ ငါ မရှုပ်ချင်ပါဘူး"

"ကျွန်တော့်မှာလည်း ခင်ဗျား ဝင်ရှုပ်လို့ရမယ့် သွားစရာလမ်းမှမရှိတာ"

ရီကိုဟာ ကျွန်တော့်ကို လှမ်းကြည့်တယ်။ ပြီးတော့ နှုတ်ခမ်းထောင့်မှာ ပြုံးလာတယ်။ ဘာမှတော့ မပြောဘူး။

ကီချီဂျိုဘူတာကို မရောက်ခင်တလျှောက်နဲ့ ဘတ်စကားနဲ့ ကျွန်တော့်အိမ်ကို ပြန်တဲ့လမ်းတလျှောက်မှာ ကျွန်တော်တို့နှစ်ယောက်

စကားမပြောဖြစ်သလောက်ပဲ။ တိုကျိုမြို့ရဲ့ အပြောင်းအလဲတွေအကြောင်း ရီကို ဂီတတက္ကသိုလ်တက်နေစဉ်ကာလနဲ့ အဆာဟိကာဝါကို ကျွန်တော် ခဏရောက်ခဲ့တုန်းက အကြောင်းတွေ အနည်းအကျဉ်း ပြောဖြစ်ခဲ့ကြတယ်။ ရီကို့ကို ကျွန်တော် နောက်ဆုံးအချိန် တွေ့ခဲ့တုန်းကနဲ့စရင် အခု ၁၀ လကျော်ပြီဖြစ်ပေမယ့် ရီကိုနဲ့ လမ်းအတူလျှောက်ရတာဟာ ကျွန်တော့်ကို မယုံကြည်နိုင်လောက်တဲ့ ငြိမ်းအေးမှုကို ရရှိစေတယ်။ ရင်းနှီးကျွမ်းဝင်ပြီးသား ခံစားမှုမျိုးပဲလို့ ကျွန်တော် တွေးမိတယ်။ အဲဒီတုန်းကတော့ ကျွန်တော်နဲ့ နာအိုကိုဟာ သေသွားတဲ့ ကီဇူကီအကြောင်း ပြောဖြစ်သလို အခုလည်း ရီကိုနဲ့ ကျွန်တော်ဟာ နာအိုကိုအကြောင်းတွေ ပြောဖြစ်ကြပြန်တယ်။ အဲဒီအတွေးက ကျွန်တော့်ကို စကားထပ်မပြောနိုင်လောက်အောင် ဖြစ်စေတယ်။ ရီကိုဟာ ခဏလောက် စကားတွေ ထပ်ပြောသေးပေမယ့်လို့ ကျွန်တော် စကားထပ်မပြောချင်ကြောင်း ရိပ်မိသွားတာကြောင့် ဘာမှဆက်မပြောတော့ပါဘူး။ ကျွန်တော်တို့နှစ်ယောက် ဘတ်စ်ကားပေါ်မှာ ဘာစကားမှ မပြောဖြစ်ကြဘူး။

ဆောင်းဦးကာလရဲ့ နေ့လယ်ခင်းဖြစ်တာကြောင့် နေရောင်ဟာ ကြည်လင်တောက်ပလို့နေတယ်။ ပြီးခဲ့တဲ့ တနှစ်ကျော်က နာအိုကိုရှိတဲ့ တိုကျိုကို သွားလည်ခဲ့စဉ်ကအတိုင်းပါပဲ။ တိမ်တွေဟာ အရိုးချောင်းတွေလိုပဲ ဖြူဆွတ်သေးသွယ်နေတယ်။ ကောင်းကင်ဟာ ဟိုးအမြင့်မှာ ကျယ်ပြောစွာ ပွင့်လန်းနေတယ်။ လေညင်းရဲ့ရနံ့၊ အလင်းရောင်ရဲ့အသွင်သဏ္ဍာန်၊ မြက်ခင်းထဲမှာ ပန်းပွင့် သေးသေးကလေးတွေ ရှိနေတာ။ အသံတွေထဲ ဆူပူသံကလေးတွေ ပါလာတာဟာ တဆောင်းသစ်ပြန်ပြီလို့ သတိပေးနေတယ်။ ရာသီတရာသီ ပြောင်းလဲပြီးတိုင်း ကွယ်လွန်သူ လောကနဲ့ ကျွန်တော့်ကြားက အကွာအဝေးဟာ ပိုကြီးမားလာတယ်။ ကီဇူကီက အသက် ဆယ့်ခုနစ်နှစ်၊ နာအိုကိုက အသက်နှစ်ဆယ့်တစ်နှစ်နဲ့ ထာဝရရှိနေလိမ့်မယ်။

“ဒီလိုနေရာမျိုးကိုရောက်တော့ စိတ်ပေါ့ပါးသွားတယ်” လို့ ဘတ်စ်ကားပေါ်ကဆင်းတော့ ပတ်ဝန်းကျင်ကိုကြည့်ပြီး ရီကိုက ပြောတယ်။

“ဘာဖြစ်လို့လဲဆိုတော့ ဒီမှာ ဘာမှ မရှိလို့ပေါ့”

ကျွန်တော်နေတဲ့ ဥယျာဉ်ခြံရဲ့အနောက်ဘက်ကနေ ဝင်ပြီး ကျွန်တော့်ရဲ့တဲကလေးဆီ လမ်းလျှောက်လာတယ်။ ရီကိုကတော့ တွေ့မြင်သမျှကို သဘောကျနေတော့တာပဲ။

“တော်တော်လှတာပဲ။ နင့်စားပွဲကို ကိုယ့်ဘာသာကိုယ်ရှင်းအောင် လုပ်ထားတာလား”

“ဒါပေါ့” လို့ လက်ဖက်ရည်ငှဲ့ရင်း ကျွန်တော်ပြောလိုက်တယ်။

“နင် တော်တော် အသန့်ကြိုက်တာပဲ”

“မုန့်တိုင်းတပ်သားရဲ့လွှမ်းမိုးမှုတွေပေါ့။ သူက ကျွန်တော့်ကို အသန့်ကြိုက်အောင် သင်ပေးခဲ့တယ်။ ကျွန်တော့်ခြံရှင်ကလည်း ဘာမှမပြောတော့ဘူးပေါ့”

“အခုမှ သတိရတယ်။ နင့်ရဲ့ ခြံရှင်တွေဆီသွားပြီ ငါ့ကိုယ်ငါ မိတ်ဆက်လိုက်ဦးမယ်။ သူက ခြံရဲ့ ဟိုဘက်ခြမ်းမှာ နေတယ်ထင်တယ်”

“သူ့ကို ဘာလို့ မိတ်ဆက်မှာလဲ။ ဘာအတွက်လဲ”

“ဘာအတွက်လည်းဆိုတာ ဘာကိုပြောတာလဲ။ ပုံမှန်မဟုတ်တဲ့ အဘွားကြီးတယောက်ဟာ နင့်အခန်းကို ဂစ်တာကြီးကိုင်ပြီး ရောက်လာတာကို သူ ဘယ်လိုထင်မလဲ။ ငါ သူ့အတွက် လက်ဖက်ခြောက်နဲ့ အချိုမုန့်တဘူး ဝယ်လာခဲ့တယ်”

“ဉာဏ်တော်တော်ကောင်းတာပဲလို့” ကျွန်တော် ပြောလိုက်တယ်။

“ဒီလိုအသိဉာဏ်က အသက်အရွယ်ကြောင့် ရလာတာပေါ့။ ငါ သူ့ကို ငါဟာ နင့်အမေဘက်က အဒေါ်လို့ ပြောလိုက်မယ်။ ကျိုတိုကနေ လာလည်တာပေါ့။ အဲဒီတော့မှ သူ ငါ့ကို ယုန်ထင်ကြောင်ထင် မထင်တော့မှာ။ အသက်အရွယ်ကွာဟတာက ဒီလိုမျိုးကိစ္စမျိုးမှာ အသုံးဝင်တယ်။ ဘယ်သူမှ သံသယဝင်တော့မှာ မဟုတ်ဘူး”

ရီကိုဟာ သူ့အိတ်ထဲက အချိုခြောက်ထုပ် ထုတ်လိုက်ပြီး ဂါရဝစကား သွားပြောလေရဲ့။ ကျွန်တော်ဟာ ဝရန်တာမှာ ထိုင်ပြီး လက်ဖက်ရည် နောက်တခွက်သောက်လိုက်တယ်။ ကြောင်နဲ့ ဆော့နေလိုက်သေးတယ်။ မိနစ်နှစ်ဆယ် ကြာသွားပြီ။ ရီကို ပြန်လာတော့ ဆန်မုန့်လုံးတွေ ပါလာတယ်။ ခြံရှင်က သူ့ကို လက်ဆောင်ပေးလိုက်တာလို့ ပြောတယ်။

“ဒီလောက်အကြာကြီး သူနဲ့ ဘာတွေပြောနေတာလဲ” လို့ ကျွန်တော် ဆန်မုန့်လုံးဝါးပြီး ပြောလိုက်တယ်။

“နင့်အကြောင်းပေါ့” လို့ ရီကိုက ကြောင်ကိုချီပြီး သူ့ပါးနဲ့အပ်ရင်း ပြောတယ်။ “သူက နင့်ကို လူတော်လေးတဲ့၊ စာလည်း အရမ်းကြိုးစားတယ်" တဲ့။

“သူ ကျွန်တော့်အကြောင်းပြောတာ သေချာလို့လား”

“သူ နင့်အကြောင်းပြောတာတွေကို ငါ့စိတ်ထဲမှာ သံသယတစက်တောင် မဝင်မိပါဘူး” လို့ သူက ရယ်ပြီး ပြောတယ်။ နောက်တော့ ကျွန်တော့်ဂစ်တာကို

သူမြင်သွားလို့ ကောက်ကိုင်ပြီး ကြိုးညှိတယ်။ ပြီးတော့ အန်တိုနီယို ကားလို့စ်ဂျိုဘင်ရဲ့ Desafinado သီချင်းကို တီးတယ်။ ရီကိုရဲ့ဂစ်တာလက်သံကို မကြားတာ လပေါင်းများစွာ ကြာပြီဖြစ်ပေမယ့်လို့ ကျွန်တော့်ကို နွေးထွေး ရင်းနှီးတဲ့ ခံစားမှုမျိုးကို ပေးနေဆဲပဲ။

"နင် ဂစ်တာတီးကျင့်နေတာလား" လို့ သူက မေးတယ်။

"ခြံရှင်ရဲ့စတိုခန်းထဲမှာ ဒီအတိုင်းထားတာတွေ့လို့ ငှားပြီး လျှောက်တီးနေတာပါ။ အဲဒီလောက်ပါပဲ"

"ခဏနေရင် နင့်ကို ဂစ်တာသင်ခန်းစာ တခုပေးမယ်။ အလကား သင်ပေးမှာပါ" လို့ ရီကိုက ဂစ်တာကိုချရင်း သူ့ရဲ့တွီသားဂျက်ကက်ကို ဝတ်ရင်း ကျွန်တော့်ကိုပြောတယ်။ ဝရန်တာကို ကျောမှီထိုင်ရင်း သူ စီးကရက် သောက်နေတယ်။ သူဟာ မာဒရက်စ် ရှပ်အင်္ကျီလက်တိုကို ဝတ်ထားတယ်။

"ငါ့အင်္ကျီမလှဘူးလား" လို့ ရီကိုက မေးတယ်။

"လှတာပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။ တကယ်လည်း ကြည့်ကောင်းပြီး ပုံစံဆန်းတဲ့ ရှပ်အင်္ကျီပါ။

"ဒါ နာအိုကို့အင်္ကျီလေ" လို့ ရီကိုက ပြောတယ်။ "ငါတို့နှစ်ယောက် အရွယ်အစားအတူတူပဲဆိုကာ နင်သတိမထားမိဘူးမဟုတ်လား။ သူ ဟိုကို ရောက်စတုန်းကဆိုရင် ပိုတောင်တူသေးတယ်။ နောက်ပိုင်းမှ သူ နည်းနည်း ဝလာတာ။ ဒါပေမဲ့လည်း ဘလောက်စ်၊ ရှူး၊ ဦးထုပ်ဆိုက်တွေက အတူတူပဲ။ သူနဲ့ ငါ လဲဝတ်လို့ မရတာဆိုလို့ ဘရာစီယာပဲရှိတယ်။ ငါက ဘာမှမရှိတာ။ ငါတို့ အဝတ်အစားတွေ လဲဝတ်ကြတယ်။ တကယ်တမ်းကတော့ အဝတ်အစားတွေ ပူးတွဲပိုင်တာလို့တောင် ပြောနိုင်တယ်"

သူပြောတော့မှ ကျွန်တော်ကြည့်မိတယ်။ အရွယ်အစားက တထပ်တည်းပဲ။ သူ့ရဲ့မျက်နှာပုံစံ၊ သူ့ရဲ့သွယ်လျတဲ့ လက်မောင်းတွေနဲ့ ခြေတံတွေဟာ နာအိုကိုထက် ပိုသေးသွယ်ပြီး ပိုလှနေတယ်။

"ဂျက်ကက်နဲ့ ဘောင်းဘီကလည်း သူ့ဟာတွေပဲ။ သူ့အင်္ကျီတွေ ငါဝတ်တာ နင့်စိတ်အနှောင့်အယှက် ဖြစ်စေမလား"

"မဖြစ်ပါဘူး၊ နာအိုကိုကလည်း သူ့အဝတ်အစားတွေ တခြားတယောက် ဝတ်တာကို ကျေနပ်မှာပါ။ အထူးသဖြင့် ခင်ဗျားဝတ်ထားရင် ပိုတောင်ကြိုက်ဦးမယ်"

"ထူးတော့ ထူးဆန်းတယ်" လို့ ပြောရင်း ရီကိုက လက်ချောင်းတွေကို

ကိုင်ရင်း ပြောတယ်။ "နာအိုကိုဟာ ဘာမှထားမသွားခဲ့ဘူး။ သူ့အဝတ်အစားတွေကလွဲလို့ပေါ့။ သူ့စားပွဲပေါ်က စာရွက်ပေါ်မှာ စာတကြောင်း ရေးခဲ့တယ်။ "ကျေးဇူးပြုပြီး ကျွန်မရဲ့အဝတ်အစားတွေ အားလုံးကို ရီကို့ကို ပေးပေးပါ" လို့ ရေးခဲ့တယ်။ သူက ရယ်ဖို့ကောင်းတယ်နော်။ သူသေဖို့ အဆင်သင့် ဖြစ်နေတာတောင် အဝတ်အစားကိစ္စတွေကို စိတ်ပူနေသေးတယ်။ ဘယ်သူကများ သူ့လို အဝတ်အစားအကြောင်း ရေးခဲ့မှာလဲ။ သူ့မှာ အခြားမှာစရာတွေ အများကြီး ရှိနေတာတောင်မှ အဝတ်အစားတွေအကြောင်းပဲ ရေးခဲ့တယ်"

"ရှိချင်မှလည်း ရှိမှာပါ"

စီးကရက်ကို ပြာချွေပြီး ရီကိုဟာ တွေးလို့နေတယ်။ နောက်တော့ သူကပြောသေးတယ်။ "သူ့ဇာတ်လမ်းတခုလုံးကို မကြားချင်ဘူးလား"

"ကြားချင်ပါတယ်။ ကျွန်တော့်ကို ပြောပြပေးပါ"

"အိုဆာကာ ဆေးရုံမှာ ဆေးစစ်တော့ နာအိုကိုရဲ့ အခြေအနေဟာ အဲဒီတုန်းက အရမ်းကောင်းနေခဲ့တယ်။ ဒါပေမဲ့ သူ ရေရှည်ကောင်းဖို့အတွက် ပြင်းထန်တဲ့ ကုသမှုတွေပြုလုပ်ဖို့ လိုသေးတယ်တဲ့၊ ငါ နင့်ကို စာထဲမှာ ပြောဖူးတယ် မဟုတ်လား။ ဩဂုတ်လ ၁၀ ရက်မှာ ရေးခဲ့တဲ့စာမှာပေါ့"

"ဟုတ်တယ် အဲဒီစာထဲမှာ ပါတယ်"

"ဒီလိုပဲ ဩဂုတ်လ ၂၄ ရက်နေ့မှာ နာအိုကို့အမေ ငါ့ဆီဖုန်းဆက်တယ်။ နာအိုကိုဟာ အဆောင်ကို ပြန်လာလည်ဖို့ အဆင်ပြေလားလို့ မေးခဲ့တယ်။ သူ့ပစ္စည်းတွေ လာသိမ်းဖို့နဲ့ ငါနဲ့ စကား ပြောချင်တာကြောင့်လို့ ပြောတယ်။ ပြီးတော့ ငါတို့အခန်းမှာ တညတည်းချင်လို့တဲ့။ လာနေဖို့ အဆင်ပြေပါတယ်လို့ ငါပြောလိုက်တယ်။ ငါလည်း သူနဲ့အတူ စကားတွေ ပြောချင်ပါသေးတယ်။ နောက်တနေ့ ၂၅ ရက်နေ့မှာ နာအိုကိုနဲ့ သူ့အမေ ငါတို့အခန်းကို ရောက်လာတယ်။ ငါတို့သုံးယောက် အတူတူ ပစ္စည်းတွေ ထုတ်ပိုးခဲ့တယ်။ နေ့လယ်ကျတော့ နာအိုကိုက သူ့အမေကို အရင်ပြန်နှင့်ဖို့ ပြောလိုက်တယ်။ အဲဒါနဲ့ သူ့အမေလည်း တက္ကစီတစီးခေါ်ပြီး ပြန်သွားတယ်။ အဲဒီအချိန်အထိ ငါတို့ စိတ်မပူသေးဘူး။ နာအိုကို့ပုံစံကလည်း တက်ကြွတဲ့ပုံ ပေါက်နေခဲ့တယ်။ နောက်တော့ စိတ်ပူမိတယ်။ သူဟာ စိတ်ဓာတ်ကျ၊ စိတ်ရှုပ်ထွေးနေလိမ့်မယ်လို့ ငါထင်ခဲ့မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ဆေးရုံမှာ ပြင်းထန်တဲ့ကုသမှု ရနိုင်ခဲ့တယ်လို့ ငါထင်တာကိုး။ ငါ့ဆီကိုလာလည်တာနဲ့ ပတ်သက်ပြီး ငါစိတ်ပူမိတာပေါ့။ ဒါပေမဲ့ သူဟာ အပြင်ပန်းအရတော့ အဆင်ပြေနေတဲ့ပုံစံမျိုးပဲ။ သူဟာ ငါထင်ထားတာထက်တောင် ပိုပြီး ကျန်းမာရေး ကောင်းနေတဲ့ပုံပဲ။ သူဟာ ပြုံးရယ်ပြီး ရယ်စရာတွေ ပြောနေခဲ့သလို၊ အရင်ကထက်ပိုပြီး စကားတွေ

ပြောနေခဲ့သလိုပဲ။ သူဟာ အလှပြင်ခန်းကိုသွားခဲ့ပြီး ဆံပင်လည်း ညှပ်ထားသေးတယ်။ သူ့အမေအနေနဲ့ ငါတို့နှစ်ယောက်တည်းကို ထားခဲ့တာဟာ အဆင်ပြေလိမ့်မယ်လို့ ထင်ခဲ့လိမ့်မယ်။ ဆရာဝန်တွေကလည်း သူ့ကို ကုသမှုတွေပေးပြီးပြီဖြစ်လို့ ငါနဲ့ စကားပြောတာဟာလည်း သူ့အတွက် ကောင်းလိမ့်မယ်လို့ ထင်ခဲ့တယ်။ ငါတို့နှစ်ယောက်ဟာ လမ်းတွေလျှောက်ပြီး အနာဂတ်အကြောင်းကို ပြောဖြစ်တယ်။ နာအိုကိုက ငါ့ကိုလည်း အဲဒီနေရာက ထွက်ပြီး တူတူနေကြဖို့ ပြောသေးတယ်။

"တူတူနေမလို့ ဟုတ်လား။ ခင်ဗျားနဲ့ နာအိုကို"

"ဟုတ်တယ်" လို့ ရီကိုက ပခုံးလေးတွန့်ပြီး ပြောတယ်။ "အဲဒီတော့ ငါက မဆိုးဘူးလို့ပြောပြီး ဝါတာနာဘီကို ဘယ်လိုလုပ်မလဲလို့ မေးလိုက်တယ်။ "စိတ်မပူပါနဲ့၊ နင်နဲ့ပတ်သက်ပြီး အဆင်ပြေအောင် လုပ်ပေးပါ့မယ်လို့ ပြောတယ်" လို့ ပြောတယ်။ အဲဒါပါပဲ။ နောက်တော့ သူဟာ ငါတို့နှစ်ယောက် ဘယ်မှာနေမယ်။ ဘာလုပ်ကြမယ်ဆိုတာတွေ ပြောဖြစ်ကြတယ်။ ငါတို့ ငှက်လှောင်အိမ်ကို သွားပြီး ငှက်တွေနဲ့ ဆော့ဖြစ်ကြတယ်။

ကျွန်တော် ရေခဲသေတ္တာထဲက ဘီယာတဘူးထုတ်ပြီး ဖောက်သောက်လိုက်တယ်။ ရီကိုကလည်း နောက်ထပ် စီးကရက်တလိပ် ထုတ်သောက်တယ်။ ကြောင်ကတော့ သူ့ပေါင်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့ နေလေပြီ။

"နာအိုကိုဆိုတဲ့ ကောင်မကလေးဟာ သူ့အတွက် အားလုံးစီစဉ်ပြီးသားပဲ။ အဲဒါတွေကြောင့်ပဲ အင်အားတွေပြည့်ပြီး ကျန်းမာတဲ့ပုံပေါက်နေတာလို့ ငါထင်ခဲ့တာ။ သူ ဘာလုပ်မလဲဆိုတာ သေသေချာချာ ဆုံးဖြတ်ပြီးထားတဲ့ပုံပဲ။ သူ ပြန်ယူမယ့်ပစ္စည်းတွေကို ထုပ်ပိုးပြီး မလိုတာတွေကို ခြံနောက်ဖေးမှာ မီးရှို့ပစ်လိုက်တယ်။ ပြီးတော့ စာတွေရောပဲ။ သူအရင်တုန်းကဆိုရင် နင့်ဆီက စာတွေကို လုံခြုံတဲ့နေရာမှာ သေသေချာချာထားပြီး အကြိမ်ကြိမ် ပြန်ဖတ်နေခဲ့တယ်လေ။ သူက "ကျွန်မ အတိတ်က အရာတွေအားလုံး ရှင်းပစ်ပြီး အသစ်တဖန် ပြန်မွေးဖွားချင်လို့ပါ" လို့ ပြောခဲ့တယ်။ သူ့စကားတွေက မဆိုးဘူးလို့ ငါထင်မိခဲ့တယ်။ သူ့ဟာနဲ့သူ အဓိပ္ပာယ်တော့ရှိတယ်လို့ ငါထင်တယ်။ ပြီးတော့ ငါက သူ့ကို အမြဲတမ်း ကျန်းမာပြီး ပျော်ရွှင်စေချင်တယ်။ အဲဒီနေ့က သူ အရမ်းချို့သာပြီး သိပ်ချစ်ဖို့ကောင်းနေခဲ့တယ်။ နင့်ကို အမြဲမြင်စေချင်တယ်"

"အဲဒါတွေပြီးတော့ ငါတို့ ထုံးစံအတိုင်း ညစာစားကြတယ်။ ပြီးတော့ ငါတို့နှစ်ယောက် ရေချိုးပြီး အထိမ်းအမှတ်တခုခုကျရင် သောက်ဖို့ သိမ်းထားတဲ့ အကောင်းစားဝိုင်ကို ဖောက်သောက်ကြတယ်။ ငါတို့ ဝိုင်သောက်ရင်း ငါက

ဂစ်တာတီးတယ်။ ထုံးစံအတိုင်းပေါ့။ ဘီတဲလ်ရဲ့ "နော်ဝေတောအုပ်"၊ "မီရှဲလ်" နဲ့ သူ့အကြိုက် သီချင်းတွေပေါ့။ ငါတို့နှစ်ယောက်စလုံး ပျော်နေခဲ့တယ်။ ငါတို့နှစ်ယောက် မီးပိတ်၊ အဝတ်အစားတွေချွတ်ပြီး အိပ်ရာဝင်ခဲ့ကြတယ်။ အဲဒီညက တော်တော်ကို ပူနေခဲ့တာ။ ပြတင်းပေါက်တွေအားလုံး ဖွင့်ထားတာတောင် လေက တချက်လေးတောင် မတိုက်ဘူး။ အပြင်မှာတော့ မင်ရည်လို နက်မှောင်နေတယ်။ အကောင်ဗလောင်တွေရဲ့အော်သံတွေကို ကြားနေရတယ်။ နွေရာသီမြက်နံ့တွေက အခန်းထဲထိရောက်နေလို့ အသက်ရှူရတောင် ခက်နေတယ်။ ရုတ်တရက် နာအိုကိုက နင့်အကြောင်းတွေ ပြောလာတယ်။ နင်တို့နှစ်ယောက် ကိုယ်လက်နှီးနှောတဲ့ ညကအကြောင်းတွေပေါ့။ လုံးဝ အသေးစိတ်ကိုပြောတာ။ နင် သူ့အဝတ်အစားတွေ ဘယ်လိုချွတ်တယ်။ နင် သူ့ကိုဘယ်လိုထိတွေ့တယ်။ သူ ဘယ်လိုစိုရွှဲသွားတယ် ဆိုတာတွေ။ နင် သူ့အထဲ ဘယ်လိုသွင်းလိုက်တယ်ဆိုတာတွေ၊ ဘယ်လိုခံစားရတယ်ဆိုတာတွေ အားလုံးကို ဤသည်မရွေ့ အကုန်ပြောသွားတယ်။ အဲဒါနဲ့ ငါသူ့ကို မေးလိုက်တယ်။ "ဘာဖြစ်လို့လဲ အဲဒါတွေ ရုတ်တရက်ကြီး လာပြောတာလဲ" လို့ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ သူက ငါ့ကို လိင်ကိစ္စနဲ့ ပတ်သက်ပြီး တခါမှ အဲဒီလို မပြောဖူးတာ။ ငါတို့ ကုထုံးတရပ်အနေနဲ့ အုပ်စုဖွဲ့ပြောနေချိန်မှာ ပြောတာလောက်ပဲရှိတယ်လေ။ အဲဒီတုန်းက သူဟာ အသေးစိတ်ပြောဖို့ အရမ်းရှက်ခဲ့တယ်။ အဲဒါကြောင့် ငါ အံ့သြမိတာပေါ့။ ငါ ရှော့ခ်ဖြစ်မိတယ်။

သူကတော့ ပြောတယ်။ "မသိဘူး။ ကျွန်မ ပြောချင်စိတ် ပေါက်လာလို့။ မကြိုက်ရင်တော့ ထပ်မပြောတော့ပါဘူး" တဲ့။

"ငါက ရပါတယ်။ ပြောချင်ရင် ဆက်ပြောပါ။ ငါနားထောင်ပါ့မယ်" လို့ ပြန်ပြောခဲ့တယ်"

"အဲဒါနဲ့ သူက ဆက်ပြောတယ်။ "အထဲကိုရောက်တော့ တော်တော် နာကျင်ခဲ့တယ်။ ကျွန်မရဲ့ ပထမဆုံးအကြိမ်လေ။ ကျွန်မစိုရွှဲနေခဲ့တယ်။ သူက ဆက်လှုပ်ရှားနေခဲ့တယ်။ ကျွန်မ တော်တော် နာခဲ့တယ်။ သူတတ်နိုင်သမျှ အထဲကိုရောက်အောင် ကြိုးစားခဲ့တယ်။ သူ ကျွန်မရဲ့ပေါင်တံတွေကို မ လိုက်တော့ ပိုရောက်သွားတယ်။ ကျွန်မရဲ့ခြေတွေ၊ လက်တွေအားလုံး တုန်ခါနေခဲ့တယ်။ အေးစိမ့်တဲ့လှိုင်းတခု ကျွန်မခန္ဓာကိုယ်ထဲ စီးဆင်းနေခဲ့တယ်။ ဘာတွေဖြစ်နေလဲဆိုတာ မသိနိုင်တော့အောင်ပဲ။ အဲဒီနေရာမှာတင် ကျွန်မ သေတော့မယ် ထင်ခဲ့တယ်။ နောက်တော့ ကျွန်မ နာကျင်နေတာကို သူ သတိထားမိသွားလို့ ရပ်သွားတယ်။ ဒါပေမဲ့ ကျွန်မရဲ့အတွင်းထဲမှာ ရှိနေဆဲပဲ။ သူ ကျွန်မကို ဆံပင်၊ လည်ပင်း၊ ရင်သားတွေကို နေရာလပ်မကျန်အောင် အကြာကြီး နမ်းခဲ့တယ်။ နောက်တော့ ကျွန်မကိုယ်ထဲ အနွေးဓာတ် ပြန်ရောက်လာခဲ့တယ်။

အဲဒီတော့မှ သူဖြည်းဖြည်းချင်း ပြန်လှုပ်ရှားတယ်။ ရီကိုရေ အဲဒီတော့မှ မယုံနိုင်အောင်ပါပဲ။ ကျွန်မရဲ့ဦးနှောက် အရည်ပျော်ကျလုမတတ်ပါပဲ။ အဲဒီလိုမျိုး တသက်လုံးနေချင်ခဲ့တယ်။ သူ့ရင်ခွင်ထဲမှာ ကျွန်မဘဝရဲ့ ကျန်တဲ့အချိန်တွေအားလုံး နေပစ်လိုက်ချင်တယ်။ အဲဒီလောက်ကို ကောင်းခဲ့တာ”

“အဲဒီတော့ ငါ သူ့ကို ပြောတယ်။ အဲဒီလောက်ကောင်းရင် ဝါတာနာဘီနဲ့ အတူနေပြီး နေ့တိုင်း အဲဒီလိုပဲ လုပ်ပေါ့” လို့။

“ဒါပေမဲ့ သူက ပြန်ပြောတယ်။ “အဲဒီလိုလည်း မဟုတ်ဘူး ရီကို။ အဲဒီလို ဘယ်တော့မှ ထပ်ဖြစ်တော့မှာ မဟုတ်ဘူးဆိုတာ ကျွန်မသိတယ်။ တသက်မှာ တခါပဲရောက်လာပြီး နောက် ဘယ်တော့မှ မရတော့မယ့် ခံစားမှုမျိုး။ တသက်မှာ တခါပဲရမယ့် အရာမျိုးပဲ။ အဲဒီလိုမျိုး အရင်က မခံစားဖူးသလို နောက်လည်း မရတော့ဘူး။ အဲဒီလိုထပ်လုပ်ချင်စိတ်လည်း မရှိတော့ဘူး။ အဲဒီလိုမျိုး နောက်ဘယ်တော့မှလည်း မစိုစွတ်တော့ဘူး”

“အဲဒါနဲ့ ငါလည်း သူ့ကို ရှင်းပြခဲ့တယ်။ ငယ်ရွယ်တဲ့ မိန်းကလေးတွေမှာ ဒီလိုခံစားမှုမျိုး ဖြစ်တတ်တယ်” လို့ပေါ့။ အသက်အရွယ်က ကုစားပေးသွားတာချည်းပဲ” လို့ ပြောခဲ့တယ်။ အချိန်အတိုင်းအတာတခုကို ကျော်ဖြတ်ပြီးသွားရင် အဆင်ပြေသွားမှာပါ။ ငါလည်း အိမ်ထောင်ကျစတုန်းက အဲဒီလို ဖြစ်ခဲ့တယ်ဆိုတာပါ ပြောခဲ့တယ်”

“ဒါပေမဲ့ သူက “မဟုတ်ဘူး ရီကို၊ အဲဒီလို ထပ်မဖြစ်တော့မှာကို စိတ်မပူပါဘူး။ ကျွန်မ ဘယ်သူ့ကိုမှလည်း ကျွန်မကို မနှိုးနှောစေချင်တော့ဘူး။ ဘယ်သူ့ကိုမှလည်း ခွင့်ပြုတော့မှာ မဟုတ်ပါဘူး” လို့ ပြန်ပြောတယ်။

ကျွန်တော် ဘီယာသောက်နေချိန်မှာ ရီကိုဟာ သူ့ရဲ့ ဒုတိယမြောက် စီးကရက်ကို သောက်နေတယ်။ ရီကိုရဲ့ပေါင်ပေါ်က ကြောင်ဟာ ပုံစံပြောင်းပြီး ထပ်အိပ်နေပြန်တယ်။ ရီကိုဟာ သူ့ရဲ့တတိယမြောက် စီးကရက်ကို ထပ်သောက်တော့မှ စကားပြန်စတယ်။

“အဲဒါတွေပြီးတော့ နာအိုကိုဟာ ငိုတော့တာပဲ။ ငါက ခုတင်ဘေးမှာ ထိုင်ပြီး သူ့ဆံပင်တွေ သပ်ပေးနေခဲ့တယ်။ “စိတ်မပူပါနဲ့။ အားလုံးအဆင်ပြေသွားမှာပါ။ နင့်လို ချောမောငယ်ရွယ်တဲ့ ကောင်မကလေးတယောက်ကို ရင်ခွင်ထဲမှာထားပြီး ပျော်အောင်လုပ်ပေးမယ့် လူတယောက် ထပ်ပေါ်ဦးမှာပေါ့” လို့ ငါ ပြောခဲ့တယ်။ နာအိုကိုဟာ ချွေးတွေ၊ မျက်ရည်တွေနဲ့ ရွှဲနစ်နေတယ်။ ငါသူ့ဘောင်းဘီကို ချွတ်ပေးလိုက်တယ်။ ခဏလေး ငါတို့ကို ဟိုထင်ဒီထင် မထင်နဲ့ဦး။ ငါတို့ အဲဒီလိုလုပ်နေကျပဲ။ သူဟာ ငါ့ညီမလေးလိုပဲ”

"သိပါတယ်" လို့ ကျွန်တော် ပြောလိုက်တယ်။

"နာအိုကိုက သူ့ကို ဖက်ထားဖို့ ပြောတယ်။ သူ့ကို ဖက်ထားဖို့ အရမ်းပူနေတယ်လို့ သူ့ကိုပြောတော့ ဒါနောက်ဆုံးတွေ့ရတာမို့ ဖက်ထားပါလို့ ပြန်ပြောတယ်။ အဲဒါနဲ့ ငါ သူ့ကို ဖက်ထားလိုက်တယ်။ ငါတို့နှစ်ယောက်ရဲ့ခန္ဓာကိုယ်ကြားမှာ ချွေးတွေမစိုအောင် ကာထားတဲ့ တဘက်တထည်ပဲ ရှိတယ်။ သူနဲ့ငါ တင်းတင်းကျပ်ကျပ် ဖက်ထားကြတယ်။ သူ ပြန်တည်ငြိမ်သွားတော့ သူ့ကို ငါ တဘက်နဲ့ ထပ်သုတ်ပေးပြီး သူ့ရဲ့ဂါဝန်ပြန်ဝတ်ပေးလိုက်တယ်။ ပြီးတော့ သူ့ကို အိပ်ခိုင်းလိုက်တယ်။ သူဟာ ခဏကလေးနဲ့ အိပ်ပျော်သွားတယ်။ အိပ်ချင်ယောင်ဆောင်နေတာလည်း ဖြစ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် အဲဒီတုန်းက သူဟာ ဘာဒုက္ခမှမခံစားဖူးတဲ့ အသက်ဆယ့်သုံးနှစ်အရွယ် ကောင်မကလေးတယောက်ရဲ့ မျက်နှာလို လှပနေခဲ့တယ်။ သူ့မျက်နှာကို ကြည့်ပြီးတော့ ငါလည်း အိပ်ရာဝင်ခဲ့တယ်။

"မနက်ခြောက်နာရီ ငါအိပ်ရာကနေထတော့ သူ မရှိတော့ဘူး။ သူ့ရဲ့ ညဝတ်ဂါဝန်ပဲ တွေ့ရတယ်။ သူ့အဝတ်အစားတွေ ဖိနပ်တွေနဲ့ ငါ့အိပ်ရာဘေးမှာထားတဲ့ ဓာတ်မီးလည်း မရှိတော့ဘူး။ တခုခုတော့ မှားယွင်းနေပြီဆိုတာ ငါ သိလိုက်တယ်။ သူ ဓာတ်မီးယူသွားတာဆိုတော့ အမှောင်ထဲထွက်သွားပြီ ဆိုတဲ့ အဓိပ္ပာယ်ပဲ။ အဲဒါနဲ့ စာရေးစားပွဲပေါ်မှာ သူ ဘာများရေးခဲ့မလဲဆိုပြီး ငါရှာမိတယ်။ "ကျေးဇူးပြုပြီး ကျွန်မရဲ့အဝတ်အစားတွေကို ရီကိုကို ပေးပေးပါ" လို့ ရေးထားတဲ့စာကို တွေ့ရတယ်။ ငါလူတွေကို လိုက်နှိုးပြီး နေရာအနှံ့ လူခွဲပြီး လိုက်ရှာမိတယ်။ အဆောင်မှာရှိသမျှ လူတွေအားလုံးဟာ တောမှာ လူခွဲပြီး လိုက်ရှာတယ်။ သူ့ကိုတွေ့ဖို့ အချိန်ငါးနာရီကြာခဲ့ရတယ်။ သူဟာ သူနဲ့အတူ ကြိုးတွေပါ ယူသွားခဲ့တယ်"

ရီကိုဟာ သက်ပြင်းချပြီး ကြောင်ကို ပွတ်သပ်နေတယ်။

"လက်ဖက်ရည်ယူဦးမလား" လို့ ကျွန်တော် မေးတယ်။

"အင်း... ယူမယ်။ ကျေးဇူးပဲ"

ကျွန်တော် ရေနွေးအိုးယူပြီး လက်ဖက်ရည်တအိုးနဲ့ ဝရန်တာကို ပြန်လာခဲ့တယ်။ နေရောင်က ပြန်ကျနေပြီ။ နေ့အလင်းရောင်ဟာ တဖြည်းဖြည်း အင်အားနည်းလာတယ်။ ကျွန်တော်တို့ရဲ့ ခြေရင်းကို သစ်ပင်တွေရဲ့အရိပ်ရှည်ရှည်တွေ ကျရောက်နေတယ်။ ကျွန်တော် လက်ဖက်ရည် မော့သောက်ပြီး ဥယျာဉ်ထဲမှာရှိတဲ့ အပင်တွေကို လှမ်းကြည့်မိတယ်။

"နောက်တော့ လူနာတင်ကား ရောက်လာပြီး နာအိုကို့ကို ယူသွားတယ်။

ရဲတွေက ငါ့ကို မေးခွန်းတွေ မေးတော့တာပဲ။ သိပ်မများပါဘူး။ သတ်သေတဲ့ မှတ်စုစာရွက်ကလေးရှိတော့ သူ့ကိုယ်သူ သတ်သေကြောင်း ထင်ရှားနေတာကို။ အဲဒီစာရွက်ကို သူတို့ယူသွားကြတယ်။ စိတ်ရောဂါရှိတဲ့ လူနာတွေ ကိုယ့်ကိုယ်ကိုယ် သတ်သေတာ မထူးဆန်းဘူးလို့ ယူဆခဲ့ကြတယ်။ အဲဒါကြောင့် လုပ်ရိုးလုပ်စဉ်အတိုင်း နည်းနည်းပါးပါး မေးခဲ့ကြတာ။ သူတို့ ပြန်သွားတော့ ငါ နင့်ဆီကို ကြေးနန်းပို့ခဲ့တာပဲ”

“သူ့ရဲ့အသုဘဟာ ဝမ်းနည်းဖို့ ကောင်းလောက်အောင် တိတ်ဆိတ်ခဲ့တယ်။ သူတို့မိသားစု နာအိုကို ကိုယ့်ကိုယ့်ကိုယ် သတ်သေတာကို စိတ်ပျက်တဲ့ပုံပဲ။ ပြီးတော့ သတ်သေတာကို လူတွေကို မသိစေချင်ကြဘူး။ ကျွန်တော်တောင် မသွားသင့်ခဲ့ဘူး။ ကျွန်တော့်ကို ပိုပြီးအထိနာစေခဲ့တယ်။ အဲဒါကြောင့် ပြန်ရောက်ရောက်ချင်း ခြေဦးတည့်ရာ သွားမိခဲ့တာပေါ့”

“ဝါတာနာဘီ... ငါတို့ လမ်းလျှောက်ရအောင်။ ညစာအတွက် ဈေး နည်းနည်းလောက် ဝယ်ရအောင်။ ငါဗိုက်ဆာနေပြီ”

“အင်းလေ... သွားကြတာပေါ့။ ဘာစားချင်လဲ”

“ဆူကီယာကီ စားချင်တယ်။ မစားရတာ နှစ်တော်တော်ကြာပြီ။ ငါ ဆူကီယာကီ စားဖြစ်တယ်လို့ အိပ်မက်မက်တယ်။ အမဲသား၊ ကြက်သွန်စိမ်း၊ ခေါက်ဆွဲနဲ့ တို့ဟူးကင်တွေပါတဲ့ ဆူကီယာကီပေါ့”

“အင်း... ကျွန်တော်လည်း စားချင်တယ်။ ကျွန်တော့်မှာ ဆူကီယာကီချက်တဲ့ အိုးမှမရှိတာ”

“ငါ့တာဝန်ထားလိုက်ပါ။ ငါ ခြံရှင်ဆီက သွားငှားလိုက်မယ်”

“သူဟာ ခြံရှင်ရဲ့အိမ်ကိုပြေးပြီး အိုးတလုံးရယ်၊ ဂတ်စ်မီးဖိုနဲ့ ရော်ဘာပိုက်တွေ ငှားလိုက်တယ်။

“မဆိုးဘူး... မဟုတ်လား”

“မဆိုးပါဘူး”

ကျွန်တော်တို့နှစ်ယောက် လိုတဲ့အမယ်တွေကို ဆိုင်ကလေးတွေမှာ လိုက်ဝယ်မိတယ်။ အမဲသား၊ ကြက်ဥတွေ၊ ဟင်းသီးဟင်းရွက်တွေနဲ့ တို့ဟူးတွေ ဝယ်ခဲ့တယ်။ ကျွန်တော် သင့်တင့်တဲ့ ဝိုင်ဖြူကလေးပါ ဝယ်ခဲ့တယ်။ ကျွန်တော်က ပိုက်ဆံရှင်းမလို့လုပ်တော့ ရီကိုက အတင်းလုရှင်းသွားတယ်။

“ငါ့တူကို ပိုက်ဆံရှင်းခိုင်းတာကို မိသားစုဝင်တွေ သိသွားရင်

ဝိုင်းရယ်ကြမှာပေါ့။ ပြီးတော့ ငါ့ဆီမှာ ပိုက်ဆံတွေလည်း အများကြီးပါသေးတယ်။ ငါ အဆောင်ဖောက်ခဲ့တယ်လို့လည်း မထင်နဲ့ဦး” လို့ ရီကိုက ပြောတယ်။

ကျွန်တော် ချက်ပြုတ်မယ့်ပစ္စည်းတွေကို ဝရန်တာမှာ စီနေတုန်း ရီကိုက ဆန်ဆေးပြီး ထမင်းအိုး တည်ထားတယ်။ အားလုံး အဆင်သင့်ဖြစ်ခါနီးမှာ ရီကိုဟာ ဂစ်တာကောက်ကိုင်ပြီး ဘက်ချ်ရဲ့ တေးသွားလို့ ယူဆရတဲ့ တေးတစကို တီးခတ်နေတယ်။ တချို့နေရာတွေမှာ သူဟာ ခံစားချက်ကို လိုက်ပြီး နှုန်းကို နိမ့်လိုက် မြင့်လိုက်နဲ့ ဂစ်တာတီးခတ်နေချိန်မှာ ရီကိုဟာ ဆယ့်ခုနစ်နှစ် သမီးတယောက် အဝတ်အစားသစ် ရသလိုမျိုး ဖြစ်နေတယ်။ သူ့မျက်လုံးက တောက်ပလို့နေပြီး နှုတ်ခမ်းထောင့်မှာလည်း ပြုံးယောင်သန်းလို့နေတယ်။ သီချင်းတပုဒ် တီးလို့ပြီးတော့ သူဟာ ဂစ်တာကို ပြန်ထောင်ထားပြီး ကောင်းကင်ကို အတွေးနက်နက်နဲ့ တွေးနေသလို ကြည့်လို့နေတယ်။

“စကားပြောလို့ရမလား” လို့ ကျွန်တော် မေးလိုက်တယ်။

“ရပါတယ်… ငါ ဗိုက်တော်တော်ဆာနေပြီလို့ တွေးနေမိတာ” လို့ ရီကိုက ပြန်ပြောတယ်။

“တိုကျိုမှာရှိတုန်း ခင်ဗျားရဲ့ယောက်ျားနဲ့ သမီးကို တွေ့ဦးမှာလား။ သူတို့ တိုကျိုတနေရာမှာ ရှိမှာပေါ့”

“တိုကျိုမှာ သူတို့ မရှိကြတော့ဘူး။ ယိုကိုဟားမားမှာ သူတို့နေကြတယ်။ ဒါပေမဲ့ ငါ သူတို့နဲ့ တွေ့ဖို့ အစီအစဉ်မရှိပါဘူး။ အရင်တုန်းက ပြောခဲ့သလိုမျိုးပါပဲ။ ငါနဲ့ ပတ်သက်ပြီး ဘာမှမလုပ်ပေးရတာကမှ သူတို့အတွက် ပိုကောင်းလိမ့်မယ်။ သူတို့တွေဟာ သူတို့ရဲ့ကိုယ်ပိုင်ဘဝတွေကို စတင်ပြီးပါပြီ။ သူတို့ကို တွေ့ရမှာ ငါကြောက်နေတယ်။ မတွေ့တာပဲ ပိုကောင်းပါတယ်”

သူဟာ ကြယ်ခုနစ်ပွင့် စီးကရက်ဘူးခွံကို လုံးချေလိုက်ပြီး သူ့အိတ်ထဲက ဘူးတဘူး ထုတ်ယူလိုက်တယ်။ သူ ဘူးသစ်ဖောက်ပြီး တလိပ်ကို သူ့ပါးစပ်မှာ တပ်လိုက်တယ်။ မီးတော့ မညှိသေးဘူး။

“ငါလည်း လူသားတယောက်ပါပဲဟာ။ ဒါပေမဲ့ နင့်ကို မြင်နေတာတွေက ငါ့ရဲ့ပျောက်ကွယ်လုနီးပါး ဖြစ်နေတဲ့ မှတ်ဉာဏ်တွေပေါ့။ ငါ့ရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေ။ ငါနေခဲ့ဖူးတဲ့ ပုံစံတွေဟာ သေဆုံးခဲ့တာကြာပါပြီ။ ငါဟာ ပုပ်သိုးနေတဲ့ မှတ်ဉာဏ်တွေနဲ့ ရှင်သန်နေခဲ့တာကြာပြီပဲ”

“ထားပါတော့… ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ မှတ်ဉာဏ်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော် ခင်ဗျားကို သဘောကျပါတယ်။ ကျွန်တော့်အတွက်တော့

ဘာမှမခြားနားပါဘူး။ ပြီးတော့ နာအိုကိုရဲ့ အင်္ကျီတွေ ခင်ဗျားဝတ်ထားတာကို ကျွန်တော် သဘောကျပါတယ်”

ရီကိုဟာ ပြုံးပြီး စီးကရက်မီးညှိလိုက်တယ်။

“နင်ဟာ အသက်ငယ်ငယ်ကလေးနဲ့ မိန်းမတယောက်ကို ပျော်အောင် ဘယ်လိုလုပ်ပေးရမလဲဆိုတာ ကောင်းကောင်းသိတာပဲ”

ကျွန်တော် မျက်နှာ နီရဲလာပြီထင်တယ်။ “ကျွန်တော် ထင်တာကို ပြောတာပါ”

“အေးပါ... ငါသိပါတယ်” လို့ သူက ပြုံးပြီး ပြောတယ်။ ထမင်းကျက်သွားတော့ ဒယ်အိုးထဲက ဆီတွေထဲ ဆူယီယာကီချက်ဖို့ ပစ္စည်းတွေ ထည့်လိုက်တယ်။

“ဒါဟာ အိပ်မက်မဟုတ်ကြောင်း ပြောစမ်းပါ” လို့ ရီကိုက အနံ့ခံပြီး ပြောတယ်။

“ဒါဟာ တရာရာခိုင်နှုန်းစစ်မှန်တဲ့ ဆူကီယာကီပါ။ အာရုံသိမှုအရလည်း ဟုတ်တယ်လို့အဖြေရတယ်” လို့ ကျွန်တော်ပြန်ပြောလိုက်တယ်။

ကျွန်တော်တို့ နှစ်ယောက်သား စကားမပြောတော့ဘဲ ဆူကီယာကီကို တူတွေနဲ့ ဝိုင်းဖဲ့ကြပြီး ထမင်းကုန်တော့ ဘီယာနဲ့ မျှောချလိုက်တယ်။ အနံ့က မွှေးတော့ စင်ရော်တောင် ရောက်လို့ လာတယ်။ ကျွန်တော်တို့ရဲ့အစားအစာတွေကို သူ့ကိုလည်း ပစ်ကျွေးလိုက်တယ်။ ကျွန်တော်တို့အားလုံး အပြောင်အစင် စားပြီးတော့ ဝရန်တာက တိုင်တွေကိုမှီပြီး လကို မော့ကြည့်ကြမိတယ်။

“ဗိုက်ဝရဲ့လား” လို့ ကျွန်တော် မေးလိုက်တယ်။

“သိပ်ဝတာပေါ့။ ငါ့ဘဝမှာ ဒီလောက်အများကြီး တခါမှ မစားဖူးဘူး”

“အခု ဘာလုပ်ချင်သေးလဲ”

“ဆေးလိပ်သောက်ပြီး အများသုံးရေချိုးခန်း သွားချင်တယ်။ ငါ့ဆံပင်တွေ ရှုပ်ထွေးနေပြီ။ ခေါင်းလျှော်တော့မယ်”

“ရတယ်... ဒီလမ်းအတိုင်း လျှောက်သွားရုံပဲ”

“ဘာညာ ဘာညာ လုပ်ပြီးပြီလားလို့ မေးတာလား။ မလုပ်ရသေးဘူး။ အားလုံးရှင်းပြီးသွားမှ လုပ်ဖို့ ဆုံးဖြတ်ထားတယ်”

"အင်း... အခု အားလုံးရှင်းလင်းသွားပြီပဲ မဟုတ်လား"

ကျွန်တော် ခေါင်းခါလိုက်တယ်။ "အခု နာအိုကို သေသွားပြီလို့ ဆိုလိုချင်တာလား"

"အဲဒီလိုပြောတာလည်း မဟုတ်ပါဘူး။ နာအိုကို မသေခင် အချိန်အတော်ကြာကတည်းက နင် မီဒိုရီကို ပစ်ထားလို့ မရဘူးလို့ ဆုံးဖြတ်ထားပြီးသားပဲ။ နာအိုကို ရှင်ရှင်၊ သေသေ နင် ဆုံးဖြတ်ချက် ပြောင်းလဲမှာမှ မဟုတ်တာ။ နင် မီဒိုရီကိုပဲ ရွေးချယ်ခဲ့တယ်။ နာအိုကိုက သေခြင်းကို ရွေးချယ်ခဲ့တယ်။ ငါတို့အားလုံး အခု အရွယ်ရောက်ပြီးသားတွေချည်းပဲ။ ငါတို့ရဲ့ရွေးချယ်မှုအတွက် ငါတို့ပဲ တာဝန်ယူရမှာလေ။ အဲဒီလိုမှ မလုပ်ရင် အားလုံးပျက်စီးသွားလိမ့်မယ်"

"ဒါပေမဲ့ ကျွန်တော် နာအိုကို့ကို မမေ့နိုင်သေးဘူး။ ကျွန်တော် နာအိုကို့ကို ဘယ်လောက်ကြာကြာ စောင့်မယ်လို့ပြောခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် မစောင့်နိုင်ပါဘူး။ နောက်ဆုံးမှာတော့ ကျွန်တော်သူ့ကို ကျောခိုင်းခဲ့ရတာပဲလေ။ ဘယ်သူ့ကိုမှ အပြစ်တင်လို့မရပါဘူး။ ကျွန်တော့်ဘာသာကျွန်တော် ဖြစ်နေတာ။ ကျွန်တော်သာ နာအိုကို့ကို မထားခဲ့ရင် အခြေအနေတွေ ကောင်းလိမ့်မယ်လို့ ထင်တယ်။ နာအိုကိုကတော့ သေခြင်းကို ရွေးချယ်ခဲ့တယ်။

ကျွန်တော့်ကိုယ်ကျွန်တော်လည်း ခွင့်မလွှတ်နိုင်ပါဘူး။ ခံစားချက် ပြောင်းသွားတာကို ဘာမှလုပ်လို့မရဘူးလို့ ပြောနိုင်ပေမယ့် နာအိုကိုနဲ့ ကျွန်တော်ရဲ့ဆက်ဆံရေးက ပုံမှန်မဟုတ်ပါဘူး။ သေချာပြန်စဉ်းစားမယ်ဆိုရင် သူနဲ့ကျွန်တော် နှစ်ယောက်စလုံးဟာ သေခြင်းနဲ့ ရှင်ခြင်းကြားက နယ်ခြားမျဉ်းမှာ ရပ်နေခဲ့ကြတာကို သိလာလိမ့်မယ်"

"နာအိုကိုရဲ့သေဆုံးမှုနဲ့ ပတ်သက်ပြီး နင် တခုခုနာကျင်ခံစားရတယ်ဆိုရင် ငါနင့်ကို တသက်လုံးပဲ ခံစားသွားလို့ ငါ အကြံပေးချင်တယ်။ အဲဒီခံစားမှုကနေ တခုခုနားလည်လာရင် နင် ဘာမဆို လုပ်လို့ရတယ်။ ပြီးတော့ တဖက်ကလည်း နင် မီဒိုရီနဲ့ ပျော်ပျော်နေသင့်တယ်။ သူနဲ့နင်နဲ့ ဆက်ဆံရေးမှာ အဲဒီနာကျင်ခံစားမှုက ဘာမှမဟုတ်ဘူး။ နင် နာကျင်ခံစားရတာထက် သူ့ကို နင်နာကျင်အောင် လုပ်မယ်ဆိုရင် အနာက ကုလို့မရအောင် ပိုကြီးလာလိမ့်မယ်။ အဲဒါကြောင့် လောလောဆယ်မှာ ခက်ပေမယ့် နင် ခွန်အားတွေ ရှိဖို့လိုတယ်။ နင်ပိုပြီး ရင့်ကျက်ဖို့လိုပြီ။ အရွယ်ရောက်ပြီးသား လူတယောက်ထက် ပိုရင့်ကျက်ရတော့မယ်။ ငါ အဆောင်ကနေထွက်ပြီး တိုကျိုကို ရောက်လာတာ နင့်ကို ဒီစကားတွေပြောဖို့အတွက်ပါပဲ။ အခေါင်းလိုရထားစီးပြီးတော့လေ" ရီကိုဟာ သူ့လက်နဲ့ ကျွန်တော့်နဖူးကိုကိုင်ပြီး "ငါတို့လည်း တနေ့တော့ သေရဦးမှာပါဟာ" လို့

ပြောတယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ မြစ်ကမ်းဘေးကနေ အများသုံး ရေချိုးခန်းရောက်ဖို့ ငါးမိနစ်လောက် လမ်းလျှောက်သွားကြပြီး အိမ်ကို ပေါ့ပါးလတ်ဆတ်စွာ ပြန်လာကြတယ်။ ကျွန်တော် ဝိုင်ပုလင်း ဖွင့်ပြီး ဝရန်တာမှာ ထိုင်သောက်နေလိုက်တယ်။

“ဝါတာနာဘီ နောက်ထပ် ဖန်ခွက်တခွက်လောက် ထပ်ယူလို့ရမလား”

“ရပါတယ်။ ဘာလုပ်မလို့လဲ”

“နာအိုကို့အတွက် ငါတို့ဘာသာ ငါတို့ ကိုယ်ပိုင် ဈာပန လုပ်ပေးလိုက်မယ်။ ငါတို့နှစ်ယောက် အတွက်ပေါ့ သိပ်တော့ မဆိုးလှပါဘူး”

ကျွန်တော် ဖန်ခွက်ပေးလိုက်တော့ သူ ဝိုင်တွေ အပြည့်ထည့်ပြီး ခြံထဲက ကျောက်တုံးပေါ်က မီးတိုင်မှာ သွားထားလိုက်တယ်။ နောက်တော့ သူဝရန်တာကို ပြန်လာထိုင်တယ်။ တိုင်တွေကိုမှီပြီး ဂစ်တာကို ပိုက်ထားရင်း စီးကရက်တလိပ်ကို ဖွာလို့နေတယ်။

“မီးခြစ်တဘူးလောက် သွားယူလိုက်ပါလား၊ ကြီးနိုင်သမျှ ကြီးကြီးပေါ့”

ကျွန်တော် မီးခြစ်ဘူးကြီးယူလိုက်ပြီး သူ့ဘေးမှာ ထိုင်လိုက်တယ်။

“နင်ဘာလုပ်ရမလဲဆိုတော့ ငါ သီချင်းတပုဒ်ဆိုပြီးတိုင်း မီးခြစ်တဆံ ဘေးမှာ ချထားပေးရမယ်။ ငါစဉ်းစားလို့ရသမျှ သီချင်းတွေ တီးတော့မယ်”

သူ ပထမဆုံး ခပ်အေးအေးသီချင်းဖြစ်တဲ့ ဟာန်နရီမန်စီနီရဲ့ ‘Dear Heart’ သီချင်းကို တီးတယ်။

“ဒီသီချင်း ခတ်ပြား နင် နာအိုကို့ကို ပေးဖူးတယ် မဟုတ်လား” လို့ ရီကိုက ပြောတယ်။

“ပေးဖူးတယ်။ ပြီးခဲ့တဲ့ တနှစ်မတိုင်ခင်က ခရစ္စမတ်လက်ဆောင် အဖြစ်ပေါ့။ သူ အဲဒီသီချင်းကို တကယ်ကြိုက်တယ်”

“ငါလည်း ကြိုက်တယ်။ နူးညံ့ပြီးလှပလို့” လို့ပြောရင်း ရီကိုဟာ ဝိုင်ကို မော့သောက်နေတယ်။ “ငါမမှုးခင် သီချင်း ဘယ်နှစ်ပုဒ်လောက် တီးနိုင်မလဲ မသိဘူး။ ဒီ ဈာပနာပွဲက မမိုက်ဘူးလား။ ဝမ်းနည်းဖို့လည်း မကောင်းဘူးလား”

ရီကိုဟာ ဘီတဲလ်ရဲ့ “နော်ဝေတောအုပ်”၊ “မနေ့တုန်းက”၊ “မီရှဲလ်”

သီချင်းတွေကို တီးလို့နေတယ်။ ပြီးတော့ “Here comes the sun" သီချင်းကို တီးဆိုပြီး “The Fool On The Hill" ကို တီးပြန်တယ်။ ကျွန်တော် ခုနစ်ဆံမြောက် မီးခြစ်ဆံကို ချထားလိုက်တယ်။

“သီချင်းခုနစ်ပုဒ်ရှိပြီပဲ” လို့ ပြောရင်း ရီကိုဟာ ဝိုင်ကိုမော့၊ စီးကရက်ကို ဖွာရင်း ပြောတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဘဝရဲ့ဝမ်းနည်းမှု၊ နူးညံ့မှုတွေကို ကောင်းကောင်းသိတယ်”

ရီကိုပြောတဲ့ အဲဒီပုဂ္ဂိုလ်တွေဆိုတာ ဘီတဲလ်အဖွဲ့က ဂျွန်လင်နွန်၊ ပေါလ်မက္ကာတနေနဲ့ ဂျော့ဟာရစ်ဆင်တို့ကို ပြောတာပါ။

ရီကိုဟာ ခဏလောက်နားပြီးတဲ့နောက် သူ့ရဲ့စီးကရက်ကို ထိုးချေပြီး ဂစ်တာကို ပြန်ကိုင်ပါတယ်။ ‘Peny Lane’, ‘Black Bird’, ‘Julia’, ‘When i am 64’, ‘Nowhere Man’, ‘And I Love Her’, ‘Hey Jude’ တို့ကို ပြန်တီးတယ်။

“သီချင်း ဘယ်နှစ်ပုဒ်ရှိပြီလဲ” လို့ ရီကိုက မေးတယ်။

“ဆယ့်လေးပုဒ်”

သူ သက်ပြင်းချပြီး ကျွန်တော့်ကို မေးတယ်။ “နင် တီးပါလား၊ သီချင်းတပုဒ်ဖြစ်ဖြစ်ပေါ့”

“ဘယ်ရမလဲ၊ ကျွန်တော်တီးတာ အရမ်းဆိုးတယ်”

“ဆိုးဆိုးနဲ့ပဲ တီးစမ်းပါ”

ကျွန်တော် ဂစ်တာကို သွားယူပြီး ‘Up One The Roof’ ဆိုတဲ့ သီချင်းကို တီးတယ်။ ရီကိုဟာ အနားယူရင်း ဝိုင်သောက်နေတယ်။ ကျွန်တော် တီးပြီးတော့ သူက လက်ခုပ်တီးတယ်။

နောက်တော့ သူဟာ Revel ရဲ့ ‘Pavanne for a dying Queen’ ကို တီးတယ်။ နောက်တော့ Debussy ရဲ့ Claire de lune တီးပြန်တယ်။

“အဲဒီနှစ်ပုဒ်ကို နာအိုကို ဆုံးပြီးတော့ ငါကျွမ်းကျင်လာတာ”

နောက်တော့ သူဟာ Bucharach ရဲ့ ‘Close To You’, ‘Rain drops keep falling on My Head’, "Walk on by နဲ့ Laura Nyro ရဲ့ Wedding Bell Blues သီချင်းတွေ တီးပြန်တယ်။

“အပုဒ်နှစ်ဆယ်ရှိပြီ” လို့ ကျွန်တော် ပြောလိုက်တယ်။

“ငါက လူသားသီချင်းစက်လိုပဲနော်။ ငါ့ဆရာတွေသာ တွေ့ရင် ဖြုံသွားကြလိမ့်မယ်”

သူဟာ ဝိုင်တကျိုက်သောက်ပြီး ဘော့စနိုဗာ သီချင်းတွေ တီးပြန်တယ်။ Rodgers and Hart, Gershwin, Bob Dylan၊ Ray Charles၊ Charles Carole King, The Beach Boys၊ Steve Wonder, Kyu Sakamoto's Sukiyakison Blue Velvet Green Field တွေကို တီးသွားတယ်။ တခါတခါ သူမျက်လုံးတွေပိတ်ပြီး တခါတခါမှာတော့ သီချင်းတွေ လိုက်ညည်းတတ်တယ်။

ဝိုင်ကုန်သွားတော့ ကျွန်တော်တို့ ဝီစကီသောက်ကြတယ်။ ခုနက နာအိုကိုအတွက် ထားတဲ့ဝိုင်ကို သွန်ပြီး ဝီစကီတွေ ထည့်လိုက်တယ်။

“ဘယ်နှစ်ပုဒ်ရှိပြီလဲ” လို့ ရီကိုက မေးတယ်။

“လေးဆယ့်ရှစ်” လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။ လေ့ဆယ့်ကိုးပုဒ်မြောက် ရီကိုက Eleanor Rug by ကို တီးတယ်။ အပုဒ်ငါးဆယ်မြောက်ကိုတော့ “နော်ဝေတောအုပ်” ကို နောက်တကြိမ် ပြန်တီးတယ်။ ပြီးတော့ သူ့လက်တွေကို ခဏနားပြီး ဝီစကီတွေ ထပ်သောက်လိုက်တယ်။ “တော်လောက်ပြီထင်တယ်” လို့ သူက ပြောတယ်။

“အင်း... အံ့သြလောက်အောင်ပါပဲ” လို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။ ရီကိုဟာ ကျွန်တော့် မျက်လုံးတွေကိုကြည့်ပြီး “ဝါတာနာဘီ ငါပြောတာကို နားထောင်၊ နင်တွေ့မြင်ခဲ့တဲ့ ဝမ်းနည်းဖွယ် ဈာပနကလေးကို မေ့ပစ်လိုက်တော့။ ငါတို့ရဲ့ အကောင်းစားဈာပနကို သတိရ” လို့ပြောတယ်။

ကျွန်တော် ခေါင်းညိမ့်လိုက်တယ်။ “ငါ နောက်တပုဒ် ထပ်တီးဦးမယ်” လို့ ပြောပြီး ရီကိုဟာ သူကြိုက်တဲ့ ဘတ်ချ်ရဲ့တေးသွားကို ငါးဆယ်တစ်ပုဒ်မြောက်အဖြစ် တီးတယ်။ သူတီးပြီးတော့ ရီကိုက ကျွန်တော့်ကို တိုးတိုးလေးကပ်ပြောတယ်။ “ဝါတာနာဘီ ငါနဲ့ဆို ဘယ်လိုနေမလဲ”

“ထူးဆန်းလိုက်တာ။ ကျွန်တော်လည်း အဲဒါပဲတွေးနေတာ” လို့ ကျွန်တော်ပြောလိုက်တယ်။

ကျွန်တော်တို့ အခန်းတခန်းထဲဝင်ပြီး လိုက်ကာတွေ ချလိုက်တယ်။ နောက်တော့ အမှောင်ခန်းထဲမှာ ရီကိုနဲ့ ကျွန်တော်ဟာ ကမ္ဘာကြီးထဲမှာ သဘာဝ အကျဆုံးအလုပ်ကို လုပ်နေသလို တယောက်ကို တယောက် စမ်းနေကြတယ်။ ကျွန်တော် သူ့ရဲ့ဘလောက်စ်အင်္ကျီနဲ့ အတွင်းကကြိုးတွေ ဖြည်ပြီးတော့ အတွင်းခံတွေ ချွတ်လိုက်တယ်။

“ငါ ထူးခြားတဲ့ဘဝနဲ့ နေခဲ့တယ်။ ဒါပေမဲ့ အတွင်းခံတွေကို ငါ့ထက် တဆယ့်ကိုးနှစ်ငယ်တဲ့ ယောကျ်ားတယောက်က ချွတ်ပေးဖို့ တခါမှ မတွေးဖူးဘူး” လို့ ရီကိုက ပြောတယ်။

“ကိုယ့်ဘာသာကိုယ် ချွတ်ချင်လို့လား”

“နိုး... ဆက်လုပ်။ ဒါပေမဲ့ အရေးအကြောင်းတွေကို မလန့်နဲ့နော်”

“ကျွန်တော် ခင်ဗျားရဲ့အရေးအကြောင်းတွေကိုတော့ သဘောကျတယ်”

“နင်ငါ့ကို ငိုအောင်လုပ်နေတာလား” လို့ သူက တိုးတိုးပြောတယ်။ ကျွန်တော် သူ့ကို နေရာအနှံ့ နမ်းလိုက်တယ်။ သူ့ရဲ့တွန့်နေတဲ့နေရာတွေကို လျှာနဲ့ ပိုနမ်းမိတယ်။ သူ့ရင်သားတွေက မိန်းကလေး သေးသေးတယောက်ရဲ့ရင်သားတွေလိုပဲ။ ကျွန်တော် ဆုပ်ညှစ်ပြီး ရင်သားထိပ်တွေကို သွားနဲ့ ကိုက်မိတယ်။ နောက်တော့ လက်ညှိုးကို နွေးထွေးခြောက်သွေ့နေတဲ့ နေရာထဲ ထည့်လိုက်ပြီး လှုပ်ရှားမိတယ်။

“မှားနေပြီ ဝါတာနာဘဲ၊ အဲဒါ အရေပြားတွန့်တဲ့နေရာ” လို့ ရီကိုက ကျွန်တော့်ကို တိုးတိုးပြောတယ်။

“ဒီအချိန်မှာ ရယ်စရာပြောနိုင်တာကို အံ့သြမိတယ်” လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

“ဆောရီး... ငါကြောက်နေတယ်။ ဒါမျိုးမလုပ်တာ နှစ်ပေါင်းများစွာ ကြာပြီ။ ငါ့ကိုယ်ငါ ဆယ့်ခုနစ်နှစ် မိန်းကလေးလို့ ထင်နေမိတယ်။ လူတယောက်ရဲ့အခန်းကို ရောက်ရောက်ချင်းမှာ တကိုယ်လုံး ကျွတ်သွားသလို ခံစားနေရတယ်”

“အမှန်အတိုင်းပြောရရင် ကျွန်တော်လည်းပဲ ဆယ့်ခုနစ်နှစ် မိန်းကလေးတယောက်ကို ကျူးလွန်နေသလို ခံစားနေရတယ်”

သူ့ရဲ့အတွန့်အခေါက်ထဲကို ကျွန်တော် လက်ထည့်ရင်း ကျွန်တော့်နှုတ်ခမ်းဟာ သူ့ရဲ့ လည်ချောင်းကနေ နားရွက်ကို ရွေ့သွားပြီး ကျန်လက်တဖက်က သူ့ရဲ့ရင်သားထိပ်ကို ကိုင်နေမိတယ်။ သူ့ရဲ့အသက်ရှူသံ ကျယ်လာပြီး လည်ချောင်းဟာလည်း တုန်ခါလာတယ်။ သူရဲ့သွယ်လျရှည်လျားတဲ့ ပေါင်တံတွေကို မပြီး သက်သောင့်သက်သာနဲ့ အထဲရောက်အောင် လုပ်လိုက်တယ်။

“ငါ့ကို ကိုယ်ဝန်ရအောင်တော့ မလုပ်နဲ့နော်။ သတိထားပေး၊ ဒီအရွယ်ရောက်မှ ကိုယ်ဝန်ရရင် ငါရှက်မှာပဲ” လို့ ရီကိုက ခပ်တိုးတိုးပြောတယ်။

“မပူပါနဲ့၊ စိတ်ကိုလျှော့ထား”

ကျွန်တော် အဲဒီပုံစံနဲ့ ဆက်နေရင်း သူဟာ တုန်ခါလာပြီး သက်ပြင်းချလိုက်တယ်။ သူ့ရဲ့ကျောကုန်းကို ကိုင်ပြီး ကျွန်တော်လှုပ်ရှားနေတုန်း ရုတ်တရက် ကျွန်တော်ပြီးသွားတယ်။ ကျွန်တော် သူ့ကို ဖျစ်ညှစ်ထားလိုက်တယ်။

"ဆောရီးပါပဲ။ ကျွန်တော်ရပ်လို့မရခဲ့ဘူး"

"မနောက်စမ်းပါနဲ့" လို့ သူက ပြောရင်း ကျွန်တော့်ပေါင်ကို ရိုက်လိုက်တယ်။ "နင်ပူစရာမလိုပါဘူး။ တခြားမိန်းကလေးတွေနဲ့ဆိုရင် အဲဒီလို အပြင်မှာ ထုတ်ဖို့ သတိထားခဲ့လား"

"သတိထားတာပေါ့"

"အင်း... ငါနဲ့တော့ သတိမထားပါနဲ့။ မေ့ထားလိုက်၊ နင်စိတ်ရှိသလိုသာလုပ်။ ကောင်းရဲ့လား"

"အရမ်းကောင်းတယ်။ အဲဒါကြောင့် စိတ်ကို မထိန်းနိုင်တာပေါ့"

"နင်ကိုယ့်ကိုယ်ကိုယ် မထိန်းချုပ်နဲ့တော့။ ရတယ်။ ငါလည်း ကောင်းတာပဲ"

"သိလား ရီကို" လို့ ကျွန်တော် မေးလိုက်တယ်။

"ဘာကိုလဲ"

"ခင်ဗျား ချစ်သူတယောက် ထပ်ရှာသင့်တယ်။ ခင်ဗျား အရမ်းမိုက်တယ်။ ဒီအတိုင်းဆို နှမြောစရာကြီး"

"ငါလည်း စဉ်းစားပါ့မယ်။ ဒါပေမဲ့ အဆာဟိကာဝါမှာ လူတွေ ရည်းစားထားတတ်လား။ ဘယ်လိုနေလဲလို့ ငါ တွေးနေမိတယ်" လို့ ရီကိုက ပြောတယ်။

နောက်မိနစ်အနည်းငယ်ကြာတော့ ကျွန်တော် ပြန်လာလို့ ပြန်ထည့်ထားလိုက်မိတယ်။ ရီကိုဟာ အသက်ရှူပြီး ကျွန်တော့်အောက်မှာ တွန့်ခါနေလေရဲ့။ ကျွန်တော် ဖြည်းဖြည်းညင်ညင်သာသာ ရွေ့ရင်း သူ့ကို လက်နဲ့ဖက်ထားရင်းနဲ့ စကားပြောမိတယ်။ အဲဒီအခြေအနေမှာ စကားပြောရတာ အရမ်းကောင်းတယ်။ ကျွန်တော် ရယ်စရာတွေပြောလို့ သူရယ်ရင် ကျွန်တော်လည်း တုန်ခါမိတယ်။ ကျွန်တော်တို့ တယောက်ကိုတယောက် အကြာကြီးဖက်ထားမိတယ်။

"အိုး... အရမ်းကောင်းတာပဲ" လို့ ရီကိုက ပြောတယ်။

"လှုပ်ရင်လည်း မဆိုးပါဘူး" လို့ ကျွန်တော်ပြောတယ်။ ကျွန်တော် သူ့ကို ခါးမြှောက်ပြီး ရောက်နိုင်သမျှ ရောက်အောင် ရှေ့တိုးလိုက်တယ်။ ကျွန်တော်တို့နှစ်ယောက် ခံစားမှုတွေ အထွဋ်အထိပ်ကို ရောက်ပြီး ပြီးဆုံးသွားတယ်။

ကျွန်တော်တို့နှစ်ယောက် စုစုပေါင်း လေးကြိမ်လောက် နှီးနှောမိတယ်။ တကြိမ်ပြီးဆုံးတိုင်း ရီကိုဟာ ကျွန်တော့်ရင်ခွင်ထဲ တုန်ခါနေတယ်။ မျက်လုံးပိတ်ပြီး သက်ပြင်းရှည်ချတယ်။

"ငါ ဒါမျိုးထပ်လုပ်စရာမလိုတော့ဘူး။ ငါ့ရဲ့ကျန်ရှိနေသေးတဲ့ ဘဝသက်တမ်းတလျှောက် အဲဒီလို ဖြစ်သွားမှာလား ပြောစမ်းပါဦး။

"ဘယ်သူမှ အဲဒီလို မပြောနိုင်ပါဘူး။ သိနိုင်စရာလည်း မရှိဘူး" လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။

ကျွန်တော် ရီကို့ကို လေယာဉ်နဲ့သွားရင် ပိုသက်သာပြီး ပိုအဆင်ပြေတယ်လို့ ပြောပေမယ့် သူက ရထားနဲ့ သွားဖို့ပဲ အကြောက်အကန်ငြင်းခဲ့ပါတယ်။

"ဟော့ကိုင်ဒိုးကို ငါ ကူးတို့စီးသွားရမှာကို ပိုကြိုက်တယ်။ လေထဲမှာ ပျံသန်းသွားဖို့ ငါ စိတ်ကူးမရှိဘူး" လို့ သူကပြောတယ်။ ကျွန်တော် သူ့ကို ယူအီနိုဘူတာကို လိုက်ပို့ပေးလိုက်တယ်။ ရီကိုဟာ သူ့ဂစ်တာသူ သယ်လာပြီး ကျွန်တော် သူ့ရဲ့ခရီးဆောင်အိတ်ကို သယ်လာတယ်။ ကျွန်တော်တို့ ရထားစောင့်ရင်း ပလက်ဖောင်းမှာ ထိုင်နေကြတယ်။ ရီကိုဟာ တိုကျိုကို ရောက်လာတုန်းကလို အဖြူရောင် တွီသားဂျက်ကက်နဲ့ အဖြူရောင်ဘောင်းဘီကို ဝတ်ထားတယ်။

"အဆာဟီကာဝါဟာ သိပ်မဆိုးပါဘူးနော်" လို့ သူက မေးတယ်။

"လှတဲ့ မြို့ကလေးပါ။ မကြာခင် ကျွန်တော်လာလည်မှာပါ"

"တကယ်ပြောတာလား"

ကျွန်တော်ခေါင်းညိမ့်ပြလိုက်တယ်။ "စာလည်းရေးမှာပါ"

"ငါ နင့်စာတွေကို ချစ်တယ်။ နာအိုကိုက နင့်စာတွေအားလုံးကို မီးရှို့လိုက်တယ်။ အဲဒီစာတွေဟာ တကယ်ကောင်းတဲ့စာတွေပါ"

"စာတွေက စက္ကူတွေပါဗျာ။ မီးရှို့လိုက်လည်း နှလုံးသားက သိမ်းထားမှာပါ။ ပျောက်ဆုံးသွားမှာက ပျောက်ဆုံးမှာပဲ"

"ဝါတာနာဘီ နင်သိတဲ့အတိုင်း ငါ အဆာဟိကာဝါကို တယောက်တည်း သွားရမှာကို ကြောက်နေမိတယ်။ ငါ့ဆီကို စာရေးဖြစ်အောင် ရေးပါ။

နင့်စာတွေဖတ်တိုင်း နင်ငါ့ဘေးနားမှာ ရှိနေသလို ခံစားရမှာပါ”

“လိုချင်ရင် အမြဲတမ်း စာရေးနေမှာပါ။ ဒါပေမဲ့ စိတ်မပူပါနဲ့။ ကျွန်တော် ရီကို့ကို ကောင်းကောင်း သိပါတယ်။ ရီကို ဘယ်ရောက်ရောက် အဆင်ပြေမှာပါ”

“နောက်တခုက ငါ့ခန္ဓာကိုယ်ထဲမှာပါလာတဲ့ ခံစားမှုပဲ။ အဲဒါဟာ စိတ်ကူးယဉ်တာလား”

“မေးမိုန်ပျောက်ကွယ်သွားမယ့် မှတ်ဉာဏ်မျိုးပါ” လို့ ကျွန်တော်ပြုံးပြီး ပြောလိုက်တယ်။ ရီကိုလည်း ပြုံးတယ်။

“ငါ့ကို မမေ့ပါနဲ့နော်” လို့ ရီကိုက ပြောတယ်။

“ကျွန်တော် အမြဲတမ်း သတိရနေမှာပါ”

“မမေ့ပါဘူး။ အမြဲသတိရနေမှာပါ”

“ငါတို့ ဘယ်တော့မှ ပြန်တွေ့မှာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ငါ ဘယ်ရောက်ရောက် နင်နဲ့ နာအိုကိုကို သတိရနေမှာပါ”

သူငိုနေတာ ကျွန်တော် တွေ့လိုက်ရတယ်။ ကျွန်တော် သတိမထားခင်မှာ ကျွန်တော် သူ့ကို နမ်းနေမိတယ်။ ပလက်ဖောင်းပေါ်က တခြားသူတွေက ကျွန်တော်တို့ကို ကြည့်နေကြတယ်။ ဒါပေမဲ့ ကျွန်တော် ဘာကိုမှ ဂရုမစိုက်နိုင်ပါဘူး။ ကျွန်တော်တို့ အသက်ရှိနေကြတယ်။ သူနဲ့ ကျွန်တော်။ ကျွန်တော်တို့စဉ်းစားရမှာက ရှေ့ဆက် အသက်ရှင်နေထိုင်သွားဖို့ပါပဲ။

“ပျော်ပျော်နေပါလို့” ရီကိုက ရထားပေါ်တက်တော့ ပြောတယ်။ “ငါနင့်ကို အကြံပေးစရာရှိတာ အကုန်ပေးပေးပြီးပြီ။ ပြောစရာမကျန်တော့ပါဘူး။ ပျော်ပျော်ပဲနေပါ။ ငါနဲ့နာအိုကိုတို့ရဲ့မျှဝေမှုတွေကို နင့်အတွက် ပေါင်းစပ်လိုက်ပါ”

ကျွန်တော်တို့ ခဏလောက် လက်တွေကိုင်ထားမိတယ်။ နောက်တော့ လမ်းခွဲလိုက်တယ်။

ကျွန်တော် မီဒိုရီဆီကို ဖုန်းဆက်တယ်။ “ငါနင့်ကို ပြောစရာရှိတယ်” လို့ ကျွန်တော်ပြောလိုက်တယ်။ “ငါ နင့်ကို ပြောဖို့စကားတွေ အများကြီးပဲ။ ဒီကမ္ဘာကြီးထဲမှာ ငါလိုချင်တာ နင်တယောက်တည်း ရှိတယ်။ ငါနင်နဲ့ တွေ့ပြီး စကားပြောချင်တယ်။ ငါတို့နှစ်ယောက် အရာအားလုံး အသစ်က ပြန်စချင်တာ”

မီဒိုရီဟာ ရှည်လျားလွန်းတဲ့ တိတ်ဆိတ်မှုနဲ့ ပြန်ပြောတယ်။ ကမ္ဘာကြီးထဲရှိသမျှ မြက်ခင်းသစ်တွေ အားလုံးပေါ် ကျရောက်နေတဲ့

နှင်းငွေ့မှုန်မှုန်မိုးတွေလို တိတ်ဆိတ်မှုမျိုးနဲ့ပေါ့။ နဖူးကို မှန်နဲ့ထိပြီး ကျွန်တော်မျက်လုံးတွေ ပိတ်ထားရင်း ကျွန်တော် စောင့်နေမိတယ်။ နောက်ဆုံးတော့ မီဒိုရီရဲ့ ငြိမ်သက်တဲ့အသံဟာ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်တယ်။

"နင် အခုဘယ်မှာလဲ"

ကျွန်တော် ဘယ်မှာလဲ။

တယ်လီဖုန်းခွက်ကို ကိုင်ထားရင်း ကျွန်တော် ခေါင်းမော့လိုက်ပြီး ဖုန်းရုံထဲကနေ အပြင်ကို ကြည့်လိုက်တယ်။ ကျွန်တော် ဘယ်မှာလဲ။ ကျွန်တော် မပြောတတ်ဘူး။ ဘာမှကို မပြောတတ်ဘူး။ ဒီနေရာက ဘယ်နေရာလဲ။ ကျွန်တော့်မျက်စေ့ထဲမှာ မရေတွက်နိုင်လောက်အောင် များပြားလွန်းတဲ့ ပုံသဏ္ဌာန်မျိုးစုံနဲ့လူတွေ ဘယ်ကိုသွားမှန်းမသိ သွားနေတာပဲ တွေ့ရတယ်။ ခဏ ခဏ ကျွန်တော် မီဒိုရီဆီ ဖုန်းခေါ်မိတယ်။ ဘာမှမဟုတ်တဲ့ ဒီနေရာရဲ့ဗဟိုချက်ကနေပေါ့။

■

မိုးသက်ဟန်

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR